http://www.dhammadownload.com

သင့်ဘဝအမြင့်မြတ်ဆုံးဖြစ်အောင်ပို့ဆောင်ပေးမယ့်

# အပြီးတန်ဆုံးဘဝပညာ

# တက္ကသိုလ်အဘိဓမ္မာ

အတွဲ ၁၊ ၂၊ ၃ ပေါင်းချုပ်

## ဒေါက်တာမင်းတင်မွန်

မဟာသဒ္ဓမ္မဇောတိကဓဇ

သဂြိုဟ် ၉ ပိုင်းကိုပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြထားသည်
အဘိဓမ္မာစာမေးပွဲဖြေဆိုသူများလက်စွဲ

တ တိ ယ အ ကြိ မ်

http://www.dhammadownload.com

## အဖိုးတန်ဆုံးဘဝပညာ

# တက္ကသိုလ်အဘိဓမ္မာပေါင်းချုပ်

လူတစ်ကိုယ်မှာ အရေးကြီးဆုံးကဘာလဲ◦◦◦စိတ်။
စိတ်ကိုခြယ်လှယ်နေတဲ့သဘောတွေက ဘာတွေလဲ◦◦◦စေတသိက်။
စိတ်၊ စေတသိက် အပေါင်းအစုဟာ နာမ်တရား◦◦◦။
ဘဝအသီးသီးနဲ့ လောကကြီးကို နာမ်က ဦးဆောင်နေတယ်။
ရုပ်ဆန်းကြယ်မှုဟာ နာမ်ဆန်းကြယ်မှုကို မယှဉ်တုနိုင်ဘူး။
နာမ်စွမ်းရည်တစ်ရပ်က ကံတရား◦◦◦ကံဆိုတာ ဘာလဲ။
သတ္တဝါများနဲ့ ၃၁-ဘုံကို ဖန်ဆင်းတာ ဘယ်သူလဲ◦◦◦ကံတရား။
ကံဟာ ဘယ်လို အကျိုးပေးသလဲ◦◦◦ကံကောင်းအောင် ဘယ်လိုလုပ်မလဲ။
သိပ္ပံရုပ်သဘောနဲ့ အဘိဓမ္မာရုပ်သဘော◦◦◦ကိုက်ညီကြရဲ့လား။
လောကရဲ့ အဆိုးတရားနဲ့ အကောင်းတရားတွေက ဘာတွေလဲ။
သတ္တဝါတွေ သံသရာလည်နေကြတယ်ဆိုတာ ဘယ်လိုလဲ။
သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ဘယ်လိုလုပ်မလဲ။
သမထဇ္ဈာန်လမ်းစဉ်နှင့် ဝိပဿနာဉာဏ်လမ်းစဉ် ဘယ်လိုကွာခြားသလဲ။
ဝိပဿနာအားထုတ်တဲ့အခါ စိတ်ဟာ ဘယ်လို အဆင့်ဆင့်စင်ကြယ် မြင့်မြတ်သွားသလဲ။
နိဗ္ဗာန်ဆိုတာ တကယ်ရှိသလား၊ တကယ်အမြဲ ချမ်းသာနေသလား။
ဘဝအကြောင်း၊ လောကအကြောင်းတွေကို အရင်းအမြစ်ကျကျ သိလိုလျှင် ဤစာအုပ်ပါ ဗုဒ္ဓအဘိဓမ္မာကို လေ့လာပါ။
အဆင့်မြင့်ခေတ်ပညာကို သင်ဆည်းပူးခွင့် မရရင်နေပါစေ၊ ဗုဒ္ဓအဘိဓမ္မာကို နားလည် သဘောပေါက်အောင် ဆည်းပူးပါ။
သင့်ဘဝ အမြင့်မြတ်ဆုံးဖြစ်အောင် ဤစာအုပ်က ကူညီပေးလိမ့်မယ်။

**အဘိဓမ္မာစာမေးပွဲမေးခွန်းများနှင့် စံပြအဖြေများပါဝင်သည်။**

(ဒေါက်တာမင်းတင်မွန်)

ဒီဇိုင်း မင်းသစ္စာ

http://www.dhammadownload.com

သင်္ဘာဝ အမြင့်မြတ်ဆုံးဖြစ်အောင် ပို့ဆောင်ပေးမည့်

အဖိုးတန်ဆုံး ဘဝပညာ

# တက္ကသိုလ်အဘိဓမ္မာ

အတွဲ ၁၊ ၂၊ ၃ ပေါင်းချုပ်

## ဒေါက်တာ မင်းတင်မွန်

မူရင်းအဘိဓမ္မာ သင်္ဂြိုဟ်ကိုးပိုင်းကို ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြထားသည့်
အဘိဓမ္မာစာမေးပွဲဖြေဆိုသူများအတွက်လက်စွဲ

ဖြန့်ချိရေး
မြမွန်ရတနာစာပေ
၁၅/၁၉ ဦးဝိစာရရပ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁–၃၈၅၂၆၁

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် (၆၂၆/၂၀၀၄)(၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၂၂၇၀၅၀၄

●

၂၀၀၅ ခုနှစ်၊ ဇွန်လ
ဒုတိယအကြိမ်၊ အုပ်ရေ−၅၀၀

●

ထုတ်ဝေသူ
မင်းတောဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

အတွင်းစာသားနှင့် မျက်နှာဖုံးပုံနှိပ်သူ
ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

ကွန်ပျူတာစာစီ
ခွန်မျိုး

●

ဖြန့်ချိရေး
မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁−၃၈၅၂၆၁၊ ၀၉၈၀−၂၂၅၁၆

●

တန်ဖိုး−၂၀၀၀ ကျပ်

http://www.dhammadownload.com

## မိတ်ဆက်အမှာ

# တိမ်ညွန့်ကြားမှ ကြယ်တစ်ပွင့်

ခံ့ညားထည်ဝါသည့် အဆောက်အအုံကြီးများနှင့် ပြည့်စုံလျက်ရှိသော တက္ကသိုလ် ပရိဝုဏ်အတွင်းဝယ် အထက်တန်းပညာကို ဆည်းပူးနေကြသည့် တက္ကသိုလ် ကျောင်းတော်သူ ကျောင်းတော်သားများသည် ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြ၏။

တိတ်ဆိတ်လျက်ရှိသည့် ညဥ့်သန်းခေါင်ယံကို အမြောက်သံကြီးက ဖောက်ခွဲလွှမ်းမိုးသွားသလောက် မထင်ရှားပါသော်လည်း တိမ်တောင်တိမ်လိပ်တိမ်ညွန့်များအကြားမှ တောက်ပသည့် စုဝံကြယ် ထွက်ပြူလာသည့်ပမာ ကျက်သရေမင်္ဂလာရှိသော နှီးဆော်ချက်တစ်ရပ်သည် တက္ကသိုလ်မွှော်ရုံကို ဗဟိုပြု၍ ကျောင်းသူကျောင်းသားများအကြားသို့ စာဖြူလွှာကလေးများအသွင်ဖြင့် ပျံ့လွင့်သွားပေ၏။

**မည်သို့ထူးခြားသည့် နှီးဆော်ချက်ပါနည်း။**
**အဆွေသိလိုလျှင် ဖတ်ရှုပါလေလော့။**

.......................................................................

**သာယာချမ်းမြေ့သောဘဝကို အလိုရှိကြသော**
**ဆွေသဟာအပေါင်းတို့...**

အဖိုးတန်ဆုံး ဘဝပညာကို တက္ကသိုလ်ကျောင်းမဟာဌ် ဆည်းပူးလေ့လာနိုင်ပါပြီ။

* တက္ကသိုလ်ကျောင်းမဟာသည် ပညာမျိုးစုံကို သင်ယူရန် ဘူမိနက်သန်ပေတည်း။ လောကီပညာရပ်များကိုသာမက လောကုတ္တရာပညာကိုပါ ဆည်းပူးနိုင်ပါသည်။ လောကီပညာနှင့် လောကုတ္တရာပညာတို့သည် မည်သို့ကွာခြားကြသနည်း။
* လောကီပညာသည် ဤဘဝတွင် အသက်မွေးဝမ်းကျောင်းရန်နှင့် နိုင်ငံ့တာဝန်ကို ကောင်းမွန်စွာထမ်းဆောင်နိုင်ရန်အတွက် အထောက်အကူပြု၏။
* လောကုတ္တရာပညာသည် ဤဘဝတွင် မှန်ကန်အပြစ်ကင်းစွာ ကျင့်ကြံပြောဆိုပြုမူတတ်ရန်အတွက် လမ်းညွှန်ပေး၏။ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ စသည့် ကိလေသာတရားဆိုးများ ခေါင်းပါးလာရန်နှင့် ငြိမ်းချမ်းပျော်ရွှင်

http://www.dhammadownload.com



စွာနေထိုင်နိုင်ရေးအတွက် အထောက်အကူပြု၏။ တစ်ဘဝထက် တစ်ဘဝ ဘဝအဆင့်တိုးမြင့်လာပြီး နောက်ဆုံးတွင် အမြင့်ဆုံးဘဝဆုလာဘ်ဖြစ်သည့် မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာကို ရရှိခံစားနိုင်ရန် အကျိုးပြု၏။

**လောကီပညာသည် တစ်ဘဝတာအတွက်၊ လောကုတ္တရာပညာသည် တစ်သံသရာလုံးအတွက်တည်း။**

* သင်၏ အကြံအစည်တိုင်း စကားခွန်းတိုင်း အပြုအမူတိုင်းသည် သင်၏ ဘဝကံကြမ္မာကို ဖန်တီးပေးနေသည်ကို မျက်ခြည်မပြတ်ပါလင့်။ လောကုတ္တရာပညာအခံရှိမှ သင့်ဘဝ၏ အတွေးအခေါ် မှန်ကန်လိမ့်မည်ကို စိတ်ချယုံကြည်ပါလော့။ လောကုတ္တရာပညာ၏ မီးရှူးတန်ဆောင်ကား ဗုဒ္ဓ အဘိဓမ္မာပင်တည်း။
* ဗုဒ္ဓ၏ အဘိဓမ္မာသည် အနောက်တိုင်းဒဿနိကပညာထက် ပိုမိုနက်နဲ ဆန်းကြယ်ပြီး သိပ္ပံနည်းကျသည်ကို သင်ကိုယ်တိုင် လေ့လာဆန်းစစ်၍ အကဲဖြတ်ကြည့်နိုင်ပါပြီ။
* လောကီပညာရပ်များသည် ပဋိသန္ဓေကို မကျော်ဖြတ်နိုင်သည့်အတွက် ဘဝပြဿနာ၏အရင်းအမြစ်ကို မဖြေရှင်းနိုင်ပါ။ ဗုဒ္ဓ အဘိဓမ္မာသည် ပဋိသန္ဓေကို ဖောက်ထွင်း၍ ပရမတ်သဘောတရားများဖြင့် ဘဝနှင့် လောကတစ်ခုလုံးကို ရှင်းရှင်းလင်းလင်းသိမြင်သွားစေနိုင်စွမ်းရှိ၏။

ထိုရတနာစစ် ဓမ္မအနှစ်ကို ပင်ပန်းခက်ခဲခြင်းမရှိဘဲ လွယ်လင့်တကူ သင်ယူနိုင်ပါပြီ။

### တက္ကသိုလ်အဘိဓမ္မာသင်တန်း

* သင်တန်းချိန် – စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း
  မွန်းလွဲ ၂း၀၀ နာရီမှ ၄း၀၀ နာရီအထိ။
* သင်တန်းနေရာ – တက္ကသိုလ်ဓမ္မာရုံ (ဓမ္မဒါနသင်တန်း၊ မည်သူမဆိုတက်ရောက်နိုင်သည်။)
* သင်တန်းဆရာ – ဒေါက်တာမင်းတင်မွန်
  B.Sc. Hons., M.Sc., Ph.D.
  ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်။
  အတွင်းရေးမှူး၊
  တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး။
  **အစိုးရအဘိဓမ္မာစာမေးပွဲများ ပထမဆုရ။**

—

http://www.dhammadownload.com



* ကြီးကျယ်မြင့်မြတ်သော ကုသိုလ်အဖူးအခိုင်များကို ဆွတ်ခြွေယူနိုင်ရန် တက္ကသိုလ်ဓမ္မာရုံသို့ လက်တွဲညီညာ လှမ်းချီကြွလာကြပါလော့။

ဗုဒ္ဓမွေ့ပြန့်ပွားရေးအဖွဲ့

တက္ကသိုလ်များဗုဒ္ဓဘာသာအသင်းကြီး၊ ရန်ကုန်။

## တက္ကသိုလ်ဓမ္မာရုံ ပြည့်လျှံပြီ

ဗုဒ္ဓမြတ်စွာ၏ တင့်တယ်သပ္ပာယ်လှသော ဆင်းတုတော် ကိန်းဝပ်ရာ တက္ကသိုလ်ဓမ္မာရုံသည် တက္ကသိုလ်နယ်မြေ၏ အလှဆုံးနေရာပေတည်း။ တက္ကသိုလ်ကျောင်းသူကျောင်းသားများနှင့် ဆရာ ဆရာမများတို့ စုပေါင်း ညီညာ ကုသိုလ်ပြုရာဌာနလည်းဖြစ်ပေ၏။ သို့စဉ်လျက် တက္ကသိုလ်ဘွဲ့ ရရှိသည်အထိ ပညာဆည်းပူးခဲ့ကြပါသော်လည်း တက္ကသိုလ် ဓမ္မာရုံဘက်သို့ တစ်ကြိမ်တစ်ခါမျှ ခြေမဆန့်မိသူများ အမြောက်အမြား ရှိခဲ့ပါ၏။ ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ပေတကား။

တက္ကသိုလ်အဘိဓမ္မာသင်တန်းကြေညာချက်၏ နှိုးဆော်မှုကြောင့် သင်တန်းချိန်တွင် တက္ကသိုလ်ဓမ္မာရုံသို့ တက္ကသိုလ်ကျောင်းသူကျောင်းသားများနှင့် ဆရာ ဆရာမများတို့ အလျှိုအလျှိုရောက်လာကြသည်။ ဓမ္မာရုံခန်းမကြီး ပြည့်လျှံသွားသည့်အထိ ပါပေ။

သင်တန်းဆရာ ဒေါက်တာမင်းတင်မွန်ကလည်း ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသား သင်ကြား ပို့ချသည်။ ဗုဒ္ဓအဘိဓမ္မာကို ဒဿနိကပညာ၊ စိတ်ပညာ၊ သိပ္ပံပညာတို့နှင့် နှိုင်းယှဉ်ကာ စိကာပတ်ကုံးပို့ချပေးသည်။ ယခုဘဝ၌ လက်ငင်းခံစားရမည့် သင်တန်း၏ အကျိုးတရားများနှင့် ဘဝအဆက်ဆက် ခံစားရမည့်အကျိုးတရားများကို ထုတ်ဖော် ပြောပြပေးသည်။

အဘိဓမ္မာတရားတော်၏ ထူးခြားပြောင်မြောက်လှသော အစွမ်းသတ္တိများကို ခေတ်လူငယ်များ မြင်ကြားသိရှိကြရပေပြီ။

အဘိဓမ္မာသည် ဘဝ၏အဖိုးတန်ဆုံးပညာဖြစ်ကြောင်းမှာ ယုံမှားစရာမရှိတော့။

### ကုသိုလ်ရေးမို့ အားပေးကာ

**"ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်ရန်"**

ကြိုးပမ်းနေကြသော တက္ကသိုလ်မောင်မယ်တို့အား ကျေးမွေးလိုသူများက မရှားပါ။ တက္ကသိုလ်အဘိဓမ္မာသင်တန်းကို နှစ်နာရီကြာ ပို့ချရာတွင် တစ်နာရီပြည့်သောအခါ သင်တန်းကို ၁၅ မိနစ်ရပ်နား၍ **တက္ကသိုလ်တင်မောင်ထွေးက** အကျွေးအမွေးဖြင့် ညွှေ့ခံပါသည်။

http://www.dhammadownload.com



ကောက်ညှင်းပေါင်း၊ ငှက်ပျောကြော်၊ ဗယာကြော်၊ စမူဆာကြော်၊ ဘိန်းမုန့်၊ ခေါက်မုန့်၊ နနွင်းမကင်း၊ ပေါင်မုန့်ထောပတ်သုပ် စသည့် စားသောက်ဖွယ် တစ်မယ်မယ်ကို ရေနွေးကြမ်းနှင့် တည်ခင်းကျွေးမွေးပါသည်။

စားရင်းသောက်ရင်း ပြုံးရင်းရယ်ရင်း တရားဆွေးနွေးရင်း ပျော်ရွှင်စရာကောင်းလှသည့် သင်တန်းပါပေ။

ယနေ့ တက္ကသိုလ်ဘွဲ့ရ လူငယ်လူရွယ်များတွင် ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စာပေအနုပညာဖြင့် ထောင့်စုံအောင် အကျယ်ပြန့်ဆုံး၊ အရက်ရောဆုံး လှူဒါန်းထောက်ပံ့ပေးကမ်းနေသော တက္ကသိုလ်တင်မောင်ထွေးသည်ပင် **"ပင်တိုင်ကောက်ညှင်းပေါင်းဒါယကာဘွဲ့"** သစ်ဖြင့် ကျေနပ်ရောင့်ရဲကာ ပြုံးစိစိ ရှိနေပေ၏။

အခြားအလှူရှင်များနှင့် သင်တန်းသားများကလည်း ကြိုးကြား ကြိုးကြား ဝင်ရောက် လှူဒါန်းကျွေးမွေးကြ၏။

ဒုတိယပိုင်း သင်တန်းပြန်စသည့်အခါ "အဘိဓမ္မာတရားတော်ကို အာမိသဒါနဖြင့် ပူဇော်ချီးမြှောက်ရခြင်းအတွက်" သင်တန်းသားတို့၏ သာဓုအနုမောဒနာခေါ်သံမှာ ထက်ဝန်းယံသို့ မြူးပျံလွင့်ဝဲသွားပေ၏။

## ပြည်မြန်မာအနှံ့ လေ့လာနိုင်ကြပြီ

သဗ္ဗညုတဉာဏ်တော်ဖြင့် ဗုဒ္ဓမြတ်စွာ ဟောဖော်မြွက်ကြားခဲ့သည့် အဘိဓမ္မာဒေသနာတော်သည် အလွန်တရာကျယ်ပြောနက်နဲ ပြည့်စုံလှပေ၏။ ထိုကျယ်ပြောနက်နဲလှသော အဘိဓမ္မာတရားတော်ကို သာမန်လူသားအပေါင်းတို့ လေ့လာသင်အံယူရန် မလွယ်ကူလှပါ။ ထိုအဘိဓမ္မာတရားတော်၏ အနှစ်သာရကို ထုတ်နုတ်ဖော်ပြထားသည့် **အရှင်အနုရုဒ္ဓါမထေရ်၏ "အဘိဓမ္မတ္ထသင်္ဂဟကျမ်း"** ခေါ် သင်္ဂြိုဟ်ကိုးပိုင်းသည်ကား အများလူတကာတို့ လေ့လာဆည်းပူးရန် အထူးသင့်လျော်လှပါ၏။ ဤသင်္ဂြိုဟ်ကျမ်းလာဗဟုသုတများကို သိနားလည်ထားလျှင်ပင် ဤဘဝနှင့် နောင်ဘဝများအတွက် အဖိုးမဖြတ်နိုင်အောင် အကျိုးကျေးဇူးကြီးမားလှလေပြီ။

ထိုသင်္ဂြိုဟ်ကျမ်းလာ အဘိဓမ္မာပညာကို ခေတ်အမြင်၊ ခေတ်ပညာ၊ ခေတ်အတွေးတို့ဖြင့် နှိုင်းယှဉ်ထောက်မကာ လွယ်ကူရှင်းလင်းစွာ သိနားလည်နိုင်ရေးအတွက် စနစ်တကျပို့ချထားသော ဒေါက်တာမင်းတင်မွန်၏ ပို့ချချက်များသည် စာသင်သားကိုင် စာအုပ်များအနေဖြင့် ထွက်ပေါ်လာလေပြီ။

သာသနာရေးဦးစီးဌာနမှ ကြီးမှူးလျက် နှစ်စဉ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး ကျင်းပလေ့ရှိသော အဘိဓမ္မာစာမေးပွဲများနှင့် လျော်ညီစွာ–

အတွဲ (၁) တွင် စိတ်၊ စေတသိက်၊ ပကိဏ်း (အဘိဓမ္မာ ပထမဆင့်)

အတွဲ (၂) တွင် ဝီထိ၊ ဘုံ၊ ရုပ် (အဘိဓမ္မာ ဒုတိယဆင့်)

http://www.dhammadownload.com



အတွဲ (၃) တွင် သမုစ္စည်း၊ ပစ္စည်း၊ ကမ္မဋ္ဌာန်း (အဘိဓမ္မာ တတိယဆင့်) တို့ကို စာမေးပွဲအဆင့်အတန်းမီ သင်ကြားပို့ချထားခြင်းဖြစ်ပေ၏။

ဤစာအုပ်များကို ဖတ်ရှုလေ့လာသူများသည် ဒေါက်တာ မင်းတင်မွန်၏ သင်တန်းများကို ကိုယ်တိုင်တက်ရောက်ရဘိသကဲ့သို့နီးပါးမျှ အဘိဓမ္မာသဘောကို ထူးထူးခြားခြား နှိုက်နှိုက်ချွတ်ချွတ် သိရှိနားလည်သွားနိုင်မည်ကိုကား ယုံမှားစရာမရှိသင့်ချေ။ ဖွဲလုံ့လခိုင်ခိုင်ဖြင့် လေ့လာမှတ်သားသွားမည်ဆိုလျှင် ကိုယ်တိုင်အမြင်ရှင်းပြီး သဘောပေါက် နားလည်လာမည်မုချတည်း။

## "တက္ကသိုလ်အဘိဓမ္မာ"ဟု အမည်ပေးရသည့်အကြောင်း

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားသည် တက္ကသိုလ်ဓမ္မာရုံတွင် ဝိပဿနာ တရားကို ဟောကြားပြီးနောက် ထိုတရားဒေသနာကို ကျမ်းစာအုပ်အဖြစ် ပုံနှိပ်ကာ "တက္ကသိုလ်ဝိပဿနာ"ဟု အမည်ပေးတော်မူခဲ့၏။

ဆရာတော်၏ လမ်းစဉ်ကို လိုက်၍ တက္ကသိုလ်ဓမ္မာရုံ၌ တခမ်းတနား သင်ကြားပို့ချပေးခဲ့သော အဘိဓမ္မာပို့ချချက်များကို စုပေါင်းရိုက်နှိပ်ထားသည့် ဤစာအုပ်ကိုလည်း "တက္ကသိုလ်အဘိဓမ္မာ"ဟု အမည်ပေးလိုက်ပါသည်။

"တက္ကသိုလ်"ဟူသော ပုဒ်ဖြင့် အထူးပြုထားသည်နှင့်အညီ တက္ကသိုလ်ဆရာ တစ်ဦး၏ အတွေးအခေါ် အမူအကျင့်တို့ဖြင့် စေ့စေ့စပ်စပ်၊ နှိုက်နှိုက်ချွတ်ချွတ်၊ သုတေသနဆန်ဆန် လေ့လာမှတ်သားကာ ခေတ်အမြင်ဖြင့် သင်ကြားပို့ချထားသည်များကို ဤ"တက္ကသိုလ်အဘိဓမ္မာ"တွင် တစ်မူထူးခြားစွာ မြင်တွေ့ရပါလိမ့်မည်။

## တစ်ချက်ခုတ် နှစ်ချက်ပြတ်

"တက္ကသိုလ်အဘိဓမ္မာ"သည် အဖိုးတန်ဆုံးအဝပညာကို ခေတ်လူငယ်လူရွယ်တို့အား လက်ဆင့်ကမ်းကာ အပ်နှင်းပေးနိုင်ရမည်ဟု အဓိကရည်ရွယ်ထားသော်လည်း ဤစာအုပ်ကို လေ့လာဆည်းပူးသူတို့သည် သာသနာရေးဦးစီးဌာနနှင့် နိကာယ်သာသနာပြုအဖွဲ့ တို့မှ ကြီးမှူးကျင်းပကြသော "အဘိဓမ္မာစာမေးပွဲများ"ကိုပါ ကောင်းစွာ ဝင်ရောက်ဖြေဆိုနိုင်ကြမည်ဖြစ်ပါသည်။

စာမေးပွဲဖြေမည်ဟူသော ရည်ရွယ်ချက်ဖြင့် လေ့လာဆည်းပူးလျှင် တွန်းအားပိုကောင်းလာသည့်အတွက် မပျင်းမရိမပေါ့မဆဘဲ လေးလေးနက်နက် လေ့လာ မှတ်သားလာမည်ဖြစ်ပါသည်။ စာမေးပွဲဖြင့်သာ အရည်အချင်းကို အကဲဖြတ်လျက်ရှိသည့် ခေတ်အခါ၌ အဘိဓမ္မာစာမေးပွဲကို ထူးချွန်စွာအောင်မြင်ခြင်းသည် အလွန်ဂုဏ်ယူဖွယ်ရာ ဂုဏ်ထူးတစ်ရပ်ပင် ဖြစ်ပါသည်။

*

http://www.dhammadownload.com



## ဝမ်းပန်းတသာ လက်တစ်ကမ်းသာ

အဖိုးတန်ဆုံးဘ၀ပညာဖြစ်သည့်"ဗုဒ္ဓအဘိဓမ္မာ"ကို အများပြည်သူတို့ လွယ်လင့် တကူ ဆွတ်ချူဆည်းပူးနိုင်ရန်အတွက် ပြည်သူတို့ထံသို့ "တက္ကသိုလ်အဘိဓမ္မာ" အမည်ဖြင့် တစ်မူဆန်းပြားစွာ တင်ဆက်လိုက်ပါပြီ။

သင်္ဂြိုဟ်ကိုးပိုင်းတို့ကို အစီအစဉ်အတိုင်း တစ်ပိုင်းစီတင်ပြထားပြီးလျှင် တစ်ပိုင်းပြီးဆုံးတိုင်း "လိုရင်းအကျဉ်းချုပ်" နှင့် "လေ့ကျင့်ရန် မေးခွန်းများ" ကို ဖော်ပြပေးထားပါသည်။ ဤကဏ္ဍတို့သည် လွယ်ကူရှင်းလင်းစွာသဘောပေါက်နိုင်ရေးနှင့် စာမေးပွဲအတွက် အရေးကြီးသည့်အချက်များ မှတ်သားနိုင်ရေးတို့အတွက် လွန်စွာ အထောက်အကူဖြစ်ပါလိမ့်မည်။

ထို့အပြင် မူလပဋ္ဌာန်းဆရာတော်၏ "သင်္ဂြိုဟ်သရုပ်ခွဲဇယားများ" သည် ခေတ်နှင့်အညီ အလွယ်တကူသိရှိနားလည်ရေးနှင့် မှတ်သားနိုင်ရေးတို့အတွက် အလွန်အကျိုးကျေးဇူးများပါသည်။ ထိုဇယားတို့မှ အရေးပါသောဇယားအချို့ကို အနည်းငယ်မွမ်းမံပြင်ဆင်၍ သက်ဆိုင်ရာစာအုပ်အတွဲ၏ နောက်ဘက်၌ ပူးတွဲဖော်ပြထားပါသည်။ ဤဇယားများကို ကြည့်ထားရှုမှုနှင့် အဘိဓမ္မာစာမေးပွဲကို ရဲရဲရင့်ရင့် ရင်ဆိုင်ဝံ့သောအခြေသို့ ဆိုက်ရောက်နိုင်ပါသည်။

ခေတ်လူငယ်လူရွယ်အပေါင်းတို့သည် မိမိတို့၏ လက်တစ်ကမ်းတွင် ရှိနေနှင့်ပြီဖြစ်သော အဖိုးတန်ဆုံးဘ၀ပညာကို စေတနာ သဒ္ဓါ ထက်သန်ရွှင်လန်းစွာဖြင့် လေ့လာလိုက်စားနိုင်ကြပြီးလျှင် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးနှင့် မိမိအကျိုးအတွက် တန်ဖိုးအရှိဆုံးသောဘ၀များကို လှပအောင်မြင်စွာ ထူထောင်နိုင်ကြပါစေသတည်း။

၁၉၈၆ခု၊ မေလ ဒေါက်တာ မင်းတင်မွန်

●

## တတိယအကြိမ်ပုံနှိပ်ခြင်း

'အဖိုးတန်ဆုံးဘ၀ပညာ တက္ကသိုလ်အဘိဓမ္မာ' စာအုပ်ကို ၁၉၈၆ ခုနှစ်က ပထမအကြိမ် ပုံနှိပ်ခဲ့ရာ ယင်းစာအုပ်သည် သာသနာရေးဝန်ကြီးဌာနမှ ဒီဇင်ဘာလတွင် နှစ်စဉ်ကျင်းပသော အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲသုံးဆင့်အတွက် အလွန်အားထားရသည့် လက်စွဲစာအုပ်ဖြစ်လာသည့်အပြင် စာသင်သံဃာနှင့် ဆရာတော်များ အလွယ်တကူ မှီငြမ်းအားထားရသည့် ကျမ်းစာအုပ်လည်း ဖြစ်လာသဖြင့် အလွန်ဝမ်းမြောက်မိပါသည်။ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်ပုံနှိပ်ခဲ့ပြီး ယခု ၂၀၀၅ ခုနှစ်တွင် တတိယအကြိမ် ပုံနှိပ်ရာ၌ သေချာစွာပြန်လည်စိစစ်တည်းဖြတ်၍ နောက်ဆုံးနှစ်များမှ စာမေးပွဲမေးခွန်းများကိုလည်း ထည့်သွင်း ဖော်ပြလိုက်ပါသည်။

အဘိဓမ္မာ မြတ်ပညာ ရှည်ကြာကာလ ထွန်းလင်းတောက်ပနိုင်ပါစေ။

၂၀၀၅ ခုနှစ် မတ်လ ဒေါက်တာမင်းတင်မွန်

http://www.dhammadownload.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မိတ်ဆက်အမှာ | ... | ၃ |
| **အတွဲ-၁ နိဒါန်း** | | |
| နတ်ပြည်၌ဟောကြားသောတရားတော် | ... | ၁၉ |
| အဘိဓမ္မာ၏ ထူးခြားချက်၊ အဘိဓမ္မာ၏ အကျိုးကျေးဇူး | ... | ၂၀ |
| အဘိဓမ္မာသည် ဖီလိုဆိုဖီလော၊ အဘိဓမ္မာနှင့် စိတ်ပညာ | ... | ၂၃ |
| သိပ္ပံပညာနှင့် အဘိဓမ္မာ၊ အဖိုးတန်ဆုံးဘဝပညာ | ... | ၃၂ |
| သက္ကာယဒိဋ္ဌိကို မည်သို့ပယ်သတ်နိုင်သနည်း | ... | ၃၈ |
| အဘိဓမ္မာကျမ်းများ | ... | ၄၀ |
| **အခန်း (၁) စိတ်ပိုင်း** | | |
| ပဏ္ဏာမဂါထာ၊ ပရမတ်နှင့် ပညတ် | ... | ၄၂ |
| ပရမတ္ထလေးပါး၊ ဒသနိကာ၏ နယ်ငါးရပ် | ... | ၄၃ |
| ဘုံအားဖြင့် စိတ်လေးမျိုး၊ အကုသိုလ်စိတ် ၁၂ ပါး | ... | ၄၇ |
| လောဘမူစိတ် ရှစ်ပါး၊ ဒေါသမူစိတ် နှစ်ပါး | ... | ၄၉ |
| မောဟမူစိတ် နှစ်ပါး၊ အဟိတ်စိတ် ၁၈ ပါး | ... | ၅၂ |
| အကုသလဝိပါက်စိတ် ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး | ... | ၅၃ |
| အဟိတ်ကြိယာစိတ် သုံးပါး၊ ကာမသောဘဏစိတ် ၂၄ ပါး | ... | ၅၆ |
| မဟာကုသိုလ်စိတ် ရှစ်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါး | ... | ၅၇ |
| မဟာကြိယာစိတ် ရှစ်ပါး | ... | ၆၀ |
| ကာမာဝစရစိတ် ၅၄ ပါးတို့၏ သရုပ်ခွဲ | ... | ၆၁ |
| ရူပါဝစရစိတ် ၁၅ ပါး၊ ရူပါဝစရကုသိုလ်စိတ် ငါးပါး | ... | ၆၃ |
| ရူပါဝစရဝိပါက်စိတ် ငါးပါး၊ ရူပါဝစရကြိယာစိတ် ငါးပါး | ... | ၆၆ |
| အရူပါဝစရစိတ် ၁၂ ပါး၊ အရူပါဝစရကုသိုလ်စိတ် လေးပါး | ... | ၆၇ |
| အရူပါဝစရဝိပါက်စိတ် လေးပါး | ... | ၆၉ |
| အရူပါဝစရကြိယာစိတ် လေးပါး | ... | ၆၉ |
| မဟဂ္ဂုတ်စိတ် ၂၇ ပါးတို့၏ သရုပ်ခွဲ | ... | ၆၉ |
| လောကီစိတ် ၈၁ ပါး၊ လောကုတ္တရာစိတ်အကျဉ်း ရှစ်ပါး | ... | ၇၁ |
| မဂ်စိတ်လေးပါး၊ ဖိုလ်စိတ်လေးပါး | ... | ၇၄ |
| လောကုတ္တရာစိတ်အကျယ်၊ မဂ်စိတ်အကျယ် ၂၀ | ... | ၇၅ |
| ဖိုလ်စိတ်အကျယ် ၂၀၊ ဈာန်စိတ် ၆၇ ပါး | ... | ၇၆ |
| သောဘဏစိတ် ၅၉ ပါး၊ ၉၁ ပါး | ... | ၇၇ |

http://www.dhammadownload.com




စိတ်အကျဉ်းအကျယ် သရုပ်ခွဲ ... ၇၈
လေ့ကျင့်ရန် မေးခွန်းများ ... ၈၁

**အခန်း(၂)-စေတသိက်ပိုင်း**

စိတ်သည်ပဓာန၊ စိတ်ကိုအရောင်ဆိုးပုံ ... ၈၆
စေတသိက်၏ အင်္ဂါလေးရပ်၊ သညသမာန်းစေတသိက် ၁၃ ပါး ... ၈၈
သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါး ... ၈၉
ပရမတ္ထတရားကို စိစစ်နည်း၊ ဖဿစေတသိက် ... ၉၁
ဝေဒနာစေတသိက်၊ သညာစေတသိက် ... ၉၃
စေတနာစေတသိက်၊ ဧကဂ္ဂတာစေတသိက် ... ၉၅
ဇီဝိတိန္ဒြေစေတသိက်၊ မနသိကာရစေတသိက် ... ၉၇
ပကိဏ်းစေတသိက် ခြောက်ပါး၊ ဝိတက်စေတသိက် ... ၉၉
ဝိစာရစေတသိက် ... ၁၀၀
ဝိတက်၊ စေတနာနှင့် မနသိကာရတို့၏ ထူးခြားချက် ... ၁၀၀
အဓိမောက္ခစေတသိက်၊ ဝီရိယစေတသိက် ... ၁၀၁
ပီတိစေတသိက်၊ ပီတိနှင့် သုခတို့၏ ထူးခြားချက် ... ၁၀၁
ဆန္ဒစေတသိက်၊ အကုသိုလ်စေတသိက် ၁၄ ပါး ... ၁၀၃
မောဟစေတသိက်၊ အဟိရိကစေတသိက် ... ၁၀၅
အနောတ္တပ္ပစေတသိက်၊ ဥဒ္ဓစ္စစေတသိက် ... ၁၀၆
အကုသလသာဓာရဏ လေးပါး၊ လောဘစေတသိက် ... ၁၀၇
ဆန္ဒနှင့် လောဘတို့၏ ထူးခြားချက် ... ၁၀၉
ဒိဋ္ဌိစေတသိက်၊ မာနစေတသိက် ... ၁၁၀
ပ,ပဉ္စ တရားသုံးပါး၊ ဒေါသစေတသိက် ... ၁၁၁
ဣဿာစေတသိက်၊ မစ္ဆရိယစေတသိက် ... ၁၁၃
ဣဿာနှင့် မစ္ဆရိယတို့၏ ထူးခြားချက် ... ၁၁၄
ကုက္ကုစ္စစေတသိက်၊ အကုသိုလ်၏ မူလသုံးပါး ... ၁၁၄
ထိနနှင့် မိဒ္ဓ၊ ဝိစိကိစ္ဆာစေတသိက် ... ၁၁၅
အကုသိုလ်မဖြစ်ရေး၊ သောဘဏစေတသိက်စု ... ၁၁၇
သောဘဏသာဓာရဏစေတသိက် ၁၉ ပါး ... ၁၁၈
သဒ္ဓါစေတသိက်၊ သတိစေတသိက် ... ၁၂၀
ဟိရီနှင့် ဩတ္တပ္ပ၊ အလောဘ ... ၁၂၁
အဒေါသ၊ တတြမဇ္ဈတ္တတာ ... ၁၂၃
ကာယပဿဒ္ဓိ–စိတ္တပဿဒ္ဓိ ... ၁၂၅
ကာယလဟုတာ–စိတ္တလဟုတာ၊ ကာယမုဒုတာ–စိတ္တမုဒုတာ ... ၁၂၅
ကာယကမ္မညတာ–စိတ္တကမ္မညတာ၊ ကာယပါဂုညတာ–စိတ္တပါဂုညတာ ... ၁၂၆
ကာယုဇုကတာ–စိတ္တုဇုကတာ၊ စုံတွဲစေတသိက်များ ... ၁၂၇
ဝိရတီစေတသိက် သုံးပါး၊ အပ္ပမညာစေတသိက် နှစ်ပါး ... ၁၂၈

http://www.dhammadownload.com



ပညိန္ဒြေစေတသိက်၊ သညာ၊ ဝိညာဏ်နှင့် ပညာတို့၏ အထူး ... ၁၃၀
သမ္ပယောဂနည်း၊ နိယတယောဂီ၊ အနိယတယောဂီ ... ၁၃၁
သင်္ဂဟနည်း၊ လေ့ကျင့်ရန် မေးခွန်းများ ... ၁၃၅
**အခန်း (၃)-ပကိဏ်းပိုင်း**
ရုပ်နာမ်ဆက်သွယ်မှု၊ ဝေဒနာသင်္ဂဟ ... ၁၄၇
ဝေဒနာအသီးသီးနှင့်ယှဉ်သော စိတ်များ ... ၁၄၈
ဝေဒနာအသီးသီးနှင့်ယှဉ်သော စေတသိက်များ ... ၁၄၉
ဟေတုသင်္ဂဟ၊ အဟိတ်စိတ်နှင့် သဟိတ်စိတ်များ ... ၁၄၉
ဟေတုသင်္ဂဟယေားကို အသုံးပြုပုံ ... ၁၅၀
အဟိတ်စေတသိက် ၁၃ ပါး ၊ ဧကဟိတ်စေတသိက် ၂၀ ပါး ... ၁၅၁
ဒွိဟိတ်စေတသိက် ၄၈ ပါး၊ တိဟိတ်စေတသိက် ၃၅ ပါး ... ၁၅၂
ကိစ္စသင်္ဂဟ၊ စိတ်တို့ဆောင်ရွက်ကြသည့် ကိစ္စ ၁၄ ပါး ... ၁၅၂
ကိစ္စဆောင်ရွက်ကြသော စိတ်များ ... ၁၅၃
ကိစ္စဆောင်ရွက်ရာဌာနများ ... ၁၅၄
ကိစ္စနှင့် ဌာနတပ်သော စိတ်များ ... ၁၅၅
ဒွါရသင်္ဂဟ၊ ဒွါရခြောက်ပါး ... ၁၅၆
ဒွါရအသီးသီး၌ ဖြစ်ပေါ်သော စိတ်များ ... ၁၅၇
တစ်ဒွါရစသည်၌ ဖြစ်ပေါ်သောစိတ်များ ... ၁၅၈
ဒွါရနှင့် စေတသိက်များ၊ အာရမ္မဏသင်္ဂဟ ... ၁၅၉
အာရုံခြောက်ပါး၊ အာရုံနှင့် ကာလ ... ၁၆၀
ခြောက်ဒွါရ၌ဖြစ်ကြသော စိတ်တို့၏ အာရုံများ ... ၁၆၁
အာရုံနှင့် စိတ်၊ အာရုံနှင့် စေတသိက် ... ၁၆၂
ဝတ္ထုသင်္ဂဟ၊ ဝတ္ထုခြောက်ပါး ... ၁၆၃
ဘုံနှင့် ဝတ္ထု၊ ဝိညာဏဓာတ် ခုနစ်ပါး ... ၁၆၄
ဝတ္ထုနှင့် ဝိညာဏဓာတ်၊ ဝတ္ထုရုပ်အလိုက် စိတ်များ ခွဲခြားပုံ ... ၁၆၅
လေ့ကျင့်ရန် မေးခွန်းများ ... ၁၆၆
**အတွဲ ၂ နိဒါန်း**
သိပ္ပံဆန်သော အဘိဓမ္မာ၊ အဆင့်မြင့်ဆုံး ဒဿန၊ နာမ်လောက၏ ဆန်းကြယ်မှု ... ၁၇၄
စိတ်၏ သဘာဝ၊ သိစိတ်နှင့် မသိစိတ် ... ၁၇၆
သိပ္ပံထက် သာလွန်သော အချက် ... ၁၈၀
လျှို့ဝှက်လွန်းသော ဘဝပြဿနာ ... ၁၈၂
သတ္တဝါတို့၏ ဖန်ဆင်းရှင် ... ၁၈၃
ဥပပတ်ပဋိသန္ဓေသည် သိပ္ပံနိယာမနှင့် ဆန့်ကျင်သလော ... ၁၈၇
ဖန်တီးရှင်ကြီး ကံတရား ... ၁၈၇

http://www.dhammadownload.com



ကံသည် သတ္တဝါများကို မည်သို့ဖန်တီးသနည်း ... ၁၈၈
၃၁ ဘုံ ရှိသလော၊ ဗုဒ္ဓ၏ ရုပ်သဘော ... ၁၉၀
သိပ္ပံပညာဖြင့် ဒြပ်ကို ခွဲခြမ်းစိတ်ဖြာပုံ ... ၁၉၄
အဘိဓမ္မာနည်းဖြင့် ဒြပ်ကို ခွဲခြမ်းစိတ်ဖြာပုံ ... ၁၉၆
သိပ္ပံထက် အဘိဓမ္မာ သာလွန်သောအချက် ... ၁၉၈

အခန်း(၄)-ဝိထိပိုင်း
ဝိထိ၏အဓိပ္ပာယ်၊ ဝိထိစိတ်နှင့် ဝိထိမုတ်စိတ်များ ... ၂၀၂
စိတ်၏အသက်၊ ရုပ်၏အသက် ... ၂၀၃
ဝိထိခြောက်မျိုး၊ ဆဆက္က ခြောက်မျိုး ခြောက်လီ ... ၂၀၅
ဝိထိဖြစ်ကြောင်း အင်္ဂါလေးပါး၊ ဘဝင်သုံးမျိုး ... ၂၀၇
ပဉ္စဒွါရဝိထိ ၇၅ ပါး၊ အတိမဟန္တာရုံဝိထိ ... ၂၁၁
တဒနုဝတ္တကဝိထိအပြား၊ မဟန္တာရုံဝိထိ နှစ်မျိုး ... ၂၁၃
ပရိတ္တာရုံဝိထိ ခြောက်မျိုး၊ အတိပရိတ္တာရုံ ခြောက်ဝိထိ ... ၂၁၅
ပဉ္စဒွါရဝိသယပ္ပဝတ္တိ၊ ပဉ္စဒွါရဝိထိစိတ်ပေါင်း ... ၂၁၈
ဝိထိမုတ်စိတ် ၁၉ ပါး၊ ဝိထိစိတ်တို့၏ အာရုံ ... ၂၂၀
ဝိထိစိတ်တို့၏ မှီရာဝတ္ထု၊ မဇ္ဈိမာယုကဝတ္ထု ရွေးချယ်ပုံ ... ၂၂၀
စိတ်တို့၏မှီရာ အာရုံပြုရာ၊ သရက်သီးကြွေသည့် ဥပမာ ... ၂၂၂
မနောဒွါရဝိထိ ... ၂၂၃
မနောဒွါရ၌ ထင်လာသော အာရုံ၊ ဝိဘူတာရုံနှင့် အဝိဘူတာရုံ ... ၂၂၃
ကာမဇောဝါရ လေးဝိထိ ... ၂၂၄
ကာမဇောမနောဒွါရဝိထိစိတ်များ၊ ကာမဇောဝါရ နှစ်မျိုး ... ၂၂၅
အပ္ပနာဇောဝါရ မနောဒွါရဝိထိ ... ၂၂၆
အပ္ပနာဇောဝါရ၌ အာရုံထင်ပုံ၊ ဥပစာရသမာဓိဇော ... ၂၂၇
အပ္ပနာဝိထိများ ကျပုံ၊ ရူပါဝစရအပ္ပနာဝိထိဆိုရိုး ... ၂၂၈
အရူပါဝစရအပ္ပနာဝိထိဆိုရိုး၊ အဘိညာအပ္ပနာဝိထိကျပုံ ... ၂၃၀
မဂ္ဂဝိထိဆိုရိုး၊ ဖလသမာပတ္တိဝိထိဆိုရိုး ... ၂၃၃
နိရောဓသမာပတ္တိဝိထိ၊ ဝိပါကနိယာမ ... ၂၃၄
ဝိပါက်အမှန် ဇောအပြန်၊ ကာမဇောဝါရနိယာမ ... ၂၃၆
အပ္ပနာဇောဝါရနိယာမ၊ တဒါရမ္မဏနိယာမ ... ၂၃၈
အာဂန္တုက ဝိထိ ... ၂၄၃
ဆိုင်ရာဘုံအလိုက် ဖြစ်သင့်သောစိတ်များ၊ ပုဂ္ဂိုလ်အပြား ... ၂၄၄
ပုဂ္ဂိုလ်စိတ်ရ၊ ဘုံ၌စိတ်ရ၊ လေ့ကျင့်ရန် မေးခွန်းများ ... ၂၄၆
**အခန်း(၅)-ဝိထိမုတ်ပိုင်း(ဝါ)ဘုံပိုင်း**
ဝိထိမုတ်စိတ်များ၊ စတုက္ကလေးလီ ... ၂၅၅

http://www.dhammadownload.com



ဘုံလေးမျိုး၊ အပါယ်လေးဘုံ ... ၂၅၆
ကာမသုဂတိ ခုနစ်ဘုံ၊ ရူပဗြဟ္မာ ၁၆ ဘုံ ... ၂၅၈
အရူပဗြဟ္မာ လေးဘုံ၊ ဘုံနှင့် ပုဂ္ဂိုလ်သရုပ် ... ၂၆၁
ပဋိသန္ဓေ လေးမျိုး၊ ပဋိသန္ဓေတည်နေပုံ လေးမျိုး ... ၂၆၂
ဘုံသားနှင့် ပဋိသန္ဓေ၊ သတ္တဝါတို့၏ သက်တမ်းများ ... ၂၆၆
ကမ္ဘာပျက်ပုံ၊ တစ်ဘဝ၌ တူမြဲတရား ... ၂၆၉
ကံလေးမျိုးလေးလီ၊ ကိစ္စကမ္မစတုက္က ... ၂၇၀
ပါကဒါန ပရိယာယ ကမ္မစတုက္က ... ၂၇၁
ပါကကာလကမ္မစတုက္က၊ ပါကဋ္ဌာနကမ္မစတုက္က ... ၂၇၂
အကုသိုလ်ကံ သုံးမျိုး ... ၂၇၄
အကုသိုလ်ကံ ၁၀ ပါး(ဒုစရိုက် ၁၀ ပါး) ... ၂၇၄
ငါးပါးသီလနှင့် ဒုစရိုက် ၁၀ ပါး ... ၂၇၅
ဒုစရိုက်ကို ကျူးလွန်သော စိတ်များ၊ ကာမကုသိုလ်ကံ သုံးမျိုး ... ၂၇၇
ပုညကြိယဝတ္ထု ၁၀ ပါး၊ ဒါန, သီလ, ဘာဝနာ ... ၂၇၈
ဘုံဌာနနှင့် ကံအပြား၊ အကုသိုလ်ကံအကျိုးပေးပုံ ... ၂၇၉
ကာမကုသိုလ်ကံအကျိုးပေးပုံ ... ၂၈၀
ရူပါဝစရကုသိုလ်ကံ အကျိုးပေးပုံ ... ၂၈၂
အရူပါဝစရကုသိုလ်ကံအကျိုးပေးပုံ ... ၂၈၄
သီလရှိက တောင့်တတိုင်း ပြည့်ဝပုံ၊ အကောင်းဆုံးဘုံ ... ၂၈၄
သေခြင်းအကြောင်း လေးပါး၊ သေခါနီးနိမိတ်ထင်ပုံ ... ၂၈၆
နိမိတ်နှင့် ဒွါရ၊ မရဏာသန္နဝီထိ ... ၂၈၈
ဘဝကူးပုံ၊ ဘဝနိကန္တိက ဝီထိ ... ၂၉၁
စုတိနောင် ပဋိသန္ဓေအပြား၊ လေ့ကျင့်ရန် မေးခွန်းများ ... ၂၉၃

**အခန်း(၆) ရုပ်ပိုင်း**

ရူပသမုဒ္ဒေသ၊ နိပ္ဖန္နရုပ် ၁၈ ပါးကို ဝေဖန်ခြင်း ... ၃၀၁
ရုပ်ရေတွက်ပုံအမျိုးမျိုး၊ ရူပဝိဘာဂ ... ၃၀၆
ရုပ် ၂၈ ပါးကို ခွဲခြား၍ဝေဖန်ခြင်း၊ ရူပသမုဋ္ဌာန ... ၃၀၇
ရုပ်ကိုဖြစ်စေသော ကံ ၂၅ ပါး ... ၃၀၉
ရုပ်ကိုဖြစ်စေသော စိတ် ၇၅ ပါး ... ၃၀၉
ရုပ်ကိုဖြစ်စေတတ်သော ဥတု၊ ရုပ်ကိုဖြစ်စေတတ်သော အာဟာရ ... ၃၁၁
ကမ္မဇရုပ် ၁၈ ပါး၊ စိတ္တဇရုပ် ၁၅ ပါး ... ၃၁၂
ဥတုဇရုပ် ၁၃ ပါး၊ အာဟာရဇရုပ် ၁၂ ပါး ... ၃၁၃
ရူပသမုဋ္ဌာန်ဆောင်ပုဒ်များ၊ ရူပကလာပ ... ၃၁၄
ရုပ်ကလာပ် ၂၁ စည်း၊ ကမ္မဇကလာပ် ကိုးစည်း ... ၃၁၆

http://www.dhammadownload.com




စိတ္တဇကလာပ် ခြောက်စည်း၊ ဥတုဇကလာပ် လေးစည်း ... ၃၁၇
အာဟာရဇကလာပ် နှစ်စည်း ... ၃၁၈
အဇ္ဈတ္တသန္တာန်၌ ရအပ်သော ရုပ်ကလာပ်များ ... ၃၁၈
ဗဟိဒ္ဓရုပ်ကလာပ် နှစ်စည်း၊ ပရမတ္ထကလာပ်၊ သမ္မုတိကလာပ် ... ၃၁၈
ကလာပ်တို့၏ ပမာဏ၊ ရူပပဝတ္တိက္ကမ ... ၃၁၉
ဘုံသုံးပါး၌ ရနိုင်သောရုပ်များ ... ၃၂၀
ယောနိ ခေါ် အမျိုးဇာတ် လေးပါး ... ၃၂၁
ပဋိသန္ဓေအခါ ရုပ်ဖြစ်စဉ်၊ အမိဝမ်းတွင်း၌ ရုပ်ဖြစ်စဉ် ... ၃၂၁
စတုဇရုပ်ဖြစ်စဉ်၊ ဆီမီးလျှံကဲ့သို့ ... ၃၂၃
မြစ်ရေအလျဉ်ကဲ့သို့ ရုပ်တို့၏ ပျက်စဉ် ... ၃၂၄
စုတေပြီးနောက် အကောင်ပုပ်မကျန်ရစ်သူ ... ၃၂၆
လေ့ကျင့်ရန်မေးခွန်းများ ... ၃၃၀
**အတွဲ ၃ နိဒါန်း**
အသုံးချအဘိဓမ္မာ၊ အကောင်းနှင့်အဆိုး ... ၃၃၈
အဘိဓမ္မာမီးမောင်းအောက်ဝယ်၊ အကုသိုလ်အင်အားစု ... ၃၄၀
ကုသိုလ်အင်အားစု၊ သဘောတူရာပေါင်းစုကာ ... ၃၄၂
ကြောင်းကျိုးဆက်နွယ်မှု၊ ပဋ္ဌာန်းဒေသနာတော် ... ၃၄၂
ပညတ်တရား၊ ဘာဝနာတရား၊ ဗုဒ္ဓဘာသာဝင်တို့၏ပန်းတိုင် ... ၃၄၃
**အခန်း (၇) သမုစ္စည်းပိုင်း**
အဓိပ္ပာယ်နှင့် အကျယ်အဝန်း၊ အကုသလသင်္ဂဟ ... ၃၄၇
အာသဝေါ လေးပါး၊ ဩဃ လေးပါး ... ၃၄၈
ယောဂ လေးပါး၊ ဂန္ထ လေးပါး ... ၃၅၀
ဥပါဒါန် လေးပါး၊ နီဝရဏ ခြောက်ပါး ... ၃၅၁
အနုသယ ခုနစ်ပါး၊ သံယောဇဉ် ၁၀ ပါး ... ၃၅၃
ဩရမ္ဘာဂိယ–ဥဒ္ဓမ္ဘာဂိယ၊ ကိလေသာ ၁၀ ပါး ... ၃၅၆
တစ်ထောင့်ငါးရာကိလေသာ၊ မိဿကသင်္ဂဟ ... ၃၅၇
ဟိတ် ခြောက်ပါး၊ ဈာနင် ခုနစ်ပါး ... ၃၅၇
မဂ္ဂင် ၁၂ ပါး၊ ဣန္ဒြေ ၂၂ ပါး ... ၃၅၈
ဗိုလ် ကိုးပါး၊ အဓိပတိ လေးပါး ... ၃၆၁
ဗောဓိပက္ခိယသင်္ဂဟ၊ သတိပဋ္ဌာန် လေးပါး ... ၃၆၄
သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး ... ၃၆၅
ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး ... ၃၆၈
ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါး ... ၃၆၈
ဗောဓိပက္ခိယတရားကိုယ် ၁၄ ပါးတို့၏ ဖြစ်ရာဌာနများ ... ၃၇၀
သဗ္ဗသင်္ဂဟ၊ ခန္ဓာငါးပါး ... ၃၇၁

http://www.dhammadownload.com



ဥပါဒါနံက္ခန္ဓာ ငါးပါး၊ အာယတန ၁၂ ပါး ... ၃၇၂
ဓာတ် ၁၈ ပါး၊ သစ္စာ လေးပါး ... ၃၇၄
တဏှာအစစ် တစ်ရာ့ရှစ်၊ လေ့ကျင့်ရန် မေးခွန်းများ ... ၃၇၇
**အခန်း (၈) ပစ္စည်းပိုင်း**
ပစ္စည်း–ပစ္စယုပ္ပန်၊ ကျေးဇူးပြုနည်း နှစ်မျိုး ... ၃၈၄
သခ်တနှင့် အသခ်တ အခွဲ၊ ပဋိစ္စသမုပ္ပါဒ်နည်း ... ၃၈၅
အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ ... ၃၈၅
ဝိညာဏပစ္စယာ နာမရူပံ ... ၃၈၈
နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာဖဿော ... ၃၈၈
ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ ... ၃၈၉
တဏှာပစ္စယာဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ ... ၃၉၀
ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာဇရာမရဏံ ... ၃၉၄
ဇာတိကြောင့် သောက စသည်တို့ ဖြစ်ပုံ၊ အကျိုးရင်းနှင့် အကျိုးဆက် ... ၃၉၇
ပဋိစ္စသမုပ္ပါဒ်တရားတော်၏ သိမှတ်ဖွယ်များ ... ၃၉၇
အင်္ဂါ ၁၂ ပါး၊ အခွန့် သုံးပါး ... ၃၉၈
အခြင်းအရာ အပါး ၂၀၊ သင်္ခေပ = အလွှာ လေးပါး ... ၃၉၉
သန္ဓိ = အစပ် သုံးပါး၊ ဝဋ် သုံးပါး ... ၄၀၁
ဝဋ်မြစ် နှစ်ပါး၊ စက်ရဟတ်ပျက်ကိန်း ... ၄၀၂
အဝိဇ္ဇာ၏အကြောင်း၊ အာသဝတို့၏အကြောင်း ... ၄၀၃
အဝိဇ္ဇာကို အစထား၍ ဟောရခြင်းအကြောင်း ... ၄၀၄
နည်း လေးပါးဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို ဆင်ခြင်ပုံ ... ၄၀၅
ပဋ္ဌာန်းနည်း၊ ပစ္စယုဒ္ဒေသပါဠိ ... ၄၀၇
၂၄ ပစ္စည်းတို့၏ တရားကိုယ်နှင့် အဓိပ္ပာယ် ... ၄၀၈
ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော ... ၄၀၈
အဓိပတိပစ္စယော၊ အနန္တရပစ္စယော ... ၄၀၉
သမနန္တရပစ္စယော၊ သဟဇာတပစ္စယော ... ၄၁၀
အညမညပစ္စယော၊ နိဿယပစ္စယော ... ၄၁၁
ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော ... ၄၁၂
ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော ... ၄၁၃
ကမ္မပစ္စယော၊ ဝိပါကပစ္စယော ... ၄၁၅
အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော ... ၄၁၆
ဈာနပစ္စယော၊ မဂ္ဂပစ္စယော ... ၄၁၈
သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော ... ၄၁၉
အတ္ထိပစ္စယော၊ နတ္ထိပစ္စယော ... ၄၂၀
ဝိဂတပစ္စယော၊ အဝိဂတပစ္စယော ... ၄၂၁

http://www.dhammadownload.com



ပစ္စယရာသီ = ပစ္စည်းစု ခြောက်မျိုး ... ၄၂၂
ပစ္စည်း ၆ မျိုးတို့၏ ကျေးဇူးပြုပုံများ၊ ပစ္စယသမောဓာနသရုပ် ... ၄၂၂
ရုပ်နာမ်ပညတ်ခွဲခြားပုံ၊ အတ္ထပညတ်အကျယ် ... ၄၂၄
သဒ္ဒပညတ်အကျယ် ... ၄၂၈
သဒ္ဒပညတ် ခြောက်မျိုး ... ၄၂၉
လေ့ကျင့်ရန် မေးခွန်းများ ... ၄၃၁
**အခန်း (၉) ကမ္မဋ္ဌာန်းပိုင်း**
ဘာဝနာနှစ်မျိုး၊ ကမ္မဋ္ဌာန်းဟူသည် ... ၄၃၇
ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး ... ၄၃၉
အနုဿတိ ၁၀ ပါး၊ အပ္ပမညာ လေးပါး ... ၄၄၂
အာဟာရေပဋိကူလသညာ တစ်ပါး ... ၄၄၄
စတုဓာတုဝဝတ္ထာန် တစ်ပါး၊ အာရုပ္ပ လေးပါး ... ၄၄၄
စရိုက် ခြောက်ပါး၊ သပ္ပါယဘေဒ ... ၄၄၅
ဘာဝနာဘေဒ၊ ကမ္မဋ္ဌာန်းနှင့် ဘာဝနာ ... ၄၄၇
ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ၊ ဂေါစရဘေဒ ... ၄၄၈
နိမိတ်နှင့် ကမ္မဋ္ဌာန်း တွဲစပ်ပုံ၊ ဘာဝနာနှင့် နိမိတ်ကို တွဲစပ်ပုံ ... ၄၅၀
ဈာန်အဆင့်ဆင့်ဖြစ်ပေါ်ပုံ၊ အာရုပ္ပဈာန်တက်ခန်း ... ၄၅၃
အဘိညာဉ်ခန်း၊ ဝိပဿနာကမ္မဋ္ဌာန်း ... ၄၅၆
ဝိသုဒ္ဓိ ခုနစ်ပါး၊ လက္ခဏာ သုံးပါး ... ၄၅၇
အနုပဿနာ သုံးပါး၊ ဝိပဿနာဉာဏ် ၁၀ ပါး ... ၄၆၀
ဝိမောက္ခ သုံးပါး၊ ဝိမောက္ခမုခ သုံးပါး ... ၄၆၁
ဗုဒ္ဓကျင့်စဉ်၏ အနှစ်သာရ ... ၄၆၂
ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်အဆင့်ဆင့်ဖြစ်ပေါ်ပုံ၊ သီလဝိသုဒ္ဓိ ... ၄၆၃
စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ (နာမရူပ ပရိစ္ဆေဒဉာဏ်) ... ၄၆၄
ကင်္ခါဝိတရဏဝိသုဒ္ဓိ (ပစ္စယပရိဂ္ဂဟဉာဏ်) ... ၄၆၅
ဖူဋ္ဌသောတာပန်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ... ၄၆၆
သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ... ၄၆၇
ဥပက္ကိလေသ ၁၀ ပါး၊ ဘင်္ဂဉာဏ် ... ၄၇၀
ဘယဉာဏ်၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုစ္စိတုကမျတာ ... ၄၇၃
ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ် ... ၄၇၄
အနုလောမဉာဏ်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ ... ၄၇၄
ဂေါတြဘုစိတ်၊ ဉာဏဒဿနဝိသုဒ္ဓိ ... ၄၇၅
လေ့ကျင့်ရန်မေးခွန်းများ ... ၄၇၈
**စာမေးပွဲမေးခွန်းများနှင့် အဖြေများ၊ ကျမ်းကိုးစာရင်း** ... ၄၈၄

http://www.dhammadownload.com

အဖိုးတန်ဆုံးဘဝပညာ

# ကမ္ဘာ့သိုလ်အဘိဓမ္မာ

## အတွဲ (၁)

**စိတ်၊ စေတသိက်၊ ပကိဏ်း**

အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲ ပထမဆင့်အတွက်

http://www.dhammadownload.com

## အဘိဓမ္မာ၏ အာနိသင်

* အဘိဓမ္မာတရားတော်သည် ပညတ်လောကကို ဖောက်ထွင်း၍ ပရမတ်လောကကို စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် တည်းဟူသော အခြေခံ အရှိတရားများဖြင့် ဖွင့်ဆိုရှင်းပြထားသည့်အတွက် ဘဝ၏ အမှန်သဘောကို ထင်ထင်ရှားရှား သိနားလည်စေ၏။
* လူတို့သည် အမှန်တရားကို မသိဘဲ ထင်မြင်ယူဆချက်များကိုသာ အမှန်တရားဟု ယူဆနေခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး ညီညွတ်မှုမရှိ ပေါင်းစည်းမှုမရှိဘဲ ဆန့်ကျင်နေကြသည်။
* ပတ္တမြားမှန်လျှင် နွံမှာနစ်သော်လည်း မညစ်၊ တရားစစ်မှန်ကန်လျှင် ခေတ်အမျိုးမျိုးပြောင်းသော်လည်း မဟောင်း။

http://www.dhammadownload.com

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဒါန်း

## နတ်ပြည်၌ ဟောကြားသော တရားတော်

သိသင့်သိထိုက်သောတရားအလုံးစုံကို ဆရာမကူ သယမ္ဘုဉာဏ်နှင့် သိမြင်တော်မူသည့် ဂေါတမမြတ်စွာဘုရားသည် သတ္တမမြောက်ဝါကို တာဝတိံသာ၌ ကပ်ဆိုတော်မူပြီးလျှင် မယ်တော်မိနတ်သားအား အမှူးထားလျက် နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာတော်ကို မရပ်မနား တစ်ဆက်တည်း ဟောကြားတော်မူခဲ့၏။

တာဝတိံသာနတ်သက် တစ်ရက်သည် လူတို့၏ နှစ်တစ်ရာနှင့် ညီမျှသောကြောင့် ဝါတွင်းသုံးလဟူသည်မှာ တာဝတိံသာနတ်သက်အားဖြင့် မိနစ်အနည်းငယ်သာ ကြာညောင်းပါ၏။

နေ့စဉ် ဆွမ်းခံချိန်သို့ရောက်လျှင် ဗုဒ္ဓမြတ်စွာသည် နိမ္မိတရုပ်ပွားတစ်ဆူကို မိမိ၏ ကိုယ်စား တရားဆက်လက်ဟောကြားရန် အဓိဋ္ဌာန်တော်မူပြီးသော် မြောက်ကျွန်း ဥတ္တရကုရုသို့ ဆွမ်းခံကြွတော်မူ၏။ ထို့နောက် အနောတတ်အိုင်၏ ဆိပ်ကမ်းသာဝယ် ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် စန္ဒကူးတော၌ နေ့သန့်တော်မူ၏။

ထိုအခါ တရားစစ်သူကြီးဖြစ်တော်မူသော ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာသည် ဘုရားထံမှောက်သို့ လာရောက်ပြီး ဝတ်ကြီးဝတ်ငယ်ပြုတော်မူ၏။

ဗုဒ္ဓမြတ်စွာက "ချစ်သား သာရိပုတ္တရာ – ဤမျှသောတရားကို ငါဟောကြားခဲ့ပြီ" ဟု အဘိဓမ္မာတရားကို နည်းရရုံ အကျဉ်းချုပ်ညွှန်ကြားတော်မူ၏။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် အဘိဓမ္မာဒေသနာတော်ကို လူ့ပြည်၌လည်း နတ်ပြည်နှင့်တစ်ပြိုင်တည်း ဟောကြားတော်မူခဲ့သည်သာတည်း။

http://www.dhammadownload.com



ပညာဝေဒဂ် အရှင်သာရိပုတ္တရာမထေရ်ကျော်သည် ဘုရားရှင်ထံမှ နည်းရတော်မူလေလျှင် နည်းပေါင်းအရာအထောင်တို့ဖြင့် ဖြန့်ချီ၍ ဘုရားဟောကြားတော်မူအပ်သော အဘိဓမ္မာဒေသနာအကျယ်ကို သိမြင်တော်မူ၏။ ပမာဆိုသော် မဟာသမုဒ္ဒရာကမ်းခြေ၌ ဗုဒ္ဓရှင်တော်ရပ်တည်၍ လက်တော်ကို ဆန့်တန်းလျက် ညွှန်ပြလိုက်သည့်အခါ မဟာသမုဒ္ဒရာရေပြင်ကျယ်တစ်ခုလုံးကို အရှင်သာရိပုတ္တရာ မြင်တွေ့သွားသကဲ့သို့တည်း။

အရှင်သာရိပုတ္တရာမထေရ်သည် အဘိဓမ္မာဒေသနာတော်ကို မကျဉ်းမကျယ်အလယ်အလတ်ဖြစ်သောနည်းဖြင့် မိမိ၏ တပည့် ရဟန်းငါးရာတို့အား တစ်ဖန် ဟောကြားတော်မူ၏။ တာဝတိံသာ၌ အဘိဓမ္မာဒေသနာတော်ကို မြတ်စွာဘုရား ဟောကြား၍ပြီးဆုံးခြင်းသို့ ရောက်သည့်အခါ လူ့ပြည်၌လည်း အဘိဓမ္မာတရားတော်ကို အရှင်သာရိပုတ္တရာ ဟောကြား၍ ပြီးဆုံးခြင်းသို့ ရောက်လေ၏။

လူ့လောက၌ ယနေ့တိုင် ကျန်ရစ်နေသော အဘိဓမ္မာပိဋကသည် အရှင်သာရိပုတ္တရာ ဟောကြားပို့ချခဲ့သော ပိဋကဖြစ်ပေ၏။

**အဘိဓမ္မာ၏ထူးခြားချက်**

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော တရားအလုံးစုံကို (၁) သုတ္တန်ပိဋက၊ (၂) ဝိနည်းပိဋက၊ (၃) အဘိဓမ္မာပိဋကဟူ၍ ပိဋကသုံးပုံအဖြစ် ခွဲခြားထားကြ၏။

**သုတ္တန်ပိဋက**သည် ဝေနေယျသတ္တဝါတို့၏ အလိုအဈျာသယ, ဝါသနာ, စရိုက်တို့ကို လိုက်၍ လူအများ သိနားလည်နေကြသည့် ဝေါဟာရများကို သုံးနှုန်းလျက် ဟောကြားထားသည့် တရားတော်များဖြစ်၏။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် စသောတရားတို့ကို ဟောကြားရာ၌ ပြည့်ပြည့်စုံစုံ ဟောကြားတော်မမူတဲ့ တရားနာပုဂ္ဂိုလ်တို့နှင့် လျော်ရုံ တစ်စိတ်တစ်ဒေသအားဖြင့်သာ ဝေဖန်ဟောကြားတော်မူ၏။

ဓမ္မစကြာသုတ်, အနတ္တလက္ခဏသုတ်, ပဋိစ္စသမုပ္ပာဒ်သုတ်, မဟာ သတိပဋ္ဌာန သုတ် စသည့် အရေးကြီးသောသုတ်တော်များသည် သုတ္တန်ပိဋကတွင် ပါဝင်ကြ၏။

**ဝိနည်းပိဋက**သည် မြတ်စွာဘုရား၏ တပည့်သာဝကများဖြစ်ကြသော ရဟန်းတော်များ လိုက်နာကျင့်သုံးဆောက်တည်ရန်အတွက် မြတ်ရှင်တော် ပညတ်တော်မူခဲ့သည့် ဝိနည်းသိက္ခာပုဒ်များ ဖြစ်ပေ၏။ ဤသိက္ခာပုဒ်များသည် ကုဋေကိုးထောင်တစ်ရာ့ရှစ်ဆယ့်ငါးသန်း သုံးသောင်းခြောက်ထောင်ရှိပေရာ သံဃာတော်အဖွဲ့အစည်းကို ကမ္ဘာ့ထိပ်တန်းအဖွဲ့အစည်းအဖြစ်သို့ ပို့ဆောင်ပေးခဲ့သောစည်းကမ်းများ ဖြစ်ကြပေ၏။

http://www.dhammadownload.com



ထိုမျှလောက်များပြားသော သိက္ခာပုဒ်တို့တွင် ဘိက္ခုပါတိမောက်၌ လာသော သိက္ခာပုဒ် ၂၂၇ သွယ်တို့သည် မူလအခြေခံဖြစ်၍ အရေးအကြီးဆုံးဖြစ်ကြ၏။ ဤသိက္ခာပုဒ်တို့ကို ရဟန်းတော်များသည် မိမိတို့၏ ကျင့်ဝတ်သီလသိက္ခာပုဒ်အဖြစ် အထူးရိုသေလေးစားစွာ စောင့်ထိန်းကြရပေ၏။

ဝိနည်းပိဋကသည် သာသနာတော်၏အသက်ဖြစ်၏။ ဝိနည်းတော်များနှင့်အညီ ကျင့်ကြံနေထိုင်ကြသော ရဟန်းတော်များသည် အထူးကြည်ညိုလေးစားဖွယ်ဖြစ်ကြပြီး လှူဒါန်း လူအပေါင်းတို့ ကုသိုလ်မျိုးစေ့များကို စိုက်ပျိုးရာလယ်ယာမြေကောင်းသဖွယ် ဖြစ်ကြပေ၏။

**အဘိဓမ္မာပိဋကသည် သတ္တလောက, ဩကာသလောက, သင်္ခါရလောက ဟုဆိုအပ်သော လောကသုံးပါးနှင့် နိဗ္ဗာန်တို့၏အကြောင်းအရာများကို တကယ် အစစ်အမှန်ဖြစ်ကြသည့် ပရမတ္ထတရားလေးပါးအဖြစ်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထားသော ဒေသနာဖြစ်၏။**

**သုတ္တန်ပိဋကသည်** ဝေနေယျတို့၏ အသိဉာဏ်နှင့် လျော်ကန်သင့်မြတ်သည့် ဝေါဟာရအသုံးအနှုန်းများကို အများဆုံးဦးစားပေး၍ ဟောကြားထားသော **ဝေါဟာရ ဒေသနာ**ဖြစ်၏။

**ဝိနယပိဋကသည်** တပည့်သာဝကများ လိုက်နာကျင့်ကြံရန်အာဏာကို အများဆုံး အသုံးပြု၍ ပညတ်တော်မူခဲ့သော **အာဏာဒေသနာ**ဖြစ်၏။

**အဘိဓမ္မာသည်** ပရမတ္ထသဘာဝတရားများကို ဖြစ်စဉ်အတိုင်း အကြွင်းမရှိ ပြည့်စုံစွာဟောကြားတော်မူခဲ့သော **ပရမတ္ထဒေသနာ** ဖြစ်၏။

အဘိဓမ္မာဒေသနာကို ဟောကြားရာ၌ ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဉာဏ်တော် အစွမ်းရှိတိုင်း သဘာဝလောကတစ်ခုလုံးကို မွှေနှောက်ချောက်ချားလျက် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် စသော တရားတို့၏ သဘာဝဖြစ်စဉ်ကို သုတ္တန်နည်း, အဘိဓမ္မာနည်း, အမေးအဖြေနည်းတို့ဖြင့် အကြွင်းအကျန်မရှိအောင် ဝေဖန်ပိုင်းခြား၍ ဟောကြားတော်မူခဲ့၏။

- ဓမ္မက္ခန္ဓာ အရေအတွက်အားဖြင့် သုတ္တန်ပိဋကတွင် ၂၁၀၀၀၊ ဝိနည်းပိဋကတွင် ၂၁၀၀၀ နှင့် အဘိဓမ္မာပိဋကတွင် ၄၂၀၀၀ ရှိ၏။

ထို့ကြောင့် အဘိဓမ္မာပိဋကသည် သုတ္တန်ပိဋကထက် ဓမ္မက္ခန္ဓာအရေအတွက်အားဖြင့်လည်းကောင်း၊ ဟောကြားသော နည်းအရေအတွက်အားဖြင့် လည်းကောင်း၊ ထူးခြား ဆန်းကြယ်မှု၌လည်းကောင်း သာလွန်၏။ ဤသို့ သုတ္တန်ဓမ္မထက် သာလွန် ထူးဆန်းသောတရားတော်ဖြစ်ခြင်းကြောင့် အဘိဓမ္မာဟု အမည်တွင်ခြင်း ဖြစ်ပေ၏။

http://www.dhammadownload.com



အဘိ = သာလွန်သော၊ ထူးဆန်းသော

ဓမ္မ = သင်ယူထိုက်သောပါဠိတော်(ဝါ)သတ္တဝါတို့ ဆင်းရဲငြိမ်းအောင် မြတ်စွာဘုရား ကောင်းစွာဟောကြားအပ်သော တရားတော်။

**အဘိဓမ္မာ၏ အကျိုးကျေးဇူး**

ဗုဒ္ဓမြတ်စွာသည် အဘိဓမ္မာပိဋကမှ ပဋ္ဌာန်းတရားတော်ကို ဆင်ခြင်သုံးသပ်သော အခါ ရောင်ခြည်ခြောက်သွယ် ကွန့်မြူးလာ၏။

ကဿပဘုရားရှင်လက်ထက်တော်အခါ၌ လိုဏ်ခေါင်းတစ်ခုတွင် ခိုအောင်းနေကြသည့် လင်းနို့ငါးရာတို့သည် ရဟာန်းနှစ်ပါးတို့၏ အဘိဓမ္မာတရား ရွတ်ဆိုသံကို အာရုံပြုခဲ့ကြရ၏။ ထိုကောင်းမြတ်သောအာရုံဖြင့် လင်းနို့ငါးရာတို့ သေလွန်ကြသည့် အခါ နတ်ပြည်သို့ လားရောက်ကြရ၏။

သူတို့သည် ကဿပဘုရားရှင်လက်ထက်တော်မှ ဂေါတမဘုရားရှင် လက်ထက် တော်အထိ ဘုရားရှင်နှစ်ဆူအကြား ဗုဒ္ဓန္တရအသင်္ချေယျကာလပတ်လုံး အပါယ်သို့ မလားရောက်ကြရဘဲ နတ်ပြည်၌ပင် တစ်ဘဝပြီးတစ်ဘဝ ဆက်ကာဆက်ကာ ဖြစ်ခဲ့ ကြရ၏။ ဂေါတမဘုရားရှင်လက်ထက်တွင် လူယောကျ်ားများ ဖြစ်ကြပြီး ရဟာန်း ဘဝကို ရရှိကြ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်ထံမှ အဘိဓမ္မာပိဋကကို ဦးဦး ဖျားဖျား သင်အံယူကြရပြီးလျှင် အဘိဓမ္မာပိဋကဆောင် ရဟန္တာများ ဖြစ်လာကြ၏။

တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော်ကို ဂေါတမမြတ်စွာဘုရား ဟောကြား၍ပြီးဆုံးသောအခါတွင် နတ်ဗြဟ္မာ ကုဋေပေါင်းရှစ်သောင်းတို့သည် သစ္စာ လေးပါးကို သိမြင်ပြီး အကျွတ်တမ်းဝင်ကြရကုန်၏။ မယ်တော်မိနတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

**အဘိဓမ္မာတရားတော်သည် ပညတ်လောကကို ဖောက်ထွင်း၍ ပရမတ်လောက ကို စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် တည်းဟူသော အခြေခံအရှိတရားများဖြင့် ဖွင့်ဆိုရှင်းပြထားသည့်အတွက် ဘဝ၏အမှန်သဘောကို ထင်ထင်ရှားရှား သိနားလည်စေ၏။**

ကိုယ်စိတ်နှစ်ပါးဟူသည်မှာ ရုပ်နာမ်အစုမျှသာဖြစ်ပြီး ရုပ်နာမ်တို့၏သဘာဝ ဖြစ်စဉ်များကိုသိနားလည်လာသောအခါ ရုပ်နာမ်အစု၌ ငါဟူသော မာနစွဲ၊ ငါ့ဥစ္စာ ဟူ သည့် တဏှာစွဲ၊ အတ္တကောင်(ဝါ) လိပ်ပြာကောင်ရှိ၏ ဟူသော ဒိဋ္ဌိစွဲတို့ကို ဖြိုခွဲနိုင်၏။

ထို့ကြောင့် အဘိဓမ္မာဒေသနာကို ကျကျနန လေ့လာလျှင် အကြောင်းအကျိုး အပြည့်အစုံနှင့်တကွ ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သော ယထာဘူတဉာဏ်ကို ရရှိနိုင် ၏။ ထိုဉာဏ်ဖြင့် အယူလွဲမှု မိစ္ဆာဒိဋ္ဌိနှင့် ယုံမှားသံသယဖြစ်မှု ဝိစိကိစ္ဆာတို့ကို အတော်

http://www.dhammadownload.com



အသင့်ကြာရှည်စွာ ပယ်ရှားထားနိုင်သောကြောင့် ထိုဉာဏ်ပိုင်ရှင်သည် **စူဠသောတာပန်** အဆင့်သို့ ရောက်ရှိသည်မည်၏။ စူဠသောတာပန်ဖြစ်လျှင် နောက်ဘဝ၌ ဧကန်မုချ အပါယ်မလားရောက်ရတော့ချေ။

**အဘိဓမ္မာ၏ အကျိုးကျေးဇူးသည် ကြီးမားလှပါဘိတောင်း။**

**အဘိဓမ္မာသည် ဖိလိုဆိုဖီလော**

ကမ္ဘာ့တွေးခေါ်ရှင်ကြီးများက ဘဝနှင့် ဘဝပြဿနာအကြောင်း၊ လောက အကြောင်းတို့နှင့် ပတ်သက်ပြီး တွေးခေါ်မြော်မြင်ထားကြသည့် အတွေးအမြင်များ ကို **ဒဿနိကဗေဒ (ဝါ) ဖိလိုဆိုဖီ**[၁] ဟု ခေါ်၏။

ဒဿန = အတွေးအမြင် + ဣက = ဆိုင်ရာ + ဗေဒ = ပညာ။

ထို့ကြောင့် ဒဿနိကဗေဒသည် အတွေးအမြင်ဆိုင်ရာပညာဖြစ်၏။ နိုင်ငံရေး, စီးပွားရေး, လူမှုရေး, ဘာသာရေး, စာပေ, ယဉ်ကျေးမှုစသော ဘဝကိစ္စ, ဘဝပြဿနာ များကိုလည်းကောင်း၊ ဘဝနှင့် လောကဆိုင်ရာ သိပ္ပံတွေ့ရှိချက်များကိုလည်းကောင်း၊ အခြေအနေအရပ်ရပ် အချက်အလက်အမျိုးမျိုးတို့ကို စုစည်းခြင်း ဝေဖန်သုံးသပ်ကာ ဆင်ခြင်တွေးတောထားသောတွေးခေါ်ချက်များသည် ဒဿနိကဗေဒ ဖြစ်ပေ၏။

အရာရာကို ဝေဖန်သုံးသပ်၍ ဆင်ခြင်တွေးခေါ်နိုင်သူသည် ထိုသို့မတွေးခေါ်နိုင် သူတို့ထက် သာလွန်၏။ ထို့ကြောင့် ရှေးခေတ်ဂရိတွေးခေါ်ရှင်များ လက်ထက်မှစ၍ ယနေ့မျက်မှောက်ခေတ်အထိ တွေးခေါ်ရှင်ကြီး **ဖီလိုဆိုဖာ**[၂] များကို ကမ္ဘာ့သူ ကမ္ဘာ သားတို့ လေးစားဂုဏ်ပြုခဲ့ကြ၏။ သူတို့၏ အတွေးအခေါ် ဒဿနအမြင်များကိုလည်း လေးစားမြတ်နိုးခဲ့ကြ၏။

**Great ideas can move the world.**

**ကြီးကျယ်သော စိတ်ကူးများသည် ကမ္ဘာကို လှုပ်ရှားစေနိုင်သည် ဟု လက်ခံခဲ့ကြ၏။**

သို့ဖြစ်လျှင် ဗုဒ္ဓ၏ အဘိဓမ္မာသည် ဖီလိုဆိုဖီတစ်ရပ်ဖြစ်သလော၊ တစ်နည်း ဗုဒ္ဓ အဘိဓမ္မာသည် ဒဿနိကဗေဒတွင် အကျုံးဝင်သလော။

**ဗုဒ္ဓ၏ အဘိဓမ္မာသည် စကြာဝဠာအလုံးစုံ၌ရှိကြသော သက်ရှိသက်မဲ့ အလုံးစုံတို့ကို အခြေခံအကျဆုံးဖြစ်သည့် ပရမတ္ထတရားများဖြင့် အရှိကို အရှိ အတိုင်း သဘာဝအမှန်အတိုင်း ခွဲခြမ်းစိတ်ဖြာ ဝေဖန်စိစစ်ပြထားသော ပညာ ဖြစ်၏။**

---

၁။ Philosophy　　၂။ Philosopher

http://www.dhammadownload.com



ထို့ကြောင့် အဘိဓမ္မာနယ်ထဲတွင် ဖီလိုဆိုဖာများ ရှာဖွေနေကြသော လောကနှင့် ဘဝအကြောင်းအရာများ အပြည့်အစုံပါဝင်ကြ၏။ ဖီလိုဆိုဖာများ ကြိုးစားဖြေရှင်းနေကြသော လောကပြဿနာများနှင့် ဘဝပြဿနာများတို့၏ အဖြေများလည်း တိတိကျကျ ပါရှိကြ၏။

နိုင်ငံရေးဝါဒအမျိုးမျိုး, စီးပွားရေးမူအဖုံဖုံ, လူမှုရေးပြဿနာအသွယ်သွယ်, ယဉ်ကျေးမှုဓလေ့ထုံးစံအမယ်မယ်, ညှိနှိုင်းမရနိုင်လောက်အောင် ကွဲပြားနေကြသော အတွေးအမြင်အရပ်ရပ်တို့၏ အကြောင်းရင်းများကိုလည်း ဗုဒ္ဓအဘိဓမ္မာတွင် ရှာဖွေတွေ့ရှိနိုင်၏။

စီးပွားရေးချုပ်ချယ်မှုများ, ကြီးနိုင်ငယ်ညှဉ်းသည့် နှိပ်စက်မှုများ, နယ်ချဲ့ကျူးကျော်ရေးစစ်ပွဲများ, ကမ္ဘာစစ်ပွဲကြီးများ၏ ပဓာနအကြောင်းရင်းများကိုလည်း ဗုဒ္ဓအဘိဓမ္မာတွင် အထင်းသားမြင်တွေ့နိုင်၏။ လူသားတို့ကို ဆိုးသွမ်းရမ်းကား ရက်စက်ကြမ်းကြုတ်အောင် တွန်းပို့ပေးနေသော **အဓိကအား**[၁] တို့ကား လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ စသည့် ကိလေသာတရားဆိုးများ မဟုတ်ပါလား။

အချုပ်ကိုဆိုရသော် ဗုဒ္ဓအဘိဓမ္မာသည် အကောင်းဆုံးနိုင်ငံရေးစနစ်, တရားအမျှတဆုံး စီးပွားရေးစနစ်, အသာယာဆုံး လူမှုရေးစနစ်, အသိမ်မွေ့ဆုံး ယဉ်ကျေးမှုစနစ်တို့ကို ချမှတ်နိုင်ရေးအတွက် အကောင်းဆုံးလမ်းညွှန်ချက်ကို ပေးဆောင်နိုင်၏။ ဘဝငြိမ်းချမ်းရေးနှင့် ကမ္ဘာငြိမ်းချမ်းရေးကို ရရှိရေးအတွက်လည်း လက်တွေ့ကျသော လမ်းညွှန်ချက်ကို ညွှန်ပြနိုင်၏။

ဤသို့လျှင် ဖီလိုဆိုဖာများ ရှာဖွေနေကြသည့်အဖြေများသည် ဗုဒ္ဓအဘိဓမ္မာတွင် ပါရှိနေပေရာ ဗုဒ္ဓအဘိဓမ္မာကို ဖီလိုဆိုဖီတစ်ရပ်ဟု မမှတ်ယူနိုင်ပါသလော။ ဒဿနိက ပညာရပ်တွင် ဗုဒ္ဓအဘိဓမ္မာ မပါဝင်သင့်ပါပြီလော။

အဖြေက ရှင်းနေပါသည်။ အဘိဓမ္မာသည် ဖီလိုဆိုဖီထက်ပင် ကြီးကျယ်နေပါသည်။ ထို့ကြောင့် အနောက်တိုင်းပညာရှင်များသည် ကမ္ဘာ့တွေးခေါ်ရှင်ကြီးများစာရင်းတွင် မြတ်ဗုဒ္ဓကို ထည့်သွင်းထားကြပါ၏။

သို့ရာတွင် မြတ်စွာဘုရားသည် တွေးခေါ်ရှင်ကြီးလော။ မဟုတ်ပါ။ ဗုဒ္ဓသည် အဘိဓမ္မာကို တွေးခေါ်ပြီး သိရှိလာခြင်းမဟုတ်။ သဗ္ဗညုတဉာဏ်တော်၏ အကျိုးဆက် တစ်ရပ်အနေနှင့် ထိုးထွင်း၍သိလာခြင်းသာဖြစ်၏။

ဤတွင် ဗုဒ္ဓညွှန်ပြထားသည့် အသိပညာသုံးရပ်ကို စဉ်းစားသင့်၏။

---

[၁] Force

http://www.dhammadownload.com



(၁) သူတစ်ပါးတို့ နည်းပြ၊ ပြောပြ၊ ရေးပြ၊ သင်ပြပေးသည့်အတွက် သိမြင်နားလည် တတ်မြောက်လာသောပညာကို **သုတမယပညာ** ဟု ခေါ်၏။

(၂) မိမိသိမြင်နားလည်ထားသော ဗဟုသုတများကို အခြေပြု၍ ပိုမိုကျယ်ပြန့်သည့် အသိအမြင်များကို ရရှိအောင် ဆင်ခြင်တွေးခေါ်ယူနိုင်သော ပညာကို **စိန္တာမယပညာ** ဟု ခေါ်၏။

(၃) သမာဓိရင့်အောင် ဘာဝနာပွားများပြီးနောက် ထိုးထွင်း၍ သိမြင်လာသော ပညာကို **ဘာဝနာမယပညာ** ဟု ခေါ်၏။

ဤပညာသုံးမျိုးတွင် ဘာဝနာမယပညာသည် အထက်တန်းအကျဆုံးပညာ ဖြစ်၏။ ဘာဝနာမယပညာကို ဆင်ခြင်တွေးတောယူခြင်းဖြင့် မရနိုင်ပါ။ ဥပမာ ရေကူးတတ်အောင် ကြိုးစည်စိတ်ကူးယူ၍ မရနိုင်သကဲ့သို့တည်း။

သဗ္ဗညုတဉာဏ်တော်ဖြင့် မြတ်စွာဘုရားထိုးထွင်း၍ သိမြင်သော အဘိဓမ္မာသည် ဘာဝနာမယပညာဖြစ်၏။ တွေးခေါ်ရှင်ကြီးများ ကြိုးစည်စိတ်ကူး၍ သိမြင်လာသော ပညာတို့မှာ စိန္တာမယပညာဖြစ်၏။

ဤလောက၏ အမှန်တရား၊ ဘဝ၏အမှန်တရားတို့သည် အလွန်နက်နဲသိမ်မွေ့ရကား စိန္တာမယပညာဖြင့် မမြင်သိနိုင်ပါ။ စိတ်ကူးကြိုးစည်ခြင်းဖြင့် မသိမြင်နိုင်ပါ။ အမှန်ကို မသိမြင်ခြင်းကြောင့် ကမ္ဘာ့တွေးခေါ်ရှင်ကြီးတို့၏ အမြင်အတွေးတို့သည် အမျိုးမျိုးအဖုံဖုံ ကွဲပြားနေကြ၏။ အမှန်ကို မြင်သိလျှင်ကား အယူအဆ အမျိုးမျိုး မကွဲပြားစကောင်းပါ။

**A compendium of speculations is just speculation. It cannot be the truth.**

**ကြံတွေးမှန်းဆချက်များ ပေါင်းချုပ်သည် ကြံတွေးမှန်းဆချက်သာ ဖြစ်၏။ အမှန်တရား မဖြစ်နိုင်ပါ။**

ကောက်ရိုးပုံထဲမှ ဆန်မရနိုင်သကဲ့သို့တည်း။

> **"လူတို့သည် အမှန်တရားကို မသိဘဲ ထင်မြင်ယူဆချက်များကိုသာ အမှန်တရားဟု ယူဆနေခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး ညီညွတ်မှုမရှိ ပေါင်းစည်းမှုမရှိဘဲ ဆန့်ကျင်နေကြသည်" ဟု ဆိုကရေးတီး[၁] ဆိုခဲ့ပေ၏။**

အမှန်တရားသည် ဓမ္မဓိဋ္ဌာန်ကျသော ယေဘုယျသဘောကို ဆောင်၏။ အမှန်တရားကို ရှာဖွေခြင်းသည် အရေးကြီးဆုံးဘဝကိစ္စဖြစ်၏။ သို့သော် မည်သူက အမှန်တရားကို ရှာနိုင်ခဲ့သနည်း။

---

၁။ Socrates

http://www.dhammadownload.com



**All I know is that I know nothing.**

**"ကျွန်ုပ်၏ သိရှိချက်အားလုံးကို သတ္တုချုပ်လိုက်လျှင် ကျွန်ုပ်ဘာမျှမသိခြင်း ဟူသော အဖြေကိုသာရ၏"**

ဟု ဆိုကရေးတီးသည် ပညာရှိပီပီ ဝန်ခံခဲ့ပေ၏။

အလွန်စိတ်ကူးယဉ်တတ်သော တွေးခေါ်ရှင် **ပလေတို**[၁] က အစစ်အမှန်တရားဟူသည်မှာ ပုံ[၂] သဘောဆောင်သော နာမ်လောကဖြစ်၏။ ရုပ်လောကသည် ပုံ၏ အသွင်လက္ခဏာသာဖြစ်၍ အမှန်ရှိသော လောကမဟုတ်ဟု ဆိုခဲ့၏။

ပလေတို၏ တပည့်ဖြစ်သူ **အရစ္စတိုတယ်**[၃] က ရုပ်လောကသည် အသွင်လောကမဟုတ်၊ အစစ်အမှန်လောကဖြစ်၏။ ရုပ်နှင့် ပုံသည် ခွဲမရအောင် ဒွန်တွဲဆက်စပ်နေပြီး အခြေအနေအရ ပြောင်းလဲနေသည်ဟု ဆို၏။

ပလေတို၊ **ဒေးကား**[၄]**၊ စပင်နိုဇာ**[၅] နှင့် **လိုက်ဗနစ်**[၆] တို့သည် **ဆင်ခြင်ခြင်းအဓိကဝါဒ**[၇] ကို အလေးပေးကြ၏။ သူတို့၏ အမြင်တွင် အာရုံငါးပါးဖြင့် သိရသော အာရုံသိများသည် တိကျမှန်ကန်မှုမရှိ။ ဥပမာ – ဖြောင့်နေသော တုတ်တစ်ချောင်းကို ရေခွဲ တစ်ပိုင်းနှစ်ထားလျှင် ကောက်နေသည်ဟုထင်ရ၏။ ထို့ကြောင့် အာရုံသိမှုများကို သံသယဖြစ်ထိုက်၏။

သံသယဖြစ်နေခြင်းသည် စဉ်းစားနေခြင်းပင်ဖြစ်၏။ သံသယဖြစ်လျှင် သံသယဖြစ်သူ ရှိရမည်။ စဉ်းစားခြင်းရှိလျှင် စဉ်းစားသူရှိရမည်။

**I think, therefore I am.**

**"ကျွန်ုပ်စဉ်းစားသည်၊ ထို့ကြောင့် ကျွန်ုပ်ရှိသည်"** ဟု ဒေးကား ကြွေးကြော်ခဲ့၏။

**ဘေကွန်**[၈]**၊ ဟော့(ဘ်စ်)**[၉]**၊ လော့ခ်**[၁၀]**၊ ဘာကလေ**[၁၁]**၊ ဟျူမ်း**[၁၂] တို့ကမူ **အာရုံဖြင့်အခြေပြုဝါဒ**[၁၃] ကို လက်ခံကြ၏။ အတွေ့အကြုံအာရုံဖြင့် မသိနိုင်လျှင် အမှန်ရှိသည်ဟု မယူဆနိုင်။ အာရုံသိမှုမှသာ အသိပညာကို ရရှိကြသည်ဟု တင်ပြ၍ တစ်စင်ထောင်ကြပြန်၏။

ဟျူမ်းက တစ်ဆင့်တက်၍ အာရုံသိမှုမှသာ အသိပညာကိုသာ ရသည်ဆိုလျှင် ရုပ်ထာဝရအခြေခံဝတ္ထုလည်း မရှိ၊ နာမ်ထာဝရ အခြေခံဝတ္ထုလည်း မရှိ၊ ထာဝရဘုရား

---

၁။ Plato
၂။ Form
၃။ Aristotle
၄။ Descartes
၅။ Spinoza
၆။ Leibnitz
၇။ Rationalism
၈။ Bacon
၉။ Hobbes
၁၀။ Locke
၁၁။ Berkeley
၁၂။ Hume
၁၃။ Empiricism

http://www.dhammadownload.com



ဟူ၍လည်း မရှိ၊ အာရုံခံစားမှုအစဉ်ကြီးသာလျှင် ရှိတော့၏။ ထိုအာရုံခံစားမှု အစဉ်ကြီးသည်ကား ပုဂ္ဂလိကအာရုံခံစားမှုသာဖြစ်၏။ ထို့ကြောင့် ဤသဘောတရားကို ငါသာရှိဝါဒ [၁] ဟု ခေါ်၏။

အထက်တွင် အကျဉ်းမျှ သရုပ်ဖော်ပြခဲ့သည့်အတိုင်း ကမ္ဘာတွေးခေါ် ရှင်ကြီးများသည် အမှန်ကို မသိကြသဖြင့် အမျိုးမျိုးအဖုံဖုံ အယူအဆကွဲလွဲနေကြ၏။

ဗုဒ္ဓ၏ အဘိဓမ္မာစံနှင့် တိုင်းတာလိုက်လျှင် ထိုသူတို့၏ အတွေးအမြင်သည် အမှန်တရားသို့ မရောက်ဘဲ စိန္တာမယပညာအဆင့်၌သာ တဝဲလည်လည်ဖြစ်နေကြ၏။ ချောတိုင်ထိပ်သို့ မရောက်ဘဲ တိုင်ရင်း၌သာ ဗျာများနေကြရသည်နှင့် တူ၏။

သူတို့သည် ရုပ်တရား နာမ်တရားတို့ကို ပိုင်းခြား၍မသိကြ။ ရုပ်နှင့် နာမ်တို့၏ ဆက်သွယ်မှုကိုလည်း မသိကြ။ ပရမတ္ထအရှိတရားများကိုလည်း ပြည့်ပြည့်စုံစုံ မသိကြ။ အမှန်တရားကို ရှာ၍မတွေ့ကြ။ အမှန်ကို မသိကြသဖြင့် အမှားကို မှားမှန်းလည်း မသိကြ။ အကောင်းနှင့်အဆိုးကိုလည်း ပြတ်ပြတ်သားသား မပိုင်းခြားနိုင်ကြချေ။

ဗုဒ္ဓ၏ အဘိဓမ္မာကား အရှိတရားများကို တိတိကျကျပိုင်းခြားပြထား၏။ ရုပ်သဘာဝ, နာမ်သဘာဝ, ရုပ်နှင့်နာမ်တို့၏ ဖြစ်ပျက်မှု, ရုပ်နှင့်နာမ်တို့၏ ဆက်သွယ်မှု, ဆင်းရဲငြိမ်းမှု, ဘဝလွတ်မြောက်မှု စသည်တို့ကို အသေးစိတ်ရှင်းလင်းပြထား၏။

ဗုဒ္ဓ၏ အဘိဓမ္မာသည် ဖြစ်တုန်ကောင်းသည်ဟု မှန်းဆတွေးခေါ်ထားသော တရားမဟုတ်။ အမှန်ကိုအမှန်အတိုင်းသိမြင်၍ အရှိကိုအရှိ သဘာဝအတိုင်း ဟောကြားထားသော တရားတော်ဖြစ်၏။

အဘိဓမ္မာ၏ မှန်ကန်ကြောင်းကို ဖော်ပြသော လက်တွေ့အထောက်အထားများလည်း အမြောက်အမြားရှိပေ၏။ ဗုဒ္ဓညွှန်ပြသောလမ်းစဉ်အတိုင်း လိုက်နာကျင့်ကြံသူတို့သည် ဆင်းရဲငြိမ်းရာ, ဘဝလွတ်မြောက်ရာသို့ အမှန်တကယ် ရောက်ရှိသွားကြခြင်းသည် ဗုဒ္ဓအဘိဓမ္မာ၏ မှန်ကန်မှုကို အခိုင်မာဆုံးသက်သေထူပြနေပေ၏။

သို့အတွက် ဗုဒ္ဓအဘိဓမ္မာသည် ဖီလိုဆိုဖီဖြစ်သည်၊ ဒဿနိကဗေဒ၌ အကျုံးဝင်သည်ဆိုလျှင် ဗုဒ္ဓ၏ တရားတော်အတွက် ဂုဏ်ယူဖွယ်မဟုတ်၊ ဂုဏ်နိမ့်ကျဖွယ်သာ ဖြစ်သည်။

**ဗုဒ္ဓအဘိဓမ္မာသည် ဖီလိုဆိုဖာများ မတွေ့ရှိကြသေးသဖြင့် ရှာကြံနေကြဆဲဖြစ်သော အမှန်တရားများပင်တည်း။ မှန်ကန်သည်ဟု သက်သေပြပြီးသော အမြင့်ဆုံး စံပြဒဿနလည်း ဖြစ်ပေ၏** ...ဟု ဆိုလျှင် ပို၍သင့်မြတ်မည် ဖြစ်ပါသည်။

---

၁။ Solipsism

http://www.dhammadownload.com



ဒဿနိကဗေဒ အငြိမ်းစားပါမောက္ခ ဦးဖေအောင်သည် ဗုဒ္ဓအဘိဓမ္မာက တွေးခေါ်ရှင်ကြီးများ၏ ဒဿနထက် သာလွန်ကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ဖူး၏။ အဘိဓမ္မာကို လေ့လာနေကြသော ဒဿနိက ကထိက, လက်ထောက်ကထိကနှင့် တက္ကသိုလ်နည်းပြများကလည်း အဘိဓမ္မာသည် အပြည့်စုံဆုံး အမှန်ကန်ဆုံး ဒဿနဖြစ်သည်ကို ထောက်ခံပြောဆိုခဲ့ကြပေ၏။

ထို့ကြောင့် အဘိဓမ္မာသည် ဒဿနိကထက် လွန်စွာသာလွန်သည့် ဘဝပညာ ဖြစ်ပါသတည်း။

### အဘိဓမ္မာနှင့် စိတ်ပညာ

စိတ်ပညာသည် ကနဦးက စိတ်အကြောင်းကို လေ့လာသောပညာဖြစ်ပေ၏။

သို့သော် စိတ်သည် အကောင်အထည်မရှိ၊ အသွင်သဏ္ဌာန်မရှိ၊ ဘယ်အရပ်၌ တည်နေသည်ကိုလည်း မသိ၊ ဖမ်းယူ၍လည်း မမိသဖြင့် စိတ်ကို တိုက်ရိုက်လေ့လာရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် စိတ်နေသဘောထားကို စိစစ်၍ အတွင်းဝင်ကြည့်သော **စိတ်တွင်းလေ့လာနည်း**[၁] ဖြင့် စိတ်ကိုလေ့လာရန် ကြိုးစားကြပြန်၏။ ဤတွင်လည်း လူအမျိုးမျိုးတို့၏ အတွေးအခေါ်, အယူအဆ, အကြိုက်စရိုက်တို့သည် အမျိုးမျိုးကွဲပြားနေကြသဖြင့် ပုံမှန်တစ်သမတ်တည်းဖြစ်သောအဖြေကို မရရှိနိုင်ကြချေ။

ဤသို့ ခေတ်ဟောင်းစိတ်ပညာရှင်တို့၏ အခက်အခဲကို မြင်တွေ့ကြသော လူငယ်ပါမောက္ခ **ဂျေ၊ဘီ၊ ဝတ်ဆင်**[၂] နှင့် လူငယ်စိတ်ပညာရှင်တို့သည် အကောင်အထည်မရှိသည့်စိတ်ကို မလေ့လာကြတော့ဘဲ **မြင်တွေ့နိုင်သောအပြုအမူ**[၃] ကို လေ့လာကြ၏။

လူတို့၏အပြုအမူများသည် စိတ်နှင့် ဆက်သွယ်နေကြ၏။ စိတ်ကို မမြင်ရသော်လည်း စိတ်ကြောင့်ဖြစ်ပေါ်လာသောအပြုအမူများကို မြင်တွေ့နိုင်၏။

ဥပမာ– လူတစ်ဦး၏ ကြောက်စိတ်ကို မမြင်နိုင်သော်လည်း သူ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေခြင်း, ကြက်သီးမွေးညင်းထခြင်း, ခြေလက်အေးစက်ခြင်း, တစ်ကိုယ်လုံး တုန်လှုပ်ခြင်း, ဇောချွေးပြန်ခြင်း, အသက်ပြင်းထန်စွာရှူခြင်း စသော ကြောက်သည့် အမူအရာများကို မြင်တွေ့နိုင်၏။

ဒေါသဖြစ်လျှင် မျက်နှာနီမြန်းလာခြင်း, နှလုံးခုန်မြန်လာခြင်း, သွေးတိုးချိန်မြင့်တက်လာခြင်း, နတ်ပူးသကဲ့သို့ ကိုယ်ဆတ်ဆတ်တုန်လာခြင်း စသော အမူအရာများကို မြင်သိနိုင်၏။ နှလုံးခုန်နှုန်း, သွေးတိုးနှုန်းတို့ကို ကိရိယာများဖြင့် တိတိကျကျ တိုင်းတာနိုင်၏။

---

၁။ Introspection ၂။ J.B. Watson ၃။ Behaviour.

http://www.dhammadownload.com



ထို့ကြောင့် စိတ်ပညာသည် အပြုအမူကိုလေ့လာသောပညာဖြစ်လာ၏။ အပြုအမူ တစ်ရပ်ကို လေ့လာသည့်အခါ (၁) လှုံ့ဆော်မှု (လ)၊ (၂) ပုဂ္ဂိုလ် (ပ) နှင့် (၃) တုံ့ပြန်မှု (တ) တို့၏ ဆက်သွယ်မှုကို လေ့လာရ၏။ သို့အတွက် (လ – ပ – တ) တို့၏ အလုပ် သဘောဆက်သွယ်မှုသည် စိတ်ပညာ၏အခြေခံပညတ်တစ်ရပ် ဖြစ်၏။ ဤအခြေခံ ပညတ်ပေါ်တွင် မူတည်၍ **စိတ်ပညာဆိုင်ရာသီအိုရီ**[၁] များကို တည်ဆောက်ယူကြ၏။

ဆယ့်ကိုးရာစုနှစ် အဆုံးပိုင်းတွင် ဗီယင်နာတက္ကသိုလ်မှ **ဒေါက်တာဆစ်ဂမန် ဖရွိုက်**[၂] သည် **ခွဲခြမ်းစိတ်ဖြာစိတ်ပညာ**[၃] (ဆိုက်ကိုအနဲလစ်ဆစ်) ကို ဖော်ထုတ် လိုက်၏။

ဖရွိုက်၏ယူဆချက်အရ စိတ္တဇရောဂါများကို ခွဲခြမ်းစိတ်ဖြာ၍ အရင်းစစ်လိုက် လျှင် ကလေးဘဝအရွယ်က အတင်းနှိပ်ကွပ်ထားခဲ့သည့် မှတ်သိစိတ်များကို မြင်တွေ့ ရမည်ဆို၏။ ကလေးဘဝအရွယ်က ထိတ်လန့်ခဲ့ရသော အဖြစ်အပျက် သို့မဟုတ် မကျေနပ်သည့် ခံစားချက်များကို အတင်းဖိနှိပ်ခဲ့ရသောသူတို့သည် ကြီးပြင်းလာသော အခါ၌ အပြုအမူစံလွဲလာသည်ကို မြင်တွေ့ရ၏။

ဤသို့ဖြစ်ရသည့်အကြောင်းမှာ လူတစ်ဦးစိတ်တွင် **သိစိတ်**[၄] နှင့် **မသိစိတ်**[၅] ဟူ၍ စိတ်နှစ်မျိုးရှိပြီး မသိစိတ်က ပိုအားကြီးကာ လူတစ်ယောက်၏ အပြုအမူများကို လွှမ်းမိုး နိုင်ခြင်းကြောင့် ဖြစ်သည်ဟု ဆို၏။

သမုဒ္ဒရာကြီးတွင် မျောနေသော ရေခဲတုံးကြီးများသည် ကိုးပုံတွင် တစ်ပုံသာ ရေ မျက်နှာပြင်အထက်၌ ပေါ်နေပြီး ကျန်ရှစ်ပုံမှာ ရေပြင်အောက်၌ နစ်မြုပ်နေ၏။ ထိုနည်း အတူ မသိစိတ်သည် သိစိတ်ထက် အဆပေါင်းများစွာ အားပိုကြီးသည်ဟု ပုံနှိုင်းပြ၏။

မသိစိတ်၏ အထောက်အထားအဖြစ် ညဥ့်အခါ၌ အိပ်ပျော်နေရင်း လမ်း ထ လျှောက်တတ်သည့်သူများကိုညွှန်ပြနိုင်၏။ ထိုသူတို့သည် မသိစိတ်ဖြင့်လမ်းထလျှောက် ကြခြင်း ဖြစ်၏။ နိုးလာသည့်အခါတွင် ထိုကဲ့သို့ လမ်းလျှောက်ခဲ့ကြောင်းကို လုံးဝ မမှတ်မိချေ။

တစ်ခါတစ်ရံ နံနက် ၅ နာရီတွင် အိပ်ရာမှထမည်ဟု စိတ်ပြဋ္ဌာန်းပြီးနောက် အိပ် လိုက်သောအခါ ၅ နာရီတွင် နိုးလာသည်ကို စာရှုသူတို့ ကိုယ်တွေ့ကြုံဖူးကြပေမည်။ ဤဖြစ်ရပ်သည်လည်း မသိစိတ်၏ နှိုးဆော်မှုကြောင့်ဖြစ်၏။

ကျွန်ုပ်တို့ နေ့စဉ်ပြုမိကြသော "အပြောများ၊ အရေးများ၊ အလုပ်များ" သည့် ကိစ္စ များသည်လည်း မသိစိတ်၏ စိုးမိုးမှုကြောင့်ပင် ဖြစ်၏။

---

၁။ Psychological theory ၂။ Dr. Sigmund Freud (1856 – 1939)
၃။ Psychoanalysis ၄။ Conscious mind ၅။ Unconscious mind

http://www.dhammadownload.com



ထူးဆန်းအံ့သြဖွယ်ကောင်းသော အခြင်းအရာတစ်ခုမှာ လူတစ်ယောက်အား စိတ်ညှို့ထားပြီးနောက် နိုးလာသောအခါ မည်သို့ပြုလုပ်ရမည်ကို အမိန့်ပေးထားလျှင် နိုးလာသည့်အခါ၌ တကယ်ပင် အမိန့်ပေးထားခဲ့သည့်အတိုင်း ပြုမူခြင်းဖြစ်၏။

စိတ်ပညာကျော် **ဒေါက်တာမစ်ချယ်**[၁] သည် ၁၉၀၆ ခုနှစ် ဇွန်လ ၂၄ ရက်နေ့ ၁၂ နာရီ ၂၅ မိနစ်တွင် လူတစ်ယောက်ကို အိပ်မွေ့ချပြီးနောက် ထိုအချိန်မှစ၍ မိနစ် ၇၂၀၀ စေ့သောအခါ စက္ကူပေါ်၌ ကြက်ခြေခတ်များကို ရေးသားထားရမည်ဟု အမိန့်ပေးခဲ့၏။ ထိုသူ နိုးလာပြီးနောက် ဇွန်လ ၂၉ ရက်နေ့ ၁၂ နာရီ ၂၅ မိနစ်အချိန်တွင် စက္ကူပေါ်၌ ကြက်ခြေခတ်များ ရေးသားထားလေတော့၏။ အဘယ်ကြောင့်ရေးသည်ဟု ထိုသူအား မေးမြန်းသောအခါ စိတ်ပျော်ရွှင်ရန် ရေးသားခြင်းဖြစ်သည်ဟု ဖြေ၏။ အမှန်မှာ မသိစိတ်၏ နှိုးဆော်တိုက်တွန်းမှုကြောင့်ပင် ဖြစ်၏။

အခြားထူးခြားချက်တစ်ရပ်မှာ လူနာတစ်ဦးသည် အိပ်မွေ့ချထားသောအခါ ငယ်စဉ်က သူကြုံတွေ့ခဲ့ပြီး မေ့ပျောက်နေခဲ့သည့်ဖြစ်ရပ်များကို ပြန်လည်သတိရနိုင်ခြင်းပင် ဖြစ်၏။ ထိုဖြစ်ရပ်တို့သည် သိစိတ်မှတစ်ဆင့် မသိစိတ်သို့ ရောက်သွားပြီး တိမ်မြုပ်နေသည်ဟု ထင်မှတ်ရ၏။

**ဖိုးဘီးယား**[၂] ခေါ် အကြောက်လွန်ရောဂါ စွဲကပ်နေသူတို့သည် 'အမှောင်'၊ 'အမြင့်'၊ 'အလုံပိတ်ခန်း' စသည့် အခြင်းအရာတစ်ခုခုကို အလွန်အမင်းကြောက်နေတတ်၏။

ပုံစံအဖြစ် လူကြီးတစ်ယောက်သည် ပြတင်းပိတ်လိုက်လျှင်ဖြစ်စေ၊ ခြင်ထောင်ချထားလျှင်ဖြစ်စေ အလွန်ကြောက်ရွံ့လာပြီး မနေဝံ့တော့ချေ။ ထို့ကြောင့် ခြင်ထောင်မသုံးဘဲ အမြဲပြတင်းဖွင့်၍ အိပ်၏။ တစ်နေ့တွင် ရုံးတစ်ခုသို့ ကိစ္စတစ်ခုဖြင့် သွားရာ မှလွှဲသာသဖြင့် ဓာတ်လှေကားကို စီးရ၏။

ဓာတ်လှေကားမောင်းသူက ဓာတ်လှေကားတံခါးကိုပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် လေးဖက်လေးတန် အလုံပိတ်သွားသဖြင့် ထိုလူသည် မျက်လုံးအစွမ်းကုန်ပြူးကာ ငယ်သံပါအောင် ဟစ်အော်လေတော့၏။ ဓာတ်လှေကားမောင်းသူအား ရန်ပြုရန် ကြိုးစားရင်း မေ့မျောသွားလေ၏။

ထို့နောက်တွင် ထိုလူသည် စိတ်မမှန်တော့ချေ။ သုံးနှစ်တိုင်တိုင် ခွဲခြမ်းစိတ်ဖြာ စိတ်ပညာနည်းဖြင့် ကုသရာ သုံးနှစ်သားအရွယ်၌ သေတ္တာတစ်လုံးအတွင်းသို့ ဝင်၍ ဆော့ကစားနေစဉ် သေတ္တာအဖုံးပိတ်သွားသဖြင့် ကလေးမေ့မျောသွားခဲ့သည်ကို သိရှိ

---

၁။ Dr. Mitchell ၂။ Phobia

http://www.dhammadownload.com



လာရ၏။ ထိုစဉ်က မိဘများ အချိန်မီကယ်တင်နိုင်လိုက်သဖြင့် အသက်ချမ်းသာခဲ့ရ၏။ သို့သော် ထိုအဖြစ်အပျက်သည် ကလေး၏ မသိစိတ်၌ စွဲလမ်းကျန်ရစ်ခဲ့သဖြင့် ကြီးပြင်းလာသောအခါ အကြောက်လွန်ရောဂါကို ဖြစ်ပေါ်စေ၏။

ဖရွိုက်၏ လက်တွေ့စမ်းသပ်ချက်အရ ခွဲခြမ်းစိတ်ဖြာစိတ်ပညာနည်းဖြင့် ရောဂါ၏ အကြောင်းရင်းကို ရှာဖွေပြီးလျှင် စိတ္တဇရောဂါသည် တစ်ဦးစီ၏ ရောဂါကို ပျောက်ကင်းအောင် ကုသပေးနိုင်၏။

ဖရွိုက်အသက်ရှင်ဆဲအခါ၌ပင် သူနှင့်အတူ တွဲဖက်လုပ်ကိုင်ကြသော **ကားလ်ဂူစတပ်ယွန်း**[၁] နှင့် **အက်ဒလာ**[၂] အမည်ရှိကြသည့် တပည့်နှစ်ဦးတို့သည် ကလေးသူငယ်များ၌ လိင်စိတ်ရှိသည်ဟု ဖရွိုက်ယူဆခြင်းကို လက်မခံနိုင်ကြသဖြင့် လမ်းခွဲထွက်ကြပြီး တစ်စင်ထောင်ကြ၏။

ယခုအခါ ဖရွိုက်၏ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာသည် အရောင်မှေးမှိန်လာလေပြီ။ စိတ်ပညာရှင်အမျိုးမျိုးတို့လည်း ဝါဒအမျိုးမျိုးကွဲပြားကာ သူတို့၏ ဝါဒကွဲများကို ပေါင်းစည်းရန် နည်းလမ်းရှာမရသည့်အခြေသို့ ဆိုက်ရောက်နေကြလေပြီ။

အဘိဓမ္မာရှုထောင့်မှကြည့်လျှင် စိတ်ပညာရှင်တို့သည် စိတ်ကို တကယ် မသိကြပါ။ စိတ်မည်သို့ဖြစ်ပျက်သည်, မည်သည့်အကြောင်းကြောင့် ဖြစ်ပျက်သည်, အဘယ်ကြောင့် သိစိတ်, မသိစိတ်ဟူ၍ အသွင်နှစ်မျိုး ကွဲပြားရသည် စသည်တို့ကို မသိကြပါ။

စိတ်သည် ခန္ဓာကိုယ်ပေါ်၌ လွှမ်းမိုးမှုရှိသည်ကို စိတ်ပညာရှင်များ သတိပြုမိကြပါ၏။ စိုးရိမ်စိတ်, ပူဆွေးစိတ်, ကြောက်လန့်စိတ်, ဒေါသစိတ်, ပီတိစိတ် စသော စိတ်အမျိုးမျိုးတို့သည် ခန္ဓာကိုယ်၌ ပြောင်းလဲမှုအမျိုးမျိုးဖြစ်ပေါ်စေသည်ကိုလည်း သိရှိကြ၏။ **စိတ်ထောင်းတော့ကိုယ်ကြေသည်၊ စိတ်နွမ်းတော့လူပန်းသည်၊ ဥပါဒါန်(စွဲလမ်းမှု)ကြောင့် ဥပဒ်ရောက်သည်** စသည်တို့ကိုလည်း စိတ်ပညာရှင်တို့က လက်ခံကြ၏။

ထို့အပြင် ယခုအခါ စိတ်ချင်းဆက်သွယ်သည့် **တယ်လီပသီ**[၃]၊ စိတ်စွမ်းအားဖြင့် အရာဝတ္ထုများကို ရွေ့လျားစေနိုင်သော **တယ်လီကိုင်းနက်ဆစ်**[၄]၊ ဖုံးကွယ်နေသော အရာများနှင့် ဝေးလံသည့်အရပ်ဒေသ၌ရှိကြသော အရာများကို မြင်တွေ့နိုင်သည့် **ကလယ်ဗိုးယင့်**[၅]၊ အနာဂတ်တွင် ဖြစ်ပျက်မည့် အကြောင်းအရာတို့ကို ကြိုတင်မြင်သိသော **ပရီကော့နီရှင်း**[၆] စသည့် **ပရစိတ်ပညာ**[၇] တန်ခိုးများ ရှိကြောင်းကိုလည်း

---

၁။ Carl Grustav Yung ၂။ Alfred Adler ၃။ Telepathy
၄။ Telekinesis ၅။ Clairvoyance ၆။ Precognition
၇။ Parapsychology

http://www.dhammadownload.com



စိတ်ပညာရှင်များနှင့် သိပ္ပံပညာရှင်များတို့ အသေအချာစူးစမ်းပြီး လက်ခံထားကြ၏။ သို့ရာတွင် စိတ်၌အဘယ်ကြောင့် ဤသို့ထူးခြားသည့်စွမ်းရည်သတ္တိများ ရှိသည်ကို မရှင်းပြတတ်ကြချေ။

မြတ်ဗုဒ္ဓသည် အဘိဓမ္မာတရားတော်တွင် စိတ်ဖြစ်ပုံပျက်ပုံ၊ စိတ်ကြောင့် ရုပ်ဖြစ်ပုံ၊ စိတ်ကိုခြယ်လှယ်နေကြသော စေတသိက်များကြောင့် စိတ်အမျိုးမျိုး ပြောင်းလဲပုံ၊ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်များဖြစ်ပုံ၊ ထိုစိတ်တို့နှင့် အတူတကွ ဖြစ်ကြ ယှဉ်ကြသော ကုသိုလ်ကံ အကုသိုလ်ကံ စေတနာတို့ကြောင့် သုဂတိဘဝများနှင့် ဒုဂ္ဂတိဘဝများ ဖြစ်ပေါ်ရပုံ၊ ဈာန်အဘိညာဉ်ရအောင် အားထုတ်လျှင် တယ်လီပသီ, ကလယ်ဗိုးယင့် စသည်တို့ထက် အဆများစွာ ပို၍အစွမ်းထက်သော ဉာဏ်ပညာကို ရရှိနိုင်ပုံ၊ ဘဝကို တပ်မက်တွယ်တာတတ်သည့် တဏှာကို ဝိပဿနာလက်နက်ဖြင့် ပယ်သတ်နိုင်ပုံနှင့် ထိုသို့ပယ်သတ်လိုက်သည့်အခါ အချမ်းသာဆုံး ချမ်းသာဖြစ်သည့် သန္တိသုခကို ခံစားရပုံအလုံးစုံတို့ကို တိတိကျကျ ဟောကြားထားပေ၏။

**စိတ္တေန နီယတိ လောကော** (သံ၊ ၁။ ၃၆)

**"စိတ်သည် လောကကြီးကို ကြီးစိုး၏"** ဟု ဗုဒ္ဓ ဟောကြားထားသည်မှာ အကြောင်းအကျိုးဆက်သွယ်ပုံအလုံးစုံကို သိမြင်သဖြင့် ဟောကြားထားခြင်း ဖြစ်ပေ၏။

ဗုဒ္ဓ၏ ဟောကြားချက်များသည် လက်တွေ့ အထောက်အထားများနှင့် ကိုက်ညီနေသည့်အတွက် မှန်ကန်ကြောင်းကို လုံးဝစိတ်ချယုံကြည်ရပါသည်။

အဘိဓမ္မာ၏ အခြေခံဖြစ်သော သင်္ဂြိုဟ်လောက်ကို လေ့လာလိုက်လျှင်ပင် သိစိတ်, မသိစိတ်, ဈာန်အဘိညာဉ်, ဘဝကူးပုံ, ကံသတ္တိများ ကူးဆက်သွားပုံ, အတီတံသဉာဏ်ဖြင့် အတိတ်ဘဝများကို မြင်နိုင်ပုံ စသည့် စိတ်ထူးခြားချက်များကို ကောင်းစွာသိနားလည်လာမည်ဖြစ်၏။

သို့အတွက် လူသားတို့အား အလွန်အကျိုးကျေးဇူးများစေသော စိတ်ပညာကို လေ့လာလိုသည်ဆိုလျှင် စိတ်ပညာထက် လွန်စွာပြည့်စုံမှန်ကန်ပြီး ထိပ်တန်းကျသည့် ဗုဒ္ဓအဘိဓမ္မာကို ဦးစွာလေ့လာလိုက်ပါဟူ၍ တိုက်တွန်းလိုက်ရပါ၏။

## သိပ္ပံပညာနှင့် အဘိဓမ္မာ

သိပ္ပံခေတ်, အာကာသခေတ်ဟူ၍ ရေပန်းစားနေသော မျက်မှောက်ခေတ်တွင် သိပ္ပံပညာသည်သာ ခေတ်မီ၍ ဗုဒ္ဓအဘိဓမ္မာသည် ခေတ်မမီတော့ဟု လူများစွာတို့က အထင်မှားမိကြပေလိမ့်မည်။

အမှန်မှာ လွန်ခဲ့သော နှစ်တစ်ရာကျော်လောက်က တွေ့ရှိခဲ့သည့် သိပ္ပံပညာရပ်များသည်သာ ယနေ့ ခေတ်မမီတော့ပါ။ ယခုတွေ့ရှိထားသော သိပ္ပံပညာရပ်များသည်လည်း နောင်နှစ် ၅၀ ကြာလျှင် ခေတ်တုံးသွားပါလိမ့်မည်။

http://www.dhammadownload.com



ဗုဒ္ဓအဘိဓမ္မာသည်ကား နှစ် ၂၅၀၀ ကျော် ကြာသော်းခဲ့ပြီဖြစ်လင့်ကစား ဆန်းသစ်လျက် ထိပ်တန်းကျလျက်ပင် ရှိနေပါသည်။

**ပတ္တမြားမှန်လျှင် နွံမှာနစ်သော်လည်း မညစ်။**

**တရားစစ်မှန်ကန်လျှင် ခေတ်အမျိုးမျိုးပြောင်းသော်လည်း မဟောင်း။**

သိပ္ပံပညာ၏ ဆန်းကြယ်မှုဆိုသည်မှာ ရုပ်၏ဆန်းကြယ်မှုသာဖြစ်သည်။ ရုပ်၏ ဆန်းကြယ်မှုသည် နာမ်၏ဆန်းကြယ်မှုကိုမယှဉ်တုနိုင်ပါ။ ရုပ်တရားတို့ကို နာမ်တရား က ကြီးစိုးနေသည်။ သိပ္ပံပညာကို စိတ်ကသာ ဦးဆောင်ပေးနေသည် မဟုတ်လော။

သိပ္ပံပညာသည် ရုပ်ဟုဆိုအပ်သော ဒြပ်နှင့် စွမ်းအင်အကြောင်းတို့ကိုသာ သိနားလည်သည်။ နာမ်တရားဖြစ်သည့် စိတ်နှင့် စေတသိက်တို့၏အကြောင်းကို မသိ နားမလည်ချေ။

သိပ္ပံပညာသည် ရုပ်ဝတ္ထုများကို အမျိုးမျိုးပြောင်းလဲစေပြီး လူသုံးပစ္စည်းအမျိုးမျိုး ကို ထုတ်လုပ်ပေးနိုင်သော်လည်း လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဣဿာ, မစ္ဆရိယ စသည့် စေတသိက်ဆိုးတို့၏ ခြယ်လှယ်ခြင်းကို ခံနေကြရသော ကမ္ဘာသူကမ္ဘာသား တို့ကို ယဉ်ကျေးသိမ်မွေ့အောင် မဆုံးမပေးနိုင်ပါ။ ပျော်ရွှင်ချမ်းမြေ့အောင်လည်း မဖန်တီးပေးနိုင်ပါ၊ လောဘ, ဒေါသ, မောဟတို့ လွှမ်းကဲနေသမျှ ကာလပတ်လုံး ဘဝ ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို မရရှိနိုင်ပါ။

သိပ္ပံပညာက ထုတ်လုပ်ပေးလိုက်သော လက်နက်ဆန်းများသည် ယနေ့ ကမ္ဘာ့ ဒေသပေါင်းများစွာတို့၌ လူသားတို့၏ အသက်ပေါင်းများစွာတို့ကို ချေမှုန်းလျက်ရှိ ကြ၏။ တိုက်ချင်းပစ် ဒုံးပျံကြီးများနှင့် အဏုမြူထိပ်ဖူးများက ကမ္ဘာကြီးတစ်ခုလုံး ကို ချေမှုန်းပစ်ရန် ဒုံးပျံစင်ကြီးများပေါ်တွင် အသင့်စောင့်နေကြလေပြီ။

တတိယကမ္ဘာစစ်ကို မည်သူတားဆီးနိုင်အံ့နည်း။

သူတော်ကောင်းတရား မထွန်းကားဘဲ လူမိုက်တရားအားကောင်းနေလျှင် လူသား အပေါင်းတို့သည် အနေ့နှင့်အမြန် အစုလိုက်အပြုံလိုက် စတေးခံကြရမည်သာတည်း။

သူတော်ကောင်းတရားထွန်းကားအောင် သိပ္ပံပညာက မဆောင်ရွက်ပေးနိုင်ပါ။ ဗုဒ္ဓအဘိဓမ္မာကသာ ဆောင်ရွက်ပေးနိုင်၏။

ဗုဒ္ဓအဘိဓမ္မာသည် လောဘ, ဒေါသ, မောဟတို့ ဦးဆောင်သည့် တရားဆိုးများ ကို နှိမ်နင်းပြီးလျှင် ဘဝငြိမ်းချမ်းရေးကို ရရှိအောင် ရွက်ဆောင်ပေးနိုင်၏။

ကမ္ဘာတစ်ဝန်းလုံး၌ ဗုဒ္ဓအဘိဓမ္မာတရားမြတ် ပွင့်လန်းထွန်းကားမည်ဆိုလျှင် ဤကမ္ဘာကြီးသည် လက်ငင်းချက်ချင်း ငြိမ်းချမ်းသာယာသွားပေလိမ့်မည်။

လောကီနယ်နှင့် လောကုတ္တရာနယ်တို့၌ တကယ်ရှိသောအရှိတရားများမှာ မြတ် ဗုဒ္ဓညွှန်ပြထားသည့်အတိုင်း စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ လေးပါးတို့ဖြစ်ကြ၏။

http://www.dhammadownload.com



ဤသို့ ပရမတ္ထတရားလေးပါးရှိကြောင်းကို သက်သေအထင်အရှားရှိသဖြင့် မည်သူမှ မငြင်းဆိုနိုင်ပါ။ သို့သော် သိပ္ပံပညာသည် ရုပ်တရားတစ်ပါးကိုသာ သိသည်၊ ကျန်တရားသုံးပါးကို မသိချေ။

တစ်ဖန် ဤပရမတ္ထတရားအပေါင်းတို့၏ ဖြစ်ပျက်ဆက်နွယ်ပုံကို ရှင်းပြရန်အတွက် အဆုံးစွန်မှန်ကန်သော နိယာမတရား ငါးပါးရှိသည်။

(၁) ဥတုနိယာမ = ရုပ်ပိုင်းဆိုင်ရာနိယာမများ[၁]၊
(၂) ဗီဇနိယာမ = ဗီဝဆိုင်ရာ နိယာမများ[၂]၊
(၃) စိတ္တနိယာမ = စိတ်တို့၏ ဖြစ်မြဲသဘော၊
(၄) ကမ္မနိယာမ = ကံတရားတို့၏ ဖြစ်မြဲသဘော၊
(၅) ဓမ္မနိယာမ = သဘာဝဓမ္မတို့၏ဖြစ်မြဲသဘော။

ဤသို့ လောကအလုံးစုံကို လွှမ်းခြုံနိုင်သော နိယာမငါးပါးရှိသည့်အနက် သိပ္ပံပညာက ပထမနိယာမနှစ်ခုကိုသာ သိနားလည်သည်။ ကျန်နိယာမသုံးပါးကို မသိနားမလည်ပါ။

ထို့ကြောင့် သိပ္ပံပညာသည် ဘဝပြဿနာများနှင့် လောကပြဿနာများကို ပြေလည်အောင် မဖြေရှင်းပေးနိုင်ပါ။

ဗုဒ္ဓအဘိဓမ္မာသည် အထက်ဖော်ပြပါ နိယာမငါးပါးလုံးကို သိမ်းကျုံးခြုံငုံထားသဖြင့် ဘဝပြဿနာများနှင့် လောကပြဿနာများကို ဖြေရှင်းပေးနိုင်စွမ်းရှိ၏။

ဗုဒ္ဓအဘိဓမ္မာသည် လူတို့၏စိတ်ကို ရိုင်းစိုင်းယုတ်ညံ့ ကြမ်းကြုတ်ညစ်နွမ်းစေကြသော ကိလေသာတရားဆိုးများအား ချိုးနှိမ်ဖယ်ရှားနိုင်စေသည့် နည်းလမ်းမှန်ကို ညွှန်ပြပေးနိုင်၏။

စိတ်ထားဖြူစင်မြင့်မြတ်သော လူကောင်းလူတော်များ ပေါ်ထွန်းအောင် ပျိုးထောင်ပေးနိုင်၏။ အကောင်းနှင့်အဆိုး၊ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားပြနိုင်၏။

သိပ္ပံပညာက ပေးစွမ်းနိုင်သော ချမ်းသာသုခထက် အဆပေါင်းများစွာ သာလွန်သည့် ချမ်းသာသုခကို ဗုဒ္ဓအဘိဓမ္မာက ပေးဆောင်နိုင်၏။

ဂရိတွေးခေါ်ရှင် ဆိုကရေးတီးပြောကြားခဲ့သည့်အတိုင်း "**လူသားတို့သည် အမှန်တရားကို သိအောင် ရှာကြံကြရမည်။ အမှန်တရားကိုသိလျှင် အမှားကို မည်သူမျှ ပြုလုပ်တော့မည်မဟုတ်**"

ထို့ကြောင့် လူတိုင်းပင် မှန်ကန်သောဘဝလမ်းညွှန်ချက်ကို ရရှိပြီး **စိတ်ချရသော ဘဝအာမခံချက်ကို ထွေးပိုက်နိုင်ရေးအတွက် ဗုဒ္ဓအဘိဓမ္မာကို အဆောတလျင် သင်အံသင့်ကြလေပြီ။**

---

၁။ Physical laws ၂။ Biological laws

http://www.dhammadownload.com



ကမ္ဘာ့သိပ္ပံပညာကျော် အိုင်းစတိုင်းက ဤသို့ မိန့်ဆိုသွား၏။

**Religion is lame without science and science is blind without religion.**

**သိပ္ပံပညာမပါသောဘာသာရေးသည် အကျိုးဖြစ်ပြီး ဘာသာရေးမပါသော သိပ္ပံပညာသည် အကန်းဖြစ်သည်။**

ယနေ့ကမ္ဘာတွင် စားဝတ်နေရေးအတွက် သိပ္ပံပညာသည် အမှန်လိုအပ်နေပါ၏။ သို့ရာတွင် သိပ္ပံပညာသည် ခြေလက်သန်စွမ်းသည့် အကန်းနှင့်တူနေသဖြင့် မျက်စိနှင့်တူသော အဘိဓမ္မာတရားကို ဆတက်ထမ်းပိုး တိုး၍ပင် လိုအပ်နေပါ၏။

လောကီပညာကို သင်ကြားရင်း လက်တစ်ကမ်းတွင်ပင် အရန်သင့်ရှိနေသော ဗုဒ္ဓအဘိဓမ္မာကိုပါ သင်အံ့သွားလျှင် အမြတ်ဆုံးဘဝဆုလာဘ်ကို ကေန်မုချ ရရှိမည်သာတည်း။

## အဖိုးတန်ဆုံး ဘဝပညာ

ဗုဒ္ဓအဘိဓမ္မာသည် စိတ်ပညာ, ဒဿနိကပညာ, သိပ္ပံပညာတို့ထက် သာလွန်ကြောင်းကို အကျဉ်းမျှဆွေးနွေးတင်ပြခဲ့ပြီးဖြစ်၍ ဗုဒ္ဓအဘိဓမ္မာသည် ဘဝအတွက် အဖိုးတန်ဆုံးပညာဖြစ်သည်ကို သဘောကျနိုင်လောက်ပါပြီ။

ပိုမိုထင်ရှားအောင် ထပ်မံရှင်းပါအံ့။

ခေတ်ပညာဟု လူအပေါင်းတို့ ခေါ်ဆိုနေကြသည့် လောကီအတတ်အမျိုးမျိုးကို တတ်မြောက်ခြင်းသည် မျက်စိတစ်ဖက် အလင်းရသူနှင့်တူပါသည်။ ကျန်မျက်စိတစ်ဖက် ကန်းနေပါသေးသည်။

လောကုတ္တရာပညာဟု ခေါ်ဆိုကြသည့် ပိဋကတ်စာပေများကို လေ့လာဆည်းပူး၍ သဘောပေါက်နားလည်ပါမှ ကျန်မျက်စိတစ်ဖက်လည်း အလင်းရလာပေလိမ့်မည်။

အဘယ့်ကြောင့်နည်း။ လောကီပညာသည် အများအားဖြင့် တစ်ဘဝကောင်းစားရေးအတွက်သာ ဖြစ်သည်။ သတ္တလောက, ဩကာသလောကနှင့် သင်္ခါရလောကဟု ဆိုအပ်သော ၃၁ ဘုံ၌ တဝဲလည်လည် ကျင်လည်နေရခြင်း ဟူသော ဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် အထောက်အပံ့မပြုနိုင်ပါ။

လောကုတ္တရာဟူသော အဓိပ္ပာယ်မှာ လောကမှလွန်မြောက်ခြင်းဖြစ်သည်။ လောကုတ္တရာပညာကို ဆည်းပူးပါမှ လောကမှလွတ်မြောက်နိုင်သော နည်းလမ်းများကို သိနားလည်ပြီး လွတ်မြောက်အောင်လည်း ကြိုးပမ်းချင်လာလိမ့်မည်။

လောကီပညာနှင့် လောကုတ္တရာပညာတို့သည် အဘယ်ကြောင့် ဤသို့ အာနိသင်ကွာခြားနေကြရသနည်း။

http://www.dhammadownload.com



လောကီပညာသည် လူတို့သမုတ်ခေါ်ဝေါ်ထားကြသော ပညတ်နယ်အတွင်း၌သာ ထိုးဖောက်သိမြင်နိုင်သည်။ ပညတ်နယ်ကို ကျော်လွန်၍ အမှန်တကယ်ရှိသော ပရမတ်သဘောအထိ မမြင်သိနိုင်ချေ။

ပရမတ်သဘောတရားများကား အဘယ်နည်း။ စိတ်, စေတသိက် ၅၂ ပါး, နိဗ္ဗာန် ရုပ် ၁၈ ပါးနှင့် နိဗ္ဗာန်တို့ ဖြစ်ကြ၏။

ဖီလိုဆိုဖာ ခေါ် ကမ္ဘာ့တွေးခေါ်ရှင်ကြီးများသည် ပရမတ်သဘောတရားအထိ တွေးခေါ်မြော်မြင်နိုင်ကြသည်ဟု အချို့ပညာရှိတို့ အဆိုပြုကြစေကာမူ ပရမတ်နယ်သို့ အမှန်တကယ် မရောက်ကြပါ။ သိပ္ပံပညာရှင်များက ရုပ်ကို အက်တမ်, မော်လီကျူးများအဖြစ်သို့လည်းကောင်း၊ အီလက်ထရွန်, ပရိုတွန်, နယူထရွန်အဆင့်ထိလည်းကောင်း အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ သိမြင်ခဲ့ကြစေကာမူ စိတ်, စေတသိက်, နိဗ္ဗာန်တို့၏ အကြောင်းကို လုံးဝမသိမြင်ကြပါ။ ပရမတ်တရားတို့၏ အချင်းချင်း ဆက်နွယ်အကျိုးပြုမှုများကိုလည်း မသိနားမလည်ကြပါ။

သို့အတွက် လောကီပညာသည် "ပုဂ္ဂိုလ်ရှိသည်၊ ယောကျ်ားရှိသည်၊ မိန်းမရှိသည်၊ ခွေး, ကြောင် ရှိသည်၊ မော်တော်ကားရှိသည်၊ လေယာဉ်ပျံရှိသည်" စသည့် ပညတ်အမြင်များကို မပြောင်းလဲစေနိုင်ပါ။

"လူဟူသည်မှာ အမှန်ရှိသည်မဟုတ်လော" ဟု အဆွေက မေးမြန်းလိုပါလိမ့်မည်။

ပရမတ်သဘောအရ "လူမရှိပါ" ဟု ဖြေဆိုရလိမ့်မည်။

"ဤမြင်နိုင်, တွေ့နိုင်, ထိနိုင်သော ကိုယ်သည် လူမဟုတ်လော" ဟု အဆွေက ထပ်မေးလိုပါလိမ့်မည်။

"ဤကိုယ်သည် လူမဟုတ်ပါ" ဟု ဖြေရလိမ့်မည်။

သိပ္ပံပညာဖြင့် တည်ဆောက်ထားသော လူရုပ်သွင်ရှိသည့် စက်ရုပ်များကို ရုပ်ရှင်တွင် အဆွေမြင်ဖူးပါလိမ့်မည်။ ထိုစက်ရုပ်တစ်ခုစီကို လူဟု သတ်မှတ်နိုင်သလော။ မသတ်မှတ်နိုင်ပါ။

ထို့အပြင် ဤခန္ဓာကိုယ်သည် ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, အညှို့ စသည့် ကောဋ္ဌာသ ၃၂ ပါးတို့ဖြင့် ဖွဲ့စည်းထား၏။ ထိုကောဋ္ဌာသတို့ကို တစ်ခုစီစုပုံလိုက်လျှင် မည်သည့်အပုံကို လူဟု ခေါ်မည်နည်း။ လူဆိုသည်မှာ ဘယ်ပျောက်သွားသနည်း။

ထို့အတူ မော်တော်ကားတစ်စီးကို ကိုယ်ထည်တခြား, တံခါးတခြား, ခေါင်းဆက် တခြား, ဘီးတခြား, ဝင်ရိုးတခြား, အင်ဂျင်တခြား စသည်ဖြင့် အစိတ်အပိုင်းများကို တခြားစီခွဲခြမ်းထားသော် မည်သည့်အစိတ်အပိုင်းကို မော်တော်ကားဟု ခေါ်ဆိုနိုင်သေးသနည်း။ ထိုအစိတ်အပိုင်းများကို စနစ်တကျစုစည်းထားသော အရာ

http://www.dhammadownload.com



ကို မော်တော်ကားဟုခေါ်ကြ၏။ ထိုအစိတ်အပိုင်းများကို ခွဲခြမ်းလိုက်သည်နှင့်တစ်ပြိုင်နက် မော်တော်ကား ကွယ်ပျောက်သွားတော့၏။

ၚင်းအပြင် လူ၏အစိတ်အပိုင်းများအဖြစ် မှတ်ယူထားကြသော ခံစားမှုအစုဖြစ်သော **ဝေဒနက္ခန္ဓာ**၊ မှတ်သားမှုအစုဖြစ်သော **သညာက္ခန္ဓာ**၊ စေ့ဆော်ပြုပြင်မှုအစုဖြစ်သော **သင်္ခါရက္ခန္ဓာ**၊ သိမှုအစုဖြစ်သော **ဝိညာဏက္ခန္ဓာ** ဤနာမ်ခန္ဓာလေးပါးတို့ကိုလည်း လူဟုမသတ်မှတ်နိုင်ပါ။ ရူပက္ခန္ဓာဟူသည့် ရုပ်အစုနှင့် ပေါင်းစပ်လိုက်သောအခါ လူဟူသည့်ပညတ် ဖြစ်ပေါ်လာသည်။

ပရမတ်အမြင်ဟူသည်မှာ "လူသည် ခန္ဓာငါးပါးတို့၏ အပေါင်းအစုဖြစ်သည် သို့မဟုတ် ရုပ်နာမ်နှစ်ပါးတို့၏ အပေါင်းအစုဖြစ်သည်" ဟူသော ထိုးထွင်းသိသည့် အမြင်မျိုးဖြစ်သည်။

"ပရမတ်အမြင်ကိုမြင်သိခြင်းကြောင့် ဘာထူးသနည်း။ မည်သည့်အကျိုးကျေးဇူးကို ရသနည်း" ဟု အဆွေထပ်မေးလိုပေလိမ့်မည်။

ထူးပါသည်။ အလွန့်အလွန်အကျိုးရှိပါသည်။ အကြောင်းမှာ သက္ကာယဒိဋ္ဌိကို ပယ်သတ်ရန် အထောက်အကူဖြစ်သောကြောင့်တည်း။

**ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်အစုအပေါင်း၌ အတ္တ (ဝါ) ငါ (ဝါ) ဝိညာဉ်ကောင်သည် အမှန်တကယ်မရှိပါဘဲလျက် အတ္တရှိသည် (ဝါ) ငါရှိသည်ဟု အမြင်မှားခြင်းကို သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။**

သက္ကာယဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိဟူသော ဝါဒမှားအမျိုးမျိုး၏ အရင်းအမြစ်ဖြစ်၏။ မိစ္ဆာဒိဋ္ဌိသည် အကုသိုလ်ကို အများဆုံးတိုးပွားစေသည့်တရားဖြစ်၏။

ဥပမာဖြင့် နှိုင်းယှဉ်ရသော် အခါးအရသာဓာတ်ခံရှိသည့် တမာပင်အတွင်းသို့ ဝင်ရောက်သွားကြသည့် မြေ, ရေ, ဩဇာဓာတ်ဟူသမျှတို့သည် အခါးအရသာအဖြစ်သို့သာ ပြောင်းလဲသွားသကဲ့သို့တည်း။

မိစ္ဆာဒိဋ္ဌိဓာတ်ခံရှိသူတစ်ဦးက ကြံစည်, ပြောဆို, ပြုလုပ်သမျှသော မနောကံ, ဝစီကံ, ကာယကံဟူသမျှတို့သည် မှားယွင်းချွတ်ချော်သောကံများသာ ဖြစ်ကြသဖြင့် မကောင်းကျိုးကိုသာ ဖြစ်ပွားစေတော့၏။

ထို့ကြောင့် **မိစ္ဆာဒိဋ္ဌိထက် ကြီးလေးသောအပြစ်သည် မရှိ** ဟု ဗုဒ္ဓ ဟောကြားတော်မူ၏။

လောကအမြင်ဖြင့် ကြည့်ပါကလည်း သက္ကာယဒိဋ္ဌိဟူသည့် အတ္တစွဲ အားကြီးသူတို့သည် ငါကောင်းစားရေး, ငါ့သားမယားချမ်းသာရေး, ငါ့ဆွေမျိုးကြီးပွားရေးတို့ကို ပဓာနထားကြပြီးလျှင် သတ်ခြင်း, ခိုးခြင်း, လိမ်ညာခြင်း, လုယက်ခြင်း, အမြတ်ကြီး

http://www.dhammadownload.com



စားခြင်း, နယ်ချဲ့ခြင်း, စစ်ပွဲများတိုက်ခိုက်ခြင်း စသည့် လောကအနိဋ္ဌာရုံများကို ဖန်တီးနေကြသူများ ဖြစ်ကြ၏။

ထိုသို့ အကုသိုလ်ကံများကိုပြုကျင့်သဲ့သည့်အတွက် လက်ရှိဘဝတွင် ခေတ္တကောင်းစားနိုင်သော်လည်း သေလွန်သည့်အခါ၌မူ အပါယ်လေးဘုံသို့ ဖောက်ထိုးဆင်းပြီး ကာလရှည်လျားစွာ ဆိုးရွားသည့်ဆင်းရဲကို ခံစားကြရမည်ဖြစ်၏။

ထို့ကြောင့် မိစ္ဆာဒိဋ္ဌိသည် မိမိကိုရော သူတစ်ပါးတို့ကိုပါ အကျိုးယုတ်စေသော တရားတည်း။ လောကအလုံးကို အကျည်းတန်စေသည့် တရားတည်း။

**သက္ကာယဒိဋ္ဌိကို မည်သို့ပယ်သတ်နိုင်သနည်း**

ဝိပဿနာတရားကို ရှုမှတ်ပွားများသောသူသည် ရုပ်နှင့်နာမ်တို့ကို ပိုင်းခြား၍ သိမြင်လာသောအခါ **နာမရူပပရိစ္ဆေဒဉာဏ်** ဖြစ်ပေါ်လာ၏။

အဘိဓမ္မာကို လေ့လာသောသူသည်လည်း ရုပ်တရားနှင့် နာမ်တရားတို့ကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့နှင့်တကွ ပိုင်းခြား၍သိမြင်လျှင် သုတမယဉာဏ်ဖြင့် နာမ်ရုပ်ကို ပိုင်းပိုင်းခြားခြား ကွဲကွဲပြားပြား သိနိုင်၏။

ထိုနာမရူပ ပရိစ္ဆေဒဉာဏ်သည် ရုပ်နာမ်အစုကို အတ္တဟု စွဲလမ်းသော အတ္တဒိဋ္ဌိကိုလည်းကောင်း၊ ရုပ်နာမ်အစုကို "ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ" စသည်ဖြင့် စွဲလမ်းယူသော သက္ကာယဒိဋ္ဌိကိုလည်းကောင်း ကာလအပိုင်းအခြားဖြင့် ပယ်ခွာထားနိုင်၏။

ဝိပဿနာတရားရှုမှတ်၍ သောတာပတ္တိမဂ်ဖိုလ်သို့ ဆိုက်ရောက်လေလျှင်ကား သက္ကာယဒိဋ္ဌိကို အပြီးအပြတ် ပယ်သတ်နိုင်တော့၏။

အဘိဓမ္မာကို ဆည်းပူးလေ့လာခြင်းမပြုသဖြင့် ရုပ်တရား နာမ်တရားတို့၌ အသိဉာဏ်ကင်းနေသောသူကို **အန္ဓပုထုဇဉ်**ဟု ခေါ်၏။ ရုပ်နာမ်တရားတို့၌ ဉာဏ်ပညာမျက်စိကန်းနေသူဟု အဓိပ္ပာယ်ရ၏။

အဘိဓမ္မာကို ဆည်းပူးလေ့လာသဖြင့် ရုပ်နာမ်တရားတို့ကို ခွဲခြားသိမြင်နိုင်သော ဉာဏ်ပညာမျက်စိရှိလာသူကို **ကလျာဏပုထုဇဉ်**ဟု ခေါ်၏။

သို့ဖြစ်၍ အဘိဓမ္မာကို ဆည်းပူးလေ့လာသူသည်–

(၁) ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်တို့ကို ခွဲခြားသိရှိလာသဖြင့် အကုသိုလ်စိတ် အဖြစ်နည်းပြီး ကုသိုလ်စိတ်အဖြစ်များရန် နှလုံးသွင်းနိုင်လာ၏။

(၂) စိတ်ကိုခြယ်လှယ်နေကြသော စေတသိက်များ၏ သဘောကို သိနားလည်လာသောအခါ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ စသည့် အကုသိုလ်စေတသိက်များ အားနည်းလာအောင် ကျင့်ကြံနိုင်လာ၏။ သဒ္ဓါ, သတိ,

http://www.dhammadownload.com



ဟိရီ, ဩတ္တပ္ပ စသော ကုသိုလ်စေတသိက်များ အားကောင်းလာရန်လည်း အားထုတ်နိုင်လာ၏။

(၃) ရုပ်နာမ်တို့ကို ပိုင်းခြား၍သိသောသူသည် အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတို့ကို ကာလအပိုင်းအခြားအားဖြင့် ပယ်ခွာထားနိုင်၏။

(၄) ရုပ်နာမ်တရားတို့၌ ဉာဏ်ပညာမျက်စိကန်းနေသော အန္ဓပုထုဇဉ်အဖြစ်မှ ရုပ်နာမ်တရားတို့ကို သိမြင်သော ကလျာဏပုထုဇဉ်အဆင့်သို့ တက်လှမ်းနိုင်၏။

(၅) ရုပ်နာမ်တရားတို့သည် အကြောင်းမဲ့ ဖြစ်ပေါ်လာကြသောတရားများ မဟုတ်၊ ဆိုင်ရာအကြောင်းတရားများကြောင့် ဖြစ်ပေါ်လာကြသော တရားတို့တည်းဟု သိမြင်လာသည့် **ပစ္စယပရိဂ္ဂဟဉာဏ်** ကိုလည်း ရရှိလာနိုင်၏။

ဤဉာဏ်ကို ရရှိသောအခါ ရုပ်နာမ်တရားတို့သည် အကြောင်းမရှိဘဲ ဖြစ်ပေါ်လာကြသည်ဟူသော **အဟေတုကဒိဋ္ဌိ** (အကြောင်းမဲ့ဝါဒ) ကိုလည်းကောင်း၊ ထာဝရဘုရား စသော တန်ခိုးရှင်တို့က ဖန်ဆင်းသဖြင့် ရုပ်နာမ်တရားဖြစ်ပေါ်လာသည်ဟူသော **ဣဿရနိမ္မာနဒိဋ္ဌိ** (ဖန်ဆင်းရှင်ဝါဒ) ကိုလည်းကောင်း ပယ်စွန့်နိုင်၏။

ထို့အပြင် "အလုံးစုံကို သိမြင်နိုင်သော ဗုဒ္ဓမြတ်စွာဟူသည် တကယ်ရှိနိုင်ပါ့ မလား၊ ငါသည် ရှေးကဖြစ်ခဲ့ဖူးသလား၊ နောင်ဘဝတစ်ဖန်ဖြစ်ရလေမည်လား" စသည့် ယုံမှားမှုအားလုံးကို ကျော်လွှားနိုင်၏။

ဤကဲ့သို့ သက္ကာယဒိဋ္ဌိနှင့် ယုံမှားမှု ဝိစိကိစ္ဆာတို့ကို ကြာရှည်စွာပယ်ရှားထားနိုင်သော ပုဂ္ဂိုလ်သည် သောတာပန်နှင့် အလားတူသဖြင့် **စူဠသောတာပန်** (သောတာပန်အငယ်စား) ဖြစ်ပြီဟု ဆိုနိုင်၏။ ဤပုဂ္ဂိုလ်သည် နောက်ဘဝ၌ ကေန်မုချ အပါယ်မလားတော့ချေ။

ဤအဆင့်သို့ ရောက်ပြီးသောသူသည် ဆက်လက်၍ ဝိပဿနာတရားကို အားထုတ်ပါက မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ မကြာမတင် ကေန်မုချဆိုက်ရောက်နိုင်ပါ၏။

ဤအကြောင်းတို့ကြောင့် အဘိဓမ္မာသည် အဖိုးတန်ဆုံးဘဝပညာဖြစ်သည်ဟူ၍ သတ်မှတ်ခြင်းဖြစ်ပါ၏။

**အဘိဓမ္မာသည် ဘဝ၏ဖြစ်ပျက်ပုံအလုံးစုံကို အပြည့်စုံဆုံး အမှန်ကန်ဆုံး ရှင်းလင်းဖော်ပြထားသည့်အပြင် အကြီးကျယ်ဆုံး ဘဝဆုလာဘ်ကို ပေးဆောင်နိုင်သောပညာ ဖြစ်ပါသတည်း။**

http://www.dhammadownload.com



## အဘိဓမ္မာကျမ်းများ

အဘိဓမ္မာတရားတော်သည် တစ်နေရာတည်း၌ တစ်ဆက်တည်း ဟောကြားသော တရားရှည်ကြီးတစ်ပုဒ်ဖြစ်သော်လည်း ဟောပုံဟောနည်းအမျိုးမျိုးကို သုံး၍ ဟောကြားသွားသဖြင့် ဟောနည်းအရ ကျမ်းခုနစ်ကျမ်း ခွဲခြားထား၏။

(၁) ဓမ္မသင်္ဂဏီ (၂) ဝိဘင်း (ဝိဘင်္ဂ)
(၃) ဓာတုကထာ (၄) ပုဂ္ဂလပညတ် (ပုဂ္ဂလပညတ္တိ)
(၅) ကထာဝတ္ထု (၆) ယမိုက် (ယမက)
(၇) ပဋ္ဌာန်း (ပဋ္ဌာန) တို့ ဖြစ်ကြ၏။

အဘိဓမ္မာတရားတော်သည် သဗ္ဗညုတဉာဏ်တော်၏ ကျက်စားကွန့်မြူးရာ တရားတော်မြတ်ဖြစ်သည့်အတွက် အလွန်ကျယ်ဝန်းနက်နဲ၏။ သဘောအဓိပ္ပာယ်တို့ကို သိနားလည်ရန် အလွန်ခက်ခဲ၏။

ထို့ကြောင့် အဘိဓမ္မာကျမ်းများကို စေ့စေ့ငငနက်နက်ရှိုင်းရှိုင်း နားလည် သဘောပေါက်အောင် လေ့လာသင်ကြားမည်ဆိုလျှင် အလွန်ပင်ခဲယဉ်းပါလိမ့်မည်။ တစ်သက်တာပတ်လုံး လေ့လာဆည်းပူးနှလုံးသွင်းဆင်ခြင်၍ ဉာဏ်ကွန့်မြူးကာ ကြည်နူးဝမ်းမြောက်၍ မဆုံးနိုင်အောင် ရှိပေလိမ့်မည်။

ထိုသို့ ကျယ်ဝန်းလှသည့် အဘိဓမ္မာပိဋကဏ် အနှစ်သာရကို ထုတ်နုတ်၍ အဘိဓမ္မာ၏ သဘောသရုပ်ကို ရဟန်းရှင်လူအပေါင်းတို့ အလွယ်တကူ လေ့လာဆည်းပူးနိုင်စိမ့်သောငှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကဉ္စိပူရအရပ်တွင် သီတင်းသုံးတော်မူခဲ့ဖူးသော **အရှင်အနုရုဒ္ဓါမထေရ်**သည် သီဟိုဠ်ကျွန်းဝယ် သီတင်းသုံးခိုက် **"အဘိဓမ္မတ္ထသင်္ဂဟ"** အမည်ရှိသည့် အဘိဓမ္မာအဖွင့်ကျမ်းတစ်စောင်ကို ပြုစုတော်မူခဲ့၏။

ထိုကျမ်းငယ်သည် လက်သန်းသဖွယ် သေးငယ်သောကြောင့် "လက်သန်းအဋ္ဌကထာ" ကျမ်းအဖြစ် ကမ္ဘာကျော်သွား၏။ ထိုကျမ်းကို ဘာသာအမျိုးမျိုးသို့ ပြန်ဆိုခဲ့ကြရာ မြန်မာနိုင်ငံတွင် **"အဘိဓမ္မတ္ထသင်္ဂြိုဟ်"** ကျမ်းအဖြစ် ထင်ရှားကျော်ကြားလျက်ရှိပေ၏။

အဘိဓမ္မတ္ထသင်္ဂဟ = အဘိဓမ္မ + အတ္ထ + သံ + ဂဟ
= အဘိဓမ္မာဒေသနာတော်၏ + အနက်အဓိပ္ပာယ် အကျယ်များကို + အကျဉ်းချုံး၍ + ယူရာဖြစ်သော ကျမ်း။

"သင်္ဂဟ" ကို သက္ကတဘာသာဖြင့် "သံဂြဟ" ရေး၏။ မြန်မာတို့က "သင်္ဂြိုဟ်" ဟု ဝေါဟာရပြုလိုက်၏။ "အကျဉ်းချုံး၍ အနှစ်ထုတ်ယူခြင်း" ဟု အဓိပ္ပာယ်ရ၏။

http://www.dhammadownload.com



ယနေ့ မြန်မာနိုင်ငံ, သီရိလင်္ကာနိုင်ငံ, အင်္ဂလန်နိုင်ငံ, အမေရိကန်ပြည်ထောင်စု စသည်တို့၌ လူအပေါင်းတို့ ဆည်းပူးလေ့လာနေကြသော အဘိဓမ္မာတရားတော်မှာ ဤသင်္ဂြိုဟ်ကျမ်းက အကျဉ်းချုပ် အနှစ်ထုတ်ပြထားသည့် တရားတော် ဖြစ်၏။

ဆရာကောင်းထံ နည်းနာခံယူခွင့်ရလျှင် ဤသင်္ဂြိုဟ်ကျမ်းကို လွယ်လင့်တကူ သင်ယူဆည်းပူးနိုင်ပါ၏။ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ရှိကြသော ကျောင်းသူကျောင်းသားများလည်း သင်ယူနိုင်ကြပါ၏။ စဉ်းစားဆင်ခြင် ဝေဖန်သုံးသပ်နိုင်သောအဆင့်သို့ ရောက်ရှိပြီးဖြစ်ကြသည့် တက္ကသိုလ် ကျောင်းသူ ကျောင်းသားများနှင့်ကား အထူးဆီလျော်သင့်မြတ်လှပါ၏။

သင်္ဂြိုဟ်ကျမ်းလာ အဘိဓမ္မာအနှစ်သာရကို ထွေးပိုက်သုံးဆောင်ခွင့်ရလျှင်ပင် ဤလောက၌ သင်အံယူနိုင်သော ပညာများအနက် အဖိုးတန်ဆုံး ဘဝပညာတစ်ရပ်ကို တတ်မြောက်လိုက်ပြီဟု နှစ်သိမ့်နိုင်၏။

**ငယ်ရွယ်နုပျိုစဉ်အခါကစ၍ ဘဝလမ်းမှန်ကို သိမြင်သောသူသည် မိနစ်တိုင်း, နာရီတိုင်း, နေ့တိုင်း ကုသိုလ်စိတ်များများဖြစ်ပေါ်အောင် ကျင့်ဆောင် နေထိုင်နိုင်သဖြင့် စိတ်ကြည်လင်, ကိုယ်လန်းရွှင်, ဉာဏ်ပွင့်လင်းကာ ပညာအမျိုးမျိုးကို လျင်မြန်လွယ်ကူစွာ ဆည်းပူးနိုင်သည့်အပြင် သာယာချမ်းမြေ့၍ အလွန်တရာအကျိုးရှိသော ဘဝကိုလည်း တူထောင်နိုင်မည် ဖြစ်ပေသတည်း။**

○

http://www.dhammadownload.com

အခန်း (၁)

# စိတ်ပိုင်း

## ပဏာမဂါထာ

သမ္မာသမ္ဗုဒ္ဓ, မတုလံ၊ သ–သဒ္ဓမ္မဂဏုတ္တမံ။
အဘိဝါဒိယဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။

သိသင့်သိထိုက်သော တရားအလုံးစုံကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သိမြင်တော်မူထသော၊ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်တို့ဖြင့် ပြိုင်ဘက်ကင်းတော်မူထသော၊ သုံးပါးသော သဒ္ဓမ္မ, မြတ်သောအရိယာဂိုဏ်းနှင့်တကွလည်း ဖြစ်တော်မူထသော မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုးပြီး၍ အဘိဓမ္မာဒေသနာတော်၏ လွန်စွာကျယ်ဝန်းသည့်အနက်သဘောကို အကျဉ်းချုံးကာ အဘိဓမ္မတ္ထသင်္ဂြိုဟ် အမည်ရှိသော အဖွင့်ကျမ်းကို စီရင်ရေးသားပေအံ့။

ဤကား အရှင်အနုရုဒ္ဓါမထေရ်၏ ကျမ်းဦးပဏာမနှင့် ဝန်ခံစကားဖြစ်၏။

"မတုလံ"သည် "ပြိုင်ဘက်ကင်းသော" ဟု အဓိပ္ပာယ်ရ၏။

"သဒ္ဓမ္မ"ဟူသည်မှာ ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓတို့ ဖြစ်ကြ၏။

ပရိယတ္တိ = ပိဋကစာပေ (ပါဠိတော်နှင့် အဋ္ဌကထာများ)

ပဋိပတ္တိ = သီလနှင့် စုတင်ဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်း။

ပဋိဝေဓ = ထိုးထွင်း၍သိအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်တို့တည်း။

## ပရမတ်နှင့် ပညတ်

ပရမတ္ထ = ပရမ + အတ္ထ = မြတ်သော (ဝါ) အချုပ်ပဓာနဖြစ်သော အနက်သဘော။ မြတ်သောသဘောတရားကို ပရမတ္ထဟု ခေါ်၏။ ဉာဏ်မျက်စိဖြင့် ခွဲခြမ်းစိတ်ဖြာ

http://www.dhammadownload.com



စိစစ်လျှင် ပျောက်ကွယ်ဖောက်ပြန်ခြင်းမရှိဘဲ မြဲမြဲမှန်ကန်သော သဘောတရားကို ပရမတ္ထဟု ခေါ်၏။ မြန်မာတို့က ပရမတ်ဟု သုံး၏။

အင်္ဂလိပ်ဘာသာဖြင့် ပရမတ္ထကို Ultimate reality (အဆုံးစွန်မှန်ကန်သော သဘောတရား) ဟု ခေါ်၏။

## ပညတ်နှင့် ပရမတ် မည်သို့ကွာခြားသနည်း

ပညတ်ဟူသည်မှာ လူတို့၏ သတ်မှတ်ချက်, သမုတ်ခေါ်ဝေါ်ချက်ဖြစ်၏။ လူ, ခွေး, ကြောင်, အိမ်, မော်တော်ကား စသည်တို့သည် ပညတ်များ ဖြစ်ကြ၏။

လူအများတို့၏ သာမညယူဆချက်တွင် ပညတ်သဘောတရားများသည် အမှန်ရှိ၏၊ လူရှိ၏၊ ခွေးရှိ၏၊ အိမ်ရှိ၏။ ထို့ကြောင့် ပညတ်သဘောများကို **သမုတိသစ္စာ** (Conventional truth) ဟု ခေါ်၏။

လူတို့ နေ့စဉ်သုံးနှုန်းပြောဆိုနေကြသော သဘောတရားများသည် ပညတ်သဘောများသာဖြစ်ကြ၏။ ဤသို့ သုံးနှုန်းပြောဆိုခြင်းကြောင့် မုသာဝါဒမဖြစ်ချေ။

ဥပမာ "ကျွန်တော် မော်တော်ကားစီးလာ၏" ဟု ပြောဆိုသောသူသည် အမှန်ကို ပြောဆိုခြင်းဖြစ်၏။ ကြားနာလိုက်ကြရသော လူအပေါင်းတို့ကလည်း သူ့စကား မှန်သည်ဟု လက်ခံယုံကြည်ကြ၏။

ဉာဏ်မျက်စိဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်သောအခါ "ကျွန်တော်" ဟူသော "လူ" သည်လည်း မရှိ၊ မော်တော်ကားလည်း မရှိချေ။ (စိစစ်ပုံကို နိဒါန်း၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။)

**ထို့ကြောင့် ပညတ်သည် အထင်အရသာ မှန်ကန်သောသဘော (Apparent reality) ဖြစ်ပြီး ဉာဏ်မျက်စိဖြင့် ခွဲခြမ်းစိတ်ဖြာစိစစ်ကြည့်လျှင် ပျောက်ကွယ်သွား၏။**

**ပရမတ်သည် တကယ်ရှိသော အဆုံးစွန်မှန်ကန်သည့်သဘော (Ultimate reality) ဖြစ်ပြီး ဉာဏ်မျက်စိဖြင့် ခွဲခြမ်းစိတ်ဖြာစိစစ်ကြည့်လျှင် ပျောက်ကွယ်ပြောင်းလဲခြင်းမရှိချေ။ စိစစ်လေလေ အမှန်ရှိကြောင်း ထင်ရှားလေလေဖြစ်၏။**

**ပရမတ္ထသစ္စာ** (Absolute truth or abstract truth) သည် အဆုံးစွန် မှန်ကန်သော သဘောတရားဖြစ်၏။

## ပရမတ္ထလေးပါး

စကြဝဠာအနန္တ၌ အမှန်တကယ်ရှိသော အခြေခံသဘောတရားမှာ လေးပါးသာ ရှိ၏။ စိတ်, စေတသိက်, ရုပ်နှင့် နိဗ္ဗာန်တို့ဖြစ်၏။

http://www.dhammadownload.com



**ပရမတ္ထလေးပါး**

| စိတ် | စေတသိက် | ရုပ် | နိဗ္ဗာန် |
|---|---|---|---|
| ၁ | ၅၂ | ၂၈ | ၁ |

**စိတ်** = **အာရုံကိုသိတတ်သောသဘောတရား။**
**(Consciousness or awareness of senses)**

**စေတသိက်** = **စိတ်၌မှီတွယ်၍ စိတ်ကိုခြယ်လှယ်သောသဘောတရား။**
**(Mental factors or mental states)**

**ရုပ်** = **အပူအအေးစသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် ဖောက်ပြန်တတ်သောသဘောတရား။ (Matter and energy)**

**နိဗ္ဗာန်** = **ဒုက္ခငြိမ်းအေးငြိမ်းရာဖြစ်သော သန္တိသုခသဘောတရား။**
**(Nirvana or Nibbãna)**

စိတ်သည် လူ့စိတ်, ခွေးစိတ်, နွားစိတ် မည်သည့်သတ္တဝါ၏စိတ်ဖြစ်စေကာမူ အာရုံကို သိတတ်သော သဘောတစ်ခုတည်းသာ ရှိ၏။ ဤသဘောမှ ဖောက်ပြန်ပြောင်းလဲခြင်းမရှိချေ။

စေတသိက်သည် လောဘ, ဒေါသ, မေတ္တာ, ကရုဏာ စသည်ဖြင့် ၅၂ မျိုးပြား၏။ စေတသိက်တစ်ခုစီ၏ သဘောသည်လည်း ပြောင်းလဲဖောက်ပြန်ခြင်းမရှိချေ။

ဥပမာ လောဘသည် လိုချင်တပ်မက်ခြင်းသဘောရှိ၏။ လောဘသည် လူ, ကျွဲ, နွား, ခွေး, ဝက် စသည့် သတ္တဝါတစ်ဦးစီ၏ စိတ်ကို မှီ၍ဖြစ်ပေါ်သောအခါ လိုချင်တပ်မက်ခြင်းသဘောကိုသာ တစ်သမတ်တည်းဖော်ပြ၏။

ရုပ်သည် အပူ အအေးကြောင့် ဖောက်ပြန်တတ်သောသဘောတရား ဖြစ်ပါလျက် အဘယ့်ကြောင့် ပရမတ်တရားဖြစ်ရသနည်းဟု မေးဖွယ်ရာရှိ၏။

ထိုရုပ်၏ ဖောက်ပြန်တတ်သောသဘောသည် အမြဲမဖောက်မပြန် တစ်သမတ်တည်း မှန်ကန်နေသည့်အတွက် ရုပ်ကို ပရမတ်တစ်ပါးဟု သတ်မှတ်ရ၏။ ရုပ်သည် အမှန်တကယ်ရှိသော တရားတစ်ခုဖြစ်၏။

ရုပ်ကို ၂၈ မျိုးအထိ ဗုဒ္ဓခွဲပြတော်မူ၏။ ထိုရုပ် ၂၈ မျိုးတွင် သိပ္ပံပညာက အဆုံးစွန်သော ပရမတ်သဘောအဖြစ် လက်ခံထားသည့်ဒြပ်နှင့်စွမ်းအင်သဘောတို့လည်း ပါဝင်ကြ၏။

နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းနေသော ချမ်းသာခြင်းအစစ်အမှန်သဘောဖြစ်၏။ ဤသဘောသည် ရုပ်နာမ်သဘောတို့နှင့် မရောစပ်သော သီးခြားသဘောတစ်ခုဖြစ်၏။ ပုထုဇဉ်လူသားတို့သည် ရုပ်နာမ်နှင့်ကင်းသည့် အရှိတရားသဘောတစ်ခုကို မစဉ်းစားတတ်သဖြင့် နိဗ္ဗာန်သဘောကို သိနားလည်ရန် ခက်ခဲ၏။

http://www.dhammadownload.com



နိဗ္ဗာန်သည် ဗုဒ္ဓအဘိဓမ္မာ၏ အထူးခြားဆုံးသော သဘောတစ်ခုဖြစ်၏။ အခြား မည်သည့်တွေးခေါ်ရှင်ကမျှ နိဗ္ဗာန်၏သဘောကို မကြံဆနိုင်ပါ။ ဗုဒ္ဓသည် ယုတ္တိတန် မတန် ဆင်ခြင်နည်းဖြင့်လည်းကောင်း၊ လက်တွေ့ကျင့်ကြံနည်းဖြင့် လည်းကောင်း နိဗ္ဗာန်ရှိသည်ကို အခိုင်အမာညွှန်ပြထားတော်မူ၏။

စိတ်တစ်ပါးနှင့် စေတသိက် ၅၂ ပါးတို့၏ အပေါင်းအစုကို **နာမ်တေပညာသ** (နာမ်တရား ၅၃ ပါး) ဟု ခေါ်ဆို၏။

လောကနှင့်ဆိုင်သော လောကီနယ် (Mundane) အတွင်း၌ ရုပ်နာမ်တရားတို့သာ ရှိကြ၏။ နိဗ္ဗာန်သည် လောကမှလွန်မြောက်သော လောကုတ္တရာနယ် (Supra-mundane) ဖြစ်၏။

## ဒဿနိကဇ် နယ်ငါးရပ်

ဒဿနိကဗေဒ၌ အဓိကထား၍ လေ့လာသောနယ် ငါးရပ်ရှိပါသည်။

(၁) ရှိမှုဗေဒ (Ontology)

(၂) ယုတ္တိဗေဒ (Logic)

(၃) သိမှုဗေဒ (Epistemology)

(၄) ကိုယ်ကျင့်တရားပညာ (Ethics)

(၅) ရသပညာ (Aesthetics) တို့ ဖြစ်ကြ၏။

**ရှိမှုဗေဒ** တွင် စကြဝဠာအတွင်း၌ အရှိတရားများကို ရှာကြခြင်းဖြစ်၏။ ရုပ်ဝါဒီများက ရုပ်သာလျှင်အခြေခံတရားဖြစ်ပြီး စိတ်သည်အသွင်သာဖြစ်သည်ဟု ဆိုကြ၏။ နာမ်ဝါဒီများက နာမ်သာလျှင် အခြေခံတရားဖြစ်ပြီး ရုပ်သည် အသွင်သာဖြစ်သည်ဟု ဆိုကြ၏။

ရုပ်ဖြစ်စေ နာမ်ဖြစ်စေ အခြေခံတရားတစ်ခုတည်းရှိသော ဝါဒကို ဧကတ္တဝါဒ (Monism) ဟု ခေါ်၏။

ရုပ်နှင့်နာမ်နှစ်မျိုးလုံးကို အရှိတရားဟုခံယူသောဝါဒကို ဒွိတ္တဝါဒ (Dualism) ဟု ခေါ်၏။

အရှိတရားအမြောက်အမြားရှိသည်ဟု ခံယူသည့်ဝါဒကို ဗဟုဝါဒ (Pluralism) ဟု ခေါ်၏။

ဤသို့ ဝါဒအမျိုးမျိုးရှိသော်လည်း မည်သည့်တွေးခေါ်ရှင်ကမျှ ရုပ်နှင့် နာမ်တို့ကို ဗုဒ္ဓဟောကြားခဲ့သကဲ့သို့ တိတိကျကျမသတ်မှတ်နိုင်၊ မစိစစ်နိုင်ကြချေ။ အရှိတရားတို့ အချင်းချင်း တစ်ခုနှင့်တစ်ခု ဆက်နွယ်ပုံနှင့် တစ်ခုကိုတစ်ခု အကျိုးပြုပုံကိုလည်း ဗုဒ္ဓ ရှင်းပြသကဲ့သို့ မရှင်းပြနိုင်ကြချေ။

http://www.dhammadownload.com



သိပ္ပံပညာကမူ ရုပ်သာရှိသည်ဟု လက်ခံပြီး နာမ်ကို လျစ်လျူရှုထားသဖြင့် ပြည့်စုံသောပညာဟု မမှတ်ယူနိုင်ချေ။

ဗုဒ္ဓ၏ အဘိဓမ္မာသာလျှင် အရှိတရားများကို အပြည့်စုံဆုံး ရှင်းလင်းဖော်ပြနိုင်သည်ကို ပညာရှာမှီးသူတို့ သိမြင်လာကြလိမ့်မည်။

**သိမှုဗေဒ** တွင် အသိပညာ၏ သဘာဝ, သိနိုင်သောပညာရပ်များနှင့် အသိပညာ ရယူနည်းများကို ရှာဖွေစူးစမ်းကြ၏။

အချို့တွေးခေါ်ရှင်များက အတွေ့အကြုံအာရုံများကို အခြေခံပြုမှသာ မှန်သော အသိပညာကို ရနိုင်သည်ဟု ယူဆ၏။ ဤအမြင်ကို **အာရုံတွေ့အဓိကဝါဒ** ((Empiricism) ဟု ခေါ်၏။ သိပ္ပံနည်းသည် ဤဝါဒတွင် အကျုံးဝင်၏။

အချို့တွေးခေါ်ရှင်များက အာရုံသည် လှည့်စားတတ်၏။ အမှန်သဘောသည် အသွင်သဏ္ဌာန်အောက်၌ နစ်မြုပ်နေသဖြင့် အမြင်အတွေ့လောက်ဖြင့် အမှန်သဘောကိုမသိနိုင်။ "မိန်းမအလို သဘောကိုလျှင် ထဲသိုပိုက်ထား ရေ၌ငါးသို့ထင်ရှားဘယ်ခါ မသိရာဘူး" ဆိုသကဲ့သို့တည်း။ ထို့ကြောင့် ဆင်ခြင်နည်းဖြင့်သာ မှန်ကန်သော အသိပညာကို ရယူနိုင်သည်။ ဤအယူဝါဒကို **ဆင်ခြင်ခြင်းအဓိကဝါဒ** (Rationalism) ဟု ခေါ်၏။

တချို့ကလည်း အသိပညာသည် လူတစ်ဦးစီ၏ ခံယူချက် သုံးသပ်ချက်အပေါ်တွင် မူတည်သည်။ ထို့ကြောင့် အသိပညာသည် **ပုဂ္ဂလိဓိဋ္ဌာန်သဘော** (Subjective) ဖြစ်သည်ဟု ဆို၏။

ဆိုကရေးတီးဦးဆောင်သော ပညာရှင်များကမူ အဆုံးစွန်သော အမှန်တရားများသည် ပုဂ္ဂိုလ်တစ်ဦးစီ၏ ခံယူချက်နှင့် မသက်ဆိုင်။ ယေဘုယျသဘော (ဝါ) **ဓမ္မဓိဋ္ဌာန်သဘော** (Objective) ဖြစ်သည်ဟု ဆို၏။

မြတ်ဗုဒ္ဓက အတွေ့အကြုံအာရုံဖြင့် ဆည်းပူးနိုင်သော **သုတမယပညာ** ကိုလည်းကောင်း၊ ဆင်ခြင်တွေးခေါ်သည့်နည်းဖြင့် သိရှိရသော **စိန္တာမယပညာ** ကိုလည်းကောင်း ချီးကျူးအားပေးတော်မူပြီးလျှင် ထိုနည်းနှစ်မျိုးလုံးဖြင့် မရယူနိုင်သော **ဘာဝနာမယပညာ** ရှိသေးသည်ဟု မိန့်တော်မူခဲ့၏။ အဘိဓမ္မာသဘောတရားများသည် ဘာဝနာမယပညာဖြစ်၏။ တွေးခေါ်ရှင်ကြီးများ မမြင်သိနိုင်ကြသော အမှန်သဘောများကို ခမ်းခမ်းနားနား ဝေဝေဆာဆာ တင်ပြထားသောပညာ ဖြစ်ပေ၏။

အဘိဓမ္မာသဘောတရားများသည် **ယုတ္တိဗေဒနှင့် သိပ္ပံနည်းပညာ** တို့၏ အစစ်အဆေးကို ခံယူနိုင်သည်။ အဘိဓမ္မာတွင် ပါရှိသော **ကိုယ်ကျင့်တရားပညာနှင့် ရသပညာ** တို့မှာလည်း ထိပ်တန်းအကျဆုံးပညာများ ဖြစ်ကြ၏။ ထိုသို့ ဖြစ်ကြောင်းကို

http://www.dhammadownload.com



လည်း မည်သို့ပင် ဝေဖန်ဝေဖန် မည်သူကို့ကပဲ စစ်ဆေး စစ်ဆေး အဝေအဖန် အစစ် အဆေးကို ကြံ့ကြံ့ခံနိုင်ပါသည်။

ထို့ကြောင့် အဘိဓမ္မာသည် ဒဿနိကနယ်ငါးရပ်စလုံးကို လွှမ်းမိုးထားကြောင်း မြင်သိလာပါလိမ့်မည်။

## ဘုံအားဖြင့် စိတ်လေးမျိုး

စိတ်သည် အာရုံကို သိတတ်သောသဘောအဖြစ် တစ်မျိုးတည်းသာရှိ၏။ သို့သော် စေတသိက်များက အမျိုးမျိုးခြယ်လှယ်ကြသဖြင့် စိတ်အမျိုးမျိုး ကွဲပြားသွားရ၏။

ဘုံဌာနများကို အကျဉ်းအားဖြင့် ကာမဘုံ, ရူပဘုံ, အရူပဘုံနှင့် လောကုတ္တရာ အဝတ္တာဘုံဟူ၍ လေးမျိုးခွဲခြားနိုင်၏။

ကာမဘုံဟူသည်မှာ ကာမဂုဏ်အာရုံများကို ခံစားတတ်သော လူ့ဘုံ၊ နတ်ပြည် ခြောက်ထပ်နှင့် အပါယ်လေးဘုံတို့ကို စုပေါင်း၍ခေါ်ဆိုထားသောအမည် ဖြစ်၏။

ရူပဘုံသည် ရူပဈာန်ချမ်းသာကို ခံစားသော ရုပ်ရှိသည့် ရူပဗြဟ္မာ ၁၆ ဘုံကို စုပေါင်းခေါ်ဆိုထားသည့်အမည် ဖြစ်၏။

**အရူပဘုံ** သည် အရူပဈာန်ချမ်းသာကို ခံစားသော ရုပ်မရှိသည့် အရူပဗြဟ္မာ လေးဘုံကို ခေါ်၏။

**လောကုတ္တရာအဝတ္တာဘုံ** ဟူသည်မှာ ဘုံဌာနအကောင်အထည်မရှိသော မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို တင်စား၍ ခေါ်ဆိုထားသောအမည် ဖြစ်၏။

ဘုံအလိုက် စိတ်လေးမျိုးခွဲခြားသည်ကို ဘူမိဘေဒနည်းဖြင့် ခွဲသည်ဟု ဆို၏။

**(၁) ကာမာဝစရစိတ် = ကာမဘုံ၌ အများအားဖြင့်ဖြစ်တတ်သောစိတ်။**

**(၂) ရူပါဝစရစိတ် = ရူပဘုံ၌ အများအားဖြင့်ဖြစ်တတ်သောစိတ်။**

**(၃) အရူပါဝစရစိတ် = အရူပဘုံ၌ အများအားဖြင့်ဖြစ်တတ်သောစိတ်။**

**(၄) လောကုတ္တရာစိတ် = လောကုတ္တရာ အဝတ္တာဘုံ၌ ဖြစ်သောစိတ်။**

ဤစိတ်တို့ကို ကာမစိတ်, ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ်ဟူ၍လည်း အတိုကောက်ခေါ်ဆိုနိုင်၏။

## ကာမာဝစရစိတ် ၅၄ ပါး

ကာမဘုံ၌ အများအားဖြင့် ဖြစ်တတ်သော ကာမစိတ်တို့သည် ၅၄ ပါး ရှိကြ၏။ ၎င်းတို့ကို အောက်ပါအတိုင်း သုံးစုခွဲခြားနိုင်၏။

**(၁) အကုသိုလ်စိတ် ၁၂ ပါး = အပြစ်မကင်းသောစိတ်များတည်း။**

**(၂) အဟိတ်စိတ် ၁၈ ပါး = ဟိတ်ခြောက်ပါးနှင့် ကင်းသော စိတ်တို့တည်း။**

http://www.dhammadownload.com



**(၃) ကာမသောဘဏစိတ် ၂၄ ပါး= တင့်တယ်ကောင်းမြတ်သော ကာမစိတ်တို့တည်း။**

အကုသိုလ်စိတ်များမှာ မောဟနှင့်တကွ လောဘ သို့မဟုတ် ဒေါသယှဉ်သော စိတ်များ ဖြစ်ကြ၏။ အပါယ်လေးဘုံသို့ ကျရောက်ရန် အကျိုးပေးနိုင်သော စိတ်တို့တည်း။

ဟိတ်ခြောက်ပါး ဆိုသည်မှာ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟတို့တည်းဟူသော စေတသိက်တို့တည်း။

ဟိတ်သည် ပါဠိသဒ္ဒါ "ဟေတု" မှ ဆင်းသက်လာသော ပါဠိပျက် မြန်မာစကားလုံး ဖြစ်၏။ အကြောင်းတရား (ဝါ) အမြစ်သဖွယ် ကျေးဇူးပြုတတ်သော တရားဟု အဓိပ္ပာယ်ရ၏။

လောဘ, ဒေါသ, မောဟတို့သည် အကုသိုလ်ဟိတ်များ ဖြစ်ကြ၏။ အလောဘ, အဒေါသ, အမောဟတို့သည် ကုသိုလ်ဟိတ်, အဗျာကတဟိတ်များ ဖြစ်ကြ၏။

သစ်ပင်တစ်ပင်၏ အမြစ်သည် ထိုသစ်ပင်အား မြဲမြဲခိုင်ခံ့စွာတည်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ဟိတ်ခြောက်ပါးတို့သည် ယှဉ်ဖက်စေတသိက်တို့ကို မြဲမြဲခိုင်ခံ့အောင် ကျေးဇူးပြုကြ၏။

**အကုသိုလ်စိတ် ၁၂ ပါးတို့သည် အကုသိုလ်ဟိတ်များ ယှဉ်ပြီး အပြစ်ရှိကြသောကြောင့် မတင့်တယ်ကြပါ။ ဟိတ်ကင်းသည့် အဟိတ်စိတ် ၁၈ ပါးတို့သည် အလောဘစသော အပြစ်ကင်းသောဟိတ်များ မယှဉ်ကြသောကြောင့်မတင့်တယ်ကြပါ။**

အကုသိုလ်စိတ် ၁၂ ပါးနှင့် အဟိတ်စိတ် ၁၈ ပါးတို့ကို အသောဘဏစိတ်များ (မတင့်တယ်သော စိတ်များ) ဟု ခေါ်၏။ ကာမသောဘဏစိတ် ၂၄ ပါးတို့သည် အလောဘ စသော အပြစ်ကင်းသော ဟိတ်များယှဉ်ကြသဖြင့် တင့်တယ်သောစိတ်များ ဖြစ်ကြ၏။

**အကုသိုလ်စိတ် ၁၂ ပါး**

အကုသိုလ်စိတ်တို့ကို တစ်ဖန် လောဘအရင်းခံဖြစ်သော စိတ်, ဒေါသအရင်းခံဖြစ်သော စိတ်, မောဟအရင်းခံဖြစ်သောစိတ် ဟူ၍ သုံးမျိုးခွဲခြားနိုင်၏။

**(၁) လောဘမူစိတ် ရှစ်ပါး (လောဘမူလစိတ်)**

**(၂) ဒေါသမူစိတ် နှစ်ပါး (ဒေါသမူလစိတ်)**

**(၃) မောဟမူစိတ် နှစ်ပါး (မောဟမူလစိတ်)**

http://www.dhammadownload.com



## လောဘမူစိတ် ရှစ်ပါး

လောဘမူစိတ်တို့ကို သောမနဿ သို့မဟုတ် ဥပေက္ခာဝေဒနာယှဉ်ခြင်း, ဒိဋ္ဌိယှဉ်ခြင်း မယှဉ်ခြင်း, စေ့ဆော်တိုက်တွန်းမှု သင်္ခါရရှိခြင်း မရှိခြင်းတို့အပေါ် မူတည်၍ ရှစ်မျိုးခွဲခြားထား၏။

၁။ **သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
၂။ **သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**
၃။ **သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
၄။ **သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**
၅။ **ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
၆။ **ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**
၇။ **ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
၈။ **ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**

**ရှင်းလင်းချက်။** ။ သောမနဿနှင့် ဥပေက္ခာတို့သည် ဝေဒနာစေတသိက်၏ ခံစားမှုနှစ်မျိုး ဖြစ်ကြ၏။ ဝေဒနာသည် ခံစားခြင်းသဘောဖြစ်၏။

သောမနဿသည် စိတ်၌ဖြစ်သော ချမ်းသာခြင်းသဘောဖြစ်၏။

ဥပေက္ခာသည် ချမ်းသာသည်လည်းမဟုတ် ဆင်းရဲသည်လည်းမဟုတ် အလယ်အလတ်ဖြစ်သော ခံစားခြင်းသဘောဖြစ်၏။

သဟဂုတ် (ပါဠိပျက်) = သဟဂတံ (ပါဠိမှန်) = နှင့် တကွ။
ဒိဋ္ဌိဂတ = ဒိဋ္ဌိ = အယူလွဲမှားခြင်း၊ ကံ-ကံ၏အကျိုးမရှိဟု ယုံကြည်ခြင်း။
သမ္ပယုတ် = သမ္ပယုတ္တံ = ယှဉ်လျက်
ဝိပ္ပယုတ် = ဝိပ္ပယုတ္တံ = မယှဉ်ဘဲ
အသင်္ခါရိက = တိုက်တွန်းပြုပြင်မှုကင်းသော
သသင်္ခါရိက = တိုက်တွန်းပြုပြင်မှုရှိသော

ဤလိုရင်းအဓိပ္ပာယ်များကို သိလျှင် အထက်ပါ လောဘမူစိတ်ရှစ်ပါးတို့၏ အဓိပ္ပာယ်များကို ဖော်ထုတ်နိုင်ပါပြီ။

## လောဘမူစိတ် ရှစ်ပါးတို့၏အဓိပ္ပာယ်

၁။ မကောင်းမှုတစ်ခုကို အပြစ်မရှိဟုယူဆလျက် ဝမ်းမြောက်ရွှင်လန်းစွာ မိမိနှင့် သူတစ်ပါးတို့၏ တိုက်တွန်းမှုမပါဘဲ ဖြစ်ပေါ်သော စိတ်တစ်ခု။

၂။ မကောင်းမှုတစ်ခုကို အပြစ်မရှိဟု ယူဆလျက် ဝမ်းမြောက်ရွှင်လန်းစွာ မိမိကိုယ် မိမိ တိုက်တွန်း၍ဖြစ်စေ သူတစ်ပါးတိုက်တွန်း၍ဖြစ်စေ ဖြစ်ပေါ်လာသော စိတ်တစ်ခု။

http://www.dhammadownload.com



၃။ မကောင်းမှုတစ်ခုကို အပြစ်ရှိမှန်းသိလျက် ဝမ်းမြောက်ရွှင်လန်းစွာ မိမိနှင့် သူတစ်ပါးတို့၏ တိုက်တွန်းမှုမပါဘဲ ဖြစ်ပေါ်သောစိတ်တစ်ခု။

၄။ မကောင်းမှုတစ်ခုကို အပြစ်ရှိမှန်းသိလျက် ဝမ်းမြောက်ရွှင်လန်းစွာ မိမိကိုယ် မိမိ တိုက်တွန်း၍ဖြစ်စေ၊ သူတစ်ပါးတိုက်တွန်း၍ဖြစ်စေ ဖြစ်ပေါ်လာသော စိတ်တစ်ခု။

၅-၈။ ကျန်စိတ်လေးခုတို့ကို အထက်ပါအတိုင်း "ဝမ်းမြောက်ရွှင်လန်းစွာ" နေရာ၌ "ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ" ဟု အစားထိုး၍ အဓိပ္ပာယ်ဖော်ယူနိုင်ပါပြီ။

## လေ့ကျင့်ခန်း

လောဘမူစိတ်သည် လိုချင်တပ်မက်သောစိတ် ဖြစ်၏။ နာရီလှလှ၊ ဗစ္စည်းလှလှကို မြင်လျှင် လိုချင်၏။ ထိုလိုချင်သောစိတ်သည် လောဘမူစိတ်ဖြစ်၏။ လောဘမူစိတ်သည် အပြစ်ရှိ၏။ အပြစ်ရှိမှန်းသိလျှင် ဒိဋ္ဌိမယူဉ်သဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ဖြစ်၏။ အပြစ်ရှိမှန်းမသိလျှင် အယူလွဲသဖြင့် ဒိဋ္ဌိယှဉ်၏။ ထို့ကြောင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ဖြစ်၏။

အောက်ပါအခြေအနေတို့တွင် ဖြစ်ပေါ်ကြသော စိတ်တို့သည် လောဘမူစိတ်ရှစ်ပါးတွင် မည်သည့်စိတ်များဖြစ်သည်ကို ဆန်းစစ်ပြပါ။

၁။ သူငယ်ချင်းက ရေခဲမုန့်ကျွေးမည်ဆိုသဖြင့် ဝမ်းမြောက်စွာ စားချင်စိတ် ဖြစ်၏။

၂။ ပန်းတစ်ပွင့်ကို ပန်ချင်စိတ်ဖြင့် ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ ဆွတ်ခူးလိုက်၏။

၃။ ကာမဂုဏ်ကို အားပေးသည့် ဝတ္ထုတစ်ပုဒ်ကို အပြစ်ရှိမှန်းသိလျက် စိတ်ဝင်စားစွာ ဖတ်ရှုနေ၏။

၄။ တီဗွီရုပ်ရှင်ဇာတ်လမ်းကို အပြစ် ရှိမရှိ ဂရုမစိုက်ဘဲ နှစ်သက်စွာကြည့်ရှုနေ၏။

၅။ ကလေးငယ်တစ်ဦးသည် အရုပ်ကလေးနှင့် ပျော်ရွှင်စွာကစားနေ၏။

၆။ အမျိုးသမီးတစ်ဦးက ကိုယ်လုံးပေါ်မှန်ရှေ့တွင် အလှပြင်နေ၏။

၇။ လုလင်ပျိုတစ်ဦးက လုံမပျိုတစ်ဦးအား သိပ်လှတာပဲဟု ချီးမွမ်းလိုက်သည့်အခါ ထိုသူနှစ်ဦးတို့တွင် ဖြစ်ပေါ်သောစိတ်များ။

၈။ သူငယ်ချင်းက အတင်းဆွဲခေါ်သဖြင့် ရုပ်ရှင်ကြည့်ရန် လိုက်ပါသွားရသူ၌ ဖြစ်သောစိတ်။

[(၁) ပထမစိတ်၊ (၂) ပဉ္စမစိတ်၊ (၃) တတိယစိတ်၊ (၄) ပထမစိတ်၊
(၅) ပထမစိတ်၊ (၆) ပထမစိတ်၊ (၇) ပထမစိတ်၊ (၈) ဆဋ္ဌမစိတ်]

http://www.dhammadownload.com



လူတို့သည် အများအားဖြင့် လောဘမူစိတ်ဖြင့် ဝတ်စားဆင်ယင်ကြ၏၊ စားသောက်ကြ၏၊ လျှောင်းစက်ကြ၏၊ စိတ်ကူးယဉ်ကြ၏၊ သီချင်းနားထောင်ကြ၏။ ခံစားမှုမထင်ရှားလျှင် ဥပေက္ခာသဟဂုတ်စိတ် ဖြစ်၏။ ဝမ်းမြောက် နှစ်သက်လျှင် သောမနဿသဟဂုတ်စိတ် ဖြစ်၏။ လောဘမူစိတ်ဖြစ်စဉ် အပြစ်ရှိသည်ဟု မတွေးမိကြသဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်သာ အဖြစ်များ၏။

### ဒေါသမူစိတ် နှစ်ပါး

**၁။ ဒေါမနဿသဟဂုတ်-ပဋိဃသမ္ပယုတ်-အသင်္ခါရိကစိတ်-တစ်ခု။**

**၂။ ဒေါမနဿသဟဂုတ်-ပဋိဃသမ္ပယုတ်-သသင်္ခါရိကစိတ်-တစ်ခု။**

ဒေါမနဿ = စိတ်၌ဖြစ်သည့် ဆင်းရဲသော ဝေဒနာ။

ပဋိဃ = အမျက်ဒေါသ။

ဒေါမနဿသည် ဝေဒနာစေတသိက်ဖြစ်ပြီး ပဋိဃသည် ဒေါသစေတသိက်ဖြစ်၏။

### အဓိပ္ပာယ်

၁။ စိတ်ဆင်းရဲခြင်းနှင့်တကွ အမျက်ဒေါသထွက်၍ တိုက်တွန်းမှုမပါဘဲ ဖြစ်သောစိတ်။

၂။ စိတ်ဆင်းရဲခြင်းနှင့်တကွ အမျက်ဒေါသထွက်၍ တိုက်တွန်းသဖြင့် ဖြစ်သောစိတ်။

ရှင်းချက်။ ။ ဒေါသစိတ်ဖြစ်တိုင်း ဒေါသဖြစ်သူမှာ ဦးစွာ စိတ်ဆင်းရဲရ၏။ ဒေါသစေတသိက်ယှဉ်မှ ဒေါသစိတ် ဖြစ်နိုင်သဖြင့် ဒေါသစိတ်နှစ်ခုလုံး ပဋိဃသမ္ပယုတ်စိတ်များ ဖြစ်ကြ၏။

မကျေမချမ်းဖြစ်နေသည့်အခါ၊ ပူဆွေးဝမ်းနည်းနေသည့်အခါ၊ စိတ်ပျက် စိတ်ငယ်နေသည့်အခါများ၌လည်း ဆုတ်နစ်သောဒေါသဖြစ်နေသည့်အတွက် ဒေါသမူစိတ် ပင် ဖြစ်ပေ၏။

### လေ့ကျင့်ခန်း

၁။ စာမေးပွဲရှုံး၍ ဝမ်းနည်းနေသူ၌ မည်သည့်စိတ်ဖြစ်သနည်း။

၂။ မိဘတို့က ပြောဆိုဆုံးမသဖြင့် မကျေမနပ်ဖြစ်နေသူ၌ မည်သည့်စိတ် ဖြစ်သနည်း။

၃။ မချစ်မနှစ်သက်သောသူနှင့် တွေ့ဆုံသည့်အခါ မည်သည့်စိတ် ဖြစ်သနည်း။

http://www.dhammadownload.com



၄။ "ဒီလောက်ခရီးက အလွန်ဆုံး ငါးဆယ်ကျပ်ပဲ ပေးသင့်တယ်၊ မင်းက ၁၀၀ ကျပ် ပေးလိုက်ရတယ်ဆိုတော့ များတာပေါ့"ဟု သူငယ်ချင်းက ရှင်းပြသဖြင့် မကျေမနပ်ဖြစ်လာသူ၌ မည်သည့်စိတ် ဖြစ်သနည်း။

(ပထမမေးခွန်းသုံးပုဒ်၌ ပထမဒေါသမူစိတ်ဖြစ်၏။ စတုတ္ထမေးခွန်း၌ ဒုတိယဒေါသမူစိတ် ဖြစ်၏။)

**မောဟမူစိတ်နှစ်ပါး**

**၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် တစ်ခု။**

**၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် တစ်ခု။**

ဝိစိကိစ္ဆာသည် ဘုရား၊ တရား၊ သံဃာတို့၌လည်းကောင်း၊ ကံ-ကံ၏ အကျိုး တရား၌လည်းကောင်း သံသယရှိစေသော စေတသိက်ဖြစ်၏။

ဥဒ္ဓစ္စသည် အာရုံအမျိုးမျိုးသို့ စိတ်ကို ပျံ့လွင့်စေသော စေတသိက်ဖြစ်၏။

အထက်ပါစိတ်နှစ်ခုတို့သည် တွေဝေခြင်းသဘောရှိသော မောဟအခြေခံသည့် စိတ်များဖြစ်ကြသဖြင့် ခံစားမှုမထင်ရှားပါ။ ထို့ကြောင့် ဥပေက္ခာသဟဂုတ်စိတ်များ ဖြစ်ကြ၏။

**အဓိပ္ပာယ်**

၁။ ခံစားမှုမထင်ရှားဘဲ ဝိစိကိစ္ဆာယှဉ်သဖြင့် သံသယဖြစ်သော စိတ်တစ်ခု။

၂။ ခံစားမှုမထင်ရှားဘဲ ဥဒ္ဓစ္စယှဉ်သဖြင့် ပျံ့လွင့်သော စိတ်တစ်ခု။

**လေ့ကျင့်ခန်း**

၁။ ဗုဒ္ဓမြတ်စွာသည် ဆံရာမရှိဘဲ အလိုလိုသိနိုင်သည့် သဗ္ဗညုတဉာဏ်ရှင် ဖြစ်သည်မှာ အမှန်ပေလားဟု တွေးတောနေသူ၌ မည်သည့်စိတ်ဖြစ်သနည်း။

၂။ ပေးကမ်းလှူဒါန်းခြင်းသည် အကျိုးရှိသလား၊ သီလစောင့်ခြင်းသည် အကျိုး ရှိသလားဟု သံသယဖြစ်နေသူတွင် မည်သည့်စိတ်ဖြစ်သနည်း။

၃။ ဆရာစာသင်နေသည်ကို မကြားဘဲ ထွေရာလေးပါး စိတ်ကူးနေသူ၌ မည် သည့်စိတ် ဖြစ်သနည်း။

၄။ စာကျက်သော်လည်း စာမရသည့်သူ၌ မည်သည့်စိတ် ဝင်နေသနည်း။ (ပထမ နှစ်ခုသည် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၊ နောက်နှစ်ခုသည် ဥဒ္ဓစ္စသမ္ပယုတ်စိတ်)။

**အဟိတ်စိတ် ၁၈ ပါး**

အဟိတ်စိတ် ၁၈ ပါးကို အောက်ပါအတိုင်း သုံးမျိုးခွဲခြားနိုင်၏။

(၁) **အကုသလဝိပါက်စိတ် ခုနစ်ပါး** (အကုသိုလ်ကံ၏ အကျိုးဖြစ်သော စိတ်)

(၂) **အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါး** (ကုသိုလ်ကံ၏ အကျိုးဖြစ်သော ဟိတ်ကင်းသည့် စိတ်)

http://www.dhammadownload.com



**(၃) အဟိတ်ကြိယာစိတ်သုံးပါး (ပြုကာမျှသာဘောရှိသော ဟိတ်ကင်းသည့်စိတ်)**

ရှေးဘဝများက ပြုလုပ်ခဲ့သော ကုသိုလ်ကံနှင့် အကုသိုလ်ကံများ၏ အကျိုး (ဝိပါက) အဖြစ် ဝိပါက်စိတ်များကို သတ္တဝါများ ရရှိထားကြ၏။ ဝိပါက်စိတ်များမှာ မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, စားသိစိတ်, ထိသိစိတ် စသည်တို့ ဖြစ်ကြ၏။

အကုသလဝိပါက်စိတ် ခုနစ်ပါးလုံးသည် အဟိတ် (ဟိတ်ကင်းသော) စိတ်များ ဖြစ်ကြ၏။ သဟိတ် (ဟိတ်နှင့်တကွ) ဖြစ်သော အကုသလဝိပါက်စိတ်များ မရှိချေ။ ထို့ကြောင့် အကုသလဝိပါက်စိတ်များ၏ ရှေ့တွင် "အဟိတ်" ဟူသော အထူးပြုပုဒ်ကို ဖော်ပြရန်မလိုချေ။

ကုသလဝိပါက်စိတ်များကား အဟိတ်နှင့် သဟိတ် နှစ်မျိုးကွဲပြားကြ၏။ ယခုကဏ္ဍတွင် အဟိတ်ကုသလဝိပါက်ရှစ်ပါးအကြောင်းကိုသာ ဆွေးနွေးမည်ဖြစ်သည်။ သဟိတ်ကုသလဝိပါက်စိတ်လည်း ရှစ်ပါးရှိကြောင်းကို မကြာမီ တွေ့ရလိမ့်မည်။ အဟိတ်, သဟိတ် ခွဲခြားရန် လိုအပ်သဖြင့် "အဟိတ်ကုသလဝိပါက်" ဟု အပြည့်အစုံဆိုရမည်။

ကြိယာစိတ်များသည် ကုသိုလ်နှင့် အကုသိုလ်ကဲ့သို့ ကံမြောက်သောစိတ်များလည်း မဟုတ်၊ အကျိုးဝိပါက်စိတ်များလည်း မဟုတ်၊ ပြုကာမျှသာဘောရှိသော စိတ်တို့ ဖြစ်ကြ၏။

**အကုသလဝိပါက်စိတ် ခုနစ်ပါး**

**၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်တစ်ခု၊**
**၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တစ်ခု၊**
**၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်တစ်ခု၊**
**၄။ ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ်တစ်ခု၊**
**၅။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တစ်ခု၊**
**၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်တစ်ခု၊**
**၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တစ်ခု၊**

စက္ခုဝိညာဏ်စိတ်သည် အဆင်းဟူသည့် ရူပါရုံကို မြင်သိသောစိတ်ဖြစ်၏။

သောတဝိညာဏ်စိတ်သည် အသံဟူသည့် သဒ္ဒါရုံကို ကြားသိသောစိတ် ဖြစ်၏။

ဃာနဝိညာဏ်စိတ်သည် အနံ့ဟူသည့် ဂန္ဓာရုံကို နံသိသောစိတ် ဖြစ်၏။

ဇိဝှာဝိညာဏ်စိတ်သည် အရသာဟူသည့် ရသာရုံကို စားသိသောစိတ်ဖြစ်၏။

ကာယဝိညာဏ်စိတ်သည် အတွေ့အထိဟူသည့် ဖောဋ္ဌဗ္ဗာရုံကို ထိသိသောစိတ် ဖြစ်၏။

http://www.dhammadownload.com



သမ္ပဋိစ္ဆိုန်းစိတ်သည် အထက်၌ဖော်ပြခဲ့သော အာရုံငါးပါးကို ဆက်လက်ခံယူသောစိတ်ဖြစ်၏။

သန္တီရဏစိတ်သည် သမ္ပဋိစ္ဆိုန်းစိတ်ခံယူထားသော အာရုံကိုစုံစမ်းသော စိတ်ဖြစ်၏။

**အဟိတ်ကုသလစိတ်ဝိပါက်စိတ် ရှစ်ပါး**

**၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်တစ်ခု၊**
**၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တစ်ခု၊**
**၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်တစ်ခု၊**
**၄။ ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ်တစ်ခု၊**
**၅။ သုခသဟဂုတ် ကာယဝိညာဏ်စိတ်တစ်ခု၊**
**၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်တစ်ခု၊**
**၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တစ်ခု၊**
**၈။ သောမနဿသဟဂုတ် သန္တီရဏစိတ်တစ်ခု၊**

ဤစိတ်ရှစ်ပါးတို့၏ အမည်များသည် အကုသလဝိပါက်စိတ်ခုနစ်ပါးတို့၏ အမည်များအတိုင်းပင် ဖြစ်ကြ၏။ အဟိတ်ကုသလဝိပါက်စိတ်များတွင် သောမနဿသဟဂုတ် သန္တီရဏစိတ်တစ်ခုတိုးလာခြင်းသာ ထူး၏။ ဤစိတ်တို့၏ အဓိပ္ပာယ်များသည် အကုသလဝိပါက်စိတ်တို့၏အဓိပ္ပာယ်များအတိုင်းပင် ဖြစ်ကြ၏။

မြင်သိစိတ်နှစ်ခုကို စက္ခုဝိညာဏ်ဒွေ၊ ကြားသိစိတ်နှစ်ခုကို သောတဝိညာဏ်ဒွေ၊ နံသိစိတ်နှစ်ခုကို ဃာနဝိညာဏ်ဒွေ၊ စားသိစိတ်နှစ်ခုကို ဇိဝှာဝိညာဏ်ဒွေ၊ ထိသိစိတ်နှစ်ခုကို ကာယဝိညာဏ်ဒွေဟု ခေါ်၏။ ဤစိတ် ၁၀ ပါးတို့ကို စုပေါင်း၍ **ဒွေပဥ္စဝိညာဏ် ၁၀** ဟု ခေါ်၏။

အာရုံငါးပါးကို ပဥ္စာရုံဟု ခေါ်၏။ ထိုအာရုံတို့ကိုသိသည့်စိတ်များကို ပဥ္စဝိညာဏ်စိတ်များဟု ခေါ်၏။

အာရုံငါးပါးကို လက်ခံယူနိုင်သည့်စိတ်နှစ်ပါးကို သမ္ပဋိစ္ဆိုန်းဒွေဟု ခေါ်၏။ အာရုံကိုစုံစမ်းသော သန္တီရဏစိတ် သုံးပါးရှိ၏။ ၎င်းတို့ကို ဥပေက္ခာသန္တီရဏနှစ်ပါးနှင့် သောမနဿသန္တီရဏတစ်ပါးဟု ခွဲခြားထား၏။

ကာယဝိညာဏ်ဒွေနှင့် သောမနဿသန္တီရဏမှလွဲ၍ ကျန်စိတ်များအားလုံးသည် မြင်ကာမျှ၊ ကြားကာမျှ၊ နံကာမျှ၊ စားကာမျှ၊ အာရုံတို့ကိုလက်ခံရုံမျှ၊ အာရုံကို စူးစမ်းရုံမျှဖြစ်ကြပြီး ခံစားမှုမထင်ရှားကြသည့်အတွက် ဥပေက္ခာသဟဂုတ်စိတ်များ ဖြစ်ကြ၏။

http://www.dhammadownload.com



ကာယဝိညာဏ်စိတ်နှစ်ခုအနက် တစ်ခုသည် ဒုက္ခသဟဂုတ်စိတ် (ခန္ဓာကိုယ်၏ ဆင်းရဲခြင်းနှင့်တကွဖြစ်သောစိတ်) ဖြစ်ပြီးလျှင် ကျန်စိတ်တစ်ခုသည် သုခသဟဂုတ်စိတ် (ခန္ဓာကိုယ်၏ ချမ်းသာခြင်းနှင့်တကွဖြစ်သောစိတ်) ဖြစ်၏။

## မြင်သိစိတ်စသည်တို့နှစ်ခုစီကွဲပြားရသည့်အကြောင်း

ဖော်ပြခဲ့ပြီးသော အဟိတ်စိတ်များတွင် အကုသလဝိပါက်စက္ခုဝိညာဏ်စိတ်နှင့် အဟိတ်ကုသလဝိပါက်စက္ခုဝိညာဏ်ဟူ၍ မြင်သိစိတ်နှစ်ခုရှိသည်။ ထို့အတူ ကြားသိစိတ်, နံသိစိတ် စသည်တို့လည်း တစ်စုံစီရှိကြ၏။

ဤသို့ နှစ်ခုစီ ကွဲပြားနေရခြင်းမှာ အကုသိုလ်ကံ၏ အကျိုးနှင့် ကုသိုလ်ကံ၏ အကျိုးဟူ၍ အကျိုးပေးမှုကွဲပြားခြင်းကြောင့်ဖြစ်၏။

လူတို့သည် မနှစ်သက်အပ်သောအာရုံ (အနိဋ္ဌာရုံ) များနှင့် ကြုံတွေ့သည့်အခါ အကုသိုလ်ကံ၏ အကျိုးဝိပါက်စိတ်များနှင့်မြင်, ကြား, နံ, စား, ထိသိကြ၏။ အကုသလဝိပါက်သမ္ပဋိစ္ဆိုန်းစိတ်ဖြင့် အာရုံကို ဆက်လက်ခံယူပြီး အကုသလဝိပါက် သန္တီရဏစိတ်ဖြင့် အာရုံကို စုံစမ်း၏။

နှစ်သက်အပ်သောအာရုံ (ဣဋ္ဌာရုံ) များနှင့် ကြုံတွေ့နေရသည့်အခါ ကုသိုလ်ကံ၏ အကျိုးဝိပါက်များဖြင့် မြင်, ကြား, နံ, စား, ထိသိကြ၏။ အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်ဖြင့် အာရုံကို ဆက်လက်ခံယူပြီးလျှင် အဟိတ်ကုသလဝိပါက်သန္တီရဏစိတ်ဖြင့် ထိုအာရုံကို စုံစမ်း၏။

## လေ့ကျင့်ခန်း

၁။ လှပသောရှုခင်းနှင့် ခွေးသေပုပ်တို့ကို မည်သည့်စိတ်များဖြင့် မြင်သနည်း။

၂။ ဤအဘိဓမ္မာသင်ခန်းစာကို ကြည့်ရှုနေသည့်အခါ မည်သည့်စိတ် ဖြစ်သနည်း။

၃။ သာယာသောအသံ, ဆူညံသောအသံတို့ကို ကြားရသောအခါ မည်သည့် စိတ်များ ဖြစ်သနည်း။

၄။ ရေမွှေးနံ့နှင့် ပုပ်စော်နံသောအနံ့တို့ကို မည်သည့်စိတ်များဖြင့် သိရှိကြသနည်း။

၅။ ကြက်သားကင်ကို စားသောအခါနှင့် ဆားခါးကို မျိုသောအခါတို့တွင် မည်သည့်စိတ်များ ဖြစ်ပါသနည်း။

၆။ ဖော့ကရီအဝတ်ကို ဝတ်သောအခါ ဆူးစူးသောအခါတို့တွင် မည်သည့်စိတ် များ ဖြစ်ကြသနည်း။

(လှပသောရှုခင်းကို အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်စိတ်ဖြင့် မြင်၏။ ခွေး

http://www.dhammadownload.com



သေပုပ်ကို အကုသလဝိပါက် စက္ခုဝိညာဏ်စိတ်ဖြင့် မြင်၏။ အဘိဓမ္မာစာပေသည် ကုသိုလ်အကျိုးကိုပေးသောစာပေဖြစ်သဖြင့် အဘိဓမ္မာသင်ခန်းစာကို ကြည့်ရှုနေသူ၌ အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်စိတ်ဖြစ်၏။ ကြွင်းသည့် မေးခွန်းများကို အလား တူ ဖြေဆိုနိုင်ပါသည်။)

**အဟိတ်ကြိယာစိတ် သုံးပါး**

**၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် တစ်ခု။**

**၂။ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု။**

**၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် တစ်ခု။**

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရ(တံခါးငါးပေါက်) ဟုခေါ်ဆိုအပ်သော မျက်စိ, နား, နှာ, လျှာ, ကိုယ်တို့၌ ထင်လာသည့် အာရုံငါးပါးကို ဆင်ခြင်နှလုံးသွင်းတတ်သော စိတ် ဖြစ်၏။

မနောဒွါရာဝဇ္ဇန်းစိတ်သည် မနောဒွါရတည်းဟူသော စိတ်တံခါးဝ၌ ထင်လာ သည့် အာရုံကို ဆင်ခြင်နှလုံးသွင်းတတ်သောစိတ် ဖြစ်၏။

ဟသိတုပ္ပါဒ်စိတ်သည် မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်တို့၏ ပြုံးရယ်သော စိတ်ဖြစ်၏။ ပြုံးရယ်သည့်အခါ သောမနဿဝေဒနာနှင့် ယှဉ်ရသဖြင့် ဟသိတုပ္ပါဒ်စိတ် သည် သောမနဿသဟဂုတ်စိတ် ဖြစ်၏။

ပုထုဇဉ်နှင့် **သေက္ခပုဂ္ဂိုလ်** များ၌ ဟသိတုပ္ပါဒ်စိတ် မဖြစ်နိုင်ပါ။ **သေက္ခပုဂ္ဂိုလ် များဆိုသည်မှာ သောတာပန်, သကဒါဂါမ်နှင့် အနာဂါမ်များ ဖြစ်ကြ၏။**

အဟိတ်စိတ် ၁၈ ပါးတို့သည် မြင်သိစိတ်, ကြားသိစိတ် စသည့် ဝီထိစိတ်များ ဖြစ်ပေါ်ရန်အတွက် အလုပ်လုပ်ပေးကြ၏။ မည်သို့လုပ်ကိုင်ဆောင်ရွက်ပေးကြသည် ကို ဝီထိပိုင်းတွင် အသေးစိတ်မြင်သိရပါလိမ့်မည်။

**ကာမသောဘဏစိတ် ၂၄ ပါး**

ကာမသောဘဏစိတ် ၂၄ ပါးကို အောက်ပါအတိုင်း သုံးမျိုးခွဲခြားထား၏။

**၁။ မဟာကုသိုလ်စိတ် ရှစ်ပါး** (ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့ ကုသိုလ် ပြုလုပ် သော စိတ်)

**၂။ မဟာဝိပါက်စိတ် ရှစ်ပါး** (ကုသိုလ်ကံ၏ အကျိုးဖြစ်သော စိတ်)

**၃။ မဟာကြိယာစိတ် ရှစ်ပါး** (ရဟန္တာများ ကောင်းမှုပြုလုပ်သောစိတ်)

မဟာ=များသော၊ ကာမကုသိုလ်စိတ်အရေအတွက်သည် ရူပါဝစရကုသိုလ်စိတ်, အရူပါဝစရကုသိုလ်စိတ်, လောကုတ္တရာကုသိုလ်စိတ် အသီးသီးတို့ထက် အရေ အတွက် ပိုများ၏။ ထို့ကြောင့် မဟာကုသိုလ်စိတ်ဟု အမည်ရ၏။

http://www.dhammadownload.com



မဟာဝိပါက်, မဟာကြိယာဟု အမည်တွင်ခြင်းမှာလည်း အလားတူအကြောင်း ကြောင့်ပင် ဖြစ်၏။

မဟာကုသိုလ်စိတ်ရှစ်ပါး

**၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု၊**

**၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု၊**

**၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု၊**

**၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု၊**

**၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု၊**

**၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု၊**

**၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု၊**

**၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု၊**

ဉာဏသမ္ပယုတ် = ဉာဏ်ယှဉ်ခြင်း။

ဉာဏဝိပ္ပယုတ် = ဉာဏ်နှင့် မယှဉ်ခြင်း။

**ဉာဏ်ဟူသည်မှာ ကံကံ၏အကျိုး စသည်တို့ကို သိနားလည်သောဉာဏ်ကို ဆိုလို၏။** ကောင်းမှုပြုလျှင် ကုသိုလ်ကံဖြစ်၍ မကောင်းမှုပြုလျှင် အကုသိုလ်ကံ ဖြစ်သည်ကိုလည်းကောင်း၊ ကုသိုလ်ကံသည် ကောင်းကျိုးကိုပေး၍ အကုသိုလ်ကံသည် မကောင်းကျိုးကို ပေးသည်ကိုလည်းကောင်း သိမြင်သောဉာဏ်ပညာကို ဆိုလိုသည်။

၁။ ကံနှင့်ကံ၏ အကျိုးကို သိမြင်၍ ကောင်းမှုကို ဝမ်းမြောက်ရွှင်လန်းစွာ တိုက်တွန်းမှုမပါဘဲ မိမိအလိုအရပြုသောစိတ် တစ်ခု။

၂။ ကံနှင့် ကံ၏အကျိုးကို သိမြင်၍ ကောင်းမှုကို ဝမ်းမြောက်ရွှင်လန်းစွာ သူတစ်ပါးတိုက်တွန်း၍ သို့မဟုတ် မိမိကိုယ်မိမိ တိုက်တွန်း၍ပြုမှုသော စိတ် တစ်ခု။

၃။ ကံ– ကံ၏အကျိုးကို မသိမြင်ဘဲ ကောင်းမှုကိုဝမ်းမြောက်ရွှင်လန်းစွာ တိုက်တွန်းမှုမပါဘဲ မိမိအလိုအရပြုသောစိတ် တစ်ခု။

၄။ ကံ– ကံ၏ အကျိုးကို မသိမြင်ဘဲ ကောင်းမှုကို ဝမ်းမြောက်ရွှင်လန်းစွာ သူတစ်ပါးတိုက်တွန်း၍ သို့မဟုတ် မိမိကိုယ်မိမိ တိုက်တွန်း၍ပြုသော စိတ် တစ်ခု။

၅။ ကံ–ကံ၏ အကျိုးကို သိမြင်၍ ကောင်းမှုကို ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ မိမိအလိုအရပြုသောစိတ် တစ်ခု။

၆။ ကံ– ကံ၏ အကျိုးကို သိမြင်၍ ကောင်းမှုကို ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ တိုက်တွန်းမှုပယောဂဖြင့် ပြုလုပ်သောစိတ်တစ်ခု။

http://www.dhammadownload.com



၇။ ကံ–ကံ၏အကျိုးကို မသိမြင်ဘဲ ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ ကောင်းမှုကို မိမိအလိုအရပြုလုပ်သောစိတ် တစ်ခု။

၈။ ကံ–ကံ၏အကျိုးကို မသိမြင်ဘဲ ဝမ်းမြောက်ဝမ်းနည်းမဖြစ်ဘဲ ကောင်းမှုကို တိုက်တွန်းမှုပယောဂဖြင့် ပြုလုပ်သောစိတ်တစ်ခု။

## လေ့ကျင့်ခန်း

၁။ မြတ်စွာဘုရား၏ ဆင်းတုတော်ကို ကြည်ညိုရွှင်လန်းစွာ ရှိခိုးနေသူ၌ မည်သည့်စိတ်ဖြစ်နေသနည်း။

၂။ အဘိဓမ္မာသင်တန်းကို သူငယ်ချင်းက တိုက်တွန်းနှိုးဆော်သဖြင့် လာရောက်ဆည်းပူးနေသူ၌ မည်သည့်စိတ်ဖြစ်သနည်း။

၃။ သူတစ်ပါးတို့ ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေသောအခါ ဝမ်းမြောက်ရွှင်လန်းစွာ သာဓုခေါ်သူ၌ မည်သည့်စိတ်ဖြစ်သနည်း။

၄။ မိဘတို့က ဘုန်းကြီးကိုဦးချသည်ကိုမြင်၍ ဘုန်းကြီးကိုဝမ်းမြောက်စွာ ဦးချနေသော ကလေးငယ်၌ မည်သည့်စိတ်ဖြစ်မည်နည်း။

၅။ မိဘတို့စေခိုင်းသဖြင့် ဝတ်ကျေတန်းကျေ ဘုရားပန်းကပ်နေသည့် လုံမငယ်၌ မည်သည့်စိတ်ဖြစ်သနည်း။

၆။ အလှူလာကောက်ခံသောအခါ မလှူချင်ဘဲ လှူလိုက်ရသည့်သူ၌ မည်သည့်စိတ် ဖြစ်သနည်း။

၇။ သူတစ်ပါးတို့အား ရတနာသုံးပါးကို ကြည်ညိုရန် တိုက်တွန်းဟောပြောနေသူ၌ မည်သည့်စိတ် ဖြစ်သနည်း။

၈။ နိုင်ငံကိုအကျိုးပြုရန် ရည်ရွယ်ချက်ဖြင့် လောကီပညာကို ဝမ်းမြောက်စွာ ကြိုးစားဆည်းပူးနေသူ၌ မည်သည့်စိတ်ဖြစ်သနည်း။

မိမိနှင့် သူတစ်ပါးတို့အား အကျိုးပြုသောအလုပ်ဟူသမျှသည် အပြစ်ကင်းသော အလုပ် (ကုသိုလ်)ဖြစ်၏။ မိမိ၏အကျိုးကိုဖြစ်စေ သူတစ်ပါး၏အကျိုးကိုဖြစ်စေ ထိခိုက်ဆုတ်ယုတ်စေသောအလုပ်ဟူသမျှသည် အကုသိုလ် (ဝါ) မကောင်းမှု ဖြစ်၏။

အထက်ပါမေးခွန်းများနှင့်သက်ဆိုင်သော အပြုအမူများမှာ ကောင်းမှုများ ဖြစ်ကြသဖြင့် မဟာကုသိုလ်စိတ်များ ဖြစ်ပေါ်လိမ့်မည်။ ထိုသို့ မဟာကုသိုလ်စိတ် ဖြစ်ကြောင်း သတ်မှတ်ပြီးသည့်နောက် မဟာကုသိုလ်စိတ်ရှစ်ပါးတွင် မည်သည့်စိတ် ဖြစ်ကြောင်းကို ဆက်လက်စိစစ်ပေးရမည်။

မေးခွန်း (၁) ၌ ဘုရားဆင်းတုတော်ကို ကြည်ညိုရွှင်လန်းစွာ ရှိခိုးနေသည် ဆိုသဖြင့် သောမနဿသဟဂုတ်အသင်္ခါရိကဖြစ်ကြောင်း ထင်ရှား၏။ "ကြည်ညို"

http://www.dhammadownload.com



ဟူသောပုဒ်သည် ဘုရားရှိခိုးခြင်းက ကုသိုလ်ကောင်းမှုဖြစ်၍ ထိုကောင်းမှု၏ အကျိုးရှိသည်ကို သိနားလည်သောသဘောကို ဆောင်၏။

ထို့ကြောင့် မေးခွန်း(၁)၏အဖြေမှာ "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်၏။

မေးခွန်း(၂)၌ သူတစ်ပါးတိုက်တွန်းမှုပါသဖြင့် သသင်္ခါရိကစိတ်ဖြစ်မည်။ အဘိဓမ္မာသင်တန်းကို တက်ရောက်ဆည်းပူးနေသည့်အခြေသို့ ရောက်ရှိသောသူသည် ကံ–ကံ၏အကျိုးကို အနည်းဆုံး အသင့်အတင့်ယုံကြည်သူဖြစ်လိမ့်မည်။ သင်တန်းတက်နေစဉ် ရွှင်လန်းဝမ်းမြောက်မှုရှိကြောင်း မေးခွန်း၌မဆိုထားသဖြင့် သောမနဿစိတ်ဖြစ်သည်ဟု မဆိုနိုင်သေးဘဲ ဥပေက္ခာဝေဒနာသာဖြစ်သေးသည်ဟု ဆိုရလိမ့်မည်။

ထို့ကြောင့် မေးခွန်း(၂)၏အဖြေသည် "ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်" ဖြစ်၏။

မေးခွန်း(၃)ကို မေးခွန်း(၁)အတိုင်း ဖြေသင့်၏။

မေးခွန်း(၄)၌ ကလေးငယ်သည် ကံ–ကံ၏သဘောကို မသိနားမလည်သေး။ မိဘကိုအတုယူ၍ ဘုန်းကြီးကို ရှိခိုးသဖြင့် ဉာဏ်ယှဉ်သောစိတ် မဖြစ်နိုင်သေး။ ထို့ကြောင့် "သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်" ဖြစ်မည်။

မေးခွန်း(၅)၌ "ဥပေက္ခာသဟဂုတ်ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်" ဖြစ်မည်။

မေးခွန်း(၆)၏ အဖြေသည်လည်း ဤစိတ်ပင်ဖြစ်၏။

မေးခွန်း(၇)နှင့်(၈)တို့အတွက် "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်"ဟု အဖြေပေးလျှင် သင့်လျော်၏။

အသင်္ခါရိကစိတ်သည် သသင်္ခါရိကစိတ်ထက် ပို၍ထက်မြက်၏။ အကျိုးပေးသည့်အခါ၌လည်း ပို၍အစွမ်းထက်၏။

ထို့အတူ သောမနဿသဟဂုတ်စိတ်သည် ဥပေက္ခာသဟဂုတ်စိတ်ထက် အကျိုးပေးနိုင်သောသတ္တိ ပိုထက်သန်၏။

ထို့ကြောင့် ကုသိုလ်ကောင်းမှုများကို အားတက်သရော ရွှင်ရွှင်လန်းလန်း ပြုလုပ်သင့်၏။ ဉာဏ်ယှဉ်၍ပြုလုပ်နိုင်ရန်လည်း အားထုတ်သင့်၏။ အဘိဓမ္မာသဘောကို နားလည်လာသောအခါ ကောင်းမှုပြုတိုင်း ဉာဏ်ယှဉ်လာပါလိမ့်မည်။

**မဟာဝိပါက်စိတ် ရှစ်ပါး**

**၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
**၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**
**၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
**၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**

http://www.dhammadownload.com



**၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
**၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**
**၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
**၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**

မဟာဝိပါက်စိတ် ရှစ်ပါးတို့၏အမည်များသည် မဟာကုသိုလ်စိတ်ရှစ်ပါးတို့၏ အမည်များအတိုင်းပင် ဖြစ်ကြ၏။ စိတ်တစ်ခုချင်းကို တိတိကျကျခွဲခြား၍ ခေါ်လိုသော် "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာကုသိုလ် စိတ်"၊ "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာဝိပါက်စိတ်" စသည်ဖြင့် ခေါ်ဆိုရပါမည်။

မဟာဝိပါက်စိတ် ရှစ်ပါးတို့သည် ရှေးရှေးဘဝများက မဟာကုသိုလ်စိတ်ရှစ်ပါးဖြင့် ကောင်းမှုပြုခဲ့သော ကုသိုလ်ကံများ၏ အကျိုးစိတ်များ ဖြစ်ကြ၏။

မဟာဝိပါက်စိတ်တို့သည် ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်နှင့် တဒါရုံစိတ်များအဖြစ် တာဝန် ထမ်းရွက်ကြ၏။ ဤအကြောင်းကို ပကိဏ်းပိုင်း, ဝီထိပိုင်းနှင့် ဘုံပိုင်းတို့တွင် လေ့လာကြရမည်။

မဟာကြိယာစိတ် ရှစ်ပါး

**၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
**၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**
**၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
**၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**
**၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
**၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**
**၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု။**
**၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ခု။**

မဟာကြိယာစိတ် ရှစ်ပါးတို့၏ အမည်များသည်လည်း မဟာကုသိုလ်စိတ်ရှစ်ပါးတို့၏ အမည်များအတိုင်းပင်ဖြစ်၏။ အသေးစိတ်ခွဲခြား၍ ဖော်ပြလိုလျှင် "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်" စသည်ဖြင့် ခေါ်ဆိုရပါမည်။

ဤမဟာကြိယာစိတ်တို့သည် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်နှင့် အနာဂါမ်များတွင် မဖြစ်နိုင်ပါ။ ရဟန္တာများ၌သာ ဖြစ်နိုင်၏။

ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ်တို့သည် ရဟန္တာ မဖြစ်မချင်း

http://www.dhammadownload.com



ဘဝသစ်တစ်ဖန် ဖြစ်ကြရဦးမည်။ ထို့ကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးတရားများကို ဆက်လက်ခံစားကြရပေဦးမည်။

ရဟန္တာပုဂ္ဂိုလ်တို့ကား နောက်ထပ် ဘဝသစ်ဖြစ်စရာ မရှိတော့။ သို့အတွက် ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့၏အကျိုးဆက်များကို နောက်ဘဝများ၌ ခံစားစရာ မရှိတော့။ ဤသို့ ခံစားစရာမရှိတော့စေကာမူ ရဟန္တာအရှင်မြတ်များသည် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များကဲ့သို့ပင် ဘုရားရှိခိုးခြင်း၊ ရေလှူပန်းကပ်ခြင်း၊ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း စသော ကောင်းမှုများကို ပြုလုပ်ကြ၏။

ရဟန္တာများ ကောင်းမှုပြုသောအခါ မဟာကြိယာစိတ်များဖြင့် ပြုလုပ်ကြ၏။ ဝိပါက်အကျိုးခံစားစရာမရှိဘဲ ပြုကာမျှဖြစ်သောကြောင့် မဟာကြိယာစိတ်ဟု ခေါ်ဆိုရ၏။ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့က ကောင်းမှုပြုလျှင် မဟာကုသိုလ်စိတ်ဖြင့် ပြုလုပ်ကြ၏။

ဥပမာ ကံ–ကံ၏အကျိုးကို ယုံကြည်၍ တိုက်တွန်းမှုမပါဘဲ ကောင်းမှုတစ်ရပ်ကို ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တစ်ဦးဦးက ပြုလုပ်လျှင် "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်" ဖြစ်၏။ ထိုအမှုကို ရဟန္တာတစ်ပါးက ပြုလုပ်လျှင် "သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာကြိယာစိတ်" ဖြစ်၏။

## ကာမသောဘဏစိတ် ၂၄ ပါးပြားပုံ

ကာမသောဘဏစိတ်များသည် အရင်းခံအားဖြင့် မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာ ဟူ၍ သုံးမျိုးသာ ရှိ၏။ သို့သော် သောမနဿနှင့် ဥပေက္ခာ ဟူသည့် ဝေဒနာနှစ်မျိုးဖြင့် မြှောက်ပွားလိုက်သည့်အခါ ခြောက်ပါးဖြစ်လာ၏။ ဤခြောက်ပါးကို တစ်ဖန် ဉာဏ်နှင့် ယှဉ်၊ မယှဉ် (သမ္ပယုတ်နှင့် ဝိပ္ပယုတ်) နှစ်ပါးဖြင့် ထပ်ဆင့်မြှောက်ပွားလိုက်သည့်အခါ ၁၂ ပါး ဖြစ်လာ၏။ ထို ၁၂ ပါးကို တစ်ဖန် တိုက်တွန်းမှုရှိ မရှိ (သသင်္ခါရိကနှင့် အသင်္ခါရိက) နှစ်ပါးဖြင့် ထပ်ပွားလိုက်သောအခါ စိတ် ၂၄ ပါး ဖြစ်လာ၏။

## ကာမာဝစရစိတ် ၅၄ ပါးတို့၏ သရုပ်ခွဲ

စိတ်များကို (၁) အရေအတွက်အားဖြင့်လည်းကောင်း၊
(၂) မျိုးရိုးဇာတ် (ဇာတိဘေဒ) အားဖြင့် လည်းကောင်း၊
(၃) ခံစားခြင်း (ဝေဒနာဘေဒ) အားဖြင့်လည်းကောင်း၊
(၄) ဒိဋ္ဌိ၊ ပဋိဃ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ဉာဏ အသီးသီးနှင့် ယှဉ်ခြင်း၊ မယှဉ်ခြင်းဟူသော ယောဂနည်းအားဖြင့် လည်းကောင်း၊

http://www.dhammadownload.com



ပြုပြင်တိုက်တွန်းခြင်းဟူသည့်သခါရ ရှိခြင်း, မရှိခြင်းအပေါ်
လိုက်၍လည်းကောင်း သရုပ်ခွဲလေ့ ရှိကြ၏။

ဤသရုပ်ခွဲများကို ဤစာအုပ်အဆုံး၌ ဖော်ပြထားသည့်စိတ်ဇယားကို ကြည့်၍ အလွယ်တကူသိရှိနိုင်၏။ စိတ်ပိုင်းတစ်ခုလုံးအတွက် ပြန်လှန်လေ့လာသည့်အခါ ထိုစိတ်ဇယားတစ်ခုတည်းကို မှတ်မိရန် ကြည့်ထားလျှင်ပင် လုံလောက်ပါသည်။

သရုပ်ခွဲပုံကို မြင်သိသွားနိုင်ရန် ဖော်ပြပါအံ့။ ဇယားနှင့် ယှဉ်ကြည့်ပါ။

***. ကာမာဝစရစိတ်တို့ကား အဘယ်မျှရှိသနည်း။**

အကုသိုလ်စိတ် ၁၂ ပါး၊ အဟိတ်စိတ် ၁၈ ပါး၊ ကာမသောဘဏစိတ် ၂၄ ပါး ဟူ၍ ၅၄ ပါးရှိပါသည်။

***. ဇာတိဘေဒ (ဝါ) အမျိုးဇာတ်အားဖြင့် ခွဲခြားပြပါ။**

အကုသိုလ်စိတ် ၁၂ ပါး၊ ကုသိုလ်စိတ် ရှစ်ပါး၊ ဝိပါက်စိတ် ၂၃ ပါး၊ ကြိယာစိတ် ၁၁ ပါးဟူ၍ ၅၄ ပါး ဖြစ်ပါသည်။

(အကုသိုလ်, ကုသိုလ်, ဝိပါက်, ကြိယာတို့ကား စိတ်တို့၏ ဇာတ်လေးပါးတည်း။)

***. ဝိပါက်စိတ် ၂၃ ပါးဟူသည်ကား အဘယ်နည်း။**

အကုသလဝိပါက် ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက် ရှစ်ပါး၊ မဟာဝိပါက် ရှစ်ပါး ဟူ၍ စုစုပေါင်း ၂၃ ပါးတို့တည်း။

***. ကာမကြိယာစိတ် ၁၁ ပါးဟူသည်ကား အဘယ်နည်း။**

အဟိတ်ကြိယာစိတ် သုံးပါးနှင့် မဟာကြိယာစိတ် ရှစ်ပါးတို့တည်း။

***. ကာမစိတ် ၅၄ ပါးကို ဝေဒနာဘေဒအရ ခွဲခြားပြပါ။**

အကုသိုလ်သောမနဿ လေးပါး၊ အဟိတ်သောမနဿ နှစ်ပါး၊ ကာမ သောမနဿ ၁၂ ပါးဟူ၍ သောမနဿစိတ် ၁၈ ပါး ရှိပါသည်။

အကုသိုလ်ဒေါမနဿစိတ် နှစ်ပါးရှိပါသည်။

အဟိတ်ကုသလဝိပါက်, သုခသဟဂုတ်စိတ် တစ်ပါးရှိပါသည်။

အကုသလဝိပါက် ဒုက္ခသဟဂုတ်စိတ် တစ်ပါးရှိပါသည်။

အကုသိုလ်ဥပေက္ခာ ခြောက်ပါး၊ အဟိတ်ဥပေက္ခာ ၁၄ ပါး၊ သောဘဏဥပေက္ခာ ၁၂ ပါးဟူ၍ ဥပေက္ခာစိတ် ၃၂ ပါးရှိပါသည်။

***. ကာမစိတ် ၅၄ ပါးတွင် သမ္ပယုတ်စိတ်နှင့် ဝိပ္ပယုတ်စိတ် မည်မျှစီရှိကြသနည်း။**

လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါး၊ ဒေါသမူ ပဋိဃသမ္ပယုတ်စိတ် နှစ်ပါး၊ မောဟမူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် တစ်ပါး၊ မောဟမူ ဥဒ္ဓစ္စသမ္ပယုတ်စိတ် တစ်ပါး၊ ကာမသောဘဏ ဉာဏသမ္ပယုတ်စိတ် ၁၂ ပါးဟူ၍ စုစုပေါင်းသမ္ပယုတ်စိတ်အပါး ၂၀ ရှိပါသည်။

http://www.dhammadownload.com



ဘဝသစ်တစ်ဖန် ဖြစ်ကြရဦးမည်။ ထို့ကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးတရားများကို ဆက်လက်ခံစားကြရပေဦးမည်။

ရဟန္တာပုဂ္ဂိုလ်တို့ကား နောက်ထပ် ဘဝသစ်ဖြစ်စရာ မရှိတော့။ သို့အတွက် ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့၏ အကျိုးဆက်များကို နောက်ဘဝများ၌ ခံစားစရာ မရှိတော့။ ဤသို့ ခံစားစရာမရှိတော့စေကာမူ ရဟန္တာအရှင်မြတ်များသည် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များကဲ့သို့ပင် ဘုရားရှိခိုးခြင်း၊ ရေလှူ ပန်းကပ်ခြင်း၊ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း စသော ကောင်းမှုများကို ပြုလုပ်ကြ၏။

ရဟန္တာများ ကောင်းမှုပြုသောအခါ မဟာကြိယာစိတ်များဖြင့် ပြုလုပ်ကြ၏။ ဝိပါက်အကျိုးခံစားစရာမရှိဘဲ ပြုကာမျှဖြစ်သောကြောင့် မဟာကြိယာစိတ်ဟု ခေါ်ဆိုရ၏။ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့က ကောင်းမှုပြုလျှင် မဟာကုသိုလ်စိတ်ဖြင့် ပြုလုပ်ကြ၏။

ဥပမာ ကံ– ကံ၏အကျိုးကို ယုံကြည်၍ တိုက်တွန်းမှုမပါဘဲ ကောင်းမှုတစ်ရပ်ကို ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တစ်ဦးဦးက ပြုလုပ်လျှင် "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိက မဟာကုသိုလ်စိတ်"ဖြစ်၏။ ထိုအမှုကို ရဟန္တာတစ်ပါးက ပြုလုပ်လျှင် "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာကြိယာစိတ်" ဖြစ်၏။

## ကာမသောဘဏစိတ် ၂၄ ပါးပြားပုံ

ကာမသောဘဏစိတ်များသည် အရင်းခံအားဖြင့် မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာ ဟူ၍ သုံးမျိုးသာ ရှိ၏။ သို့သော် သောမနဿနှင့် ဥပေက္ခာ ဟူသည့် ဝေဒနာနှစ်မျိုးဖြင့် မြှောက်ပွားလိုက်သည့်အခါ ခြောက်ပါးဖြစ်လာ၏။ ဤခြောက်ပါးကို တစ်ဖန် ဉာဏ်နှင့် ယှဉ်၊ မယှဉ် (သမ္ပယုတ်နှင့် ဝိပ္ပယုတ်) နှစ်ပါးဖြင့် ထပ်ဆင့်မြှောက်ပွားလိုက်သည့်အခါ ၁၂ ပါး ဖြစ်လာ၏။ ထို ၁၂ ပါးကို တစ်ဖန် တိုက်တွန်းမှုရှိ မရှိ (သသင်္ခါရိကနှင့် အသင်္ခါရိက) နှစ်ပါးဖြင့် ထပ်ပွားလိုက်သောအခါ စိတ် ၂၄ ပါး ဖြစ်လာ၏။

## ကာမာဝစရစိတ် ၅၄ ပါးတို့၏ သရုပ်ခွဲ

စိတ်များကို (၁) အရေအတွက်အားဖြင့်လည်းကောင်း၊
(၂) မျိုးရိုးဇာတ် (ဇာတိဘေဒ) အားဖြင့် လည်းကောင်း၊
(၃) ခံစားခြင်း (ဝေဒနာဘေဒ) အားဖြင့်လည်းကောင်း၊
(၄) ဒိဋ္ဌိ၊ ပဋိဃ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ဉာဏ အသီးသီးနှင့် ယှဉ်ခြင်း၊ မယှဉ်ခြင်းဟူသော ယောဂနည်းအားဖြင့် လည်းကောင်း၊

http://www.dhammadownload.com



အာရုံတစ်ခုတည်း၌ စွဲမြဲနေစေ၏။ ထို့ကြောင့် အဆိုပါ ဈာန်အင်္ဂါတို့ အားကောင်းလာကြသောအခါ **ဘာဝနာပွားများသူ၏ စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ စွဲစွဲမြဲမြဲတည်နေ၏။** ဧကဂ္ဂတာ စေတသိက် အားကောင်းနေသည်ကိုပင် သမာဓိအားကောင်းနေသည်ဟု ဆို၏။

**ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော စေတသိက်တစ်ပါးစီကို ဈာန်အင်္ဂါဟုခေါ်၏။ ထိုဈာန်အင်္ဂါ (ဝါ) ထိုစေတသိက်များ၏ အပေါင်းအစုကို ဈာန်ဟုခေါ်၏။ ခြေ, လက်, နား, နှာ စသော ကိုယ်အင်္ဂါများ၏ အပေါင်းအစုကို "ကိုယ်" ဟုခေါ်သကဲ့သို့ပင်တည်း။**

ထို့ကြောင့် "ဈာန်, ဈာန်အင်္ဂါ" ဟူသောအမည်တို့သည် စိတ်အမည်မဟုတ်၊ စေတသိက်၏ အမည်များသာ ဖြစ်ကြ၏။ ထိုစေတသိက်အပေါင်းဖြစ်သော ဈာန်နှင့်ယှဉ်သည့်စိတ်ကို "ဈာန်စိတ်" ဟု ခေါ်ပါသည်။

**"စိုက်စိုက်စူးစူး၊ အထူးမြဲမြဲ၊ ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်"** ဟူ၍ လယ်တီဆရာတော် စပ်ဆိုခဲ့ပါသည်။

ဈာန်ချမ်းသာသည် ကာမဂုဏ်ချမ်းသာထက် သာလွန်၏။ ပထမဈာန် ရသူသည် ထိုဈာန်မှ မလျှောကျရန် ကာမဂုဏ်အာရုံသို့ အလွယ်တကူဦးလှည့်စေတတ်သော ဝိတက်ကိုပယ်၍ ဈာန်ဝင်စားနိုင်အောင် ဘာဝနာဆက်လက်ရှုမှတ်၏။

ထိုသို့ဝိတက်ကိုပယ်နိုင်သောအခါ ဈာန်အင်္ဂါလေးပါးရှိသည့် ဒုတိယဈာန်ကို ရ၏။

ဒုတိယဈာန်တွင်ပါသော ဝိစာရသည်လည်း ကာမဂုဏ်အာရုံနှင့် နီးစပ်နေသေးသဖြင့် ထိုဈာန်အင်္ဂါ (ဝိစာရ) ကိုပါ ထပ်ပယ်ပြီး ဈာန်ဝင်စားနိုင်အောင် ဆက်လက်၍ ဘာဝနာပွားများသော် တတိယဈာန်ကို ရ၏။

တတိယဈာန်တွင် ပီတိ, သုခ, ဧကဂ္ဂတာဟူသည့် ဈာန်အင်္ဂါသုံးပါးသာ ရှိတော့၏။ ဤသုံးပါးတွင် ပီတိသည် ကာမဂုဏ်အာရုံနှင့် နီးစပ်နေသေးသဖြင့် ထိုဈာန်အင်္ဂါကိုပါ ပယ်နိုင်အောင် ထပ်မံကြိုးစားလျှင် သုခနှင့် ဧကဂ္ဂတာဈာန်အင်္ဂါနှစ်ပါးသာရှိသည့် စတုတ္ထဈာန်ကို ရ၏။

စတုတ္ထဈာန်တွင်လည်း သုခသည် ကာမဂုဏ်ချမ်းသာနှင့် နီးနွယ်နေသေးသဖြင့် သုခကိုပါ ပယ်နိုင်အောင် ကြိုးစားသော် ဥပေက္ခာနှင့် ဧကဂ္ဂတာဈာန်အင်္ဂါ နှစ်ပါးရှိသော ပဥ္စမဈာန်ကိုရ၏။ ဥပေက္ခာဝေဒနာနှင့်ယှဉ်သော ပဥ္စမဈာန်သည် သုခဝေဒနာနှင့် ယှဉ်သည့် စတုတ္ထဈာန်ထက် ပို၍တည်ငြိမ်ပြီး သိမ်မွေ့၏။

ဈာန်ရအောင် ကမ္မဋ္ဌာန်းဘာဝနာပွားများခြင်းသည် ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း

http://www.dhammadownload.com



ပင်ဖြစ်၏။ ထို့ကြောင့် ဆိုခဲ့ပြီးသော ဈာန်စိတ်ငါးပါးသည် ရူပဝစရကုသိုလ်စိတ်များ ဖြစ်ကြ၏။

ပထမဈာန် သို့မဟုတ် ဒုတိယဈာန်နှင့်ယှဉ်သော ရူပါဝစရကုသိုလ်စိတ်သည် ၎င်းစိတ်နှင့်တူမျှသော ရူပါဝစရဝိပါက်စိတ်ကို အကျိုးပေး၏။ ဤဝိပါက်စိတ်ဖြင့် ပထမဈာန် ရူပဗြဟ္မာဘုံ၌ ဥပပါတ်ပဋိသန္ဓေနေသူသည် ထိုဈာန်ချမ်းသာကို တစ်သက် လုံးခံစားနိုင်၏။

အဆင့်မြင့်သော ကုသိုလ်ဈာန်စိတ်သည် အဆင့်မြင့်သည့် ရူပဗြဟ္မာဘုံတို့၌ ဥပပါတ်ပဋိသန္ဓေဖြစ်ပေါ်စေပြီးလျှင် ထိုအကျိုးပြုလိုက်သောကုသိုလ်ဈာန်နှင့် တူမျှ သည့် ဈာန်ချမ်းသာကို တစ်ကမ္ဘာ, နှစ်ကမ္ဘာ စသည်ဖြင့် ရှည်ကြာလေးမြင့်စွာ ခံစား စေ၏။

သို့ဖြစ်၍ ရုပ်လောက၌ **'သက်ရောက်မှုတိုင်းတွင် ညီမျှသည့်ဆန့်ကျင်ဘက် သက် ရောက်မှုတစ်ခု ရှိသည်'**

**"To every action there is an equal and opposite reaction."**

ဟု နယူတန်၏ နိယာမဆိုခဲ့သည့်အတိုင်း နာမ်လောက၌လည်း ကုသိုလ်ကံ၏ အကျိုးဝိပါက် (ဝိပါက) သည် အလွန်တိကျမှန်ကန်လှပေသည်။

ရူပဈာန်များကို ရရှိအောင် အားထုတ်ခဲ့သူတို့၏ ကုသိုလ်ကံအလျောက် ရူပ ဗြဟ္မာဘုံများ ပေါ်ပေါက်လာရ၏။ အရူပဈာန်များကို ရရှိအောင် အားထုတ်ခဲ့သူတို့ ၏ ကုသိုလ်ကံအလျောက် အရူပဗြဟ္မာဘုံများ ပေါ်ပေါက်လာ၏။ ဤသို့ အဆင့်ဆင့် သိနားလည်ကာ ၃၁ ဘုံ ဖြစ်တည်နေခြင်းကို သဘောကျနှစ်သက်နိုင်ပေ၏။

ဗုဒ္ဓဟောကြားခဲ့သော ၃၁ ဘုံပါဝင်သည့် လောကအဖွဲ့အစည်းကြီးတွင် ရုပ်နာမ် တို့၏ အကြောင်းအကျိုးဆက်နွယ်မှုသာ ရှိသည်။ ဖန်ဆင်းတတ်သည့် အနန္တတန်ခိုး ရှင် မပါဝင်ပါ။ ကံသာလျှင် ဖန်တီးရှင်ဖြစ်ပေ၏။

### ရူပါဝစရကုသိုလ်စိတ် ငါးပါး

၁။ **ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပထမဈာန်ကုသိုလ်စိတ် တစ်ခု၊**

၂။ **ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဒုတိယ ဈာန်ကုသိုလ်စိတ် တစ်ခု၊**

၃။ **ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တတိယဈာန် ကုသိုလ်စိတ် တစ်ခု၊**

၄။ **သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်ကုသိုလ်စိတ် တစ်ခု၊**

http://www.dhammadownload.com



**၅။ ဥပေက္ခာ, ဧကဂ္ဂတာ, ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ပဥ္စမဈာန်ကုသိုလ်စိတ် တစ်ခု၊**

သုခနှင့်ယှဉ်သော ဈာန်စိတ်လေးပါးကို သောမနဿစိတ်များဟု မှတ်သားအပ်၏။ အကြောင်းမှာ ဈာန်ချမ်းသာသည် အဓိကအားဖြင့် စိတ်၌ဖြစ်သည့် ချမ်းသာပင်ဖြစ်သောကြောင့်တည်း။

ထို့အပြင် ဈာန်စိတ်များအားလုံးသည် ဉာဏ်ပညာယှဉ်သော ဉာဏသမ္ပယုတ်စိတ်များ ဖြစ်ကြ၏။ အလောဘ, အဒေါသ, အမောဟ ဟူသည့် ကုသိုလ်ဟိတ် သုံးပါး ယှဉ်သည့် ဉာဏသမ္ပယုတ်မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့ကြသော **"တိဟိတ်ပုဂ္ဂိုလ်"** များသာလျှင် ဈာန်ရသည်အထိ အားထုတ်နိုင်ကြ၏။

အမောဟစေတသိက်သည် ပညာစေတသိက်ဖြစ်၏။ သို့အတွက် ပဋိသန္ဓေနေကတည်းက ပညာယှဉ်သည့် **ပဋိသန္ဓေမျိုးစေ့** ပါလာသူများသာ ဈာန်ရသည်အထိ အားထုတ်နိုင်ကြ၏။ အမောဟဟိတ်မပါသော ဉာဏဝိပ္ပယုတ်မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေခဲ့ကြရသော **"ဒွိဟိတ်ပုဂ္ဂိုလ်"** များသည် ဤဘဝတွင် မည်မျှ ကြိုးစားပြီး အားထုတ်စေကာမူ ဈာန်မရနိုင်ကြပါ။ ဉာဏ်ပါသည့် ကုသိုလ်မျိုးစေ့ကိုကား ရရှိသွားမည်ဖြစ်၍ နောင်ဘဝများတွင် ဈာန်ရသည်အထိ အားထုတ်နိုင်ကြပေမည်။

**ရူပါဝစရဝိပါက်စိတ် ငါးပါး**

**၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပထမဈာန်ဝိပါက်စိတ် တစ်ခု။**

**၂။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဒုတိယဈာန်ဝိပါက်စိတ် တစ်ခု။**

**၃။ ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါသုံးပါးနှင့်ပြည့်စုံသော တတိယဈာန်ဝိပါက်စိတ် တစ်ခု။**

**၄။ သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်ဝိပါက်စိတ် တစ်ခု။**

**၅။ ဥပေက္ခာ, ဧကဂ္ဂတာ, ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပဥ္စမဈာန် ဝိပါက်စိတ် တစ်ခု။**

ဤရူပဈာန်ဝိပါက်စိတ်များသည် ရူပဈာန် ကုသိုလ်စိတ်များ၏ အကျိုးရင်းများဖြစ်ကြ၏။ ရူပဗြဟ္မာဘုံများ၌ ပဋိသန္ဓေဖြစ်စေသော စိတ်များတည်း။

ရူပဈာန်ဝိပါက်စိတ်များသည် ရူပဈာန်ကုသိုလ်စိတ်များကဲ့သို့ပင် သောမနဿစိတ် လေးပါးနှင့် ဥပေက္ခာစိတ်တစ်ပါးတို့ ဖြစ်ကြ၏။ အားလုံး ဉာဏသမ္ပယုတ်စိတ်များ ဖြစ်ကြ၏။

http://www.dhammadownload.com



**ရူပါဝစရကြိယာစိတ် ငါးပါး**

၁။ **ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပထမဈာန်ကြိယာစိတ် တစ်ခု။**

၂။ **ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဒုတိယဈာန် ကြိယာစိတ် တစ်ခု။**

၃။ **ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တတိယဈာန်ကြိယာစိတ် တစ်ခု။**

၄။ **သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန် ကြိယာစိတ် တစ်ခု။**

၅။ **ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပဉ္စမဈာန်ကြိယာစိတ် တစ်ခု။**

ဤရူပဈာန် ကြိယာစိတ်များသည် ရဟန္တာပုဂ္ဂိုလ်များ၌သာ ဖြစ်နိုင်ကြ၏။ ရဟန္တာ အရှင်မြတ်များက ပန်းကပ်ခြင်း, ဆီမီးပူဇော်ခြင်း, သီလစောင့်ထိန်းခြင်း, မေတ္တာပို့ခြင်း စသည့် ကောင်းမှုများကို ပြုလုပ်သည့်အခါ မဟာကုသိုလ်စိတ်များအစား မဟာကြိယာ စိတ်များဖြစ်ပေါ်သကဲ့သို့ ရဟန္တာအရှင်မြတ်တို့က ရူပဈာန်များ ရရှိအောင် အားထုတ်ကြသည့်အခါ၌ ရူပဈာန်ကုသိုလ်စိတ်များအစား ရူပဈာန် ကြိယာစိတ်များ ဖြစ်ပေါ်ကြ၏။

**အရူပါဝစရစိတ် ၁၂ ပါး**

* **အရူပါဝစရစိတ် ၁၂ ပါးကား အဘယ်သို့နည်း။**

**(၁) အရူပါဝစရကုသိုလ်စိတ် လေးပါး (အရူပကုသိုလ်စိတ်)**

**(၂) အရူပါဝစရဝိပါက်စိတ် လေးပါး (အရူပဝိပါက်စိတ်)**

**(၃) အရူပါဝစရကြိယာစိတ် လေးပါး (အရူပကြိယာစိတ်)**

တို့ ဖြစ်ကြပါသည်။

**မှတ်ချက်။** ။ ရူပဈာန်ငါးပါးလုံးကို ရရှိပြီးသူများသာ အရူပဈာန်များကို ရရှိအောင် ဆက်လက်အားထုတ်နိုင်ကြ၏။

အားထုတ်သည့်အခါ ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်သည် ရူပါဝစရပဉ္စမဈာန်ကုသိုလ် စိတ်ကို အခြေပြု၏။

ရူပပဉ္စမဈာန်စိတ်သည် ကသိုဏ်းနိမိတ်ကို အာရုံပြုရကား ရုပ်နှင့် ဆက်စပ်မှုရှိ သဖြင့် ရုပ်နှင့်မဆက်နွယ်သော အရူပဈာန်ထက် ပို၍ ယုတ်ညံ့ကြမ်းတမ်း၏။ အရူပ ဈာန်သည် ပို၍မြင့်မြတ်သိမ်မွေ့၏။ ဤသို့ဆင်ခြင်ပြီးလျှင် ကသိုဏ်းနိမိတ်ကို ခွာ၍ ရအပ်သော အာကာသဟူသည့် ကောင်းကင်ပညတ်ကို အာရုံပြုကာ ဘာဝနာပွားများ

http://www.dhammadownload.com



၏။ ဈာန်ဝီထိဖြစ်ပေါ်သည့်အခါ အာကာသကောင်းကင်ပညတ်ကို အာရုံပြုသော **အာကာသာနဉ္စာယတနကုသိုလ်စိတ်** ဖြစ်၏။

အာကာသာနဉ္စာယတနစိတ်ကို ပထမအရူပဝိညာဉ် (ဝါ) ပထမာရုပ္ပဝိညာဉ်ဟုလည်း ခေါ်၏။ ဤဝိညာဉ်ကို အာရုံပြု၍ နောက်တစ်ဆင့်မြင့်သည့် ဈာန်ကို ရအောင် အားထုတ်လျှင် **ဝိညာဏဉ္စာယတနကုသိုလ်စိတ်** ဖြစ်၏။

ထို့နောက်တစ်ဖန် ပထမာရုပ္ပဝိညာဉ်၏ စိုးစဉ်းမျှမရှိခြင်းဟူသော **နတ္ထိဘာဝပညတ်** ကို အာရုံပြုလျက် နောက်တစ်ဆင့်မြင့်သည့်ဈာန်ကိုရအောင် အားထုတ်လျှင် **အာကိဉ္စညာယတနကုသိုလ်စိတ်** ဖြစ်၏။

**(အာကိဉ္စည = စိုးစဉ်းမျှမရှိသည်၏အဖြစ်)**

ထိုမှတစ်ဖန် အာကိဉ္စညာယတနစိတ်တည်းဟူသော တတိယာရုပ္ပဝိညာဉ်ကို အာရုံပြု၍ ဈာန်ထပ်တက်လျှင် **နေဝသညာနာသညာယတနကုသိုလ်စိတ်** ဖြစ်၏။
**(နေဝသညာနာသညာ = သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်းမဟုတ်။)**

နေဝသညာနာသညာယတနစိတ်ဟူသော စတုတ္ထအရူပဈာန်စိတ်သည် အလွန့်အလွန် သိမ်မွေ့သဖြင့် ရှိမှန်းမသိသာသောကြောင့် ရှိသည်လည်း မဟုတ်၊ မရှိသည်လည်းမဟုတ်ဟု ဆိုရပေ၏။

**အရူပါဝစရ** ကုသိုလ်စိတ်တို့သည် အလွန်အားကြီးသော ကုသိုလ်စိတ်များ ဖြစ်ကြသဖြင့် သေလွန်သည်၏အခြားမဲ့၌ အရူပဗြဟ္မာဘုံ (ရုပ်မရှိဘဲ နာမ်သာ ရှိသောဗြဟ္မာဘုံ) များ၌ ဆိုင်ရာ **အရူပါဝစရဝိပါက်စိတ်** (ပဋိသန္ဓေစိတ်) များကို ဖြစ်ပေါ်စေကြ၏။ ထို့ကြောင့် အရူပါဝစရဝိပါက်စိတ်များသည် အရူပကုသိုလ်စိတ်တို့၏ အကျိုးစိတ်များဖြစ်ကြ၏။

**အရူပါဝစရကြိယာစိတ်များကား** အရူပဈာန်များကို ရရှိအောင် အားထုတ်ကြသော ရဟန္တာအရှင်မြတ်များ၏ သန္တာန်၌ ဖြစ်ပေါ်ကြ၏။

အရူပကုသိုလ်စိတ်တို့သည် အရူပဈာန်ကိုရရှိသော ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များ၏ သန္တာန်၌ ဖြစ်ပေါ်ကြ၏။

**အရူပါဝစရကုသိုလ်စိတ် လေးပါး**

၁။ **ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော အာကာသာနဉ္စာယတန ကုသိုလ်စိတ် တစ်ခု။**

၂။ **ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ဝိညာဏဉ္စာယတန ကုသိုလ်စိတ် တစ်ခု။**

http://www.dhammadownload.com



၃။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော အာကိဉ္စညာယတန ကုသိုလ်စိတ် တစ်ခု။

၄။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော နေဝသညာနာ သညာယတန ကုသိုလ်စိတ် တစ်ခု။

အရူပါဝစရဝိပါက်စိတ် လေးပါး

၁။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော အာကာသာနဉ္စာ ယတန ဝိပါက်စိတ် တစ်ခု။

၂။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ဝိညာဏဉ္စာယတန ဝိပါက်စိတ် တစ်ခု။

၃။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော အာကိဉ္စညာ ယတန ဝိပါက်စိတ် တစ်ခု။

၄။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော နေဝသညာနာ သညာယတန ဝိပါက်စိတ် တစ်ခု။

အရူပါဝစရကြိယာစိတ် လေးပါး

၁။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော အာကာသာနဉ္စာ ယတန ကြိယာစိတ် တစ်ခု။

၂။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ဝိညာဏဉ္စာယတန ကြိယာစိတ် တစ်ခု။

၃။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော အာကိဉ္စ ညာယတန ကြိယာစိတ် တစ်ခု။

၄။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော နေဝသညာနာ သညာယတန ကြိယာစိတ် တစ်ခု။

မဟဂ္ဂုတ်စိတ် ၂၇ပါးတို့၏သရုပ်ခွဲ

**မဟဂ္ဂုတ်စိတ်တို့ကား အဘယ်နည်း။**

ရူပါဝစရစိတ် ၁၅ ပါးနှင့် အရူပါဝစရစိတ် ၁၂ ပါး၊ ပေါင်း ၂၇ ပါးတို့သည် မဟဂ္ဂုတ်စိတ်များ ဖြစ်ကြ၏။

**အဘယ့်ကြောင့် မဟဂ္ဂုတ်ဟု ခေါ်ဆိုရသနည်း။**

မဟဂ္ဂုတ်စိတ် (ဝါ) မဟဂ္ဂတစိတ်ဟူသည်မှာ "မြတ်သောအဖြစ်သို့ ရောက်သည့် စိတ်" ဟု အဓိပ္ပာယ်ရ၏။ မဟဂ္ဂုတ်စိတ်များသည် ဈာန်စိတ်များဖြစ်ကြ၏။ ဈာန်စိတ် များ ဖြစ်ပေါ်နေသည့်အခါ ပူလောင်ခြင်းသဘောရှိသည့်ကိလေသာများကို အခိုက်အတန့် ဖယ်ရှားထားနိုင်သဖြင့် အလွန်ငြိမ်းအေးသိမ်မွေ့သည့် ဈာန်ချမ်းသာကို ခံစားကြရ၏။

http://www.dhammadownload.com



ထို့အပြင် မဟာဂုတ်စိတ်များသည် အကုသိုလ်ဟိတ်များနှင့်မယှဉ်ဘဲ ကုသိုလ်, **အဗျာကတ, ဟိတ်** သုံးပါးစလုံးနှင့် ယှဉ်ကြသဖြင့် အပြစ်ကင်း၍ မြတ်သောစိတ်များ ဖြစ်ကြ၏။ ကာမစိတ်များထက် သာလွန်မြင့်မြတ်တည်ကြည်သောစိတ်များ ဖြစ်ကြပေ၏။

*** မဟာဂုတ်စိတ် ၂၇ ပါးတွင် ပထမဈာန်စိတ်, ဒုတိယဈာန်စိတ်, တတိယဈာန်စိတ်, စတုတ္ထဈာန်စိတ်, ပဥ္စမဈာန်စိတ် အသီးသီးတို့ မည်မျှစီရှိကြသနည်း။**

ရူပါဝစရကုသိုလ်စိတ် ငါးပါး, ရူပါဝစရဝိပါက်စိတ် ငါးပါးနှင့် ရူပါဝစရကြိယာစိတ် ငါးပါး အသီးသီးတို့တွင် ပထမဈာန်စိတ်, ဒုတိယဈာန်စိတ်, တတိယဈာန်စိတ်, စတုတ္ထဈာန်စိတ်နှင့် ပဥ္စမဈာန်စိတ်တို့ တစ်ပါးစီပါရှိကြ၏။

ထို့ကြောင့် ရူပါဝစရစိတ် ၁၅ ပါးတွင် ပထမဈာန်စိတ်သုံးပါး, ဒုတိယဈာန်စိတ် သုံးပါး, တတိယဈာန်စိတ် သုံးပါး, စတုတ္ထဈာန်စိတ် သုံးပါး, ပဥ္စမဈာန်စိတ် သုံးပါးတို့ ပါဝင်ကြ၏။

အရူပါဝစရစိတ် ၁၂ ပါးလုံးကား ပဥ္စမဈာန်စိတ်ကဲ့သို့ ဥပေက္ခာနှင့် ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးစီနှင့်သာ ယှဉ်ကြ၏။ ထို့ကြောင့် ၎င်းတို့ကို ပဥ္စမဈာန်စိတ်များဟူ၍ မှတ်ယူရ၏။

သို့ဖြစ်၍ မဟာဂုတ်စိတ် ၂၇ ပါးတွင် ပထမဈာန်စိတ် သုံးပါး, ဒုတိယဈာန်စိတ် သုံးပါး, တတိယဈာန်စိတ် သုံးပါး, စတုတ္ထဈာန်စိတ် သုံးပါးနှင့် ပဥ္စမဈာန်စိတ် ၃ + ၁၂ = ၁၅ ပါးတို့ ပါဝင်ကြ၏။

*** မဟာဂုတ်စိတ် ၂၇ ပါးကို ဝေဒနာဘေဒအရ သရုပ်ခွဲပြပါ။**

မဟာဂုတ်စိတ် ၂၇ ပါး၌ ပါဝင်ကြသော ပထမဈာန်စိတ် သုံးပါး, ဒုတိယဈာန်စိတ် သုံးပါး, တတိယဈာန်စိတ် သုံးပါးနှင့် စတုတ္ထဈာန်စိတ်သုံးပါးတို့သည် သုခဝေဒနာနှင့် ယှဉ်ကြသဖြင့် သောမနဿစိတ်များ ဖြစ်ကြ၏။ ထို့ကြောင့် မဟာဂုတ်စိတ် ၂၇ ပါးတွင် သောမနဿစိတ် ၃ x ၄ = ၁၂ ပါး ပါရှိ၏။

ကြွင်းသည့်စိတ် ၁၅ ပါးမှာ ပဥ္စမဈာန်စိတ်များ ဖြစ်ကြသဖြင့် ဥပေက္ခာဝေဒနာနှင့် ယှဉ်ကြ၏။ ထို့ကြောင့် မဟာဂုတ်စိတ် ၂၇ ပါးတွင် ဥပေက္ခာစိတ် ၁၅ ပါး ပါရှိ၏။

*** ရူပါဝစရစိတ်တို့သည် အဘယ်ကြောင့် ၁၅ ပါး ကွဲပြားရသနည်း။**

ရူပါဝစရကုသိုလ်စိတ်, ရူပါဝစရဝိပါက်စိတ်, ရူပါဝစရကြိယာစိတ်ဟူ၍ အခြေခံအားဖြင့် ရူပါဝစရစိတ်သုံးပါးရှိသည်တွင် တစ်ပါးစီကို ဈာန်အင်္ဂါ ယှဉ်ပုံ ငါးမျိုးစီကွဲပြားသွားသည့်အတွက် ရူပါဝစရစိတ် စုစုပေါင်း ၃ x ၅ = ၁၅ ပါး ကွဲပြားသွားရ၏။

ပထမဈာန်စိတ်တွင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါ ငါးပါး ယှဉ်ကြ၏။

http://www.dhammadownload.com



ဒုတိယဈာန်စိတ်တွင် ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါလေးပါး ယှဉ်ကြ၏။

တတိယဈာန်စိတ်တွင် ပီတိ, သုခ, ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါသုံးပါး ယှဉ်ကြ၏။

စတုတ္ထဈာန်စိတ်တွင် သုခ, ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါနှစ်ပါး ယှဉ်ကြ၏။

ပဉ္စမဈာန်စိတ်တွင် ဥပေက္ခာ, ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါနှစ်ပါးယှဉ်ကြ၏။

*** အရူပါဝစရစိတ်တို့သည် အဘယ်ကြောင့် ၁၂ ပါး ကွဲပြားရသနည်း။**

အရူပါဝစရကုသိုလ်စိတ်, အရူပါဝစရဝိပါက်စိတ်နှင့် အရူပါဝစရကြိယာစိတ်ဟူ၍ အခြေခံအားဖြင့် အရူပါဝစရစိတ် သုံးပါးရှိသည်တွင် အာရုံလေးမျိုး ပြားသောကြောင့် ထိုအာရုံလေးပါးကို အာရုံပြုကြသော အရူပဈာန်စိတ်တို့သည်လည်း လေးမျိုးစီ ကွဲပြားသွားကြ၏။ ထို့ကြောင့် အရူပါဝစရစိတ်ပေါင်း ၃ x ၄ = ၁၂ ပါး ရှိပါသည်။

(၁) ကောင်းကင်ပညတ်အာရုံကိုယူသော အာကာသာနဉ္စာယတနစိတ်။

(၂) ပဌမာရုပ္ပဝိညာဉ်အာရုံကိုယူသော အာကိဉ္စာညာယတနစိတ်။

(၃) နတ္ထိဘာဝပညတ် အာရုံကိုယူသော အာကိဉ္စညာယတနစိတ်။

(၄) တတိယာရုပ္ပဝိညာဉ် အာရုံကိုယူသော နေဝသညာနာသညာယတနစိတ်။

**လောကီစိတ် ၈၁ ပါး**

ကာမစိတ် ၅၄ ပါး, မဟဂ္ဂုတ်စိတ် ၂၇ ပါး, ပေါင်း ၈၁ ပါးကို လောကီစိတ်များ ဟု ခေါ်၏။

လောကီစိတ်များသည် ကာမဘုံ, ရူပဘုံနှင့် အရူပဘုံတို့တွင် ဖြစ်ပေါ်သော စိတ်များ ဖြစ်ကြ၏။

*** လောကီစိတ်တို့ကို ဇာတိဘေဒ (ဝါ) ဇာတ်အားဖြင့် အမျိုးအစားခွဲခြားပြပါ။**

လောကီစိတ် ၈၁ ပါးတွင် အကုသိုလ်စိတ် ၁၂ ပါး၊ ကုသိုလ်စိတ် ၁၇ ပါး၊ ဝိပါက်စိတ် ၃၂ ပါးနှင့် ကြိယာစိတ် ၂၀ ပါးတို့ ပါဝင်ကြ၏။ (ဤစာအုပ်အဆုံးရှိ စိတ်ဇယားကို ကြည့်၍ဖြေပါ။)

အကုသိုလ်စိတ် ၁၂ ပါးတို့မှာ လောဘမူ ၈၊ ဒေါသမူ ၂ နှင့် မောဟမူ ၂ တို့ ဖြစ်ကြ၏။

ကုသိုလ်စိတ် ၁၇ ပါးမှာ မဟာကုသိုလ်စိတ် ရှစ်ပါး၊ ရူပါဝစရကုသိုလ်စိတ် ငါးပါး၊ အရူပါဝစရကုသိုလ်စိတ် လေးပါး၊ (တစ်နည်း ကာမကုသိုလ် ၈ + မဟဂ္ဂုတ်ကုသိုလ် ၉) တို့ ဖြစ်ကြ၏။

ဝိပါက်စိတ် ၃၂ ပါးတို့မှာ အကုသလဝိပါက်စိတ် ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါး၊ မဟာဝိပါက် ရှစ်ပါးနှင့် မဟဂ္ဂုတ်ဝိပါက် ကိုးပါးတို့ ဖြစ်ကြ၏။

http://www.dhammadownload.com



ကြိယာစိတ် ၂၀တို့မှာ အဟိတ်ကြိယာစိတ် သုံးပါး၊ မဟာကြိယာစိတ် ရှစ်ပါးနှင့် မဟဂ္ဂုတ်ကြိယာစိတ် ကိုးပါးတို့ ဖြစ်ကြ၏။

ဝေဒနာဘေဒအရ စိတ် ၁၂၁ ပါးကို သရုပ်ခွဲပုံဇယား

| စိတ်အမည် | သောမနဿ | ဒေါမနဿ | ဥပေက္ခာ | သုခ | ဒုက္ခ |
|---|---|---|---|---|---|
| အကုသိုလ်စိတ် ၁၂ | ၄ | ၂ | ၆ | – | – |
| အဟိတ်စိတ် ၁၈ | ၂ | – | ၁၄ | ၁ | ၁ |
| ကာမသောဘဏ ၂၄ | ၁၂ | – | ၁၂ | – | – |
| ကာမစိတ် ၅၄ | ၁၈ | ၂ | ၃၂ | ၁ | ၁ |
| မဟဂ္ဂုတ်စိတ် ၂၇ | ၁၂ | – | ၁၅ | – | – |
| လောကီစိတ် ၈၁ | ၃၀ | ၂ | ၄၇ | ၁ | ၁ |
| လောကုတ္တရာကျယ် ၄၀ | ၃၂ | – | ၈ | – | – |
| စိတ်အကျယ် ၁၂၁ | ၆၂ | ၂ | ၅၅ | ၁ | ၁ |

အထက်ပါဇယားအရ လောကီစိတ် ၈၁ ပါးတွင် သော်မနဿစိတ် ၃၀၊ ဒေါမနဿစိတ် ၂၊ ဥပေက္ခာစိတ် ၄၇၊ သုခသဟဂုတ်စိတ် ၁ နှင့် ဒုက္ခသဟဂုတ်စိတ် ၁ တို့ ပါဝင်ကြ၏။ လင်္ကာအားဖြင့် **"ဥ–ဓောသတ္တ၊ သော–တိံသ၊ ဒေါ–ဒွ၊ ဒု–သု–ကေ်"** ဟု မှတ်ပါ။

(ဓောသတ္တ = ၄၇၊ တိံသ = ၃၀၊ ဒွ = ၂၊ ကေ် = ကေ = ၁)

လောကုတ္တရာစိတ် ၄၀ အပါအဝင် စိတ် ၁၂၁ ပါးလုံးတွင် သောမနဿစိတ် ၆၂၊ ဒေါမနဿစိတ် ၂၊ ဥပေက္ခာစိတ် ၅၅၊ သုခသဟဂုတ်စိတ် ၁ နှင့် ဒုက္ခသဟဂုတ်စိတ် ၁ တို့ ပါဝင်ကြ၏။ လင်္ကာဖြင့် **"ဥ–ပဋ္ဌေးစေး၊ သောဆဋ္ဌေး၊ ဒေါဋ္ဌေး၊ ဒု–သုကေ်"** ဟု မှတ်ပါ။

(ပဋ္ဌေးစေး = ၅၅၊ ဆဋ္ဌေး = ၆၂၊ ဋ္ဌေး = ၂၊ ကေ် = ၁)

* **ဈာန်မရသောပုထုဇဉ်တစ်ယောက်တွင် စိတ်ပေါင်းမည်မျှ ဖြစ်နိုင်သနည်း။**

ဈာန်မရသော ပုဂ္ဂိုလ်များတွင် မဟဂ္ဂုတ်စိတ်များ မဖြစ်နိုင်ပါ။ ပုထုဇဉ်တွင် မဂ်ဉာဏ်ဖိုလ်ဉာဏ် မဖြစ်ဖူးသဖြင့် လောကုတ္တရာစိတ်များလည်း မဖြစ်နိုင်ပါ။

ကာမစိတ် ၅၄ ပါးတွင် ပါဝင်သော ဟသိတုပ္ပါဒ်စိတ် တစ်ပါးနှင့် မဟာကြိယာစိတ် ရှစ်ပါးတို့သည် ရဟန္တာပုဂ္ဂိုလ်များ၌သာ ဖြစ်ပေါ်နိုင်ကြသဖြင့် ပုထုဇဉ်တို့တွင် မဖြစ်နိုင်ကြပါ။

ထို့ကြောင့် ကာမစိတ် ၅၄ ပါးမှ ဟသိတုပ္ပါဒ်စိတ် တစ်ပါးနှင့် မဟာကြိယာစိတ်

http://www.dhammadownload.com



ရှစ်ပါးတို့ကို နုတ်၍ ကြွင်းသည့် ကာမစိတ် ၄၅ ပါးတို့သာလျှင် ပုထုဇဉ်တစ်ဦး၌ ဖြစ်နိုင်ပါသည်။

**မှတ်ချက်။** ။ အကယ်၍ ရူပဈာန်ငါးပါးရလျှင် ၎င်းဈာန်စိတ်ငါးပါး ထပ်ပေါင်းရမည်။ ရူပဈာန်ငါးပါးနှင့် အရူပါဈာန် လေးပါးစလုံးကို ရသည်ဆိုလျှင် မူလ ၄၅ ပါး၌ ကိုးပါးထပ်ပေါင်း၍ ၅၄ ပါး ရမည်။

**လောကုတ္တရာစိတ်အကျဉ်း ရှစ်ပါး**

မဂ်စိတ်လေးပါးနှင့် ဖိုလ်စိတ်လေးပါးဟူ၍ လောကုတ္တရာစိတ် အကျဉ်း ရှစ်ပါးရှိ၏။

***. မဂ်ဟူသည်ကား အဘယ်နည်း။**

မဂ်ဟူသည်မှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော မဂ္ဂင်ရှစ်ပါးတည်း။

ဤမဂ္ဂင်ရှစ်ပါးတို့၏ တရားကိုယ် (လိုရင်း) များမှာ ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိနှင့် ဧကဂ္ဂတာ စေတသိက်တို့ အသီးသီး ဖြစ်ကြ၏။

***. မဂ်စိတ်, ဖိုလ်စိတ်တို့ကား မည်သို့သောစိတ်အမျိုးအစားများဖြစ်ကြသနည်း။**

မဂ်နှင့်ယှဉ်သောစိတ်ကို မဂ်စိတ်ဟု ခေါ်၏။

မဂ်စိတ်၏အကျိုးဖြစ်သော ဝိပါက်စိတ်ကို ဖိုလ်စိတ်ဟု ခေါ်၏။

မဂ်စိတ်သည် လောကုတ္တရာကုသိုလ်စိတ်ဖြစ်၏။

ဖိုလ်စိတ်သည် လောကုတ္တရာဝိပါက်စိတ်ဖြစ်၏။

***. မဂ်စိတ် ဖိုလ်စိတ်တို့သည် အဘယ့်ကြောင့် လေးပါးစီကွဲပြားရသနည်း။**

မဂ်ဟူသည့် မဂ္ဂင်ရှစ်ပါး၌ ပါဝင်ကြသော သမ္မာဒိဋ္ဌိ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့သည် ပညိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေတို့ အသီးသီး ဖြစ်ကြ၏။ ဣန္ဒြေဟူသည်မှာ အစိုးရခြင်းပင် ဖြစ်၏။

ထိုဣန္ဒြေတို့သည် သောတာပတ္တိမဂ်အခိုက်၌ မထက်လှသေးပါ။ သကဒါဂါမိမဂ်အခိုက်၌ ထက်၏။ အနာဂါမိမဂ်အခိုက်၌ ထို့ထက်ပိုထက်၏။ အရဟတ္တမဂ်အခိုက်၌ကား အလွန်အကျူးအထူးထက်၏။ ဤသို့ဣန္ဒြေထက်သည် မထက်သည်ကို လိုက်၍ မဂ်လေးမျိုး ကွဲပြားသောကြောင့် မဂ်နှင့်ယှဉ်သည့် မဂ်စိတ်သည်လည်း လေးမျိုး ကွဲပြားသွားရ၏။

http://www.dhammadownload.com



မဂ်စိတ်လေးမျိုး ကွဲပြားသည်နှင့်လျော်ညီစွာ မဂ်စိတ်၏အကျိုးဖြစ်သော ဝိပါက်စိတ် (ဝါ) ဖိုလ်စိတ်သည်လည်း လေးမျိုးကွဲပြားသွားကြ၏။

**မဂ်စိတ်လေးပါး**

**၁။ သောတာပတ္တိမဂ်စိတ် တစ်ပါး၊**

**၂။ သကဒါဂါမိမဂ်စိတ် တစ်ပါး၊**

**၃။ အနာဂါမိမဂ်စိတ် တစ်ပါး၊**

**၄။ အရဟတ္တမဂ်စိတ် တစ်ပါး၊**

**ဖိုလ်စိတ်လေးပါး**

**၁။ သောတာပတ္တိ ဖိုလ်စိတ် တစ်ပါး၊**

**၂။ သကဒါဂါမိ ဖိုလ်စိတ် တစ်ပါး၊**

**၃။ အနာဂါမိ ဖိုလ်စိတ် တစ်ပါး၊**

**၄။ အရဟတ္တ ဖိုလ်စိတ် တစ်ပါး၊**

**မဂ်ဖိုလ်စခန်းသို့ တက်လှမ်းပုံနှစ်မျိုး**

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရရှိအောင် အားထုတ်သောနည်းနှစ်မျိုးရှိ၏။

**(၁) ဝိပဿနာယာနိက**= ဝိပဿနာယာဉ်ဖြင့် မဂ်ဖိုလ်စခန်းသို့ တက်လှမ်းခြင်း။ ဥပစာရသမာဓိကို အခြေခံ၍ ဝိပဿနာရှုပွားသဖြင့် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့် မြင့်တက်ပြီးလျှင် သောတာပတ္တိမဂ်သို့ ဆိုက်ရောက်နိုင်၏။ သောတာပတ္တိမဂ်စိတ် တစ်ကြိမ်ဖြစ်ပြီးနောက် သောတာပတ္တိဖိုလ်စိတ်ဖြစ်၏။ ထိုအခါ ထိုပုဂ္ဂိုလ်ကို **သောတာပန်** ဟု ခေါ်ဆိုရာ၏။ သောတာပန်သည် သောတာပတ္တိဖလသမာပတ်ကို ဝင်စားပြီး ဖိုလ်ချမ်းသာကို ခံစားနိုင်၏။

ထိုမှတစ်ဆင့် ရုပ်နာမ်အဖြစ်အပျက်ကို ဝိပဿနာထပ်ရှု၍ ဉာဏ်စဉ်အဆင့်ဆင့် မြင့်တက်အောင် အားထုတ်ပြီးလျှင် သကဒါဂါမိမဂ်ဖိုလ်သို့ တက်လှမ်းနိုင်၏။ ထိုအခါ သကဒါဂါမ်ဖြစ်လာ၏။

အလားတူပင် ဆက်လက်ကာ ရုပ်နာမ်အဖြစ်အပျက်ကို ဝိပဿနာရှုမှတ်လျှင် အနာဂါမိမဂ်ဖိုလ်သို့ဆိုက်ပြီး အနာဂါမ်အဖြစ်သို့လည်းကောင်း၊ အရဟတ္တမဂ်ဖိုလ်ဆိုက်ပြီး ရဟန္တာအဖြစ်သို့လည်းကောင်း တက်လှမ်းနိုင်၏။

ဤဆိုခဲ့ပြီးသောနည်းတွင် ဈာန်မဖြစ်ပေါ်ဘဲ မဂ်လေးပါး ဖိုလ်လေးပါး ဟူသည့် လောကုတ္တရာစိတ်အကျဉ်း ရှစ်ပါးတို့သာ ဖြစ်ပေါ်ကြ၏။

**(၂) သမထယာနိက**= သမထယာဉ်ဖြင့် မဂ်စခန်းသို့ တက်လှမ်းခြင်း။ ယောဂီသည် သမထကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းဖြင့် ပထမဈာန်, ဒုတိယဈာန် စသည် တို့ကို ဦးစွာရရှိအောင် အားထုတ်၏။

http://www.dhammadownload.com



**ယင်းသို့အားထုတ်၍ ဈာန်ရပြီးသောပုဂ္ဂိုလ်သည် ပထမဈာန်ကို အခြေခံအဖြစ် ဝင်စားပြီးနောက် ထိုဈာန်မှထပြီးလျှင် ဝိပဿနာဘက်သို့လှည့်ပြီး ရုပ်နာမ် အဖြစ် အပျက်ကို ရှုမှတ်ပြီးလျှင် (သို့မဟုတ် ပထမဈာန်ကိုပင် အနိစ္စစသည် ရှုမှတ်ပြီး)** သောတာပတ္တိမဂ်ဆိုက်လျှင် ပထမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်ကို ရ၏။ ထို မဂ်စိတ် တစ်ကြိမ်ဖြစ်ပေါ်ပြီးသည်နှင့်တစ်ပြိုင်နက် ပထမဈာန်နှင့်ယှဉ်သည့် သောတာ ပတ္တိဖိုလ်စိတ် ဖြစ်၏။

အလားတူပင် ဒုတိယဈာန်ကို အခြေခံအဖြစ်ဝင်စား၍ ထိုဈာန်မှ ထပြီးလျှင် ဝိပဿနာဘက်သို့လှည့်၍ ရုပ်နာမ်အဖြစ်အပျက်ကို ရှုမှတ်ကာ (သို့မဟုတ် ဒုတိယဈာန် ကိုပင် အနိစ္စစသည်ဖြင့် ရှုမှတ်ကာ) သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သော် ဒုတိယ ဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်ကို ရ၏။ ထိုမဂ်စိတ် တစ်ကြိမ်ဖြစ်ပေါ်ပြီးသည် နှင့်တစ်ပြိုင်နက် ဒုတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ် ဖြစ်ပေါ်၏။

ထိုနည်းတူ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန် အသီးသီးကို အခြေခံပြီး ဝိပဿနာရှုပွားလျှင် (သို့မဟုတ် ထိုတတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်တို့ကိုပင် အနိစ္စ စသည်ဖြင့် ဝိပဿနာရှုပွားလျှင်) တတိယဈာန်နှင့် ယှဉ်သည့် သောတာပတ္တိမဂ် စိတ်နှင့် ဖိုလ်စိတ်၊ စတုတ္ထဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ်နှင့် ဖိုလ်စိတ်၊ ပဉ္စမ ဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ်နှင့် ဖိုလ်စိတ်တို့ အသီးသီးဖြစ်ပေါ်ကြမည်။

သို့ဖြစ်၍ ဈာန်ငါးပါးကို အကြောင်းပြုပြီး သောတာပတ္တိမဂ်ငါးပါးနှင့် သော တာပတ္တိဖိုလ်ငါးပါးတို့ ဖြစ်ပေါ်လာကြ၏။

ထိုနည်းအတူ ဈာန်ငါးပါးတို့ကို အကြောင်းပြု၍ သကဒါဂါမိမဂ်ငါးပါးနှင့် ဖိုလ်ငါးပါး၊ အနာဂါမိမဂ်ငါးပါးနှင့် ဖိုလ်ငါးပါး၊ အရဟတ္တမဂ်ငါးပါးနှင့် ဖိုလ်ငါးပါး တို့ အသီးသီးဖြစ်ပေါ်ကြသည်။

သို့ဖြစ်၍ သမထယာနိကနည်းတွင် လောကုတ္တရာစိတ်အကျယ် ၈ x ၅ = ၄၀ ကို ရရှိ၏။ လောကုတ္တရာစိတ်အကျဉ်း ရှစ်ပါးကို ဈာန်ငါးပါးနှင့် မြှောက်ပွားလိုက်ခြင်း ပင်ဖြစ်၏။

## လောကုတ္တရာစိတ်အကျယ် ၄၀

**လောကုတ္တရာစိတ်အကျဉ်းဖြစ်သည့် မဂ်လေးပါးနှင့် ဖိုလ်လေးပါးတို့ကို ဈာန်စိတ်ငါးပါးစီဖြင့် အသီးသီးမြှောက်ပွားသော် မဂ်စိတ်အကျယ် ၂၀၊ ဖိုလ် စိတ်အကျယ် ၂၀ ပေါင်း လောကုတ္တရာစိတ်အကျယ် ၄၀ ကို ရရှိသည်။**

### မဂ်စိတ်အကျယ် ၂၀

**၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပထမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် တစ်ပါး။**

http://www.dhammadownload.com



၂။ **ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဒုတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် တစ်ပါး။**

၃။ **ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် တစ်ပါး။**

၄။ **သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်နှင့် ယှဉ်သည့် သောတာပတ္တိမဂ်စိတ် တစ်ပါး။**

၅။ **ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ပဉ္စမဈာန်နှင့် ယှဉ်သည့် သောတာပတ္တိမဂ်စိတ် တစ်ပါး။**

သောတာပတ္တိမဂ်စိတ် ငါးပါးရှိသည့်နည်းတူ သကဒါဂါမိမဂ်စိတ်ငါးပါး၊ အနာဂါမိမဂ်စိတ်ငါးပါး၊ အရဟတ္တမဂ်စိတ်ငါးပါး ရှိကြ၏။ စုစုပေါင်းသော် မဂ်စိတ်အကျယ် ၂၀ ကို ရရှိ၏။

ဖိုလ်စိတ်အကျယ် ၂၀

၁။ **ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပဌမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ် တစ်ပါး။**

၂။ **ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဒုတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ် တစ်ပါး။**

၃။ **ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တတိယဈာန်နှင့် ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ် တစ်ပါး။**

၄။ **သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်နှင့် ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ် တစ်ပါး။**

၅။ **ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ပဉ္စမဈာန်နှင့် ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ် တစ်ပါး။**

သောတာပတ္တိဖိုလ်စိတ်ငါးပါးရှိသည့်နည်းတူ သကဒါဂါမိဖိုလ်စိတ်ငါးပါး၊ အနာဂါမိဖိုလ်စိတ်ငါးပါး၊ အရဟတ္တဖိုလ်စိတ် ငါးပါးရှိကြ၏။ စုစုပေါင်းသော် ဖိုလ်စိတ် အကျယ် ၂၀ ကို ရ၏။

လောကုတ္တရာစိတ်အကျယ်ကို သရုပ်ခွဲပုံ

**ဈာနဘေဒ (ဝါ) ဈာန်ဖြင့်**

**သရုပ်ခွဲပုံ** မဂ်စိတ် ၂၀ တွင် ပဌမဈာန်နှင့် ယှဉ်သည့် စိတ်လေးပါး ရှိပြီး ဖိုလ်စိတ် ၂၀ တွင်လည်း ပဌမဈာန်နှင့် ယှဉ်သော စိတ်လေးပါးရှိ၏။ သို့အတွက် ပဌမဈာန်စိတ်ပေါင်း ရှစ်ပါး ရှိ၏။

http://www.dhammadownload.com



ထိုနည်းအတူ ဒုတိယဈာန်စိတ်ရှစ်ပါး၊ တတိယဈာန်စိတ်ရှစ်ပါး၊ စတုတ္ထဈာန်စိတ် ရှစ်ပါး၊ ပဉ္စမဈာန်စိတ်ရှစ်ပါး အသီးသီးရှိကြ၏။

**ဝေဒနာဘေဒ (ဝါ)**

**ဝေဒနာဖြင့်သရုပ်ခွဲပုံ** လောကုတ္တရာစိတ်အကျယ် ၄၀ တွင် ပါဝင်ကြသော ပထမဈာန်စိတ် ရှစ်ပါး၊ ဒုတိယဈာန်စိတ် ရှစ်ပါး၊ တတိယဈာန်စိတ်ရှစ်ပါး၊ စတုတ္ထဈာန်စိတ် ရှစ်ပါး။ ပေါင်း စိတ် ၃၂ ပါးတို့သည် သုခဝေဒနာနှင့် ယှဉ်ကြသဖြင့် သောမနဿစိတ်များ ဖြစ်ကြ၏။

ပဉ္စမဈာန်စိတ်ရှစ်ပါးတို့မှာ ဥပေက္ခာဝေဒနာနှင့် ယှဉ်သဖြင့် ဥပေက္ခာသဟဂုတ်စိတ်များ ဖြစ်ကြ၏။

**ဉာဏသမ္ပယုတ်စိတ်များ။** ။ လောကုတ္တရာစိတ်အကျယ် ၄၀ စလုံးတွင် ပညာစေတသိက်ယှဉ်သဖြင့် လောကုတ္တရာစိတ်အားလုံးသည် ဉာဏသမ္ပယုတ်စိတ်များ ဖြစ်ကြ၏။ ဉာဏဝိပ္ပယုတ်စိတ် မရှိသည့်အတွက် ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ် ဟူ၍ အထူးခွဲခြားဖော်ပြခြင်း မပြုတော့ချေ။

**ဈာန်စိတ် ၆၇ ပါး**

မဟဂ္ဂုတ်စိတ် ၂၇ ပါးနှင့် လောကုတ္တရာစိတ် အကျယ် ၄၀ တို့ကို ပေါင်းစုသော် ဈာန်စိတ်ပေါင်း ၆၇ ပါးကို ရ၏။

ထိုဈာန်စိတ်များတွင် ရူပပထမဈာန်စိတ်သုံးပါးနှင့် လောကုတ္တရာ ပထမဈာန် စိတ်ရှစ်ပါးဟူ၍ ပထမဈာန်စိတ် ၁၁ ပါး ပါဝင်၏။

ထို့အတူ ဒုတိယဈာန်စိတ်ပေါင်း ၁၁ ပါး၊ တတိယဈာန်စိတ်ပေါင်း ၁၁ ပါး၊ စတုတ္ထဈာန်စိတ်ပေါင်း ၁၁ ပါး အသီးသီးပါဝင်ကြ၏။

ပဉ္စမဈာန်စိတ်များမှာ ရူပပဉ္စမဈာန်စိတ် သုံးပါး၊ အရူပပဉ္စမဈာန်စိတ် ၁၂ ပါး၊ လောကုတ္တရာပဉ္စမဈာန်စိတ် ရှစ်ပါးဟူ၍ စုစုပေါင်း ၂၃ ပါး ပါဝင်ကြ၏။

**သောဘဏစိတ် ၅၉ ပါး၊ ၉၁ ပါး**

ကာမသောဘဏစိတ် ၂၄ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇ ပါးနှင့် လောကုတ္တရာစိတ် အကျဉ်းရှစ်ပါးတို့ကို ပေါင်းသော် သောဘဏစိတ် အကျဉ်း ၅၉ ပါးကို ရ၏။

ကာမသောဘဏစိတ် ၂၄ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇ ပါးနှင့် လောကုတ္တရာစိတ် အကျယ် ၄၀ တို့ကို ပေါင်းသော် သောဘဏစိတ် အကျယ် ၉၁ ပါးကို ရ၏။

မဟဂ္ဂုတ်စိတ်သည် ကာမသောဘဏစိတ်ထက်ပို၍ တင့်တယ်မြင့်မြတ်၏။ လောကုတ္တရာစိတ်တို့မှာ အတင့်တယ်ဆုံး အမြင့်မြတ်ဆုံးသောစိတ်များ ဖြစ်ကြ၏။

http://www.dhammadownload.com



အကုသိုလ်စိတ် ၁၂ ပါးနှင့် အဟိတ်စိတ် ၁၈ ပါးတို့ကို ပေါင်းစု၍ အသောဘဏစိတ် ၃၀ ရှိသည်ကို မမေ့ပါနှင့်။

**စိတ်အကျဉ်းအကျယ်သရုပ်ခွဲ**

အသောဘဏစိတ် ၃၀ နှင့် သောဘဏစိတ်အကျဉ်း ၅၉ တို့ကို ပေါင်းသော် စိတ်အကျဉ်း ၈၉ ပါး (စိတ်တစ်ခု ယုတ်ကိုးဆယ် = ၉၀ တစ်ခုလျော့) ကို ရ၏။

အသောဘဏစိတ် ၃၀ နှင့် သောဘဏစိတ် အကျယ် ၉၁ ပါးတို့ကို ပေါင်းသော် စိတ်အကျယ် ၁၂၁ ပါးကို ရ၏။

***. စိတ်အကျဉ်း ၈၉ ပါးကို ဇာတ်အားဖြင့် သရုပ်ခွဲပြပါ။**

ဇာတ်ဟူသည်မှာ မျိုးရိုးဇာတ်ကို ရည်ညွှန်း၏။ စိတ်တို့၏ ဇာတိ (ဝါ) ဇာတ်ကို ကုသိုလ်ဇာတ်၊ အကုသိုလ်ဇာတ်၊ ဝိပါက်ဇာတ်၊ ကြိယာဇာတ်ဟူ၍ လေးမျိုး ခွဲ၏။ ဝိပါက်ဇာတ်နှင့် ကြိယာဇာတ်တို့ကို ပေါင်း၍ အဗျာကတဇာတ်ဟုလည်း ခေါ်၏။

စိတ်အကျဉ်း ၈၉ ပါးတွင်–

လောဘမူစိတ် ရှစ်ပါး၊ ဒေါသမူစိတ် နှစ်ပါး၊ မောဟမူစိတ် နှစ်ပါးဟူ၍ အကုသိုလ်စိတ် ၁၂ ပါး ပါရှိ၏။

ကာမကုသိုလ်စိတ် ရှစ်ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ကိုးပါး၊ လောကုတ္တရာကုသိုလ်စိတ် လေးပါးဟူ၍ ကုသိုလ်စိတ် ၂၁ ပါး ပါရှိ၏။

အကုသလဝိပါက်စိတ် ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါးဟူ၍ ကာမဝိပါက်စိတ် ၂၃ ပါးရှိ၏။ ဤ ၂၃ ပါးကို မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါး၊ လောကုတ္တရာဝိပါက်စိတ် လေးပါးတို့နှင့်ပေါင်းသော် ဝိပါက်စိတ်ပေါင်း ၃၆ ပါးကို ရ၏။

အဟိတ်ကြိယာစိတ် သုံးပါး၊ မဟာကြိယာစိတ် ရှစ်ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ကိုးပါးဟူ၍ ကြိယာစိတ် ၂၀ ပါးရှိ၏။

***. စိတ်အကျယ် ၁၂၁ ပါးကို ဇာတ်အားဖြင့် သရုပ်ခွဲပြပါ။**

လောဘမူစိတ် ရှစ်ပါး၊ ဒေါသမူစိတ် နှစ်ပါး၊ မောဟမူစိတ် နှစ်ပါးဟူ၍ အကုသိုလ်စိတ် ၁၂ ပါးရှိ၏။

ကာမကုသိုလ်စိတ် ရှစ်ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ကိုးပါး၊ လောကုတ္တရာကုသိုလ်စိတ် ၂၀ ဟူ၍ ကုသိုလ်စိတ်ပေါင်း ၃၇ ပါး ရှိ၏။

ကာမဝိပါက်စိတ် ၂၃ ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါး၊ လောကုတ္တရာ ဝိပါက်စိတ် ၂၀ ပါးဟူ၍ ဝိပါက်စိတ်ပေါင်း ၅၂ ပါး ရှိ၏။

http://www.dhammadownload.com



ကာမကြိယာစိတ် ၁၁ ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ကိုးပါးဟူ၍ ကြိယာစိတ်ပေါင်း ၂၀ ပါး ရှိ၏။

**မှတ်ချက်။** ။ စိတ်အကျဉ်းကို အကျယ်သို့ ခွဲထုတ်ရာ၌ ကုသိုလ်စိတ်နှင့် ဝိပါက်စိတ်တို့၌သာ အရေအတွက် (၂၀ – ၄) = ၁၆ ပါးစီ တိုးမြင့်သွား၏။ အကုသိုလ်စိတ်နှင့် ကြိယာစိတ်တို့တွင် အရေအတွက်များ မပြောင်းလဲချေ။

လောကုတ္တရာကုသိုလ်စိတ်နှင့် လောကုတ္တရာဝိပါက်စိတ်တို့၌သာ အရေအတွက် ၁၆ ပါးစီ တိုးပါသည်။

*** စိတ်အကျဉ်းနှင့် အကျယ်တို့ကို ဝေဒနာအားဖြင့် သရုပ်ခွဲပြပါ။**

ကာမစိတ် ၅၄ ပါးတွင် ဥပေက္ခာစိတ် ၃၂ ပါး၊ သောမနဿစိတ် ၁၈ ပါး၊ ဒေါသမူစိတ် နှစ်ပါး၊ ဒုက္ခသဟဂုတ်စိတ် တစ်ပါးနှင့် သုခစိတ်တစ်ပါးတို့ အသီးသီး ပါရှိကြ၏။ လင်္ကာဖြင့် မှတ်လိုသော်...

**"ဥ–သုံးဆယ့်နှစ်၊ သော–ဆယ့်ရှစ်၊ ဒေါနှစ်၊ သုဒု တစ်"**

မဟဂ္ဂုတ်စိတ် ၂၇ ပါးတွင် သောမနဿစိတ် ၁၂ ပါးနှင့် ဥပေက္ခာစိတ် ၁၅ ပါး ပါဝင်ကြ၏။

**"ကု ဝိ ကြိ နော၊ သောဆယ့်နှစ်ပါး၊ ဥ–ဆယ့်ငါး၊**
**ပေါင်းပြား သတ်ဝီသ (သတ်ဝီသ = ၂၇)**

လောကီစိတ် ၈၁ ပါးတွင် ဥပေက္ခာစိတ် ၄၇ ပါး၊ သောမနဿစိတ် ၃၀ ပါး၊ ဒေါသမူစိတ် နှစ်ပါး၊ ဒုက္ခသဟဂုတ်စိတ် တစ်ပါးနှင့် သုခသဟဂုတ်စိတ်တစ်ပါးတို့ ပါဝင်ကြ၏။ (ကာမစိတ်များနှင့် မဟဂ္ဂုတ်စိတ်များကို ပေါင်းပါ။)

**"ဥ–ဓောသတ္တ၊ သော–တိံသ၊ ဒေါ–ဒွ၊ ဒု၊ သု၊ ဧကေ"**

(ဓောသတ္တ = ၄၇၊ တိံသ = ၃၀၊ ဒွ = ဒွိ = ၂၊ ဧကေ = ဧက = ၁)

စိတ်အကျဉ်း ၈၉ ပါးသည် လောကီစိတ် ၈၁ ပါးထက် လောကုတ္တရာစိတ်အကျဉ်း ရှစ်ပါးပိုလာခြင်းသာ ထူးခြား၏။ ထိုလောကုတ္တရာ စိတ်အကျဉ်းရှစ်ပါးတွင် သောမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာတို့ ရောစပ်နေသည်ဟု ယူဆ၏။ သို့အတွက် ဝေဒနာအခွဲ မပြတ်သားချေ။ လောကုတ္တရာစိတ်ရှစ်ပါးလုံးကို သောမနဿစိတ်များတွင် လည်းကောင်း၊ ဥပေက္ခာစိတ်များတွင်လည်းကောင်း ထည့်သွင်း ရေတွက်နိုင်၏။

စိတ်အကျယ် ၁၂၁ ပါးတွင် သောမနဿစိတ် ၆၂ ပါး၊ ဒေါမနဿစိတ် နှစ်ပါး၊ ဥပေက္ခာစိတ် ၅၅ ပါး၊ သုခစိတ် တစ်ပါးနှင့် ဒုက္ခစိတ်တစ်ပါးတို့ ပါဝင်ကြကြောင်းကို အထက်၌ တွက်ပြခဲ့ပြီးဖြစ်၏။ လင်္ကာဖြင့် မှတ်ပုံမှာ–

http://www.dhammadownload.com



"ဥ–ပဋ္ဌေးစေး၊ သော–ဆဒ္ဒေး၊ ဒေါ–ဒွေး၊ ဒု–သု–ကော်"
(ပဋ္ဌေးစေး = ၅၅၊ ဆဒ္ဒေး = ၆၂၊ ဒွေး = ၂၊ ကော် = ၁)

ကမ္ဘာ့သုတေသီများ ချီးကျူးဖွယ်ရာ

ဗုဒ္ဓအဘိဓမ္မာ၏ အခြေခံဖြစ်သည့် စိတ်ပိုင်းတစ်ပိုင်းကို စာရှုသူများ လေ့လာခဲ့ရပါပြီ။ နောက်ဆက်လက်တင်ပြမည့် စေတသိက်ပိုင်း, ပကိဏ်းပိုင်း စသည်တို့သည် ဤစိတ်ပိုင်းပေါ်တွင် ထပ်ဆင့်၍ ပရမတ္ထတရားတို့၏ ဆက်နွယ်မှုအဆောက်အအုံကြီး တည်ဆောက်သွားပုံကို မြင်တွေ့ရပါလိမ့်မည်။

ဗုဒ္ဓအဘိဓမ္မာသည် လောကတွင် တကယ်ရှိသည့် သဘာဝတရားများ၏ ဆက်နွယ်ဖြစ်ပျက်နေပုံများကို စိတ်ကူးယဉ်ကြံဆမှုမျိုးဖြင့်မဟုတ်ဘဲ သဗ္ဗညုတဉာဏ်တော်ဖြင့် တကယ်သိ၍ တိတိကျကျဟောကြားထားသည်မှာ အလွန် ထင်ရှားလှ၏။

သိပ္ပံပညာရှင်များနှင့် တွေးခေါ်ရှင်တို့ ထိုးထွင်း၍မမြင်နိုင်သော စိတ်၏ သဘာဝအမှန်ကို ဗုဒ္ဓမြတ်စွာသည် အလွန်သဘာဝကျစွာ ထုတ်ဖော်ဟောကြားခဲ့ပေ၏။

စိတ်သည် ကာယကံ, ဝစီကံ, မနောကံတို့ကို ထိန်းကျောင်းပေးလျက်ရှိရာ အပြစ်ရှိသောစိတ် ဖြစ်ပေါ်လျှင် ထိုစိတ်ဖြင့် ပြုလုပ်ပြောဆို, ကြံစည်မှုမှန်သမျှတို့သည် အပြစ်ရှိနေပေလိမ့်မည်။ သို့အတွက် အပြစ်ကင်းသည့် သောဘဏစိတ်များ အကြိမ်များများ ဖြစ်ရန် အလွန်အရေးကြီး၏။

ဗုဒ္ဓမြတ်စွာသည် အပြစ်ရှိသော အကုသိုလ်စိတ်နှင့် အပြစ်ကင်း၍ တင့်တယ်သည့် သောဘဏစိတ်များကို ပြတ်ပြတ်သားသား ပိုင်းခြားပြခဲ့၏။ ဤစိတ်များ ဖြစ်ပေါ်အောင် ခြယ်လှယ်ပေးကြသည့် စေတသိက်များကိုလည်း ညွှန်ပြခဲ့၏။ ဤသို့ဖြင့် အကောင်းနှင့်အဆိုးကို တိတိကျကျ ပိုင်းခြားပြခဲ့၏။ အဆိုးထရားများကို နှိပ်ကွပ်၍ အကောင်းတရားများကို ရှင်သန်ကြီးထွားလာအောင် ပျိုးထောင်ပေးသည့်နည်းကိုလည်း ညွှန်ကြားတော်မူခဲ့၏။

အဘိဓမ္မာကို ဆည်းပူးလေ့လာသူများသည် ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်တို့ကို ခွဲခြားသိပြီး ထိုစိတ်တို့၏ အကောင်းနှင့်အဆိုး အကျိုးပေးပုံများကို သဘောပေါက်နားလည်လာလျှင်ပင် အကုသိုလ်စိတ်မဖြစ်အောင် ရှောင်ကြဉ်၍ ကုသိုလ်စိတ်ကို များများဖြစ်အောင် သတိဆောင်လာမည်ဖြစ်သည့်အတွက် အလွန်တရာအကျိုးရှိနေပါပြီ။

ထိုမှတစ်ဆင့် သမထဘာဝနာကို ကြိုးစားအားထုတ်လျှင် ပိုမိုမြင့်မြတ်သည့် ဈာန်ကုသိုလ်စိတ်များ ဖြစ်ပေါ်နိုင်သည်ကိုလည်း သိ၏။ ဝိပဿနာဘာဝနာများကို ပွားများအားထုတ်လျှင်မူ အမြင့်မြတ်ဆုံးဖြစ်သည့် လောကုတ္တရာစိတ်များ ဖြစ်ပေါ်ပြီး အတုမရှိသည့် နိဗ္ဗာန်ချမ်းသာကို လက်ငင်းအကျိုးခံစားရကြောင်းကိုလည်း သိ၏။ ထို့

http://www.dhammadownload.com



ကြောင့် ပိုမိုမြင့်မြတ်၍ အကျိုးပေးမှုကြီးကျယ်သော မဟဂ္ဂုတ်ကုသိုလ်စိတ်နှင့် လောကုတ္တရာကုသိုလ်စိတ်တို့ ဖြစ်ပေါ်ရန်လည်း အားထုတ်ချင်လာပါလိမ့်မည်။

သက်မဲ့ရုပ်လောက၌ မည်သည့်အကြောင်းကြောင့် မည်သည့်အကျိုး ဖြစ်ပေါ်သည်ကို သိပ္ပံနိယာမများက တိတိကျကျဖော်ပြထားသလို ရုပ်နာမ်ယှဉ်တွဲနေသည့် သက်ရှိလောက၌ မည်သည့်အကြောင်းကြောင့် မည်သို့အကျိုးဖြစ်ထွန်းမည်ကို ဗုဒ္ဓအဘိဓမ္မာက တိတိကျကျဖော်ပြထားပါသည်။

အဘိဓမ္မာအလင်းရောင်ဖြင့် လောကအကြောင်းနှင့် ဘဝအကြောင်းကို နှိုက်နှိုက်ချွတ်ချွတ်သိနားလည်လာပြီးလျှင် အကျိုးအရှိဆုံးဘဝကို ထူထောင်နိုင်မည်မှာ ယုံမှားစရာ လုံးဝမရှိသင့်ချေ။

### လေ့ကျင့်ရန် မေးခွန်းများ

(သာသနာရေးဦးစီးဌာနမှ ကျင်းပခဲ့သည့် အဘိဓမ္မာရိုးရိုးတန်းစာမေးပွဲများ၌ မေးခဲ့ဖူးသော မေးခွန်းများကို ခုနှစ်သက္ကရာဇ်ဖြင့် ညွှန်ပြထား၏။)

၁။ အကုသိုလ်စိတ်နှင့် အဟိတ်စိတ်တို့မှကြွင်းသော သောဘဏစိတ်တို့ကို ရေးသား ဖော်ပြပါ။ (၁၉၈၁)

၂။ ရိုးရိုးလူတို့၏ စိတ်ထက် ထူးခြားသော မဟဂ္ဂုတ်ဈာန်စိတ်ပေါင်း မည်မျှရှိသည်ကို ရေတွက်ဖော်ပြခဲ့ပါ။ (၁၉၈၁)

၃။ လောကီစိတ် ၈၁ ပါး၌ ကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိတ် မည်မျှစီ ရှိကြောင်း သင်္ချာမျှ ရေးသားဖော်ပြခဲ့ပါ။ (၁၉၈၁)

၄။ လူ၌ဖြစ်သော အကုသိုလ်စိတ်များကို ပြည့်စုံစွာဖော်ပြပါ။ (၁၉၈၃)

၅။ ရဟန်းသံဃာများအား ဆွမ်းလောင်းလှူသောအခါ၌ ဖြစ်ပေါ်တတ်သော ကုသိုလ်စိတ်များအနက် စိတ်နှစ်မျိုးမျှသာ ရေးပြပါ။ (၁၉၈၃)

၆။ ဈာန်ရသောပုဂ္ဂိုလ်အား ဖြစ်ပေါ်သည့် သောတာပတ္တိမဂ်စိတ်ငါးမျိုးကို ဖော်ပြပါ။ (၁၉၈၃)

၇။ သင်္ဂြိုဟ်ကျမ်းအစ ပဏာမတွင် ဖော်ပြသော ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်တို့ကို ရေးသားခဲ့ပါ။ (၁၉၈၄)

၈။ စိတ် ၈၉ ပါးတို့တွင် မတင့်တယ်သော အသောဘဏစိတ်နှင့် တင့်တယ်သော သောဘဏစိတ်တို့ကို ခွဲခြားဖော်ပြပါ။ (၁၉၈၄)

၉။ စိတ်ကိုအကျဉ်းနည်း အကျယ်နည်းခွဲရာ၌ အကုသိုလ်စိတ်၌ အကျဉ်းအကျယ် ရှိပါသလော။ မည်သည့်စိတ်၌ အကျဉ်းအကျယ်ခွဲပါသနည်း။ (၁၉၈၄)

၁၀။ အမှန်ရှိလျက် ဖောက်ပြန်သောတရား, မဖောက်ပြန်သောတရားတို့ကို ထုတ်ပြပါ။ (၁၉၈၅)

http://www.dhammadownload.com



၁၁။ အပြစ်မရှိဟုခံယူလျက် သူတစ်ပါးပစ္စည်းကို ခိုးယူသူနှင့် အပြစ်ရှိမှန်းသိလျက် ခိုးယူသူတို့အား ဖြစ်နိုင်သောစိတ်တို့ကို ပြည့်စုံစွာဖော်ပြပါ။ (၁၉၈၅)

၁၂။ လူ့ဘုံ၌ဖြစ်နိုင်သော ကာမစိတ်တို့ကို ဖော်ပြ၍ ယင်းစိတ်တို့ကို ဝေဒနာအား ဖြင့် ခွဲခြားပြပါ။ (၁၉၈၅)

၁၃။ သူတစ်ပါး အားပေးတိုက်တွန်းမှုကြောင့် ဖြစ်သော သသင်္ခါရိက အကုသိုလ် စိတ်များကို ကုန်စင်အောင် ရေတွက်ပြပါ။ (၁၉၈၆)

၁၄။ ကာယဝိညာဏ်စိတ်နှစ်ခု၏ ထူးခြားမှုနှစ်ခုကို ရေးသားပြီးလျှင် ကာမစိတ် ၅၄ ပါးကိုလည်း ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာအားဖြင့် ခွဲခြားဝေဖန် ပြပါ။ (၁၉၈၆)

၁၅။ စိတ်အကျယ် ၁၂၁ ပါးတွင် ဈာန်စိတ်ပေါင်းမည်မျှပါဝင်ပါသနည်း၊ ထုတ်ပြ ပြီးလျှင် အရူပါဝစရစိတ်၌ ရသင့်သော ဈာန်အင်္ဂါများကိုလည်း ဖြေဆိုပါ။ (၁၉၈၆)

၁၆။ အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ်ဟောတော်မူသော အဘိဓမ္မာတရားတို့ သည် ပညတ်မဖက်၊ ပရမတ်သက်သက်အားဖြင့် မည်မျှရှိပါသနည်း။ ယင်း တရားတစ်ခုစီ၏ အပေါင်းသင်္ချာအသီးသီးကိုသာ ဖော်ပြပါ။ (၁၉၈၇)

၁၇။ ဥပေက္ခာသဟဂုတ်မဟုတ်သော အဟိတ်စိတ်များကို ကုန်စင်အောင် ရေတွက် ပြပြီးလျှင် ယင်းစိတ်တို့ကို ဝိပါက်၊ ကြိယာအားဖြင့် ခွဲခြားပြပါ။ (၁၉၈၇)

၁၈။ မိမိ၏အိမ်တွင် ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အကျိုးသိ မြင် ဉာဏ်နှင့်ယှဉ်၍ နေ့စဉ်ဘုရားရှိခိုးကြသော ဗုဒ္ဓဘာသာဝင်တို့အား ဖြစ် ခွင့်ရှိသမျှ မဟာကုသိုလ်စိတ်တို့ကို တစ်ပါးစီဖြေဆိုပါ။ (၁၉၈၇)

**(၁၉၈၈ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ စာမေးပွဲမေးခွန်းများနှင့် အဖြေများကို ဤ စာအုပ် နောက်ဆက်တွဲ၌ ကြည့်ပါ။)**

၁၉။ သင်္ဂြိုဟ်ကျမ်းတွင် 'ပရမတ်' ဟူသောစကား၏ အဓိပ္ပာယ်ကို ရှင်းလင်းရေးသား ၍ စာဖြေသူသည် မိမိ၏ ခန္ဓာကိုယ်၌ ပရမတ်စစ်စစ် တရားအနှစ် မည်မျှရှိသည် ကိုလည်း စိစစ်ထုတ်ပြခဲ့ပါ။ (၁၉၉၃)

၂၀။ သတ္တဝါတို့၏သန္တာန်၌ မိန်းမောတွေဝေမှုကြောင့်ဖြစ်တတ်သော အကုသိုလ် စိတ်များကို ကောက်ပြ၍ အကုသိုလ်၏ အကျိုးဝိပါက်ဖြစ်သော စိတ်တို့ကို လည်း ရေတွက်ပြခဲ့ပါ။ (၁၉၉၃)

၂၁။ ယခုခေတ် ဘက်စုံဖွံ့ဖြိုးမှုမြင့်မားရေးတို့၌ လူမျိုးခြားဘာသာဝင်များက အလှူငွေများ ထည့်ဝင်ခြင်းသည် မည်သည့်ကုသိုလ်မျိုးဖြစ်သည်ကို ထုတ်ဖော်ပြ၍ ကာမာဝစရ သောဘာဏစိတ်ကိုလည်း ဝေဒနာ၊ ဉာဏ်၊ သင်္ခါရအားဖြင့် ဝေဖန်ခဲ့ပါ။ (၁၉၉၃)

http://www.dhammadownload.com



၂၂။ စိတ် ၈၉ ပါးတို့တွင် ဈာနဘေဒစိတ်၊ အာလမ္ဗဏဘေဒစိတ်၊ မဂ္ဂဘေဒစိတ်တို့၏ အကျဉ်းသရုပ်ကို ထုတ်ဖော်ပြ၍ ဈာန်အင်္ဂါငါးပါးရှိသော ကုသိုလ်ဈာန်စိတ်ကိုလည်း မှန်ကန်အောင် ရေးသားခဲ့ပါ။ (၁၉၉၃)

၂၃။ အပြစ်ရှိမှန်းသိလျက် သူတစ်ပါးပစ္စည်းကို ခိုးယူသူ၌ ဖြစ်နိုင်သောစိတ်တို့ကို ပြည့်စုံစွာဖော်ပြ၍ လူတစ်ယောက်၌ မျက်စိနှစ်လုံးရှိ၍ 'စက္ခုဝိညာဏ်နွေး' ဟု ခေါ်ပါသလား၊ အဘယ်ကို 'စက္ခုဝိညာဏ်ဒွေး' ဟုခေါ်ပါသနည်း ဖြေဆိုပါ။ (၁၉၉၅)

၂၄။ စွယ်တော်မြတ်စေတီ တည်ဆောက်ရာ၌ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ဝင်၍ မည်သူ့မျှမတိုက်တွန်းရဘဲ လုပ်အားဒါနပြုကြသော ပုဂ္ဂိုလ်များ၏ သန္တာန်၌ ဖြစ်နိုင်သောစိတ်တို့ကို ထုတ်ပြ၍ သောဘဏစိတ်အကျဉ်း ၅၉ ပါးကိုလည်း သိသာရုံမျှ ရေတွက်ပြပါ။ (၁၉၉၅)

၂၅။ ကာမဘုံအာရုံပြုရာနယ်ပယ်၌ ဖြစ်တတ်သော ကာမစိတ် ၅၄ ပါးကို 'အကြောင်းစိတ်'၊ 'ကြောင်းကျိုးလွတ်စိတ်' အားဖြင့် ခွဲခြားပြ၍ ရူပါဝစရပဉ္စမဈာန်စိတ်ကိုလည်း ဝေဒနာဘေဒအားဖြင့် ဝေဖန်ပြပါ။ (၁၉၉၅)

၂၆။ မဂ်စိတ်အကျဉ်းလေးပါးမှ အကျယ်နှစ်ဆယ်ဖြစ်ပွားလာပုံကို ဖော်ပြ၍ ပထမဈာန်စိတ် ၁၁ ပါးကိုလည်း မမှားအောင် ရေတွက်ပြပါ။ (၁၉၉၅)

၂၇။ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်တံတားဆောက်ရာ၌ တစ်ဦးတစ်ယောက်မျှ မတိုက်တွန်းရဘဲ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ယှဉ်ကာ ပါဝင်ဆောင်ရွက်နေသူ၏ သန္တာန်၌ ဖြစ်နိုင်သောစိတ်ကို ဖော်ပြ၍ 'တမလွန်ဘဝဆိုတာ ရှိမှ ရှိပါလေစ' ဟု ယုံမှားတွေးတောနေသူ၌ ဖြစ်သောစိတ်ကိုလည်း ဖော်ပြပါ။ (၁၉၉၆)

၂၈။ လှပသောပန်းတစ်ပွင့်ကို မြင်တွေ့ရာခဏ၌ဖြစ်သောစိတ်ကို ဖော်ပြ၍ ကာမာဝစရသောဘဏစိတ် ၂၄ ပါးတို့တွင် အကြောင်းအကျိုးမှ လွတ်သောစိတ်ကို ဝေဒနာဘေဒ, ဉာဏဘေဒ, သင်္ခါရဘေဒအားဖြင့် ခွဲခြားပြပါ။ (၁၉၉၆)

၂၉။ စိတ်အကျဉ်း ၈၉ ပါးတို့တွင် 'လောကမှထွက်မြောက်သောစိတ်' ဟူသည် မည်သည့်စိတ် ဖြစ်ပါသနည်း။ တစ်ခုချင်းရေတွက်ပြ၍ ယင်းစိတ်ကို အကြောင်းအကျိုးအားဖြင့် မမှားအောင် ခွဲခြားပြပါ။ (၁၉၉၆)

၃၀။ 'စိတ်ထားကောင်းမွန်သည် စိတ်ထားယုတ်ညံ့သည်' ဟူသော လောကသုံးစကားအရ စိတ်အကျယ်တွင် ကောင်းမွန်တင့်တယ်သောစိတ်တို့ကို ဘူမိဘေဒနည်းအားဖြင့် ခွဲခြားဖြေဆို၍ ကာမစိတ် ကြိယာ ၁၁ ပါးကိုလည်း ဝေဒနာအားဖြင့် ဝေဖန်ပြပါ။ (၁၉၉၇)

http://www.dhammadownload.com



၃၁။ စိတ်အကျဉ်း ၈၉ ပါးတွင် 'အသင်္ခါရိက, သသင်္ခါရိက' ဟူ၍ ကျမ်းရင်း၌ ပြဆို မထားသော စိတ်များကို ဓာတိဘေဒနည်းအားဖြင့် သိသာရုံမျှ ရေတွက်ပြ၍ 'ဝုဋ္ဌော' ဟူသောအမည်ကို ရသည့်စိတ်ကိုလည်း ဖော်ပြပါ။ (၁၉၉၇)

၃၂။ လောကီ, လောကုတ္တရာစိတ်အပေါင်း၌ ပထမဈာန်စသောစိတ်တို့ မည်မျှစီ ရှိကြသည်ကို သင်္ချာမျှ အသီးသီးဖော်ပြ၍ ဈာန်၏ အစိတ်အပိုင်းဖြစ်သော တရားများကား အဘယ်တို့ပါနည်း၊ ဖြေဆိုပါ။ (၁၉၉၇)

၃၃။ 'ဘယ်သူ့သေသေ ငတေမာလျှင်ပြီးရော' ဟု အပြစ်ရှိမှန်းသိလျက် သူတစ်ပါး အသက်ကို ထက်သန်စွာသတ်လေ့ရှိသူ၏ သန္တာန်၌ ဖြစ်သောစိတ်ကို ပြည့်စုံစွာ ဖော်ပြ၍ ကာမစိတ် ၅၄ ပါးတို့တွင် အသင်္ခါရိကစိတ်, သသင်္ခါရိကစိတ်, နှစ်မျိုးလုံး မဟုတ်သောစိတ်တို့ မည်မျှစီရှိသနည်း၊ အရေအတွက်မျှ ဖော်ပြပါ။ (၁၉၉၈)

၃၄။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသကၤန်း ဆက်ကပ်ပူဇော်ရာ၌ မည်သူမျှ မတိုက်တွန်းရဘဲ ပျော်ရွှင်စွာဖြင့် ပါဝင်လှူဒါန်းသော ကံကျိုးမြင်သိ ပညာရှိ သန္တာန်၌ ဖြစ်နိုင်သောစိတ်ကို ဖော်ပြ၍ လောကစာတ်တစ်ခွင်၌ အမှန်တကယ် ရှိသော တရားတို့တွင် ဖောက်ပြန်ခြင်းသဘောရှိသောတရားနှင့် ဖောက်ပြန်ခြင်း သဘောမရှိသော တရားတို့ကို ခွဲခြားထုတ်ဖော်ပြပါ။ (၁၉၉၈)

၃၅။ 'ဈာန်ဝင်စားမှ လွန်တင့်တယ်' ဟု ဆိုရာ၌ ဝင်စားနိုင်သောဈာန်တို့တွင် ပဥ္စမ ဈာန်စိတ်များကိုသာ ဓာတိဘေဒနည်းအားဖြင့်လည်းကောင်း၊ အကြောင်း အကျိုးအားဖြင့်လည်းကောင်း ဝေဖန်ပြ၍ ဘုရားရဟန္တာတို့၌သာ ဖြစ်နိုင်သော မတင့်တယ်သောစိတ်အမည်ကိုလည်း တိကျစွာဖော်ပြပါ။ (၁၉၉၈)

၃၆။ 'ရင်ထဲမှာ ဒွိဟစိတ်တွေနဲ့' ဟူသောစကား၌ ဒွိဟစိတ်ဟူသည် အဘယ်စိတ် ကို ခေါ်ပါသနည်း၊ ဖြေဆို၍ အကုသိုလ်စိတ် ၁၂ ပါးကိုလည်း ဝေဒနာအားဖြင့် သိသာရုံမျှ ခွဲခြားပြပါ။ (၂၀၀၁)

၃၇။ လျှာတစ်ခုတည်း ရှိပါလျက် အဘယ့်ကြောင့် 'ဇိဝှာဝိညာဏ်ဒွေး' ဟု ခေါ်ရသည် ကို ဖြေဆို၍ အဟိတ်စိတ် ၁၈ ပါးကိုလည်း ဓာတိဘေဒအားဖြင့် ဝေဖန်ပြပါ။ (၂၀၀၁)

၃၈။ အိုမင်းမစွမ်းဖြစ်နေသော ဘိုးဘွားများ၏ ကိစ္စကြီးငယ်ကို မိမိအသိစိတ်ဖြင့် ပျော်ရွှင်စွာ ကူညီဆောင်ရွက်ပေးနေသော လူငယ်တစ်ဦး၏ သန္တာန်၌ ဖြစ်ပေါ် နေသော ကုသိုလ်စိတ်ကို ပြည့်စုံတိကျစွာဖော်ပြ၍ ပထမဈာန်၌ ပါဝင်သော ဈာန်အင်္ဂါ ငါးပါးကိုလည်း ဖြေဆိုပါ။ (၂၀၀၁)

http://www.dhammadownload.com



၃၉။ လောကုတ္တရာစိတ်အကျဉ်း ရှစ်ပါးမှ အကျယ် ၄၀ ဖြစ်ပွားလာရပုံကို ဖြေဆို၍ စိတ်အကျယ် ၁၂၁ ပါးကိုလည်း အကြောင်းစိတ်, အကျိုးစိတ်, ကြောင်းကျိုးလွတ်စိတ်အားဖြင့် သချင်္ဂြိုဟ်မျှ ဖော်ပြပါ။

၄၀။ 'စိတ်ကောင်း စေတနာကောင်း ထားကြစမ်းပါ' ဟု ပြောဆိုတိုက်တွန်းကြရာ (က) အဘယ်စိတ်သည် စိတ်ကောင်း၊ (ခ) အဘယ်စေတနာသည် စေတနာကောင်း မည်ပါသနည်း၊ ဖြေဆိုခဲ့ပါ။ (၂၀၀၂)

၄၁။ 'ကောင်းတာလုပ်က ကောင်းကျိုးရ' ဆိုရာ ကောင်းကြောင်းတရားနှင့် ကောင်းကျိုးတရားများကို အကျဉ်း, အကျယ် နည်းနှစ်သွယ်ဖြင့် စိတ်ပိုင်းကို ရှုမြင်သုံးသပ်လျက် သချင်္ဂြိုဟ်မျှ ဖော်ပြပါ။ (၂၀၀၂)

၄၂။ သေရည်သောက်စား ဖြူတုံငြားလည်း၊ သူတစ်ပါးအား ပြစ်များမရှိ မထိပါးဘိက၊ ငရဲမကြီး အပြစ်မရှိဟု ပြောဆိုသောသူ၏ စကားကို ယုံကြည်လက်ခံကာ ပျော်ပျော်ကြီး ဝိုင်းဖွဲ့၍သောက်စားနေသောသူတို့၏ သန္တာန်၌ဖြစ်သောစိတ်ကို ဖော်ပြ၍ ၎င်းစိတ်နှင့်အတူ ဖြစ်ခွင့်ရှိသော စေတသိက်တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။ (၂၀၀၂)

၄၃။ ပရမတ္ထတရားလေးပါးတို့တွင် စိတ်သည် အကျဉ်းအားဖြင့် ၈၉ ပါး၊ အကျယ်အားဖြင့် ၁၂၁ ပါးဟု လည်းကောင်း၊ သောဘဏစိတ်သည် အကျဉ်းအားဖြင့် ၅၉ ပါး၊ အကျယ်အားဖြင့် ၉၁ ပါးဟုလည်းကောင်း ရှိရာ ထိုအကျဉ်းအကျယ်စိတ်တို့၏ အလယ်တည့်တည့်စိတ်ကို ထုတ်ပြ၍ ပရမတ္ထတရားလေးပါးကို ရေတွက်ပြခဲ့ပါ။ (၂၀၀၃)

၄၄။ 'စေတနာသည်ပင် ကံ' ဟုဆိုကြရာ 'ကံ၏ အကျိုးတရား ရှိလေသလား၊ မရှိလေသလား' ဟု ဖြစ်သော လေ့နံနှစ်ဖက်နင်းသော စေတသိက်နှင့် 'ကံ၏ အကျိုးတရား မရှိ' ဟု ယတိပြတ်ဆုံးဖြတ်မှုဖြင့် အယူမှားဘက်သို့ ရောက်သော စေတသိက်ကို သဘောလက္ခဏာနှင့်တကွ ဖြေဆိုရေးသားခဲ့ပါ။ (၂၀၀၃)

၄၅။ 'ခံစားမှုဝေဒနာ ကိုယ်စီရှိကြသည်' ဟုဆိုရာ ထိုဝေဒနာသည် အဘယ်ဘေဒဖြင့် မည်မျှများပြားသည်ကို ဖြေဆို၍ ကိစ္စ ၁၄ ပါး၊ ဌာန ၁၀ ပါးဟု ရှိရာ ကိစ္စနှင့် ဌာနတို့ကို အသီးသီးတွဲစပ်ပြပါ။ (၂၀၀၃)

○

http://www.dhammadownload.com

## အခန်း (၂)
# စေတသိက်ပိုင်း

### စိတ်သည် ပဓာန

စိတ္တေန နီယတိ လောကော. (သံ၊၁၊၃၆)။

စိတ်သည် လောကကြီးကို ကြီးစိုး၏ဟု မြတ်ဗုဒ္ဓဟောကြားထားသည်နှင့်အညီ စိတ်သည် လူတစ်ဦးစီ၏ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်များကို ဦးဆောင်နေ၏။ နိုင်ငံအစိုးရအဖွဲ့များကိုလည်း စိတ်ကပင် ဦးဆောင်နေ၏။

စိတ်ပညာရှင်တို့ကလည်း စိတ်သည် အလွန်တန်ခိုးကြီးကြောင်း သဘောတူညီကြ၏။

"သင်တကယ်ယုံကြည်လျှင်-တောင်ကြီးကိုပင်သင် ရွှေ့လျားစေနိုင်သည်" ဟု စိတ်ပညာရှင်တို့ အဆိုပြုကြ၏။

ယနေ့ အလွန်တရာအံ့ဩဖွယ်ကောင်းသော ကွန်ပျူတာကြီးများကို မည်သူ တီထွင်သနည်း။ စိတ်က တီထွင်ထား၏။

လူသားတို့ကို လ၊ ပေါ်သို့ရောက်အောင် ပို့ဆောင်ပေးခဲ့ကြသော ဒုံးယာဉ်ကြီးများကို မည်သူက တီထွင်ခဲ့သနည်း။ စိတ်က တီထွင်ခဲ့၏။

ယနေ့ ကမ္ဘာကြီးတစ်ခုလုံးကို မီးတဟုန်းဟုန်းတောက်လောင်ပြာကျသွားစေနိုင်သော အဏုမြူလက်နက်များကို မည်သူပြုလုပ်သနည်း။ စိတ်က ပြုလုပ်ထားပါ၏။

တတိယကမ္ဘာစစ်ကြီးမဖြစ်အောင် မည်သူက ထိန်းပေးနိုင်သနည်း။ စိတ်ကသာ ထိန်းပေးနိုင်ပါ၏။

http://www.dhammadownload.com



## စိတ်ကို မည်သူခြယ်လှယ်သနည်း

အဆုံးအစမရှိ တန်ခိုးကြီးထွားနေသောစိတ်ကို မည်သူက ထိန်းကွပ်ခြယ်လှယ်သနည်း။ စေတသိက်များက ထိန်းကွပ်ခြယ်လှယ်နေပါ၏။

သို့ဖြစ်လျှင် စိတ်က အရေးကြီးသလော၊ စေတသိက်က အရေးကြီးသလော။ နှစ်မျိုးစလုံးအရေးကြီးသည်ဟု မှတ်ယူသင့်၏။

ပမာဆိုသော် ဆင်ပြောင်ကြီးသည် အားကြီး၏။ ဆင်ပြောင်ကြီးကို ဆင်ဦးစီးက ထိန်းချုပ်နိုင်၏။ သို့ဖြစ်လျှင် ဆင်ပြောင်က တန်ခိုးကြီးသလော။ ဆင်ဦးစီးက တန်ခိုးကြီးသလော။

ဆင်ပြောင်ကြီးမရှိဘဲနှင့် ဆင်ဦးစီးသည် တန်ခိုးမပြနိုင်ပါ။ ဆင်ဦးစီးမရှိဘဲနှင့်လည်း ဆင်ပြောင်၏ စွမ်းအားကို အလိုရှိသလို အသုံးမပြုနိုင်ပါ။ ဆင်ပြောင်နှင့် ဆင်ဦးစီးတို့ပေါင်းစပ်ထားပါမှ လိုရာကိစ္စကို ဆောင်ရွက်နိုင်၏။

ထို့အတူ စိတ်နှင့်စေတသိက်တို့ ပေါင်းစပ်ထားပါမှ စိတ်၏စွမ်းအားကို အလိုရှိသလို အသုံးပြုနိုင်၏။

ဝန်ဇင်းမင်းရာဇာက "ဖွတ်ဉသည် အဆိမ့်ဆုံး" ဟုဆိုရာ၌ ဖွတ်ဉချည်းသက်သက်မဟုတ်ဘဲ ဆားပါမှ ဆိမ့်သကဲ့သို့ စိတ်သည်အလွန်တန်ခိုးကြီး၏ဟုဆိုရာ၌ စိတ်ချည်းသက်သက်မဟုတ်ဘဲ စေတသိက်များ ပါဝင်မှ တန်ခိုးကြီးနိုင်၏။

အဖွဲ့အစည်းတစ်ခု၌ ဥက္ကဋ္ဌသည် ဦးဆောင်ဦးရွက်ဖြစ်သော်လည်း အဖွဲ့၏ လုပ်ငန်းများကို အတွင်းရေးမှူးက အသေးစိတ်စီမံဆောင်ရွက်ရသကဲ့သို့ စိတ်သည် ဦးဆောင်ဦးရွက်ဖြစ်သော်လည်း စေတသိက်များက အသေးစိတ်လုပ်ငန်းများကို စီမံဆောင်ရွက်ကြရ၏။

## စိတ်ကို အရောင်ဆိုးပုံ

"ကြက်ဥအရောင် တိမ်တောင်သဖွယ်" ဟူ၍ အရောင်အမျိုးမျိုးပြောင်းလဲနိုင်ပုံကို စကားဖွဲ့ဆိုထား၏။

ထိုကြက်ဥအရောင်၊ တိမ်တောင်အရောင်တို့ထက် အရောင်ပိုကြွယ်ဝအောင် အရောင်အမျိုးမျိုး ဖလှယ်နိုင်သူကား စိတ်ပင်ဖြစ်၏။

စိတ်ကောင်း၊ စိတ်ဆိုး၊ စိတ်ရှည်၊ စိတ်တို၊ စိတ်ကြည်၊ စိတ်နောက်၊ စိတ်ပုပ်၊ စိတ်မြတ်၊ စိတ်ယုတ်၊ စိတ်ပျော်၊ စိတ်ပျက်၊ စိတ်ထက်၊ စိတ်ပျော့၊ စိတ်လျော့၊ စိတ်သန်၊ စိတ်ထန်၊ စိတ်ဆတ်၊ စိတ်နိမ့်၊ စိတ်မြင့်၊ စိတ်လေ၊ စိတ်လွင့် စသည်ဖြင့် အမျိုးသမီးတစ်ဦး၏ အဝတ်တန်ဆာပြောင်းလဲနိုင်သည်ထက် စိတ်က ပို၍ပြောင်းလဲပြနိုင်၏။

ဤသို့ စိတ်ကို အမျိုးမျိုးပြောင်းလဲအောင် အရောင်ဆိုးပေးသောအရာများကား စေတသိက်များပင်ဖြစ်ကြ၏။

http://www.dhammadownload.com



စိတ်သည် ကြည်လင်နေသော ရေတစ်ခွက်နှင့်တူ၏။ ထိုရေထဲသို့ အဝါရောင် ဆိုးဆေး အနည်းငယ်ထည့်လိုက်လျှင် ရေသည် အရောင်ဝါသွား၏။ အနီရောင် ဆိုးဆေး ထည့်လျှင် အရောင်နီ၍ အနက်ရောင်ဆိုးဆေးထည့်လျှင် အရောင်မည်းနက်သွား၏။

ထို့အတူ စိတ်သည် လောဘယှဉ်သည့်အခါ အလိုရမ္မက်ကြီး၏။ ဒေါသယှဉ်သည့်အခါ မီးလျှံထသကဲ့သို့ ခက်ကြမ်း၏။ မေတ္တာယှဉ်သည့်အခါ ကြည်လင် အေးမြ၏။ ကရုဏာယှဉ်သည့်အခါ သနားကြင်နာ၏။

**"ရဟန်းတို့ ဤဘဝင်စိတ်သည် ဖြူစင်သန့်ရှင်းသောကြောင့် ပြိုးပြိုး ပြက်ပြက် အရောင်ထွက်သကဲ့သို့ရှိ၏။ ထိုစိတ်သည်ပင် အခိုက်အတန့်အားဖြင့် မှီလာကြကုန်သော ညစ်ညူးကြောင်းကိလေသာတရားတို့ကြောင့် ညစ်နွမ်းရ ပေ၏" ဟုဗုဒ္ဓရှင်တော် မိန့်ကြားတော်မူခဲ့၏။**

## စေတသိက်၏ အင်္ဂါလေးရပ်

စိတ်၌မှီ၍ စိတ်ကိုခြယ်လှယ်သောသဘောတရားကို စေတသိက် (Cetasika or mental factor or mental state) ဟု ခေါ်၏။ အောက်ပါ အင်္ဂါလေးရပ်နှင့် ညီညွတ်သော သဘောတရားများကိုသာ စေတသိက်ဟု ခေါ်ဆိုအပ်၏။

(၁) **ဧကုပ္ပါဒ = စိတ်နှင့်အတူဖြစ်ခြင်း**
(စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် အတူဖြစ်ရမည်။)

(၂) **ဧကနိရောဓ = စိတ်နှင့်အတူချုပ်ခြင်း**
(စိတ်ချုပ်သည်နှင့်တစ်ပြိုင်နက် အတူချုပ်ရမည်။)

(၃) **ဧကာလမ္ဗန = စိတ်နှင့်တူသောအာရုံရှိခြင်း**
(စိတ်ယူသောအာရုံကိုသာ အတူယူရမည်။)

(၄) **ဧကဝတ္ထုက = စိတ်နှင့်တူသောမှီရာဝတ္ထုရှိခြင်း**
(စိတ်မှီသောဝတ္ထုကိုသာ အတူမှီရမည်။)

## စေတသိက်စုများ

(၁) **အညသမာန်းစေတသိက်စု** = သောဘဏစိတ်၊ အသောဘဏစိတ် နှစ်မျိုးလုံးနှင့် ယှဉ်တွဲနိုင်သော စေတသိက် ၁၃ ပါး။

(၂) **အကုသိုလ်စေတသိက်စု** = အကုသိုလ်စိတ်များနှင့်သာ ယှဉ်တွဲနိုင်သော စေတသိက် ၁၄ ပါး။

(၃) **သောဘဏစေတသိက်စု** = သောဘဏစိတ်များနှင့် ယှဉ်တွဲနိုင်သော တင့်တယ်သည့် စေတသိက် ၂၅ ပါး။

(၄) စုစုပေါင်းစေတသိက် (၁၃+၁၄+၂၅)=၅၂ ပါးရှိသည်။

http://www.dhammadownload.com



**အညသမာန်းစေတသိက် ၁၃ ပါး**

**"ကောင်းဆိုးနှစ်တန်၊ ခပ်တိုင်းငန်၊ သမာန်အည၊ တောရသ"**

အညသမာန်းစေတသိက် ၁၃ ပါးတို့သည် ကောင်းသောစိတ်များနှင့် ယှဉ်တွဲသည့်အခါ ကောင်းသောအာနိသင်ကို တိုးပွားစေ၏။ ဆိုးသောစိတ်များနှင့် ယှဉ်တွဲသည့်အခါ ဆိုးသောအာနိသင်ကို တိုးမြင့်စေ၏။

သို့အတွက် အညသမာန်းစေတသိက်တို့သည် နှစ်ဖက်ရစေတသိက်များ ဖြစ်ကြ၏။ ဟင်းချိုတွင်လည်းကောင်း၊ ဟင်းလေးတွင်လည်းကောင်း ထည့်ခပ်သော ဆားနှင့်တူ၏။ ဤစေတသိက်စုတွင် ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဝီရိယ၊ ဆန္ဒစသည့် အရေးကြီးသော စေတသိက်များ ပါဝင်ကြ၏။

အညသမာန်းစေတသိက်တို့ကို အောက်ပါအတိုင်း နှစ်မျိုးထပ်ခွဲ၏။

(၁) **သဗ္ဗစိတ္တသာဓာရဏစေတသိက်** = အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသည့် စေတသိက် ခုနစ်လုံး (စိတ်ဖြစ်တိုင်း အမြဲပါဝင်ကြသော စေတသိက်များ ဖြစ်ကြ၏။)

(၂) **ပကိဏ်းစေတသိက် ခြောက်လုံး** = စိတ်အားလုံး၌ မယှဉ်နိုင်ဘဲ ဟိုတချို့ သည်တချို့ ရောရောပြွမ်းပြွမ်းယှဉ်သည့် စေတသိက်များ။

**သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါး**

၁။ **ဖဿ** = စိတ်နှင့် အာရုံကို တွေ့ထိပေးခြင်းသဘော (Contact)

၂။ **ဝေဒနာ** = အာရုံ၏ အရသာကို ခံစားခြင်းသဘော (Feeling)

၃။ **သညာ** = အာရုံကိုမှတ်သားခြင်းသဘော (Perception)

၄။ **စေတနာ** = ယှဉ်ဖက်တရားတို့ကို (ယှဉ်ဖက်စိတ်စေတသိက်တို့ကို) ဆိုင်ရာကိစ္စတို့၌ဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းခြင်းသဘော (Volition)

၅။ **ဧကဂ္ဂတာ** = တစ်ခုတည်းသောအာရုံ၌ တည်တံ့ခြင်း တည်ကြည်ခြင်းသဘော (One pointedness)

၆။ **ဇီဝိတိန္ဒြေ** = ယှဉ်ဖက်တရားတို့ကို သက်တမ်းပြည့် တည်တံ့အောင် စောင့်ထိန်းခြင်းသဘော (Psychic life)

(ဤဇီဝိတိန္ဒြေသည် နာမ်တရားတို့၏ အသက်တည်း။)

၇။ **မနသိကာရ** = စိတ်၌ အာရုံပေါ်လာအောင် ပြုပေးခြင်းသဘော (Attention) (အာရုံကို နှလုံးသွင်းခြင်းသဘော)

**"ဖသ်, ဝေ, သဉ်, စေ၊ ဧ, ဇီ, မန၊ ဤသတ္တ သဗ္ဗစိတ်တိုင်းဖြစ်"**

ဤလင်္ကာဖြင့် သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်လုံးကို မှတ်သားထားနိုင်၏။

http://www.dhammadownload.com



သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့ အရေးပါပုံ

ဤစေတသိက်ခုနစ်လုံးတို့သည် စိတ်အားလုံး၌ ယှဉ်ကြ၏။ စိတ်ဖြစ်တိုင်း ဤ စေတသိက်ခုနစ်လုံးတို့ တညီတညွတ်တည်း ပါဝင်လုပ်ဆောင်ကြမှ စိတ်၏ အာရုံကို ယူခြင်းကိစ္စသည် အထမြောက်၏။

စိတ်သည် ဖဿမပါဘဲ အာရုံကို မယူနိုင်ချေ။ ဥပမာ ရူပါရုံနှင့် မျက်စိအကြည် ရုပ် (စက္ခုပသာဒ) တို့ ထိတိုက်ကြသောအခါ မြင်သိစိတ်ဖြစ်ပေါ်လာ၏။ ဤနေရာ၌ ဖဿသည် ရူပါရုံ၊ မျက်စိအကြည်ရုပ်နှင့် မြင်သိစိတ်တို့ကို တစ်ပြိုင်နက်တွေ့ထိအောင် ဆောင်ရွက်ပေး၏။

ဥပမာ သူရိယကန္တ ကျောက်ပေါ်သို့ နေရောင်ခြည်ကျရောက်သည့်အခါ မီးထ တောက်၏။ မီးသည် သူရိယကန္တ ကျောက်၌ ရှိနှင့်သည်လည်းမဟုတ်။ နေရောင်ခြည် ၌ ပါလာသည်လည်းမဟုတ်။ ထိုကျောက်နှင့် နေရောင်တို့ တွေ့ဆုံသောအခါမှ မီးဖြစ် ပေါ်လာ၏။

ဤဥပမာ၌ သူရိယကန္တ ကျောက်သည် မျက်စိအကြည်ရုပ်နှင့်တူ၏။ နေရောင် ခြည်သည် ရူပါရုံနှင့်တူ၏။ မီးသည်မြင်သိစိတ်နှင့်တူ၏။ မြင်သိစိတ်သည် နဂိုမူလက ရှိနေနှင့်သည် မဟုတ်။ မျက်စိအကြည်ရုပ်နှင့် ရူပါရုံတို့ တွေ့ဆုံသောအခိုက်၌သာ တစ်ပြိုင်တည်းဖြစ်ပေါ်လာ၏။

ပရမတ္ထတရားတို့သည် ဤသို့လျှင် အကြောင်းပြည့်စုံမှ ဖြစ်ပေါ်လာကြ၏။ ဖြစ်ပေါ်ပြီးလျှင်လည်း တစ်ခဏကလေးသာ တည်မြဲပြီး ပျက်စီးသွားကြ၏။ လက်ဖျစ် တစ်တွက်အချိန်ကလေး၌ စိတ်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားနိုင်ရာ စိတ် တစ်ခု၏ သက်တမ်းသည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းပုံ တစ်ပုံခန့်သာ ရှိ၏။

ထိုမြင်သိစိတ်ဖြစ်ပေါ်ခိုက်၌ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေနှင့် မနသိကာရတို့လည်း စိတ်နှင့်အတူ တစ်ပြိုင်တည်းဖြစ်ပေါ်ကြ၏။ စိတ် ချုပ်ပျက်သည်နှင့်တစ်ပြိုင်နက် ဤစေတသိက်တို့လည်း တစ်ပြိုင်တည်း ချုပ်ပျက်ကြ ၏။ စိတ်ယူသည့် အာရုံကိုပင် ၎င်းစေတသိက်တို့ယူကြ၏။ စိတ်မှီသည့် ဝတ္ထု (စက္ခု ပသာဒ) ကိုပင် ၎င်းစေတသိက်တို့က မှီကြ၏။

ထိုစေတသိက်တို့ စိတ်နှင့်အတူဖြစ်ပေါ်ခိုက်တွင် ဖဿသည် အာရုံနှင့် စိတ်ကို ထိတွေ့ပေး၏။ ထိုထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသည့်ခံစားမှုကို ဝေဒနာက ခံစား၏။ သညာက အာရုံကို မှတ်သား၏။ မနသိကာရက စိတ်ကို အာရုံသို့ နှလုံးသွင်းစေ၏။ ဇီဝိတိန္ဒြေက စိတ်နှင့် စေတသိက်တို့ တည်တံ့အောင် စောင့်ထိန်းပေး၏။ ဧကဂ္ဂတာက အာရုံ၌ စိတ်တည်ငြိမ်နေအောင် ထိန်းပေး၏။ စေတနာက ယှဉ်ဖက်စိတ်နှင့် စေတသိက် တို့ ဆိုင်ရာအမှုကိစ္စအသီးသီးကို ဆောင်ရွက်ကြရန် စေ့ဆော်ပေး၏။

http://www.dhammadownload.com



ဤသို့ စိတ်နှင့်စေတသိက်တို့ ညီညီညွတ်ညွတ်လုပ်ဆောင်ကြမှသာလျှင် အာရုံကို မြင်သိနိုင်၏။ ဖဿ, မနသိကာရ, ဧကဂ္ဂတာ စသည့် ပရမတ္ထတရား တစ်ခုခုက ဝတ္တရားပျက်ကွက်ခဲ့လျှင် မမြင်သိနိုင်တော့ချေ။

**ပရမတ္ထတရားကို စိစစ်နည်း**

သဘာဝတရားတို့၏ အခြေခံဖြစ်သော ပရမတ္ထတရားတို့သည် သဘောမျှသာ ဖြစ်ကြပြီး သက်တမ်းအလွန်အလွန်တိုတောင်းကြသည့်အတွက် ၎င်းတို့ကို လက်ဆုပ်လက်ကိုင်ပြ၍ မရပါ။

ဤပရမတ္ထတရားတို့ အမှန်တကယ်ရှိကြောင်းကို စိစစ်ပြနိုင်သော နည်း လေးမျိုး ရှိ၏။ ၎င်းတို့မှာ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်တို့ဖြစ်ကြ၏။

**(၁) လက္ခဏာ**

ဤပါဠိသဒ္ဒါကို မြန်မာတို့က လက္ခဏာဟုဝေါဟာရပြုထားကြ၏။ အဓိပ္ပာယ်မှာ "အမှတ်အသား" ဖြစ်၏။

ပရမတ္ထတရားတစ်ခုစီတွင် လက္ခဏာ နှစ်မျိုးစီရှိ၏။ သာမညလက္ခဏာနှင့် သဘာဝလက္ခဏာတို့ဖြစ်ကြ၏။

(က) **သာမညလက္ခဏာ** သည် ပရမတ္ထတရား အများနှင့် သက်ဆိုင်သော လက္ခဏာဖြစ်၏။ စိတ်နှင့် စေတသိက်တည်းဟူသော နာမ်တရားသည်လည်းကောင်း၊ ရုပ်တရားသည်လည်းကောင်း ဖြစ်ပြီးသည်နှင့် မကြာမီ ပျက်စီးကြရသဖြင့် မမြဲခြင်းဟူသော **အနိစ္စလက္ခဏာ** ရှိကြ၏။ ပရမတ္ထတရားတို့သည် အကြောင်းပြည့်စုံညီညွတ်လျှင် ဖြစ်ပေါ်လာသည်ကို မဖြစ်ပေါ်ပါစေနှင့်ဟု မည်သူမျှ တား၍ မရ။ အကြောင်းမပြည့်စုံဘဲနှင့် ဖြစ်လာပါစေဟူ၍လည်း မည်သည့်ဖန်တီးရှင်ကမျှ ဖန်တီးယူ၍ မရ။ ဖြစ်ပေါ်ပြီးသည့်နောက် မပျက်စီးပါစေနှင့်ဟုလည်း မည်သည့်တန်ခိုးရှင်ကမျှ တားဆီး၍မရ။ ဤသို့ **အစိုးမရခြင်းဟူသည့် အနတ္တလက္ခဏာ** သည်လည်း ရုပ်နာမ်အားလုံးတို့၏ အမှတ်အသားတစ်ခုဖြစ်၏။

ရုပ်နာမ်တို့သည် မမြဲခြင်းနှင့် အစိုးမရခြင်းဟူသည့်သဘောများကို ဆောင်ထားသည့်အတွက် **ကျေနပ်စရာမရှိခြင်း (ဝါ) ဆင်းရဲခြင်းဟူသည့် "ဒုက္ခလက္ခဏာ"** ကိုလည်း ဆောင်ကြ၏။

သို့အတွက် အနိစ္စ, ဒုက္ခ, အနတ္တတို့သည် ရုပ်နာမ်တရားအားလုံးနှင့် သက်ဆိုင်သော သာမညလက္ခဏာများဖြစ်ကြ၏။

ထို့အပြင် ရုပ်တရားအားလုံးသည် **ဖောက်ပြန်ခြင်း (ရုပ္ပန) လက္ခဏာ** ရှိကြ၏။ စိတ်နှင့် စေတသိက်တည်းဟူသော နာမ်တရားအားလုံးသည် **အာရုံသို့ ညွတ်ကိုင်း**

http://www.dhammadownload.com



ခြင်း(နမန)လက္ခဏာရှိကြ၏။ ရုပ္ပနနှင့် နမနတို့သည်လည်း သာမညလက္ခဏာများ ဖြစ်ကြ၏။

(ခ) **သဘာဝလက္ခဏာ** သည် အများနှင့်မဆိုင်ဘဲ ကိုယ်ပိုင်အမှတ်အသား ဖြစ်၏။ ဥပမာ အာရုံကိုသိခြင်းသည် စိတ်၏ကိုယ်ပိုင်လက္ခဏာဖြစ်၏။ အာရုံကို တွေ့ထိခြင်းသည် ဖဿ၏ သီးခြားလက္ခဏာဖြစ်၏။ ခက်မာမှုသဘောသည် ပထဝီဓာတ်၏ ကိုယ်ပိုင်အမှတ်အသား ဖြစ်၏။ ဤသီးခြားလက္ခဏာများကို သဘာဝလက္ခဏာများ ဟု ခေါ်သည်။

## (၂) ရသ

ရသသည် ကိစ္စရသနှင့် သမ္ပတ္တိရသဟူ၍ နှစ်မျိုးကွဲပြား၏။

(က) **ကိစ္စရသ** သည် ပရမတ်တရားတို့၏ ကိုယ်ပိုင်ပြုမူဆောင်ရွက်ရသော လုပ်ငန်း (ကိစ္စ) ဖြစ်၏။ ဥပမာ မောဟသည် အာရုံ၏သဘောမှန်ကို ဖုံးကွယ်ထားခြင်းကိစ္စရှိ၏။ ဒေါသသည် မိမိဖြစ်ရာပုဂ္ဂိုလ်နှင့် ဟဒယဝတ္ထုရုပ်တို့ကို လောင်ကျွမ်းစေခြင်း ကိစ္စရှိ၏။

(ခ) **သမ္ပတ္တိရသ** သည် အကြောင်းစုံညီသဖြင့် ဖြစ်ပေါ်လာခြင်း(ဝါ) ပြည့်စုံခြင်း ကိုခေါ်၏။ ဥပမာ မောဟသည် အာရုံကိုထိုးထွင်း၍ မသိခြင်းသမ္ပတ္တိရသရှိ၏။ ဒေါသကြောင့် ခြေတုန်လက်တုန်, အသံတုန်ခြင်းနှင့် မျက်နှာကြမ်းတမ်းလာခြင်းတို့သည် ဒေါသစေတသိက်၏ သမ္ပတ္တိရသဖြစ်၏။

## (၃) ပစ္စုပဋ္ဌာန်

ကိစ္စရသကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးတရား (ဝါ) ဉာဏ်တွင် ထင်မြင်လာသော သဘောခြင်းရာကို ပစ္စုပဋ္ဌာန်ဟု ခေါ်၏။

ဥပမာ အာရုံ၏သဘောမှန်ကိုမသိ၍ ကောင်းမွန်ဖြောင့်မှန်စွာ မကျင့်နိုင်ခြင်းသည် မောဟ၏ပစ္စုပဋ္ဌာန်ဖြစ်၏။ မောဟကို အမှောင်တရားဟုလည်း ထင်မြင်ကြ၏။ ဒေါသသည် မိမိနှင့် သူတစ်ပါးတို့ကို ဖျက်ဆီးတတ်သည့်တရားဟု ရှုးစိုက်လေ့လာသူ၏ ဉာဏ်တွင် ရှေးရှုထင်လာ၏။

## (၄) ပဒဋ္ဌာန်

အနီးကပ်ဆုံး အကြောင်းတရားကို ပဒဋ္ဌာန်ဟု ခေါ်၏။ အကျိုးတရားတစ်ခု ဖြစ်ပေါ်လာရာတွင် အကြောင်းတစ်ခုသာရှိသည်မဟုတ်။ ဆင့်ကဲဆင့်ကဲ အထောက်အကူပြုနေကြသည့်အကြောင်း အမြောက်အမြားရှိ၏။

ဥပမာ ဒေါသကိုဖြစ်ပေါ်စေသောအကြောင်းများတွင် (၁) အနိဋ္ဌာရုံနှင့် တွေ့ဆုံခြင်းနှင့် (၂) နှလုံးသွင်းမှုမမှန်ကန်ခြင်း (အယောနိသောမနသိကာရ) တို့သည် အရေး

http://www.dhammadownload.com



ကြီးသော အကြောင်းနှစ်ရပ်ဖြစ်ကြ၏။ ဤနှစ်ရပ်တွင် အနိဋ္ဌာရုံနှင့် ကြုံတွေ့နေစေကာမူ နှလုံးသွင်းကောင်းသော ပညာရှိသည် ဒေါသမဖြစ်ချေ။ ထို့ကြောင့် နှလုံးသွင်းမကောင်းခြင်း (အယောနိသောမနသိကာရ) သည်သာ ဒေါသ၏ နီးကပ်သော အကြောင်းပဒဋ္ဌာန်ဖြစ်၏။

ဤသို့ နည်းလေးမျိုးတို့ဖြင့် ပရမတ္ထတရားများကို စိစစ်နိုင်လျှင် သဘောတရားထင်ရှားလာပြီး အယူလွဲမှုမှ ကင်းစင်ခြင်းဟူသည့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။

သို့ရာတွင် အခြေခံအဆင့်၌ ပရမတ္ထတရားတို့၏ သဘောလက္ခဏာကိုသာ သိရန်လိုပါသည်။ စေတသိက်တို့မှာ စိတ်ကိုခြယ်လှယ်နေကြသော သဘောတရားများ ဖြစ်ကြသဖြင့် ၎င်းတို့ကို သဘောပေါ်လွင်ထင်ရှားအောင် အကျဉ်းရုံး၍ တင်ပြသွားပါမည်။

**ဖဿစေတသိက်**

ဖဿသည် အာရုံကိုတွေ့ထိခြင်းသဘောဖြစ်၏။ အာရုံ၏ ကောင်းသော အရသာသို့မဟုတ် မကောင်းသောအရသာသို့ ဆိုက်ရောက်အောင် ထိခိုက်ခြင်းမျိုးကို ဆိုလို၏။ ဖဿ၏ လုပ်ငန်းကိစ္စမှာ စိတ်နှင့်အာရုံကို တွေ့ထိပေးခြင်းဖြစ်၏။

ဖဿဟူသော နာမ်တရားနှင့် အာရုံဖြစ်သော ရုပ်နာမ်ပညတ်တရားတို့ မည်သို့တွေ့ထိကြသနည်း။ ရုပ်ရုပ်ချင်း ထိခိုက်ပုံမျိုးကား မဟုတ်တန်ရာ၊ ခါတ်ခိုက်သည့်သဘောဖြင့် တွေ့ထိသည်ဟု ဆိုအပ်၏။

ဥပမာ ချဉ်သီးစားနေသူကိုမြင်သဖြင့် မိမိကိုယ်တိုင် မစားရသော်လည်း စားရဘိသကဲ့သို့ တံတွေး၊ လျှာရည် ယိုထွက်လာခြင်းသည် ဖဿကြောင့်ဖြစ်၏။

သစ်ပင်ထိပ်ဖျားသို့ ရောက်နေသူတစ်ဦးကို မြင်ရသည့်အခါ စိုးကြောက်တတ်သောသူသည် မြေပေါ်မှာရပ်နေပါလျက် သစ်ပင်ထိပ်ဖျားသို့ ရောက်နေသည့်ဟန်မှာ ကြောက်ဒူးတုန်လာ၏။ ဤသည်လည်း ဖဿ၏ သဘောဖြစ်၏။

**ဝေဒနာစေတသိက်**

ဝေဒနာသည် အာရုံ၏ အရသာကို ခံစားခြင်းသဘောဖြစ်၏။ မိမိနှင့်အတူဖြစ်ဖော်ဖြစ်ဖက် နာမ်တရားများအား အာရုံ၏ အရသာကို ခံစားအောင် ပြုလုပ်တတ်သောသဘောလည်း ဖြစ်၏။

ခံစားခြင်းဆိုသည်မှာ အာရုံနှင့် တွေ့ဆုံရသည့်အခါ ကိုယ်စိတ်နှစ်ပါး၌ ခံသာသည့် သဘော၊ မခံသာသည့်သဘော သို့မဟုတ် အလယ်အလတ် လျစ်လျူရှုသောသဘောဖြစ်၏။

**အာရုံကိုလိုက်၍ ဝေဒနာသုံးမျိုးကွဲပြား၏။**

(၁) အလိုရှိအပ်, ကောင်းမြတ်သော အာရုံ (ဣဋ္ဌာရုံ) နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသောခံစားမှုသည် သုခဝေဒနာဖြစ်၏။

http://www.dhammadownload.com



(၂) အလိုမရှိအပ်, မကောင်းမြတ်သောအာရုံ (အနိဋ္ဌာရုံ) နှင့် ဆုံတွေ့သည့်အခါ ဆင်းရဲသောခံစားမှုသည် ဒုက္ခဝေဒနာဖြစ်၏။
(၃) မကောင်းမဆိုး,အလယ်အလတ် ရိုးရိုးဖြစ်သောအာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ) နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည်လည်း မဟုတ်၊ လျစ်လျူရှုသောအနေဖြင့် ခံစားမှုသည် ဥပေက္ခာဝေဒနာဖြစ်၏။

**ဣန္ဒြိယဘေဒနည်းအရဣန္ဒြေကိုလိုက်၍ဝေဒနာငါးမျိုး ခွဲခြား၏။**

(၁) သောမနဿဝေဒနာ = စိတ်၌ဖြစ်သော ချမ်းသာခြင်းသဘော၊
(၂) ဒေါမနဿဝေဒနာ = စိတ်၌ဖြစ်သော ဆင်းရဲခြင်းသဘော၊
(၃) သုခဝေဒနာ = ကိုယ်၌ဖြစ်သော ချမ်းသာခြင်းသဘော၊
(၄) ဒုက္ခဝေဒနာ = ကိုယ်၌ဖြစ်သော ဆင်းရဲခြင်းသဘော၊
(၅) ဥပေက္ခာဝေဒနာ = ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည်လည်း မဟုတ်၊ အလယ်အလတ်ဖြစ်သော ခံစားခြင်းသဘော၊

ယင်းခံစားခြင်းသဘောတို့သည် အသား, အရေ, အရိုး, အကြော, ခြင်ဆီ စသည်တို့၌ အမြဲတည်ရှိနေသည်မဟုတ်။ မီးခြစ်အိမ်နှင့် မီးခြစ်ဆံတို့ ထိခိုက်ကြသည့်အခါ ပေါ်ပေါက်လာသော မီးပွားမီးတောက်ကဲ့သို့ ဒွါရနှင့် အာရုံတို့ ဆုံတွေ့ကြမှ ပေါ်ပေါက်လာသော အကျိုးတရားသာဖြစ်၏။

“ဝေဒနာပစ္စယာတဏှာ” ဟူသည်နှင့်အညီ ချမ်းသာသောခံစားမှုဖြစ်ပေါ်လျှင် ထိုခံစားမှုကို တပ်မက်တွယ်တာသောတဏှာ (လောဘ) ဖြစ်ပေါ်လာ၏။ သတ္တဝါတို့သည် ထိုတဏှာကြောင့် ဘဝသံသရာလည်ပတ်ကြရ၏။

## သညာစေတသိက်

သညာသည် အာရုံမှတ်သားခြင်းသဘောဖြစ်၏။ မိမိနှင့်အတူတကွ ဖြစ်ဖော်ဖြစ်ဖက် နာမ်တရားများကို အာရုံကိုမှတ်သားအောင် ပြုတတ်သောသဘောလည်း ဖြစ်၏။

သညာသည် အဖြူ, အနီ, အဝိုင်း, လေးထောင့် စသည့် အာရုံများကို သိရုံသာ မဟုတ်၊ ထိုအာရုံကို နောက်ထပ်တစ်ဖန် ပြန်တွေ့ရသည့်အခါ သိနိုင်ရန်လည်း မှတ်သားခြင်းကိစ္စရှိ၏။ လက်သမားဆရာသည် တံခါးဘောင်ခွေရန် ဖြတ်တောက်ပြီး ရွှေပေါ်ထိုးထားသည့် သစ်သားပိုင်းများကို “ဤကား အထက်, ဤကား အောက်, ဤကား လက်ယာ, ဤကား လက်ဝဲ” ဟူ၍ အမှတ်အသားပြုထားသကဲ့သို့တည်း။

သညာသည် အာရုံကိုသိရာ၌ မှားသည်လည်းရှိ၏၊ မှန်သည်လည်းရှိ၏၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားခြင်းမရှိ။ ထင်လာသောအာရုံကို ထင်လာသည့်အတိုင်း မှတ်သားမိရုံ သိခြင်းသာဖြစ်၏။

http://www.dhammadownload.com



တောသမင်သည် မြက်ဖြင့်ပြုလုပ်ထားပြီး အဝတ်ဝတ်ပေးထားသော စာခြောက်ရုပ်ကို လူယောက်ျားဟု အမှတ်မှားလေ့ရှိ၏။ ဤကား ထင်လာသော အာရုံကို အမှားအမှန်မဝေဖန်ဘဲ အာရုံထင်လာသည့်အတိုင်း မှတ်သားတတ်သည့် သညာကြောင့်ဖြစ်ပေ၏။

ရဟန်းငယ်အရှင်ဝင်္ဂီသသည် အမျိုးသမီးတို့၏ ရုပါရုံအဆင်းအလှကို အနီးကပ်မြင်တွေ့ရာမှ ရာဂမီးတောက်လောင်၏။ ထိုရာဂမီးကို ငြိမ်းသတ်ရန် နည်းလမ်းရှာမရသဖြင့် မိမိ၏ဆရာ အရှင်အာနန္ဒာအား လျှောက်ထား၏။ အရှင်အာနန္ဒာက...

"ငါ့ရှင်...သင်သည် အမှတ်သညာမှားနေလေပြီ။ အမျိုးသမီးတို့၏ မတင့်တယ်စက်ဆုပ်ဖွယ်သော ရုပ်အဆင်းကို တင့်တယ်လှပသည်ဟု အမှတ်မှားမှုကြောင့် ကာမရာဂမီးတောက်လောင်ရသည်။ ထိုရာဂကို အသုဘသညာဖြင့် မတင့်မတယ်စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းရှုမှတ်ပါလေ"

အရှင်ဝင်္ဂီသသည် အသုဘသညာကို နှလုံးသွင်း၍ ကာမရာဂကို ငြိမ်းအေးစေခဲ့ရ၏။

## စေတနာစေတသိက်

စေတနာသည် မိမိနှင့်အတူဖြစ်ဖက်တရားများကို အာရုံနှင့် ဆက်စပ်ပေးသော သဘောဖြစ်၏။ အတူဖြစ်ဖက်တရားတို့ကို မိမိတို့၏ ဆိုင်ရာကိစ္စအသီးသီးကို ဆောင်ရွက်ရန် ကြောင့်ကြစိုက်ကာ နှိုးဆော်တိုက်တွန်းတတ်သောသဘောလည်း ဖြစ်၏။

စေတနာသည် ကျောင်းတွင်ပညာသင်ကြားနေသော ခေါင်းဆောင်တပည့်ကြီးနှင့်တူ၏။ ထိုခေါင်းဆောင်တပည့်သည် အဝေးမှ ဆရာလာနေသည်ကိုမြင်သော် မိမိကိုယ်တိုင်လည်း စာကြည့်၏။ အခြားကျောင်းသားများအားလည်း "ဆရာလာနေပြီ" ဟုပြောပြီး စာကြည့်စေ၏။ ထိုခေါင်းဆောင်တပည့်နည်းတူ စေတနာသည် မိမိကိုယ်တိုင်လည်း အာရုံကိုယူ၏။ မိမိနှင့်အတူဖြစ်ဖက် စိတ်စေတသိက်တို့ကို အာရုံနှင့် ဆက်စပ်ပေးပြီး ဆိုင်ရာကိစ္စများကို ရွက်ဆောင်ကြရန်ကိုလည်း တိုက်တွန်းနှိုးဆော်ပေး၏။

စေတနာသည် အတူဖြစ်ဖက်တရားတို့ကို ပြုပြင်စီမံတတ်သောသဘော ရှိ၏။ ပမာဆိုသော် စစ်မြေပြင်တွင် တိုက်ပွဲဝင်နေသော စစ်ဗိုလ်ချုပ်သည် မိမိကိုယ်တိုင်လည်း တက်တက်ကြွကြွ တိုက်ခိုက်၏။ တပည့်စစ်သားများကိုလည်း မိမိကဲ့သို့ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားတိုက်ခိုက်ကြရန် ပြုပြင်စီမံကွပ်ကဲရ၏။ ထို့အတူ စေတနာသည် မိမိကိုယ်တိုင်လည်း အာရုံကိုယူ၏။ မိမိနှင့်အတူဖြစ်ဖက် စိတ်စေတသိက်တို့ကိုလည်း အာရုံ၌ ယှဉ်စပ်ပေး၏။ ထိုယှဉ်ဖက်တရားတို့အား ဆိုင်ရာဆိုင်ရာ ကိစ္စတို့ကို ဆောင်ရွက်ကြရန်လည်း စီမံပေး၏။

စေတနာသည် အတူဖြစ်ဖက်တရားတို့အား ဆိုင်ရာကိစ္စများကို ရွက်ဆောင်

http://www.dhammadownload.com



နိုင်ရေး၌ ကြောင့်ကြဗျာပါရပြုပေးသောကိစ္စရှိ၏။ ဥပမာ လယ်ပိုင်ရှင်သည် မိမိ၏ လယ်ကွင်းထဲ၌ရှိသော စပါးများကို ရိတ်သိမ်းသောအခါ ကိုယ်တိုင်ဦးဆောင်၍ ရိတ်၏။ အခစားကောက်ရိတ်သမားများကိုလည်း ကြိုးစားပြီးရိတ်ကြရန် အမြဲ ကြောင့်ကြစိုက်လျက် နှိုးဆော်စီမံပေးသကဲ့သို့တည်း။

ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ဖြစ်စေ အကုသိုလ်ဒုစရိုက်မှုကို ပြုလုပ်ရာ၌ဖြစ်စေ ကိစ္စအောင်မြင်ပြီးမြောက်အောင် ကြောင့်ကြစိုက်ပြီး စီမံပေးသူမှာ စေတနာဖြစ်၏။ ထို့ကြောင့် အလုပ်တစ်ခုကိုပြုလုပ်ရာတွင် စေတနာသည် အဓိကအရေးကြီးဆုံး ဖြစ်၏။ စေတနာပါမှ အလုပ်ပြီး၏။ စေတနာမပါလျှင် အလုပ်မပြီးချေ။

သို့အတွက် ဗုဒ္ဓမြတ်စွာက ဤသို့ ဟောတော်မူ၏။

**"ရဟန်းတို့... စေတနာကို ကံဟူ၍ ငါဘုရား ဟောတော်မူ၏။**

**စေတနာက စေ့ဆော်တိုက်တွန်းသောကြောင့် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုရ၏။"**

အမှန်တွင် အထမြောက်သွားသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့သည်သာ ကံဖြစ်ကြ၏။ သို့သော် ထိုအမှုတို့ကို အထမြောက်အောင် ဆောင်ရွက်ရာ၌ စေတနာသည် အရင်းခံပဓာနဖြစ်၏။ သို့အတွက် စေတနာသည် အကြောင်းရင်းဖြစ်ပြီး အထမြောက်သွားသောကောင်းမှု (ဝါ) မကောင်းမှုသည် အကျိုးတရားဖြစ်၏။ ဤအကျိုးတရား၏ 'ကံ' ဟူသောအမည်ကို အကြောင်းရင်း စေတနာပေါ်တွင် တင်စားလျက် အကြောင်းရင်းစေတနာကို 'ကံ' ဟုခေါ်ဆိုလိုက်ခြင်းဖြစ်ပေ၏။

**ဧကဂ္ဂတာစေတသိက်**

ဧကဂ္ဂတာသည် အာရုံတစ်ခု၌ စိတ်တည်တံ့ခြင်း၊ တည်ကြည်ခြင်းသဘော ဖြစ်၏။ တစ်ပါးသောအာရုံသို့ မိမိကိုယ်တိုင် ရွေ့လျားမသွားသည့်အပြင် မိမိနှင့် အတူဖြစ်ဖက်စိတ်နှင့် စေတသိက်တို့ကိုလည်း ပျံ့လွင့်မသွားအောင် ထိန်းပေး၏။

အာရုံတစ်မျိုးတည်း၌ စိတ်တည်တံ့နေခြင်းကို သမာဓိဟုခေါ်၏။ သို့အတွက် ဧကဂ္ဂတာကို သမာဓိစေတသိက်ဟုလည်း ခေါ်၏။

စိတ်သည် အလွန်လျင်မြန်စွာဖြစ်ပျက်လျက်ရှိရာ အာရုံအမျိုးမျိုးသို့ စိတ်အမျိုးမျိုး ပြောင်းသွားနိုင်၏။ ထို့ပြင် အာရုံတစ်ခုတည်း၌ပင်လျှင် သဘောအမျိုးမျိုးရှိရာ ထိုသဘောအမျိုးမျိုးကို နှလုံးသွင်း၍လည်း အာရုံပြောင်းသွားနိုင်၏။ ဤသို့အာရုံအမျိုးမျိုး ပြောင်း၍ စိတ်ပြောင်းနေလျှင် သမာဓိမတည်။ သမာဓိမတည်လျှင် အာရုံတစ်ခု၏ အမှားအမှန် အဆိုးအကောင်းသဘောကို မဆုံးဖြတ်နိုင်။ မဆုံးဖြတ်နိုင်လျှင် အသိဉာဏ်မဖြစ်ချေ။

**"တည်ကြည်မှုသမာဓိရှိသူသည် ဟုတ်တိုင်းမှန်စွာသိမြင်ပေ၏"** ဟု မြတ်စွာ

http://www.dhammadownload.com



ဘုရား ဟောကြားခဲ့သည်နှင့်အညီ ပညာဆည်းပူးရာ၌ သမာဓိရှိသူတို့သည် လွယ်ကူလျင်မြန်စွာ ထတ်မြောက်ကြ၏။ သမာဓိနည်းသူတို့မှာ တတ်မြောက်ရန် ခက်ခဲကြ၏။

ကျောင်းစာအုပ်တစ်အုပ်ကို ဖတ်ရှုစဉ်အခါ၌ စိတ်သည် သီချင်းသံ သို့မဟုတ် ရုပ်မြင်သံကြားဆီသို့ ရောက်နေလျှင် အချိန်သာကုန်လွန်သွားမည်၊ စာတစ်လုံးမျှ မှတ်မိမည်မဟုတ်ချေ။ သို့အတွက် စာကြည့်ရာတွင် စိတ်မပျံ့လွင့်အောင် သမာဓိတည်အောင် အလေ့အကျင့်ပြုလုပ်ပေးသင့်၏။

သမာဓိစေတသိက်သည် ကုသိုလ်စိတ်၊ အကုသိုလ်စိတ် စသော စိတ်အားလုံး၌ ယှဉ်သည်ဖြစ်ရာ ငါးမျှားခြင်း၊ ဝတ္ထုဖတ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ သီချင်းနားထောင်ခြင်း စသည်တို့၌ အာရုံစူးစိုက်နေခြင်းသည် လောဘမူစိတ်က ငါးတည်းဟူသော အာရုံ၊ ဝတ္ထုဇာတ်လမ်းတည်းဟူသောအာရုံ စသည့် အာရုံတစ်မျိုး၌ ဧကဂ္ဂတာကျနေခြင်း (ဝါ) သမာဓိရနေခြင်း ဖြစ်ပေ၏။

မဟာကုသိုလ်စိတ်၌ ယှဉ်သည့်အခါ သမာဓိစေတသိက်သည် ဈာန် အဘိညာဉ်များနှင့် မဂ်ဖိုလ်ပညာများကို ရရှိသည့်အထိ အကျိုးပြုနိုင်၏။ သို့အတွက် ဧကဂ္ဂတာ သမာဓိသည် ကုသိုလ်တရားအားလုံးတို့၏ အကြီးအမှူးပဓာနဖြစ်၏။

စစ်မြေပြင်သို့ ချီတက်သွားသော ပြည့်ရှင်မင်းသည် စစ်သည်တော်အပေါင်းတို့၏ အကြီးအမှူးဖြစ်သကဲ့သို့ ဧကဂ္ဂတာ ခေါ် သမာဓိသည် ကုသိုလ်တရားအားလုံးတို့၏ အကြီးအမှူးပဓာနဖြစ်၏။

## ဇီဝိတိန္ဒြေစေတသိက်

ဇီဝိတ = အသက်၊ ဣန္ဒြိယ = အစိုးရခြင်း၊ ထို့ကြောင့် ဇီဝိတိန္ဒြေသည် "အသက်ရှင်သန်မှုကို အစိုးရခြင်း" ဟု အဓိပ္ပာယ်ရ၏။

ဇီဝိတိန္ဒြေစေတသိက်သည် မိမိကိုယ်တိုင်လည်း အသက်ရှင်တတ်သော သဘောရှိပြီး သမ္ပယုတ်တရားတို့ကိုလည်း အသက်ရှင်စေတတ်သောသဘောရှိ၏။ ထို့ကြောင့် မိမိနှင့်အတူတကွဖြစ်ကြသော စိတ်နှင့် စေတသိက်တို့ကို အစဉ်မပြတ် စောင့်ရှောက်ခြင်းသဘောလက္ခဏာရှိ၏။

သတ္တဝါတို့၏ သန္တာန်၌ နာမ်တရားတို့အား သက်တမ်းစေ့တည်တံ့အောင် ဇီဝိတိန္ဒြေစောင့်ရှောက်ပုံကို ရေ၊ နို့ထိန်း၊ လှေလှော်သူ ဥပမာများဖြင့် နှိုင်းပြနိုင်၏။

ရေသည် ကြာပင်တို့ မညှိုးမခြောက်ဘဲ အမြဲစိမ်းစိုရှင်လန်းအောင် စောင့်ရှောက်ပေးသကဲ့သို့ ဇီဝိတိန္ဒြေသည် အတူဖြစ်ဖက် နာမ်တရားများကို သက်တမ်းစေ့ ရှင်သန်ပြီး တည်တံ့နေအောင် စောင့်ရှောက်ပေး၏။

နို့ထိန်းသည် သူတစ်ပါးတို့၏ ကလေးငယ်များကို ကျွေးမွေးယုယ စောင့်ရှောက်သကဲ့သို့ ဇီဝိတိန္ဒြေသည် အတူဖြစ်ဖက် နာမ်တရားတို့ကို ထိန်းသိမ်း စောင့်ရှောက်၏။

http://www.dhammadownload.com



လှေကို တစ်ဖက်ကမ်းသို့ပို့ဆောင်သော လှေသမားသည် မိမိနှင့် ဆက်စပ်နေသည့် သဘောကြောင့် မိမိကိုပါ ပို့ရာရောက်သကဲ့သို့ ဇီဝိတိန္ဒြေသည် ယှဉ်ဖက်နာမ်တရားတို့ကို စောင့်ရှောက်ရင်း မိမိကိုယ်ကိုလည်း စောင့်ရှောက်ရာရောက်၏။

စိမ်းလန်းစိုပြည်သော သစ်သီးသစ်ရွက်များရှိသည့် အရည်ဓာတ်သည် မိမိနှင့် အတူဖြစ်သော အသီးအရွက်တို့ကို မညှိုးမနွမ်း, မပိန်မခြောက်ရအောင် ဆောင်ရွက်သကဲ့သို့ ဇီဝိတိန္ဒြေသည် မိမိနှင့်အတူဖြစ်ဖက် စိတ်စေတသိက်တို့အား အစဉ်ဆက်ကာဆက်ကာဖြစ်ပေါ်ရှင်သန်နေအောင် ဆောင်ရွက်ပေး၏။ ထို့ကြောင့် ဇီဝိတိန္ဒြေသည် နာမ်အစဉ်ဖြစ်ပေါ်အောင် ဆောက်ရွက်ခြင်းကိစ္စရှိ၏။

သတ္တဝါတို့၏ အသက်ဆိုသည်မှာ ဇီဝိတိန္ဒြေပင် ဖြစ်၏။ ဇီဝိတိန္ဒြေနှစ်မျိုးရှိရာ ရုပ်ဇီဝိတိန္ဒြေသည် ရုပ်အသက်ဖြစ်ပြီး နာမ်ဇီဝိတိန္ဒြေသည် နာမ်အသက်ဖြစ်၏။ ထို့ကြောင့် အသက်သည် တစ်နေရာတည်း၌မတည်၊ ရုပ်နာမ်အစုတို့၌ ပျံ့နှံ့၍ တည်နေ၏။

## မနသိကာရစေတသိက်

မနသိကာရသည် စိတ်၌ အာရုံပေါ်လာအောင် ပြုပေးခြင်းသဘောဖြစ်၏။ အာရုံကို မိမိကိုယ်တိုင် အစဉ်မပြတ်နှလုံးသွင်းသည့်အပြင် အတူဖြစ်ဖက် နာမ်တရားတို့ကိုလည်း နှလုံးသွင်းစေခြင်းသဘောရှိ၏။

မနသိကာရသည် သတ္တဝါတို့၏ သန္တာန်ဝယ် စိတ်ဖြစ်ပေါ်နေသမျှ ကာလပတ်လုံး အာရုံမှမဆိတ်အောင် စိတ်ကို အာရုံဆီသို့ ဦးတည်ကိုင်းညွတ်ပေးသည့် သဘော ဖြစ်၏။ အာရုံနှင့်စိတ် ဖြောင့်မတ်အောင် ပြုပေးမှုသဘောဖြစ်၏။ မိမိနှင့် အတူဖြစ်ဖက်စေတသိက်တို့ကိုလည်း အာရုံသို့ ဦးတည်ပေးလျက် ဖြောင့်ဖြောင့်သွားစေရန် စိုင်းနှင်ပေး၏။

ရထားထိန်းသည် မြင်းနှစ်ကောင်တို့ကို လိုရာစခန်းသို့ ညီညီညာညာ ဖြောင့်မတ်စွာသွားစေရန် နှလုံးသွင်း၍ မောင်းနှင်သကဲ့သို့ မနသိကာရသည် အတူဖြစ်ဖက် နာမ်တရားတို့ကို အာရုံသို့ ဖြောင့်ဖြောင့်မတ်မတ်သွားစေရန် နှလုံးသွင်း၍ စိုင်းနှင်ပေး၏။

မနသိကာရ မရှိလျှင် နာမ်တရားတို့သည် မည်သည့်အာရုံကိုမျှ ယူနိုင်ကြမည် မဟုတ်ချေ။ မနသိကာရသည် မိမိနှင့်အတူဖြစ်ဖက် စိတ်စေတသိက်တို့ကို အာရုံနှင့် ယှဉ်စေခြင်းဖြင့် အာရုံနှင့်တည့်မတ်ပေးခြင်းဖြင့် အာရုံကို ယူစေ၏။

လူတစ်ယောက်၌ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသည့် တံခါးပေါက်ခြောက်ပေါက်သို့ အာရုံအမျိုးမျိုးတို့သည် အဆက်မပြတ် ရိုက်ခတ်လျက်ရှိရာ အာရုံတစ်ခုခုကို မနသိကာရက နှလုံးသွင်းပေးပါမှ ထိုအာရုံကိုသိလာနိုင်၏။ ရေဒီယိုအသံဖမ်းစက်သို့ မြန်မာ၊ တရုတ်၊ ကုလား စသည့် အသံလွှင့်ဌာနအမျိုးမျိုးမှ အသံလှိုင်းများ တစ်ပြိုင်နက်ရိုက်ခတ်နေရာတွင် လှိုင်းရွေးကိရိယာ (Tuner) က ရွေးချယ်ပေးလိုက်

http://www.dhammadownload.com



သည့် အသံတစ်မျိုးကသာ ထင်ပေါ်လာသကဲ့သို့တည်း။ မနသိကာရသည် လှိုင်းရွေး ကိရိယာနှင့် တူ၏။

ပကိဏ်းစေတသိက်ခြောက်ပါး

စိတ်အားလုံးနှင့်မယှဉ်သော်လည်း သောဘဏစိတ်တို့၌ လည်းကောင်း၊ အသောဘဏစိတ်တို့၌လည်းကောင်း ယှဉ်သင့်သလို ပြိုးပြွမ်း၍ ယှဉ်ကြသော စေတသိက်တို့ကို ပကိဏ်းစေတသိက်ဟု ခေါ်၏။

၁။ **ဝိတက်** = ယှဉ်ဖက်စိတ် စေတသိက်တို့ကို အာရုံသို့ တင်ပေးခြင်း သဘော (Initial application)

၂။ **ဝိစာရ** = အာရုံကိုသုံးသပ်ခြင်းသဘော(ဝါ) အာရုံကိုထပ်၍ထပ်၍ ယူခြင်းသဘော (Sustained application)

၃။ **အဓိမောက္ခ** = အာရုံကို ဆုံးဖြတ်ခြင်းသဘော (Decision)

၄။ **ဝီရိယ** = ယှဉ်ဖက်တရားတို့ မဆုတ်နစ်အောင် အားထုတ်ခြင်း သဘော (Effort)

၅။ **ပီတိ** = အာရုံကိုနှစ်သက်ခြင်းသဘော (Joy)

၆။ **ဆန္ဒ** = အာရုံကို လိုချင်တောင့်တခြင်းသဘော (Wish)

**"တက်၊စာ၊ဝီ၊ပီ၊ဆန်၊အဓိ၊ပြွမ်းဘိ ပကိဏ်းခြောက်"**

ဤလင်္ကာလေးဖြင့် ပကိဏ်းစေတသိက်ခြောက်ခုတို့ကို အမှတ်ရပါလေ။

ဝိတက်စေတသိက်

ဝိတက်သည် အတူဖြစ်ဖက်တရားတို့ကို အာရုံသို့တင်ပေးတတ်သောသဘော ဖြစ်၏။ တောသားတစ်ဦးသည် မင်းနှင့် အကျွမ်းဝင်သည့် မိမိ၏ မိတ်ဆွေ သို့မဟုတ် ဆွေမျိုးတစ်ဦးကို အမှီပြု၍ မင်းအိမ်သို့ ဝင်နိုင်သကဲ့သို့ စိတ်နှင့်စေတသိက်တို့သည် ဝိတက်ကို အမှီပြု၍ အာရုံသို့ ရှေးရှုတက်နိုင်ကြ၏။

ဤသို့ဆိုလျှင် ဝိတက်မယှဉ်သောစိတ်တို့သည် အာရုံသို့ မည်သို့ရှေးရှုတက်နိုင် သနည်းဟု မေးဖွယ်ရှိ၏။ ဝိတက်မရှိသောစိတ်သည် ဝိတက်၏ အစွမ်းဖြင့်သာလျှင် အာရုံသို့ရှေးရှုတက်နိုင်သည်ဟု ဖြေဆိုရမည်။ အကြောင်းကား အထက်၌ ညွှန်ပြခဲ့ သောတောသားသည် မင်းနှင့်အကျွမ်းဝင်သည့်အဆွေခင်ပွန်း၏ အကူအညီဖြင့် မင်းအိမ်သို့ ဝင်ဖန်များလတ်သော် ထိုအဆွေခင်ပွန်းမပါရှိဘဲနှင့်လည်း မင်းအိမ်သို့ ဝင်နိုင်သကဲ့သို့တည်း။

ညအခါ အကြံအစည်များ၍ အိပ်မပျော်ခြင်းသည် ဝိတက်က ထက်သန်နေသဖြင့် စိတ်ကူးအာရုံအမျိုးမျိုးသို့ စိတ်ကိုတင်ပေးနေသောကြောင့် ဖြစ်၏။

http://www.dhammadownload.com



### ဝိစာရစေတသိက်

ဝိစာရသည် အာရုံကို ထပ်ကာထပ်ကာသုံးသပ်ခြင်းသဘောရှိ၏။ ထို့ကြောင့် ဝိစာရသည် အတူဖြစ်ဖက်စိတ်နှင့် စေတသိက်တို့ကို အာရုံနှင့် ယှဉ်စပ်ပေး၏။

ဝိတက်နှင့် ဝိစာရတို့၏ ထူးခြားပုံမှာ ဝိတက်သည် ဝိစာရ၏ ရှေ့သွားဖြစ်သည် နှင့်အညီ တုန်လှုပ်ခြင်း, ရုန့်ရင်းကြမ်းတမ်းခြင်းသဘောရှိ၏။ ဝိစာရက ပိုမိုငြိမ်သက်ပြီး သိမ်မွေ့၏။

ဥပမာနှိုင်းရသော် ခေါင်းလောင်းကို ထိုးလိုက်သောအသံကဲ့သို့ စိတ်၏ အာရုံ၌ ရှေးဦးစွာကျရောက်ခြင်းသည် ဝိတက်ဖြစ်၏။ ခေါင်းလောင်းညည်းသံကဲ့သို့ အာရုံကို အဖန်တလဲလဲသုံးသပ်ခြင်းသည် ဝိစာရဖြစ်၏။

တစ်နည်း ဝိတက်သည် ကောင်းကင်သို့ပျံတက်ခြင်းငှာ ငှက်၏ တောင်ပံခတ်ခြင်းနှင့်တူ၏။ ဝိစာရသည် ကောင်းကင်သို့ ပျံတက်ပြီးနောက် ငှက်၏တောင်ပံကို ဖြန့်တန်းထားကာ ရစ်ဝဲနေခြင်းနှင့် တူ၏။

တစ်နည်း ဝိတက်သည်ပန်းရနံ့ကို ရှာဖွေနေသော ပျားပိတုန်းသည် ပျံသန်းနေရာမှ ပဒုမ္မာကြာပေါ်သို့ ထိုးဆင်းခြင်းနှင့်တူ၏။ ဝိစာရသည် ပဒုမ္မာကြာတော၏ အထက်၌ ပျားပိတုန်း၏ ရစ်ဝဲနေခြင်းနှင့်တူ၏။

### ဝိတက်, စေတနာနှင့် မနသိကာရတို့၏ ထူးခြားချက်

ဝိတက်သည် သမ္ပယုတ်တရားကို အာရုံသို့ ရှေးရှုတင်ပေး၏။ စေတနာသည် ဝိတက်တင်ပေးလိုက်သော သမ္ပယုတ်တရားစုကို အာရုံ၌ ယှဉ်စပ်ပေး၏။ မနသိကာရ သည် သမ္ပယုတ်တရားစုကို အာရုံသို့ ဖြောင့်ဖြောင့်မတ်မတ်ရောက်အောင် ပြုပေး၏။

ဥပမာဆိုသော် လှေပြိုင်ပွဲတစ်ခုတွင် လှေ၏ဦးမှလှော်သူ ဝမ်းမှလှော်သူနှင့် ပဲ့မှ လှော်သူတို့သည် တစ်ပြိုင်နက်လှော်ခတ်ကြသော်လည်း ဝမ်းမှလှော်သူသည် ပန်းတိုင် သို့ရောက်အောင် တွင်တွင်လှော်ခတ်ပေးရန်သာ အရေးကြီး၏။ ထိုသူသည် ဝိတက် နှင့်တူ၏။ ပဲ့မှလှော်သူသည် လှေကို ပန်းတိုင်ကို ဖြောင့်ဖြောင့်မတ်မတ် ရောက်စေ ရန် လှော်ခတ်ရင်း ပဲ့ကို ထိန်းပေးရ၏။ ထိုသူသည် မနသိကာရနှင့် တူ၏။ ဦးမှလှော် သူသည် ပန်းတိုင်သို့အရောက်တွင် ပန်းကိုလှမ်းဆွတ်မိရန် အရေးကြီး၏။ ထိုသူသည် စေတနာနှင့်တူ၏။

လှေပြိုင်ပွဲ၌ အနိုင်ရရှိရေးတွင် လှော်သူအားလုံးတို့ အရေးပါသကဲ့သို့ အာရုံကို ရယူရာတွင် နာမ်တရားအားလုံးတို့ အရေးပါကြ၏။ စိတ်နှင့် စေတသိက်တို့ တွဲဖက် ၍ အလုပ်လုပ်ပုံမှာ အလွန်တိကျပြီး စနစ်ကျလှပေတော့သတည်း။

http://www.dhammadownload.com



## အဓိမောက္ခစေတသိက်

အဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်းသဘောဖြစ်၏။ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ မတွန့်မဆုတ်ဘဲ သက်ဝင်ဆုံးဖြတ်နိုင်ခြင်းသည် အဓိမောက္ခ၏ လက္ခဏာဖြစ်၏။ အဓိမောက္ခသည် အတူဖြစ်ဖက်စိတ်နှင့် စေတသိက်တို့အား အာရုံ၌ မြဲမြဲခိုင်ခံ့စွာတည်မြဲနေအောင် ရွက်ဆောင်ပေး၏။ ထို့ကြောင့် အဓိမောက္ခသည် မြဲခိုင်စွာ စိုက်ထူထားသော ကျောက်စာတိုင်နှင့်တူ၏။

အဓိကမောက္ခ၏ ဆုံးဖြတ်မှုကြောင့် မကောင်းမှုနှင့် ကောင်းမှုတို့ကို အထမြောက်အောင် လုပ်ဆောင်ဖြစ်၏။ အဓိမောက္ခသည် ယုံမှားသံသယဖြစ်ခြင်းသဘော ဝိစိကိစ္ဆာကို ဆန့်ကျင်ဘက်ပြုလုပ်ခြင်းကိစ္စရှိ၏။

## ဝီရိယစေတသိက်

ဝီရိယသည် အတူဖြစ်ဖက် စိတ် စေတသိက်တို့ မဆုတ်နစ်အောင် ထောက်ပံ့ခြင်း, အားထုတ်မှုလုံ့လရှိခြင်းသဘောဖြစ်၏။ လုံ့လဝီရိယရှိသူသည် ထိုထိုအမှုကိစ္စ၌ ရဲရင့်၏။ သို့အတွက် ရဲရင့်သူ၏ ဖြစ်ကြောင်းသဘောသည်လည်း ဝီရိယပင် ဖြစ်၏။

ဝီရိယရှိသူသည် တစ်စုံတစ်ခုသော အမှုကိစ္စကို ပြုလုပ်သည့်အခါ ကြုံတွေ့ရမည့် ဒုက္ခကို မကြောက်မရွံ့ သည်းခံနိုင်၏။ လဲပြိုလုနီးဖြစ်နေသော အိမ်အိုကို ထောက်ကျားတိုင်က မလဲမပြိုအောင် ထောက်ကန်ထားသကဲ့သို့ ယှဉ်ဖက်တရားတို့အား မိမိတို့၏ အမှုကိစ္စများကို ရွက်ဆောင်ရာ၌ လျော့ရဲရဲမရှိအောင် ဝီရိယက ထောက်ကန်ထားပေး၏။ ထို့ကြောင့် ဝီရိယအားကောင်းသောအခါ ယှဉ်ဖက်တရားတို့လည်း တက်တက်ကြွကြွရှိကြ၏။

ဝီရိယသည် ပျင်းရိခြင်း, ငိုက်မျဉ်းခြင်းဟူသည့် ထိနမိဒ္ဓတို့ကို တိုက်ဖျက်၏။ ထို့ကြောင့် ဝီရိယသည် ဆုတ်နစ်ခြင်းမရှိသည့်တရား, အရေးရောက်က နောက်မဆုတ်တတ်သော တရားဟူ၍ ဉာဏ်အမြင်တွင် ထင်ပေါ်လာ၏။

ဝီရိယကား အောင်မြင်ရေး၏ သော့ချက်ပင်တည်း။

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

**လွန်ကဲသော လုံ့လဝီရိယရှိသူအား အဘယ်မည်သောအမှုကိစ္စသည် မပြီးမစီးဘဲ ရှိနိုင်ပါအံ့နည်း။ မုချအမှန် ကေန်ပြီးစီးအောင်မြင်ရမည်သာတည်း။**

## ပီတိစေတသိက်

ပီတိသည် အာရုံကို နှစ်သက်ခြင်းသဘောဖြစ်၏။ ကိုယ်စိတ်နှစ်ပါးကို နှစ်သက်ပြည့်ဖြိုး ပွားတိုးစေတတ်၏။

ပီတိဖြစ်သောအခါ စိတ်စေတသိက်တို့သည် ပွင့်လန်းလာသော ပဒုမ္မာကြာပန်းကဲ့သို့ ရွှင်လန်းတိုးပွားလာ၏။ ရွှင်လန်းသောစိတ်ကြောင့် ကြည်လင်မွန်မြတ်သည့်

http://www.dhammadownload.com



စိတ္တဇရုပ်များက တစ်ကိုယ်လုံးပျံ့နှံ့သွားသဖြင့် ခန္ဓာကိုယ်သည်လည်း ရွှင်လန်းတိုးပွား လာ၏။

ကန္တာရခရီးခဲကို ကူးဖြတ်နေသောယောက်ျားသည် မျက်နှာချင်းဆိုင်အရပ်မှ လာလတ်သော ခရီးသွားတို့ထံမှ "မကြာမီခရီးခဲကို လွန်မြောက်၍ စိမ်းလန်းသည့်တော အုပ်နှင့် ရေအိုင်ကို တွေ့ရလတ္တံ့"ဟု သတင်းစကားကိုကြားသိလျှင် ဝမ်းမြောက်ရွှင် လန်းရခြင်း၊ ထို့နောက် စိမ်းလန်းသောတောအုပ်ကို အဝေးမှ လှမ်းမြင်ရသည့်အခါ အားရနှစ်သက်ခြင်း၊ ကြည်လင်သောရေအိုင်ကို တွေ့ရသည့်အခါ ရေငတ်မွတ်ခြင်းကို ပြေသိမ့်ခွင့်ရတော့မည်ဖြစ်၍ အားရရွှင်လန်းခြင်းတို့သည် ပီတိ၏ လက္ခဏာများ ဖြစ် ကြ၏။

အဆင့်ဆင့်အားကောင်းလာသော ပီတိငါးမျိုးရှိ၏။

(၁) ခုဒ္ဒကာပီတိ = ကြက်သီးမွေးညင်းထရုံမျှ သေးငယ်စွာဖြစ်သော ပီတိ၊

(၂) ခဏိကာပီတိ = လျှပ်စစ်ပြက်သလို ခဏခဏဖြစ်ပေါ်ပျောက်ကွယ်သွား သော ပီတိ၊

(၃) ဩက္ကန္တိကာပီတိ=ဒီရေလှိုင်းလုံးကြီး လွှမ်းမိုးလာသကဲ့သို့ တစ်ကိုယ်လုံး၌ လွှမ်းဖုံးသက်ရောက်သော ပီတိ၊

(၄) ဥဗ္ဗေဂါပီတိ = မိမိအဟုန်ဖြင့် ကိုယ်ကိုအထက်သို့ မြောက်တက်စေနိုင် သော ပီတိ၊

(၅) ဖရဏာပီတိ = ဥဗ္ဗေဂါပီတိထက် ပိုမိုရှည်ကြာစွာ တစ်ကိုယ်လုံး၌ ပျံ့နှံ့ စိမ့်ဝင်သော ပီတိ။

## ပီတိနှင့်သုခတို့၏ ထူးခြားချက်

ပီတိသည် ပီတိစေတသိက်ဖြစ်ပြီး နှစ်သက်ရွှင်လန်းခြင်းသဘောရှိ၏။

သုခသည် ဝေဒနာစေတသိက်ဖြစ်ပြီး ကောင်းသောအာရုံ၏အရသာကို ချမ်းသာ စွာခံစားခြင်းသဘောရှိ၏။ မိမိနှင့်ယှဉ်ဖက်ဖြစ်သော တရားတို့ကို ချမ်းသာစေတတ်၏။

ကောင်းသောအာရုံကို ရှေးဦးစွာရသည့်အခါ၌ ပီတိ၏သဘောသည် ပိုထင်ရှား သဖြင့် နှစ်သက်ရွှင်လန်းခြင်းဖြစ်၏။ အဘယ်ကဲ့သို့နည်းဟူမူ ခရီးခဲကို သွားနေရခြင်း ကြောင့် ပင်ပန်းနွမ်းနယ်ကာ ရေမွတ်သိပ်နေသော ယောက်ျားက ရေအိုင်ကို မြင်ရသည့် အခါ နှစ်သက်ရွှင်လန်းသကဲ့သို့ဖြစ်၏။

ရအပ်ပြီးသောအာရုံ၏အရသာကို ခံစားခြင်း၌ သုခ၏ သဘောသည် ပိုပေါ်လွင် ထင်ရှား၏။ ဥပမာအားဖြင့် ရေမွတ်သိပ်နေသော ခရီးသွားယောက်ျားက ရေအိုင်မှ ရေကို တစ်ဝသောက်ချလိုက်သည့်အခါ ချမ်းသာခြင်းကိုခံစားရသကဲ့သို့တည်း။ သုခ သည် ကောင်းသည့်အရသာကို အမြိုက်သားခံစားနေရသော မင်းနှင့် တူ၏။

http://www.dhammadownload.com



## ဆန္ဒစေတသိက်

ဆန္ဒသည် အာရုံကို လိုလားတောင့်တခြင်းသဘောဖြစ်၏။ အာရုံကို ရှာခြင်းကိစ္စရှိ၏။ ကုသိုလ်အရာဖြစ်စေ၊ အကုသိုလ်အရာဖြစ်စေ၊ အဗျာကတအရာဖြစ်စေ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတည်းဟူသော အာရုံခြောက်ပါးကို လိုလားတောင့်တခြင်းသည် ဆန္ဒဖြစ်၏။ ထိုလိုလားတောင့်တသော အာရုံကို ရှာမှီးခြင်းသည် ဆန္ဒ၏ကိစ္စဖြစ်၏။

ကာမဂုဏ်အာရုံကို ရှာဖွေခြင်းအပြင် ပညာရှာမှီးခြင်း, တရားရှာခြင်း, နိဗ္ဗာန်ကို လိုချင်တောင့်တခြင်းတို့သည် ဆန္ဒ၏သဘောကိစ္စများပင် ဖြစ်ကြ၏။

ကာမဂုဏ်အာရုံကို အလိုရှိသည့်အခါ လောဘက ပြဋ္ဌာန်းသဖြင့် ဆန္ဒသည် လောဘအလိုသို့ လိုက်လျောရ၏။ လှူဒါန်းပေးကမ်းရန်အလို့ငှာ ပစ္စည်းဥစ္စာကို ရှာဖွေခြင်း, သိမ်းဆည်းခြင်းတို့၌ ငြိကပ်တွယ်တာသည့်တဏှာမပါလျှင် လောဘသဘောမဟုတ်, ဆန္ဒသဘောသာ ဖြစ်၏။ ဥပမာ မြားပစ်သော လေးသမားသည် မြားတို့ကို ကောက်၍ကောက်၍ယူသော်လည်း ထိုမြားတို့အပေါ်၌ ကပ်ငြိတွယ်တာမှု သဘော မပါသကဲ့သို့တည်း။

ပညာရှာမှီးရာ, တရားရှာမှီးရာ, ကုသိုလ်ဖြည့်ဆည်းရာတို့၌ ဆန္ဒသည် အထူးထက်သန်သင့်၏။ ဆန္ဒအားကြီးလာလျှင် ယှဉ်ဖက်စိတ်စေတသိက်တို့သည် ဆန္ဒအလိုသို့ လိုက်ပါရသဖြင့် အလိုရှိသည့်ကိစ္စ ပြီးမြောက်အောင်မြင်လေတော့၏။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

"ပြင်းပြသောအလိုဆန္ဒရှိသူအား အဘယ်မည်သောအမှုကိစ္စသည် မပြီးမစီးဘဲ ရှိနိုင်ပါအံ့နည်း။ မုချအမှန် ကေန်ပြီးစီးအောင်မြင်ရမည်သာတည်း" ဟု ဗုဒ္ဓမိန့်ကြားတော်မူခဲ့၏။

## အကုသိုလ်စေတသိက် ၁၄ ပါး

အကုသိုလ်စိတ်များစွာ၌ ယှဉ်ကြသော စေတသိက် ၁၄ ပါးရှိ၏။ ဤစေတသိက်တို့ကို အကုသိုလ်စေတသိက်များ (ဝါ) အသောဘဏစေတသိက်များဟု ခေါ်၏။ ဤစေတသိက်တို့ကို လေးစုခွဲခြားနိုင်၏။

(၁) **မောဟစတုက္က (ဝါ) မောစတုက်** = မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ ဟူသည့် မောဟအသင်းဝင် စေတသိက်လေးပါး၊

(၂) **လောတိ** = လောဘ, ဒိဋ္ဌိ, မာန ဟူသည့် လောဘအဖွဲ့ဝင် စေတသိက်သုံးပါး၊

(၃) **ဒေါသစတုက္က (ဝါ) ဒေါစတုက်** = ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဟူသည့် ဒေါသအသင်းဝင် စေတသိက်လေးပါး၊

http://www.dhammadownload.com



(၄) **အဆုံးတြိ** = ထိန, မိဒ္ဓ, ဝိစိကိစ္ဆာဟူသော အကုသိုလ်စေတသိက် အဆုံး သုံးပါး။

အကုသိုလ်စေတသိက်တစ်ခုစီ၏ အဓိပ္ပာယ်အကျဉ်းကို အောက်ပါအတိုင်း မှတ်ပါ။

၁။ **မောဟ** = အာရုံ၏ အမှန်သဘောကိုမသိခြင်း, ဖုံးကွယ်ခြင်းသဘော၊ အာရုံ၌တွေဝေခြင်းသဘော (Delusion, Ignorance)

၂။ **အဟိရိက** = ဒုစရိုက် မကောင်းမှုကိုပြုလုပ်ရန် မရှက်ခြင်းသဘော (Shamelessness)

၃။ **အနောတ္တပ္ပ** = ဒုစရိုက်မကောင်းမှုကို မကြောက်လန့်ခြင်းသဘော (Fearlessness)

၄။ **ဥဒ္ဓစ္စ** = အာရုံတစ်ခု၌ မငြိမ်သက်ခြင်း, ပျံ့လွင့်ခြင်းသဘော (Restlessness)

၅။ **လောဘ** = ကာမဂုဏ်အာရုံကို လိုချင်တပ်မက်ခြင်းသဘော (Attachment) (Craving)

၆။ **ဒိဋ္ဌိ** = လွဲမှားစွာ ထင်မြင်ယူဆခြင်း, အယူမှားခြင်းသဘော (Misbelief) (Wrong view)

၇။ **မာန** = ထောင်လွှားတက်ကြွခြင်းသဘော (Conceit) (Pride)

၈။ **ဒေါသ** = ခက်ထန်ကြမ်းတမ်းခြင်းသဘော (Hatred) (Anger)

၉။ **ဣဿာ** = သူတစ်ပါး၏ စည်းစိမ်ချမ်းသာကို ငြူစူခြင်း, မနာလိုခြင်း သဘော (Jealousy)

၁၀။ **မစ္ဆရိယ** = မိမိ၏ စည်းစိမ်ချမ်းသာကို လျှို့ဝှက်ခြင်း, ဝန်တိုခြင်း, နှမြောခြင်းသဘော (Avarice)

၁၁။ **ကုက္ကုစ္စ** = ပြုခဲ့မိသော ဒုစရိုက်, မပြုခဲ့မိသော သုစရိုက်တို့ကို နောင်တ တစ်ဖန် ပူပန်ခြင်းသဘော (Worry) (Remorse)

၁၂။ **ထိန** = စိတ်၏ အမှု၌ လေးလံထိုင်းမှိုင်းခြင်း၊ မခံ့ခြင်းသဘော (Sloth)

၁၃။ **မိဒ္ဓ** = စေတသိက်တို့၏ အမှု၌ လေးလံထိုင်းမှိုင်းခြင်း, မခံ့ခြင်း သဘော (Torpor)

၁၄။ **ဝိစိကိစ္ဆာ** = ရတနာသုံးပါး, သစ္စာလေးပါးနှင့် ကံတရားတို့၌ ယုံမှား သံသယဖြစ်ခြင်း၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်းသဘော (Doubt) (Sceptical doubt)

http://www.dhammadownload.com



အကုသိုလ်စေတသိက် ၁၄ ပါးကို အလွယ်တကူမှတ်မိစေသော လင်္ကာများမှာ–

**မော, ဟိ, နောတ်, ဥဒ်၊ မောစတုက်။**

**လော, မာန်, ဒိဋ္ဌိ၊ လောတြိ။**

**ဒေါ, ဣဿ, မစ်, ကုက်၊ ဒေါစတုက်။**

**ထိ, မိဒ်, ဝိစိ၊ ဆုံးတြိ။**

ဤစေတသိက် ၁၄ ပါးတို့သည် စိတ်ကို ယုတ်ညံ့, ဆိုးသွမ်း, အကျည်းတန်အောင် ခြယ်လှယ်ကြမည်ဖြစ်သဖြင့် ၎င်းတို့ကို အနီးကပ်ရန်သူများသဖွယ် စေ့စေ့စပ်စပ် သိရှိထားသင့်၏။ ရန်သူမှန်းသိမှ သတိဆောင်၍ ရှောင်နိုင်မည်။ ၎င်းတို့၏ အကြောင်းကို အကျဉ်းသိထိုက်သလောက် တင်ပြပါအံ့။

## မောဟစေတသိက်

မောဟ၏ မူရင်းအဓိပ္ပာယ်မှာ "တွေဝေခြင်း" ဖြစ်၏။ အာရုံ၏ အမှန်သဘောကို မသိမြင်၍ တွေဝေခြင်းဖြစ်၏။

မောဟသည် အာရုံ၏ အမှန်သဘောကို မမြင်သိနိုင်အောင် ဖုံးကွယ်ထားသည့် အမှောင်ထုကြီးနှင့်တူ၏။ ဖုံးကွယ်ထားသည်ဆိုရာ၌ တစ်စုံတစ်ခုသော ဝတ္ထုဖြင့် ဖုံးကွယ်ထားခြင်းကား မဟုတ်။ စာမတတ်သူသည် စာကိုမြင်သော်လည်း မျက်ကန်းပမာ အဓိပ္ပာယ်နားမလည်သကဲ့သို့ အသိပညာမရှိ၍ မမြင်သိနိုင်ခြင်းကိုပင် မောဟအမှောင် ဖုံးလွှမ်းထားသည်ဟု ဆိုရ၏။

မောဟသည် ဉာဏ်ပညာနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် မောဟကို မသိမှု **"အဝိဇ္ဇာ"** ဟု ခေါ်၏။

"မိုက်မဲစွာလှ၊ မှောင်ကြီးချ၊ မောဟအဝိဇ္ဇာ" ဟု စာဖွဲ့ထားကြ၏။

ပိန်းပိတ်အောင် မှောင်မိုက်နေသော အခန်းလုံထဲ၌ ဖြူနီပြာဝါ လေးထောင့် အဝိုင်း စသည်ကို မမြင်သိနိုင်သကဲ့သို့ မောဟအမှောင် ပိတ်ဆီးထားသည့်အခါ ရုပ်နာမ်တို့၏ အမှန်သဘောကို မသိနိုင်တော့ချေ။

မောဟဖုံးကွယ်ထားသော အမှန်သဘောများကား ကုသိုလ်, အကုသိုလ် ဟူသည့် အကောင်းနှင့်အဆိုးသဘော, ကံ – ကံ၏ အကျိုးသဘော, သစ္စာလေးပါးတို့၏ အနက်သဘော, ရှေးဘဝရှိခြင်းသဘော, နောက်ဘဝရှိခြင်းသဘော, အတိတ်ဘဝနှင့် အနာဂတ်ဘဝဟူ၍ ဘဝနှစ်မျိုးလုံးရှိခြင်းသဘော, ပဋိစ္စသမုပ္ပါဒ်တရား၏ သဘောတို့ဖြစ်၏။

အမှောင်ထဲ၌ လမ်းလျှောက်နေသူသည် သစ်ပင်, ချုံပိတ်ပေါင်း, ကျောက်တုံး စသည်တို့နှင့် အဆက်မပြတ်ထိခိုက်မိသည့်နည်းတူ မောဟအမှောင်ထုထဲ၌ ခရီးသွားနေသူသည် အကုသိုလ်ဒုစရိုက်မှုများကို တွင်တွင်ကြီး ပြုလုပ်မိ၏။

http://www.dhammadownload.com



"ရဟန်းတို့ – တွေဝေခြင်းမောဟသည် အကုသိုလ်၏ အကြောင်းရင်းတည်း။ တွေဝေသူသည် ကိုယ်, နှုတ်, စိတ်တို့ဖြင့် အကုသိုလ်အလုပ်ကို အားထုတ်၏။ မောဟ သိမ်းကျုံးပိတ်ဖုံးခံနေရသောသူသည် "ငါသည်စွမ်းအားရှိ၏" ဟု မှတ်ယူပြီးလျှင် သတ်ဖြတ်ခြင်း, နှောင်ဖွဲ့ခြင်း, ဖျက်ဆီးခြင်း, ကဲ့ရဲ့ခြင်း, နှင်ထုတ်ခြင်းတို့ဖြင့် သူတစ်ပါးတို့ကို ဆင်းရဲစေ၏။ ယင်းသို့ဖြစ်စေခြင်းသည်လည်း အကုသိုလ်ပင်တည်း။ ဤသို့လျှင် မောဟကြောင့် ဖြစ်ကုန်သော၊ မောဟလျှင် အကြောင်းရင်းရှိကုန်သော၊ မောဟလျှင် အထောက်အပံ့ရှိကုန်သော မြောက်မြားစွာသည့် အကုသိုလ်တရားတို့သည် ထိုသူအား ဖြစ်ကုန်၏" (အံ။၁၊မြန်မာပြန်)

## အဟိရိကစေတသိက်

ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တည်းဟူသော မကောင်းမှုတို့မှ မရှက်တတ်သောသူသည်လည်းကောင်း စိတ်နှင့်စေတသိက်စုသည်လည်းကောင်း အဟိရိက မည်၏။ ထို့ကြောင့် အဟိရိကသည် မကောင်းမှုကို မစက်ဆုပ်ခြင်း, မရှက်ခြင်း လက္ခဏာရှိ၏။

သူတော်ကောင်းတို့၏အမြင်တွင် မကောင်းမှုသည် မစင်ဘင်ပုပ်သဖွယ် အလွန် စက်ဆုပ်ရွံရှာစရာကောင်း၏။ သို့သော် ရွာဝက်သည် မစင်ဖွက်ကို မစက်ဆုပ်ဘဲ မစင် ဖွက်ထဲ၌ လူးကာ၊ လိမ့်ကာ၊ စားကာ၊ အိပ်ကာ လွန်စွာပျော်ပိုက်နေသကဲ့သို့ အဟိရိက ကိန်းနေသောသူသည်လည်း စက်ဆုပ်ဖွယ်ဒုစရိုက်များကို မောဟ၏ဖုံးကွယ်မှုကြောင့် မရှက်မရွံဘဲ လွန်စွာနှစ်သက်လေ၏။

## အနောတ္တပ္ပစေတသိက်

အနောတ္တပ္ပသည် မကောင်းမှုဒုစရိုက်ကို မကြောက်လန့်ခြင်းသဘောဖြစ်၏။ သူတော်ကောင်းတို့၏အမြင်တွင် ဒုစရိုက်အမှုသည် အလွန်ထိတ်လန့်စဖွယ်ဖြစ်၏။

မကောင်းမှုကိုပြုသူသည် မိမိကိုယ်ကိုပင် မကြည်ညိုနိုင်ဘဲ မိမိကိုယ်မိမိ စွပ်စွဲ အပြစ်တင်ခြင်းဟူသော **အတ္တာနုဝါဒဘေး**၊ သူတစ်ပါးတို့က စွပ်စွဲကဲ့ရဲ့ခြင်းဟူသော **ပရာနုဝါဒဘေး**၊ မင်းပြစ်မင်းဒဏ်ခံရခြင်းတည်းဟူသော **ဒဏ္ဍဘေး**၊ ဤဘေးတို့ကို ယခုဘဝ၌ပင် ခံစားရ၏။ ဤဘေးသုံးခုတို့မှာ အတိမ်းအရှောင် အပုန်းအကွယ် ကောင်းလျှင် ဤဘဝတွင် လွတ်ကင်းနိုင်သော်လည်း တမလွန်ဘဝ၌ မလွတ်တမ်းခံရ မည့် **ဒုဂ္ဂတိဘေးကိုမူ** မရှောင်တိမ်းနိုင်ပါ။ ထို့ကြောင့် ဒုစရိုက်မှုသည် စင်စစ် ထိတ် လန့်ဖွယ်ကောင်းလှ၏။

သို့ရာတွင် ပိုးဖလံကောင်များသည် သေဘေးကိုမသိမြင်၍ မီးတောက်မီးလျှံ ထဲသို့ မကြောက်မလန့်တိုးဝင်ကြသကဲ့သို့ အနောတ္တပ္ပရှိသော သတ္တဝါတို့သည် မောဟ ဖုံးလွှမ်းထားသည်ဖြစ်၍ မကောင်းမှုဒုစရိုက်တောထဲသို့ မကြောက်မလန့် တိုးဝင်ကြ၏။

http://www.dhammadownload.com



### ဥဒ္ဓစ္စစေတသိက်

အာရုံတစ်ခုတည်း၌ တည်ငြိမ်မနေနိုင်ဘဲ အာရုံအမျိုးမျိုးဆီသို့ စိတ်ကို ပျံ့လွင့်စေသောသဘောသည် ဥဒ္ဓစ္စဖြစ်၏။ ဥဒ္ဓစ္စသည် ယှဉ်ဖက်တရားတို့ကို မတည်တံ့စေဘဲ ပျံ့လွင့်စေ၏။

ပြာပုံထဲသို့ ကျောက်ခဲတစ်လုံးကို ပစ်ချလိုက်သည့်အခါ အထက်သို့ ထောင်းခနဲ လွင့်ပျံတက်လာကြသော ပြာမှုန့်များနှင့် ဥဒ္ဓစ္စကြောင့် အတူဖြစ်ဖက်တရားများ ပျံ့လွင့်ပုံကို နှိုင်းယှဉ်အပ်၏။ လေပြည်ဆော်သွေးမှုကြောင့် ကန်ရေပြင်ထက်တွင် မရပ်မနား ပြေးလွှားနေကြသော လှိုင်းကြက်ခွပ်များနှင့်လည်းကောင်း၊ လေတိုက်ခတ်မှုကြောင့် တဖြတ်ဖြတ်လှုပ်ရှားနေသော တံခွန်ကုက္ကားနှင့်လည်းကောင်း ဥဒ္ဓစ္စကို နှိုင်းယှဉ်နိုင်ပါသေး၏။

### အကုသလသာဓာရဏ လေးပါး

ရုပ်နာမ်သဘော၊ ကံသဘော၊ ကောင်းမှု မကောင်းမှုသဘော စသည်တို့ကို ဖုံးကွယ်ထားသော မောဟသည် သတ္တဝါတို့ကို အမှန်ကိုမသိအောင် ဖုံးကွယ်ထားပြီး အမှောင်တိုက်ထဲ၌ ကျင်လည်စေ၏။ အဟိရိက၊ အနောတ္တပ္ပတို့က မကောင်းမှု ဒုစရိုက်မှ မရှက်၊ မကြောက်စေဘဲ မကောင်းမှုကို လုပ်ရဲအောင် အားပေးကြ၏။ ဥဒ္ဓစ္စက အမှန်သဘောကို မတွေးခေါ်နိုင်အောင် စိတ်ကိုပျံ့လွင့်စေ၏။ ထို့ကြောင့် သတ္တဝါတို့သည် သူတစ်ပါးတို့၏ အသက်ကို သတ်ခြင်း၊ သူတစ်ပါးတို့၏ ဥစ္စာကို ခိုးယူခြင်း စသည့် ဒုစရိုက်အမှုများကို ပြုလုပ်မိကြ၏။

သို့ဖြစ်၍ မောဟ၊ အဟိရိက၊ အနောတ္တပ္ပနှင့် ဥဒ္ဓစ္စတို့သည် အကုသိုလ်စိတ် ဖြစ်တိုင်း အမြဲယှဉ်တွဲပါဝင်ကြ၏။ သို့အတွက် ၎င်းတို့ကို အကုသလသာဓာရဏဟု ခေါ်၏။ အကုသိုလ်စိတ်အားလုံးနှင့်ဆက်ဆံသော စေတသိက်များဟု အဓိပ္ပာယ်ရ၏။

### လောဘစေတသိက်

လောဘ၏ မူရင်းအဓိပ္ပာယ်မှာ "လိုချင်မက်မောခြင်း" (Desire) ဖြစ်၏။ လောဘသည် မိမိတည်ရာသတ္တဝါကိုလည်းကောင်း၊ အတူဖြစ်ဖက်စိတ်စေတသိက်တို့ကိုလည်းကောင်း အာရုံကို လိုချင်မက်မောအောင် ပြုလုပ်တတ်၏။

လောဘသည် အာရုံကိုယူရာ၌ ယူကာမတ္တမျှမဟုတ်။ "ငါ့ဥစ္စာ၊ ငါ့ဟာ" စသည်ဖြင့် အာရုံကို တမ်းတမ်းစွဲ၊ ငမ်းငမ်းတက်၊ တပ်မက်တွယ်တာ လိုချင်သည့်သဘောဖြင့် ယူခြင်းဖြစ်၏။ တစ်နည်းဆိုသော် ထိနိုက်လာသည့်အာရုံများကို မစွန့်လွှတ်နိုင်၊ မခွာနိုင်အောင် စွဲစွဲလမ်းလမ်းယူပုံမျိုးဖြစ်၏။

လောဘကို မျောက်နဲ့စေး ခေါ် အလွန်စေးကပ်သည့် သစ်စေးနှင့် ဥပမာနှိုင်းကြ၏။ မျောက်နဲ့စေးသည် နေရောင်တွင် တပြောင်ပြောင်တောက်ပနေ၏။ အထူး

http://www.dhammadownload.com



အဆန်းကိုမြင်လျှင် ကိုင်ချင်, ဆော့ချင်သော မျောက်သတ္တဝါသည် သစ်စေးကို လက်တစ်ဖက်နှင့်ကိုင်ကြည့်ရာ ထိုလက်သည် သစ်စေး၌ကပ်သွား၏။ အခြား လက်တစ်ဖက်ဖြင့် တွန်းထုတ်လိုက်ရာ ထိုလက်ပါ ကပ်ငြိသွား၏။

ထိုအခါ လက်များကွာထွက်အောင် ခြေနှစ်ချောင်းဖြင့် ဘယ်ပြန်ညာပြန် တွန်းကန်လေရာ သစ်စေးက ခြေနှစ်ဖက်လုံးကို ဖမ်းကပ်ထားပြန်၏။ နောက်ဆုံး ကြိုးစားသည့်အနေဖြင့် ခေါင်းဖြင့်ဖိတွန်းရာ ခေါင်းကပ်၍ ကိုယ်ဖြင့် ဖိ၍တွန်းလိုက်ရာ တစ်ကိုယ်လုံးလှုပ်မရအောင် သစ်စေးတွင် ကပ်နေ့လေတော့၏။

လောဘသည် ထိတိုက်လာသမျှသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့ကို စွဲစွဲလမ်းလမ်း ဖမ်းယူထားခြင်းသည် မျောက်နဲ့စေးက မျောက်၏ လက်နှစ်ဖက် ခြေနှစ်ဖက် ဦးခေါင်းနှင့် ကိုယ်တို့ကို ဖမ်းယူထားပုံနှင့် ဆင်တူလှပေ၏။

အာရုံကိုယူသည့်အခါ ဆိုင်ရာအာရုံ၌ လွန်စွာကပ်ငြိနေခြင်းသည် လောဘစေတသိက်၏ ကိစ္စဖြစ်၏။ ပူလောင်နေသော ဒယ်အိုးပေါ်သို့ အမဲသားတစ်ကို ပစ်ချလိုက်သည့်အခါ ဒယ်အိုးပူ၌ အမဲသားတစ် ကပ်ငြိနေသကဲ့သို့ လောဘသည် အာရုံ၌ ကပ်ငြိနေ၏။ ဇနီးသားမယား, ရွှေ, ငွေ, ဥစ္စာ စသည့် လောဘနိယအာရုံ၌ ကပ်ငြိနေသော လောဘသည် တမလွန်ဘဝများသို့ ကူးပြောင်းသွားသည့်တိုင်အောင် ကပ်ငြိနေတတ်၏။ ဤအကြောင်းကြောင့် ဂွယ်လွန်သောအခါ ဥစ္စာစောင့် ပြိတ္တာဖြစ်ခြင်း, ဥစ္စာထားရာအရပ်၌ မြွေဖြစ်ခြင်း, ကြွက်ဖြစ်ခြင်း စသည့်ဖြစ်ရပ်များကို ကြားနေရ၏။

အဝတ်အထည်များ၌ ဆီချေးများ စွန်းပေနေခဲ့သော် ရုတ်တရက်လျှော်ဖွပ်၍ မကျွတ်နိုင်, မစင်ကြယ်နိုင်သကဲ့သို့ ထို့အတူ လောဘစေတသိက်သည် အာရုံများ၌ စွဲလမ်းကပ်ငြိနေတတ်၏။ ထို့ကြောင့် လောဘသည် အာရုံ၌စွဲကပ်နေသော တရား (ဝါ) အာရုံကို မစွန့်နိုင်သောတရားဟု ဉာဏ်အမြင်ရှိသူတို့တွင် ထင်ပေါ်လာ၏။

လောဘသည် မည်သည့်အခါမျှ လိုချင်တပ်မက်သည့်သဘောကို မစွန့်လွှတ်နိုင်သည့်အတွက် လောဘ၏အလိုကို ကျေနပ်အောင် မည်သည့်အခါမျှ မဖြည့်တင်းနိုင်ချေ။ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့မှ ရေများသည် နှစ်သန်းပေါင်းများစွာ ဒလဟော စီးဝင်နေခဲ့ပါသော်လည်း သမုဒ္ဒရာများသည် ရေမပြည့်နိုင် ဖြစ်နေသကဲ့သို့ လောဘသည် **'ရလေလိုလေ အိုးတစ္ဆေ'** သာ ဖြစ်တော့၏။

Reader's Digest (စာဖတ်သူ၏ ကောက်နုတ်ချက်) စာအုပ်၌ မှတ်သားစရာ ပုံပြင်တစ်ခုကို ကျွန်တော်ဖတ်လိုက်ရသည်။ သဲကန္တာရတွင် အလွန်ပင်ပန်းနေသော ခရီးသွားယောကျ်ားတစ်ဦးကို နတ်သားတစ်ပါးက သနားကြင်နာမိသဖြင့် ကူညီလိုက်မည်ဟု သူ့အဖော်နတ်သားအား ပြောလိုက်၏။ အဖော်နတ်သားက 'မင်း သွားမကူနဲ့၊ လူဆိုတာမျိုးဟာ ဘယ်တော့မှ အလိုပြည့်တာမဟုတ်ဘူး' ဟု သတိပေး၏။

http://www.dhammadownload.com



ပထမနတ်သားက စိမ်းလန်းသော အိုအေစစ်တစ်ခု (သဲကန္တာရအတွင်းရှိ ရေကြည်ရာ မြက်နုရာအရပ်) ကို ဖန်တီးပေးလိုက်၏။ စွံပလွန်ပင်များ, ကြည်လင်သည့် ရေတွင်းနှင့် လဲလျောင်းရန် ကွပ်ပျစ်တစ်ခုကိုပါ ဖန်ဆင်းပေးလိုက်၏။ ခရီးသွားယောက်ျားသည် ရေတစ်ဝသောက်, စွံပလွန်သီး တစ်ဝစားပြီး ကွပ်ပျစ်ပေါ်တွင် ကျောခင်းကာ လေတဖြူးဖြူးတွင် အလွန်ကြည်နူးပျော်ပိုက်နေ၏။

ထိုအခါ ခရီးသွားယောက်ျားသည် နဖူးပေါ် လက်တင်၍ ဤသို့စဉ်းစားပြီး ဆန္ဒပြုလိုက်၏။

"ဒီကန္တာရလမ်းခရီးမှာ အိုအေစစ်ရှိတာကို ငါမကြား မမြင်ဖူးပါဘူး၊ ကောင်းနတ်သားတစ်ပါးပါးက ငါ့ကို သနားကြင်နာပြီး ဖန်ဆင်းပေးလိုက်တာ ဖြစ်မှာပဲ၊ ကျေးဇူးရှင်နတ်သားရယ်...သင့်၏ နှမကိုငါနှင့်အတူ လျှောင်းစက်ရန် ပို့လွှတ်ပေးပါဦးလားကွယ်"

အခြေအနေ စောင့်ကြည့်နေကြသော နတ်သားနှစ်ပါးတို့က...

"သူငယ်ချင်း အစက ငါပြောသား မဟုတ်လားကွ"

"ဟုတ်တယ်ကွာ၊ လူ့အလို နတ်မလိုက်နိုင်ဘူး ဆိုတာ ငါနားလည်ပါပြီ"

ထိုနတ်သားသည် မိမိဖန်ဆင်းထားသောတန်ခိုးကို ရုပ်သိမ်းလိုက်၏။ ခရီးသွားယောက်ျားသည် တစ်မုဟုတ်ချင်း စည်းစိမ်လျှောကာ ကန္တာရခရီးခဲ နေပူကျဲကျဲတွင် ဆင်းရဲပင်ပန်းစွာ ခရီးဆက်ရလေတော့၏။

ပုထုဇဉ်လူသားတို့အား နှဖားတပ်ပြီး လိုရာသို့ ကြိုးဆွဲနေသော လောဘသည် **"တဏှာ, အဘိဇ္ဈာ, ရာဂ, ကာမ, အာသာ, မာယာ, အာလယ, နိကန္တိ, နန္ဒီ, အာသဝ, ဩဃ, ယောဂ, ဂန္ထ, နီဝရဏ, အနုသယ, ကိလေသ, သံယောဇဉ်, ဥပါဒါန်, သမုဒယသစ္စာ"** ဟု အမည်အမျိုးမျိုးရပါသည်။ သတိထား၍ ချုပ်ထိန်းပါလေ။

ဆန္ဒနှင့် လောဘတို့၏ ထူးခြားချက်

အာရုံကို အလိုရှိကာမျှသဘောသည် ဆန္ဒဖြစ်၏။ အာရုံကိုတပ်မက်သောအားဖြင့် အလွန်အလိုရှိသောသဘောသည် လောဘဖြစ်၏။

လောဘတွင် တွယ်တာငြိကပ်တပ်မက်မှုဟူသော အစေးဓာတ်ပါ၏။ ဆန္ဒ၌ အစေးဓာတ်မပါချေ။ လောဘသည် အကုသိုလ်စေတသိက်တစ်ခုဖြစ်ပြီး စိတ်ကို ညစ်ညမ်းစေသော ကိလေသာစာရင်းတွင် ပါဝင်၏။ ဆန္ဒသည် ပကိဏ်းစေတသိက်တစ်ခုဖြစ်ပြီး အသောဘဏ, သောဘဏစိတ်နှစ်မျိုးလုံးနှင့် ယှဉ်တွဲနိုင်သည်။

ဆန္ဒသည် အာရုံကို ပြုလိုရုံ ရလိုရုံမျှသဘောဖြစ်သည်ဟု ဆိုလိုက်သည့်အတွက် လောဘလောက် မထက်မြက်ဟုကား မမှတ်ယူပါလင့်။ ဆန္ဒသည် အဓိပတိ (အကြီး

http://www.dhammadownload.com



အကဲ) ဖြစ်နိုင်သော စေတသိက်တစ်ပါးဖြစ်၏။ ဆန္ဒာဓိပတိတုပ်လျှင် လောဘာထက်ပင် ထက်မြက်သေး၏။

## ဒိဋ္ဌိစေတသိက်

မှားယွင်းစွာရှုတတ်သောကြောင့် ဒိဋ္ဌိဟုခေါ်၏။ ဒိဋ္ဌိသည် မသင့်မတင့် နှလုံးသွင်းခြင်း လက္ခဏာရှိ၏။ မသင့်မတင့်နှလုံးသွင်းပုံမှာ အနိစ္စကို နိစ္စဟူ၍ လည်းကောင်း၊ ဒုက္ခကို သုခဟူ၍လည်းကောင်း၊ အနတ္တကို အတ္တဟူ၍လည်းကောင်း၊ အသုဘကို သုဘ ဟူ၍လည်းကောင်း၊ ရုပ်နာမ်အစုများဖြစ်သော ကိုယ်စိတ် နှစ်ပါးလုံးကို 'ငါ' ဟူ၍ လည်းကောင်း၊ ဖန်ဆင်းသူ မရှိပါဘဲ ရှိသည်ဟူ၍လည်းကောင်း စွဲလမ်းမှတ်ယူမှုများ တည်း။

ဒိဋ္ဌိသည် မှားယွင်းစွာသုံးသပ်ခြင်းကိစ္စ ရှိ၏။ မှားမှားယွင်းယွင်း နှလုံးသွင်းတတ်သော ယောဂီတို့၏ ဉာဏ်အမြင်၌ ထင်ပေါ်လာ၏။ မြတ်စွာဘုရား၏ တရားတော်ကို ပြောကြားနိုင်သော ပညာရှိသူတော်ကောင်းတို့အား မဆည်းကပ်ခြင်းသည် ဒိဋ္ဌိကို ဖြစ်ပေါ်စေသော အနီးကပ်အကြောင်းရင်းဖြစ်၏။

## မာနစေတသိက်

"ငါသာတတ်၏၊ ငါမြတ်၏၊ ငါလိုလူ ဇမ္ဗူမှာရှိသေးလား" စသည်ဖြင့် ထောင်လွှားမှုသဘောသည် မာနဖြစ်၏။

မာနသည် ထောင်လွှားတက်ကြွခြင်းလက္ခဏာရှိ၏။ ယှဉ်ဖက်တရားတို့ကို ချီးမြှောက်ခြင်းကိစ္စရှိ၏။ 'တုရင်မှန်ကင်း' သဖွယ် သူတစ်ပါးတို့ထက် သာလွန် မြင့်မောက်လိုသောတရားဟု ယောဂီတို့၏ဉာဏ်အမြင်၌ ထင်ပေါ်လာ၏။

မာနသည် လောကီခန္ဓာငါးပါးကို 'ငါ့တကား' ဟု ထင်မှတ်စွဲလမ်း၏။ ဒိဋ္ဌိသည် လောကီခန္ဓာငါးပါးကိုပင် 'အတ္တ' ဟု ထင်မှတ်စွဲလမ်း၏။ ဒိဋ္ဌိနှင့် မာနတို့သည် စွဲလမ်းမှတ်ထင်ပုံ ကွဲပြားသောကြောင့် စိတ်တစ်ခုတည်း၌ အတူမယှဉ်ကြချေ။ ဒိဋ္ဌိနှင့် မာနတို့သည် မိမိကိုယ်ကို ချစ်ခင်ခြင်း– လောဘသာလျှင် အရင်းခံရှိကြ၏။ သို့အတွက် ဒိဋ္ဌိသည် ဒိဋ္ဌိသမ္ပယုတ်လောဘမူစိတ်လေးပါး၌ ယှဉ်ပြီး မာနသည် ဒိဋ္ဌိဝိပ္ပယုတ် လောဘမူစိတ် လေးပါး၌ ယှဉ်၏။

"Pride will have a fall" 'ထောင်လွှားခြင်း မာနသည် လိမ့်ကျခြင်းဖြင့် အဆုံးသတ်လိမ့်မည်' ဟူသော စကားပုံအရ ထောင်လွှားဝင့်ကြွားခြင်းသည် အမြင်ကတ်စရာဖြစ်၍ အကျိုးယုတ်စေ၏။ 'ခြေသုတ်ပုဆိုး မြွေဖွယ်ကျိုးသို့' မာနကို ချိုးနှိမ်၍ ကျင့်ကြံပြောဆိုပြုမူခြင်းသည်သာ မှန်ကန်မြင့်မြတ်သောကျင့်စဉ်ဖြစ်၏။

http://www.dhammadownload.com



ပဉ္စတရား သုံးပါး

လောဘ၏ လွှမ်းမိုးမှုနယ်ပယ်သည် အောက်အဝီစိမှ အထက်ဆုံးဘဝဂ်အထိ ၃၁ ဘုံလုံးအနှံ့ ကျယ်ဝန်း၏။ ရုပ်ရှိသော ဗြဟ္မာ, ရုပ်မရှိသော အရူပဗြဟ္မာ ဖြစ်ကြစေကာမူ လောဘ၏ စက်ကွင်းမှ မလွတ်မြောက်နိုင်သေး။ လောဘသည် အလွန်သိမ်မွေ့သည့် အနုသယအဖြစ်ဖြင့် ဗြဟ္မာတို့၏သန္တာန်တွင် ကိန်းဝပ်နေ၏။ အခွင့်သာလာသည်နှင့်တစ်ပြိုင်နက် အနုသယသည် အားကြီးသောလောဘအသွင်သို့ ပြောင်းလဲကာ သတ္တဝါအပေါင်းကို သံသရာဝဋ်ဆင်းရဲ၌ တပြောင်းပြန်ပြန် ကျင်လည်အောင် ခြယ်လှယ်လေတော့၏။

ဒိဋ္ဌိနှင့် မာနတို့သည် လောဘတို့၏ တပ်မှူးကြီးနှစ်ဦး ဖြစ်ကြ၏။ ဒိဋ္ဌိသည် မိမိကိုယ်ကို ချစ်ခင်တပ်မက်သည့် လောဘအပေါ် အခြေချလျက် အထင်အရှားရှိသော လောကီခန္ဓာငါးပါးကို တကယ်အစစ်အမှန်မရှိသည့် 'ငါ, သတ္တဝါ, ယောက်ျား, မိန်းမ' စသည်ဖြင့် လွဲမှားစွာ ထင်မြင်စွဲလမ်းစေ၏။

ရုပ်နာမ်နှစ်ပါးဖြစ်သည့် ခန္ဓာငါးပါးကို 'ငါ' ဟုစွဲယူသည့်အယူမှားကို **သက္ကာယဒိဋ္ဌိ** ဟု ခေါ်၏။ သက္ကာယဒိဋ္ဌိအပေါ်အခြေခံ၍ ခန္ဓာကိုယ်ထဲ၌ 'ငါကောင် (ဝါ) ဝိညာဉ်ကောင် (ဝါ) အတ္တ' ရှိသည်ဟု ယူဆပြီး ထိုအတ္တသည် မပျက်မစီးဘဲ ခန္ဓာတစ်ခုသေလျှင် ခန္ဓာသစ်တစ်ခုသို့ ပြောင်းကာ အမြဲတည်သွားသည်ဟု ယူဆသော **သဿတဒိဋ္ဌိ** ပေါ်ပေါက်လာ၏။ သဿတဒိဋ္ဌိသည် အနောက်တိုင်း ဒဿနပညာရှင် အချို့တို့ ယူဆသည့် **'ဝိညာဉ်သည် သေခြင်းမရှိ'** (Immortality of the soul) ဝါဒနှင့် ဆင်တူ၏။

အချို့တွေးခေါ်ရှင်များကလည်း ခန္ဓာသည် ရုပ်ဝတ္ထုအစုသာဖြစ်သဖြင့် သေလျှင်ပြတ်သည်ဟု ယူဆသော **ဥစ္ဆေဒဒိဋ္ဌိ** ကို ယုံကြည်ကြ၏။ သိပ္ပံပညာရှင်များနှင့် ရုပ်ဝါဒီတို့ ယူဆထားသည့် **'ရုပ်ဝါဒ'** (Materialism) သည် ဥစ္ဆေဒဒိဋ္ဌိပင် ဖြစ်၏။

ဒိဋ္ဌိ၏ ခြယ်လှယ်မှုဖြင့် ယနေ့ကမ္ဘာတွင် အယူဝါဒများ ထောင်သောင်းချီ၍ ပေါ်ပေါက်နေ၏။ ဤအယူဝါဒများကို သက်ဝင်ယုံကြည်သူတစ်ဦးစီက 'ငါ့အယူသာ မှန်သည်။ ကျန်အယူများသည် အချည်းနှီးသာဖြစ်ကြ၏' ဟု ထင်မှတ်နေကြ၏။

မာနကလည်း အားကျမခံ။ 'ငါ့ကို ဘာထင်သလဲ၊ ဘယ်သူ့ကိုမှ ထိမထင်ဘူး၊ ငါမှငါဟေ့' ဟူသည့် စွဲလမ်းမှုဖြင့် လူတစ်ဦးစီကို ထောင်လွှားနေစေ၏။ သူတကာထက် သာလွန်အောင် ရုန်းကန်စေ၏။ အလှချင်းပြိုင်စေ၏။ ဓနချင်းပြိုင်စေ၏။ အင်အားချင်းပြိုင်စေ၏။ တိုင်းနိုင်ငံအချင်းချင်း စစ်မက်ခင်းကျင်းကြသည်အထိ လှုံ့ဆော်ပေးနေ၏။

လောဘ, ဒိဋ္ဌိ, မာနတို့သည် သတ္တဝါတို့အား ဆင်းရဲဝဋ်၌ နစ်မွန်းနေစေသည်မှာ

http://www.dhammadownload.com



ထင်ရှားလှပေ၏။ မည်သူက သတ္တဝါများကို ဝဋ်ဆင်းရဲတွင်းမှ အမှန်ကယ်တင်နိုင်လေသနည်း။

**ဒေါသစေတသိက်**

ဒေါသ၏ မူရင်းအဓိပ္ပာယ်မှာ 'ပျက်စီးခြင်း (ဝါ) ဖျက်ဆီးခြင်း' ဖြစ်၏။ ထို့ကြောင့် ဒေါသသည် 'ပျက်စီးခြင်းသဘော၊ ပြစ်မှားခြင်းသဘော' ဖြစ်၏။

ဒေါသသည် မိမိဖြစ်ရာ တည်ရာသတ္တဝါကိုလည်းကောင်း၊ မိမိနှင့်အတူဖြစ်ဖက်နာမ်တရားများကိုလည်းကောင်း၊ သူတစ်ပါးတို့ကိုလည်းကောင်း ဖျက်ဆီးတတ်၏။

ဒေါသသည် ကြမ်းတမ်းခက်ထန်ခြင်းလက္ခဏာရှိ၏။ မိမိနှင့်အတူဖြစ်ဖက် ရုပ်တရား၊ နာမ်တရားများကိုလည်း ကြမ်းတမ်းစေ၏။ မြွေပွေးမြွေဟောက်တို့ကို တုတ်နှင့် တို့ထိလိုက်သည့်အခါ ရှူးခနဲပါးပျဉ်းထောင်လာသကဲ့သို့ မနှစ်သက်ဖွယ်သောအာရုံနှင့် တွေ့ဆုံသည့်အခါ ရှူးရှူးရှဲရှဲဖြစ်လာပြီး ကိုယ်ရောစိတ်ပါ ကြမ်းတမ်းလာခြင်းသည် ဒေါသ၏ တန်ခိုးသတ္တိကြောင့်ဖြစ်၏။

ဒေါသအရှိန်ကြီးလျှင် ကြီးသလောက် ရုပ်အဆက်ဆက်ထိခိုက်၏။ ကိုယ်နှုတ်အမူအရာများ သိသိသာသာ ဖောက်ပြန်ပြောင်းလဲလာ၏။ မျက်စိ မျက်နှာနီမြန်းလာ၏။ စိန်းစိန်းကြည့်၏။ ကိုယ်လက်ဆတ်ဆတ်တုန်လာ၏။ ကြမ်းတမ်းသောစကားကို ပြောဆို၏။ လက်နက်ရှာဖွေစွဲကိုင်၍ ရိုက်ပုတ်ထိပါးလာ၏။ ဒေါသနှင့် ပေါင်းဖက်မိသော ရုပ်တရား နာမ်တရားဟူသမျှတို့သည် သူခိုး၊ ဓားပြ၊ လူဆိုးများနှင့် ပေါင်းမိသူများပမာ ဒေါသအလိုအတိုင်း ကြမ်းတမ်းခက်ထန်လာကြကုန်၏။

ဒေါသသည် တစ်ကိုယ်လုံး၌ မလိုလားအပ်သော အနိဋ္ဌရုပ်များကို ဖြစ်ပေါ်စေ၏။ ဒေါသမီးရာပုဂ္ဂိုလ်နှင့် ဟဒယဝတ္ထုတို့ကို လောင်ကျွမ်းစေ၏။ ဒေါသထွက်သည့်အခါ နှလုံးတွင်းမှသွေးများ ဆူပွက်လျှံတက်လာသည့်အတွက် သွေးတိုးနှုန်း မြင့်တက်လာပြီး လျှင် သွေးကြောမျှင်များကို ပြတ်တောက်စေနိုင်၏။ မနောပဒေါသိကနတ်များသည် ဒေါသထွက်လျှင် ဘဝပြတ်ကြွေ၍ စုတေကြရ၏။ လူသားတို့လည်း ဒေဝဒတ်အလောင်း ရွှဲကုန်သည်ကဲ့သို့ နှလုံးကွဲ၍ သေပွဲဝင်ကြရတတ်၏။

ဒေါသလွှမ်းမိုးနေသည့်အခိုက်တွင် ဆင်ခြင်တုံတရား တိမ်းပါးကာ မှောက်မှောက်မှားမှား ပြုလုပ်မိကြ၏။ တောလက်ကျေးရွာဘုရားပွဲများ၌ ဒေါသကြောင့် ကာလသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားတတ်ကြ၏။ အညာဒေသတစ်ခု၌ ဆေးလိပ်လိပ်၍ အသက်မွေးကြသော ညီအစ်မတစ်စုတွင် အစ်မဖြစ်သူက ညီမအား ခိုင်းစေရာ ချက်ချင်း မသွားသဖြင့် စိတ်ဆိုးပြီး ကတ်ကြေးနှင့် ပစ်ပေါက်လိုက်၏။ ညီမ၏ဝမ်းဗိုက်၌ ကတ်ကြေးစိုက်ဝင်သွားသဖြင့် ညီမဆုံးပါးသွား၏။

http://www.dhammadownload.com



ဒေါသသည် သူတစ်ပါးကို မဖျက်ဆီးမီ မိမိကို အလျင်ဖျက်ဆီး၏။ တက်ကြွသော ဒေါသသာမက ဆုတ်နစ်သောဒေါသကြောင့် ဖြစ်သည့် စိတ်ပျက်ခြင်း, အားငယ်ခြင်း, ကြောက်လန့်ခြင်း, ဝမ်းနည်းပူဆွေးခြင်း (သောက), ငိုကြွေးခြင်း (ပရိဒေဝ), စိတ်နှလုံးမသာယာခြင်း (ဒေါမနဿ), လွန်ကဲပြင်းပြစွာ ပူဆွေးခြင်း (ဥပါယာသ) စသည်တို့လည်း ကိုယ်စိတ်နှစ်ပါးကို ထိခိုက်ပျက်စီးစေကြ၏။

စိတ်ပျက်ဝမ်းနည်းသည့်အခါ 'မျက်စိမျက်နှာပျက်ခြင်း' သည် ဆုတ်နစ်သော ဒေါသကြောင့် အနိဋ္ဌရုပ်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်ဖြူခြင်း, မျက်စိမှုန်ခြင်း, ရုပ်သွင်အိုမင်းရင့်ရော်ခြင်း စသည်တို့သည် ဒေါသထောင်းဖို၍ ကိုယ်နွမ်းရိရသော အမှတ်အသားများပေတည်း။

ဒေါသသည် တောမီးနှင့်တူ၏။ တောမီးသည် မိမိ၏မှီရာတောကို လောင်ကျွမ်းစေသကဲ့သို့ ဒေါသသည်လည်း မိမိမှီရာပုဂ္ဂိုလ်ကို လောင်ကျွမ်းစေ၏။

ဒေါသစေတသိက်သည် မိမိနှင့်သူတစ်ပါးတို့ကို ဖျက်ဆီးတတ်သည့်တရားဖြစ်သည်နှင့်အညီ **'မီးပွားကအစ ပြာသာဒ်မီးလောင်'** သောအဖြစ်သို့ မရောက်အောင် မီးပွားအခြေ၌ ဒေါသကို ငြိမ်းသတ်ရန် လိုပါ၏။ ဒေါသ၏ ဆန့်ကျင်ဘက်ကား အဒေါသ ခေါ် မေတ္တာဖြစ်၏။

ဒေါသသည် **'အာဃာတ, ပဋိဃ, ဝိရောဓ, ကောပ, ကောဓ, ဗျာပါဒ, ဥပနာဟ, မက္ခ, အနုသယ, ကိလေသာ, သံယောဇဉ်'** စသည်ဖြင့် အမည်အမျိုးမျိုးရ၏။ ဒေါသကို သတိထား၍ ရှောင်ရှားပါလေ။

## ဣဿာစေတသိက်

ဣဿာသည် ငြူစူခြင်းသဘောဖြစ်၏။ သူတစ်ပါးကောင်းစားသည်ကို မြင်ရကြားရသည်ရှိသော် ဝမ်းမမြောက်နိုင်ဘဲ မျက်နှာမဲ့ကာ, ပါးရွဲ့ကာ, နှုတ်ခမ်းစူကာ, စောင်းကာ, ချိတ်ကာ, ကြည့်ရှုပြောဆိုခြင်းသည် ဣဿာ၏ သဘောဖြစ်၏။ ကိုယ့်ထက်သာလျှင် မနာလိုသည့်သဘောပင်တည်း။

အမျိုးသမီးတစ်ဦးကို အမျိုးသားများက စိတ်ဝင်စားကြသည်ကို မြင်ကြားရသော် အခြားအမျိုးသမီးများက ငြူစူမိကြ၏။ စည်းစိမ်ရှင်တို့က ကားလှလှဖြင့် ဖြတ်သန်းသွားလာနေကြသည်ကိုမြင်လျှင် အချို့သူတို့သည် တောက်ခေါက်မိကြ၏။ သူတစ်ပါး၏ကောင်းသတင်းကို ကြားရသည့်အခါ နားမထောင်ဘဲ ထိုသူ့ဂုဏ်သိုးငယ်အောင် ကဲ့ရဲ့ရှုတ်ချလိုက်ကြ၏။ ဤသည်တို့ကား ဣဿာ၏ ခြယ်လှယ်မှုများပင်တည်း။

ဣဿာသည် သူတစ်ပါး၏ စည်းစိမ်၌ မမွေ့လျော်နိုင်ခြင်းကိုစွဲ ရှိ၏။ သူတစ်ပါး၏ စည်းစိမ်ဂုဏ်သိန်ကို မရှုဆိတ်နိုင်ဘဲ မျက်နှာလွှဲတတ်သူ၏ အဖြစ်ဖြင့် ပညာရှိတို့၏ ဉာဏ်အမြင်၌ ထင်ပေါ်လာ၏။

http://www.dhammadownload.com



## မစ္ဆရိယစေတသိက်

မစ္ဆရိယသည် မိမိ၏စည်းစိမ်ကို ဝန်တိုတတ်သည့်သဘောဖြစ်၏။ မိမိ၏ စည်းစိမ်ကို သူတစ်ပါးနှင့် မဆက်ဆံစေလိုသောသဘော, လျှို့ဝှက်ထားလိုသောသဘော, တွန့်တိုစေးနဲတတ်သည့်သဘော ဖြစ်၏။

မိမိ ရပြီး၊ ရလတ္တံ့သော စည်းစိမ်ဥစ္စာမျိုးကို သူတစ်ပါးတို့ မရပါစေနှင့်ဟု စိတ်၌ ဖြစ်ပေါ်လာသည့်သဘောသည် မစ္ဆရိယပင် ဖြစ်၏။ မစ္ဆရိယငါးမျိုးရှိ၏။

| | | |
|---|---|---|
| ၁။ အာဝါသမစ္ဆရိယ | = | ကျောင်းကန်၊ တိုက်တာ၊ နေရာထိုင်ခင်းတို့၌ ဝန်တိုမှု၊ |
| ၂။ ကုလမစ္ဆရိယ | = | ဆွေမျိုးဉာတိ, ဒါယကာ–ဒါယိကာမတို့၌ဝန်တိုမှု၊ |
| ၃။ လာဘမစ္ဆရိယ | = | ပစ္စည်းဥစ္စာ, လာဘ်လာဘတို့၌ ဝန်တိုမှု၊ |
| ၄။ ဝဏ္ဏမစ္ဆရိယ | = | ရုပ်အဆင်းနှင့် ဂုဏ်သတင်းတို့၌ ဝန်တိုမှု၊ |
| ၅။ ဓမ္မမစ္ဆရိယ | = | မိမိတတ်သိသော အတတ်ပညာ၌ ဝန်တိုမှု။ |

## ဣဿာနှင့် မစ္ဆရိယတို့၏ ထူးခြားချက်

ဣဿာသည် သူတစ်ပါး၏ စည်းစိမ်ဂုဏ်သိန်ကို ကဲ့ရဲ့ရှုတ်ချသည့် မနာလိုသော သဘောဖြစ်ပြီး ဗဟိဒ္ဓ (ကိုယ်ပြင်ပ) ကိုသာ အာရုံပြု၏။

မစ္ဆရိယသည် မိမိ၏ပစ္စည်းဥစ္စာကိုလည်း မပေးလို၊ မိမိ၏စည်းစိမ်ဂုဏ်သိန်နှင့် တူသော စည်းစိမ်ရာထူးကို သူတစ်ပါးတို့ ရသွားမည်ကိုလည်း ဝန်တို၏။ အဇ္ဈတ္တ (ကိုယ်၌ဖြစ်သော) ရုပ်အဆင်း၊ အတတ်ပညာ စသည်တို့နှင့် ဗဟိဒ္ဓဖြစ်သော အာဝါသ စသည်တို့ကို အာရုံပြု၏။

ဣဿာနှင့် မစ္ဆရိယတို့သည် အလကားနေရင်း အကုသိုလ်ကို ပွားစေသော စိတ်ကို မချမ်းသာစေသောတရားများ ဖြစ်ကြ၏။ ဤအကြောင်းတို့ကြောင့် **'မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာသည်'** ဟူ၍ မဟာစည်ဆရာတော်ဘုရားကြီး စပ်ဆိုတော်မူခဲ့၏။

## ကုက္ကုစ္စစေတသိက်

ပြုခဲ့ပြီးသောဒုစရိုက်နှင့် မပြုခဲ့မိသော သုစရိုက်တို့ကို အာရုံပြု၍ နောင်တတစ်ဖန် ပူပန်ခြင်းသည် ကုက္ကုစ္စဖြစ်၏။

ဒုစရိုက်ကိုပြုပြီးနောက် ရရှိမည့်အပြစ် သို့မဟုတ် ခံစားရသော မကောင်းကျိုးကို ဆင်ခြင်မိသောအခါ နောင်တ,တစ်ဖန် ပူပန်၏။ ပစ္စည်းချမ်းသာသည့်အခါ၊ ငယ်ရွယ်ကျန်းမာနေသည့်အခါ၊ ကုသိုလ်ကောင်းမှုကို မပြုခဲ့မိဘဲ ပစ္စည်းကုန်ခန်းသောအခါ၊ ကြီးရင့်ပြီး နာမကျန်းသောအခါတို့၌ 'ကောင်းမှုကို မပြုခဲ့မိလေခြင်း' ဟု နောင်တ, တစ်ဖန် ပူပန်၏။ ဤသို့ နောင်တ,တစ်ဖန် ပူပန်ခြင်းသည် ကုက္ကုစ္စ၏ အမှတ်လက္ခဏာဖြစ်၏။

http://www.dhammadownload.com



ကုက္ကုစ္စသည် အဖန်ဖန်စိုးရိမ်ခြင်းကိစ္စရှိ၏။ စိတ်နှလုံးမသာယာသောသူ၏ အဖြစ်ဖြင့် ပညာရှိတို့၏ ဉာဏ်အမြင်၌ ထင်ပေါ်လာ၏။

ကုက္ကုစ္စ၏ နောင်တ,တစ်ဖန် ပူပန်တတ်သောသဘောသည် ပြုခဲ့မိပြီးသော ဒုစရိုက်ကို မပြုရာရောက်အောင်၊ မပြုခဲ့မိသေးသည့် သုစရိုက်ကိုလည်း ပြုရာရောက် အောင် မစွမ်းဆောင်စေနိုင်သဖြင့် ပညာရှိတို့ အမြင်ကတ်စရာအမုအရာသာ ဖြစ်၏။ အကျိုးမဲ့သောသဘောသာ ဖြစ်၏။

## အကုသိုလ်၏ မူလသုံးပါး

ဗုဒ္ဓမြတ်စွာသည် သုတ္တန်ပိဋကတော်၌ အကုသိုလ်စေတသိက်တို့၏ ခေါင်းဆောင် များဖြစ်ကြသော လောဘ, ဒေါသ, မောဟတို့ကိုသာ အဓိကထား၍ ဟောကြားတော် မူခဲ့၏။ ဤစေတသိက်သုံးပါးတို့သည် အကုသိုလ်ကံ၏ အရင်းအမြစ်ဖြစ်ကြ၏။

ကမ္ဘာပေါ်၌ လူနှင့်တိရစ္ဆာန်များ ပြုလုပ်နေကြသော မကောင်းမှုဟူသမျှတို့သည် လောဘ, ဒေါသ, မောဟတို့ကို အခြေခံ၍ ပြုလုပ်နေကြခြင်းဖြစ်၏။ စိးပွားကို မတရား ရှာဖွေသည်မှအစ နယ်ချဲ့စစ်ပွဲ, ကမ္ဘာစစ်ပွဲများ ခင်းကျင်းကြသည်အထိ တကယ့်မူလ အကြောင်းရင်းများအဖြစ် ခြယ်လှယ်နေကြသည့်သဘောတရားတို့မှာ ဤစေတသိက် သုံးပါးတို့ပင် ဖြစ်ကြ၏။

လူတစ်ဦးစီ တစ်ဦးစီတို့၌ စိတ်မချမ်းမြေ့နိုင်ဘဲ စိတ်ဆင်းရဲနေကြသည်မှာလည်း ဤတရားဆိုးသုံးပါးကြောင့်ပင်ဖြစ်၏။ သတ္တဝါတိုင်းသည် လောဘ, ဒေါသ, မောဟ ကို နည်းပါးအောင် ကြိုးစားအားထုတ်ကြရမည်။ ဗုဒ္ဓတရားတော်၏ အနှစ်ချုပ်မှာ လည်း လောဘ, ဒေါသနှင့် မောဟတို့ကို ပယ်သတ်ရေးပင် ဖြစ်၏။ ဤတရားဆိုး သုံးပါးကို အကြွင်းမဲ့ပယ်သတ်ရေးသည် လောဘ, ဒေါသ, မောဟတို့ ကင်းစင်ရေး ပင်ဖြစ်ပါသတည်း။

## ထိနနှင့် မိဒ္ဓ

ထိနဆိုသည်မှာ စိတ်ကိုထိုင်းမှိုင်းစေတတ်သောသဘော ဖြစ်၏။

မိဒ္ဓသည် ယှဉ်ဖက်စေတသိက်များကို ထိုင်းမှိုင်းစေသောသဘောဖြစ်၏။

ထိနနှင့်မိဒ္ဓတို့သည် စိတ်နှင့် စေတသိက်တို့အား ၎င်းတို့၏ ဆိုင်ရာကိစ္စများကို ဆောင်ရွက်ရာ၌ ထိုင်းမှိုင်းလေးလံအောင် ပိတ်ပင်တားဆီးကြ၏။

ထိနအားကြီးနေသည့်အခါ စိတ်၏ အာရုံယူနိုင်သော အစွမ်းသတ္တိသည် ငုပ်လျှိုး သွား၏။ ထိုအခါ စာဖတ်နေသော်လည်း စာ၏အဓိပ္ပာယ်ကို မသိ။ တရားနာနေလျှင် လည်း တရားသံကိုသာကြားရ၏၊ တရားသားကို မသိ။ ပျင်းရိနေသောသူသည် ထိန နှိပ်စက်ထားသူပင်တည်း။

http://www.dhammadownload.com



မိဒ္ဓသည် လောဘ, ဒေါသ စသည့် အကုသိုလ်စေတသိက်တို့၏ အစွမ်းသတ္တိကိုလည်း ထိုင်းမှိုင်းစေ၏။ သဒ္ဓါ, သတိ, ဝီရိယ, ပညာ စသော တင့်တယ်သည့် စေတသိက်တို့၏ အစွမ်းသတ္တိကိုလည်း ထိုင်းမှိုင်းစေ၏။ လောဘစိတ်နှင့် ဈေးရောင်းနေသူသည် ဈေးဝယ်သူမလာ၍ ငိုက်မျဉ်းလာခြင်း၊ ဒေါသစိတ်နှင့် မကျေမချမ်းဖြစ်နေသူသည် နွမ်းရိ၍ ငိုက်မျဉ်းလာခြင်း၊ တရားနာရင်း, ဝိပဿနာရှုမှတ်ရင်း ငိုက်မျဉ်းလာခြင်းတို့သည် မိဒ္ဓနှိပ်စက်သောကြောင့် ဖြစ်၏။

ပျင်းရိခြင်းနှင့် ငိုက်မျဉ်းခြင်းတို့သည် လောကီအကျိုးစီးပွားကိုလည်းကောင်း၊ ကုသိုလ်ကောင်းမှုကိုလည်းကောင်း ပိတ်ပင်တားဆီးကြ၏။ သို့အတွက် ထိနနှင့် မိဒ္ဓတို့ကို အကုသိုလ်စေတသိက်စုတွင် ထည့်သွင်းထားခြင်းဖြစ်၏။

ဗုဒ္ဓ၏ ဒေသနာတော်၌ မောဟ, လောဘ, ဒေါသတို့ကို ပယ်ဖျောက်ရန် နည်းလမ်းကောင်းများ ရှိသလို ထိနနှင့် မိဒ္ဓတို့ကို ပယ်ဖျောက်ရန်လည်း နည်းလမ်းကောင်းများ ရှိ၏။ ထိနနှင့် မိဒ္ဓသည် ဝီရိယ၏ ဆန့်ကျင်ဘက်ဖြစ်ကြ၏။ ဝီရိယအားကြီးလျှင် သို့မဟုတ် ဆန္ဒအားကောင်းနေသဖြင့် ဝီရိယပါလိုက်၍ အားကောင်းနေလျှင် ထိနနှင့် မိဒ္ဓတို့သည် အနားသီခွင့်မရတော့ချေ။

ဥပမာ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုကို ကြည့်ရှုနေသည့်အခါ ဇာတ်လမ်းတွင် စိတ်နှစ်မြုပ်နေသဖြင့် ဆန္ဒ, ဝီရိယ, လောဘတို့ အားကြီး၏။ ထိုအခါ ငိုက်မျဉ်းခြင်း မဖြစ်ချေ။

အလားတူပင် ကုသိုလ်ရေးဘက်၌ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာတို့ အားကောင်းနေကြသည့်အခါ ထိန မိဒ္ဓတို့ မကပ်ရောက်နိုင်ကြချေ။ ရဟန္တာများသည် ပျင်းရိ ငိုက်မျဉ်းခြင်းမဖြစ်ကြချေ။ အရှင်အာနန္ဒာနှင့် အရှင်မဟာကဿပတို့သည် အနှစ် ၄၀ ကာလပတ်လုံး၊ အရှင်ဇာကုလမထေရ်သည် အနှစ် ၈၀ ကာလပတ်လုံး အိပ်ရာညောင်စောင်း စသည်တို့၌ မလှဲမအိပ်ဘဲ နိသဇ္ဇဓုတင်ကို ဆောင်တော်မူခဲ့ကြ၏။

ယခုခေတ်၌လည်း ဝေဘူဆရာတော်ဘုရားသည်လည်းကောင်း၊ တောင်ပုလုဆရာတော်ဘုရားသည်လည်းကောင်း ကျောခင်း၍ လဲလျောင်းခြင်းကို ရှောင်ကြဉ်သော နိသဇ္ဇဓုတင်ကို ထာဝစဉ်ဆောင်ထားကြကုန်၏။

သူတော်ကောင်းများ၏ လုံ့လဝီရိယကား ကြီးမားလှပေစွ။

## ဝိစိကိစ္ဆာစေတသိက်

အာရုံတစ်ခုကို ပိုင်ပိုင်မဆုံးဖြတ်နိုင်ဘဲ စိတ်နှစ်ခွဖြစ်နေခြင်း၊ ယုံမှားသံသယရှိခြင်းသဘောကို ဝိစိကိစ္ဆာဟု ခေါ်၏။

သဗ္ဗညုမြတ်စွာဘုရားသည် သိသင့်သောတရားအပေါင်းကို မိမိအလိုလို သိမြင်

http://www.dhammadownload.com



နိုင်သည်ဆိုသည်မှာ ဟုတ်မှဟုတ်ပါမည်လား၊ ဗုဒ္ဓတရားတော်သည် ဆင်းရဲခပ်သိမ်းကို ချုပ်ငြိမ်းနိုင်စွမ်းရှိသည်ဆိုသည်မှာ ဟုတ်မှဟုတ်ပါမည်လား၊ သံဃာတော်အား လှူဒါန်းခြင်းသည် ကောင်းကျိုးရမည်ဆိုသည်မှာ ဟုတ်မှ ဟုတ်ပါမည်လား။

ဤသို့ ဘုရား, တရား, သံဃာ, ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်တို့၌ ယုံမှားသံသယဖြစ်ခြင်းသည် ဝိစိကိစ္ဆာဖြစ်၏။

စာမေးပွဲ၌ စာကိုသေသေချာချာကြည့်ရှုကျက်မှတ်မထားသဖြင့် မေးခွန်းတစ်ခု၏ အဖြေမှန်ကို မသိခြင်းသည် ယုံမှားသံသယဖြစ်ခြင်းမဟုတ်ပေ။ မသိခြင်းသာ ဖြစ်၏။

ပညာဆည်းပူးရာ၌ဖြစ်စေ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာ၌ဖြစ်စေ ယုံမှားသံသယရှိနေလျှင် မအောင်မြင်နိုင်သကဲ့သို့ သမထဝိပဿနာစသော ကုသိုလ်ကောင်းမှုကိစ္စ၌လည်း ယုံမှားသံသယဖြစ်နေလျှင် မအောင်မြင်ချေ။ ထို့ကြောင့် ဝိစိကိစ္ဆာသည် ကုသိုလ်တရားကို တားဆီးပိတ်ပင်တတ်၏။ ဤအကြောင်းကြောင့် ဝိစိကိစ္ဆာသည် အကုသိုလ်စေတသိက်များတွင် ပါဝင်၏။

### အကုသိုလ်မဖြစ်ရေး

စိတ်သည် ပင်ကိုသဘောအားဖြင့် အာရုံကိုသိခြင်းသက်သက်သာဖြစ်သဖြင့် ကြည်လင်သောရေနှင့် တူ၏။ ထိုရေထဲသို့ မင်နီ၊ မင်ပြာ၊ မင်နက် စသည်ကို အစက်ချလိုက်လျှင် ထိုရေသည် အရောင်ပြောင်းလဲ၍ ညစ်ညမ်းသွားပေ၏။ ထို့အတူ ကြည်လင်သောစိတ်သည် အကုသိုလ်စေတသိက်နှင့် ယှဉ်စပ်မိသည့်အခါ ညစ်ညူးသော အကုသိုလ်စိတ်အဖြစ်သို့ ပြောင်းလဲသွား၏။

မီး၏ ပူလောင်စေတတ်သည့်သဘောကို သိသောသူသည် မီးမလောင်အောင် ရှောင်ရှားနိုင်သကဲ့သို့ ကိုက်တတ်သည့်ခွေးကို သိထားသောသူသည် ခွေးကိုက်ခံရခြင်းကို ရှောင်တိမ်းနိုင်သကဲ့သို့ အကုသိုလ်စေတသိက်များကို သိနားလည်သောသူသည် ထိုစေတသိက်တို့၏ ခြယ်လှယ်ခြင်းကို မခံရအောင် ရှောင်ကြဉ်နိုင်ပေလိမ့်မည်။

နှစ်သက်ဖွယ်သောအာရုံ (ဣဋ္ဌာရုံ) နှင့် ကြုံတွေ့သောအခါ လောဘမူစိတ် ဖြစ်ပေါ်လေ့ရှိ၏။ မနှစ်သက်ဖွယ်သောအာရုံ (အနိဋ္ဌာရုံ) နှင့် ကြုံတွေ့သောအခါ ဒေါသမူစိတ်ဖြစ်ပေါ်လေ့ရှိ၏။ ယုံမှားသံသယဖြစ်နေသည့်အခါနှင့် စိတ်ပျံ့လွင့်နေသည့်အခါများတွင် မောဟမူစိတ်ဖြစ်၏။

ဤသို့ အကုသိုလ်စိတ်ဖြစ်ပေါ်လာကြောင်းကို သတိမူမိလိုက်သည်နှင့် တစ်ပြိုင်နက် ထိုအကုသိုလ်စိတ်အစဉ်သည် ပြတ်သွားပေတော့၏။ ဝိပဿနာရှုမှတ်ဖူးသူသည် သတိဖြင့် စောင့်ကြပ်နေသည်ဖြစ်ရာ ဤသို့ စိတ်အစဉ်ပြတ်တောက်ခြင်းကို ကြုံတွေ့ဖူးမည်ဖြစ်၏။

http://www.dhammadownload.com



သတိမမူမိလျှင်ကား အကုသိုလ်စိတ်အစဉ်သည် ရှည်ကြာစွာဖြစ်နေပေလိမ့်မည်။ အကုသိုလ်စိတ်ကိုဖြစ်ခါစ၌ပယ်သတ်နိုင်သူသည် ကြီးလေးသည့်အကုသိုလ်မှုကို ပြုမိတော့မည်မဟုတ်ချေ။

## သောဘဏစေတသိက်

အပြစ်ကင်းစင်သဖြင့် တင့်တယ်ကြသောစေတသိက်များကို သောဘဏ စေတသိက်များဟု ခေါ်၏။ သောဘဏစေတသိက် ၂၅ ပါးရှိ၏။ ၎င်းတို့ကို အောက်ပါအတိုင်း ထပ်မံခွဲခြားနိုင်၏။

| | | |
|---|---|---|
| **သောဘဏသာဓာရဏ** | = | ၁၉ ပါး |
| **ဝိရတိစေတသိက်** | = | ၃ ပါး |
| **အပ္ပမညာ စေတသိက်** | = | ၂ ပါး |
| **ပညာစေတသိက်** | = | ၁ ပါး |

ဤစေတသိက်များသည် အသောဘဏစိတ်များ၌ မယှဉ်နိုင်ကြ။ သောဘဏစိတ်များ၌သာ ယှဉ်နိုင်ကြ၏။

သောဘဏစေတသိက်စု ၂၅ ပါးသည် အကုသိုလ်စေတသိက်စု ၁၄ ပါးထက် အရေအတွက်ပိုများ၏။ သောဘဏစိတ်အရေအတွက် (အကျဉ်း ၅၉၊ အကျယ် ၉၁) သည်လည်း အသောဘဏစိတ်အရေအတွက် ၃၀ ထက် ပိုများ၏။

လောက၌ အကုသိုလ်အသင်းအပင်းထက် ကုသိုလ်အသင်းအပင်းက ပို၍ အင်အားကြီးမားနေသည်မှာ ဝမ်းသာစရာပင် ဖြစ်၏။ အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်ရမည်ဆိုလျှင် ကုသိုလ်အသင်းအပင်းဘက်က အနိုင်ရမည်မုချတည်း။

သို့သော် '**နွားကွဲလျှင် ကျားကိုက်သည်**' ဆိုသည့်အတိုင်း အမှုမဲ့ အမှတ်မဲ့ ပေါ့ပေါ့ဆဆနေလျှင် အကုသိုလ်ဘက်တော်သားများ၏ ခြယ်လှယ်နှိပ်စက်ခြင်းကို ပယ်ပယ်နယ်နယ်ခံစားရမည်ဖြစ်၏။ အကုသိုလ်ဘက်တော်သားများတွင် ကာမဂုဏ်အာရုံတည်းဟူသော ထက်မြက်စူးရှသည့်လက်နက်ကြီးများ ရှိနေသည်ကို မမေ့အပ်ပေ။

## သောဘဏသာဓာရဏ စေတသိက် ၁၉ ပါး

သောဘဏစိတ်အားလုံးနှင့်ဆက်ဆံသော စေတသိက်များကို တစ်နည်း သောဘဏစိတ်ဖြစ်တိုင်း ပါဝင်ယှဉ်တွဲကြသည့် စေတသိက်များကို သောဘဏသာဓာရဏ စေတသိက်များဟု ခေါ်၏။

၁။ **သဒ္ဓါ** = ဘုရား၊ တရား၊ သံဃာ စသည့် ကုသိုလ်အာရုံ၌ ယှဉ်ဘက်တရားတို့ကို ကြည်လင်စေခြင်းသဘော၊

http://www.dhammadownload.com



၂။ သတိ = ဘုရား၊ တရား၊ သံဃာ စသည့် ကုသိုလ်အာရုံ၌ ယှဉ်ဘက် တရားတို့ကို အောက်မေ့ အမှတ်ရစေခြင်းသဘော၊
၃။ ဟိရီ = မကောင်းမှုဒုစရိုက်မှ ရှက်ခြင်းသဘော၊
၄။ ဩတ္တပ္ပ = မကောင်းမှုဒုစရိုက်မှ ကြောက်လန့်ခြင်းသဘော၊
၅။ အလောဘ = လောကီအာရုံကာမဂုဏ်ကို မလိုချင် မတပ်မက်ခြင်းသဘော၊
၆။ အဒေါသ = မကြမ်းတမ်း မခက်ထန်ခြင်းသဘော (မေတ္တာ)၊
၇။ တတြမဇ္ဈတ္တတာ = ယှဉ်ဘက်စေတသိက်တို့အား မိမိတို့၏ ဆိုင်ရာကိစ္စများကို မယုတ်မလွန်မျှတစွာ ဆောင်ရွက်ကြရန် တည့်မတ် ထိန်းသိမ်းပေးခြင်းသဘော (ဥပေက္ခာ)၊
၈။ ကာယပဿဒ္ဓိ = စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းသဘော၊
၉။ စိတ္တပဿဒ္ဓိ = စိတ်၏ ငြိမ်းအေးခြင်းသဘော၊
၁၀။ ကာယလဟုတာ = စေတသိက်အပေါင်း၏ ပေါ့ပါးသွက်လက်ခြင်းသဘော၊
၁၁။ စိတ္တလဟုတာ = စိတ်၏ပေါ့ပါးသွက်လက်ခြင်းသဘော၊
၁၂။ ကာယမုဒုတာ = စေတသိက်အပေါင်း၏ နူးညံ့ပျောင်းအိခြင်းသဘော၊
၁၃။ စိတ္တမုဒုတာ = စိတ်၏ နူးညံ့ပျောင်းအိခြင်းသဘော၊
၁၄။ ကာယကမ္မညတာ = စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ခံ့ညားခြင်းသဘော၊
၁၅။ စိတ္တကမ္မညတာ = စိတ်၏ကုသိုလ်ကောင်းမှု၌ ခံ့ညားခြင်းသဘော၊
၁၆။ ကာယပါဂုညတာ = စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ လေ့လာနိုင်နင်းခြင်းသဘော၊
၁၇။ စိတ္တပါဂုညတာ = စိတ်၏ ကုသိုလ်ကောင်းမှု၌ လေ့လာနိုင်နင်းခြင်းသဘော၊
၁၈။ ကာယုဇုကတာ = စေတသိက်အပေါင်း၏ ဖြောင့်မတ်စွာဖြစ်ခြင်းသဘော၊
၁၉။ စိတ္တုဇုကတာ = စိတ်၏ ဖြောင့်မတ်စွာဖြစ်ခြင်းသဘော၊
သံခိပ်လင်္ကာ = **သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တာ။ ပဿဒ္ဓိ, လဟု၊ မုဒု, ကမ္မည်း၊ ပါဂုညင်နှင့်၊ ထို့ပြင် ဥဇုကာ၊ ခြောက်စုံမှာ၊ ကာယစိတ်နှင့်နှော။**

ပထမစေတသိက်ခုနစ်ပါးတို့သည် တစ်ပါးစီသာ ဖြစ်ကြ၏။ ကြွင်းသည့် စေတသိက် ၁၂ ပါးတို့မှာ ကာယနှင့်တစ်လှည့် စိတ္တနှင့်တစ်လှည့် တွဲဖက်ရသော စုံတွဲများဖြစ်ကြ၏။ (ဟိတ်နှစ်ရပ်ဆိုသည်မှာ အလောဘနှင့် အဒေါသတည်း ဟူသော ကုသိုလ်ဟိတ်နှစ်ပါးကို ဆိုလို၏။)

http://www.dhammadownload.com



## သဒ္ဓါစေတသိက်

သဒ္ဓါသည် မိမိကိုယ်တိုင်လည်း ကြည်လင်၏။ ၎င်းနှင့်အတူယှဉ်တွဲ၍ဖြစ်ကြသော စိတ်နှင့်စေတသိက်တို့ကိုလည်း ကြည်လင်စေ၏။ စကြဝတေးမင်း၏ ပတ္တမြားရတနာသည် နောက်ကျုနေသောရေမှ အနည်များကို ထိုင်စေကာ ရေကို ကြည်လင်စေသကဲ့သို့ သဒ္ဓါသည် ကိလေသာအညစ်အကြေးများကို အနည်ထိုင်စေပြီး စိတ်စေတသိက်တို့ကို ကြည်လင်စေ၏။

ကြည်လင်နေသောရေကန်တွင် ငါး, ပုစွန်များ ကူးသန်းနေကြသည်ကို ကောင်းစွာမြင်နိုင်သကဲ့သို့ ကြည်လင်နေသော စိတ်စေတသိက်တို့သည်လည်း ဘုရား, တရား, သံဃာ, သစ္စာလေးပါး, ကံတရား စသည်တို့၏သဘောမှန်ကို မြင်သိလာပြီး ယုံကြည်မှုကို ဖြစ်ပေါ်စေ၏။

အကုသိုလ်အမှုကိစ္စများ၌ မောဟသည် ဦးစီးခေါင်းဆောင်ဖြစ်သကဲ့သို့ ကုသိုလ်ရေးကိစ္စများတွင် သဒ္ဓါသည် ရှေ့ဆောင်ရှေ့ရွက်ဖြစ်၏။ သဒ္ဓါမရှိသူသည် ဘုရားသာသနာတော်နှင့် ကြုံကြိုက်နေစေကာမူ ကုသိုလ်ဖြည့်ဆည်းခွင့်ကို မရနိုင်ချေ။ လက်မရှိသောသူသည် ကျောက်သံပတ္တမြား ဖုံးလွှမ်းနေသော တောင်ပေါ်သို့ ရောက်နေပါသော်လည်း ထိုကျောက်မျက်ရတနာများကို မကောက်ယူနိုင်သကဲ့သို့တည်း။ ဤနှိုင်းယှဉ်မှု၌ သဒ္ဓါသည် လက်နှင့်တူ၏။

ကုသိုလ်ကံမြောက်မြားစွာကို ဖြစ်ထွန်းစေနိုင်သောသဒ္ဓါသည် စင်စစ်တွင် ပြည်တန်ကျောက်မျက်ရတနာများထက် ပို၍အဖိုးတန်၏။ ထို့ကြောင့် သူတော်ကောင်းဥစ္စာ ခုနစ်ပါး (သဒ္ဓါ, သီလ, စာဂ, ဟိရီ, ဩတ္တပ္ပ, သုတ, ပညာ) တွင် သဒ္ဓါကို ရှေ့ဆုံးကထည့်ထား၏။ သူတော်ကောင်းတရား ခုနစ်ပါး (သဒ္ဓါ, သတိ, ဝီရိယ, ဟိရီ, ဩတ္တပ္ပ, သုတ, ပညာ) ၌လည်း သဒ္ဓါကိုပင် ရှေ့တန်းတင်ထား၏။

အာဠဝကဘီလူးချုပ်ခန်း၌ "ဤလောကမှာ လူ့ဥစ္စာ ဘယ်ဟာ အမြတ်ဆုံးနည်း" ဟု ဘီလူးက ပြဿနာမေးသည်ကို **"ဤလောကမှာ လူ့ဥစ္စာ သဒ္ဓါ အမြတ်ဆုံးတည်း"** ဟု မြတ်ဗုဒ္ဓဖြေကြားတော်မူခဲ့၏။

## သတိစေတသိက်

ဖြစ်ပြီး ဖြစ်ဆဲ အာရုံများ ပျောက်ကွယ်မသွားအောင် ထိုအာရုံများကို အောက်မေ့ခြင်း၊ အမှတ်ရနေခြင်းကို သတိဟု ခေါ်၏။

ဘူးတောင်းများသည် ရေတွင် ပေါလောပေါ်၍ မျောပါသွားသကဲ့သို့ စိတ်စေတသိက်တို့သည် အာရုံရေစီးတွင် လွင့်မျောသွားတတ်ကြ၏။ ထိုသို့ လွင့်မျောသွားခြင်းမရှိဘဲ အာရုံနိုင်မြဲနေအောင် သတိကဆောင်ရွက်ပေး၏။

**'သတိမမူ ဝူမမြင်'** ဟူသောစကားကဲ့သို့ သတိမထားလျှင် မိမိရှေ့၌ရှိသော

http://www.dhammadownload.com



ဝူကြီးကိုပင် မမြင်နိုင်ပါ။ သတိထားလျှင်မူ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တည်းဟူသော ဒွါရ (တံခါး) ခြောက်ပေါက်၌ အာရုံများ ထင်ပေါ်လာသမျှကို မလွတ်တမ်း မှတ်သိနိုင်၏။

ဝိပဿနာအလုပ်ဟူသည်မှာ ဒွါရခြောက်ပေါက်၌ အာရုံများ ထင်လာသမျှကို မလွတ်တမ်းရှုမှတ်နိုင်ရန် သတိထားရသောအလုပ်ဖြစ်၏။ ဤအလုပ်သည် ပူပန်ဆင်းရဲမှုခပ်သိမ်းတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ သွားရောက်ရန် တစ်ကြောင်းတည်းသော လမ်းဖြစ်သဖြင့် ဘဝတွင် အရေးကြီးဆုံးသောအလုပ် ဖြစ်၏။

ဤအကြောင်းကြောင့် ဗုဒ္ဓမြတ်စွာက **'အပ္ပမာဒေန သမ္ပာဒေထ' 'ချစ်သားတို့–မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် သိက္ခာသုံးပါးကို ပြီးစေကြကုန်လော့'** ဟု နိဗ္ဗာန်မစံဝင်မီ နောက်ဆုံးအချိန်အထိ တပည့်သားသာဝကတို့အား နေ့စဉ်နှိုးဆော်ကာ သတိပေးတော်မူခဲ့၏။

သတိသည် တံခါးစောင့်နှင့်တူ၏။ တံခါးစောင့်သည် မြို့တွင်းသို့ လူဆိုးလူသွမ်းများ မဝင်ရောက်နိုင်ရန် စောင့်ကြပ်တားဆီးပေးသကဲ့သို့ သတိသည်လည်း စိတ်တွင်းသို့ အကုသိုလ်တရားများ မဝင်ရောက်နိုင်ရန် စောင့်ကြပ်တားဆီးပေး၏။

သတိသည် သူတော်ကောင်းတရားခုနစ်ပါးတွင် ပါဝင်သော တရားတစ်ပါးပေတည်း။ အာရုံကို မမေ့ပျောက်အောင် သတိ၏စောင့်ရှောက်မှု၌ ခိုင်မြဲသောသညာသည် နီးကပ်စွာအထောက်အပံ့ပြု၏။

### ဟိရီနှင့် ဩတ္တပ္ပ

ဟိရီသည် မကောင်းမှုဒုစရိုက်များကို ပြုကျင့်ရန် စက်ဆုပ်ရက်မုန်းတတ်သော တရားဖြစ်၏။ ဩတ္တပ္ပသည် မကောင်းမှုဒုစရိုက်များကို ပြုလုပ်ရန် ထိတ်လန့်ကြောက်ရွံ့တတ်သောတရားဖြစ်၏။ ဤတရားနှစ်ပါးသည် အဟိရိကနှင့်အနောတ္တပ္ပတို့၏ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။

ဟိရီသည် မိမိ၏ဂုဏ်သိက္ခာကို လေးစား၍ မကောင်းမှုမှ ရှောင်ရှားစေ၏။ အမျိုးကောင်းသမီးနှင့်တူ၏။ အမျိုးကောင်းသမီးသည် မိမိ၏မျိုးရိုးဇာတိဂုဏ်၊ အကျင့်သီလဂုဏ်၊ ပညာဂုဏ်တို့ကို ငဲ့ကွက်၍ 'ငါသို့သောသူသည် ဤသို့နိမ့်ကျလှသည့် ဒုစရိုက်အမှုကို မပြုထိုက်' ဟု လော်လီဖောက်ပြားခြင်းစသည့် ဒုစရိုက်မှုများကို စက်ဆုပ်ကာ ရှောင်ရှား၏။

ဩတ္တပ္ပသည် သူတစ်ပါးတို့ကို ရိုသေလေးစားသောအားဖြင့် မကောင်းမှုပြုလုပ်ရန် ကြောက်လန့်၏။ ဩတ္တပ္ပသည် ပြည့်တန်ဆာမနှင့် တူ၏။ ပြည့်တန်ဆာမသည် ကိုယ်ဝန်တည်လျှင် ယောက်ျားများ စက်ဆုပ်မည်ကိုစိုးရွံ့၍ ထိုယောက်ျားများကို လေးစားသောအားဖြင့် ကိုယ်ဝန်မတည်ရန် ထိန်းသိမ်းစောင့်ရှောက်၏။ 'ငါ၏ ကိုယ်

http://www.dhammadownload.com



စောင့်နတ်နှင့် အဘိညာဉ်ရသူတော်စင်များသည် ဆိတ်ကွယ်ရာ၌ ငါမကောင်းမှုပြု သည်ကို သိကြကုန်၏'ဟု ဆင်ခြင်ကာ ထိုပုဂ္ဂိုလ်တို့နှင့် ဆွေမျိုးမိတ်သင်္ဂဟတို့၏ ကဲ့ရဲ့ခြင်းဘေးမှ လွတ်ကင်းအောင် ဒုစရိုက်မှုများကို ရှောင်ကြဉ်၏။

**'ဟိရီနှင့် ဩတ္တပ္ပတို့သည် လောကကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက် ပေးကြသော 'လောကပါလတရားများ'ဖြစ်ကြ၏။** အမိနှင့် သား၊ အဖနှင့်သမီး စသည်ဖြင့် ဖောက်ပြားခြင်းမရှိရန်၊ လူနှင့် တိရစ္ဆာန်များကို စည်းခြားပေးသော တရားများ ဖြစ်ကြ၏။

အထက်ပါအကြောင်းတို့ကြောင့် ဟိရီနှင့် ဩတ္တပ္ပတို့သည် သူတော်ကောင်း တရား ခုနစ်ပါး၌လည်းကောင်း၊ သူတော်ကောင်းဥစ္စာ ခုနစ်ပါး၌လည်းကောင်း ပါဝင်ကြ၏။

## အလောဘ

အလောဘသည် ကာမဂုဏ်အာရုံအမျိုးမျိုး၌ မကပ်ငြိ၊ မတပ်မက်သော သဘော ဖြစ်၏။ နှစ်သက်ဖွယ် ကာမဂုဏ်အာရုံကို သာယာစုံမက်၊ တပ်မက် တွယ်တာသော လောဘနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်၏။

အလောဘသည် ကိလေသာမှလွတ်သော ရဟန်း (ဝါ) ရဟန္တာအရှင်မြတ်နှင့် တူ၏။ ရဟန္တာအရှင်မြတ်တို့သည် မည်သည့်ပစ္စည်း ဝတ္ထုကိုမျှ 'ငါ့ဥစ္စာ'ဟူသော အမှတ်ဖြင့် သိမ်းဆည်းထားခြင်း မရှိကြချေ။ မည်သည့် ကာမဂုဏ်အာရုံကိုမျှ မတပ်မက်ချေ။ ထို့အတူ အလောဘသည် မည်သည့်ကာမဝတ္ထုနှင့် ကာမဂုဏ်အာရုံ ကိုမျှ မတပ်မက်ချေ။

သံသည် သံလိုက်ဓာတ်ဆွဲကပ်နိုင်သော ဓာတ်ခံရှိ၍ သံလိုက်တုံး၏ ဆွဲဝင်မှုကို ခံရ၏။ ရွှေ၊ ငွေ၊ စိန်၊ ပတ္တမြား စသည်တို့မှာ သံလိုက်ဓာတ်ခံမရှိကြသဖြင့် သံလိုက် တုံး၏ဆွဲငင်မှုကို မခံကြရချေ။

ပုထုဇဉ်များမှာ လောဘဓာတ်ခံရှိကြသဖြင့် ကာမဝတ္ထုများ၏ ဆွဲငင်မှုကို ခံကြ ရသည်။ ရဟန္တာအရှင်မြတ်တို့မှာ လောဘဓာတ်ခံကင်းစင်နေကြသဖြင့် ကာမဝတ္ထု များ၏ဆွဲငင်မှုကို မခံကြရချေ။ ပိန်းကြာဖက်ပေါ် တွင် မိုးရေစက်မတင်နိုင်ဘဲ လျှော ကျရသကဲ့သို့ အလောဘဓာတ်ခံရှိသော ပုဂ္ဂိုလ်တွင် တဏှာရာဂ စသည့် မြူအညစ် အကြေးများ မကပ်ငြိနိုင်ချေ။

မြန်မာနိုင်ငံ၏ ရဟန္တာပုဂ္ဂိုလ်ထူးများသမိုင်းတွင် ဆရာတော်ဦးသီလ၊ ဝေဘူ ဆရာ တော်၊ တောင်ပုလုဆရာတော်၊ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ စသော ဆရာတော် အကျော်အမော်များသည် အံ့ဖွယ်ကောင်းလောက်အောင် အလောဘဓာတ်ခံ ရင့်သန်ကြ ပေ၏။

http://www.dhammadownload.com



## အဒေါသ

အဒေါသသည် မကြမ်းတမ်း မခက်ထန်သော သဘောဖြစ်၏။ ကြမ်းတမ်း ခက်ထန်သော သဘောဖြစ်သော ဒေါသနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်၏။ ဒေါသသည် ၎င်း၏ ယှဉ်ဖက်စိတ်စေတသိက်များနှင့် ဒေါသဖြစ်သူကို ပူလောင်စေ၏။ အဒေါသကား ရန်ငြိုးဖွဲ့မှု ဒေါသအစုကို တစ်ခုမကျန်ပယ်လှန်ပြီး စန်းလအသွင် ကြည်လင်အေးမြစေသောတရားဖြစ်၏။

ဒေါသသည် ဖျက်ဆီးတတ်၏။ အဒေါသသည် မဖျက်ဆီးတတ်သောတရားဖြစ်သည့်အပြင် သတ္တဝါများကို ချမ်းသာစေသောတရားဖြစ်၏။

အပိုင်းအခြားမရှိသော သတ္တဝါပညတ်ကို အာရုံပြု၍ ကြည်လင်အေးမြစွာ ဖြစ်ပေါ်နေသည့်အခါ အဒေါသကို **'မေတ္တာ'** ဟု ခေါ်ဆိုရ၏။ "သတ္တဝါများ ဘေးရန်ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ မိမိတို့၏ ခန္ဓာဝန်အသီးသီးကို ချမ်းသာစွာထမ်းဆောင်နိုင်ကြပါစေ" ဟု သတ္တဝါများ ချမ်းသာရန် မေတ္တာပို့ခြင်းသည် အဒေါသစေတသိက်၏ အမှုကိစ္စဖြစ်၏။

**"တစ်ဦးမေတ္တာ တစ်ဦးမှာ"** ဆိုသည့်စကားအတိုင်း မိမိက တကယ်ဖြူစင်သည့် စိတ်ထားဖြင့် မေတ္တာပို့လျှင် မေတ္တာအပို့ခံရသူကလည်း မေတ္တာတုံ့ပြန်လာမည် ဖြစ်၏။ "သက်ရောက်မှုတိုင်း၌ တန်ပြန်သက်ရောက်မှုရှိသည်" ဟူသော နယူတန်၏ သိပ္ပံနိယာမနှင့် ဆင်တူ၏။

သပိတ်အိုင်ဆရာတော်ဘုရားကြီး ဦးကိတ္တိ၊ ဦးသီလ၊ တောင်တန်းသာသနာပြုဆရာတော်ဦးဥတ္တမသာရစသော တောရဆောက်တည်ကြသည့်ဆရာတော်ကြီးများသည် မေတ္တာဘာဝနာ အလွန်အားကောင်းကြသည့်အတွက် တောရဲတိရစ္ဆာန်များပင် လျှင် လူ့စကား နားလည်ကြသည့်အလား ဆရာတော်ဘုရားများ၏ ခြေရင်းတွင် ဝပ်စင်းခယကြရကုန်၏။

မေတ္တာ၏ တန်ခိုးကား အလွန်ထူးခြားအံ့ဖွယ်ကောင်းလေစွ။ ကိုယ်ကျိုးမဖက် အများအကျိုးအတွက် သက်သက်သာ ဦးတည်သော **"အဒေါသ မေတ္တာသည်"** ရယူပိုင်ဆိုင်လိုသည့်သဘောရှိသော **"တဏှာပေမ-ချစ်ခြင်းမေတ္တာ"** နှင့် လွန်စွာ ကွာခြားသည်ကို သတိပြုရာ၏။

## တတြမဇ္ဈတ္တတာ

စိတ်နှင့် စေတသိက်တို့က အာရုံတစ်ခုကို ယူကြသည့်အခါ မိမိတို့၏ ဆိုင်ရာကိစ္စအသီးသီးကို ယုတ်လည်း မယုတ်, လွန်လည်းမလွန်စေဘဲ မျှမျှတတ ဆောင်ရွက်ကြခြင်းသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပေ၏။

http://www.dhammadownload.com



ပမာဆိုသော် မြင်းနှစ်စီးဆွဲသောရထားကို မောင်းနှင်နေသည့် ရထားထိန်းသည် မြင်းနှစ်စီးတို့ အညီအမျှပြေးနေရန် ကြောင့်ကြစိုက်ပေးရ၏။ ထို့အတူ တတြမဇ္ဈတ္တတာသည် ယှဉ်ဖက်စိတ်စေတသိက်တို့ အညီအမျှအလုပ်လုပ်ကြရန် ကြောင့်ကြစိုက်ပေးရ၏။ ထို့ကြောင့် တတြမဇ္ဈတ္တတာသည် ရထားထိန်းနှင့် တူ၏။

တစ်ဖန် မြင်းနှစ်စီးတို့က တစ်စီးကိုတစ်စီး မလွန်ဘဲ ညီညီမျှမျှပြေးနေကြသည့်အခါ ရထားထိန်းသည် မြင်းတို့ကို ဆွဲလည်းမဆွဲ၊ နှင်တံဖြင့်လည်း မတို့မထိဘဲ စိုးရိမ်ကြောင့်ကြ ဗျာပါရကင်းစွာ လျစ်လျူရှုနေနိုင်၏။ ထို့အတူ တတြမဇ္ဈတ္တတာသည် သမ္ပယုတ်တရား (ဝါ) ယှဉ်ဖက်စိတ်စေတသိက်တို့က မိမိဆိုင်ရာ တရားကိစ္စများကို ကောင်းစွာဆောင်ရွက်နေကြသည့်အခါ ကြောင့်ကြစိုက်စရာမလိုဘဲ လျစ်လျူရှုနေနိုင်၏။

ဤနေရာ၌ "လျစ်လျူရှုခြင်း" ကို "ဂရုမစိုက်ဘဲ ပစ်ပယ်ထားခြင်း" ဟုအဓိပ္ပာယ်မကောက်သင့်ချေ။ ရထားထိန်းက ကြောင့်ကြစိုက်စရာမလို၍ လျစ်လျူရှုနေသော်လည်း သူ၏အရှိန်အဝါကြောင့် မြင်းနှစ်ကောင်တို့ အညီအမျှ ပြေးနေကြခြင်းဖြစ်၏။ ထို့အတူ တတြမဇ္ဈတ္တတာ၏ အရှိန်အဝါကြောင့် သမ္ပယုတ်တရားတို့က မိမိတို့၏ဆိုင်ရာကိစ္စများကို ဆောင်ရွက်နေကြသဖြင့် တတြမဇ္ဈတ္တတာသည် ကြောင့်ကြမစိုက်ဘဲ လျစ်လျူရှုနေနိုင်ခြင်းဖြစ်၏။

တစ်ဆက်တည်းပင် ဗြဟ္မစိုရ်တရားလေးပါးတွင် ပါဝင်သော "သတ္တဝါတို့၌ လျစ်လျူရှုခြင်း ဥပေက္ခာ" သည် တတြမဇ္ဈတ္တတာပင် ဖြစ်၏။ ဤနေရာ၌လည်း လျစ်လျူရှုခြင်းသည် ပေယျာလကံပြု၍ ပစ်ပယ်ထားခြင်းမဟုတ်ပါ။ ဆင်းရဲသောသတ္တဝါတို့ကို မြင်တွေ့ရသည့်အခါ သနားခြင်းကရုဏာနှင့် ချမ်းသာသောသတ္တဝါတို့ကို မြင်တွေ့ရသည့်အခါ ဝမ်းမြောက်ခြင်း မုဒိတာတည်းဟူသော ဗြဟ္မစိုရ်တရားနှစ်ပါးအကြားတွင် အလယ်အလတ်မျှတ၍ တည်နေသောသဘောကို ဥပေက္ခာဟုခေါ်၏။

သနားခြင်းနှင့် ဝမ်းမြောက်ခြင်းတို့တွင် စိတ်လှုပ်ရှားသည့်သဘောများ ပါဝင်ကြ၏။ ဥပေက္ခာ၌ခြင်းတွင် စိတ်လှုပ်ရှားသည့်သဘော မပါ။ တည်ငြိမ်ခိုင်မြဲသည့်သဘောသာ ပါ၏။ သို့အတွက် ဆင်းရဲသည့်သတ္တဝါကို ကြုံတွေ့ရလျှင်လည်း ဝမ်းနည်းခြင်း မဖြစ်၊ ချမ်းသာသောသတ္တဝါကို ကြုံတွေ့လျှင် ဝမ်းမြောက်ခြင်း မဖြစ်ဘဲ "သတ္တဝါတို့သည် ကမ္မသကာ ကံစီမံသည့်အတိုင်းသာ ဖြစ်ပျက်ကြရ၏" ဟူ၍ နှလုံးသွင်းလျက် စိတ်တည်ငြိမ်ခိုင်မြဲနေသော ဥပေက္ခာသဘော (equanimity) သည် စင်စစ်တွင် ကရုဏာနှင့် မုဒိတာသဘောတို့ထက် ပို၍တည်ငြိမ်ခိုင်မြဲလှပေတော့သတည်း။

http://www.dhammadownload.com



### ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ

စေတသိက်ပူ, စိတ်အပူတို့ ကင်းစင်လျက် စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းသဘောသည် ကာယပဿဒ္ဓိဖြစ်ပြီး စိတ်၏ငြိမ်းအေးခြင်းသဘောသည် စိတ္တပဿဒ္ဓိဖြစ်၏။

ပျံ့လွင့်ခြင်းသဘောရှိသော ဥဒ္ဓစ္စ, စိုးရိမ်ပူပန်ခြင်းသဘောရှိသည့် သောက, စိတ်ဆင်းရဲခြင်း ဒေါမနဿ, နောင်တတစ်ဖန်ပူပန်ခြင်းကုက္ကုစ္စ စသည့် အကုသိုလ်တရားတို့သည် စိတ်ကို ယောက်ယက်ခတ်ဆူ ပူပူလောင်လောင်ဖြစ်စေကြ၏။ ကာယပဿဒ္ဓိသည် စေတသိက်တို့၏ ပူလောင်မှုကို ငြိမ်းသတ်ဖယ်ရှားပေး၏။ စိတ္တပဿဒ္ဓိသည် စိတ်၏ပူလောင်မှုကိုငြိမ်းသတ်ဖယ်ရှားပေး၏။

သောဘဏစိတ်ဖြစ်တိုင်း ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိတို့ ပါဝင်ကြ၏။ ကုသိုလ်ကောင်းမှုပြုသည့်အခါ သောဘဏစိတ်များ ဖြစ်ပေါ်ကြပြီး ထိုစိတ်အစဉ်တွင် ပဿဒ္ဓိတရားများ ယှဉ်တွဲနေ၏။ ထိုပဿဒ္ဓိတရားနှစ်ပါးတို့က ဆန့်ကျင်ဘက် ကိလေသာတရားများကို ဖယ်ရှားနှိမ်နင်းထားကြသဖြင့် စိတ်အစဉ်သည် ငြိမ်းအေးနေ၏။

ပမာဆိုသော် ပူအိုက်သဖြင့် ချွေးများလိမ်းကျံနေသော ခန္ဓာကိုယ်ကို ရေမိုးချိုးပြီး သနပ်ခါးလိမ်းကျံလိုက်သည့်အခါ သန့်စင်အေးမြသွားသကဲ့သို့ ကိလေသာ အညစ်အကြေးတို့ဖြင့် ပူလောင်ရှုပ်ထွေးနေသော အကုသိုလ်စိတ်အစဉ်ကို သောဘဏစိတ်အစဉ်ဖြင့် ဖယ်ရှား၍ ပဿဒ္ဓိအအေးဓာတ်နှင့် ထုံမွမ်းရသည့်အခါ စိတ်ကြည်လင်အေးမြသွား၏။

ကြည်လင်အေးမြသည့်စိတ်အစဉ်သည် ကြည်လင်အေးမြသော စိတ္တဇရုပ်များကိုဖြစ်စေကြသဖြင့် စိတ်စေတသိက်တို့ ကြည်လင်အေးမြသည့်အခါ ခန္ဓာကိုယ်သည်လည်း ကြည်လင်အေးမြသွားပေတော့၏။

### ကာယလဟုတာ, စိတ္တလဟုတာ

စေတသိက်အပေါင်း၏ ပေါ့ပါးသွက်လက်မှုကို ကာယလဟုတာ၊ စိတ်၏ ပေါ့ပါးသွက်လက်မှုကို စိတ္တလဟုတာဟု ခေါ်၏။ ဤတရားနှစ်ပါးသည် စေတသိက်အပေါင်းနှင့် စိတ်တို့ကို လေးလံထိုင်းမှိုင်းစေကြသော ထိနမိဒ္ဓတို့၏ ဆန့်ကျင်ဘက်များဖြစ်ကြ၏။ ကာယလဟုတာသည် စေတသိက်အပေါင်း၏ လေးလံထိုင်းမှိုင်းမှုတို့ကို နှိမ်နင်းဖယ်ရှား၏။ စိတ္တလဟုတာသည် စိတ်၏ လေးလံထိုင်းမှိုင်းမှုကို နှိမ်နင်းဖယ်ရှား၏။

စိတ်နှင့် စေတသိက်တို့ ပေါ့ပါးသွက်လက်နေလျှင် စိတ္တဇရုပ်တို့လည်း ပေါ့ပါးသွက်လက်နေကြမည်ဖြစ်၏။ ထို့ကြောင့် ခန္ဓာကိုယ်လည်း ပေါ့ပါးသွက်လက်မည်

http://www.dhammadownload.com



ဖြစ်၏။ သောဘဏစိတ်ဖြစ်တိုင်း ကာယလဟုတာ, စိတ္တလဟုတာတို့ ပါဝင်ကြ သဖြင့် ကုသိုလ်ဘက်တွင် စိတ်အားထက်သန်နေကြသော သူတို့သည် ကိုယ်ရောစိတ်ပါ သွက်လက်နေကြ၏။ ညဥ့်လုံးပေါက် လုပ်ကိုင်ရသည်ဖြစ်ပါစေ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းသွက်လက်နေကြ၏။

သမထဝိပဿနာ ပွားများအားထုတ်နေသူတို့၌ လဟုတာတရားတို့၏ အစွမ်းအာနိသင်သည် အထူးသိသာထင်ရှား၏။ အချို့ယောဂီများသည် ခန္ဓာကိုယ် အလွန်ပေါ့ပါးလာသဖြင့် ကြမ်းပြင်အထက်သို့ပင် ခန္ဓာကိုယ်ကြွတက်သွားကြ၏။ ဥဗ္ဗေဂါပီတိ၏ အထောက်အပံ့ကိုရလျှင် ကောင်းကင်သို့ပင် ပျံတက်နိုင်ပေ၏။

## ကာယမုဒုတာ စိတ္တမုဒုတာ

စေတသိက်အပေါင်း၏ နူးညံ့ပျော့ပျောင်းခြင်းသဘောသည် ကာယမုဒုတာဖြစ်၏၊ စိတ်၏ နူးညံ့ပျော့ပျောင်းခြင်းသဘောသည် စိတ္တမုဒုတာဖြစ်၏။

ခန္ဓာငါးပါးကို 'ငါ' ဟု စွဲလမ်းသော ဒိဋ္ဌိနှင့် 'ငါလိုလူ ဇမ္ဗူတွင် ရှိသေးသလား' ဟု ထင်မှတ်သော မာနတို့သည် စိတ်စေတသိက်တို့ကို ခက်ထန်မာကျောစေ၏။ ကာယမုဒုတာသည် စေတသိက်အပေါင်း၏ ခက်ထန်မာကျောခြင်းကို နှိမ်နင်းဖယ်ရှား၏။

စိတ်စေတသိက်တို့၏ နူးညံ့ပျော့ပျောင်းခြင်းသည် သောဘဏစိတ်များ ပေါ်ပေါက်ရန် လွယ်ကူလျောက်ပတ်နေစေ၏။ သောဘဏစိတ်ဖြစ်တိုင်းလည်း ကာယမုဒုတာနှင့် စိတ္တမုဒုတာတို့ ပါဝင်ကြ၏။

ဒိဋ္ဌိနှင့် မာနတို့ခံနေသောအခါ စိတ်စေတသိက်တို့ ခက်ထန်မာကျောနေကြသည့်အတွက် ဆိုဆုံးမရန် မလွယ်ကူပါ။ ဒိဋ္ဌိ, မာနတို့ ကင်းပပြီး မုဒုတာတရားတို့ ပြဋ္ဌာန်းလာသောအခါမှသာ ဆိုဆုံးမရန် လွယ်ကူလာသည်။ ဆိုဆုံးမရန် လွယ်ကူခြင်းသည် သောဝစဿတာမင်္ဂလာဖြစ်ပါသည်။

## ကာယကမ္မညတာ, စိတ္တကမ္မညတာ

ကုသိုလ်ကောင်းမှု၌ ကောင်းမွန်ခံ့ညားခြင်းသဘောကို ကမ္မညတာဟု ခေါ်၏။ ဒါန, သီလ စသည့် ကောင်းမှုကိစ္စများ၌ စေတသိက်တို့၏ ကောင်းမွန်ခံ့ညားခြင်းသည် ကာယကမ္မညတာဖြစ်ပြီး စိတ်၏ ကောင်းမွန်ခံ့ညားခြင်းသည် စိတ္တကမ္မညတာဖြစ်၏။

တစ်နည်းဆိုသော် ကမ္မညတာတရားနှစ်ပါးတို့သည် မကောင်းမှု၌ စိတ်စေတသိက်တို့၏ ခံ့ညားခြင်းကို ဖယ်ရှားနှိမ်နင်းကြကုန်၏။

လောဘ-တဏှာပြဋ္ဌာန်းသော စိတ်စေတသိက်တို့သည် 'လျော့လွန်းလျှင်ပတ်' ဆိုသကဲ့သို့ ကာမဂုဏ်အာရုံ၌ ငြိကပ်တွယ်တာကာ ပျော့ဖပ်သည့်သဘော ရှိကြ၏။ ဒေါသ, မာန စသည်တို့ဦးစီးသော စိတ်စေတသိက်တို့သည် 'တင်းလွန်းလျှင်ပြတ်' ဟု

http://www.dhammadownload.com



သကဲ့သို့ အာရုံကိုယူရာ၌ ခက်ထန်မာကျောကြကုန်၏။ သို့အတွက် အကုသိုလ်စိတ်စေတသိက်တို့သည် ကောင်းမွန်ခံ့ညားသည့်သဘော မရှိကြကုန်။ ကမ္မညတာတရားတို့သည် စိတ်စေတသိက်တို့ကို မလျော့လွန်း, မတင်းလွန်း အလော်တော်အနေအထားဖြင့် ကောင်းမွန်ခံ့ညားစေကုန်၏။

ပမာဆိုသော် ရွှေတုံးရွှေခဲတို့သည် ပျော့လွန်းလျှင်ဖြစ်စေ၊ မာလွန်းလျှင်ဖြစ်စေ လက်ဝတ်တန်ဆာများ ပြုလုပ်ရန် မသင့်လျော်ချေ။ မပျော့မမာ အလော်တော် ဦးလျော်ထားသော ရွှေသည်သာ တန်ဆာများပြုလုပ်ရန် သင့်လျော်ပေတော့၏။

သောဘဏစိတ်တိုင်း၌ ကမ္မညတာတရားတို့ ယှဉ်စပ်ကြပြီး ကမ္မညတာတရားတို့ ယှဉ်စပ်ကြမှသာလျှင် ကုသိုလ်စိတ္တုပ္ပါဒ်များ ဖြစ်ပေါ်ရန် လျော်ကန်သင့်မြတ်ပေ၏။

## ကာယပါဂုညတာ, စိတ္တပါဂုညတာ

ထစ်ထစ်ငေါ့ငေါ့, ညောင်တိညောင်နာ စသော အပြစ်အနာအဆာတို့ ကင်းပရန် ပွန်းတီးစွာ လေ့လာထားသည်၏ အဖြစ်သည် ပါဂုညတာမည်၏။ စေတသိက်အပေါင်း၏ အပြစ်အနာအဆာ ကင်းပအောင် ပွန်းတီးစွာ လေ့လာထားသည်၏ အဖြစ်သည် ကာယပါဂုညတာ မည်၏။ စိတ်၏ အပြစ်အနာအဆာ ကင်းပအောင် ပွန်းတီးစွာလေ့လာသည်၏ အဖြစ်သည် စိတ္တပါဂုညတာမည်၏။

အကုသိုလ်စိတ္တုပ္ပါဒ်တို့သည် အာရုံကိုယူရာ၌ ခက်ကျောဆတ်မာသည့် သဘော ရှိကြသဖြင့် မသာမယာနာကျင်သကဲ့သို့ ရှိကြကုန်၏။ ကာယပါဂုညတာနှင့် စိတ္တပါဂုညတာတို့သည် ထိုစေတသိက်အပေါင်းနှင့် စိတ်တို့၏ အနာရှိသည့်အဖြစ်ကို နှိမ်နင်း ဖယ်ရှားကြကုန်၏။

အက,သင်သူတစ်ဦး၏ ကဟန်သည် သင်ဦးစအခါ၌ ထစ်ထစ်ငေါ့ငေါ့ မာမာ ဆတ်ဆတ်ဖြစ်နေသဖြင့် ကြည့်၍မကောင်းချေ။ လေ့လာဖန်များ၍ ပွန်းတီးကျွမ်းကျင်သွားသောအခါ၌ သူ၏ ကဟန်သည် အပြစ်အနာအဆာကင်းပြီး ကောင်းမြတ်ခြင်း ဂုဏ်တို့နှင့် ပြည့်စုံလာပေတော့၏။ ထိုသဘောပင်တည်း။

## ကာယုဇုကတာ, စိတ္တုဇုကတာ

ဖြောင့်မတ်သောသဘောသည် ဥဇုကတာမည်၏။ စေတသိက်အပေါင်း၏ ဖြောင့်မတ်ခြင်းသဘောသည် ကာယုဇုကတာမည်၏။ စိတ်၏ ဖြောင့်မတ်ခြင်းသဘောသည် စိတ္တုဇုကတာမည်၏။

ဖြောင့်မတ်ရိုးသားခြင်းသည် စဉ်းလဲကောက်ကျစ်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်၏။ လောဘတဏှာသည် ပုံသဏ္ဌာန်အမျိုးမျိုး နည်းအသွယ်သွယ်ဖြင့် လှည့်ပတ် ဖြားယောင်းတတ်၏။ မာယာအသွင်ဖြင့် မိမိ၌ရှိသော အပြစ်ကို ဖုံးဖိ၍ အပြစ်မရှိလေဟန်

http://www.dhammadownload.com



လိမ်လည်လှည့်စား၏။ သာဋ္ဌေယျအသွင်ဖြင့် မိမိ၌မရှိသော ဂုဏ်ကို ရှိလေသယောင် ဟိတ်ဟန်ဆောင်လျက် စဉ်းလဲကောက်ကျစ်တတ်၏။ "မိန်းမမာယာ သဲကိုးဖြာ၊ မာယာတစ်သိန်း အပလိန်းအနန္တ" ဟု ဆိုရိုးစကား ရှိကြ၏။

ကာယုဇုကတာနှင့် စိတ္တုဇုကတာတို့သည် ထိုမာယာ, သာဋ္ဌေယျတို့ ဦးဆောင်သော ကိလေသာတရားတို့ကို နှိမ်နင်းဖယ်ရှားကြကုန်၏။

## စုံတွဲစေတသိက်များ

ကာယ–စိတ္တဟု နှစ်ပါးစုံဟောသော စိတ်စေတသိက်တို့သည် ခြောက်စုံရှိကြ၏။

သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြမဇ္ဈတ္တတာ စသော စေတသိက်တို့သည် တစ်ပါးစီသာလျှင် မိမိတို့၏ ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို ဖယ်ရှားနှိမ်နင်းနိုင်ကြကုန်၏။

ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ စသော စေတသိက်တို့ကား နှစ်ပါးစီတွဲ၍သာ သက်ဆိုင်ရာ ဆန့်ကျင်ဘက်အကုသိုလ်တရားတို့ကို ဖယ်ရှားနိုင်ကြ၏။

ကာယပဿဒ္ဓိ–စိတ္တပဿဒ္ဓိတို့ဖြင့် ဥဒ္ဓစ္စကို နှိမ်နင်းဖယ်ရှား၏။ ကာယလဟုတာ–စိတ္တလဟုတာတို့ဖြင့် ထိန–မိဒ္ဓတို့ကို နှိမ်နင်းဖယ်ရှား၏။ ဤသို့ နှစ်ပါးစီတွဲ၍ အမှုကိစ္စများကို ဆောင်ရွက်ကြရသဖြင့် ဤစေတသိက်တို့ကို နှစ်ပါးစီ တွဲ၍သာ မြတ်စွာဘုရားဟောကြားတော်မူခဲ့၏။

## ဝိရတိစေတသိက် သုံးပါး

မကောင်းမှုဒုစရိုက်နှင့် မကောင်းသောအသက်မွေးမှု ဒုရာဇီဝတို့ကို မပြုဘဲ ရှောင်ကြဉ်ခြင်းကို ဝိရတိဟု ခေါ်၏။ ဝိရတိစေတသိက်သုံးပါးရှိ၏။

၁။ **သမ္မာဝါစာ** = အသက်မွေးဝမ်းကျောင်းနှင့် မဆက်စပ်ဘဲ ဝစီဒုစရိုက် လေးပါးကို ရှောင်ကြဉ်ခြင်း။

၂။ **သမ္မာကမ္မန္တ** = အသက်မွေးဝမ်းကျောင်းခြင်းနှင့် မဆက်စပ်ဘဲ ကာယ ဒုစရိုက်သုံးပါးကို ရှောင်ကြဉ်ခြင်း။

၃။ **သမ္မာအာဇီဝ** = အသက်မွေးဝမ်းကျောင်းခြင်းနှင့် ဆက်စပ်၍ ဝစီဒုစရိုက် လေးပါးနှင့် ကာယဒုစရိုက်သုံးပါးကို ရှောင်ကြဉ်ခြင်း။

**ဝစီဒုစရိုက်လေးပါးမှာ** (၁) မုသာဝါဒ = မမှန်သောစကားကို ပြောခြင်း၊ (၂) ပိသုဏဝါစာ = ကုန်းချောသောစကားကို ပြောခြင်း၊ (၃) ဖရုသဝါစာ = ကြမ်းတမ်းသောစကားကို ပြောခြင်းနှင့် (၄) သမ္ဖပ္ပလာပဝါစာ = အကျိုးမရှိသည့် သိမ်ဖျင်းသော စကားကို ပြောခြင်းတို့ ဖြစ်ကြ၏။

http://www.dhammadownload.com



ဤဝစီဒုစရိုက်တစ်ပါးပါးကို မကောင်းမှန်းသိ၍ မပြောဘဲရှောင်ကြဉ်ခြင်းကို သမ္မာဝါစာဟု ခေါ်၏။

ဥပမာ–လိမ်လည်လှည့်ပတ်၍ပြောဆိုရန် အကြောင်းဆုံလာသောအခါ၌ မမှန်သောစကားကိုမဆိုဘဲ အမှန်အတိုင်းပြောဆိုလျှင်ဖြစ်စေ၊ သို့မဟုတ် လိမ်ညာ၍မပြောဘဲ ဆိတ်ဆိတ်နေလျှင်ဖြစ်စေ ထိုသို့ပြောဆိုသည့်အခိုက်၊ သို့မဟုတ် နေသည့်အခိုက်၌ ဖြစ်နေသောစိတ်အစဉ်တွင် သမ္မာဝါစာ ယှဉ်တွဲပါဝင်၏။

**ကာယဒုစရိုက်သုံးပါးတို့မှာ** (၁) ပါဏာတိပါတ = သူတစ်ပါးအသက်ကို သတ်ခြင်း၊ (၂) အဒိန္နာဒါန = သူတစ်ပါးဥစ္စာကို ခိုးယူခြင်းနှင့် (၃) ကာမေသုမိစ္ဆာစာရ = သူတစ်ပါး၏ သားမယားကို ဖျက်ဆီးခြင်းတို့ ဖြစ်ကြ၏။

ဤကာယဒုစရိုက်တစ်ပါးပါးကို မပြုဘဲ ရှောင်ကြဉ်လိုက်ခြင်းကို သမ္မာကမ္မန္တဟု ခေါ်၏။

ဥပမာ မိမိလက်တွင် နာကျင်စွာကိုက်လိုက်သည့်ခြင်ကို ရိုက်သတ်လိုက်နိုင်သော်လည်း မသတ်ဘဲ လက်ဖြင့်အသာအယာဖယ်ရှားလိုက်သည့်အခိုက်၊ သို့မဟုတ် သည်းခံနေသည့်အခိုက် ဖြစ်ပေါ်နေသောစိတ်အစဉ်တွင် သမ္မာကမ္မန္တ ယှဉ်တွဲပါဝင်၏။

အထက်ပါ ဝစီဒုစရိုက်လေးပါးနှင့် ကာယဒုစရိုက်သုံးပါးတို့ကို အသက်မွေး ဝမ်းကျောင်းနှင့် ပတ်သက်၍ ရှောင်ကြဉ်ခြင်းကို သမ္မာအာဇီဝဟု ခေါ်၏။

ဥပမာ သား, ငါး, ကြက်, ဘဲတို့ကိုသတ်ဖြတ်၍ အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း၊ လိမ်ညာပြောဆို၍ ဈေးရောင်းခြင်းမှ ရှောင်ကြဉ်ခြင်း စသည်တို့တည်း။

## အပ္ပမညာစေတသိက် နှစ်ပါး

ပိုင်းခြားကန့်သတ်အပ်သောအရေအတွက်နှင့် ပမာဏမရှိသည့် သတ္တဝါပညတ်၌ အာရုံပြု၍ဖြစ်သောတရားကို အပ္ပမညာဟု ခေါ်၏။

လူ, နတ်, ဗြဟ္မာ စသည့် သတ္တဝါတို့သည် ပရမတ်တရား မဟုတ်ဘဲ သမုတ်ခေါ်ဝေါ်ထားသော ပညတ်တရားဖြစ်၍ "သတ္တဝါပညတ်" ဟု ခေါ်ဆိုရ၏။

အပ္ပမညာစေတသိက် နှစ်ပါးရှိ၏။

၁။ **ကရုဏာ** = ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်း သဘော။

၂။ **မုဒိတာ** = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း သဘော။

ကရုဏာသည် ဆင်းရဲဒုက္ခရောက်နေသော သတ္တဝါတို့ကိုမြင်လျှင် ထိုသတ္တဝါတို့အား ထိုဆင်းရဲဒုက္ခမှလွတ်မြောက်စေလိုသည့်သဘောဖြစ်၏။ သို့အတွက် ကရုဏာ

http://www.dhammadownload.com



သည် သတ္တဝါတို့ကို နှိပ်စက်ညှဉ်းပန်းတတ်သည့်သဘောဖြစ်သော ဝိဟိံသ အမည်ရသည့် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် ကရုဏာသည် မေတ္တာကဲ့သို့ပင် ဒေါသတရားကို ဝိုင်းဝန်းဖယ်ရှားနှိမ်နင်းပေး၏။

မုဒိတာသည် ဥစ္စာစည်းစိမ်, ရာထူးဂုဏ်သိန်တို့နှင့် ပြည့်စုံသော သုခိတသတ္တဝါ (ချမ်းသာသော သတ္တဝါ) တို့ကို မြင်တွေ့ရသည့်အခါ သူတော်ကောင်းတို့၏ သန္တာန်၌ ဖြစ်ပေါ်သော ဝမ်းမြောက်ခြင်းသဘောဖြစ်၏။ သို့အတွက် မုဒိတာသည် ငြူစူခြင်းသဘောရှိသည့် ဣဿာ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် မုဒိတာသည် ဣဿာကို နှိမ်နင်းဖယ်ရှားခြင်းကိစ္စရှိ၏။

ဗြဟ္မစိုရ်တရားလေးပါးဟူသည်မှာ မေတ္တာ (အဒေါသ), ကရုဏာ, မုဒိတာနှင့် ဥပေက္ခာ (တတြမဇ္ဈတ္တတာ) တို့ဖြစ်ကြ၏။ မေတ္တာနှင့် ဥပေက္ခာတို့သည် သောဘဏသာဓာရဏစေတသိက်စုတွင် ပါဝင်ကြသဖြင့် ၎င်းတို့ကို သောဘဏသာဓာရဏစေတသိက်စု၌ ဖော်ပြခဲ့ပြီးဖြစ်၏။

**ပညိန္ဒြေစေတသိက်**

ပညိန္ဒြေ = ပညာ + ဣန္ဒြိယ

= အာရုံ၏အမှန်သဘောကို ထိုးထွင်း၍သိမှုကိစ္စ၌ + အစိုးတရဖြစ်ခြင်းသဘော။

ပညိန္ဒြေသည် အာရုံ၏အမှန်သဘောကို ထင်လင်းစွာသိမြင်ခြင်းသဘော ဖြစ်၏။ သို့အတွက် ၎င်းကို ပညာစေတသိက်ဟုလည်း ခေါ်၏။

ပညာသည် အာရုံ၏အမှန်သဘောကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာအားဖြင့်လည်းကောင်း၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာအားဖြင့် လည်းကောင်း၊ ကုသိုလ် အကုသိုလ်သဘောအနေဖြင့်လည်းကောင်း၊ ကံ–ကံ၏ အကျိုးသဘောအားဖြင့်လည်းကောင်း အထူးထူးအပြားပြား သိတတ်သောသဘော ဖြစ်၏။

ပညာသည် ဟုတ်မှန်သောသဘောကို ထိုးထွင်း၍သိခြင်းလက္ခဏာရှိ၏။ အာရုံကို ထင်ရှားစွာပြုခြင်းကိစ္စ ရှိ၏။

အဝိဇ္ဇာ (မောဟ) သည် အာရုံ၏အမှန်သဘောကို မပေါ်လွင်အောင် မှောင်ချထားသည့်သဘောရှိ၏။ အာရုံ၏အမှန်သဘောကို မသိမြင်သဖြင့် တွေဝေခြင်းသဘောလည်း ရှိ၏။

ပညာသည် အဝိဇ္ဇာ၏ အမိုက်မှောင်ကို ပယ်ခွာ၍ အာရုံ၏အမှန်သဘော ပေါ်လွင်ထင်ရှားလာအောင် မီးမောင်းထိုးပြသော အလင်းရောင်နှင့်တူ၏။ အာရုံ၏အမှန်သဘောကို သိမြင်သဖြင့် အာရုံ၌မတွေဝေသောတရားဟု ယောဂီတို့၏ အသိဉာဏ်၌ ထင်ပေါ်လာ၏။

http://www.dhammadownload.com



ပညာသည် အဝိဇ္ဇာ (ဝါ) မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဝိဇ္ဇာဟုလည်းကောင်း၊ အမောဟဟုလည်းကောင်း အမည်ရ၏။ ပညာကို ဓိမံသဟုလည်း ခေါ်ဆိုသေး၏။ မဟုတ်မမှန်သောစကားတို့ဖြင့် ညာဝါးလှည့်ပတ်ရာ၌ အကြံဉာဏ်ကောင်းခြင်းသည် ပညိန္ဒြေမဟုတ်ပါ။ မာယာဟုခေါ်သော ဝဉ္စနာပညာ ဖြစ်ပါသည်။ တရားကိုယ် (ဝါ) မူရင်းတရားမှာ တဏှာလောဘပြဋ္ဌာန်းသည့် အကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်၏။

### သညာ, ဝိညာဏ်နှင့် ပညာတို့၏ အထူး

သညာသိသည် ကလေးသူငယ်တို့၏ ရွှေကိုသိပုံနှင့်တူ၏။ ကလေးသူငယ်တို့သည် ရွှေတုံးရွှေခဲ၏ ပုံသဏ္ဌာန်နှင့် ဝါဝင်းသောအဆင်းကို သိကြ၏။ သို့သော် ရွှေသည် အလွန်အဖိုးတန်သော ရတနာမျိုးဖြစ်သည်ကို မသိကြချေ။ သညာသိသည်လည်း အာရုံအမျိုးမျိုးတို့၏ ပုံသဏ္ဌာန်နှင့် အရောင်အဆင်းကို သိရုံမျှ ဖြစ်၏။ အနိစ္စ, ဒုက္ခ, အနတ္တဟူသော အခြင်းအရာသို့တိုင်အောင်ကား မသိမြင်ချေ။

ဝိညာဏ် (ဝိညာဉ်) သိသည် ရွာသူရွာသားတို့၏ ရွှေကိုသိပုံနှင့်တူ၏။ ရွာသူရွာသားများသည် ရွှေတုံးရွှေခဲတို့၏ ပုံသဏ္ဌာန်နှင့် အရောင်အဆင်းတို့ကိုလည်း သိ၏။ ရွှေသည် အဖိုးတန်သော ရတနာတစ်မျိုးဖြစ်သည်ကိုလည်း သိ၏။ သို့သော် ၁၄ ပဲရွှေဖြစ်သည်၊ သို့မဟုတ် ၁၆ ပဲ ရွှေဖြစ်သည် စသည်ဖြင့် တိကျသော အရည်အသွေးနှင့် ထိုရွှေ၏ တိကျသောတန်ဖိုးတို့ကို မသိချေ။

ဝိညာဏ်သိသည် အာရုံအမျိုးမျိုးတို့၏ ပုံသဏ္ဌာန်နှင့် အရောင်အဆင်းတို့ကိုလည်း သိ၏။ အနိစ္စ, ဒုက္ခ, အနတ္တဟူသော အခြင်းအရာသို့တိုင်အောင်လည်း သိ၏။ သို့သော် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေခြင်းအကျိုးငှာ မည်သို့ကျင့်ကြံအားထုတ်ရသည်ကို မသိချေ။

ပညာသိကား ရွှေကို ရွှေပန်းထိမ်သိပုံနှင့်တူ၏။ ရွှေပန်းထိမ်သည် ရွှေ၏ ပုံသဏ္ဌာန်နှင့် အရောင်အဆင်းကိုလည်း သိ၏။ ရွှေတစ်တုံးစီ၏ ၁၄ ပဲရွှေ၊ သို့မဟုတ် ၁၆ ပဲရွှေ ဖြစ်သည်ဟူသော အရည်အသွေးနှင့် တိကျသောတန်ဖိုးကိုလည်း သိ၏။ ပညာသိသည် အာရုံအမျိုးမျိုးတို့၏ ပုံသဏ္ဌာန်နှင့် အရောင်အဆင်းတို့ကိုလည်း သိ၏။ အနိစ္စ, ဒုက္ခ, အနတ္တဟူသော အခြင်းအရာသို့တိုင်အောင်လည်း သိ၏။ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ရောက်စေခြင်းအကျိုးငှာ မည်သို့ကျင့်ကြံအားထုတ်ရမည်ကိုလည်း သိ၏။

### သမ္ပယောဂနည်း

စေတသိက်တို့၏ စိတ်အသီးသီး၌ ယှဉ်ပုံကိုပြသောနည်းကို သမ္ပယောဂနည်းဟု ခေါ်၏။ ဤနည်းတွင် စေတသိက်တစ်လုံးစီက မည်သည့်စိတ်များ၌ ယှဉ်နိုင်သည်ကို စိစစ်၏။ သမ္ပယောဂနည်းအကျဉ်းမှာ—

http://www.dhammadownload.com



၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ပါးတို့သည် စိတ်အားလုံး၌ယှဉ်ကြ၏။
၂။ ပကိဏ်းစေတသိက် ခြောက်ပါးတို့သည် စိတ်အားလုံး၌ ယှဉ်ထိုက်သည့် အားလျော်စွာ ယှဉ်ကြ၏။
၃။ အကုသိုလ်စေတသိက် ၁၄ ပါးတို့သည် အကုသိုလ်စိတ်များ၌ ယှဉ်ကြ၏။
၄။ သောဘဏစေတသိက် ၂၅ ပါးတို့သည် သောဘဏစိတ်များ၌ ယှဉ် ကြ၏။

သမ္ပယောဂနည်း အကျယ် ၁၆ ပါးရှိ၏။ ဤစာအုပ်နောက်ပိုင်း၌ရှိသော စေတသိက်ပိုင်း သမ္ပယောဂနည်းဇယားကို ကြည့်၍ အောက်ပါအတိုင်း ရွတ်ဆို မှတ်သားပါ။

## အညသမာန်းသမ္ပယောဂနည်း ခုနစ်နည်း

သမ္ပယောဂနည်းဇယားကို ကြည့်၍ဆိုပါ။

၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါးတို့သည် စိတ်အကျဉ်း ၈၉ ပါး, စိတ်အကျယ် ၁၂၁ ပါးတို့၌ ယှဉ်ကြကုန်၏။
၂။ ဝိတက်သည် ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော ကာမစိတ် ၄၄ ပါး, ပထမဈာန်စိတ် ၁၁ ပါး, ပေါင်း ၅၅ ပါးသောစိတ်တို့၌ ယှဉ်၏။
၃။ ဝိစာရသည် ဝိတက်ယှဉ်သည့်စိတ် ၅၅ ပါး, ဒုတိယဈာန်စိတ် ၁၁ ပါး, ပေါင်း ၆၆ ပါးသောစိတ်တို့၌ ယှဉ်၏။
၄။ အဓိမောက္ခသည် စိတ်တစ်ခုယုတ်ကိုးဆယ်တွင် ဒွေပဉ္စဝိညာဏ် ၁၀ နှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ် တစ်ပါးတို့ကို ကြဉ်၍ ကြွင်းသည့်စိတ် ၇၈ ပါး တို့၌ ယှဉ်၏။
၅။ ဝီရိယသည် ပဉ္စဒွါရာဝဇ္ဇန်း ၁, ဒွေပဉ္စဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုန်း ၂, သန္တီရဏ ၃ ဟူသော ၁၆ ပါးသောစိတ်တို့ကိုကြဉ်၍ ကြွင်းသည့်စိတ် ၇၃ ပါးတို့၌ ယှဉ်၏။
၆။ ပီတိသည် သောမနဿသဟဂုတ်စိတ် ၆၂ ပါးတို့မှ စတုတ္ထဈာန်စိတ် ၁၁ ပါး ကိုကြဉ်၍ ကြွင်းသည့်စိတ် ၅၁ ပါးတို့၌ ယှဉ်၏။

တစ်နည်း — ပီတိသည် လောဘမူသောမနဿစိတ် လေးပါး, သောမနဿ သန္တီရဏစိတ်တစ်ပါး, ဟသိတုပ္ပါဒ်စိတ် တစ်ပါး, ကာမသောဘဏ သောမနဿစိတ် ၁၂ ပါး, ပထမဈာန်စိတ် ၁၁ ပါး, ဒုတိယဈာန်စိတ် ၁၁ ပါး, တတိယဈာန်စိတ် ၁၁ ပါး, ပေါင်း ၅၁ ပါးသော စိတ်တို့၌ ယှဉ်၏။

၇။ ဆန္ဒသည် စိတ်တစ်ခု ယုတ်ကိုးဆယ်တွင် အဟိတ်စိတ် ၁၈ ပါးနှင့် မောဟမူ ဒွေတို့ကိုကြဉ်၍ ကြွင်းသည့်စိတ် ၆၉ ပါးတို့၌ ယှဉ်၏။

http://www.dhammadownload.com



### အကုသိုလ်စေတသိက် သမ္ပယောဂနည်း ငါးနည်း

၁။ အကုသလသာဓာရဏဟု ဆိုအပ်သော မောဟ, အဟိရိက, အနောတ္တပ္ပနှင့် ဥဒ္ဓစ္စတို့သည် အကုသိုလ်စိတ် ၁၂ ပါးတို့၌ ယှဉ်ကြ၏။

၂။ လောဘသည် လောဘမူစိတ် ရှစ်ပါး၌ ယှဉ်၏။
ဒိဋ္ဌိသည် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးပါး၌ ယှဉ်၏။
မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးပါး၌ ယှဉ်၏။

၃။ ဒေါသ, ဣဿာ, မစ္ဆရိယနှင့် ကုက္ကုစ္စဟူသော ဒေါစတုက်သည် ဒေါသမူစိတ် နှစ်ပါး၌ ယှဉ်ကြ၏။

၄။ ထိနနှင့် မိဒ္ဓတို့သည် အကုသလသသင်္ခါရိကစိတ် ငါးပါးတို့၌ ယှဉ်ကြ၏။

၅။ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌ ယှဉ်၏။

### သောဘဏစေတသိက် သမ္ပယောဂနည်း လေးနည်း

၁။ သောဘဏသာဓာရဏစေတသိက် ၁၉ ပါးတို့သည် သောဘဏစိတ် အကျဉ်း ၅၉ ပါး၊ အကျယ် ၉၁ ပါးတို့၌ ယှဉ်ကြ၏။

၂။ ဝိရတိစေတသိက်သုံးပါးသည် လောကုတ္တရာစိတ် ရှစ်ပါး၌ အမြဲ တစ်ပေါင်းတည်း ယှဉ်ပြီး မဟာကုသိုလ်စိတ်ရှစ်ပါး၌ ရံခါ အသီးသီးယှဉ်ကြ၏။

၃။ အပ္ပမညာစေတသိက် နှစ်ပါးသည် ပဉ္စမရျာန်စိတ် ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်စိတ် ရှစ်ပါး၊ မဟာကြိယာစိတ် ရှစ်ပါး၊ ပေါင်း ၂၈ ပါး သောစိတ်တို့၌ ယှဉ်ကြ၏။

၄။ ပညိန္ဒြေဟုခေါ်သော ပညာစေတသိက်သည် ဉာဏသမ္ပယုတ်ကာမ သောဘဏစိတ် ၁၂ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇ ပါး, လောကုတ္တရာစိတ် အကျဉ်း ရှစ်ပါး၊ ပေါင်း ၄၇ ပါးသောစိတ်တို့၌ ယှဉ်၏။

### နိယတယောဂီ၊ အနိယတယောဂီ

မိမိတို့၏ ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲယှဉ်၍ဖြစ်ပေါ်ကြသော စေတသိက်များကို 'နိယတယောဂီ' ဟု ခေါ်၏။ မိမိတို့၏ ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲမယှဉ်ဘဲ တစ်ခါတစ်ရံသာ ယှဉ်၍ဖြစ်ပေါ်ကြသော စေတသိက်များကို 'အနိယတယောဂီ' ဟု ခေါ်၏။

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာန, ထိန, မိဒ္ဓ, ဝိရတိသုံးပါး၊ အပ္ပမညာနှစ်ပါး ဟူသည့် စေတသိက် ၁၁ ပါးတို့ကို 'အနိယတယောဂီ' များဟု ခေါ်၏။ ကြွင်းသည့် စေတသိက် ၄၁ ပါးတို့ကို 'နိယတယောဂီ' ဟု ခေါ်၏။

(က) ဣဿာ၊ မစ္ဆရိယနှင့် ကုက္ကုစ္စတို့သည် ဒေါသမူစိတ်နှစ်ပါး၌ ယှဉ်ကြသည်ဆိုသော်လည်း ဒေါသမူစိတ်ဖြစ်တိုင်း မယှဉ်ကြပါ။ သူတစ်ပါး၏ စည်းစိမ်ချမ်းသာကိုငြူစူသောအခါ ဣဿာဖြစ်၏။ ထိုအခါ မစ္ဆရိယနှင့်

http://www.dhammadownload.com



ကုက္ကုစ္စတို့မဖြစ်ကြ။ မိမိ၏ စည်းစိမ်ချမ်းသာကို လှူ၍ဝှက်သောအခါ မစ္ဆရိယဖြစ်၏။ ထိုအခါ ဣဿာနှင့် ကုက္ကုစ္စတို့မဖြစ်ကြ။ ပြုခဲ့ပြီးသော ဒုစရိုက်၊ မပြုခဲ့မိသော သုစရိုက်တို့ကို နောင်တတစ်ဖန် ပူပန်၍ စိုးရိမ်စိတ်ဖြစ်သည့်အခါ ကုက္ကုစ္စယှဉ်၏။ ထိုအခါ ဣဿာနှင့် မစ္ဆရိယတို့ မယှဉ်ကြ။ ဤသို့ တသီးတခြားစီယှဉ်ခြင်းကို နာနာဟု ခေါ်သည်။

သူတစ်ပါး၏စည်းစိမ်ချမ်းသာကိုငြူစူသောအခါ၌သာ ဣဿာဖြစ်၏။ မငြူစူသောအခါ၌ မဖြစ်။ မိမိ၏ စည်းစိမ်ချမ်းသာကို လှူ၍ဝှက်သောအခါ၌သာ မစ္ဆရိယဖြစ်၏။ မလှူ၍ဝှက်သောအခါ၌ မဖြစ်။ ပြုခဲ့ပြီးသော ဒုစရိုက်၊ မပြုခဲ့မိသော သုစရိုက်တို့ကို နောင်တ၊တစ်ဖန် ပူပန်စိုးရိမ်သောအခါ၌သာ ကုက္ကုစ္စဖြစ်၏။ မစိုးရိမ်သောအခါ၌ မဖြစ်။ ဤသို့ ဆိုင်ရာအကြောင်း ညီညွတ်ပါမှ စေတသိက်ယှဉ်လာခြင်းကို ကဒါစိဟု ခေါ်၏။ ထို့ကြောင့် ဣဿာ၊ မစ္ဆရိယနှင့် ကုက္ကုစ္စတို့သည် 'နာနာကဒါစိ' နည်းနှင့် ယှဉ်ကြ၏။

(ခ) မာနသည် 'ငါသာတော်၏၊ ငါလိုလူ ဇမ္ဗူတွင် ရှိသေးလား' စသည်ဖြင့် ထောင်လွှားဝါကြွားသောအခါ၌သာ ယှဉ်၏။ မထောင်လွှားသည့်အခါ၌ မယှဉ်ပါ။

(ဂ) ထိနနှင့် မိဒ္ဓတို့သည် စိတ်စေတသိက်တို့ လေးလံထိုင်းမှိုင်းနေသောအခါ တစ်ပေါင်းတည်းယှဉ်ကြ၏။ စိတ်စေတသိက်တို့ ခံ့ကျန်း၍ လန်းဆန်းနေသည့်အခါ မယှဉ်ကြပါ။

(ဃ) ဝိရတိစေတသိက် သုံးပါးအနက် သမ္မာဝါစာသည် မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာတည်းဟူသော ဝစီဒုစရိုက် တစ်ခုခုကို ကျူးလွန်ရန် အခွင့်ကြုံလာသည့်အခါ မကျူးလွန်ဘဲ ရှောင်ကြဉ်လိုက်သည့်အခိုက်၌သာ ယှဉ်၏။ ထိုသို့ သမ္မာဝါစာယှဉ်ခိုက်၌ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့ မယှဉ်ကြချေ။

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက်တစ်ခုခုကို ကျူးလွန်ရန် အခွင့်ကြုံလာသည့်အခါ မကျူးလွန်ဘဲ ရှောင်ကြဉ်လိုက်သည့်အခိုက်၌ သမ္မာကမ္မန္တ ယှဉ်၏။ ထိုအခါ အခြားဝိရတိစေတသိက်နှစ်ခုတို့ မယှဉ်ကြချေ။

အသက်မွေးဝမ်းကျောင်းနှင့်စပ်လျဉ်း၍ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက် လေးပါးတို့အနက်မှ တစ်ပါးပါးကို ကျူးလွန်ရန် အခွင့်ကြုံဆုံလာသည့်အခါ မကျူးလွန်ဘဲ ရှောင်ကြဉ်လိုက်သည့်အခိုက်၌ သမ္မာအာဇီဝ ယှဉ်၏။ ထိုအခါ ကြွင်းသည့် ဝိရတိစေတသိက်နှစ်ခုတို့ မယှဉ်ကြချေ။

http://www.dhammadownload.com



ဤသို့ ဝိရတိသုံးပါးသည် မဟာကုသိုလ်စိတ်၌ ယှဉ်သောအခါ သီးခြားစီ ယှဉ်ပြီး မိမိ၏အကြောင်းကိစ္စတိုက်ဆိုင်လာသောအခါ၌သာ ယှဉ်သည့်အတွက် **'နာနာကဒါစိ'** နည်းအရ ယှဉ်သည်ဟု ဆိုရ၏။

(င) အပ္ပမညာစေတသိက်နှစ်ပါးတို့သည်လည်း **'နာနာကဒါစိ'** နည်းဖြင့် ယှဉ်ကြ၏။ ဆင်းရဲသောသတ္တဝါကို အာရုံပြု၍ သနားကြင်နာစိတ်ဖြစ်သည့်အခါ၌သာ ကရုဏာယှဉ်၏။ ထိုအခါ၌ မုဒိတာမယှဉ်ချေ။ ချမ်းသာသောသတ္တဝါကို အာရုံပြု၍ ဝမ်းမြောက်သောအခါ၌ မုဒိတာယှဉ်၏။ ထိုအခါ ကရုဏာမယှဉ်ချေ။

ဤသို့ တသီးတခြားစီယှဉ်သည်ကို 'နာနာ' ဟုခေါ်၏။ ထို့အပြင် သက်ဆိုင်ရာ သတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု သို့မဟုတ် ဝမ်းမြောက်မှုဖြစ်သည့်အခိုက်၌သာ အပ္ပမညာစေတသိက်ယှဉ်၏။ သတ္တဝါပညတ်မှတစ်ပါး အခြားအာရုံတစ်ခုခုကို အာရုံပြုနေသည့်အခါ၌ အပ္ပမညာစေတသိက် မယှဉ်ချေ။ ဥပမာ ဘုရား, တရား, သံဃာ တစ်မျိုးမျိုးကို အာရုံပြုနေသောအခိုက်၌ အပ္ပမညာမယှဉ်ချေ။ ဤသို့ယှဉ်ခြင်းကို 'ကဒါစိ' ဟုခေါ်၏။

## သင်္ဂဟနည်း

စိတ်တစ်မျိုးစီ၌ ယှဉ်ထိုက်သမျှသော စေတသိက်အားလုံးကို ပေါင်းရုံး၍ ရေတွက်ပြခြင်းကို သင်္ဂဟနည်းဟု ခေါ်၏။

စိတ်တစ်မျိုးစီ၌ စေတသိက်တို့၏ယှဉ်ပုံကို ရေတွက်ပြသည့် သင်္ဂဟနည်း ၃၃ နည်း ရှိ၏။ 'စေတသိက်ပိုင်း သင်္ဂဟနည်းဇယား' ကိုကြည့်၍ အောက်ပါအတိုင်း ဆိုပါ။

### အကုသိုလ်စိတ်တို့၌ သင်္ဂဟနည်း ခုနစ်နည်း

၁။ လောဘမူ ပထမအသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃ ပါး, အကုသလသာဓာရဏစေတသိက် လေးပါး, လောဘ, ဒိဋ္ဌိ ဟူ၍ စေတသိက် ၁၉ ပါး ယှဉ်ပါသည်။

လောဘမူဒုတိယအသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃ ပါး၊ အကုသလသာဓာရဏစေတသိက် လေးပါး၊ လောဘ, မာနဟူ၍ စေတသိက် ၁၉ ပါး ယှဉ်ပါသည်။

၂။ လောဘမူ တတိယအသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး၊ အကုသလသာဓာရဏစေတသိက် လေးပါး၊ လောဘ, ဒိဋ္ဌိဟူ၍ စေတသိက် ၁၈ ပါး ယှဉ်ပါသည်။

http://www.dhammadownload.com



လောဘမူ စတုတ္ထအသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး၊ အကုသလသာဓာရဏစေတသိက် လေးပါး၊ လောဘ, မာနဟူ၍ စေတသိက် ၁၈ ပါး ယှဉ်ပါသည်။

၃။ လောဘမူ ပထမသသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃ ပါး၊ အကုသလသာဓာရဏစေတသိက် လေးပါး၊ လောဘ, ဒိဋ္ဌိ, ထိန, မိဒ္ဓဟူ၍ စေတသိက် ၂၁ ပါး ယှဉ်ပါသည်။

လောဘမူ ဒုတိယ သသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃ ပါး၊ အကုသလသာဓာရဏစေတသိက် လေးပါး၊ လောဘ, မာန, ထိန, မိဒ္ဓ ဟူ၍ စေတသိက် ၂၁ ပါး ယှဉ်ပါသည်။

၄။ လောဘမူ တတိယသသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး၊ အကုသလသာဓာရဏ စေတသိက် လေးပါး၊ လောဘ, ဒိဋ္ဌိ, ထိန, မိဒ္ဓ ဟူ၍ စေတသိက် အပါး ၂၀ ယှဉ်ပါသည်။

လောဘမူ စတုတ္ထသသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး၊ အကုသလသာဓာရဏစေတသိက် လေးပါး, လောဘ, မာန, ထိန, မိဒ္ဓ ဟူ၍ စေတသိက် အပါး ၂၀ ယှဉ်ပါသည်။

၅။ ဒေါသမူ အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး၊ အကုသလ သာဓာရဏစေတသိက် လေးပါး၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စဟူသည့် ဒေါစတုက် လေးပါးဟူ၍ စေတသိက် အပါး ၂၀ ယှဉ်ပါသည်။

၆။ ဒေါသမူ သသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး၊ အကုသလ သာဓာရဏစေတသိက် လေးပါး၊ ဒေါစတုက် လေးပါး၊ ထိန, မိဒ္ဓ ဟူ၍ စေတသိက် ၂၂ ပါး ယှဉ်ပါသည်။

၇။ မောဟမူ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါး ၊ အကုသလသာဓာရဏစေတသိက် လေးပါး၊ ဝိစိကိစ္ဆာဟူ၍ စေတသိက် ၁၅ ပါး ယှဉ်ပါသည်။

မောဟမူဥဒ္ဓစ္စသဟဂုတ်စိတ်၌ ဆန္ဒ, ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၁ ပါး၊ အကုသလ သာဓာရဏစေတသိက်လေးပါး ဟူ၍ စေတသိက် ၁၅ ပါး ယှဉ်ပါသည်။

**အဟိတ်စိတ်တို့၌ သင်္ဂဟနည်း ၆လေးနည်း**

၁။ ဒွေပဉ္စဝိညာဏ် ၁၀ ပါး၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါး ယှဉ်ပါသည်။

http://www.dhammadownload.com



၂။ သောမနဿသန္တီရဏစိတ်၌ ဆန္ဒ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၁ ပါး ယှဉ်ပါသည်။

မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁ ပါး ယှဉ်ပါသည်။

၃။ ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး ယှဉ်ပါသည်။

၄။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေ, ဥပေက္ခာသန္တီရဏဒွေ ဟူသော စိတ်ငါးပါး၌ ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါး ယှဉ်ပါသည်။

(ပဉ္စဒွါရာဝဇ္ဇန်း + သမ္ပဋိစ္ဆိုန်းဒွေ = မနောဓာတ်သုံးပါး)

**ကာမာဝစရသောဘဏစိတ်တို့၌ သင်္ဂဟနည်း ၁၂ နည်း**

၁။ မဟာကုသိုလ်ပထမဒွေ၌ အညသမာန်းစေတသိက် ၁၃ ပါး၊ သောဘဏစေတသိက် ၂၅ ပါး၊ ဟူ၍ စေတသိက် ၃၈ ပါး ယှဉ်ပါသည်။

၂။ မဟာကုသိုလ်ဒုတိယဒွေ၌ အညသမာန်းစေတသိက် ၁၃ ပါး၊ ပညာကြဉ်သည့် သောဘဏစေတသိက် ၂၄ ပါး ဟူ၍ စေတသိက် ၃၇ ပါး ယှဉ်ပါသည်။

၃။ မဟာကုသိုလ် တတိယဒွေ၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး၊ သောဘဏစေတသိက် ၂၅ ပါး ဟူ၍ စေတသိက် ၃၇ ပါး ယှဉ်ပါသည်။

၄။ မဟာကုသိုလ် စတုတ္ထဒွေ၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး၊ ပညာကြဉ်သည့် သောဘဏစေတသိက် ၂၄ ပါး ဟူ၍ စေတသိက် ၃၆ ပါး ယှဉ်ပါသည်။

၅။ မဟာဝိပါက် ပထမဒွေ၌ အညသမာန်းစေတသိက် ၁၃ ပါး၊ ဝိရတီ, အပ္ပမညာကြဉ်သည့် သောဘဏစေတသိက် ၂၀ ဟူ၍ စေတသိက် ၃၃ ပါး ယှဉ်ပါသည်။

၆။ မဟာဝိပါက် ဒုတိယဒွေ၌ အညသမာန်းစေတသိက် ၁၃ ပါး၊ ဝိရတီ, အပ္ပမညာ, ပညာကြဉ်သည့် သောဘဏစေတသိက် ၁၉ ပါး ဟူ၍ စေတသိက် ၃၂ ပါး ယှဉ်ပါသည်။

၇။ မဟာဝိပါက် တတိယဒွေ၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး၊ ဝိရတီ, အပ္ပမညာကြဉ်သည့် သောဘဏစေတသိက် ၂၀ ဟူ၍ စေတသိက် ၃၂ ပါး ယှဉ်ပါသည်။

http://www.dhammadownload.com



၈။ မဟာဝိပါက် စတုတ္ထဈာန်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး၊ ဝိရတိ၊ အပ္ပမညာ၊ ပညာကြဉ်သည့် သောဘဏစေတသိက် ၁၉ ပါး ဟူ၍ စေတသိက် ၃၁ ပါး ယှဉ်ပါသည်။

၉။ မဟာကြိယာ ပထမဈာန်၌ အညသမာန်းစေတသိက် ၁၃ ပါး၊ ဝိရတိ သုံးပါး ကြဉ်သည့် သောဘဏစေတသိက် ၂၂ ပါးဟူ၍ စေတသိက် ၃၅ ပါး ယှဉ်ပါသည်။

၁၀။ မဟာကြိယာ ဒုတိယဈာန်၌ အညသမာန်းစေတသိက် ၁၃ ပါး၊ ဝိရတိ၊ ပညာ ကြဉ်သည့် သောဘဏစေတသိက် ၂၁ ပါးဟူ၍ စေတသိက် ၃၄ ပါး ယှဉ်ပါသည်။

၁၁။ မဟာကြိယာ တတိယဈာန်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး၊ ဝိရတိကြဉ်သည့် သောဘဏစေတသိက် ၂၂ ပါးဟူ၍ စေတသိက် ၃၄ ပါး ယှဉ်ပါသည်။

၁၂။ မဟာကြိယာ စတုတ္ထဈာန်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး၊ ဝိရတိ၊ ပညာ ကြဉ်သည့် သောဘဏစေတသိက် ၂၁ ပါးဟူ၍ စေတသိက် ၃၃ ပါး ယှဉ်ပါသည်။

### မဟဂ္ဂုတ်စိတ်တို့၌သင်္ဂဟနည်း ငါးနည်း

၁။ မဟဂ္ဂုတ်ပထမဈာန်စိတ်သုံးပါး၌ အညသမာန်း စေတသိက် ၁၃ ပါး၊ ဝိရတိကြဉ်သည့် သောဘဏစေတသိက် ၂၂ ပါးဟူ၍ စေတသိက် ၃၅ ပါး ယှဉ်ပါသည်။

၂။ မဟဂ္ဂုတ် ဒုတိယဈာန်စိတ်သုံးပါး၌ ဝိတက်ကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး၊ ဝိရတိကြဉ်သည့် သောဘဏစေတသိက် ၂၂ ပါးဟူ၍ စေတသိက် ၃၄ ပါး ယှဉ်ပါသည်။

၃။ မဟဂ္ဂုတ် တတိယဈာန်စိတ်သုံးပါး၌ ဝိတက်၊ ဝိစာရ ကြဉ်သော အညသမာန်းစေတသိက် ၁၁ ပါး၊ ဝိရတိကြဉ်သည့် သောဘဏစေတသိက် ၂၂ ပါး ဟူ၍ စေတသိက် ၃၃ ပါး ယှဉ်ပါသည်။

၄။ မဟဂ္ဂုတ် စတုတ္ထဈာန်စိတ်သုံးပါး၌ ဝိတက်၊ ဝိစာရ၊ ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါး၊ ဝိရတိကြဉ်သည့် သောဘဏ စေတသိက် ၂၂ ပါးဟူ၍ စေတသိက် ၃၂ ပါး ယှဉ်ပါသည်။

၅။ မဟဂ္ဂုတ် ပဉ္စမဈာန်စိတ် ၁၅ ပါး၌ ဝိတက်၊ ဝိစာရ၊ ပီတိ ကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါး၊ ဝိရတိ၊ အပ္ပမညာကြဉ်သည့် သောဘဏ စေတသိက် ၂၀ ပါးဟူ၍ စေတသိက် အပါး ၃၀ ယှဉ်ပါသည်။

http://www.dhammadownload.com



လောကုတ္တရာစိတ်တို့၌ သင်္ဂဟနည်း ငါးနည်း

၁။ လောကုတ္တရာပထမဈာန်စိတ်ရှစ်ပါး၌ အညသမာန်းစေတသိက် ၁၃ ပါး၊ အပ္ပမညာ ကြဉ်သည့် သောဘဏစေတသိက် ၂၃ ပါး ဟူ၍ စေတသိက် ၃၆ ပါး ယှဉ်ပါသည်။

၂။ လောကုတ္တရာ ဒုတိယဈာန်စိတ် ရှစ်ပါး၌ ဝိတက်ကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး၊ အပ္ပမညာကြဉ်သည့်သောဘဏစေတသိက် ၂၃ ပါးဟူ၍ စေတသိက် ၃၅ ပါး ယှဉ်ပါသည်။

၃။ လောကုတ္တရာ တတိယဈာန် ရှစ်ပါး၌ ဝိတက်, ဝိစာရ ကြဉ်သော အည သမာန်း စေတသိက် ၁၁ ပါး၊ အပ္ပမညာကြဉ်သည့် သောဘဏစေတသိက် ၂၃ ပါးဟူ၍ စေတသိက် ၃၄ ပါး ယှဉ်ပါသည်။

၄။ လောကုတ္တရာ စတုတ္ထဈာန် ရှစ်ပါး၌ ဝိတက်, ဝိစာရ, ပီတိ ကြဉ်သော အည သမာန်းစေတသိက် ၁၀ ပါး၊ အပ္ပမညာကြဉ်သည့် သောဘဏ စေတသိက် ၂၃ ပါးဟူ၍ စေတသိက် ၃၃ ပါး ယှဉ်ပါသည်။

၅။ လောကုတ္တရာ ပဉ္စမဈာန်စိတ် ရှစ်ပါး၌ ဝိတက်, ဝိစာရ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါး၊ အပ္ပမညာကြဉ်သည့် သောဘဏ စေ တသိက် ၂၃ ပါးဟူ၍ စေတသိက် ၃၃ ပါး ယှဉ်ပါသည်။

**မှတ်ချက်များ**

(က) ဒေါသမူစိတ် နှစ်ပါး၌ စေတသိက်ပေါင်း ၂၀ နှင့် ၂၂ ပါး အသီးသီး ယှဉ်မည် ဟု အထက်တွင်ဆိုခဲ့ခြင်းမှာ ယှဉ်နိုင်သည့် စေတသိက်အားလုံးကို ရေတွက်ပြ ထားခြင်းဖြစ်၏။ ထိုစေတသိက်များတွင် နာနာကဒါစိနည်းဖြင့် ယှဉ်ကြသော ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ ပါရှိနေကြပါသည်။

ထို့ကြောင့် ရိုးရိုးစိတ်ဆိုးနေသူ (ဥပမာ မြည်တွန်ဆဲရေးနေသူ) ၌ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ မယှဉ်ကြပါ။ ထို့ကြောင့် စေတသိက်သုံးခု လျော့နည်းသွား ပြီး စေတသိက် (၂၀ – ၃) = ၁၇ ပါးသာ ယှဉ်လိမ့်မည်။

အလားတူပင် ဒေါသမူ သသင်္ခါရိကစိတ်၌လည်း ယင်းသုံးပါးအပြင် နာနာ ကဒါစိနည်းဖြင့် ယှဉ်ကြသော ထိန မိဒ္ဓ နှစ်ပါးတို့ပါရှိနေပါသည်။ ထို့ကြောင့် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ ငါးပါးတို့ မယှဉ်သည့်အခါ စေတသိက် (၂၂ – ၅) = ၁၇ ပါးပင် ယှဉ်ပါသည်။

သူတစ်ပါး၏ စည်းစိမ်ကို ငြူစူနေသောသူ၌ ဣဿာတစ်ပါး တိုးလာမည် ဖြစ်၍ စေတသိက် ၁၈ ပါး ယှဉ်လိမ့်မည်။

http://www.dhammadownload.com



ထို့အတူ မိမိစည်းစိမ်ကို လျှို့ဝှက်နေသူ၌ မူရင်းစေတသိက် ၁၇ ပါးတွင် မစ္ဆရိယတစ်ပါးတိုးလာသဖြင့် စေတသိက် ၁၈ ပါးပင် ယှဉ်လိမ့်မည်။

နောင်တ,တစ်ဖန် ပူပန်နေသူ၌ အလားတူပင် ကုက္ကုစ္စနှင့်တကွ စေတသိက် ၁၈ ပါး ယှဉ်လိမ့်မည်။

(ခ) လောဘမူ ဉာဏဝိပ္ပယုတ်စိတ်များ၌ မာနယှဉ်သည်ဟု ဖော်ပြထားသော်လည်း ထောင်လွှားဝင့်ကြွားသောအခါ၌သာ မာနယှဉ်မည်။ မထောင်လွှားလျှင် မာန မယှဉ်ပါ။

(ဂ) မဟာကုသိုလ်စိတ်များ၌ ဝိရတိသုံးပါးနှင့် အပ္ပမညာနှစ်ပါးတို့ပါ ယှဉ်သည်ဟု ရေတွက်ပြထားသော်လည်း ဤစေတသိက်ငါးပါးတို့သည်လည်း နာနာကဒါစိနည်းဖြင့် ယှဉ်ကြသဖြင့် စိတ်တစ်ခုတွင် ဤစေတသိက်ငါးပါးအနက်မှ အလွန်ဆုံးတစ်ပါးသာ ယှဉ်နိုင်လိမ့်မည်။

ဥပမာ ဘုရားဆင်းတုကို ဝမ်းမြောက်စွာ ရှိခိုးနေသူ၌ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် ဖြစ်ပေါ်မည်။ ယှဉ်သော စေတသိက်များမှာ အညသမာန်း ၁၃ ပါး၊ ဝိရတိ, အပ္ပမညာကြဉ်သည့် သောဘဏစေတသိက် ၂၀ ပါး၊ စုစုပေါင်းစေတသိက် ၃၃ ပါးသာ ယှဉ်ပါသည်။

ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာစိတ် ဖြစ်သည့်အခါ အထက်က ၃၃ ပါးတွင် ကရုဏာစေတသိက်ပေါင်းထည့်ပြီး စေတသိက် ၃၄ ပါး ယှဉ်သည်ဟု မှတ်ယူရမည်။

အလားတူပင် သုခိတသတ္တဝါပညတ်ကိုအာရုံပြု၍ ဝမ်းမြောက်နေသည့်အခါ ကရုဏာအစား မုဒိတာယှဉ်ပြီး စေတသိက် ၃၄ ပါးပင် ရမည်။

ဝစီဒုစရိုက် သို့မဟုတ် ကာယဒုစရိုက်ကို ရှောင်ကြဉ်နေသောအခါ၌ မူလ စေတသိက် ၃၃ ပါးတွင် သမ္မာဝါစာ သို့မဟုတ် သမ္မာကမ္မန္တ တိုးလာပြီး စေတသိက် ၃၄ ပါးပင် ယှဉ်လိမ့်မည်။

### လေ့ကျင့်ရန် မေးခွန်းများ

၁။ အောက်ပါစေတသိက်များ၏ အမည်တို့ကို ဖော်ပြပါ။

(က) အာရုံကိုနှစ်သက်ခြင်းသဘောရှိသော စေတသိက်၊

(ခ) များသောအားဖြင့် နှလုံးသွင်းခြင်းသဘောရှိသော စေတသိက်၊

(ဂ) စိတ်၏ငြိမ်းခြင်းသဘောရှိသော စေတသိက်၊ (၁၉၈၁)

၂။ ဘုရားရှိခိုးသောအခါဖြစ်သော ကုသိုလ်စိတ်၌ စေတသိက်ပေါင်း မည်မျှ ယှဉ်နိုင်ပါသနည်း။ (၁၉၈၁)

http://www.dhammadownload.com



၃။ အမှားအမှန်ဝေဖန်တွေးတောယုံမှားနေသော ဝိစိကိစ္ဆာစိတ်၌ ယှဉ်နိုင်သော စေတသိက်များကိုဖော်ပြပါ။ (၁၉၈၁)

၄။ ပန်းတစ်ပွင့်ကိုမြင်သောအခါ၌ဖြစ်သော စက္ခုဝိညာဏ်စိတ်၌ယှဉ်သော စေတသိက်တို့ကို ရေးပါ။ (၁၉၈၁)

၅။ စိတ်၌ဖြစ်၍ စိတ်ကိုခြယ်လှယ်တတ်သော သဘောတရားများကို မည်သို့ခေါ်ပါသနည်း။ ယင်းသဘောတရားပေါင်း မည်မျှရှိပါသနည်း။ ဖော်ပြပါ။ (၁၉၈၃)

၆။ စကားပြောရာတွင် ပါဝင်တတ်သော စေတနာ၊ မာန၊ ဒေါသ၊ သတိ၊ ပညာ ဟူသောစကားလုံးတို့၏ မြန်မာလိုအဓိပ္ပာယ်ကို ဖော်ပြပါ။ (၁၉၈၃)

၇။ မနာလိုခြင်း၊ ဝန်တိုခြင်း လက္ခဏာရှိသော သဘောတရားများသည် မည်သည့် စေတသိက်များဖြစ်ပါသနည်း။ ယင်းစေတသိက်များသည် မည်သည့် စိတ်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း။ ဖော်ပြပါ။ (၁၉၈၃)

၈။ မြတ်စွာဘုရားသခင် ပြုံးရွှင်တော်မူသောအခါ၌ ဖြစ်ပေါ်သည့် ဟသိတုပ္ပာဒ်စိတ်၌ယှဉ်သော စေတသိက်တို့ကို ဖော်ပြပါ။ (၁၉၈၃)

၉။ လူတို့နေ့စဉ်ပြောဆိုကြရာတွင် ပါဝင်သော ဝေဒနာ၊ ဝီရိယ၊ ကရုဏာ၊ မစ္ဆရိယ၊ သဒ္ဓါ ဟူသော စကားငါးလုံး၏ ဆိုလိုရင်းအဓိပ္ပာယ်ကို မြန်မာလို ဖော်ပြပါ။ (၁၉၈၄)

၁၀။ သူတစ်ပါး ဆင်းရဲဒုက္ခရောက်နေသည်ကိုမြင်၍ သနားခြင်းလက္ခဏာရှိသော ကရုဏာစေတသိက်သည် မည်သည့်စိတ်များနှင့် ယှဉ်၍ဖြစ်နိုင်ပါသနည်း။ ရေတွက်ပြပါ။ (၁၉၈၄)

၁၁။ သီချင်းသံကြားသောအခါ ဖြစ်သောစိတ်၌ ယှဉ်နိုင်သော စေတသိက်များကို ဖော်ပြပါ။ (၁၉၈၄)

၁၂။ သောမနဿသဟဂုတ်လက်ဖက်က သုံးလေးလုတ်၊ ကြက်သွန်ကြော် များများနှင့် မိုက်ကားအောင် တုတ်ပြီးလျှင်ဆိုသော စာချိုးအရ စိတ် ၈၉ ပါးတို့တွင် သောမနဿသဟဂုတ်စိတ်ပေါင်း မည်မျှရှိသည်ကို ရေတွက်ပြပါ။ (၁၉၈၄)

၁၃။ မိမိမိတ်ဆွေ၏ပစ္စည်းကို ခိုးယူပြီးခါမှ ''ငါမှားလေစွ'' နောင်တရမှုသည် မည်သည့်စေတသိက်ဖြစ်ပါသနည်း။ ၎င်းစေတသိက်တို့သည် မည်သည့် စိတ်နှင့် ယှဉ်တွဲဖြစ်ပါသနည်း။ (၁၉၈၅)

၁၄။ အောက်ပါ စကားငါးလုံးတို့၏ ဆိုလိုရင်း အဓိပ္ပာယ်ကို အဘိဓမ္မာသဘာဝ ဆိုက်အောင် ရေးသားပါ။

http://www.dhammadownload.com



(က) အဟိရိက၊ (ခ) အနောတ္တပ္ပ၊ (ဂ) သညာ၊ (ဃ) ပီတိ၊ (င) သမ္မာဝါစာ။ (၁၉၈၅)

၁၅။ အဆင်းလှ၍ မာနကြီးသူတစ်ဦးအား မာနသည် အမြဲတမ်း ဖြစ်နေပါသလော၊ ဖြစ်သောအခါ မည်သည့်စိတ်နှင့် ယှဉ်၍ဖြစ်ပါသနည်း။ (၁၉၈၅)

၁၆။ ဖဿ, မနသိကာရ, အဓိမောက္ခ, ဆန္ဒ, သမ္မာအာဇီဝ စေတသိက်တို့၏ အဘိဓမ္မာသဘောလက္ခဏာကို မြန်မာဘာသာဖြင့်ရေးပါ။ (၁၉၈၆)

၁၇။ စာကျက်နေစဉ် ဖြစ်ပေါ်လာတတ်သော ပျင်းရိငေးမောခြင်း, တွေဝေထိုင်းမှိုင်းခြင်းတို့သည် အဘယ်စေတသိက်သို့၏ သဘောလက္ခဏာများ ဖြစ်ပါသနည်း၊ ယင်းစေတသိက်တို့သည် အဘယ်စိတ်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း၊ အသီးသီးဖြေဆိုပါ။ (၁၉၈၆)

၁၈။ မနာလိုခြင်း, ဝန်တိုခြင်း သဘောတရားတို့သည် လောဘမူစိတ်နှင့် သက်ဆိုင်ပါသလော၊ သို့မဟုတ် ဒေါသမူစိတ်နှင့် သက်ဆိုင်ပါသလော စစ်ကြောဝေဖန်ပြီး မဂ်စိတ်နှင့်အတူ ဖြစ်ခွင့်ရသော စေတသိက်သရုပ်ကိုလည်း ထုတ်ပြပါ။ (၁၉၈၆)

၁၉။ အောက်ပါစေတသိက်များကို ကုန်စင်အောင် ရေတွက်ပြပါ။
(က) သဗ္ဗာကုသလသာဓာရဏစေတသိက်၊
(ခ) သဗ္ဗာကုသလယောဂီစေတသိက်။ (၁၉၈၆)

၂၀။ စေတသိက်၏ လက္ခဏာများကို ဖော်ပြပြီးလျှင် စိတ်ဟူသမျှနှင့် ယှဉ်နိုင်သော စေတသိက်တို့ကိုလည်း ဖြေဆိုပါ။ (၁၉၈၇)

၂၁။ စေတနာ၊ မာန၊ ဝိစိကိစ္ဆာ၊ သဒ္ဓါ၊ မုဒိတာစေတသိက်တို့၏ အဘိဓမ္မာသဘောလက္ခဏာကို မြန်မာဘာသာဖြင့် ဖြေဆိုပါ။ (၁၉၈၇)

၂၂။ အလိုရမ္မက်ကြီးသူနှင့် စိတ်တိုစိတ်ဆတ်သူ နှစ်ဦးတို့တွင် မည်သူသည် မိစ္ဆာဒိဋ္ဌိဖြစ်တတ်ပါသနည်း၊ သမ္ပယောဂနည်းအရ စိစစ်ပါ။ (၁၉၈၇)

၂၃။ လိပ်ပြာလေးတစ်ကောင်ကို ဖမ်းယူပြီး သနားသဖြင့် မသတ်ဘဲ လွှတ်လိုက်သူ၌ မည်သည့်စိတ်ဖြစ်သနည်း၊ မည်သည့်စေတသိက်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း၊ အသီးသီးဖြေဆိုပါ။ (၁၉၈၇)

**(၁၉၈၈ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ စာမေးပွဲမေးခွန်းများနှင့် အဖြေများကို ဤစာအုပ် နောက်ဆက်တွဲ၌ ကြည့်ပါ။)**

၂၄။ စေတသိက် ၅၂ ပါးတို့တွင် စိတ်အများဆုံးယှဉ်နိုင်သော စေတသိက်နှင့် စိတ်အနည်းဆုံးယှဉ်နိုင်သော စေတသိက်များကို ကောက်ပြ၍ ဝိရတီစေတသိက်၏ သဘောလက္ခဏာများကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။ (၁၉၉၃)

http://www.dhammadownload.com



၂၅။ 'အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်' ဟူသောစကားရပ်၌ ကံ၊ ဉာဏ်ဟု ခေါ်ဆိုရသော စေတသိက်အမည်များကို ဖော်ပြ၍ ယင်းစေတသိက်တို့နှင့် အတူတကွဖြစ်သော စိတ်တို့ကိုလည်း ထုတ်ဆောင်ပြခဲ့ပါ။ (၁၉၉၃)

၂၆။ စိတ်ချင်းထူးအောင် ပြုတတ်သော စေတသိက်တို့တွင် မည်သည့်စေတသိက်က မည်သည့်စိတ်ကို မည်သို့ထူးခြားအောင်ပြုပါသနည်း၊ ပြည့်စုံအောင် ရှင်းလင်း ရေးသားခဲ့ပါ။ (၁၉၉၃)

၂၇။ 'လူမှန်လျှင် ကြံရင်းသေရသည်' ဟူသောစကား၌ အကြံအစည်ကို ညွှန်ပြသည့် စေတသိက်အမည်ကို ထုတ်ပြ၍ ယင်းစေတသိက်နှင့်တကွ အတူဖြစ်သော စိတ်သရုပ်ကိုလည်း ဖော်ပြပါ။ (၁၉၉၅)

၂၈။ ဥစ္စာခနေပေါ်ကြွယ်ဝ၍ 'ဘဝင်မြင့် စိတ်ကြီးဝင်နေသူ' သန္တာန်၌ တည်ရှိနေသော စေတသိက်အမည်ကို ဖော်ပြ၍ ယင်းစေတသိက်နှင့် အတူယှဉ်တွဲ ဖြစ်လေ့ရှိသော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။ (၁၉၉၅)

၂၉။ ရတနာသုံးပါးနှင့် ကံ, ကံ၏အကျိုးတရားများကို အကြွင်းမရှိ ယုံကြည်ကြသော ပုဂ္ဂိုလ်များ၏ သန္တာန်ဝယ် ဖြစ်နိုင်သော စိတ်, စေတသိက်တို့ကို ဖော်ပြ၍ ကမ္မာစောင့်တရားများကိုလည်း ညွှန်ပြပါ။ (၁၉၉၅)

၃၀။ 'နေရာတိုင်းမှာ သူ့မျက်နှာ' ဟု ပြောရလောက်အောင် စိတ်တိုင်း စိတ်တိုင်းနှင့် ယှဉ်တွဲ၍ဖြစ်နိုင်သော စေတသိက်တို့တွင် နောက်ဆုံးသုံးခု၏ ပရမတ္ထသဘာဝတို့ကို ဖြေဆို၍ 'စဉ်းစားပြီးမှ ဆုံးဖြတ်ပါ' ဟူသောစကား၌ ပါဝင်သော စေတသိက်တို့၏ အမည်နာမတို့ကိုလည်း ဖော်ပြပါ။ (၁၉၉၆)

၃၁။ ဆယ်သိန်းထီပေါက်သူတစ်ယောက်အား 'ကြက်ကန်းဆန်အိုးတိုးတာပါကွာ' ဟု မနာလိုသောစိတ်ထားဖြင့် ပြောဆိုသူ၏ သန္တာန်၌ဖြစ်သော စေတသိက်တို့ကို တိကျစွာဖော်ပြ၍ ယင်းစေတသိက်နှင့် ယှဉ်တွဲ၍ဖြစ်နိုင်သော စိတ်တို့ကိုလည်း ရေတွက်ပြပါ။ (၁၉၉၆)

၃၂။ 'စိတ်မှန်သမျှ ကြံစည်မှုနှင့် မကင်းကြ' ဟု ပြောဆိုနေကြသော အဘိဓမ္မာအသိမဲ့ငြား အချို့သောသူများ၏ စကားကို ချေပသောအားဖြင့် ကြံစည်မှုနှင့် ကင်း၍ဖြစ်နိုင်သောစိတ်တို့ကိုလည်း ဖော်ပြပြီးလျှင် မတင့်တယ်သောစိတ် ဖြစ်သော်လည်း နိဗ္ဗာန်ကို အာရုံပြုနိုင်သောစိတ်ကို ဖြေဆိုပါ။ (၁၉၉၆)

၃၃။ ရုပ်မြင်သံကြားဂြိုဟ်တုသတင်း၌ ဝတ်မှုတ်ခေါင်းပါးဒုက္ခသည်များကို တွေ့မြင်ရ၍ဖြစ်သော သနားကြင်နာမှုသည် ကုသိုလ် ရ, မရ ရှင်းပြ၍ ကိုယ်ပိုင်လုံ့လမရှိသောစိတ်တို့ကိုလည်း ထုတ်ဖော်ရေးသားပြပါ။ (၁၉၉၆)

http://www.dhammadownload.com



၃၄။ သူတစ်ပါး၏ စေခိုင်းခြင်းကြောင့် မလွဲသာ၍ သူ့အသက်သတ်မှုကို ပြုနေရသူ၏ သန္တာန်၌ ဖြစ်နိုင်သော စိတ်, စေတသိက်တို့ကို ဖော်ပြပြီးလျှင် ပြုပြီးသော ကုသိုလ်ကောင်းမှုကို အဖန်ဖန်အမှတ်ရနေသော ပုဂ္ဂိုလ်၏ သန္တာန်ဝယ် မိုတွယ်၍ ဖြစ်သော စေတသိက်ကိုလည်း ဖော်ပြပါ။ (၁၉၉၇)

၃၅။ 'လုလ္လမထု ဉာဏ်မကူဘဲ' ဟူသောစကား၌ 'လုလ္လ, ဉာဏ်' ဟု ညွှန်ပြအပ်သော စေတသိက်အမည်မှန်တို့ကို ဖော်ပြ၍ ယင်းစေတသိက်တို့၏ ယှဉ်နိုင်သော စိတ်သရုပ်တို့ကိုလည်း အသီးသီးထုတ်ဖော်တင်ပြပါ။ (၁၉၉၇)

၃၆။ 'အကုသိုလ်၏ အပေါင်းအဖော်' ဟု ခေါ်ဆိုနိုင်သော အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်ကြသည့် စေတသိက်များကို ဖော်ပြ၍ (က) စိတ်အနည်းဆုံး၌ ယှဉ်သော စေတသိက်၊ (ခ) စေတသိက်အနည်းဆုံးနှင့် ယှဉ်သောစိတ်တို့ကိုလည်း ဖြေဆိုပါ။ (၁၉၉၇)

၃၇။ ဝိသေသက (စိတ်ချင်းမတူ ထူးခြားကွဲပြားအောင် ပြုတတ်ကုန်သော) စေတသိက်များကို မမှားအောင် ရေတွက်ပြ၍ စိတ္တေန သမ္ပယုတ္တသေ (စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ခြင်း) နည်းအရ ပီတိနှင့် ကရုဏာစေတသိက်ပေါင်း မည်မျှစီ ရှိကြသည်ကိုလည်း အသီးသီးဖြေဆိုပါ။ (၁၉၉၇)

၃၈။ 'မုသားမပါ လက်ာမချော' ဟု ယူဆလျက် အခကြေးငွေယူ၍ မတရားသက်သေလိုက်မည်ဟု ကြံစည်ပြီးမှ ရှောင်ကြဉ်သူ၌ဖြစ်နိုင်သော စေတသိက်, ယင်းစေတသိက်၏ ယှဉ်နိုင်သော စိတ်သရုပ်တို့ကို အသီးသီးဖြေဆိုပါ။ (၁၉၉၈)

၃၉။ ကုသိုလ်ကောင်းမှုဖြစ်ရန် အခြေခံကျသော စေတသိက်တို့တွင် မခွဲမခွာ အစုံလိုက်သာ ဖြစ်ကြသော စေတသိက်များကို အမည်မျှဖော်ပြ၍ ဉာဏ်နှင့်ယှဉ်ပြီး မှန်ကန်သည့်ဆုံးဖြတ်ချက်ချရာ၌ ပါဝင်သောစိတ်တို့ကိုလည်း ဖြေဆိုပါ။ (၁၉၉၈)

၄၀။ 'အကောင်းအဆိုး' စိတ်နှစ်မျိုးလုံးနှင့် ဆက်ဆံသော 'နှစ်ဖက်ချွန်' စေတသိက်အစုကို သိသာရုံမျှဖော်ပြ၍ မတူခြားနား ကွဲပြားခြင်းသဘောများနှင့် မကောင်းသော ကာလ၌ ကာမသောဘနစိတ်ကို မတူခြားနား ကွဲပြားအောင် ပြုတတ်သော စေတသိက်များကို ဖော်ထုတ်ရေတွက်ပြပါ။ (၁၉၉၈)

၄၁။ 'စေတနာကောင်းသည်, စေတနာယုတ်သည်' ဟူသော လောကသုံးစကား၌ အဘယ်စေတနာသည် ကောင်း၍ အဘယ်စေတနာသည် ယုတ်ပါသနည်း၊ ဖြေဆိုပြီးလျှင် လောကုတ္တရာစတုတ္ထဈာန်နှင့် ပဥ္စမဈာန်တို့၌ ယှဉ်သော စေတသိက်တို့၏ ထူးခြားဟန်ကိုလည်း ဖြေဆိုပါ။ (၁၉၉၈)

http://www.dhammadownload.com



၄၂။ 'တွေ့တိုင်းမရှောင် ဒုစရိုက်ကောင်' ဟု အထူးပြု ပြောရလောက်အောင် အကုသိုလ်ဒုစရိုက်မှုပြုလုပ်တိုင်း ပါဝင်လေ့ရှိသော စေတသိက်များကို ဖော်ပြ၍ စိတ်အများဆုံးနှင့်ယှဉ်သော စေတသိက်, စိတ်အနည်းဆုံးနှင့် ယှဉ်သော စေတသိက်တို့ကိုလည်း ဖြေဆိုပါ။ (၂၀၀၁)

၄၃။ 'အရှက်အကြောက် ကြီးလွန်းတယ်' ဟူသော အသုံးအနှုန်းဝယ် အရှက်, အကြောက်တို့၏ ပရမတ်အမည်မှန်ကို ဖော်ဆောင်၍ ဆန္ဒစေတသိက်နှင့် ယှဉ်တွဲ၍ဖြစ်နိုင်သော စိတ်တို့ကိုလည်း ဖြေဆိုပါ။ (၂၀၀၁)

၄၄။ 'အလှူဒါနပြုလုပ်တာ အကျိုးမရှိပါဘူးကွာ' ဟု တလွဲယူဆသော သူ၏ သန္တာန်၌ဖြစ်သော စေတသိက်ကို လက္ခဏာနှင့်တကွ ဖြေဆို၍ လောကုတ္တရာ ဒုတိယဈာန်၌ ယှဉ်ခွင့်ရသောစေတသိက်တို့ကိုလည်း ရေးသားပါ။ (၂၀၀၁)

၄၅။ 'စိတ်ရှည်, ဖွဲ့သန်, သည်းညည်းခံ, ပြုရန် သာသနာ' ဟု သာသနာပြုလိုသူတို့ အတွက် လက်ကိုင်ကျင့်သုံးရမည့် တရားတို့တွင် 'ဖွဲ့' အရ ဖြစ်သင့်သော စေတသိက်တရား၊ 'သည်းခံခြင်း' အရ ဖြစ်သင့်သော စေတသိက်တရားတို့ကို တိကျစွာကောက်ပြ၍ ယင်းစေတသိက်တရားတို့နှင့်တကွ ဖြစ်ဖက်စိတ် တရားတို့ကိုလည်း တွဲဖက်ဖော်ပြခဲ့ပါ။ (၂၀၀၂)

၄၆။ လူသားစင်စစ်ဖြစ်သော မိဘသည်ပင် 'ဗြဟ္မာ' မည်ရ ခေါ်ထိုက်စွာအောင် ပြုတတ်သော စေတသိက်တရားတို့ကို သဘောလက္ခဏာနှင့်တကွ ဖြေဆိုခဲ့ပါ။ (၂၀၀၂)

၄၇။ 'ငါလုပ်တာသာ အဟုတ်' ဟု နားထင်သွေးရောက် အထင်ပေါက်နေသော သူ၏ သန္တာန်၌ ဖြစ်သော စေတသိက်၊ ယင်းစေတသိက်၏ ယှဉ်ဘက်စိတ် တို့ကိုလည်း ဖော်ပြခဲ့ပါ။ (၂၀၀၂)

၄၈။ 'ဒေါသရှေ့ထား မှားတတ်သည်ဖြစ်ရာ' ၎င်းဒေါသနှင့်ယှဉ်သော စိတ်ကို ဖော်ပြ၍ ယင်းစိတ်ကို ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုအားဖြင့် ဝေဖန်ပြပါ။ (၂၀၀၂)

၄၉။ ဤကား ကုသိုလ်, အကုသိုလ်ဟု ခွဲခြားမသိ၊ ဉာဏ်မရှိဘဲ၊ ဒါန သီလ စသည် ဖြာဖြာ၊ ကောင်းမှုကိုသာ သောမနဿဖြင့် ပြုလုပ်လေ့ရှိသောသူ၏ သန္တာန်၌ ဖြစ်သောစိတ်ကို ယှဉ်ဘက်တရားနှင့်တကွ ဖော်ပြ၍ ၎င်းစိတ်ကို ဝေဒနာ၊ ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ခွဲခြားပြပါ။

၅၀။ 'ကာကွယ်ရေးလည်း မဟုတ်၊ ရှာနယ်ရေးလည်း မဟုတ်၊ တိုင်းပြည်ဘဏ္ဍာ ဆုတ်အောင် ဒါနမလုပ်နဲ့' ဟု ပြောသူ၏ သန္တာန်၌ဖြစ်သောတရားကိုသဘော လက္ခဏာနှင့်တကွ ရေး၍ အမြဲမယှဉ်သော စေတသိက်တို့ကို ရေတွက်ပြကာ

http://www.dhammadownload.com



ကာရုဏာ, မုဒိတာတရားနှစ်ပါးတို့၏ သဘောလက္ခဏာကိုလည်း ရေးသားခဲ့ပါ။

၅၁။ မနောဓာတ်သုံးပါးကို ရေတွက်ပြပြီးလျှင် အခြေအမြစ် ဟိတ်မရှိသော စိတ်တို့ကို ကောက်ပြ၍ ယှဉ်ဘက်စေတသိက်တို့ကိုလည်း ရေတွက်ပြပါ။ (၂၀၀၃)

၅၂။ 'ငါသာလျှင် မြတ်၏၊ ငါသာလျှင် တတ်၏၊ ငါလိုလူ မွေ့ရာတွင်မရှိ' ဟု မာန်ထောင်နေသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော စေတသိက်ကို သဘောလက္ခဏာနှင့်တကွ ရေး၍ အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံသော စေတသိက်တို့ကိုလည်း အစဉ်လိုက် ရေတွက်ခဲ့ပါ။ (၂၀၀၃)

http://www.dhammadownload.com

အခန်း (၃)

# ပကိဏ်းပိုင်း

## ရုပ်နာမ်ဆက်သွယ်မှု

ရှေ့အပိုင်းနှစ်ခု၌ စိတ်နှင့် စေတသိက်တို့၏ အကြောင်းကို လေ့လာခဲ့ကြရပေပြီ။ စိတ်စေတသိက်တည်းဟူသော 'နာမ်' တရားတို့သည် 'အာရုံ' တည်းဟူသော 'ရုပ်, နာမ်, ပညတ်' တရားကို အကြောင်းပြု၍ 'ဝတ္ထုရုပ်' ပေါ် တည်မှီ၍သာလျှင် ဖြစ်ပေါ်ကြ၏။

'ပကိဏ်း' ဟူသည်မှာ 'ပကိဏ္ဏက' ဟူသည့် ပါဠိသဒ္ဒါမှ ဆင်းသက်၍ 'ရောရော ပြွမ်းပြွမ်း' ဟု အနက်ရ၏။ ဤအနက်အဓိပ္ပာယ်နှင့်အညီ ဤအခန်းဝယ် ရုပ်နာမ်တို့၏ ဆက်သွယ်မှုသဘောကို ဖော်ပြကြသည့် ဝေဒနာသင်္ဂဟ, ဟေတုသင်္ဂဟ, ကိစ္စသင်္ဂဟ, ဒွါရသင်္ဂဟ, အာရမ္မဏသင်္ဂဟနှင့် ဝတ္ထုသင်္ဂဟတို့ကို ရောပြွမ်း၍ ဖော်ပြမည်ဖြစ်၏။

စာရှုသူတို့သည် စားသောက်ဖွယ် ခြောက်မယ်ကို တစ်ပြိုင်နက်စားသုံးရသည့်နှယ် မြိန်မြိန်ရှက်ရှက် အားပါးတရလေ့လာကြရမည်ဖြစ်သည်။

### ဝေဒနာသင်္ဂဟ

ဝေဒနာအမျိုးမျိုးကို အခြေခံ၍ စိတ်စေတသိက်တို့ကို အကျဉ်းရုံးကာ စုပေါင်းတင်ပြခြင်းကို ဝေဒနာသင်္ဂဟဟု ခေါ်၏။

ဝေဒနာသည် အာရုံကို ခံစားခြင်းသဘောအားဖြင့် တစ်မျိုးတည်းသာရှိ၏။ သို့သော် အာရုံကွဲပြားခြင်းကိုလိုက်၍ ဝေဒနာသုံးမျိုး၊ ဣန္ဒြေဟောစဉ်ကိုလိုက်၍ ဝေဒနာငါးမျိုး ကွဲပြား၏။

### အာရမ္မဏာနုဘဝနနည်း

အာရုံခံစားခြင်းကိုလိုက်၍ ဝေဒနာသုံးမျိုး ကွဲပြားပုံမှာ–

၁။ **သုခဝေဒနာ** = အလိုရှိအပ်, ကောင်းမြတ်သောအာရုံ (ဣဋ္ဌာရုံ) နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသော ခံစားမှု၊

http://www.dhammadownload.com



၂။ **ဒုက္ခဝေဒနာ** = အလိုမရှိအပ်, မကောင်းမြတ်သော အာရုံ (အနိဋ္ဌာရုံ) နှင့် ဆုံတွေ့သည့်အခါ ဆင်းရဲသော ခံစားမှု၊

၃။ **ဥပေက္ခာဝေဒနာ** = မကောင်းမဆိုး, အလယ်အလတ် ရိုးရိုးဖြစ်သော (ဣဋ္ဌမဇ္ဈတ္တာရုံ) နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည်လည်းမဟုတ် လျစ်လျူရှုသောသဘောဖြင့် ခံစားမှု။

## ဣန္ဒြိယဘေဒနည်း

ဣန္ဒြေယှောစဉ်ကိုလိုက်၍ ဝေဒနာငါးမျိုး ကွဲပြားပုံမှာ–

၁။ **သောမနဿဝေဒနာ** = စိတ်၌ဖြစ်သော ချမ်းသာခြင်းသဘော၊

၂။ **ဒေါမနဿဝေဒနာ** = စိတ်၌ဖြစ်သော ဆင်းရဲခြင်းသဘော၊

၃။ **သုခဝေဒနာ** = ကိုယ်၌ဖြစ်သော ချမ်းသာခြင်းသဘော၊

၄။ **ဒုက္ခဝေဒနာ** = ကိုယ်၌ဖြစ်သော ဆင်းရဲခြင်းသဘော၊

၅။ **ဥပေက္ခာဝေဒနာ** = ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည်လည်း မဟုတ်၊ အလယ်အလတ်ဖြစ်သော ခံစားခြင်းသဘော။

## ဝေဒနာအသီးသီးနှင့် ယှဉ်သောစိတ်

* ဝေဒနာငါးပါးတို့သည် အဘယ်မျှလောက်သော စိတ်တို့၌ အသီးသီး ယှဉ်ကြသနည်း။

၁။ သုခဝေဒနာသည် အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ် စိတ် တစ်ခု၌ ယှဉ်၏။

၂။ ဒုက္ခဝေဒနာသည် အကုသလဝိပါက် ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ် တစ်ခု၌ ယှဉ်၏။

၃။ ဒေါမနဿဝေဒနာသည် ဒေါသမူစိတ်နှစ်ပါး၌ ယှဉ်၏။

၄။ သောမနဿဝေဒနာသည် ကာမသောမနဿစိတ် ၁၈ ပါး, မဟဂ္ဂုတ် သောမနဿစိတ် ၁၂ ပါး, လောကုတ္တရာသောမနဿစိတ် ၃၂ ပါးဟူသော စိတ် ၆၂ ပါးတို့၌ ယှဉ်၏။

၅။ ဥပေက္ခာဝေဒနာသည် ကာမဥပေက္ခာစိတ် ၃၂ ပါး, မဟဂ္ဂုတ်ဥပေက္ခာစိတ် ၁၅ ပါး၊ လောကုတ္တရာဥပေက္ခာစိတ် ၈ ပါး ဟူသော စိတ် ၅၅ ပါးတို့၌ ယှဉ်၏။

**မှတ်ချက်။** ။ အာရမ္မဏာနုဘဝနနည်းအရ ဝေဒနာသုံးပါးတို့နှင့် ယှဉ်ကြသော စိတ်တို့ကို ရေတွက်ရလျှင် သောမနဿဝေဒနာကို သုခဝေဒနာ၌ သွင်း၍လည်းကောင်း၊ ဒေါမနဿ ဝေဒနာကို ဒုက္ခ

http://www.dhammadownload.com



ဝေဒနာ၌သွင်း၍လည်းကောင်း ရေတွက်ရမည်။ ထိုအခါ ဒုက္ခသဟဂုတ်စိတ် ၃၊ သုခသဟဂုတ်စိတ် ၆၃၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅၊ ပေါင်း ၁၂၁ ပါးတို့ကို ရ၏။

### ဝေဒနာအသီးသီးနှင့်ယှဉ်သော စေတသိက်များ

* ဝေဒနာအသီးသီးတို့နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကြသော စေတသိက်များကား အဘယ်နည်း။

၁။ သုခဝေဒနာသည် သုခသဟဂုတ် ကာယဝိညာဏ်စိတ်၌ ယှဉ်၏။ ၎င်းစိတ်တွင် သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါးယှဉ်ကြရာ သုခဝေဒနာနှင့် ယှဉ်ဖက်ဖြစ်ကြသော စေတသိက်တို့သည် ဖဿ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေနှင့် မနသိကာရတို့ ဖြစ်ကြ၏။

၂။ ဒုက္ခဝေဒနာသည် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ ယှဉ်၏။ ၎င်းစိတ်တွင် သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါး ယှဉ်ကြရာ၌ ဒုက္ခဝေဒနာနှင့် ယှဉ်ဖက်ဖြစ်ကြသော စေတသိက်တို့သည်ကား ဖဿ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေနှင့် မနသိကာရတို့ပင် ဖြစ်ကြ၏။

၃။ ဒေါမနဿဝေဒနာသည် ဒေါသမူစိတ် နှစ်ပါး၌ ယှဉ်၏။ ဒေါသမူစိတ်တွင် ပိတိကြဉ်သည့် အညသမာန်း စေတသိက် ၁၂ ပါး, မောစတုက်လေးပါး၊ ဒေါစတုက်လေးပါးနှင့် ထိနမိဒ္ဓဟူ၍ စေတသိက် ၂၂ ပါး ယှဉ်ကြရာ ဝေဒနာ မှလွဲ၍ ကြွင်းသည့် စေတသိက် ၂၁ ပါးတို့သည် ဒေါမနဿဝေဒနာ၏ ယှဉ်ဖက်စေတသိက်များ ဖြစ်ကြ၏။

၄။ သောမနဿဝေဒနာသည် သောမနဿသဟဂုတ်စိတ် ၆၂ ပါးတို့၌ ယှဉ်ကြ၏။ ဤစိတ်တို့၌ မယှဉ်ကြသည့် စေတသိက်များမှာ ဒေါသမူ၌သာ ယှဉ်ကြသော ဒေါစတုက်လေးပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ ယှဉ်သည့် ဝိစိကိစ္ဆာစေတသိက်တို့ ဖြစ်ကြ၏။ သို့အတွက် ဤစေတသိက် ငါးပါးနှင့် ဝေဒနာစေတသိက်တို့ကို ကြဉ်၍ ကြွင်းသည့်စေတသိက် ၄၆ ပါးတို့သည် ဥပေက္ခာဝေဒနာ၏ ယှဉ်ဖက်များ ဖြစ်ကြ၏။

### ဟေတုသင်္ဂဟ

'ဟေတု' ဟူသော ပါဠိသဒ္ဒါကို 'ဟိတ်' ဟု မြန်မာမှုပြုထား၏။ ဟိတ်ခြောက်ပါး ရှိ၏။ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသနှင့် အမောဟတို့ ဖြစ်ကြ၏။

သစ်ပင်၏အမြစ်သည် သစ်ပင်ကို မြေပေါ်၌ ခိုင်မြဲစွာ တည်နေစေသကဲ့သို့ ဟိတ်တရားတို့သည် စိတ် စေတသိက်တို့ကို အာရုံ၌တည်မြဲစေကြ၏။

http://www.dhammadownload.com



ဟိတ်အပေါ် အခြေခံ၍ စိတ်စေတသိက်တို့ကို ပေါင်းစုရေတွက်ခြင်းကို 'ဟေတု သင်္ဂဟ' ဟု ခေါ်၏။

### အဟိတ်စိတ်နှင့် သဟိတ်စိတ်များ

ဟိတ်မရှိသောစိတ်များကို အဟိတ်စိတ်များဟု ခေါ်၏။ စိတ်ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အဟိတ်စိတ် ၁၈ ပါးရှိ၏။ အကုသလဝိပါက်စိတ် ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါးနှင့် အဟိတ်ကြိယာသုံးပါးတို့ ဖြစ်ကြ၏။ ဤစိတ်တို့၌ ယှဉ်ကြသော စေတသိက်များကို ဆန်းစစ်ကြည့်လျှင် ဟိတ်တရားတစ်ခုမျှ မပါဝင်သည်ကို တွေ့ရပေမည်။

ဟိတ်ပါဝင်သောစိတ်များကို သဟိတ်စိတ်များဟု ခေါ်၏။ သဟိတ်စိတ် အရေအတွက်မှာ ၈၉ – ၁၈ = ၇၁ ဖြစ်၏။ ဤစိတ်တို့ကို ဟိတ်တစ်ပါး၊ နှစ်ပါး သို့မဟုတ် သုံးပါး ပါရှိသည်ကို အကြောင်းပြု၍ သုံးမျိုးထပ်မံခွဲခြားနိုင်၏။

၁။ **ဧကဟိတ်စိတ်** = ဟိတ်တစ်ပါးသာ ယှဉ်သော စိတ်နှစ်ပါးရှိ၏။ မောဟနှင့်သာယှဉ်သည့် မောဟမူဒွေဖြစ်၏။

၂။ **ဒွိဟိတ်စိတ်** = ဟိတ်နှစ်ပါးစီ ယှဉ်ကြသောစိတ်များမှာ ၂၂ ပါး ရှိ၏။ ဤစိတ်တို့သည် လောဘမူစိတ် ရှစ်ပါး၊ ဒေါသမူစိတ်နှစ်ပါးနှင့် ဉာဏဝိပ္ပယုတ် ကာမသောဘဏစိတ် ၁၂ ပါးတို့ဖြစ်ကြ၏။ လောဘမူစိတ်ရှစ်ပါးတွင် လောဘနှင့် မောဟ ဟိတ်နှစ်ပါးယှဉ်ကြ၏။ ဒေါသမူစိတ်နှစ်ပါးတွင် ဒေါသနှင့် မောဟ ဟိတ်နှစ်ပါးယှဉ်ကြ၏။ ဉာဏဝိပ္ပယုတ် ကာမသောဘဏစိတ် ၁၂ ပါးတွင် အလောဘနှင့် အဒေါသ ဟိတ်နှစ်ပါး ယှဉ်ကြ၏။

၃။ **တိဟိတ်စိတ်** = ဟိတ်သုံးပါးစီ ယှဉ်ကြသောစိတ်များမှာ ၄၇ ပါး ရှိ၏။ ဤစိတ်တို့သည် ဉာဏသမ္ပယုတ်ကာမသောဘဏစိတ် ၁၂ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇ ပါးနှင့် လောကုတ္တရာစိတ်ရှစ်ပါးတို့ဖြစ်ကြ၏။ ပညိန္ဒြေစေတသိက်ယှဉ်သည့်စိတ် ၄၇ ပါး ပင်တည်း။ ဤစိတ်တို့တွင် အလောဘ၊ အဒေါသ၊ အမောဟဟူသည့် ဟိတ်သုံးပါး ယှဉ်ကြ၏။

### ဟေတုသင်္ဂဟဇယားကို အသုံးပြုပုံ

ဟေတုသင်္ဂဟဇယား (နောက်ဆက်တွဲ၌ ကြည့်ပါ) ရှေ့ပိုင်းတွင် အဟိတ်စိတ် ၁၈ ပါး၊ ဧကဟိတ်စိတ် နှစ်ပါး၊ ဒွိဟိတ်စိတ် ၂၂ ပါးနှင့် တိဟိတ်စိတ် ၄၇ ပါးတို့ကို ဖော်ပြထားပြီးလျှင် ထိုစိတ်အသီးသီးတို့၌ ယှဉ်ကြသည့် ဟိတ်များကိုလည်း ဖော်ပြထား၏။

ဇယား၏ ဒုတိယပိုင်းတွင် ဟိတ်ခြောက်ပါးကို တိက် (တိက = သုံးခုအစု) စသည်ဖြင့် ခွဲခြားပြထား၏။ တိက်အားဖြင့် ကုသိုလ်ဟိတ် သုံးပါး (အလောဘ၊ အဒေါသ၊

http://www.dhammadownload.com



အမောဟ)၊ အကုသိုလ်ဟိတ် သုံးပါး (လောဘ၊ ဒေါသ၊ မောဟ) နှင့် အဗျာကတ ဟိတ် သုံးပါး (အလောဘ၊ အဒေါသ၊ အမောဟ) ရှိခြင်းကို သိသာရုံ ဖော်ပြထား၏။

ဇာတ်အားဖြင့်လည်း ကုသိုလ်ဇာတ်ဟိတ်သုံးပါး ၊ အကုသိုလ်ဇာတ်ဟိတ်သုံးပါး၊ ဝိပါကဇာတ်ဟိတ် သုံးပါးနှင့် ကြိယာဇာတ်ဟိတ် သုံးပါးတို့ဖြစ်ကြ၏။

ကုသိုလ်ဇာတ်ဝင်ဟိတ် သုံးပါးမှာ ကုသိုလ်စိတ်များ၌ ယှဉ်ကြသော အလောဘ၊ အဒေါသနှင့် အမောဟဟိတ်တို့ ဖြစ်ကြ၏။ အကုသိုလ်ဇာတ်ဝင် ဟိတ်သုံးပါးမှာ အကုသိုလ်စိတ်၌ယှဉ်ကြသော လောဘ၊ ဒေါသ၊ မောဟဟိတ်တို့ ဖြစ်ကြ၏။

ဝိပါကဇာတ်ဟိတ်တို့မှာ ဝိပါကစိတ်များ၌ယှဉ်ကြသော ဟိတ်များဖြစ်ကြ၏။ ကြိယာဇာတ်ဟိတ်တို့မှာ ကြိယာစိတ်များ၌ ယှဉ်ကြသော ဟိတ်များဖြစ်ကြ၏။ ဝိပါကဇာတ်နှင့် ကြိယာဇာတ်တို့ကိုပေါင်း၍ အဗျာကတဇာတ်ဟုလည်း ခေါ်၏။ ဤဇာတ်ရှိသော ဟိတ်တို့သည် ကုသိုလ်ဟိတ်သုံးပါးနှင့် အတူတူပင် ဖြစ်ကြ၏။

ဘုံအားဖြင့်မူ ကာမဘုံ၌ ဟိတ်ခြောက်ပါးစလုံးကို ရနိုင်၏။ ရူပဘုံ၊ အရူပဘုံနှင့် လောကုတ္တရာဘုံတို့၌ ကောင်းသည့်ဟိတ်သုံးပါးတို့ကိုသာ ရနိုင်၏။

ပုဂ္ဂိုလ်အားဖြင့် သော်ကား ပုထုဇဉ်, သောတာပန်နှင့် သကဒါဂါမ်တို့၌ ဟိတ်ခြောက်ပါးစလုံး ရကြ၏။ အနာဂါမ်တွင် ဒေါသဟိတ်ကင်းသွားသည့်အတွက် ဟိတ်ငါးပါးကိုသာ ရနိုင်၏။ ရဟန္တာများ၌မူ ကောင်းသောဟိတ်သုံးပါးကိုသာ ရနိုင်၏။

## အဟိတ်စေတသိက် ၁၃ ပါး

အဟိတ်စိတ် ၁၈ ပါးတွင် ဆန္ဒကြဉ်သည့် အညသမာန်းစေတသိက် ၁၂ ပါး ယှဉ်ကြ၏။ ဤစေတသိက်တို့သည် ယှဉ်ဖက်ဟိတ် မရှိကြသဖြင့် အဟိတ်စိတ်နှင့် ယှဉ်ခိုက် အဟိတ်စေတသိက်များဖြစ်သည်ဟု မှတ်ယူရ၏။

တစ်ဖန် ဧကဟိတ်စိတ်ဖြစ်သည့် မောဟမူဒွေ၌ စေတသိက် ၁၆ ပါး ယှဉ်ကြ၏။ ဤစေတသိက် ၁၆ ပါးတွင် မောဟသည် အခြားယှဉ်ဖက်ဟိတ်မရှိသော စေတသိက် ဖြစ်၏။

အထက်ပါနှစ်ရပ်ကိုပေါင်းသော် အဟိတ်စေတသိက် ၁၃ ပါး (အဟိတ်တေရသ) ကို ရ၏။

## ဧကဟိတ်စေတသိက် ၂၀ ပါး

မောဟမူဒွေ၌ယှဉ်ကြသော စေတသိက် ၁၆ ပါးအနက် မောဟမှတစ်ပါး ကျန်စေတသိက် ၁၅ ပါးသည် မောဟဟိတ်တစ်ပါးနှင့် ယှဉ်ကြ၏။ ထို့ကြောင့် ၎င်းတို့ကို ဧကဟိတ်စေတသိက်များဟု ခေါ်၏။

ဒွိဟိတ်စိတ် ၂၂ ပါးတွင် ဝိစိကိစ္ဆာနှင့် ပညာကြဉ်၍ စေတသိက်ပေါင်း ၅၀ ယှဉ်ကြ၏။ လောဘမူစိတ်ရှစ်ပါး၌ လောဘနှင့် မောဟဟိတ် နှစ်ပါးယှဉ်ကြရာ လောဘ

http://www.dhammadownload.com



သည် မောဟနှင့်လည်းကောင်း၊ မောဟသည် လောဘနှင့်လည်းကောင်း အပြန်အလှန် ယှဉ်ကြ၏။ ထိုနည်းတူ ဒေါသမူစွဲ၌ ဒေါသနှင့် မောဟတို့သည် အချင်းချင်းအပြန်အလှန်ယှဉ်ကြ၏။ ဉာဏဝိပ္ပယုတ် ကာမသောဘဏစိတ် ၁၂ ပါးတို့၌ အလောဘနှင့် အဒေါသတို့သည် အချင်းချင်း အပြန်အလှန်ယှဉ်ကြ၏။

ထို့ကြောင့် ဒွိဟိတ်စိတ် ၂၂ ပါးတွင် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ ဟူသော စေတသိက်ငါးပါးတို့သည် ဧကဟိတ် စေတသိက်များ ဖြစ်ကြ၏။ ဤစေတသိက်ငါးပါးနှင့် မောဟမူစွဲ၌ယှဉ်ကြသည့် ဧကဟိတ်စေတသိက် ၁၅ ပါး ကို ပေါင်းသော် ဧကဟိတ် စေတသိက် ၂၀ (ဧကဟိတ်နှစ်ဆယ်) ကို ရ၏။

### ဒွိဟိတ်စေတသိက် ၄၈ ပါး

ဒွိဟိတ်စိတ် ၂၂ ပါးတွင် ယှဉ်ကြသော စေတသိက် ၅၀ အနက် ငါးခုသည် ဧကဟိတ်စေတသိက်များဖြစ်ကြောင်း ဆိုခဲ့ပြီးပေပြီ။ ထို့ကြောင့် ကျန်စေတသိက် ၄၅ ခုတို့သည် ဒွိဟိတ်စေတသိက်များ ဖြစ်ကြ၏။

တစ်ဖန် တိဟိတ်စိတ် ၄၇ ပါးတွင် အကုသိုလ်စေတသိက် ၁၄ ပါးမှအပ ကြွင်းသည့်စေတသိက် ၃၈ ပါးတို့ ယှဉ်ကြ၏။ ဤ ၃၈ ပါးအနက် အလောဘ, အဒေါသ နှင့် အမောဟ ဟိတ်သုံးပါးပါဝင်ရာ အလောဘသည် အဒေါသနှင့် အမောဟတို့နှင့် ယှဉ်၏။ အဒေါသသည် အလောဘ, အမောဟတို့နှင့် ယှဉ်၏။ အမောဟသည် အလောဘ, အဒေါသတို့နှင့် ယှဉ်၏။ ထို့ကြောင့် အလောဘ, အဒေါသနှင့် အမောဟ တို့သည် ဒွိဟိတ်စေတသိက်များ ဖြစ်ကြ၏။

အထက်ပါ ဒွိဟိတ်စေတသိက်နှစ်ရပ်ကို ပေါင်းသော် ၄၅ + ၃ = ၄၈ ခု (ဒွိဝယ် ဋ္ဌစတ်) ကို ရ၏။

### တိဟိတ်စေတသိက် ၃၅ ပါး

တိဟိတ်စိတ် ၄၇ ပါးတွင် ယှဉ်ကြသော စေတသိက် ၃၈ ပါးအနက် သုံးပါးသည် ဒွိဟိတ်စေတသိက်များဖြစ်ကြောင်း ဖော်ပြခဲ့ပြီးပေပြီ။ ထို့ကြောင့် ကြွင်းသည့် စေတသိက် ၃၅ ပါးတို့သည် အလောဘ, အဒေါသ, အမောဟ ဟိတ်သုံးပါးနှင့် ယှဉ်ကြသော တိဟိတ်စေတသိက်များဖြစ်ကြ၏။ (တိဟိတ်မှတ်၊ ရလတ့် သုံးဆယ့်ငါး) ကို ရ၏။

### ကိစ္စသင်္ဂဟ

ကိစ္စဟူသည်မှာ အမှုလုပ်ငန်းကို ခေါ်၏။ စိတ်တို့၏ပြုဖွယ်ကိစ္စအပေါ် မူတည်၍ စိတ်စေတသိက်များကို ပေါင်းစုရေတွက်ခြင်းသည် ကိစ္စသင်္ဂဟမည်၏။

http://www.dhammadownload.com



### စိတ်တို့ ဆောင်ရွက်ကြသည့်ကိစ္စ ၁၄ ပါး

၁။ **ပဋိသန္ဓေကိစ္စ** = ဘဝဟောင်းနှင့် ဘဝသစ်ကို စပ်ပေးခြင်းကိစ္စ။
၂။ **ဘဝင်ကိစ္စ** = လက်ရှိဘဝ၌ဖြစ်နေသော ခန္ဓာအစဉ်ကို အသက်ထက်ဆုံး မပြတ်မလပ်ရအောင် ဖြစ်စေခြင်းကိစ္စ။
၃။ **အာဝဇ္ဇန်းကိစ္စ** = အာရုံကို နှလုံးသွင်းဆင်ခြင်ခြင်းကိစ္စ။
၄။ **ဒဿနကိစ္စ** = မြင်ခြင်းကိစ္စ။
၅။ **သဝနကိစ္စ** = ကြားခြင်းကိစ္စ။
၆။ **ဃာယနကိစ္စ** = နံခြင်းကိစ္စ။
၇။ **သာယနကိစ္စ** = အရသာယူခြင်းကိစ္စ။
၈။ **ဖုသနကိစ္စ** = တွေ့ထိခြင်းကိစ္စ။
၉။ **သမ္ပဋိစ္ဆန်းကိစ္စ** = အာရုံကို လက်ခံထိန်းသိမ်းခြင်းကိစ္စ။
၁၀။ **သန္တီရဏကိစ္စ** = အာရုံကို စုံစမ်းနှိုင်းချိန်ခြင်းကိစ္စ။
၁၁။ **ဝုဋ္ဌောကိစ္စ** = အာရုံကို ပိုင်းခြားသတ်မှတ်ခြင်းကိစ္စ။
၁၂။ **ဇောကိစ္စ** = အာရုံ၏ အရသာကို ခံစားခြင်းကိစ္စ၊

(ဇောစိတ်တို့သည် အာရုံ၌ ပြုဖွယ်ကိစ္စတို့ကို ပြီးမြောက်စေသည့်အစွမ်းဖြင့် အကြိမ်များစွာသော်လည်းကောင်း၊ တစ်ကြိမ်တည်းသော်လည်းကောင်း အာရုံ၏ အရသာကို ပိုင်းပိုင်းခြားခြားသိလျက် အရှိန်အဟုန်ဖြင့် လျင်မြန်စွာဖြစ်ပေါ်ကြ၏။)

၁၃။ **တဒါရုံကိစ္စ** = ဇောအဟုန်၏ နောက်သို့ လိုက်ကာ ဇောယူပြီးသော အာရုံကို ဆက်လက်ယူခြင်းကိစ္စ။
၁၄။ **စုတိကိစ္စ** = ဖြစ်ဆဲပစ္စုပ္ပန်ဘဝ၏ ချုပ်ဆုံးသေလွန်ခြင်းကိစ္စ။

### ကိစ္စဆောင်ရွက်ကြသောစိတ်များ

၁။ ပဋိသန္ဓေကိစ္စတပ်သော (ဝါ) ပဋိသန္ဓေကိစ္စကို ဆောင်ရွက်ကြသော စိတ် ၁၉ ပါး ရှိ၏။ ဥပေက္ခာသန္တီရဏစိတ် နှစ်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါးနှင့် မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါးတို့ဖြစ်ကြ၏။
၂။ ဘဝင်ကိစ္စတပ်သောစိတ် ၁၉ ပါး ရှိ၏။ ဥပေက္ခာသန္တီရဏစိတ် နှစ်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါးနှင့် မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါးတို့ပင်တည်း။
၃။ အာဝဇ္ဇန်းကိစ္စတပ်သောစိတ် နှစ်ပါးရှိ၏။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်တို့ ဖြစ်ကြ၏။
၄။ ဒဿနကိစ္စတပ်သောစိတ် နှစ်ပါးရှိ၏။ စက္ခုဝိညာဏ်ဒွေဖြစ်၏။
၅။ သဝနကိစ္စတပ်သောစိတ် နှစ်ပါးရှိ၏။ သောတဝိညာဏ်ဒွေဖြစ်၏။
၆။ ဃာယနကိစ္စတပ်သောစိတ် နှစ်ပါးရှိ၏။ ဃာနဝိညာဏ်ဒွေဖြစ်၏။

http://www.dhammadownload.com



၇။ သာယနကိစ္စတပ်သောစိတ် နှစ်ပါးရှိ၏။ ဇိဝှာဝိညာဏ်ဒွေဖြစ်၏။
၈။ ဖုသနကိစ္စတပ်သောစိတ် နှစ်ပါးရှိ၏။ ကာယဝိညာဏ်ဒွေဖြစ်၏။
၉။ သမ္ပဋိစ္ဆိုန်းကိစ္စတပ်သောစိတ် နှစ်ပါးရှိ၏။ သမ္ပဋိစ္ဆိုန်းဒွေဖြစ်၏။
၁၀။ သန္တီရဏကိစ္စတပ်သောစိတ် သုံးပါးရှိ၏။ သန္တီရဏစိတ် သုံးပါး ဖြစ်၏။
၁၁။ ဝုဋ္ဌောကိစ္စတပ်သောစိတ် တစ်ပါးရှိ၏။ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။
၁၂။ ဇောကိစ္စတပ်သောစိတ် ၅၅ ပါး ရှိ၏။ အကုသိုလ်စိတ် ၁၂ ပါး၊ ကုသိုလ်စိတ် ၂၁ ပါး၊ ဖိုလ်စိတ် လေးပါး၊ အာဝဇ္ဇန်းဒွေကြဉ်သော ကြိယာစိတ် ၁၈ ပါး ဟူ၍ ၅၅ ပါးဖြစ်ပါသည်။

(ဇောစိတ် ၅၅ ပါးကို အကျဉ်းမှတ်သားနိုင်သောနည်းမှာ 'ကုကုကြိဖိုလ်' ကို မှတ်သားရန် ဖြစ်၏။ အကုသိုလ်စိတ်, ကုသိုလ်စိတ်, အာဝဇ္ဇန်းဒွေကြဉ်သည့် ကြိယာစိတ်နှင့် ဖိုလ်စိတ်များကို အကုန်ယူရန်ဖြစ်၏။ အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ ဟသိတုပ္ပါဒ် ၁၊ ပေါင်း ၂၉ ပါးသည် ကာမစိတ်များဖြစ်ကြသဖြင့် **ကာမဇော** ဟု အမည်တွင်၏။

မဟဂ္ဂုတ်ကုသိုလ် ၉၊ မဟဂ္ဂုတ်ကြိယာ ၉၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ ပေါင်း ၂၆ ပါးတို့သည် အပ္ပနာစိတ်များ ဖြစ်ကြသဖြင့် **အပ္ပနာဇော** ဟု အမည်တွင်၏။

၁၃။ တဒါရုံကိစ္စတပ်သောစိတ် ၁၁ ပါးရှိ၏။ မဟာဝိပါက်စိတ် ရှစ်ပါးနှင့် သန္တီရဏစိတ် သုံးပါးတို့ ဖြစ်ကြ၏။
၁၄။ စုတိကိစ္စတပ်သောစိတ် ၁၉ ပါးရှိ၏။ ဥပေက္ခာသန္တီရဏစိတ် နှစ်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါးနှင့် မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါးတို့ဖြစ်ကြ၏။

**ကိစ္စဆောင်ရွက်ရာဌာနများ**

လူတို့၏အမှုလုပ်ငန်းကို 'ကိစ္စ' ဟု ခေါ်၍ ထိုလုပ်ငန်း ပြုလုပ်ရာအလုပ်ရုံကို 'ဌာန' ဟုခေါ်ဆိုသကဲ့သို့ စိတ်တို့၏အမှုလုပ်ငန်းကို 'ကိစ္စ' ဟုခေါ်ပြီး ထိုကိစ္စ ပြုလုပ်ရာ စိတ်ဒြပ်ကို 'ဌာန' ဟု ခေါ်၏။

(၁) ပဋိသန္ဓေဌာန = ပဋိသန္ဓေကိစ္စကို ဆောင်ရွက်ရာ ပဋိသန္ဓေစိတ် ၁၉ ပါး၊
(၂) ဘဝင်ဌာန = ဘဝင်ကိစ္စကို ဆောင်ရွက်ရာ ဘဝင်စိတ် ၁၉ ပါး၊
(၃) အာဝဇ္ဇန်းဌာန = အာဝဇ္ဇန်းကိစ္စကို ဆောင်ရွက်ရာ အာဝဇ္ဇန်းဒွေ၊
(၄) ပဉ္စဝိညာဏ်ဌာန = ဒဿနကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စတို့ကို ဆောင်ရွက်ရာ ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊
(၅) သမ္ပဋိစ္ဆိုန်းဌာန = သမ္ပဋိစ္ဆိုန်းကိစ္စကို ပြုလုပ်ရာ သမ္ပဋိစ္ဆိုန်းဒွေ၊
(၆) သန္တီရဏဌာန = သန္တီရဏကိစ္စကို ပြုလုပ်ရာ သန္တီရဏစိတ်သုံးပါး၊
(၇) ဝုဋ္ဌောဌာန = ဝုဋ္ဌောကိစ္စကို ဆောင်ရွက်ရာ မနောဒွါရာဝဇ္ဇန်းစိတ်၊

http://www.dhammadownload.com



(၈) ဓောဌာန = ဓောကိစ္စကို ဆောင်ရွက်ရာ ဓောစိတ် ၅၅ ပါး၊
(၉) တဒါရုံဌာန = တဒါရုံကိစ္စကို ဆောင်ရွက်ရာ တဒါရုံစိတ် ၁၁ ပါး၊

**မှတ်ချက်။** ။ 'ဌာန' ဟူသည်မှာ ကိစ္စဆောင်ရွက်ရာ ရှေ့စိတ်နှင့် နောက်စိတ် နှစ်ခုတို့၏ အကြား စိတ်တစ်ခုဖြစ်လောက်ရာ အခါကာလ ဖြစ်သည်ဟုလည်း မှတ်ယူနိုင်၏။

ဝီထိစိတ်အစဉ်တွင် အာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုန်းစိတ်အကြား၌ စိတ်တစ်ခု ဖြစ်လောက်ရာ အခါကာလသာ ရှိ၏။ ထိုကြားကာလကို ပဉ္စဝိညာဏ်ဌာနဟု ခေါ်၏။ ဤဌာနတစ်ခုတည်း၌ ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ တို့ကို လိုအပ်သလို ဆောင်ရွက်နိုင်ကြသဖြင့် ကိစ္စပေါင်း ၁၄ ရပ် ရှိသော်လည်း ဌာန အရေအတွက်ပေါင်းမှာ ၁၀ ခုသာ ရှိ၏။

## ကိစ္စနှင့် ဌာနတပ်သော စိတ်များ

(ကိစ္စသင်္ဂဟဇယားကို ကြည့်ပြီး ဖတ်ရှုပါ။)

၁။ တစ်ကိစ္စတစ်ဌာန တပ်သော စိတ် ၆၈ ပါးရှိ၏။ ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် သုံးပါးနှင့် ဓောစိတ် ၅၅ ပါး တို့ ဖြစ်ကြ၏။

(မနောဓာတ်သုံးပါး=ပဉ္စဒွါရာဝဇ္ဇန်း ၁ + သမ္ပဋိစ္ဆိုန်း ၂)

စက္ခုဝိညာဏ်ဒွေသည် ဒဿနကိစ္စနှင့် ပဉ္စဝိညာဏ်ဌာနတာဝန်ကို ထမ်းရွက်၏။

သောတဝိညာဏ်ဒွေသည် သဝနကိစ္စနှင့် ပဉ္စဝိညာဏ်ဌာနတာဝန်ကို ထမ်းရွက်၏။

ဃာနဝိညာဏ်ဒွေသည် ဃာယနကိစ္စနှင့် ပဉ္စဝိညာဏ်ဌာနတာဝန်ကို ထမ်းရွက်၏။

ဇိဝှာဝိညာဏ်ဒွေသည် သာယနကိစ္စနှင့် ပဉ္စဝိညာဏ်ဌာနတာဝန်ကို ထမ်းရွက်၏။

ကာယဝိညာဏ်ဒွေသည် ဖုသနကိစ္စနှင့် ပဉ္စဝိညာဏ်ဌာနတာဝန်ကို ထမ်းရွက်၏။

ပဉ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စနှင့် အာဝဇ္ဇန်းဌာနတာဝန်ကို ထမ်းရွက်၏။

သမ္ပဋိစ္ဆိုန်းဒွေသည် သမ္ပဋိစ္ဆိုန်းကိစ္စနှင့် သမ္ပဋိစ္ဆိုန်းဌာနတာဝန်ကို ထမ်းရွက်၏။

ဓောစိတ် ၅၅ တို့သည် ဓောကိစ္စနှင့် ဓောဌာနတာဝန်ကို ထမ်းရွက်၏။

http://www.dhammadownload.com



၂။ နှစ်ကိစ္စ, နှစ်ဌာနတပ်သော စိတ်နှစ်ပါးရှိ၏။ သောမနဿသန္တီရဏနှင့် မနော ဒွါရာဝဇ္ဇန်းတို့ ဖြစ်ကြ၏။

သောမနဿသန္တီရဏသည် သန္တီရဏကိစ္စနှင့် သန္တီရဏဌာန တာဝန်ကို လည်းကောင်း၊ တဒါရုံကိစ္စနှင့် တဒါရုံဌာနတာဝန်ကိုလည်းကောင်း ထမ်း ရွက်၏။

မနောဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စနှင့် အာဝဇ္ဇန်းဌာနတာဝန်ကိုလည်း ကောင်း၊ ဝုဋ္ဌောကိစ္စနှင့် ဝုဋ္ဌောဌာနတာဝန်ကိုလည်းကောင်း ထမ်းရွက်၏။

၃။ သုံးကိစ္စ,သုံးဌာနတပ်သောစိတ် ကိုးပါးရှိ၏။ မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါးတို့ ဖြစ်ကြ၏။ ဤစိတ်တို့သည် ပဋိသန္ဓေကိစ္စနှင့် ပဋိသန္ဓေဌာန, ဘဝင်ကိစ္စနှင့် ဘဝင်ဌာန, စုတိကိစ္စနှင့် စုတိဌာနတာဝန်ကို ထမ်းရွက်ကြ၏။

၄။ လေးကိစ္စ, လေးဌာနတပ်သော စိတ် ရှစ်ပါးရှိ၏။ မဟာဝိပါက်စိတ် ရှစ်ပါးတို့ ဖြစ်ကြ၏။ ဤစိတ်တို့သည် ပဋိသန္ဓေကိစ္စနှင့် ပဋိသန္ဓေဌာန, ဘဝင်ကိစ္စနှင့် ဘဝင်ဌာန, စုတိကိစ္စနှင့် စုတိဌာန, တဒါရုံကိစ္စနှင့် တဒါရုံဌာနတာဝန်များ ကို ထမ်းရွက်ကြ၏။

၅။ ငါးကိစ္စ, ငါးဌာနတပ်သော စိတ် နှစ်ပါးရှိ၏။ ဥပေက္ခာသန္တီရဏစိတ် နှစ်ပါး ဖြစ်၏။ ဤစိတ်တို့သည် ပဋိသန္ဓေကိစ္စနှင့်ပဋိသန္ဓေဌာန, ဘဝင်ကိစ္စနှင့် ဘဝင် ဌာန, သန္တီရဏကိစ္စနှင့် သန္တီရဏဌာန, တဒါရုံကိစ္စနှင့် တဒါရုံဌာန, စုတိကိစ္စ နှင့် စုတိဌာနတာဝန်များကို ထမ်းရွက်ကြ၏။

## ဒွါရသင်္ဂဟ

အာရုံဝင်ရောက်ရာတံခါးပေါက် 'ဒွါရ' ခြောက်ပါးအပေါ် မူတည်၍ စိတ် စေတသိက်တို့ကို ပေါင်းစုရေတွက်ခြင်းသည် ဒွါရသင်္ဂဟမည်၏။

'ဒွါရ' ဟူသော သဒ္ဒါသည် 'တံခါးပေါက်' ကို ဟော၏။ ပကတိတံခါးပေါက်သည် နေအိမ်အတွင်းသို့ လူတို့ဝင်ရောက်ရာ အပေါက်ဝဖြစ်၏။ ထို့အတူ စက္ခုပသာဒဟု ခေါ်သော မျက်စိအကြည်ဓာတ်သည် အဆင်းအာရုံဝင်ရောက်ရာ (ဝါ) ပေါ်ထွင်းလာရာ ဌာနဖြစ်၏။ သို့အတွက် စက္ခုပသာဒကို မျက်စိတံခါးပေါက် (စက္ခုဒွါရ) ဟု တင်စား၍ ခေါ်ဆို၏။

## ဒွါရ ခြောက်ပါး

* ဒွါရများနှင့် ၎င်းတို့၏ တရားကိုယ် (ဆိုလိုရင်းတရား) တို့ကား အဘယ်နည်း။

၁။ **စက္ခုဒွါရ** = အဆင်းအာရုံဝင်ရောက်ရာ မျက်စိတံခါးပေါက်၊ တရား ကိုယ်မှာ စက္ခုပသာဒ (မျက်စိအကြည်ဓာတ်) ဖြစ်၏။

http://www.dhammadownload.com



၂။ **သောတဒွါရ** = အသံအာရုံဝင်ရောက်ရာ နားတံခါးပေါက်၊ တရားကိုယ်မှာ သောတပသာဒ (နားအကြည်ဓာတ်) ဖြစ်၏။

၃။ **ဃာနဒွါရ** = အနံ့အာရုံဝင်ရောက်ရာ နှာတံခါးပေါက်၊ တရားကိုယ်မှာ ဃာနပသာဒ (နှာအကြည်ဓာတ်) ဖြစ်၏။

၄။ **ဇိဝှာဒွါရ** = အရသာအာရုံဝင်ရောက်ရာ လျှာတံခါးပေါက်၊ တရားကိုယ်မှာ ဇိဝှာပသာဒ (လျှာအကြည်ဓာတ်) ဖြစ်၏။

၅။ **ကာယဒွါရ** = အထိအတွေ့အာရုံ ဝင်ရောက်ရာ ကိုယ်တံခါးပေါက်၊ တရားကိုယ်မှာ ကာယပသာဒ (ကိုယ်အကြည်ဓာတ်) ဖြစ်၏။

၆။ **မနောဒွါရ** = စိတ်ကူးအာရုံစသည့်အာရုံခြောက်ပါး ဝင်ရောက်ရာ စိတ်တံခါးပေါက်၊ တရားကိုယ်မှာ (ဘဝင်စိတ် ၁၉ ပါး) ဖြစ်၏။

**ဒွါရအသီးသီး၌ဖြစ်ပေါ်သော စိတ်များ**

(ဒွါရသင်္ဂဟဇယားကို ကြည့်ပြီး ဖတ်ဆိုပါ။)

၁။ စက္ခုဒွါရ၌ဖြစ်နိုင်သောစိတ် ၄၆ ပါးရှိ၏။ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈၊ ပေါင်း ၄၆ ပါးတည်း။

(တဒါရုံ ၁၁ ပါးရှိသော်လည်း သန္တီရဏသုံးပါးကို ရေတွက်ပြီးဖြစ်၍ ကျန်မဟာဝိပါက် ရှစ်ပါးကိုသာ ယူရမည်။)

၂။ သောတဒွါရ၌ဖြစ်နိုင်သောစိတ် ၄၆ ပါး ရှိ၏။ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သောတဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈၊ ပေါင်း ၄၆ ပါးတည်း။

၃။ ဃာနဒွါရ၌ဖြစ်နိုင်သော စိတ် ၄၆ ပါးရှိ၏။ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဃာနဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈၊ ပေါင်း ၄၆ ပါးတည်း။

၄။ ဇိဝှာဒွါရ၌ဖြစ်နိုင်သောစိတ် ၄၆ ပါးရှိ၏။ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဇိဝှာဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈၊ ပေါင်း ၄၆ ပါးတည်း။

၅။ ကာယဒွါရ၌ ဖြစ်နိုင်သောစိတ် ၄၆ ပါးရှိ၏။ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ကာယဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈၊ ပေါင်း ၄၆ ပါးတည်း။

http://www.dhammadownload.com



၆။ မနောဒွါရ၌ဖြစ်နိုင်သောစိတ် ၆၇ ပါးရှိ၏။ မနောဒွါရာဝဇ္ဇန်း ၁၊ ဇော ၅၅ ပါး၊ တဒါရုံ ၁၁ ပါး၊ ပေါင်း ၆၇ ပါးတည်း။

**မှတ်ချက်။** ။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ တည်းဟူသော ရုပ်ဒွါရ ငါးပါး (ဝါ) ပဉ္စဒွါရတို့၌ ဖြစ်ပေါ်နိုင်သော စိတ်အားလုံးကို ရေတွက်သော် ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈ ဟူ၍ စုစုပေါင်း ၅၄ ပါး ဖြစ်သည်။

### တစ်ဒွါရစသည်၌ဖြစ်ပေါ်သော စိတ်များ

၁။ တစ်ဒွါရ၌ဖြစ်ပေါ်နိုင်သော စိတ်များသည် အဘယ်မျှရှိသနည်း။

ဒွေပဉ္စဝိညာဏ် ၁၀၊ အပ္ပနာဇော ၂၆ ပါးဟူ၍ ၃၆ ပါးရှိပါသည်။

ဤစိတ်တို့ကို ကေဒွါရိကစိတ်များဟု ခေါ်၏။

ဒွေပဉ္စဝိညာဏ် ၁၀ အနက် စက္ခုဝိညာဏ်ဒွေသည် စက္ခုဒွါရ၌ ဖြစ်၏။ သောတဝိညာဏ်ဒွေသည် သောတဒွါရ၌ဖြစ်၏။ ဃာနဝိညာဏ်ဒွေသည် ဃာနဒွါရ၌ ဖြစ်၏။ ဇိဝှာဝိညာဏ်ဒွေသည် ဇိဝှာဒွါရ၌ ဖြစ်၏။ ကာယဝိညာဏ်ဒွေသည် ကာယဒွါရ၌ဖြစ်၏။ အပ္ပနာဇော ၂၆ ပါးတို့ကား မနောဒွါရ၌ ဖြစ်ကြ၏။

**မှတ်ချက်။** ။ ဇောစိတ် ၅၅ ပါးအနက် ကာမစိတ် ၂၉ ပါးကို ကာမဇောဟု ခေါ်ပြီး ဈာန်စိတ် ၂၆ ပါးကို အပ္ပနာဇောဟု ခေါ်၏။

ကာမဇော ၂၉ = အကုသိုလ် ၁၂၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ ဟသိတုပ္ပါဒ် ၁။

အပ္ပနာဇော ၂၆ = မဟဂ္ဂုတ်ကုသိုလ် ၉၊ မဟဂ္ဂုတ်ကြိယာ ၉၊ မဂ် ၄၊ ဖိုလ် ၄။

၂။ ရုပ်ဒွါရငါးပါး၌သာဖြစ်နိုင်သောစိတ် မည်မျှရှိသနည်း။ ပဉ္စဒွါရာဝဇ္ဇန်း ၁ နှင့် သမ္ပဋိစ္ဆိုန်း ၂ ဟူ၍ သုံးပါးရှိပါသည်။

ဤစိတ်တို့ကို ပဉ္စဒွါရိကစိတ်များဟု ခေါ်၏။

၃။ ဒွါရခြောက်ပါးလုံး၌ အမြဲဖြစ်နိုင်သောစိတ် မည်မျှရှိသနည်း။ သောမနဿ သန္တီရဏ ၁၊ မနောဒွါရာဝဇ္ဇန်း ၁ နှင့် ကာမဇော ၂၉ ဟူ၍ ၃၁ ပါးရှိပါသည်။

ဤစိတ်တို့ကို ဆဒွါရိကစိတ်များဟု ခေါ်၏။

၄။ ရံခါ ခြောက်ဒွါရ၌ဖြစ်၍ ရံခါ ခြောက်ဒွါရမှလွတ်သောစိတ် မည်မျှရှိသနည်း။ ဥပေက္ခာသန္တီရဏ နှစ်ပါးနှင့် မဟာဝိပါက်စိတ် ရှစ်ပါးဟူ၍ ၁၀ ပါး ရှိပါသည်။ ဤစိတ်တို့သည် သန္တီရဏ၊ တဒါရုံကိစ္စတပ်သောအခါ ခြောက်ဒွါရ၌

http://www.dhammadownload.com



ဖြစ်ပြီး ပဋိသန္ဓေ, ဘဝင်နှင့် စုတိကိစ္စတစ်ပါးပါး တပ်သည့်အခါ၌ ခြောက်ဒွါရမှ လွတ်၏။ ဤစိတ် ၁၀ ပါးကို 'ဆဒွါရိကဝိမုတ္တ' စိတ်များဟု ခေါ်၏။

၅။ အခါခပ်သိမ်း ခြောက်ဒွါရမှ လွတ်သောစိတ် မည်မျှရှိသနည်း။

မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါးဟူ၍ ကိုးပါးရှိပါသည်။ ဤစိတ်တို့သည် ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတို့ကိုသာ ဆောင်ရွက်ကြသဖြင့် အခါခပ်သိမ်း ခြောက်ဒွါရမှ လွတ်ကုန်၏။ ဤစိတ်တို့ကို 'သဗ္ဗထာဒွါရဝိမုတ္တ' စိတ်များဟု ခေါ်၏။

**မှတ်ချက် (၁)။** ။ ဥပေက္ခာသန္တီရဏစိတ် ၂၊ မဟာဝိပါက် ၈ နှင့် မဟဂ္ဂုတ်ဝိပါက် ၉ ဟူသော စိတ် ၁၉ ပါးတို့သည် မနောဒွါရအဖြစ် ဆောင်ရွက်သောစိတ် ဖြစ်ကြ၏။ ၎င်းတို့သည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စတပ်သည့်အခါ မည်သည့်ဒွါရ၌မျှ မဖြစ်ပေါ်ကြချေ။ သို့အတွက် ၎င်းတို့ကို ဒွါရဝိမုတ္တ (ဝါ) ဒွါရဝိမုတ်စိတ်များ (ဒွါရမှလွတ်သောစိတ်များ) ဟု ခေါ်၏။

**မှတ်ချက် (၂)။** ။ ဒွါရသင်္ဂဟဇယားသို့ လက်ယာဘက် သီးခြားအကွက်ငယ်၌ တစ်ဒွါရ၌ဖြစ်သော စိတ် ၃၆ ပါး၊ ငါးဒွါရ၌ဖြစ်သော စိတ် သုံးပါး၊ ခြောက်ဒွါရ၌ အမြဲဖြစ်သော စိတ် ၃၁ ပါး၊ ခြောက်ဒွါရမှ ရံခါလွတ်သောစိတ် ၁၀ ပါးနှင့် ခြောက်ဒွါရမှ အမြဲလွတ်နေသောစိတ် ကိုးပါးရှိကြောင်းကို သင်္ချာဖြင့် ဖော်ပြထား၏။

### ဒွါရနှင့် စေတသိက်များ

စေတသိက်များသည် စိတ်နှင့်အတူဖြစ်၊ အတူချုပ်ငြိမ်း၍ အာရုံတူ မှီရာဝတ္ထုလည်း တူကြ၏။ ထို့ကြောင့် စိတ်ဖြစ်သောဒွါရ၌ ယှဉ်ဖက်စေတသိက်များလည်း တစ်ပြိုင်တည်းဖြစ်ပေါ်ကြလိမ့်မည်။

အပ္ပမညာနှစ်ပါးသည် သတ္တဝါဟူသော ပညတ်တရားကို အာရုံပြု၏။ စက္ခုဒွါရစသည့် ရုပ်ပဉ္စဒွါရတို့၌ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဟူသော ပရမတ်တရားများသာ ထင်ပေါ်နိုင်ကြ၏။ သို့အတွက် ပရမတ်တရားတို့ကို အာရုံပြုကြသည့် စေတသိက်များသာ ရုပ်ပဉ္စဒွါရတို့၌ ဖြစ်နိုင်ကြ၏။

ထို့ကြောင့် ပညတ်တရားကို အာရုံပြုသော အပ္ပမညာဒွေသည် စက္ခုစသည့် ဒွါရငါးပါး၌ မဖြစ်ထိုက်။ မနောဒွါရ၌သာ ဖြစ်ထိုက်၏။ ကျန်စေတသိက်များကား ဒွါရခြောက်ပါးလုံး၌ ဖြစ်ထိုက်၏ဟု သင်္ဂြိုဟ်ရေတွက်ရာ၏။

http://www.dhammadownload.com



## အာရမ္မဏသင်္ဂဟ

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့်ဓမ္မတို့သည် စိတ်စေတသိက်တို့၏ 'မွေ့လျော်ရာ' ဖြစ်သောကြောင့် အာရမ္မဏမည်ကုန်၏။ ထိုအာရမ္မဏ ဟူသော ပါဠိသဒ္ဒါမှ 'အာရုံ' ဟူသည့် မြန်မာဝေါဟာရဖြစ်ပေါ်လာ၏။

အာရုံခြောက်ပါးရှိ၏။ စိတ်စေတသိက်တို့သည် အာရုံတစ်ခုခုကို အမှီပြုပြီး ဖြစ်ပေါ်ကြရ၏။ အာရုံတို့ကို မူတည်၍ စိတ်စေတသိက်တို့ကို ပေါင်းစုရေတွက်ခြင်းကို အာရမ္မဏသင်္ဂဟဟု ခေါ်၏။

## အာရုံခြောက်ပါး

* အာရုံခြောက်ပါးနှင့် ၎င်းတို့၏ တရားကိုယ်များကား အဘယ်နည်း။

၁။ **ရူပါရုံ** = အဆင်း။ တရားကိုယ်မှာ 'ဝဏ္ဏ' အဆင်းဖြစ်၏။

၂။ **သဒ္ဒါရုံ** = အသံ။ တရားကိုယ်မှာ 'သဒ္ဒ' အသံဖြစ်၏။

၃။ **ဂန္ဓာရုံ** = အနံ့။ တရားကိုယ်မှာ 'ဂန္ဓ' အနံ့ဖြစ်၏။

၄။ **ရသာရုံ** = အရသာ။ တရားကိုယ်မှာ 'ရသ' အရသာဖြစ်၏။

၅။ **ဖောဋ္ဌဗ္ဗာရုံ** = အထိအတွေ့။ တရားကိုယ်မှာ ပထဝီ, တေဇော, ဝါယော ဟူသော ဓာတ်သုံးပါးသာလျှင်ဖြစ်သော အထိအတွေ့ 'ဖောဋ္ဌဗ္ဗ' ဖြစ်၏။

၆။ **ဓမ္မာရုံ** = ပသာဒရုပ် ငါးပါး, သုခုမရုပ် ၁၆ ပါး, စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး, နိဗ္ဗာန်, ပညတ်ဟု ဆိုအပ်သော ခြောက်မျိုးသော တရားစုကို ဓမ္မာရုံဟု ခေါ်၏။

## အာရုံနှင့် ကာလ

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် မြင်နိုင်, ကြားနိုင်, နံနိုင်, စားသိနိုင်, ထိသိနိုင်လောက်အောင် ကြမ်းတမ်းသည့် ဩဠာရိကရုပ် (ရုပ်ကြမ်း) များဖြစ်ကြ၏။

ဓမ္မာရုံ၌ ပါဝင်သော ပသာဒရုပ် ခေါ် အကြည်ဓာတ် ငါးပါးနှင့် သုခုမရုပ် ခေါ် သိမ်မွေ့သောရုပ် ၁၆ ပါးတို့သည် မမြင်နိုင် မထိတွေ့နိုင်သော ရုပ်နုများဖြစ်ကြ၏။ စိတ် ၈၉ ပါးနှင့် စေတသိက် ၅၂ ပါးတို့မှာ နာမ်တရားများ ဖြစ်ကြ၏။

ရုပ်တရား နာမ်တရားတို့သည် 'ဥပါဒ်–ဌီ–ဘင်' (ဖြစ်–တည်–ပျက်) အစီအစဉ်အရ ခဏဖြစ်၍ ခဏပျက်လျက် ရှိကြ၏။

ဖြစ်ပေါ်၍ မချုပ်ခင် 'ဥပါဒ်–ဌီ–ဘင်' အားဖြင့် အထင်အရှားရှိခိုက် အာရုံကို 'ပစ္စုပ္ပန်' အာရုံဟု ခေါ်၏။

ဥပါဒ် – ဌီ – ဘင် စေ့၍ ချုပ်လေပြီးသောအာရုံကို 'အတိတ်' အာရုံဟု ခေါ်၏။

http://www.dhammadownload.com



အကြောင်းညီညွတ်လျှင် ကေန်ဖြစ်ပေါ်မည့်အာရုံကို 'အနာဂတ်' အာရုံဟု ခေါ်၏။

ထို့ကြောင့် ဆိုခဲ့ပြီးသော ရုပ်–စိတ်– စေတသိက်တို့သည် အတိတ် – ပစ္စုပ္ပန် – အနာဂတ် ဟူ၍ ကာလသုံးပါးစီ ရှိကြ၏။

ဓမ္မာရုံ၌ အကျုံးဝင်သည့် 'ပညတ်' အာရုံနှင့် 'နိဗ္ဗာန်' အာရုံတို့မှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူသည့် ကာလသုံးပါးမှ ကင်းလွတ်နေသော 'ကာလဝိမုတ်' အာရုံများ ဖြစ်ကြ၏။

'ပညတ်' သည် အချုပ်အားဖြင့် နာမပညတ်နှင့် အတ္ထပညတ်ဟူ၍ နှစ်မျိုးရှိ၏။ နာမပညတ်သည် လူတို့သမုတ်ခေါ်ဝေါ်ထားကြသည့် အမည်နာမများ ဖြစ်ကြ၏။ အတ္ထပညတ်သည် အိမ်၊ ကျောင်း၊ ခွေး၊ ကြောင်၊ လူ၊ နတ် စသည့် အထည်ဒြပ်ကို စွဲ၍ သတ်မှတ်ချက်များသာ ဖြစ်ကြ၏။ တကယ်ရှိသော ပရမတ်တရားများ မဟုတ်ချေ။ လောကီ အမြင်အရ 'အိမ်၊ ကျောင်း၊ လူ၊ ခွေး' စသည်တို့မှာ တကယ်အထင်အရှားရှိသော်လည်း လက်ဆုပ်လက်ကိုင်ပြသည့်အခါ ရုပ်ကလာပ်များကိုသာ တွေ့ရ၏။ 'အိမ်' ကို မတွေ့ရ။ 'ကျောင်း' ကို မတွေ့ရ။ 'လူ' ကို မတွေ့ရ။ 'ခွေး' ကို မတွေ့ရ။ ထို့ကြောင့် ပညတ်တရားကို တကယ်မရှိခြင်းကြောင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟူ၍ မဆိုထိုက်ချေ။

'နိဗ္ဗာန်' သည် 'သန္တိသုခ' ဟူသည့် 'ငြိမ်းအေးချမ်းသာခြင်း' သဘောဖြစ်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်သော တကယ်ရှိသည့် ပရမတ်တရားဖြစ်၏။ သို့သော် နိဗ္ဗာန်တွင် 'ဥပါဒ်' ဟူသည့် ဖြစ်ခြင်းသဘောမရှိ၊ 'ဘင်' ဟူသည့် ပျက်ခြင်းသဘောလည်း မရှိ။ ဥပါဒ်နှင့် ဘင်အကြားဖြစ်သည့် 'ဋ္ဌီ' ဟူသည့် တည်ဆဲသဘောလည်း မရှိ။ 'ဥပါဒ် – ဋ္ဌီ – ဘင်' သဘောမရှိသည့်အတွက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍ သတ်မှတ်၍မရ။

ထို့ကြောင့် ပညတ်နှင့် နိဗ္ဗာန်တို့သည် 'ကာလဝိမုတ်' ဖြစ်ကြ၏။

**ခြောက်ဒွါရ၌ဖြစ်ကြသော စိတ်တို့၏ အာရုံများ**

(အာရမ္မဏသင်္ဂဟဇယားကို ကြည့်ပြီး ဖတ်ဆိုပါ။)

၁။ စက္ခုဒွါရ၌ဖြစ်သောစိတ် (စက္ခုဒွါရိကစိတ်) ၄၆ ပါးတို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကြ၏။

၂။ သောတဒွါရ၌ဖြစ်သောစိတ် (သောတဒွါရိကစိတ်) ၄၆ ပါးတို့သည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုကြ၏။

၃။ ဃာနဒွါရ၌ဖြစ်သောစိတ် (ဃာနဒွါရိကစိတ်) ၄၆ ပါးတို့သည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုကြ၏။

၄။ ဇိဝှာဒွါရ၌ဖြစ်သောစိတ် (ဇိဝှာဒွါရိကစိတ်) ၄၆ ပါးတို့သည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြုကြ၏။

http://www.dhammadownload.com



၅။ ကာယဒွါရ၌ဖြစ်သောစိတ် (ကာယဒွါရိကစိတ်) ၄၆ ပါးတို့သည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုကြ၏။

၆။ မနောဒွါရ၌ဖြစ်သောစိတ် (မနောဒွါရိကစိတ်) ၆၇ ပါးတို့သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ ကာလဝိမုတ်ဖြစ်သော အာရုံခြောက်ပါးလုံးကို အာရုံပြုနိုင်ကြ၏။

**အာရုံနှင့် စိတ်**

၁။ ကာမအာရုံကိုသာ အာရုံပြုကြသောစိတ်တို့သည် ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် သုံးပါး၊ တဒါရုံ ၁၁ ပါး၊ ဟသိတုပ္ပါဒ်ဟူသည့် ၂၅ ပါးတို့ ဖြစ်ကြ၏။

၂။ မဟဂ္ဂုတ်အာရုံကိုသာ အာရုံပြုကြသော စိတ်တို့သည် ဝိညာဏဉ္စာယတန စိတ် သုံးပါး၊ နေဝသညာနာသညာယတနစိတ် သုံးပါးဟူသည့် ခြောက်ပါး တို့ ဖြစ်ကြ၏။

၃။ ပညတ်ကိုသာ အာရုံပြုကြသော စိတ်တို့သည် အဘိညာဉ်ဒွေကြဉ်သော ရူပါ ဝစရစိတ် ၁၅ ပါး၊ အာကာသာနဉ္စာယတနစိတ် သုံးပါး၊ အာကိဉ္စညာယတန စိတ် သုံးပါးဟူသည့် ၂၁ ပါးတို့ ဖြစ်ကြ၏။

**မှတ်ချက်။** ။ အဘိညာဉ်ဒွေ ကြဉ်သော်လည်း အဘိညာဉ်ကိစ္စ မတပ် သော ရူပါဝစရကုသိုလ်, ကြိယာ ပဉ္စမဈာန်စိတ်များ ကြွင်း သေးသောကြောင့် အရေအတွက်မလျော့ဟု မှတ်ပါ။

၄။ နိဗ္ဗာန်ကိုသာ အာရုံပြုသောစိတ်တို့သည် မဂ်လေးပါး၊ ဖိုလ်လေးပါးဟူသည့် စိတ်ရှစ်ပါးတို့ ဖြစ်ကြ၏။

၅။ လောကုတ္တရာအာရုံမှတစ်ပါး အခြားအလုံးစုံသောအာရုံကို ယူနိုင်ကြသော စိတ်တို့သည် အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် လေး ပါး၊ မဟာကြိယာဉာဏဝိပ္ပယုတ် လေးပါးဟူသည့် ၂၀ ပါးတို့ဖြစ်ကြ၏။

၆။ အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့မှတစ်ပါး အခြားအလုံးစုံသောအာရုံကို ယူနိုင်ကြသော စိတ်တို့သည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးပါး၊ ပဉ္စမဈာန်ကုသိုလ်အဘိညာဉ်စိတ် တစ်ပါးဟူသည့် ငါးပါးတို့ ဖြစ်ကြ၏။

၇။ အကြွင်းမရှိအလုံးစုံသောအာရုံကိုယူနိုင်ကြသော စိတ်တို့သည် မဟာကြိယာ သမ္ပယုတ်စိတ် လေးပါး၊ ပဉ္စမဈာန်ကြိယာအဘိညာဉ်စိတ် တစ်ပါး၊ မနော ဒွါရာဝဇ္ဇန်းစိတ် တစ်ပါးဟူသည့် ခြောက်ပါးတို့ဖြစ်ကြ၏။

**မှတ်ချက်။** ။ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့သည် ကံ, ကမ္မ နိမိတ်, ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြုကြ၏။

http://www.dhammadownload.com



အပ္ပမညာစေတသိက် နှစ်ပါးသည် သတ္တပညတ်ကိုသာ အာရုံပြုသဖြင့် ဓမ္မာရုံကိုသာ အာရုံပြုသည်မည်၏။ ကြွင်းသည့်အာရုံငါးပါးကို အာရုံမပြုချေ။

အပ္ပမညာမှတစ်ပါး ကျန်စေတသိက် ၅၀ တို့သည် အာရုံခြောက်ပါးလုံးကို ယူနိုင်ကြ၏။

ထို့ကြောင့် ရူပါရုံကို အာရုံပြုနိုင်သော စေတသိက်များမှာ အပ္ပမညာကြဉ်သည့် စေတသိက် ၅၀ ဖြစ်၏။ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံနှင့် ဖောဋ္ဌဗ္ဗာရုံအသီးသီးကိုလည်း အလားတူပင် စေတသိက် ၅၀ တို့က အာရုံပြုနိုင်ကြ၏။

ဓမ္မာရုံကိုမူ စေတသိက် ၅၂ ပါးလုံးက အာရုံပြုနိုင်ကြ၏။

## ဝတ္ထုသင်္ဂဟ

စိတ်စေတသိက်တို့၏ မှီရာရုပ်ကို 'ဝတ္ထု' ဟု ခေါ်၏။ စိတ်စေတသိက်တို့သည် ဝတ္ထုရုပ်ကိုမှီ၍သာ ဖြစ်ပေါ်ကြ၏။ ဝတ္ထုရုပ် ခြောက်ပါးရှိရာ ထိုဝတ္ထုရုပ်တို့ကို အခြေခံ၍ စိတ်စေတသိက်များကို ပေါင်းစုရေတွက်ခြင်းကို ဝတ္ထုသင်္ဂဟဟု ခေါ်၏။

## ဝတ္ထု ခြောက်ပါး

ဝတ္ထုခြောက်ပါးနှင့် ၎င်းတို့၏ တရားကိုယ်များကား အဘာယ်နည်း။

၁။ **စက္ခုဝတ္ထု** = တရားကိုယ်မှာ စက္ခုပသာဒဖြစ်၏။
၂။ **သောတဝတ္ထု** = တရားကိုယ်မှာ သောတပသာဒဖြစ်၏။
၃။ **ဃာနဝတ္ထု** = တရားကိုယ်မှာ ဃာနပသာဒဖြစ်၏။
၄။ **ဇိဝှာဝတ္ထု** = တရားကိုယ်မှာ ဇိဝှာပသာဒ ဖြစ်၏။
၅။ **ကာယဝတ္ထု** = တရားကိုယ်မှာ ကာယပသာဒဖြစ်၏။
၆။ **ဟဒယဝတ္ထု** = တရားကိုယ်မှာ နှလုံးအိမ်အတွင်းရှိ နှလုံးသွေး၌တည်သော ဝတ္ထုရုပ်ဖြစ်၏။

**မှတ်ချက်။** ။ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှာဝတ္ထုနှင့် ကာယဝတ္ထုတို့ကို ပဉ္စဝတ္ထုဟု ခေါ်နိုင်၏။ ပဉ္စဝတ္ထုတို့၏ တရားကိုယ်များသည် ပဉ္စဒွါရတို့၏ တရားကိုယ်များနှင့် အတူတူပင် ဖြစ်ကြ၏။ တရားကိုယ်တစ်ခုစီက အမည်နှစ်မျိုးရပုံမှာ အလုပ်နှစ်မျိုး လုပ်သော လူတစ်ယောက်က အမည်နှစ်မျိုးရသည်နှင့်ဆင်တူ၏။

မနောဒွါရနှင့် ဟဒယဝတ္ထုတို့၏ တရားကိုယ်များ မတူညီကြသည်ကို သတိပြုပါလေ။

http://www.dhammadownload.com



### ဘုံနှင့် ဝတ္ထု

* ကာမဘုံ, ရူပဘုံ, အရူပဘုံတို့၌ ဝတ္ထုမည်မျှစီ ရကြသနည်း။

၁။ အပါယ်လေးဘုံ, လူ့ဘုံ, နတ်ပြည်ခြောက်ထပ်ဟူသည့် ကာမ ၁၁ ဘုံ၌ ဝတ္ထုခြောက်ပါးလုံးကို ရနိုင်၏။

၂။ ရူပဘုံ၌ စက္ခုဝတ္ထု, သောတဝတ္ထုနှင့် ဟဒယဝတ္ထုဟူသည့် ဝတ္ထုသုံးပါးတို့ကိုသာ ရနိုင်၏။

ရူပဗြဟ္မာများတွင် ကာမဂုဏ်ကို တပ်မက်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းကြောင့် ဃာနဝတ္ထု, ဇိဝှာဝတ္ထုနှင့် ကာယဝတ္ထုတို့ မရှိကြကုန်။ ဘုရားဖူးမြင်ရန်နှင့် တရားနာကြားရန်အတွက်မူ စက္ခုဝတ္ထုနှင့် သောတဝတ္ထုတို့ ရှိကြ၏။ စိတ်များမှီရန်အတွက် ဟဒယဝတ္ထု ရှိပေးရ၏။

၃။ အရူပဘုံ၌ ဝတ္ထုတစ်ခုမှ မရှိချေ။

အရူပဗြဟ္မာများတွင် ရုပ်၌ တပ်မက်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းကြောင့် ရုပ်မရှိဘဲ နာမ်သာရှိကြ၏။ အရူပဘုံ၌ဖြစ်သောစိတ်တို့သည် ဝတ္ထုရုပ်ကို မမှီဘဲ ဖြစ်နိုင်ကြ၏။

### ဝိညာဏဓာတ် ခုနစ်ပါး

* ဝတ္ထုသင်္ဂဟ၌လာသော ဝိညာဏဓာတ် ခုနစ်ပါးတို့၏ တရားကိုယ်များကား အဘယ်နည်း။

၁။ စက္ခုဝိညာဏဓာတ် = တရားကိုယ်မှာ စက္ခုဝိညာဏ်ဒွေဖြစ်၏။
၂။ သောတဝိညာဏဓာတ် = တရားကိုယ်မှာ သောတဝိညာဏ်ဒွေဖြစ်၏။
၃။ ဃာနဝိညာဏဓာတ် = တရားကိုယ်မှာ ဃာနဝိညာဏ်ဒွေဖြစ်၏။
၄။ ဇိဝှာဝိညာဏဓာတ် = တရားကိုယ်မှာ ဇိဝှာဝိညာဏ်ဒွေဖြစ်၏။
၅။ ကာယဝိညာဏဓာတ် = တရားကိုယ်မှာ ကာယဝိညာဏ်ဒွေဖြစ်၏။
၆။ မနောဓာတ် = တရားကိုယ်မှာ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေဖြစ်၏။
၇။ မနောဝိညာဏဓာတ် = တရားကိုယ်မှာ ဒွေပဉ္စဝိညာဏ် ၁၀ နှင့် မနောဓာတ် သုံးပါးတို့မှကြွင်းသည့်စိတ် ၇၆ ပါးဖြစ်၏။

သတ္တဝါလည်းမဟုတ် အသက်လည်းမဟုတ်ဘဲ မိမိ၏ သဘောကို ဆောင်သည့် တရားကို 'ဓာတ်' ဟု ခေါ်၏။

စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်နှင့် ကာယဝိညာဏ်တို့ကို ပဉ္စဝိညာဏဓာတ်ဟု ခေါ်၏။

http://www.dhammadownload.com



ပဋ္ဌဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေတို့သည် အာရုံငါးပါးကို ဆင်ခြင်ရုံမျှ, ခံလင့်ရုံမျှ, သိရုံမျှ ဖြစ်ကြသောကြောင့် မနောဓာတ်ဟု ခေါ်၏။

ဒွေပဉ္စဝိညာဏ် ၁၀ ပါးသည် လက်ငင်းထင်ရှားသော အာရုံငါးပါးကို မြင်ခြင်း, ကြားခြင်း စသည့်ကိစ္စများ ရှိကြပြီးလျှင် မနောဓာတ်ထက်ထူးသော သိခြင်း ရှိသောကြောင့်လည်း ပဉ္စဝိညာဏဓာတ်ဟု အမည်တွင်၏။

ဒွေပဉ္စဝိညာဏ် ၁၀ ပါးနှင့် မနောဓာတ်သုံးပါးတို့မှကြွင်းသော စိတ် ၇၆ ပါးကား မနောဓာတ်ကဲ့သို့ သိကာမျှလည်း မဟုတ်၊ ပဉ္စဝိညာဏဓာတ်ကဲ့သို့ အသင့်အတင့်သိရုံမျှလည်း မဟုတ်၊ အာရုံကို ပိုင်းခြား၍ အထူးသဖြင့် ကောင်းစွာသိသောကြောင့် မနောဝိညာဏဓာတ်ဟု အမည်ရ၏။

## ဝတ္ထုနှင့် ဝိညာဏဓာတ်

* ဝိညာဏဓာတ်အသီးသီးတို့သည် အဘယ်ဝတ္ထုကိုမှီ၍ ဖြစ်ကြသနည်း။

၁။ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကို မှီ၏။

၂။ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကို မှီ၏။

၃။ ဃာနဝိညာဏဓာတ်သည် ဃာနဝတ္ထုကို မှီ၏။

၄။ ဇိဝှာဝိညာဏဓာတ်သည် ဇိဝှာဝတ္ထုကို မှီ၏။

၅။ ကာယဝိညာဏဓာတ်သည် ကာယဝတ္ထုကို မှီ၏။

၆။ မနောဓာတ် သုံးပါးသည် ဟဒယဝတ္ထုကို မှီကြ၏။

၇။ အရူပဝိပါက်လေးခု ကြဉ်သော မနောဝိညာဏဓာတ် ၇၂ ပါးတို့သည်လည်း ဟဒယဝတ္ထုကို မှီကြ၏။

## ဝတ္ထုရုပ်အလိုက် စိတ်များကို ခွဲခြားပုံ

(ဝတ္ထုသင်္ဂဟဇယားကို ကြည့်၍ ဖတ်ဆိုပါ။)

၁။ စက္ခုဝတ္ထုစသည့် ပသာဒရုပ်ဝတ္ထုငါးပါးကို မှီ၍ဖြစ်ကြသော စိတ် ၁၀ ပါး ရှိ၏။ ဒွေပဉ္စဝိညာဏ် ၁၀ ပါးတည်း။

၂။ ဟဒယဝတ္ထုကိုမှီ၍သာဖြစ်သော စိတ် ၃၃ ပါး ရှိ၏။ ဒေါသမူ ၂၊ မနောဓာတ် ၃၊ သန္တီရဏ ၃၊ ဟသိတုပ္ပါဒ် ၁၊ မဟာဝိပါက် ၈၊ ရူပါဝစရစိတ် ၁၅၊ သောတာပတ္တိမဂ် ၁၊ ပေါင်း ၃၃ ပါးတည်း။ ဤစိတ်တို့သည် ကာမဘုံ၊ ရူပဘုံတို့၌ဖြစ်သည့်စိတ်များ ဖြစ်ကြသောကြောင့် ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်ကြ၏။

၃။ ပသာဒရုပ်ဝတ္ထုငါးပါးကိုမှီ၍ဖြစ်ကြသော ဒွေပဉ္စဝိညာဏ် ၁၀၊ ဟဒယဝတ္ထုကို မှီ၍သာဖြစ်ကြသောစိတ် ၃၃ ပါး၊ ပေါင်း ၄၃ ပါးတို့သည် ဝတ္ထုရုပ်ကို မှီ၍သာ ဖြစ်ကြ၏။

http://www.dhammadownload.com



၄။ ဝတ္ထုရုပ်ကို မှီ၍လည်းကောင်း၊ မမှီ၍လည်းကောင်း ဖြစ်ကြသော စိတ်တို့သည် ၄၂ပါးရှိ၏။ ဒေါသမူကြဉ်သော အကုသိုလ်စိတ် ၁၀၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ်အကျဉ်း ခုနစ်ပါး၊ မနောဒွါရာဝဇ္ဇန်း ၁၊ ပေါင်း ၄၂ ပါးတည်း။

ဤစိတ် ၄၂ ပါးတို့သည် ပဉ္စဝေါကာရဘုံ (ခန္ဓာငါးပါးရှိသော ကာမဘုံနှင့် ရူပဘုံ) ၌ဖြစ်ခိုက်ဝယ် ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကြ၏။ စတုဝေါကာရဘုံ (ရုပ်မရှိ၊ နာမ်ခန္ဓာ လေးပါးသာ ရှိသော အရူပဘုံ) ၌ ဖြစ်သည့်အခါ ဝတ္ထုရုပ်ကို မမှီဘဲ ဖြစ်ကြ၏။

အခါခပ်သိမ်း ဝတ္ထုကို မမှီဘဲဖြစ်ကြသော စိတ်တို့သည် လေးပါးရှိကုန်၏။ အရူပဝိပါက်စိတ် လေးပါးတို့တည်း။ ဤစိတ်တို့သည် အရူပဗြဟ္မာတို့၏ ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်များ ဖြစ်ကြ၏။

## လေ့ကျင့်ရန် မေးခွန်းများ

၁။ အောက်ပါအခါတို့၌ မည်သည့်ဝေဒနာများ ဖြစ်ပါသနည်း။
(က) ထန်းလျက်ကို စားသောအခါ၊
(ခ) လက်ကို မီးလောင်သောအခါ။ (၁၉၈၁)

၂။ လူ၌ရှိသော ဒွါရခြောက်ပါးတို့ကို ရေတွက်ဖော်ပြ၍ စက္ခုဒွါရ၌ဖြစ်သော စိတ်များကို သင်္ချာမျှ ဖော်ပြခဲ့ပါ။ (၁၉၈၁)

၃။ လူ၌ရှိသော ဝိညာဏဓာတ် ခုနစ်မျိုးတို့ကို ရေတွက်ဖော်ပြခဲ့ပါ။ (၁၉၈၁)

၄။ အောက်ပါ အဘိဓမ္မာသိဖွယ်ရာတို့ကို ဖော်ပြပါ။
(က) ခံစားချက် ဝေဒနာသုံးမျိုး၊
(ခ) အကုသိုလ် ဟိတ်သုံးမျိုး၊
(ဂ) အဗျာကတ ဟိတ်သုံးမျိုး။ (၁၉၈၃)

၅။ မနောဒွါရ၌ဖြစ်သောစိတ်များကို ရေတွက်ဖော်ပြပါ။ (၁၉၈၃)

၆။ ဓမ္မာရုံဟူသည် မည်သည့်တရားမျိုး ဖြစ်ပါသနည်း။ ရုပ်သည် ဓမ္မာရုံဖြစ်နိုင်ပါသလော၊ ရှင်းလင်းဖြေဆိုပါ။ (၁၉၈၃)

၇။ လျှင်မြန်စွာ ပြေးသောယောကျ်ားကဲ့သို့ အရှိန်အဟုန် လျှင်မြန်စွာဖြစ်သော ဇောစိတ် မည်မျှရှိသည်ကို ဖော်ပြပြီးလျှင် ကုသိုလ်၊ အကုသိုလ်၊ ကြိယာအားဖြင့်လည်း ခွဲခြားဖော်ပြပါ။ (၁၉၈၄)

၈။ စက္ခုစသော ဒွါရခြောက်ပါးတို့၌ မဖြစ်သောစိတ်များကို ရေတွက်ဖော်ပြပါ။ (၁၉၈၄)

http://www.dhammadownload.com



၉။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော အာရုံငါးပါးလုံးကို အာရုံပြုနိုင်သော စိတ်များကို မှန်ကန်စွာဖော်ပြပါ။ (၁၉၈၄)

၁၀။ လူ့ဘဝ၌ လူသားတစ်ဦးအနေဖြင့် ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်နိုင်သောစိတ်တို့ကို ရနိုင်သမျှ ရေတွက်ဖော်ပြခဲ့ပါ။ (၁၉၈၅)

၁၁။ လူသားတစ်ဦးအတွက် တစ်နေ့တာအတွင်း ခံစားရနိုင်သမျှသော ဝေဒနာတို့ကို ကုန်စင်အောင် ဖော်ပြပါ။ (၁၉၈၅)

၁၂။ အလှူမင်္ဂလာပွဲတစ်ခုသို့ သွားရန် အဝတ်အစားသစ်များကို ဝတ်ဆင်လိုက်ရာ မိမိကိုယ်တွင် ထိတွေ့ခံစားမှုအရ ဖြစ်ပေါ်နိုင်သောစိတ်တို့ကို ရေတွက်ဖော်ပြခဲ့ပါ။ (၁၉၈၅)

၁၃။ မနောဒွါရ၌ ဖြစ်နိုင်သမျှသောစိတ်တို့ကို အဘိဓမ္မာသင်္ဂြိုဟ်နည်းအရ ပြည့်စုံစွာ ရေတွက်ဖော်ပြခဲ့ပါ။ (၁၉၈၅)

၁၄။ အသည်းကွဲသီချင်းသံကို ကြားသောအခါ ဖြစ်ပေါ်လာသော ကြားသိစိတ် (သောတဝိညာဏ်)၏ အာရုံခံစားမှုဝေဒနာကို ဖြေဆိုပြီးလျှင် ဌာနငါးခုတွင် ပါဝင်၍ ကိစ္စငါးမျိုးကို ထမ်းဆောင်နိုင်သော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။ (၁၉၈၆)

၁၅။ ဓမ္မာရုံတွင် ပါဝင်သော တရားဓမ္မတို့ကို ထုတ်ပြပြီးလျှင် အာရုံခြောက်ပါးမှ တစ်ပါး အခြား 'ဆဋ္ဌမအာရုံ' ဟူ၍ ရှိနိုင်၊ မရှိနိုင် ဆုံးဖြတ်ပါ။ (၁၉၈၆)

၁၆။ ဟာဒယဝတ္ထုရုပ်ကိုမှီသောစိတ်များကို ကုန်စင်အောင် ရေတွက်ပြပါ။ (၁၉၈၆)

၁၇။ သဇင်ပန်းအလှကို မြင်ရသောအခါ ဖြစ်ပေါ်လာသော မြင်သိစိတ် (စက္ခုဝိညာဏ်)၏ အာရုံခံစားမှုဝေဒနာကိုဖော်ပြပြီးလျှင် ကုသိုလ်ဒွိဟိတ်စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။

၁၈။ မနောဒွါရာဝဇ္ဇန်းစိတ်၏ ကိစ္စများကိုဖော်ပြပြီးလျှင် ယင်းစိတ်သည် အဘယ်ကိစ္စဖြင့် အဘယ်ဒွါရ၌ဖြစ်ပါသနည်း။ အသီးသီးဖြေဆိုပါ။ (၁၉၈၇)

၁၉။ အာရုံငါးပါးနှင့် ဝိညာဏ်ငါးမျိုးတို့ကို ယှဉ်တွဲဖော်ပြပြီးလျှင် အာရုံငါးပါးမှ လွတ်သော အခြားအာရုံ ရှိ, မရှိကိုလည်း ဖြေဆိုပါ။ (၁၉၈၇)

**(၁၉၈၈-ခုနှစ်မှ ၁၉၉၂-ခုနှစ်အထိ စာမေးပွဲမေးခွန်း အမေးအဖြေများကို ဤစာအုပ် နောက်ဆက်တွဲမှာ ကြည့်ပါ။)**

၂၀။ 'ကိစ္စများမြောင် ဤလူ့ဘောင်ဝယ်' ဟူသည်နှင့်အညီ လူသားတစ်ယောက်အတွက် မွေးသည်မှ သေသည်အထိ မလွဲမဖယ်ပြုဖွယ်ကိစ္စများကို ထုတ်ဆောင်ပြ၍ ယင်းကိစ္စတို့၏ ဖြစ်ရာဌာနများကိုလည်း ညွှန်ပြခဲ့ပါ။ (၁၉၉၃)

http://www.dhammadownload.com



၂၁။ ဒွါရခြောက်ပါးတို့တွင် အဘယ်စိတ်ကို မနောဒွါရဟု ခေါ်ဆိုပါသနည်း၊ ဖော်ပြ၍ ဒွါရအားလုံး၌ဖြစ်သောစိတ်နှင့် ဒွါရအားလုံးတို့မှလွတ်သောစိတ်တို့ကိုလည်း ကွဲပြားအောင် ဖြေဆိုခဲ့ပါ။ (၁၉၉၃)

၂၂။ ဓမ္မာရမ္မဏဟူသည် အဘယ်တရားများကို ခေါ်ဆိုပါသနည်း၊ ယင်းသရုပ်ကို ထုတ်ပြ၍ အာရုံတိုင်း အာရုံပြုနိုင်သောစိတ်တို့ကိုလည်း မှန်ကန်အောင် ဖြေဆိုခဲ့ပါ။ (၁၉၉၃)

၂၃။ 'သိပ်ဘဝင်မကျဘူး' ဟူသော လူသုံးများလှသည့်စကား၌ 'ဘဝင်' အရကို ဖော်ပြ၍ စက္ခုဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်း ရေတွက်ပြပါ။ (၁၉၉၅)

၂၄။ ရုပ်မြင်သံကြားကြည့်ရှုနေစဉ်ခဏ၌ အရုပ်ကိုမြင်ရသောအခါ၊ အသံကိုကြားရသောအခါတို့ဝယ် ဖြစ်သောစိတ်များကိုဖော်ပြ၍ ဉာဏဝိပ္ပယုတ်စိတ် လေးပါးတို့၏ အာရုံများကိုလည်း ညွှန်ပြပါ။ (၁၉၉၅)

၂၅။ 'သွားလည်းဒီစိတ် စားလည်းဒီစိတ်' ဟုဆိုရာ၌ စိတ်ဟူသော ဝိညာဏ်သည် မည်သည့်အရာ၌ တည်ရှိသည်ကို မှန်ကန်စွာညွှန်ပြ၍ ပသာဒဝတ္ထုရုပ်ငါးပါးကို မှီသော စိတ်သရုပ်တို့ကိုလည်း ဖော်ပြပါ။ (၁၉၉၅)

၂၆။ အလုပ်ကိစ္စအများဆုံး တာဝန်ယူဆောင်ရွက်နေသော စိတ်တို့ကို တစ်ခုချင်း ဖော်ပြ၍ စာဖြေသူတို့ ပိုင်ဆိုင်ထားသော ခန္ဓာအိမ်ဝယ် တည်ရှိသည့် တံခါးခြောက်ပေါက်၌ အစဉ်ထာဝရ ဝင်ထွက်သွားလာနိုင်သောစိတ်တို့ကိုလည်း ရေတွက်ဖော်ပြပါ။ (၁၉၉၆)

၂၇။ ဤမေးခွန်းလွှာကြည့်ရှုနေစဉ်ခဏဝယ် ဖြစ်ပေါ်လာသော ဝိညာဏဓာတ်ကို မှီရာဝတ္ထုနှင့် ယှဉ်တွဲဖော်ပြပြီးလျှင် နှလုံးသား (ဟဒယဝတ္ထု) ကို လုံးဝမမှီခိုသော စိတ်တို့ကိုလည်း ပြည့်စုံစွာရေးသားပါ။ (၁၉၉၆)

၂၈။ 'အာရုံတွေ သိပ်များနေတယ်' ဟူသော လူသုံးများလှသည့် စကား၌ အာရုံတို့၏ သရုပ်ကို ထုတ်ပြ၍ သောမနဿသန္တီရဏစိတ်၏ ဆောင်ရွက်သည့်ကိစ္စ၊ မွေ့လျော်ရာအာရုံတို့ကိုလည်း တိကျစွာဖြေဆိုပါ။ (၁၉၉၆)

၂၉။ ဝေဒနာတို့သည် အာရမ္မဏာနုဘဝနနည်းအားဖြင့် သုံးပါးပြားရာ ယင်းနည်းဖြင့် စိတ်အကျယ် ၁၂၁ ပါးကို ဝေဖန်ပြ၍ ဟိတ်သုံးပါးနှင့်ယှဉ်သော စိတ်တို့ကိုလည်း ယှဉ်ရာဟိတ်နှင့်တကွ ဖော်ပြပါ။ (၁၉၉၇)

၃၀။ စိတ်တို့၏ လုပ်ငန်းကိစ္စ များစွာရှိရာတွင် နှစ်ကိစ္စကိုသာ ဆောင်ရွက်သော စိတ်တို့ကို ဆိုင်ရာကိစ္စနှင့် တွဲစပ်ဖော်ပြ၍ ဒွါရခြောက်ပါး၌ ရံခါဖြစ်၍ ရံခါမဖြစ်သော စိတ်များကိုလည်း ညွှန်ပြပါ။ (၁၉၉၇)

http://www.dhammadownload.com



၃၁။ အကောင်းအဆိုး အာရုံမျိုးစုံကို တွေ့မရှောင်ဘဲ အာရုံပြုနိုင်သော စိတ်များကို ထုတ်ဖော်ပြ၍ 'မနောဓာတ်' အမည်တပ်ရသော စိတ်တို့ကိုလည်း မှီရာဝတ္ထု နှင့်တကွ ဖော်ပြပါ။ (၁၉၉၇)

၃၂။ ဝေဒနာအပြားကို ဣန္ဒြိယဘေဒနည်းအားဖြင့် ဖော်ပြ၍ (က) စိတ်အကျယ် ၁၂၁ ပါးတို့တွင် သောမနဿသဟဂုတ်စိတ်ကို ဘူမိဘေဒနည်းအားဖြင့် ခွဲခြား ရေတွက်ပြပြီးလျှင်၊ (ခ) ဒွိဟိတ်စိတ်များကိုလည်း ယှဉ်ရာဟိတ်နှင့် တွဲစပ် ဖော်ပြပါ။ (၁၉၉၈)

၃၃။ ကိစ္စ ၁၄ ပါး ရှိပါလျက် ကိစ္စဖြစ်ရာဌာနမှာ အဘယ့်ကြောင့် ၁၀ ပါးသာဖြစ် ရပါသနည်း ဖြေဆို၍ အလုပ်ကိစ္စအနည်းဆုံးဖြစ်သော စိတ်များကိုလည်း ဆိုင်ရာကိစ္စနှင့် အသီးသီးတွဲစပ်ဖော်ပြပါ။ (၁၉၉၈)

၃၄။ လောကၡ်ရှိသမျှ ဥဿုံအလုံးစုံသော အာရုံတို့တွင် အကျယ်ဝန်းဆုံးဖြစ်သော အာရုံကို သရုပ်နှင့်တကွ ဖော်ပြ၍ ယင်းအာရုံကို ယူနိုင်သောစိတ်များကို ဖြစ် ရာ ဒွါရ၊ မှီရာဝတ္ထုတို့နှင့် တွဲစပ်ဖြေဆိုပါ။ (၁၉၉၈)

၃၅။ ဒုစရိုက်လုပ်ငန်း လုပ်ဆောင်ရန် အခြေခံအမြစ်ရင်းသဖွယ်ဖြစ်သော အကုသိုလ် ဟိတ်တို့ကို ဖြေဆို၍ ဒွိဟိတ်စိတ် ၂၂ ပါးကိုလည်း ရေတွက်ပြပါ။ (၂၀၀၁)

၃၆။ လူ့ခန္ဓာအိမ်ရှိ တံခါးခြောက်ပေါက်ကို အစဉ်တကျ ရေတွက်ပြ၍ ယင်းတံခါး ခြောက်ပေါက်ဝယ် လုံးဝဝင်ထွက်ခွင့်မရသော စိတ်ကိုလည်း ဖော်ပြပါ။ (၂၀၀၁)

၃၇။ ရုပ်မြင်သံကြားကို ကြည့်ရှု၊ နားထောင်နေစဉ်ခဏ၌ ဖြစ်ပေါ်နေသော ဝိညာဏ ဓာတ်နှစ်ပါးကို မှီရာဝတ္ထုနှင့်တကွ တွဲစပ်ဖော်ပြ၍ ဟဒယဝတ္ထုရုပ်ကို အမြဲ မှီသောစိတ်များကိုလည်း ဖော်ပြပါ။ (၂၀၀၁)

၃၈။ 'တာဝန်ကိုယ်စီ ရှိကြသည်' ဆိုသည်အတိုင်း ပကိဏ်းက တာဝန်ယူ လုပ် ဆောင်မည့် အကျဉ်းချုပ်ခေါင်းစဉ်ခြောက်ခုကို ဖော်ပြ၍ အဗျာကတဟိတ် သုံးပါးကိုလည်း ရေးသားပြီး 'ကိစ္စများမြောင် လူတို့ဘောင်' ဟု ဆိုသော်လည်း အဘိဓမ္မာအမြင်ဖြင့်ကြည့်ပါက ကိစ္စမည်မျှရှိသည်ကို ရေတွက်ပြခဲ့ပါ။ (၂၀၀၂)

၃၉။ 'ဘဝင်ခိုက်သွားပြီ၊ ဘဝင်ခိုက်သွားပြီ' ဟု ပြောဆိုတတ်ကြရာ ၎င်းဘဝင်ကို အဘယ်ဒွါရဟုခေါ်၍ ယင်းဒွါရ၌ဖြစ်သော စိတ်သရုပ်ကိုလည်း ရေတွက်ပြ ခဲ့ပါ။ (၂၀၀၂)

၄၀။ 'နိဗ္ဗာန်ကို အာရုံပြု၍ လျှကြ တမ်းကြ ကုသိုလ်ကောင်းမှုပြုကြ' ဟု တိုက်တွန်း ကြရာ နိဗ္ဗာန်ကို အာရုံပြုနိုင်သော စိတ်တို့ကို ကုန်စင်အောင် ဖော်ပြခဲ့ပါ။ (၂၀၀၂)

http://www.dhammadownload.com



၄၁။ 'နှစ်သက်မှုနှင့် အချစ်ပျက်မှု၊ တဏှာချစ်နှင့် မေတ္တာချစ်'တို့၏ သဘောလက္ခဏာကို ရေးခဲ့ပါ။ (၂၀၀၃)

၄၂။ ဓောကိစ္စထိုက်သော အဟိတ်စိတ်ကို ဖော်ပြပြီး ဗဋ္ဌဝတ္ထုကို အမြဲမှီသော စိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။ (၂၀၀၃)

၄၃။ သမ္ဘာကုသလယောဂီစေတသိက်များကို ဖော်ပြ၍ ဟဒယဝတ္ထုကို အမြဲမှီသော စိတ်နှင့် လုံးဝမမှီသောစိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။ (၂၀၀၃)

ဝ

http://www.dhammadownload.com

အတွဲ (၂)

## သိမ့်ဆန်သော အသိဖမ်း

ယနေ့သိပ္ပံပညာသည် သတ္တုရိုင်းတုံးတစ်တုံး၌ မည်သည့်ဓာတ်များ ပါဝင်သည်ကို ဓာတ်ခွဲနိုင်၏။ ရေတစ်စက်၌ မည်သည့်ဓာတ်များနှင့် ပိုးမွှားများ ပါဝင်သည်ကိုလည်း ဓာတ်ခွဲစမ်းသပ်နိုင်၏။

သို့သော် နာမ်တရားဖြစ်သည့် စိတ်စေတသိက်တို့ကို သိပ္ပံနည်းဖြင့် ဓာတ်မခွဲနိုင်ပါ။ ခေတ်မီသိပ္ပံကိရိယာများက စိတ်စေတသိက်တို့ကို စမ်းသပ်ဖို့ နေနေသာသာ ရှာဖွေ၍ပင် မတွေ့သေးပါ။ ပရမတ်ပညာ၏ အစွမ်းသတ္တိကိုကား သိပ္ပံပညာရှင်တို့ အသိအမှတ်ပြုထားကြ၏။

ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်ကား အလွန်သိမ်မွေ့သည့်စိတ်စေတသိက် သဘောတရားများကို မြင်တွေ့ရုံမျှသာမက ၎င်းတို့ လျင်မြန်စွာ ဖြစ်ချုပ်နေကြသည့် အချိန်အတွင်း၌ပင် စိတ်စေတသိက်တို့ကို တစ်ခုစီခွဲထုတ်ကာ ၎င်းတို့၏ သဘာဝများကို ထုတ်ဖော်ပြသခဲ့ပေသည်။

မြတ်ဗုဒ္ဓ ထုတ်ဖော်မြွက်ကြားခဲ့သည့် နာမ်ဖြစ်စဉ်၊ ရုပ်ဖြစ်စဉ်တို့သည် အလွန်သိပ္ပံဆန်လှ၏။ သိပ္ပံက တွေ့ရှိခဲ့သော ရုပ်ဖြစ်စဉ်သဘောတရားနှင့် အလွန်နီးဆင်တူသည်ဟု ဆိုလိုပါ၏။ ရုပ်ကလာပ်ကလေးများ၏ မတည်မြဲမှုအနိစ္စသဘောကို သိပ္ပံပညာက မြင်သိခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် နာမ်တရားတို့၏ အနိစ္စသဘောကိုလည်း သိပ္ပံပညာက ထောက်ခံရမည်သာဖြစ်၏။

ကာမဘုံနှင့် ရူပဗြဟ္မာဘုံတို့၌ နာမ်တရားတို့သည် ရုပ်တရားတို့နှင့် တွဲဖက်လျက်သာ ဖြစ်ပေါ်ကြ၏။ ရုပ်တရားနှင့်ကင်း၍ မဖြစ်ပေါ်နိုင်ကြချေ။ မြင်သိစိတ်၊ ကြားသိစိတ် စသည်တို့သည် ရုပ်တရားအာရုံကို မှီတွယ်၍ ရုပ်ဝတ္ထုပေါ် တည်မှီ၍ဖြစ်ပေါ်ကြရ၏။

http://www.dhammadownload.com



အာရုံခြောက်ပါးတို့သည် ဒွါရခြောက်ပေါက်တို့မှတစ်ဆင့် လူသန္တာန်တွင်းသို့ ဝင်ရောက်လာကြပြီးလျှင် ပသာဒ သို့မဟုတ် ဟဒယရုပ်ဝတ္ထုများနှင့် ထိတိုက်ကြသည့်အခါ စိတ်စေတသိက်များ ဖြစ်ပေါ်လာကြောင်းကို နိုင်ငံခြားသာသနာပြုအကျော် ဆရာတော် ဦးသေဋ္ဌိလက အင်္ဂလန်, အမေရိကန်တက္ကသိုလ်များ၌ ဟောပြောပို့ချခဲ့ရာ ထိုနိုင်ငံတို့မှ ပါမောက္ခ, ကထိကများသည် အလွန်တရာ အံ့ဩခဲ့ကြရ၏။ ဗုဒ္ဓအဘိဓမ္မာသည် 'စိတ်သိပ္ပံ' (Mental Science) ဖြစ်သည်ဟုလည်း ချီးကျူးကြ, မှတ်ချက်ချကြကုန်၏။

ဝီထိပိုင်း, ဘုံပိုင်းနှင့် ရုပ်ပိုင်းတို့၌ နာမ်တရားတို့၏ ဖြစ်ပျက်ပုံ, နာမ်တရား၏ ဆန်းကြယ်ပုံ, ရုပ်တရား၏ ဆန်းကြယ်ပုံတို့ကို ဆက်လက်ကာ လေ့လာကြရမည်ဖြစ်၏။

တစ်ဖန် ရုပ်နာမ်တရားတို့၏ အကြောင်းအကျိုး ဆက်သွယ်ခြယ်လှယ်မှုကြောင့် အလွန်ဆန်းကြယ်သည့် ဘဝ၏ဖြစ်စဉ်များနှင့် ဘဝလွတ်မြောက်ရေးသဘောတရားတို့ကို သမုစ္စည်းပိုင်း, ပစ္စည်းပိုင်းနှင့် ကမ္မဋ္ဌာန်းပိုင်းတို့၌ လေ့လာကြရပါမည်။

●

http://www.dhammadownload.com

သင်္ဘာဝ တိုးတက်ကြီးပွားရေးအတွက်

အဖိုးတန်ဆုံးဘာဝပညာ

# တဏှာသိုလ်အဘိဓမ္မာ

အတွဲ (၂)

စိတ်၊ ဘုံ၊ ရုပ်

အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲ ဒုတိယဆင့်အတွက်

http://www.dhammadownload.com

# နိဒါန်း

## အဆင့်မြင့်ဆုံးဒဿန

အဖိုးတန်ဆုံး ဘာဝပညာ တက္ကသိုလ်အဘိဓမ္မာ ပထမတွဲ၌ စိတ်, စေတသိက်, ပကိဏ်းအကြောင်းတို့ကို ဖော်ပြခဲ့၏။ လေ့လာမိသူအပေါင်းတို့က ဗုဒ္ဓဒဿန၏ အဆင့်မြင့်မားပုံကို ရိပ်စားမိသွားကြမည်ဖြစ်၏။

ဖိလော်ဆိုဖီ (Philosophy) ဟု အမည်ရသည့် အနောက်တိုင်းဒဿနသည် စိတ်အကြောင်းကို လက်လှမ်းမီသလောက် ဆင်ခြင်သုံးသပ်ထားသော်လည်း ကျေနပ်ဖွယ်ကောင်းသည့်အဆင့်သို့ကား မရောက်ရှိပါ။ စိတ်ကိုခြယ်လှယ်နေကြသော စေတသိက်များ ရှိသည်ကို အနောက်တိုင်းဖီလိုဆော်ဖာ (Philosopher) တို့ မတွေးခေါ်မိကြပါ။ စိတ်ညစ် စိတ်ဆိုး စိတ်မိုက်များကို သန့်ရှင်းစင်ကြယ် ယဉ်ကျေးသိမ်မွေ့သွားအောင် ဆေးကြောသည့်နည်း, ဆုံးမပဲ့ပြင်သည့်နည်း, ပြုပြင်ပျိုးထောင်သည့်နည်းများကိုလည်း မသိရှိကြပါ။

ဗုဒ္ဓ၏ အဘိဓမ္မာကား သိပ္ပံပညာထက် ပိုတိကျ၏။ စိတ်ညစ် စိတ်ဆိုး စိတ်မိုက်များကို ခွဲခြမ်းစိတ်ဖြာ၍ ညစ်–ဆိုး–မိုက်စေသည့် အကြောင်းရင်းများကို မိမိရရ ဖော်ထုတ်ပြနိုင်၏။ ထိုအကြောင်းရင်းများ ကင်းရှင်းပပျောက်သွားအောင် ကျင့်ကြံရန် နည်းလမ်းများကိုလည်း ညွှန်ပြထား၏။ တကယ်ကျင့်ကြံလျှင် တကယ်ပင် စိတ်ဖြူစင်သန့်ရှင်းသိမ်မွေ့သွား၏။ သို့အတွက် ဗုဒ္ဓ၏ အဘိဓမ္မာသည် အဆင့်မြင့်ဆုံးဒဿနပညာ, အဖိုးတန်ဆုံး ဘာဝပညာဖြစ်ပေသည်။

## နာမ်လောက၏ ဆန်းကြယ်မှု

ဤဒုတိယတွဲစာအုပ်တွင် အဘိဓမ္မာသင်္ဂြိုဟ်၏ အလယ်ပိုင်းဖြစ်သော ဝီထိ, ဘုံ, ရုပ်တို့၏ အကြောင်းကို စေ့စေ့စပ်စပ်လေ့လာကြရမည်ဖြစ်၏။

http://www.dhammadownload.com



ဝီထိခန်း၌ မသိစိတ်အစဉ်တို့တို့၏ ဖြစ်ပေါ်နေပုံနှင့် သိစိတ်အစဉ် အတန်းတို့၏ ဖြစ်ပေါ်ပုံများကို စိတ်ဝင်စားစဖွယ် လေ့လာမှတ်သားရမည်ဖြစ်၏။

စိတ်သည် တစ်ခုတည်းလော၊ အများကြီးလော။

အနောက်တိုင်း စိတ်ပညာရှင် ဆစ်ဂမန်ဖရွိုက်ယူဆသကဲ့သို့ လူတစ်ဦးတွင် သိစိတ်တစ်ခုနှင့် မသိစိတ်တစ်ခု ရှိလေသလော။ မသိစိတ်သည် ကာယကံရှင်မသိဘဲလျက် သူ၏ အပြုအမူများကို ထိန်းချုပ်နေပါသလော။ သိစိတ်ဖြင့် သိရှိရသည့် အကြောင်းအရာများကို မသိစိတ်နယ်ထဲသို့ တဖြည်းဖြည်းနစ်မြုပ်သွားပါသလော။

စိတ်သည် အဘယ်မှာတည်ရှိသနည်း။ သိပ္ပံပညာရှင်တို့ ယူဆသကဲ့သို့ ဦးနှောက်သည် စိတ်ဖြစ်လေသလော။ ဦးနှောက်တွင် ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို ထိန်းချုပ်သော အာရုံကြောအဖွဲ့ အစုအမျိုးမျိုးတို့ စုဝေးတည်ရှိနေကြသည်ကား မှန်၏။ သို့သော် ဦးနှောက်သည် စိတ်၏ အလုပ်ရုံတစ်ခုသာဖြစ်ပြီး စိတ်မဟုတ်ပါ။ ဦးနှောက်သည် စိတ်ဖြစ်ခဲ့လျှင် ဘဝသစ်တစ်ခု၌ ဦးနှောက်သစ်ဖြစ်ပေါ်ရသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ အတိတ်ဘဝကို မမြင်သိနိုင်ပါ။

ယခုမူ အတိတ်ဘဝများကို မြင်သိနိုင်သော ဇာတိဿရဉာဏ်ရ လူဝင်စားများ အမြောက်အမြားရှိသည်သာမက အိပ်မွေ့ချ၍ အသက်လျှော့ချသောနည်း (age-degression by hypnosis) ဖြင့် လူတိုင်းလောက်ကို ငယ်စဉ်တောင်ကျေး ကလေးဘဝနှင့် အတိတ်ဘဝကို မြင်သိအောင်ပြုလုပ်ပေးနိုင်၏။ အတိတ်ဘဝများကို မြင်သိသည်ဆိုရာ၌ ကာယကံရှင်၏ စိတ်အထင်ဖြင့် ပြောပြခြင်းမျိုးမဟုတ်ဘဲ ထိုအတိတ်ဘဝ၌ ကျင်လည်ခဲ့ရသည့် အထောက်အထားများကို ခိုင်ခိုင်လုံလုံ သိပ္ပံနည်းကျကျ သုတေသီတို့ စုံစမ်းသိရှိရခြင်းမျိုး ဖြစ်သည်။[၁]

ထို့အပြင် စိတ်ချင်းဆက်သွယ်ခြင်း (telepathy)၊ စိတ်စွမ်းအားဖြင့် ဝတ္ထုပစ္စည်းများကို ရွေ့လျားစေခြင်း (Psycho kinesis)၊ အနာဂတ်ဖြစ်ရပ်များကို ကြိုတင်သိမြင်ခြင်း (precognition)၊ သူတစ်ပါးတို့၏ စိတ်အကြံများကို သိရှိနိုင်ခြင်း (ပရစိတ္တဝိဇာနန)၊ ဝေးလံဖုံးကွယ်နေသောအရပ်၌ရှိသည့် ရှုခင်းများကို မြင်သိနိုင်ခြင်း (စက္ခုအဘိညာဉ်)၊ ဝေးလံသောအရပ်မှအသံကို ကြားသိနိုင်ခြင်း (သောတအဘိညာဉ်)၊ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း (ဣဒ္ဓိဝိဓ အဘိညာဉ်) စသော စိတ်၏ တန်ခိုးသတ္တိများသည် လူ့လောက၌ ယနေ့တိုင် အထင်အရှားရှိနေကြ၏။ ထူးခြားဆန်းကြယ်လှသော စိတ်

---

(၁) (ဒေါက်တာမင်းတင်မွန်၏ "ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ၊ သတ္တမအကြိမ်၊" မြမွန်ရတနာစာပေ၊ ၂၀၀၁ ခု)

http://www.dhammadownload.com



၏ စွမ်းရည်သတ္တိများအားလုံးကို ဦးနှောက်သိအိုရီဖြင့် မဖြေရှင်းနိုင်ရုံမျှမက အခြားမည်သည့် သိပ္ပံသီအိုရီများဖြင့်လည်း မဖြေရှင်းနိုင်ပါ။

စိတ်၏ ထူးခြားမှုအားလုံးကို ဗုဒ္ဓ၏အဘိဓမ္မာက ရှင်းပြနိုင်သည်။ အဘိဓမ္မာ၏ မြင်ကွင်းကျယ် (the great panorama of Abbidhamma) တွင် စိတ်စေတသိက်တို့၏ လှုပ်ရှားမှုများကို အတိုင်းသားမြင်တွေ့နိုင်၏။ နာမ်စွမ်းအင်တစ်ရပ်ဖြစ်သည့် ကံတရားဖြင့် သတ္တဝါအမျိုးမျိုးဖြစ်ပေါ်ပုံ, သေဆုံးပုံ, ဘုံအမျိုးမျိုး ဖြစ်ပေါ်ပျက်စီးနေပုံများကိုလည်း ပေါ်လွင်ထင်ရှားစွာ မြင်တွေ့နိုင်၏။ ဤအကြောင်းအရာတို့ကို ဤစာအုပ်၏ ဘုံခန်း၌ လေ့လာကြရမည်ဖြစ်၏။

**စိတ်၏ သဘာဝ**

စိတ်သည် အများထင်သကဲ့သို့ တစ်ခုတည်းရှိနေသည် မဟုတ်။ တစ်ချိန်လုံးသိနေသည်လည်း မဟုတ်။ အလိုလိုသိနေသည်လည်း မဟုတ်။ သိစိတ်နှင့် မသိစိတ်နှစ်ခုကွဲပြားနေသည်လည်း မဟုတ်။ ခန္ဓာကိုယ်တွင်း တစ်နေရာတည်း၌ ရှိနေသည်လည်း မဟုတ်။

စိတ်သည် အဘယ်နည်း။ စိတ်သည် အာရုံကို သိတတ်သောသဘောဖြစ်၏။ ထူးထူးထွေထွေ ဆင်ခြင်သုံးသပ်နိုင်သောစွမ်းရည်လည်း ရှိ၏။ သတ္တဝါအမျိုးမျိုးနှင့် ဘုံအမျိုးမျိုးကို ဖန်တီးနိုင်စွမ်းလည်းရှိ၏။

စိတ်သည် အဘယ်မှာတည်သနည်း။

စိတ်သည် မျက်စိ၌လည်း တည်၏။ နား၌လည်း တည်၏။ နှာခေါင်းနှင့် လျှာပေါ်တို့၌လည်း တည်၏။ နှလုံးသားအစွင်း၌လည်း တည်၏။ ခန္ဓာကိုယ်တစ်ခုလုံး၌ ပျံ့နှံ့နေသည့် ကာယပသာဒ ခေါ် ကိုယ်အကြည်ဓာတ်တို့၌လည်း တည်၏။

စိတ်သည် မည်သို့ ဖြစ်ပေါ်လာသနည်း။

အာရုံတည်းဟူသော အတိုက်ဓာတ်နှင့် ပသာဒရုပ်တည်းဟူသော အခံဓာတ်တို့ ထိတိုက်ကြသည့်အခါ သိမှုဟူသောစိတ် ဖြစ်ပေါ်လာ၏။

ရှင်းဦးအံ့။ မီးခြစ်အိမ်ဟူသော အခံဓာတ်နှင့် မီးခြစ်ဆံဟူသည့် အတိုက်ဓာတ်တို့ ပွတ်တိုက်ကြသည့်အခါ မီးတောက်ဖြစ်ပေါ်လာ၏။ ထိုမီးတောက်သည် နဂိုမူလက မီးခြစ်အိမ်၌ ရှိသည်လည်းမဟုတ်၊ မီးခြစ်ဆံ၌ ရှိသည်လည်းမဟုတ်၊ မီးခြစ်အိမ်နှင့် မီးခြစ်ဆံတို့ အချင်းချင်းပွတ်တိုက်မိသောအခါမှ ဖြစ်ပေါ်လာ၏။

တစ်ဖန် သူရကန်ကျောက်ပေါ်သို့ နေရောင်ခြည်ကျရောက်သည့်အခါ မီးတောက်လာ၏။ ထိုမီးတောက်သည် ပင်ကိုမူလက သူရကန်ကျောက်၌ရှိသည်လည်းမဟုတ်၊ နေရောင်ခြည်၌ ရှိသည်လည်းမဟုတ်၊ သူရကန်ကျောက်နှင့် နေရောင်ခြည်တို့ ထိတိုက်မိသောအခါမှ ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com



ထို့အတူ စက္ခုပသာဒဟူသည့် မျက်စိအကြည်ဓာတ်၌ အဆင်းဟူသော ရူပါရုံ ထိတိုက်သည့်အခါ စက္ခုဝိညာဉ်ဟူသော မြင်သိစိတ်ဖြစ်ပေါ်လာ၏။ ထိုမြင်သိစိတ်သည် မျက်စိအကြည်ဓာတ်၌ ဖြစ်ပေါ်လာခြင်းဖြစ်၏။

သောတပသာဒဟူသည့် နားအကြည်ဓာတ်၌ အသံဟူသော သဒ္ဒါရုံ ထိတိုက်သည့်အခါ သောတဝိညာဉ်ဟူသော ကြားသိစိတ်ဖြစ်ပေါ်လာ၏။ ထိုကြားသိစိတ်သည် နားအကြည်ဓာတ်၌ ဖြစ်ပေါ်လာခြင်းဖြစ်၏။

ထို့အတူ ဃာနပသာဒဟူသော နှာအကြည်ဓာတ်နှင့် အနံ့ဟူသည့် ဂန္ဓာရုံတို့ ထိတိုက်ကြသောအခါ ဃာနပသာဒ၌ ဃာနဝိညာဉ်ဟူသည့် နံသိစိတ်ဖြစ်ပေါ်လာ၏။

ဇိဝှာပသာဒဟူသော လျှာအကြည်ဓာတ်နှင့် အရသာဟူသည့် ရသာရုံတို့ ထိတိုက်ကြသောအခါ ဇိဝှာပသာဒ၌ ဇိဝှာဝိညာဉ်ဟူသည့် စားသိစိတ် ဖြစ်ပေါ်လာ၏။

ကာယပသာဒဟူသော ကိုယ်အကြည်ဓာတ်နှင့် အထိအတွေ့ဟူသည့် ဖောဋ္ဌဗ္ဗာရုံတို့ ထိတိုက်ကြသောအခါ ကာယပသာဒ၌ ကာယဝိညာဉ်ဟူသည့် ထိသိစိတ် ဖြစ်ပေါ်လာ၏။

မနောဒွါရဟူသော ဘဝင်စိတ်၌ ဓမ္မာရုံအပါအဝင် အာရုံခြောက်ပါးတို့အနက် တစ်ပါးပါး ထိခိုက်လာသောအခါ မနောဝိညာဉ်ဟူသည့် အာရုံသိစိတ်သည် ဟဒယဝတ္ထု၌ ဖြစ်ပေါ်လာ၏။

စိတ်တို့သည် ဖြစ်ပေါ်ပြီးနောက် ကြာမြင့်စွာ တည်နေကြပါသလား။

တည်မနေကြပါ။ စိတ်ဖြစ်ပေါ်ခိုက်ကာလကို 'ဥပါဒ်ခဏ'ဟု ခေါ်၏။ စိတ်တည်မြဲနေခိုက်ကာလကို 'ဋ္ဌီခဏ' ဟု ခေါ်၏။ စိတ်ပျက်ချုပ်နေသည့် အခိုက်ကာလကို 'ဘင်ခဏ'ဟု ခေါ်၏။ 'ဥပါဒ်–ဋ္ဌီ–ဘင်' ခဏငယ်သုံးချက်ကို **စိတ္တက္ခဏ** တစ်ခုဟု ခေါ်၏။ စိတ္တက္ခဏ တစ်ခု (ဝါ) စိတ်တစ်ခု၏ အသက်သည် မည်မျှရှည်ကြာသနည်း။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတွင်း၌ စိတ်ပေါင်းကုဋေတစ်သိန်းမက ဖြစ်ပျက်သွားနိုင်သည်ဟု အဋ္ဌကထာ၌ ဖော်ပြထားသဖြင့် စိတ်တစ်ခု၏ အသက်သည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းပုံ တစ်ပုံခန့်သာ ရှိပေ၏။

ဤမျှတိုတောင်းသော အချိန်ကာလကို သိပ္ပံပညာရှင်ကြီးများပင် မတွေးမိကြ။ အကောင်းဆုံးကင်မရာတွင် အတိုတောင်းဆုံးအလင်းတံခါးဖွင့်ချိန် (shutter speed) သည် တစ်စက္ကန့်၏ ၂၀၀၀ ပုံ တစ်ပုံခန့်သာ ရှိ၏။

စိတ်တို့သည် တွယ်ရာအာရုံနှင့် မှီရာဝတ္ထုရှိမှ ဖြစ်နိုင်ကြ၏။ တစ်လုံးဖြစ်ပျက်ပြီးမှ တစ်လုံးဆက်ဖြစ်နိုင်၏။ တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းကျော်နှုန်းဖြင့် တစ်ရှိန်ထိုး အဆက်မပြတ်ဖြစ်နေကြ၏။ ပုတီးလုံးကလေးများကို မဆုံးတမ်းသီကုံးသွား

http://www.dhammadownload.com



သည်နှင့် တူ၏။ ဘဝဖြစ်ပေါ်ရန် အကျိုးပြုလိုက်သော ကံ၏အစွမ်းသတ္တိကြောင့် တစ်သက်လုံး မပြတ်မလပ် မယွင်းမချော် ဆက်ကာဆက်ကာဖြစ်ပျက်နေကြ၏။

## သိစိတ်နှင့် မသိစိတ်

တစ်ဘဝ၌ ပထမဦးဆုံးဖြစ်သောစိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်၏။ ထို့နောက် ဆက်တိုက်ဖြစ်ပျက်သွားကြသော စိတ်များကို ဘဝင်စိတ်ဟု ခေါ်၏။ တစ်ဘဝ၏ နိဂုံးနောက်ဆုံးဖြစ်သော စိတ်ကို စုတိစိတ်ဟု ခေါ်၏။

ဤပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် ဤဘဝဖြစ်ပေါ်ရန် အကျိုးပြုလိုက်သော ကံ၏ ဝိပါက်စိတ် (ဝိပါက = အကျိုး) တို့သာတည်း။ သာဓကအဖြစ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာကံက ဤဘဝဖြစ်ရန် အကျိုးပေးခဲ့လျှင် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ်သည် တစ်ဘဝလုံး ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့အဖြစ် ဆောင်ရွက်သွားရ၏။

ထိုမဟာဝိပါက်စိတ်သည် ဟဒယဝတ္ထုကိုမှီ၍ မရဏာသန္နဇောအခါက ယူခဲ့သော အာရုံကို အာရုံပြုလျက် ဖြစ်ပျက်သွားရ၏။ အသက်ရှင်နေစဉ်အတွင်း ဖြစ်ပျက်နေသော ဘဝင်စိတ်အစဉ်သည် ဘဝကိုဆက်ပေးနေသည့်အပြင် စိတ်၌ အာရုံသစ် ထင်ပေါ်ရာတံခါးပေါက် (မနောဒွါရ) လည်း ဖြစ်၏။ ထို့ကြောင့် ၎င်းဘဝင်စိတ်တို့ ယူနေသော အလွန်သိမ်မွေ့သည့်မရဏာသန္နအာရုံကို ကျွန်ုပ်တို့ သိခွင့်မရချေ။ ထိုသို့ မသိနိုင်သည့်အတွက် ဘဝင်စိတ်အစဉ်ကို မသိစိတ် (unconscious mind) ဟု မှတ်ယူနိုင်၏။

ဒွါရတစ်ခု၌ ပြင်ပအာရုံ ဝင်ရောက်လာသောအခါ ဘဝင်စိတ်တို့သည် မရဏာသန္နအာရုံကို စွန့်လွှတ်၍ အာရုံသစ်ဘက်သို့ ဦးလှည့်ပေးရ၏။ သို့သော် အလွန် အားကောင်းသော အာရုံသည်ပင် ဥပါဒ်ခိုက်၌ အားမရှိသေးဘဲ အနည်းဆုံးစိတ္တက္ခဏ တစ်ချက်မျှ လွန်မြောက်ပြီး ဌီသို့ရောက်မှသာ အားရှိလာကြ၏။ ထိုအခါ ဒွါရ၌ အာရုံထင်လာပေပြီ။ ထိုအာရုံကို ယူရန်အတွက် ဘဝင်စိတ်တို့သည် မရဏာသန္နနိမိတ်ဟူသည့် အာရုံဟောင်းကို စွန့်လွှတ်ရန် စိုင်းပြင်းကြတော့၏။

ဤတွင်လည်း အရှိန်ပြင်းစွာပြေးလာသော ယောက်ျားတစ်ဦးသည် ချောက်ကမ်းပါးကို မြင်၍ ရပ်လိုသော် ချက်ချင်းမရပ်နိုင်ဘဲ နှစ်ဖဝါး သုံးဖဝါးလွန်မှ ရပ်နိုင်သကဲ့သို့ အရှိန်အဟုန်လျင်မြန်စွာ ဖြစ်ပေါ်နေသော ဘဝင်စိတ်အစဉ်သည် အာရုံဟောင်းကို ချက်ချင်းမစွန့်နိုင်ဘဲ အာရုံသစ်ထင်ပြီးနောက် ဘဝင်စိတ် နှစ်ကြိမ်လွန်ပြီးသည့်အခါမှ စွန့်နိုင်၏။ ထိုဘဝင်စိတ်နှစ်ကြိမ်ကို စွလနဘဝင် (ဝါ) **ဘဝင်္ဂစလန** (လှုပ်သွားသောဘဝင်) ဟု ခေါ်ကြ၏။ ဒုတိယဘဝင်္ဂစလနနောက်၌ ဘဝင်စိတ်အစဉ် ပြတ်သွားသဖြင့် ထိုဒုတိယဘဝင်္ဂစလနကို **ဘဝင်္ဂုပစ္ဆေဒ** (ပြတ်သွားသော ဘဝင်) ဟု ခေါ်၏။

http://www.dhammadownload.com



ဘဝင်စိတ်အစဉ် ပြတ်သွားပြီးသည့်နောက်၌ ပဉ္စဒွါရ၌ ထင်သော အာရုံကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ဆင်ခြင်နှလုံးသွင်း၏။ မနောဒွါရ၌ ထင်လာသောအာရုံကို မနောဒွါရာဝဇ္ဇန်းစိတ်က ဆင်ခြင်နှလုံးသွင်း၏။ ဤအခါသည် ရေဒီယို၌ အသံထွက်ပေါ်လာရန် လှိုင်းညှိခလုတ် (tuner) ကို ချိန်သားကိုက်ပေးလိုက်သည်နှင့်တူ၏။ ရေဒီယိုအသံဖမ်းခွက်ပေါ်သို့ အသံလွှင့်ဌာနမျိုးစုံမှ လှိုင်းလျားမျိုးစုံတို့ တစ်ပြိုင်နက်ရိုက်ခတ်နေကြ၏။ သို့သော် လှိုင်းညှိခလုတ်က ရွေးချယ်သတ်မှတ်ပေးလိုက်သော အသံလှိုင်းတစ်မျိုးသာ အသံပြည်လာနိုင်၏။ ထို့အတူ ဒွါရခြောက်ပါး၌ အာရုံမျိုးစုံ တစ်ပြိုင်နက်ထင်ပေါ်နေရာ အာဝဇ္ဇန်းစိတ်က ရွေးချယ်နှလုံးသွင်းပေးလိုက်သော အာရုံတစ်ခုတည်းကိုသာ နောက်စိတ်တို့က အာရုံပြုကြ၏။

စက္ခုဒွါရ၌ ရူပါရုံထင်လျှင် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ချုပ်ပြီးနောက် စက္ခုဝိညာဉ်စိတ်ဥပါဒ်ပြီး ထိုစိတ်က အာရုံကို မြင်သိလိုက်၏။ သို့သော် စက္ခုဝိညာဉ်စိတ်တစ်ခု၏ သက်တမ်းသည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းပုံ တစ်ပုံခန့်သာရှိသဖြင့် ဤမျှ တိုတောင်းလွန်းသောအချိန်၌ အာရုံကို ကောင်းစွာမသိနိုင်သေးပါ။ မဆုံးဖြတ်နိုင်သေးပါ။ သို့အတွက် စက္ခုဝိညာဉ်ယူပြီးသောအာရုံကို သမ္ပဋိစ္ဆိုန်းစိတ်က ဆက်လက်ခံယူ၏။ ထိုအာရုံကို သန္တီရဏစိတ်က စုံစမ်း၏။ ထို့နောက်တစ်ဖန် ဝုဋ္ဌော ခေါ် မနောဒွါရာဝဇ္ဇန်းစိတ်က မည်သည့်အာရုံဖြစ်သည်ကို ဆုံးဖြတ်၏။ ထို့နောက် ဇောစိတ်တို့သည် အာရုံကို ပိုင်းပိုင်းခြားခြားသိလျက် အာရုံ၏အရသာကိုခံစား၍ အာရုံ၌ ပြုဖွယ်ကိစ္စကို ပြီးမြောက်စေခြင်းဌာ ခုနစ်ကြိမ်တိုင်တိုင် အရှိန်အဟုန်ဖြင့် ဖြစ်ကြ၏။ ထို့နောက် တစ်ဖန် ရေဆန်ခုတ်မောင်းသွားသောသင်္ဘော၏ နောက်သို့ ရေလှိုင်းအချို့ လိုက်ပါသွားသည့်နည်းတူ ဇောစိတ်တို့ခံစားသည့်အာရုံကို ဆက်လက်ခံစားလျက် တဒါရုံအမည်တပ်သောစိတ်သည် နှစ်ကြိမ်ဖြစ်၏။ ထို့နောက်တွင်ကား အာရုံချုပ်ငြိမ်းသွားပြီဖြစ်၍ ဘဝင်စိတ်အစဉ်တို့သည် မူလမရဏာသန္နမိမိတ်ကို တစ်ဖန်အာရုံပြု၍ ဖြစ်ကြ၏။

ဘဝင်စိတ်အစဉ်သည် သိမ်မွေ့ပြီး တည်ငြိမ်၏။ ငြိမ်သက်နေသော ပင်လယ်ရေပြင်ကျယ်နှင့် တူ၏။ ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော စိတ်အစဉ်အတန်းကားဒွါရ၌ ထင်လာသည့် ပြင်ပအာရုံကြောင့် လှုပ်ရှားတက်ကြွလာသောအခါ စိတ်အစဉ်ဖြစ်၍ ပင်လယ်ပြင်တွင် လေပြင်းတိုက်ခိုက်လာသည့်အခါ မို့မောက်ကြွတက်လာသော လှိုင်းလုံးကြီးနှင့်တူ၏။ ဤစိတ်အစဉ်ကို 'ဝီထိစိတ်' ဟု ခေါ်၏။

ဝီထိစိတ်တို့သည် ဒွါရတို့၌ ထင်ပေါ်လာကြသော အာရုံများကို သိရှိကြသဖြင့် ၎င်းတို့ကို သိစိတ် (Conscious mind) ဟု ခေါ်ဆိုအပ်၏။

လူတစ်ဦး၏ တစ်သက်တာတွင် ဝီထိစိတ် (သိစိတ်) အစဉ်နှင့် ဘဝင်စိတ် (မသိစိတ်) အစဉ်တို့သည် အဆက်မပြတ် တစ်လှည့်စီဖြစ်ပေါ်နေကြ၏။

http://www.dhammadownload.com



ရှေ့ရှေ့ဖြစ်သောစိတ်သည် မိမိ၏အစွမ်းအာနိသင်များကို နောက်နောက်ဖြစ်သောစိတ်သို့ ပဋ္ဌာန်း ၂၄ ပစ္စည်းတွင် အနန္တရစသော သတ္တိတို့ဖြင့် လက်ဆင့်ကမ်းကျေးဇူးပြုသွားကြရာ ဤဘဝ၏ အတွေ့အကြုံများသည် လည်းကောင်း၊ ရှေးဘဝများစွာက အတွေ့အကြုံများသည်လည်းကောင်း စိတ်အစဉ်အတန်းတွင် အမြဲတစေပါရှိသွားကြသည်သာတည်း။

မမြင်နိုင်အောင် သိမ်မွေ့လှသည့် စိတ်အစဉ်ထဲတွင် ကုဋေပေါင်းများစွာသော သညာ, ဝေဒနာ, စေတနာ စသည့်စိတ်တို့၏ စွမ်းရည်သတ္တိများ လိုက်ပါသွားပုံကို ပဋ္ဌာန်းဒေသနာမြတ်ကြီးတွင် အကျယ်တဝင့် ရှင်းလင်းထားပေ၏။ ဤအကြောင်းအရာတို့ကို သာမန်လူတို့ သိနားလည်နိုင်ကြမည်မဟုတ်ပေ။

နှိုင်းယှဉ်မှုတစ်ရပ်အနေနှင့်ကား ယနေ့ထွန်းကားနေသော အီလက်ထရွန်းနစ်ပညာတွင် အလွန်တရာသေးငယ်သည့် မိုက်ကရိုချစ် (micro chip) ကလေးတစ်ခုက သန်းပေါင်းများစွာသော အမှတ်သညာ (memory) တို့ကို သိုလှောင်ထားနိုင်သည် ဟူသောဖြစ်ရပ်နှင့် နှိုင်းယှဉ်နိုင်၏။ ရုပ်သေးသေးငယ်ငယ်တစ်ခု၌ပင် အမှတ်သညာပေါင်း မြောက်မြားစွာကို သိုလှောင်ထားနိုင်လျှင် ရုပ်ထက်လွန်စွာဆန်းကြယ်သော စိတ်အစဉ်အတန်း၌ ဘဝအဆက်ဆက်မှ မရေမတွက်နိုင်သည့် အမှတ်သညာများ၊ ကံ၏ စွမ်းရည်သတ္တိများ စသည်တို့ လိုက်ပါနေကြောင်းကို ယုံကြည်နိုင်လောက်ပေ၏။

ထို့အပြင် ရှေးဘဝပေါင်းများစွာကို မြင်သိနိုင်သော ပုဗ္ဗေနိဝါသအဘိညာဉ်စသည့် စိတ်၏စွမ်းရည်ထူးများကိုလည်းကောင်း၊ ကံတရား၏အကျိုးပေးပုံအမျိုးမျိုးကိုလည်းကောင်း အဘိဓမ္မာပညာဖြင့် ကျေနပ်စွာ ဖြေရှင်းနိုင်ပေရာ အဘိဓမ္မာအမြင်သည် မှန်ကန်သောအမြင်ဖြစ်သည်ဟု လက်ခံယုံကြည်နိုင်ပါသည်။

### သိပ္ပံထက် သာလွန်သောအချက်

သိပ္ပံသဘောအရ ဒွါရတစ်ခုခု၌ အာရုံထင်လျှင် ထိုအာရုံကို အာရုံကြောများက ဦးနှောက်သို့ သတင်းပို့၍ ဦးနှောက်က မည်သည့်အာရုံဖြစ်သည်ကို ဆုံးဖြတ်ပြီး ပြန်လည် သတင်းပေးရ၏။

သိပ္ပံနည်းသည် စက်ယန္တရားဆန်လှ၏။ အာရုံထင်တိုင်း သိရမည့်သဘောရှိ၏။ အမှန်တွင် အာရုံထင်တိုင်း မသိပါ။ မျက်စိရှေ့၌ရှိသမျှသော ရုပ်ဝတ္ထုအားလုံးတို့၏ ပုံရိပ်များသည် မျက်စိအမြင်လွှာ (retina) ၌ ထင်နေကြသည်သာတည်း။ သို့သော် ချစ်သူအကြောင်း, အလုပ်ကိစ္စအကြောင်း စသည့် အကြောင်းတစ်ခုခုကို တွေးတောငေးမောနေသူက အမြင်လွှာတွင် ပုံရိပ်ထင်နေစေသည့် အရာဝတ္ထုတို့ကို မမြင်သိပါ။ လောလောလတ်လတ်ဖတ်ရှုထားသော ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ကို စားမြုံ့ပြန်လျက်

http://www.dhammadownload.com



ပီတိဖြစ်ကာ လမ်းလျှောက်သွားနေသောသူသည် ဝူကြီးကို မမြင်တွေ့သဖြင့် 'ဒုန်း' ခနဲ ဝင်တိုက်မိမည်ဖြစ်၏။ တကယ်ပင် 'သတိမမူလျှင် ဂူမမြင်' ပါ။

ကလေးငယ်တစ်ဦး၏ မိခင်သည် အိပ်မောကျသဖြင့် ကျယ်လောင်စွာ ထစ်ချုန်းလိုက်သော မိုးချုန်းသံကို မကြားသိ၍ မနိုးပါ။ သို့သော် ရင်သွေးငယ်က 'တအင့်အင့်' ဟု တိုးတိုးသာသာ ငိုမြည်လိုက်လျှင်ပင် ဖျတ်ခနဲနိုး၍ ချက်ချင်းထလေတော့၏။

အဘယ်ကြောင့် ဤသို့ ထူးထူးခြားခြားဖြစ်ရသနည်း။

အာရုံတစ်ခုကို ရယူမှုတွင် မနသိကာရဟုခေါ်သော ကြားကိရိယာတစ်ခု ရှိနေသောကြောင့်ဖြစ်၏။ မနသိကာရသည် စိတ်အစဉ်အတန်းကို အာရုံတစ်ခုဘက်သို့ ဦးလှည့်ပေးသော ကိရိယာဖြစ်၏။ ရထားလမ်းလွှဲပေးသောကိရိယာကို အသုံးပြုပါမှ ရထားလမ်းပြောင်းသွားနိုင်သကဲ့သို့ မနသိကာရကိုအသုံးပြုမှ အာရုံသစ်သို့ ကူးပြောင်းနိုင်၏။ မနသိကာရအလုပ်မလုပ်သည့်အခါ နားဆီသို့ ကျယ်လောင်သော မိုးချုန်းသံရောက်လာစေကာမူ မကြားသိခြင်း ဖြစ်ပေ၏။

သို့ဖြစ်၍ အာရုံသိမှုသည် သိပ္ပံတွင် ဖော်ပြထားသကဲ့သို့ စက်ယန္တရားဆန်သော ရုပ်သဘောသက်သက်မျှမဟုတ်။ အာရုံသိမှုတွင် မနသိကာရ (နှလုံးသွင်းမှု) ဟူသော နာမ်သဘောနှင့်တကွ ဝီထိစိတ်တို့၏ ပါဝင်မှုလည်း လိုအပ်၏။ ထို့ကြောင့် အာရုံသိမှုသည် ရုပ်သဘောနှင့် နာမ်သဘောတို့ ပူးပေါင်းထားသည့် ပူးတွဲဖြစ်ရပ်တစ်ခု ဖြစ်ပေ၏။

ဤစာအုပ်၏ ဝီထိပိုင်းတွင် ဒွါရအမျိုးမျိုး၌ ကာမအာရုံအမျိုးမျိုးထင်လာသည့်အခါ ကာမစိတ်တို့က ဇောအဖြစ်ဇောကြသော ကာမဇောဝါရဝီထိအမျိုးမျိုး ဖြစ်ပုံကိုလည်းကောင်း၊ ကသိုဏ်းနိမိတ် စသည့် ပညတ်အာရုံထင်လာသောအခါ မဟဂ္ဂုတ်စိတ်တို့က ဇောအဖြစ် ဇောကြသော အပ္ပနာဇောဝါရဝီထိများ ဖြစ်ပေါ်ပုံကို လည်းကောင်း၊ ဝိပဿနာရှုမှတ်သဖြင့် ဒုက္ခ–အနိစ္စ–အနတ္တ လက္ခဏာတစ်ပါးပါး ထင်ရှားစွာ ပေါ်လာသည့်အခါ နိဗ္ဗာန်ကိုအာရုံပြုသော မဂ်စိတ်, ဖိုလ်စိတ်တစ်ခုခုက ဇောအဖြစ်ဇောသော မဂ်ဝီထိ – ဖိုလ်ဝီထိဖြစ်ပေါ်ပုံကိုလည်းကောင်း၊ ဈာန်သမာပတ်ရကြသော အနာဂါမ်နှင့် ရဟန္တာတို့က နိရောဓသမာပတ်ဝင်စားသောအခါ အသက်လည်း မရှူ, နှလုံးလည်း မခုန်, ကိုယ်ခန္ဓာလည်း မလှုပ်, ခုနစ်ရက်တိုင်တိုင် နာမ်နှင့် ကမ္မဇရုပ်တို့ ချုပ်ငြိမ်းနေသည့် နိရောဓသမာပတ်ဝီထိဖြစ်ပေါ်ပုံကိုလည်းကောင်း စုံစုံလင်လင် တင်ပြထားပေရာ စာရှုသူတို့ အားရရွှင်လန်းစဖွယ် လေ့လာမှတ်သားကြရမည်ဖြစ်၏။

သိပ္ပံပညာရှင်တို့ မကြုံတွေ့နိုင်ကြသော ရုပ်နာမ်ဖြစ်ရပ်အမျိုးမျိုးတို့သည် လူတစ်ဦး၏ သန္တာန်၌ပင်လျှင် ရေလဲပမာ အမျိုးမျိုးဖြစ်ပျက်ပြောင်းလဲနေနိုင်သည်တကား။ ဗုဒ္ဓ၏အမြင်ကို သိပ္ပံပညာရှင်တို့ လက်လှမ်းမိနိုင်ဖွယ်ရာ မရှိပါတကား။

http://www.dhammadownload.com



## လျှို့ဝှက်လွန်းသော ဘဝပြဿနာ

သိပ္ပံပညာရှင်တို့ အကြံခက်နေကြသော ပြဿနာများထဲတွင် ဤကမ္ဘာမြေကြီး ဖြစ်ပေါ်လာပုံနှင့် သတ္တဝါအမျိုးမျိုး စတင်ဖြစ်ပေါ်လာပုံတို့လည်း ပါဝင်ကြ၏။

လူ့ဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ ဝိနိပါတိက အသူရာနတ်ဘုံ၊ အသူရကာယ်တို့၏ နေရာဌာနဖြစ်သော ဤကမ္ဘာမြေကြီးသည် မည်သို့ဖြစ်ပေါ်လာပါသနည်း။

နက္ခတ္တပညာရှင်များ တွေးခေါ်ကြံဆသကဲ့သို့ နေကြီးနှစ်စင်းတို့ ချဉ်းကပ်ပွတ်တိုက်မိကြရာမှ နေဒြပ်သားအချို့ ပဲ့ထွက်ပြီး ကမ္ဘာနှင့် ဂြိုဟ်ကြီးများ ဖြစ်ပေါ်လာကြသလော။ သို့တည်းမဟုတ် အချို့သိပ္ပံပညာရှင်များ ကြံဆသကဲ့သို့ အာကာသအတွင်း၌ လွင့်ပါးနေကြသော မြူ၊ အဏုမြူနှင့် ပရမာအဏုမြူများက နယူတန်၏ ဒြပ်ထုဆွဲအား နိယာမအရ အချင်းချင်းပူးပေါင်းမိကြရာမှ ဤကမ္ဘာကြီး ဖြစ်ပေါ်လာပါသလော၊ ယနေ့တိုင်အောင် တိကျသောအဖြေကို မည်သည့်ပညာရှင် တစ်ဦးတစ်ယောက်ကမျှ မပေးနိုင်သေးပါ။

နက္ခတ္တပညာရှင်တို့သည် အလွန်အားကြီးသည့် အဝေးကြည့်မှန်ပြောင်းများဖြင့် အာကာသထဲသို့ စူးစမ်းရှာဖွေကြည့်ရှုခဲ့ကြရာတွင် ကြယ်တာရာအဖွဲ့အစည်းများ ကုဋေပေါင်းများစွာ ပျံ့နှံ့တည်ရှိနေကြသည်ကို အံ့သြဖွယ်ကောင်း မြင်တွေ့ခဲ့ကြရ၏။ ကြယ်တစ်လုံးစီ၏ ပမာဏအရွယ်သည် ကျွန်ုပ်တို့၏ နေဝန်းထက်ပင် ကြီးမားသည်။

ကျွန်ုပ်တို့၏ နေဝန်း၌ နေစကြဝဠာအဖွဲ့ (solar system) တစ်ခု ရှိသကဲ့သို့ ကြယ်တစ်လုံးစီ၌လည်း နေစကြဝဠာအဖွဲ့ အသီးသီး ရှိနိုင်၏။ ထို့ကြောင့် နေစကြဝဠာပေါင်းသည် မရေတွက်နိုင်အောင် အနန္တ ရှိလိမ့်မည်ဟု သိပ္ပံပညာရှင်တို့က ယုံကြည်ကြ၏။

ဤ ၂၀ ရာစုနှစ်သို့ရောက်မှသာ သိပ္ပံပညာရှင်တို့ သိရှိလာကြသော 'စကြဝဠာအနန္တ' ဟူသည့်သဘောတရားကို ဗုဒ္ဓမြတ်စွာသည် သိပ္ပံပညာ စလုံးရေ စ,ခါလောက်ဖြစ်သော နှစ်ပေါင်း ၂၅၀၀ ကျော်အချိန်ကတည်းက ကြိုတင်သိရှိနေနှင့်သည်မှာ မဆန်းပါလော။ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်သည် အံ့သြဖွယ်ကောင်းလေစွ။

ထို့အပြင် နက္ခတ္တပညာရှင်တို့သည် ပေါက်ကွဲပျက်စီးနေကြသော ကြယ်တာရာများကိုလည်းကောင်း၊ ဖြစ်ပေါ်နေဆဲဖြစ်သည့် ကြယ်များကိုလည်းကောင်း အာကာသအတွင်း၌ မြင်တွေ့ခဲ့ကြရာ အဘိဓမ္မာတွင် ပါဝင်သော ကမ္ဘာဖြစ်ခြင်း ပျက်ခြင်းတို့သည် တကယ်ရှိသော အခြင်းအရာများဖြစ်ကြောင်း တစ်ထစ်ချမှတ်ယူနိုင်ပေ၏။

ဤကမ္ဘာပေါ်တွင် မှီတင်းနေထိုင်လျက်ရှိကြသော အညတြအသေးအမွှားသတ္တဝါတစ်ဦးစီကို မဆိုထားဘိ၊ ဤကမ္ဘာကြီးသည်ပင် အချိန်မရွေး လောင်ကျွမ်းပျက်စီးနိုင်သည်တကား။

ဗုဒ္ဓဟောကြားခဲ့သည့် အနိစ္စသဘောကား ထင်ရှားလှပေ၏။

http://www.dhammadownload.com



ဤကမ္ဘာမြေပြင်တွင် လူသားတို့ထုတ်လုပ်သိုလှောင်ထားပြီးဖြစ်သည့်အဏုမြူဗုံး၊ ဟိုက်ဒြိုဂျင်ဗုံးများကို တစ်ပြိုင်နက်တည်း ဖောက်ခွဲလိုက်မည်ဆိုလျှင် ဤကမ္ဘာပေါ်ရှိ သတ္တဝါအားလုံး သေကျေပျက်စီးနိုင်ပေ၏။ သို့သော် ကမ္ဘာကြီးကား ရေဒီယိုရောင်ခြည်များ လွှမ်းမိုးလျက် ကျန်ရစ်နေပေဦးမည်။

ဤကမ္ဘာကြီးသည် အာကာသတွင် ကြီးမားသောအဟုန်ဖြင့် နေကိုပတ်၍လည်းကောင်း၊ နေနှင့်တကွ အာကာသနယ်တွင် ပြောင်းရွှေ့၍လည်းကောင်း ရွေ့လျားလျက်ရှိပေရာ လက်ရှိနေဝန်းအနီးသို့ ချဉ်းကပ်သွားမိလျှင်ဖြစ်စေ၊ အခြားနေတစ်စင်းအနီးသို့ ချဉ်းကပ်မိလျှင်ဖြစ်စေ လောင်ကျွမ်းပျက်သုဉ်းသွားပေလိမ့်မည်။ ထိုအခါ နေနှစ်စင်း၊ သုံးစင်း စသည်တို့ ထွက်ပေါ်လာသဖြင့် ဤကမ္ဘာကြီး မီးဟုန်းဟုန်းတောက်လောင်သွားလိမ့်မည်ဟူသော အဘိဓမ္မာအဆိုနှင့် ကိုက်ညီနေပေလိမ့်မည်။

## သတ္တဝါတို့၏ ဖန်ဆင်းရှင်

အသိအမြင်နည်းပါးကြသော ရှေးခေတ်လူများသည် လေပြင်းတိုက်ခြင်း, မိုးသည်းထန်စွာရွာခြင်း, လျှပ်စီးလက်ခြင်း, မိုးချုန်းခြင်း, လျှောင်လှုပ်ခြင်း, တောမီးလောင်ခြင်း စသော ကြောက်မက်ဖွယ်ရာဖြစ်ရပ်များနှင့် ကြုံဆုံသည့်အခါ ထိုဖြစ်ရပ်တို့၏ အကြောင်းရင်းတို့ကို မသိနားမလည်ကြသည်ဖြစ်၍ ထိုထိုဖြစ်ရပ်တို့ကို တန်ခိုးရှင်များက ဖန်တီးသည်ဟု ယုံကြည်ခဲ့ကြ၏။

'ငှက်မသိလျှင် ဆက်ရက်ကိုပင် ချိုးထင်' တတ်သော လူတို့ဓမ္မတာအတိုင်း အကြောင်းမသိလျှင် တန်ခိုးရှင်ဖန်တီးသည်ဟု လွယ်လွယ်ကလေး အဖြေပေးလိုက်ကြ၏။ လေဘုရား, မိုးဘုရား, နေဘုရား, လဘုရား, ကောင်းကင်ဘုရား စသည်ဖြင့် ဖန်ဆင်းရှင်နတ်ဘုရားပေါင်း မြောက်မြားစွာရှိသည်ဟု ယူဆလိုက်ကြ၏။ ရှေးဂရိမှတ်တမ်းများ၌ နတ်ဘုရားအချင်းချင်း ရန်ဖြစ်ကြ, တိုက်ခိုက်ကြသည်များလည်း အများအပြား ပါရှိ၏။

ယဉ်ကျေးမှုအဆင့်အတန်း တစ်စစမြင့်မားလာသည့်အခါ နတ်ဘုရားအားလုံးတို့၏ အထွတ်အထိပ်ဖြစ်သည့် အနန္တ တန်ခိုးရှင်တစ်ဦးရှိသည်ဟု ယုံကြည်လာကြပြန်၏။ ထိုတန်ခိုးရှင်က ဤကမ္ဘာကြီးနှင့်တကွ သစ်ပင်တောတောင်, သက်ရှိသက်မဲ့ အရာအားလုံးကို ဖန်ဆင်းထားသည်ဟု မှတ်ယူကြ၏။

ထိုအနန္တ တန်ခိုးရှင်သည် လူသားတို့ကို အခြားသတ္တဝါတို့ထက် ထူးခြားကာ သူ၏ရုပ်သွင်အတိုင်း ဖန်ဆင်းထားသည်ဟု ဆို၏။ လူသားတို့သည် သူ၏သားတော်သမီးတော်များ ဖြစ်ကြ၏။ ဤသားတော် သမီးတော်တို့ကို မဟာကရုဏာတော်၊ မဟာမေတ္တာတော်ဖြင့် သူချစ်မြတ်နိုးသည်ဟုလည်း ဆို၏။

http://www.dhammadownload.com



သို့ဖြစ်လျှင် ဤသားတော်သမီးတော်များ ပျော်ရွှင်ချမ်းမြေ့ရေးအတွက် စားစရာ ဝတ်စရာများကို အဘယ်ကြောင့် ဖောဖောသီသီပေါများအောင် မဖန်တီးထားပါသနည်း။ လူသားတို့အား အကျိုးမပြုသည့်အပြင် ဘေးအန္တရာယ်များ ပေးတတ်သော မှက်, ခြင်, ကြမ်းပိုး, လယ်ဖျက်ပိုးများ, မြွေဆိုး, သစ်ကျား, ခြံပုရွက်ဆိတ်များ, ရောဂါပိုးများ စသည်တို့ကို အဘယ့်ကြောင့် အလျှံပယ် ဖန်ဆင်းထားပါသနည်း။

ရုပ်နာမ်အစုံအလင်နှင့် လူသားများကို ဖန်ဆင်းနိုင်စွမ်းရှိပါလျက် အဘယ့်ကြောင့် လူချော, လူလှ, လူလိမ္မာ, လူပညာရှိများကို တစ်လောကလုံး ပြည့်နှက်နေအောင် မဖန်ဆင်းထားပါသနည်း။ အကျိုးအကန်း, ငမိုက်, ငဆိုး, ငအေများကို အဘယ့်ကြောင့် အမြောက်အမြားဖန်ဆင်းထားပါသနည်း။

သားသမီးများ ဆိုးမိုက်လျှင် မည်သူစိတ်ဆင်းရဲရသနည်း။ မိဘတို့ပင် ဆင်းရဲကြရ၏။ မိဘအရာတည်သော ဖန်ဆင်းရှင်သည် အနန္တတန်ခိုးရှိလျက် အဘယ့်ကြောင့် သားသမီးများ လိမ္မာရေးခြားရှိအောင် မသွန်သင်မဆုံးမပါသနည်း။ သူ၏ အမိန့်တော်များကို မလွန်ဆန်ဝံ့အောင် သူ၏တန်ခိုးတော်ကို အသုံးမချနိုင်ပါသလော။

သူ၏အမိန့်ကို လွန်ဆန်လျှင် ကောင်းကင်ဘုံသို့ အဝင်မခံဘဲ ငရဲ၌ ကျက်စားစေသည်မှာ မိဘဆန်ပါသလော။ သူ၏ သားတော်သမီးတော်များ မိုက်မဲဆိုးပေ၍ မကောင်းမှုများ ပြုလုပ်ခြင်းအတွက် သူ့တွင် တာဝန်မရှိပါသလော။

အချို့သတ္တဝါတို့သည် အသေမွေးဖွားလာကြ၏။ အချို့က မွေးဖွားပြီး လ, အနည်းငယ် ကြာသည့်အခါ သေဆုံးကြ၏။ အချို့က နှစ်အနည်းငယ် နေထိုင်ရပြီးနောက် သေဆုံးသွားကြ၏။ အချို့က မိသားစုအလယ်တွင် ပျော်ရွှင်စွာနေထိုင်ခိုက် သူခေါ်သည်ဆို၍ သေဆုံးသွားကြ၏။ အချို့ကား သားငယ်သမီးငယ်များကို ပြုစုပျိုးထောင်ရန် တာဝန်ရှိခိုက် သေဆုံးသွားကြ၏။ လူများသေဆုံးခြင်းကို မည်သူက ဆုံးဖြတ်ကြိုးကြပ်နေသနည်း။ ဖန်ဆင်းရှင်၏ တာဝန် မဟုတ်ပါသလော။ စကြဝဠာ အနန္တတွင် သတ္တဝါများ အနန္တော အနန္တ ရှိနေကြသည်။ ဤသတ္တဝါများအားလုံး၏ ဖြစ်ပေါ်လာခြင်း သေဆုံးခြင်းကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က တာဝန်ယူနေရသည် ဆိုလျှင် ထိုပုဂ္ဂိုလ်သည် တစ်စက္ကန့်ကလေးမျှ အနားမရတော့ဘဲ ဤလောက၌ သနားစရာအကောင်းဆုံး, ဗျာအများဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေပေတော့မည်။

ဖန်ဆင်းရှင်သည် သတ္တဝါများကို ဖန်တီးလိုက်, သူတို့ပျော်ရွှင်အောင် လုပ်ပေးလိုက်, ငိုယိုမြည်တမ်းအောင် လုပ်ပေးလိုက်, ပေါင်းဆုံပေးလိုက်, ခွဲပေးလိုက်, သတ်လိုက်, ဆုပေးလိုက်, ဒဏ်ပေးလိုက် ပြုလုပ်နေသည်မှာ သူတစ်ဦးတည်း အေးအေးချမ်းချမ်း မနေနိုင်၍ သို့မဟုတ် မနေတတ်၍ ကလေးသူငယ်များ အိုးပုတ် ချိုးရုပ်များနှင့် ကစားနေကြသလို ကစားနေခြင်း ဖြစ်ပါသလော။

http://www.dhammadownload.com



အသိဉာဏ်အသင့်အတင့်ရှိကြသော ကလေးသူငယ်များသည် သူတို့ ချစ်မြတ်နိုးသည့် အိုးပုတ် ချိုးရုပ်များကို မရိုက်ချိုးကြပါ။ အနန္တ မေတ္တာရှင်ကြီးက မိမိဖန်တီးထားသော သားသမီးများကို အဘယ့်ကြောင့် သေကျေပျက်စီးအောင် ဖျက်ဆီးနေပါသနည်း။

**အိုးလုပ်သူများသည် မိမိတို့ပြုလုပ်ထားကြသော အိုးခွက်များကို မရိုက်ခွဲကြပါ။ အနန္တ တန်ခိုးရှင်က မိမိဖန်ဆင်းထားသော သားတော်သမီးတော်များကို အဘယ့်ကြောင့် အကြင်နာကင်းစွာ ဖျက်ဆီးနေပါသနည်း** ဟု ရှေးဂရိကဗျာဆရာကြီး **အိုမာခေယမ်**က သူ၏ ကမ္ဘာကျော် **'အီလီယက်'** ကဗျာတွင် မေးခွန်းထုတ်ထားပါ၏။

အနန္တ တန်ခိုးရှင် ဘုရားသခင်သည် လူတို့နှင့် ရုပ်တူသည်ဟု လူသားတို့ ဆိုကြ၏။ စက်ဝိုင်းနှင့် တြိဂံများကသာ စကားပြောတတ်ကြလျှင် ဘုရားသခင်သည် စက်ဝိုင်းနှင့် တြိဂံပုံများရှိသည်ဟု အသီးသီးဆိုကြလိမ့်မည်ဟု ကမ္ဘာတွေးခေါ်ရှင်ကြီး **စပင်နိုဇာ** (Spinoza) က ထောက်ပြထား၏။

ကမ္ဘာ့တွေးခေါ်ရှင် ဖိလိုဆိုဖာများစွာတို့က အရာရာတွင် ဖန်တီးရှင်ရှိရမည်ဆိုလျှင် ထိုအနန္တ တန်ခိုးရှင်ကြီးကို မည်သူဖန်တီးထားသနည်းဟု မေးမြန်းထားကြ၏။

အမှန်မှာ လူ, တိရစ္ဆာန်များနှင့် ကမ္ဘာလောကကြီးတစ်ခုလုံးကို အနန္တ တန်ခိုးရှင်တစ်ဦးက ဖန်တီးထားသည်ဟူသော အယူအဆသည် ယုတ္တိတန်သော အထောက်အထားများ ကင်းမဲ့သဖြင့် သိပ္ပံပညာရှင်တို့၏ လေးစားမှုကို ခံယူနိုင်ခြင်းမရှိပါ။

ကမ္ဘာလောကတစ်ခုလုံးတွင် 'ဒြပ်နှင့် စွမ်းအင်တို့သာရှိသည်ဟု မြင်သိထားကြသော သိပ္ပံပညာရှင်တို့သည် **ဒြပ်နှင့်စွမ်းအင်တို့ကို မည်သူမျှ မဖန်တီးနိုင်၊ မည်သူမျှ မချေဖျက်နိုင်'** (Matter and energy can neither be created nor destroyed) ဟု ပြတ်ပြတ်သားသားပင် နိယာမပြုထားကြ၏။

သိပ္ပံပညာရှင်တို့က သက်ရှိသတ္တဝါတို့သည် ဒြပ်နှင့်စွမ်းအင်ကို အခြေခံ၍ ဖြစ်ပေါ်လာကြရမည်ဟု ယူဆထားကြ၏။ မည်သို့ ဖြစ်ပေါ်လာသည်ကိုမူ ယနေ့တိုင်အောင် မရှင်းပြနိုင်ကြချေ။

၁၈ ရာစုနှစ်အတွင်းက ဒါဝင် (Charles Darwin) သည် တိရစ္ဆာန်အချို့တို့၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲပုံကို လေ့လာပြီးနောက် **'လူသည် မျောက်က ဆင်းသက်လာသည်'** ဟု အဆိုပြုလိုက်သဖြင့် ၊ တစ်ကမ္ဘာလုံးရှိ လူအပေါင်းတို့ တုန်လှုပ်ချောက်ချားသွားကြရ၏။ ဤအဆိုကို သံသယကင်းအောင် သက်သေအခိုင်အမာပြနိုင်သော အထောက်အထားများသည် ယနေ့တိုင် ထွက်ပေါ်လာခြင်းမရှိသည့်အတွက် လူအပေါင်းတို့သည် မျောက်ထိး မျောက်မများကို မိဘဘိုးဘွားတော်စပ်ရခြင်းအဖြစ်မှ ကံကောင်းထောက်မ၍ ယနေ့တိုင် လွတ်မြောက်နေကြရသေး၏။

http://www.dhammadownload.com



တင်ပြခဲ့ပြီးသည့်အထောက်အထားများအားလုံးကို သတ္တုချလိုက်လျှင်လူသတ္တဝါတို့ မည်သို့ဖြစ်ပေါ်လာခြင်းကို သုတေသီတို့ ယနေ့တိုင်အဖြေရှာမရကြသေးပါ။ နောင်မကြာမြင့်မီသောကာလတွင် အဖြေတွေ့လိမ့်မည်ဟူသည့် အလားအလာလည်း မရှိသေးပါ။ ကြာလေ ဝေးလေ ရှင်းလေ ထွေးလေပင် ဖြစ်နေ၏။

ဗုဒ္ဓအဘိဓမ္မာကကော ဤကမ္ဘာမြေပေါ်တွင် သတ္တဝါများ စတင်ဖြစ်ပေါ်လာပုံကို အဖြေပေးနိုင်ပါသလား။ သဘာဝကျကျစွာ အဖြေပေးနိုင်ပေ၏ ဟုဆိုလျှင် အံ့သြစရာမကောင်းပါသလော။

ဗုဒ္ဓက သတ္တဝါများကို ပဋိသန္ဓေအားဖြင့် လေးမျိုးခွဲခြားထား၏။

သံသေဒဇ ခေါ် အညှီအဟောက်၌ပဋိသန္ဓေနေသောသတ္တဝါ၊ ဩပပါတိက ခေါ် ကိုယ်အထင်အရှားဘွားခနဲဖြစ်ပေါ်လာသော ဥပပတ်သတ္တဝါ၊ ဇလာဗုဇ ခေါ် မိခင်၏ သားအိမ်၌ ပဋိသန္ဓေနေသောသတ္တဝါနှင့် အဏ္ဍဇ ခေါ် ဥခွံတွင်း၌ ပဋိသန္ဓေတည်နိုင်သော သတ္တဝါတို့ ဖြစ်ကြ၏။ ဤသို့ဖော်ပြလိုက်ခြင်းဖြင့် ကမ္ဘာပေါ်၌ သတ္တဝါများ စတင်ဖြစ်ပေါ်ပုံကို ဖြေရှင်းပြီးသားဖြစ်သွားပေတော့၏။

သို့ဆိုလျှင် ကမ္ဘာဦးလူတို့သည် မည်သို့ဖြစ်ပေါ်လာကြသနည်း။

ဗြဟ္မာပြည်များမှ စုတေ၍ ဤကမ္ဘာမြေပြင်ပေါ်တွင် ဥပပတ် ပဋိသန္ဓေဖြင့် ဖြစ်ပေါ်လာကြ၏။

**ဗြဟ္မာပြည်၊ နတ်ပြည်တို့ကော တကယ်ရှိပါသလော။ အဘယ်မှာ တည်ရှိကြသနည်း။**

တကယ်ရှိပါသည်။ လူ့ပြည်နှင့် အလွန်တရာဝေးကွာသော ကောင်းကင်ပြင်၌ ပျံ့နှံ့တည်ရှိနေကြပါ၏။ တန်ခိုးနည်းသော အောက်စတုမဟာရာဇ်နတ်တို့မှာ လူ့ဘုံတွင်ပင် ရှိကြပါ၏။

အဘယ်အထောက်အထားများအရ ပြောဆိုပါသနည်း။

ဗုဒ္ဓ၏တရားတော်ကို လေ့လာသောအခါ ဗုဒ္ဓသည် အလုံးစုံကို သိမြင်နိုင်သော သဗ္ဗညုတဉာဏ်ရှင်ဖြစ်ကြောင်း ကောင်းစွာသဘောပေါက်လာပါသည်။ ဗုဒ္ဓ၏ တရားတော်သည် လက်တွေ့မပြနိုင်သော အဖြေပန်းတိုင် မရှိသောတရားများ မဟုတ်။ လက်တွေ့ကျ၍ အဖြေပန်းတိုင်ရှိသော တရားများဖြစ်ကြ၏။ တကယ်ကျင့်ကြံလျှင် တကယ်ဖြစ်သည့် သာဓကများလည်း မရေတွက်နိုင်အောင် ရှိကြ၏။

ထိုသဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားက နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာဘုံ ၂၀ ရှိသည်ဟု အကြောင်းအကျိုးနှင့်တကွ ဟောကြားထားပါသည်။ ဤသို့ ဗုဒ္ဓကိုယ်တော်တိုင် အကြောင်းအကျိုးနှင့်တကွ ဟောကြားထားသဖြင့် နတ်ပြည် ဗြဟ္မာပြည်တို့ အမှန်တကယ်ရှိကြောင်း ယုံကြည်ရပါ၏။

http://www.dhammadownload.com



နောက်တစ်ကြောင်းမှာလည်း လက်ဝဲရံ အဂ္ဂသာဝကဖြစ်သူ အရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည် ဗြဟ္မာပြည်များသို့ မကြာခဏကြွရောက်ပြီး ဗိမာန်ရှင်, ဘုံနန်းရှင်တို့၏ ကုသိုလ်ကောင်းမှုများကို စုံစမ်းခဲ့၏။ ထိုနောက် ထိုအကြောင်းများကို လူ့ပြည်တွင် ပြန်လည်ဟောကြားခဲ့၏။

အဘိညာဉ်ရကြသည့် ပုဂ္ဂိုလ်များကလည်း နတ်ဗြဟ္မာများကို ကိုယ်တိုင် မြင်တွေ့ကြသည့်အပြင် ကိုယ်တိုင်လည်း နတ်ပြည် ဗြဟ္မာပြည်များသို့ သွားရောက်နိုင်ကြ၏။

### ဥပပတ်ပဋိသန္ဓေသည် သိပ္ပံနိယာမနှင့် ဆန့်ကျင်သလော

သိပ္ပံနိယာမသည် ရုပ်ဖြစ်ရုပ်အတွက်သာ မှန်ကန်၏။ ဤတွင်လည်း အမြဲတစေ တိတိကျကျ မှန်ကန်သည်မဟုတ်။ ခြွင်းချက်များ ရှိလေ့ရှိ၏။ ရုပ်နာမ်ဖြစ်ရပ်များကား သိပ္ပံနယ်ပယ်မှ လွတ်မြောက်နေသဖြင့် သိပ္ပံနိယာမများနှင့် မသက်ဆိုင်ပါ။ သိပ္ပံနိယာမများကို လိုက်နာရန် မလိုပါ။

ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ကိုယ်ခွဲ တစ်ရာ တစ်ထောင် ဖန်ဆင်းနိုင်၏။ မြင်းတပ်, ဆင်တပ်, စစ်သည်တော်များကို ဖန်ဆင်းနိုင်၏။ မြေလျှိုးပြီး မိုးပျံနိုင်၏။ နဂါးမင်း၏ မီးလျှံစက်ကွင်းကို ရေသို့အေးစေပြီး တေဇောကသိုဏ်းစက်ကွင်းဖြင့် နဂါးမင်းကို ပူလောင်စေနိုင်၏။ ဤသို့စွမ်းဆောင်နိုင်ကြောင်းကို အဘိဓမ္မာ၌ ဖော်ပြထားသည့်အပြင် ဘုရားလက်ထက်တော်အခါက အရှင်စူဠပန်၊ အရှင်ပိဏ္ဍောလဘာရဒွါဇ၊ အရှင်မဟာမောဂ္ဂလာန် စသော ပုဂ္ဂိုလ်အကျော်အမော်တို့ လက်တွေ့ပြသခဲ့ကြ၏။

ထို့အပြင် သေဆုံးပြီးသော ပုဂ္ဂိုလ်အချို့တို့က ကိုယ်ထင်ပြကြသည့် ဖြစ်ရပ်များစွာကို လူမြောက်မြားစွာတို့က ကြုံတွေ့ခဲ့ကြပါသည်။ ဤသို့ သိပ္ပံနယ်လွန်ဖြစ်ရပ်များနှင့် ကိုယ်ထင်ပြမှုများသည် ဥပပတ်ပဋိသန္ဓေနှင့် မထူးခြားတော့ပါ။ ထို့ကြောင့် နတ်လောက၌ ဥပပတ်ပဋိသန္ဓေရှိကြောင်းကို ကောင်းစွာယုံကြည်ရပေသည်။

သို့ဖြစ်၍ ကမ္ဘာဦးလူတို့က ဥပပတ်ပဋိသန္ဓေဖြင့် စတင်ဖြစ်ပေါ်ခဲ့ကြောင်းကို ယုံမှားသံသယ မဖြစ်သင့်ချေ။

### ဖန်တီးရှင်ကြီးကံတရား

သတ္တဝါများကို ဘဝအမျိုးမျိုး၌ဖြစ်ပေါ်အောင် ဖန်တီးပေးနေသူမှာ ကောင်းကင်ပေါ်မှ ဘုရားမဟုတ်။ ကံတရားဖြစ်၏။ ကံဟူသည်မှာ 'စေတနာဟံဘိက္ခဝေ ကမ္မံ ဝဒါမိ' ဟု ဟောတော်မူသည်နှင့်အညီ ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့၌ ယှဉ်သည့် စေတနာကိုပင် ကံဟု မှတ်ယူနိုင်၏။

ဤကံတရား၏အကျိုးပေးပုံကို ရူပဗေဒ၌ စာရှုသူတို့ လေ့လာခဲ့ကြရမည်ဖြစ်သော အတည်စွမ်းအင် (Potential energy) နှင့် နှိုင်းယှဉ်နိုင်၏။ နာရီသံပတ်ကို ရစ်

http://www.dhammadownload.com



ပတ်သည့်အခါ၌ ကျွန်ုပ်တို့ အလုပ်ပြုလုပ်ရ၏။ ထိုအလုပ်သည် စွမ်းအင်တည်မြဲမှု သဘောအရ ပျောက်ပျက်သွားခြင်းမရှိချေ။ ထိုအလုပ်နှင့်ညီမျှသော အတည်စွမ်းအင်သည် နာရီသံပတ်၌ ကိန်းအောင်းနေပြီး ထိုအတည်စွမ်းအင်ဖြင့် ထိုနာရီသည် ရက်ပေါင်းများစွာ အလုပ်လုပ်နိုင်၏။

မြေပေါ်ရှိသည့် ကျောက်ခဲတုံးကြီးတစ်တုံးကို ကျွန်ုပ်တို့ မ,တင်လိုက်သည့်အခါ၌ ရူပဗေဒသဘောအရ အလုပ်လုပ်ရ၏။ ထိုအလုပ်သည် ပျောက်ပျက်မသွားဘဲ အတည်စွမ်းအင်အဖြစ် ကျောက်ခဲတုံး၌ပင် ကိန်းအောင်းနေ၏။ ထိုစွမ်းအင်ကို ကျွန်ုပ်တို့ မမြင်တွေ့နိုင်သော်လည်း ကျောက်ခဲတုံးကို လွှတ်ချလိုက်လျှင် ကျောက်ခဲတုံးက မိမိ၏အတည်စွမ်းအင်ကို အရွေ့စွမ်းအင်အဖြစ်သို့ ပြောင်းပြီး အလုပ်ပြုလုပ်ပြပေလိမ့်မည်။ အဆွေ၏ ခြေထောက်ကို ထိုကျောက်တုံးကျရာအရပ်၌ ထားကြည့်လျှင် ထိုအလုပ်ပမာဏကို ကောင်းကောင်းသဘောပေါက်သွားပါလိမ့်မည်။

စွမ်းအင်အပေါင်းတွင် စိတ်စွမ်းအင်သည် အားအကြီးဆုံး ဖြစ်ပေ၏။ ထိုစိတ်စွမ်းအင်က လောကကို အမျိုးမျိုးပြုပြင်ဖန်တီးနေ၏။ အဏုမြူဗုံး, ဟိုက်ဒြိုဂျင်ဗုံးများကို တည်ဆောက်သူမှာလည်း စိတ်စွမ်းအင်ပင် ဖြစ်ပေ၏။ 'စိတ်စွမ်းအင်' ဟု ဝေါဟာရပြု၍ သုံးစွဲရာ၌ စိတ်နှင့်တစ်ပေါင်းတည်းဖြစ်ကြသော စေတနာ စသည့် စေတသိက်အပေါင်းတို့၏ စွမ်းအင်လည်း အပါအဝင်ဖြစ်သည်ဟု မှတ်ယူရပါမည်။

မ,တင်ထားသော ကျောက်တုံးကို လွှတ်မချမချင်း ထိုကျောက်တုံးတွင် အတည်စွမ်းအင် ကိန်းနေသကဲ့သို့ စိတ်စွမ်းအင် အစုအဝေးဖြစ်သည့် ကံတရားသည်လည်း ဖြစ်ပေါ်ပြီးသည့်နောက် အကျိုးမပေးမချင်း သတ္တဝါ၏ စိတ်အစဉ်တွင် ကိန်းနေ၏။ ထိုကံသည် အခြားသတ္တဝါကို အကျိုးပေးလိမ့်မည်မဟုတ်။ ထိုကံကို ပြုလုပ်ခဲ့သော လူကိုပင် အကျိုးပေးရန် သူ၏စိတ်အစဉ်၌ ကိန်းနေခြင်းဖြစ်၏။

ထိုကံက အကျိုးပေးရန် အခွင့်ကြုံလာသည့်အခါ၌ မည်သည့်တန်ခိုးရှင်ကမျှ တားဆီး၍မရ။ ဆိုင်းဘာဘာနှင့် ဝိဇ္ဇာဓိုရ်များသည် ဝဋ်နာကံနာကို ပျောက်ကင်းအောင် မကုသပေးနိုင်ကြပါ။ ကံကုန်၍ သေတော့မည့် တပည့်တပန်းများ မသေရန်ကိုလည်း မတားဆီးနိုင်ကြပါ။ သူတို့ကိုယ်တိုင်သည်ပင် ကံ၏ အစီအရင်ကို ရှောင်လွှဲနိုင်ကြမည်မဟုတ်ပါ။

## ကံသည် သတ္တဝါများကို မည်သို့ဖန်တီးသနည်း

အကုသိုလ်စိတ်ဖြင့် ဒုစရိုက်အမှုကို ပြုလုပ်ခဲ့သောသူသည် အကုသိုလ်စိတ်၏ အကျိုးဖြစ်သော အကုသလဝိပါက်စိတ်ခုနစ်ပါးကို သင့်လျော်သောအခါ၌ ရရှိမည်ဖြစ်၏။ ထိုဝိပါက်စိတ်ခုနစ်ပါးတွင် အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်သည် ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေကို ဖြစ်စေ၏။ ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေသည် သက်ဆိုင်ရာ

http://www.dhammadownload.com



သတ္တဝါအား ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟူသော အပါယ်လေးဘုံ၌သာ ဖြစ်ပေါ်စေ၏။ အခြား အဆင့်မြင့်သောဘုံများ၌ ပဋိသန္ဓေဖြစ်စေရိုးမရှိ။

မဟာကုသိုလ်စိတ်ဖြင့် လှူဒါန်းခြင်းစသော ကုသိုလ်အမှုကို ပြုခဲ့သောသူသည် ထိုမဟာကုသိုလ်စိတ်၏အကျိုးဖြစ်သော မဟာဝိပါက်စိတ်ကို ထိုကုသိုလ်ကံ အကျိုးပေးသည့်အခါ ခံစားရ၏။ မဟာဝိပါက်စိတ်သည် သက်ဆိုင်ရာသတ္တဝါအား လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ်ဟူသော ကာမသုဂတိခုနစ်ဘုံ၌ ပဋိသန္ဓေတည်ရန် အကျိုးပြုနိုင်၏။ ထို့ထက်မြင့်သောဘုံ၌ ပဋိသန္ဓေဖြစ်ရန် အကျိုးမပြုနိုင်ချေ။

ရူပါဝစရပထမဈာန်ရအောင် သမထဘာဝနာပွားများခဲ့သောပုဂ္ဂိုလ်သည် ဈာန်မပျက်ဘဲ သေလွန်လျှင် ထိုရူပါဝစရပထမဈာန်ကုသိုလ်ကံ၏ အကျိုးပေးမှုကြောင့် ပထမဈာန်ဗြဟ္မာဘုံတွင် ရူပါဝစရပထမဈာန်ဝိပါက်စိတ်ဖြင့် ဥပပတ်ပဋိသန္ဓေနေရ၏။ ရူပဈာန်များကို ရရှိရေးအတွက် အလွန်ကြီးကျယ်သည့်သမာဓိကို ထူထောင်ခဲ့ကြရ၏။ သမာဓိကြီးလျှင် စိတ်စုစည်းမှုကြီးသဖြင့် စိတ်စွမ်းအင်လည်း ကြီးမား၏။ စုစည်းကြီးမားသော စိတ်စွမ်းအင်ဖြင့်သာ ရူပဈာန်များကို ရရှိနိုင်သည်နှင့်အညီ အကျိုးပေးသောအခါ၌လည်း အလွန်အားကြီး၏။ ဈာန်မြဲလျက်ကွယ်လွန်လျှင် ထိုဈာန်စိတ်နှင့် လျော်ညီသော ရူပဗြဟ္မာဘုံ၌ မုချမသွေ ပဋိသန္ဓေဖြစ်ရ၏။ ရူပဗြဟ္မာဖြစ်သည့်အခါ၌လည်း ဈာန်ချမ်းသာနှင့်တူသော သုခချမ်းသာကို ကမ္ဘာပေါင်းများစွာ စံစားနိုင်၏။

အရူပဈာန်များမှာ ရူပဈာန်များထက် ပို၍အားကြီး၏။ ထို့ကြောင့် အရူပဈာန်ကုသိုလ်ဖြင့် အရူပဘုံ၌ ပဋိသန္ဓေနေကြသော ဗြဟ္မာများသည် ကမ္ဘာပေါင်း သောင်းနှင့်ချီ၍ သက်တမ်းရှည်ကြာကြ၏။

အကုသိုလ်ဘက်၌ အမိသတ်ခြင်း, အဖသတ်ခြင်း, ရဟန္တာကိုသတ်ခြင်း, သံဃာကို ဂိုဏ်းခွဲခြင်း, ဘုရားရှင်၌ သွေးစိမ်းတည်ရန် ပြုခြင်းဟူသော ပဉ္စာနန္တရိယကံတို့သည် အလွန်အားကြီးသဖြင့် ဂရုကကံဟု အမည်ရကြ၏။ ဤကံတစ်ပါးပါးကို ကျူးလွန်ထားသူသည် သမထဘာဝနာကို ပွားများအားထုတ်လျှင်လည်း ဈာန်မရနိုင်တော့ချေ။ ထိုသူ ကွယ်လွန်သည့်အခါ ဂရုကကံသည် မုချမသွေ အကျိုးပေးသဖြင့် အဝီစိငရဲသို့ ကျရောက်ရလေ၏။

အကုသိုလ်ကံ ၁၂ ပါး, မဟာကုသိုလ်ကံ ရှစ်ပါး, ရူပါဝစရကုသိုလ်ကံ ငါးပါးနှင့် အရူပါဝစရကုသိုလ်ကံ လေးပါးတို့သည် သတ္တဝါတို့အား ၃၁ ဘုံ၌ ထိုက်သင့်သလို ဖြစ်ပေါ်အောင် တစ်ရံမစဲ ဖန်တီးပေးနေကြ၏။

ထို့ကြောင့် သတ္တဝါအမျိုးမျိုးကို ဖန်တီးနေသည့် အနန္တ တန်ခိုးရှင်ဟူသည်မှာ လူ နတ်ဗြဟ္မာ သတ္တဝါတစ်ဦးဦးမဟုတ်။ သတ္တဝါတစ်ဦးစီက ကိုယ်တိုင် ပြုလုပ်စီမံထားခဲ့သော 'ကံတရား' သာလျှင် ဖြစ်ပါတော့သတည်း။

http://www.dhammadownload.com



**သင်သည် သင့်ဝိညာဉ်၏ အကြီးအမှူးဖြစ်ပြီး သင့်ကြမ္မာ၏ အရှင်သခင်ဖြစ်၏။ (You are the captain of your soul and the master of your faith)** ဟူသော **ဝီလျံရှိတ်စပီးယား (William Shakespeare)** ၏ ကဗျာအဖွဲ့တွင် "သင်သည် သင်၏ ဖန်တီးရှင်ဖြစ်သည်" (You are the creator of yourself) ဟူသည့်အဆိုကို ဖြည့်စွက် သင့်ပါတော့သည် တစ်မုံ့။

**ဥာ ဘုံ ရှိသလား**

တက္ကသိုလ်ကျောင်းသူကျောင်းသားများသည် 'ငရဲရှိသလား၊ နတ်ပြည်ရှိသလား' မေးမြန်းနေကြ၏။ ငရဲဘုံ, နတ်ဘုံတို့ကို မမြင်တွေ့ဖူး၍ မေးမြန်းနေကြခြင်းဖြစ်၏။ စတုမဟာရာဇ်, တာဝတိံသာ နတ်ပြည်တို့၏ တည်နေရာဖြစ်သော မြင်းမိုရ်တောင်ကြီးကို အာကာသသူရဲများက မမြင်တွေ့ခဲ့ကြသဖြင့် နတ်ပြည်များမရှိနိုင်ဟုလည်း ထင်မှတ်မိကြ၏။

အလွန်တရာမွဲပြာကျလှသော မံသစက္ခု (ပကတိမျက်စိ) ဖြင့် ငရဲဘုံ, နတ်ဘုံ, ငရဲသား, နတ်သားတို့ကို မမြင်တွေ့နိုင်ပါ။ နတ်ဘုံတို့၏ တည်နေရာဖြစ်သော မြင်းမိုရ်တောင်ကိုလည်း မမြင်တွေ့နိုင်ပါ။

ကြည်လင်သော သောက်ရေတစ်ခွက်၌ ပိုးမွှားကလေးများ, ဘက်တီးရီးယားများ သန်းနှင့်ချီ၍ ရှိနေကြသည်ကိုပင် ကျွန်ုပ်တို့ မမြင်တွေ့ကြပါ။ မမြင်တွေ့၍လည်း အားရပါးရ မျိုချနေကြ၏။

ကျွန်ုပ်တို့၏ ခန္ဓာအိမ်သည် ပိုးမျိုးပေါင်းမြောက်မြားစွာနှင့် မိုးကောင်ရေကုဋေကုဋာတို့၏ စံနေအိမ်ဖြစ်သည်ကို ကျွန်ုပ်တို့ မမြင်မိသဖြင့် တွေးလည်းမတွေးမိကြပါ။ အထပ်တစ်ရာဟု ခေါ်သော ဆိတ်ကလီစာ, အမဲကလီစာတို့၌ ပိုးပေါင်းသိန်းသန်းချီ၍ တည်ရှိနေသည်ကို အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်လျှင် အလွယ်တကူမြင်တွေ့နိုင်၏။ ဆိတ်ကလီစာ, အမဲကလီစာတို့၌ ပိုးပေါင်းမြောက်မြားစွာရှိလျှင် ကျွန်ုပ်တို့၏ ဝမ်းတွင်း၌လည်း ပိုးပေါင်းကုဋေကုဋာရှိမည်မှာ ယုံမှားစရာမရှိတော့ချေ။

မံသစက္ခုဖြင့် မမြင်နိုင်သည်ကို ဉာဏ်စက္ခုဖြင့်ကြည့်မှ မြင်နိုင်ပါသည်။

ငရဲပြည်, နတ်ပြည်တို့ကို အဘိညာဉ်တန်ခိုးဖြင့် ကြည့်လျှင် အတိုင်းသား မြင်နိုင်ပါသည်။ တကယ်မြင်တွေ့လိုလျှင် အဘိညာဉ်ရအောင် ကြိုးစားပါ။

ဉာဏ်စက္ခုဖြင့် ကြည့်သည့်နည်းကို သိပ္ပံပညာရှင်တို့လည်း တီထွင်ကြပါသည်။ အက်တမ်ဟု ခေါ်သော ပရမာဏုမြူများကို အလွန်ချဲ့အားကြီးသော အီလက်ထရွန်မိုက်ကရိုစကုပ်ဖြင့်ပင် ကြည့်၍မမြင်နိုင်ပါ။ အက်တမ်တို့ထက် အဆတစ်သိန်းမက ပိုမိုသေးငယ်ကြသော အီလက်ထရွန်, ပရိုတွန်, နယူထရွန်တို့ကို မြင်အောင် မည်သို့ ကြည့်မည်နည်း။

http://www.dhammadownload.com



လက်တွေ့စမ်းသပ်ချက်ပေါင်း မြောက်မြားစွာတို့မှ မြင်တွေ့ခဲ့ရသော အထောက်အထားများအရ အက်တမ်တို့သည် အီလက်ထရွန်၊ ပရိုတွန်၊ နယူထရွန်တို့နှင့် ဖွဲ့စည်းထားသည်ဟု သိပ္ပံပညာရှင်တို့ အဆိုပြုခဲ့ကြ၏။ အကြောင်းပြချက်များက ယုတ္တိတန်သဖြင့် သိပ္ပံပညာလေ့လာသူအပေါင်းက လက်ခံယုံကြည်ကြ၏။

ထိုနည်းအတူ ငရဲပြည်၊ နတ်ပြည်ရှိကြောင်းကို ယထာဘူတကျ၍ ယုတ္တိတန်သော အကြောင်းပြချက်များအရ လက်ခံယုံကြည်ရမည်ဖြစ်၏။

ပထမအကြောင်းရပ်မှာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ဆည်းခဲ့သော ဗုဒ္ဓဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာတို့ကို ထောက်ရှု၍ ဗုဒ္ဓကိုယ်တိုင် ဟောကြားထားသည့် ငရဲပြည်၊ နတ်ပြည်တို့သည် အမှန်တကယ်ရှိသည်ဟု ယုံကြည်ရာ၏။

ဒုတိယအကြောင်းရပ်မှာ ငရဲပြည်၊ နတ်ပြည် ရှိကြောင်းကို ဗုဒ္ဓဟောကြားရာ၌ အကြောင်းအကျိုး ဆက်စပ်မှုမရှိဘဲ သာမညသိသာရုံဟောလိုက်သည်မဟုတ်။ အဘိဓမ္မာ၌ အကြောင်းအကျိုးဆက်စပ်မှုခိုင်ခိုင်လုံလုံနှင့် ဟောကြားထားခြင်း ဖြစ်ပေ၏။

အကုသိုလ်ကံသည် ၎င်းနှင့်ထိုက်တန်သော မကောင်းကျိုးကိုသာ ပေးရမည်ဖြစ်ရာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသည့် အပါယ်လေးဘုံ၌ အပါယ်ပဋိသန္ဓေကို ဖြစ်စေ၏။ အပါယ်လေးဘုံတို့အနက် တိရစ္ဆာန်၊ ပြိတ္တာနှင့် အသူရကာယ်ဘုံတို့သည် ဤလူ့ဘုံ၌ပင် ယှဉ်တွဲကာ တည်ရှိနေကြ၏။

တိရစ္ဆာန်များကို လူတိုင်း မြင်တွေ့နေကြရသဖြင့် တိရစ္ဆာန်ဘုံဟူသော အပါယ်ဘုံ ရှိသည်ကို သံသယမဖြစ်ကြပါ။ တစ်ဖန် အိမ်ကြိုအိမ်ကြား၌ လူတို့စွန့်ပစ်ထားကြသည့် အစွဲသလိပ် ထမင်းလုံး စသည်ကို လိုက်လံကောက်စားနေကြရသော ပြိတ္တာကလေးများကို အကြားအမြင်ရသူများနှင့် စိတ်တန်ခိုး (psychic power) ရှိသူများက မြင်တွေ့နိုင်ကြ၏။ ထို့ကြောင့် ပြိတ္တာဘုံရှိသည်ဟု ယုံကြည်နိုင်ပါ၏။

တစ်ဖန် ပြိတ္တာကလေးများရှိလျှင် ပြိတ္တာအကြီးစားများ ဖြစ်ကြသော အသူရကာယ်များလည်း ရှိရပေမည်။ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံများရှိလျှင် ပြိတ္တာအသူရကာယ်တို့ကို ဖြစ်စေသောကံများထက် ပိုမိုကြီးလေးသည့် အကုသိုလ်အမှုများကို ကျူးလွန်ခဲ့ကြသော ပုဂ္ဂိုလ်များ ခံစားရန်အတွက် ငရဲဘုံများလည်း ရှိကြရပေမည်။

မဟာကုသိုလ်စိတ် ရှစ်ပါးရှိရာ ထိုစိတ်တို့ဖြင့် အညံ့စား အမြတ်စား ကုသိုလ်ပြုခဲ့ကြသူတို့ ခံစားရန်အတွက် ကာမချမ်းသာ အဆင့်ဆင့်ကွာခြားကြသော ကာမသုဂတိဘုံများလည်း ရှိရပေမည်။ ဤဘုံတို့ကား လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ်တို့ ဖြစ်ကြ၏။

ရူပါဝစရကုသိုလ်ဈာန်ငါးပါးကို အသီးသီးရရှိအောင် အားထုတ်ခဲ့ကြသောသူတို့သည် သူတို့၏ ကုသိုလ်ကံအကျိုးအားလျော်စွာ ပထမဈာန်သုံးဘုံ၊ ဒုတိယဈာန်

http://www.dhammadownload.com



သုံးဘုံ, တတိယစျာန် သုံးဘုံ, စတုတ္ထစျာန် ခုနစ်ဘုံဟူသော ရူပဗြဟ္မာ ၁၆ ဘုံတို့၌ ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်ကြရ၏။

အရူပါဝစရကုသိုလ်စျာန်လေးပါးကို အသီးသီးရရှိအောင် အားထုတ်ခဲ့ကြသောသူတို့၏ ကုသိုလ်ကံအဟုန်အစွမ်းကြောင့် အရူပဗြဟ္မာဘုံလေးဘုံတို့ ဖြစ်ပေါ်ပေးကြရ၏။

သို့အတွက် သတ္တဝါအမျိုးမျိုးကို ဖန်တီးပေးလိုက်သော ကံတရားသည် ဘုံဗိမာန်အမျိုးမျိုးကိုလည်း ဖန်တီးပေးလိုက်၏။

ကံအမျိုးမျိုး၊ ကံတို့၏ အကျိုးဝိပါကဖြစ်သည့် ပဋိသန္ဓေအမျိုးမျိုး၊ အသက်ရှင်ဆဲအခါ အကျိုးပေးမှုအမျိုးမျိုး၊ ကံအကျိုးပေးမှုတုန်ဆုံး၍ သို့မဟုတ် ကံပြတ်တောက်၍ သေဆုံးသည့်အခါ သေရပုံအမျိုးမျိုးတို့ကို ဝိထိမုတ်ပိုင်း(ဝါ) ဘုံပိုင်း၌ တခမ်းတနားလေ့လာမှတ်သားကြရပါမည်။

ဗုဒ္ဓအဘိဓမ္မာတွင် တင်ပြထားသော သတ္တဝါတို့ကျင်လည်ရာ ဘုံ ၃၁ ဌာနသည် လူသားတို့တွေးခေါ်တင်ပြထားသော ကံစနစ်များအနက် အပြည့်စုံဆုံး, အခမ်းနားအထည်ဝါဆုံး, စနစ်အကျဆုံး, ယုတ္တိအတန်ဆုံးစနစ် ဖြစ်ပေ၏။

သဗ္ဗညုတဉာဏ်တော်ဖြင့်သာ ကံတရားနှင့်ဆက်စပ်၍ ၃၁ ဘုံစနစ်ကို ပြတ်ပြတ်သားသား တိတိကျကျ တင်ပြနိုင်ခြင်း ဖြစ်သည်တကား။

**ဗုဒ္ဓ၏ ရုပ်သဘော**

ရုပ်သည် အဓိကလား၊ နာမ်သည် အဓိကလား။

ရုပ်က ဦးဆောင်ပြီး နာမ်က နောက်မှ လိုက်ရသလား။

နာမ်က ဦးဆောင်ပြီး ရုပ်က နောက်မှ လိုက်ရသလား။

ရုပ်၏ ထူးခြားဆန်းကြယ်မှုများကိုသာ သိနားလည်ပြီး နာမ်၏သဘောကို မသိကြသော သိပ္ပံပညာရှင်များက လောကတွင် ရုပ်က ဦးဆောင်နေသည်, ရုပ်ခြယ်လှယ်သမျှ သတ္တဝါတို့ လူးလှိမ့်ခံစားနေကြရသည်ဟု ထင်မှတ်ကြ၏။

ဗုဒ္ဓအဘိဓမ္မာကို မလေ့လာဖူးကြသော လုပ်သားပြည်သူများကလည်း သိပ္ပံပညာရှင်တို့ကို အထင်ကြီးရင်းစွဲစိတ်ဖြင့် သိပ္ပံပညာရှင်တို့၏ ထင်မြင်ချက်နောက်သို့ ရောယောင်ကာ လိုက်ပါသွားမိကြ၏။ ထိုအခါ သံသယတွေ, မကျေနပ်မှုတွေ, မပြေလည်မှုတွေကို တစ်ပုံတစ်ခေါင်းကြီး ရင်ဆိုင်ကြရ၏။

အမှန်မှာ ရုပ်နာမ်ပြဿနာကို ဗုဒ္ဓကသာ ဖြေရှင်းပြနိုင်ပြီး အဘိဓမ္မာတွင် လွယ်လွယ် ရှင်းရှင်းကလေး အဖြေပေးထား၏။

ရုပ်သည် သိတတ်သောသဘောမရှိ။ ပြောင်းလဲဖောက်ပြန်တတ်သောသဘော ရှိ၏။

http://www.dhammadownload.com



နာမ်သည် အာရုံအမျိုးမျိုးကို သိတတ်သောသဘောရှိ၏။ ဝေဖန်ပိုင်းခြား၍ ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိ၏။ ဆန်းသစ်သော အတွေးအခေါ်များဖြင့် ရုပ်ကို အမျိုးမျိုး ပြုပြင်ဖန်တီးနိုင်စွမ်းရှိ၏။

လူသားတို့သည် ဒုံးယာဉ်ဖြင့် လကမ္ဘာသို့ အရောက်သွားနိုင်ခဲ့ခြင်းမှာ ဒုံးယာဉ်၏ ဦးဆောင်မှုကြောင့်မဟုတ်၊ သိပ္ပံပညာရှင်တို့၏ အသိဉာဏ်က ဦးဆောင်သွားခြင်းကြောင့် ဖြစ်၏။

ဒုံးယာဉ်သည် မိမိဘာသာ လကမ္ဘာသို့ မသွားတတ်သည်သာမက ဘယ်အရပ်သို့ မျှလည်း မသွားတတ်ပါ။

ယနေ့ကမ္ဘာတွင် တယ်လီဖုန်းဖြင့် ကမ္ဘာအရပ်ရပ်သို့ လှမ်း၍စကားပြောနိုင်၏။ ဤသို့ပြောနိုင်ခြင်းသည် ရုပ်၏အစွမ်းကြောင့် မဟုတ်။ ရုပ်၏အစွမ်းကို သင့်တင့် လျောက်ပတ်စွာအသုံးချတတ်သော နာမ်၏အစွမ်းကြောင့်ဖြစ်ပေ၏။

လောက၌ သိသူက မသိသူကို ဦးဆောင်သည်မှာ ဓမ္မတာတည်း။ သိတတ်သည့် သဘောက မသိတတ်သည့်သဘောကို လွှမ်းမိုးရမည်သာတည်း။

ထို့ကြောင့် မြတ်ဗုဒ္ဓက ယထာဘူတကျစွာ ဤသို့မိန့်ကြားခဲ့၏။

**စိတ္တေန နီယတိ လောကော။**

စိတ်သည် လောကကို လွှမ်းမိုး၏၊ ဦးဆောင်၏။

ဤသို့ဆိုသဖြင့် ဗုဒ္ဓ၏ဝါဒသည် နာမ်ကိုသာ ဦးစားပေးပြီး ရုပ်ကိုပစ်ပယ်ထားသည် မဟုတ်။ ရုပ်ကိုလည်း ထိုက်သည့်အားလျော်စွာ အလေးပေးထား၏။

အဘိဓမ္မာဒေသနာတွင် လောကီဘုံများဟုဆိုအပ်သော ၃၁ ဘုံအတွင်း၌ ရုပ်မရှိဘဲ နာမ်သက်သက်သာရှိကြသည့် အရူပဗြဟ္မာများရှိသလို နာမ်မရှိဘဲ ရုပ်သက်သက်သာ ရှိကြသော အသညသတ်ဗြဟ္မာများလည်း ရှိကြောင်းကို ဖော်ပြခဲ့၏။ အရူပ လေးဘုံနှင့် အသညသတ်ဘုံတို့မှလွဲ၍ ကြွင်းသည့် ၂၆ ဘုံတို့တွင် ရုပ်နှင့်နာမ် နှစ်ပါးစုံ ရှိကြသော သတ္တဝါများကိုသာ ရအပ်၏။

ရုပ်နာမ်နှစ်ပါးစုံရှိကြသော သတ္တဝါများတွင်လည်း နာမ်သည် ရုပ်ကိုမှီ၍သာ ဖြစ်ကြရ၏။ ရုပ်နှင့်ကင်းပြီး နာမ်မဖြစ်ပေါ်နိုင်ချေ။

ဥပမာနှိုင်းလိုသော် ကျိုးနှင့် ကန်းတို့ပူးတွဲ၍ သွားလာလှုပ်ရှားပုံနှင့် နှိုင်းယှဉ် နိုင်၏။

မျက်စိကောင်းသော ကျိုးက လမ်းလျှောက်နိုင်သော ကန်း၏ ပခုံးထက်တွင် ခွစီးလျက် သူတို့နှစ်ဦး လိုရာသို့ ခရီးသွားနိုင်သကဲ့သို့ အသိရှိပြီး မရွေ့လျားနိုင်သော နာမ်က အသိဉာဏ်မဲ့ပြီး ရွေ့လျားနိုင်သည့်ရုပ်ကို အမှီပြုလျက် လိုရာကိစ္စများကို ဆောင်ရွက်နိုင်၏။

http://www.dhammadownload.com



## သိပ္ပံပညာဖြင့် ဒြပ်ကို ခွဲခြမ်းစိတ်ဖြာပုံ

ရုပ်ဝတ္ထုတို့သည် အက်တမ် ခေါ် အလွန်တရာသေးငယ်သော အမှုန်ကလေးများနှင့် ဖွဲ့စည်းထားကြောင်းကို ဂရိတွေးခေါ်ရှင် **ဒီမိုကရိတပ်** (Damocritus) က ဘီစီ ၅ ရာစုနှစ်လောက်ကပင် အဆိုပြုခဲ့၏။ သို့သော် သူ၏အဆိုတို့ ခိုင်လုံအောင် သက်သေမပြနိုင်သည့်အတွက် အက်တမ်အယူအဆသည် မေးမှိန်ပျောက်ကွယ်သွား၏။

အေဒီ ၁၉ ရာစု အစပိုင်းဖြစ်သည့် ၁၈၁၈ ခုနှစ်တွင်မှ အင်္ဂလိပ်ကျောင်းဆရာ ဂျွန် **ဒေါ်လတန်** (John Dalton) က အက်တမ်သီအိုရီကို စနစ်တကျပြန်လည်ဖော်ထုတ်ခဲ့၏။ ဤသီအိုရီတွင် ဒြပ်အားလုံးသည် အက်တမ်များဖြင့် ဖွဲ့စည်းထားပြီး အက်တမ်များကို ထပ်မံခွဲစိတ်၍ မရဟု အဆိုပြုခဲ့၏။

၁၈၅၉ ခုနှစ်တွင် ဂျာမန်သိပ္ပံပညာရှင် **ပလတ်ကာ** (Plucker) က လေစုပ်ထားသည့် ဖန်ပြွန်အတွင်း၌ လျှပ်စစ်ဖြတ်ကူးခြင်းကို လေ့လာရာ ဓာတ်မတိုင့်ကက်သုတ် (Cathode) မှ ရောင်ခြည်တစ်မျိုးထွက်လာကြောင်းကို တွေ့ရှိခဲ့၏။ ၁၈၇၉ ခုနှစ်တွင် အင်္ဂလိပ် သိပ္ပံပညာရှင် **ဆာဝီလျံကရွတ်(စ်)** (Sir William Crookes) သည် ထိုရောင်ခြည့်ကို ကက်သုတ်ရောင်ခြည်ဟု အမည်ပေးပြီး ထိုရောင်ခြည််၌ ဓာတ်မအမှုန်များ ပါရှိကြောင်းကို သိရှိခဲ့၏။

၁၈၉၇ ခုနှစ်တွင် တစ်ဖန် အင်္ဂလိပ်သိပ္ပံပညာကျော် **ဆာသွမ်မဆင်** (J.J. Thomson) က ကက်သုတ်ရောင်ခြည်အမှုန်ကလေးတို့၏ လျှပ်စစ်ဒြပ်ထုအချိုးကို တိုင်းထားပြီး ထိုအမှုန်တို့ကို **အီလက်ထရွန်**ဟု အမည်ပေးခဲ့၏။ ၁၉၀၉ ခုနှစ်တွင် အမေရိကန် သိပ္ပံပညာရှင် **မီလီကန်** (Robert A Millikan) က အီလက်ထရွန်တစ်ခု သယ်ဆောင်ထားသည့် လျှပ်စစ်ပမာဏကို တိုင်းတာနိုင်လိုက်သဖြင့် အီလက်ထရွန်၏ ဒြပ်ထုကိုပါ သိလာရတော့၏။

အီလက်ထရွန်တို့သည် ဒြပ်ဝတ္ထုတိုင်း၌ ပါဝင်၏။ အီလက်ထရွန်တစ်ခု၏ လျှပ်စစ်ပမာဏသည် အလွန်တရာသေးငယ်၏ ($-1.602 \times 10^{-19}$ Coulomb)။ ဤပမာဏသည် လျှပ်စစ်ဓာတ်၏ အငယ်ဆုံးပမာဏဖြစ်သဖြင့် လျှပ်စစ်တစ်ယူနစ် (1 unit) ဟု သတ်မှတ်၏။ အီလက်ထရွန်တစ်ခု၏ ဒြပ်ထု ($9.1 \times 10^{-28}$ g.) မှာ ဟိုက်ဒရိုဂျင် အက်တမ်ဒြပ်ထု၏ ၁၈၅၀ ပုံ တစ်ပုံသာ ရှိ၏။

၁၈၈၆ ခုနှစ်၌ သိပ္ပံပညာရှင် **ဂိုးစတိုင်း** (Goldstein) က ကက်သုတ်ရောင်ခြည်ပြွန်တွင် ဓာတ်ဖိုရောင်ခြည်လည်း ကက်သုတ်ရောင်ခြည်နှင့် ဆန့်ကျင်ဘက်အရပ်သို့ ထွက်လာကြောင်း တွေ့ရှိခဲ့၏။

၁၈၉၆ ခုနှစ်တွင် တစ်ဖန် ပြင်သစ်ရူပဗေဒပါမောက္ခ **ဘက်ကွာရယ်** (Henry Becquerel) က ရေဒီယိုဓာတ်ကြွသတ္တိရှိသော ဒြပ်စင် (ယူရေနီယမ်) မှ ဓာတ်ဖိုမှုန်များ

http://www.dhammadownload.com



ပါဝင်သည့် အယ်လဖာရောင်ခြည်, အီလက်ထရွန်များ ပါဝင်သည့် ဘီတာရောင်ခြည်နှင့် လှိုင်းအလျားအလွန်တိုသည့် ဂမ္မာရောဝ်ခြည်တို့ အလိုအလျောက်ထွက်နေသည်ကို တွေ့ရှိခဲ့၏။

၁၉၁၀ ခုနှစ်တွင် ဆာသူမ်မဆင်သည် ဂိုးစတိုင်းတွေ့ရှိခဲ့သည့် ဓာတ်ဖိုရောင်ခြည်တွင် ပါဝင်ကြသော အမှုန်တို့၏ လျှပ်စစ်ဒြပ်ထုအချိုးများကို တိုင်းတာ၏။ ဟိုက်ဒရိုဂျင် ဓာတ်ငွေ့မှ ထွက်လာသော ဓာတ်ဖိုအမှုန်တို့သည် အငယ်ဆုံးဓာတ်ဖိုမှုန်များ ဖြစ်ကြောင်း ဆာသွမ်မဆင် တွေ့ရှိရ၏။ ထိုအမှုန်တို့ကို ပရိုတွန်ဟု သူအမည်ပေးခဲ့၏။ ပရိုတွန်တစ်ခု၏ ဒြပ်ထုသည် ဟိုက်ဒရိုဂျင်အက်တမ်၏ ဒြပ်ထုနှင့် တူညီ၏။ ပရိုတွန်၏ လျှပ်စစ်ဓာတ်မှာ အီလက်ထရွန်၏ လျှပ်စစ်ဓာတ်နှင့် ပမာဏတူညီပြီး လက္ခဏာဆန့်ကျင်၏။

သို့ဖြစ်၍ အက်တမ်များသည် ဓာတ်ဖိုမှုန်ပရိုတွန်များ, ဓာတ်မမှုန် အီလက်ထရွန်များတို့နှင့် ဖွဲ့စည်းထားကြောင်း သိပ္ပံပညာရှင်တို့ သိရှိလာကြ၏။ ထိုအမှုန်နှစ်မျိုးကို ပေါင်းစည်းထားသော အားမှာ လျှပ်စစ်ငြိမ်ဆွဲအားဖြစ်၏။

၁၉၃၂ ခုနှစ်၌ အင်္ဂလိပ် သိပ္ပံပညာရှင် ဂျိမ်းချက်ဒွစ် (James Chadwick) သည် လျှပ်စစ်ဓာတ်ပြယ်နေသည့် အခြေခံအမှုန်တစ်မျိုးကို တွေ့ရှိခဲ့၏။ ဤအမှုန်တို့ကို နယူထရွန်ဟု အမည်ပေး၏။ နယူထရွန်၏ ဒြပ်ထုသည် ပရိုတွန်၏ဒြပ်ထုတမျှရှိ၏။ နယူထရွန်များသည် အက်တမ်တို့၏ ဗဟိုဝတ်ဆံ နယူကလီယ (nucleus) ၌ ပရိုတွန်များနှင့် အတူတွဲရှိပြီး ပရိုတွန်အချင်းချင်းတွန်းကန်မှုကို ကြားခံဖြေပေး၏။

ထို့ကြောင့် ဒေါ်လတန်လက်ထက်က ခွဲစိတ်၍မရဟု အဆိုပြုခဲ့သော အက်တမ်များကို ၂၀ ရာစုတွင် သိပ္ပံပညာရှင်တို့ ထပ်မံခွဲစိတ်နိုင်ခဲ့၏။ ဒြပ်၏အခြေခံအမှုန်များဖြစ်ကြသော အီလက်ထရွန်၊ ပရိုတွန်၊ နယူထရွန်တို့ကိုမူ ယခုအချိန်တွင် ထပ်မံခွဲစိတ်၍ မရဟု ယူဆထားကြ၏။ ဤအမှုန်တို့သည် ဒြပ်အမှုန်သက်သက်မျှသာမဟုတ်တော့ဘဲ စွမ်းအင်လှိုင်းသဘောများကိုလည်း ဆောင်ကြောင်းကို သိပ္ပံပညာရှင်တို့ သိလာကြ၏။

သို့ဖြစ်၍ ဒြပ်ကို အဆင့်ဆင့်ခွဲစိတ်သွားသည့်အခါ ဒြပ်သဘောသည် တဖြည်းဖြည်း ပျောက်ကွယ်၍ ဒြပ်နှင့်စွမ်းအင်သဘောတို့ ရောထွေးယှက်တင်ဖြစ်လာကြ၏။ ဒြပ်အမှုန်ကလေး မြောက်မြားစွာတို့က ကျစ်လျစ်မြဲမြံစွာစုဖွဲ့နေကြသည့်အခါ အစိုင်အခဲသဘောသည် ထင်ရှားလာ၏။ ထိုဒြပ်အမှုန်ကလေးများသည်ပင် အချင်းချင်း ပေါင်းစည်းထားသော ဆွဲအားကိုကျော်လွန်၍ ဒြပ်ဝတ္ထုအတွင်း ရွေ့လျားနိုင်ကြသည့်အခါ အရည်သဘောသည် ထင်ရှားလာ၏။ ထိုအရည်၌ရှိသော အမှုန်ကလေးများက တစ်ဖန် အချင်းချင်းဆွဲအားကို ကျော်လွန်၍ ခွဲထွက်နိုင်ကြသည့်အခါ အငွေ့သဘောသည် ထင်ရှားလာ၏။

http://www.dhammadownload.com



သို့အတွက် အခဲ၊ အရည်၊ အငွေ့တို့သည် ဒြပ်၏ ကွဲပြားသော အခြေသုံးမျိုး ဖြစ်သော်လည်း ပါဝင်ကြသည့် ဒြပ်အမှုန်ကလေးများအနေဖြင့်မူ တစ်မျိုးတည်းဖြစ်ကြ၏။ ပုံစံအဖြစ် ရေတစ်မျိုးတည်းပင် ရေခဲ၊ ရေ၊ ရေငွေ့ဟူ၍ အခြေခံသုံးမျိုးဖြင့် တည်ရှိနိုင်၏။

သို့ဖြစ်၍ အခဲမြင်မှ ဒြပ်ထင်တတ်သောသူတို့သည် အခဲအသွင်ပျောက်၍ မမြင်နိုင်သော အငွေ့အခြေသို့ ရောက်သွားသည့်အခါ ဒြပ်ပျောက်သွားပြီဟု မထင်မှတ်ကောင်းပါ။ အခဲ, အရည်, အငွေ့တို့ဟူသည်မှာ ဒြပ်၏သဘောလက္ခဏာများသာ ဖြစ်ကြ၏။ ဒြပ်အစစ်များ မဟုတ်ကြပါ။ ဒြပ်ကိုအဆုံးစွန်ထိ ခွဲခြမ်းလိုက်သည့်အခါ အစိုင်အခဲ အနှစ်အသား ကွယ်ပျောက်ပြီး သဘောချည်းသက်သက်မျှသာကျန်ရှိကြောင်းကို သတိမူအပ်၏။

**အဘိဓမ္မာနည်းဖြင့် ဒြပ်ကို ခွဲခြမ်းစိတ်ဖြာပုံ**

ရုပ်ကို ပရမတ္ထတရားတစ်ခုအဖြစ် ဗုဒ္ဓသတ်မှတ်ရာ၌ အလွန်ထူးခြားမှုရှိပါသည်။ ရုပ်သဘောတွင် သိပ္ပံပညာရှင်တို့ သိရှိထားကြသော ဒြပ်နှင့် စွမ်းအင်နှစ်မျိုးလုံး ပါဝင်နေ၏။ ဤကမ္ဘာလောကတွင် ဒြပ်နှင့်စွမ်းအင် နှစ်မျိုးသာရှိသည်ဟု သိပ္ပံပညာရှင်တို့ ယူဆထားခြင်းသည် ဤလောက၌ ရုပ်တစ်မျိုးသာရှိသည်ဟု ယူဆထားသည်နှင့် မခြားနားတော့ပေ။ သို့အတွက် သိပ္ပံအမြင်သည် လောကနှင့် ဘဝပြဿနာများကို ဖြေရှင်းရန်အတွက် အလွန်မပြည့်စုံကြောင်းကို အလွယ်တကူသိမြင်နိုင်ပါ၏။

အဘိဓမ္မာနည်းဖြင့် ရုပ်ကို ခွဲခြမ်းစိတ်ဖြာပုံသည် သိပ္ပံနည်းဖြင့် ဒြပ်ကို ခွဲခြမ်းစိတ်ဖြာပုံနှင့် မတူညီချေ။ သိပ္ပံပညာရှင်တို့သည် ဒြပ်ကို ခွဲခြမ်းစိတ်ဖြာရာတွင် မော်လီကျူးအဆင့်, အက်တမ်အဆင့်, အီလက်ထရွန်, ပရိုတွန်, နယူထရွန်များအဆင့်ဟူ၍ အဆင့်ဆင့် သေးငယ်သွားအောင် ခွဲခြမ်းစိတ်ဖြာသွား၏။ ကလေးသူငယ်များကို သူငယ်တန်း, တစ်တန်း, နှစ်တန်း, သုံးတန်း စသည်ဖြင့် တက္ကသိုလ်ဘွဲ့, ဒီဂရီအဆင့်အထိ တဖြည်းဖြည်း အဆင့်မြှင့်၍သင်ကြားပို့ချပေးသည်နှင့် တူ၏။

ဗုဒ္ဓ၏ ရုပ်ကိုခွဲခြမ်းစိတ်ဖြာသောနည်းသည် တက္ကသိုလ် ဘွဲ့ ဒီဂရီအဆင့်ထိ သင်ကြား တတ်မြောက်ထားသော ပညာကို သဘောတရားပိုင်းက မည်မျှ၊ လက်တွေ့ပိုင်းက မည်မျှ၊ အသုံးချမှုပိုင်းက မည်မျှ စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာပုံနှင့် တူ၏။

ရုပ်ကို ၂၈ မျိုးအထိ ခွဲခြားပြရာ၌ ပထမထင်ရှားကြီးကျယ်သော ရုပ်လေးပါးကို မဟာဘူတ (ဝါ) **မဟာဘုတ်လေးပါး**အဖြစ် တင်ပြ၏။ ဤရုပ်လေးပါးကို **ပထဝီ, အာပေါ, တေဇော, ဝါယော** ဟူသည့် ဓာတ်ကြီးလေးပါးအဖြစ် လူအများသိရှိကြ၏။ သို့သော် ဤဓာတ်ကြီးလေးပါးသည် မြေ, ရေ, မီး, လေတို့ မဟုတ်ကြပါ။

မဟာဘုတ်လေးပါးသည် သိပ္ပံတွင် သိမြင်ထားကြသော ဒြပ်နှင့်စွမ်းအင်သဘော နှစ်ရပ်ကို ခြုံငုံကာ ကိုယ်စားပြုထားကြ၏။ ပထဝီသည် ခက်မာခြင်း အစိုင်အခဲသဘော

http://www.dhammadownload.com



ဖြစ်ပြီး ရုပ်ကလာပ်တို့၏ တည်ရာမိုရာ နယူကလီယသဘောဖြစ်သည်ဟု ဆိုသဖြင့် ဒြပ်၏အာနိသင်ကို ဖော်ပြ၏။

အာပေါသည် ယိုစီးခြင်း, ပေါင်းဖွဲ့ခြင်းသဘောဖြစ်ပြီး ရုပ်ကလာပ်များကို ပျံ့နှံ့ပွားများစေတတ်သောကြောင့် ပရိတွန်, အီလက်ထရွန်တို့ သယ်ဆောင်ထားကြသည့် လျှပ်စစ်စွမ်းအင်သဘောကို ဖော်ပြ၏။

တေဇောသည် ပူခြင်း အေးခြင်း သဘောဖြစ်ပြီး ကျန်မဟာဘုတ်သုံးပါးတို့၏ အပေါင်းအစုကို ရင့်ကျက်စေတတ်, နူးညံ့စေတတ်သဖြင့် အပူစွမ်းအင်သဘောကို ဆောင်၏။

ဝါယောသည် တွန်းကန်လှုပ်ရှားခြင်းသဘောဖြစ်ပြီး ရုပ်အစုတို့ကို တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားစေတတ်သောကြောင့် အရွေ့စွမ်းအင်, အတည်စွမ်းအင် သဘောကို ဆောင်၏။

ဤသို့ ဒြပ်နှင့် စွမ်းအင်သဘောတို့ကို မဟာဘုတ်လေးပါးဖြင့် ခြုံငုံဖော်ပြပြီးနောက် မဟာဘုတ်တို့ကို မှီ၍ဖြစ်ကြရသော **ဥပါဒါရုပ်-၂၄-ပါး**ကို အဘိဓမ္မာတွင် ဆက်လက် ဖော်ပြ၏။

ဥပါဒါရုပ်တို့တွင် ကိုယ်ခန္ဓာတွင်းသို့ ပြင်ပအာရုံများ ဝင်ရောက်ရာတံခါးပေါက်များ ဖြစ်ကြသော **ပသာဒရုပ်ငါးပါး**ကို ဦးစွာဖော်ပြ၏။ ဤပသာဒရုပ်တို့သည် မဟာဘုတ် လေးပါးကို မှီ၍ဖြစ်ကြသော်လည်း ပြင်ပအာရုံ၌ ထင်ပေါ်လာနိုင်အောင် မဟာဘုတ်ကို ကြည်လင်စေသည့်အာနိသင်ထူးရှိ၏။ သိပ္ပံတွင် သိမြင်ထားသော အာရုံဆဲလ် (nerve-cell) များ, အာရုံကြောအဖွဲ့ (nervous system) တို့နှင့် သဘောချင်းတူကြ၏။

ထို့နောက်တစ်ဖန် ရုပ်အာရုံငါးပါးတို့ကို ပဥ္စဝိညာဉ်စိတ်တို့၏ ကျက်စားရာ **ဂေါစရရုပ်များ**အဖြစ် ဆက်လက်ဖော်ပြ၏။ အဆင်းဟူသည်မှာ မဟာဘုတ်လေးပါး အဖွဲ့အစုတို့၏ ပုံသဏ္ဌာန်, အရောင်အသွေး စသည်တို့အပေါ်မူတည်၍ ဖြစ်ပေါ်လာသော သတ္တိထူးတစ်ခုဖြစ်၏။ အသံ, အနံ့, အရသာ, အထိအတွေ့တို့သည်လည်း မဟာဘုတ်လေးပါးအပေါင်းအစု၏ ဂုဏ်ရည်ထူးများ ဖြစ်ကြ၏။

ထို့နောက်တစ်ဖန် အထီးသတ္တဝါနှင့် အမသတ္တဝါတို့ကို ကွဲပြားစေသော **ဘာဝရုပ် နှစ်ပါး**ကိုလည်းကောင်း၊ မနောဒွါရ၌ စိတ်စေတသိက်များ တည်မှီကြသည့် **ဟဒယဝတ္ထုရုပ်**ကိုလည်းကောင်း၊ ရုပ်ကလာပ်ကလေးတို့၏ အသက်ဖြစ်သော **ဇီဝိတရုပ်**နှင့် အစားအစာတွင် ပါဝင်သော အဆီအနှစ် အစေး '**ဩဇာ**' ခေါ် **အာဟာရရုပ်**ကို လည်းကောင်း ဆက်လက်ဖော်ပြထား၏။

အဘိဓမ္မာသဘောအရ အဖိုအမ လိင်ကွဲပြားခြင်းသည် ပဋိသန္ဓေတည်သောအချိန်ကတည်းက သတ်မှတ်ပြီးဖြစ်၏။ ရုပ်ကလာပ်များ ရှင်သန်အောင် စောင့်ရှောက်ပေး

http://www.dhammadownload.com



သည့် ဇီဝိတရုပ်သည် ကမ္မဇရုပ်ကလာပ်တိုင်း၌ ပါဝင်သည်ဟုဆိုထားခြင်းမှာလည်း ထူးခြား၏။ သိပ္ပံပညာရှင်တို့ကလည်း ဆဲလ်များ၌ အသက်ရှိသည်ကို လက်ခံကြ၏။ ဆဲလ်များနှင့် တစ်ရှူးများကို သိပ္ပံပညာရှင်တို့ မပြုလုပ်နိုင်ကြပါ။ လူတစ်ဦး၏ ခန္ဓာကိုယ်တစ်နေရာ၌ အသား သို့မဟုတ် အရေပြားလိုအပ်နေလျှင် ထိုလူ၏ ခန္ဓာကိုယ် အခြားတစ်နေရာမှ လှီးဖြတ်ယူသော အသားအရေတို့နှင့်သာ ဆက်စပ်ကာ ဖြည့်တင်းပေးနိုင်၏။ ဤအခြင်းအရာသည် ဆဲလ်တို့၏ အသက်ရှိခြင်းသဘောကို ပြ၏။

လူတစ်ဦး၏ ပသာဒရုပ်များ, ဘာဝရုပ်, ဇီဝိတရုပ်နှင့် ဟဒယဝတ္ထုတို့သည် ထိုလူ၏ ကံအစွမ်းကြောင့် သူ၏ တစ်သက်တာကာလအတွင်း ဖြစ်ပေါ်နေသည်ဟု အဘိဓမ္မာ၌ ဆိုထားခြင်းသည်လည်း ထူးခြား၏။ ကံအစွမ်းကြောင့် ဝမ်းတွင်းပါ မျက်စိကန်းနေသူကို မျက်စိအလင်းရောင်ရအောင် ကုသပေးနိုင်မည်မဟုတ်ပါ။ မကောင်းသောကံ၏ အကျိုးပေးမှုကုန်ဆုံး၍ ကောင်းသောကုသိုလ်ကံက အကျိုးပြုမည်ဆိုလျှင် မျက်စိအလင်း ပြန်ရနိုင်ကောင်းပါ၏။

### သိပ္ပံထက် အဘိဓမ္မာသာလွန်သောအချက်

သိပ္ပံပညာရှင်တို့သည် သက်ရှိနှင့်သက်မဲ့ ရုပ်ဝတ္ထုများကို နှစ် ရာပေါင်းများစွာ လေ့လာစုံစမ်းကြပြီးနောက် သိရှိခဲ့ရသောအချက်အလက်များကို ဓာတုဗေဒ, ရူပဗေဒ, ဘူမိဗေဒ, သတ္တဗေဒ, ရုက္ခဗေဒ စသည့် သိပ္ပံပညာရပ်များအဖြစ် စနစ်တကျပြုစုထားကြ၏။

အဘိဓမ္မာတွင် ဖော်ပြထားသော ရုပ်အကြောင်းသည် ခပ်ကျဉ်းကျဉ်းကလေးသာ ဖြစ်၍ သိပ္ပံပညာရပ်များမှာလောက် မကျယ်ပြောသည်မှာ သေချာပါ၏။ သို့သော် သိပ္ပံပညာရှင်တို့ သိရှိခဲ့ကြသော ဒြပ်နှင့် စွမ်းအင်တို့၏ အနှစ်သာရသည် အဘိဓမ္မာ၏ ဘူတရုပ်တို့၌ ပါဝင်လျက်ရှိ၏။

သိပ္ပံပညာရှင်တို့က ဒြပ်သည် အက်တမ်များ၊ မော်လီကျူးများ၊ အီလက်ထရွန်, ပရိုတွန်, နယူထရွန်များနှင့် ဖွဲ့စည်းထားသည်ဟု ဆိုခဲ့ကြ၏။ ထိုနည်းတူ မြတ်ဗုဒ္ဓကလည်း ရုပ်ကို အမှုန်ကလေးများအဖြစ်သို့ ခွဲကာ **မြူ၊ အဏုမြူ၊ ပရမာအဏုမြူ၊ ကလာပ်**များအဖြစ် ခွဲခြားပြခဲ့၏။ အဏုမြူသည် မော်လီကျူးအရွယ်လောက်ရှိပြီး ပရမာအဏုမြူသည် အက်တမ်အရွယ်လောက်ရှိ၏။ ရုပ်ကလာပ်များသည် လူ့ဘုံ၌ ပရမာအဏုမြူအောက် အဆတစ်သိန်းခန့် သေးငယ်ကြ၏။ သို့ဖြစ်၍ ရုပ်ကလာပ်ကလေးများသည် အီလက်ထရွန်, ပရိုတွန်, နယူထရွန်တို့၏ အရွယ်အောက် ရှိကြသည်ဟု ဆိုနိုင်၏။

ဤတွင်လည်း ဗုဒ္ဓ၏ ရုပ်အမြင်သည် သိပ္ပံ၏ ရုပ်အမြင်ထက် မလျော့ဘဲ အနုစိတ်

http://www.dhammadownload.com



အခြေခံရုပ်ကလာပ်အမျိုးမျိုးရှိ၏။ ရုပ်သည် တစ်ခုချင်းဖြစ်ပေါ်ရိုးမရှိဘဲ အနည်းဆုံး ရုပ်ရှစ်မျိုးတို့၏ အပေါင်းအစုဖြစ်သော အဋ္ဌကလာပ်အဖြစ် ဖြစ်ပေါ်ရ၏။ အဋ္ဌကလာပ်တွင် ပါဝင်ကြသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ (အဆင်း)၊ ဂန္ဓ (အနံ့)၊ ရသ (အရသာ) နှင့် ဩဇာ (အာဟာရဓာတ်) တို့သည် တစ်ပေါင်းတစ်စည်းတည်း ဖြစ်နေပြီး ၎င်းတို့ကို မည်သည့်နည်းနှင့်မျှ မခွဲခြားနိုင်ချေ။ ၎င်းတို့ကို ခွဲခြမ်းစိတ်ဖြာ၍မရသော အဝိနိဗ္ဘောဂရုပ်ဟု ခေါ်၏။

အဋ္ဌကလာပ်တစ်ခုစီ၌ ဒြပ်နှင့် စွမ်းအင်သဘောတို့ ပေါင်းစပ်ပါဝင်လျက်ရှိရာ ဒြပ်နှင့် စွမ်းအင်တို့သည် တစ်ပေါင်းတည်းဖြစ်သည်ဟူသော သိပ္ပံယူဆချက်နှင့် အံ့သြဖွယ် ကိုက်ညီနေပေ၏။

ကံကြောင့်ဖြစ်သော ဇီဝိတနဝက ကလာပ်များတွင် အဝိနိဗ္ဘောဂ ရုပ်ရှစ်ပါးအပြင် ရုပ်အသက်ဖြစ်သည့် ဇီဝိတရုပ်လည်း ပါဝင်လာ၏။ တစ်ဖန် စက္ခုဒသကကလာပ်တွင် အဝိနိဗ္ဘောဂရုပ် ရှစ်ပါး၊ ဇီဝိတရုပ်နှင့် စက္ခုပသာဒတို့ ပါဝင်ကြ၏။ ဘာဝဒသကကလာပ်တွင် အဝိနိဗ္ဘောဂရုပ် ရှစ်ပါး၊ ဇီဝိတရုပ်နှင့် ပုမ္ဘာဝ သို့မဟုတ် ဣတ္ထိဘာဝရုပ်တို့ ပါဝင်ကြ၏။ သို့ဖြစ်၍ အဘိဓမ္မာနည်းဖြင့် ရုပ်ဖွဲ့စည်းမှုသည် အလွန်အနုစိတ်ပြီး စနစ်ကျလှ၏။

ဇီဝသိပ္ပံပညာရှင်တို့သည် သက်ရှိသတ္တဝါတစ်ဦးစီ၏ ဆဲလ်များအတွင်း၌ ပါရှိသော ဂျင်း (gene) ခေါ် ဗီဇမျိုးတို့က ထိုသတ္တဝါ၏ အသွင်သဏ္ဌာန်နှင့် အရည်အသွေးတို့ကို သတ်မှတ်ပေးကြသည်ဟု ယူဆကြ၏။ သို့ရာတွင် သတ္တဝါအမျိုးမျိုး၌ ရှိကြသော **ဗီဇလက္ခဏာ** (genetic code) များကို လေ့လာကြသည့်အခါ သိသာထင်ရှားသော ကွာခြားမှုများကို မတွေ့ကြရချေ။ အထူးသဖြင့် **သန္ဓေဥ** (zygote) တစ်ခုတည်းမှ ပေါက်ဖွားလာကြသော ထပ်တူအမြွှာ (Siamese twins) တို့သည် ရုပ်သဏ္ဌာန်၌သာ ချွတ်စွပ်တူကြ၏။ ဉာဏ်အရည်အသွေး၊ လုံ့လဝီရိယ၊ ကံကြမ္မာ စသည်တို့မှာ တခြားစီ ဖြစ်ကြ၏။

သို့အတွက် သတ္တဝါတစ်ဦးစီ၏ အနုစိတ်အရည်အသွေးများနှင့် ဘဝကံကြမ္မာကို ပြုပြင်ဖန်တီးပေးသောအရာသည် အဘိဓမ္မာတွင် ရှင်းလင်းတင်ပြထားသည့်အတိုင်း **'ကံတရား'** သာ ဖြစ်ရပေမည်။

ကမ္ဘာတစ်ဝန်းလုံးရှိ သိပ္ပံပညာရှင်တို့က နှစ်ရာပေါင်းများစွာ ကြိုးပမ်းရှာဖွေခဲ့ကြသဖြင့် ၂၀ ရာစုနှစ်တွင်မှ သေသေချာချာ သိရှိကြသော ဒြပ်၏ အခြေခံအမှုန်သဘောများကို ဗုဒ္ဓမြတ်စွာသည် အဘယ့်ကြောင့် လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက သိရှိကာ ဟောကြားတော်မူခဲ့သနည်း။

ရုပ်ကလာပ်ကလေးတို့သည် မတည်မြဲကြဘဲ ဆီမီးလျှံနှင့် မြစ်ရေအလျဉ်တို့ကဲ့

http://www.dhammadownload.com



သို့ တစ်ရံမစဲ ခဏဖြစ်၍ ခဏပျက်နေကြသည့်သဘောကို မြတ်ဗုဒ္ဓသည် အဘယ်ကြောင့် မှန်ကန်စွာဟောကြားနိုင်ခဲ့သနည်း။

သိပ္ပံပညာရှင်တို့သည် ရုပ်၏သဘာဝကိုလေ့လာပြီးနောက် ရုပ်ကိုပြုပြင်ပြောင်းလဲကာ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ပေးနိုင်ကြသဖြင့် အများပြည်သူတို့အတွက် လွန်စွာအကျိုးကျေးဇူးများပါသည်။ သို့သော် ရုပ်ကိုပြုပြင်ပြောင်းလဲပေးသည် ဆိုရာ၌ သတ္တုရိုင်းများမှ သတ္တုသန့်သန့်ကို ထုတ်ဖော်ခြင်း၊ သတ္တုတစ်မျိုးစီကို အိမ်ဆောက်ပစ္စည်း၊ ယာဉ်သုံးပစ္စည်း စသည်တို့ဖြစ်အောင် ပြောင်းလဲခြင်း၊ ကျောက်မီးသွေး ကတ္တရာမှ နှုတ်ခမ်းနီဆိုးဆေး၊ အထည်အလိပ်ဆိုးဆေး၊ နိုင်လွန်၊ ပလတ်စတစ်၊ ဆေးဝါးအမျိုးမျိုး ထုတ်လုပ်ခြင်းစသည့် ပြုပြင်ပြောင်းလဲမှုများကို ဆိုလို၏။

သတ္တဝါတို့၏ ခန္ဓာကိုယ်ကို တည်ဆောက်ထားကြသည့် ဆဲလ်များ၊ ရုပ်ကလာပ်များတို့က တစ်ရံမစဲ ခဏဖြစ်၍ ခဏပျက်နေကြသည်ကိုလည်းကောင်း၊ ရုပ်ခန္ဓာများ တရွေ့ရွေ့ ရင့်ရော်အိုမင်းလာကြသည်ကို မရင့်ရော်မအိုမင်းရန်ကိုလည်းကောင်း၊ ဂရုတစိုက် နေထိုင်ကြသည့်ကြားက ဖျားနာကိုက်ခဲလာသည်ကို မဖျားနာ မကိုက်ခဲရန်ကိုလည်းကောင်း၊ အသက်ငယ်ငယ်, ရွယ်ရွယ်, ကြီးကြီး ကာလသုံးပါးစလုံး၌ အသက်နှင့် ခန္ဓာတို့ သေကျေပျက်စီးနေခြင်းကို မသေကျေမပျက်စီးရန်ကိုလည်းကောင်း မည်သည့် သိပ္ပံရှင်အကျော်အမော်တို့ကမျှ မပြုပြင် မပြောင်းလဲပေးနိုင်ကြချေ။ မကုစား မတားဆီးနိုင်ကြချေ။ ~

လူအပေါင်းတို့၏ စားဝတ်နေရေးပြေလည်အောင် ပြုပြင်ဖန်တီးရသော အလုပ်တာဝန်သည် လောကီလူသားတို့၏အလုပ်တာဝန်ဖြစ်သည်။ ဤအလုပ်တာဝန်ကို လူသားတို့သည် ခေတ်အဆက်ဆက် သားစဉ်မြေးဆက် မနေမနားလုယ်ကိုင်ဖြေရှင်းသွားကြရမည်ဖြစ်ပြီး မည်သည့်အခါမျှလည်း ပြီးဆုံးခြင်းသို့ မရောက်နိုင်ချေ။ သို့အတွက် ဤအလုပ်တာဝန်တွင် မြတ်စွာဘုရားနှင့် သံဃာတော်မြတ်တို့ ပါဝင်စွက်ဖက်ခြင်း မပြုကြချေ။

ဗုဒ္ဓမြတ်စွာနှင့် သံဃာတော်မြတ်တို့၏ တာဝန်ကား စားဝတ်နေရေးထက် ပို၍ အရေးကြီးသည့် စိတ်ထားဖြူစင်မြင့်မြတ်ရေးနှင့် ကိလေသာကင်းရှင်းရေးတို့ ဖြစ်ကြ၏။ စိတ်ထားဖြူစင်မြင့်မြတ်မှ ကောင်းမှုကံများကို များများဖြည့်ဆည်းနိုင်ပြီး ဘဝအဆက်ဆက် ကြီးပွားချမ်းသာမည်။ လူ့လောကကြီးလည်း သာယာငြိမ်းချမ်းမည်။ ကိလေသာကင်းရှင်းအောင် လုပ်ဆောင်နိုင်ပါမှ ဒုက္ခခပ်သိမ်း ပပျောက်ငြိမ်း၍ အချမ်းသာဆုံး ချမ်းသာကို ခံစားနိုင်ကြပေမည်။

ကိလေသာအမျှင် သံယောဇဉ်နှောင်ကြိုးကို ပယ်ဖြတ်ရေးတွင် ရုပ်နာမ်အစုအဝေးကို 'ငါ' ဟု တလွဲထင်မှတ်နေသော သက္ကာယဒိဋ္ဌိကို ပယ်သတ်ဖို့လိုသည်။ သက္ကာယ

http://www.dhammadownload.com



ဒိဋ္ဌိကို ပယ်သတ်နိုင်ရေးအတွက် ဤခန္ဓာကိုယ်တွင် 'ငါ'ဟု စွဲယူနိုင်သည့် 'အတ္တကောင်' မရှိကြောင်းကို ရှင်းရှင်းလင်းလင်း သိမြင်ဖို့လို၏။ ရုပ်သည်လည်းကောင်း၊ နာမ်သည်လည်းကောင်း တရစပ်ဖြစ်ပျက်နေကြရာ ရုပ်နာမ်တို့သည် အနိစ္စ – မမြဲခြင်းသဘောရှိ၏။ မတည်မြဲသည့်အတွက် ဒုက္ခ – ဆင်းရဲခြင်းသဘောရှိ၏။ ရုပ်နာမ်တို့၏ ဖြစ်ပျက်အစဉ်ကို မည်သူကမျှ တားဆီးမပြုပြင်နိုင်ခြင်းကြောင့် ရုပ်နာမ်တို့သည် အနတ္တ– အစိုးမရခြင်း, မိမိအလိုသို့ မလိုက်ပါစေနိုင်ခြင်းသဘောရှိ၏။

ရုပ်နာမ်အဖြစ်အပျက်ကို မြင်၍ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာများကို ထင်ရှားစွာ မြင်သိသောအခါ သက္ကာယဒိဋ္ဌိကွာပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုနိုင်၏။ လေးမဂ် လေးဖိုလ်တို့ကို အဆင့်ဆင့်မြင်သိ၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားသော ပုဂ္ဂိုလ်သည် ဤဘဝ၌ပင်လျှင် ချမ်းသာအစစ်ဖြစ်သည့် သန္တိသုခကို ထာဝရ ရင်ဝယ်ပိုက်ထားနိုင်၏။

သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓမြတ်စွာတို့၏ ရည်မှန်းချက်ပန်းတိုင်ကား မြင့်မားလှဘိ၏။ ကိလေသာအမြစ်ပြတ်ရေး, ဒုက္ခငြိမ်းရေးနှင့် သန္တိသုခပိုင်ဆိုင်ရေးတို့သည် သိပ္ပံနည်းကို ကျော်လွန်နေသော မြတ်ဗုဒ္ဓအဆူဆူတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်၏။ ဤပန်းတိုင်သို့ တည့်တည့်မတ်မတ်ရောက်ရှိနိုင်ရေးအတွက် ရုပ်နာမ်ဖြစ်ပျက်ပုံကို ရှင်းရှင်းလင်းလင်း သိနားလည်နိုင်ရန် ရုပ်နာမ်တို့၏အကြောင်းကို ဝေဖန်ပိုင်းခြား၍ ဗုဒ္ဓဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသတည်း။

ဗုဒ္ဓနည်းဖြင့် ရုပ်ခွဲခြမ်းစိတ်ဖြာပုံကို 'အဘိဓမ္မာရုပ်ပိုင်း'၌ အသေးစိတ် လေ့လာကြရမည် ဖြစ်သတည်း။

○

http://www.dhammadownload.com

## အခန်း (၄)
# ဝိထိပိုင်း

### ဝိထိ၏အဓိပ္ပာယ်

'ဝိထိ'သဒ္ဒါသည် 'အစဉ်အတိုင်း' ကို ဟော၏။ လူတို့၏ သွားလာရာခရီးစဉ်သည် ရွာစဉ်ကိုမကျော်ဘဲ တစ်ရွာပြီးတစ်ရွာ အစဉ်အတိုင်း ဖြတ်သန်းသွားသကဲ့သို့ ထို့အတူ စိတ္တနိယာမအရ စိတ်တို့၏ဖြစ်စဉ်သည် ဖြစ်သင့်သောစိတ်အစဉ်တို့ကိုမကျော်မူဘဲ စိတ်တစ်ခုပြီးတစ်ခု အစဉ်အတိုင်းဖြစ်ပျက်ရ၏။

ဥပမာ မျက်စိအကြည်ဓာတ်၌ အဆင်းအာရုံ ထင်ပေါ်လာသောအခါ ပထမ ထိုအာရုံကို ဆင်ခြင်နှလုံးသွင်းသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ရ၏။ ထို့နောက် ထင်လာသော ရူပါရုံကို မြင်သော စက္ခုဝိညာဏ်စိတ်ဖြစ်ရ၏။ မြင်ရုံသာ မြင်သေး၏၊ မည်သည့် အဆင်းဟူ၍ မသိသေးချေ။ ထို့ကြောင့် စက္ခုဝိညာဏ်မြင်လိုက်သည့် ရူပါရုံကို လက်ခံယူသော သမ္ပဋိစ္ဆိုန်းစိတ် ဆက်လက်ဖြစ်ရ၏။ ထို့နောက် ထိုရူပါရုံကို စုံစမ်းသော သန္တီရဏစိတ်ဖြစ်၏။ ထို့နောက် 'ဤရူပါရုံသည် မည်သည့်အရာပဲ' ဟု အာရုံကို ဆုံးဖြတ်သော မနောဒွါရာဝဇ္ဇန်းစိတ် (ဝုဋ္ဌောစိတ်) ဖြစ်၏။ ထို့နောက် အာရုံကို ပိုင်းပိုင်းခြားခြား သိလျက် အာရုံ၏အရသာကို ခံစားသော ဇောစိတ်တို့သည် အရှိန်အဟုန်နှင့် ဖြစ်၏။ ထို့နောက် ဇောစိတ်၏ အဟုန်ကြောင့် ဇောအစဉ်နောက်သို့ လိုက်သော တဒါရုံစိတ်ဖြစ်ပေါ်၏။ ထို့နောက် မြင်သိခြင်းကိစ္စ ပြီးဆုံးပြီဖြစ်၍ ဘဝင်စိတ်သည် ဖြစ်မြဲအတိုင်း ဆက်လက်ဖြစ်သွားရ၏။

ဤသို့ ဒွါရခြောက်ပါး၌ထင်လာသော အာရုံတစ်ခုစီကိုသိနိုင်ရန် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ် စသည်ဖြင့် ဖြစ်ပေါ်ရသော စိတ်အစဉ်တစ်ခုစီကို ဝိထိဟုခေါ်သည်။

http://www.dhammadownload.com



## ဝီထိစိတ်နှင့် ဝီထိမုတ်စိတ်များ

တစ်ဘဝ၌ ပထမဆုံးဖြစ်သောစိတ်ကို **ပဋိသန္ဓေစိတ်**ဟု ခေါ်၏။ ထိုပဋိသန္ဓေစိတ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးမျိုးတွင် တစ်မျိုးမျိုးကို အာရုံပြု၏။ ပဋိသန္ဓေစိတ် ချုပ်ပျောက်ပြီးသည်နှင့်တစ်ပြိုင်နက် ဘဝကို ဆက်ပေးသော **ဘဝင်စိတ်** တို့သည် ပဋိသန္ဓေစိတ်ယူသောအာရုံကိုပင် ဆက်ယူလျက် ဆက်ကာဆက်ကာ ဖြစ်ပျက်သွားကြ၏။ တစ်ဘဝ၏ နောက်ဆုံးစိတ်ဖြစ်သော ဘဝင်စိတ်ကို **စုတိစိတ်** ဟု ခေါ်၏။ စုတိစိတ်သည်လည်း ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်တို့ယူသောအာရုံကိုပင် ဆက်ယူ၏။

ထိုပဋိသန္ဓေစိတ်, ဘဝင်စိတ်နှင့် စုတိစိတ်တို့၏ အာရုံသည် အလွန်သိမ်မွေ့သဖြင့် ကျွန်ုပ်တို့မသိရှိကြချေ။ ဤစိတ်တို့သည် စိတ်တစ်မျိုးတည်းဖြစ်သောကြောင့် လည်းကောင်း၊ ဒွါရခြောက်ပါးတို့၌မဖြစ်သောကြောင့်လည်းကောင်း ဤစိတ်တို့ကို **ဝီထိမုတ္တ = ဝီထိမှအလွတ်ဖြစ်သော** စိတ်များဟု မှတ်ယူရ၏။ ဤ **ဝီထိမုတ်စိတ်** တို့၏ အကြောင်းကို 'ဝီထိမုတ်' (ဝါ) 'ဘုံပိုင်း'၌ မြင်ရလတ္တံ့။

ဘဝင်စိတ်အစဉ် ဖြစ်ပေါ်နေစဉ် ဒွါရခြောက်ပါးအနက် တစ်ပါးပါး၌ အဆင်း၊ အသံ၊ အနံ့ စသည့် ပြင်ပအာရုံတစ်မျိုးမျိုး ထိတိုက်လာသည့်အခါ ထိုအာရုံကို သိနိုင်ရန် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ် စသည်ဖြင့် စိတ်တစ်ခုပြီးတစ်ခု စီတန်းကာ ဖြစ်သောကြောင့်လည်းကောင်း၊ စက္ခုဒွါရ စသည့် ခြောက်ဒွါရတို့၌ ထိုက်သည့်အားလျော်စွာ ဖြစ်သောကြောင့်လည်းကောင်း ဤစိတ်အစဉ်အတန်းကို 'ဝီထိ' ဟု ခေါ်ဆိုရ၏။ ဝီထိစိတ်အစဉ်၌ ပါဝင်ကြသောစိတ်တို့ကို **'ဝီထိစိတ်'** များဟု ခေါ်၏။

ဘဝင်စိတ်အစဉ်သည် တည်ငြိမ်နေသော ပင်လယ်ရေပြင်နှင့်တူ၏။ ဝီထိစိတ်အစဉ်တို့သည် လေမုန်တိုင်း၏ ပင့်ဆောင်မှုကြောင့် ကြွတက်မို့မောက်လာကြသည့် ပင်လယ်ဒီလှိုင်းများနှင့် တူကြ၏။

## စိတ်၏ အသက်

**စိတ်တစ်ခုစီ၏ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏ ဟူသော ခဏငယ်သုံးချက်ကို စိတ္တက္ခဏတစ်ခုဟု ခေါ်၏။ ထိုစိတ္တက္ခဏတစ်ချက်(ဝါ)ခဏငယ်သုံးချက်သည် စိတ်တစ်ခု၏ အသက်တည်း။**

| | | | | |
|---|---|---|---|---|
| ဥပါဒ် | = | ဥပ္ပါဒ | = | ဖြစ်ပေါ်လာမှု၊ |
| ဌီ | = | ဌိတိ | = | ဖြစ်ပေါ်ပြီးနောက် တည်နေမှု၊ |
| ဘင် | = | ဘင်္ဂ | = | တည်နေပြီးနောက် ပျက်စီးချုပ်ကွယ်မှု၊ |

ဖြစ်ပေါ်ရန်အကြောင်း ပြည့်စုံညီညွတ်၍ ပရမတ္ထတရားတို့၏ ရှေးဦးဖြစ်ပေါ်လာသော ခဏအခါသည် ဥပါဒ်ခဏမည်၏။

http://www.dhammadownload.com



ဖြစ်ပေါ်ပြီးနောက် ပရမတ္ထတရားတို့၏ မချုပ်သေးမိ တည်နေသောအခိုက်အတန့်သည် ဌီခဏ မည်၏။

ဖြစ်ပေါ်တည်ပြီးနောက် ပရမတ္ထတရားတို့၏ ကွယ်ပျောက်ချုပ်ဆုံးသော ခဏအခါသည် ဘင်ခဏမည်၏။

ထိုဥပါဒ် – ဌီ – ဘင် ခဏငယ်သုံးချက်နှင့်ညီမျှသော စိတ္တက္ခဏတစ်ချက်သည် မည်မျှကြာရှည်သနည်း။

မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့်ကာလတွင် စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းကျော်ရှိသည်ဟု ကျမ်းဂန်၌ ဆိုထား၏။ ထို့ကြောင့် စိတ္တက္ခဏတစ်ခုသည် မျက်တောင်တစ်ခတ်မျှကာလ၏ ကုဋေတစ်သိန်းပုံ တစ်ပုံခန့်သာ ကြာရှည်၏။

တစ်နည်းဆိုသော် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့်ကာလတွင် စိတ်အရေအတွက်ပေါင်း ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားကြ၏။

စိတ္တက္ခဏတစ်ခု၏ အလွန့်အလွန်တိုတောင်းသော အချိန်ကာလသည် သာမန်လူတို့ ကြံသိနိုင်ရန်မဆိုထားဘိ၊ အသိဉာဏ်ကြီးသော သိပ္ပံပညာရှင်များပင် အံ့ချီးလောက်ပေ၏။

**ဆောင်ပုဒ်**။ ။ခဏငယ်သုံးချက်၊ အပေါင်းနက်၊ စိတ္တက္ခဏယူ၊ လျှပ်တစ်ပြက်တွင်၊ စိတ္တက္ခဏေ၊ အပေါင်းရေ၊ ကုဋေတစ်သိန်းဟူ။

## ရုပ်၏ အသက်

**စိတ္တက္ခဏပေါင်း ၁၇ ချက်သည် ရုပ်သက်တစ်ခုနှင့်ညီမျှ၏။ တစ်နည်းဆိုသော် ရုပ်၏အသက်သည် စိတ်အသက်၏ ၁၇ ဆနှင့်ညီမျှ၏။** စိတ်တစ်ခု၏အသက်သည် ခဏငယ်သုံးခုရှိသည့်အတွက် ရုပ်သက်တစ်ခုတွင် စိတ်ခဏငယ် ၁၇ x ၃ = ၅၁ ချက်ရှိ၏။

ထို ၅၁ ချက်တွင် အစဖြစ်သော ခဏငယ်တစ်ခုကား ရုပ်၏ ဥပါဒ်ခဏတည်း။ အဆုံးဖြစ်သော ခဏငယ်တစ်ခုကား ရုပ်၏ ဘင်ခဏတည်း။ အလယ်ဖြစ်သော ခဏငယ်ပေါင်း ၄၉ ခုကား ရုပ်၏ ဌီခဏတည်း။

သို့အတွက် ရုပ်၏ဥပါဒ်ခဏနှင့် ဘင်ခဏတို့သည် စိတ်၏ဥပါဒ်ခဏ, ဘင်ခဏတို့နှင့် အချိန်ကာလ အတူတူပင်ဖြစ်ကြ၏။ ရုပ်၏ဌီခဏကမူ စိတ်၏ ဌီခဏထက် ၄၉ ဆ ကြာရှည်၏။ ဤအကြောင်းကြောင့် ရုပ်ကလာပ်များစွာ စုဝေးနိုင်ပြီး ထိုရုပ်အစုအဝေးကို ကျွန်ုပ်တို့ မြင်တွေ့နိုင်၏။ အလွန်လျင်မြန်စွာ တစ်ခုချင်းဖြစ်သောစိတ်ကိုမူ မည်သည့်အခါမျှ မမြင်တွေ့နိုင်ချေ။

မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့်အချိန်ကာလတွင် ရုပ်သက်ပေါင်း ကုဋေ ၅၈၀၀ ကျော်ရှိသည်ကို တွက်ချက်ကြည့်နိုင်ပါသည်။

http://www.dhammadownload.com



**ဝီထိခြောက်မျိုး**

မျက်စိတံခါးပေါက်ဟု ခေါ်ဆိုအပ်သည့် စက္ခုဒွါရ၌ ထင်လာသော ရူပါရုံ (အဆင်း)ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့်စိတ်အစဉ်ကို **စက္ခုဒွါရဝီထိ** ဟု ခေါ်၏။

နားတံခါးပေါက်ဟု ခေါ်ဆိုအပ်သည့် သောတဒွါရ၌ ထင်လာသော သဒ္ဒါရုံ(အသံ) ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်ကို **သောတဒွါရဝီထိ** ဟု ခေါ်၏။

နှာတံခါးပေါက်ဟု ခေါ်ဆိုအပ်သည့် ဃာနဒွါရ၌ ထင်လာသော ဂန္ဓာရုံ(အနံ့) ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်ကို **ဃာနဒွါရဝီထိ** ဟု ခေါ်၏။

လျှာတံခါးပေါက်ဟု ခေါ်ဆိုအပ်သည့် ဇိဝှာဒွါရ၌ ထင်လာသော ရသာရုံ(အရသာ) ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်ကို **ဇိဝှာဒွါရဝီထိ** ဟု ခေါ်၏။

ကိုယ်တံခါးပေါက်ဟု ခေါ်ဆိုအပ်သည့် ကာယဒွါရ၌ထင်လာသော ဖောဋ္ဌဗ္ဗာရုံ (အထိအတွေ့) ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်ကို **ကာယဒွါရဝီထိ** ဟု ခေါ်၏။

စိတ်တံခါးပေါက်ဟုခေါ်ဆိုအပ်သည့် မနောဒွါရ၌ထင်လာသော ဓမ္မာရုံ(အကြံ အတွေး စသည်) ကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စိတ်အစဉ်ကို **မနောဒွါရဝီထိ**ဟု ခေါ်၏။

**ဆောင်ပုဒ်**။ ။ ခြောက်ဒွါရဝယ်၊ စိတ်အစဉ်ခြယ်၊ ခြောက်သွယ်ဝီထိထုတ်။
[ဒွါရခြောက်ပါးကို အကြောင်းပြု၍ စိတ်အစဉ်ခြောက်မျိုး (ဝါ)
ဝီထိခြောက်မျိုး ဖြစ်ပေါ်သည်။]

**ဆဆက္က ခြောက်မျိုး ခြောက်လီ**

* ဝီထိပိုင်း၌ ခြောက်ခုအပေါင်းအစုဟူသော ဆက္ကတို့သည် အဘယ်မျှရှိသနည်း။

ဝတ္ထုဆက္က၊ ဒွါရဆက္က၊ အာရမ္မဏဆက္က၊ ဝိညာဏဆက္က၊ ဝိသယပ္ပဝတ္တိဆက္က၊ ဝီထိဆက္ကဟူ၍ ခြောက်ပါးရှိသည်။

**ဝတ္ထုဆက္က**။ ။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုဟူသော ဝတ္ထုခြောက်ခုအစုကို ဝတ္ထုဆက္ကဟုခေါ်၏။ ဝတ္ထုဆက္ကကို ပကိဏ်းပိုင်း၌ ဖော်ပြခဲ့ပြီးဖြစ်၏။ ပထမဝတ္ထုငါးခုသည် စက္ခုပသာဒ စသည့်ပသာဒ ရုပ်ငါးပါးဖြစ်၏။ ဆဋ္ဌမမြောက် ဟဒယဝတ္ထုသည် နှလုံးအတွင်းရှိသွေး၌တည်သော ဝတ္ထုဖြစ်၏။

**ဒွါရဆက္က**။ ။ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရ၊ မနော ဒွါရဟူသော ဒွါရခြောက်ခုအစုကို ဒွါရဆက္ကဟုခေါ်၏။ ဒွါရဆက္ကကို ပကိဏ်းပိုင်း၌ မြင်တွေ့ခဲ့ရပြီးဖြစ်၏။ ပထမဒွါရငါးပါးသည် ပသာဒရုပ်ငါးပါးပင်ဖြစ်၍ ရုပ်ဒွါရ များဖြစ်ကြ၏။ မနောဒွါရမှာ ဘဝင်စိတ် ၁၉ ပါးဖြစ်သဖြင့် နာမ်ဒွါရဖြစ်၏။

http://www.dhammadownload.com



**အာရမ္မဏဆက္က။** ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့် ဓမ္မာရုံတို့သည် အာရမ္မဏဆက္ကဖြစ်၏။ ဤအာရုံခြောက်ပါးကိုလည်း ပကိဏ်းပိုင်း၌ ဖော်ပြခဲ့ပြီး ဖြစ်၏။

**ဝိညာဏဆက္က။** ။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟူသော ဝိညာဏ်ခြောက်ပါးကို ဝိညာဏဆက္ကဟု ခေါ်ပါသည်။

ဝိညာဏ = ဝိညာဏ်ဟူသည်မှာ သိခြင်း (စိတ်) ပင် ဖြစ်၏။

**ဝီထိဆက္က။** ။ စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှာဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိ ဟူ၍ ဝီထိခြောက်ပါးကို ဝီထိဆက္ကဟု ခေါ်၏။

စက္ခုဒွါရဝီထိကို စက္ခုဝိညာဏဝီထိဟုလည်း ခေါ်၏။ စက္ခုဒွါရ၌ ထင်လာသော အာရုံကို စက္ခုဝိညာဏ်စိတ်က မြင်သည်နှင့်စပ်၍ အဆက်ဆက်ဖြစ်လာသော စိတ်အစဉ်ကို စက္ခုဝိညာဏဝီထိဟု ခေါ်ဆိုနိုင်၏။ ဒွါရ၏အစွမ်းဖြင့် စက္ခုဒွါရဝီထိဟုခေါ်၍ ဝိညာဏ်၏အစွမ်းဖြင့် စက္ခုဝိညာဏဝီထိဟု ခေါ်ခြင်းဖြစ်၏။

ထိုနည်းအတူ ကျန်သည့်ဝီထိငါးပါးကို သောတဝိညာဏဝီထိ၊ ဃာနဝိညာဏဝီထိ၊ ဇိဝှာဝိညာဏဝီထိ၊ ကာယဝိညာဏဝီထိ၊ မနောဝိညာဏဝီထိဟုလည်း ခေါ်ဆိုအပ်၏။

**ဝိသယပ္ပဝတ္တိဆက္က။** ။ ဝိသယ = အာရုံ + ပဝတ္တိ = ဖြစ်ခြင်း, ထင်ခြင်း။ ဒွါရတို့၌ အာရုံ၏ဖြစ်ခြင်းကို ဝိသယပ္ပဝတ္တိဟု ခေါ်၏။ တစ်နည်း အာရုံတို့၌ စိတ်ဖြစ်ခြင်းသည် ဝိသယပ္ပဝတ္တိမည်၏။

**ပဉ္စဒွါရ၌ဖြစ်သော အာရုံလေးပါးရှိ၏။**

(၁) အတိမဟန္တာရုံ = ထင်ရှားအားကြီးသော အာရုံငါးပါး၊
(၂) မဟန္တာရုံ = သင့်ရုံထင်ရှားအားကြီးသော အာရုံငါးပါး၊
(၃) ပရိတ္တာရုံ = မထင်ရှားမသိသာသည့် အားနည်းသောအာရုံငါးပါး၊
(၄) အတိပရိတ္တာရုံ = အလွန်တရာမသိသာမထင်ရှား၍ အားနည်းလှသော အာရုံငါးပါး။

**မနောဒွါရ၌ဖြစ်သော အာရုံနှစ်ပါးရှိ၏။**

(၁) ဝိဘူတာရုံ = ထင်ထင်ရှားရှားဖြစ်သော အာရုံ၊
(၂) အဝိဘူတာရုံ = မထင်မရှားဖြစ်သော အာရုံ။

အထက်တွင် ဖော်ပြထားသည့်အတိုင်း ဒွါရတို့၏ အာရုံထင်ပုံခြောက်မျိုးကို ဝိသယပ္ပဝတ္တိဆက္ကဟု ခေါ်၏။

http://www.dhammadownload.com



**ဝိသယပ္ပဝတ္တိကိုးမျိုး။** ။ အထက်ပါ အာရုံထင်ပုံခြောက်မျိုးတို့သည် ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိခြောက်မျိုးဖြစ်၏။ ဝီထိမုတ်ခေါ်သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ ဝိသယပ္ပဝတ္တိကား ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် သုံးမျိုးရှိ၏။ သို့အတွက် စုစုပေါင်း ဝိသယပ္ပဝတ္တိ ကိုးမျိုးရှိ၏။

**ဝီထိဖြစ်ကြောင်း အင်္ဂါလေးပါး**

* စက္ခုဒွါရဝီထိ (ဝါ) စက္ခုဝိညာဏဝီထိဖြစ်ရန် အကြောင်းလေးပါး ပြည့်စုံရ၏။

(၁) စက္ခုပသာဒဟုခေါ်သော မျက်စိအကြည်ဓာတ် ကောင်းမွန်ရမည်။

(၂) ရူပါရုံဟူသော မြင်နိုင်သည့်အဆင်းလည်း ရှိရမည်။

(၃) အာလောကဟူသော အလင်းလည်း ရှိရမည်။

(၄) မနသိကာရဟုခေါ်သော နှလုံးသွင်းမှု အာဝဇ္ဇန်းလည်း ရှိရမည်။

**ဆောင်ပုဒ်။** ။ စက္ခု, လောက၊ ရူပထင်ပြီ၊ မနသိ၊ လေးလီစက္ခုဖို့။

စက္ခုပသာဒချို့ယွင်းနေလျှင်သော်လည်းကောင်း၊ မြင်နိုင်သောအဆင်း မရှိလျှင်သော်လည်းကောင်း၊ အလင်းရောင်မရှိလျှင်သော်လည်းကောင်း၊ နှလုံးသွင်းမှု မရှိလျှင်သော်လည်းကောင်း၊ ဤအင်္ဂါတစ်ပါးပါး ချို့ယွင်းလျှင် စက္ခုဝိညာဏဝီထိဟူသည့် မြင်သိစိတ်အစဉ် မဖြစ်ပေါ်နိုင်တော့ချေ။

သိပ္ပံအလိုအရမြင်ခြင်းတွင် ပထမအချက်သုံးချက်သာ အဓိကကျသည်ဟု ယူဆ၏။ ရုပ်ဝတ္ထုမှ ပြန်ထွက်လာကြသော အလင်းတန်းများက မျက်စိ၏ အမြင်လွှာ (retina) ပေါ်၌ ကျရောက်သည့်အခါ အာရုံကြောများက ဦးနှောက်သို့ သတင်းပို့၏။ ထိုအခါ ဦးနှောက်က ထိုထင်လာသောအာရုံကို သိရှိပြီး မည်သည့်အာရုံဖြစ်သည်ကို သတင်းပြန်ကြားပေး၏။

ဗုဒ္ဓအဘိဓမ္မာတွင် ရုပ်ဝတ္ထု၊ မျက်စိနှင့် အလင်းတို့အပြင် နှလုံးသွင်းမှု မနသိကာရကိုလည်း အဓိကထား၏။ **'သတိမမူလျှင် ရှုမမြင်'** ဟူသည့်အတိုင်း နှလုံးသွင်းမှု မရှိလျှင် မမြင်နိုင်ပါ။ ကျွန်ုပ်တို့၏ မျက်စိအမြင်လွှာ၌ ကျွန်ုပ်တို့၏ ရှေ့မှောက်တွင်ရှိကြသော ရုပ်ဝတ္ထုပေါင်းများစွာတို့၏ အရိပ်များသည် တစ်ပြိုင်နက်တည်း ထင်ပေါ်နေကြ၏။ ထိုထင်ပေါ်သမျှသောအရိပ်အားလုံးကို ကျွန်ုပ်တို့သည် တစ်ပြိုင်တည်း မမြင်နိုင်ပါ။ တစ်ကြိမ်လျှင် နှလုံးသွင်းသော အရိပ်တစ်ခုကိုသာ မြင်နိုင်၏။ မြင်သိစိတ်က အလွန်လျင်မြန်စွာဖြစ်ပေါ်နိုင်သည့်အတွက် နှလုံးသွင်းမှုကောင်းလျှင် ပုံရိပ်များကို တစ်ခုပြီးတစ်ခု နှလုံးသွင်းခြင်းဖြင့် လျင်မြန်စွာမြင်သိနိုင်၏။

တစ်စုံတစ်ခုကို အလေးအနက်တွေးတော၍ ငေးမောသောအခါမျိုး၌ကား အမြင်လွှာတွင် ပုံရိပ်တစ်ထောင်ပင် ထင်နေသော်လည်း ဘာတစ်ခုကိုမျှ မမြင်သိလိုက်ပါ။ နား

http://www.dhammadownload.com



အကြည်လွှာ၌ အသံမျိုးစုံထိခိုက်နေသော်လည်း မည်သည့်အသံမျိုးကိုမျှ မကြားသိလိုက်ပါ။ ထို့ကြောင့် မနသိကာရသည် အလွန်လိုအပ်သော အဓိကရအချက်တစ်ခုဖြစ်ကြောင်း ထင်ရှားလှပေ၏။

* **သောတဒွါရဝီထိဖြစ်ရန် လိုအပ်သော အကြောင်းတရားလေးပါးကား အဘယ်နည်း။**

သောတပသာဒ, သဒ္ဒါရုံ, အာကာသဓာတ်နှင့် မနသိကာရတို့တည်း။ ဤအကြောင်းတရားလေးပါး၌ အာကာသဓာတ်ဟူသည်မှာ လေဖြတ်သန်းသွားလာနိုင်သော ဟင်းလင်းနယ်ကို ဆိုလို၏။ အသံလှိုင်းများ တိုးလျှိုပေါက်ဖြတ်သန်းနိုင်သော ဟင်းလင်းနယ်ရှိမှသာလျှင် အသံကို ကြားနိုင်၏။ မရှိလျှင် အသံကို မကြားနိုင်ချေ။

**ဆောင်ပုဒ်**။ ။ သောတာ, ကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ လေးလီသောတဖို့။
သိပွဲအလိုအရမှု နား, အသံလှိုင်းနှင့် အသံလှိုင်းကို လက်ဆင့်ကမ်းသယ်ဆောင်ပေးသော လေတို့ ရှိရမည်။

* **ဃာနဒွါရဝီထိဖြစ်ရန် လိုအပ်သောအကြောင်းတရားလေးပါးကား အဘယ်နည်း။**

ဃာနပသာဒ, ဂန္ဓာရုံ, ဝါတနှင့် မနသိကာရတို့တည်း။ ဤအကြောင်းတရားလေးပါး၌ ဝါတဟူသည်မှာ အနံ့ကိုဆောင်သောလေဖြစ်၏။ အနံ့ရှိသည့် ရုပ်ဝတ္ထု၏ မော်လီကျူးကလေးများက အငွေ့ပြန်ပြီး လေအဟုန်ကိုစီးကာ နှာအကြည်ဓာတ်နှင့် ထိတွေ့၏။ ထိုအခါ နှလုံးသွင်းမှုရှိလျှင် အနံ့ကို သိရမည်ဖြစ်၏။

**ဆောင်ပုဒ်**။ ။ ဃာန, ဝါတ၊ ဂန္ဓထင်ပြီ။ မနသိ၊ လေးလီဃာနဖို့။

* **ဇိဝှာဒွါရဝီထိဖြစ်ရန် လိုအပ်သောအကြောင်းတရားလေးပါးကား အဘယ်နည်း။**

ဇိဝှာပသာဒ, ရသာရုံ, အာပနှင့် မနသိကာရတို့တည်း။ ဤအကြောင်းတရားလေးပါး၌ အာပဟူသည်မှာ လျှာရည်ဖြစ်၏။ အရသာရှိသည့် ရုပ်ဝတ္ထုသည် လျှာပေါ်ရောက်၍ လျှာရည်၌ ပျော်ဝင်သောအခါ လျှာအကြည်ဓာတ်နှင့် တွေ့ဆုံရ၏။ ထိုအခါ နှလုံးသွင်းမှုရှိလျှင် အရသာကို သိလာရ၏။

**ဆောင်ပုဒ်**။ ။ ဇိဝှာ, အာပ၊ ရသထင်ပြီ၊ မနသိ၊ လေးလီဇိဝှာဖို့။

* **ကာယဒွါရဝီထိဖြစ်ရန် လိုအပ်သော အကြောင်းတရားလေးပါးကား အဘယ်နည်း။**

ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ, ထဒ္ဓပထဝီနှင့် မနသိကာရတို့တည်း။ ဤအကြောင်းတရားလေးပါးတွင် ကာယပသာဒဟူသည်မှာ ခန္ဓာကိုယ်တစ်ခုလုံး၌ ပျံ့နှံ့နေကြသော အာရုံကြောများ၏ ထိပ်ဖူးများဖြစ်သည်ဟု မှတ်ယူနိုင်၏။

http://www.dhammadownload.com



ဖောဋ္ဌဗ္ဗာရုံတွင် ခက်မာခြင်း, နူးညံ့ခြင်းသဘောရှိသည့် ပထဝီဓာတ်၊ တွန်းကန်ဖိနှိပ်ခြင်းသဘောရှိသည့် ဝါယောဓာတ်၊ ပူခြင်းအေးခြင်းသဘောရှိသော တေဇောဓာတ်တို့ ပါဝင်၏။ ဤဓာတ်သဘောတို့ကို 'အထိအတွေ့' ဟူ၍ သာမန်အရပ်သုံးစကားဖြင့် ခေါ်ဆိုကြ၏။

**ထဒ္ဓပထဝီဟူသည် အထိအတွေ့ကို ကာယပသာဒသို့ ကူးဆက်ပေးသည့် ခက်မာသော ပထဝီဖြစ်၏။**

နှလုံးသွင်းမှုရှိမှ အထိအတွေ့ကို သိနိုင်၏။ နှလုံးသွင်းမှုမရှိသောအခါ အင်္ကျီ လုံချည်စသည်တို့သည် ကိုယ်နှင့် ထိတွေ့နေသော်လည်း ထိတွေ့နေမှန်းကို မသိရချေ။

**ဆောင်ပုဒ်**။ ။ ကာယ, ထဒ္ဓ, ဖောဋ္ဌထင်ပြီ၊ မနသိ၊ လေးလီကာယဖို့။

* **မနောဒွါရဝီထိဖြစ်ရန် လိုအပ်သောအကြောင်းတရားလေးပါးကားအဘယ်နည်း။**

မနောဒွါရဟုခေါ်ဆိုအပ်သော ဘဝင်စိတ်, ဓမ္မာရုံ, ဟဒယဝတ္ထုနှင့် မနသိကာရတို့ ဖြစ်ကြ၏။

ခန္ဓာငါးပါးထင်ရှားရှိသော ပဥ္စဝေါကာရဘုံ (အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ရူပဗြဟ္မာဘုံ) တို့၌ စိတ်တို့သည် ဝတ္ထုရုပ်တစ်ခုခုကို မှီ၍သာ ဖြစ်ကြရ၏။

စက္ခုဒွါရဝီထိစိတ်တို့သည် စက္ခုဝတ္ထု, ဟဒယဝတ္ထုတို့ကို မှီ၍ဖြစ်ကြ၏။

သောတဒွါရဝီထိစိတ်တို့သည် သောတဝတ္ထု, ဟဒယဝတ္ထုတို့ကို မှီကြ၏။

ဃာနဒွါရဝီထိစိတ်တို့သည် ဃာနဝတ္ထု, ဟဒယဝတ္ထုတို့ကို မှီကြ၏။

ဇိဝှာဒွါရဝီထိစိတ်တို့သည် ဇိဝှာဝတ္ထု, ဟဒယဝတ္ထုတို့ကို မှီကြ၏။

ကာယဒွါရဝီထိစိတ်တို့သည် ကာယဝတ္ထု, ဟဒယဝတ္ထုတို့ကို မှီကြ၏။

မနောဒွါရ၌ဖြစ်သော စိတ်တို့သည် ဟဒယဝတ္ထုကို မှီ၍ဖြစ်ကြ၏။

သို့အတွက် ပဥ္စဝေါကာရဘုံ၌ မနောဒွါရဝီထိဖြစ်ရန် ဟဒယဝတ္ထုသည်အဓိက လိုအပ်ချက်တစ်ပါးဖြစ်၏။

## ဘဝင်သုံးမျိုး

(အတီ၊ စလေ၊ ဉပစ္ဆေ၊ သုံးထွေဘဝင်)

ဝီထိပိုင်း၌ (၁) အတီတဘဝင်၊ (၂) စလနဘဝင် (ဝါ) ဘဝင်စလနှင့် (၃) ဉပစ္ဆေဒဘဝင် (ဝါ) ဘဝင်ုပစ္ဆေဒ ဟူသော ဘဝင်သုံးမျိုးကို မှတ်သားရန်လို၏။ ထိုဘဝင်သုံးမျိုး၏ အမည်များ ဖြစ်လာပုံကို ဦးစွာ ရှင်းပြပါအံ့။

သတ္တဝါတို့၏ သန္တာန်၌ ဝီထိစိတ်ဖြစ်ပေါ်ခြင်းမရှိသည့်အခါများတွင် ဘဝင်စိတ်သာလျှင် အစဉ်မပြတ်ဖြစ်ပေါ်နေရ၏။ ဘဝင်စိတ်သည် လွန်ပြီးခါစ ဘဝဟောင်း၌ စုတေခါနီးအချိန်တွင် မရဏာသန္နဇောက ယူပေးခဲ့သော ကံနိမိတ်, ကမ္မနိမိတ်, ဂတိ

http://www.dhammadownload.com



နိမိတ်, နိမိတ်သုံးပါးအနက်မှ တစ်ပါးပါးကို ပဋိသန္ဓေတည်သည်မှစ၍ စုတိတိုင်အောင် အာရုံပြု၏။ ထိုသို့အာရုံပြုနေခြင်းကို ကျွန်ုပ်တို့ မသိကြချေ။

ထို့ကြောင့် **ဘဝင်စိတ်သည် မသိစိတ် (unconscious mind) နှင့်တူ၏။**

**ဝီထိစိတ်သည် သိစိတ် (conscious mind) နှင့်တူ၏။**

ပဥ္စဒွါရနှင့် မနောဒွါရတို့၌ အာရုံတစ်ပါးပါးထင်လာသောအခါ ဘဝင်စိတ်အစဉ်သည် ပြတ်တောက်၍ အာရုံသစ်ကို အာရုံပြုသော ဝီထိစိတ်အစဉ် ဖြစ်ပေါ်လာ၏။

ထိုသို့ ဘဝင်အစဉ်ပြတ်ရန် အကြောင်းဖန်လာသောအခါ ဘဝင်စိတ်အစဉ်သည် ရုတ်တရက် တိခနဲမပြတ်တောက်နိုင်ချေ။ ပမာဆိုသော် အဟုန်ဖြင့်ပြေးသွားသော ယောက်ျားတစ်ယောက်က အပြေးရပ်လိုသောအခါ ရပ်လိုသောနေရာ၌ တိခနဲမရပ်နိုင်ဘဲ ဖဝါးတစ်လှမ်း နှစ်လှမ်းတို့ကို လွန်စေပြီးမှ ရပ်နိုင်သကဲ့သို့တည်း။ ထို့ကြောင့် ဘဝင်စိတ်အစဉ်သည် ပြင်ပအာရုံထင်လာသည်မှစ၍ ဘဝင်နှစ်ကြိမ် ထပ်မံဖြစ်ပြီးမှသာ ပြတ်တောက်နိုင်၏။ ထိုဘဝင်နှစ်ကြိမ်သည် ထင်လာသော အာရုံသစ်ကြောင့် ယူမြဲဖြစ်သော အာရုံကို စွဲမြဲစွာလည်း မယူနိုင်၊ လွှတ်လည်း မလွှတ်နိုင်သေးဘဲ ပင်ကိုသဘောမှ ဖောက်ပြားချောက်ချားသွား၏။ ဤသို့တုန်လှုပ်ချောက်ချားမှုကြောင့် ထိုဘဝင်နှစ်ခုကို ဘဝင်္ဂစလနဟုခေါ်၏။ ထိုဘဝင်္ဂစလနနှစ်ခုတွင် ဒုတိယဘဝင်္ဂစလနသည် ဘဝင်အစဉ်တစ်ခု၏ အဆုံးစွန်သောဘဝင်စိတ်ဖြစ်၏။ ထိုဘဝင်စိတ် ဖြစ်ပြီးသည်နောက်၌ ဘဝင်အစဉ်ပြတ်သွားသည့်အတွက် ထိုဘဝင်ကို ဘဝင်္ဂုပစ္ဆေဒဟု အမည်ပေးခဲ့ကြ၏။

ဒွါရနှင့် အာရုံ ထိတိုက်ပြီးနောက် ဘဝင်မလှုပ်မီဖြစ်ပြီး ချုပ်ပျောက်သွားသော ဘဝင်စိတ်ကို အတီတဘဝင် (လွန်လေပြီးသောဘဝင်) ဟုခေါ်၏။

၁။ ဘဝင်္ဂစလန = လှုပ်ရှားသွားသောဘဝင်။

၂။ ဘဝင်္ဂုပစ္ဆေဒ = ပြတ်စဲသောဘဝင်။

၃။ အတီတဘဝင် = လွန်လေပြီးသော ဘဝင်။

**စက္ခုဒွါရဝီထိ ၁၅ ပါး**

စက္ခုဒွါရ၌ အာရုံထင်ပုံသည် အာရုံ၏ အား အကြီးအသေးကိုလိုက်၍ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံဟူ၍ လေးမျိုးပြားကြောင်းကို ဖော်ပြခဲ့ပြီး ဖြစ်၏။

ဤတွင်...

(၁) အတိမဟန္တာရုံ၌ တဒါရမ္မဏဝါရ ၁ ဝီထိ

(၂) မဟန္တာရုံ၌ ဇဝနဝါရ ၂ ဝီထိ

http://www.dhammadownload.com



(၃) ပရိတ္တာရုံ၌ ဝေါဋ္ဌဗ္ဗနဝါရ ၆ ဝီထိ
(၄) အတိပရိတ္တာရုံ၌ မောဃဝါရ ၆ ဝီထိ
စုစုပေါင်းသော် စက္ခုဒွါရဝီထိ ၁၅ ဝီထိရှိ၏။

**ပဉ္စဒွါရဝီထိ ၇၅ ပါး**

(၁) စက္ခုဒွါရ၌ဖြစ်သော ဝီထိစိတ်အစဉ် ၁၅ ပါးရှိသည့်အအတိုင်း
(၂) သောတဒွါရ၌ဖြစ်သော သောတဒွါရဝီထိ ၁၅ ပါးရှိ၏။
(၃) ဃာနဒွါရ၌ဖြစ်သော ဃာနဒွါရဝီထိ ၁၅ ပါး ရှိ၏။
(၄) ဇိဝှာဒွါရ၌ဖြစ်သော ဇိဝှာဒွါရဝီထိ ၁၅ ပါး ရှိ၏။
(၅) ကာယဒွါရ၌ဖြစ်သော ကာယဒွါရဝီထိ ၁၅ ပါး ရှိ၏။
စုစုပေါင်းသော် ပဉ္စဒွါရဝီထိပေါင်း ၇၅ ပါးကို ရ၏။

**အတိမဟန္တာရုံဝီထိ**

ရူပါရုံသည် စက္ခုပသာဒနှင့် ဥပါဒ်ပြိုင်၍ဖြစ်သောအခါ ဥပါဒ်လျှင် ဥပါဒ်ချင်း မထင်နိုင်သေး။ ရုပ်တို့မည်သည် ဌီအခိုက်၌သာ အားရှိ၏။ သို့အတွက် အားအကောင်းဆုံး ရူပါရုံသည် အကြည်လင်ဆုံးစက္ခုပသာဒ၌ ထင်ရသော်လည်း အနည်းဆုံး စိတ္တက္ခဏာ တစ်ချက်လွန်ပြီးနောက် ဌီသို့ရောက်မှ ထင်လာနိုင်၏။

စက္ခုဒွါရဝီထိဖြစ်ကြောင်းလေးပါးတွင် စက္ခုပသာဒရုပ် ညှံ့ဖျင်းနေလျှင်သော်လည်းကောင်း၊ အလင်းရောင်က မှေးမှိန်နေလျှင်သော်လည်းကောင်း၊ ရူပါရုံက အားသေးနေလျှင်သော်လည်းကောင်း၊ ဤသို့ တစ်ပါးပါးက ညှံ့ဖျင်းချို့ယွင်းနေလျှင် စိတ္တက္ခဏာ နှစ်ချက်မှ ၁၅ ချက်တိုင်အောင် တော်လွန်ပြီးနောက် ဌီသို့ အတော်ကြာရောက်ပြီးမှသာ စက္ခုပသာဒ၌ အာရုံထင်လာနိုင်၏။

အတိမဟန္တာရုံဝီထိတွင် ရူပါရုံနှင့် စက္ခုပသာဒတို့ ဥပါဒ်ပြိုင်၍ဖြစ်ပြီးသည်မှ အတီတဘဝင် တစ်ချက်အလွန်တွင် စက္ခုပသာဒ၌ အာရုံထင်လာ၏။ ထိုအခါ ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်နှစ်ကြိမ်လှုပ်ပြီး ဘဝင်အစဉ်ပြတ်၏။

ဘဝင်အစဉ်ပြတ်ပြီးသည့်နောက် ထင်လာသောရူပါရုံကို ဆင်ခြင်နှလုံးသွင်းသော ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက်၌ ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်၊ အာရုံကို ထိန်းသိမ်းလက်ခံတတ်သော သမ္ပဋိစ္ဆိုန်းစိတ်၊ အာရုံကို စုံစမ်းတတ်သော သန္တီရဏစိတ်၊ အာရုံကို ဆုံးဖြတ်တတ်သော ဝုဋ္ဌောစိတ်၊ အာရုံကို ခံစားတတ်သော ဇောစိတ် ခုနစ်ကြိမ်၊ ဇောသို့ အစဉ်လိုက်သော တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုအခါ ရူပါရုံနှင့် စက္ခုပသာဒတို့ ဥပါဒ်ပြိုင်ခဲ့သည့် အတီတဘဝင်မှစ၍ ဒုတိယ တဒါရုံအဆုံးအထိ ရေတွက်သော် စိတ္တက္ခဏာ ၁၇ ချက် ပြည့်မြောက်ပြီးဖြစ်၍ ထိုရူပါရုံနှင့် စက္ခုပသာဒရုပ်တို့သည် ချုပ်ငြိမ်းကြလေကုန်တော့၏။ ထိုသို့ ချုပ်ငြိမ်းသွားပြီး

http://www.dhammadownload.com



သောအခါ ဘဝင်စိတ်အစဉ်သည် ဆက်လက်ဖြစ်ပေါ်၏။ တဒါရုံနှင့် အဆုံးသတ်သော ဝီထိကို **တဒါရမ္မဏဝါရ**(ဝါ) တဒါလမ္ဗဏဝါရဟု ခေါ်၏။

အထက်ပါ ဝီထိစိတ်အစဉ်ကို သင်္ကေတများဖြင့် အောက်ပါအတိုင်း ရေးပြနိုင်၏။ စိတ်တစ်ခုစီကို ဥပါဒ်, ဌီ, ဘင် ခဏငယ်သုံးချက်အတွက် ဝလုံး သုံးလုံးစီဖြင့် ဖော်ပြထား၏။

| ဘဝင် | တီ | န | ဒ | ပ | စ | သံ | ဏ | ဝု |
|---|---|---|---|---|---|---|---|---|
| ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |
| | ↑ ဥပါဒ် | ↑ ထင် | | ↑ ဝီထိစ | | | | |

| ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဒါ | ဒါ | ဘဝင် | ဘဝင် |
|---|---|---|---|---|---|---|---|---|---|---|
| ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |
| | | | | | | | | ↓ ချုပ် | | |

**ဆိုရိုး**။ ။ တဒါရမ္မဏဝါရ, စက္ခုဒွါရိက အတိမဟန္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ရှေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင်တစ်ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောခုနစ်ကြိမ်၊ တဒါရုံ နှစ်ကြိမ်ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒတို့သည် ၁၇ ချက် ရုပ်သက်စေ့ကြသောကြောင့် ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။ ဤစိတ်အစဉ်သည် 'တဒါရမ္မဏဝါရစက္ခုဒွါရိက အတိမဟန္တာရုံဝီထိ' မည်၏။ ထိုဝီထိနောက်၌ ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

**မှတ်ချက်**။ ။ တဒါရမ္မဏဝါရ, သောတဒွါရိက အတိမဟန္တာရုံဝီထိကို ဖော်ပြလိုလျှင် အထက်ပါသင်္ကေတအစဉ်နှင့် ဆိုရိုးတို့၌ 'စ' နှင့် စက္ခုဝိညာဏ်အစား 'သော' နှင့် သောတဝိညာဏ်တို့ကို ပြောင်းထည့်ပေးရန်သာ လို၏။

ကျန်သည့် ဃာနဒွါရိက၊ ဇိဝှာဒွါရိကနှင့် ကာယဒွါရိက အတိမဟန္တာရုံဝီထိများအတွက်လည်း အလားတူပင် သက်ဆိုင်ရာပဉ္စဝိညာဏ်စိတ်ကို ပြောင်းထည့်ပေးရန်သာ လိုပါသည်။ သို့ဖြစ်၍ ပဉ္စဒွါရအတွက် အတိမဟန္တာရုံဝီထိ ငါးခုရ၏။

**ဆောင်ပုဒ်**။ ။ ဘဝင်သုံးတန်၊ အာဝဇ္ဇန်၊ ဝိညာဏ်ဒွေပဉ္စ။
သံ, သန်, ဝုဋ္ဌာ၊ ဇောသတ္တာ၊ တဒါနှစ်ကြိမ်ချ။
ထိုနောက်ဘဝင်၊ အများပင်၊ လေးစဉ်နုဗန္ဓ။

http://www.dhammadownload.com



**မှတ်ချက်**။ ။ ဤဆောင်ပုဒ်ဖြင့် ပဉ္စဒွါရအတိမဟန္တာရုံဝီထိ၌ ပါဝင်ကြသော စိတ်အစဉ်ကို မှတ်သားထားနိုင်၏။

'ဝိညာဏ်ဒွေပဉ္စ' ဟူရာ၌ စက္ခုဒွါရဝီထိဖြစ်လျှင် စက္ခုဝိညာဏ်တစ်ခုကိုသာ ချပေးရမည်။ သောတဒွါရဝီထိဖြစ်လျှင် သောတဝိညာဏ်ကိုသာ ချရမည်။ ကြွင်းသည့် ဒွါရသုံးခု၌လည်း သူ့ဒွါရနှင့်သူ့ဝိညာဏ်ကို ကိုက်ညီအောင် ချပေးရမည်။

'လေးစဉ်နုဗန္ဓ' ဆိုသည်မှာ ပဉ္စဒွါရဝီထိ၏ နောက်လိုက်ဖြစ်သော 'အနုဗန္ဓမနောဒွါရဝီထိ' လေးခုကို ရည်ညွှန်း၏။

ပဉ္စဒွါရဝီထိ၏နောက်၌ အစဉ်ဖွဲ့ဆက်၍ လိုက်တတ်သောအကြောင်းကြောင့် **အနုဗန္ဓ**ဟု ခေါ်ဆိုခြင်းဖြစ်၏။

ထိုအနုဗန္ဓမနောဒွါရဝီထိကို 'တဒနုဝတ္တကမနောဒွါရဝီထိ' ဟုလည်း ခေါ်၏။ ရှေ့ကဖြစ်ပြီးသော ပဉ္စဒွါရဝီထိအစဉ်သို့ တစ်ဆက်တည်းလိုက်၍ဖြစ်သဖြင့် တဒနုဝတ္တကဝီထိဟု ခေါ်ခြင်းဖြစ်၏။

## တဒနုဝတ္တကဝီထိအပြား

(၁) စက္ခုဒွါရ၌ထင်လာ၍ ချုပ်လေပြီးသော အတိတ်ရူပါရုံကို စက္ခုဒွါရဝီထိ ယူသည့်အတိုင်း လိုက်၍အာရုံပြုလျက်ဖြစ်သော **အတီတဂ္ဂဟဏဝီထိ**။

(၂) စက္ခုဒွါရဝီထိနှင့် အတီတဂ္ဂဟဏဝီထိ နှစ်ခုတို့ဖြင့် ယူအပ်ပြီးသောအာရုံကို တစ်ခုတည်း တစ်လုံးတည်း ပေါင်းစုလုံးခဲ၍ အာရုံပြုလျက်ဖြစ်သော **သမုဒါယဂ္ဂဟဏဝီထိ**။

(၃) ထိုရူပါရုံ၏ အသွင်သဏ္ဌာန်ဒြပ်နှင့် အနက်အဓိပ္ပာယ်တို့ကို အာရုံပြုလျက် ဖြစ်သော **အတ္ထဂ္ဂဟဏဝီထိ**။

(၄) ထိုအနက်ဒြပ်အဆင်း၏ အမည်နာမကို အာရုံပြုလျက်ဖြစ်သော **နာမဂ္ဂဟဏဝီထိ**။

ဤသို့ စက္ခုဒွါရဝီထိနောက်သို့လိုက်သော မနောဒွါရဝီထိ လေးဝီထိဖြစ်ပြီးသော အခါမှ မြင်လိုက်သည့်အဆင်းကို အသွင်သဏ္ဌာန် အနက်အဓိပ္ပာယ်နှင့်တကွ အမည်နာမကိုပါ သိလာနိုင်၏။

ကြွင်းသည့် ပဉ္စဒွါရဝီထိလေးပါးတို့၌လည်း အလားတူပင် ပဉ္စဒွါရဝီထိနောက်တွင် တဒနုဝတ္တက လေးဝီထိကျ၏။ ထိုသို့ကျပြီးသောအခါမှသာ အသံ, အနံ့, အရသာ, အတွေ့အထိတို့ကို ဒြပ်သဏ္ဌာန်, အနက်, အဓိပ္ပာယ်, အမည်တို့နှင့်တကွ သိလာနိုင်သည်။ ဝီထိအစဉ်တို့သည် အလွန်လျင်မြန်စွာဖြစ်ပေါ်ကြသည့်အတွက် လူ တစ်ယောက်ကိုကြည့်လျှင် ထိုလူ၏ ရုပ်ဒြပ်, ပုံဟန်နှင့်တကွ အမည်နာမကိုပါ မရှေးမနှောင်းပင် ချက်ချင်းမြင်သိရ၏။ သီချင်းသံကို ကြားလျှင်လည်း သီချင်းသံ၏ ဒြပ်, တေး

http://www.dhammadownload.com



သွားနှင့် တေးအမျိုးအစားတို့ကို တစ်ပြိုင်နက်ကဲ့သို့ ကြားသိရ၏။ ကြွင်းသည့်အာရုံများကို သိခြင်း၌လည်း ဤနည်းအတိုင်း မှတ်ပါလေ။

### မဟန္တာရုံဝီထိနှစ်မျိုး

မဟန္တာရုံသည် အတိမဟန္တာရုံလောက် အားမကောင်းသည့်အတွက် စက္ခုပသာဒနှင့် ရူပါရုံတို့ ရေးရှုအတူ ဥပါဒ်ပြီးသည့်နောက် စိတ္တက္ခဏနှစ်ချက်, သုံးချက် လွန်ပြီးသောအခါမှ စက္ခုဒွါရ၌ အာရုံထင်လာ၏။ သို့အတွက် အတီတဘဝင်နှစ်ချက် လွန်သော ပထမမဟန္တာရုံဝီထိနှင့် အတီတဘဝင်သုံးချက်လွန်သော ဒုတိယမဟန္တာရုံဝီထိဟူ၍ မဟန္တာရုံဝီထိ နှစ်မျိုးရှိ၏။

ပထမမဟန္တာရုံသည် အတီတဘဝင်နှစ်ချက်လွန်ပြီးမှ အာရုံထင်လာသည့် အတွက် အာရုံနှင့် စက္ခုပသာဒတို့၏ ရုပ်သက်သည် ၁၅ ချက်စီသာ ကျန်တော့၏။ ထို့ကြောင့် တဒါရုံနှစ်ကြိမ်ဖြစ်နိုင်လောက်အောင် အသက်မရှည်ကြတော့ချေ။ တဒါရုံနှစ်ကြိမ်ဖြစ်ရန် ရူပါရုံနှင့် စက္ခုပသာဒတို့သည် အသက်ရှည်လျက် တည်နေနိုင်စွမ်းမရှိသည့်အခါ တဒါရုံသည် တစ်ကြိမ်ကျရိုးမရှိသဖြင့် အလျဉ်းမကျတော့ဘဲ ဘဝင်စိတ်သာ ကျပေးရတော့၏။

ဒုတိယမဟန္တာရုံသည် အတီတဘဝင်သုံးချက်လွန်မှ အာရုံထင်လာသည့်အတွက် အာရုံနှင့် စက္ခုပသာဒတို့၏ ရုပ်သက်သည် ၁၄ ချက်စီသာ ကျန်တော့၏။ ထို့ကြောင့် ဇောခုနစ်ကြိမ် ဇောပြီးသောအခါ အာရုံနှင့် ပသာဒရုပ်တို့ ချုပ်ငြိမ်းသွားကြ၏။

#### ပထမ မဟန္တာရုံဝီထိပုံ

'တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဘဝင်'

ooo ooo ooo

↑ ↑ ↓

ဥပါဒ် ထင် ချုပ်

#### ဒုတိယ မဟန္တာရုံဝီထိပုံ

'တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ'

ooo ooo ooo

↑ ↑ ↓

ဥပါဒ် ထင် ချုပ်

**ပထမမဟန္တာရုံဝီထိဆိုရိုး။** ။ ပထမ မဟန္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရေးရှုအတူ ဥပါဒ်ကြသည်မှစ၍ အတီတဘဝင်နှစ်ချက်အလွန်တွင်—

http://www.dhammadownload.com



စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောခုနစ်ကြိမ်၊ ဘဝင်တစ်ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇ ချက် ရပ်သက်စေ့ကြသောကြောင့် ပထမဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။ ဤဝီထိသည် ပထမ မဟန္တာရုံဝီထိမည်၏။ ဤဝီထိ၏နောက်၌ ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

ဒုတိယမဟန္တာရုံဝီထိဆိုရိုးကို အထက်ပါအတိုင်း ဝီထိပုံကိုကြည့်ပြီးဆိုပါ။ အတီတဘဝင် သုံးချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ပြီး သတ္တမဇော၏ ဘင်နှင့်ပြိုင်၍ ရူပါရုံနှင့် စက္ခုပသာဒတို့ ချုပ်ကြ၏။

**မှတ်ချက်။** ။ သောတဒွါရိက မဟန္တာရုံဝီထိ၊ ဃာနဒွါရိက မဟန္တာရုံဝီထိ စသည့် ကြွင်းသောဝီထိလေးပါးအတွက် ဝီထိပုံနှင့် ဆိုရိုးတို့ကို ဖော်ပြလိုသောအခါ ဆိုင်ရာပသာဒရုပ်နှင့် ပဉ္စဝိညာဏ်တို့ကို မှန်ကန်စွာ တွဲပေးရန်သာ လိုပါသည်။

တစ်ဒွါရလျှင် မဟန္တာရုံ နှစ်ဝီထိရှိသဖြင့် ငါးဒွါရအတွက် မဟန္တာရုံ ၁၀ ဝီထိ ရှိသည်။ မဟန္တာရုံဝီထိတို့သည် ဇောစိတ်အဆုံးရှိကြသောကြောင့် **ဇောဝါရ(ဝါ)ဇဝနဝါရ**ဟု အမည်တွင်ကြ၏။

## ပရိတ္တာရုံဝီထိ ခြောက်မျိုး

စက္ခုပသာဒ၏အားနည်းမှု၊ ရူပါရုံ၏ သေးငယ်မှုန်မွှားမှု၊ အရောင်အလင်း၏ ညံ့ဖျင်းမှု၊ ဤအကြောင်းစုတွင် နှစ်ခုသော်လည်းကောင်း၊ သုံးခုသော်လည်းကောင်း စုဆုံနေကြသောအခါ ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြပြီးသည့်နောက် အတီတဘဝင် လေးချက်မှ ကိုးချက်အထိ လွန်သောအခါ အာရုံထင်လာသည်။ ထိုအခါ ဝီထိအစဉ်တွင် ဇောခုနစ်ကြိမ်ဖြစ်သည့်တိုင်အောင် ရူပါရုံနှင့် ပသာဒရုပ်တို့ အသက်မရှည်ကြတော့ချေ။ ထို့ကြောင့် ဇောဇောခွင့်မရတော့ဘဲ ဝုဋ္ဌောစိတ်သည် ဇောအစား ဇောတုဇောယောင်အဖြစ် နှစ်ကြိမ်ထပ်လျက် ဖြစ်ခွင့်ရရှိသည်။

ပရိတ္တာရုံသည် အာရုံငါးပါးကို ထင်ရှားစွာမမြင်နိုင် မကြားနိုင်ဘဲ မြင်လိုက်သလို ကြားလိုက်သလို ဖြစ်သော အားနည်းသည့်အာရုံမျိုးဖြစ်၏။ အားနည်းသောအာရုံဖြစ်၍ အာရုံအရသာကို ပိုင်းခြားဂနုမသိနိုင်၊ မခံစားနိုင်ပါ။ ထို့ကြောင့် ဇောမကျနိုင်။ ဇောအရာကိုယူ၍ ဝုဋ္ဌောသုံးကြိမ် သို့မဟုတ် နှစ်ကြိမ်သာဖြစ်ရ၏။ ဤသို့ ဝုဋ္ဌောအဆုံးရှိသောကြောင့် ပရိတ္တာရုံဝီထိကို **ဝုဋ္ဌောဝါရ(ဝါ)ဝေါဋ္ဌဗ္ဗနဝါရ**ဟု ခေါ်ဆိုကြ၏။

http://www.dhammadownload.com



## ပရိတ္တာရုံ ခြောက်ဝီထိပုံ

(၁) 'တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘွင်–ဘွင်–ဘွင်–ဘွင်'

ooo ooo ooo

↑ ↑ ↓

ဥပါဒ် ထင် ချုပ်

(၂) 'တိ–တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘွင်–ဘွင်–ဘွင်'

ooo ooo ooo

↑ ↑ ↓

(၃) 'တိ–တိ–တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘွင်–ဘွင်'

ooo ooo ooo

↑ ↑ ↓

(၄) 'တိ–တိ–တိ–တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘွင်'

ooo ooo ooo

↑ ↑ ↓

(၅) 'တိ–တိ–တိ–တိ–တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု'

ooo ooo ooo

↑ ↑ ↓

(၆) 'တိ–တိ–တိ–တိ–တိ–တိ–တိ–တိ–တိ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု'

ooo ooo ooo

↑ ↑ ↓

ဥပါဒ် ထင် ချုပ်

စက္ခုဒွါရ၌ ပရိတ္တာရုံ ခြောက်ဝီထိရှိ၏။ အလားတူပင် သောတဒွါရစသည်တို့၌လည်း ပရိတ္တာရုံ ခြောက်ဝီထိရှိ၏။ ထို့ကြောင့် ငါးဒွါရအတွက် ပရိတ္တာရုံစုစုပေါင်း ၅ x ၆ = ၃၀ ဝီထိရှိသည်။

**ပထမပရိတ္တာရုံဝီထိဆိုရိုး။** ။ ပထမပရိတ္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့်စက္ခုပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်မှစ၍ အတီတဘဝင်လေးချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော သုံးကြိမ်၊ ဘဝင်လေးကြိမ်ဖြစ်ပြီးလျှင် ရူပါရုံနှင့်စက္ခုပသာဒတို့သည် ၁၇ချက် ရုပ်သက်စေ့ကြသောကြောင့် စတုတ္ထဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။ ဤဝီထိသည် ပထမပရိတ္တာရုံဝီထိမည်၏။ ထိုဝီထိနောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

http://www.dhammadownload.com



ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ ပရိတ္တာရုံဝီထိတို့၏ ဆိုရိုးများကို အထက်ပါ နည်းအတိုင်း ရွတ်ဆိုနိုင်ပါသည်။

### အတိပရိတ္တာရုံ ခြောက်ဝီထိ

စက္ခုပသာဒ၏ အလွန့်အလွန်အားသေးမှု၊ ရူပါရုံ၏ အလွန်တရာသေးငယ်မှုန်မွှားမှု၊ အလင်းရောင်၏ အလွန်အကျွံအားနည်းမှုတို့ကြောင့် ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြပြီးနောက် အတီတဘဝင် ၁၀ ချက်မှ ၁၅ ချက်အထိ လွန်ပြီးသော အခါမှ အာရုံထင်လာသည်။ ထိုအခါ ဝီထိစိတ်များ မဖြစ်ပေါ်နိုင်တော့ဘဲ ဘဝင်စလန နှစ်ကြိမ်သာလှုပ်ပြီး ဘဝင်ကျသွား၏။

ဤအတိပရိတ္တာရုံဝီထိသည် အမိဝမ်းတိုက်မှ မွေးဖွားခါစကလေးသူငယ်များ၌ ဖြစ်သော ဝီထိစိတ်မျိုးတည်း။ ထိုကလေးသူငယ်တို့သည် မွေးခါစဖြစ်၍ အလွန်တရာ အားနည်းသောကြောင့် ပသာဒနှင့် အာရုံတို့ ထိခိုက်ကြသော်လည်း ပဉ္စဒွါရာဝဇ္ဇန်း စသည့် ဝီထိစိတ်များ မဖြစ်နိုင်ကြချေ။ ထို့ကြောင့် အာရုံများကို မမြင်, မကြား, မသိ နိုင်ကြချေ။ သို့စေကာမူ အာရုံနှင့် ပသာဒရုပ်တို့၏ ထိခိုက်မှုကြောင့် ဘဝင်လှုပ်ရှားခြင်းကို အစွဲပြုလျက် ဝီထိစိတ်မဖြစ်သော်လည်း ဝီထိအရာသို့သွင်းကာ ဝီထိဟု ခေါ်ဆိုရ၏။ 'မိန်းမမြို့ မသား' ဟူသကဲ့သို့ ဥပမာတင်စား၍ 'အတိပရိတ္တာရုံဝီထိ' ဟု နာမည်တပ်ရတော့၏။

### အတိပရိတ္တာရုံ ခြောက်ဝီထိချုံ့

(၁) 'တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–န–န–ဘွင်–ဘွင်–ဘွင်–ဘွင်–ဘွင်'
ooo ooo ooo
↑ ↑ ↓

(၂) 'တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–န–န–ဘွင်–ဘွင်–ဘွင်–ဘွင်'
ooo ooo ooo
↑ ↑ ↓

(၃) 'တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–န–န–ဘွင်–ဘွင်–ဘွင်'
ooo ooo ooo
↑ ↑ ↓

(၄) 'တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–န–န–ဘွင်–ဘွင်'
ooo ooo ooo
↑ ↑ ↓

http://www.dhammadownload.com



(၅) 'တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–န–န–ဘွင်'
၀၀၀ ၀၀၀ ၀၀၀
↑ ↑ ↓
(၆) 'တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–န–န–
၀၀၀ ၀၀၀ ၀၀၀
↑ ↑ ↓
ဥပါဒ် ထင် ချုပ်

**ပထမအတိပရိတ္တာရုံဝီထိဆိုရိုး။** ။ ပထမအတိပရိတ္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်မှစ၍ အတီတဘဝင် ၁၀ ကြိမ် အလွန်တွင် ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန နှစ်ကြိမ်ဖြစ်ပြီးနောက် ဝီထိစိတ် မဖြစ်ဘဲ ဘဝင်ဆက်၍ဖြစ်ပြီးလျှင် ပဥ္စမဘဝင်အကျ၌ ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇ ချက် ရုပ်သက်စေ့ကြသောကြောင့် ဒုတိယဘဝင်္ဂစလနနောင် ပဥ္စမဘဝင်၏ ဘင်နှင့် ပြိုင်၍ ချုပ်ကြ၏။ ဤဝီထိသည် ပထမအတိပရိတ္တာရုံဝီထိမည်၏။ ဤဝီထိနောက်၌ ဘဝင်များ ဆက်၍ဖြစ်၏။

ကြွင်းသည့်အတိပရိတ္တာရုံဝီထိတို့အတွက် ဆိုရိုးကို ဝီထိချထားပုံကိုကြည့်လျက် အလားတူ ရွတ်ဆိုနိုင်ပါပြီ။

တစ်ဒွါရလျှင် အတိပရိတ္တာရုံဝီထိ ခြောက်ခုရှိသဖြင့် ငါးဒွါရအတွက် အတိပရိတ္တာရုံဝီထိပေါင်း ၃၀ ရှိလိမ့်မည်။ ဤဝီထိတို့သည် ဝီထိစိတ် လုံးဝမပါ၊ ဗလာအချည်းနှီးဖြစ်၍ လှုပ်ရုံမျှဖြစ်ကြသောကြောင့် ၎င်းဝီထိတို့ကို **'မောဃဝါရ'** ဟု ခေါ်ဆိုကြ၏။ **(မောဃ = အချည်းနှီး)**။

**ပဉ္စဒွါရဝီထိသင်္ဂဟ**

ရုပ်ဒွါရငါးပါးတို့၌ အာရုံထင်ပုံလေးမျိုးကို အောက်ပါဆောင်ပုဒ်လင်္ကာဖြင့် မှတ်သားထားနိုင်၏။

အတိမဟာန်၊ တစ်ချက်လွန်၊ မဟာန်နှစ် သုံးသာ။
လေးက အစ၊ ကိုးတိုင်မျှ၊ လွန်က ပရိတ္တာ။
တစ်ဆယ်အာဒိ၊ ဆယ့်ငါးထိ၊ လွန်တိပရိတ္တာ။

ဥပါဒ်ပြီးနောက် စိတ္တက္ခဏ တစ်ချက်လွန်မှ ဒွါရ၌ထင်နိုင်သော ပဉ္စာရုံသည် အတိမဟန္တာရုံမည်၏။ ဤပဉ္စာရုံ၌ တစ်ဒွါရလျှင် တစ်ဝီထိစီသာဖြစ်သောကြောင့် အတိမဟန္တာရုံဝီထိ ငါးခုရှိသည်။

ဥပါဒ်ပြီးနောက် စိတ္တက္ခဏ နှစ်ချက်လွန်ပြီးမှ ဒွါရတို့၌ထင်နိုင်သော ပဉ္စာရုံကို ပထမ မဟန္တာရုံ၊ စိတ္တက္ခဏသုံးချက်လွန်ပြီးမှ ဒွါရတို့၌ထင်နိုင်သော ပဉ္စာရုံကို ဒုတိယ

http://www.dhammadownload.com



မဟဂ္ဂုတ်ရုံဟူ၍ မဟဂ္ဂုတ်ရုံနှစ်မျိုးရှိ၏။ ဤမဟဂ္ဂုတ်ရုံ၌ တစ်ဒွါရလျှင် နှစ်ဝီထိစီရှိသော ကြောင့် ငါးဒွါရအတွက် မဟဂ္ဂုတ်ရုံဝီထိပေါင်း ၁၀ ခုရှိသည်။

ဥပါဒ်ပြီးနောက် စိတ္တက္ခဏလေးချက်မှ ကိုးချက်အထိ လွန်ပြီးမှ ဒွါရတို့၌ ထင်နိုင်သော ပဉ္စာရုံခြောက်မျိုးသည် ပရိတ္တာရုံမည်၏။ ဤပရိတ္တာရုံ၌ တစ်ဒွါရလျှင် ခြောက်ဝီထိစီ ရသဖြင့် ငါးဒွါရအတွက် ပရိတ္တာရုံဝီထိပေါင်း ၃၀ ရသည်။

ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၁၀ ချက်မှ ၁၅ ချက်အထိ လွန်ပြီးမှ ဒွါရတို့၌ ထင်နိုင်သော ပဉ္စာရုံခြောက်မျိုးသည် အတိပရိတ္တာရုံမည်၏။ ဤအတိပရိတ္တာရုံ၌ တစ်ဒွါရလျှင် ခြောက်ဝီထိရသဖြင့် ငါးဒွါရအတွက် အတိပရိတ္တာရုံဝီထိပေါင်း ၃၀ ရသည်။

### ပဉ္စဒွါရဝီထိပေါင်း

စက္ခုဒွါရ၌ အတိမဟန္တာရုံတစ်မျိုး၊ မဟန္တာရုံနှစ်မျိုး၊ ပရိတ္တာရုံခြောက်မျိုး၊ အတိပရိတ္တာရုံ ခြောက်မျိုး၊ ပေါင်း ဝီထိ ၁၅ မျိုးဖြစ်သည်။ သောတဒွါရစသည်တို့၌လည်း အလားတူပင် ၁၅ ဝီထိစီဖြစ်သည်။ ထို့ကြောင့် ငါးဒွါရအတွက် ဝီထိပေါင်း ၇၅ ခု ရှိသည်။

### ပဉ္စဒွါရဝီထိစိတ်ပေါင်း

ပဉ္စဒွါရ၌ ထိုက်သည့်အားလျော်စွာ ဖြစ်ကုန်သောစိတ်တို့သည် အမျိုးအစားအားဖြင့် ရေတွက်လျှင် 'ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ' ဟူ၍ ခုနစ်မျိုးရှိ၏။

စိတ္တုပ္ပါဒ်အရေအတွက်အားဖြင့် ရေတွက်လျှင် ဝီထိတစ်ခုစီ၌ 'ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ပဉ္စဝိညာဏ် ၁၊ သမ္ပဋိစ္ဆိုန်း ၁၊ သန္တီရဏ ၁၊ ဝုဋ္ဌော ၁၊ ဇော ၇၊ တဒါရုံ ၂' ဟူ၍ ၁၄ ပါး အပြားရှိ၏။ တစ်နည်းဝီထိစိတ်ပေါင်း ၁၄ ခု ဖြစ်ပျက်သွားသည်ဟု ဆို၏။

ဝီထိစိတ်များကို ရေတွက်ရာတွင် ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ တဒါရုံအဆုံးအထိသာ ရေတွက်ရ၏။ ဘဝင်စိတ်များသည် ဝီထိမှလွတ်သော ဝီထိဝိမုတ်စိတ်များ ဖြစ်ကြ၏။

စက္ခုဒွါရဝီထိ၌ဖြစ်သော စိတ်များ၏ သရုပ်ကို ရေတွက်သော် ပဉ္စဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉ ပါး၊ တဒါရုံ မဟာဝိပါက်စိတ် ရှစ်ပါး၊ ပေါင်း ၄၆ ပါးကို ရ၏။

ပဉ္စဒွါရဝီထိ ၇၅ ခုလုံး၌ ပါဝင်သောစိတ်များကို အကျယ်ရေတွက်လျှင်မူ 'ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ခေါ် မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ မဟာဝိပါက် ၈' ဟူ၍ စုစုပေါင်း ၅၄ ပါး ရှိပါသည်။

http://www.dhammadownload.com



## ဝိထိမုတ်စိတ် ၁၉ ပါး

(ဒွါရမုတ်မျိုး၊ တစ်ဆယ့်ကိုး၊ ခေါ်ရိုးဝိထိမုတ်)

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ကြသော 'ဥပေက္ခာသန္တီရဏ ၂၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ဝိပါက် ၉' ပေါင်း စိတ် ၁၉ ပါးတို့သည် ဒွါရဝိမုတ်စိတ်များ ဖြစ်ကြသည်နှင့် အညီ ဝိထိမှကင်းလွတ်သော စိတ်များလည်း ဖြစ်ကြ၏။ ထို့ကြောင့် ၎င်းတို့ကို 'ဝိထိမုတ်စိတ် ၁၉'ဟု ခေါ်ပါသည်။

ဥပေက္ခာသန္တီရဏ နှစ်ပါးနှင့် မဟာဝိပါက် ရှစ်ပါးတို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်သည့်အခါတို့၌သာ ဝိထိမှလွတ်၏။ သန္တီရဏကိစ္စ, တဒါရုံကိစ္စ တပ်သောအခါ၌မူ ဝိထိမှမလွတ်ချေ။ မဟဂ္ဂုတ်ဝိပါက်ကိုးပါးကား အခါခပ်သိမ်း ဝိထိမှ လွတ်မြောက်၏။

## ဝိထိစိတ်တို့၏ အာရုံ

စိတ်တို့သည် အာရုံမရှိဘဲ မဖြစ်ပေါ်နိုင်ချေ။ သို့ဖြစ်လျှင် ပဉ္စဒွါရဝိထိစိတ်တို့ သည် မည်သည့်အာရုံကို ယူကြသနည်း။

ပဉ္စဒွါရဝိထိစိတ်တို့သည် ပထမအတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပစ္စုပ္ပန်ပဉ္စာရုံ ကို အာရုံပြုကြ၏။ ထိုပထမအတီတဘဝင်နှင့် ဥပါဒ်ပြိုင်သောပဉ္စာရုံသည် ဝိထိဆုံး သည့်အခါမှ ချုပ်ငြိမ်းသည်ကို သတိပြုပါ။

## ဝိထိစိတ်တို့၏ မှီရာဝတ္ထု

ပဉ္စဝေါကာရဘုံ၌ စိတ်တို့သည် ဝတ္ထုကိုမှီ၍သာလျှင် ဖြစ်ကြရ၏။ သို့ဆိုလျှင် ပဉ္စဒွါရဝိထိစိတ်တို့သည် မည်သည့်ဝတ္ထုများကို မှီ၍ဖြစ်ကြသနည်း။

ပကိဏ်းပိုင်း၏ ဝတ္ထုသင်္ဂဟတွင် ဖော်ပြခဲ့သည့်အတိုင်း ပဉ္စဝိညာဏ်စိတ်တို့ သည် ပဉ္စဝတ္ထုကို အသီးသီးမှီကြ၏။ ဆိုလိုသည်မှာ စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထု ကို မှီ၏။ သောတဝိညာဏ်စိတ်သည် သောတဝတ္ထုကို မှီ၏ စသည်ဖြင့် သိပါလေ။

ကြွင်းသော ပဉ္စဒွါရဝိထိစိတ်တို့ကား ဟဒယဝတ္ထုကို မှီကြကုန်၏။

## မဇ္ဈိမာယုကဝတ္ထု ရွေးချယ်ပုံ

ပဉ္စဒွါရဝိထိစိတ်တို့တွင် စက္ခုဝိညာဏ်စိတ်သည် အဘယ်ပသာဒရုပ်ကို မှီ၍ဖြစ် ပါသနည်း။

စက္ခုဝိညာဏ်စိတ်သည် စက္ခုပသာဒကိုမှီ၍ ဖြစ်ပေါ်ရမည်။ စက္ခုပသာဒတို့ သည် စိတ်တို့၏ဥပါဒ်တိုင်း, ဌီတိုင်း, ဘင်တိုင်း တဖွားဖွားဖြစ်ပေါ်လျက်ရှိကြသည်။ ပသာဒရုပ်တစ်ခု၏ အသက်သည် ခဏငယ် ၅၁ ချက်ရှိရာ ဥပါဒ်ရန် ခဏငယ် တစ် ချက်, ချုပ်ပျက်ရန် ခဏငယ်တစ်ချက်နှင့် ဌီအခိုက်တည်နေရန် ခဏငယ် ၄၉ ချက် ကြာသည်။

http://www.dhammadownload.com



သို့အတွက် စက္ခုဝိညာဏ်စိတ်ဥပါဒ်သည့်အခိုက်၌ ဋီအနေနှင့် ရှိနေကြသော စက္ခုပသာဒတို့သည် ၄၉ ခု ရှိလိမ့်မည်။ ယင်းပသာဒတို့အနက် ရူပါရုံနှင့် သက်တမ်းတူမျှသော စက္ခုပသာဒကို စက္ခုဝိညာဏ်စိတ်က မှီလိမ့်မည်။

**အတိမဟန္တာရုံဝီထိတွင်** ရူပါရုံသည် အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သည့်အတွက် ထိုအတီတဘဝင်၏ ဥပါဒ်အခိုက်၌ ဥပါဒ်သော စက္ခုပသာဒသည် အာရုံနှင့်သက်တမ်းတူ၍ တဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်လိမ့်မည်။ ထို့ကြောင့် ထိုစက္ခုပသာဒကို စက္ခုဝိညာဏ်စိတ်က မှီလိမ့်မည်။

စက္ခုဝိညာဏ်စိတ် ဥပါဒ်ခိုက်၌ ဋီအနေဖြင့် တည်ရှိနေကြသော ပသာဒရုပ် ၄၉ ခုတို့မှာ အတီတဘဝင်၏ရှေ့၌ဖြစ်ခဲ့သော ၁၃ ချက်မြောက် တေရသမဘဝင်၏ ဘင်ခဏမှ ပဥ္စဒွါရာဝဇ္ဇန်းစိတ်၏ ဘင်ခဏအထိ ဥပါဒ်ခဲ့ကြသည့် ပသာဒရုပ် ၄၉ ခုတို့ ဖြစ်ကြ၏။

မဇ္ဈိမာယုကဝတ္ထုရွေးချယ်ရန် အတိမဟန္တာရုံဝီထိပုံ

'ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင် ဘွင်'
၀၀၀ ၃ ၃ ၃ ၃ ၃ ၃ ၃ ၃ ၃ ၃ ၃ ၃
↑ ←———————— မန္ဒာယုကပသာဒ ၃၇ ခု ————————→ ↑
'တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ ဘွင် ဘွင်'
၀၀၀ ၃ ၃ ၃
↑ ↑— ၁၁ ခု —↑
အမန္ဒာယုကပသာဒ
↑
မဇ္ဈိမာယုကပသာဒ

အတီတဘဝင်၏ ရှေ့၌ဖြစ်သော ၁၃ ချက်မြောက် တေရသမဘဝင်၏ ဘင်ခဏမှစ၍ ခဏငယ် ၃၇ ခုတို့၌ ဥပါဒ်ကြသည့် ပသာဒ ၃၇ ခုတို့သည် ဒုတိယတဒါရုံ မချုပ်မီ ချုပ်သည်ဖြစ်၍ အာရုံငါးပါးအောက် တိုသောအသက် ရှိကြသောကြောင့် မန္ဒာယုကပသာဒ မည်ကုန်၏။

အတီတဘဝင်၏ ဋီမှစ၍ ပဥ္စဒွါရာဝဇ္ဇန်း၏ ဘင်တိုင်အောင် ခဏငယ် ၁၁ ချက်နှင့်အတူ ဥပါဒ်ကြသော ပသာဒရုပ် ၁၁ ခုတို့သည် ဒုတိယတဒါရုံ ချုပ်ပြီးသည့်နောက်မှ ချုပ်သည်ဖြစ်၍ အာရုံငါးပါးထက် ရှည်သောအသက် ရှိကြသောကြောင့် အမန္ဒာယုကပသာဒ မည်ကုန်၏။

အတီတဘဝင်၏ ဥပါဒ်ခဏ၌ဖြစ်သော ပသာဒရုပ်တစ်ခုသည် ဒုတိယတဒါရုံ

http://www.dhammadownload.com



၏ ဘင်နှင့်ပြိုင်၍ ချုပ်ရကား အာရုံငါးပါးနှင့်တူသော အသက်ရှိသည့်အတွက် မဇ္ဈိမာယုကဗသာဒ မည်၏။

**မှတ်ချက်။** ။ ယခုဆွေးနွေးတင်ပြခဲ့သော ပသာဒရုပ်များမှာ စက္ခုပသာဒအတွက်သာမက သောတပသာဒ စသည့် ပသာဒရုပ် ငါးပါးလုံးအတွက် အကျုံးဝင်ပါသည်။

ထို့ပြင် မဟာဋီကာရုံ, ပရိတ္တာရုံဝီထိတို့၌ ရှေ့ဆုံးအတိတဘဝင်စိတ်နှင့် ဥပါဒ်ဝင်သည့် ပသာဒဝတ္ထုကို မဇ္ဈိမာယုကပသာဒဝတ္ထုအဖြစ်ယူ၍ ဝီထိစဉ်အတိုင်း မန္ဒာယုကဘက်၌ သုံးခု, သုံးခုစီ လျော့သွားပြီးလျှင် အမန္ဒာယုကဘက်၌ သုံးခု, သုံးခုစီ တိုးသွားရမည်။ အကြောင်းမှာ ပဉ္စဝိညာဏ်စိတ်သည် ရှေ့ဆုံးဖြစ်သည့် အတိတဘဝင်စိတ်မှ ပထမမဟာဋီကာရုံတွင် ခဏငယ်သုံးချက်၊ ဒုတိယမဟာဋီကာရုံတွင် ခဏငယ်ခြောက်ချက် စသည်ဖြင့် ပိုဝေးကွာသွားသောကြောင့်တည်း။

## စိတ်တို့၏ မှီရာ အာရုံပြုရာ

ဘဝင်စိတ်များသည် ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတွင် တစ်ပါးပါးကို အာရုံပြုကြ၏။

ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော စက္ခုဒွါရဝီထိစိတ်တို့သည် စက္ခုဒွါရ၌ ထင်လာသော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကြ၏။ သောတဒွါရဝီထိစိတ်တို့သည် သောတ



## ကာမဇောဝါရ လေးဝီထိ

မနောဒွါရ၌ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလဝိမုတ်ဖြစ်သော အာရုံခြောက်ပါးတို့ ထင်လာပုံကိုလိုက်၍ အလွန်ထင်ရှားသော အတိဝိဘူတာရုံအတွက် တဒါလမ္ဗဏဝါရ တစ်ဝီထိ၊ သာမညထင်ရှားသော ဝိဘူတာရုံအတွက် ဇဝနဝါရ တစ်ဝီထိ၊ မထင်ရှားသော အဝိဘူတာရုံအတွက် ဝေါဋ္ဌဗ္ဗနဝါရ တစ်ဝီထိ၊ အလွန်မထင်ရှားသော အတိအဝိဘူတာရုံအတွက် မောဃဝါရ တစ်ဝီထိ၊ ပေါင်း လေးဝီထိချနိုင်သည်။

ဤဝီထိတို့ကို ချရာတွင် မနောဒွါရ၌ အာရုံဥပါဒ်ပြီးနောက် စိတ္တက္ခဏ မည်မျှကြာမှ ထင်လာသည်ဟု ဖော်ပြရန်မလိုချေ။ အကြောင်းမူ မနောဒွါရ၌ ထင်လာနိုင်သော အာရုံခြောက်ပါးတို့တွင် အတိတ်ရုပ်တရား, အနာဂတ်ရုပ်တရား, စိတ္တက္ခဏတစ်ချက်မျှသာ အသက်ရှိကြသော စိတ်နှင့်စေတသိက်များ, ထင်ရှားမရှိသော ပညတ်နှင့် ကာလဝိမုတ်ဖြစ်သည့် နိဗ္ဗာန်တို့ ပါဝင်ရကား ဤအာရုံတို့ကို စိတ္တက္ခဏမည်မျှလွန်မှ ထင်လာသည်ဟု မဆိုသင့်သောကြောင့် ဖြစ်၏။

မနောဒွါရ၌ ခိုက်မိသည်နှင့်တစ်ပြိုင်နက် အလွန်ထင်ရှားစွာ ထင်ပေါ်လာသော

http://www.dhammadownload.com



ခန်းသလိပ်နှင့်တကွ ထွေးလုံးမျိုချ၏။ ထို့နောက် သရက်ပင်ရင်း၌ အိပ်မြဲ အိပ်ပြန်လေ၏။

ဤဥပမာစကားရပ်၌ ယောက်ျားအိပ်နေသောအခါသည် ဘဝင်စိတ်ဖြစ်သောအခါနှင့် တူ၏။ သရက်သီးကြွေ၍ မြေပေါ်ကျသောအခါသည် ရူပါရုံနှင့် စက္ခုပသာဒတို့ ထိခိုက်သောအခါနှင့်တူ၏။ သရက်သီးကြွေကျသောအသံဖြင့် ယောက်ျားနိုးလာသည့်အခါသည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်သောအခါနှင့် တူ၏။ မျက်စိကို ဖွင့်၍ သရက်သီးကို ကြည့်သောအခါသည် စက္ခုဝိညာဏ်စိတ်ဖြစ်သောအခါနှင့် တူ၏။ သရက်သီးကို ကောက်ယူသောအခါသည် သမ္ပဋိစ္ဆိုန်းဖြစ်သောအခါနှင့် တူ၏။ သရက်သီးကို ဆုပ်နယ်နမ်းရှုပ်သောအခါသည် သန္တီရဏစိတ်ဖြစ်သောအခါနှင့် တူ၏။ သရက်သီးမှည့်ကြောင်းသိသောအခါသည် ဝုဋ္ဌောစိတ်ဖြစ်သည့်အခါနှင့်တူ၏။ သရက်သီးကို ကိုက်ကာကိုက်ကာ စားသောအခါသည် ဇောစိတ်အထပ်ထပ်ဖြစ်သည့်အခါနှင့် တူ၏။ ချွဲခန်းသလိပ်နှင့်တကွ ထွေးလုံးမျိုချသောအခါသည် တဒါရုံဖြစ်သည့်အခါနှင့် တူ၏။ တစ်ဖန် ပြန်အိပ်သောအခါသည် ဘဝင်ကျသည့်အခါနှင့်တူသည်ဟု မှတ်အပ်၏။

## မနောဒွါရဝီထိ

မနောဒွါရ၌ဖြစ်သော စိတ်အစဉ်သည် နှစ်မျိုးရှိ၏။

(၁) ကာမဇောဝါရဝီထိ = ကာမဇောစောရာ ဝီထိစိတ်ဖြစ်လှည့်အကြိမ်
(၂) အပ္ပနာဇောဒွါရဝီထိ = အပ္ပနာဇောစောရာ ဝီထိစိတ်ဖြစ်လှည့်အကြိမ်

## မနောဒွါရ၌ ထင်လာသော အာရုံ

မနောဒွါရဟူသည် ဘဝင်စိတ် ၁၉ ပါးတည်း။ ထိုမနောဒွါရ၌ ထင်လာနိုင်သောအာရုံတို့ကား ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့် ဓမ္မာရုံတို့တည်း။ ဓမ္မာရုံတွင် ပသာဒရုပ်နှင့် သုခုမရုပ်များအပြင် စိတ်၊ စေတသိက်၊ ပညတ်နှင့် နိဗ္ဗာန်တို့ ပါဝင်ကြ၏။

ကာလအားဖြင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလဝိမုတ်ဟူ၍ ကာလအားလုံးနှင့် ဆိုင်သော အာရုံများ ထင်လာနိုင်ကြ၏။

## ဝိဘူတာရုံနှင့် အဝိဘူတာရုံ

မနောဒွါရ၌ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် စပ်ဆိုင်သော ရုပ်အာရုံများ၊ စိတ်စေတသိက်များအပြင် ကာလဝိမုတ်ဖြစ်ကြသော ပညတ်နှင့် နိဗ္ဗာန်တို့လည်း ထင်လာနိုင်ကြသဖြင့် ထိုထင်လာသောအာရုံတို့ကို အတိမဟန္တာရုံ၊ မဟန္တာရုံစသည်ဖြင့် မခွဲခြားစကောင်းပါ။ ထိုအာရုံအားလုံးတို့ ထင်ထင်ရှားရှားထင်လာသော ဝိဘူတအာရုံနှင့် မထင်မရှား ထင်လာသော အဝိဘူတအာရုံတို့သာ ရှိသည်ဟု မှတ်အပ်၏။

http://www.dhammadownload.com



## ကာမဇောဝါရ လေးဝီထိ

မနောဒွါရ၌ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလဝိမုတ်ဖြစ်သော အာရုံခြောက်ပါးတို့ ထင်လာပုံကိုလိုက်၍ အလွန်ထင်ရှားသော အတိဝိဘူတာရုံအတွက် တဒါလမ္ဗဏဝါရ တစ်ဝီထိ၊ သာမညထင်ရှားသော ဝိဘူတာရုံအတွက် ဇဝနဝါရ တစ်ဝီထိ၊ မထင်ရှားသော အဝိဘူတာရုံအတွက် ဝေါဋ္ဌဗ္ဗနဝါရ တစ်ဝီထိ၊ အလွန်မထင်ရှားသောအတိအဝိဘူတာရုံအတွက် မောဃဝါရ တစ်ဝီထိ၊ ပေါင်း လေးဝီထိချနိုင်သည်။

ဤဝီထိတို့ကို ချရာတွင် မနောဒွါရ၌ အာရုံဥပါဒ်ပြီးနောက် စိတ္တက္ခဏ မည်မျှကြာမှ ထင်လာသည်ဟု ဖော်ပြရန်မလိုချေ။ အကြောင်းမူ မနောဒွါရ၌ ထင်လာနိုင်သော အာရုံခြောက်ပါးတို့တွင် အတိတ်ရုပ်တရား, အနာဂတ်ရုပ်တရား, စိတ္တက္ခဏတစ်ချက်မျှသာ အသက်ရှိကြသော စိတ်နှင့် စေတသိက်များ, ထင်ရှားမရှိသော ပညတ်နှင့် ကာလဝိမုတ်ဖြစ်သည့် နိဗ္ဗာန်တို့ ပါဝင်ရကား ဤအာရုံတို့ကို စိတ္တက္ခဏမည်မျှလွန်မှ ထင်လာသည်ဟု မဆိုသင့်သောကြောင့် ဖြစ်၏။

မနောဒွါရ၌ ခိုက်မိသည်နှင့်တစ်ပြိုင်နက် အလွန်ထင်ရှားစွာ ထင်ပေါ်လာသော အာရုံသည် တဒါရုံနှစ်ကြိမ်ကျလောက်သည်အထိ ဝီထိစိတ်အစဉ်ကို ဖြစ်ပေါ်စေ၏။ ထို့ကြောင့် ဤအတိဝိဘူတာရုံအတွက် မနောဒွါရဝီထိကို တဒါရမ္မဏဝါရ (ဝါ) တဒါလမ္ဗဏဝါရဟု ခေါ်၏။

မနောဒွါရ၌ သာမညထင်ရှားစွာထင်ပေါ်လာသော ဝိဘူတာရုံသည် ဇောခုနစ်ကြိမ် ကျသည်အထိသာ စိတ်အစဉ်တို့ကို ဖြစ်ပေါ်စေ၏။ ထို့ကြောင့် ဤမနောဒွါရဝီထိကို ဇဝနဝါရဟု ခေါ်၏။

မနောဒွါရ၌ သာမညမထင်မရှားထင်ပေါ်လာသော အဝိဘူတာရုံသည် မနောဒွါရာဝဇ္ဇန်းသုံးကြိမ် သို့မဟုတ် နှစ်ကြိမ်အထိသာ စိတ်အစဉ်တို့ကို ဖြစ်စေနိုင်၏။ သို့အတွက် ဤမနောဒွါရဝီထိကို ဝုဋ္ဌောဝါရ(ဝါ) ဝေါဋ္ဌဗ္ဗနဝါရဟု ခေါ်၏။

မနောဒွါရ၌ အလွန်မထင်မရှားထင်ပေါ်လာသော အတိအဝိဘူတာရုံသည် ဘဝင်စလနနှစ်ကြိမ်ဖြစ်ရုံမျှသာ စွမ်းနိုင်၏။ သို့အတွက် ဤမနောဒွါရဝီထိကို မောဃဝါရဟု ခေါ်၏။

(၁) အတိဝိဘူတာရုံဝီထိချပုံ

'န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဒါ-ဒါ-ဘွင်-ဘွင်'

(၂) ဝိဘူတာရုံဝီထိချပုံ

'န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဘွင်-ဘွင်-ဘွင်'

(၃) အဝိဘူတာရုံဝီထိချပုံ

'န-ဒ-မ-မ-မ-ဘွင်-ဘွင်-ဘွင်-ဘွင်'

http://www.dhammadownload.com



(၄) အတိအဝိဘူတာရုံဝီထိချုပ်
'န–န–ဘွင်–ဘွင်–ဘွင်–ဘွင်'

ကာမဇောဝါရဝီထိဆိုင်ရာများ

**(၁) အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလဝိမုတ်ဖြစ်သော အလွန်ထင်ရှားသည့် အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးသောအာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်နှစ်ကြိမ်လှုပ်ပြီးလျှင် ထိုထင်လာသောအာရုံကို ဆင်ခြင်ဆုံးဖြတ်သည့် မနောဒွါရာဝဇ္ဇန်း၊ ခံစားတတ်သော ဇောခုနစ်ကြိမ်၊ ဇောသို့ အစဉ်လိုက်သော တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ဘဝင်များစွာ ကျ၍သွား၏။ ဤကား တဒါရမ္မဏဝါရဝီထိတည်း။**

(၂) အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလဝိမုတ်ဖြစ်သော သာမညထင်ရှားသည့် အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးသောအာရုံသည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်နှစ်ကြိမ်လှုပ်ပြီးလျှင် ထိုထင်လာသောအာရုံကို ဆင်ခြင်ဆုံးဖြတ်သည့် မနောဒွါရာဝဇ္ဇန်း၊ ခံစားတတ်သော ဇောခုနစ်ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ဘဝင်များစွာ ကျ၍သွား၏။ ဤကား ဇဝနဝါရဝီထိတည်း။

(၃) အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလဝိမုတ်ဖြစ်သော မထင်ရှားသည့် အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးသောအာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်နှစ်ကြိမ်လှုပ်ပြီးလျှင် အာရုံကို ဆင်ခြင်ဆုံးဖြတ်သည့် မနောဒွါရာဝဇ္ဇန်း သုံးကြိမ် သို့မဟုတ် နှစ်ကြိမ်ဖြစ်၍ချုပ်ပြီးနောက် ဘဝင်များစွာ ကျ၍သွား၏။ ဤကား ဝေါဋ္ဌဗ္ဗနဝါရဝီထိတည်း။

(၄) အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလဝိမုတ်ဖြစ်သော အလွန်မထင်ရှားသည့် အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးသောအာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂစလနဟု ဘဝင်နှစ်ကြိမ်လှုပ်ပြီးနောက် ငြိမ်သက်စွာ ဘဝင်များစွာကျ၍သွား၏။ ဤကား မောဃဝါရဝီထိတည်း။

ကာမဇောမနောဒွါရဝီထိစိတ်များ

* ကာမဇောမနောဒွါရဝီထိ၌ ဝီထိစိတ်မျိုး အဘယ်မျှရှိသနည်း။
  အာဝဇ္ဇန်း၊ ဇော၊ တဒါရုံဟူ၍ သုံးမျိုးသာ ရှိပါသည်။
* စိတ္တုပ္ပါဒ်တို့သည် အဘယ်မျှရှိပါသနည်း။
  အာဝဇ္ဇန်း တစ်ကြိမ်၊ ဇောခုနစ်ကြိမ်၊ တဒါရုံ နှစ်ကြိမ်ဟူ၍ စိတ္တုပ္ပါဒ် ၁၀ ချက် ရှိပါသည်။

http://www.dhammadownload.com



* စိတ်တရားကိုယ်သရုပ်တို့သည် အဘယ်မျှရှိပါသနည်း။

မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉ ပါး၊ တဒါရုံ ၁၁ ပါးဟူ၍ ၄၁ ပါးရှိပါသည်။

## ကာမဇောဝါရ နှစ်မျိုး

ပဥ္စဒွါရဝီထိတစ်ခုဖြစ်တိုင်း ထိုဝီထိနောက်သို့ အစဉ်လိုက်သော တဒနုဝတ္တက မနောဒွါရဝီထိလေးခုဖြစ်ပေါ်ကြောင်းကို ပဥ္စဒွါရဝီထိများအကြောင်း၌ ဖော်ပြခဲ့ပါသည်။

ပဥ္စဒွါရဝီထိ နောက်လိုက်ဖြစ်သော မနောဒွါရဝီထိများကို **အနုဗန္ဓကဝါရ**ဟု ခေါ်သည်။

ပဥ္စဒွါရဝီထိမှကင်းလွတ်လျက် မနောဒွါရ၌ အာရုံထင်လာသည့်အတွက် သီးခြားသန့်သန့်ရှင်းရှင်းဖြစ်ပေါ်ကြသော မနောဒွါရဝီထိများကို **သုဒ္ဓိကဝါရ**ဟု ခေါ်သည်။

အနုဗန္ဓကဝီထိသည် (၁) အတီတဂ္ဂဟဏဝါရ (၂) သမူဟဂ္ဂဟဏဝါရ (၃) အတ္ထဂ္ဂဟဏဝါရ (၄) နာမပညတ္တိဂ္ဂဟဏဝါရ လေးပါးပြား၏။

သုဒ္ဓိကဝါရသည် (၁) ဒိဋ္ဌဝါရ (၂) ဒိဋ္ဌသမ္ဗန္ဓဝါရ (၃) သုတဝါရ (၄) သုတသမ္ဗန္ဓဝါရ (၅) ဝိညာတဝါရ (၆) ဝိညာတသမ္ဗန္ဓဝါရဟူ၍ ခြောက်မျိုးပြား၏။

ရှေးရှေးအခါက ပဥ္စဒွါရတို့ဖြင့် ပစ္စက္ခတွေ့ကြုံခဲ့ဖူးသော အာရုံမျိုးသည် ဒိဋ္ဌမည်၏။ ထိုဒိဋ္ဌကို အာရုံပြုသောဝီထိသည် ဒိဋ္ဌဝါရမည်၏။

ထိုဒိဋ္ဌမျိုးနှင့် စပ်နွယ်၍သိရသောအာရုံမျိုးသည် ဒိဋ္ဌသမ္ဗန္ဓမည်၏။

သူတစ်ပါးတို့ပြောကြား၍သိရသောအာရုံမျိုးနှင့် စာပေကျမ်းဂန်ဖတ်ရှုလေ့လာ၍ သိရသော အာရုံမျိုးသည် သုတမည်၏။

ထိုသုတမျိုးနှင့် စပ်နွယ်၍သိရသောအာရုံမျိုးသည် သုတသမ္ဗန္ဓမည်၏။

ထိုဒိဋ္ဌ, သုတတို့မှတစ်ပါး အိပ်မက်၏အစွမ်း၊ အတိတ်နိမိတ်တို့၏ အစွမ်း၊ ဝိပလ္လာသတရားတို့၏အစွမ်း၊ စိန္တာမယဉာဏ်၏အစွမ်း၊ ဘာဝနာမယဉာဏ်၏အစွမ်း၊ ပဋိဝေဓဉာဏ်၏အစွမ်း စသည်ဖြင့် သိရသောအာရုံမျိုးသည် ဝိညာတမည်၏။ ၎င်းကို အာရုံပြုသော ဝီထိသည် ဝိညာတသမ္ဗန္ဓဝါရမည်၏။

## အပ္ပနာဇောဝါရ မနောဒွါရဝီထိ

ဇောစိတ် ၅၅ ပါးတွင် ကာမဇော ၂၉ ပါးအနက်မှ တစ်ပါးပါးသောဇောစောဖို့ရာ စိတ်တို့၏ဖြစ်လှည့်အကြိမ်ကို ကာမဇောဝါရဟုခေါ်၏။ အပ္ပနာဇော ၂၆ ပါးအနက်မှ တစ်ပါးပါးသောဇော စောဖို့ရာစိတ်တို့၏ ဖြစ်လှည့်အကြိမ်ကို အပ္ပနာဇောဝါရဟု ခေါ်၏။

http://www.dhammadownload.com



အပ္ပနာဇော ၂၆ ပါးမှာ မဟဂ္ဂုတ်ကုသိုလ်နှင့် ကြိယာစိတ် ၁၈ ပါး၊ လောကုတ္တရာစိတ်အကျဉ်း ရှစ်ပါးတို့ဖြစ်ကြ၏။ မဟဂ္ဂုတ်စိတ်တို့မှာ ဉာဏ်နှင့်ယှဉ်သည့် ဈာန်စိတ်များ ဖြစ်ကြပြီးလျှင် လောကုတ္တရာစိတ်တို့မှာ ဉာဏ်နှင့်ယှဉ်သည့် မဂ်စိတ် ဖိုလ်စိတ်များ ဖြစ်ကြ၏။ သို့အတွက် ဈာန်ရသောပုဂ္ဂိုလ် သို့မဟုတ် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရသော ပုဂ္ဂိုလ်များသာလျှင် အပ္ပနာဇောစောခွင့်ရှိကြ၏။

မဟဂ္ဂုတ်ဈာန်စိတ်များမှာ လောကီစိတ်များဖြစ်ကြသဖြင့် မဟဂ္ဂုတ်ဇောစောသည့် ဝီထိကို လောကီအပ္ပနာဝီထိဟု ခေါ်၏။ လောကုတ္တရာဇောစောသည့်ဝီထိကို လောကုတ္တရာအပ္ပနာဝီထိဟု ခေါ်၏။

လောကီအပ္ပနာဝီထိတွင် တစ်ဖန် (၁) ရူပါဝစရကုသိုလ် သို့မဟုတ် ကြိယာစိတ် တစ်ပါးပါးက ဇောကိစ္စကို ဆောင်ရွက်သော ရူပါဝစရအပ္ပနာဝီထိ၊ (၂) အရူပါဝစရကုသိုလ် သို့မဟုတ် ကြိယာစိတ်တစ်ပါးပါးက ဇောကိစ္စကို ဆောင်ရွက်သည့် အရူပါဝစရအပ္ပနာဝီထိနှင့် (၃) ရူပါဝစရကုသိုလ်အဘိညာဉ် သို့မဟုတ် ကြိယာအဘိညာဉ်စိတ်က ဇောကိစ္စဆောင်ရွက်သည့်အဘိညာဉ်အပ္ပနာဝီထိဟူ၍ သုံးပါး အပြားရှိသည်။

- * အပ္ပနာဇောဝါရဝီထိသည် အဘယ်မျှအပြားရှိသနည်း။
  လောကီအပ္ပနာ၊ လောကုတ္တရာအပ္ပနာဟူ၍ နှစ်ပါးအပြားရှိသည်။
- * လောကီအပ္ပနာဝီထိသည် အဘယ်မျှ အပြားရှိသနည်း။
  ရူပါဝစရအပ္ပနာဝီထိ၊ အရူပါဝစရအပ္ပနာဝီထိ၊ အဘိညာဉ်အပ္ပနာဝီထိဟူ၍ သုံးပါးအပြားရှိပါသည်။
- * လောကုတ္တရာအပ္ပနာဝီထိသည် အဘယ်မျှ အပြားရှိသနည်း။
  မဂ္ဂဝီထိ (မဂ်စိတ်ဖြစ်သော ဝီထိ)၊ ဖလသမာပတ္တိဝီထိ (ဖိုလ်ဝင်စားသော ဝီထိ)၊ နိရောဓသမာပတ္တိဝီထိ (ဘုရား၊ ရဟန္တာတို့ နိရောဓသမာပတ်ဝင်စားသော ဝီထိ) ဟူ၍ သုံးပါးအပြားရှိပါသည်။

### အပ္ပနာဇောဝါရ၌ အာရုံထင်ပုံ

လောကီအပ္ပနာဖြစ်ပေါ်ရန်အတွက် ပထဝီကသိုဏ်း (မြေအဝန်း)၊ အာပေါကသိုဏ်း (ရေအဝန်း)၊ အာနာပါနဿတိ (ထွက်သက်ဝင်သက်) စသည့် ကမ္မဋ္ဌာန်းတစ်ပါးပါးကို အဖန်ဖန်စီးဖြန်းရသည်။ လောကုတ္တရာအပ္ပနာဖြစ်ပေါ်ရန်အတွက် ဤကိုယ်ခန္ဓာတည်းဟူသော ရုပ်နာမ်တရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတစ်ပါးစီ ထင်ရှားစွာ ထင်ပေါ်လာအောင် ဝိပဿနာဘာဝနာ ပွားများရ၏။

ထိုသို့ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းဖန်များ၍ ကသိုဏ်းပညတ်စသော မဟဂ္ဂုတ်အာရုံ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသည့် ဝိပဿနာအာရုံတို့ ထင်ထင်ရှားရှားဖြစ်ပေါ်လာသောအခါ၌သာ ဈာန်ဇော၊ မဂ်ဇော၊ ဖိုလ်ဇောတို့ စောနိုင်ကြသည်။

http://www.dhammadownload.com



သို့အတွက် ဈာန်ဇော, မဂ်ဇော, ဖိုလ်ဇော စောရာ အပ္ပနာဇောဝီထိ၏ အာရုံမှန်လျှင် ထင်ရှားသည့် 'ဝိဘူတာရုံ'တစ်မျိုးသာ ဖြစ်ရသည်။ အဝိဘူတာရုံဟူ၍ မရှိစကောင်းပါ။

## ဥပစာရသမာဓိဇော

| | | |
|---|---|---|
| ဥပစာရ | = | ဈာန်, မဂ်, ဖိုလ်တို့အနီး ဥပစာ၌ဖြစ်သော |
| သမာဓိဇော | = | တည်ကြည်သောဇောများ။ |

သမထကမ္မဋ္ဌာန်း သို့မဟုတ် ဝိပဿနာဘာဝနာကို ပွားများအားထုတ်၍ ဈာန်စိတ် သို့မဟုတ် မဂ်စိတ်ဖြစ်ပေါ်ရန် နီးကပ်လာသောအခါ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇောစိတ် ရှစ်ပါးတွင် တစ်ပါးပါးသည် ဥပစာရသမာဓိဇောအဖြစ် လေးကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်းကောင်း စော၏။

ထိုသို့စောရာ၌ မန္ဒပညပုဂ္ဂိုလ် (ညံ့သောပညာရှိသူ) ဖြစ်လျှင် "(၁) ပရိကမ်၊ (၂) ဥပစာ၊ (၃) အနုလုံ၊ (၄) ဂေါတြဘု" ဟူ၍ လေးကြိမ်စော၏။

တိက္ခပညပုဂ္ဂိုလ် (ထက်မြက်သောပညာရှိသူ) ဖြစ်လျှင် "(၁) ဥပစာ၊ (၂) အနုလုံ၊ (၃) ဂေါတြဘု" ဟူ၍ သုံးကြိမ်စော၏။

ဤတွင် အပ္ပနာဈာန်ဖြစ်ပေါ်ရန် ပြုပြင်စီရင်တတ်သောစိတ်ကို **'ပရိကမ်'** ဟု ခေါ်၏။

အပ္ပနာဇော၏အနီး၌ မကြာမီ အပ္ပနာဖြစ်ပေါ်ရန် ဖြစ်တတ်သောစိတ်ကို **'ဥပစာ'** ဟု ခေါ်၏။

အောက်ပရိကမ်ဇောအားလည်းကောင်း၊ အထက်အပ္ပနာဇောအားလည်းကောင်း လျော်စွာဖြစ်တတ်သောစိတ်ကို **'အနုလုံ'** ဟု ခေါ်၏။

ကာမအနွယ်ကို နှိပ်စက်တတ်သောကြောင့်လည်းကောင်း၊ ပုထုဇဉ်အနွယ်ကို ဖြတ်တတ်သောကြောင့်လည်းကောင်း အနုလုံနောက်ဖြစ်သည့်စိတ်ကို **'ဂေါတြဘု'** ဟု ခေါ်၏။

သမထကမ္မဋ္ဌာန်းကိုစီးဖြန်းသောပုဂ္ဂိုလ်သည် 'ဂေါတြဘု' ဇောဖြစ်ပြီးသည့်နောက်၌ ကာမအနွယ်ကို လွန်မြောက်၍ မြင့်မြတ်သော မဟဂ္ဂုတ်အနွယ်သို့ ဝင်ရောက်နိုင်ပြီ ဖြစ်၏။ ဝိပဿနာဘာဝနာပွားများသော ယောဂီသည် 'ဂေါတြဘု' ဇောဖြစ်ပြီးသည့် နောက်၌ ပုထုဇဉ်အနွယ်ကို ဖြတ်တောက်ပြီး အလွန်မြင့်မြတ်သော အရိယာအနွယ်သို့ ဝင်ရောက်နိုင်ပြီဖြစ်၏။

## အပ္ပနာဝီထိများ ကျပုံ

ဥပစာရသမာဓိဇောပြီးသည့်အခါ ဈာန်ရမည့်ပုဂ္ဂိုလ်တွင် ဈာန်အပ္ပနာဇော တစ်ကြိမ် စော၏။ အရိယာဖြစ်မည့်ပုဂ္ဂိုလ်ဖြစ်လျှင် မဂ်အပ္ပနာဇော တစ်ကြိမ်စော၏။

http://www.dhammadownload.com



ချောက်ကမ်းပါးသို့ ရှေးရှု၍ ပြေးသွားသောလူတစ်ယောက်သည် ရပ်လိုသည့်ရှိသော် ကမ်းပါးပြတ်နှင့်ကပ်၍ မရပ်ဝံ့, မရပ်နိုင်။ ရပ်မိပါက အရှိန်လွန်၍ ကမ်းပါးအောက် ချောက်ထဲသို့ကျသွားနိုင်၏။ ထို့အတူ အပ္ပနာဇောတို့သည် ဘဝင်တည်းဟူသော ကမ်းပါးပြတ်နှင့်နီးကပ်လျက်ရှိသောကြောင့် ခြောက်ကြိမ်မြောက်၌သော်လည်းကောင်း၊ ခုနစ်ကြိမ်မြောက်၌သော်လည်းကောင်း မဖြစ်နိုင်ကြချေ။ ဥပစာရသမာဓိ သုံးကြိမ်စောလျှင် လေးကြိမ်မြောက်၌ အပ္ပနာဇော စော၏။ ဥပစာရသမာဓိဇော လေးကြိမ်စောလျှင် ငါးကြိမ်မြောက်၌ အပ္ပနာဇော စော၏။

အောက်တွင်ဖော်ပြထားသော ဝီထိပုံများ၌ 'မနောဒွါရာဝဇ္ဇန်းမှ ဈာန်ဇော သို့မဟုတ် မဂ်ဇော'အထိ ရေတွက်လျှင် စိတ္တုပ္ပါဒ်ခြောက်ချက် သို့မဟုတ် ငါးချက်သာ ပါရှိသည်ကို မြင်တွေ့ရပေလိမ့်မည်။

**ပထမအကြိမ်ဖြစ်ပေါ်သော ဈာန်ဇောတို့သည် တစ်ကြိမ်သာ စောလေ့ရှိ၏။** ဈာန်ရပြီးနောက် ဈာန်ဝင်စားသောအခါ၌မူ ဈာန်ဇောများကို အလိုရှိသလောက် စောစေနိုင်၏။

**ထို့နည်းအတူ သောတာပတ္တိမဂ်စိတ်၊ သကဒါဂါမိမဂ်စိတ် စသော မဂ်စိတ်တို့သည် တစ်ကြိမ်သာဖြစ်ပေါ်လေ့ရှိကြ၏။ မဂ်စိတ်ဖြစ်ပေါ်ပြီးနောက် မဂ်၏အကျိုးကိုခံစားသည့် ဖိုလ်စိတ်နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ဖြစ်၏။** ဖိုလ်ဝင်စားသောအခါ၌မူ ဖိုလ်ဇောများကို အလိုရှိသလောက် စောစေနိုင်၏။

တစ်ဖန် အပ္ပနာဇောများ၌ တဒါရုံကျရိုးမရှိချေ။ **တဒါရုံသည် ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ဤအင်္ဂါသုံးပါးပြည့်စုံမှ ကျရိုးရှိသည်။** အပ္ပနာဝီထိ၌ မဟဂ္ဂုတ်အာရုံ သို့မဟုတ် ဝိပဿနာအာရုံနှင့် အပ္ပနာဇောတို့ ဖြစ်ပေါ်ကြသောကြောင့် တဒါရုံ မကျနိုင်ချေ။

**အစပထမဖြစ်သော အာဒိကမ္မိကဈာန် အပ္ပနာဝီထိကျပုံ**

(မန္ဒပညာ) န–ဒ–'မ–ပ–ဥ–နု–ဂေါ–ဈာန်'–ဘွင်–ဘွင်...

(တိက္ခပညာ) န–ဒ–'မ–ဥ–နု–ဂေါ–ဈာန်'...ဘွင်–ဘွင်...

**ဈာန်ဝင်စားသော သမာပတ္တိဝီထိကျပုံ**

(မန္ဒပညာ) န–ဒ–'မ–ပ–ဥ–နု–ဂေါ–ဈာန်–ဈာန်များစွာ'–ဘွင်...

(တိက္ခပညာ) န–ဒ–'မ–ဥ–နု–ဂေါ–ဈာန်–ဈာန်များစွာ'...ဘွင်–ဘွင်...

**မဂ်အပ္ပနာဝီထိကျပုံ**

(မန္ဒပညာ) န–ဒ–'မ–ပ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်'...ဘွင်–ဘွင်...

(တိက္ခပညာ) န–ဒ–'မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်',..ဘွင်...

http://www.dhammadownload.com



### ဖလသမာပတ္တိဝီထိကျပုံ

(မန္ဒပညာ) န...ဒ...'မ...ပ...ဥ...နု...ဝေါ...ဖိုလ်...ဖိုလ်များစွာ'...ဘင်

(တိက္ခပညာ) န...ဒ...'မ...ဥ...နု...ဝေါ...ဖိုလ်...ဖိုလ်များစွာ'...ဘင်

### ရူပါဝစရအပ္ပနာဝီထိဆိုရိုး

(၁) ကသိုဏ်းအာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ပြတ်ပြီးလျှင် ထိုကသိုဏ်းအာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ် သောမနဿဇောစိတ်နှစ်ပါးတို့တွင် တစ်ပါးပါးသောစိတ်သည် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘု ဟူ၍ လေးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ရူပါဝစရကုသိုလ်ပထမဈာန်စိတ်သည် အပ္ပနာအဖြစ်ဖြင့် တစ်ကြိမ်သော်လည်းကောင်း (ဈာန်ဝင်စားလျှင်) အကြိမ်များစွာသော်လည်းကောင်း ဖြစ်၍ချုပ်၏။ ထို့နောက် ဘဝင်များစွာကျပြီး ဈာန်မှထ၏။

(၂) ဤနည်းအတူ ဂေါတြဘုအပြီး၌ ရူပါဝစရကုသိုလ် ဒုတိယဈာန် အပ္ပနာ တစ်ဝီထိ။

(၃) တတိယဈာန် အပ္ပနာတစ်ဝီထိ။

(၄) စတုတ္ထဈာန် အပ္ပနာ တစ်ဝီထိ။

(၅) ပဉ္စမဈာန် အပ္ပနာတစ်ဝီထိဟူ၍ ကုသိုလ်ဈာန် အပ္ပနာ ငါးဝီထိဖြစ်၏။ ပဉ္စမဈာန် အပ္ပနာဝီထိ၌ ဥပစာရသမာဓိဇောတို့ကို သောမနဿဇောအစား ဥပေက္ခာဇောကို ချပေးရမည်။

ထို့အပြင် ရဟန္တာပုဂ္ဂိုလ်များက ဈာန်အားထုတ်၍ ရူပါဝစရအပ္ပနာဝီထိဖြစ်ပေါ်သည့်အခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောအစား မဟာကြိယာဉာဏသမ္ပယုတ်ဇောသည် ဥပစာရသမာဓိဇောအဖြစ် စောပေးရမည်။ ထို့နောက် ရူပါဝစရကြိယာဈာန်စိတ်သည် အပ္ပနာအဖြစ်ဖြင့် စောပေးရမည်။ ဆိုရိုးကို အထက်ပါနည်းတူ ကြည့်ဆိုနိုင်ပါသည်။

### အရူပါဝစရအပ္ပနာဝီထိဆိုရိုး

(၁) ကသိုဏ်းကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ်အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင်နှစ်ကြိမ် လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသော ကောင်းကင်ပညတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဥပေက္ခာဇော နှစ်ပါးတို့တွင် တစ်ပါးပါးသော ဇောသည် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်ဖြစ်၍ ချုပ်ပြီးနောက် အာကာသာနဉ္စာယတနကုသိုလ်ဇောသည် အပ္ပနာအဖြစ်ဖြင့် တစ်ကြိမ်သော်လည်းကောင်း၊ (ဈာန်ဝင်စားလျှင်) အကြိမ်များစွာသော်လည်းကောင်း ဖြစ်၍ချုပ်၏။ ထို့နောက် ဘဝင်များစွာကျပြီး ဈာန်မှထ၏။

http://www.dhammadownload.com



(၂) အာကာသာနဉ္စာယတနကုသိုလ်စိတ်သည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်နှစ်ကြိမ် လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသော အာကာသာနဉ္စာယတနကုသိုလ်စိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာဇောသည် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ဝိညာဏဉ္စာယတနကုသိုလ်ဇောသည် အပ္ပနာအဖြစ်ဖြင့် တစ်ကြိမ်သော်လည်းကောင်း၊ (ရှာန်ဝင်စားလျှင်) အကြိမ်များစွာသော်လည်းကောင်း ဖြစ်၍ချုပ်၏။ ထို့နောက် ဘဝင်များစွာ ကျပြီး ရှာန်မှထ၏။

(၃) အာကာသာနဉ္စာယတနကုသိုလ်စိတ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်သည် မနောဒွါရ၌ထွင်လာသည်ရှိသော် ဘဝင်နှစ်ကြိမ်လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသော နတ္ထိဘာဝပညတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာဇောသည် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်ဖြစ်၍ ချုပ်ပြီးနောက် အာကိဉ္စညာယတနကုသိုလ်ဇောသည် အပ္ပနာအဖြစ်ဖြင့် တစ်ကြိမ်သော်လည်းကောင်း၊ (ရှာန်ဝင်စားလျှင်) အကြိမ်များစွာသော်လည်းကောင်း ဖြစ်၍ချုပ်၏။ ထို့နောက် ဘဝင်များစွာကျပြီး ရှာန်မှထ၏။

(၄) အာကိဉ္စညာယတနကုသိုလ်စိတ်သည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်နှစ်ကြိမ် လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသော အာကိဉ္စညာယတနကုသိုလ်စိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာဇောသည် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် နေဝသညာနာသညာယတနကုသိုလ်ဇောသည် အပ္ပနာအဖြစ်ဖြင့် တစ်ကြိမ်သော်လည်းကောင်း၊ (ရှာန်ဝင်စားလျှင်) အကြိမ်များစွာသော်လည်းကောင်း ဖြစ်၍ချုပ်၏။ ထို့နောက် ဘဝင်များစွာကျပြီး ရှာန်မှထ၏။

ဤနည်းအတူ ကြိယာအပ္ပနာသည်လည်း လေးဝီထိဖြစ်၏။

**အဘိညာအပ္ပနာဝီထိကျပုံ**

န...ဒ...'မ...ပ...ဥ...နု...ဂေါ...ဘိ' ...ဘွင်...

**(၁) ဣဒ္ဓိဝိဓ။** ။ ကိုယ်ခွဲ တစ်ရာ, တစ်ထောင် ဖန်ဆင်းလိုသော အဘိညာဉ်ရ ပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းကို အာရုံပြု၍ ရူပါဝစရကုသိုလ် ပဉ္စမရှာန်ကို တစ်ခဏမျှ ဝင်စား၏။ ထို့နောက် ဘဝင်ကျလျက် ရှာန်မှထပြီးသော် 'ငါ၏ကိုယ်သည် ထပ်တူ ကိုယ်ခွဲတစ်ထောင်ဖြစ်စေသတည်း'ဟု အဓိဋ္ဌာန်လိုက်၏၊ စေလိုက်၏။

ထိုအဓိဋ္ဌာန်လိုက်, စေလိုက်သောအခါ ထိုဖြစ်လတ္တံ့သော နိမ္မိတရုပ်တစ်ထောင်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာဇောသည် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်ဖြစ်၍ ချုပ်ပြီး

http://www.dhammadownload.com



နောက် ထိုတစ်ထောင်သော နိမ္မိတရုပ်ကို အာရုံပြုလျက် ရူပါဝစရကုသိုလ် ပဥ္စမဈာန်စိတ်သည် အဘိညာဏ်ကိစ္စတပ်လျက် (ဘိ) တစ်ကြိမ်ဖြစ်၍ချုပ်ပြီးလျှင် ဘဝင်ကျ၍ ထ၏။ ထိုအဓိဋ္ဌာန်အဘိညာဏ်ဇောကျသည်နှင့်တစ်ပြိုင်နက် နိမ္မိတရုပ်တစ်ထောင် ဖြစ်၏။

**(၂) ဒိဗ္ဗသောတ။** ။ ဤနည်းအတူ အဝေး၌ဖြစ်သောအသံကို ကြားလိုသော ဣဒ္ဓိမာပုဂ္ဂိုလ်သည် ရှေးဦးစွာ ဩဒါတကသိုဏ်း (ဖြူသောအဆင်းကသိုဏ်း) ကို အာရုံပြု၍ ရူပါဝစရကုသိုလ် ပဥ္စမဈာန်ကို တစ်ခဏမျှဝင်စား၏။ ထို့နောက် ဈာန်မှထ၍ 'အဝေး၌ပြောဆိုသော ထိုအသံကို ကြားစေသတည်း' ဟု ဓိဋ္ဌာန်လိုက်, စေလိုက်၏။

ထိုသို့ ဓိဋ္ဌာန်လိုက်, စေလိုက်သောအခါ ထိုအဝေး၌ဖြစ်သောအသံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဥပေက္ခာဇောသည် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ထိုအဝေးရှိ အသံကိုအာရုံပြု၍ကြားလျက် ရူပါဝစရကုသိုလ် ပဥ္စမဈာန်စိတ်သည် အဘိညာဏ် (ဘိ) ကိစ္စတပ်လျက် တစ်ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ထ၏။ အဘိညာဏ်ဇောစိတ် ကျသည်နှင့်တစ်ပြိုင်နက် ထိုအလိုရှိသောအသံကို ကြားရ၏။

**(၃) ပရစိတ္တဝိဇာနန။** ။ သူတစ်ပါး၏ စိတ်အကြံကိုသိလိုသော ဣဒ္ဓိမာပုဂ္ဂိုလ်သည် ရှေးဦးစွာ ဩဒါတကသိုဏ်းကို အာရုံပြု၍ ရူပါဝစရကုသိုလ် ပဥ္စမဈာန်ကို တစ်ခဏမျှ ဝင်စား၏။ ထို့နောက် ဈာန်မှထ၍ 'ဤသူ၏ စိတ်အကြံအစည်ကို သိစေသတည်း' ဟု ဓိဋ္ဌာန်လိုက်, စေလိုက်၏။

ထိုသို့ ဓိဋ္ဌာန်လိုက်, စေလိုက်သောအခါ ထိုသူ၏အကြံအစည်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဥပေက္ခာဇောသည် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ထိုသူ၏အကြံအစည်ကိုသိလျက် ရူပါဝစရပဥ္စမဈာန်အဘိညာဏ်ဇော တစ်ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ ထ၏။ အဘိညာဏ်ဇောကျသည်နှင့်တစ်ပြိုင်နက် ထိုသူ၏စိတ်အကြံကို သိ၏။

**(၄) ပုဗ္ဗေနိဝါသာနုဿတိ။** ။ ရှေးရှေးက ဖြစ်ခဲ့ဖူးသောဘဝများစွာအနက်မှ ဘဝတစ်ခုကိုသိမြင်လိုသော ဣဒ္ဓိမာပုဂ္ဂိုလ်သည် ရှေးဦးစွာ ဩဒါတကသိုဏ်းကိုအာရုံပြု၍ ရူပါဝစရကုသိုလ်ပဥ္စမဈာန်ကို တစ်ခဏမျှဝင်စား၏။ ထို့နောက် ထိုဈာန်မှထ၍ 'ထိုတစ်ခုသောဘဝတွင် အမိဝမ်း၌ ပဋိသန္ဓေနေခဲ့သည်မှစ၍ စုတိသည်အထိ ဘဝဖြစ်စဉ်ကို အမှတ်ရစေ, သိမြင်စေသတည်း' ဟု ဓိဋ္ဌာန်လိုက်, စေလိုက်၏။

ထိုသို့ ဓိဋ္ဌာန်လိုက်, စေလိုက်သောအခါ ပဋိသန္ဓေမှစ၍ ထိုရှေးဘဝခန္ဓာကိုယ်ကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ်

http://www.dhammadownload.com



ဥပေက္ခာဇောသည် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်ဖြစ်၍ချုပ်ပြီးနောက် ထိုရှေးဘဝခန္ဓာကို အမှတ်ရသိမြင်လျက် ရူပါဝစရပဥ္စမဈာန်အဘိညာဏ်ဇော (ဘိ) တစ်ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ ထ၏။ အဘိညာဏ်ဇောကျသည်နှင့်တစ်ပြိုင်နက် ထိုရှေးဘဝကို အမှတ်ရသိမြင်လာ၏။

(၅) ဒိဗ္ဗစက္ခု။ ။ ကွယ်ကာထားသောအဆင်းကို ဖြစ်စေ အလွန်ဝေးသည့် အရပ်၌ တည်သောအဆင်းကိုဖြစ်စေ မြင်လိုသော ဣဒ္ဓိမာပုဂ္ဂိုလ်သည် ရှေးဦးစွာ တေဇောကသိုဏ်းကို အာရုံပြု၍ ရူပါဝစရကုသိုလ်ပဥ္စမဈာန်ကို တစ်ခဏမျှဝင်စား၏။ ထို့နောက် ထိုဈာန်မှထ၍ 'ဤဝေးရပ်ကွယ်ခြားရာ၌ရှိသောအဆင်းကို မြင်စေသတည်း' ဟု ဓိဋ္ဌာန်လိုက်, စေလိုက်၏။

ထိုသို့ ဓိဋ္ဌာန်လိုက်, စေလိုက်သောအခါ ထိုဝေးရပ်ကွယ်ခြားရာ၌ရှိသောအဆင်းကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာဇောသည် ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ထိုဝေးရပ်ကွယ်ခြားရာ၌ရှိသော အဆင်းကိုမြင်လျက် ရူပါဝစရပဥ္စမဈာန် အဘိညာဏ်ဇောတစ်ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ထ၏။ အဘိညာဏ်ဇောကျသည်နှင့်တစ်ပြိုင်နက် ထိုအဆင်းကို မြင်ရ၏။

### မဂ္ဂဝီထိဆိုရိုး

(၁) ဝိပဿနာယောဂီ၏ မနောဒွါရ၌ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါး အာရုံထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်နှစ်ကြိမ်လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကို ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောလေးပါးအနက်မှ တစ်ပါးပါးသော ဇောသည် လက္ခဏာရေးသုံးပါးကို အာရုံပြု၍ဆင်ခြင်လျက် ပရိကမ်, ဥပစာ, အနုလုံဟု သုံးကြိမ်၊ နိဗ္ဗာန်ကိုအာရုံပြုလျက် ဂေါတြဘုဟု တစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် သောတာပတ္တိမဂ်ဇောသည် နိဗ္ဗာန်ကိုအာရုံပြုလျက် တစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုမဂ်အခြားမဲ့၌ သောတာပတ္တိဖိုလ်ဇောသည် နိဗ္ဗာန်ကိုအာရုံပြုလျက် နှစ်ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ မဂ်မှထ၏။

(၂) သောတာပန်ယောဂီ၏ မနောဒွါရ၌ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေး သုံးပါး အာရုံထင်လာသည်ရှိသော် ဘဝင်နှစ်ကြိမ်လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသော အာရုံကို ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏ သမ္ပယုတ်ဇော လေးပါးအနက်မှ တစ်ပါးပါးသောဇောသည် လက္ခဏာရေးသုံးပါးကို အာရုံပြု၍ ဆင်ခြင်လျက် ပရိကမ်, ဥပစာ, အနုလုံဟု သုံးကြိမ်၊ နိဗ္ဗာန်ကို အာရုံပြုလျက် ဝေါဒါန်ဟု တစ်ကြိမ်ဖြစ်၍ချုပ်ပြီးနောက် သကဒါဂါမိမဂ်ဇောသည် နိဗ္ဗာန်ကို အာရုံ

http://www.dhammadownload.com



ပြုလျက် တစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုမဂ်၏အခြားမဲ့၌ သကဒါဂါမိဖိုလ်ဇောသည် နိဗ္ဗာန်ကို အာရုံပြုလျက် နှစ်ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ မဂ်မှထ၏။

(၃) သကဒါဂါမ်ယောဂီ၏ မနောဒွါရ၌... အနာဂါမိမဂ်ဇော... အနာဂါမိဖိုလ်ဇော...အထက်က (၂) အတိုင်း ဆိုပါ။

(၄) အနာဂါမ်ယောဂီ၏ မနောဒွါရ၌... အရဟတ္တမဂ်ဇော... အရဟတ္တဖိုလ်ဇော...အထက်ပါအတိုင်း ဆိုပါ။

အထက်ပါဆိုရိုးသည် မန္ဒပညာပုဂ္ဂိုလ်များပုဂ္ဂိုလ်များအတွက် ဖြစ်၏။ တိက္ခပညာပုဂ္ဂိုလ်များအတွက်မူ ဥပစာရသမာဓိဇောသည် ဥပစာ, အနုလုံ, ဂေါတြဘု သို့မဟုတ် ဝေါဒါန်ဟူ၍ သုံးကြိမ်သာဇောပြီးလျှင် မဂ်နောက်တွင် ဖိုလ်ဇောသုံးကြိမ်စီးဇောသည်။

## ဖလသမာပတ္တိဝီထိဆိုရိုး

သောတာပန်ဖြစ်ပြီးသောပုဂ္ဂိုလ်သည် ဖလသမာပတ်ကိုဝင်စားလိုသည်ရှိသော် ဘဝင်ပြတ်ပြီးလျှင် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါး အာရုံကို ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော လေးပါးအနက်မှ တစ်ပါးပါးသောဇောသည် လက္ခဏာရေးသုံးပါးကို အာရုံပြု၍ဆင်ခြင်လျက် ပရိကမ်, ဥပစာ, အနုလုံဟု သုံးကြိမ်၊ နိဗ္ဗာန်ကို အာရုံပြုလျက် ဝေါဒါန်ဟု တစ်ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် နိဗ္ဗာန်ကိုအာရုံပြုလျက် သောတာပတ္တိဖိုလ်ဇော အကြိမ်များစွာ ပုဂ္ဂိုလ်အလိုရှိသလောက် ဖြစ်ပြီးလျှင် ဘဝင်ကျ၍ သမာပတ်မှထ၏။

ကြွင်းသော သကဒါဂါမိ, အနာဂါမိ, အရဟတ္တဖလသမာပတ်ဝီထိတို့ကိုလည်း အထက်ပါနည်းအတိုင်း ဆိုနိုင်၏။ အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် သက်ဆိုင်ရာဖိုလ်တို့ကိုသာ ဝင်စားနိုင်ကြ၏။

ဖလသမာပတ်ဝင်စားသည့်အခါ ဖလသမာပတ်မှ မထမချင်း ဖိုလ်စိတ် အကြိမ်များစွာ ထပ်ကာထပ်ကာဖြစ်နေသည်။ ရည်မှန်းထားသောအချိန်သို့ ရောက်သောအခါ ဖိုလ်စိတ်အစဉ်ရပ်၍ ဘဝင်စိတ်ဖြစ်ပေါ်လာ၏။ ထိုသို့ ဖိုလ်စိတ်အစဉ်ရပ်စဲခြင်းကို 'ဖလသမာပတ်မှ ထခြင်း' ဟု ခေါ်၏။

## နိရောဓသမာပတ္တိဝီထိ

ဈာန်သမာပတ် ရှစ်ပါး (ရူပဈာန်နှင့် အရူပဈာန်အားလုံး) ကို ရပြီးသော အနာဂါမ်များနှင့် ရဟန္တာများတို့သာ နိရောဓသမာပတ်ကို ဝင်စားနိုင်ကြ၏။

(၁) နိရောဓသမာပတ်ကို ဝင်စားလိုသော အနာဂါမ်ပုဂ္ဂိုလ်သည် ရှေးဦးစွာ ပထဝီကသိုဏ်း၌ ရူပါဝစရကုသိုလ် ပထမဈာန်ကို ဝင်စား၍ ထပြီးသော် ၎င်းပထမဈာန်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာရေးသုံးပါး တင်၏။

http://www.dhammadownload.com



(၂) တစ်ဖန် ပထဝီကသိုဏ်း၌ပင်လျှင် ရူပါဝစရကုသိုလ် ဒုတိယဈာန်ကို ဝင်စား၍ ထပြီးသော် ၎င်းဒုတိယဈာန်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာရေးသုံးပါး တင်၏။

(၃) တစ်ဖန် ရူပါဝစရကုသိုလ် တတိယဈာန်ကိုဝင်စား၍ ထပြီးသော် ၎င်းဈာန်ကို လက္ခဏာရေးသုံးပါးတင်၏။

(၄) တစ်ဖန် ရူပါဝစရကုသိုလ်စတုတ္ထဈာန်ကို ဝင်စား၍ ထပြီးသော် ၎င်းဈာန်ကို လက္ခဏာရေးသုံးပါးတင်၏။

(၅) တစ်ဖန် ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စား၍ ထပြီးသော် ၎င်းဈာန်ကို လက္ခဏာရေးသုံးပါးတင်၏။

(၆) တစ်ဖန် ပထဝီကသိုဏ်းမှခွာ၍ ကောင်းကင်ပညတ်၌ အာကာသာနဉ္စာယတနကုသိုလ်ဈာန်ကိုဝင်စား၍ထပြီးသော် ၎င်းဈာန်ကို လက္ခဏာရေးသုံးပါးတင်၏။

(၇) တစ်ဖန် အာကာသာနဉ္စာယတနကုသိုလ်စိတ်၌ ဝိညာဏဉ္စာယတနကုသိုလ်ဈာန်ကို ဝင်စား၍ထပြီးသော် ၎င်းဈာန်ကို လက္ခဏာရေးသုံးပါးတင်၏။

(၈) တစ်ဖန် အာကာသာနဉ္စာယတနကုသိုလ်စိတ်မရှိခြင်းဟူသော နတ္ထိဘောပညတ်၌ အာကိဉ္စညာယတနကုသိုလ်ဈာန်ကို ဝင်စား၍ ထပြီးသော် ၎င်းဈာန်ကို လက္ခဏာရေးသုံးပါးတင်၏။

(၉) ထို့နောက် အောက်ပါ ပုဗ္ဗကိစ္စ (ရှေးဦးကိစ္စ) လေးပါးကို ပြု၏။

(က) ခုနစ်ရက်အတွင်း အာယုသင်္ခါရ၏ မချုပ်သေးသည်ကိုသိမြင်၍ ဤခုနစ်ရက်အထိ သမာပတ်ဝင်စားနိုင်စေသတည်း။

(ခ) ဘုရားရှင်ခေါ်တော်မူသောအခါ ထနိုင်စေသတည်း။

(ဂ) သံဃာတို့ အလိုရှိ၍ ခေါ်တော်မူလျှင် ထနိုင်စေသတည်း။

(ဃ) ငါ၏ပရိက္ခရာ အသုံးအဆောင်, ကျောင်း, အရိပ်အာဝါသတို့သည် တစ်စုံတစ်ခုသော ဘေးအန္တရာယ်တို့ကြောင့် မပျက်စီးစေသတည်း။

(၁၀) ထို့နောက်တစ်ဖန် အာကိဉ္စညာယတနကုသိုလ်စိတ်၌ နေဝသညာနာသညာယတနကုသိုလ်ဈာန်ကို ဝင်စား၍ အပ္ပနာဇောနှစ်ကြိမ်သာ ဖြစ်ပြီးနောက် စိတ်အစဉ်ပြတ်စဲလေတော့၏။ ထိုအခါ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်း နိရောဓသို့ရောက်၍ မိမိအလိုရှိသလောက် ခုနစ်ရက်အထိ နေပြီးလျှင် သမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇောသည် နိဗ္ဗာန်ကို အာရုံပြုလျက် တစ်ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ဘဝင်ကျ၍ နိရောဓသမာပတ်မှ ထ၏။

http://www.dhammadownload.com



ဤကား အနာဂါမိပုဂ္ဂိုလ်၏ နိရောဓသမာပတ်ဝင်စားပုံတည်း။ ရဟန္တာပုဂ္ဂိုလ်က နိရောဓသမာပတ်ဝင်စားသောအခါ ကုသိုလ်ဇောတို့အစား ကြိယာဇောတို့ဖြစ်၏။ ထသောအခါ၌လည်း အရဟတ္တဖိုလ်ဇောတစ်ကြိမ်စောပြီးနောက် ထ၏။

**ဝိပါကနိယာမ**

**ဣဋ္ဌာရုံတွင်၊ ကုဝိယှဉ်၊ တိတွင်သောမနဿ်။**
**အနိဋ္ဌာပြီ၊ အကု–ဝီ၊ ကြိလည်း ဝိနှယ်တတ်။**

စက္ခုဒွါရစသော ခြောက်ဒွါရတို့၏အာရုံသည် ဣဋ္ဌာရုံဖြစ်သော် ကုသလဝိပါက်ဖြစ်ကြသော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏနှင့် တဒါရုံတို့ကို ဝီထိ၌ချရမည်။ ထိုအာရုံစုသည် အတိဣဋ္ဌာရုံဖြစ်ခဲ့သော် ကုသလဝိပါက်များမှ သောမနဿဝိပါက် (သောမနဿသန္တီရဏ)ကို သန္တီရဏဌာနနှင့် တဒါရုံဌာနတွင် ချပေးရမည်။ အကယ်၍ ထိုအာရုံသည် အနိဋ္ဌာရုံဖြစ်ခဲ့သော် အကုသလဝိပါက်စိတ်များကို ဝီထိ၌ချပေးရမည်။

'ကြိလည်း ဝိနှယ်တတ်'ဆိုသောစကားမှာ ကာမကြိယာစိတ်ကိုးပါးသည်လည်း ကာမဝိပါက်စိတ်နှင့်အလားတူ အတိဣဋ္ဌာရုံ၌ သောမနဿကြိယာဇောစု၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ ဥပေက္ခာကြိယာဇောစုကို ချပေးရမည်ဟု ဆိုလိုသည်။

**ဝိပါက်အမှန် ဇောအပြန်**

ဝိပါက်တို့မည်သည် အကျိုးတရားမျိုးဖြစ်၍ ကြေးမုံပြင်မှန်အတွင်း၌ထင်သော မျက်နှာပုံရိပ်ကဲ့သို့ ကံ၏အစွမ်းသတ္တိအားလျော်စွာ ဖြစ်ပေါ်ကြရ၏။

ပုံစံအားဖြင့် မကောင်းသောမစင်, ခွေးသေကောင်ပုပ် စသော အနိဋ္ဌာရုံကို မြင်ရခြင်းသည် မကောင်းသောအတိတ် အကုသိုလ်ကံကြောင့် မြင်ရခြင်းဖြစ်၍ အတိတ်အကုသလဝိပါက်ဖြစ်သည့် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏနှင့် တဒါရုံဝီထိစိတ်တို့ ဖြစ်ကြကုန်၏။

သင့်ရုံလှပသော တိုက်တာဥယျာဉ်စသည့် အလတ်စားကောင်းမြတ်သော ဣဋ္ဌာရုံကို မြင်ရခြင်းသည် အတိတ်ကုသိုလ်ကံကြောင့် မြင်ရခြင်းဖြစ်၍ အဟိတ်ကုသလဝိပါက်ဖြစ်သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုန်း, ဥပေက္ခာသန္တီရဏနှင့် တဒါရုံဝီထိစိတ်တို့ ဖြစ်ကြကုန်၏။

ဘုရား, ရဟန္တာ, ရွှေဆင်းတုတော် စသည့် အလွန်နှစ်သက်ဖွယ်အတိဣဋ္ဌာရုံတွေ့မြင်ရသောအခါ အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏနှင့် တဒါရုံတို့ ဖြစ်ကြကုန်၏။

ကုသိုလ်ဇော အကုသိုလ်ဇောတို့ကား သညာဝိပလ္လာသ စသော ဝိပလ္လာသတရား မကင်းသေးသော ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သောကြောင့် အတိ

http://www.dhammadownload.com



ဣဋ္ဌာရုံကိုသော်လည်း ဣဋ္ဌမဇ္ဈတ္တာရုံ သို့မဟုတ် အနိဋ္ဌာရုံအခြင်းအရာအားဖြင့် ယူတတ် ထင်တတ်ကုန်၏။

ဤစကားကိုထင်ရှားအောင် သာဓကဆောင်ဦးအံ့။ ရတနာသုံးပါးကိုမကြည်ညို ကြသော တိတ္ထိစသည့် သူတို့သည် ဘုရားအစရှိသော အတိဣဋ္ဌာရုံအစစ်ကို မြင်တွေ့ ရပါသော်လည်း အနိဋ္ဌအခြင်းအရာအားဖြင့် ဒေါသဇော ဇောကုန်၏။ သဒ္ဓါတရား ခေါင်းပါးကြသောသူတို့သည် ဘုရားအစရှိသော အတိဣဋ္ဌာရုံကို ဖူးမြင်ကြရသော် လည်း လျစ်လျူရှုသည့်အခြင်းအရာအားဖြင့် ဥပေက္ခာဇော ဇောကုန်၏။

နက်နဲသောဉာဏ် ရှိကြကုန်သည့်ပုဂ္ဂိုလ်များကား စက်ဆုပ်အပ်သော မစင်, ခွေး ကောင်ပုပ် စသည့် အနိဋ္ဌာရုံကို တွေ့မြင်ရသော်လည်း လျစ်လျူရှုသောအခြင်းအရာ အားဖြင့် ဥပေက္ခာဇော ဇောကုန်၏။ ခွေး, ဝက်, ကြက်, ငှက် စသည့် တိရစ္ဆာန်တို့ကား ၎င်းစက်ဆုပ်ဖွယ်အနိဋ္ဌာရုံတို့ကိုပင် နှစ်သက်သောအခြင်းအရာအားဖြင့် သောမနဿ ဇော ဇောကုန်၏။

ဤသို့လျှင် မပယ်အပ်သော ဝိပလ္လာသတရားရှိကုန်သော ပုဂ္ဂိုလ်တို့အား ဝိပလ္လာသ အဟုန်စွမ်းအားဖြင့် ဖောက်ဖောက်ပြန်ပြန်ဖြစ်မှုကြောင့် အာရုံပင်မှန်သော်လည်း ကုသိုလ်ဇော အကုသိုလ်ဇောတို့သည် ဝေဒနာအမှန်နှင့် မယှဉ်နိုင်ကြကုန်။ ဖောက်ပြန် ကုန်သောကြောင့် 'ဇောအပြန်' ဟု ဆိုအပ်ပါသည်။

ဝိပါက်မှုကား အထက်၌ဆိုခဲ့သည့်အတိုင်း ရှေးကုသိုလ်ကံ, အကုသိုလ်ကံတို့ ၏ အကျိုးတရားမျိုးဖြစ်သဖြင့် ကံတရား၏ အစွမ်းသတ္တိအားလျော်စွာ အကျိုးဝိပါက် စိတ်နှင့် ဝေဒနာတို့သည် အမှန်အတိုင်းဖြစ်ရသောကြောင့် 'ဝိပါက်အမှန်' ဟု ဆိုအပ် ပါသည်။

ပြဆိုခဲ့သော စကားနှစ်ရပ်ကို ရည်ညွှန်း၍ 'ဝိပါက်အမှန် ဇောအပြန်' ဟု မိန့်ဆို ကြကုန်၏။

**ကာမဇောဝါရနိယာမ**

**အရိုးသတ်-ဆေး၊ အားနည်းလှ၊ ပဥ္စအကြိမ်သာ**
**စသီခေါင်ဖျား၊ ရှာန်နှင့်ဗြား၊ လေး, ငါး နှစ်ထွေလာ။**

ကာမဇောတို့သည် ရိုးရိုးအစဉ်အားဖြင့် ခုနစ်ကြိမ် (သို့မဟုတ် ခြောက်ကြိမ်) ဇောလေ့ရှိကြ၏။ သို့သော် သေခါနီးဖြစ်သည့် မရဏာသန္နအခါ၊ ရေနစ်ခြင်း, သစ် ပင်ထက်မှ ကျခြင်း, အကြီးအကျယ်ဖျားနာခြင်း စသည်တို့ကြောင့် သတိကင်း၍ မေ့ မျောနေသောအခါ၊ မွေးဖွားခါစ အလွန်အားနည်းနေသောအခါ ဤသို့သောအခါများ ၌ စိတ်မှီရာ ဟဒယဝတ္ထုရုပ်၏ အားနည်းမှုကြောင့် ကာမဇောတို့သည် ငါးကြိမ်သာ ဇောကြ၏။

http://www.dhammadownload.com



စုတေခါနီးဖြစ်သော မရဏာသန္နဇောသည် ငါးကြိမ်သာစောသည်ဟု မှတ်ပါ။

ဈာန်ဝင်စားခြင်း၌ အထွတ်အထိပ်သို့ရောက်အောင် ကောင်းစွာလေ့ကျင့်ထားသော ပုဂ္ဂိုလ်များ၏ သန္တာန်တွင် ဈာန်အင်္ဂါများကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာဝီထိခေါ် ကာမဇောဝီထိများ ဖြစ်ပေါ်သည့်အခါ ကာမဇောတို့သည် လေးကြိမ်, ငါးကြိမ်သာ ဖြစ်ကြ၏။

ပုံစံအားဖြင့် မြတ်စွာဘုရားသည် မိမိခန္ဓာကိုယ်မှ ရေအလျှံမီးအလျှံတို့ အံ့မခန်းအောင် ထွက်ပေါ်နေရန် တန်ခိုးပြာဋိဟာပြသောအခါ၌ ပစ္စဝေက္ခဏာဝီထိများကို အလွန်လျှင်မြန်စွာ ဖြစ်ပေါ်စေရသဖြင့် ကာမဇော လေးကြိမ်စီမျှသာ စောစေရ၏။

အပ္ပနာဇော၏ ရှေ့အဖို့ ဥပစာရသမာဓိဇောစောသည့်အခါ ဉာဏ်ပညာနုံ့သော မန္ဒပုဂ္ဂိုလ်တို့အား ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု ဇောလေးကြိမ်ကျ၏။ ဉာဏ်ပညာထက်မြက်သည့် တိက္ခပုဂ္ဂိုလ်တို့အား ဥပစာ, အနုလုံ, ဂေါတြဘုဟု ဇောသုံးကြိမ်သာ ကျ၏။

### အပ္ပနာဇောဝါရနိယမ

**ကာမရှစ်တန်၊ ကု,ကြိ–ဉာဏ်၊ သုံးတန် လေးကြိမ်သာ။**
**လေး၊ ငါးကြိမ်မြောက်၊ ပနာရောက်၊ ထို့နောက်တိဘွင်သာ။**

'ကာမရှစ်တန်၊ ကု,ကြိ–ဉာဏ်' ဆိုသည်မှာ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးပါးနှင့် မဟာကြိယာ ဉာဏသမ္ပယုတ်လေးပါးတို့တည်း။

အပ္ပနာဇောကျရန် အချိန်တန်သည့်အခါ မနောဒွါရာဝဇ္ဇန်းနောက်၌ မဟာကုသိုလ်ကြိယာ ဉာဏသမ္ပယုတ်စိတ်ရှစ်ပါးတွင် တစ်ခုခုသည် တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် သုံးကြိမ်၊ မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် လေးကြိမ်၊ ဥပစာရသမာဓိဇောအဖြစ် စောပေးရ၏။

ထိုသို့ ကာမဇောသုံးကြိမ်ခံလျှင် လေးကြိမ်မြောက်၌ အပ္ပနာဇောကျ၏။

ကာမဇော လေးကြိမ်ခံလျှင် ငါးကြိမ်မြောက်၌ အပ္ပနာဇောကျ၏။

အပ္ပနာဇောကျပြီးသည့်နောက်၌ တိဟိတ်ဘဝင်တော့ရသ (၁၃ ပါး) တွင် တစ်ပါးပါးသည် ဘုံပုဂ္ဂိုလ်နှင့် လျော်ညီစွာ ကျပေးရ၏။

**သောမှာသောချင်း၊ ဥဥချင်း၊ ယှဉ်လျှင်းကာပနာ။**

'ကာပနာ' ဆိုသည်မှာ ရှေးကအခံ ကာမစိတ်နှင့် နောက်ကအလိုက် အပ္ပနာဇောစိတ်တို့ကို ဆိုလိုသည်။ ထိုစိတ်နှစ်ပါးသည် သောမနဿဖြစ်လျှင် သောမနဿချင်း၊ ဥပေက္ခာဖြစ်လျှင် ဥပေက္ခာချင်း ယှဉ်ဖက်ဖြစ်နေကြသည်။

ကာမဇောစောရာ၌ ဥပစာရသမာဓိဇောမပါဘဲ ကာမဇောစိတ်တစ်ခုတည်းကသာ အစမှအဆုံးတိုင်အောင် ဇောကိစ္စကို ဆောင်ရွက်သွား၏။

http://www.dhammadownload.com



အပ္ပနာဇောစောရာ၌မူ ထိုဇောသည် မဟာကုသိုလ် သို့မဟုတ် မဟာကြိယာဉာဏသမ္ပယုတ်စိတ် တစ်ခုခု၏ နောက်ကလိုက်ရသည်။ ထိုအခါ အခံကာမစိတ်နှင့် အလိုက်အပ္ပနာဇောစိတ်တို့သည် သောမနဿဖြစ်လျှင် သောမနဿချင်း၊ ဥပေက္ခာဖြစ်လျှင် ဥပေက္ခာချင်း လိုက်ဖက်ညီရမည်။

**ကု၊ ကု၊ ဖိုလ်သုံး၊ ကြိ၊ ကြိရုံး၊ ထက်ဆုံး ဖိုလ်အပါ။**

'ကု–ကု' နှစ်ခု၌ ရှေ့ 'ကု' သည် ကာမကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးပါး ဖြစ်၏။ နောက် 'ကု' ကား ရူပါဝစရကုသိုလ်ငါးပါး၊ အရူပါဝစရကုသိုလ်လေးပါး၊ လောကုတ္တရာစျာန်ပွားကုသိုလ် ၂၀ (မဂ်စိတ်အကျယ် ၂၀)၊ စုစုပေါင်း အပ္ပနာကုသိုလ် ၂၉ ပါး ဖြစ်သည်။

'ဖိုလ်သုံး' ဟူသည်မှာ အောက်ဖိုလ်သုံးပါးကို ဆိုလိုသည်။ ထိုဖိုလ်သုံးပါးကို စျာန်ဖြင့် ပွားလိုက်လျှင် အောက်ဖိုလ် ၁၅ ခု ဖြစ်သည်။

သို့အတွက် အခံဇောသည် ကာမကုသိုလ်ဇောလေးခုမှ တစ်ခုခုဖြစ်အံ့။ နောက်မှလိုက်သည့် အပ္ပနာဇောသည် ကုသိုလ်အပ္ပနာ ၂၉ နှင့် အောက်ဖိုလ်အပ္ပနာ ၁၅ ခုတို့ အနက်မှ တစ်ခုခုဖြစ်ရမည်။ **ကုသိုလ်ဇောနောင် အပ္ပနာ ၄၄** ဟု မှတ်သားရာ၏။

'ကြိ–ကြိ' တွင် ရှေ့ 'ကြိ' သည် ကာမကြိယာဉာဏသမ္ပယုတ်စိတ်လေးခုတည်း။ နောက် 'ကြိ' ကား မဟဂ္ဂုတ်ကြိယာ ကိုးခုတည်း။

'ထက်ဆုံးဖိုလ်' ဆိုသည်မှာ အရဟတ္တဖိုလ်ဖြစ်၏။ ၎င်းဖိုလ်ကို စျာန်ဖြင့် ပွားလိုက်လျှင် အရဟတ္တဖိုလ်စိတ် ငါးပါးဖြစ်သည်။

သို့အတွက် အခံဇောသည် ကာမကြိယာဇောဖြစ်အံ့၊ အပ္ပနာဇောသည် ကြိယာအပ္ပနာ ကိုးပါးနှင့် အရဟတ္တဖိုလ်အပ္ပနာငါးပါး၊ ပေါင်း ၁၄ ပါးအနက်မှ တစ်ခုခု ကျရမည်။ **ကြိယာဇောနောင် အပ္ပနာ ၁၄ ဟု** မှတ်သားရာ၏။

အထက်၌ ဆောင်ပုဒ်နှစ်ခုဖြင့် ဖော်ပြခဲ့သော နိယာမများကို ပေါင်းစု၍ စဉ်းစားသော်...

(၁) ရှေ့ဂေါတြဘု(ဝါ) ဝေါဒါန်ဖြစ်သော မဟာကုသိုလ်သောမနဿပထမဒွေ၏ နောက်၌ ရူပါဝစရကုသိုလ်စျာန် သောမနဿလေးပါး၊ သောတာပတ္တိမဂ် သောမနဿ လေးပါး၊ သကဒါဂါမိမဂ် သောမနဿ လေးပါး၊ အနာဂါမိမဂ် သောမနဿ လေးပါ ၊ အရဟတ္တမဂ် သောမနဿ လေးပါး၊ အောက်ဖိုလ်သောမနဿ ၁၂ ပါးအားဖြင့် စုစုပေါင်း သောမနဿအပ္ပနာဇော ၃၂ ပါးတို့ ဖြစ်ကုန်၏။

(၂) မဟာကုသိုလ်ဥပေက္ခာတတိယဒွေ၏နောက်၌ ရူပါဝစရကုသိုလ် ပဉ္စမစျာန် တစ်ပါး၊ အရူပကုသိုလ် လေးပါး၊ မဂ်လေးပါးတို့၏ ပဉ္စမစျာန် ဥပေက္ခာလေးပါး၊

http://www.dhammadownload.com



အောက်ဖိုလ်ပဥ္စမရျာန် ဥပေက္ခာသုံးပါးအားဖြင့် ၁၂ ပါးသော ဥပေက္ခာအပ္ပနာဇောတို့ ဖြစ်ကြကုန်၏။

(၁) မှ ၃၂ ပါးနှင့် (၂) မှ ၁၂ ပါးတို့ကို ပေါင်းလျှင် **ကုသိုလ်ဇောနောင် အပ္ပနာ ၄၄ ကို ရ၏။**

**သော — ကုနောင်ဖြစ်၊ သုံးဆယ့်နှစ်၊ ဆယ့်နှစ်ဥ — ကုမှာ၊**

**(၃)** မဟာကြိယာသောမနဿ ပထမဒွေ၏ နောက်၌ ရူပါဝစရကြိယာ သောမနဿရျာန်ဇော လေးပါး၊ အရဟတ္တဖိုလ် သောမနဿလေးပါးအားဖြင့် ရှစ်ပါးသော သောမနဿအပ္ပနာဇောတို့ ဖြစ်ကုန်၏။

**(၄)** မဟာကြိယာဥပေက္ခာတတိယဒွေ၏ နောက်၌ ရူပါဝစရကြိယာဥပေက္ခာ ရျာန်ဇော တစ်ပါး၊ အရူပါဝစရကြိယာ ဥပေက္ခာရျာန် ဇောလေးပါး၊ အရဟတ္တဖိုလ် ဥပေက္ခာရျာန်ဇော တစ်ပါးအားဖြင့် ခြောက်ပါးသော ဥပေက္ခာအပ္ပနာဇောတို့ ဖြစ်ကုန်၏။

(၃) မှ ရှစ်ပါးနှင့် (၄) မှ ခြောက်ပါးတို့ကို ပေါင်းလျှင် **ကြိယာဇောနောင် အပ္ပနာ ၁၄ ကို ရ၏။**

**သော — ကြိ နောင်ရှစ်၊ ဥ — ကြိနှစ်၊ နောင်ဖြစ်ခြောက်ပနာ။**

ဤသို့လျှင် ရှေးပရိကမ်စသော ကာမာဝစရဇောတို့၏ နောက်၌ ရျာန်အပ္ပနာဇော, မဂ်အပ္ပနာဇောတို့သည် ဓာတ်, ဝေဒနာပြားပါမူ အာသေဝနပစ္စည်း (ပဋ္ဌာန်းပစ္စည်း) မတပ်နိုင်သောကြောင့် ဓာတ်ချင်း, ဝေဒနာချင်း လျော်ညီသော အပ္ပနာဇောတို့သာ ကျနိုင်, ဖြစ်နိုင်ကြကုန်၏။

**အာဒိကမ္မ၊ မဂ် — ဘိညာ၊ ရောဓဆုံးကော။**

ရျာန်အပ္ပနာ သို့မဟုတ် မဂ်အပ္ပနာတစ်မျိုးကို ပထမအကြိမ်ရရှိရန် အားထုတ်နေသော ပုဂ္ဂိုလ်ကို 'အာဒိကမ္မိကပုဂ္ဂိုလ်' ဟု ခေါ်၏။ ထိုပုဂ္ဂိုလ်၌ ပထမဆုံးအကြိမ်ဖြစ်သည့် အပ္ပနာဝီထိကို 'အာဒိကမ္မိကအပ္ပနာဝီထိ' ဟု ခေါ်ကြ၏။

အလုံးစုံသော ရူပရျာန်, အရူပရျာန် အပ္ပနာတို့၌ အစဦးစွာသော အာဒိကမ္မိကဝီထိ ဖြစ်သည့်အခါ အပ္ပနာဇောတစ်ကြိမ်သာ ကျမြဲဖြစ်၏။ ထို့နောက် ဘဝင်ကျ၏။

မဂ္ဂဝီထိတို့၌ မဂ်စိတ်အပ္ပနာလေးခုသည်လည်း တစ်ကြိမ်သာ ကျမြဲဖြစ်၏။ ထို့နောက် ဖိုလ်နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ကျပြီး ဘဝင်ကျ၏။

ခပ်သိမ်းသော အဘိညာအပ္ပနာဝီထိတို့၌လည်း အဘိညာဇောစသည် တစ်ကြိမ်သာ ကျမြဲဖြစ်၏။ ထို့နောက် ဘဝင်ကျ၏။

နိရောဓသမာပတ်၏ အဆုံး၌လည်း အနာဂါမိဖိုလ်ဇော သို့မဟုတ် အရဟတ္တဖိုလ်ဇောသည် တစ်ကြိမ်သာကျမြဲဖြစ်၏။ ထို့နောက် ဘဝင်ကျ၏။

http://www.dhammadownload.com



**မဂ်နောင်ဖိုလ်လေး၊ နှစ်—သုံးရေး၊ နီရေး နေနှစ်သာ။**

မဂ်ဝီထိလေးခု၌ ဖိုလ်လေးခုတို့သည် မဂ်တစ်ကြိမ်ကျပြီးသည့်နောက် ဆိုင်ရာဆိုင်ရာ ဖိုလ်နှစ်ကြိမ် သုံးကြိမ်ကျမြဲဖြစ်၏။ နှစ်ကြိမ်သည် မန္ဒပညာပုဂ္ဂိုလ်အတွက် ဖြစ်ပြီး သုံးကြိမ်သည် တိက္ခပညာပုဂ္ဂိုလ်အတွက် ဖြစ်၏။

'နီရေး နေနှစ်သာ' ဟူသည်မှာ နိရောဓသမာပတ်၏ ရှေးဖြစ်သော နေဝသညာနာသညာကုသိုလ်ဇော သို့မဟုတ် ကြိယာဇောစုသည် နှစ်ကြိမ်ကျမြဲဖြစ်သည်ကို ဖော်ပြ၏။

**ဆိုပြီးသည့်မှ၊ ကြွင်းသမျှ၊ များလှကြိမ်ပနာ။**

အထက်တွင် ထုတ်နုတ်ဆိုခဲ့ပြီးသောအချက်မှကြွင်းသည့် အပ္ပနာဇောဝီထိများတွင် အပ္ပနာဇောတို့သည် အကြိမ်များစွာ ဖြစ်ကြ၏။ ရပြီးသောဈာန်ကို ဝင်စားသည့် ဈာန်သမာပတ္တိဝီထိနှင့် ရပြီးသောဖိုလ်ကို ဝင်စားသည့် ဖလသမာပတ္တိဝီထိတို့၌ အပ္ပနာဇောတို့သည် အကြိမ်များစွာ ဖြစ်ကြကုန်၏။

**တဒါရမ္မဏနိယမ**

မည်သည့်ဇော၏ နောက်၌ မည်သည့်တဒါရုံဖြစ်ရမည်ကို ပိုင်းခြားသတ်မှတ်ပေးမှုသည် 'တဒါရမ္မဏနိယမ' မည်၏။

**ပုဂ္ဂိုလ်ကာမ၊ ဇောကာမနှင့် ကာမအာရုံ၊ သုံးချက်ဆုံ၊ တဒါရုံ၏ အခွင့်တည်း။**

ကာမပုဂ္ဂိုလ်, ကာမဇောနှင့် ကာမအာရုံတို့ သုံးချက်ပေါင်းဆုံရမှ တဒါရုံဖြစ်ခွင့်ရှိသည်။

အလိုမရှိအပ်သောအာရုံကို အနိဋ္ဌာရုံဟုခေါ်၏။ အသေကောင်ပုပ်, ကျင်ကြီးကျင်ငယ်စသော အဆင်း, မကောင်းဆိုးဝါးသော အသံ စသည့် အနိဋ္ဌာရုံများကို တွေ့ရသောအခါ ရှေးအကုသိုလ်ကြောင့်တွေ့ရသည်ဖြစ်၍ ဇောမှတစ်ပါးသော ပဉ္စဝိညာဏ်အစ တဒါရုံအဆုံးရှိသည့် ဝီထိစိတ်များသည် အကုသလဝိပါက်စိတ်ချည်းသာ ဖြစ်ရမည်။ အကုသလဝိပါက် သန္တီရဏတဒါရုံကျသည်ဟု မှတ်အပ်၏။

သာမန်အလိုရှိထိုက်သော ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်သည့် သာမန်လှသော အဆင်း, သာမန်ကောင်းသောအသံ, အနံ့, အရသာ, အတွေ့အထိ စသည်တို့ကို ကြုံတွေ့ရသောအခါ ရှေးကုသိုလ်ကြောင့် တွေ့ရသည်ဖြစ်၍ ဇောမှတစ်ပါးသော ဝီထိစိတ်များသည် မဟာဝိပါက် သို့မဟုတ် အဟိတ်ကုသလဝိပါက်တို့သာ ဖြစ်ကြ၏။ ကုသလဝိပါက် ဥပေက္ခာသန္တီရဏတဒါရုံကျသည်ဟု မှတ်အပ်၏။

အလွန်သပ်ရပ်သော ဆင်းတုတော်, ကြီးကျယ်ခမ်းနားသောစေတီပုထိုး, အလွန်သာယာသောအသံစသည့် အတိဣဋ္ဌာရုံကို ဆုံတွေ့ရသောအခါ သန္တီရဏနှင့် တဒါရုံ

http://www.dhammadownload.com



တို့သည် သောမနဿသဟဂုတ်ချည်းဖြစ်၏။ တစ်နည်းအားဖြင့် သောမနဿသန္တီရဏစိတ် ဖြစ်ရမည်။ ပဉ္စဝိညာဏ်နှင့် သမ္ပဋိစ္ဆိုန်းစိတ်များမှာ သောမနဿ မရှိကြသဖြင့် ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဖော်ပြခဲ့သည့်အတိုင်း ဖြစ်ကြ၏။

ထိုသို့ ဇောနောင်တဒါရုံတို့ စနစ်တကျ ကျပုံကို အရှင်ဇနကာဘိဝံသဆရာတော် စပ်ဆိုထားသည့် အောက်ပါလင်္ကာဖြင့် မှတ်သားထားနိုင်၏။

**ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေါက်ကြိယာ၊ ဒေါသာခြောက်နောက်၊ တဒါ ခြောက်တည်း။ ကြံသောနောက်ငါး၊ ကြွင်းကြား ဆယ့်ရှစ်၊ ဇောနောင်ဖြစ်သည်၊ ဆယ့် တစ်တဒါရုံပေါင်းတည်း။**

ဤအရာဝယ် ထိုထိုဇောနောင်တဒါရုံကို အရင်းက စလျက် စနစ်တကျ စိစစ် ရေတွက်သည်ရှိသော် မဟာကြိယာ ဥပေက္ခာဇောလေးပါးနှင့် ဒေါသဇောနှစ်ပါး၊ ဤ ဇော ခြောက်ပါးနောက်၌ ဥပေက္ခာမဟာဝိပါက်လေးပါးနှင့် ဥပေက္ခာသန္တီရဏနှစ်ပါး ဟူ၍ ပေါင်း ဥပေက္ခာတဒါရုံ ခြောက်ပါးဖြစ်နိုင်၏။

မဟာကြိယာသောမနဿသဟဂုတ်ဇောလေးပါး၊ ဟသိတုပ္ပါဒ်ဇော တစ်ပါး၊ ဤ ဇောငါးပါးနောက်၌ သောမနဿ မဟာဝိပါက်လေးပါးနှင့် သောမနဿသန္တီရဏ တစ်ပါးဟူ၍ သောမနဿတဒါရုံငါးပါးဖြစ်နိုင်၏။

ကြွင်းသည့် အကုသိုလ်ဇော ၁၀ ပါး၊ မဟာကုသိုလ် ရှစ်ပါး၊ ဤ ၁၈ ပါးနောက်၌ တဒါရုံ ၁၁ ပါးလုံး ဖြစ်နိုင်၏။

ကြိယာဇောတို့မည်သည် ဝိပလ္လာသကင်းစင်သော ရဟန္တာများ၏ သန္တာန်၌ ဖြစ် ပေါ်ကြသဖြင့် အာရုံအားလျော်စွာ အတိဣဋ္ဌာရုံနှင့် ကြုံလျှင် သောမနဿဇောစော၍ ဣဋ္ဌမဇ္ဈတ္တာရုံ အနိဋ္ဌာရုံတို့နှင့် တွေ့ဆုံသောအခါ ဥပေက္ခာသဟဂုတ်ဇောများ စောကြ၏။

အကုသိုလ်ဇောနှင့် မဟာကုသိုလ်ဇောတို့သည် အာသဝေါတရား မကုန်ခန်း သေးသော ပုဂ္ဂိုလ်များ၏ သန္တာန်၌ ဖြစ်ပေါ်ကြသဖြင့် ဝိပလ္လာသအစွမ်းကြောင့် ဖောက် ဖောက်ပြန်ပြန် စောနိုင်ကြ၏။ သို့အတွက် အကုသိုလ်နှင့် မဟာကုသိုလ်ဇော ၁၈ ပါး နောက်၌ တဒါရုံ ၁၁ ပါးလုံး ဖြစ်နိုင်သည်ဟု ဆိုခဲ့ခြင်းဖြစ်၏။

ဤနောက်ဆုံးစကားရပ်၌ တိဟိတ်ပုဂ္ဂိုလ်များ၌သာလျှင် တဒါရုံ ၁၁ ပါး ဖြစ် နိုင်၏။ ဒွိဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်တို့၌ မဟာဝိပါက်ဉာဏသမ္ပယုတ် လေးပါးမဖြစ်နိုင်သဖြင့် ကြွင်းသည့်တဒါရုံခုနစ်ပါးသာ ဖြစ်နိုင်ကြ၏။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၌ကား အဟိတ်သန္တီရဏတဒါရုံသုံးပါးသာ ကျနိုင်, ဖြစ်နိုင်၏။

http://www.dhammadownload.com



## အာဂန္တုကဝီထိ

ဒေါမနဿဝေဒနာနှင့် သောမနဿဝေဒနာတို့သည် မီးနှင့်ရေပမာ ဆန့်ကျင်ဘက်ဖြစ်ကြသောကြောင့် တစ်ခုကိုတစ်ခု အနန္တရပစ္စည်းမတပ်နိုင်ကြချေ။ သို့အတွက် ဒေါသဇောနောက်၌ သောမနဿတဒါရုံနှင့် သောမနဿဘဝင်တို့ မဖြစ်နိုင်ကြကုန်။ ဥပေက္ခာသည် ချိန်ခွင်သဖွယ် အလယ်အလတ်သဘောရှိကြသောကြောင့် သောမနဿနှင့်လည်း အချင်းချင်း အနန္တရပစ္စည်းတပ်နိုင်၏။ သို့ဖြစ်၍ ဒေါသမနဿဇော၏ နောက်၌ သောမနဿတဒါရုံမကျနိုင်။ ဥပေက္ခာတဒါရုံ သို့မဟုတ် ဥပေက္ခာဘဝင်သာ ကျနိုင်, ဖြစ်နိုင်၏။

သောမနဿသဟဂုတ်စိတ်နှင့် ပဋိသန္ဓေနေခဲ့သော လူတစ်ယောက်သည် ပဝတ္တိအခါ၌ သောမနဿသဟဂုတ်ဘဝင်စိတ်ချည်းသာ ဖြစ်နေ၏။ ပဋိသန္ဓေစိတ်, ဘဝင်စိတ်နှင့် စုတိစိတ်တို့မည်သည် ဘုံ, ဇာတ်, သမ္ပယုတ္တဓမ္မ (ယှဉ်ဖက်တရား), ဝေဒနာ, သင်္ခါရတို့အားဖြင့် မကွဲပြားသင့်ကြချေ။

သို့သော် ပုထုဇဉ်တို့သည် ဝိပလ္လာသတရားတို့၏ လှည့်စားမှုကြောင့် အတိဋ္ဌာရုံကို ကြုံတွေ့ရပါလျက် အနိဋ္ဌာရုံဟု ထင်မှတ်ချင်သည့်အခါ ထင်မှတ်တတ်ကြ၏။ ဥပမာ တိတ္ထိတို့သည် အတိဋ္ဌာရုံအစစ်ဖြစ်သော သက်တော်ထင်ရှားမြတ်စွာဘုရားကို မြင်တွေ့ပါလျက် မနှစ်သက်မကြည်ညိုနိုင်ကြပါဘဲ ဒေါသဖြစ်ကြကုန်၏။ ဤသို့သောအခါမျိုး၌ ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်တို့က သောမနဿစိတ်ဖြစ်ပြီး ဇောစိတ်က ဒေါသစိတ်ဖြစ်နေ၏။ ပဋိသန္ဓေစိတ်ကိုထောက်သော် သောမနဿတဒါရုံ သို့မဟုတ် သောမနဿဘဝင်တို့သာ ကျရလိမ့်မည်။ သို့သော် ဇောက ဒေါသဇောဖြစ်နေသဖြင့် ဝေဒနာချင်းမတူသည့်အတွက် အနန္တရပစ္စည်းမတပ်နိုင်သောကြောင့် သောမနဿတဒါရုံ သို့မဟုတ် သောမနဿဘဝင်များ မကျနိုင်ကြချေ။

ဤသို့သောအခါမျိုးတွင် ရှေ့ကဒေါသဇောနှင့်လည်း လျော်ညီ၊ နောက်က သောမနဿဘဝင်နှင့်လည်းသင့်လျော်သော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် သန္တီရဏကိစ္စ စသည်မတပ်ပါဘဲ အာဝဇ္ဇန်းကင်းလျက် အပိုအာဂန္တုက ဘဝင်ကိစ္စတပ်၍ တစ်ကြိမ်ဖြစ်၏။ ဤဘဝင်သည် ပဋိသန္ဓေနှင့်တူစွာ ရိုးရိုးကျမြဲဖြစ်သော အာဝါသိက သောမနဿဘဝင် မဟုတ်။ ယခုမှ လတ်တလောဖြစ်ရသည့် ဥပေက္ခာဘဝင်ဖြစ်၍ 'အာဂန္တုကဘဝင်' ဟု အမည်ရ၏။

ထိုအာဂန္တုကဘဝင်စိတ်သည် ယခုဒေါသဇောကျသော ဝီထိ၏အာရုံကို အာရုံမပြုနိုင်ပါ။ ရှေးက အလေ့အလာများသော ကာမအာရုံတစ်ပါးပါးကို အာရုံပြု၏။ ဥပမာ ရွှေပါရုံပေါ်၌ အလေ့အလာများခဲ့လျှင် ထိုရူပါရုံကို အာရုံပြုသည်။

http://www.dhammadownload.com



ထိုအာဂန္တုကဘဝင်ကျပြီးသည့်နောက် ထိုဥပေက္ခာသန္တီရဏစိတ်ကို အနန္တရ ပစ္စည်းပြု၍ ပဋိသန္ဓေစိတ်နှင့်တူစွာ သောမနဿဘဝင်ဆက်၍ကျလေ၏။

**ဆောင်ပုဒ်။ ။ ဒေါနောက်မှာမူ၊ တဒါဘဝင်၊ သောမယှဉ်၊ ဥလျှင်အမြဲမှတ်။ သောပုဂ္ဂလ၊ ဓောဝါရ၊ ဒေါမှနောက်ဥအာ။**

**ရှင်းချက်။** ။ ဒေါသဇော၏နောက်၌ သောမနဿတဒါရုံ သို့မဟုတ် သောမနဿဘဝင်စုမကျနိုင်၊ ဥပေက္ခာတဒါရုံ သို့မဟုတ် ဥပေက္ခာဘဝင်စုသာ ကျနိုင်သည်။

သောမနဿသဟဂုတ်စိတ်နှင့် ပဋိသန္ဓေနေခဲ့သူ၏ သန္တာန်၌ ဒေါသဇောကျခဲ့သော် ထိုဒေါသဇော၏နောက်၌ ဥပေက္ခာသန္တီရဏအာဂန္တုကဘဝင်ဖြစ်သည်။

ဆိုင်ရာဘုံအလိုက် ဖြစ်သင့်သောစိတ်များ

* မဟာဂ်ဝိကြဉ်၊ ကာမတွင်၊ စိတ်လျှင် ရှစ်ဆယ်ရ။

ကာမဘုံ၌ မဟဂ္ဂုတ်ဝိပါက်ကိုးပါးကြဉ်၍ စိတ်ပေါင်း ၈၀ ရ၏။ မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါးတို့သည် မိမိတို့ဆိုင်ရာ ဗြဟ္မာဘုံ၌သာ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စတပ်ကြ၏။

* **ဆယာနာဒိ၊ မဟာဝိရှစ်၊ ဒေါနှစ်တမူ၊ အရူဝိလေး၊ ကြဉ်ရေး နှစ်ဆယ်၊ ဆနောကြွယ်၊ ခြောက်ဆယ်ကိုးရူပ။**

ဃာနဝိညာဏ်ဒွေ့၊ ဇိဝှာဝိညာဏ်ဒွေ့၊ ကာယဝိညာဏ်ဒွေ့ ဤခြောက်ခုကို 'ဆ–ဃာနာဒိ' ဟုခေါ်သည်။ ၎င်းစိတ်ခြောက်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါး၊ ဒေါသမူ နှစ်ပါး၊ အရူပဝိပါက် လေးပါး၊ ပေါင်း ၂၀ ကို စိတ်အကျဉ်း ၈၉ မှ ကြဉ်သော် စိတ် ၆၉ ပါး (ဆနော) ကြွင်း၏။ ၎င်းစိတ် ၆၉ ပါးသည် ရူပဗြဟ္မာဘုံ၌ ဖြစ်၏။

ရူပဗြဟ္မာများတွင် 'ဆ–ဃာနာဒိ' သည် ဘာဝနာအစွမ်းဖြင့် ပယ်ထားခဲ့၍မဖြစ်။ မဟာဝိပါက် ရှစ်ပါးသည် ကာမဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်သဖြင့် ရူပဗြဟ္မာများ၌မဖြစ်။ ရူပဗြဟ္မာများတွင် ဒေါသစိတ်ဖြစ်ခြင်းမရှိ။ [အရူပဝိပါက်လေးပါးသည် အရူပဘုံနှင့်သာ သက်ဆိုင်၍ ရူပဘုံ၌မဖြစ်။]

* **ဝုဋ္ဌိုရုပ်စီ၊ မှီမမှီလစ်၊ လေးဆယ့်နှစ်ဟူ၊ အရူဝိလေး၊ ပေါင်းထွေးတုံမြောက်၊ လေးဆယ်ခြောက်၊ ရမြောက်အရူပ။**

ပကိဏ်းပိုင်း ဝုဋ္ဌိုသင်္ဂဟ၌ ဖော်ပြခဲ့သော ဟဒယရုပ်ဝတ္ထုကို ရံခါမှီ၍ ရံခါ မမှီကြသည့် စိတ် ၄၂ ပါးတို့သည်လည်းကောင်း၊ အရူပဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စတပ်သော ဒွါရဝိမုတ်ဖြစ်သည့် အရူပဝိပါက်စိတ်လေးပါးတို့သည်လည်းကောင်း၊ အရူပဘုံ၌ဖြစ်နိုင်သောစိတ်များဖြစ်ကြ၏။ ထို့ကြောင့် အရူပဘုံ၌ဖြစ်နိုင်သောစိတ် ပေါင်း ၄၆ ပါးရှိ၏။

http://www.dhammadownload.com



### ပုဂ္ဂိုလ်အပြား

*** ဒု–သု–ဒွိ–တိ၊ ယာအရိရှစ်၊ တစ်ကျိပ်နှစ်၊ မှတ်လစ်ပုဂ္ဂိုလ်အပြား။**

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် = အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နှင့် ပဋိသန္ဓေနေရသူ။

(၂) သုဂတိအဟိတ်ပုဂ္ဂိုလ် = ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နှင့် ပဋိသန္ဓေနေသူ။

(၃) ဒွိဟိတ်ပုဂ္ဂိုလ် = အလောဘနှင့် အဒေါသဟိတ် နှစ်ပါးရှိသော မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်နှင့် ပဋိသန္ဓေနေသူ။

(၄) တိဟိတ်ပုဂ္ဂိုလ် = အလောဘ၊ အဒေါသနှင့် အမောဟ ဟိတ်သုံးပါး ရှိသော မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်နှင့် ပဋိသန္ဓေနေသူ။

(၅) အရိယာပုဂ္ဂိုလ်ရှစ်ယောက် = သောတာပတ္တိမဂ်၌တည်သော သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်၊ သကဒါဂါမိမဂ်၌တည်သော သကဒါဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ်။

အနာဂါမိမဂ်၌တည်သော အနာဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ်၊
အရဟတ္တမဂ်၌တည်သော အရဟတ္တမဂ္ဂဋ္ဌပုဂ္ဂိုလ်၊
သောတာပတ္တိဖိုလ်၌တည်သော သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်၊
သကဒါဂါမိဖိုလ်၌တည်သော သကဒါဂါမိဖလဋ္ဌပုဂ္ဂိုလ်၊
အနာဂါမိဖိုလ်၌တည်သော အနာဂါမိဖလဋ္ဌပုဂ္ဂိုလ်၊
အရဟတ္တဖိုလ်၌တည်သော အရဟတ္တဖိုလ်ပုဂ္ဂိုလ်၊
စုစုပေါင်း ပုဂ္ဂိုလ်တစ်ကျိပ်နှစ်ယောက် (၁၂ ယောက်) ရှိသည်။

**မှတ်ချက်။** ။ ပထမပုဂ္ဂိုလ်လေးယောက်ကို ပုထုဇဉ်များဟု ခေါ်၏။ ထိုလေးယောက်အနက် တိဟိတ်ပုဂ္ဂိုလ်တစ်ယောက်သာလျှင် ဈာန်မဂ်ဖိုလ်တို့ကို ရနိုင်သည်။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေနေကတည်းက ဉာဏ်ပညာနှင့်မယှဉ်ကြသည့်အတွက် ဤလက်ရှိဘဝတွင် ဈာန်, မဂ်, ဖိုလ်တို့ကို မရနိုင်ချေ။ သို့အတွက် ဤပုဂ္ဂိုလ်သုံးယောက်တို့သည် ကာမကြိယာဇော ကိုးပါးနှင့် အပ္ပနာဇော ၂၆ ပါးတို့ကို တစ်သက်လုံးမရရှိနိုင်ကြချေ။

http://www.dhammadownload.com



## ပုဂ္ဂိုလ်စိတ်ရ

**(၁) ဓောကိုးကြိ၊ မဟာဝိရှစ်၊ ဆယ့်ခွန်ပစ်၊ ဒုဖြစ်ကြိန်သတ်။**

ဟသိတုပ္ပါဒ်နှင့် မဟာကြိယာရှစ်ပါး၊ ပေါင်း ဓောကိုးပါးနှင့် မဟာဝိပါက် ရှစ်ပါး၊ ဤ၁၇ပါးတို့ကို ကာမစိတ် ၅၄ ပါးမှကြဉ်၍ ကြွင်းသည့်ကာမစိတ် ၃၇ ပါး (ကြိန်သတ်) သည် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဌ်ဖြစ်သောစိတ်တည်း။

**(၂) ဝိပ္ပယုတ်ဝိပါက်၊ လောင်းစွက်ပြန်လစ်၊ လေးဆယ့်တစ်၊ ဖြစ်လေသုဒ္ဓိမှတ်။**

ယခင်ကာမစိတ် ၃၇ ပါးတွင် မဟာဝိပါက်ဉာဏဝိပ္ပယုတ် လေးပါးတို့ကို ပေါင်းသော် စိတ် ၄၁ ပါးဖြစ်သည်။ ဤစိတ်တို့ကား သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့ဌ်ရသော စိတ်တို့တည်း။

**(၃) သမ္ပယုတ်ဝိပါက်၊ လောင်းစွက်ပြန်ကြွား၊ လေးဆယ့်ငါး၊ မှတ်သားတိဟိတ်မှာ။**

အထက်က စိတ် ၄၁ ပါးတွင် မဟာဝိပါက်ဉာဏသမ္ပယုတ်လေးပါးကို ထပ်မံပေါင်းသော် စိတ် ၄၅ ပါးဖြစ်၏။ ဤစိတ်တို့ကား တိဟိတ်ပုဂ္ဂိုလ်ဌ် ရထိုက်သော စိတ်တည်း။

**(၄) မဟဂ်ကုကြိ၊ လောင်းတုံဘိ၊ တိဟိတ်အကုန်ပါ။**

တိဟိတ်ပုဂ္ဂိုလ်သည် ဈာန်အားထုတ်၍ ရူပါဝစရကုသိုလ် ပထမဈာန်ကိုရလျှင် မူလစိတ် ၄၅ ပါးအပြင် ရူပါဝစရကုသိုလ် ပထမဈာန်စိတ်လည်း ထိုပုဂ္ဂိုလ်၏သန္တာန်ဌ် ဖြစ်လာနိုင်၏။ ရူပါဝစရကုသိုလ်ဈာန်ငါးပါးလုံးကိုရလျှင် မူလစိတ် ၄၅ ပါးနှင့်ငါးပါး ပေါင်း၍ စိတ် ၅၀ ဖြစ်လာနိုင်၏။ အရူပါဝစရဈာန်လေးပါးကိုပါ ထပ်မံရရှိလျှင် စိတ် ၅၄ ပါး ဖြစ်နိုင်၏။

သို့အတွက် ဈာန်အပြည့်အစုံရသော ကာမပုဂ္ဂိုလ်တွင် စိတ် ၅၄ ပါး ဖြစ်နိုင်သည်။

**(၅) မဂ္ဂဋ္ဌာန်စုံ၊ မဂ်လေးခု၊ ရမှုဧကသာ။**

မဂ္ဂဋ္ဌပုဂ္ဂိုလ်လေးယောက်တို့သည် မိမိတို့၏ မဂ်စိတ်တစ်ခုစီကိုသာ ရကြ၏။ ရှင်းဦးအံ့၊ သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်ဟူသည်မှာ သောတာပတ္တိမဂ်ဌ် တည်သောပုဂ္ဂိုလ် ဖြစ်၍ ထိုမဂ်တည်ခိုက် စိတ္တက္ခဏတစ်ချက်သာ သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်ဟု ခေါ်ရ၏။

**(၆) ဒိဋ္ဌိသံ့၊ ဝိစိ၊ ကြဉ်တုံဘိ၊ အာဒိဒွေဖလာ။**

သောတာပန်နှင့် သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် ကိလေသာ ၁၀ ပါးတွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ပယ်သတ်ပြီးဖြစ်ကြ၏။ သို့အတွက် သောတာပတ္တိဖလဋ္ဌ ပုဂ္ဂိုလ်နှင့် သကဒါဂါမိဖလဋ္ဌပုဂ္ဂိုလ်နှစ်ဦးတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါးနှင့် ဝိစိ ကိစ္ဆာသမ္ပယုတ်စိတ် တစ်ပါးတို့ မဖြစ်နိုင်ကြတော့ချေ။

http://www.dhammadownload.com



သို့ဖြစ်၍ တိဟိတ်ပုဂ္ဂိုလ်စိတ်ဖြစ်ရသည့် စိတ် ၄၅ ပါး၌ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါးနှင့် ဝိစိကိစ္ဆာတစ်ပါး၊ ပေါင်း ငါးပါးကိုနုတ်ပြီး သက်ဆိုင်ရာဖလဋ္ဌပုဂ္ဂိုလ်၏ ဖိုလ်စိတ်ကိုပေါင်းသော် စိတ် ၄၁ ပါးရ၏။ ဤစိတ် ၄၁ ပါးသည် သောတာပန်နှင့် သကဒါဂါမိပုဂ္ဂိုလ်တို့ရသောစိတ်တည်း။

**(၇) ဒေါကိုပယ်ပြန်၊ အနာဂါမ်၊ အကျန်သူတို့မှာ။**

အနာဂါမ်ပုဂ္ဂိုလ်သည် ဒေါသကိလေသာကိုပါ အကြွင်းမဲ့ပယ်သတ်နိုင်ပြီးဖြစ်၍ သောတာပန်နှင့် သကဒါဂါမ်တို့၏စိတ်အရ ၄၁ ပါးမှ ဒေါသမူဒွေကိုနုတ်လျှင် အနာဂါမ်ပုဂ္ဂိုလ်၌ဖြစ်သောစိတ် ၃၉ ပါးကို ရ၏။ ဖိုလ်စိတ်မှာ အနာဂါမိဖိုလ် ဖြစ်ရပေမည်။

**(၈) အကုသိုလ်နှင့်၊ ကုသိုလ်နှစ်သွယ်၊ အောက်ဖိုလ်ပယ်ဘိ၊ ဗျည်းတြိ၊ သီလေ ရဟန္တာ။**

ရဟန္တာပုဂ္ဂိုလ်သည် ကုသိုလ် အကုသိုလ်တို့ကို ပယ်ပြီးဖြစ်၍ ရဟန္တာသန္တာန်၌ အကုသိုလ်စိတ် ၁၂ ပါးနှင့် ကုသိုလ်စိတ် ၂၁ ပါး(မဟာကုသိုလ် ၈ + မဟဂ္ဂုတ်ကုသိုလ် ၉ + မဂ်ကုသိုလ် ၄) တို့ မဖြစ်တော့ပေ။ ထို့အပြင် အောက်ဖိုလ်သုံးပါးလည်း မဖြစ်နိုင်ချေ။ အရိယာပုဂ္ဂိုလ်တစ်ဦးလျှင် ဆိုင်ရာလောကုတ္တရာစိတ်တစ်ပါးသာ ဖြစ်နိုင်သဖြင့် ရဟန္တာပုဂ္ဂိုလ်တွင် အရဟတ္တဖိုလ်တစ်ပါးကိုသာ ရနိုင်၏။

သို့ဖြစ်၍ ဝိထိစိတ် ၈၀ အနက်မှ ရဟန္တာ၌မဖြစ်နိုင်သော စိတ်ပေါင်း ၃၆ ပါးကို နုတ်လိုက်သော် ၄၄ ပါးကြွင်း၏။ ထို ၄၄ ပါး၌ မဟာဂ္ဂုတ်ကြိယာအောက်ကိုးပါးကိုပေါင်းထည့်သော် ရဟန္တာပုဂ္ဂိုလ်၌ရသည့် စိတ်ပေါင်း ၅၃ ပါး (ဗျည်းတြိ) ကို ရသည်။

**မှတ်ချက်။** ။ 'ပုဂ္ဂိုလ်စိတ်ရ' ကို ဝေဖန်စိစစ်ရာ၌ ပုဂ္ဂိုလ်တစ်ဦးစီတွင် ဖြစ်နိုင်သည့် ဝိထိစိတ်များကိုသာ ရေတွက်ပြရမည်။ မဟဂ္ဂုတ်ဝိပါက် ကိုးပါးသည် ဝိထိမုတ်စိတ်များဖြစ်ကြသည့်အတွက် ၎င်းတို့ကို ချန်လှပ်ထားရမည်။ သို့အတွက် ဝိထိစိတ်ပေါင်းမှာ (၈၉ – ၉) = ၈၀ ဖြစ်သည်။

## ဘုံ၌စိတ်ရ

(၁) ကာမဘုံ၌ဝိထိစိတ် ၈၀ လုံးကို ရထိုက်၏။

(၂) ရူပဘုံ၌ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒတို့ မရှိသောကြောင့် ဤပသာဒတို့နှင့်စပ်သော ဃာနဝိညာဏ် ၂၊ ဇိဝှာဝိညာဏ် ၂၊ ကာယဝိညာဏ် ၂ တို့ကို မရထိုက်။ ထို့အပြင် 'ချာန်ရပြီးနောက် ဒေါသဖြစ်လျှင် ချာန်ကွယ်၏' ဟု ဆိုသည့်အတိုင်း ဗြဟ္မာဘုံများ၌ ဒေါသမူစိတ်ဖြစ်ခြင်းမရှိ။ သို့အတွက် ဒေါသမူဒွေလည်း မဖြစ်ထိုက်။

http://www.dhammadownload.com



တစ်ဖန် တဒါရုံသည် ကာမဘုံသားတို့၏ သန္တာန်၌သာဖြစ်နိုင်သဖြင့် ဗြဟ္မာများ သန္တာန်၌ မဖြစ်ထိုက်။ သို့အတွက် တဒါရုံကိစ္စတပ်သော မဟာဝိပါက်စိတ်ရှစ်ပါးကို မရထိုက်။ သန္တီရဏသုံးပါးကား သန္တီရဏကိစ္စတပ်ခိုက် ရူပဘုံ၌ ဖြစ်နိုင်သေး၏။

သို့ဖြစ်၍ ဝီထိစိတ် ၈၀ တွင် မရထိုက်သည့် ဃာနဝိညာဏ် ၂၊ ဇိဝှာဝိညာဏ် ၂၊ ကာယဝိညာဏ် ၂၊ ဒေါသမူ ၂၊ မဟာဝိပါက် ၈၊ ပေါင်း ၁၆ ပါးကို နုတ်သော် ရူပဘုံ၌ ဖြစ်နိုင်သည့်စိတ် ၆၄ ပါးကို ရ၏။

(၃) အရူပဘုံ၌ ပသာဒရုပ်ငါးပါးလုံးမရှိသောကြောင့် ဒွေပဉ္စဝိညာဏ် ၁၀ ပါးလုံးကို မရထိုက်။ ထို့အပြင် ပဉ္စဒွါရ၌ဖြစ်လေ့ရှိကြသော ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း နှစ်ပါးနှင့် သန္တီရဏသုံးပါးတို့ကိုလည်း မရထိုက်ချေ။

ထိုမှတစ်ပါးလည်း ရူပကုသိုလ်ကြိယာ ၁၀၊ ဟသိတုပ္ပါဒ်, သောတာပတ္တိမဂ်နှင့် အောက်အရူပစိတ်များကို အရူပဘုံများ၌ မရချေ။ ဥပမာ အရူပဒုတိယဘုံဖြစ်သည့် ဝိညာဏဉ္စာယတနဘုံ၌ အရူပပထမဘုံ၌ဖြစ်သည့် အာကာသာနဉ္စာယတနကုသိုလ် နှင့် ကြိယာစိတ်တို့ကို မရချေ။ နေဝသညာနာသညာယတန (စတုတ္ထ) ဘုံ၌ အောက် အရူပသုံးဘုံ၏ ကုသိုလ်နှင့် ကြိယာစိတ်များကို မရချေ။ (ရူပနှင့် အရူပဝိပါက်စိတ် ကိုးပါးတို့ကို ဝီထိမုတ်စိတ်များဖြစ်၍ ပယ်ထားပြီးဖြစ်သည်။)

သို့ဖြစ်၍ ရူပဘုံ၌ဖြစ်သောစိတ် ၆၄ ပါးမှ အရူပဘုံ၌ မရထိုက်သည့် စက္ခုဝိညာဏ် ၂, သောတဝိညာဏ် ၂, ပဉ္စဒွါရာဝဇ္ဇန်း ၁, သမ္ပဋိစ္ဆိုန်း ၂, သန္တီရဏ ၃, ရူပကုသိုလ် ကြိယာ ၁၀, ဟသိတုပ္ပါဒ် ၁, သောတာပတ္တိမဂ် ၁, ပေါင်း စိတ် ၂၂ ပါးတို့ကို နုတ်လျှင် အရူပဘုံ၌ဖြစ်နိုင်သည့်စိတ် ၄၂ ပါးကို ရရှိပါသည်။

ဤအရူပဘုံ၌ဖြစ်သောစိတ် ၄၂ ပါးသည် ဝတ္ထုသင်္ဂဟ၌ ဖော်ပြခဲ့သည့် ဟဒယ ဝတ္ထုရုပ်ကို ရုံခါမှီ၍ဖြစ်ကြသောစိတ် ၄၂ ပါးနှင့် အတူတူပင်ဖြစ်ပါသည်။ သို့အတွက် ဝတ္ထုသင်္ဂဟဇယားကိုကြည့်၍ ဤစိတ် ၄၂ ပါးတို့၏ အမည်များကို ထုတ်ဖော်ယူနိုင်ပါ သည်။

## လေ့ကျင့်ရန် မေးခွန်းများ

၁။ ဗုဒ္ဓတရားတော်ဟူသော ဓမ္မသဒ္ဒါရုံကို အာရုံပြု၍ တရားနာနေသူ ဗုဒ္ဓဘာသာ ဝင်တစ်ဦး၏ သန္တာန်၌ ဖြစ်နိုင်သည့် ပဉ္စဒွါရဝီထိတစ်ခုကို ချပြ၍ ပရိကံ, အပ္ပနာ အမည်ရသည့်စိတ်တို့ကို ဖော်ပြပါ။ (၁၉၇၈)

၂။ မည်သို့ဖြစ်နေသည်ကို 'နိရောဓသမာပတ်' ဝင်စားသည်ဟု ခေါ်သနည်း။ အနာဂါမ်ပုဂ္ဂိုလ်၏ နိရောဓသမာပတ်ဝင်စားခါနီး၊ ဝင်စားနေစဉ်၊ ဝင်စားပြီးစ ကာလတို့၌ဖြစ်သော ပရမတ်တရားတို့ကို အသီးသီးဖော်ပြပါ။ (၁၉၇၈)

http://www.dhammadownload.com



၃။ စာဖြေသူ၏ မနောဒွါရဘာဝင်၌ ဘုရားရှင်၏ပုံတော် ထင်ရှားမြင်လာသော် ဖြစ်နိုင်သည့် ဝီထိကိုချပြ၍ ယင်းဝီထိကိုလည်း စကားပြေဖြင့် ရှင်းပြခဲ့ပါ။ (၁၉၇၉)

၄။ အနိဋ္ဌာရုံကို တွေ့ကြုံ၍ လူတို့ ဒေါသထွက်သောအခါ ဒေါသဇောနောင် ဖြစ်နိုင်သည့် တဒါရုံနှင့် ဘဝင်တို့ကို ရေတွက်ပြပြီးလျှင် အဟိတ်တိရစ္ဆာန်ပုဂ္ဂိုလ်တို့၌ မရနိုင်သောစိတ်တို့ကိုလည်း ရေတွက်ပြပါ။ (၁၉၇၉)

၅။ သောမနဿစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သောသူ၏ ဒေါသဇောနောင်ကျသင့်သောစိတ်၊ ထိုစိတ်၏အမည်နှင့် အာရုံကိုဖော်ပြ၍ အဘယ်ကြောင့် ဤသို့ဖြစ်ရသည်ကိုလည်း နားလည်အောင် ရှင်းပြပါ။ (၁၉၇၉)

၆။ လူ၏စိတ်သည် အာရုံကိုသိသောအခါ စိတ်အစဉ်များမှု၊ နည်းမှု၊ အာရုံတို့၏ ထင်ရှားမှု၊ မထင်ရှားမှုအလိုက် မည်ကဲ့သို့ ကွဲပြားခြားနားမှု ရှိပါသနည်း။ ဝီသယပ္ပဝတ္တိကို သုံးသပ်၍ ဖြေဆိုခဲ့ပါ။ (၁၉၈၀)

၇။ မြတ်စွာဘုရား၏ တရားသံကို ကြားနာရသောအခါ ဗုဒ္ဓဘာသာတစ်ဦး၏ သန္တာန်၌ဖြစ်ပေါ်လာသောစိတ်တို့၏ ဖြစ်စဉ်ကို ဖော်ပြပါ။ (၁၉၈၀)

၈။ မနေ့က စားခဲ့သောအစားအစာတို့ကို ပြန်လည်စဉ်းစားမိသောအခါ မည်သည့်ဒွါရ၌ မည်သည့်စိတ်များ ဖြစ်လာပါသနည်း။ သိသာရုံမျှ ဖော်ပြပါ။ (၁၉၈၀)

၉။ မည်သည့်အခါ၌ ပုထုဇဉ်လူသားတို့သည် ဇောငါးကြိမ် ဇောပါသနည်း။ ငါးကြိမ် ဇောသော ဇောများကို သက်ဆိုင်ရာဝီထိအမည်နှင့် ယှဉ်တွဲဖော်ပြခဲ့ပါ။ (၁၉၈၁)

၁၀။ ဝိညာဉ်ခြောက်မျိုးနှင့် ဝီထိခြောက်မျိုးကို ပြည့်စုံစွာရေးပါ။ (၁၉၈၁)

၁၁။ အောက်ပါအခါတို့၌ မည်သည့်ဇောသည် အကြိမ်မည်မျှစီ ဇောပါသနည်း။

(က) ရိုးရိုးအခါ၊ (ဃ) မဂ်ကို ရသောအခါ၊

(ခ) သေခါနီးအခါ၊ (င) နိရောဓသမာပတ် ဝင်စားသောအခါ၊

(ဂ) ပထမဦးစွာဈာန်ရသောအခါ၊

(၁၉၈၁)

၁၂။ အောက်ပါပုဂ္ဂိုလ်တို့၌ မရနိုင်သောဇောစိတ်တို့ကို ရေးပါ။

(က) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ (ဂ) ဒွိဟိတ်ပုဂ္ဂိုလ်၊

(ခ) သုဂတိအဟိတ်ပုဂ္ဂိုလ်၊ (ဃ) တိဟိတ်ပုဂ္ဂိုလ်။ (၁၉၈၁)

၁၃။ အဘိဓမ္မာသင်္ဂြိုဟ်ကျမ်း၌ လာရှိသော ဝီသယပ္ပဝတ္တိ ကိုးမျိုးကို တစ်ခုစီ ရေတွက် ဖော်ပြပါ။ (၁၉၈၃)

http://www.dhammadownload.com



၁၄။ ယခုခေတ် ပုထုဇဉ်လူသားတို့အား လှပသော မိမိချစ်သူကို မြင်သောအခါနှင့် အရုပ်ဆိုးသော မုန်းသူကိုမြင်သောအခါတို့၌ ဖြစ်ပေါ်နိုင်သော အကျိုးစိတ်များကို ခွဲခြားဖော်ပြပါ။ (၁၉၈၃)

၁၅။ ယခုခေတ် ပုထုဇဉ်လူသားများနှင့် ဘုရားရဟန္တာပုဂ္ဂိုလ်များ စိတ်နေစိတ်ထား ကွာခြားပုံကို ပုဂ္ဂလဗေဒအရ ရှင်းပြပါ။ (၁၉၈၃)

၁၆။ စိတ်သည် တစ်ခုတည်းဖြစ်ရိုးမရှိဘဲ ဝီထိအလိုက်ဖြစ်ပျက်လျက်ရှိရာ လူတစ်ဦးအား တစ်နေ့တာအတွင်း၌ဖြစ်နိုင်သော ဝိညာဏဝီထိတို့ကို ဖော်ပြခဲ့ပါ။ (၁၉၈၅)

၁၇။ လူတစ်ဦးသည် ခွေးတစ်ကောင်ကို ဆွဲသွားစဉ် နှစ်သက်ဖွယ်အာရုံတစ်ခုကို အတူတကွ တွေ့မြင်၍ စွဲလမ်းနှစ်သက်ရာ၌ ၎င်းတို့အား မည်သည့် အကျိုးဝိပါက်စိတ်များ ဖြစ်မည်နည်း။ လူ၌ဖြစ်သောဝိပါက်စိတ်နှင့် ခွေး၌ဖြစ်သော ဝိပါက်စိတ်တို့ ထူးခြားမှု ရှိ မရှိ ဖော်ပြပါ။ (၁၉၈၅)

၁၈။ ကာမဇော – ကာမဇောဆိုရာ၌ အဘိဓမ္မာသင်္ဂြိုဟ်နည်းအရ ရနိုင်သမျှ ကာမဇောတို့ကို ဖော်ပြပြီးလျှင် ယင်းဇောတို့၏ အကုသိုလ်, ကုသိုလ်, ကြိယာဇာတ်အလိုက် ဇောနိုင်သမျှသော ဇောအကြိမ်တို့ကိုလည်း ဝေဖန်ဖော်ပြခဲ့ပါ။ (၁၉၈၅)

၁၉။ မည်မျှအားထုတ်စေကာမူ မြေလျှိုးမိုးပျံနိုင်သော ဈာန် အဘိညာဉ်အဆင့်သို့ မရောက်နိုင်သည့်လူစားမျိုးကို ဖော်ပြပြီးလျှင် ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်ပေါ်နိုင်သော စိတ်တို့ကိုလည်း ရေတွက်ဖော်ပြပါ။ (၁၉၈၅)

၂၀။ ဝီထိစိတ်တို့၌ ဝိသယပ္ပဝတ္တိခြောက်မျိုးကို ထုတ်ပြ၍ ဝီထိပိုင်းဟူ၍ ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်း အဘိဓမ္မာသဘာဝဆိုက်အောင် ရေးသားဖြေဆိုခဲ့ပါ။ (၁၉၈၆)

၂၁။ လူသားတစ်ဦး၌ အာရုံအားလျော်စွာ ဝီထိစိတ်, ဘဝင်စိတ်တို့ဖြစ်လျက်ရှိရာ ၎င်းဝီထိစိတ်, ဘဝင်စိတ်တို့၏ ကွဲပြားမှုကို အဘိဓမ္မာနည်းလမ်းများအရ ရှင်းလင်း ဖြေဆိုခဲ့ပါ။ (၁၉၈၆)

၂၂။ လူက သောမနဿဖြင့် ပဋိသန္ဓေနေသူ ဇောသောဇောက ဒေါသဇော ဇောသည့်အတွက် ထိုဒေါသဇောနောင် တဒါရုံမဖြစ်နိုင်၊ ယင်းသို့ အခက်အခဲကြုံလာပါက မည်ကဲ့သို့ပြုလုပ်ရမည်ဟု ဆရာတို့က နည်းလမ်းပေးခဲ့ပါသနည်း။ ဖြေဆိုခဲ့ပါ။ (၁၉၈၆)

၂၃။ အောက်ပါ (က) (ခ) (ဂ) (ဃ) (င) တို့၌ ရနိုင်သော ဇောစိတ်များကို ထုတ်ပြခဲ့ပါ။

(က) နှစ်ကြိမ် သုံးကြိမ် ဇောသောဇော၊

(ခ) သုံးကြိမ် လေးကြိမ် ဇောသောဇော၊

http://www.dhammadownload.com



(ဂ) လေးကြိမ် ငါးကြိမ် စောသောဇော၊
(ဃ) ငါးကြိမ်စောသောဇော၊
(င) ခြောက်ကြိမ် ခုနစ်ကြိမ် စောသော ဇော။ (၁၉၈၆)

၂၄။ လူတိုင်းသည် စက္ကန့်မစဲ တဖွဲဖွဲသေလျက်ရှိသည်ဟုဆိုလျှင် ထိုအဆိုကို စိတ်သက် ရုပ်သက် တွက်ချက်ဖော်ပြ၍ ထောက်ခံဖြေဆိုပါ။ (၁၉၈၇)

၂၅။ ဝီထိစိတ်ဖြစ်တိုင်း တဒါရုံကျနိုင်ပါသလော၊ မည်သည့်အခြေအနေမျိုးနှင့် ပြည့်စုံမှ တဒါရုံကျနိုင်ပါသနည်း။ တိကျစွာ ဖြေဆိုပါ။ (၁၉၈၇)

၂၆။ ကာမဇောတို့သည် အဘယ်အခါများ၌ လေးကြိမ်၊ ငါးကြိမ်၊ ခြောက်ကြိမ်၊ ခုနစ်ကြိမ် စောကြပါသနည်း။ အကြောင်းအလိုက် အသီးသီးဖြေဆိုပါ။(၁၉၈၇)

**(၁၉၈၈ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ စာမေးပွဲမေးခွန်းများနှင့် အဖြေများကို ဤစာအုပ် နောက်ဆက်တွဲ၌ ကြည့်ပါ။)**

၂၇။ ဝီထိစိတ်တို့၏ အာရုံဖြစ်သော ဝိသယပ္ပဝတ္တိများကို အဓိပ္ပာယ်များနှင့်တကွ ဖော်ပြ၍ ဝီထိစိတ်တိုင်း တဒါရုံမဖြစ်ခြင်းအကြောင်းကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။ (၁၉၉၃)

၂၈။ ယခုခေတ် အသက်ရာကျော်ရှည်သောပုဂ္ဂိုလ်တို့၏ စိတ်နှင့် ရုပ်တို့သည် ထိုပုဂ္ဂိုလ်၏ အသက်နှင့်အမျှ ရှည်ပါသလော၊ ယင်းတို့၏ သက်တမ်းကို ဝီထိသဘောအရ ဖြေဆိုခဲ့ပါ။ (၁၉၉၃)

၂၉။ စာဖြေရှင်သည် ဤမေးခွန်းလွှာကို မိမိလက်ဖြင့် တွေ့ထိလိုက်စဉ် စိတ်သန္တာန်၌ ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို မမှားအောင် ရေးပြ၍ ဝီထိစိတ် မဖြစ်သော ပုဂ္ဂိုလ်ကိုလည်း ညွှန်ပြခဲ့ပါ။ (၁၉၉၃)

၃၀။ ရဟန္တာပုဂ္ဂိုလ်တို့သည် အဘယ်ကြောင့် ကုသိုလ်မရ၊ ငရဲမကြီးပါသနည်း၊ အကြောင်းပြဖြေဆို၍ ယင်းပုဂ္ဂိုလ်တို့ ရရှိအပ်သော ဝီထိစိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။ (၁၉၉၃)

၃၁။ တေးသီချင်းနားထောင်သူ၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို သိသာရုံမျှဖော်ပြ၍ ယင်းတေးသီချင်းသံ၏ (က) ပရမတ်အမည်၊ (ခ) သက်တမ်း တို့ကို ရေးသားပြပါ။ (၁၉၉၅)

၃၂။ 'မင်္ဂပေါက်ဖိုလ်ဝင်' ဟူသောစကားမှန်ကန်ပုံကို ရှင်းပြ၍ နိရောဓသမာပတ် ဝင်စားသူနှင့် သေသူ ကွာခြားပုံကိုလည်း ရှင်းပြပါ။

http://www.dhammadownload.com



၃၃။ လူတန်းစားညီမျှရေးသည် တရားသဘောအရ အရာရာမဖြစ်နိုင်ကြောင်းကို မေးရာပါ ဆွံ့အ,သူနှင့် တိဟိတ်ပဋိသန္ဓေနေ ပကတိလူကောင်းတို့ကို ပမာထား၍ ပုဂ္ဂလဘေဒအတိုင်း ရှင်းပြပြီးလျှင် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကို ယင်းတို့ ပိုင်ဆိုင်ရာ စိတ်အသီးသီးနှင့် တွဲလျက် ဖော်ပြပါ။ (၁၉၉၅)

၃၄။ 'ချစ်ခြင်းအစ မျက်စိက' ဟူသောစကားနှင့် 'အချစ်မှာ မျက်စိမရှိ' ဟူသောစကားနှစ်ရပ်တို့၏ ဆန့်ကျင်မှုမရှိပုံကို သင်္ဂဟသဘောသွားနှင့်အညီ ရှင်းလင်းဖြေဆိုပါ။ (၁၉၉၆)

၃၅။ ဝမ်းမြောက်မှု (သောမနဿ) ဖြင့် အမိဝမ်းတွင်း ကိန်းအောင်း (ပဋိသန္ဓေနေ) ခဲ့သူ၏ အဆုံးစွန်သောဒေါသ၏ အခြားမဲ့၌ (က) ဖြစ်သင့်သောစိတ်၊ (ခ) ထိုစိတ်၏ အခြားနာမည်တစ်မျိုး၊ (ဂ) ဖြစ်ရာအခါ၊ (ဃ) အာရုံတို့ကို မှန်ကန်စွာဖြေဆိုပါ။ (၁၉၉၆)

၃၆။ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်၏ (က) ရေမီးအစုံ တန်ခိုးပြတော်မူရာအခါ၊ (ခ) နိရောဓသမာပတ်ဝင်စားတော်မူရာအခါ၊ (ဂ) နိရောဓသမာပတ်မှ ထတော်မူရာအခါတို့၌ ဖြစ်သင့်သော 'ဇော' စိတ်တို့၏ အမည်များကို ဖြစ်ခွင့်ရှိသောအကြိမ်နှင့်တကွ တွဲစပ်ဖြေဆိုပြပါ။ (၁၉၉၆)

၃၇။ ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုတိုက်ဆိုင်မိကြရာဝယ် (က) မည်သည့်အခါ၌ ထင်ခြင်းသို့ ရောက်ပါသနည်း၊ (ခ) မည်မျှ အသက်ရှည်ပါသနည်း၊ (ဂ) မည်သည့်အခါ ချုပ်ပါသနည်း၊ သင်္ဂဟနှင့်အညီ ဖြေဆိုပါ။ (၁၉၉၇)

၃၈။ ဓမ္မကထိကဆရာတော်၏ တရားသံကို ကြားနာနေသော ဗုဒ္ဓဘာသာဝင်တစ်ဦးသန္တာန်၌ ဖြစ်ပေါ်လာသောစိတ်တို့၏ ဖြစ်စဉ်ကို ဖော်ပြပါ။ (၁၉၉၇)

၃၉။ 'ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘု' အမည်ရသောစိတ်တို့ကို ဖော်ပြပြီးသော မနဿဖြင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောနောင်၊ (က) ဖြစ်သင့်သောစိတ်၊ (ခ) ထိုစိတ်၏ အမည်၊ (ဂ) ထိုစိတ်၏ အာရုံတို့ကိုလည်း ဖြေဆိုပါ။ (၁၉၉၇)

၄၀။ တဒါရုံကျနိုင်သောအင်္ဂါရပ်တို့ကို တင်ပြပြီး ဘုရားရှင်၏ ယမကပြာဋိဟာကို ပြရာအခါ၌ အဘယ်ဇောများ အကြိမ်မည်မျှစောကြသည်ကိုလည်း ရေးသားပြပါ။ (၁၉၉၇)

၄၁။ အလွန်ကြီးမားသည့်အာရုံ၌ဖြစ်သော ဝီထိစိတ္တုပ္ပါဒ်တို့ကို ရေတွက်ပြ၍ ထက်မြက် လျင်မြန် အသိဉာဏ်ပညာရှိသောပုဂ္ဂိုလ်၏ အစဆုံးရအပ်သော ဈာနဝီထိဖြစ်ပုံကိုလည်း တင်ဆက်ပြပါ။ (၁၉၉၈)

http://www.dhammadownload.com



၄၂။ ကိုးကွယ်ရာသခင် ဘုရားရှင်ကို ဖူးမြင်ရသောအခါ ဖြစ်နိုင်သော တဒါရုံစိတ်တို့ကို ဖော်ပြ၍ အစဆုံး ကမ္မဋ္ဌာန်းအားထုတ်မှုရှိသော ယောဂီပုဂ္ဂိုလ်၏ ရှေးဦးစွာသော အပ္ပနာ၌ ဇောနိုင်သောဇောတို့ကို အကြိမ်နှင့်တကွ ဖော်ပြပါ၊ (၁၉၉၈)

၄၃။ 'လူချင်းတူသော်လည်း အသက်ရှူချင်း ကွာသည်' ဟု ပြောဆိုကြရာ ထိုစကားမှန်ကန်ပုံကို ဒွိဟိတ် တိဟိတ်ပုဂ္ဂိုလ်တို့ကို ပမာပြုကာ ပုဂ္ဂလဘေဒလာသည့်အတိုင်း ရှင်းပြ၍ ရူပဗြဟ္မာကြီးများ စိတ်ဆိုးမှု ရှိ၊ မရှိကိုလည်း ရှင်းပြပါ။ (၁၉၉၈)

၄၄။ ဝီထိစိတ်တို့တွင် မပါဝင်သော စိတ်တို့ကို ဖော်ပြ၍ ထိုစိတ်တို့၏ အာရုံတို့၏ ဖြစ်ခြင်း (ဝိသယပ္ပဝတ္တိ) တို့ကိုလည်း ဖော်ပြပါ။ (၂၀၀၁)

၄၅။ ပရိကမ္မစသည် လေးလီတို့၏ အရကောက်ပရမတ်တရားတို့ကိုဖော်ပြ၍ သမားရိုးကျ ဖြစ်ရိုးဖြစ်စဉ် အာဝဇ္ဇနကဘွင်မဟုတ်ဘဲ လတ်တလောဖြစ်ပေါ်လာသော အာဂန္တုကဘွင်အရကိုလည်း အာရုံနှင့်တကွ တွဲစပ်ဖော်ပြပါ။ (၂၀၀၁)

၄၆။ 'နိရောဓသမာပတ္တိ' ဝယ် 'နိရောဓ — ချုပ်' ဟူသည် အဘယ်တရားတို့ မဖြစ်ခြင်းကို 'ချုပ်' ဟု ဆိုပါသနည်း ရေး၍ 'အသညသတ္တ' ၌ 'အသည' ဟုဆိုသဖြင့် သညာသာမရှိဟု မှတ်ရပါမည်လော ရှင်းလင်းပြပါ။ (၂၀၀၁)

၄၇။ သေးငယ်သောအာရုံ၌ဖြစ်သော ဝီထိစိတ်နှင့် မဖြစ်သော ဝီထိစိတ်တို့ကို ခွဲခြားပြ၍ မိမိစိတ်ကို ရှေးရှုဆောင်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဇောစိတ်တို့ကိုလည်း ဖော်ထုတ်ပြပါ။ (၂၀၀၂)

၄၈။ စင်စစ် အလိုမရှိထိုက်သော အာရုံကို တွေ့မြင်တာချင်းတူပါလျက် နှလုံးသွင်းချင်း မတူပုံကို ပုဂ္ဂိုလ်အလိုက် ခွဲခြားပြ၍ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် တန်ခိုးပြရာအခါ၌ ဇောသော ဇောစိတ်တို့ကိုလည်း အကြိမ်နှင့်တကွ ရေးပြပါ။ (၂၀၀၂)

၄၉။ တစ်ဘဝလုံးအတွက် ဈာန်မဂ်ဖိုလ်ရဖို့ရန် မျှော်လင့်ချက်မရှိသော ပုဂ္ဂိုလ်တို့ကို ထုတ်ပြ၍ သညာမရှိသောသတ္တဝါဟုဆိုကြရာ သညာသာမရှိဟု မှတ်ရပါမည်လော၊ အဘယ်သို့ မှတ်ရပါမည်နည်း ရှင်းလင်းပြပါ။ (၂၀၀၂)

၅၀။ ဝီထိမုတ်စိတ်တို့အတွက် ပြားသော ဝိသယပ္ပဝတ္တိတို့ကိုရေးသားပြ၍ စိတ္တက္ခဏ ၁၇ ချက်တွင် ပါဝင်ပါလျက် ဝီထိစိတ်အရေအတွက်တွင် မပါဝင်သော စိတ်တို့၏အမည်တို့ကိုလည်း ရေးသားပြပါ။ (၂၀၀၃)

http://www.dhammadownload.com



၅၁။ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူအား ဒေါသဇောဇောနေသည့်အတွက် ထိုဇောနှောင် တဒါရုံဖြစ်ခွင့်မရဘဲ အခက်အခဲကြုံရာအခါဝယ် မည်ကဲ့သို့ ပြုလုပ်ရမည်ကို ဖြေရှင်းပြ၍ သမာပတ်များအတွင်း ဈာန်ဇော, ဖိုလ်ဇောများ မည်မျှဖြစ်နိုင်ပါသနည်း၊ ရှင်းပြပါ။ (၂၀၀၃)

၅၂။ 'မဂ်စိတ်ဖြစ်ကြား တဖွားဖွား' ဟူသောစကား မှန်, မမှန်ကို စိစစ်ဝေဖန်ပြ၍ ရူပဘုံ၌ မရနိုင်သောစိတ်တို့ကိုလည်း တိကျစွာ ရေးပြပါ။ (၂၀၀၃)

ဝ

http://www.dhammadownload.com

အခန်း (၅)

# ဝီထိမုတ်ပိုင်း (ဝါ) ဘုံပိုင်း

## ဝီထိမုတ်စိတ်များ

ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကို ဆောင်ရွက်ကြသော ဥပေက္ခာသန္တီရဏစိတ် နှစ်ပါး, မဟာဝိပါက်စိတ် ရှစ်ပါးနှင့် မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါးတို့သည် အခြားမဲ့သော အတိတ်ဘဝက မရဏာသန္နဇော ယူပေးခဲ့သည့် ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်တစ်ပါးပါးကို အာရုံပြုကြ၏။ ထိုသို့အာရုံပြုနေသည်ကို ကျွန်ုပ်တို့ မသိရှိကြပါ။

ထို့အပြင် ဘဝင်ကိစ္စတပ်နေသည့်အခိုက်၌ အဆိုပါစိတ် ၁၉ ပါးတို့ကို မနောဒွါရဟု ခေါ်ဆိုရ၏။ မိမိကိုယ်တိုင် ဒွါရဖြစ်နေသော ဤစိတ်တို့သည် ဝီထိစိတ်အစဉ်တွင် မပါဝင်နိုင်ကြပါ။

အထက်ပါအကြောင်းတို့ကြောင့် ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ကြသော စိတ် ၁၉ ပါးတို့ကို ဝီထိမုတ္တ = ဝီထိမုတ် = ဝီထိမှလွတ်ကင်းသောစိတ်များဟု ခေါ်ဆိုကြ၏။

ဤဝီထိမုတ်စိတ်တို့ကို ဆွေးနွေးတင်ပြသည့် ဤအပိုင်းအခန်း၌ ကံအကြောင်းနှင့်တကွ ဘုံများအကြောင်းလည်း ကျယ်ဝန်းစွာ ပါဝင်၏။ သို့အတွက် ဤအပိုင်းကို 'ဝီထိမုတ်ပိုင်း' ဟုလည်းကောင်း၊ 'ဘုံပိုင်း' ဟုလည်းကောင်း အမည်ပေးကြ၏။

## စတုက္ကလေးလီ

* ဘုံပိုင်း၌ပါဝင်သည့် စတုက္ကလေးမျိုးကား အဘယ်နည်း။

(၁) ဘူမိစတုက္က = ဘုံလေးမျိုး၊

(၂) ပဋိသန္ဓေစတုက္က = ပဋိသန္ဓေလေးမျိုး၊

http://www.dhammadownload.com



(၃) ကမ္မစတုက္က = ကံလေးမျိုးနှင့်
(၄) မရဏုပ္ပတ္တိစတုက္က = သေခြင်းအကြောင်းလေးမျိုးတို့ဖြစ်ကြ၏။

ဘုံလေးမျိုး

'ဘူမိ = ဘုံ' ဟူသည်မှာ သတ္တဝါတို့၏ ဖြစ်ရာတည်ရာ လှည့်လည်ကျက်စားရာ နေရာဌာနဖြစ်၏။

* ဘူမိစတုက္က၌ပါဝင်ကြသော ဘုံလေးပါးတို့ကား...

(၁) အပါယ်ဘုံ = ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဟူ၍ အပါယ်လေးဘုံရှိ၏။ ကာမဒုဂ္ဂတိဘုံဟုလည်း ခေါ်၏။

(၂) ကာမသုဂတိဘုံ = လူ့ဘုံနှင့် နတ်ပြည် ခြောက်ထပ်တို့ ပါဝင်ကြ၏။

(၃) ရူပဘုံ = ပထမဈာန်သုံးဘုံ, ဒုတိယဈာန်သုံးဘုံ, တတိယဈာန်သုံးဘုံနှင့် စတုတ္ထဈာန် ခုနစ်ဘုံဟူ၍ ရူပဗြဟ္မာဘုံ ၁၆ ဘုံတို့ ပါဝင်ကြ၏။

(၄) အရူပဘုံ = အရူပဗြဟ္မာလေးဘုံတို့ ပါဝင်ကြ၏။

သို့အတွက် ဘုံလေးမျိုးတွင် အပါယ်ဘုံလေးဘုံ, ကာမသုဂတိ ခုနစ်ဘုံ, ရူပဗြဟ္မာ ၁၆ ဘုံ, အရူပဗြဟ္မာ လေးဘုံဟူ၍ စုစုပေါင်း ၃၁ ဘုံပါဝင်ကြ၏။ အပါယ်လေးဘုံနှင့် ကာမသုဂတိခုနစ်ဘုံတို့ကို ကာမ ၁၁ ဘုံဟု ခေါ်၏။

အပါယ်လေးဘုံ

အပါယ် = အပါယ = အပ + အယ
= ကင်းသည် + ကုသိုလ်ကောင်းမှု
= ကုသိုလ်ကောင်းမှုပြုခွင့် များစွာမရသောဘုံ။

* အပါယ်လေးဘုံဟူသည်ကား အဘယ်နည်း။

(၁) ငရဲဘုံ = ငရဲကြီးရှစ်ထပ်နှင့် ငရဲငယ် ၁၂၈ ထပ်၊
(၂) တိရစ္ဆာန်ဘုံ = တိရစ္ဆာန်ဘဝအမျိုးမျိုး၊
(၃) ပြိတ္တာဘုံ = ပြိတ္တာဘဝ အမျိုးမျိုး၊
(၄) အသူရကာယ်ဘုံ = အသူရကာယ်ဘဝ အမျိုးမျိုး၊

တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံနှင့် အသူရကာယ်ဘုံတို့သည် ငရဲဘုံကဲ့သို့ ဘုံဌာန သီးခြားမရှိ၊ ခန္ဓာတို့၏ ဖြစ်ခြင်းကိုပင် ဘုံဟုမှတ်ယူရာ၏။ တိရစ္ဆာန်, ပြိတ္တာနှင့်အသူရကာယ်တို့သည် ဤကမ္ဘာမြေပြင်တွင်ပင် ရပ်ရွာ, တောတောင်, လျှိုမြောင် မြစ်ကမ်း စသည်တို့၌ ဖြစ်ပေါ်ကာ ဆင်းရဲစွာ အသက်ရှင်နေကြရ၏။

http://www.dhammadownload.com



### ငရဲဘုံ

နိရယ = ချမ်းသာသုခ ကင်းဝေးခြင်း။

နိရယမှတစ်ဆင့် နိရယ် – နိရဲ – ငရဲဟု အဆင့်ဆင့်ပြောင်းလဲလာသည်။ ထို့ကြောင့် ငရဲဘုံသည် ချမ်းသာမှုလုံးဝကင်းဝေးသော ဘုံဌာနဖြစ်၏။

### ငရဲကြီးရှစ်ထပ်တို့ကား

(၁) သိဉ္စိဝ်း၊ (၂) ကာလသုတ်၊ (၃) သံဃာတ၊ (၄) ရောရုဝ၊ (၅) မဟာရောရုဝ၊ (၆) တာပန၊ (၇) မဟာတာပန၊ (၈) အဝီစိတို့ ဖြစ်ကြ၏။

ဤငရဲရှစ်ထပ်တို့သည် ဤကမ္ဘာမြေပြင်၏ အောက်၌ ယူဇနာပေါင်း ၁၅၀၀၀ ဝေးသောအရပ်မှစ၍ ယူဇနာ ၁၅၀၀၀ စီကွာခြားလျက် အထက်အောက် တည်နေကြ၏။

ငရဲကြီးတစ်ထပ်စီသည် အလျား, အနံ ယူဇနာတစ်သောင်းစီ ကျယ်ဝန်း၏။ တစ်မျက်နှာ, တစ်မျက်နှာ၌ ဘင်ပုပ်ငရဲ, ပြာပူငရဲ, လက်ပံတောငရဲ, ကြိမ်ပိုက်ချောင်းငရဲဟူ၍ ငရဲငယ်လေးထပ်ရှိရာ လေးမျက်နှာအတွက် ငရဲငယ် ၁၆ ထပ်ရှိသည်။ ထို့ကြောင့် ငရဲကြီးရှစ်ထပ်တွင် ငရဲငယ်ပေါင်း ၁၆ x ၈ = ၁၂၈ ထပ် ရှိသည်။

### တိရစ္ဆာန်ဘုံ

တိရစ္ဆာန = တိရော + အစ္ဆန

= အလျားလိုက် + သွားသည် (ဝါ) ရှည်သည်

လူနတ်တို့ကဲ့သို့ အထက်မရှည်၊ မတ်မတ်မသွားဘဲ အလျားလိုက်ရှည်၍အလျားလိုက် သွားသော ခြေလေးချောင်းသတ္တဝါ, ခြေနှစ်ချောင်းသတ္တဝါနှင့် ခြေမရှိသော သတ္တဝါတို့ကို တိရစ္ဆာန်များဟု ခေါ်၏။

တိရစ္ဆာန်ဘုံဟူ၍ သီးခြားမရှိ။ မြေပြင် ရေပြင်နှင့် ကောင်းကင်တို့တွင် လှည့်လည် ကျက်စားကာ နေထိုင်ကြ၏။ တိရစ္ဆာန်တစ်မျိုးစီ၏ စုပေါင်းနေထိုင်ရာအရပ်ကိုပင် 'တိရစ္ဆာန်ဘုံ'ဟု ခေါ်ဆိုအပ်၏။

### ပြိတ္တာဘုံ

ချမ်းသာသုခနှင့်ဝေးကွာနေသော သတ္တဝါကို ပေတ (ဝါ) ပြိတ္တာဟုခေါ်၏။ ထိုပြိတ္တာတို့၏ ဖြစ်ရာဘုံသည် ပေတ္တိဝိသယမည်၏။

ပြိတ္တာတို့သည် အိမ်ကြိုအိမ်ကြားများ၌ သလိပ်, အချွဲ, ထမင်းလုံး ဟင်းပေါက် စသည်တို့ကို ကောက်၍စားသောက်ကြရ၏။ အချို့မှာ မြစ်ချောင်းအင်းအိုင်များ အနီးအပါး၌နေ၍ သားငါးစသည်ကို ရှာဖွေစားသောက်ကြရ၏။ အချို့မှာ တောကြီး တောင်ကြီးများ၌ နေပူခံ, မိုးလောင်ခံ, ညဥ့်းဆဲသတ်ဖြတ်ခြင်းကို ခံ၍ ဆင်းရဲစွာ နေထိုင်ကြရ၏။ ယခုအခါ ပြိတ္တာတို့ကို တစ္ဆေ, သရဲ, သဘက်, အစိမ်း, ဘုတ်, မှင်စာ, ဘီလူး, ဘုမ္မစိုဝ်းနတ် စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်ကြ၏။

http://www.dhammadownload.com



ပြိတ္တာဘုံဟူ၍ သီးခြားမရှိ။ ပြိတ္တာတို့၏ နေရာအရပ်ကိုပင် 'ပြိတ္တာဘုံ' ဟု ခေါ်ဆိုရ၏။

## အသူရကာယ်ဘုံ

အသူရကာယ်ဟူသည်မှာ ပြိတ္တာအကြီးစားဖြစ်၏။ အလွန်ကြီးမားသော ကိုယ်ခန္ဓာနှင့် အပ်နဖားတမျှသေးငယ်သော ပါးစပ်ပေါက်ရှိ၏။ အသူရကာယ်များသည် သမုဒ္ဒရာမြစ်ကမ်းခြေစသောအရပ်တို့၌ နေတတ်ကြ၏။ ရေအနီး၌နေသော်လည်း ရေမသောက်ရ။ ရေထဲသို့ဆင်းသွားလျှင် ရေပျောက်၍ သဲပူကိုသာ တွေ့ရ၏။ စားဖွယ်ဟူသည်မှာ သာ၍ပင် ဝေးတော့၏။ ထိုအသူရကာယ်အပေါင်းတို့၏ နေရာကိုပင် 'အသူရကာယ်ဘုံ' ဟု ခေါ်ဆိုရ၏။ ဘုံသီးခြားမရှိပါ။

## ကာမသုဂတိ ခုနစ်ဘုံ

သု = ကောင်းသော၊ ဂတိ = လားရောက်ရာဘုံ၊

ကောင်းသောလားရောက်ရာဘုံကို သုဂတိဘုံဟု ခေါ်၏။ ကာမဂုဏ်ချမ်းသာကို ခံစားနိုင်သည့် ကာမသုဂတိဘုံ ခုနစ်ဘုံရှိသည်။ ၎င်းတို့မှာ–

(၁) လူ့ဘုံ၊

(၂) စတုမဟာရာဇ်နတ်ဘုံ၊

(၃) တာဝတိံသာနတ်ဘုံ၊

(၄) ယာမာနတ်ဘုံ၊

(၅) တုသိတာနတ်ဘုံ၊

(၆) နိမ္မာနရတိနတ်ဘုံ၊

(၇) ပရနိမ္မိတဝသဝတ္တိနတ်ဘုံတို့ ဖြစ်ကြ၏။

ရဲရင့်သော ဂုဏ်ထူး၊ သတိ၊ ပညာ စသော လောကုတ္တရာဂုဏ်ထူး၊ ရဟန်းသာမဏေ ဖြစ်နိုင်သောဂုဏ်ထူးတို့နှင့်တကွ မြတ်သောစိတ်ရှိသောကြောင့် လူကို မနုဿဟု ခေါ်ရ၏။ လူတို့၏ နေရာဖြစ်သော **လူ့ဘုံ**သည် မြင်းမိုရ်တောင်၏ အရပ်လေးမျက်နှာ၌ တည်ရှိကြသည့် စကြဝဠာကျွန်းများဖြစ်၏။

နတ်မင်းကြီးလေးယောက်တို့၏ နေရာအရပ်၌ ဖြစ်ပေါ်ကြပြီး ထိုနတ်မင်းကြီးတို့ကို ခစားကြရသော နတ်တို့သည် စတုမဟာရာဇ်နတ်များဟု အမည်ရကြ၏။ **စတုမဟာရာဇ်နတ်ဘုံ**သည် ဤလူ့ပြည်မှအထက် ယူဇနာ လေးသောင်းနှစ်ထောင်မြင့်သော ယုဂန္ဓိုရ်တောင်ထိပ်မှစ၍ (ဝါ) မြင်းမိုရ်တောင်၏ အလယ်ခါးပန်းမှစ၍ မြေပြင်ရောက်သည်အထိ ကောင်းကင်ပြင်၌ တည်၏။ စကြဝဠာတံတိုင်းတိုင်အောင် ကျယ်ပြန့်၏။

မဃလုလင်နှင့်တကွ ကောင်းမှုပြုဘက် သုံးကျိပ်သုံးယောက်သောသူတို့၏ စံမြန်းရာ နေရာဖြစ်သောဘုံကို **တာဝတိံသာဘုံ**ဟုခေါ်၏။ တာဝတိံသာနတ်ဘုံသည် ယူဇနာ

http://www.dhammadownload.com



ရှစ်သောင်းလေးထောင်မြင့်သော မြင်းမိုရ်တောင်၏ တောင်ထိပ်မှစ၍ စကြဝဠာတံတိုင်း အထိ ကောင်းကင်၌ ပျံ့နှံ့တည်နေ၏။

သမုဒ္ဒရာထဲသို့ ယူဇနာရှစ်သောင်းလေးထောင် စူးဝင်သွားသော မြင်းမိုရ်တောင်၏ ခြေရင်း၌ ယူဇနာတစ်သောင်းကျယ်ဝန်းသော ဥမင်လိုဏ်တွင် အသူရာနတ်ဘုံတည်ရှိ၏။ ထိုအသူရာနတ်တို့သည် တာဝတိံသာနတ်တို့နှင့် အဆင်းသဏ္ဍာန်, သက်တမ်း, ဘုန်းတန်ခိုး တူမျှခြင်းကြောင့် တာဝတိံသာနတ်တွင် အကျုံးဝင်ကြ၏။

ပူပန်ထန်ပြင်း, ဆင်းရဲခြင်းအဝဝတို့မှ ကင်းလွတ်၍ နတ်ချမ်းသာအဝဝကိုပြည့်စုံစွာ ခံစားရသောဘုံတို့သည် **ယာမာနတ်ဘုံ**ဖြစ်၏။ ယာမာနတ်ဘုံသည် တာဝတိံသာဘုံအထက် ယူဇနာလေးသောင်းနှစ်ထောင်ကွာဝေးသော ကောင်းကင်ပြင်၌ ပျံ့နှံ့၍ တည်၏။

စည်းစိမ်ရိပ်ငြိမ်အထွေထွေသော ဂုဏ်သိန်တို့နှင့်ပြည့်စုံကာ နှစ်သက်ခြင်းသို့ ရောက်ကြသော နတ်တို့ကို တုသိတာနတ်များဟု ခေါ်၏။ **တုသိတာနတ်ဘုံ**သည် ယာမာနတ်ဘုံအထက် ယူဇနာလေးသောင်းနှစ်ထောင်ကွာဝေးသော ကောင်းကင်ပြင်၌ ပျံ့နှံ့၍ တည်၏။

မိမိတို့ဖန်ဆင်းသော နတ်ဘုံနတ်နန်းတို့၌ မွေ့လျော်ကြသော နတ်တို့ကို နိမ္မာနရတိနတ်များဟု ခေါ်၏။ **နိမ္မာနရတိနတ်ဘုံ**သည် တုသိတာနတ်ဘုံအထက် ယူဇနာလေးသောင်းနှစ်ထောင်ကွာဝေးသော ကောင်းကင်ပြင်၌ ပျံ့နှံ့၍တည်၏။

သူတစ်ပါးတို့ဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာ၌ မိမိ၏အလိုသို့ လိုက်စေတတ်သော နတ်တို့ကို **ပရနိမ္မိတဝသဝတ္တီ**နတ်များဟု ခေါ်၏။ ထိုနတ်တို့၏ဘုံသည် နိမ္မာနရတိနတ်ဘုံအထက် ယူဇနာလေးသောင်းနှစ်ထောင်ကွာဝေးသော ကောင်းကင်ပြင်၌ ပျံ့နှံ့၍ တည်၏။

### ရူပဗြဟ္မာဘုံ ၁၆ ဘုံ

(၁) ပထမဈာန်သုံးဘုံ = ဗြဟ္မပါရိသဇ္ဇာဘုံ, ဗြဟ္မပုရောဟိတာဘုံ, မဟာဗြဟ္မာဘုံ၊

(၂) ဒုတိယဈာန်သုံးဘုံ = ပရိတ္တာဘာဘုံ, အပ္ပမာဏာဘာဘုံ, အာဘဿရာဘုံ၊

(၃) တတိယဈာန်သုံးဘုံ = ပရိတ္တသုဘာဘုံ, အပ္ပမာဏသုဘာဘုံ, သုဘကိဏှာဘုံ၊

(၄) စတုတ္ထဈာန် ခုနစ်ဘုံ = ဝေဟပ္ဖိုလ်ဘုံ, အသညသတ်ဘုံ, သုဒ္ဓါဝါသငါးဘုံ၊

သုဒ္ဓါဝါသငါးဘုံမှာ အဝိဟာဗြဟ္မာဘုံ, အတပ္ပာဗြဟ္မာဘုံ, သုဒဿာဗြဟ္မာဘုံ, သုဒဿီဗြဟ္မာဘုံနှင့် အကနိဋ္ဌဗြဟ္မာဘုံတို့ ဖြစ်ကြ၏။

http://www.dhammadownload.com



**ရှင်းလင်းချက်**

(၁) မဟာဗြဟ္မာတို့၏ အလုပ်အကျွေးပရိသတ်ဖြစ်ကြသော ဗြဟ္မာတို့ကို **ဗြဟ္မပါရိသဇ္ဇာ**ဟု ခေါ်၏။

မဟာဗြဟ္မာတို့၏ ပုရောဟိတ်အရာ၌တည်ကြသော ဗြဟ္မာတို့ကို **ဗြဟ္မပုရောဟိတာ**ဟု ခေါ်၏။

ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့ထက် အသက်ရှည်ခြင်း, အဆင်းလှခြင်း စသည်တို့ဖြင့် သာလွန်မြင့်မြတ်သော ဗြဟ္မာတို့ကို **မဟာဗြဟ္မာ**ဟု ခေါ်၏။

ဤဗြဟ္မာသုံးဦးတို့၏ မြတ်သောရတနာရောင်တို့ဖြင့် တောက်ပသော ဘုံများသည် ပရနိမ္မိတဝသဝတ္တီနတ်ဘုံအထက် ယူဇနာငါးသန်းငါးသိန်းရှစ်ထောင် ကွာဝေးသော ကောင်းကင်အရပ်၌ တစ်ပြင်တည်းတည်ရှိကြ၏။

(၂) အပ္ပမာဏာဘာ, အာဘဿရာ ဗြဟ္မာတို့အောက် နည်းသောအရောင်အလင်းရှိကြသော ဗြဟ္မာတို့ကို **ပရိတ္တာဘာ** ဟု ခေါ်၏။

အတိုင်းအရှည်မရှိသောအရောင်ရှိကြသည့် ဗြဟ္မာတို့ကို **အပ္ပမာဏာဘာ** ဟု ခေါ်၏။

ကိုယ်ရောင်ကိုယ်ဝါတို့သည် ထိုမှဤမှ ထွက်ကာ ထွန်းလင်းတတ်သော ဗြဟ္မာတို့ကို **အာဘဿရာ**ဟု ခေါ်၏။

ဤဗြဟ္မာသုံးဦးတို့၏ အထူးသဖြင့် မြတ်သောရတနာရောင်တို့ဖြင့် တောက်ပသော ဘုံများသည် ပထမဈာန်ဘုံအထက် ယူဇနာငါးသန်းငါးသိန်းရှစ်ထောင် ကွာဝေးသော ကောင်းကင်အရပ်၌ တစ်ပြင်တည်းတည်ရှိကြ၏။

(၃) အထက်ဘုံ၌ဖြစ်ကြသော ဗြဟ္မာတို့အောက် နည်းသော တစ်ခဲနက်ဖြစ်၍ မတုန်မလှုပ် တင့်တယ်ကောင်းမြတ်သော ကိုယ်ရောင်ရှိကြသည့် ဗြဟ္မာတို့ကို **ပရိတ္တသုဘာ** ဟု ခေါ်၏။

အတိုင်းအရှည်မရှိသောတစ်ခဲနက်ဖြစ်၍ မတုန်မလှုပ်တင့်တယ်ကောင်းမြတ်သည့် ကိုယ်ရောင်ရှိကြသော ဗြဟ္မာတို့ကို **အပ္ပမာဏသုဘာ** ဟု ခေါ်၏။

တစ်ခဲနက်ဖြစ်၍ မတုန်မလှုပ်တင့်တယ်ကောင်းမြတ်သည့် ကိုယ်ရောင်တို့ဖြင့် ထက်ဝန်းကျင်ပြွမ်းသော ဗြဟ္မာတို့ကို **သုဘကိဏှာ** ဟု ခေါ်၏။

ဤဗြဟ္မာသုံးဦး၏ အထူးသဖြင့် မြတ်သောရတနာရောင်တို့ဖြင့် တောက်ပသော ဘုံများသည် ဒုတိယဈာန်ဘုံအထက် ယူဇနာငါးသန်းငါးသိန်းရှစ်ထောင် ကွာဝေးသည့် ကောင်းကင်အရပ်၌ တစ်ပြင်တည်းတည်ရှိကြ၏။

(၄) ဈာန်၏ အာနုဘော်ကြောင့်ဖြစ်သော ကြီးကျယ်ပြန့်ပြောသည့် အကျိုးရှိသော ဗြဟ္မာတို့ကို **ဝေဟပ္ဖိုလ်ဗြဟ္မာများ** ဟု ခေါ်၏။

http://www.dhammadownload.com



သညာ၌ ရွံရှာစက်ဆုပ်သော ဘာဝနာ၏ အစွမ်းဖြင့် သညာနှင့်တကွသော နာမ်ခန္ဓာတို့ မရှိသော သတ္တဝါလည်းဖြစ်ကြသော ပြဟ္မာတို့ကို **အသညာသတ္တပြဟ္မာ** ဟု ခေါ်၏။

ဤပြဟ္မာနှစ်ဦးတို့၏ အထူးသဖြင့် အလွန်မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသောဘုံများသည် တတိယစျာန်ဘုံအထက် ယူဇနာငါးသန်း ငါးသိန်း ရှစ်ထောင် ကွာဝေးသော ကောင်းကင်အရပ်၌ တစ်ပြင်တည်းတည်ရှိကြ၏။

သုဒ္ဓါဝါသ ငါးဘုံတို့သည် ကာမရာဂါနုသယ, ပဋိဃာနုသယတို့ မရှိသဖြင့် အလွန်စင်ကြယ်တော်မူကြသော အနာဂါမ်ရဟန္တာများ၏ ဘုံနေရာများဖြစ်ကြ၏။ ထိုဘုံတို့အနက် **အဝိဟာ** ဘုံသည် ဝေဟပ္ဖိုလ်ဘုံအထက် ယူဇနာငါးသန်းငါးသိန်း ရှစ်ထောင် ကွာဝေးသော ကောင်းကင်အရပ်၌ တည်၏။ ထိုမှတစ်ဖန် **အတပ္ပါဘုံ, သုဒဿာဘုံ, သုဒဿီဘုံ** နှင့် **အကနိဋ္ဌဘုံ** တို့သည် ယူဇနာငါးသန်းငါးသိန်းရှစ်ထောင်စီ အဆင့်ဆင့် မြင့်တက်လျက် ကောင်းကင်အရပ်၌ တည်ရှိကြ၏။

## အရူပပြဟ္မာလေးဘုံ

(၁) **အာကာသာနဉ္စာယတနဘုံ** = အာကာသာနဉ္စာယတနစျာန်ကို ရရှိထားသည့် ပုဂ္ဂိုလ်များ စုတေကြသောအခါ လားရောက်ရာဘုံ။

(၂) **ဝိညာနဉ္စာယတနဘုံ** = ဝိညာနဉ္စာယတနစျာန်ကို ရရှိထားသည့် ပုဂ္ဂိုလ်များ စုတေကြသောအခါ လားရောက်ရာဘုံ။

(၃) **အာကိဉ္စညာယတနဘုံ** = အာကိဉ္စညာယတနစျာန်ကို ရရှိထားသည့် ပုဂ္ဂိုလ်များ စုတေကြသောအခါ လားရောက်ရာဘုံ။

(၄) **နေဝသညာနာသညာယတနဘုံ** = နေဝသညာနာသညာယတနစျာန်ကို ရရှိထားသည့် ပုဂ္ဂိုလ်များ စုတေကြသောအခါ လားရောက်ရာဘုံ။

ဤအရူပပြဟ္မာလေးဘုံတို့သည် အကနိဋ္ဌဘုံအထက် ယူဇနာငါးသန်း ငါးသိန်း ရှစ်ထောင်စီ အဆင့်ဆင့်မြင့်တက်လျက် ကောင်းကင်အရပ်၌ တည်ရှိကြ၏။

အရူပပြဟ္မာများသည် ဘာဝနာအစွမ်းဖြင့် ရုပ်ခန္ဓာကို ပယ်ရှားထားကြသည့်အတွက် ရုပ်ခန္ဓာမရှိဘဲ နာမ်ခန္ဓာလေးပါးသာ ရှိကြ၏။

အထက်ဆုံးဘုံဖြစ်သော နေဝသညာနာသညာယတနဘုံသည် ဘုံတကာတို့၏ ထိပ်ဖျားဖြစ်သည့်အတွက် ဘဝဂ်ဟု အမည်ရ၏။

လူ့ပြည်မှ ဘဝဂ်သို့ ယူဇနာ ခုနစ်ကုဋေ တစ်သန်း ရှစ်သိန်း ငါးသောင်း ခြောက်ထောင် ကွာဝေး၏။

လူ့ပြည်မှ အဝီစိသို့ ယူဇနာ တစ်သိန်းနှစ်သောင်း ကွာဝေး၏။

http://www.dhammadownload.com



## ဘုံနှင့် ပုဂ္ဂိုလ်သရုပ်

* ဘုံ ၃၁ ဘုံတွင် အပါယ်ဘုံ၌ပုဂ္ဂိုလ်အဘယ်မျှ ရအပ်သနည်း။

(၁) အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တစ်ပါးကိုသာ ရအပ်၏။

(၂) လူ့ဘုံနှင့် စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကြဉ်သော တစ်ကျိပ်နှင့် တစ်ပါးသောပုဂ္ဂိုလ်တို့ကို ရအပ်၏။

(၃) အထက်နတ်ပြည်ငါးထပ်၌ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ကြဉ်သောတစ်ကျိပ်သော ပုဂ္ဂိုလ်တို့ကို ရအပ်၏။

နတ်ပြည်၌ ဧရာဝဏ်ဆင်မင်း, သိန္ဓောမြင်း, ကျေးငှက်စသည်တို့မှာ တိရစ္ဆာန်အစစ်များ မဟုတ်ကြပါ။ ဘုန်းတန်ခိုးကြီးမားသော နတ်တို့၏ အကျိုးငှာ ဘုန်းတန်ခိုးသေးငယ်သော နတ်တို့က တိရစ္ဆာန်ယောင် ဖန်ဆင်းထားခြင်းသာ ဖြစ်ပါသည်။

(၄) အသညသတ်ဘုံနှင့် သုဒ္ဓါဝါသ ငါးဘုံတို့မှကြွင်းသော ရူပဗြဟ္မာ ၁၀ ဘုံတို့၌ အရိယာပုဂ္ဂိုလ်ရှစ်ပါး, ပုထုဇဉ်တိဟိတ်တစ်ပါးဟူ၍ ပုဂ္ဂိုလ်ကိုးပါးတို့ကို ရအပ်သည်။ အသညသတ်ဘုံ၌ ရုပ်ဖြင့်ပဋိသန္ဓေနေသော သုဂတိအဟိတ်ပုဂ္ဂိုလ်တစ်ပါးကိုသာ ရအပ်၏။

(၅) အရူပလေးဘုံ၌ သောတာပတ္တိမဂ်ပုဂ္ဂိုလ်ကြဉ်သော အရိယာခုနစ်ပါးနှင့် ပုထုဇဉ်တိဟိတ်တစ်ပါးဟူ၍ ပုဂ္ဂိုလ်ရှစ်ပါးကို ရအပ်၏။

**မှတ်ချက်။** ။ သုဒ္ဓါဝါသ ငါးဘုံတို့၌ ပုထုဇဉ်, သောတာပန်နှင့် သကဒါဂါမ် ပုဂ္ဂိုလ်တို့ကို မရနိုင်။ အသညသတ်ဘုံနှင့် အပါယ်လေးဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့ကို မရနိုင်။ ထို ၅+၅=၁၀ ဘုံတို့မှ ကြွင်းသော ၂၁ ဘုံတို့၌သာ အရိယာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း ဖြစ်နိုင်ကြကုန်၏။

## ပဋိသန္ဓေလေးပါး

* ပဋိသန္ဓိစတုက္က၌ ပဋိသန္ဓေလေးမျိုးတို့ကား အဘယ်တို့နည်း။
(၁) အပါယ်ပဋိသန္ဓေ၊ (၂) ကာမသုဂတိပဋိသန္ဓေ၊ (၃) ရူပပဋိသန္ဓေနှင့် (၄) အရူပ ပဋိသန္ဓေတို့ပါတည်း။

* ဤပဋိသန္ဓေလေးပါးတွင် အဘယ်စိတ်ကို အပါယ်ပဋိသန္ဓေစသည် ခေါ်ပါသနည်း။

(၁) အကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏအဟိတ်စိတ်ကို အပါယ်ပဋိသန္ဓေ (ဝါ) ကာမဒုဂ္ဂတိပဋိသန္ဓေဟုခေါ်၏။ အပါယ်ဘုံသားတို့သည် ဤအဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

http://www.dhammadownload.com



(၂) ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏအဟိတ်စိတ်ကို ကာမသုဂတိ အဟိတ်ပဋိသန္ဓေဟု ခေါ်၏။ ကာမသုဂတိလူ့ဘုံနှင့် စတုမဟာရာဇ်ဘုံတို့၌ ပဋိသန္ဓေအားဖြင့် မျက်စိကန်းသောသူ၊ နားပင်းသောသူ၊ ဆွံ့အသောသူ၊ ရူးသောသူ၊ နပုန်းပဏ္ဍုက်၊ ဥဘတောဗျည်း စသောလူတို့သည် လည်းကောင်း၊ အချို့သော ဘုတ်၊ မှင်စာ၊ တစ္ဆေ၊ အစိမ်း၊ သရဲ၊ ဘီလူး စသည့် ဝိနိပါတိကအသုရာတို့သည်လည်းကောင်း ဤအကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏအဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

မဟာဝိပါက်စိတ်ရှစ်ပါးတို့ကို ကာမသုဂတိသဟိတ် ပဋိသန္ဓေဟုခေါ်ပါသည်။ ကာမသုဂတိခုနစ်ဘုံ၌ အာယတနပြည့်စုံသော (ဝါ) အင်္ဂါပြည့်စုံသော လူနတ်တို့သည် ဤမဟာဝိပါက်သဟိတ်စိတ် ရှစ်ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေကြ၏။

(၃) ရူပဝိပါက်ငါးပါးကို ရူပပဋိသန္ဓေဟု ခေါ်၏။

ပထမဈာန်သုံးဘုံ ဖြဟ္မာတို့သည် ရူပပထမဈာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

ဒုတိယဈာန်သုံးဘုံဖြဟ္မာတို့သည် ဒုတိယဈာန်ဝိပါက်၊ တတိယဈာန်ဝိပါက်စိတ်နှစ်ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေကြ၏။

တတိယဈာန်သုံးဘုံ ဖြဟ္မာတို့သည် စတုတ္ထဈာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

အသညသတ်ဘုံမှကြွင်းသော စတုတ္ထဈာန်ဖြဟ္မာတို့သည် ပဉ္စမဈာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

အသညသတ်ဖြဟ္မာတို့သည် ရုပ်ဖြင့်သာလျှင် ပဋိသန္ဓေနေကြ၏။ စိတ်မရှိကြပါ။

(၄) အရူပဝိပါက်စိတ်လေးပါးကို အရူပပဋိသန္ဓေဟု ခေါ်ပါသည်။

အာကာသာနဉ္စာယတနဖြဟ္မာတို့သည် အာကာသာနဉ္စာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

ဝိညာဉ္စာယတနဖြဟ္မာတို့သည် ဝိညာဏဉ္စာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

အာကိဉ္စညာယတနဖြဟ္မာတို့သည် အာကိဉ္စညာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

နေဝသညာနာသညာယတနဖြဟ္မာတို့သည် နေဝသညာနာသညာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

http://www.dhammadownload.com



ရှင်းလင်းချက်များ

(၁) အပါယ်ဒုဂ္ဂတိပဋိသန္ဓေတစ်ပါး၊ ကာမသုဂတိအဟိတ်ပဋိသန္ဓေတစ်ပါးနှင့်ကာမသုဂတိသဟိတ်ပဋိသန္ဓေရှစ်ပါးတို့ကိုပေါင်း၍ ကာမပဋိသန္ဓေ ၁၀ ပါးဟု ခေါ်၏။

(၂) ရူပပဋိသန္ဓေစိတ်ငါးပါးနှင့် ရုပ်ပဋိသန္ဓေတစ်ပါးတို့ကို ပေါင်း၍ ရူပပဋိသန္ဓေ ခြောက်ပါးဟု ခေါ်၏။

(၃) ကာမပဋိသန္ဓေ ၁၀ ပါး, ရူပ ပဋိသန္ဓေခြောက်ပါးနှင့် အရူပပဋိသန္ဓေလေးပါးတို့ကို ပေါင်းသော် ပဋိသန္ဓေ ၂၀ ရ၏။

ပဋိသန္ဓေစိတ် ၁၉ ပါးသာရှိပါသော်လည်း အသညသတ်ရုပ် ပဋိသန္ဓေတစ်ပါး တိုးလာသည့်အတွက် ပဋိသန္ဓေ ၂၀ ဖြစ်လာရခြင်းဖြစ်၏။

(၄) ကာမသုဂတိလူ့ဘုံနှင့် စတုမဟာရာဇ်ဘုံ၌ ပဋိသန္ဓေအားဖြင့် ကန်းသောသူ, နားပင်းသောသူ, အ သောသူ, ဆွံ့သောသူ, ရူးသောသူ, နပုန်းပဏ္ဍုက်, ဥဘတောဗျည်း တို့သည်လည်းကောင်း၊ အချို့သော ဘုတ်, မှင်စာ, တစ္ဆေ, အစိမ်း, သရဲ, ဘီလူး, ဘုမ္မစိုဝ်း, နတ်တို့သည်လည်းကောင်း၊ ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏအဟိတ်စိတ်တို့ဖြင့် ပဋိသန္ဓေနေကြ၏။

ကာမသုဂတိ ခုနစ်ဘုံလုံး၌ အာယတနပြည့်စုံသော (အင်္ဂါစုံသော) လူနတ်တို့သည် မဟာဝိပါက်သဟိတ်စိတ် ရှစ်ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေကြ၏။

(၅) ရူပပဋိသန္ဓေနှင့် ရူပဘုံတို့၏အမည် ကွဲလွဲနေရခြင်းအကြောင်းမှာ ရူပဈာန်များကို ငါးပါးတစ်နည်း၊ လေးပါးတစ်နည်းဟူ၍ ရေတွက်သည့် နည်းနှစ်နည်း ရှိသောကြောင့်ဖြစ်၏။ လေးပါးရေတွက်သောနည်းတွင် ပဋိသန္ဓေနှင့် ဘုံအမည် တူကြ၏။

| ဈာန်အင်္ဂါ | ရူပဈာန်ငါးပါး ရေတွက်နည်း | ရူပါဈာန်လေးပါး ရေတွက်နည်း |
|---|---|---|
| ငါးပါး | ပထမဈာန် | ပထမဈာန် |
| ဝိတက်မပါ | ဒုတိယဈာန် | ... |
| ဝိတက်၊ ဝိစာရမပါ | တတိယဈာန် | ဒုတိယဈာန် |
| ဝိတက်၊ ဝိစာရ၊ ပီတိ မပါ | စတုတ္ထဈာန် | တတိယဈာန် |
| ဝိတက်၊ ဝိစာ၊ ပီတိ၊ သုခ မပါ | ပဉ္စမဈာန် | စတုတ္ထဈာန် |

(၆) ပဋိသန္ဓေတည်စဉ်အခါ၌ စက္ခုဖြစ်ချိန်တွင် အကုသိုလ်ကံ တားမြစ်၍ စက္ခုမဖြစ်ဘဲ အကန်းအနေဖြင့် မွေးဖွားလာသောသူကို **ဇစ္စန္ဓပုဂ္ဂိုလ်**ဟု ခေါ်၏။ ထို့အတူ ပဋိသန္ဓေအားဖြင့် နားပင်းသူကို **ဇစ္စဗဓိရ**ဟု ခေါ်၏။

http://www.dhammadownload.com



ပဋိသန္ဓေအားဖြင့် ဃာနပသာဒချို့ယွင်းသောသူကို **ဇစ္စဃာန** ဟု ခေါ်၏။

ပဋိသန္ဓေအားဖြင့် အ,သောသူ (ဝါ) ထစ်အ ၍ စကားမပီသသောသူကို **ဇစ္စမူဂ** ဟု ခေါ်၏။

ပဋိသန္ဓေအားဖြင့် ဆွံ့သောသူ (ဝါ) မူးပဲမျှမသိအောင် အလွန်ဉာဏ်ထိုင်းသူကို **ဇစ္စဠေ** ဟု ခေါ်၏။

ပဋိသန္ဓေအားဖြင့် စိတ်ဖောက်ပြန်နေသော ဝမ်းတွင်းရူးသူကို **ဇစ္စုမ္မတ္တက** ဟု ခေါ်၏။

ကာမဂုဏ်ကို ခံစားလိုသောအခါ ပန်းစုပ်ခြင်း စသည့် ယုတ်မာသောအမှုမျိုးကို ပြုလုပ်မှသာ လျှင် ကာမဂုဏ်ခံစားနိုင်သောသူကို **ပဏ္ဍုက်** ဟု ခေါ်၏။

ယောကျ်ားတစ်လ မိန်းမတစ်လ စသည်ဖြင့် ဖြစ်ပျက်ပြောင်းလဲ၍ ယောကျ်ားနှင့် မိန်းမတို့၏ နိမိတ်အင်္ဂါအစုံရှိသူကို **ဥဘတောဗျည်း** ဟု ခေါ်၏။

ယောကျ်ားလည်းမဟုတ် မိန်းမလည်းမဟုတ် နှစ်ပါးစုံမှလွတ်၍ လိင်နှစ်ပါးမှ ကင်းသောသူကို **နပုန်း** ဟု ခေါ်၏။

စကားပြောဆိုရာ၌ စကားတစ်လုံးတစ်လုံးကို အလွန်အားထုတ်၍ ပြောဆိုရပြီးလျှင် ချောချောပြေပြေမရှိဘဲ ထစ်ထစ်ငေါ့ငေါ့ အမျှင်တန်းလန်းနှင့် ဒရွတ်ဆွဲ၍ ပြောဆိုရသူကို **မမ်းစွဲသူ** ဟု ခေါ်၏။

(၇) မြေကြီးနှင့်စပ်သော တောစောင့်, တောင်စောင့်, အိမ်စောင့်, သစ်ပင်စောင့်, မြေစောင့်နတ် ဟူသမျှကို **'ဘုမ္မစိုဝ်း'** ဟု ခေါ်၏။ ဘုမ္မစိုဝ်းနတ်တို့ကို မှီခို၍ နေကြရသော တန်ခိုးနည်းသည့်နတ်တို့ကို ဘုမ္မသိတနတ်ဟု ခေါ်၏။ ဘုမ္မသိတနတ်တို့သည် မိမိတို့၏ ကိုယ်ပိုင်ဘုံဗိမာန်များ မရှိကြသဖြင့် တောတောင်ချုံနွယ် ပိတ်ပေါင်းတို့၌လည်းကောင်း၊ လှိုဂူရိုးမြောင်ရိုး, လိုဏ်အိုဂူအို, ကျောင်းပျက် ကန်ပျက်, သုသာန် သချိုင်း စသည်တို့၌လည်းကောင်း မှီခိုကပ်ရပ်၍ ဆင်းရဲစွာ နေကြရ၏။ ထိုနတ်တို့ကို ယခုကာလ၌ တစ္ဆေသရဲစသည်ဖြင့် ခေါ်ဆိုကြ၏။ ထို တစ္ဆေသရဲဟု ခေါ်သော ဘုမ္မသိတနတ်တို့သည် ချမ်းသာအပေါင်းမှ ရွေ့လျား ကင်းကွာတတ်သောကြောင့် ဝိနိပါတိကအသူရာ မည်ကုန်၏။

## ပဋိသန္ဓေတည်နေပုံ လေးမျိုး

အပါယ်ပဋိသန္ဓေ, ကာမသုဂတိပဋိသန္ဓေ, ရူပပဋိသန္ဓေ, အရူပပဋိသန္ဓေ ဟူသည့် ပဋိသန္ဓေလေးမျိုးတွင် ပဋိသန္ဓေစိတ် ၁၉ ပါးနှင့် ရုပ်ပဋိသန္ဓေတစ်ပါး၊ ပေါင်း ၂၀ ပါး ရှိကြောင်းကို ဖော်ပြခဲ့ပေပြီ။

တည်နေပုံအခြင်းအရာအားဖြင့် ပဋိသန္ဓေတို့ကို အောက်ပါအတိုင်း လေးမျိုး ခွဲခြားနိုင်သည်။

http://www.dhammadownload.com



(၁) **အဏ္ဍဇပဋိသန္ဓေ** = ဥခွံအတွင်း၌ ပဋိသန္ဓေတည်ခြင်း။
(၂) **ဇလာဗုဇပဋိသန္ဓေ** = သားအိမ်တွင်း၌ ပဋိသန္ဓေတည်ခြင်း။
(၃) **သံသေဒဇပဋိသန္ဓေ** = သစ်ခေါင်း, သစ်သီး, ပန်းပွင့်, ရွှံ့ညွန်စသည်တို့၌ ပဋိသန္ဓေတည်ခြင်း။
(၄) **ဥပပတ်ပဋိသန္ဓေ** = အရွယ်ရောက်ပြီးသောကိုယ်ဖြင့် ကောင်းကင်မှ ခုန်ချလာသကဲ့သို့ ဘွားခနဲအထင်အရှားဖြစ်ခြင်း။

ဘုံသားနှင့် ပဋိသန္ဓေ

(၁) ငရဲသားတို့သည် ဥပပတ်ပဋိသန္ဓေတစ်ပါးတည်းဖြင့် ဖြစ်ပေါ်ကြ၏။
(၂) ပြိတ္တာနှင့် အသူရကာယ်တို့သည် ဇလာဗုဇ, ဥပပတ်ပဋိသန္ဓေနှစ်ပါးဖြင့် ဖြစ်ပေါ်ကြ၏။
(၃) တိရစ္ဆာန်တို့သည် အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဥပပတ်ဟူ၍ ပဋိသန္ဓေလေးပါးလုံးဖြင့် ဖြစ်ပေါ်ကြ၏။
(၄) လူတို့သည် ကမ္ဘာဦးအစ၌ ဥပပတ်ပဋိသန္ဓေတစ်ပါးတည်းဖြင့် ဖြစ်ပေါ်ကြ၏။ ထို့နောက် ဇလာဗုဇ, သံသေဒဇပဋိသန္ဓေနှစ်ပါးဖြင့် ဖြစ်ပေါ်ကြ၏။
(၅) ဘုတ်, မှင်စာ, တစ္ဆေ, အစိမ်း, သရဲ, ဘီလူး, ဘုမ္မဗိုဓ်းနတ်တို့သည် ဇလာဗုဇ, ဥပပတ်ပဋိသန္ဓေနှစ်ပါးဖြင့် ဖြစ်ပေါ်ကြ၏။
(၆) အထက်နတ်ဗြဟ္မာတို့သည် ဥပပတ်ပဋိသန္ဓေတစ်ပါးတည်းဖြင့်ဖြစ်ပေါ်ကြ၏။

သတ္တဝါတို့၏ သက်တမ်းများ

(၁) **အပါယ်ဘုံသားတို့၏သက်တမ်း**

ငရဲသား, ပြိတ္တာ, အသူရကာယ်တို့တွင် သတ်မှတ်ထားသောသက်တမ်းများ မရှိကြပါ။ မိမိတို့၏ ကံသာလျှင် သက်တမ်းအတိုင်းအတာဖြစ်ပါသည်။ အသက် အတိုင်းအရှည် အရေအတွက် မမြဲကုန်။

တိရစ္ဆာန်များမှာ အမျိုးပေါင်းမရေမတွက်နိုင်အောင် များပြားလှပါသည်။ အမျိုးဇာတ်အလိုက် ပျမ်းမျှသက်တမ်းကွာခြားကြပါသည်။ သက်တမ်းမည်မျှစီရှိသည်ဟူ၍ ကား ထင်ရှားခြင်းမရှိပါ။

(၂) **လူတို့၏သက်တမ်း**

"ရှေ့ခုနစ်ရာ၊ နောက်ငါးရာ၊ မြောက်မှာ တစ်ထောင်မြဲ" ဟူသော စကားအရ အရှေ့ကျွန်းသားတို့တွင် သက်တမ်း ၇၀၀ နှစ်၊ အနောက်ကျွန်းသားတို့တွင် သက်တမ်း ၅၀၀ နှစ်၊ မြောက်ကျွန်းသားတို့တွင် သက်တမ်း ၁၀၀၀ နှစ်ဟူ၍ အမြဲတည်ရှိကြပါသည်။

http://www.dhammadownload.com



တောင်ကျွန်းသားတို့မှာ သက်တမ်းမမြဲကြပါ။ အသင်္ချေယျတမ်းမှသည် ဆယ်နှစ်တမ်း၊ တစ်ဖန် ဆယ်နှစ်တမ်းမှသည် အသင်္ချေယျတမ်းဟူ၍ ဆုတ်ချည်တက်ချည် ရှိပါသည်။

(၃) စတုမဟာရာဇ်နတ်တို့၏သက်တမ်း

အောက်စတုမဟာရာဇ်နတ်များဖြစ်ကြသော ဘုတ်, မှင်စာ, တစ္ဆေ, သရဲ, အစိမ်း, သဘက်, ဘီလူး, ဘုမ္မစိုဝ်းနတ်တို့တွင် တည်မြဲသောသက်တမ်းအတိုင်းအတာ မရှိကြပါ။ အချို့သော ဘုမ္မစိုဝ်းနတ်တို့သည် ခုနစ်ရက်မျှသာအသက်ရှည်ကြပြီးလျှင် အချို့သော ဘုမ္မစိုဝ်းနတ်တို့သည် အာယုကပ်ပတ်လုံး အသက်ရှည်ကြ၏။

အထက်စတုမဟာရာဇ်နတ်တို့၏ သက်တမ်းမှာ တည်မြဲ၏။ ထိုနတ်တို့၏ နှစ်ဖြင့် ရေတွက်လျှင် အနှစ် ၅၀၀၊ လူတို့၏ နှစ်ဖြင့် ရေတွက်လျှင် အနှစ်ကိုးသန်းရှိ၏။

လူတို့၏ အနှစ် ၅၀ သည် စတုမဟာရာဇ်နတ်တို့၏ တစ်ရက်နှင့် ညီမျှ၏။ ထိုရက်ဖြင့် ရက် ၃၀ လျှင် တစ်လ၊ ၁၂ လလျှင်တစ်နှစ်ဟု ရေတွက်သဖြင့် စတုမဟာရာဇ် နှစ် ၅၀၀ သည် လူတို့၏ နှစ်ကိုးသန်းနှင့် ညီမျှ၏။

(၄) တာဝတိံသာနတ်သက်

လူတို့၏ အနှစ် ၁၀၀ သည် တာဝတိံသာနတ်တို့၏ တစ်ရက်နှင့် ညီမျှ၏။ ထိုရက်ဖြင့် ရက် ၃၀ လျှင် တစ်လ၊ ၁၂ လလျှင် တစ်နှစ်ဟု ရေတွက်၍ အနှစ် ၁၀၀၀ သည် တာဝတိံသာနတ်တို့၏ သက်တမ်းဖြစ်ပါသည်။ လူတို့၏ နှစ်ဖြင့် ရေတွက်လျှင် နှစ်ပေါင်းသုံးကုဋေ ခြောက်သန်း ရှိပါသည်။ (စတုမဟာရာဇ်နတ်သက်၏ လေးဆ ဖြစ်ပါသည်။)

(၅) ယာမာနတ်သက်

လူတို့၏ အနှစ် ၂၀၀ သည် ယာမာနတ်တို့၏ တစ်ရက်နှင့် ညီမျှ၏။ ယာမာနတ်တို့၏သက်တမ်းသည် ယာမာနတ်တို့၏နှစ်ဖြင့် နှစ် ၂၀၀၀ ရှိ၏။ လူတို့၏နှစ်ဖြင့် ရေတွက်သော် နှစ်ပေါင်း ၁၄ ကုဋေ လေးသန်း ရှိပါသည်။ (တာဝတိံသာနတ်သက်၏ လေးဆ ဖြစ်ပါသည်။)

(၆) တုသိတာနတ်သက်

လူတို့၏ နှစ် ၄၀၀ သည် တုသိတာနတ်တို့၏ တစ်ရက်နှင့် ညီမျှ၏။ တုသိတာနတ်တို့၏သက်တမ်းသည် တုသိတာနတ်တို့၏ နှစ်ဖြင့် ၄၀၀၀၊ လူတို့နှစ်ဖြင့် ၅၇ ကုဋေနှင့် ခြောက်သန်းရှိပါသည်။

(၇) နိမ္မာနရတိနတ်သက်

လူတို့၏ နှစ် ၈၀၀ သည် နိမ္မာနရတိနတ်တို့၏ တစ်ရက်နှင့် ညီမျှ၏။ နိမ္မာနရတိ

http://www.dhammadownload.com



နတ်တို့၏ သက်တမ်းသည် ထိုနတ်တို့၏ နှစ်ဖြင့် နှစ်ပေါင်း ၈၀၀၀၊ လူတို့၏ နှစ်ဖြင့် ၂၃၀ ကုဋေ လေးသန်းရှိပါသည်။

(၈) ပရနိမ္မိတဝသဝတ္တီနတ်သက်

လူတို့၏ နှစ် ၁၆၀၀ သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ တစ်ရက်နှင့် ညီမျှ၏။ ထိုနတ်တို့၏ သက်တမ်းသည် ထိုနတ်တို့၏ နှစ်ဖြင့် ရေတွက်သော် နှစ်ပေါင်း ၁၆,၀၀၀၊ လူတို့၏ နှစ်ဖြင့် ရေတွက်သော် နှစ်ပေါင်း ၉၂၁ ကုဋေ ခြောက်သန်းရှိပါသည်။

(၉) ဗြဟ္မာတို့၏သက်တမ်း

ဗြဟ္မာတို့၏ သက်တမ်းများသည် အလွန်ရှည်လျားကြသည့်အတွက် အသင်္ချေယျကပ်, မဟာကပ်တို့ဖြင့် တိုင်းတာဖော်ပြလေ့ရှိကြ၏။

ကပ်တို့သည် (၁) အာယုကပ်၊ (၂) အန္တရကပ်၊ (၃) အသင်္ချေယျကပ်၊ (၄) မဟာကပ် ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် သတ္တဝါတို့၏ သက်တမ်းအသီးသီးကို အာယုကပ်ဟု ခေါ်၏။

လူတို့၏သက်တမ်းဖြင့် အသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်း၊ ဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ ရှည်ကြာသောကာလကို အန္တရကပ်တစ်ခုဟု ခေါ်၏။

အန္တရကပ် ၆၄ ကပ်သည် အသင်္ချေယျကပ်တစ်ကပ်နှင့် ညီမျှ၏။

အသင်္ချေယျကပ် လေးကပ်သည် မဟာကပ်တစ်ကပ် (ဝါ) တစ်ကမ္ဘာနှင့် ညီမျှ၏။ အသင်္ချေယျကပ်ကို တစ်ဖန် လေးမျိုးခွဲခြားပြန်၏။

(က) သံဝဋ္ဋကပ် = ကမ္ဘာကြီး စ ပျက်သည်မှ လုံးဝပျက်သုဉ်းသွားသည်အထိ ရှည်ကြာသော အသင်္ချေယျကပ်။
(ခ) သံဝဋ္ဋဋ္ဌာယီကပ် = ကမ္ဘာကြီးပျက်သုဉ်းပြီး၍ ပျက်ပြီးသည့်အတိုင်း တည်နေသော အသင်္ချေယျကပ်။
(ဂ) ဝိဝဋ္ဋကပ် = ကမ္ဘာပြုမိုး စ ရွာသည့်အချိန်မှစ၍ ကမ္ဘာကြီးအပြည့်အစုံဖြစ်ပေါ်လာသည်အထိ ရှည်ကြာသောအသင်္ချေယျကပ်။
(ဃ) ဝိဝဋ္ဋဋ္ဌာယီကပ် = ကမ္ဘာကြီးအပြည့်အစုံဖြစ်ပြီးသည်မှ ထိုအတိုင်း တည်နေသော အသင်္ချေယျကပ်။

(၁၀) ပဌမဈာန်သုံးဘုံတို့၏ သက်တမ်းများ

ဗြဟ္မပါရိသဇ္ဇာတို့၏ သက်တမ်းသည် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၏ သုံးပုံတစ်ပုံနှင့် ညီမျှ၏။

ဗြဟ္မပုရောဟိတာတို့၏ သက်တမ်းသည် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၏ ထက်ဝက်နှင့် ညီမျှ၏။

http://www.dhammadownload.com



မဟာဗြဟ္မာတို့၏သက်တမ်းသည် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် တစ်ကပ်လုံးနှင့် ညီမျှ၏။

(၁၁) ဒုတိယဈာန်သုံးဘုံတို့၏ သက်တမ်းများ

ပရိတ္တာဘာ ဗြဟ္မာတို့၏သက်တမ်းသည် နှစ်ကမ္ဘာရှည်ကြာ၏။

အပ္ပမာဏာဘာဗြဟ္မာတို့၏ သက်တမ်းသည် လေးကမ္ဘာရှည်ကြာ၏။

အာဘဿရာဗြဟ္မာတို့၏ သက်တမ်းသည် ရှစ်ကမ္ဘာ ရှည်ကြာ၏။

(၁၂) တတိယဈာန်သုံးဘုံတို့၏ သက်တမ်းများ

ပရိတ္တသုဘာဗြဟ္မာတို့၏ သက်တမ်းသည် ၁၆ ကမ္ဘာရှည်ကြာ၏။

အပ္ပမာဏသုဘာ ဗြဟ္မာတို့၏ သက်တမ်းသည် ၃၂ ကမ္ဘာ ရှည်ကြာ၏။

သုဘကိဏှာဗြဟ္မာတို့၏ သက်တမ်းသည် ၆၄ ကမ္ဘာ ရှည်ကြာ၏။

(၁၃) စတုတ္ထဈာန် ခုနစ်ဘုံတို့၏ သက်တမ်းများ

ဝေဟပ္ဖိုလ်နှင့် အသညသတ်ဗြဟ္မာတို့၏ သက်တမ်းများသည် ကမ္ဘာ ၅၀၀ စီ ရှည်ကြာကြ၏။

သုဒ္ဓါဝါသ ငါးဘုံအနက် အဝိဟာဗြဟ္မာတို့၏ သက်တမ်းသည် ကမ္ဘာ ၁၀၀၀ ရှည်ကြ၏။ အာတပ္ပါဘုံ – ကမ္ဘာ ၂၀၀၀၊ သုဒဿာဘုံ – ကမ္ဘာ ၄၀၀၀၊ သုဒဿီဘုံ – ကမ္ဘာ ၈၀၀၀၊ အကနိဋ္ဌဘုံ – ကမ္ဘာ ၁၆၀၀၀ ဟူ၍ အသီးသီးသက်တမ်းရှိကြပါသည်။

(၁၄) အရူပ လေးဘုံတို့၏ သက်တမ်းများ

အာကာသာနဉ္စာယတနဘုံ – ကမ္ဘာ ၂၀၀၀၀

ဝိညာဏဉ္စာယတနဘုံ – ကမ္ဘာ ၄၀၀၀၀

အာကိဉ္စညာယတနဘုံ – ကမ္ဘာ ၆၀၀၀၀

နေဝသညာနာသညာ ယတနဘုံ – ကမ္ဘာ ၈၄၀၀၀

## ကမ္ဘာပျက်ပုံ

ကမ္ဘာကြီးသည် မီးဖျက်၍လည်း ပျက်၏၊ ရေဖျက်၍လည်း ပျက်၏၊ လေဖျက်၍လည်း ပျက်၏။

မီးဖျက်၍ ကမ္ဘာခုနစ်ကြိမ်ပျက်ပြီးသည့်နောက် ရှစ်ကြိမ်မြောက်တွင် ရေဖျက်၍ ကမ္ဘာပျက်၏။

ထိုသို့ မီးခုနစ်ကြိမ်, ရေတစ်ကြိမ်, မီးခုနစ်ကြိမ်, ရေတစ်ကြိမ် အစီအစဉ်အတိုင်း အလှည့်ကျကမ္ဘာကိုဖျက်ဆီး၍ ကမ္ဘာ ၆၃ ကြိမ်ပျက်ပြီးသည့်နောက် ၆၄ ကြိမ်မြောက်တွင် လေတစ်ကြိမ်ဖျက်၍ ကမ္ဘာပျက်၏။

မီးဖျက်၍ ကမ္ဘာပျက်သောအခါ ပထမဈာန်သုံးဘုံအထိ ပျက်စီး၏။

http://www.dhammadownload.com



ရေဖျက်၍ ကမ္ဘာပျက်သောအခါ ဒုတိယစျာန်သုံးဘုံအထိ ပျက်စီး၏။
လေဖျက်၍ ကမ္ဘာပျက်သောအခါ တတိယစျာန်သုံးဘုံအထိ ပျက်စီး၏။

**တစ်ဘဝ၌ တူမြဲတရား**

ပုဂ္ဂိုလ်တစ်ဦး၏ တစ်ဘဝတာကာလ၌ တူမြဲဖြစ်သောတရားကား ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့၏ တူညီခြင်းသဘောတရားတည်း။

တစ်ဘဝတည်း၌ဖြစ်သော ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့သည် မကွဲပြားသင့်ကြပါ။ ဘုံအားဖြင့်လည်းကောင်း၊ ဓာတ်အားဖြင့်လည်းကောင်း၊ သမ္ပယုတ်တရားအားဖြင့်လည်းကောင်း၊ အာရုံအားဖြင့်လည်းကောင်း မကွဲပြားကြစကောင်းပါ။

ဘုရား၊ ရဟန္တာတို့မှစ၍ ခပ်သိမ်းသောသတ္တဝါတို့သည် အကြင်စိတ်ဖြင့် ပဋိသန္ဓေ နေ၏။ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် တစ်ဘဝလုံး ဘဝင်ကိစ္စကို ဆောင်ရွက်ရ၏။ ဘဝ၏အဆုံး၌ စုတိကိစ္စကို ဆောင်ရွက်ရ၏။

ပုံစံအားဖြင့် ပုဂ္ဂိုလ်တစ်ဦးသည် မဟာဝိပါက် ပထမစိတ်ဖြင့် ပဋိသန္ဓေနေသည် ဖြစ်အံ့။ ထိုပုဂ္ဂိုလ်၏သန္တာန်၌ ပဝတ္တိအခါတစ်ဘဝလုံးဖြစ်နေသော ဘဝင်စိတ်များသည် မဟာဝိပါက်ပထမစိတ်ပင်ဖြစ်ရမည်။ နောက်ဆုံး စုတိကျသည့်အခါ၌လည်း ထိုမဟာဝိပါက်ပထမစိတ်ဖြင့်ပင် စုတိကျရမည်။

ပဋိသန္ဓေစိတ်က ကမ္မနိမိတ်ကို အာရုံပြုသည်ဖြစ်ငြားအံ့။ ဘဝင်စိတ်များနှင့် စုတိစိတ်တို့သည်လည်း ထိုကမ္မနိမိတ်ကိုပင် အာရုံပြုကြ၏။

**မှတ်ချက်**။ ။ ပဋိသန္ဓေစိတ် ဥပါဒ်ခိုက် ခဏငယ်တစ်ချက်မျှသော ကာလသည် ပဋိသန္ဓေအခါဖြစ်၏။ ထိုမှနောက် စုတိတိုင်အောင်သော ကာလကို ပဝတ္တိအခါဟု ခေါ်၏။

**ကံ လေးမျိုးလေးလီ**

ကုသိုလ်၊ အကုသိုလ် စေတနာကို 'ကမ္မ = ကံ' ဟု ခေါ်၏။

ကံတို့သည် ကိစ္စအစွမ်းအားဖြင့် ဇနကကံ၊ ဥပတ္ထမ္ဘကကံ၊ ဥပပီဠကကံ၊ ဥပဃာတကကံ ဟူ၍ လေးမျိုးပြား၏။ ဤကံလေးမျိုးကို **'ကိစ္စကမ္မစတုက္က'** ဟု မှတ်အပ်၏။

အကျိုးပေးသောအလှည့်အကြိမ်အားဖြင့် ဂရုကကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံဟူ၍ ကံလေးမျိုးပြားပြန်၏။ ဤကံလေးမျိုးကို **'ပါကဒါနပရိယာယကမ္မစတုက္က'** ဟု မှတ်အပ်၏။

အကျိုးပေးရာကာလ၏ အစွမ်းအားဖြင့် ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒနီယကံ၊ အဟောသိကံဟု လေးမျိုးပြားပြန်၏။ ဤကံလေးမျိုးကို **'ပါကကာလ ကမ္မစတုက္က'** ဟု ဆိုအပ်၏။

http://www.dhammadownload.com



အကျိုးပေးရာဘုံဌာန၏ အစွမ်းအားဖြင့် အကုသိုလ်ကံ, ကာမာဝစရကုသိုလ်ကံ, ရူပါဝစရကံ, အရူပါဝစရကံဟူ၍ လေးမျိုးတစ်ဖန်ပြားပြန်၏။ ဤကံလေးမျိုးကို **'ပါကဋ္ဌာနကမ္မစတုက္က'** ဟု မှတ်အပ်၏။

**ကိစ္စကမ္မစတုက္က**

ကိစ္စအစွမ်းဖြင့် ကံလေးမျိုးကွဲပြားပုံမှာ–

(၁) **ဇနကကံ** = ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ကိုယ်တိုင်ဖြစ်စေတတ်သော ကံ။ ဇနကကံသည် ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါတို့၌ ဝိပါက်စိတ်နှင့် စေတသိက်များ (ဝိပါက်နာမက္ခန္ဓာ)၊ ကမ္မဇရုပ်နှင့် ဥတုဇရုပ် (ကဋတ္တာရုပ်) တို့ကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်စေတနာဖြစ်၏။

(၂) **ဥပတ္ထမ္ဘကကံ**= ဇနကကံကို အထောက်အပံ့ပြုသော ကံ။ မိမိကိုယ်တိုင်ကား အကျိုးမပေးနိုင်။ တစ်ပါးသောကံကို အကျိုးပေးခွင့် ရလေအောင်၊ အကျိုးပေးခွင့်ရသည့်အခါ အကျိုးပေးသန်လေအောင်၊ အကျိုးပေးနေသည့်အခါ ထိုအကျိုးများ ကြာရှည်ဖွံ့ဖြိုးလေအောင် လျော်စွာ ထောက်ပံ့ကူညီတတ်သောကုသိုလ်, အကုသိုလ်ကံကို ဆိုလို၏။

(၃) **ဥပပီဠကကံ** = ဇနကကံ၏အကျိုးကို အားနည်းချည့်နဲ့အောင် ဖိနှိပ်တတ်သော ကံ။ တစ်ပါးသောကံ အကျိုးပေးခွင့်မရလေအောင်၊ အခွင့်ရလျှင် အကျိုးပေးမထက်သန်အောင်၊ ရပြီးသည့်အကျိုးကိုလည်း မဖွံ့ဖြိုးလေအောင် ကပ်၍နှိပ်စက်တတ်သောကံကို ဆိုလို၏။

(၄) **ဥပဃာတကကံ**= ဇနကကံအကျိုးပေးထားသော ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်အစဉ်ကို ဖြတ်တတ်သောကံ။

**ပါကဒါနပရိယာယကမ္မစတုက္က**

(၁) **ဂရုကကံ** = တစ်ပါးသောကံများက မတားမြစ်နိုင်ဘဲ စုတိပြီး အခြားမဲ့၌ အကျိုးပေးမြဲဖြစ်သော အလွန်အပြစ်ကြီးသည့် အကုသိုလ်ကံ သို့မဟုတ် အလွန်အာနုဘော်ကြီးသည့် ကုသိုလ်ကံ။ (အမိကိုသတ်သော မာတုဃာတကကံ, အဘကိုသတ်သော ပိတုဃာတကကံ, ရဟန္တာကိုသတ်သော အရဟန္တဃာတကကံ, မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုသော လောဟိတုပ္ပါဒကကံ, သံဃာကိုသင်းခွဲသော သံဃဘေဒကကံဟူ၍ ဤအနန္တရိယကံငါးပါး (ပဉ္စာနန္တရိယကံ) တို့ကို အကုသိုလ်

http://www.dhammadownload.com



အရာ၌ ဂရုကကံများဟု မှတ်အပ်၏။ ကံ–ကံ၏အကျိုးမရှိဟု မှတ်ယူသော နိယတမိစ္ဆာဒိဋ္ဌိကိုလည်း အချို့က ဂရုကကံ၌ ထည့်သွင်းကြ၏။

ကုသိုလ်အရာ၌မူ မဟဂ္ဂုတ်ကုသိုလ်ကံနှင့် လောကုတ္တရာကံတို့ကို ဂရုကကံများဟု မှတ်အပ်၏။)

(၂) **အာသန္နကံ** = ရှေးအခါက ပြုခဲ့ပြီး၍ သေခါနီးအခါ၌ အောက်မေ့အပ်သော ကုသိုလ်, အကုသိုလ်ကံသည်လည်းကောင်း၊ သေခါနီးသော အချိန်၌ ပြုအပ်သော ကုသိုလ်, အကုသိုလ်ကံသည်လည်းကောင်း အာသန္နကံ မည်၏။

(၃) **အာစိဏ္ဏကံ** = အမြဲမပြတ် နေ့စဉ်ဝတ်ထား၍ လေ့လာပြုလုပ်အပ်သော ကုသိုလ်, အကုသိုလ်ကံသည်လည်းကောင်း၊ တစ်ကြိမ်ပြုပြီးနောက် အမြဲမပြတ်ဆင်ခြင်အောက်မေ့အပ်သောကုသိုလ်, အကုသိုလ်ကံသည်လည်းကောင်း အာစိဏ္ဏကံမည်၏။

(၄) **ကဋတ္တာကံ** = ဂရုက, အာသန္န, အာစိဏ္ဏကံအခြေအနေသို့ မရောက်တတ်ဘဲ ဤဘဝ၌ ပြုလုပ်ခဲ့သော ကံများနှင့် ရှေးရှေးဘဝများ၌ ပြုလုပ်ခဲ့သော ကံများတည်း။ ဤကံတို့လည်း အခွင့်သာသည့်အခါ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ပေးနိုင်ကြ၏။

အထက်ပါ ကံလေးပါးတို့၏ အလှည့်အစဉ်အတိုင်းအကျိုးပေးပုံမှာ အကြင် ပုဂ္ဂိုလ်တစ်ဦးတွင် ကံလေးမျိုးစလုံး ရှိငြားအံ့။ ဂရုကကံသည် ရှေးဦးစွာ စုတိ၏ အခြားမဲ့ ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေး၏။ ထိုကံမရှိခဲ့သော် အာသန္နကံသည် အကျိုးပေး၏။ အာသန္နကံမရှိခဲ့သော် အာစိဏ္ဏကံသည် အကျိုးပေး၏။ ယင်းအာစိဏ္ဏကံမရှိခဲ့သော် ကဋတ္တာကံသည် အကျိုးပေး၏။

### ပါကကာလကမ္မစတုက္က

အကျိုးပေးရာကာလအစွမ်းအားဖြင့် ကံလေးမျိုးကွဲပြားပုံ–

(၁) **ဒိဋ္ဌဓမ္မဝေဒနီယကံ** = မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ။ ဇောခုနစ်ချက်တို့တွင် ပထမဇောစေတနာသည် အခုပစ္စုပ္ပန်ဘဝ၌အကျိုးပေးခြင်းကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။

(၂) **ဥပပဇ္ဇဝေဒနီယကံ** = အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇော စေတနာ။

http://www.dhammadownload.com



(၃) **အပရာပရိယဝေဒနီယကံ** = မျက်မှောက်ဘဝနှင့် ဒုတိယဘဝတို့မှတစ်ပါး တတိယဘဝမှစ၍ အနာဂတ် နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးတတ်သော အလယ်ခေါ်ငါးချက် စေတနာ။

(၄) **အဟောသိကံ** = အထက်တွင် ဆိုခဲ့ပြီးသော ဒိဋ္ဌဓမ္မဝေဒနီယကံစသည့် ကံသုံးပါးတို့သည် အကျိုးပေးရန် အခွင့်မသာ အခါမသင့်ဖြစ်ခဲ့လျှင် မိမိတို့ဆိုင်ရာကာလအားလျော်စွာ အကျိုးမပေးနိုင်ကြတော့ဘဲ အလိုလိုသုဉ်း၍သုဉ်း၍သွားကြ၏။ ထိုအခါ ထိုကံတို့သည် အဟောသိကံဖြစ်ကြကုန်၏။

## ပါကဋ္ဌာနကမ္မစတုက္က

အကျိုးပေးရာဘုံဌာန၏အစွမ်းအားဖြင့် ကံလေးမျိုးကွဲပြားပုံ–

(၁) **အကုသိုလ်ကံ** = အပါယ်လေးဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ပေးသော ကံဖြစ်၏။

(၂) **ကာမကုသိုလ်ကံ** = ကာမသုဂတိခုနစ်ဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးကို ပေးသောကံ ဖြစ်၏။

(၃) **ရူပါဝစရကုသိုလ်ကံ** = ရူပဗြဟ္မာ ၁၆ ဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ပေးသောကံဖြစ်၏။

(၄) **အရူပါဝစရကုသိုလ်ကံ** = အရူပဗြဟ္မာလေးဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ပေးသောကံဖြစ်၏။

## အကုသိုလ်ကံသုံးမျိုး

ကံဖြစ်ရာဖြစ်ကြောင်း ဖြစ်သည့်ဌာနကို **'ကမ္မဒွါရ'** ဟု ခေါ်၏။

**ကာယဝိညတ်ရုပ်**ဟု ဆိုအပ်သော ကိုယ်အမူအရာအထူးသည် ကိုယ်ဖြင့်ပြုလုပ်သော ကာယကံ၏ ဖြစ်ရာဖြစ်ကြောင်းဖြစ်သောကြောင့် **ကာယဒွါရ**မည်၏။

**ဝစီဝိညတ်ရုပ်**ဟု ဆိုအပ်သော နှုတ်အမူအရာအထူးသည် နှုတ်ဖြင့်ပြောဆို၍ အထမြောက်စေသော ဝစီကံဖြစ်ရာဖြစ်ကြောင်းဖြစ်သောကြောင့် **ဝစီဒွါရ**မည်၏။

* အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ (လောဘ, ဒေါသ, ဒိဋ္ဌိ) တို့နှင့် အတူတကွဖြစ်သော လောဘမူ, ဒေါသမူ ဇောစိတ်တို့သည် **မနောဒွါရ**မည်၏။

ကာယကံသုံးပါး, ဝစီကံလေးပါး, မနောကံသုံးပါး ဟူ၍ စုစုပေါင်း အကုသိုလ်ကံ (ဝါ) ဒုစရိုက် ၁၀ ပါးရှိသည်။

http://www.dhammadownload.com



အကုသိုလ်ကံ ၁၀ ပါး (ဒုစရိုက် ၁၀ ပါး)

၁။ ကာယကံသုံးပါး

(၁) ပါဏာတိပါတကံ = သတ္တဝါတို့ကို သေစေလိုသောစေတနာဖြင့် သတ်ဖြတ်မှု။

(၂) အဒိန္နာဒါနကံ = သူတစ်ပါးတို့၏ပစ္စည်းဥစ္စာကို မတရားရယူလိုသော စေတနာဖြင့် ခိုးဝှက်၊ လုယက်၊ လှည့်ပတ်၊ တိုက်ခိုက်ယူမှု။

(၃) ကာမေသုမိစ္ဆာစာရကံ = အုပ်ထိန်းသူ ပိုင်ဆိုင်သူတို့ ခွင့်မပြုသဖြင့် မသွားလာအပ်သော ဝတ္ထုကာမတို့၌ ယုတ်မာစွာကျင့်ကြံကျူးလွန်မှု။

၂။ ဝစီကံလေးပါး

(၁) မုသာဝါဒကံ = သူတစ်ပါးအား အကျိုးပျက်စီးစေလိုသောစေတနာဖြင့် မဟုတ် မမှန် လိမ်လည်၍ ပြောဆိုမှု။

(၂) ပိသုဏဝါစာကံ = ချစ်ခင်ညီညွတ်နေသူတို့အား အချစ်ပြယ်၍ ကွဲပြားစေလိုသော စေတနာဖြင့် ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုမှု။

(၃) ဖရုသဝါစာကံ = သူတစ်ပါးတို့အား နားနှလုံး မချမ်းသာ၍ နာကြည်းစေလိုသော စေတနာဖြင့် ကြမ်းတမ်းယုတ်မာစွာ ဆဲရေးတိုင်းထွာပြောဆိုမှု။

(၄) သမ္ဖပ္ပလာပဝါစာကံ = ပစ္စုပ္ပန်နှင့် သံသရာ၌ ကောင်းကျိုးချမ်းသာနှင့် မစပ်သော သိမ်ဖျင်းသည့်စကား၊ အတင်းအဖျင်းစကားများကို ပြောဆိုမှု။

၃။ မနောကံသုံးပါး

(၁) အဘိဇ္ဈာကံ = သူတစ်ပါး၏ စည်းစိမ်ဥစ္စာကို မိမိ၏ စည်းစိမ်ဥစ္စာအဖြစ်သို့ ရောက်စေလိုသော စေတနာဖြင့် ကြံစည်မှု။

(၂) ဗျာပါဒကံ = သူတစ်ပါးတို့၏ စည်းစိမ်ဂုဏ်သိမ်ပျက်စီးခြင်းနှင့် သတ္တဝါတို့ သေကျေပျက်စီးခြင်းကို ဖြစ်ပေါ်စေလိုသောစေတနာဖြင့် ကြံစည်မှု။

(၃) မိစ္ဆာဒိဋ္ဌိကံ = ကောင်းမှုမကောင်းမှုကို ပြုသော်လည်း ကောင်းမှုကံ၊ မကောင်းမှုကံ မဖြစ်၊ ထိုကောင်းမှုကံ မကောင်းမှုကံ၏ အကျိုးလည်း မရှိဟု ကံနှင့် ကံ၏ အကျိုးကို ပယ်၍ လွဲမှားစွာ ရှုမြင်၊ ယုံကြည်၊ ယူဆမှု။

မှတ်ချက်။ ။ ကံဟူသည်မှာ စိတ်နှင့်ယှဉ်ဖက်ဖြစ်သည့် စေတနာကို ခေါ်၏။ အကုသိုလ်ကံသည် မကောင်းမှုကိုဖြစ်စေလိုသောစေတနာ ဖြစ်၏။ ကာယကံဟူသည်မှာ ကိုယ်လက်လှုပ်ရှားမှု ကာယဝိညတ်ဖြင့် အများအားဖြင့်ပြုလုပ်လေ့ရှိသော အကုသိုလ်ကံနှင့် ကုသိုလ်ကံတို့ကို ဆို၏။ သို့သော် ကာယကံဟု သတ်မှတ်ထားသော

http://www.dhammadownload.com



ပါဏာတိပါတကံ, အဒိန္နာဒါနကံနှင့် ကာမေသုမိစ္ဆာစာရကံတို့ကို ကာယပယောဂဖြင့်သာမက ဝစီပယောဂဖြင့်လည်း ကျူးလွန်နိုင်၏။ ဥပမာ – ဓားပြဗိုလ်က မိမိ၏ငယ်သားအား 'သတ်စေ'ဟု အမိန့်ပေးလိုက်၍ သတ်ခြင်းအမှုကို ပြီးမြောက်စေလျှင် ဝစီပယောဂဖြင့် ပါဏာတိပါတကံကို ကျူးလွန်ခြင်းဖြစ်၏။

ထို့အတူ ဝစီကံလေးပါးသည် နှုတ်အမှုအရာ ဝစီဝိညတ်ဖြင့် အများအားဖြင့် ကျူးလွန်ကြသော အကုသိုလ်ကံများ ဖြစ်ကြ၏။ သို့ရာတွင် ဤကံလေးပါးကို ဝစီပယောဂဖြင့်သာမက ကာယပယောဂဟူသည့် လက်ခြေ, ဦးခေါင်း စသည်တို့၏ အမှုအရာဖြင့်လည်း ကျူးလွန်နိုင်၏။ ဥပမာ အမှန်ကို အမှားထင်စေလိုသော စေတနာ, အမှားကို အမှန်ထင်စေလိုသောစေတနာဖြင့် ခေါင်းညိတ်ပြခြင်း, လက်ခါပြခြင်း စသည်တို့သည် ဝစီကံကို ကာယပယောဂဖြင့် ကျူးလွန်ခြင်းပင်ဖြစ်၏။

**ငါးပါးသီလနှင့် ဒုစရိုက် ၁၀ ပါး**

အကုသိုလ်ကံ ၁၀ ပါးကို **အကုသလကမ္မပထတရား ၁၀ ပါး**ဟု ခေါ်၏။ အကုသလ ကမ္မ = အကုသိုလ်ကံ၊ ပထ = အပါယ်ရောက်ကြောင်းလမ်း။

ထို့ကြောင့် အကုသိုလ်ကံ ၁၀ ပါးသည် အပါယ်ရောက်ကြောင်း မကောင်းသော လမ်းခရီး ဖြစ်၏။

အကုသိုလ်ကံ ၁၀ ပါးကို **ဒုစရိုက် ၁၀ ပါး**ဟုလည်း ခေါ်၏။

ဒု = မကောင်းသော၊ စရိတ = စရိုက်, အကျင့်။

ငါးပါးသီလကို စောင့်ထိန်းရုံဖြင့် ဒုစရိုက် ၁၀ ပါးကို လုံခြုံစွာ တားဆီးနိုင်ပါသလား။

တားဆီးနိုင်ပါသည်။ အဘယ်သို့တားဆီးသနည်းဟူမူ အကုသိုလ်ကံ ၁၀ ပါးကို သဘောတူ, ကိစ္စတူ, လက္ခဏာဟာရနည်းဖြင့် အကျဉ်းချုံး၍ ပေါင်းရုံးသော်–

(၁) ပါဏာတိပါတကံ၊ (၂) အဒိန္နာဒါနကံ၊ (၃) ကာမေသုမိစ္ဆာစာရကံ၊ (၄) မုသာဝါဒကံ၊ (၅) မိစ္ဆာဒိဋ္ဌိကံဟူ၍ ကံငါးပါးကိုသာ ရပါသည်။

ပေါင်းရုံးသည့်နည်းမှာ ဗျာပါဒကံကို ပါဏာတိပါတကံ၌လည်းကောင်း၊ အဘိဇ္ဈာကံကို အဒိန္နာဒါနကံ၌လည်းကောင်း၊ ပိသုဏဝါစာ, ဖရုဝါစာနှင့် သမ္ဖပ္ပလာပတည်းဟူသော ကံသုံးပါးကို မုသာဝါဒကံ၌ လည်းကောင်း အသီးသီးထည့်သွင်း၍ ရေတွက်ခြင်းဖြစ်၏။

သူတစ်ပါးတို့၏ အသက်စည်းစိမ် သေကျေပျက်စီးရန် ကြံစည်ခြင်းဟူသော ဗျာပါဒကံသည် သူတစ်ပါးတို့၏ အသက်ကို သတ်ဖြတ်ခြင်းဟူသည့် ပါဏာတိပါတကံတွင် အကျုံးဝင်၏။

http://www.dhammadownload.com



သူတစ်ပါး၏ဥစ္စာစည်းစိမ်ကို မိမိ၏ဥစ္စာစည်းစိမ်အဖြစ်သို့ ရောက်ရန် ကြံစည်ခြင်းဟူသည့် အဘိဇ္ဈာကံသည် သူတစ်ပါး၏ဥစ္စာကို ခိုးဝှက်လုယက်တိုက်ခိုက်ယူခြင်းဟူသော အဒိန္နာဒါနကံတွင် အကျုံးဝင်၏။

ချစ်ခင်ညီညွတ်နေကြသူတို့အား စိတ်ဝမ်းကွဲပြားအောင် ကုန်းတိုက်ပြောဆိုခြင်းဟူသည့် ပိသုဏဝါစာသည် မဟုတ်မမှန်သော မုသားစကားပင်ဖြစ်၏။ ဖရုသဝါစာဟူသည့် ကြမ်းကြုတ်စွာဆဲရေးတိုင်းထွာသည့်စကားများကို စိစစ်လျှင် မဟုတ်မှန်သော မုသားစကားများဖြစ်ကြောင်း တွေ့ရမည်ဖြစ်၏။ သူတစ်ပါး၏ ဂုဏ်သိက္ခာကို ထိပါးစေသည့် အတင်းအဖျင်းစကားများနှင့် စိတ်ကူးယဉ်ကြံဆ၍ ရေးသားထားကြသည့် ပုံတိုပတ်စ ဝတ္ထုပုံပြင်, ရုပ်ရှင်ဇာတ်လမ်း စသည်တို့သည်လည်း သေသေချာချာ စိစစ်ကြည့်လျှင် မဟုတ်မမှန်သောအကြောင်းအရာများသာ ဖြစ်ကြ၏။ သို့အတွက် ပိသုဏဝါစာ, သမ္ဖပ္ပလာပဝါစာတို့ကို ပြောဆိုခြင်းဟူသည့် စေတနာကံတို့သည် မုသာဝါဒကံတွင် အားလုံးအကျုံးဝင်ကြ၏။

ငါးပါးသီလကို စောင့်ထိန်းသောသူသည် အထက်တွင်ပေါင်းရုံးထားသည့် ကံငါးပါးကို မကျူးလွန်မိအောင် စောင့်ထိန်းရခြင်းဖြစ်၏။ မကောင်းမှုဒုစရိုက်ကံသည် အပါယ်ငရဲသို့ လားရောက်စေခြင်း စသည့် မကောင်းကျိုးပေးမည်ကို ယုံကြည်သောကြောင့်သာ သီလစောင့်ထိန်းသည်ဖြစ်၍ ငါးပါးသီလကို ခံယူဆောက်တည်ကတည်းက မိစ္ဆာဒိဋ္ဌိအယူကို ပယ်စွန့်ပြီးဖြစ်ပေ၏။

ထို့အပြင် ငါးပါးသီလ၌ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ = မေ့လျော့မှုးယစ်စေတတ်သော သေရည်အရက်, ဘိန်းဘင်းကစော်, လှော်စာ, ဆေးခြောက်စသည်တို့ကို သောက်စားခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ = ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို။ သမာဒိယာမိ = ကောင်းစွာဆောက်တည်ပါ၏ ဟူသည့် သိက္ခာပုဒ်လည်း ပါဝင်၏။ မေ့လျော့မှုးယစ်နေသောသူသည် အကောင်းအဆိုး အမှန်အမှားကို မခွဲခြားမဆုံးဖြတ်နိုင်တော့သည့်အတွက် အကုသိုလ်အမှုများကို ပြုလုပ်ရန် ဝန်မလေးတော့ချေ။ ထို့ကြောင့် ဒုစရိုက်အမှုများကို မပြုလုပ်မိရန် မီးမလောင်ခင် ကြိုတင်ကာကွယ်သည့်အနေနှင့် 'သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ' ဟူသည့် သိက္ခာပုဒ်ကို စောင့်ထိန်းစေခြင်းဖြစ်၏။

သို့ဖြစ်၍ ငါးပါးသီလကို လုံခြုံလျှင် ဒုစရိုက် ၁၀ ပါးစလုံး လုံခြုံစွာ ပိတ်ပင်ထားဆီးပြီးဖြစ်၍ အပါယ်ရောက်ကြောင်း မကောင်းသောလမ်းခရီးကို ပိတ်ဆို့ထားနိုင်ပြီဖြစ်သည်။

ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာ လူအပေါင်း ကျင့်ကြံဆောက်တည်ရေးအတွက် ဘုရားရှင်တိုင်း ဟောကြားတော်မူ၏။

http://www.dhammadownload.com



## ဒုစရိုက်ကို ကျူးလွန်သောစိတ်များ

အကုသလကမ္မပထတရား ၁၀ ပါးတွင် ပါဏာတိပါတကံ, ဖရုသဝါစာကံနှင့် ဗျာပါဒကံတို့ကို ဒေါသမူစိတ်ဖြင့် ကျူးလွန်ကြကုန်၏။

ကာမေသုမိစ္ဆာစာရကံ, အဘိဇ္ဈာကံနှင့် မိစ္ဆာဒိဋ္ဌိကံတို့ကို လောဘမူစိတ်ဖြင့် ကျူးလွန်ကြကုန်၏။ အယူမှားခြင်းဟူသည့် မိစ္ဆာဒိဋ္ဌိသည် မိမိ၏ခန္ဓာကိုယ်နှင့် ကာမဝတ္ထုတို့ကို နှစ်သက်စွဲလမ်းခြင်းဟူသည့် တဏှာလောဘကြောင့် ဖြစ်ပေါ်လာ၏။ သို့အတွက် မိစ္ဆာဒိဋ္ဌိကံ၏အရင်းမူလသည် လောဘတဏှာဖြစ်သည်ဟု မှတ်အပ်၏။

ကြွင်းသောဒုစရိုက်လေးပါးဖြစ်သည့် အဒိန္နာဒါနကံ, မုသာဝါဒကံ, ပိသုဏာဝါစာကံနှင့် သမ္ဖပ္ပလာပဝါစာကံတို့ကို လောဘမူစိတ်, ဒေါသမူစိတ် နှစ်မျိုးစလုံးဖြင့် ကျူးလွန်ကြကုန်၏။

အကြင်သူတစ်ယောက်သည် မိမိနှင့်တကွ ဇနီးနှင့် သားသမီးတို့၏ဝတ်မွတ်နေသည့် ဆင်းရဲဒေါသးကို ဖြေရှင်းရန်အလို့ငှာ သူတစ်ပါး၏ပစ္စည်းဉစ္စာကို ခိုးဝှက်ယူ၏။ ထိုသူသည် လောဘမူစိတ်ဖြင့် အဒိန္နာဒါနကံကို ကျူးလွန်ခြင်းဖြစ်၏။ မခံချင်စိတ်, ရန်ပွားလိုသောစိတ်ဖြင့် သူတစ်ပါး၏ ပျက်စီးကြောင်းကို ရည်ရွယ်၍ သူတစ်ပါး၏ ပစ္စည်းဉစ္စာကို ခိုးဝှက်လုယူခြင်းသည် ဒေါသမူစိတ်ဖြင့် အဒိန္နာဒါနကံကို ကျူးလွန်ခြင်းဖြစ်၏။

ဤနည်းအတူ မုသာဝါဒ, ပိသုဏာဝါစာနှင့် သမ္ဖပ္ပလာပဝါစာတည်းဟူသော ကံသုံးပါးကို လောဘမူ ဒေါသမူစိတ်နှစ်မျိုးဖြင့် ကျူးလွန်နိုင်ကြောင်းကို ဆင်ခြင်သိမှတ်ရာ၏။

အမှန်မှာ အကုသိုလ်အမှုပြုတိုင်း အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြား၍ မသိမြင်အောင် ဖုံးလွှမ်းထားသည့် အဝိဇ္ဇာအမည်ရှိသော မောဟသည် အခြေခံအကြောင်းရင်းတစ်ပါးအဖြစ် အစဉ်ပါဝင်၏။ သို့အတွက် အကုသိုလ်အမှုများကို လောဘမူ, ဒေါသမူ, မောဟမူစိတ်သုံးမျိုးစလုံးဖြင့် (ဝါ) အကုသိုလ်စိတ် ၁၂ ပါးလုံးဖြင့် ပြုကျင့်နေသည်ဟု မှတ်ယူအပ်၏။

အထူးမှတ်ရန်မှာ အကုသိုလ်စိတ်တို့ဖြင့် ဒုစရိုက်အမှုများကို ပြုလုပ်, ပြောဆို, ကြံတွေးခြင်းဟူသမျှသည် အကုသိုလ်ကံများချည်းသာတည်း။ ပြင်းထန်ထက်သန်လျှင် ကမ္မပထမြောက်၍ အပါယ်ပဋိသန္ဓေအကျိုးကို ပေး၏။ ပေါ့ပေါ့လျော့လျော့ဖြစ်ခဲ့လျှင် ကမ္မပထမြောက်၍ အပါယ်ပဋိသန္ဓေအကျိုးကို မပေးနိုင်၊ ပဝတ္တိအကျိုးကိုမူ ပေးနိုင်၏။

http://www.dhammadownload.com



## ကာမကုသိုလ်ကံ သုံးမျိုး

ကာမာဝစရကုသိုလ်စိတ် ရှစ်ပါးဖြင့် ပြုကျင့်အပ်သော ကာမာဝစရကုသိုလ်ကံတို့ကိုလည်း ကာယကံ, ဝစီကံ, မနောကံဟူ၍ သုံးမျိုးပင် ခွဲခြားသင့်၏။

**၁။ ကာယကံသုံးပါး**

ပါဏာတိပါတဝိရတိ = ပါဏာတိပါတမှ ရှောင်ကြဉ်မှု။
အဒိန္နာဒါနဝိရတိ = အဒိန္နာဒါနမှ ရှောင်ကြဉ်မှု။
ကာမေသုမိစ္ဆာစာရဝိရတိ = ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်မှု။

**၂။ ဝစီကံလေးပါး**

မုသာဝါဒဝိရတိ = မုသာဝါဒမှ ရှောင်ကြဉ်မှု။
ပိသုဏာဝါစာဝိရတိ = ပိသုဏာဝါစာမှ ရှောင်ကြဉ်မှု။
ဖရုသဝါစာဝိရတိ = ဖရုသဝါစာမှ ရှောင်ကြဉ်မှု။
သမ္ဖပ္ပလာပဝိရတိ = သမ္ဖပ္ပလာပမှ ရှောင်ကြဉ်မှု။

**၃။ မနောကံသုံးပါး**

အနဘိဇ္ဈာ = အဘိဇ္ဈာမဖြစ်အောင် စောင့်စည်းမှု (အလောဘ)၊
အဗျာပါဒ = ဗျာပါဒမဖြစ်အောင် စောင့်စည်းမှု (အဒေါသ)၊
သမ္မာဒိဋ္ဌိ = မိစ္ဆာဒိဋ္ဌိမဖြစ်အောင် စောင့်စည်းမှု(ဝါ) မှန်ကန်သော အယူကို ယုံကြည်မှု။

အထက်ပါ ကုသိုလ်ကံ ၁၀ ပါးကို **'ကုသလကမ္မပထတရား'** ဟူ၍လည်းကောင်း၊ **'သုစရိုက် ၁၀ ပါး'** ဟူ၍လည်းကောင်း ခေါ်ကြ၏။

ဒုစရိုက် ၁၀ ပါးကို မကျူးလွန်မိအောင် စောင့်ထိန်းပေးခြင်းသည်ပင် သုစရိုက် (ဝါ) ကောင်းသောအကျင့်စရိုက်ဖြစ်၍ ကာမသုဂတိဘုံများသို့ လားရောက်ရန် အကျင့်ကောင်း ဖြစ်ပေတော့၏။

## ပုညကြိယဝတ္ထု ၁၀ ပါး

ပုည = ကောင်းမှု။ ကြိယ = ပြုသင့်ပြုထိုက်သော။
ဝတ္ထု = တည်ရာ။ ပုညကြိယဝတ္ထု = ကောင်းသောအကျိုး၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သည့် ကောင်းမှု။

(၁) **ဒါန** = မိမိပိုင်ပစ္စည်းကို သူတစ်ပါးတို့အား ပေးကမ်းလှူဒါန်းမှု။
(၂) **သီလ** = ငါးပါး, ရှစ်ပါး, ၁၀ ပါးစသော သီလတို့ကို ဆောက်တည်မှု။
(၃) **ဘာဝနာ** = သမထကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်မှု။
(၄) **အပစာယန** = အသက်, သိက္ခာ, ဂုဏ် ကြီးမြင့်သူတို့အား အရိုအသေပြုမှု။

http://www.dhammadownload.com



(၅) **ဝေယျာဝစ္စ** = ရတနာသုံးပါး မိဘဆရာတို့၏အမှုကိစ္စများနှင့် ကုသိုလ်ရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်မှု။

(၆) **ပတ္တိဒါန** = မိမိဖြည့်ဆည်းရရှိသည့် ကုသိုလ်အဖို့ကို သူတစ်ပါးတို့အား အမျှပေးဝေမှု။

(၇) **ပတ္တာနုမောဒန** = ကောင်းမှုရှင်တို့က ပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု။

(၈) **ဓမ္မဿဝန** = သူတစ်ပါးတို့ဟောကြားသော သူတော်ကောင်းတရားတို့ကို ရိုသေစွာ နာကြားမှု။

(၉) **ဓမ္မဒေသနာ** = သူတစ်ပါးတို့အား ကောင်းသောစိတ်ထားဖြင့် သူတော်ကောင်းတရားကို ဟောပြောပြသမှု။

(၁၀) **ဒိဋ္ဌိဇုကမ္မ** = ကံ – ကံ၏အကျိုးရှိသည်ဟုအယူကို ဖြောင့်မှန်စွာယူမှု။

**မှတ်ချက်။** ။ ပိဋကစာပေနှင့် အပြစ်ကင်းသောလောကီပညာများကို လေ့လာဆည်းပူးခြင်းသည် 'ဘာဝနာ'တွင် အကျုံးဝင်၏။ အပြစ်ကင်းသော လောကီအတတ်ပညာကို ကောင်းသောစိတ်ထားဖြင့် သင်ကြားပို့ချပေးခြင်းနှင့် ကြားနာမှတ်သားခြင်းတို့သည် 'ဓမ္မဒေသနာ'နှင့် 'ဓမ္မဿဝန'တို့၌ အကျုံးဝင်၏။

## ဒါန, သီလ, ဘာဝနာ

ပုညကြိယဝတ္ထု ၁၀ ပါးတို့ကို သဘောတူ, ကိစ္စတူ, လက္ခဏာဟာရနည်းဖြင့် အကျဉ်းချုံး၍ ပေါင်းရုံးသော် ဒါန, သီလ, ဘာဝနာ သုံးပါးကိုသာ ရပါသည်။

ပတ္တိဒါနနှင့် ပတ္တာနုမောဒနတို့ကို ဒါနနှင့် သဘောတူ, ကိစ္စတူသဖြင့် ဒါနနှင့် ပေါင်းရုံးနိုင်၏။

အပစာယနနှင့် ဝေယျာဝစ္စတို့ကို သီလနှင့် ပေါင်းရုံးနိုင်၏။

ဓမ္မဿဝနနှင့် ဓမ္မဒေသနာတို့ကို ဘာဝနာနှင့်ပေါင်းရုံးနိုင်၏။

ဒိဋ္ဌိဇုကမ္မကို ဒါန, သီလ, ဘာဝနာ အားလုံး၌ ပေါင်းစပ်၍ဖြစ်စေ၊ ဘာဝနာတစ်ခုတည်း၌ ပေါင်းရုံး၍ဖြစ်စေ ယူနိုင်ပါသည်။

## ဘုံဌာနနှင့် ကံအပြား

* ကာမာဝစရကံသည် အားလုံးပေါင်းသော် မည်မျှရှိသနည်း။

အကုသိုလ်ကံ ၁၂ ပါး, မဟာကုသိုလ်ကံ ရှစ်ပါးဟူ၍ ပေါင်း ၂၀ ရှိပါသည်။

* ရူပါဝစရကံသည် အဘယ်မျှရှိသနည်း။

ရူပါဝစရကုသိုလ်စိတ်ငါးပါး၌ ယှဉ်သော စေတနာများသည် ရူပါဝစရကုသိုလ်ကံများ ဖြစ်ကြ၏။

http://www.dhammadownload.com



ပဌမဈာန်ကုသိုလ်ကံ, ဒုတိယဈာန်ကုသိုလ်ကံ, တတိယဈာန်ကုသိုလ်ကံ, စတုတ္ထဈာန်ကုသိုလ်ကံ, ပဉ္စမဈာန်ကုသိုလ်ကံဟူ၍ ရူပါဝစရကုသိုလ်ကံငါးပါးရှိ၏။

ရူပကုသိုလ်ကံသည် ကာယကံ, ဝစီကံ, မနောကံဟူ၍ သုံးမျိုးမပြားဘဲ မနောကံ တစ်မျိုးသာဖြစ်၏။ ဒါန, သီလ, ဘာဝနာဟူ၍ သုံးမျိုးမပြားဘဲ ဘာဝနာတစ်မျိုးသာ ဖြစ်၏။ အပ္ပနာဈာန်သို့ရောက်သော မနောကံဘာဝနာမယတည်း။

* အရူပါဝစရကံသည် အဘယ်မျှရှိသနည်း။

အရူပါဝစရကုသိုလ်စိတ်လေးပါး၌ယှဉ်သော စေတနာများသည် အရူပါဝစရ ကုသိုလ်ကံများ ဖြစ်ကြ၏။

အာကာသာနဉ္စာယတနကုသိုလ်ကံ, ဝိညာဏဉ္စာယတနကုသိုလ်ကံ, အာကိဉ္စညာ ယတနကုသိုလ်ကံ, နေဝသညာနာသညာယတနကုသိုလ်ကံဟူ၍ အရူပါဝစရကုသိုလ် ကံ လေးပါးရှိ၏။

အရူပါဝစရကုသိုလ်ကံသည် ရူပါဝစရကုသိုလ်ကံကဲ့သို့ပင် အပ္ပနာဈာန်သို့ ရောက်သော မနောကံဘာဝနာမယဖြစ်၏။

## အကုသိုလ်ကံ အကျိုးပေးပုံ

အကုသိုလ်စိတ် ၁၂ ပါးတွင် ဥဒ္ဓစ္စသဟဂုတ်စိတ်သည် ပျံ့လွင့်၍ အားနည်းသော ကြောင့် ပဋိသန္ဓေအကျိုးကို မပေးနိုင်ချေ။ ကြွင်းသည့်အကုသိုလ်စိတ် ၁၁ ပါးတို့၌ ယှဉ်ကြသော အကုသိုလ်စေတနာကံ ၁၁ ပါးတို့သည် အပါယ်လေးဘုံ၌ အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏဟူသည့် အပါယ်ပဋိသန္ဓေကို အကျိုးပေး၏။

ပဝတ္တိအခါ၌ကား ဥဒ္ဓစ္စစေတနာနှင့်တကွ ၁၂ ပါးလုံးသော အကုသိုလ်ကံတို့ သည် ကာမဘုံ၌ အကုသလဝိပါက်ခုနစ်ပါးလုံးကို ဖြစ်စေ၏။ အသညသတ်ကြဉ်သည့် ရူပ ၁၅ ဘုံ၌လည်း ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်တို့မှတစ်ပါး ကြွင်း သော အကုသလဝိပါက်လေးပါး (စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီ ရဏ) တို့ကို ဖြစ်စေ၏။

သို့အတွက် အကုသိုလ်ကံ၏ ပါကဋ္ဌာန (အကျိုးပေးရာဘုံ) သည် ပဋိသန္ဓေအခါ ၌ အပါယ်လေးဘုံ၊ ပဝတ္တိအခါ၌ ကာမ ၁၁ ဘုံနှင့် ရူပ ၁၅ ဘုံဟု သိအပ်၏။

## ကာမကုသိုလ်ကံအကျိုးပေးပုံ

ကာမကုသိုလ်ကံဟူသည်မှာ မဟာကုသိုလ်စိတ်ရှစ်ပါးနှင့်ယှဉ်သော စေတနာ များ ဖြစ်ကြ၏။ ထိုမဟာကုသိုလ်ကံရှစ်ပါးတွင် ဉာဏဝိပ္ပယုတ်ဒွိဟိတ်ကံလေးပါး နှင့် ဉာဏသမ္ပယုတ်တိဟိတ်ကံလေးပါးတို့ ပါဝင်ကြ၏။ ဒွိဟိတ်ကုသိုလ်ကံတွင် အလောဘနှင့် အဒေါသဟိတ်နှစ်ပါးသာ ယှဉ်၏။ တိဟိတ်ကုသုလ်ကံတွင် အလောဘ, အဒေါသ, အမောဟ (ပညာ) ဟိတ်သုံးပါးတို့ ယှဉ်ကြ၏။

http://www.dhammadownload.com



**ဒွိဟိတ်ကုသိုလ်နှင့် တိဟိတ်ကုသိုလ်။** ။ ကုသိုလ်ပြုသည့်အခါ၌ ကံ၏အကျိုးကို သိသော ကမ္မဿကတာဉာဏ် သို့မဟုတ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်တတ်သည့် ဝိပဿနာဉာဏ်ပါဝင်လာလျှင် ထိုကုသိုလ်သည် တိဟိတ်ကုသိုလ်ဖြစ်၏။ ထိုသို့ ဉာဏ်မပါဝင်လျှင် ဒွိဟိတ်ကုသိုလ်ဖြစ်၏။

**ဩမကကုသိုလ်နှင့် ဥက္ကဋ္ဌကုသိုလ်။** ။ ကုသိုလ်မပြုခင်ကသော်လည်းကောင်း၊ ပြုပြီးနောက်သော်လည်းကောင်း၊ လောဘ၊ ဒေါသ စသည့်အကုသိုလ်စိတ်များ ခြံရံနေလျှင် အညံ့စားဩမကကုသိုလ်ဖြစ်၏။

ကုသိုလ်မပြုခင်ကသော်လည်းကောင်း၊ ပြုပြီးနောက်သော်လည်းကောင်း အလောဘ၊ အဒေါသ စသည့်ကုသိုလ်စိတ်များ ခြံရံနေလျှင် အမြတ်စားဥက္ကဋ္ဌကုသိုလ်ဖြစ်၏။ ထိုကုသိုလ်ကို သတိရတိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြန်ပါမူကား အလွန့်အလွန် မြင့်မြတ်သောကုသိုလ်အဖြစ်သို့ ရောက်၏။

**ဆောင်ပုဒ်။** ။ ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိက၊ တိဟိတ်ကုသိုလ်၊ ခေါ်ဆိုကြရိုး၊ ကံကျိုးမမြင်၊ ဉာဏ်မယှဉ်သော်၊ ခေါ်တွင် ဒွိဟိတ်၊ ကုသိုလ်စိတ်တည်း၊ ကြိတ်လိပ်သေသပ်၊ ရှေ့နောက်နှစ်ရပ်ဝယ်၊ ညှပ်မူကုသိုလ်၊ ဥက္ကဋ္ဌဆို၏။ ထိုထိုနှစ်တန်၊ အကုခြံလျှင်၊ တစ်ဖန်ဩမက၊ မည်တုံကြသည်၊ မှတ်ကြလွယ်ဖို့အချုပ်တည်း။ (အရှင်ဇနကာဘိဝံသ)

ကာမကုသိုလ် ဒွိဟိတ်ကံလေးပါးကို အယုတ်၊ အမြတ် နှစ်ပါးနှင့် မြှောက်ပွားသော် ဒွိဟိတ်ဩမကကံလေးပါးနှင့် ဒွိဟိတ်ဥက္ကဋ္ဌကံလေးပါးတို့ကို ရ၏။

အလားတူပင် ကာမကုသိုလ် တိဟိတ်ကံလေးပါးကိုလည်း အယုတ်၊ အမြတ် နှစ်ပါးနှင့် မြှောက်ပွားသော် တိဟိတ်ဩမကကံလေးပါးနှင့် တိဟိတ်ဥက္ကဋ္ဌကံလေးပါးတို့ကို ရ၏။

**အကျိုးပေးပုံ။** ။ ဒွိဟိတ်ဩမကကံလေးပါးသည် ကာမသုဂတိဘုံ (လူ့ဘုံနှင့် စတုမဟာရာဇ်ဘုံ) ၌ ကုသလဝိပါက်ဥပေက္ခာသန္တီရဏဟူသော ကာမသုဂတိအဟိတ် ပဋိသန္ဓေကိုဖြစ်စေ၏။ ဇစ္စန္ဓစသော လူနှင့် ဝိနိပါတိကအသူရာတို့သည် ဤအဟိတ် ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကြ၏။ ပဝတ္တိအခါ၌ကား ကာမ ၁၁ ဘုံလုံး၌ အဟိတ်ကုသလဝိပါက်ရှစ်ပါးလုံးကို ဖြစ်စေ၏။ ရူပဘုံ၌လည်း ဃာန၊ ဇိဝှာ၊ ကာယဝိညာဏ်တို့မှ ကြွင်းသော အဟိတ်ကုသလဝိပါက်ငါးပါးတို့ကို ဖြစ်စေ၏။

ဒွိဟိတ်ဥက္ကဋ္ဌကံလေးပါးနှင့် တိဟိတ်ဩမကကံလေးပါးတို့သည် ကာမသုဂတိဘုံ ခုနစ်ဘုံ၌ မဟာဝိပါက်ဒွိဟိတ်ပဋိသန္ဓေလေးပါးကို ဖြစ်စေ၏။ ပဝတ္တိအခါ၌ကား

http://www.dhammadownload.com



ကာမသုဂတိဘုံတို့၌ ဉာဏဝိပ္ပယုတ်မဟာဝိပါက်လေးပါးနှင့် အဟိတ်ကုသလဝိပါက် ရှစ်ပါး၊ ပေါင်း-၁၂ ပါးတို့ကို ဖြစ်စေ၏။ အပါယ်လေးဘုံ၌လည်း အဟိတ်ကုသလ ဝိပါက်ရှစ်ပါးတို့ကို ဖြစ်စေ၏။ ရူပဘုံ၌မူ ဃာန, ဇိဝှာ, ကာယဝိညာဏ်တို့မှကြွင်းသော အဟိတ်ကုသလဝိပါက်ငါးပါးကို ဖြစ်စေ၏။

တိဟိတ်ဥက္ကဋ္ဌကံ လေးပါးတို့သည် ကာမသုဂတိခုနစ်ဘုံ၌ မဟာဝိပါက်တိဟိတ် ပဋိသန္ဓေလေးပါးကို ဖြစ်စေ၏။ ပဝတ္တိအခါ၌ကား ကာမသုဂတိဘုံတို့၌ မဟာဝိပါက် ရှစ်ပါးနှင့် အဟိတ်ကုသလဝိပါက်ရှစ်ပါး၊ ပေါင်း ၁၆ ပါးတို့ကို ဖြစ်စေ၏။ အပါယ် လေးဘုံ၌လည်း အဟိတ်ကုသလဝိပါက်ရှစ်ပါးတို့ကို ဖြစ်စေ၏။ ရူပဘုံ၌မူ ဃာန, ဇိဝှာ, ကာယဝိညာဏ်တို့မှကြွင်းသော အဟိတ်ကုသလဝိပါက်ငါးပါးကို ဖြစ်စေ၏။

**ရူပါဝစရကုသိုလ်ကံအကျိုးပေးပုံ**

ဆန္ဒ, စိတ္တ, ဝီရိယ, ဝိမံသ (ပညာ) တည်းဟူသော ဈာန်နှင့်ယှဉ်ဘက်တရားတို့ တွင် တစ်ပါးပါးသည် အဓိပတိ (အကြီးအကဲ) ဖြစ်ရိုးတည်း။ ထိုအဓိပတိဖြစ်သော တရားသည် လျော့ညံ့နေလျှင် ဈာန်သည် အညံ့စားပရိတ္တဈာန်ဖြစ်၏။ ထိုအဓိပတိ တရားက အလတ်တန်းစားသို့ ရောက်နေလျှင် ဈာန်သည် အလတ်စားမဇ္ဈိမဈာန်ဖြစ် ၏။ ထိုအဓိပတိတရားက ထက်မြက်နေလျှင် ဈာန်သည် အမြတ်စား ပဏီတဈာန် ဖြစ်၏။

ထို့ကြောင့် ရူပါဝစရကုသိုလ်ဈာန်ငါးပါးတို့သည် အယုတ်, အလတ်, အမြတ် အားဖြင့် သုံးပါးစီပြားကြ၏။

(၁) အညံ့စားပထမဈာန်ကုသိုလ်ကံသည် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ပထမဈာန် ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။

အလတ်စားပထမဈာန်ကုသိုလ်ကံသည် ဗြဟ္မပုရောဟိတာဘုံ၌ ပထမဈာန် ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။

အမြတ်စား ပထမဈာန်ကုသိုလ်ကံသည် မဟာဗြဟ္မာဘုံ၌ ပထမဈာန်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။

(၂) အညံ့စားဒုတိယဈာန်နှင့် တတိယဈာန် ကုသိုလ်ကံတို့သည် ပရိတ္တာဘာဘုံ ၌ ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက် ပဋိသန္ဓေတို့ကို ဖြစ်စေကြ၏။

အလတ်စားဒုတိယဈာန်နှင့် တတိယဈာန်ကုသိုလ်ကံတို့သည် အပ္ပမာဏာဘာ ဘုံ၌ ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက်ပဋိသန္ဓေတို့ကို ဖြစ်စေကြ၏။

အမြတ်စား ဒုတိယဈာန်နှင့် တတိယဈာန်ကုသိုလ်ကံတို့သည် အာဘဿရာဘုံ၌ ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေကြ၏။

http://www.dhammadownload.com



(၃) အညံ့စား စတုတ္ထဈာန်ကုသိုလ်ကံသည် ပရိတ္တသုဘာဘုံ၌ စတုတ္ထဈာန် ဝိပါက်ပဋိသန္ဓေကို ဖြစ်စေ၏။

အလတ်စား စတုတ္ထဈာန်ကုသိုလ်ကံသည် အပ္ပမာဏသုဘာဘုံ၌ စတုတ္ထဈာန် ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။

အမြတ်စား စတုတ္ထဈာန်ကုသိုလ်ကံသည် သုဘကိဏှာဘုံ၌ စတုတ္ထဈာန်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။

(၄) ပဥ္စမဈာန်ကုသိုလ်ကံသည် ဝေဟပ္ဖိုလ်ဘုံ၌ ပဥ္စမဈာန်ဝိပါက်ပဋိသန္ဓေကို ဖြစ်စေ၏။ ဤပဥ္စမဈာန်ကုသိုလ်ကံသည်ပင်လျှင် ရုပ်ကိုမမုန်းဘဲ စိတ်သညာကိုသာ မုန်းလျက် ဘာဝနာပွားများသောပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ၌ ဇီဝိတနဝကကလာပ် ဟူသော ရုပ်ပဋိသန္ဓေကိုဖြစ်စေ၏။ စိတ်သညာကို မဖြစ်စေပါ။ ဤအသညသတ် ဗြဟ္မာတို့သည် လူ့ပြည်၌ စုတေစဉ်အခါက ရှိနေခဲ့သော ဣရိယာပုထ်အတိုင်း အိပ် လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ မတ်တတ်ဖြစ်စေ ဗြဟ္မာပြည်၌ဖြစ်၍ တစ်ဘဝလုံး နေကြရ၏။

ပဥ္စမဈာန်ရပုဂ္ဂိုလ်သည် "အမှတ်သညာနှင့်တကွ စိတ်စေတသိက်တို့ ရှိနေသော ကြောင့်သာ စားချင်သောက်ချင်၊ လိုချင်မှု၊ ဒေါသဖြစ်မှု၊ မာနထောင်လွှားမှုတို့ ဖြစ် ပေါ်လာကြရသည်။ ရုပ်ခန္ဓာချည်းနေလျှင် အပြစ်တစ်စုံတစ်ရာမရှိဘဲ အေးမြငြိမ်းချမ်း ဖွယ်ရှိသည်"ဟု သညာစေတသိက်နှင့်တကွ စိတ်စေတသိက်အားလုံးအပေါ်တွင် အပြစ် မြင်လျက် ပဥ္စမဈာန်ကို ထပ်ကာထပ်ကာပွားများ၏။ ထိုအခါ ထိုပဥ္စမဈာန်စိတ်သည် သညာနှင့် အပေါင်းပါစိတ်၊ စေတသိက်တို့ကိုစက်ဆုပ်သည့် 'သညာဝိရာဂ ဘာဝနာ' အဖြစ်သို့ ရောက်၏။ ထိုပုဂ္ဂိုလ်ကွယ်လွန်သောအခါ သူ့အလိုကျအောင် သညာနှင့် စိတ်စေတသိက်တို့မရှိသော အသညသတ်ဘုံသို့ ရောက်ရလေ၏။

ဤပဥ္စမဈာန်ကုသိုလ်ကံသည်ပင်လျှင် ကာမရာဂကင်းပြီးသော အနာဂါမ်ပုဂ္ဂိုလ် တို့အား သုဒ္ဓါဝါသငါးဘုံတို့၌ ပဥ္စမဈာန်ဝိပါက် ပဋိသန္ဓေကိုဖြစ်စေ၏။ ထိုသို့ဖြစ်စေ ရာ၌ သဒ္ဓိန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်တို့အား အဝိဟာဘုံ၌ဖြစ်စေ၏။ ဝီရိယိန္ဒြေလွန်ကဲ သောပုဂ္ဂိုလ်တို့အား အတပ္ပါဘုံ၌ဖြစ်စေ၏။ သတိန္ဒြေလွန်ကဲသောပုဂ္ဂိုလ်တို့အား သုဒဿာဘုံ၌ဖြစ်စေ၏။ သမာဓိန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်တို့အား သုဒဿီဘုံ၌ ဖြစ်စေ ၏။ ပညိန္ဒြေလွန်ကဲသောပုဂ္ဂိုလ်တို့အား အကနိဋ္ဌဘုံ၌ ဖြစ်စေ၏။

ပဥ္စမဈာန်ရပြီးသော အနာဂါမ်အချို့တို့သည် ဝေဟပ္ဖိုလ်ဘုံ၌လည်း ဖြစ်ခွင့်ရှိ၏။ သို့သော် သုဒ္ဓါဝါသဘုံတို့၌ကား အနာဂါမ်များသာ ပဋိသန္ဓေဖြစ်နိုင်ကြ၏။ ပဋိသန္ဓေ ဖြစ်ပြီးနောက် ပါရမီရင့်လာသောအခါ အရဟတ္တမဂ္ဂဋ္ဌနှင့် အရဟတ္တဖလဋ္ဌပုဂ္ဂိုလ်များ ဆက်လက်ဖြစ်နိုင်ကြ၏။

http://www.dhammadownload.com



### အရူပါဝစရကုသိုလ်ကံအကျိုးပေးပုံ

အာကာသာနဉ္စာယတနကုသိုလ်ကံသည် အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေ၏။

ဝိညာဏဉ္စာယတနကုသိုလ်ကံသည် ဝိညာဏဉ္စာယတနဘုံ၌ ဝိညာဏဉ္စာယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေ၏။

အာကိဉ္စညာယတနကုသိုလ်ကံသည် အာကိဉ္စညာယတနဘုံ၌ အာကိဉ္စညာယတန ဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။

နေဝသညာနာသညာယတနကုသိုလ်ကံသည် နေဝသညာနာသညာယတနဘုံ၌ နေဝသညာနာသညာယတနဝိပါက်ပဋိသန္ဓေကို ဖြစ်စေ၏။

### မဟဂ္ဂုတ်ကုသိုလ်ကံအကျိုးပေးပုံ

မဟဂ္ဂုတ်ကုသိုလ်ကံတို့သည် ဂရုကကံဖြစ်ကြ၏။ ထို့ကြောင့် ဤမဟဂ္ဂုတ်ကံတို့နှင့် ပြည့်စုံကြသော ဈာနလာဘီပုဂ္ဂိုလ်တို့သည် ဧကန်အမြဲဗြဟ္မာဘုံသို့သာလျှင် လားရောက်ကြပါသလော။

ဒုစရိုက်နှင့် နီဝရဏတရားတို့မှကင်းစင်၍ ဤမဟဂ္ဂုတ်ကုသိုလ်ကံ ကိုးပါးနှင့် ပြည့်စုံကြသောပုဂ္ဂိုလ်တို့သည် ဗြဟ္မာဘုံ ၂၀ တို့တွင် မိမိဖြစ်လိုသောဘုံ၌ ဖြစ်နိုင်ကြ၏။

အကယ်၍ ဗြဟ္မာဘုံ၌မဖြစ်လိုဘဲ ကာမသုဂတိဘုံတွင်ပင်ဖြစ်လိုလျှင်လည်း မိမိဖြစ်လိုရာဘုံ၌ ဖြစ်နိုင်ကြ၏။ မိမိတို့စိတ်အလိုရှိတိုင်း ပြည့်စုံကြပါတော့၏။

### သီလရှိက တောင့်တတိုင်းပြည့်ဝပုံ

ဣဇ္ဈတိဘိက္ခဝေသီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။

ဘိက္ခဝေ – ရဟန်းတို့၊ သီလဝတော – သီလရှိသောပုဂ္ဂိုလ်တို့အား၊ စေတောပဏိဓိ – မိမိစိတ်အလိုရှိတိုင်း, တောင့်တတိုင်းသည်၊ ဣဇ္ဈတိ – ပြည့်စုံပြီးစီး၏၊ တသ္မာ – အဘယ်ကြောင့်နည်းဟူမူကား၊ ဝိသုဒ္ဓတ္တာ – အကုသိုလ်အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သည်၏ အဖြစ်ကြောင့်တည်း။

ဤသို့လျှင် အင်္ဂုတ္တရပါဠိတော်၌-ဘုရားရှင်ဟောကြားတော်မူခဲ့၏။

### အကောင်းဆုံးဘုံ

ဘဝဂ်ဟုအမည်ရသော နေဝသညာနာသညာယတနဘုံသည် ဘုံတကာ့ဘုံများတွင် အမြင့်ဆုံး, အကြီးကျယ်ဆုံးဘုံဖြစ်ပေ၏။ ထိုဘုံတွင် စံနေကြသောဗြဟ္မာများသည် နာမ်ချမ်းသာသက်သက်ဖြင့် ကမ္ဘာပေါင်း ၈၄၀၀၀ ကြာအောင် စံမြန်းနေနိုင်ကြ၏။ ထိုဘုံသည် အကောင်းဆုံးဘုံလော။

ဗြဟ္မာဘုံများသည် ကာမဂုဏ်ချမ်းသာကို စံစားခြင်းမရှိ၍ ကာမဂုဏ်ချမ်းသာကို

http://www.dhammadownload.com



နှစ်သက်တွယ်တာကြသော ပုဂ္ဂိုလ်များက ဗြဟ္မာ့ဘုံများကို နှစ်သက်ကြလိမ့်မည်မဟုတ်ပေ။ ထိုပုဂ္ဂိုလ်တို့အတွက် ကာမဂုဏ်စည်းစိမ်ကို ခံစားရာ၌ အထွတ်အထိပ်ဖြစ်သော အမြင့်ဆုံးနတ်ဘုံဖြစ်သည့် ပရနိမ္မိတဝသဝတ္တီသည် အကောင်းဆုံးဘုံ ဖြစ်သလော။

အမှန်မှာ ကာမဂုဏ်ချမ်းသာထက် ဈာန်ချမ်းသာက ပို၍အေးချမ်းမြင့်မြတ်၏။ ဈာန်ချမ်းသာထက်တစ်ဖန် နိဗ္ဗာန်ချမ်းသာက သာ၍ အေးချမ်းမြင့်မြတ်လှပေ၏။ ပုထုဇဉ်များအတွက် နိဗ္ဗာန်ချမ်းသာကိုရရှိရန် အခွင့်အလမ်းအကောင်းဆုံးသော ဘုံသည် လူ့ဘုံသာ ဖြစ်သည်။ လူ့ဘုံ၌သာ သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူကြသော မြတ်စွာဘုရားများ ပွင့်ပေါ်တော်မူကြ၏။ ပစ္စေကဗုဒ္ဓဘုရားငယ်များလည်း ပွင့်ထွန်းကြ၏။ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်ကဲ့သို့သော အဂ္ဂသာဝက အကျော်အမော်များလည်း ထွန်းပေါ်ခဲ့ကြ၏။

မနုဿလူသားတို့သည် သတိ, ပညာစသော လောကုတ္တရာဂုဏ်ထူး၊ ရဲရင့်သော ဂုဏ်ထူး၊ ရဟန်းပဋ္ဌင်းဖြစ်နိုင်သော ဂုဏ်ထူး၊ မြင့်မြတ်သောစိတ်ထားတို့နှင့် ပြည့်စုံကြသည်။ လူသားဖြစ်သော ဗုဒ္ဓမြတ်စွာသည် ၃၁ ဘုံလုံး၌ အကြီးကျယ်အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်ထူးဖြစ်သောကြောင့် လူ, နတ်, ဗြဟ္မာအားလုံးတို့က ရှိခိုးပူဇော်ကြရ၏။ ထိုမြတ်စွာဘုရားတို့ ညွှန်ကြားဟောပြခဲ့ကြသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်များသည် လူ့ပြည်၌သာလျှင် ထင်ရှားပေါ်လွင်စွာတည်ရှိကြသည်။ ထိုတရားမွေ့တို့သည် အမြတ်ဆုံးချမ်းသာနှင့် အမြတ်ဆုံးသောအကျိုးကျေးဇူးများကို ပေးဆောင်နိုင်ကြသည်။ ထိုတရားမွေ့တို့ကို ထိန်းသိမ်းဖြန့်ချိပေးကြသော သံဃာတော်မြတ်များသည်လည်း ကုသိုလ်ကောင်းမှုပြုလုပ်စိုက်ပျိုးရန်အတွက် အကောင်းဆုံးလယ်ယာမြေများသဖွယ် ဖြစ်တော်မူကြသည်။

နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်တို့ကား ထာဝရတည်မြဲသော စည်းစိမ်များမဟုတ်ကြ။ ထိုစည်းစိမ်တို့ကို ရရှိခံစားနိုင်အောင် ထောက်ပံ့ပေးလိုက်သော ကုသိုလ်ကောင်းမှုကံ၏ အရှိန်အဟုန်ကုန်ဆုံးသောအခါ လူ့ပြည်သို့လည်းကောင်း၊ ထို့မှတစ်ဆင့် အပါယ်လေးဘုံသို့လည်းကောင်း တစ်ဖန်သက်ရောက်ကြရပါသည်။ အရိယာဗြဟ္မာများသာလျှင် ဤလူ့ပြည်ကာမဘုံသို့ ပြန်လည်သက်ဆင်းခြင်းမရှိပါ။ ပုထုဇဉ်ဗြဟ္မာများကား ကာမဘုံ၌ ပြန်လည်၍ဖြစ်ကြရ၏။

နတ်ဘုံနတ်နန်းများ၌ ကာမဂုဏ်စည်းစိမ်ကိုခံစားမှုသည် လွန်စွာများပြားရကား ကုသိုလ်ကောင်းမှုပြုလုပ်ရန် အခွင့်အလမ်း လွန်စွာနည်း၏။ သို့အတွက် ကုသိုလ်ကောင်းမှုကံ၏ အာနိသင်ကုန်ဆုံးသောအခါ၌ လူ့ဘုံသို့သာမက အချို့သောနတ်များသည် အပါယ်ဘုံသို့ပင် သက်ဆင်းကြရ၏။

http://www.dhammadownload.com



သို့ဖြစ်၍ နတ်ဘုံ ဗြဟ္မာဘုံတို့ထက် ကုသိုလ်ဖြည့်ဆည်းရန် အခွင့်အလမ်း ပို များပြီး အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာများ ပေါ်လွင်ထင်ရှားလှသော လူ့ဘုံသည် အကောင်းဆုံးဘုံဟု မှတ်ယူသင့်ပါသည်။

**မှတ်ချက်။** ။ ဗြဟ္မာဘုံသို့ရောက်ပြီးသော အရိယာပုဂ္ဂိုလ်တို့သည် အောက် ဘုံများ၌ ကူးပြောင်း၍မဖြစ်ကြပါ။ အထက်အထက်ဘုံများသို့ သာလျှင် ဘဝပြောင်း၍ဖြစ်ကြရ၏။ ဝေဟပ္ဖိုလ်, အကနိဋ္ဌ, နေဝသညာနာသညာယတနဘုံတို့၌တည်သော အရိယာပုဂ္ဂိုလ် တို့သည် မိမိတို့၏ ဘုံ၌သာလျှင် မဂ်ဖိုလ်ပြီးဆုံး၍ နိဗ္ဗာန်စံဝင် ကြပါသည်။

**သေခြင်းအကြောင်းလေးပါး**

မရဏ = စုတေခြင်း, သေခြင်း။ ဥပ္ပတ္တိ = ဖြစ်ပုံအကြောင်း။
မရဏုပ္ပတ္တိစတုက္က = သေခြင်းအကြောင်းလေးပါး။

(၁) **အာယုက္ခယမရဏ** = သက်တမ်းကုန်၍ သေခြင်း၊
(၂) **ကမ္မက္ခယမရဏ** = ကံကုန်၍သေခြင်း၊
(၃) **ဥဘယက္ခယမရဏ** = သက်တမ်း, ကံနှစ်ပါးစုံကုန်၍ သေခြင်း၊
(၄) **ဥပစ္ဆေဒကမရဏ** = သက်တမ်းနှင့် ကံ နှစ်ပါးစုံ မကုန်သေးသော်လည်း ဥပဃာတကကံဝင်ဖြတ်၍ လတ်တလော သေခြင်း။

**ရှင်းဦးအံ့။** ။ ထွန်းညှိထားသော ဆီမီးသည် (၁) မီးစာကုန်ခြင်းကြောင့်လည်း ငြိမ်း၏။ (၂) ဆီကုန်ခြင်းကြောင့်လည်း ငြိမ်း၏။ (၃) မီးစာနှင့် ဆီ နှစ်မျိုးလုံးကုန်ခြင်း ကြောင့်လည်း ငြိမ်း၏။ (၄) မီးစာနှင့် ဆီ နှစ်မျိုးလုံးမကုန်သေးဘဲလျက် ရုတ်တရက် လေပြင်းတိုက်ခတ်သောကြောင့်လည်းကောင်း၊ တမင်ငြိမ်းသတ်သောကြောင့်လည်း ကောင်း ငြိမ်း၏။

ထို့နည်းအတူ (၁) အချို့သောသတ္တဝါတို့သည် သက်တမ်းကုန်၍ သေဆုံးကြ ရ၏။ ဥပမာ ယခုအခါ လူ့သက်တမ်းကို ၇၅ နှစ်ဟု သတ်မှတ်ကြရာ အသက် ၇၅ နှစ် ပြည့်မြောက်သောအခါ သေဆုံးခြင်းမျိုးဖြစ်၏။ မီးစာကုန်၍ ဆီမီးငြိမ်းခြင်းနှင့်တူ၏။

(၂) အချို့သောသတ္တဝါတို့သည် မိမိတို့၏ ဘဝကို စီမံလိုက်သော ကံ၏ အစွမ်း ကုန်ဆုံးမှုကြောင့် စုတေကြ၏။ ဆီကုန်၍ ဆီမီးငြိမ်းခြင်းနှင့် တူ၏။

(၃) အချို့သောသတ္တဝါတို့သည် သက်တမ်းလည်းကုန်၊ ကံစွမ်းလည်းကုန်၍ သေဆုံးကြ၏။ မီးစာနှင့်ဆီတို့တစ်ပြိုင်နက်ကုန်ဆုံးကြသဖြင့် ဆီမီးငြိမ်းခြင်းနှင့်တူ၏။

http://www.dhammadownload.com



(၄) အချို့သောသတ္တဝါတို့သည် သက်တမ်းနှင့်ကံစွမ်း နှစ်ပါးစုံ မကုန်သေးသော်လည်း ရှေးရှေးက ပြုမိခဲ့သည့် ဥပစ္ဆေဒကကံ (ဥပဃာတကကံ) အခွင့်သာ၍ သူတစ်ပါးတို့၏ ပယောဂကြောင့်ဖြစ်စေ၊ မိမိကိုယ်ကို မိမိသတ်သေ၍ဖြစ်စေ၊ အနာရောဂါနှိပ်စက်ဖိစီးသောကြောင့်ဖြစ်စေ စသည့်အကြောင်းတစ်ပါးပါးကြောင့် စုတေရ၏။ မီးစာနှင့် ဆီတို့ နှစ်ပါးစုံ မကုန်သေးသော်လည်း ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်စေ၊ တမင်ငြိမ်းသတ်၍ဖြစ်စေ ဆီမီးငြိမ်းသွားသည်နှင့် တူ၏။

## သေခါနီးနိမိတ်ထင်ပုံ

အာယုက္ခယ, ကမ္မက္ခယ, ဥဘယက္ခယ, ဥပစ္ဆေဒက တည်းဟူသော အကြောင်းလေးပါးကြောင့် သေဆုံးကြရသော သတ္တဝါတို့တွင် သေခါနီးသောအချိန်၌ နိမိတ်ထင်လာလေ့ရှိ၏။ ထိုနိမိတ်ကို **မရဏာသန္နနိမိတ္တ** ဟု ခေါ်၏။

သတ္တဝါတို့၏သန္တာန်၌ ပြုလုပ်ခဲ့ပြီးသော ကံအများအပြားရှိရာဝယ် ယခုဘဝမှ စုတေပြီးသည့်နောက် အခြားမဲ့သော နောက်ဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးဖို့ရာအခွင့်သာသော ကုသိုလ်ကံသို့မဟုတ် အကုသိုလ်ကံတစ်ပါးပါးသည် ကံအများထဲမှ ရှေးရှုထွက်ပြူလာသကဲ့သို့ ထင်ပေါ်လာတတ်၏။ သို့တည်းမဟုတ် ထိုကံကိုပြုလုပ်စဉ်အခါက ကြုံတွေ့ခဲ့ရသောအာရုံများလည်း ထင်ပေါ်လာတတ်၏။ သို့တည်းမဟုတ် ထိုကံအကျိုးပေးရာ လားရောက်ရမည့်ဘုံဌာန၏ အာရုံနိမိတ်များလည်း ထင်ပေါ်လာတတ်၏။ ထိုအာရုံသုံးမျိုးကို ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်ဟု ခေါ်ပါသည်။

(၁) **ကံနိမိတ်** = ရှေးက ပြုလုပ်ခဲ့ပြီး မကြာမီ ပဋိသန္ဓေအကျိုးကို ပေးတော့မည့် ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံ။

ဥပမာ ကုသိုလ်ဘက်က ဒါန, သီလ, ဘာဝနာတို့နှင့် စပ်သည့် ကောင်းမှု တစ်ခုခုကို ပြုလုပ်စဉ်အခါက ဖြစ်ပေါ်ခဲ့သော စိတ်စေတနာ၊ အကုသိုလ်ဘက်က ဒုစရိုက်မကောင်းမှုတစ်ခုခုကို ပြုလုပ်ခဲ့စဉ်အခါက ဖြစ်ပေါ်ခဲ့သော စိတ်စေတနာ၊ ထိုစိတ်စေတနာသည် ယခုပြုလုပ်နေရဘိသကဲ့သို့ ပြန်လည်ဖြစ်ပေါ်လာ၏။

(၂) **ကမ္မနိမိတ်** = ထိုကံကို ပြုလုပ်စဉ်အခါက ကြုံတွေ့ခဲ့ရသော အာရုံများ၊ ၎င်းအာရုံများသည် ရူပါရုံ, သဒ္ဒါရုံ စသည်ဖြင့် အာရုံခြောက်ပါးလုံးကိုပင် ထိုက်သလိုဖြစ်နိုင်၏။ ထိုကမ္မနိမိတ်တို့ကို ဥပလဒ္ဓအာရုံနှင့် ဥပကရဏအာရုံဟူ၍ နှစ်မျိုးခွဲခြားနိုင်၏။

ဥပလဒ္ဓအာရုံ = ကံနှင့် ဆက်စပ်၍ တိုက်ရိုက်ရအပ်ဖူးသော ပဓာနအာရုံ။

http://www.dhammadownload.com



ဥပကရဏအာရုံ = ကံပြီးမြောက်ဖို့ရာ အခြံအရံမျှဖြစ်သော အပစာန အာရုံ။

ဥပမာ ဘုရားကို ပန်းလှူရာ၌ ဘုရားသည် ဥပလဒ္ဓ၊ ပန်းသည် ဥပကရဏ၊ ကျောင်းဆောက်လုပ်လှူဒါန်းရာ၌ ကျောင်းသည် ဥပလဒ္ဓ၊ ဆွမ်း, သင်္ကန်း စသော အခြံအရံပစ္စည်းများသည် ဥပကရဏ။ သားငါးကိုသတ်ရာ၌ သားငါးသည် ဥပလဒ္ဓ၊ တုတ်ဓား လက်နက်တို့သည် ဥပကရဏအသီးသီးဖြစ်ကြ၏။

(၃) ဂတိနိမိတ် = လားရောက်ရမည့် ဘုံဘဝ၌ ကြုံတွေ့ရလတ္တံ့သော အာရုံများ။ ဤတွင်လည်း ဥပလဘိတဗ္ဗအာရုံနှင့် ဥပဘောဂအာရုံဟူ၍ အာရုံနှစ်မျိုး ပြားပြန်၏။

ဥပလဘိတဗ္ဗ = တိုက်ရိုက်ရောက်ထိုက်သောအရပ်။ ဥပမာ–လူ့ပြည်သွားလျှင် အမိဝမ်းရေ၊ နတ်ပြည်သွားလျှင် နတ်ဗိမာန်၊ ငရဲသွားလျှင် ငရဲဘုံ၊ ပြိတ္တာဖြစ်လတ္တံ့မူ တောတောင် မြစ်ကမ်း။

ဥပဘောဂ = လားရောက်ရမည့်ဘုံတွင် ကြုံတွေ့ရမည် ဖြစ်သော အတွင်းအပ, အသုံးအဆောင်များ။ ဥပမာ–ငရဲထိန်း, ငရဲမီး, ငရဲခွေး သို့မဟုတ် နတ်သမီး, နတ်ဗိမာန်, ပဒေသာပင်။

### နိမိတ်နှင့် ဒွါရ

* နိမိတ်သုံးပါးတွင် မည်သည့်နိမိတ်က မည်သည့်ဒွါရ၌ထင်လာသနည်း။

ကံနိမိတ်နှင့် အတိတ်ကမ္မနိမိတ်တို့သည် မနောဒွါရ၌ ထင်ကြ၏။

ပစ္စုပ္ပန်ကမ္မနိမိတ်သည် ခြောက်ဒွါရလုံး၌ ထင်နိုင်ပါသည်။

အနီးသို့ ကပ်ရောက်လာသော ဂတိနိမိတ်သည် ခြောက်ဒွါရလုံး၌ ထင်နိုင်ပါသည်။

ဓမ္မိကဥပါသကာက စုတေခါနီးအချိန်၌ နတ်ရထားများကို မြင်တွေ့သကဲ့သို့တည်း။

အဝေးကွယ်ခြားရာ၌တည်သော ဂတိနိမိတ်မှာမူ မနောဒွါရ၌သာထင်နိုင်၏။

### မရဏာသန္နဝီထိ

#### အတိမဟန္တာရုံ စက္ခုဒွါရမရဏာသန္နနှစ်ဝီထိကျပုံ

တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–ဘဝင်–စုတိ–ပဋိ–ဘဝင်–

တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–စုတိ–ပဋိ–ဘဝင်–

http://www.dhammadownload.com



## မဟာဂ္ဂတာရုံ စက္ခုဒွါရမှရဏာသန္န နှစ်ဝီထိကျပုံ

တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဘဝင်–စုတိ–ပဋိ–ဘဝင်–

တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–စုတိ–ပဋိသန္ဓေ–ဘဝင်–

**ဆိုရိုး။** ။ အတီတဘဝင်တစ်ချက်လွန်နှင့်အတူ ဥပါဒ်သောပစ္စုပ္ပန် ကမ္မနိမိတ် ဂတိနိမိတ် နှစ်ပါးတို့တွင် တစ်ပါးပါးသော နိမိတ်အာရုံသည် စက္ခုနှင့် မနော နှစ်ဒွါရ၌ တစ်ပြိုင်နက်ထင်လာသည်ရှိသော် ဘဝင်နှစ်ကြိမ်လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသော နိမိတ်ရူပါရုံကို အာရုံပြုလျက် ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, မရဏာသန္နဇောငါးကြိမ်, တဒါရုံနှစ်ကြိမ်, ဘဝင်တစ်ကြိမ်, ထို့နောက် စုတိစိတ်ကျ၍သေဆုံးပြီးလျှင် ဤစုတိစိတ်၏ အခြားမဲ့၌ နောက်ဘဝသစ်၏ ပဋိသန္ဓေစိတ်သည် မရဏာသန္နဇော၏အာရုံကိုပင် အာရုံပြုလျက် ဖြစ်၍ချုပ်၏။ ထို့နောက် ဘဝင်ကျ၍သွား၏။

ထိုအတူ အတီတဘဝင် တစ်ချက်လွန်၍ ထင်လာသော အတိမဟန္တာရုံ၌ တဒါရုံ နောင်စုတိကျသောဝီထိကို ဆိုနိုင်ပါသည်။

အတီတဘဝင် နှစ်ချက်လွန်၍ထင်လာသော မဟန္တာရုံ၌ တဒါရုံမကျဘဲ ဇော နောင်ဘဝင်, ဘဝင်နောင်စုတိကျသော ဝီထိတစ်ဝီထိ၊ အတီတဘဝင်သုံးချက်လွန်၍ ထင်လာသော မဟန္တာရုံ၌ ဇောနောင်စုတိကျသော ဝီထိတစ်ဝီထိဟူ၍ မဟန္တာရုံမရဏာသန္န နှစ်ဝီထိရှိ၏။

ထို့ကြောင့် စက္ခုဒွါရ၌ မရဏာသန္နလေးဝီထိကျနိုင်ပါသည်။

အလားတူပင် သောတဒွါရစသည့် ကြွင်းသောလေးဒွါရတို့၌လည်း မရဏာသန္န လေးဝီထိကျနိုင်ပါသည်။

## အတိဝိဘူတာရုံ မနောဒွါရမရဏာသန္န နှစ်ဝီထိ

န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–ဘဝင်–စုတိ–ပဋိ–ဘဝင်–

န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–စုတိ–ပဋိ–ဘဝင်–

## ဝိဘူတာရုံ မနောဒွါရမရဏာသန္န နှစ်ဝီထိ

န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဘဝင်–စုတိ–ပဋိ–ဘဝင်–

န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–စုတိ–ပဋိ–ဘဝင်–

**ဆိုရိုး။** ။ ဘဝင်စလနနှင့်အတူ ဥပါဒ်သော ပစ္စုပ္ပန်ကမ္မနိမိတ်, ဂတိနိမိတ် နှစ်ပါးတို့တွင် တစ်ပါးပါးသော နိမိတ်အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်နှစ်ကြိမ်လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသောနိမိတ်အာရုံကို အာရုံပြုလျက် မနော ဒွါရာဝဇ္ဇန်း, မရဏာသန္နဇောငါးကြိမ်, တဒါရုံ နှစ်ကြိမ်, ဘဝင် တစ်ကြိမ်, ထို့နောက်

http://www.dhammadownload.com



စုတိစိတ်ကျ၍ သေဆုံးပြီးလျှင် ဤစုတိစိတ်၏အခြားမဲ့၌ နောက်ဘဝသစ်၏ ပဋိသန္ဓေစိတ်သည် မရဏာသန္နဇောၡ၏ အာရုံကိုပင် အာရုံပြုလျက်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ကျ၍သွား၏။

ကြွင်းသည့်မနောဒွါရမရဏာသန္နသုံးဝီထိတို့၏ ဆိုရိုးကို အထက်က ဝီထိပုံများကို ကြည့်၍ အလားတူဆိုနိုင်ပါပြီ။

* **မရဏာသန္နဝီထိများ၌ ပါဝင်သောစိတ်တို့သည် မည်သည့်အာရုံကိုယူ၍ မည်သည့်ဝတ္ထုတို့ကို မှီကြသနည်း။**

အာဝဇ္ဇန်းမှစ၍ တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့သည် ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟူသော နိမိတ်သုံးပါးတွင် တစ်ပါးပါးကို အာရုံပြုကြ၏။

ဘဝင်စိတ်နှင့် စုတိစိတ်တို့မှာ လက်ရှိဘဝ၏ ပဋိသန္ဓေစိတ်က ယူခဲ့သောအာရုံကိုပင် ယူကြ၏။ တစ်ဘဝတွင် ပဋိသန္ဓေ၊ ဘဝင်နှင့် စုတိစိတ်တို့သည် အာရုံတစ်မျိုးတည်းကိုသာ ယူကြရ၏။

ပဉ္စဝိညာဏ်တို့သည် မဇ္ဈိမာယုက ပဉ္စပသာဒဝတ္ထုတို့ကို မှီကြ၏။

စုတိစိတ်မှအထက် ၁၇ ချက်မြောက်သောစိတ်၏ ဌီခဏမှစ၍ ကမ္မဇရုပ်တို့ မဖြစ်ကြတော့ပါ။ သို့အတွက် ဤ ၁၇ ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုရုပ်တစ်ခုတည်းကိုသာ ဘဝင်၊ စုတိစိတ်တို့နှင့်တကွ ဝီထိစိတ် အားလုံးတို့ မှီကြရ၏။

* **နိမိတ်သုံးပါး မထင်သော ရဟန္တာတို့၏ ပရိနိဗ္ဗာန်စံဝင်ခါနီး မရဏာသန္နဇောတို့သည် အဘယ်ကို အာရုံပြုကြသနည်း။**

ဈာန်မဝင်စားဘဲ ပရိနိဗ္ဗာန်စံသော ရဟန္တာ၏ မရဏာသန္နဇောတို့သည် ထင်မြဲတိုင်း ထင်လာသော ရုပ်နာမ်သင်္ခါရကို အာရုံပြုကြ၏။

ရဟန္တာဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် စုတိစိတ်ကျသော သမသီသီရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဇောတို့လည်း အရဟတ္တမဂ် အရဟတ္တဖိုလ်တစ်ခုခုကို အာရုံပြု၏။

ဈာန်ဝင်စား၍ ပရိနိဗ္ဗာန်စံသော ရဟန္တာသည် ဈာန်၏အခြားမဲ့၌ ကသိုဏ်းစသည်ကို အာရုံပြု၏။

ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ၏ အခြားမဲ့၌ ပရိနိဗ္ဗာန်စံသည့် ရဟန္တာသည် ဈာန်အင်္ဂါကို အာရုံပြု၏။ ဂေါတမမြတ်စွာဘုရား၏ မရဏာသန္နဇောတို့သည် ဈာန်အင်္ဂါကို အာရုံပြုကြ၏။

အဘိညာဏ်အခြားမဲ့၌ ပရိနိဗ္ဗာန်စံသော ရဟန္တာသည် မိမိကိုယ်တွင်းရှိတေဇောဓာတ်ကို အာရုံပြု၏။

http://www.dhammadownload.com



*** နောက်ဘဝသစ်၌ ပဋိသန္ဓေနှင့်ဘဝင်စိတ်တို့သည် မည်သည့်အာရုံကိုယူ၍ မည်သည့်ဝတ္ထုတို့ကို မှီကြသနည်း။**

နောက်ဘဝသစ်၏ ပဋိသန္ဓေနှင့် ဘဝင်စိတ်တို့သည် ယခုဘဝ၌ မရဏာသန္နဇောက ယူခဲ့သောအာရုံကို ယူကြ၏။ (ထိုအာရုံမှာ) ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ် ဟူသော နိမိတ်သုံးပါးတို့တွင် တစ်ပါးပါးဖြစ်သည်။

ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီ၏။ ပဌမဘဝင်စိတ်သည် ပဋိသန္ဓေစိတ်မှီသော ဟဒယဝတ္ထုရုပ်ကိုပင် ထပ်၍မှီ၏။ ဒုတိယဘဝင်မှစ၍ ဘဝင်စိတ်များနှင့် ဝီထိစိတ်များတို့သည် မိမိတို့၏ ရှေ့ အနန္တရစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို အသီးသီးမှီကြ၏။ ရှေ့အနန္တရစိတ်ဟူသည်မှာ မိမိ၏ ရှေ့၌အခြားမဲ့ဖြစ်၍ မိမိအား အနန္တရကျေးဇူးပြုနိုင်သောစိတ်ကို ဆိုလို၏။

*** စိတ်မရှိသော အသညသတ်ဖြဟ္မာတို့အား မရဏာသန္နဇောမဇောသည့်အတွက် နောက်ဘဝ ပဋိသန္ဓေစိတ်သည် အဘယ်ကိုအာရုံပြုသနည်း။**

အသညသတ်ဘဝမှ စုတေ၍ ကာမဘုံ၌ဖြစ်လာသော ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်သည် ထိုပဋိသန္ဓေခဏ၌သာလျှင် ထိုပဋိသန္ဓေကို အကျိုးပြုသည့်ကံ၏ အာနုဘော်ကြောင့် ထင်လာသော ကံနိမိတ် သို့မဟုတ် ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်ကို အာရုံပြု၏။

## ဘဝကူးပုံ

သတ္တဝါတစ်ဦးသည် ဘဝကူးလုခါနီးသောအချိန်တွင် မရဏာသန္နဝီထိကျရမြဲဖြစ်၏။ ထိုဝီထိကျသောအခါ စုတေပြီးနောက် အခြားမဲ့သောနောက်ဘဝ၌ပဋိသန္ဓေအကျိုးကို ပေးတော့မည့်ကံ၏အစွမ်းကြောင့် ထိုကံ၏နိမိတ်, ကမ္မနိမိတ်နှင့် ဂတိနိမိတ်ဟူသော နိမိတ်သုံးပါးတွင် တစ်ပါးပါးသော နိမိတ်သည် ထင်လာ၏။ ထိုပဋိသန္ဓေအကျိုးကိုပေးတော့မည့်ကံသည်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်က ဤလက်ရှိဘဝ၌ဖြစ်စေ ရှေးရှေးဘဝကဖြစ်စေ ပြုလုပ်ခဲ့သောကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံတစ်ခုဖြစ်၏။

ထိုကံနိမိတ် သို့မဟုတ် ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်သည် ပဉ္စဒွါရနှင့် မနောဒွါရတို့၌ ထင်လာသည့်အခါ မရဏာသန္နဝီထိဖြစ်၏။ ထိုဝီထိဖြစ်သည့်အချိန်၌ စိတ်များနှင့်ဟဒယဝတ္ထုတို့သည် ခွန်အားလျော့နည်းနေကြသည့်အတွက် ဇောငါးကြိမ်သာ ဇောလေ့ရှိ၏။ မနောဒွါရ၌ ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်ထင်လာခြင်းအတွက် မရဏာသန္နဝီထိဖြစ်ပုံလေးမျိုးကို အောက်တွင်ဖော်ပြထား၏။

(၁) န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–ဘဝင်–စုတိ–ပဋိ–ဘဝင်–

(၂) န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–စုတိ–ပဋိ–ဘဝင်–

http://www.dhammadownload.com



(၃) န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဘ၀င်–စုတိ–ပဋိ–ဘ၀င်–
(၄) န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–စုတိ–ပဋိ–ဘ၀င်–

ပထမနှစ်ဝီထိသည် အတိဝိဘူတာရုံအတွက်ဖြစ်ပြီးလျှင် နောက်နှစ်ဝီထိသည် ဝိဘူတာရုံအတွက် ဖြစ်၏။ ဤလေးဝီထိကို ဆန်းစစ်ကြည့်လျှင်–

(၁) တဒါရုံ, ဘ၀င်နောင် စုတိကျသောသတ္တဝါ၊
(၂) တဒါရုံနောင် စုတိကျသော သတ္တဝါ၊
(၃) ဇော, ဘ၀င်နောင် စုတိကျသော သတ္တဝါ၊
(၄) ဇောနောင် စုတိကျသော သတ္တဝါဟူ၍ သတ္တဝါလေးမျိုးရှိ၏။

ထိုလေးမျိုးလုံးတွင် ဤဘ၀၏ စုတိစိတ်ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် နောက်ဘ၀၏ ပဋိသန္ဓေစိတ်သည် အခြားမရှိဘဲ ဆက်တိုက်ဖြစ်ပေါ်လာ၏။ ထိုသို့ဖြစ်ရာ၌ မစုတေမီရှေ့အဖို့က မရဏာသန္နဝီထိဇောတို့ ယူထားသောအာရုံကို ဆက်လက်၍ အာရုံပြု၏။ မရဏာသန္နစိတ်က ကံကိုအာရုံယူခဲ့လျှင် ပဋိသန္ဓေစိတ်သစ်ကလည်း ထို ကံကိုပင် အာရုံပြု၏။ ကမ္မနိမိတ်ကို အာရုံယူခဲ့လျှင် ပဋိသန္ဓေစိတ်ကလည်း ကမ္မနိမိတ်ကိုပင် အာရုံပြု၏။ ဂတိနိမိတ်ကို အာရုံယူခဲ့လျှင် ပဋိသန္ဓေစိတ်ကလည်း ဂတိနိမိတ်ကိုပင် အာရုံပြု၏။

**'ပဋိသန္ဓိ'** (ပါဠိအခေါ်)၏ ကိစ္စမှာ ဘ၀ဟောင်းအပြတ်တွင် ဘ၀သစ်ကို ဆက်စပ်ပေးခြင်းဖြစ်၏။ ထိုပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘ၀သစ်၌ တည်၏။

အထက်ပါ အကြောင်းခြင်းရာကို ဆင်ခြင်ကြည့်လျှင်ပင် ပဋိသန္ဓေစိတ်သည် အလိုအလျောက် ပေါ်ပေါက်လာသည်မဟုတ်။ ဗြဟ္မာမင်းကြီး စသည့် တန်ခိုးရှင် တစ်ဦးဦးက ဖန်ဆင်းလိုက်သည်လည်း မဟုတ်။ ရှေးက မိမိပြုခဲ့သော ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံ၏ အကျိုးဝိပါက်အဖြစ်ဖြင့် ဖြစ်ပေါ်လာရခြင်းသာ ဖြစ်၏။

အဝိဇ္ဇာနှင့်တဏှာမကင်းသေးသော ပုဂ္ဂိုလ်များသည် ကုသိုလ်, အကုသိုလ်ကံ ဟူသည့် သခ်ီရကို အစဉ်ပြုလုပ်နေကြ၏။ အဝိဇ္ဇာနှင့် တဏှာကင်း၍ ရဟန္တာဖြစ်သည့် အခါ ထိုသခ်ီရကို မပြုလုပ်တော့ပါ။ သို့အတွက် ရဟန္တာမဖြစ်ခင် ပြုသမျှသော ကုသိုလ် အကုသိုလ် သခ်ီရတို့၌ အဝိဇ္ဇာနုသယခြံရံ၍ တဏှာနုသယအရင်းခံလျက် ပါရှိကြ၏။ ဤသခ်ီရရှိနေသရွေ့ စုတိစိတ်ချုပ်ပြီးသည့်နောက်၌ အခြားမဲ့ဖြစ်သော နောက်ဘ၀၏ ပဋိသန္ဓေ, ဘ၀င်, စုတိဟူသောစိတ်တို့သည် ရထား၌တပ်ထားအပ်သည့် စက်ဘီး၏ လည်ပုံကဲ့သို့ ဆက်ကာဆက်ကာ ချာချာလည်၍ဖြစ်နေပေတော့သတည်း။

http://www.dhammadownload.com



## ဘဝနိကန္တိကဝီထိ

*** ဘဝသစ်၌ ပဋိသန္ဓေစိတ်ဖြစ်ချုပ်ပြီးနောက် စိတ်အစဉ် မည်သို့ဖြစ်သနည်း။**

ပဋိသန္ဓေစိတ်နောင် ဘဝင် ၁၅ ကြိမ်, ၁၆ ကြိမ်ခန့်ဖြစ်ပြီးလျှင် ထိုဘဝသစ်၏ ခန္ဓာအာရုံသည် ဘဝင်ဟူသော မနောဒွါရ၌ ထင်လာသဖြင့် ထိုထင်လာသော ခန္ဓာကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် 'ငါ့အား ဘဝသစ်ခန္ဓာကို ရပေပြီ' ဟု ဝမ်းသာအားရနှစ်သက်သော ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်များစွာ ကျ၍သွား၏။ ၎င်းနောက် ဖြစ်ထိုက်သည့်အားလျော်စွာ ဝီထိ တစ်လှည့် ဘဝင်တစ်လှည့်ဖြစ်၍သွား၏။

### စုတိနောင် ပဋိသန္ဓေအပြား

**(၁) အရူပစုတိနောင် ပဋိသန္ဓေ အဘယ်မျှဖြစ်နိုင်သနည်း။**

(အရူပဘုံမှ သေဆုံးခဲ့သူသည် မည်သည့်ဘုံများ၌ ဖြစ်နိုင်သနည်းဟု မေးလိုခြင်း ဖြစ်သည်။)

အာကာသာနဉ္စာယတနစုတိနောင် အရူပပဋိသန္ဓေလေးပါးနှင့် ကာမတိဟိတ် ပဋိသန္ဓေလေးပါးဟူ၍ ပဋိသန္ဓေရှစ်ပါးဖြစ်နိုင်၏။

အရူပဘုံလေးဘုံအနက် တစ်ဘုံဘုံ၌လည်းကောင်း၊ ကာမသုဂတိခုနစ်ဘုံအနက် တိဟိတ်ပဋိသန္ဓေဖြင့် တစ်ဘုံဘုံ၌လည်းကောင်း ဖြစ်နိုင်သည်ဟု ဆိုလို၏။

ဝိညာဏဉ္စာယတနစုတိနောင် အာကာသာနဉ္စာယတနပဋိသန္ဓေကြဉ်သော အရူပ ပဋိသန္ဓေသုံးပါးနှင့် ကာမတိဟိတ်ပဋိသန္ဓေလေးပါးဟူ၍ ပဋိသန္ဓေခုနစ်ပါး ဖြစ်နိုင်ပါ သည်။

အာကိဉ္စညာယတန စုတိနောင် အာကိဉ္စညာယတန, နေဝသညာနာသညာ ယတနဟူသော အရူပပဋိသန္ဓေနှစ်ပါးနှင့် ကာမတိဟိတ်ပဋိသန္ဓေလေးပါးဟူ၍ ပဋိသန္ဓေ ခြောက်ပါး ဖြစ်နိုင်သည်။

နေဝသညာနာသညာယတနစုတိနောင် နေဝသညာနာသညာယတနပဋိသန္ဓေ တစ်ပါးနှင့် ကာမတိဟိတ်ပဋိသန္ဓေလေးပါးဟူ၍ ပဋိသန္ဓေငါးပါးဖြစ်နိုင်ပါသည်။

**မှတ်ချက်။** ။ အထက်အရူပဘုံသို့ရောက်ပြီးသော ဗြဟ္မာများသည် အောက် အောက် ရူပဈာန်နှင့် အရူပဈာန်တို့ကို အားမထုတ်ကြသော ကြောင့် ရူပဘုံနှင့် အောက်အောက်အရူပဘုံများ၌ ပဋိသန္ဓေမဖြစ် ကြ။ မိမိဘုံ၌ကား ပြန်၍ဖြစ်နိုင်ကြ၏။

http://www.dhammadownload.com



**(၂) ရူပါဝစရစုတိနောင် ပဋိသန္ဓေ အဘယ်မျှဖြစ်နိုင်သနည်း။**

ရူပါဝစရစုတိနောင် အဟိတ်ပဋိသန္ဓေနှစ်ပါးကြဉ်သော ကာမဒွိဟိတ်ပဋိသန္ဓေ လေးပါး, ကာမတိဟိတ်ပဋိသန္ဓေလေးပါ , ရူပပဋိသန္ဓေခြောက်ပါး, အရူပပဋိသန္ဓေ လေးပါးဟူ၍ ပဋိသန္ဓေ ၁၈ ပါး ဖြစ်နိုင်၏။

(၃) အသညသတ်စုတိနောင် ကာမတိဟိတ်, ဒွိဟိတ်ပဋိသန္ဓေရှစ်ပါးသာ ဖြစ်နိုင်၏။

**(၃) ကာမစုတိနောင် ပဋိသန္ဓေ အဘယ်မျှဖြစ်နိုင်သနည်း။**

ကာမတိဟိတ်စုတိ လေးပါးနောင် အဟိတ်ပဋိသန္ဓေနှစ်ပါး, ကာမဒွိဟိတ်, တိဟိတ် ပဋိသန္ဓေရှစ်ပါး, ရူပပဋိသန္ဓေခြောက်ပါး, အရူပ ပဋိသန္ဓေလေးပါးဟူ၍ပဋိသန္ဓေ ၂၀ ဖြစ်နိုင်၏။

ဒွိဟိတ်စုတိလေးပါးနောင် ကာမပဋိသန္ဓေ ၁၀ ပါး ဖြစ်နိုင်၏။

အဟိတ်စုတိနှစ်ပါးနောင် ကာမပဋိသန္ဓေ ၁၀ ပါးလုံးဖြစ်နိုင်၏။

**လေ့ကျင့်ရန် မေးခွန်းများ**

၁။ ပဋိသန္ဓေနေခြင်းလေးမျိုးကို ရေးသား၍ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသည့်သတ္တဝါများကို ဖော်ပြပါ။ (၁၉၇၈)

၂။ ငါးပါးသီလဆောက်တည်လျှင် မည်သည့်ကုသိုလ်ဖြစ်မည်နည်း။ ထိုကုသိုလ်ကြောင့် သွားရောက်ဖြစ်နိုင်သော ဘုံများကို ဖော်ပြပါ။ (၁၉၇၈)

၃။ ဒွိဟိတ်ဥက္ကဋ္ဌဒါနကုသိုလ်၏ တရားကိုယ်ကို ထောက်ပြ၍ ထိုကုသိုလ်၏ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ရေးသားပါ။ (၁၉၇၈)

၄။ ရုပ်ဖြင့် ပဋိသန္ဓေနေသောသတ္တဝါ၊ နာမ်ဖြင့် ပဋိသန္ဓေနေသောသတ္တဝါ၊ ရုပ်နာမ်နှစ်ပါးဖြင့် ပဋိသန္ဓေနေသော သတ္တဝါတို့ကို ဖော်ပြ၍ ဝိညာဏဉ္စာယတန ဗြဟ္မာကြီး စုတေလျှင် မည်သည့်ဘုံများသို့ ရောက်နိုင်ပါသနည်း။ ရှင်းပြပါ။ (၁၉၇၈)

၅။ သုဒ္ဓါဝါသဗြဟ္မာဘုံ၌ မဖြစ်နိုင်သောပုဂ္ဂိုလ်တို့ကို ထုတ်ပြ၍ စတုမဟာရာဇ်နတ်နှင့် ပရနိမ္မိတဝသဝတ္တိနတ်တို့၏သက်တမ်းကို လူတို့၏အရေအတွက် အားဖြင့် ဖော်ပြခဲ့ပါ။ (၁၉၇၉)

၆။ နှုတ်ဖြင့် 'သတ်လိုက်'ဟု စေခိုင်းမှုသည် ကာယကံ, ဝစီကံနှစ်ပါးတွင် မည်သည့်ကံဖြစ်သည်ကို ဖော်ပြ၍ လောဘ, ဒေါသနှစ်ပါးကြောင့်ဖြစ်ရသော လူမှုဒုစရိုက်များကို ညွှန်ပြခဲ့ပါ။ (၁၉၇၉)

http://www.dhammadownload.com



၇။ အကုသိုလ်၏မကောင်းကျိုးပေးရာ ဘုံဌာနကို ပဋိသန္ဓေအခါ၊ ပဝတ္တိအခါအားဖြင့် ခွဲခြားဖော်ပြ၍ စတုဗ္ဗစျာန်ကို ပဏ္ဍိတဖြစ်အောင် အားထုတ်လျှင် မည်သည့် ဗြဟ္မာဘုံသို့ ရောက်နိုင်သနည်း။ (၁၉၇၉)

၈။ သတ္တဝါတို့၏ ကံတရားအရ အမှန်တကယ်ဖြစ်ပေါ်တည်ရှိနေသော '၃၁' ဘုံတို့ကို ပြည့်စုံအောင်ရေတွက်ဖော်ပြပါ။ (၁၉၈၀)

၉။ ကံတရားကြောင့် သတ္တဝါအမျိုးမျိုးဖြစ်ပေါ်လျက်ရှိရာ မည်သည့်ကံကြောင့် 'လူ'ဟူသောသတ္တဝါများ ဖြစ်လာရပါသနည်း။ သင်္ဂြိုဟ်ဝိထိမုတ်ပိုင်းအရ ဖြေဆိုခဲ့ပါ။ (၁၉၈၀)

၁၀။ လေယာဉ်ပျက်ကျသဖြင့် သေဆုံးသူများသည် မည်သည့်ကံကြောင့် ဖြစ်ပါသနည်း။ အဘိဓမ္မာသဘောဖြင့် သုံးသပ်ဖော်ပြပါ။ (၁၉၈၀)

၁၁။ တိုးချည်ဆုတ်ချည်၊ အတည်တကျ သက်တမ်းကာလသတ်မှတ်၍မရသော ပုဂ္ဂိုလ်များကို ဖော်ပြပါ။ (၁၉၈၀)

၁၂။ ဘဝသက်တမ်းတစ်လျှောက်လုံး၌ ဘုံအားဖြင့်လည်းကောင်း၊ ဓာတ်အားဖြင့်လည်းကောင်း၊ ယုဉ်ဘက်တရားအားဖြင့်လည်းကောင်း၊ သင်္ခါရအားဖြင့်လည်းကောင်း၊ အာရုံအားဖြင့်လည်းကောင်း တူညီသောစိတ်များကို ရေးပါ။ (၁၉၈၁)

၁၃။ ထမင်းရည်ချောင်းစီး အလှူကြီးပေးသော တိဟိတ်ဥက္ကဋ္ဌကုသိုလ်ရှင်၏ ဒါနကုသိုလ်ကံသည် မည်သည့်အကျိုးများကို ပေးပါသနည်း။ (၁၉၈၀)

၁၄။ အောက်ပါပုဂ္ဂိုလ်တို့ သေသောအခါ မည်သည့်ပဋိသန္ဓေ (မည်သည့်ဘဝ) သို့ ရောက်ကြပါသနည်း။

(က) ဒွိဟိတ်လူသားများ၊ (ဃ) ရူပဘုံသားဗြဟ္မာများ၊

(ခ) တိဟိတ်လူသားများ၊ (င) အရူပဘုံသားဗြဟ္မာများ။ (၁၉၈၁)

(ဂ) နတ်များ၊

၁၅။ ရုပ်တရားဟူ၍ လုံးဝမရှိ၊ နာမ်တရားသက်သက်သာရှိသော ဘုံဘဝမျိုး ရှိနိုင်ပါသလော၊ ရှိလျှင် ယင်းဘုံဘဝမျိုးကို မည်သို့ရရှိနိုင်ပါသနည်း။ (၁၉၈၃)

၁၆။ မွေးကတည်းက ကန်းလာသောသူတို့၏ ပဋိသန္ဓေစိတ်သည် ကုသိုလ်၏အကျိုးလော၊ အကုသိုလ်၏အကျိုးလော၊ စိစစ်ဖော်ပြပါ။ (၁၉၈၃)

၁၇။ နှုတ်ကြောင့် အကုသိုလ်ဖြစ်ရသော ဝစီကံလေးပါးကိုရေတွက်ပြပါ။ (၁၉၈၃)

၁၈။ နာမ်မရှိ၊ ရုပ်သက်သက်သာရှိသောဘုံဘဝသို့ ရောက်ရန် မည်သည့်တရားကို မည်သို့ ပွားများအားထုတ်ရပါသနည်း။ ဖြေဆိုပါ။ (၁၉၈၄)

၁၉။ ယနေ့ပြုလုပ်သော ကုသိုလ်ကံ, အကုသိုလ်ကံသည် ယခုဘဝမှာပင် ချက်ချင်းလက်ငင်း အကျိုးပေးပါသလော၊ ကံတို့၏အကျိုးပေးရာကာလကို ဖော်ပြပါ။ (၁၉၈၄)

http://www.dhammadownload.com



၂၀။ အလိုရမ္မက်လောဘအတွက်ကြောင့်ဖြစ်ရသော အကုသိုလ်ဒုစရိုက်တရားများကို တစ်ပါးစီရေတွက်ပြပါ။ (၁၉၈၄)

၂၁။ သံသရာစက်ရဟတ် အဆက်မပြတ်လည်နေပုံကို ဝိထိမှတ်ပိုင်းနိဂုံးလာ ကျမ်းဆရာ၏ အာဘော်ကျအောင် အကျဉ်းချုပ်ဖော်ပြပါ။ (၁၉၈၄)

၂၂။ မည်မျှအားထုတ်စေကာမူ မြေလျှိုးမိုးပျံနိုင်သော ဈာန်အဘိညာဉ်အဆင့်သို့ မရောက်နိုင်သည့်လူစားမျိုးကို ဖော်ပြပြီးလျှင် ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်ပေါ်နိုင်သော စိတ်တို့ကိုလည်း ရေတွက်ဖော်ပြပါ။ (၁၉၈၅)

၂၃။ သုံးဆယ့်တစ်ဘုံကို သင်သိပါသလော။ တခြားသောဘုံတို့သည်လည်း ဤလူ့ဘုံကဲ့သို့ချည်း ရုပ်နာမ်နှစ်ပါးစုံဖြစ်ပါသလော။ ထူးခြားမှုရှိလျှင် ရှိသည့်အလျောက် ဝေဖန်ဖော်ပြခဲ့ပါ။ (၁၉၈၅)

၂၄။ အောက်ပါပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်ချင်း တူညီမှုရှိမရှိကို ဝေဖန်စိစစ်ဖော်ပြပါ။

(က) ဆင်မင်း၏ ပဋိသန္ဓေစိတ်။

(ခ) နဂါးမင်း၏ ပဋိသန္ဓေစိတ်။

(ဂ) ပဋိသန္ဓေအားဖြင့် ကန်းသောလူ၏ ပဋိသန္ဓေစိတ်။

(ဃ) ဉာဏ်ထိုင်းလွန်းသောသူ၏ ပဋိသန္ဓေစိတ်။

(င) မဟာသမပညာရှိ၏ ပဋိသန္ဓေစိတ်။ (၁၉၈၅)

၂၅။ ဘုရားတည်, ကျောင်းဆောက်, ရှင်ပြုပဉ္စင်းခံ စသည်ကိုပြုလုပ်သော ကုသိုလ်ကံသည် မည်သည့်ဘုံဘဝ၌ မည်သည့်အကျိုးဝိပါက်တို့ကို ဖြစ်ပေါ် ရရှိစေနိုင်ပါသနည်း။ အဘိဓမ္မာသင်္ဂြိုဟ်ကမ္မစတုက္ကပိုင်းအရ ဝေဖန်စိစစ်ဖော်ပြပါ။ (၁၉၈၅)

၂၆။ လူ့သဘာဝအရ မျက်နှာကြီးပုဂ္ဂိုလ်များကို အထူးတလည်နေရာများ သီးသန့်ပေးရသကဲ့သို့ အဘိဓမ္မာနည်းအရ အနာဂါမ်ရဟန္တာပုဂ္ဂိုလ်ကြီးများအတွက်သာ အထူးသီးသန့်ပေးရသော ဘုံဌာနငါးမျိုးကို ထုတ်ပြ၍ အရိယာပုဂ္ဂိုလ်တို့ မဖြစ်သောဘုံဌာနများကိုလည်း ထုတ်ပြခဲ့ပါ။ (၁၉၈၆)

၂၇။ လောဘရမ္မက် ဒေါသအတွက်ကြောင့်ဖြစ်ရသော အကုသိုလ်ဒုစရိုက်တရားများကို တစ်ပါးစီရေတွက်ပြပါ။ (၁၉၈၆)

၂၈။ ဘယ်ဘဝကသေလျှင် ဘယ်ဘဝရောက်သည်ဟု အဘိဓမ္မာနည်းလမ်းအရ ညွှန်ပြလျက်ရှိရာ အရူပဗြဟ္မာကြီး စုတေက ရူပဗြဟ္မာကြီးဖြစ်မဖြစ်ကို စုတိပဋိသန္ဓိက္ကမပိုင်းအရ သုံးသပ်ပြခဲ့ပါ။ (၁၉၈၆)

http://www.dhammadownload.com



၂၉။ ထွေပြားဆန်းကြယ်သော သတ္တလောကကြီးဝယ် နာမ်မရှိသောသတ္တဝါ၊ နာမ်သာရှိ၍ ရုပ်မရှိသောသတ္တဝါ၊ ရုပ်ရော နာမ်ပါ နှစ်ပါးစုံရှိသောသတ္တဝါတို့ကို အဘိဓမ္မာကျမ်းလာအရ ဖော်ပြခဲ့ပါ။ (၁၉၈၇)

၃၀။ သုံးဆယ့်တစ်ဘုံရှိသော်လည်း လက်ရှိအခြေအနေအရ အသင်စာဖြေပုဂ္ဂိုလ်နှင့် သက်ဆိုင် (လားရောက်ခွင့်ရှိ) သော ဘုံများကိုသာ ရေတွက်ဖော်ပြပါ။ (၁၉၈၇)

၃၁။ အဘယ်ပုဂ္ဂိုလ်မျိုးသည် ဉာဏ်ရည်အဆင့်အလွန်မြင့်မား၍ အဘယ်ပုဂ္ဂိုလ်မျိုးသည် ဉာဏ်ရည်အဆင့် အလွန်နိမ့်ကျပါသနည်း။ ပဋိသန္ဓေစိတ်ဖြင့် တိုင်းတာ ဆုံးဖြတ်ပြပါ။ (၁၉၈၇)

၃၂။ ကောင်းမှုမကောင်းမှုပြုသူများအတွက် လက်တွေ့ဘဝ၌ပင် အကျိုးရစေသည့် ကောင်းသောကံ, မကောင်းသောကံတို့ကို မည်သို့ခေါ်ဆိုပါသနည်း။ ဖော်ပြပြီးလျှင် ယခုစာမေးပွဲဖြေဆိုသောအလုပ်သည် ယင်းကံနှင့် သက်ဆိုင်ခြင်း ရှိ မရှိ ဖြေဆိုပါ။ (၁၉၈၇)

**(၁၉၈၈-ခုနှစ်မှ ၁၉၉၂-ခုနှစ်အထိ စာမေးပွဲ အမေးအဖြေများကို ဤစာအုပ်နောက်ဆက်တွဲမှာ ကြည့်ပါ။)**

၃၃။ သုံးဆယ့်တစ်ဘုံတွင် အနာဂါမ်, ရဟန္တာတို့သာ သီးသန့်ရှိအပ်သည့်ဘုံကို ကောက်ပြ၍ မွေးရာပါ ဆွံ့အ,သူများ၏ ပဋိသန္ဓေစိတ်ကိုလည်း ညွှန်ပြခဲ့ပါ။ (၁၉၉၃)

၃၄။ စာဖြေသူသည် မည်သည့်ဘုံသား ဖြစ်ပါသနည်း၊ သက်တမ်းပမာဏ မည်မျှရှိပါသနည်း၊ ပြည့်စုံအောင် ဖြေဆို၍ သိကြားမင်း၏ သက်တမ်းကိုလည်း လူတို့၏ နှစ်အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။ (၁၉၉၃)

၃၅။ လောကတွင် 'ကံကောင်းထောက်မ, ချမ်းသာရ၊ ကံဆိုးမိုးမှောင်, ဆင်းရဲခေါင်' ဟူသော ဆိုရိုးစကားတို့သည် မည်သည့်ကံကို ဆိုလိုပါသနည်း၊ ရှင်းလင်းရေးသား၍ မကောင်းမှုဒုစရိုက်များ ကျူးလွန်အောင် အားပေးသော အရင်းခံတရားများကိုလည်း ထုတ်ဆောင်ရေးသားခဲ့ပါ။ (၁၉၉၃)

၃၆။ သုံးဆယ့်တစ်ဘုံ ဌာနစုံဝယ် (က) ပုထုဇဉ်တို့၏ သီးသန့်ဘုံဌာန၊ (ခ) အရိယာတို့၏ သီးသန့်ဘုံဌာန၊ (ဂ) အသက်အရှည်ဆုံး ဗြဟ္မာ၊ (ဃ) ယင်းဗြဟ္မာ၏ သက်တမ်းတို့ကို တိကျစွာရေးသားပြပါ။ (၁၉၉၅)

၃၇။ စိတ်ဝိညာဉ်မဲ့ ဗြဟ္မာကြီးတို့၏ ဘဝနိဒါန်း အစပဋိသန္ဓေမွေ့ကို ဖော်ပြ၍ မိမိပြုလုပ်သော ကောင်းမှုကုသိုလ်များသည် ယခုမျက်မှောက်ဘဝ၌ပင် အကျိုးပေးနိုင်ပုံကိုလည်း ပါကကာလကံအပြားကို သုံးသပ်၍ ဖြေဆိုပါ။ (၁၉၉၅)

http://www.dhammadownload.com



၃၈။ ဤကမ္ဘာမြေပြင်ဝယ် စစ်ပွဲကြီးများ ပေါ်ပေါက်ခြင်း, မိစ္ဆာအယူ ထွန်းကားခြင်းတို့၏ အကြောင်းရင်းဇာစ်မြစ်ကို ရှာဖွေပြ၍ ရုပ်ခန္ဓာမဲ့ ပြဿနာကြီးများ၏ ပဋိသန္ဓေစိတ်ဝိညာဉ်သည် အဘယ်ကို အာရုံပြုပါသနည်း၊ တိကျစွာဖြေဆိုပါ။ (၁၉၉၅)

၃၉။ 'လူသေ လူဖြစ်ဝါဒ' မှားယွင်းပုံကို လားရောက်နိုင်သော ဂတိ, ဖြစ်ခွင့်ရှိသော ပဋိသန္ဓေတရားတို့ကို လက်ကိုင်ထားလျက် စောဒကမတက်နိုင်အောင် အချက်ကျကျ ရေးသားပြပါ။ (၁၉၉၅)

၄၀။ လှူရာမဝင် လူစဉ်မမီသူတို့၏ ဘဝအစဦးစွာဖြစ်သောစိတ်ကို ဖော်ပြ၍ သက်တမ်းကာလ အတည်တကျသတ်မှတ်မရနိုင်သော ဘုံသားများကိုလည်း ဖော်ပြပါ။ (၁၉၉၆)

၄၁။ နှစ်ဦးအခါဝယ် ဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း စသည့်ပြုလုပ်မှုများသည် မည်သည့်ကောင်းမှုကုသိုလ်ကံဖြစ်သည်ကို ဖြေဆို၍ ယင်းကံ၏ အကျိုးပေးရာ ဘုံကိုလည်း အခါအားလျော်စွာ အသီးသီးသတ်မှတ်ပြပါ။ (၁၉၉၆)

၄၂။ ပဋိသန္ဓေ, ဘဝင်, စုတိဟူသော အဘိဓမ္မာဝေါဟာရတို့၏ သဘောသွားကို ရှင်းလင်းပြ၍ 'ယခုဘဝ သေပြီး နောက်ဘဝမရှိ' ဟု အယူသီးသူတို့၏ ဝါဒကိုလည်း သင်္ဂဟနှင့်အညီ ပယ်ချပြပါ။ (၁၉၉၆)

၄၃။ ပုဂ္ဂိုလ် သတ္တဝါမှန်သမျှ တွေ့ကြုံရမည့် သေခြင်းလေးမျိုးကို အဓိပ္ပာယ်ပါအောင် ဖြေဆို၍ အဘယ်သို့ဖြစ်သွားသည်ကို 'စုတေသည်, သေသည်' ဟု ခေါ်သည်ကိုလည်း ဖြေဆိုပါ။ (၁၉၉၆)

၄၄။ သတ္တဝါတို့၏ ကံအရ အမှန်တကယ်တည်ရှိနေသော ၃၁ ဘုံကို အကျဉ်းချုပ်ရေတွက်ပြ၍ (က) ပုထုဇဉ်, သောတာပန်, သကဒါဂါမိပုဂ္ဂိုလ်များ မရနိုင်သောဘုံ၊ (ခ) အရိယာပုဂ္ဂိုလ်များ မရနိုင်သောဘုံ၊ (ဂ) အရိယာပုထုဇဉ်ပုဂ္ဂိုလ်နှစ်မျိုးလုံး မရနိုင်သောဘုံတို့ကို ခွဲခြားဖြေဆိုပါ။ (၁၉၉၇)

၄၅။ ကမ္မဒ္ဒါရ၏အစွမ်းဖြင့်ဖြစ်သော အကုသိုလ်ကံသုံးမျိုးကို ရေးသားပြီး ထိုကံတို့၏ အကြောင်းတရားနှင့် အကျိုးပေးရာဘုံတို့ကိုလည်း ပဋိသန္ဓေ, ပဝတ္တိအားဖြင့် ပြည့်စုံစွာဖော်ပြပါ။ (၁၉၉၇)

၄၆။ ဘုရားတည်, ကျောင်းဆောက်, ရှင်ပြု ရဟန်းခံ စသည်တို့ကိုပြုလုပ်သဖြင့် ရရှိသော ကုသိုလ်ကံသည် မည်သည့်ဘဝ၌ မည်သည့်အကျိုးဝိပါက်များကို ရရှိစေနိုင်ပါသနည်း၊ ဖြေဆိုပါ။ (၁၉၉၇)

http://www.dhammadownload.com



၄၇။ ကာမ ၁၁ ဘုံကို ကောင်းသောလားရာဘုံ, မကောင်းသောလားရာဘုံအားဖြင့် ခွဲခြားဝေဖန်ပြ၍ စင်ကြယ်ဌာန သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေနိုင်သော အရိယာတို့ကိုလည်း ဖော်ပြပါ။ (၁၉၉၈)

၄၈။ သက်တမ်းမမြဲသော ကာမပုဂ္ဂိုလ်တို့ကို ဖြေဆို၍ ဘဝတစ်ခု၌ တူမြဲတရားတို့ကိုလည်း ဖော်ပြပါ။ (၁၉၉၈)

၄၉။ ဒါနကုသိုလ်ကံသည် နောင်သံသရာတွင်သာမက ယခုဘဝမှာပင် အကျိုးပေးနိုင်ပုံကို ရှင်းပြ၍ မကောင်းမှုအကုသိုလ်ကံသုံးမျိုးတို့တွင် နောက်ဆုံးကံ၏ အဓိပ္ပာယ်ကိုလည်း စိတ်ဝယ်စွဲအောင် ရေးသားပြပါ။ (၁၉၈၈)

၅၀။ အသည်သတ်ဘုံသို့ရောက်ရန် နည်းလမ်းကို စည်းကမ်းတကျရေးသားပြ၍ ဘဝင်ဖြစ်ပုံကိုလည်း ဥပမာဆောင်ကာ ထင်အောင်ပြခဲ့ပါ။ (၁၉၉၈)

၅၁။ အနာဂါမ်, ရဟန္တာတို့အတွက် နေရာဌာနသီးသန့်ထားသော ဘုံတို့ကို ခွဲခြားပြ၍ ချွန်မရတာချင်းတူပါလျက် ဘဝအစ ပထမဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်ချင်း မတူပုံကိုလည်း ရှင်းပြပါ။ (၂၀၀၁)

၅၂။ ကောင်းကံ, ဆိုးကံ ထိုနှစ်တန်တွင် အဘယ်ကံ ပို၍များသည်ကို အကျိုးပေးရာဘုံဌာနနှင့် စပ်၍ပြားသော ကံလေးမျိုးကိုရှုကာ ဖြေဆို၍ ကိုယ်အမူအရာ, နှုတ်အမူအရာ မပါဘဲ စိတ်ဖြင့်သာ ကျူးလွန်မိနိုင်သော အကုသိုလ်ကံတို့ကိုလည်း ထုတ်ပြပါ။ (၂၀၀၁)

၅၃။ တရားနာခြင်း စသည်သည် ဘာဝနာ ဟုတ် မဟုတ် စစ်တမ်းထုတ်၍ ဒါန, သီလ မပါ ဘာဝနာတစ်မျိုးသာပါသော ကံတို့ကိုလည်း ရေးသားပြပါ။ (၂၀၀၁)

၅၄။ အသည်သတ်ဘုံသို့ ရောက်ဖို့ရန် အဘယ်ဈာန်ကို အဘယ်သို့ အားထုတ်ရမည်ကို ရေး၍ ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသေးသော ပုဂ္ဂိုလ်တို့အတွက် သံသရာစက်လည်ပုံကိုလည်း ဥပမာဆောင်ကာ ထင်အောင်ပြပါ။ (၂၀၀၁)

၅၅။ ကုသိုလ်ကောင်းမှု ပြုခွင့်များစွာမရသော ဘုံတို့ကို ဖော်ပြ၍ 'သုဒ္ဓါဝါသဘုံ၌ အရိယာများသာ နေကြသည်၊ အရိယာများသည် သုဒ္ဓါဝါသဘုံ၌သာ ဖြစ်ကြသည်' ဟူသော အများအပြောစကားကို တရားသဘောသွားနှင့် ညှိပြပါ။ (၂၀၀၂)

၅၆။ မနောကံ၏ အဓိပ္ပာယ်ကို ရေးသားပြ၍ 'မုသားမပါ လက်မချော' ဟု ပြောဆိုကြရာ ထိုမုသားပြောဆိုခြင်းသည် ချစ်, မုန်း နှစ်ထွေ အဘယ်အကြောင်းရင်းတွေကြောင့် ပြောကြသည်ကိုလည်း ရေးသားပြပါ။ (၂၀၀၂)

http://www.dhammadownload.com



၅၇။ 'အလှူပေးခြင်းသည် မွဲရုံသာရှိသည်' ဟု မှားယွင်းစွာယူခြင်းသည် မည်သည့် အကုသိုလ်ကံမျိုးဖြစ်သည်ကို ရေးပြ၍ ယင်း၏ အကျိုးပေးရာဘုံဌာနတို့ကို လည်း အခါအားလျော်စွာ အသီးသီးသတ်မှတ်ပြပါ။ (၂၀၀၂)

၅၈။ 'ကောင်းမှုပြုလုပ်က ကောင်းကျိုးရ၏' ဟု ပြောဆိုကြရာ အမှန်တကယ် မိမိ နှင့်တူသော ကောင်းကျိုးကိုသာ ပေးသော ကုသိုလ်ကံကို ရွေးချယ်ပြ၍ တူမြဲ တရားသုံးပါးတို့၏ သဘောအဓိပ္ပာယ်ကိုလည်း မနောစိတ်ဝယ် စွဲအောင် ရေး သားပြပါ။ (၂၀၀၂)

၅၉။ ရုပ်ဖြင့်သာ ပဋိသန္ဓေနေ၍ ရုပ်ဖြင့်ပင် သေသောပုဂ္ဂိုလ်ကို ဖော်ပြ၍ အကျိုးပေး ရာ ကာလနှင့်စပ်၍ ပြားသော ကံလေးမျိုးကိုလည်း ကာလများနှင့် တွဲစပ်ပြပါ။ (၂၀၀၃)

၆၀။ ကာယကမ္မအမည်ရခြင်းအကြောင်းကို ရေး၍ ကာယနှင့် ကမ္မအရတို့ကိုလည်း ခွဲခြားပြပါ။ (၂၀၀၃)

၆၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဝတ္တိကျိုး၊ ပဋိသန္ဓေကျိုးတို့ကို ဖော်ပြ၍ အသ ညသတ်ဘုံသို့ ရောက်ရန် နည်းကိုလည်း ရေးသားပြပါ။ (၂၀၀၃)

၆၂။ စုတေခါနီး၌ ဖြူစင်သောစိတ်၊ ညစ်နွမ်းသောစိတ် နှစ်မျိုးတို့တွင် အဘယ်စိတ် ဖြစ်သည်ကို ရေးသားပြ၍ ရဟန္တာမဖြစ်သေး၍ ဘဝစာတ်မသိမ်းသေးလျှင် အဘယ်စိတ်တို့သည် အဘယ်ကဲ့သို့ဖြစ်သည်ကိုလည်း ရေးသားပြပါ။ (၂၀၀၃)

၀

http://www.dhammadownload.com

# အခန်း (၆)

# ရုပ်ပိုင်း

### ရူပသမုဒ္ဒေသ

ရုပ် ၂၈ ပါးကို အကျဉ်းသရုပ်မျှ ထုတ်ပြခြင်းကို ရူပသမုဒ္ဒေသဟု ခေါ်၏။

### ၁။ မဟာဘူတ (ဝါ) ဘူတရုပ်လေးပါး

မဟာ = ကြီးကျယ်သည်ဖြစ်၍။ ဘူတ = ထင်ရှားသောရုပ်များ။

အခြားသောရုပ်များထက် သဘောလက္ခဏာအားဖြင့်လည်းကောင်း၊ အထည်ကိုယ်ခြုပ်အားဖြင့်လည်းကောင်း ပိုမိုကြီးကျယ်ထင်ရှားသောရုပ်ကို မဟာဘူတရုပ် (ဝါ) မဟာဘုတ်ဟု ခေါ်၏။ မဟာဘုတ်လေးပါးရှိ၏။

(၁) ပထဝီ = မိမိနှင့်အတူတကွဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ တည်ရာမှီရာဖြစ်သောကြောင့် ပထဝီမည်၏။ ပထဝီသည် ခက်မာခြင်း, နူးညံ့ခြင်းသဘောရှိ၏။

(၂) အာပေါ = မိမိနှင့် အတူတကွဖြစ်ကုန်သော ရုပ်ကလာပ်တို့ကို ပြန့်ပွားစေတတ်သောကြောင့် အာပေါမည်၏။ အာပေါသည် စေးကပ်ခြင်း, ယိုစီးခြင်း, ပေါင်းဖွဲ့ခြင်းသဘောရှိ၏။

(၃) တေဇော = ကြွင်းသောဘုတ်သုံးပါးအပေါင်းကို ရင့်ကျက်စေတတ်, ထက်စေတတ်, ပူစေတတ်, နူးညံ့စေတတ်သောကြောင့် တေဇောမည်၏။ တေဇောသည် ပူခြင်းအေးခြင်းသဘောရှိ၏။

(၄) ဝါယော = ရုပ်အစု, ဘုတ်အစုတို့ကို တည်မြဲတိုင်းသောအရပ်မှ အခြားတစ်ပါးသောအရပ်သို့ တိုက်လွှင့်တတ်သောကြောင့် ဝါယောမည်၏။ ဝါယောသည် လှုပ်ရှားခြင်း, တွန်းကန်ခြင်းသဘောရှိ၏။

http://www.dhammadownload.com



### ၂။ ပသာဒရုပ်ငါးပါး

မဟာဘုတ်လေးပါးကို ကြည်လင်စေတတ်သော အကြည်ဓာတ်ကို ပသာဒရုပ်ဟု ခေါ်၏။ မိမိ၏သဘောကို ဆောင်နိုင်သောအရာကို 'ဓာတု = ဓာတ်' ဟု ခေါ်၏။

(၁) စက္ခုပသာဒ = မျက်စိအကြည်ဓာတ်။ မျက်နက်ဝန်းအလယ် ပုံရိပ်ထင်ရာ မျက်လွှာခုနစ်ထပ်တို့၌ ပျံ့နှံ့၍ တည်သောအကြည်ဓာတ်။

(၂) သောတပသာဒ = နားအကြည်ဓာတ်။ နားပေါက်၏အတွင်း၌ လက်စွပ်သဏ္ဌာန်ရှိသော နူးညံ့သိမ်မွေ့သည့် အမြှေးပါး၌ ပျံ့နှံ့၍တည်သော အကြည်ဓာတ်။

(၃) ဃာနပသာဒ = နှာအကြည်ဓာတ်။ နှာခေါင်းပေါက်အတွင်း ဆိတ်ခြေသဏ္ဌာန်ရှိသည့် အရပ်၌ ပျံ့နှံ့၍တည်သော အကြည်ဓာတ်။

(၄) ဇိဝှာပသာဒ = လျှာအကြည်ဓာတ်။ လျှာ၏အလယ် အထက်ပြင်၌ ကြာရွက်ဖျားသဏ္ဌာန် ရှိသည့်အရပ်ကို ပျံ့နှံ့၍ တည်သော အကြည်ဓာတ်။

(၅) ကာယပသာဒ = ကိုယ်အကြည်ဓာတ်။ ဆံဖျား, အမွေးဖျား, ခြေသည်းဖျား, လက်သည်းဖျား, ခြောက်မာသောအရေတို့ကိုချန်လှပ်၍ ထိုမှ ကြွင်းသောတစ်ကိုယ်လုံးကို ပျံ့နှံ့၍တည်သော အကြည်ဓာတ်။

### ၃။ ဂေါစရရုပ် ခုနစ်ပါး

ပဉ္စဝိညာဏ်၏ ကျက်စားရာအာရုံဖြစ်သောကြောင့် ဂေါစရရုပ်မည်၏။ ဝိသယရုပ် ဟုလည်း ခေါ်၏။

| | |
|---|---|
| (၁) ရူပါရုံ = အဆင်း (ဝဏ္ဏ) | ဖောဋ္ဌဗ္ဗာရုံသည် ရုပ်သီးခြားမဟုတ်။ |
| (၂) သဒ္ဒါရုံ = အသံ (သဒ္ဒ) | ပထဝီ, တေဇော, ဝါယော ဓာတ်ကြီး |
| (၃) ဂန္ဓာရုံ = အနံ့ (ဂန္ဓ) | သုံးပါးကိုပင် ထိတွေ့ကောင်းသော |
| (၄) ရသာရုံ = အရသာ (ရသ) | ကြောင့် 'ဖောဋ္ဌဗ္ဗာရုံ' ဟု ခေါ်၏။ |
| (၅) ဖောဋ္ဌဗ္ဗာရုံ = အထိအတွေ့ | အာပေါဓာတ်သည် အလွန်သိမ်မွေ့၍ |
| (ပထဝီ၊ တေဇော၊ ဝါယော) | ထိတွေ့၍မရကောင်းသောကြောင့် |
| | ဖောဋ္ဌဗ္ဗာရုံအဖြစ်မှ ကြဉ်ကြရ၏။ |

### ၄။ ဘာဝရုပ် နှစ်ပါး

အဖိုအမဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောရုပ်ကို ဘာဝရုပ်ဟု ခေါ်၏။

(၁) ဣတ္ထိဘာဝရုပ် = အမသတ္တဝါဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောရုပ်။ အမ သတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်၏။

http://www.dhammadownload.com



(၂) ပုမ္ဘာဝရုပ် = အထီးသတ္တဝါဖြစ်ဖို့ရန်အကြောင်းခံဖြစ်သော ရုပ်၊ အထီးသတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍တည်၏။

ယောကျ်ားနှင့် မိန်းမတို့သည် လိင်–အင်္ဂါဇာတ်အားဖြင့်လည်းကောင်း၊ နိမိတ္တ= အသံ၊ အလိုဆန္ဒအားဖြင့်လည်းကောင်း၊ ကုတ္တ= ရုပ်၊ သွား၊ ထိုင်၊ လျှောင်း အမူအရာအားဖြင့်လည်းကောင်း၊ အာကပ္ပ= လက်၊ ခြေ၊ တင်၊ ကိုယ်သဏ္ဌာန်အားဖြင့်လည်းကောင်း ကွာခြားကြ၏။ ဤသို့ကွာခြားရခြင်းအံကြောင်းမှာ ဘာဝရုပ်ကြောင့်ဖြစ်၏။

## ၅။ ဟဒယဝတ္ထုရုပ် တစ်ပါး

နှလုံးသားအတွင်း ပုန်းညက်စေ့လောက်ပမာဏရှိသည့်တွင်းငယ်၌တည်သော တစ်လက်ဆွမ်းမျှလောက်သွေးကို မှီ၍ဖြစ်သော စိတ်စေတသိက်တို့၏ မှီရာ ဝတ္ထုရုပ်ကလေးများကို ဟဒယဝတ္ထုရုပ်ဟု ခေါ်၏။

## ၆။ ဇီဝိတရုပ် တစ်ပါး

ဤရုပ်ကား ကံကြောင့်ဖြစ်သော ရုပ်တို့၏ အသက်ပေတည်း။ မိမိနှင့်အတူတကွ ဖြစ်သော ကမ္မဇရုပ်တို့၏ အသက်ရှင်ကြောင်းဖြစ်သောကြောင့် ဇီဝိတမည်၏။ ကံကြောင့်ဖြစ်သော ရုပ်တို့ကို စောင့်ခြင်း၌ အစိုးရသောကြောင့် ဣန္ဒြိယမည်၏။ ထို့ကြောင့် ဇီဝိတိန္ဒြေဟုလည်း အမည်ရ၏။

ဇီဝိတရုပ်သည် တစ်ကိုယ်လုံးကို ပျံ့နှံ့၍ တည်၏။

## ၇။ အာဟာရရုပ် တစ်ပါး

အလုပ်အလွေ့ပြု၍ မျိုအပ်သောအစားအစာများကို ကာဗဠီကာရာဟာရဟု ခေါ်၏။ ထိုအစားအစာ၌ပါသော အဆီအနှစ်အစေးကို 'ဩဇာ' (ဝါ) 'အာဟာရရုပ်' ဟု ခေါ်၏။

ရသာရုံနှင့် ဩဇာတို့သည် သဘောချင်းမတူကြပါ။ အရသာဟူသည်မှာ 'ချို၊ ချဉ်၊ စပ်၊ ဖန်၊ ငန်၊ ခါး' ခြောက်ပါးတို့တည်း။ ဩဇာသည် ထိုထိုအစာ၌ပါသော အဆီအနှစ် အစေး (nutrient) ဖြစ်၏။

## နိပ္ဖန္နရုပ် ၁၈ ပါးကို ဝေဖန်ခြင်း

အထက်၌ဖော်ပြခဲ့ပြီးသော မဟာဘုတ်လေးပါး၊ ပသာဒရုပ်ငါးပါး၊ ဂေါစရရုပ်လေးပါး (ပ–တေ–ဝါ သုံးပါးပါပြီး)၊ ဘာဝရုပ်နှစ်ပါး၊ ဟဒယဝတ္ထုရုပ် တစ်ပါး၊ ဇီဝိတရုပ် တစ်ပါး၊ အာဟာရရုပ်တစ်ပါး၊ ပေါင်း ၁၈ ပါးတို့သည် နိပ္ဖန္နစသောအမည်များ ရကြသည်။

(၁) **သဘာဝရုပ်။** နိပ္ဖန္နရုပ် ၁၈ ပါးသည် ကက္ခဠ (ခက်မာခြင်း) စသော မိမိတို့၏ သဘောအားဖြင့် ရအပ်သောကြောင့် သဘာဝရုပ် မည်၏။

http://www.dhammadownload.com



(၂) **သလက္ခဏရုပ်**။ အနိစ္စတာ, ဒုက္ခတာ, အနတ္တတာဟူသော လက္ခဏာတို့နှင့် တကွဖြစ်သောကြောင့် သလက္ခဏရုပ် မည်၏။

(၃) **နိပ္ဖန္နရုပ်**။ ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားလေးပါးတို့သည် ဖြစ်စေအပ်, ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်မည်၏။

(၄) **ရူပရုပ်**။ အပူ,အအေးစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖြစ်ပေါ် ဖောက်ပြန်တတ်သောကြောင့် ရူပရုပ်မည်၏။

(၅) **သမ္မသနရုပ်**။ အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာယာဉ်သုံးပါးသို့တင်ကာ သုံးသပ်ခြင်းငှာထိုက်သောကြောင့် သမ္မသနရုပ် မည်၏။

ကျန် ရုပ် ၁၀ ပါးတို့သည် အသဘာဝရုပ်, အလက္ခဏရုပ်, အရူပရုပ်, အသမ္မသနရုပ်များ ဖြစ်ကြ၏။

**၇။ ပရိစ္ဆေဒရုပ် တစ်ပါး**

ရုပ်ကလာပ်အမှုန်တို့၏ ပတ်လည်ဝန်းကျင် ဟင်းလင်းလေဟာဖြစ်သော အကြားအပေါက်သည် အာကာသဓာတ်မည်၏။ ၎င်းအာကာသဓာတ်သည်ပင် ကလာပ်မှုန်ချင်း တစ်ပါးနှင့်တစ်ပါး မရောယှက်ရန် ပိုင်းခြားတတ်သော အပိုင်းအခြားဖြစ်သောကြောင့် ပရိစ္ဆေဒရုပ် မည်၏။

(ပရိစ္ဆေဒရုပ်သည် ပရမတ်အစစ်မဟုတ်။ ရုပ်ကလာပ်များဖြစ်လာသည့်အခါ အလိုလိုပေါ်ပေါက်လာသော ပညတ်သာဖြစ်၏။ နောက်ဆိုလတ္တံ့သော ရုပ်ကိုးပါးတို့လည်း ပရမတ်အစစ်မဟုတ်ကြပါ။)

**၈။ ဝိညတ်ရုပ် နှစ်ပါး**

မိမိ၏အလိုဆန္ဒကို သူတစ်ပါးတို့အား သိစေနိုင်သောအမူအရာအထူးကိုဝိညတ်ရုပ်ဟု ခေါ်၏။

(၁) **ကာယဝိညတ်** = မိမိ၏အလိုကို သူတစ်ပါးတို့အား သိစေတတ်သောခြေလက် ဦးခေါင်း စသည့် ကိုယ်အမူအရာအထူး။

(၂) **ဝစီဝိညတ်** = မိမိအလိုဆန္ဒကို သူတစ်ပါးတို့အား သိစေတတ်သောစကားသံ စသည့်နှုတ်အမူအရာအထူး။

မိမိက လက်ယပ်ပြလိုက်သည့်အခါ သူတစ်ပါးတို့က မိမိ၏ 'လာစေလိုသောဆန္ဒ' ကို သိလိုက်၏။ ဤသို့သိနိုင်ခြင်းသည် လက်ယပ်မှုတွင် ပါဝင်နေသော ကာယဝိညတ်ရုပ်၏ အစွမ်းကြောင့်ဖြစ်၏။

တစ်ဖန် 'လာပါဦး'ဟု အသံပြုပြောဆိုရာ၌ မိမိ၏ 'လာစေလိုသောဆန္ဒ' ကို သူတစ်ပါးတို့သိလိုက်ခြင်းသည် အသံ၌ပါဝင်နေသော ဝစီဝိညတ်ရုပ်၏ အစွမ်းကြောင့်ဖြစ်၏။

http://www.dhammadownload.com



သစ်ကိုင်းသစ်ခက်လှုပ်ခြင်း, ရထားခုတ်မောင်းသံမြည်ခြင်းတို့သည် လက်လှုပ်မှု စကားပြောဆိုမှုတို့နှင့် အလှုပ်ချင်း, အသံချင်း တူပါလျက် အဓိပ္ပာယ်မရှိခြင်းမှာ ဝိညတ်၏ အစွမ်းသတ္တိမပါဝင်သောကြောင့် ဖြစ်၏။

## ၁၀။ ဝိကာရရုပ် ငါးပါး

ဝိ = အထူး + ကာရ = အမူအရာ၊ ထူးထွေခြားနားသောအမူအရာကို ဝိကာရရုပ်ဟု ခေါ်၏။

(၁) **ရူပလဟုတာ** = နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးခြင်းသဘော။

(၂) **ရူပမုဒုတာ** = နိပ္ဖန္နရုပ်တို့၏ နူးနူးညံ့ညံ့ဖြစ်သောသဘော။

(၃) **ရူပကမ္မညတာ** = ကိုယ်မှုနှုတ်မှုအမျိုးမျိုး၌ ရုပ်ခန္ဓာ၏ ကောင်းမွန်ခံ့ညားခြင်းသဘော။

စိတ်ချမ်းသာသောအခါ အာဟာရမျှတသောအခါ ဥတုသာယာသောအခါတို့၌ ရုပ်ခန္ဓာ၏ ထူးခြားစွာ ပေါ့ပေါ့ပါးပါးရှိမှု, နူးနူးညံ့ညံ့ဖြစ်မှုနှင့် ကောင်းမွန်ခံ့ညားသွက်လက်မှုတို့သည် ရူပလဟုတာ, ရူပမုဒုတာနှင့် ရူပကမ္မညတာတို့၏ သဘောလက္ခဏာများ ဖြစ်ကြ၏။

(၄) ကာယဝိညတ်နှင့် (၅) ဝစီဝိညတ်တို့ကိုလည်း ဝိကာရရုပ်ငါးပါးတွင် ထည့်သွင်းရေတွက်၏။

## ၁၁။ လက္ခဏရုပ် လေးပါး

နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း – ရင့်ခြင်း – ပျက်ခြင်းဟုဆိုအပ်သော အခိုက်အတန့်၏ အစွမ်းအားဖြင့် မှတ်ကြောင်းလက္ခဏာဖြစ်သော ရုပ်တို့ကို လက္ခဏရုပ်ဟု ခေါ်၏။

နိပ္ဖန္နရုပ်တို့တွင် ဥပါဒ် – ဌီ – ဘင် (ဖြစ် – တည် – ပျက်) ဟူသော အမှတ်လက္ခဏာများ ရှိကြ၏။ ယင်းလက္ခဏာတို့ကို မြင်သဖြင့် နိပ္ဖန္နရုပ်တို့သည် ပညတ်မဟုတ်၊ ပရမတ်ဖြစ်သည်ကို သိနိုင်၏။

(၁) **ဥပစယ** = ပဋိသန္ဓေတည်စဉ် ပထမရုပ်တို့၏ ဖြစ်ခြင်း၊ ထို့နောက် တစ်ဘဝအတွက် ရထိုက်သမျှရုပ်များ ပြည့်စုံသည့်တိုင်အောင် တိုးတက်၍ဖြစ်ခြင်း။

(၂) **သန္တတိ** = တစ်ဘဝအတွက် ရထိုက်သမျှရုပ်များ ပြည့်စုံသည်မှစ၍ အစဉ်မပြတ် ထပ်ကာထပ်ကာဖြစ်ခြင်း။

ဥပစယနှင့် သန္တတိရုပ်နှစ်ပါးကိုပေါင်း၍ ဇာတိရုပ်ဟု ခေါ်၏။ ရုပ်တို့၏ ဥပါဒ်ကိုပင် အခါကာလအလိုက် ဥပစယဟုလည်းကောင်း, သန္တတိဟုလည်းကောင်း ခေါ်ဆိုရ၏။

http://www.dhammadownload.com



ပုမာဆိုသော် ပင်လယ်ကမ်းခြေ၏ သဲသောင်တစ်နေရာ၌ လက်ယက်တွင်းတစ်ခုကို တူးယက်လိုက်သည် ဆိုပါစို့။ ရေတို့သည် တွင်းငယ်ပြည့်သည်အထိ ပထမ စိမ့်လာကြမည်။ ဤသို့ ရှေးဦးစိမ့်ဝင်ခြင်းသည် 'ဥပစယ' နှင့်တူ၏။ တွင်းငယ် ပြည့်ပြီးနောက် ဘေးဝန်းကျင်သို့ ရေများလျှံစီးသွားမည်ဖြစ်ရာ တွင်းပြည့်မြဲပြည့်နေရန်အတွက် နောက်ထပ်ရေများ စိမ့်ဝင်ပေးရ၏။ ထိုနောက် စိမ့်ဝင်ခြင်းသည် 'သန္တတိ' နှင့်တူ၏။

(၃) **ဇရတာ** = နိပ္ဖန္နရုပ်တို့၏ အိုမင်းရင့်ရော်မှု၊ ရုပ်၏ 'ဋီ' သဘောကို ညွှန်ပြ၏။

(၄) **အနိစ္စတာ** = နိပ္ဖန္နရုပ်တို့၏ ချုပ်ကွယ်ပျက်စီးမှု၊ ရုပ်၏ 'ဘင်' သဘောကို ညွှန်ပြ၏။

### ရုပ်ရေတွက်ပုံအမျိုးမျိုး

(၁) **ရုပ်အကျဉ်းနှစ်ပါး** = ဘူတရုပ်နှင့် ဥပါဒါရုပ်။

မဟာဘုတ်လေးပါးသည်ဘူတရုပ်ဖြစ်ပြီး ကြွင်းသည့်ရုပ် ၂၄ ပါးသည် မဟာဘုတ်တို့ကို မှီ၍ဖြစ်သော ဥပါဒါရုပ်ဖြစ်၏။

(၂) **ရုပ်အကျဉ်းနှစ်ပါး** နောက်တစ်နည်း = နိပ္ဖန္နရုပ်နှင့် အနိပ္ဖန္နရုပ်။

ဘူတရုပ်လေးပါး၊ ပသာဒရုပ်ငါးပါး၊ ဂေါစရရုပ် ခုနစ်ပါး (လေးပါးဟုရေတွက်ပါ)၊ ဘာဝရုပ်နှစ်ပါး၊ ဟဒယရုပ်တစ်ပါး၊ ဇီဝိတရုပ်တစ်ပါး၊ အာဟာရရုပ် တစ်ပါး၊ ပေါင်း ၁၈ ပါးသောရုပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ဖြစ်စေအပ်, ပြီးစေအပ်သောကြောင့် **နိပ္ဖန္နရုပ်** မည်ကုန်၏။

ပရိစ္ဆေဒရုပ် တစ်ပါး၊ ဝိညတ်ရုပ်နှစ်ပါး၊ ဝိကာရရုပ်သုံးပါး၊ လက္ခဏာရုပ်လေးပါး၊ ပေါင်း ၁၀ ပါးသောရုပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ မဖြစ်စေအပ်, မပြီးစေအပ်သောကြောင့် **အနိပ္ဖန္နရုပ်**မည်ကုန်၏။

(၃) **ရုပ် ၁၁ ပါး (ကောဒသ) ရေတွက်နည်း**– ရုပ် ၂၈ ပါးကို ဇာတ်အားဖြင့် ပေါင်းလိုက်သည်ရှိသော် (၁) ဘူတရုပ်၊ (၂) ပသာဒရုပ်၊ (၃) ဂေါစရရုပ်၊ (၄) ဘာဝရုပ်၊ (၅) ဟဒယရုပ်၊ (၆) ဇီဝိတရုပ်၊ (၇) အာဟာရရုပ်၊ (၈) ပရိစ္ဆေဒရုပ်၊ (၉) ဝိညတ်ရုပ်၊ (၁၀) ဝိကာရရုပ်၊ (၁၁) လက္ခဏာရုပ်, ပေါင်း ရုပ် ၁၁ မျိုးကို ရ၏။

(၄) **ရုပ် ၂၈ ပါးရေတွက်နည်း** – မဟာဘုတ်လေးပါး၊ ပသာဒရုပ်ငါးပါး၊ ဂေါစရရုပ် လေးပါး (ပထဝီ, တေဇော, ဝါယောတို့မှာ မဟာဘုတ်၌ပါပြီး)၊ ဘာဝရုပ်နှစ်ပါး၊ ဟဒယရုပ်တစ်ပါး၊ ဇီဝိတရုပ် တစ်ပါး၊ အာဟာရရုပ် တစ်ပါး၊ ပရိစ္ဆေဒရုပ်တစ်ပါး၊ ဝိညတ်ရုပ် နှစ်ပါး၊ ဝိကာရရုပ်သုံးပါး (ကာယဝိညတ်နှင့် ဝစီဝိညတ်တို့မှာ ဝိညတ်ရုပ်နှစ်ပါး၌ ပါပြီး)၊ လက္ခဏာရုပ်လေးပါး၊ ပေါင်း ၂၈ ပါးဖြစ်၏။

http://www.dhammadownload.com



ဥပစယနှင့် သန္တတိရုပ်နှစ်ပါးကို ဇာတိရုပ်တစ်ပါးအဖြစ် ရေတွက်လျှင် ရုပ် ၂၇ ပါး ရ၏။

ရူပဝိဘာဂ

ရုပ် ၂၈ ပါးတို့ကို ဂုဏ်ဝိသေသအမျိုးမျိုးဖြင့် ဝေဖန်ခွဲခြားပြခြင်းကို ရူပဝိဘာဂ ဟု ခေါ်၏။

ရုပ် ၂၈ ပါးကို စုပေါင်း၍ဝေဖန်ခြင်း

(၁) **အဟေတုက**။ ။ ရုပ် ၂၈ ပါးသည် လောဘ, ဒေါသ စသည့် ဟိတ်ခြောက်ပါးနှင့် မယှဉ်သောကြောင့် အဟေတုကမည်၏၊ သဟေတုကရုပ်မရှိ။

(၂) **သပ္ပစ္စယ**။ ။ ကံ, စိတ်, ဥတု, အာဟာရဟူသောအကြောင်းခံရှိသောကြောင့် သပ္ပစ္စယမည်၏။ အပ္ပစ္စယရုပ်မရှိ။

(၃) **သာသဝ**။ ။ ကာမာသဝ၊ ဘဝါသဝ စသော အာသဝေါတရားတို့၏ အာရုံဖြစ်သောကြောင့် သာသဝမည်၏။ အနာသဝရုပ်မရှိ။

(၄) **သင်္ခတ**။ ။ ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်စီမံအပ်သောကြောင့် သင်္ခတမည်၏။ အသင်္ခတရုပ်မရှိ။

(၅) **လောကီယ**။ ။ 'သဗ္ဗေသင်္ခါရာ အနိစ္စာ' အရ သင်္ခါရလောက၌ ပါဝင်သောကြောင့် လောကီယမည်၏။ လောကုတ္တရာရုပ်မရှိ။

(၆) **ကာမာဝစရ**။ ။ ကာမတဏှာ၏ အာရုံပြုရာ, ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရမည်၏။ ရူပါဝစရ စသည်မဟုတ်။

(၇) **အနာရမ္မဏ**။ ။ စိတ်, စေတသိက်ကဲ့သို့ အာရုံကို မယူနိုင်သောကြောင့် အနာရမ္မဏမည်၏။ သာရမ္မဏရုပ်မရှိ။

(၈) **အပဟာတဗ္ဗ**။ ။ အကုသိုလ် ကိလေသာကဲ့သို့ ပယ်ဖို့ရာမဟုတ်၊ ပယ်၍လည်း မရသောကြောင့် အပဟာတဗ္ဗမည်၏။ ပဟာတဗ္ဗရုပ်မရှိ။

ရုပ် ၂၈ ပါးကို ခွဲခြား၍ ဝေဖန်ခြင်း

၁။ **အဇ္ဈတ္တိက—ဗာဟိရ**။ ။ ခန္ဓာအတ္တဘောအား ကျေးဇူးအထူးများသော ပသာဒရုပ်ငါးပါးကို သတ္တဝါတို့အချစ်ဆုံး အတွင်းဆုံးထားသောရုပ်ဖြစ်ခြင်းကြောင့် အဇ္ဈတ္တိကရုပ်ဟု ခေါ်၏။ ကြွင်းသောရုပ် ၂၃ ပါးကို အပြင်ဘက်ထားသောရုပ် ဖြစ်ခြင်းကြောင့် ဗာဟိရရုပ်ဟု ခေါ်၏။

၂။ **ဝတ္ထု—အဝတ္ထု**။ ။ ပသာဒရုပ်ငါးပါး, ဟဒယရုပ်တစ်ပါး, ပေါင်း ခြောက်ပါးသော ရုပ်တို့သည် ဝိညာဏဓာတ် ခုနစ်ပါးတို့၏ မှီရာဖြစ်ခြင်းကြောင့် ဝတ္ထုရုပ်မည်၏။ ထိုမှကြွင်းသော ၂၂ ပါးသောရုပ်တို့ကို အဝတ္ထုရုပ်ဟု ခေါ်၏။

http://www.dhammadownload.com



၃။ **ဒွါရ—အဒွါရ။** ။ ပသာဒရုပ်ငါးပါးသည် ပဉ္စဒွါရဝီထိစိတ်စေတသိက်တို့၏ ဖြစ်ရာဖြစ်သောကြောင့်လည်းကောင်း၊ ဝိညတ်ရုပ်နှစ်ပါးသည် ကာယကံ ဝစီကံတို့၏ ဖြစ်ရာဖြစ်သောကြောင့်လည်းကောင်း ဤရုပ်ခုနစ်ပါးအပေါင်းကို ဒွါရရုပ်ခေါ်၏။ ကြွင်းသည့်ရုပ် ၂၁ ပါးကို အဒွါရရုပ်ဟု ခေါ်၏။

၄။ **ဣန္ဒြိယ—အနိန္ဒြိယ။** ။ ပသာဒရုပ်ငါးပါး, ဘာဝရုပ်နှစ်ပါး, ဇီဝိတရုပ်တစ်ပါး၊ ပေါင်း ရှစ်ပါးသောရုပ်တို့သည် ပဉ္စဝိညာဏ်စိတ်, လိင်, ကမ္မဇရုပ်ဟူသည့် မိမိတို့ ဆိုင်ရာဆိုင်ရာ၌ အစိုးရသောကြောင့် ဣန္ဒြိယရုပ်မည်၏။ ကြွင်းသောရုပ် ၂၀ သည် အနိန္ဒြိယမည်၏။

၅။ **ဩဠာရိက—သန္တိကေ—သပ္ပဋိဃ။** ။ ပသာဒရုပ်ငါးပါး, ဂေါစရရုပ် ခုနစ်ပါး၊ ပေါင်း ၁၂ ပါးသော ရုပ်တို့သည် ရုန့်ရင်းကြမ်းတမ်းသည့်အဖြစ်ကြောင့် ဉာဏ်ဖြင့် ကြည့်လျှင် ထင်လွယ်မြင်လွယ်ကြသဖြင့် ဩဠာရိကရုပ်မည်၏။ ထိုသို့ ဉာဏ်၌ ထင်မြင်လွယ်ခြင်းကြောင့် ဉာဏ်နှင့်နီးကပ်သည့်အဖြစ်သို့ ရောက်သဖြင့် **သန္တိကေရုပ်**ဟုလည်း မည်၏။ ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်၏။ သဒ္ဒါရုံသည် သောတပသာဒ၌ ထိခိုက်၏။ ဤသို့ စသည်ဖြင့် အာရုံအာရမ္မဏိကအားဖြင့် ထိပါးခြင်း, မဟာဘုတ်အချင်းချင်း ထိခိုက်ခြင်းနှင့်တကွဖြစ်သောကြောင့်လည်း သပ္ပဋိဃရုပ် မည်၏။

ထိုမှကြွင်းသော ရုပ် ၁၆ ပါးတို့သည် သိမ်မွေ့သောကြောင့် သုခုမရုပ်၊ ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေရုပ်၊ ထိခိုက်ခြင်းသဘောမရှိသောကြောင့် အပ္ပဋိဃရုပ် မည်၏။

၆။ **ဥပါဒိန္န—အနုပါဒိန္န။** ။ ကမ္မဇရုပ် ၁၈ ပါးတို့သည် ကံ၏အကျိုးဖြစ်သောကြောင့်လည်းကောင်း၊ တဏှာ ဒိဋ္ဌိတို့၏စွဲလမ်းရာဖြစ်သောကြောင့်လည်းကောင်း ဥပါဒိန္နရုပ် မည်၏။ ကြွင်းသည့် စိတ္တဇ, ဥတုဇနှင့် အာဟာရဇရုပ်တို့သည် အနုပါဒိန္နရုပ် မည်၏။

၇။ **သနိဒဿန—အနိဒဿန။** ။ ရူပါရုံသည် မျက်စိဖြင့် မြင်ကောင်းခြင်းကြောင့် မြင်လွယ်သည့်သဘောရှိသော သနိဒဿနရုပ်မည်၏။ ကြွင်းသောရုပ် ၂၇ ပါးတို့ကို မျက်စိဖြင့် မမြင်ကောင်းသောကြောင့် အနိဒဿနရုပ်ဟု ခေါ်၏။

၈။ **ဂေါစရဂ္ဂါဟိက—အဂေါစရဂ္ဂါဟိက။** ။ ပသာဒရုပ်ငါးပါးသည် အာရုံကို ယူတတ်ပြီး အာရုံကိုယူရာဌာနဖြစ်သောကြောင့် ဂေါစရဂ္ဂါဟိကရုပ် မည်၏။ ကြွင်းသည့်ရုပ် ၂၃ ပါးကို အဂေါစရဂ္ဂါဟိကရုပ် ခေါ်၏။

စက္ခုပသာဒနှင့် သောတပသာဒတို့သည် အဆင်းဝတ္ထုနှင့် အသံထုတ်လွှတ်လိုက်သည့် ဝတ္ထုတို့ မရောက်မထိလာဘဲနှင့် အာရုံကို ယူတတ်ကြ၏။ သို့အတွက် အသမ္ပတ္တဂါဟကရုပ်ဟု ခေါ်၏။ ဃာန, ဇိဝှာ, ကာယဟူသော ပသာဒသုံးပါးသည် ရောက်ထိလာသည့် အာရုံကိုသာ ယူတတ်ကြ၏။ ထို့ကြောင့် သမ္ပတ္တဂါဟကရုပ်ဟု ခေါ်၏။

http://www.dhammadownload.com



၉။ **ဝိနိဗ္ဘောဂ—အဝိနိဗ္ဘောဂ။** ။ (ဝိ = အသီးသီး + နိဗ္ဘောဂ = ခွဲခြား၍ရကောင်းသော ရုပ်)။ တစ်ခုစီ ခွဲခြား၍ရကောင်းသောရုပ်ကို ဝိနိဗ္ဘောဂရုပ်ဟု ခေါ်၏။ တစ်ခုစီ ခွဲ၍ မရကောင်း၊ တစ်ပေါင်းတည်းဖြစ်သောရုပ်ကို အဝိနိဗ္ဘောဂဟု ခေါ်၏။

မဟာဘုတ်လေးပါး၊ ဝဏ္ဏ (အဆင်း)၊ ဂန္ဓ (အနံ့)၊ ရသ (အရသာ)၊ ဩဇာ (အဆီအနှစ်)၊ ဤရှစ်ပါးသောရုပ်အစုသည် ခွဲခြား၍မရကောင်းသော အဝိနိဗ္ဘောဂရုပ်ဖြစ်၏။ မြေ၊ ရေ၊ လေ၊ မီးတို့၌ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဟူသော ဓာတ်ကြီးလေးပါးတို့အသီးသီးထင်ရှားကြ၏။ မြေ၌ ပထဝီထင်ရှားသော်လည်း အာပေါ၊ ဝါယော၊ တေဇော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့လည်း ပါဝင်ကြ၏။ ရေ၌ အာပေါထင်ရှားသော်လည်း ပထဝီ၊ ဝါယော၊ တေဇော (မီးဓာတ်)၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့လည်း ပါဝင်ကြ၏။ ထို့ကြောင့် 'ရေ၌မီးရှိပြီး မီး၌ ရေရှိသည်' ဟု ဆိုနိုင်၏။

ကြွင်းသည့်ရုပ်တို့ကိုကား ခွဲခြားနိုင်ကောင်း၏။ ဥပမာ အသံတွင် အဆင်းမပါ၊ အဆင်းတွင် အသံမပါချေ။ ထို့ကြောင့် အသံနှင့်အဆင်းတို့ကို ခွဲ၍ရ၏။

## ရူပသမုဋ္ဌာန

ရုပ်အမျိုးမျိုးကို ဖြစ်စေသောအကြောင်းများနှင့် ထိုအကြောင်းတို့ကြောင့် ရုပ်တို့၏ ဖြစ်ပုံကို ပြသောအပိုင်းသည် ရူပသမုဋ္ဌာနဟု အမည်တွင်၏။

**သမုဋ္ဌာန်လေးပါး။** ။ ရုပ်ကိုဖြစ်စေတတ်သောအကြောင်း သမုဋ္ဌာန်တို့သည် အဘယ်မျှ ရှိသနည်း။

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူ၍ လေးပါး ရှိပါသည်။

## ရုပ်ကိုဖြစ်စေသော ကံ ၂၅ ပါး

ရုပ်ကိုဖြစ်စေသောကံဟူသည်ကား အဘယ်နည်း။

ကာမပထမြောက်သော အကုသိုလ်ကံ ၁၂ ပါး၊ မဟာကုသိုလ်ကံ ရှစ်ပါး၊ ရူပါဝစရကုသိုလ်ငါးပါးဟူသော ကံ ၂၅ ပါးတို့ ဖြစ်ကြ၏။ ကံဟူသည်မှာ ထိုသို့ စိတ်နှင့်ယှဉ်သော စေတနာစေတသိက်ဖြစ်၏။

ဤကံ ၂၅ ပါးတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ခဏတိုင်း ခဏတိုင်း မပြတ်မလပ် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်၏ဥပါဒ်တိုင်အောင် ကမ္မဇရုပ်ကို ဖြစ်စေ၏။ (ကမ္မ = ကံကြောင့် + ဇ = ဖြစ်သည်)

အရူပါဝစရကံသည်ကား ရုပ်မဖြစ်စေလိုသော ရူပဝိရာဂဘာဝနာ၏ အစွမ်းကြောင့် ရုပ်ကို မဖြစ်စေပါ။

## ရုပ်ကိုဖြစ်စေသော စိတ် ၇၅ ပါး

ရုပ်ကိုဖြစ်စေတတ်သော စိတ်တို့သည်ကား အဘယ်နည်း။

http://www.dhammadownload.com



ဒွေပဉ္စဝိညာဏ် ၁၀ နှင့် အရူပဝိပါက် လေးခုကြဉ်သော ၇၅ ပါးသော စိတ်တို့တည်း။ ဤစိတ်တို့သည် ပဋိသန္ဓေစိတ်နောင် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ မိမိတို့ ဥပါဒ်ခိုက် ဥပါဒ်ခိုက်၌ ရုပ်ကိုဖြစ်စေကြ၏။ စိတ်ကြောင့်ဖြစ်သော ရုပ်ကို စိတ္တဇရုပ်ဟု ခေါ်၏။ စေတသိက်များလည်း စိတ်နှင့်ပူးပေါင်း၍ ရုပ်ကိုဖြစ်စေကြ၏။ သို့သော် ခေါင်းဆောင်ဖြစ်သောစိတ်ကိုသာ ခေါင်းတည်၍ ဆိုရ၏။

စိတ်တို့သည် အလွန်အသက်တိုရကား ဥပါဒ်ခဏ၌သာ အားရှိကြ၏။ သို့အတွက် ဥပါဒ်ခဏ၌သာ ရုပ်ကိုဖြစ်စေပြီးလျှင် ဌီခဏနှင့် ဘင်ခဏတို့၌ ရုပ်ကိုမဖြစ်စေနိုင်။

ထိုသို့ဖြစ်စေရာ၌ ကံတစ်ခုတည်းက ရုပ်ပေါင်းများစွာကို ဖြစ်စေနိုင်သကဲ့သို့ စိတ်တစ်ခုတည်းကလည်း ရုပ်ပေါင်းများစွာကို ဖြစ်စေနိုင်၏။ ၇၅ ပါးသောစိတ်တွင် ပဋိသန္ဓေကိစ္စတပ်သောအခါနှင့် ရဟန္တာတို့၏ စုတိကိစ္စတပ်သောအခါတို့၌ ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့သည် ရုပ်ကိုမဖြစ်စေနိုင်ကြပါ။

အရူပဝိပါက်လေးပါးကား ရုပ်ဖြစ်ရာဘုံမဟုတ်သောကြောင့် ရုပ်ကို မဖြစ်စေနိုင်။ ဒွေပဉ္စဝိညာဏ် ၁၀ တို့သည် ဟိတ်, ဈာနင်, မဂ္ဂင်တို့နှင့် မယှဉ်သဖြင့် စိတ်အင်္ဂါအားနည်းသောကြောင့် ရုပ်ကို မဖြစ်စေနိုင်။

**ဣရိယာပုထ်ကိုထောက်ပံ့သောစိတ် ၂၆ ပါး။** ။ ရုပ်ကိုဖြစ်စေတတ်သောစိတ် ၇၅ ပါးတို့တွင် အပ္ပနာဇော ၂၆ ပါးတို့သည် ဣရိယာပုထ်ကိုလည်း ခိုင်ခံ့အောင် ထောက်ပံ့ကြ၏။

သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှုတို့ကို ဣရိယာပုထ်လေးပါးဟု ခေါ်၏။ အပ္ပနာဇော ၂၆ ပါးတို့သည် ဣရိယာပုထ်ကို စ၍ မဖြစ်စေနိုင်။ အခြားစိတ်စေတသိက်များကြောင့် သွားခြင်း ဣရိယာပုထ်ဖြစ်လျှင် ထိုဣရိယာမပျက်အောင် ထောက်ပံ့ပေးနိုင်သည်။

**ဝိညတ်ကိုဖြစ်စေသောစိတ် ၃၂ ပါး။** ။ မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉ ပါး, အဘိညာဉ်ဒွေ, ဤ ၃၂ ပါးသောစိတ်တို့သည် ဝိညတ်ကိုလည်း ဖြစ်စေနိုင်ကြ၏။ ဤစိတ်တို့သည် ရုပ်သာမညကိုလည်း ဖြစ်စေနိုင်သည့်ပြင် ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်ကြ၏။ (ဣရိယာပုထ်နှင့် ဝိညတ်မပါသောရုပ်များကို ရုပ်သာမညဟု ခေါ်၏။)

**ငိုသောစိတ်၊ ရယ်သောစိတ်။** ။ ဝိညတ်ကိုဖြစ်စေနိုင်သော ကာမဇော ၂၉ ပါးတို့တွင် ဒေါမနဿဇော နှစ်ပါးတို့သည် ညည်းညူငိုကြွေးခြင်းကိုလည်း ဖြစ်စေနိုင်ကြ၏။ သောမနဿဇော ၁၃ ပါးတို့သည် ပြုံးရယ်ခြင်းကိုလည်း ဖြစ်စေနိုင်ကြ၏။

ဒေါမနဿဇော နှစ်ပါးမှာ ဒေါသမူစိတ် နှစ်ပါးပင်ဖြစ်၏။ သောမနဿဇော ၁၃ ပါးတို့မှာ လောဘမူ သောမနဿဇောလေးပါး, ဟသိတုပ္ပါဒ်ဇောတစ်ပါးနှင့် မဟာကုသိုလ်, မဟာကြိယာသောမနဿဇော ရှစ်ပါးတို့တည်း။

http://www.dhammadownload.com



**ပုဂ္ဂိုလ်အလိုက်ပြိုးရယ်သောစိတ်။** ။ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်တို့သည် ဟသိတုပ္ပါဒ်, မဟာကြိယာသောမနဿလေးပါး, ဤငါးပါးသော စိတ်တို့ဖြင့် ပြုံးရယ်ကြ၏။

သေက္ခပုဂ္ဂိုလ် (သောတာပန်, သကဒါဂါမ်, အနာဂါမ်) တို့သည် ဒိဋ္ဌိဂတသမ္ပယုတ်သောမနဿဇော နှစ်ပါးကို ပယ်ပြီးဖြစ်၍ လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်နှစ်ပါး, မဟာကုသိုလ် သောမနဿ ဇောလေးပါး, ဤခြောက်ပါးသောစိတ်တို့ဖြင့် ပြုံးရယ်ကြ၏။

ပုထုဇဉ်တို့ကား လောဘမူသောမနဿလေးပါး, မဟာကုသိုလ်သောမနဿလေးပါး, ဤရှစ်ပါးသောစိတ်တို့ဖြင့် ပြုံးရယ်ကြ၏။

**အထူးမှတ်ရန်။** ။ မနောဓာတ် ၃၊ တဒါရုံ ၁၁၊ ရူပဝိပါက် ၅၊ ဤ ၁၉ ပါးသော စိတ်တို့သည် ရုပ်သာမညကိုသာ ဖြစ်စေနိုင်၏။ အပ္ပနာဇော ၂၆ ပါးကား ရုပ်သာမည အပြင် ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်၏။ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ အဘိညာဉ် ၂၊ ပေါင်း ၃၂ ပါးကား ရုပ်သာမည, ဣရိယာပုထ်တို့အပြင် ဝိညတ်ကိုလည်း ဖြစ်စေနိုင်ကြ၏။ ထို ၃၂ ပါးတွင် သောမနဿဇော ၁၃ ကား ရုပ်သာမည, ဣရိယာပုထ်, ဝိညတ်ရုပ်အပြင် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်၏။ ဒေါမနဿဇော နှစ်ပါးကား ရုပ်သာမည, ဣရိယာပုထ်, ဝိညတ်ရုပ်အပြင် ငိုကြွေးခြင်းကိုလည်း ဖြစ်စေနိုင်၏။ ကြွင်းသော အရူပါဝစရဝိပါက်လေးပါးနှင့် ဒွေပဉ္စဝိညာဏ် ၁၀ တို့ကား မည်သည့်ရုပ်ကိုမျှ မဖြစ်စေနိုင်ကြပါ။

## ရုပ်ကို ဖြစ်စေတတ်သော ဥတု

ရုပ်ကိုဖြစ်စေသော ဥတုကား အဘယ်နည်း။ ရုပ်ကို ဖြစ်စေတတ်သောဥတု ဟူသည် သာမညအားဖြင့် ခပ်သိမ်းသော ရုပ်ကလာပ်တို့၌ပါသော တေဇောဓာတ်ဖြစ်၏။

အအေးဟူသော သီတတေဇော, အပူဟူသော ဥဏှတေဇောတို့သည် ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်တွင် ပါဝင်ကြ၏။ သို့သော် ထိုကမ္မဇရုပ်တွင် ပါဝင်သော တေဇောသည် ဥပါဒ်ခဏ၌ ရုပ်ကိုမဖြစ်စေနိုင်သေး။ ပဋိသန္ဓေစိတ်၏ ဌီခဏသို့ ရောက်မှသာ ပစ္စာဇာတပစ္စည်းအထောက်အပံ့ကို ရ၍ အားရှိလာသဖြင့် ရုပ်ကိုဖြစ်စေ၏။ ထိုတေဇော (ဝါ) ဥတုကြောင့်ဖြစ်သောရုပ်ကို **ဥတုဇရုပ်** ဟု ခေါ်၏။

ရုပ်တရားတို့သည် ဌီအခိုက်၌ ကြာမြင့်စွာတည်နေရသောကြောင့် ဥပါဒ်ခိုက်ထက် ဌီအခိုက်တွင် အားကောင်း၏။ ထို့ကြောင့် ဥတုခေါ်သော တေဇောဓာတ်သည် ဥပါဒ်ပြီးနောက် ဌီအခိုက်သို့ရောက်မှ ရုပ်ကိုဖြစ်စေ၏။ ထိုသို့ဖြစ်စေရာ၌ စိတ်၏ ဥပါဒ်, ဌီ, ဘင် အစီအဉ်အတိုင်း ခဏမစဲ ရုပ်ကို ဖြစ်စေ၏။

အဇ္ဈတ္တသန္တာန် (ခန္ဓာကိုယ်တွင်း) ၌ ဥတုဇရုပ်များ ဖြစ်ပေါ်သည့်နည်းတူ ဗဟိဒ္ဓသန္တာန် (ကိုယ်၏ပြင်ပသစ်ပင်, တောတောင်, ရေမြေ စသည်တို့) ၌ရှိသော ဥတုကလည်း

http://www.dhammadownload.com



ဗဟိဒ္ဓ၌ ဥတုဇရုပ်များကို ဖြစ်စေ၏။ အသက်ဝိညာဉ် မရှိသောဝတ္ထုဟူသမျှသည် ဥတုဇ ရုပ်များချည်းသာတည်း။

ထို့ကြောင့် သီတဥတု၊ ဥဏှဥတုဟုခေါ်သော တေဇောဓာတ်သည် ဥပါဒ်ပြီး နောက် ဌီသို့အရောက်တွင် ဥတုဇရုပ်ကို အဇ္ဈတ္တဗဟိဒ္ဓသန္တာန်၌ ခဏမစဲ ရထိုက်သလို ဖြစ်စေ၏" ဟု မှတ်သားအပ်၏။

ရုပ်ကိုဖြစ်စေသော အာဟာရ

ရုပ်ကိုဖြစ်စေတတ်သော အာဟာရဟူသည်ကား အဘယ်နည်း။

အဇ္ဈတ္တ၊ ဗဟိဒ္ဓခပ်သိမ်းသော ရုပ်ကလာပ်တို့၌ ပါရှိသည့် ဩဇာဓာတ်သည် ရုပ် ကို ဖြစ်စေတတ်သော အာဟာရပေတည်း။

ပဋိသန္ဓေအခါမှစ၍ ဖြစ်ပေါ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသည့် အကြောင်း လေးပါးကြောင့်ဖြစ်သော ဩဇာဓာတ်သည် အပဗဟိဒ္ဓဩဇာနှင့် မတွေ့ထိရသေးသမျှ ကာလပတ်လုံး အာဟာရဇရုပ်ကို မဖြစ်စေနိုင်သေး။ ပဋိသန္ဓေတည်ပြီးသည့်နောက် ရက်သတ္တတစ်ပတ်နှစ်ပတ်သို့ရောက်၍ အမိမျိုသော ခဲဖွယ်ဘောဇဉ်၌ပါသော ဗဟိဒ္ဓ ဩဇာနှင့် အတွင်းဩဇာတို့အချင်းချင်း ပေါင်းဆုံမိပြီးသည်မှ ရုပ်၏ဌီသို့ ရောက်မှသာ လျှင် အာဟာရဇရုပ်ကို ဖြစ်စေကြ၏။ ထိုသို့ဖြစ်စေသောအခါ စိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် အစီအစဉ်အတိုင်း ခဏမစဲဖြစ်စေကြ၏။

အာဟာရကြောင့်ဖြစ်သော ရုပ်ကို အာဟာရဇရုပ်ဟု ခေါ်၏။

စားမျိုအပ်သော စားဖွယ်သောက်ဖွယ်တို့ကို ဝမ်းအတွင်း၌ ပါစကတေဇောဓာတ် မီးနှင့် ပေါင်းနွေးပြီးမှသာလျှင် ထိုအစားအစာတို့တွင် ပါရှိသည့် ဩဇာဓာတ်သည် သွေးနှင့်အတူ ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့သွားနိုင်၏။ ထိုအခါ ခန္ဓာကိုယ်အနှံ့ရှိ အဇ္ဈတ္တဩဇာ နှင့် ထိတွေ့၍ ရုပ်၏ဌီသို့ရောက်သောအခါမှ စတင်ကာ ထိုအတွင်းအပဩဇာတို့သည် ခဏမစဲ အာဟာရဇရုပ်တို့ကို ဖြစ်စေကြ၏။

ဗဟိဒ္ဓအာဟာရကို မမှီဝဲကြသည့် ဗြဟ္မာစသော သတ္တဝါတို့၌ အာဟာရဇရုပ်ကို မရနိုင်ပါ။ ပါစကမီးမရှိသော ဗဟိဒ္ဓသန္တာန်၌လည်း အာဟာရဇရုပ် မဖြစ်နိုင်ပါ။

ကမ္မဇရုပ် ၁၈ ပါး

အဝိနိဗ္ဘောဂရုပ် ရှစ်ပါး၊ ဣန္ဒြေရုပ် ရှစ်ပါး၊ ဟဒယရုပ်၊ ပရိစ္ဆေဒရုပ်ဟူ၍ ကံကြောင့် ဖြစ်သောကမ္မဇရုပ် ၁၈ ပါးရှိသည်။ ၎င်းတို့အနက် ပသာဒရုပ်ငါးပါး၊ ဘာဝရုပ် နှစ်ပါး၊ ဇီဝိတရုပ် တစ်ပါးဟုဆိုအပ်သော ဣန္ဒြေရုပ်ရှစ်ပါးနှင့် ဟဒယဝတ္ထုရုပ်တစ်ပါး၊ ပေါင်း ကိုးပါးတို့သည် ကံအကြောင်းတစ်ပါးတည်းကြောင့်ဖြစ်သော ကမ္မဇဧကန်ရုပ်များ ဖြစ် ကြ၏။ ကြွင်းသည့်ရုပ်ကိုးပါးမှာ အခြားအကြောင်းတို့ကြောင့်လည်း ဖြစ်ပေါ်ကြသည့် အတွက် ၎င်းတို့ကို ကမ္မဇအနေကန်ရုပ်များဟု သတ်မှတ်ကြ၏။

http://www.dhammadownload.com



ထို့ကြောင့် ကမ္မဇရုပ်

၁၈ ပါး = ကမ္မဇကောနကိုးပါး + ကမ္မဇအနေကကနကိုးပါး

(ဣန္ဒြေရုပ် ၈ + ဟဒယ ၁) (အဝိနိဗ္ဘောဂ ၈ + ပရိစ္ဆေဒ ၁)

**စိတ္တဇရုပ် ၁၅ ပါး**

အဝိနိဗ္ဘောဂရုပ် ရှစ်ပါး၊ လဟုတာဒိရုပ် သုံးပါး၊ ဝိညတ်ရုပ်နှစ်ပါး၊ သဒ္ဒရုပ်၊ ပရိစ္ဆေဒရုပ်ဟူ၍ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် ၁၅ ပါးရှိသည်။ ၎င်းတို့အနက် ဝိညတ်ရုပ်နှစ်ပါးသည် စိတ်အကြောင်းတစ်ပါးတည်းကြောင့်ဖြစ်သော စိတ္တဇကောနရုပ် ဖြစ်၏။ ကြွင်းသည့် ရုပ် ၁၃ ပါးမှာ အခြားအကြောင်းတို့ကြောင့်လည်း ဖြစ်ပေါ်ကြသည့်အတွက် စိတ္တဇအနေကကနရုပ်များဟု မှတ်ယူရ၏။

ထို့ကြောင့် စိတ္တဇရုပ်

၁၅ ပါး = စိတ္တဇကောန နှစ်ပါး + စိတ္တဇအနေကကန ၁၃ ပါး

(ဝိညတ်ရုပ်နှစ်ပါး) (အဝိနိဗ္ဘောဂ ၈ + လဟုတာဒိ ၃ + သဒ္ဒရုပ် + ပရိစ္ဆေဒရုပ်)

**ဥတုဇရုပ် ၁၃ ပါး**

အဝိနိဗ္ဘောဂရုပ်ရှစ်ပါး, လဟုတာဒိရုပ်သုံးပါး, သဒ္ဒရုပ်, ပရိစ္ဆေဒရုပ်ဟူ၍ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ် ၁၃ ပါးတို့သည် အားလုံး ဥတုဇအနေကကနရုပ်များ ဖြစ်ကြ၏။ ဥတုဇကောနရုပ်များ မရှိပါ။

**အာဟာရဇရုပ် ၁၂ ပါး**

အဝိနိဗ္ဘောဂရုပ် ရှစ်ပါး, လဟုတာဒိရုပ်သုံးပါး, ပရိစ္ဆေဒရုပ်ဟူ၍ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ် ၁၂ ပါး ရှိပါသည်။ အားလုံးအာဟာရဇအနေကကနရုပ်များဖြစ်ကြ၏။ အာဟာရဇကောနရုပ်များ မရှိပါ။

**ကောဇရုပ် ၁၁ ပါး**

ကမ္မဇကောနရုပ်ကိုးပါး, စိတ္တဇကောနရုပ် နှစ်ပါးဟူ၍ အကြောင်းတစ်ပါးကြောင့်သာဖြစ်သော ကောဇရုပ် ၁၁ ပါး ရှိသည်။

**ဒွိဇရုပ်တစ်ပါး**

အကြောင်းနှစ်ပါးကြောင့်ဖြစ်သော ဒွိဇရုပ်မှာ သဒ္ဒရုပ်တစ်ပါးသာရှိသည်။ စကားပြောသံ, အသက်ရှူသံ စသည်တို့သည် စိတ္တဇသဒ္ဒရုပ်ဖြစ်၏။ ပြင်ပ၌ မိုးသံ, လေသံ, ခေါင်းလောင်းသံ, တုံးခေါက်သံ, ဓာတ်သီချင်းသံ စသည်တို့နှင့် ဝမ်းတွင်းရှိ လေသံတို့သည် ဥတုကြောင့်ဖြစ်သော ဥတုဇသဒ္ဒရုပ်ဖြစ်ကြ၏။

http://www.dhammadownload.com



### တိဇရုပ် သုံးပါး

အကြောင်းသုံးပါးကြောင့်ဖြစ်သော ရုပ်သုံးပါးရှိသည်။ ၎င်းတို့မှာ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့်ဖြစ်သော လဟုတာဒိရုပ်သုံးပါး ဖြစ်ကြ၏။ စိတ်ကြည်လင်သော အခါ၊ ဥတုသာယာသောအခါ၊ အာဟာရမျှတသောအခါတို့၌ ရုပ်ခန္ဓာ၏ ပေါ့ပါးမှု (ရူပလဟုတာ), ရုပ်ခန္ဓာ၏ နူးညံ့မှု (ရူပမုဒုတာ) နှင့် အမှုကိစ္စများ၌ ရုပ်ခန္ဓာ၏ ကောင်းမွန်ခံ့ညားမှု (ရူပကမ္မညတာ) ရုပ်တို့ပင်တည်း။

### စတုဇရုပ် ကိုးပါး

အဝိနိဗ္ဘောဂရုပ်ရှစ်ပါး, ပရိစ္ဆေဒရုပ် တစ်ပါး၊ ပေါင်း ကိုးပါးသောရုပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးကြောင့် ဖြစ်ကြသည့် စတုဇရုပ်များ ဖြစ်ကြ၏။

### လက္ခဏာရုပ် လေးပါး

လက္ခဏာရုပ်လေးပါးသည် ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲရုပ်တို့၏ ဓမ္မတာဖြစ်သော ကြောင့် မည်သည့်အကြောင်းကြောင့်ဖြစ်သည်ဟု မဆိုထိုက်။ မုန့်လုံးကိုဝယ်ယူသော အခါအတွင်း၌ ထန်းလျက်ပါလာသကဲ့သို့ ဆိုင်ရာအကြောင်းတရားတို့က ဆိုင်ရာရုပ်ကို စီမံလိုက်သည့်အခါ ဤဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းဟူသော လက္ခဏာတို့သည် သဘောတံထွာ ဓမ္မတာအလိုက် ပါလာတော့၏။ တသီးတခြားပြု စီမံဖွယ်မရှိချေ။ ထို့ကြောင့် 'နကုတောစိသမုဋ္ဌာန်' (အဘယ်အကြောင်းကြောင့်မျှမဖြစ်သော) ရုပ် လေးပါး ရှိသည်ဟု မှတ်အပ်၏။

### ရူပသမုဋ္ဌာန်ဆောင်ပုဒ်များ

* ကံ၊ စိတ်၊ ဥတု၊ အာ၊ ဤလေးဖြာ၊ မှတ်ပါသမုဋ္ဌာန်။

### ကမ္မဇရုပ်

* ကာ၊ ရူကု၊ ကု၊ တိတ်စေစု၊ ကံဟု မှတ်ယူလေ။
  (ကာမကုသိုလ်၊ ရူပကုသိုလ်၊ အကုသိုလ် အတိတ်စေတနာ ၂၅ ပါးကို ကံဟု မှတ်)
* သန္ဓိဥဆဲ၊ ခဏာမစဲ၊ တစပ်ထဲ၊ အမြဲရုပ်ဖြစ်စေ။
  (ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ခဏမစဲ မြစ်ရေအလျဉ်ကဲ့သို့ ရုပ်ဖြစ်စေ၏။)

### စိတ္တဇရုပ်

* အရူပဘုံရှိ၊ စိတ်သန္ဓိနှင့်၊ ဒွိဝိညာဏ်၊ နိဗ္ဗာန်ဆုံးစု၊ ကြည့်မှုကြွင်းထ၊ သတိပဋ္ဌ၊ တကွစိတ်နှင့် စေ။
  (အရူပဘုံ၌ဖြစ်သော စိတ်၊ ပဋိသန္ဓေစိတ်၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ပရိနိဗ္ဗာန

http://www.dhammadownload.com



စုတိစိတ်၊ ဤစိတ်တို့ကိုကြဉ်၍ ကြွင်းသောစိတ် ၇၅ ခုနှင့် ၎င်းတို့၌ ယှဉ်ကြသော စေတသိက် ၅၂ ခုတို့သည် စိတ္တဇရုပ်ကို ဖြစ်စေကြ၏။)

* ပထမဘွင်၊ အစတင်လျက်၊ အစဉ်မစဲ၊ ဥပါဒ်ဆဲ၊ အမြဲရုပ်ဖြစ်စေ။
* ဇောအပ္ပနာ၊ ဣရိယာ၊ ကောင်းစွာတည်ခိုင်စေ။
* မနောဒွါရာ၊ ဇောကာမာ၊ ဘိညာသုံးဆယ့်နှစ်။
* ကာယ,ဝါစာ, မူအရာ၊ နှစ်ဖြာဝိညတ်ဖြစ်။
* ဆယ့်သုံးသောမနသ်၊ ပြုံးရယ်တတ်၊ ငိုတတ်ဒေါ်ဇောနှစ်။

## ဥတုဇရုပ်

* အချမ်းအပူ၊ နှစ်ခုအဂ္ဂိ၊ တေဇောဓါတ်၊ မှတ်ဘိဥတုပေ။
* သန္ဓိဌီမှ၊ စ၍စဉ်စီ၊ မိမိဌီတိုင်း၊ ခဏတိုင်းလျှင်၊ အစဉ်မပြတ် အဇ္ဈတ်, ဗဟိဒ်၊ မဆိတ်မစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။

## အာဟာရဇရုပ်

* ဗဟိဒ်, အဇ္ဈတ်၊ နှစ်ရပ်ဩဇာ၊ ရောမိခါ၌၊ ဌီသို့ဆိုက်က၊ အဇ္ဈတ္တဝယ်၊ ခဏမစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။

## ကမ္မဇကေန်စသည်

* ပသာ, ဘာဝ၊ ဓိနှင့်ဟ၊ နဝကမ္မဇာ။
(ပသာဒရုပ် ၅ + ဘာဝရုပ် ၂ + ဇီဝိတရုပ် + ဟဒယရုပ် = ကမ္မဇကေန် ကိုးခု)
* ဝိညတ်ဒွယ၊ စိတ္တဇ၊ သဒ္ဒ စိတ်, ဥဇာ။
(ဝိညတ်ဒွေသည် စိတ္တဇကေန်။ သဒ္ဒရုပ်သည် စိတ်နှင့်ဥတုကြောင့်ဖြစ်သော ဒွိဇရုပ်)
* လဟုတာစု၊ ရုပ်သုံးခု၊ စိတ်, ဥ, ဩဇာ။
(လဟုတာ, မုဒုတာ, ကမ္မညတာ, ရုပ်သုံးခုသည် စိတ်, ဥတု, အာဟာရကြောင့်ဖြစ်သော တိဇရုပ် သုံးခုဖြစ်၏။)
* အဝိနိဗ္ဘ၊ အာကာသ၊ ကံ, စိတ်, ဥ, ဩဇာ။
(အဝိနိဗ္ဘောဂရုပ် ၈ + အာကာသဓာတ် ၁ = ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်သော စတုဇရုပ် ကိုးခု)
* လက္ခဏစု၊ ရုပ်လေးခု၊ စတုဝိမုတ်သာ၊
(လက္ခဏရုပ်လေးပါးသည် အကြောင်းလေးပါးမှ လွတ်၏။)

http://www.dhammadownload.com



## ရူပကလာပ

ကလာပ= အပေါင်းအဖွဲ့၊ အတူဖြစ်ဖက်ရုပ်များ၏ ပေါင်းစပ်ဖွဲ့စည်းပုံကို ဤအခန်းတွင် တင်ပြပါမည်။ ရုပ်တို့သည် တစ်ခုချင်းခွဲ၍မဖြစ်။ ဆိုင်ရာရုပ်ချင်းပူးတွဲ၍ ဖြစ်လေ့ပျက်လေ့ရှိကြသည်။

ရုပ်တို့ ပေါင်းစုနေသော အဖွဲ့အစည်းကို ကလာပ်ဟုခေါ်၏။ ရုပ်ကလာပ်တို့၏ လက္ခဏာလေးရပ်မှာ–

(၁) ဧကုပ္ပါဒ = အတူတကွဖြစ်ခြင်း၊

(၂) ဧကနိရောဓ = အတူတကွ ချုပ်ပျက်ခြင်း၊

(၃) ဧကနိဿယ = တူသောမှီရာရှိခြင်း၊

(၄) သဟဝုတ္တိ= တစ်ခုနှင့်တစ်ခု တွင်းပြင်ထက်အောက်, ရှေ့နောက်ဝဲယာ, ရွေးချယ်၍မရကောင်းအောင် ပေါင်းရောနေခြင်း။

တစ်ကလာပ်တည်း၌ ပါဝင်သော ရုပ်များသည် တစ်ပြိုင်တည်းဖြစ်ကြပျက်ကြ၏။ မဟာဘုတ်လေးပါး ကိုချည်း မှီကြ၏။ မဟာဘုတ်များလည်း အချင်းချင်း အပြန်အလှန် မှီကြရ၏။ ရွေးချယ်ခွဲထုတ်၍ မရကောင်းအောင် ပေါင်းရောနေကြ၏။ ဤအင်္ဂါလေးရပ်နှင့်ပြည့်စုံစွာ ဖြစ်ပျက်နေသော ရုပ်အဖွဲ့အစည်းကို ရုပ်ကလာပ်ဟုခေါ်၏။

## ရုပ်ကလာပ် ၂၁ စည်း

* ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ပျက်နေကြသည့် ရုပ်ကလာပ်တို့သည် အဘယ်မျှ ရှိသနည်း။

ကမ္မဇရုပ်ကလာပ် ကိုးစည်း, စိတ္တဇကလာပ် ခြောက်စည်း, ဥတုဇကလာပ် လေးစည်း, အာဟာရဇကလာပ် နှစ်စည်း၊ စုစုပေါင်းရုပ်ကလာပ် ၂၁ စည်းရှိပါသည်။

(ရုပ်ကလာပ်အမျိုးပေါင်း ၂၁ မျိုးရှိသည်ကိုဆိုလို၏။ ရုပ်ကလာပ်အရေအတွက်မှာ မရေတွက်နိုင်အောင် များပါသည်။)

## ကမ္မဇကလာပ် ကိုးစည်း

(၁) စက္ခုဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ဇီဝိတရုပ် ၁ + စက္ခုပသာဒတို့၏ အဖွဲ့အစု။

(၂) သောတဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး၊ ဇီဝိတရုပ် ၁ + သောတပသာဒတို့၏ အဖွဲ့အစု။

(၃) ဃာနဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ဇီဝိတရုပ် ၁ + ဃာနပသာဒတို့၏ အဖွဲ့အစု။

(၄) ဇိဝှာဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ဇီဝိတရုပ် ၁ + ဇိဝှာပသာဒတို့၏ အဖွဲ့အစု။

http://www.dhammadownload.com



(၅) ကာယဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ဇီဝိတရုပ် ၁ + ကာယပသာဒတို့၏ အဖွဲ့အစု။

(၆) ဣတ္ထိဘာဝဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ဇီဝိတရုပ် ၁ + ဣတ္ထိဘာဝရုပ်တို့၏ အဖွဲ့အစု။

(၇) ပုမ္ဘာဝဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ဇီဝိတရုပ် ၁ + ပုမ္ဘာဝရုပ်တို့၏ အဖွဲ့အစု။

(၈) ဟဒယဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ဇီဝိတရုပ် ၁ + ဟဒယဝတ္ထုတို့၏ အဖွဲ့အစု။

(၉) ဇီဝိတနဝကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ဇီဝိတရုပ် ၁ ဟူသော ကိုးခုသော ရုပ်အဖွဲ့အစု။

**မှတ်ချက်။** ။ စက္ခုပသာဒဖြင့် မှတ်အပ်သော ရုပ် ၁၀ ခုအပေါင်းအစုကို စက္ခုဒသကကလာပ်ဟု ခေါ်၏။ ဤသို့ရသည်ဖြင့် သိပါလေ။ (ဒသက = ၁၀ ခုအစု။ နဝက = ကိုးခုအစု။ အဋ္ဌက = ရှစ်ခုအစု)

ကမ္မဇရုပ်ကလာပ်တိုင်းတွင် အဝိနိဗ္ဘောဂရုပ် ရှစ်ပါးနှင့် ဇီဝိတရုပ်တို့ ပါဝင်ကြ၏။ ဤရုပ်ကိုးခု၏ အပေါင်းအစုကို ဇီဝိတနဝကကလာပ်ဟု ခေါ်၏။ ဤကလာပ်တွင် ကြွင်းသည့် ကမ္မဇကျေန်ရုပ်ရှစ်ခုကို တစ်ခုစီထည့်ပေါင်းလိုက်သည့်အခါ ကမ္မဇကလာပ်ရှစ်စည်းကို ထပ်မံရရှိ၏။ ကမ္မဇကလာပ်တို့သည် အသက်ရှိသော ရုပ်ကလာပ်များတည်း။

## စိတ္တဇကလာပ် ခြောက်စည်း

(၁) သုဒ္ဓဋ္ဌကကလာပ် = စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ရှစ်ပါး၏ အဖွဲ့အစု။ (သုဒ္ဓ + အဋ္ဌက + ကလာပ် = သန့်စင်သောရုပ် + ရှစ်ခု + အဖွဲ့အစု)

(၂) ကာယဝိညတ္တိနဝကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ကာယဝိညတ်တို့၏ အဖွဲ့အစု။

(၃) ဝစီဝိညတ္တိသဒ္ဒဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ဝစီဝိညတ် + သဒ္ဒရုပ်တို့၏ အဖွဲ့အစု။

(၄) လဟုတာဒိဧကာဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + လဟုတာဒိရုပ် သုံးပါးတို့၏ အဖွဲ့အစု။

(၅) ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ် = အဝိနိဗ္ဘောဂရုပ်ရှစ်ပါး + ကာယဝိညတ် + လဟုတာဒိရုပ်သုံးပါးတို့၏ အဖွဲ့အစု။

(၆) ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + ဝစီဝိညတ် + သဒ္ဒရုပ် + လဟုတာဒိရုပ်သုံးပါးတို့၏ အဖွဲ့အစု။

http://www.dhammadownload.com



**မှတ်ချက်။** ။ စိတ္တဇရုပ် ၁၅ ခုအနက်မှ ပရိစ္ဆေဒရုပ်ကို ချန်လှန်၍ ကျန် ၁၄ ခုကို သင့်ရာဖွဲ့စုခြင်းဖြင့် စိတ္တဇကလာပ်ခြောက်စည်းကို ရ၏။ ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်တို့၏ တစ်ခုနှင့်တစ်ခုအကြားရှိ နေရာလပ်ကို မှတ်ပြခြင်းသာဖြစ်၍ ကလာပ်ဖွဲ့ရာတွင် မပါဝင်ချေ။ (ကောဒသက = ၁၁ ခုအစု၊ ဒွါဒသက = ၁၂ ခုအစု၊ တေရသက = ၁၃ ခုအစု)

ဥတုဇကလာပ် လေးစည်း

(၁) သုဒ္ဓဋ္ဌကကလာပ် = ဥတုကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ရှစ်ပါး၏ အဖွဲ့အစု။
(၂) သဒ္ဒနဝကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + သဒ္ဒရုပ်တို့၏ အဖွဲ့အစု။
(၃) လဟုတာဒိဧကာဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + လဟုတာဒိရုပ် သုံးပါးတို့၏ အဖွဲ့အစု။
(၄) သဒ္ဒလဟုတာဒိဒွါဒသကကလာပ် = အဝိနိဗ္ဘောဂရုပ်ရှစ်ပါး + သဒ္ဒ + လဟုတာဒိတို့၏ အဖွဲ့အစု။

အာဟာရဇကလာပ် နှစ်စည်း

(၁) သုဒ္ဓဋ္ဌကကလာပ် = အာဟာရကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ရှစ်ပါးတို့၏ အဖွဲ့အစု။
(၂) လဟုတာဒိဧကာဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ရှစ်ပါး + လဟုတာဒိရုပ် သုံးပါးတို့၏ အဖွဲ့အစု။

အဇ္ဈတ္တသန္တာန်၌ ရအပ်သော ရုပ်ကလာပ်များ

သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ဖော်ပြခဲ့ပြီးသော ကလာပ် ၂၁ စည်းလုံးကို ရအပ်၏။ သို့သော် အထီးသတ္တဝါတို့၌ ဣတ္ထိဘာဝဒသကကလာပ်ကို မရထိုက်။ အမသတ္တဝါတို့၌ ပုမ္ဘာဝဒသကကလာပ်ကို မရထိုက်။ ပင်္ဂိသန္ဓေအားဖြင့် မျက်စိကန်းသူ နားပင်းသူတို့တွင် စက္ခုဒသကကလာပ်, သောတဒသကကလာပ်တို့ကို မရထိုက်စသည်ဖြင့် သိအပ်၏။

ဗဟိဒ္ဓရုပ်ကလာပ် နှစ်စည်း

* သတ္တဝါတို့၏သန္တာန်မှအပ ဗဟိဒ္ဓသန္တာန်၌ အဘယ်ရုပ်ကလာပ်တို့ကို ရအပ်သနည်း။

ဥတုကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝကကလာပ်ဟူသည့် ကလာပ်နှစ်စည်းကိုသာ ရအပ်၏။ [ဗဟိဒ္ဓသန္တာန် = ခန္ဓာကိုယ်ပြင်ပ အဝိညာဏက (သက်မဲ့) ဖြစ်သော သစ်ပင်တောတောင် စသည်တို့]

http://www.dhammadownload.com



သစ်ပင်, တောတောင်, မြေ ရေ လေ မီး, အိမ် ကျောင်း စသည်တို့၌ပါရှိသမျှသော ရုပ်တို့သည် ဥတုကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်ချည်းသာ ဖြစ်ကြ၏။ အလောင်းကောင်များ၌လည်း ဤဥတုသုဒ္ဓဋ္ဌက ကလာပ် တစ်စည်းသာပါရှိ၏။

ထိုသစ်ပင် ဝါးပင်စသည်တို့၌ လေတိုက်ခတ်၍သော်လည်းကောင်း၊ အချင်းချင်းကြိတ်မိ ခိုက်မိ၍သော်လည်းကောင်း၊ တမင်တီးခေါက်၍သော်လည်းကောင်း အသံထွက်ပေါ်လာသည့်အခါ၌ ဖြစ်သမျှသော ရုပ်တို့သည် ဥတုကြောင့်ဖြစ်သည့် သဒ္ဒနဝကကလာပ်များသာတည်း။

ဥတုဇသုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝကကလာပ်နှစ်စည်းတို့မှအပ ကျန်ကလာပ် ၁၉ စည်းတို့ကို အဇ္ဈတ္တသန္တာန်၌သာ ရအပ်၏။

### ပရမတ္ထကလာပ်, သမူဟကလာပ်

* မည်သို့သောရုပ်ကလာပ်ကို ပရမတ္ထကလာပ်ဟုခေါ်၍ အဘယ်သို့သော ရုပ်ကလာပ်ကို သမူဟကလာပ်ဟု ခေါ်သနည်း။

အထက်တွင် ပြဆိုခဲ့ပြီးသော ခွဲခြမ်း၍မရကောင်းသည့် ၂၁ ပါးသော ရုပ်ကလာပ်တို့ကို ပရမတ္ထကလာပ်ဟုခေါ်၏။

ဤပရမတ္ထကလာပ်တို့ များစွာပေါင်းစုဖွဲ့စည်း၍ဖြစ်နေသော ရုပ်အစု, ရုပ်ခဲတို့ကို သမူဟကလာပ်ဟု ခေါ်၏။

ထိုသမူဟကလာပ်တွင် တစ်ဖန် မိမိတို့၏သဘာဝအလျောက် ဖွဲ့စည်းနေသော ကလာပ်စုကို သဃံဓာတကလာပ်ဟူ၍လည်းကောင်း၊ သူတစ်ပါးတို့ ဖွဲ့စည်းပြုလုပ်အပ်သော ကလာပ်စုကို ပရံကတကလာပ်ဟူ၍လည်းကောင်း ခေါ်၏။

မြေ, ရေ, ကျောက်ခဲ, ကျောက်ဆောင်, သွေး, အသား, အကြော, အရိုး, သွား, ဆံပင်, မွေးညင်း, လူတစ်ကိုယ်လုံး, တိရစ္ဆာန်တစ်ကိုယ်လုံး, သစ်ပင် ပန်းပင် စသည်တို့သည် သဃံဓာတကလာပ်များ ဖြစ်ကြ၏။ ပန်းကန်, ခွက်ယောက်, အိုး, အုတ်ခဲ, စေတီ, ပုထိုး, သစ်သား, အဆောက်အအုံ, တိုက်တာ, လှေ လှည်းစသည်တို့မှာ လူတို့ပေါင်းစုထားသော ပရံကတကလာပ်များ ဖြစ်ကြ၏။

### ကလာပ်တို့၏ ပမာဏ

* ပရမတ္ထကလာပ်တစ်ခု၏ ပမာဏသည် အဘယ်မျှလောက် ရှိပါသနည်း။

ဦးခေါင်းမှ သန်းတစ်ကောင်၏ ခုနစ်စိတ် တစ်စိတ်သည် လိက္ခာပိုးတစ်ကောင်စာ၊ ထိုလိက္ခာပိုးကို ၃၆ စိတ် စိတ်၍ တစ်စိတ်စာသည် တဇ္ဇာရီမြူ တစ်ခု၊ ထိုတဇ္ဇာရီမြူတစ်ခုကို ၃၆ စိတ် စိတ်၍ တစ်စိတ်စာသည် အဏုမြူ တစ်ခုဟု ခေါ်၏။

အိမ်ခန်း, ကျောင်းခန်းတွင်းသို့ အမိုးပေါက်, နံရံပေါက်မှ နေရောင်ခြည် ဝင်လာ

http://www.dhammadownload.com



သောအခါ ထိုအလင်းတန်းတွင် မြင်ရသောအမှုန်နုကလေးတစ်ခုစီကို တဇ္ဇာရီမြူဟု ခေါ်၏။

ထိုတဇ္ဇာရီမြူကို ၃၆ စိတ် စိတ်၍ တစ်စိတ်သည် အဏုမြူတစ်ခုဖြစ်၏။

ထိုအဏုမြူကို ၃၆ စိတ် စိတ်၍ တစ်စိတ်စာသည် ပရမာအဏုမြူတစ်ခုဖြစ်၏။

ထိုပရမာအဏုမြူကို လူတို့၏ မျက်စိဖြင့် မမြင်ရ။ တန်ခိုးကြီးသော နတ်ဗြဟ္မာများသာ မြင်နိုင်ကြ၏။

လူ့ဘုံ၌ရှိသော ပရမတ္ထရုပ်ကလာပ်တစ်ခုသည် ပရမာအဏုမြူတစ်ခုကို အစိတ်တစ်သိန်း စိတ်သော် တစ်စိတ်စာလောက် ရှိ၏။

နတ်ဘုံ၌ဖြစ်သော ပရမတ္ထရုပ်ကလာပ်တစ်ခုသည် ပရမာအဏုမြူတစ်ခုကို အစိတ်တစ်သန်း စိတ်သော် တစ်စိတ်စာလောက်ရှိ၏။

ဗြဟ္မာဘုံ၌ဖြစ်သော ပရမတ္ထရုပ်ကလာပ်တစ်ခုသည် ပရမာအဏုမြူတစ်ခုကို အစိတ်တစ်ကုဋေ စိတ်သော် တစ်စိတ်စာလောက်ရှိ၏။

### ရူပပဝတ္တိက္ကမ

ပဋိသန္ဓေစိတ်စေတသိက်နှင့် ကမ္မဇရုပ်တို့၏ တစ်ဘဝတစ်ဘဝ၌ ပထမဦးဆုံးဖြစ်သည့်အခါကို 'ပဋိသန္ဓေအခါ'ဟု ခေါ်၏။ ထိုပထမဦးဆုံးဖြစ်ကြသော စိတ် စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ဠီမှစ၍ စုတိစိတ်မကျမီအထိကာလကို 'ပဝတ္တိအခါ'ဟု ခေါ်၏။ ဤကား အဘိဓမ္မာထုံးစံဖြစ်၏။

ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ရုပ်တို့၏ဖြစ်ပျက်ပုံကို ဤအခန်း၌ တင်ပြပါမည်။

### ဘုံသုံးပါး၌ ရနိုင်သော ရုပ်များ

* ကာမဘုံ, ရူပဘုံ, အသညသတ်ဘုံတို့၌ ရုပ်မည်မျှစီ ရအပ်သနည်း။

(၁) ကာမဘုံ၌ ရုပ် ၂၈ ပါးလုံးကို ပဝတ္တိအခါ၌ ထိုက်သလိုရကြ၏။ အမသတ္တဝါများတွင် ပုမ္ဘာဝရုပ်ကို မရ။ အထီးသတ္တဝါများတွင် ဣတ္ထိဘာဝရုပ်ကို မရ။ သို့အတွက် အထီး သို့မဟုတ် အမသတ္တဝါတွင် အလွန်ဆုံး ရုပ် ၂၇ ပါးကိုသာ ရအပ်၏။ စက္ခုသောတ စသည်ဖြင့် ချို့ငဲ့သူတို့၌ စက္ခုပသာဒ, သောတပသာဒ စသည့်ဆိုင်ရာရုပ်ကို မရချေ။

(၂) ရူပဘုံ၌ ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ, ဘာဝရုပ်နှစ်ပါး၊ ပေါင်း ရုပ် ၅ ပါးကို ကြဉ်၍ ကြွင်းသည့်ရုပ် ၂၃ ပါးကိုသာ ရအပ်၏။

(၃) အသညသတ်ဘုံ၌ အဝိနိဗ္ဘောဂရုပ် ရှစ်ပါး, ဇီဝိတရုပ်, ပရိစ္ဆေဒရုပ်, ဝိကာရရုပ် သုံးပါး, လက္ခဏရုပ် လေးပါးဟူ၍ ဤ ၁၇ ပါးသောရုပ်တို့ကိုသာ ရအပ်၏။

http://www.dhammadownload.com



(၄) အရူပဘုံ၌ကား ရုပ်တစ်ပါးမျှ မရအပ်ချေ။

**ယောနိ ခေါ် အမျိုးဇာတ် လေးပါး**

* ယောနိ ခေါ် အမျိုးဇာတ်ကိုလိုက်၍ သတ္တဝါများသည် အမျိုးမည်မျှကွဲပြား ကြသနည်း။

(၁) **သံသေဒဇသတ္တဝါ** = ပဒုမ္မာကြာတိုက်, သစ်ခေါင်း, သစ်သီး သစ်ပွင့်, ရွှံ့ ညွှန်, ရေပုပ်, ရေဆွေး, အညစ်အကြေး စသည့်ငြိကပ်ဖွယ်အရပ်၌ဖြစ် သော သတ္တဝါ။

ပဒုမ္မာကြာပန်း၌သန္ဓေတည်သော ပဒုမဝတီမိဖုရား၊ ဝါးပင်၌ သန္ဓေ တည်သော ဝေဠုဝတီမိဖုရား၊ ရေဆွေးရေပုပ်၌ သန္ဓေတည်ကြသော ခြင်ယင်ပိုးလောက်စသော သတ္တဝါများ။

(၂) **ဩပပါတိက (ဝါ) ဥပပတ်သတ္တဝါ**။ ။ ဘဝဟောင်း ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် ဘွားခနဲ ကောင်းကင်မှ ကျလာသကဲ့သို့ ခန္ဓာကိုယ် အထင် အရှားဖြစ်သော သတ္တဝါ။

ကမ္ဘာဦးအခါက လူများ၊ ဘုမ္မစိုးနတ်မျိုးမှ ကြွင်းသည့်နတ်ဗြဟ္မာများ၊ မီးသရဲပြိတ္တာမျိုးနှင့် ငရဲသားများသည် ဥပပတ်သတ္တဝါများ ဖြစ်ကြ၏။

(၃) **ဂဗ္ဘသေယျကသတ္တဝါ** = အမိဝမ်းတိုက်၌ ကိန်းအောင်း၍ ပဋိသန္ဓေနေသော သတ္တဝါ။

လူ, ခွေး, ကြောင်, နွား စသည်တို့ကဲ့သို့ သားအိမ်၌ ပဋိသန္ဓေနေသူကို **ဇလာဗုဇသတ္တဝါ** ဟုခေါ်၏။ ကြက်, ငှက်, ဘဲ စသည်တို့ကဲ့သို့ ဥခွံတွင်း၌ ပဋိသန္ဓေနေသူကို **အဏ္ဍဇသတ္တဝါ** ဟုခေါ်၏။

လူ, တိရစ္ဆာန်, ပြိတ္တာနှင့် ဘုမ္မစိုးနတ်တို့သည် အဓိကအားဖြင့် ဂဗ္ဘ သေယျကသတ္တဝါများဖြစ်ကြ၏။ သို့သော် တချို့တလေမှာ သံသေဒဇနှင့် ဥပပတ် ပဋိသန္ဓေနေကြ၏။

**မှတ်ချက်**။ ။ သံသေဒဇ, ဩပပါတိက, ဇလာဗုဇ, အဏ္ဍဇ ဟူ၍ ယောနိ လေးပါးကို ရေတွက်နိုင်ပါသည်။

**ပဋိသန္ဓေအခါ ရုပ်ဖြစ်စဉ်**

(၁) သံသေဒဇပုဂ္ဂိုလ်နှင့် ဥပပတ်ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ၌ စက္ခုဒသက ကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှာဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်ဟူသော ကလာပ်ခုနစ်စည်းတို့သည် ဉက္ကဋ္ဌနည်းအစွမ်းအားဖြင့် တစ်ပြိုင်နက်တည်း ထင် ရှားစွာ ဖြစ်ပေါ်လာကြကုန်၏။

http://www.dhammadownload.com



သံသေဒဇသတ္တဝါတို့သည် သေးသေးငယ်ငယ်ကလေးမှ တဖြည်းဖြည်းကြီးထွားလာကြ၏။ ဩပပါတိကသတ္တဝါတို့ကား တစ်ခါတည်း ကြီးကြီးမားမား အထင်အရှားဖြစ်ကြ၏။ ထို့ကြောင့် ကလာပ်ခုနစ်စည်းဟူရာ၌ ဒသကကလာပ်ခုနစ်မျိုးဟု မှတ်ပါ။ တစ်မျိုးတစ်မျိုးလျှင် ကလာပ်ပေါင်းများစွာ ပါဝင်ကြလိမ့်မည်။

အကုသိုလ်ကံနှိပ်စက်၍ အာယတနချို့တဲ့သော ထိုသံသေဒဇသတ္တဝါ၊ ဥပပတ်သတ္တဝါတို့၌ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဘာဝဒသကကလာပ်တို့ကို တစ်ခါတစ်ရံ မရကြကုန်။ ချို့တဲ့သော အာယတနအတွက် ဆိုင်ရာရုပ်ကလာပ်တို့ ယုတ်လျော့ခြင်းကို သိမှတ်အပ်၏။

(၂) ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေ ကလလရေကြည် တည်သောအခါ၌ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ကလာပ်သုံးစည်းနှင့် ရုပ် ၃၀ အပေါင်းအစုတို့သည် တစ်ပြိုင်နက်ထင်ရှားစွာဖြစ်ကြကုန်၏။ တစ်ခါတစ်ရံ အကုသိုလ်ကံနှိပ်စက်၍ ဘာဝဒသကချို့ငဲ့တတ်၏။ ထိုအခါ ကလာပ်နှစ်စည်းနှင့် ရုပ် ၂၀ တို့၏ အပေါင်းအစုသာ ဖြစ်ကြ၏။

ကလလရေကြည်ဟူသည်မှာ ဖွားခါစ သိုးငယ် သို့မဟုတ် ဇာတိသားကောင်၏ သိမ်မွေ့သော အမွေးတစ်ချောင်းကို ကြည်လင်သည့်ဆီ၌ နှစ်၍ ဆယ်ယူသောအခါ အမွေးဖျား၌ ကပ်ငြိနေသော ဆီပေါက်၏ပမာဏရှိ၏။ ထိုသေးငယ်လှသော ကလလရေကြည်၌ ရုပ် ၃၀ နှင့် ပဋိသန္ဓေစိတ်စေတသိက်တို့ အတူတကွဖြစ်၏။ နပုန်းပဏ္ဍုက်တို့၌ကား ဘာဝဒသကကို မရချေ။

(၃) ပဋိသန္ဓေအခါ၌ မရအပ်သောရုပ်တို့ကား သဒ္ဒရုပ်၊ ဝိကာရရုပ်ငါးခု၊ ဇရတာရုပ်, အနိစ္စတာရုပ်ဟူသော ရုပ်ရှစ်ပါးတည်း။

### အမိဝမ်းတွင်း၌ ရုပ်ဖြစ်စဉ်

ကလလရေကြည်အဖြစ် ခုနစ်ရက် (ပထမသတ္တာဟ)

အဗ္ဗုဒ ခေါ်သော အမြှုပ်အဖြစ် ခုနစ်ရက် (ဒုတိယသတ္တာဟ)

ပေသိ ခေါ်သော သားတစ်အဖြစ် ခုနစ်ရက် (တတိယသတ္တာဟ)

ဃန ခေါ်သော အသားတုံးခဲအဖြစ် ခုနစ်ရက် (စတုတ္ထသတ္တာဟ)

ပဉ္စမသတ္တာဟ၌ ခြေနှစ်ဖက်, လက်နှစ်ဖက်, ဦးခေါင်းတို့ဖြစ်ဖို့ရန် အဖုအတက်, ခက်မငါးဖြာ ပေါ်ထွက်လာ၏။ ၎င်းတို့သည် ခုနစ်ရက် ငါးလီလောက် ကြီးရင့်၍ ခြေအင်္ဂါ, လက်အင်္ဂါ, ဦးခေါင်းအင်္ဂါ, မျက်စိ, နား, နှာခေါင်း, လျှာအင်္ဂါတို့ ပီပြင်စွာ ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com



အဋ္ဌမသတ္တာဟနှင့် နဝမသတ္တာဟအတွင်း၌ အရေ၊ အသား၊ အကြော၊ အရိုး၊ အူ၊ အသည်း၊ နှလုံး စသော ကိုယ်ထည်ကောဋ္ဌာသတို့ ဖြစ်ပေါ်ကုန်၏။

အူကောဋ္ဌာသကို တည်ထောင်ပြီးသောအခါ၌ ကမ္မဇပါစကဓာတ်မီးလည်း ဖြစ်တည်လာ၍ ထိုအခါ အမိစားအပ်သော အာဟာရဩဇာရည်သည် ချက်ကြောမှ စိမ့်ဝင်လာနိုင်သဖြင့် ပါစကမီး၏ ပေါင်းနွေးပေးမှုကို ရပြီးသော် ကိုယ်၌ပျံ့နှံ့လျက် အာဟာရဇရုပ်ကို ဖြစ်စေ၏။

ကောဒသမသတ္တာဟ (၁၁ ပတ်မြောက် ခုနစ်ရက်)၌ စက္ခုဒသကဖြစ်၏။ ၎င်းနောက် သတ္တာဟများ၌ သောတ၊ ဃာန၊ ဇိဝှာဒသကများ ထင်ရှားဖြစ်ကုန်၏။

ခုနစ်ရက် အလီပေါင်း ၃၀ ကျော် ၄၀ လောက်၊ လအားဖြင့် ခုနစ်လ ရှစ်လလောက် တွင် ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား ကောဋ္ဌာသတို့ ဖြစ်ပေါ်ကြကုန်၏။

ဓိဝိတနဝကကလာပ်ရုပ်ကား ကလလသတ္တာဟအတွင်းမှစ၍ ဖြစ်၏။

ကိုးလလွန် ၁၀ လအတွင်း (ရက်ပေါင်း ၂၈၀ ခန့်)၌ ကလေးငယ်ကို အင်္ဂါစုံလင်စွာ မွေးဖွား၏။

## စတုဇရုပ်ဖြစ်စဉ်

အကြောင်းလေးပါးကြောင့် ရုပ်တို့၏ဖြစ်စဉ်ကို ဆိုဦးအံ့။

(၁) ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်မှစ၍ ခဏတိုင်း ခဏတိုင်း ဖြစ်ကုန်၏။

(၂) စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်အခိုက်မှစ၍ စိတ်တို့ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်ကုန်၏။

(၃) ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ ဖြစ်ကုန်၏။

ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ကမ္မဇကလာပ်များ၌ ဥတု(တေဇောဓာတ်) ပါ၏။ ထိုဥတုများသည် ပဋိသန္ဓေစိတ်က ဌီခဏသို့ ရောက်လျှင် မိမိတို့လည်း ဌီခဏသို့ ရောက်ကြ၏။ ထိုအခါ တစ်ဥတုလျှင် တစ်ကလာပ်ကျ ခဏတိုင်း ခဏတိုင်း ဥတုဇရုပ်ကလာပ်သစ်များ ပေါက်ပွားလာကြ၏။

(၄) အာဟာရဇရုပ်တို့သည် ဂဗ္ဘသေယျကသတ္တဝါတို့အား တစ်သတ္တာဟ၊ နှစ်သတ္တာဟ လွန်၍ မိခင်စားမျိုသည့် အစာအာဟာရမှဖြစ်သော ဩဇာ၏ ကိုယ်အင်္ဂါအတွင်း ပျံ့နှံ့သည့်အခါမှစ၍ ဖြစ်ကုန်၏။ သံသေဒဇ၊ ဥပပါတ်သတ္တဝါတို့အား မျိုအပ်သော မိမိ၏ သလိပ်၊ တံတွေးနှင့် အာဟာရမှဖြစ်ကုန်သော ဩဇာ၏ ကိုယ်အင်္ဂါအတွင်း ပျံ့နှံ့သောအခါမှစ၍ ဖြစ်ကုန်၏။

http://www.dhammadownload.com



သြဇပဝါတိကသတ္တဝါနှင့် သံသေဒဇသတ္တဝါတို့သည် တစ်စုံတစ်ခုသော စားဖွယ်ကို (အယုတ်သဖြင့် မိမိတံတွေးကို) စားသောက်သောအခါ၌ ထိုအစာတွင် ပါသော သြဇာသည် ကိုယ်၌ပျံ့နှံ့၏။ ထိုပျံ့နှံ့သော ဗဟိဒ္ဓသြဇာနှင့် ပင်ကိုရှိရင်းဖြစ်သော အဇ္ဈတ္တ သြဇာတို့ ပူးပေါင်းမိကြသည့်အခါ သြဇာတစ်စုံလျှင် အာဟာရဇရုပ်ကလာပ် တစ်ခု ကျစီ ဖြစ်စေ၏။

ဥတုဇရုပ်နှင့် အာဟာရဇရုပ်တို့မှာ ကမ္မဇရုပ်ကလာပ်, စိတ္တဇရုပ်ကလာပ်, ဥတုဇ ရုပ်ကလာပ်, အာဟာရဇရုပ်ကလာပ်အသီးသီးတို့တွင် ပါရှိကြသော ဥတုနှင့် သြဇာ တို့မှ စိတ်တို့၏ဥပါဒ်, ဋ္ဌီ, ဘင်, အစီအစဉ်အတိုင်း ခဏမစဲဖြစ်ကြ၏။ တစ်ဥတုလျှင် တစ်ကလာပ်ကျ, သြဇာဓာတ်တစ်ခုလျှင် တစ်ကလာပ်ကျ, ဥတုဇကလာပ်နှင့် အာ ဟာရဇကလာပ်တို့ ဖြစ်ပေါ်ကြရာ ဤကလာပ်နှစ်မျိုးမှာ ခန္ဓာကိုယ်တွင် အမြောက် အမြား စုဖွဲ့နေကြ၏။

## ဆီမီးလျှံကဲ့သို့

မီးစာနှင့် ဆီကြောင့် တောက်လောင်နေသော ဆီမီးသည် မျက်မြင်အားဖြင့် တစ်ခု တည်းဟု ထင်ရသော်လည်း ရှေးရှေးမီးစာအပိုင်းနှင့် ဆီကြောင့်ဖြစ်သော မီးတောက်၊ နောက်နောက် မီးစာအပိုင်းနှင့် ဆီကြောင့်ဖြစ်သော မီးတောက်၊ ဤမီးတောက်အစဉ် တို့သည် တစ်ခုတည်းမဟုတ်ကြ။ ရှေးရှေးမီးစာနှင့် ဆီတို့သည် လောင်ကျွမ်းပြီး နောက် ငြိမ်းသွားကြ၏။ ထိုအခါ ထိုမီး၏အပူရှိန်ကြောင့် နောက်နောက်မီးစာနှင့် ဆီ တို့ ဆက်လက်လောင်ကျွမ်း၏။ ဤမီးတောက် ငြိမ်းသွားသောအခါ နောက်နောက် မီးတောက်တို့ ဆက်လောင်ကြပြန်၏။

ထို့အတူ ရုပ်ခန္ဓာသည် တစ်ခုတည်းထင်ရစေကာမူ ရှေးရှေးကံ, စိတ်, ဥတု, အာဟာရတို့ကြောင့်ဖြစ်သော ရုပ်အစဉ်သည် ဥပါဒ်, ဋ္ဌီ, ဘင် စေ့သောအခါ ချုပ်ကြ ရ၏။ နောက်နောက် ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့်ဖြစ်သော ရုပ်သစ်အစဉ်များ သည် ထပ်ကာထပ်ကာဖြစ်လာကြပြန်၏။ ထို့ကြောင့် ရုပ်ခန္ဓာသည် ဆီမီးလျှံကဲ့သို့ တစ်ရှိမစဲဘဲ ဆက်ကာဆက်ကာဖြစ်ပြီး ပျက်နေ၏။

## မြစ်ရေအလျဉ်ကဲ့သို့

မြစ်ရေအလျဉ်ကို ကြည့်ရှုသောအခါ တစ်ခုတည်းထင်ရသော်လည်း ပထမမြစ် ရေသည် အောက်ဘက်သို့ စီးဆင်းသွားပြီးဖြစ်၍ နောက်ထပ်မြစ်ရေအသစ်တို့သည် တသွင်သွင် စီးဝင်လျက်ရှိ၏။ ထို့အတူ ပထမရုပ်အစဉ်သည် ချုပ်ငြိမ်း၍ ဒုတိယ, တတိယ စသော ရုပ်အစဉ်တို့သည် အသစ်အသစ်ဖြစ်ပေါ်လျက် ရှိကြ၏။

ဤသို့လျှင် လေးပါးသောအကြောင်းတို့ကြောင့် ဖြစ်ကြရသော ရုပ်များသည် ဆီ

http://www.dhammadownload.com



မီးလျှံမြစ်ရေအလျဉ်ကဲ့သို့ အစဉ်မပျက် ဆက်ကာဆက်ကာ အသက်ရှည်သမျှ ဖြစ်ကြ ပျက်ကြလေ၏။

ရုပ်တို့၏ပျက်စဉ်

**(၁) ကမ္မဇရုပ်တို့သည်** ပဋိသန္ဓေစိတ်၏ ဥပါဒ်အခါမှစ၍ အစဉ်မပြတ်ဖြစ်ကာ ချုပ်ကာ ဖြစ်ပျက်လာခဲ့ရာ စုတေခါနီးသောအခါတွင် ကမ္မဇရုပ်ဆုံး၍ တစ်ဘဝဆုံးလေသောကြောင့် စုတိစိတ်အထက် နောက်ပြန်ရေတွက်လျှင် ၁၇ ချက်မြောက် စိတ်၏ ဌီခဏမှစ၍ ကမ္မဇရုပ်တို့မဖြစ်ကြတော့ပြီ။ ထို ၁၇ ချက်မြောက်စိတ်၏ ဥပါဒ်ခဏ၌ နောက်ဆုံးဖြစ်ကြသော ကမ္မဇရုပ်များသည် စုတိစိတ်၏ ဘင်ခဏ၌ ၁၇ ချက် ရုပ်သက်စေ့ ရကား စုတိစိတ်နှင့် ပြိုင်၍ ချုပ်ကြလေ၏။

**တစ်ဘဝအတွက် ကမ္မဇရုပ်နှင့် စုတိစိတ်တို့သည် ဘင်ခဏ၌ ချုပ်ငြိမ်းမှသာ လျှင် အဘိဓမ္မာသဘောအရ ဘဝဆုံးသည်ဟု ခေါ်ရပါသည်။**

ကမ္မဇရုပ်များတွင်ပါသော ဇီဝိတရုပ်သည် 'ရုပ်သက်'ဖြစ်၏။ စိတ်နှင့်စေတသိက်များ၌လည်း ဇီဝိတိန္ဒြေစေတသိက်ဟု ခေါ်သော 'နာမ်သက်'ရှိ၏။ တစ်ဘဝအတွက် ထိုရုပ်သက်နှင့် နာမ်သက်တို့တစ်ပြိုင်နက် အပြီးသတ် ချုပ်ငြိမ်းသည်ကိုပင် 'အသက်ကုန်သည်' (ဝါ) စုတေသည်ဟု ခေါ်စမှတ်ပြုကြ၏။

**(၂) စိတ္တဇရုပ်ချုပ်ပုံ။** ။ 'ရူပာဝစရ'တို့၏ စုတိစိတ်မှတစ်ပါး အားလုံးသော သတ္တဝါတို့၏စုတိစိတ်သည် ရုပ်ကိုဖြစ်စေနိုင်၏'ဟု အဋ္ဌကထာတွင် ဖွင့်ဆိုထားသည်နှင့်အညီ စိတ္တဇရုပ်များသည် စုတိစိတ်၏ ဥပါဒ်ခဏ၌ နောက်ဆုံးဖြစ်ကြ၏။ ထိုနောက်ဆုံးဖြစ်သော စိတ္တဇရုပ်များသည် စုတိစိတ်ချုပ်ငြိမ်းသွားသောအခါ ခဏငယ် သုံးချက် ရုပ်သက်ရခဲ့ပြီဖြစ်၍ နောက်ထပ်ခဏငယ် ၄၈ ချက် အသက်ရှည်ကြ၏။ သို့အတွက် စိတ္တဇရုပ်များသည် စုတိစိတ်နှင့် ကမ္မဇရုပ်တို့ ချုပ်ငြိမ်းပြီးနောက် ခဏငယ် ၄၈ ချက်တွင် အပြီးသတ် ချုပ်ငြိမ်းကြလေ၏။

**(၃) အာဟာရဇရုပ်ချုပ်ပုံ။** ။ ဗဟိဒ္ဓမှ မျိုအပ်သော အစာအာဟာရလည်း ရှိစေ၊ အဇ္ဈတ္တရှိ အာဟာရနှင့် ပူးပေါင်းမိသည်လည်းဖြစ်စေ၊ ဝိညာဏ်အထောက်အပံ့ ရသည်လည်းဖြစ်စေ ဤအကြောင်းသုံးပါး ညီညွတ်ကြလျှင် အာဟာရဇရုပ်ဖြစ်၏။ ဤသို့ဆုံးဖြတ်ချက်အရ စုတိစိတ်၏ ဘင်ခဏတိုင်အောင် ဝိညာဏ်အထောက်အပံ့ ရှိသေးသဖြင့် ထိုအချိန်တိုင်အောင် အာဟာရဇရုပ်များ ဖြစ်ကြသည်ဟု မှတ်ယူနိုင်၏။ စုတိစိတ်၏ ဘင်ခဏတွင် နောက်ဆုံးဖြစ်ကြကုန်သော အာဟာရဇရုပ်များသည် စုတိစိတ်နှင့် ကမ္မဇရုပ်များ ချုပ်ငြိမ်းကြသောအခါ ရုပ်သက်ခဏငယ်တစ်ချက်သာ ရသေးသဖြင့် ခဏငယ် ၅၀ ဆက်၍ တည်နေကြ၏။ စုတေပြီးနောက် ခဏငယ် ၅၀ ချက် ကြာသောအခါ အာဟာရဇရုပ်များလည်း ချုပ်ငြိမ်းကြလေပြီ။

http://www.dhammadownload.com



(၄) ဥတုဇရုပ်ချုပ်ပုံ။ ။ စုတေပြီးနောက် ခဏငယ် ၅၀ ကြာသောအခါ အလောင်းကောင်တွင် ကမ္မဇရုပ်များ, စိတ္တဇရုပ်များနှင့် အာဟာရဇရုပ်များ မရှိကြတော့ပြီ။ ဥတုဇရုပ်တစ်မျိုးသာ ကျန်တော့၏။ ဥတုဇရုပ်ကလာပ်တစ်ခုစီတွင် ပါရှိသော တေဇောဓာတ်သည် ရုပ်၏ဌီအချိန်၌ ခဏငယ်တိုင်း ဥတုဇရုပ်သစ်ကို ဥပါဒ်စေနိုင်သဖြင့် ဥတုဇရုပ်များသည် ဆက်ကာဆက်ကာ ဖြစ်ပျက်သွားပေဦးမည်။

အလောင်းကောင်သည် ဥတုဇရုပ်ကလာပ်သာတည်း။ အလောင်းကောင် ပုပ်ပွ ဆွေးမြည့်၍ အရိုးစုဖြစ်သည့်တိုင်အောင် အရိုးများ ဆွေးမြည့်၍ မြေမှုန့်အဖြစ်သို့ ရောက်သည့်တိုင်အောင် ထိုမှတစ်ဆင့် ကမ္ဘာပျက်သည့်တိုင်အောင်ပင် ဥတုဇရုပ်ကလာပ်တို့ ဆက်ကာဆက်ကာ ဖြစ်ရစ်နေပေလိမ့်မည်။

### စုတေပြီးနောက် အကောင်ပုပ်မကျန်ရစ်သူ

ဥပပတ်သတ္တဝါနှင့် နတ်ဖြဟ္မာတို့၏ ကိုယ်သန္တာန်တွင် ကမ္မဇရုပ်များသာ အရှိများခြင်းကြောင့် စုတေသောအခါ ထိုကမ္မဇရုပ်များ တစ်ပြိုင်နက် ချုပ်ငြိမ်းကြပါသည်။ စိတ္တဇရုပ်များနှင့် အာဟာရဇရုပ်များလည်း စုတေပြီးနောက် ခဏငယ် ၅၀ ခန့်အကြာတွင် ချုပ်ငြိမ်းသွားကြသည်။ ထိုအခါ ကြွင်းကျန်ရစ်သည့် ဥတုဇရုပ်အနည်းငယ်မှာ ကိုယ်သဏ္ဌာန်အသွင် မထင်ရှားနိုင်တော့ပဲ လျင်မြန်စွာ ပျက်ကြွေသွားပါတော့သည်။

နတ်ဖြဟ္မာတို့၏ ရုပ်ကလာပ်များသည် လူတို့၏ရုပ်ကလာပ်များထက် လွန်စွာ သေးငယ်သိမ်မွေ့ကြသဖြင့် လူတို့၏ မျက်စိဖြင့် မမြင်တွေ့နိုင်ချေ။

အထက်ပါအကြောင်းတို့ကြောင့် နတ်ဖြဟ္မာတို့ စုတေသောအခါ အကောင်ပုပ်ကျန်ရစ်ခြင်းမရှိပေ။

ဂဗ္ဘသေယျက ပဋိသန္ဓေနေရသော ဘုမ္မဇိုဝ်း, ဘီလူး, သရဲ, ဘုတ်, မှင်စာ, တစ္ဆေများတွင် တန်ခိုးကြီးသော ပုဂ္ဂိုလ်တို့သည် ကမ္မဇရုပ်များခြင်းကြောင့် စုတေသောအခါ အကောင်ပုပ်မကျန်ရစ်ပါ။

တန်ခိုးငယ်သော ဘီလူး, သရဲ, ဘုတ်, မှင်စာ, တစ္ဆေတို့သည် ကွယ်ပျောက်နိုင်သည့် တန်ခိုးကင်းပြီးသော မိမိတို့အကောင်ပုပ်အစ္စာဘောကို လူတို့အား မမြင်မတွေ့စေလို၍ သေခါနီးသောအခါ ပုတ်သင်, တက်တူ, အိမ်မြှောင်, ပိုးဟပ် စသည် ဖန်ဆင်းပြီးမှ သေကြပါသည်။ သို့အတွက် ဘီလူး, သရဲ, တစ္ဆေ စသည် အကောင်ပုပ် မသာကောင် မကျန်ရစ်ဘဲ ပုတ်သင်, တက်တူ စသည့်အသေကောင်သာ ကျန်ရစ်ပါသည်။

### ရူပဘုံ၌ ရထိုက်သောရုပ်များ

ရူပဘုံသည် ကာမဂုဏ်ကို စက်ဆုပ်သော ဖြဟ္မာတို့၏နေရာတည်း။ သို့အတွက် ရူပဘုံ၌ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒနှင့် ဘာဝရုပ်တို့ မဖြစ်ပေါ်ချေ။

http://www.dhammadownload.com



ဃာနပသာဒ ရှိခြင်းကြောင့် နမ်းရှုချင်စိတ်ဖြစ်၏။ ဇိဝှာပသာဒ ရှိခြင်းကြောင့် စားသောက်ချင်စိတ်ဖြစ်၏။ ကာယပသာဒ ရှိခြင်းကြောင့် တို့ထိချင်စိတ်ဖြစ်၏။ ဘာဝရုပ် ရှိခြင်းကြောင့် မေထုန်အမှုကိုပြုလိုသောစိတ် ဖြစ်၏။ ကာမဂုဏ်ကို ရွံမုန်းစက်ဆုပ်သော ဘာဝနာ၏ အစွမ်းဖြင့် ကာမစိတ်ကို တိုးပွားစေသည့် ဃာနပသာဒ စသည်တို့ မဖြစ်ပေါ်ချေ။ ဃာနပသာဒ စသည်တို့မရှိခြင်းကြောင့် ဃာနဒသကကလာပ်, ဇိဝှာဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်တို့ မဖြစ်ပေါ်ချေ။

ဗြဟ္မာတို့သည် ဘုရားဖူးခြင်း၊ တရားနာခြင်းအမှုတို့ကို ပြုလိုကြ၏။ ထို့ကြောင့် စက္ခုပသာဒနှင့် သောတပသာဒတို့ ရှိကြ၏။ ဤအကြောင်းကြောင့် ရူပဗြဟ္မာတို့၏ ပဋိသန္ဓေအခါ၌ စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝကဟူသည့် ကလာပ်လေးစည်းကို ရထိုက်၏။

ပဝတ္တိအခါ၌ကား စိတ္တဇကလာပ်နှင့် ဥတုဇကလာပ်များအားလုံးကို ရထိုက်၏။ ဗြဟ္မာတို့သည် ခဲဖွယ်ဘောဇဉ်တို့ကို စားမျိုကြခြင်းမရှိသဖြင့် အတွင်းသန္တာန်၌ ဩဇာရုပ်ရှိသော်လည်း ဗဟိဒ္ဓဩဇာနှင့် ပူးပေါင်းခွင့်မရှိချေ။ ထို့ကြောင့် အာဟာရဇရုပ်များ မဖြစ်ပေါ်ကြချေ။ သို့ဖြစ်၍ ဗြဟ္မာတို့၏ သန္တာန်၌ ကမ္မဇ၊ စိတ္တဇ၊ ဥတုဇရုပ်များသာ ရှိကြ၏။

**မှတ်ချက်။** ။ ဗြဟ္မာများသည် မိမိတို့၏ ဈာန်၌နှစ်သက်ခြင်းပီတိဖြင့် ရောင့်ရဲ တင်းတိမ်ကာ အစာမစားဘဲ နေနိုင်ကြ၏။ လူတို့သည် တစ်စုံတစ်ခု၌ ပီတိဖြစ်နေသည့်အခါ ဘာကိုမျှမစားဘဲ နေနိုင်ကြသကဲ့သို့တည်း။ ဗြဟ္မာတို့သည် ဘာဝရုပ်မပိုင်ဆိုင်ကြသော်လည်း ပုံသဏ္ဌာန်မှာ ယောကျာ်းအသွင် ရှိကြ၏။

**အသညသတ်ဗြဟ္မာများသည်** ဇီဝိတနဝကရုပ်နှင့် ပဋိသန္ဓေနေကြသည့်အတွက် ပဋိသန္ဓေအခါ၌ ဇီဝိတနဝကကလာပ်သာ ရ၏။ အခြား ရူပဗြဟ္မာများကဲ့သို့ ဃာနဒသက၊ ဇိဝှာဒသက၊ ကာယဒသကနှင့် ဘာဝဒသက ကလာပ်များကို မရထိုက်သည့်အပြင် စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ အာဟာရဇနှင့် သဒ္ဒနဝကကလာပ်များကိုလည်း မရထိုက်ချေ။ ထို့ပြင် စိတ်မရှိသောကြောင့် စိတ္တဇကလာပ်အားလုံးကို မရထိုက်ချေ။

ပဝတ္တိအခါတွင်မူ ဥတုဇကလာပ်လေးစည်းတွင် သဒ္ဒဆိုင်ရာမရသောကြောင့် သုဒ္ဓဋ္ဌကကလာပ်နှင့် လဟုတာဒိဧကာဒသကကလာပ်နှစ်စည်းတို့ကိုသာ ရ၏။

သို့ဖြစ်၍ အသညသတ်ဘုံ၌ အဝိနိဗ္ဘောဂရုပ် ရှစ်ပါး၊ ဇီဝိတရုပ် တစ်ပါး၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာဟူသည့် လဟုတာဒိရုပ်သုံးပါး၊ ရုပ်ကလာပ်တိုင်း၌ ပါဝင်ကြသော လက္ခဏာရုပ်လေးပါးနှင့် အာကာသဓာတ်တစ်ပါး၊ ပေါင်း ၁၇ ပါးတို့ကို ရရှိ၏။

http://www.dhammadownload.com



**ဆောင်ပုဒ်**။ ။ အဝိနိဗ္ဘောဂ၊ ဇီဝိတနှင့်၊ သုံးဝလဟု၊ တာဒိရှု၍၊ စတုလက္ခဏာ၊ အာကာသာ၊ ပေါင်းပါ ဆယ့်ခုနစ်။

**မှတ်ချက်**။ ။ ကာမဘုံ၌ ပဝတ္တိအခါဝယ် ရုပ် ၂၈ ပါးကို ထိုက်သည့်အားလျော်စွာ ရပြီး အသညသတ်မှတစ်ပါး ရူပ ၁၅ ဘုံ၌ ဃာန, ဇိဝှာ, ကာယပသာဒနှင့် ဘာဝရုပ် နှစ်ပါးကြဉ်သောရုပ် ၂၃ ပါးကိုရ၏။ အရူပဘုံ၌ ရုပ်တစ်ပါးမျှမရှိချေ။

**ပဋိသန္ဓေအခါ မရထိုက်သောရုပ်များ**

သဒ္ဒရုပ်၊ ဝိညတ်ဒွေနှင့် လဟုတာဒိဟူသည့် ဝိကာရရုပ်ငါးပါး၊ ဇရတာနှင့် အနိစ္စတာရုပ်တို့ ပဋိသန္ဓေအခါ၌ မရကောင်းချေ။

ပဝတ္တိအခါ၌ ရုပ် ၂၈ ပါးလုံးကို ထိုက်သလို ရ၏။

**နိဗ္ဗာန်**

* 'အဘယ်သဘောတရားကို နိဗ္ဗာန်ဟု ခေါ်သနည်း။

ကိလေသာတရားနှင့် ဒုက္ခတရားတို့၏ ချုပ်ငြိမ်းခြင်းကြောင့် စိတ်သန္တာန်၌ အေးချမ်းခြင်း, ငြိမ်းချမ်းခြင်း (သီတိ, သန္တိ) သဘောသည်ဖြစ်၏။ သံလိုက်တုံးဝယ် သံမှုံများ ပြေးဝင်တွယ်ကပ်ဘိသကဲ့သို့၊ ဤအေးချမ်းခြင်း, ငြိမ်းချမ်းခြင်း (သီတိ, သန္တိ) သဘောသို့ မဂ်စိတ် ဖိုလ်စိတ်တို့ တွယ်ကပ်စူးစိုက်သက်ဝင်၍ ဖြစ်ကြ၏။ ဤအေးချမ်းခြင်း ငြိမ်းချမ်းခြင်းသဘောသည် နိဗ္ဗာန်ဖြစ်၏။

နိဗ္ဗာန်ကို ကာမာဝစရဉာဏ်ဖြင့်ကား တိုက်ရိုက်မမြင်နိုင်၊ မှန်းဆ၍သာ သိနိုင်၏။ သောတာပတ္တိမဂ်ဉာဏ်စသော မဂ်ဉာဏ်လေးပါးနှင့် သောတာပတ္တိဖိုလ်စသော ဖိုလ်ဉာဏ်လေးပါးတို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြ၏။ 'မျက်မှောက်ပြု'ဆိုရာ၌ တိုက်ရိုက်မျက်စိဖြင့် မြင်ရသကဲ့သို့ ဉာဏ်ဖြင့် သိမြင်ခြင်းတည်း။ သို့အတွက် နိဗ္ဗာန်သည် တကယ်အမှန်ရှိသော ပရမတ်တရားအစစ်ဖြစ်၏။

'မဂ္ဂဖလာန မာရမ္မဏာဘူတံ'ဟု ဟောတော်မူသည်နှင့်အညီ နိဗ္ဗာန်သည် မဂ်ဖိုလ် တရားတို့၏ အာရုံပေတည်း။

နိဗ္ဗာန်သည် ဘဝကို ချုပ်စပ်ပေးသဖြင့် 'ဝါန'ဟု အမည်ရသော တဏှာမှ လွတ်မြောက်သော (ဝါ) လွတ်ကင်းသော 'နိဝါန'သဘောဖြစ်၏။ အပ်ချုပ်သမားသည် အဝတ်စတို့ကို တစ်စနှင့်တစ်စ ဆက်သွယ်ချုပ်စပ်ပေးသကဲ့သို့ တဏှာသည်လည်း ယခုပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝကို ဆက်သွယ်ချုပ်စပ်ပေး၏။ ထို့ကြောင့် တဏှာ မကုန်သေးသမျှ ဘဝသံသရာမှ မလွတ်မြောက်နိုင်ကြချေ။

'နိဝါန'ဟု အမည်ရသော နိဗ္ဗာန်သည် တဏှာဝါနမှ ကင်းလွတ်၍ တဏှာဝါန နှင့် မရောယှက်ဘဲ တည်သကဲ့သို့ မိမိသို့ ထိတွေ့ဆိုက်ရောက်အောင် အားထုတ်သော

http://www.dhammadownload.com



ပုဂ္ဂိုလ်ကိုလည်း ထိုတဏှာဝါနမှလွတ်ကင်းစေ၏။ ထို့ကြောင့် နိဗ္ဗာန်သည် တဏှာဝါန မှ လွတ်ကင်းရာဌာန ဘဝသံသရာမှ လွတ်မြောက်ရာဌာနဖြစ်၏။

### နိဗ္ဗာန် ဘယ်နှစ်မျိုးရှိသနည်း

နိဗ္ဗာန်သည် နှစ်မျိုး တစ်နည်း၊ သုံးမျိုးတစ်နည်းရှိပေ၏။

ရှင်ဦးအံ့၊ ပရမတ်တရားတို့သည် ကိုယ်စီသဘောတရားတစ်မျိုးစီသာ ရှိကြ၏။ စိတ်သည် အာရမ္မဏဝိဇာနန – အာရုံကို သိထတ်သော သဘောလက္ခဏာအားဖြင့် တစ်မျိုးတည်းသာ ရှိ၏။ ဖဿသည် ဖုသန – ထိတွေ့ခြင်းလက္ခဏာအားဖြင့် တစ်မျိုး တည်းသာ ရှိ၏။ ထို့အတူ နိဗ္ဗာန်သည် သန္တိလက္ခဏာ (ဝါ) ငြိမ်းအေးခြင်းဟူသော မိမိလက္ခဏာအားဖြင့် တစ်မျိုးတည်းသာ ရှိပေ၏။

ဤသို့ဆိုသဖြင့် 'ရဟန္တာအားလုံး၏ နိဗ္ဗာန်သည် အံမျှားဆိုင်ပစ္စည်းတစ်ခုအလား တစ်ပါးတည်းသာရှိ၏' ဟု မမှတ်ယူသင့်ချေ။ ရဟန္တာအားလုံးတို့ မျက်မှောက်ပြုကြရ သော နိဗ္ဗာန်တွင် သန္တိလက္ခဏာတစ်ပါးတည်းသာရှိသည်ဟု မှတ်အပ်၏။

**နိဗ္ဗာန်နှစ်မျိုး။** ။ **(၁) သဉပါဒိသေသနိဗ္ဗာန်** — ရဟန္တာပုဂ္ဂိုလ်များ၌ အရဟတ္တ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ကိလေသာများကို အကြွင်းမဲ့ ပယ်သတ်ပြီးသည့်အခါ ခန္ဓာအစဉ်၌ ကိလေသာကုန်သွား၏။ သို့သော် ဖြစ်မြဲတိုင်းသော ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များ ကျန်ရစ်၏။ ထိုကိလေသာကင်းပြီး ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ ကြွင်းကျန်ရစ်သည့် နိဗ္ဗာနဓာတ်ကို 'သဉပါဒိသေသနိဗ္ဗာနဓာတ်' ဟု ခေါ်၏။ 'ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် မချုပ်သေးခင် (ဝါ) ပရိနိဗ္ဗာန်မစံခင် အာရုံပြုအပ်သော နိဗ္ဗာန်' ဟု ဆိုလို၏။

**(၂) အနုပါဒိသေသနိဗ္ဗာန်** — ကိလေသာချုပ်ငြိမ်းပြီးနောက် ကြွင်းကျန်ရစ်သည့် ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များမရှိသော နိဗ္ဗာနဓာတ်ကို 'အနုပါဒိသေသ နိဗ္ဗာန ဓာတ်' ဟု ခေါ်၏။ 'ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ ချုပ်ငြိမ်းပြီးသည့်အခါ (ဝါ) ပရိနိဗ္ဗာန်စံလွန်သည့်အခါ ရအပ်သောနိဗ္ဗာန်' ဟု ဆိုလို၏။

ဤသို့ နိဗ္ဗာန်ကို သဉပါဒိသေသ၊ အနုပါဒိသေသဟူသည့် လက္ခဏာနှစ်မျိုးဖြင့် မှတ်သားအပ်သောကြောင့် နိဗ္ဗာန်နှစ်မျိုးရှိသည်ဟု ဆိုရခြင်းဖြစ်၏။ တကယ့်နိဗ္ဗာန် အစစ်ကား တစ်မျိုးတည်းသာတည်း။

**နိဗ္ဗာန်သုံးမျိုး။** ။ သုညတာကာရ၊ အနိမိတ္တာကာရ၊ အပ္ပဏိဟိတာကာရအား ဖြင့် နိဗ္ဗာန်ကို သုံးမျိုးခွဲခြားနိုင်၏။

**(၁) သုညတနိဗ္ဗာန်။** ။ 'သုည' သည် သုဉ်းခြင်း၊ ကင်းခြင်း၊ မရှိခြင်းဟူသော အဓိပ္ပာယ်ကိုပြ၏။ နိဗ္ဗာန်သည် ရာဂ၊ ဒေါသ၊ မောဟဟူသော ကိလေသာတို့နှင့်တကွ

http://www.dhammadownload.com



ရုပ်ခန္ဓာ နာမ်ခန္ဓာတို့မှ သုဉ်း၏၊ ကင်းဆိတ်၏။ ဤသို့ နိဗ္ဗာန်သည် ကိလေသာနှင့် ရုပ်နာမ်အားလုံးတို့မှ ဆိတ်သုဉ်းနေပုံ အခြင်းအရာ အာကာရကို စွဲမှတ်၍ 'သုညတနိဗ္ဗာန်'ဟူသောအမည် ဖြစ်ပေါ်လာ၏။

**(၂) အနိမိတ္တနိဗ္ဗာန်။** ။ 'နိမိတ္တ'သည် လုံးခြင်း ပြားခြင်း, ရှည်ခြင်း တိုခြင်း စသည့် ပုံသဏ္ဌာန်အနက်ကိုပြ၏။ ရုပ်ခန္ဓာသည် ရုပ်ကလာပ်အချင်းချင်း ပေါင်းဖွဲ့စုခဲနေသည့်အတွက်ကြောင့် ပုံသဏ္ဌာန်အမျိုးမျိုးရှိ၏။ နာမ်ခန္ဓာသည်လည်း သာမန်ဉာဏ်ဖြင့် မသိမြင်စေကာမူ ဘုရားရှင်တို့၏ဉာဏ်တွင် ပုံသဏ္ဌာန်မဟုတ်သော်လည်း ပုံသဏ္ဌာန်ကဲ့သို့ပင် ထင်ရှားပေါ်လွင်ရာ၏။ နိဗ္ဗာန်ကား ထိုသို့သောပုံသဏ္ဌာန်မျိုး မရှိချေ။ ဤသို့ပုံသဏ္ဌာန်မရှိပုံအခြင်းအရာ အာကာရကို စွဲမှတ်၍ 'အနိမိတ္တနိဗ္ဗာန်'ဟူသောအမည် ဖြစ်ပေါ်လာ၏။

**(၃) အပ္ပဏိဟိတနိဗ္ဗာန်။** ။ 'ပဏိဟိတ'သည် 'ပဏိဓိ' နှင့် အနက်တူပြီး 'တောင့်တခြင်း'အဓိပ္ပာယ်ရှိ၏။ နိဗ္ဗာန်ကို တဏှာဖြင့် မတောင့်တအပ်၊ နိဗ္ဗာန်တွင် တောင့်တအပ်သော တဏှာလည်း မရှိချေ။ ဤသို့ ပူပူဆာဆာတဏှာဖြင့်လည်း မတောင့်တအပ်၊ ပူပူဆာဆာတောင့်တသော တဏှာလည်း မရှိပုံအခြင်းအရာအာကာရကို စွဲမှတ်၍ 'အပ္ပဏိဟိတနိဗ္ဗာန်'ဟူသောအမည် ဖြစ်ပေါ်လာ၏။

### လေ့ကျင့်ရန် မေးခွန်းများ

၁။ စာတိရုပ်ဆိုသည်မှာ အဘယ်နည်း။ စိတ်က ရုပ်ကိုဖြစ်စေရာ၌ ဖြစ်စေပုံ ဖြစ်စေနည်းကို ရှင်းပြပါ။ (၁၉၇၈)

၂။ အောက်ပါတို့သည် ရုပ်ဖြစ်ကြောင်းတရားများတွင် မည်သည့်အကြောင်းများကြောင့် ဖြစ်ကြသနည်း။ အသီးသီးဖော်ပြပါ။

(က) မျက်စိအကြည်ဓာတ်၊ (ခ) အသက်ရှူသံ၊
(ဂ) ရုပ်ခန္ဓာပေါ့ပါးမှု၊ (ဃ) ခေါင်းလောင်းသံ၊
(င) မေးမြန်းသောအခါ ဦးခေါင်းခါပြခြင်း။ (၁၉၇၈)

၃။ သစ်ပင်, တော, တောင်, ဗဟိဒ္ဓသန္တာန်၌ ရနိုင်သောရုပ်ကလာပ်တို့ကို တိကျစွာ ပြဆို၍ ကမ္မဇရုပ်တို့၏ နောက်ဆုံးဖြစ်ရာကာလ, ချုပ်ရာကာလတို့ကို သင်္ဂြိုဟ်ကျမ်းနှင့်အညီ သတ်မှတ်ပြပါ။ (၁၉၇၈)

၄။ အောက်ပါတို့သည် ရုပ်ဖြစ်ကြောင်းလေးပါးတို့တွင် မည်သည့်အကြောင်းကြောင့် ဖြစ်ပါသနည်း။

(က) လျှာအကြည်ဓာတ်၊ (ခ) ကိုယ်ဖြင့် သိစေသော အမူအရာ၊
(ဂ) စကားပြောသံ၊ (ဃ) ခေါင်းလောင်းသံ၊
(င) ကိုယ်ခန္ဓာပေါ့ပါးမှု။ (၁၉၇၉)

http://www.dhammadownload.com



၅။ အောက်ပါတရားများကို အဘိဓမ္မာတရားကိုယ် ကောက်ပြပါ။
(က) မတ်တတ်ရပ်မှုကို အထောက်အပံ့ပြုသော စိတ်။
(ခ) ကိုယ်ဖြင့် သိစေမှုကို ဖြစ်စေသော စိတ်။
(ဂ) လူကို ရယ်ရွှင်စေသော စိတ်။ (၁၉၇၉)

၆။ သစ်ပင်နှင့် စည်သံဗျောသံတို့၌ ရထိုက်သော ရုပ်ကလာပ်နှင့် ရုပ်တရားတို့ကို ကောက်ပြပြီးလျှင် ပဋိသန္ဓေအခါ ကလလရေကြည်ဟုခေါ်သော ရုပ်ကလာပ် သုံးမျိုးကို ရုပ်ပိုင်းအရ ဖော်ပြခဲ့ပါ။ (၁၉၇၉)

၇။ စကားပြောကောင်းသောသူ၌ ဖြစ်သင့်သောရုပ်ကလာပ်နှင့် ရုပ်တရားတို့ကို ဖော်ပြပြီးလျှင် ယောက်ျားတစ်ယောက်၌ ရနိုင်သော ရုပ်တို့ကို ရေတွက်ပြခဲ့ပါ။ (၁၉၇၉)

(အဖြေ= ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသကကလာပ်နှင့် ၎င်း၌ ပါသော ရုပ် ၁၃ ပါးတို့ကို ဖော်ပြပေးပါ။)

ယောက်ျားတစ်ယောက်၌ ရနိုင်သော ရုပ် ၂၇ ပါးကို ဘူတ ၄, ပသာဒ ၅, ဂေါစရ ၇ (၄), ပုမ္ဘာဝ, ဟဒယ, ဇီဝိတ, အာဟာရ, ပရိစ္ဆေဒ, ဝိညတ် ၂, ဝိကာရ ၃, လက္ခဏ ၄ ဟု ရေတွက်ပြပါ။)

၈။ မည်သည့်နည်းနှင့်မျှ ခွဲဖျက်၍မရသောရုပ်များကို ဖော်ပြ၍ အိပ်ပျော်နေသူ တစ်ဦး၌ ရနိုင်သမျှသော ရုပ်တို့ကို ရေးသားဖော်ပြပါ။ (၁၉၈၀)

(အဝိနိဗ္ဘောဂရုပ် ရှစ်ပါးကို ဦးစွာဖော်ပြပါ။ အိပ်ပျော်နေသူ၌ ဝိကာရရုပ် ငါးပါးကို မရထိုက်။ ကျန် ၂၂ ပါးကို ရေးသားဖော်ပြပါ။)

၉။ လူ၏ ကိုယ်ခန္ဓာ အသက်ရှည်ကြာတည်တံ့နေနိုင်ရေးအတွက် လိုအပ်သော သမုဋ္ဌာန်တို့ကို ဖော်ပြခဲ့ပါ။ (၁၉၈၀)

၁၀။ အစားအသောက်ကို စားမျိုသောအခါ အစာကြေညက်ပြီးမှ လူ၏ ကိုယ်ခန္ဓာကို အကျိုးပြုသလော။ မည်သည့်ကာလကစ၍ အကျိုးပြုပါသနည်း။ (၁၉၈၀)

၁၁။ ဗုဒ္ဓအဘိဓမ္မာ၌ ရုပ်ပေါင်းမည်မျှရှိသနည်း။ ထိုရုပ်တို့တွင် အမည်နှစ်မျိုးအားဖြင့် ခေါ်ဝေါ်ထားသောရုပ်ကား အဘယ်ရုပ် ဖြစ်ပါသနည်း။ (၁၉၈၁)

၁၂။ 'ရေထဲ၌ မီးရှိသည်၊ မီးထဲ၌ ရေရှိသည်' ဟူသော သိပ္ပံပညာရှင်တို့၏ ဝါဒသည် ဗုဒ္ဓအဘိဓမ္မာ၌ အကျုံးဝင်ခြင်း ရှိ မရှိ၊ ရူပဝိဘာဂခန်းကို အခြေခံကာ ဖြေဆိုပါ။ (၁၉၈၁)

၁၃။ ဗုဒ္ဓမြတ်စွာက နိဗ္ဗာန်၏ ဂုဏ်ပုဒ်ကို မည်ကဲ့သို့ ချီးမွမ်းထုတ်ဆိုထားတော်မူပါသနည်း။ (၁၉၈၁)

http://www.dhammadownload.com



၁၄။ အသံဖြစ်ကြောင်း သမုဋ္ဌာန်တို့တွင် အောက်ပါအသံများသည် မည်သည့် သမုဋ္ဌာန်ကြောင့် ဖြစ်ပါသနည်း။
(က) မိုးချုန်းသံ၊ (ခ) စကားကျက်သံ။ (၁၉၈၃)

၁၅။ အဏုမြူတစ်ခုတွင် အပါအဝင်ဖြစ်သော ကလာပ်စည်းတစ်ခုအတွင်းရှိ ရုပ် ရှစ်ပါးကို အသီးသီးခွဲခြားဖော်ပြပါ။ (၁၉၈၃)

၁၆။ လူ့ဘဝအစ ပဋိသန္ဓေကာလ၌ မရကောင်းသော ရုပ်များကို ရေတွက်ဖော်ပြပါ။ (၁၉၈၃)

၁၇။ 'စိတ်ကြောင့် ရုပ်ဖြစ်သည်' ဆိုလျှင် (က) အဘယ်စိတ်က၊ (ခ) အဘယ်ရုပ်ကို၊ (ဂ) အဘယ်ကာလ၌ ဖြစ်စေပါသနည်း။ ဗုဒ္ဓအဘိဓမ္မာအရ ခွဲခြားဖြေဆိုပါ။ (၁၉၈၄)

၁၈။ ရုပ်တို့ကို ရုပ်ကလာပ်အဖြစ် ဖွဲ့စည်းရာတွင် လိုအပ်သောအင်္ဂါရုပ်များကို ဖော်ပြပါ။ (၁၉၈၄)

၁၉။ လူသားများ ပဋိသန္ဓေတည်နေခိုက် ဥပါဒ်ခဏ၌ ရနိုင်ကောင်းသော ရုပ်ပေါင်း ၃၀ ကို ရေတွက်ဖော်ပြပါ။ (၁၉၈၄)

၂၀။ ရုပ် ၂၈ ပါးတို့တွင် ပရမတ်ရုပ်, ပညတ်ရုပ်တို့ကို အကျဉ်းမျှခွဲခြားဖော်ပြပြီး လျှင် ယင်းသို့ ကွဲပြားစေခြင်း၏ လက္ခဏာများကိုလည်း ဖော်ပြပါ။ (၁၉၈၅)

၂၁။ နောင်ဘဝသစ်ကို ဖြစ်ပေါ်လာအောင် တည်ဆောက်နိုင်စွမ်းရှိသော အကြောင်း ကံတို့ကို ဖော်ပြပြီးလျှင် နောင်ဘဝသစ်တွင် ထိုကံက မည်သည့်အချိန်မှစ၍ ရုပ်တရားတို့ကို ဖြစ်ပေါ်စေနိုင်ပါသနည်း။ (၁၉၈၅)

၂၂။ လူသားတစ်ဦး၏ ပဋိသန္ဓေတွင် နာမ် ပါ မပါ၊ ပဋိသန္ဓေတည်စခဏ၌ ရုပ် အတုံးအခဲချည်းသာ ဟုတ် မဟုတ်၊ ဗုဒ္ဓအဘိဓမ္မာပညာဖြင့် နက်နဲစွာဆင်ခြင် ၍ ဝေဖန်ဖော်ပြခဲ့ပါ။ (၁၉၈၅)

၂၃။ လူသားတိုင်း လူသားတိုင်း ဝန်းကျင်ခက်ခွယ်၊ နောင်ကြီးတွယ်လျက်၊ ပြုံးရယ် မဲ့ငိုု၊ ချစ်မုန်းပိုတတ်ကြ၏။ လူသားတို့အတွက် ပြုံးရယ်မှုကို ဖြစ်စေတတ်သော စောစိတ်များကို ဗုဒ္ဓအဘိဓမ္မာနည်းအရ ထုတ်ပြခဲ့ပါ။ (၁၉၈၆)

၂၄။ ရုပ်ဖြစ်စဉ်အရ သတ္တဝါအမျိုးအစားများ ထုတ်ပြ၍ ယနေ့သိပ္ပံခေတ်၌ ပညာ ရှင်တို့ မသိကြသေးသော သတ္တဝါများကိုလည်း ထုတ်ပြခဲ့ပါ။ (၁၉၈၆)

၂၅။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ နေ့စဉ်တောင့်တလျက်ရှိသော နိဗ္ဗာန်ဟူသော စကား၏ အဓိပ္ပာယ်ကို ဘုရားရှင်က မည်ကဲ့သို့ ဟောခဲ့ပါသနည်း၊ ရုပ်ပိုင်းလာ ဂါထာအရ ကျမ်းဆရာ၏ အာဘော်ကျအောင် အကျဉ်းချုပ်ဖြေဆိုခဲ့ပါ။ (၁၉၈၆)

http://www.dhammadownload.com



၂၆။ ပြီးရယ်ခြင်းသည် လူသားတို့၏ထူးခြားသော မြတ်နိုးဖွယ်အမှုအရာတစ်ခု ဖြစ်ခဲ့ရာ ထိုအမှုအရာကောင်းဖြစ်ပေါ်လာအောင် မည်သည့်စိတ်များက ပြုလုပ်ပေးပါသနည်း။ စိစစ်ပြခဲ့ပါ။ (၁၉၈၇)

၂၇။ လူသေသောအခါ၌ဖြစ်သော ရုပ်လေးပါးတို့၏ နောက်ဆုံးချုပ်ပျက်ပုံကို အဘိဓမ္မာကျမ်းလာအတိုင်း ဖြေဆိုပါ။ (၁၉၈၇)

၂၈။ နိဗ္ဗာန်သည် သေပြီးမှ ရအပ်သောတရားမျိုးသာ ဖြစ်ပါသလော။ သင်္ဂဟကျမ်းလာ နိဗ္ဗာန်နှစ်မျိုးကို ကိုးကားလျက် ကျေနပ်ဖွယ်ဖြစ်အောင် ဖြေဆိုပါ။ (၁၉၈၇)

**(၁၉၈၈ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ စာမေးပွဲ အမေးအဖြေများကို ဤစာအုပ်နောက်ဆက်တွဲမှာ ကြည့်ပါ။)**

၂၉။ ရုပ်အားလုံးကို 'သပ္ပစ္စယ၊ သာသဝ၊ သခ်တ'ဟု ခေါ်ဆိုရခြင်းအကြောင်းကို ရှင်းပြ၍ အလွန်နူးညံ့သိမ်မွေ့သဖြင့် တွေ့ထိစမ်းသပ်မရနိုင်သော ရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။ (၁၉၉၃)

၃၀။ သတ္တဝါတို့အား ပဋိသန္ဓေအခါ ရုပ်လေးပါးအစဉ်ဖြစ်ပုံကို ဖော်ပြ၍ လူသေအလောင်းကောင်၌ ရုပ်ကြွင်းမည်မျှရှိသည်ကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။ (၁၉၉၃)

၃၁။ လူတို့၏ ခန္ဓာကိုယ်၌ 'အသက်ဇီဝိတ်'ဟု ခေါ်ဆိုရသော ရုပ်အမည်ကို ဖော်ပြ၍ ယင်းအသက်သည် ခန္ဓာကိုယ်တွင် မည်သည့်နေရာ၌ တည်ရှိနေသည်ကိုလည်း ထုတ်ဖော်ညွှန်ကြားခဲ့ပါ။ (၁၉၉၃)

၃၂။ (က) အတွင်းလူနှင့်တူသောရုပ်၊ (ခ) မြင်တွေ့နိုင်သောရုပ်တို့ကို ဖော်ပြ၍ ရုပ်ကိုဖြစ်စေနိုင်သော ကံတို့ကိုလည်း ဖော်ပြပါ။ (၁၉၉၅)

၃၃။ အသံဖြစ်ပေါ်လာခြင်း၏အကြောင်းကို ရေးသား၍ သစ်ပင်တောတောင် ရေမြေဟူသမျှ သက်မဲ့ဝတ္ထုဖြစ်ကြောင်းကိုလည်း ယင်းတို့၌ရရှိနိုင်သော ကလာပ်စည်းများနှင့်တကွ အကြောင်းသွင်းကာ ရှင်းပြပါ။ (၁၉၉၅)

၃၄။ စာဖြေသူတို့၏ ပဋိသန္ဓေအခိုက်၌ဖြစ်ပေါ်ခဲ့သော ရုပ်ကလာပ်စည်းတို့ကို ရေတွက်ပြ၍ စိတ်ကြောင့်ဖြစ်သောရုပ်များ၏ အစဆုံးဖြစ်ချိန်ကိုလည်း ညွှန်ပြပါ။ (၁၉၉၅)

၃၅။ အတုအယောင်များ ရေပန်းစားနေသကဲ့သို့ ပရမတ္ထတရားများလည်း အတုအယောင် ရှိ, မရှိကို အဘိဓမ္မာအမြင်ဖြင့် စစ်တမ်းထုတ်ပြပါ။ (၁၉၉၆)

၃၆။ စိတ်ဟူသောအကြောင်းတရားက ရုပ်တရားများကို ဖြစ်ပေါ်စေပုံ မှန်ကန်စွာ ဖြေဆို၍ စကြာဝဠာတံပမာ ရုပ်တရားများ လည်ပတ်ဖြစ်ပေါ်နေပုံကိုလည်း ဖြေဆိုပါ။ (၁၉၉၆)

http://www.dhammadownload.com



၃၇။ အရိယာသူတော်စင်တို့ ရအပ်, ရောက်အပ်သောနိဗ္ဗာန်၏အမည်ကို ပရိနိဗ္ဗာန် မစံမီ ရအပ်သော နိဗ္ဗာန်၊ ပရိနိဗ္ဗာန်စံပြီးမှ ရအပ်သော နိဗ္ဗာန်အားဖြင့် ခွဲခြားပြ၍ ပရမတ္ထတရားသည် လေးပါးထက် အယုတ်အလွန် ရှိ, မရှိကိုလည်း အကြောင်း သွင်း၍ ရှင်းပြပါ။ (၁၉၉၆)

၃၈။ အနိပ္ဖန္နရုပ်တို့၏ အခြားရနိုင်သော အမည်များကို ရေးသား၍ (က) ဇာတိရုပ်၊ (ခ) အကြောင်းတရားလေးပါးကြောင့်ဖြစ်သော ရုပ်၊ (ဂ) အကြောင်းတရား လေးပါးကြောင့် မဖြစ်သောရုပ်တို့ကိုလည်း ထုတ်ပြပါ။ (၁၉၉၇)

၃၉။ ဂဗ္ဘသေယျက လူသတ္တဝါများ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ရနိုင်သော ရုပ် ကလာပ်တို့ကို ဖြေဆို၍ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ရုပ်ဖြစ်ကြောင်း တရားများနှင့် ရုပ်တရားတို့ကို သင်္ဂဟနှင့်အညီ ဖြေဆိုပါ။ (၁၉၉၇)

၄၀။ ပဋိသန္ဓေအခါ မရနိုင်သော ရုပ်တရားများကို ရေးသားဖြေဆို၍ အဘာယ်အရာ ကို အဘယ်ကြောင့် 'နိဗ္ဗာန်' ဟု ခေါ်ပါသနည်း၊ သင်္ဂဟအလိုကျ ဖြေဆိုပါ။ (၁၉၉၇)

၄၁။ 'ရုပ်ကို မယယ်လို့ရ၏' ဟု ပြောဆိုကြသော ရုပ်ဝါဒီတို့၏ စကားကို လက်ခံသင့် မသင့် ရှင်းလင်းပြ၍ လောကလူသား အသုံးများသည့် 'ကံတရားပေါ့' ဟူသော စကားအပြောကို တရားသဘောသို့ သွင်းပြပါ။ (၁၉၉၈)

၄၂။ ဘာအကြောင်းကြောင့်မျှမဖြစ်သော အကြောင်းမဲ့ ရုပ်တရားတို့ကို အကြောင်း နှင့်တကွ ဖြေဆို၍ မည်သည့်အဖွဲ့ အစည်း အစိတ်အပိုင်းထဲမျှ မပါဝင်ဘဲ တစ် သီး ပုဂ္ဂလနေသော ရုပ်တရားတို့ကိုလည်း ဖော်ပြပါ။ (၁၉၉၈)

၄၃။ ဆံ့ဝယ်တပ်နွား ရဟတ်ချားသို့ မနားမနေ သွားနေရသော ဤရုပ်သံသရာ ကြီး လည်ပတ်နေပုံကို ရေးသားပြ၍ သညာမရှိသော ဗြဟ္မာတို့သန္တာန်ဝယ် ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့ကိုလည်း ဖော်ပြပါ။ (၁၉၉၈)

၄၄။ 'ရုပ်တရားများသည် အာရုံကို ယူစွမ်းနိုင်၏' ဟု ဆိုလာလျှင် လက်ခံ သင့်, မသင့် ရှင်းလင်းပြ၍ တစ်ခုစီခွဲမရဘဲ အမြဲတမ်းစည်းလုံးညီညွတ်သော ရုပ် တရားတို့ကိုလည်း ဖော်ပြပါ။ (၂၀၀၁)

၄၅။ 'အသံကောင်းတာ ကံကြောင့်ပါ' ဟု ဆိုသောစကား မှန်, မမှန် အဟုတ် သိ အောင် ယုတ္တိဆောင်ကာ စစ်တမ်းထုတ်၍ သစ်ပင်, တော, တောင် စသည်၌ ရနိုင်သော ကလာပ်အဖွဲ့ အစည်းကိုလည်း ရေးသားပြပါ။ (၂၀၀၁)

၄၆။ ကမ္ဘာဦးလူများနှင့် နတ်ဗြဟ္မာတို့ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့ကို အလွန်ဆုံးအပိုင်းအခြား, အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့် ခွဲခြားပြ၍ နိဗ္ဗာန်ကိုလည်း သဘာဝ, ကာရဏအားဖြင့် ခွဲခြားပြပါ။ (၂၀၀၁)

http://www.dhammadownload.com



၄၇။ လက္ခဏာယာဉ် သုံးတန်တင်ကာ ဝိပဿနာရှုကောင်းသော ရုပ်အပေါင်းကို အရေအတွက်မျှပြ၍ 'ဒီအနံ့လေး ရဖူးပါတယ်' ဟု ပြောဆိုကြရာ ထိုရနံ့ကို မိမိထံမှောက်သို့ မရောက်ခင်ကတည်းက အာရုံရခြင်းမျိုးပါလော၊ အဘယ်သို့ ပါနည်း၊ ရှင်းပြပါ။ (၂၀၀၂)

၄၈။ ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်သော စိတ်တို့ကို ရေးသားပြ၍ ကောင်းကင်ခေါ်မှတ် အာကာသဓာတ်သည် အကြောင်းမဲ့တရားဖြစ်သည်ဆိုလျှင် သင်အဘယ်သို့ ချေပမည်နည်း၊ ရှင်းလင်းပြပါ။ (၂၀၀၂)

၄၉။ မိဘတို့သည် သားသမီးတို့အပေါ်ဝယ် ကလလရေကြည်တည်စမှစ၍ မေတ္တာထားကြသည်ဆိုရာ ထိုကလလရေကြည်၏ အရကို တိကျစွာ ကောက်ပြ၍ 'ပရမတ္ထတရားတို့သည် လေးပါးထက် အပိုအလိုရှိသည်'ဟု ဆိုလာလျှင် အဘယ်သို့ ရှင်းလင်းမည်နည်း၊ ဖြေဆိုပါ။ (၂၀၀၂)

၅၀။ ရုပ်တစ်ခုတည်းကို နှစ်မျိုးခွဲ၍ ဟောထားရာ ထိုရုပ်တို့၏ အမည်ကို ရေးသား၍ ရုပ်ကို မဖြစ်စေနိုင်သော စိတ်တို့ကိုလည်း ဖော်ပြပါ။ (၂၀၀၃)

၅၁။ အဖွဲ့အစည်းစာရင်းထဲ မပါဝင်သော ရုပ်တို့ကို အကြောင်းပြကာ ဖြေဆို၍ ဘုရား, ရဟန္တာများ အဘယ်စိတ်များဖြင့် ပြုံးတော်မူကြပါသနည်း၊ ဖြေဆိုပါ။ (၂၀၀၃)

၅၂။ ကာမဂုဏ်ကို စက်ဆုပ်သော ဗြဟ္မာတို့၏ နေရာ၌ မရနိုင်သော ရုပ်ကလာပ်တို့ကို ရေးသားပြ၍ ဘုရား, ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သော နိဗ္ဗာန်၏ အမည်ကိုလည်း ဖော်ပြပါ။ (၂၀၀၃)

●

http://www.dhammadownload.com

http://www.dhammadownload.com

သင်္ဘာဝ တိုးတက်ကြီးပွားရေးအတွက်

အဖိုးတန်ဆုံးဘာဝပညာ

# တက္ကသိုလ်အဘိဓမ္မာ

## အတွဲ (၃)

သမုစ္စည်း၊ ပစ္စည်း၊ ကမ္မဋ္ဌာန်း

အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲ တတိယဆင့်အတွက်

http://www.dhammadownload.com

# နိဒါန်း

## အသုံးချအဘိဓမ္မာ

ဤအတွဲ (၃) တွင် အဖိုးတန်ဆုံးဘဝပညာ— ဗုဒ္ဓအဘိဓမ္မာ၏ အသုံးချမှုများကို ရှင်းလင်းပြတ်သားစွာ အလွန်စိတ်ဝင်စားဖွယ်ကောင်းအောင် တင်ပြထား၏။ လူတိုင်းအတွက် အဖိုးမဖြတ်နိုင်သော၊ လူတိုင်းအား အလွန်ကျေးဇူးများစေသော၊ လူတိုင်း မုချ ကေန် သိသင့်သော အကြောင်းအရာများ ဖြစ်ကြပေ၏။

အဖိုးတန်ဆုံး ဘဝပညာ တက္ကသိုလ်အဘိဓမ္မာ၏ ပထမတွဲနှင့် ဒုတိယတွဲတို့၌ စိတ်, စေတသိက်, ပကိဏ်း, ဝီထိ, ဝီထိမုတ်(ဝါ)ဘုံနှင့် ရုပ်ပိုင်းတို့ကို ဖော်ပြခဲ့ရာ ဤအကြောင်းအရာတို့သည် ဗုဒ္ဓအဘိဓမ္မာ၏ အခြေခံသဘောတရားများ ဖြစ်ကြ၏။ ဤသဘောတရားတို့၏ အသုံးချမှုအပိုင်းကို ယခု တတိယတွဲ၌ လေ့လာကြရမည်ဖြစ်၏။

ဤတတိယတွဲတွင် သမုစ္စည်းပိုင်း, ပစ္စည်းပိုင်းနှင့် ကမ္မဋ္ဌာန်းပိုင်းဟူ၍ အပိုင်းကြီး သုံးပိုင်း ပါဝင်၏။

သမုစ္စည်းပိုင်းသည် ဝတ္ထုဓမ္မာဟု အမည်ရကြသော သီးခြားအထည်ကိုယ်သတ္တိ ရှိကြသည့် ပရမတ္ထတရား ၇၂ ပါးတို့ကို သဘောတူရာ စုပေါင်းတင်ပြထားသောအပိုင်း ဖြစ်၏။ ကုသိုလ်တရား၏ အသင်းအပင်းအဖွဲ့ဝင်များနှင့် အကုသိုလ်တရား၏ အသင်းဝင်-အင်အားစုများကို ပြတ်ပြတ်သားသားပိုင်းခြားပြသထား၏။

ပစ္စည်းပိုင်းသည် ပရမတ္ထတရားတို့၏ အကြောင်းအကျိုး ဆက်နွယ်မှုများကို ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့ဖြင့် စေ့စေ့ငငေ တိတိကျကျတင်ပြထားသော အပိုင်း ဖြစ်၏။

ကမ္မဋ္ဌာန်းပိုင်း၌ကား သမထဘာဝနာနှင့် ဝိပဿနာဘာဝနာတို့၏ အခြေခံ လိုအပ်ချက်ဖြစ်သော ကမ္မဋ္ဌာန်း ၄၀ တို့ကို ပွားများအားထုတ်နည်းများ, ရရှိမည့်အကျိုး

http://www.dhammadownload.com



ကျေးဇူးများနှင့်တကွ ရှင်းပြထားပြီးလျှင် သမထဘာဝနာ၏ ဖြစ်စဉ်နှင့် ပန်းတိုင်တို့ကိုလည်းကောင်း၊ ဝိပဿနာဘာဝနာ၏ ဖြစ်စဉ်နှင့် ပန်းတိုင်တို့ကိုလည်းကောင်း အားရကျေနပ်စဖွယ် ရှင်းလင်းတင်ပြထားပေ၏။

**အကောင်းနှင့် အဆိုး**

လောက၌ အယုတ်နှင့်အမြတ်, အနိမ့်နှင့်အမြင့်, အပင့်နှင့်အထောင်း, အကောင်းနှင့် အဆိုး စသည်တို့သည် အစဉ်ဒွန်တွဲ၍ တည်ရှိနေကြသည်မှန်၏။

သို့ရာတွင် မည်သည့်အရာသည် အဆိုးဖြစ်၍ မည်သည့်အရာသည် အကောင်းဖြစ်သနည်း။ ဘဝတွင် အဆိုးနှင့်အကောင်းတို့ကို ခွဲခြားသိရန် အလွန်အရေးကြီး၏။

အမှောင်နှင့်ထောက်ချင့်၍ အလင်းကိုသိအပ်သလို အဆိုးနှင့် ထောက်ချင့်ပြီးမှ အကောင်းကို သိရာသလော။

**အိုင်းစတိုင်း**၏ ဆက်သွယ်မှုသီအိုရီ (Einstein's Theory of Relativity) အရ ရည်ညွှန်းချက်ဘောင် (reference-frame) တစ်ခုကို စိတ်ကြိုက်ရွေးချယ်သတ်မှတ်ပြီးမှ အရာရာ၏ တန်ဖိုးကို ဆုံးဖြတ်နိုင်သလော။ ဥပမာ အရှေ့အရပ်ကို သတ်မှတ်ပြီးမှ ၎င်း၏ ဆန့်ကျင်ဘက်အရပ်ကို အနောက်မျက်နှာဟု ခေါ်ဆိုမည်လော။ အရှေ့အရပ်မရှိဘဲနှင့် အနောက်မျက်နှာသည် သီးခြားရှိနိုင်သလော။

ထိုနည်းအတူ အဆိုးတရားတစ်ခုကို ကိုးကားချက်ပြုပြီးမှ ထိုအဆိုးတရားလောက်မဆိုးသောအရာကို အကောင်းတရားဟု သတ်မှတ်မည်လော။ စံသတ်မှတ်ထားသော အကောင်းတရားတစ်ခုလောက် မကောင်းသည့်အရာဟူသမျှကို အဆိုးတရားချည်းဟု သတ်မှတ်မည်လော။

အဆိုးတရားနှင့် အကောင်းတရားတို့သည် တစ်ခုပေါ်တစ်ခု မမှီခိုဘဲ သီးခြားတည်ရှိနိုင်ကြသလော။ မည်သည့် ရည်ညွှန်းချက်ဘောင်မှ ရှုကြည့်စေကာမူ အဆိုးတရားသည် အစဉ်ဆိုးယုတ်၍ အကောင်းတရားသည် အစဉ်ကောင်းမွန်ပါသလော။

မည်သို့သော သဘောတရားများကို ကောင်းသည်၊ မည်သို့သော သဘောတရားများကို ဆိုးသည်ဟု သတ်မှတ်မည်နည်း။

အဆိုးနှင့်အကောင်းကို ခွဲခြားသတ်မှတ်ခြင်းသည် လွယ်ကူသောအလုပ် မဟုတ်ပါ။ ကမ္ဘာ့တွေးခေါ်ရှင်ကြီးများပင်လျှင် အခက်အခဲကြုံတွေ့ခဲ့ကြရ၏။ တစ်ဦးနှင့်တစ်ဦးလည်း အယူအဆချင်း မတူညီကြပါ။ တစ်နည်းဆိုသော် အကောင်းနှင့်အဆိုးကို ခွဲခြားသတ်မှတ်ရန်အတွက် ကမ္ဘာ့တွေးခေါ်ရှင်ကြီးများသည် ယခုတိုင်ပင် အချင်းချင်း ငြင်းခုံနေကြဆဲဖြစ်၏။

သာကေပြရသော် တရားမျှတမှုသည် ကောင်း၍ မတရားခြင်းသည် ဆိုးသည်ဟု ကမ္ဘာ့တွေးခေါ်ရှင်တို့ သတ်မှတ်ခဲ့ကြ၏။ သို့ရာတွင် မည်သို့သော အခြင်းအရာများ

http://www.dhammadownload.com



သည် တရားမျှတ၍ မည်သို့သောအခြင်းအရာသည် တရားမျှတမှုမရှိဟု သတ်မှတ်ရာတွင်မူ သဘောတူညီမှုမရကြချေ။

တရားမျှတမှု (justice) ကို ရှေ့တန်းတင်၍ ဟောပြောခဲ့ကြသော ရှေးဂရိ တွေးခေါ်ရှင်ကြီး **ပလေတို** (Plato) နှင့် **အရစ္စတိုတယ်** (Aristotle) တို့ကိုယ်တိုင်ပင်လျှင် စစ်သုံ့ပန်းများကို ကျွန်အဖြစ် ခိုင်းစေခြင်းသည် တရားမျှတသည်ဟု ကြွေးကြော်ခဲ့ကြ၏။

လူလူချင်း ကျွန်ပြုသောစနစ်သည် တရားမျှတမှုမရှိဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက ယနေ့တညီတညွတ်တည်း လက်ခံထားကြ၏။

သို့ဆိုလျှင် ယခု စာဖတ်သူများသည် အကောင်းနှင့်အဆိုးကို ခွဲခြားသိရှိကြပါသလော။

မည်သို့သောအလုပ်သည် ကောင်းမှုဖြစ်၍ မည်သို့သောအလုပ်သည် မကောင်းမှုဖြစ်ပါသနည်း။

## အဘိဓမ္မာ မီးမောင်းအောက်ဝယ်

အဘိဓမ္မာမီးမောင်းသည် လောကဓာတ်ခုံပေါ်သို့ ထွန်းလင်းတောက်ပစွာ ထိုးကျလျက် ရှိ၏။ လောကဓာတ်ခုံပေါ်၌ အမျိုးမျိုး အဖုံဖုံ သရုပ်ဆောင်ကပြနေကြသော ဓာတ်ကောင်များအားလုံးကို ပေါ်လွင်အောင် မီးထိုးပြထား၏။

လောကဓာတ်ခုံဟူသည်မှာ သြကာသလောကနှင့် သင်္ခါရလောကတို့တည်း။

ထိုဓာတ်ခုံပေါ်၌ ကပြအသုံးတော်ခံနေကြသည့် ဓာတ်ကောင်များကား လူ့, နတ်, ဗြဟ္မာ, အပါယ်ဘုံသားဟူသည့် သက်ရှိသတ္တဝါတို့တည်း။

အဘိဓမ္မာရှုထောင့်မှကြည့်လျှင် လောကဓာတ်ခုံသည်လည်းကောင်း၊ လောကဓာတ်ကောင်များသည်လည်းကောင်း ပရမတ်တရားများ၏ အဖွဲ့အစည်းများ ဖြစ်ကြပြီးလျှင် ပရမတ်တရားတို့၏ သဘောသဘာဝအတိုင်း အချင်းချင်းတုံ့ပြန်ခြယ်လှယ်၍ အကြောင်းအကျိုးဆက်နွယ်မှုသဘောအရ အမျိုးမျိုးအဖုံဖုံ ဖြစ်ပျက်ပြောင်းလဲနေကြ၏။

လောကအလုံးစုံအတွင်း၌ ဖြစ်ပျက်ပြောင်းလဲမှုအဝဝကို ခြုံငုံ၍ စိစစ်ဝေဖန်သိမြင်နိုင်စွမ်းသော ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်သည် ပြဿနာအလုံးစုံ၏ ပင်ရင်း ဇာစ်မြစ်ကို အဆုံးစွန်သော ပရမတ်တရားများအထိ သိမြင်တော်မူသဖြင့် လောက၌ အဆိုးတရားများနှင့် အကောင်းတရားများကို ပြတ်ပြတ်သားသားပိုင်းခြားကာ ညွှန်ပြတော်မူခဲ့၏။

အဘိဓမ္မာမီးမောင်းအောက်ဝယ် ပရမတ်တရားအသီးသီးတို့၏ ပင်ကိုသဘောတရားတို့သည် ထင်ရှားပေါ်လွင်နေကြ၏။

http://www.dhammadownload.com



ပရမတ်တရားတို့ကား အကျဉ်းအားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူ၍ လေးပါးသာ ရှိ၏။ အကျယ်ချဲ့လိုက်လျှင်မူ စိတ်တစ်ပါး, စေတသိက် ၅၂ ပါး, နိပ္ဖန္နရုပ် (ရုပ်အစစ်) ၁၈ ပါးနှင့် နိဗ္ဗာန်တစ်ပါးဟူ၍ စုစုပေါင်း ၇၂ ပါးရှိ၏။ ဤပရမတ်တရား ၇၂ ပါးတို့သည် သဘောသဏ္ဍာန် ကိုယ်စီရှိကြသဖြင့် ဝတ္ထုဓမ္မဟု အမည်ရကြ၏။

ပရမတ်တရားအကျဉ်းလေးပါးတွင် နိဗ္ဗာန်သည် လောကမှ လွန်မြောက်သော လောကအတွင်း၌ မတည်ရှိသော ဗဟိဒ္ဓတရားဖြစ်၏။ လောကအတွင်း၌ စိတ်, စေတသိက်, ရုပ်တို့သာ ရှိကြ၏။ ဤသုံးပါးတွင် ရုပ်သည် မသိတတ်သော သဘောဖြစ်၏။ စိတ်နှင့် စေတသိက်တို့ကား သိတတ်သောသဘောရှိကြပြီး နာမ်ဟု အမည်ရ၏။

ထို့ကြောင့် လောကဓာတ်ခံတွင် နာမ်တရားက ကြိုးဆွဲခြယ်လှယ်သည့်အတိုင်း ရုပ်တရားအစုတို့က အမျိုးမျိုးအဖုံဖုံ ကပြအသုံးတော်ခံနေကြရ၏။

နာမ်တရားဟုခေါ်သော စိတ်နှင့် စေတသိက်နှစ်မျိုးတွင် စိတ်သည် အာရုံကိုသိတတ်သည့်သဘောဖြစ်ပြီး အလွန်သန့်စင်ကြည်လင်၏။ ထိုစိတ်ကို ညစ်မည်းအောင်သို့မဟုတ် မြင့်မြတ်အောင် ခြယ်လှယ်ပေးနေကြသည့် သဘောတရားများမှာ စေတသိက်တို့ ဖြစ်ကြ၏။

စိတ်ကိုယုတ်ညံ့အောင်ခြယ်လှယ်ကြသော စေတသိက်တို့မှာ ၁၄ ပါးရှိ၏။ အပြစ်ရှိသည့် စေတသိက်များဖြစ်၍ အကုသိုလ်စေတသိက်များဟု အမည်ရကြ၏။ ရေတ်သီးမှန်လျှင် အနည်းနှင့်အများ စပ်မည်ဖြစ်သကဲ့သို့ ဤအကုသိုလ်စေတသိက်တို့သည် အနည်းနှင့်အများ ဆိုသလို ဆိုးယုတ်ကြ၏။

စိတ်ကို တင့်တယ်ကောင်းမြတ်အောင် ခြယ်လှယ်ပေးကြသော စေတသိက်တို့မှာ ၂၅ ပါးရှိ၏။ ၎င်းတို့ကို သောဘဏစေတသိက်များဟု ခေါ်ကြ၏။ ဤစေတသိက်တို့သည် ကုသိုလ်စိတ်နှင့် အဗျာကတစိတ်တို့၌ ယှဉ်ကြ၏။

ကြွင်းသည့် စေတသိက် ၁၃ ပါးမှာ ကုသိုလ်စိတ်, အကုသိုလ်စိတ် နှစ်မျိုးလုံး၌ ယှဉ်နိုင်ကြသည့် စေတသိက်များဖြစ်ကြ၏။ အညသမန်းစေတသိက်များဟု အမည်ရကြ၏။ ကုသိုလ်စိတ်နှင့် ယှဉ်သည့်အခါ ကုသိုလ်အမှုကိုအားပေး၍ အကုသိုလ်စိတ်နှင့် ယှဉ်သည့်အခါ အကုသိုလ်အမှုကို အားပေးကြ၏။

### အကုသိုလ်အင်အားစု

သတ္တဝါအပေါင်းတို့အား ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ပေးကာ အပါယ်လေးဘုံ၌ ကျင်လည်စေတတ်သော အဆိုးတရားတို့ကား အာသဝေါတရားလေးပါး, ဩဃလေးပါး, ယောဂ လေးပါး , ဂန္ထ လေးပါး, ဥပါဒါန်လေးပါး, နီဝရဏခြောက်ပါး, အနုသယ ခုနစ်ပါး, သံယောဇဉ် ၁၀ ပါးနှင့် ကိလေသာ ၁၀ ပါးတို့တည်း။

http://www.dhammadownload.com



## ကုသိုလ်အင်အားစု

'ဗောဓိ' ခေါ် မဂ်ဉာဏ်ကိုရရှိရေးအတွက် အားပေးကူညီဆောင်ရွက်ပေးကြသော ဗောဓိအသင်းအပင်း(ဝါ) ဗောဓိပက္ခိယတရားတို့မှာ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန် လေးပါး, ဣဒ္ဓိပါဒ် လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါးနှင့် မဂ္ဂင် ရှစ်ပါးတို့ဖြစ်ကြ၏။ ဤဗောဓိပက္ခိယ ၃၇ ပါးတို့ကား ကုသိုလ်အင်အားစုဝင် အကောင်း တရားများ ဖြစ်ကြ၏။

## သဘောတူရာ ပေါင်းစုကာ

ကုသိုလ်, အကုသိုလ်, အဗျာကတတရားတို့ကို သဘောတူသည့်ကိစ္စရပ်များ၌ ရောပြွမ်းကာ ဗုဒ္ဓဟောကြားထားသည်လည်း ရှိ၏။ ဤသို့ရောပြွမ်း၍ ဟောကြား ထားစေကာမူ တရားကိုယ်စေတသိက်ကိုကြည့်၍ ကုသိုလ်တရား သို့မဟုတ် အကုသိုလ် တရား သို့မဟုတ် အဗျာကတတရားဖြစ်သည်ကို ခွဲခြားနိုင်၏။

ထိုတရားစုတို့ကား ဟိတ်ခြောက်ပါး, ဈာနင် ခုနစ်ပါး, မဂ္ဂင် ၁၂ ပါး, ဣန္ဒြေ ၂၂ ပါး, ဗိုလ်ကိုးပါး, အဓိပတိလေးပါး, အာဟာရလေးပါးတို့ပါတည်း။

## ကြောင်းကျိုးဆက်နွယ်မှု

လောကသည် ပရမတ်တရားများနှင့်ဖွဲ့စည်းထားပြီးလျှင် လောကအတွင်းဝယ် ပရမတ်တရားများအချင်းချင်း အကြောင်းအကျိုးဆက်နွယ်မှုအရ ပြောင်းလဲမှုအမျိုး မျိုး ဖြစ်ပျက်နေကြ၏။

အကြောင်းမရှိဘဲနှင့် အကျိုးမရှိနိုင်။ အကြောင်းတစ်ခုကြောင့် အကျိုးတစ်ခု ဖြစ်လာနိုင်၏။ အကြောင်းအမျိုးမျိုးကြောင့်လည်း အကျိုးအမျိုးမျိုး ဖြစ်လာနိုင်၏။ ဤကြောင်းကျိုးဆက်နွယ်မှုကို မှန်မှန်ကန်ကန် ယုတ္တိတန်တန် ဆင်ခြင်စောကြော လျက် ဖော်ထုတ်နိုင်ဖို့အရေးသည် တွေးခေါ်ရှင်ကြီးအပေါင်းတို့၏ ပြင်းပြသော အာသီသ ဖြစ်ပေ၏။

သို့ရာတွင် သတ္တဝါအပေါင်းတို့အား အဆုံးအစမရှိသော သံသရာစက်ဝန်းဝယ် တပြောင်းတပြန်ပြန် စုန်ကာဆန်ကာ လည်ပတ်နေစေသည့်ကြောင်းကျိုးဆက်နွယ်မှု ကြီးကို သဗ္ဗညုတဉာဏ်တော်ဖြင့်သာ သိမြင်ဖော်ထုတ်နိုင်ခဲ့ပေသည်။ ဤကြောင်းကျိုး ဆက်နွယ်မှုကြီးသည် ပဋိစ္စသမုပ္ပါဒ်တရားတော် ဟု အမည်ရပြီး ကမ္ဘာကျော်သည့် တရားဒေသနာတော်ဖြစ်ပေ၏။

ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ပရမတ်တရားတို့၏ ကြောင်းကျိုးဆက်နွယ်ပုံကို ပရမတ်တရားကိုယ်များနှင့်တကွ ပစ္စည်းပိုင်းတွင် အတွင်းကျကျ တိတိပပရှင်းပြထား၏။

http://www.dhammadownload.com



## ပဋ္ဌာန်းဒေသနာတော်နည်း

ပဋ္ဌာန်းဒေသနာနည်းဖြင့် ကြောင်းကျိုးဆက်နွှယ်မှုကို ဖော်ပြရာတွင် အကြောင်းတရား(ပစ္စည်း)နှင့် အကျိုးတရား(ပစ္စယုပ္ပန်)တို့ကိုသာမက ပစ္စည်းတစ်မျိုးစီ၏ ကျေးဇူးပြုပုံသတ္တိ (ပစ္စယသတ္တိ)ကိုပါ ဖော်ပြထား၏။ ဤအကြောင်းကြောင့် ပဋ္ဌာန်းဒေသနာတော်နည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းထက် ပိုမိုပြည့်စုံသည်ဟု ဆိုနိုင်၏။

(၁) နာမ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း ခြောက်ပါး၊ (၂) နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသောပစ္စည်း ငါးပါး၊ (၃) နာမ်သည် ရုပ်အားကျေးဇူးပြုသောပစ္စည်းတစ်ပါး၊ (၄) ရုပ်သည် နာမ်အားကျေးဇူးပြုသော ပစ္စည်းတစ်ပါး၊ (၅) နာမ်, ရုပ်, ပညတ်တို့သည် နာမ်အားကျေးဇူးပြုသော ပစ္စည်းနှစ်ပါး၊ (၆) နာမ်ရုပ်နှစ်ပါးစုံက နာမ်ရုပ်နှစ်ပါးစုံအား ကျေးဇူးပြုသော ပစ္စည်းကိုးပါးဟူ၍ စုစုပေါင်း ပစ္စည်း ၂၄ ပါးတို့ဖြင့် ရုပ်တရား နာမ်တရားတို့၏ ကျေးဇူးပြုပုံများကို ခမ်းခမ်းနားနား ဝေဝေဆာဆာ ပဋ္ဌာန်းဒေသနာတော်တွင် ဖော်ပြထားပေ၏။

ပဋ္ဌာန်းဒေသနာတော်နည်းဖြင့် ကြောင်းကျိုးဆက်သွယ်မှုကို ဖော်ပြပုံသည် အလွန်ပြည့်စုံနက်နဲ ထက်မြက်စူးရှလှသောကြောင့် ပဋ္ဌာန်းဒေသနာတော်ကို ဗုဒ္ဓမြတ်စွာဆင်ခြင် သုံးသပ်သောအချိန်မှစ၍ မြတ်ဗုဒ္ဓ၏ ကိုယ်တော်ဝယ် ရောင်ခြည်ခြောက်သွယ်တို့ ကွန့်မြူးလာကြပေတော့၏။

သဘာဝအမှန်တရားကို နက်နဲတိကျစွာ ဖော်ပြထားသော မြတ်ဒေသနာ၏ တန်ခိုးအာနုဘော်ကား ကြီးကျယ်ထက်မြက်လှပေစွ။

## ပညတ်တရား

ပညတ်တရားသည် တကယ်ရှိသောတရားမဟုတ်။ သို့သော် တကယ်ရှိနေသည်ဟု လူအပေါင်းတို့ယူဆနေကြသော သဘောတရားဖြစ်၏။

ပညတ်တရားနှင့် တကယ်အမှန်ရှိသော ပရမတ်တရားတို့ကို ခွဲခြားသိနားလည်ရန်မှာလည်း လွယ်ကူသည့်အလုပ် မဟုတ်ချေ။ ဗုဒ္ဓမြတ်စွာပွင့်ထွန်းပေါ်ပေါက်လာပြီး ဟောဖော်ညွှန်ပြခဲ့ခြင်းကြောင့်သာ ယနေ့လူသားတို့ ခွဲခြားသိရှိနိုင်ကြပါသည်။

ဝဋ်ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ရေးအတွက် သစ္စာတရားကို ရှာဖွေရာတွင် ပညတ်နယ်ကိုထိုးဖောက်၍ ပရမတ်နယ်သို့ဝင်ရောက်ပြီး ရှာဖွေကြရ၏။ ပညတ်နယ်တွင် တဝဲလည်လည်ရှာဖွေနေလျှင် သစ္စာတရားကို တွေ့မြင်နိုင်မည်မဟုတ်ချေ။

သို့ဆိုလျှင် အမှန်တရားကို ရှာဖွေနေသူတို့သည် ပညတ်သဘောတရားကို ကောင်းစွာသိနားလည်ထားရပေ၏။ ပညတ်သဘောတရားသည် အတ္ထပညတ်နှင့် သဒ္ဒပညတ်ဟူ၍ နှစ်မျိုးရှိ၏။

http://www.dhammadownload.com



အတ္ထပညတ်သည် ပရမတ်တရားတို့ကို အစွဲပြု၍ စိတ်၌ ထင်မြင်လာသည့်အကောင် အထည် အနက်ဒြပ်ကို သူတစ်ပါးတို့ သိနားလည်အောင် ပြောပြအပ်, သိစေအပ်သည့် ပညာရှိတို့ သမုတ်ထားခဲ့ကြသော အမည်ပညတ်များ ဖြစ်ကြ၏။

သဒ္ဒပညတ်သည် ထိုအတ္ထပညတ်ဖြစ်သည့် ဝေါဟာရများကို သုံးနှုန်း၍ သူတစ်ပါး တို့ သိနားလည်ရန် ပြောဆိုအပ်သော စကားသံဖြစ်၏။ မြန်မာစကားသံ, တရုတ် စကားသံ, အင်္ဂလိပ်စကားသံစသော စကားသံအမျိုးမျိုးတို့သည် မိမိတို့ဘာသာ အ လျောက် ဆိုလိုရာအနက်ဒြပ်ကို အမျိုးမျိုးအစားစားအားဖြင့် သိစေအပ်သည်ချည်း ဖြစ်ကြ၏။

အထက်ပါ အတ္ထပညတ်နှင့် သဒ္ဒပညတ်တို့ဖြစ်ပေါ်လာပုံနှင့် ဂုဏ်ထူးဝိသေသ များကို ပစ္စည်းပိုင်းတွင် အကျယ်ဖွင့်ကာ ဆက်လက်ဆွေးနွေးထား၏။

## ဘာဝနာတရား

လွန်စွာအကျိုးများသဖြင့် မိမိတို့သန္တာန်တွင် အဖန်ဖန်ဖြစ်စေထိုက်သောတရား ကို 'ဘာဝနာ' ဟု ခေါ်၏။ ဘာဝနာသည် သမထဘာဝနာနှင့် ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးရှိ၏။ ဤဘာဝနာနှစ်မျိုးလုံးပင် အလွန်အဖိုးထိုက်တန်သည့် လက်တွေ့အလုပ် များ ဖြစ်ကြ၏။

သမထဘာဝနာသည် သမာဓိထူထောင်သောအလုပ်ဖြစ်၏။ နီဝရဏတရားတို့ ကို ငြိမ်သက်စေနိုင်သောအခါ ပထမဈာန်သမာဓိကို ရ၏။ တစ်ဖန် ဝိတက်, ဝိစာရ စသည့် အောက်အောက်ဈာန်အင်္ဂါများကို ဆက်လက်၍ ငြိမ်သက်စေနိုင်သည့်အခါ အထက်အထက်သော ဈာန်တို့ကို ရ၏။

သမထဘာဝနာ၏ အာရုံဖြစ်သည့် ကမ္မဋ္ဌာန်း ၄၀ တို့ကိုလည်းကောင်း၊ ထို ကမ္မ ဋ္ဌာန်းတို့ကို ပြုပြင်စီရင်ပုံ, ကျင့်ကြံအားထုတ်ပုံနှင့် ကျင့်ကြံအားထုတ်သဖြင့် ရူပါဝစရဈာန် ငါးပါးနှင့် အရူပါဝစရဈာန်လေးပါးတို့ အဆင့်ဆင့်ဖြစ်ပွားပုံတို့ကိုလည်းကောင်း၊ ရူပါ ဝစရပဉ္စမဈာန်ကိုအခြေခံ၍ လောကီအဘိညာဉ်ကို ဖြစ်ပေါ်အောင် အားထုတ်ပုံတို့ကို လည်းကောင်း သမထကမ္မဋ္ဌာန်းပိုင်းတွင် အသေးစိတ်ရှင်းလင်းဖော်ပြထားပေ၏။

ဝိပဿနာဘာဝနာဟူသည်မှာ ဘုံသုံးပါး၌ရှိသော တေဘူမကရုပ်နာမ်တရားတို့ ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုတတ်သည့် ဉာဏ်ပညာဖြစ်၏။

ဝိပဿနာဘာဝနာ၏ အာရုံသည် ရုပ်နာမ်တရားဖြစ်၏။ ရုပ်နာမ်တရားတို့၏ သဘာဝကို အထပ်ထပ်အဖန်ဖန် ဆင်ခြင်ရှုမှတ်သဖြင့် ရုပ်နှင့်နာမ်ကို ခွဲခြား၍သိမြင် လာပုံ၊ ရုပ်နာမ်အဖြစ်အပျက်ကို ဉာဏ်မျက်စိတွင် မြင်တွေ့လာပုံ၊ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်နှင့် ဝိသုဒ္ဓိအဆင့်ဆင့်မြင့်တက်လာပုံနှင့် နောက်ဆုံး၌ ရုပ်နာမ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောတို့ကို ထင်ထင်ရှားရှားသိမြင်လာသဖြင့် မဂ်လေးတန်, ဖိုလ်

http://www.dhammadownload.com



လေးတန် ဖြစ်ပေါ်ပုံတို့ကို ဝိပဿနာဘာဝနာခန်းတွင် အားရစဖွယ် ရှင်းလင်းတင်ပြထားပေ၏။

### ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်

ဗုဒ္ဓမြတ်စွာသည် ကာမဂုဏ်စည်းစိမ်ကို ချီးကျူးခြင်းမပြုပေ။ ကာမဂုဏ်ချမ်းသာသည် ကိလေသာတရားတို့နှင့် ရောယှက်နေသော ချမ်းသာဖြစ်၍ ချမ်းသာအစစ်မဟုတ်ပေ။ ကိလေသာတရားတို့သည် စိတ်ကိုညစ်နွမ်းစေသော ပူလောင်ပင်ပန်းစေသော သဘောရှိကြ၏။ ထို့ကြောင့် ကာမဂုဏ်ချမ်းသာသည် ထမင်းပူနှင့် ဟင်းပူကို ပူပူလောင်လောင် မျိုချရသည့်ပမာ ကြောင့်ကြစိုးရိမ်ပူပန်ခြင်းတို့နှင့် ရောပြွမ်းနေသော ချမ်းသာ သာ ဖြစ်၏။

ကာမဂုဏ်စည်းစိမ်ကို မှီ၍ဖြစ်သော ဝေဒယိတသုခသည် ခဏမစဲကုန်ခန်းတတ်သည့်သဘောရှိသဖြင့် ထိုသုခကို ဆက်ကာဆက်ကာခံစားနိုင်ရေးအတွက် မပြတ်မလပ်ကြိုးပမ်းအားထုတ်ရ၏။ ကြိုးပမ်းအားထုတ်နေသည့်ကြားကပင် လောဘတဏှာ၏ မရောင့်ရဲမတင်းတိမ်နိုင်သောသဘော၊ လျင်မြန်စွာငြီးငွေ့တတ်သည့်သဘော၊ အမြဲတော်မွတ်ဆာလောင်ကာ အသစ်အသစ်ကိုဖွေရှာလိုသောသဘောတို့ကြောင့် မကျေနပ်၊ မရောင့်ရဲ၊ ဆာလောင်ပင်ပန်းသည့် ဆင်းရဲဒုက္ခတို့ကို ခံစားရ၏။

သို့ဖြစ်၍ ကာမဂုဏ်စည်းစိမ်အကြားတွင် ငြိမ်းချမ်းအေးမြမှုအစစ်ကို ရှာဖွေသောသူသည် တံလျှပ်ကိုရေထင်၍ ရွှေသမင်အလိုက်မှားသကဲ့သို့ ပင်ပန်းဆင်းရဲခြင်းသာ အဖတ်တင်၍ တကယ့်ချမ်းသာအစစ်ကို ရယူခံစားနိုင်မည်မဟုတ်ချေ။

ထိုမှတစ်ပါးလည်း လောဘ, ဒေါသ, မောဟတို့ ဦးဆောင်သော ကိလေသာတရားတို့သည် သတ္တဝါတို့အား စိမ်ရည်အရက်ပြင်းကဲ့သို့ ယစ်မူးစေသော အာသဝတရားတို့ ဖြစ်ကြ၏။ သတ္တဝါတို့ကို ကြီးမားသော ရေအလျဉ်ဝဲစိုင်ကြီးကဲသို့ အပါယ်လေးပါးတိုင်အောင် ဆွဲမြှုပ်နစ်မွန်းစေတတ်သော ဩဃတရားတို့ ဖြစ်ကြ၏။ သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်အောင် မြဲမြံစွာ ယှဉ်စပ်ဆွဲကပ်ထားတတ်သော ယောဂတရားတို့ ဖြစ်ကြ၏။ ပဋိသန္ဓေပြီး စုတိ, စုတိပြီး ပဋိသန္ဓေစသည်ဖြင့် ဘဝတစ်ခုနှင့်တစ်ခုတို့ကို သံကြိုးကွင်းဆက်ကဲ့သို့ ထုံးဖွဲ့ဆက်နွယ်ထားတတ်သည့် ဂန္ထ တရားများဖြစ်ကြ၏။ အစအဆုံးမထင်သော သံသရာဝဲဩဃကြီးတွင် တဝဲလည်လည် မလွတ်တမ်း ထွေးလုံးရစ်ပတ်နေအောင် ဖွဲ့နှောင်ချည်တုပ်ထားတတ်သည့် သံယောဇဉ်နှောင်ကြိုးများလည်း ဖြစ်ကြ၏။

သို့ဖြစ်၍ ထိုကိလေသာတရားတို့ကို အနုသယအငွေ့အသက်မျှ မကျန်ရစ်ရအောင် အလျှဉ်းအပြတ် မပယ်သတ်နိုင်သမျှကာလပတ်လုံး သတ္တဝါတို့သည်သံသရာဝဋ်ဆင်းရဲ၌ ဆင်းရဲပင်ပန်းစွာ နစ်မွန်းမျော‌ပါနေကြရမည်ဖြစ်၏။

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်မှာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ အမြဲထာဝရ ငြိမ်းအေးချမ်းသာနေသော သန္တိသုခ ခေါ် နိဗ္ဗာန်ချမ်းသာကို ရရှိခံစားရန်ဖြစ်၏။

ထိုပန်းတိုင်သို့ရောက်ရှိနိုင်သော တစ်ကြောင်းတည်းသောလမ်းမှာ မဂ္ဂင်ရှစ်ပါး လမ်းစဉ်(ဝါ) မဟာသတိပဋ္ဌာန်ဝိပဿနာလမ်းစဉ်ဖြစ်၏။ ဝိပဿနာဘာဝနာ၏အာရုံဖြစ်သော ရုပ်နာမ်တရားတို့ကို အထပ်ထပ် အဖန်ဖန်သုံးသပ်ရှုမှတ်သည့်အခါ ခဏမစဲဖြစ်ပျက်နေသည့် ရုပ်နာမ်တို့၏သဘောမှန်ကို သိမြင်လာပြီးလျှင် ထိုရုပ်နာမ်တို့ကို အကယ်ငြီးငွေ့ရှုမုန်းလျက် ထိုရုပ်နာမ်အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ရေးအတွက် အပြင်းအထန် ကြိုးစားအားထုတ်သဖြင့် ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်ဖြစ်ပေါ်ကာ ကိလေသာတို့ တဖြည်းဖြည်းပါးလျားသွားကြ၏။ နောက်ဆုံးတွင် မဂ်လေးတန်, ဖိုလ်လေးတန်တို့ဖြင့် ကိလေသာတရားတို့ကို အပြီးအပိုင် အလဲထိုး၍ အနိုင်ယူလိုက်သည့်အခါ သံယောဇဉ်နှောင်ကြိုးအားလုံးမှ လွတ်မြောက်၍ နိဗ္ဗာန်စခန်းသို့ လှမ်းဝင်နိုင်တော့သည်။

သမထဘာဝနာအားထုတ်သဖြင့် ဈာန်တရားများဖြစ်ပေါ်လာသည့်အခါ ကိလေသာများသည် အခိုက်အတန့်အားဖြင့် ငြိမ်းအေးကြသည့်အတွက် ဈာန်ချမ်းသာသည် ကာမဂုဏ်ချမ်းသာထက် အဆပေါင်းများစွာ သာလွန်လေ၏။

ဝိပဿနာဘာဝနာလက်နက်ဖြင့် ကိလေသာအနှောင်အဖွဲ့အားလုံးကို အပြီးအပိုင် ချိုးနှိမ်ပယ်သတ်၍ ရရှိအပ်သော ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကား အတုမရှိချမ်းသာသော ချမ်းသာဖြစ်သဖြင့် ဈာန်ချမ်းသာထက် အဆပေါင်းများစွာသာလွန်၏။

သို့အတွက် ကိလေသာတို့ကို ချိုးနှိမ်ပယ်သတ်ရေးဖြစ်သည့် ဘာဝနာအလုပ်တို့သည် လက်ငင်းအကျိုးကျေးဇူးကြီးမားလှသောအဖိုးတန်ဆုံးဘဝအလုပ်များဖြစ်ကြ၏။

**"သီလ,သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှင်နေရခြင်းထက် သီလရှိ၍ သမထဝိပဿနာရှုမှတ်နေသောသူ၏ တစ်ရက်မျှအသက်ရှင်ရခြင်းသည်မြတ်၏" (ဓမ္မပဒ—၁၁ဝ)**

**"ရာဂနှင့်တူသောမီးသည်မရှိ။ ဒေါသနှင့်တူသောအပြစ်သည် မရှိ။ မောဟနှင့်တူသော အမိုက်မှောင်သည်မရှိ။ ခန္ဓာနှင့်တူသောဆင်းရဲသည်မရှိ။ နိဗ္ဗာန်နှင့်တူသော ချမ်းသာသည်မရှိ" (ဓမ္မပဒ—၂ဝ၂)**

သတ္တဝါတိုင်း ရာဂမီး, ဒေါသအပြစ်, မောဟအမိုက်မှောင်နှင့် ခန္ဓာဆင်းရဲတို့ကို လွန်မြောက်၍ နိဗ္ဗာန်ချမ်းသာကို လက်ဝယ်ပိုင်ပိုင် ရရှိခံစားနိုင်ပါစေသတည်း။

ဝ

http://www.dhammadownload.com

အခန်း (၇)

# သမုစ္စည်းပိုင်း

## အဓိပ္ပာယ်နှင့် အကျယ်အဝန်း

သမုစ္စည်း = သမုစ္စယ = သံ + ဥစ္စယ
= အတူတကွ (ဝါ) သဘောတူတရားတို့ကို + ပေါင်းစည်းရာ အပိုင်း။

သဘောတူကြသော တရားတို့ကို အာသဝ, ဩဃ စသည်ဖြင့် ပေါင်းစည်းတင်ပြသောအပိုင်းကို သမုစ္စည်းပိုင်းဟု ခေါ်၏။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားလေးပါးကို မိမိဆိုင်ရာ လက္ခဏာအသီးသီးရှိကြသည့် သဘောတရားများအဖြစ် ခွဲခြားလိုက်လျှင် စိတ် ၁, စေတသိက် ၅၂, နိပ္ဖန္နရုပ် ၁၈, နိဗ္ဗာန် ၁ ဟူ၍ ၇၂ ပါးကို ရ၏။

စိတ်သည် အာရမ္မဏဝိဇာနန – အာရုံကိုသိတတ်သော လက္ခဏာရှိ၏။ စေတသိက် ၅၂ ပါးတွင် ဖဿသည် ဖုသန – အာရုံနှင့်ထိတွေ့ခြင်းလက္ခဏာရှိ၏။ ဝေဒနာသည် အနုဘဝန – အာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ ကျန်စေတသိက်တို့သည်လည်း ကိုယ်စီကိုယ်င လက္ခဏာအသီးသီးရှိကြ၏။

ရုပ် ၂၈ ပါးတွင် နိပ္ဖန္နရုပ် ၁၈ ပါးသာ ကိုယ်ပိုင်လက္ခဏာနှင့်တကွ အကောင်အထည်ရှိကြသော ပရမတ်တရားများ ဖြစ်ကြ၏။ ဥပမာ ပထဝီသည် ကက္ခဠ – ခက်မာခြင်း လက္ခဏာရှိ၏။ ပရိစ္ဆေဒရုပ် ၁, ဝိကာရရုပ် ၅, လက္ခဏရုပ် ၄ တည်းဟူသော အနိပ္ဖန္နရုပ် ၁၀ ပါးတို့သည် အထည်ကိုယ်စီရှိကြသော ပရမတ်တရားစစ်များ မဟုတ်ကြ။ နိပ္ဖန္နရုပ် ၁၈ ပါးကို အကြောင်းပြု၍ ပေါ်ပေါက်လာကြသော အခြင်းအရာထူးများ ဖြစ်ကြသဖြင့် ရုပ်ဟု ခေါ်လိုက်ရသော်လည်း စင်စစ်မှာ သီးခြားရုပ်များ မဟုတ်ကြပါ။

http://www.dhammadownload.com



နိဗ္ဗာန်သည် သန္တိ – ငြိမ်းအေးခြင်းလက္ခဏာရှိ၏။

ဆိုခဲ့ပြီးသော စိတ် ၁, စေတသိက် ၅၂, နိပ္ဖန္နရုပ် ၁၈, နိဗ္ဗာန် ၁၊ ပေါင်း တရား ၇၂ ပါးတို့ကို **'ဝတ္ထုဓမ္မာ'** အထည်ကိုယ် ဝတ္ထုရှိသော သဘောတရားများဟု ခေါ်၏။

ဤပရမတ္ထတရား ၇၂ ပါးတို့ကို စိတ်ပိုင်း, စေတသိက်ပိုင်း, ပကိဏ်းပိုင်း, ဝီထိပိုင်း, ဝီထိမုတ်ပိုင်းနှင့် ရုပ်ပိုင်းတို့တွင် အကျယ်ဖွင့်ဆိုတင်ပြခဲ့ပြီးလေပြီ။ ယခုသမုစ္စည်းပိုင်း၌မူ ၎င်းပရမတ္ထတရားတို့ကို သဘောတူချင်းပေါင်းသင်းဖွဲ့စည်း၍ တစ်မျိုးတစ်မည် တင်ပြဦးမည်ဖြစ်ပါသည်။

ဤသမုစ္စည်းပိုင်း၌ အောက်ပါသင်္ဂဟလေးရပ်ကို တင်ပြပါမည်။

၁။ အကုသလသင်္ဂဟ = အကုသိုလ်တရားများကို အကျဉ်းပေါင်းစုတင်ပြခြင်း။

၂။ မိဿကသင်္ဂဟ = ကုသိုလ်, အကုသိုလ်, အဗျာကတ တရားများကို ရောနှော၍ အကျဉ်းပေါင်းစုတင်ပြခြင်း။

၃။ ဗောဓိပက္ခိယသင်္ဂဟ = မဂ်ဉာဏ်၏အသင်းအပင်းဖြစ်သော တရားများကို အကျဉ်းပေါင်းစုတင်ပြခြင်း။

၄။ သဗ္ဗသင်္ဂဟ = ပရမတ္ထတရားအလုံးစုံကို သိမ်းကျုံး၍ အကျဉ်းပေါင်းစုတင်ပြခြင်း။

## အကုသလသင်္ဂဟ

အကုသိုလ်တရားများဖြစ်ကြသော အာသဝ လေးပါး, ဩဃ လေးပါး, ယောဂ လေးပါး, ဂန္ထ လေးပါး, ဥပါဒါန် လေးပါး, နီဝရဏခြောက်ပါး, အနုသယ ခုနစ်ပါး, သံယောဇဉ် ၁၀ ပါး, ကိလေသာ ၁၀ ပါးတို့ကို ဤအပိုင်း၌ တင်ပြမည်ဖြစ်ပါသည်။

## အာသဝေါလေးပါး

'အာသဝ'သဒ္ဒါသည် **'အရက်စိမ်ရည်'** ကို ဟော၏။ လောဘ, ဒိဋ္ဌိနှင့် မောဟ တရားဆိုးတို့ကို အရက်စိမ်ရည်နှင့်နှိုင်း၍ ဗုဒ္ဓဟောကြားတော်မူ၏။

အရက်စိမ်ရည်သည် စိမ်ရည်အိုးထဲ၌ ကြာမြင့်စွာစိမ်ထားသည့်အခါ အာနိသင် ပြင်းပြကာ သောက်သုံးသူတို့အား မူးယစ်စေ၏။ မူးယစ်သူတို့သည် အကောင်းအဆိုး, အကျိုးအပြစ်ကို မခွဲခြားနိုင်သဖြင့် ထင်မိထင်ရာကို ပြုကျင့်ကာ ဒုက္ခဆင်းရဲအမျိုးမျိုးနှင့် ရင်ဆိုင်တိုးကြရ၏။ ယုတ်စွအဆုံး ပညာရှိတို့၏ အထင်အမြင်သေးခြင်းကို ခံကြရ၏။

ထိုနည်းအတူ လောဘ, ဒိဋ္ဌိ, မောဟဟူသော အာသဝေါတရားစုသည် အနမတဂ္ဂ သံသရာဝယ် သတ္တဝါတို့၏ ခန္ဓာအစဉ်တည်းဟူသည့် စိမ်ရည်အိုးထဲ၌ ကြာရှည်စွာ စိမ်ထားသည်ဖြစ်၍ မိမိတို့ ထကြွလာသောအခါ မိမိတို့ကိန်းရာမှုထုဇဉ်သတ္တဝါတို့

http://www.dhammadownload.com



အား တွေဝေယစ်မူးစေပြီး အရူးဖြစ်စေကြ၏။ မကောင်းမှုဒုစရိုက်များကို အကောင်းထင်လျက် ခင်ခင်မင်မင်ပြုမိစေကြ၏။ ထိုဒုစရိုက်မှုများကြောင့် အပါယ်လေးဘုံ၌ စုဝေးမိစေကြ၏။ ယုတ်စွအဆုံး သူတော်စင်ပညာရှင်တို့၏ အထင်အမြင်သေးခြင်းကို ခံရစေ၏။

ကြာမြင့်စွာထုံအပ်သော စိမ်ရည်အရက်နှင့်အလားတူသည့် အာသဝေါတရားလေးပါးတို့ကား ...

၁။ **ကာမာသဝ** = ဝတ္ထုအာရုံ ကာမဂုဏ်ကို တပ်မက်တတ်သော တဏှာဖြစ်၏။ တရားကိုယ်မှာ လောဘမူစိတ်ရှစ်ပါး၌ ယှဉ်သော လောဘစေတသိက်တည်း။

၂။ **ဘဝါသဝ** = ရူပရာဂ်, အရူပရာဂ်နှင့် ထိုရာဂ်တို့၏ အကျိုးဝိပါက်ကို နှစ်သက်တွယ်တာသော တဏှာတည်း။ တရားကိုယ်မှာ လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါး၌ ယှဉ်သော လောဘဖြစ်၏။ (ပဋိသန္ဓေ တည်ပြီးစ မိမိဘဝကို နှစ်သက်တတ်သော 'ဘဝနိကန္တိက, လောဘဇောကိုလည်း 'ဘဝါသဝ' ဟု ဆိုကြသေး၏။)

၃။ **ဒိဋ္ဌာသဝ** = အယူလွဲမှားမှု မိစ္ဆာဒိဋ္ဌိ။ လောဘမူဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးပါး၌ယှဉ်သော ဒိဋ္ဌိဖြစ်၏။

၄။ **အဝိဇ္ဇာသဝ** = အာရုံ၏အမှန်သဘောကိုမသိမှု မောဟ။ အကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သော မောဟတည်း။

**ဩဃလေးပါး**

ဩဃသဒ္ဒါသည် 'ရေအလျဉ်' ဟူသော အနက်ကို ဟော၏။ ပကတိရေအလျဉ်သည် အဆောက်အအုံများနှင့် သတ္တဝါများကို သယ်ဆောင်သွားတတ်၏၊ လွှမ်းမိုးနှစ်မြှုပ်တတ်၏၊ ညဉ်းပန်းနှိပ်စက်တတ်၏၊ သတ်ဖြတ်တတ်၏။

ထို့အတူ လောဘ၊ ဒိဋ္ဌိနှင့် မောဟတရားဆိုးတို့သည် သတ္တဝါအပေါင်းတို့အား မိမိတို့၏အလျဉ်အဟုန်တွင် မျောပါသွားစေတတ်၏၊ မိမိတို့ကိန်းရာ သတ္တဝါတို့ကို လွှမ်းမိုးနှစ်မြှုပ်တတ်၏၊ ညဉ်းပန်းနှိပ်စက် သတ်ဖြတ်တတ်၏၊ ဝဋ်ဒုက္ခဝယ် အပါယ်လေးပါးအထိ နစ်မြုပ်အောင် လွှမ်းဖိသတ်ဖြတ်တတ်၏။

ရေအလျဉ်နှင့် နှိုင်းယှဉ်အပ်သော ဩဃတရားလေးပါးကား (၁) ကာမောဃ၊ (၂) ဘဝေါဃ၊ (၃) ဒိဋ္ဌောဃနှင့် (၄) အဝိဇ္ဇောဃ တို့တည်း။ အဓိပ္ပာယ်နှင့် တရားကိုယ်မှာ အာသဝေါလေးပါးအတိုင်းပင် ဖြစ်ကြ၏။

http://www.dhammadownload.com



**ယောဂလေးပါး**

**'ယောဂ'** သဒ္ဒါသည်အစေးဖြင့် ကပ်၍ စပ်ထားသကဲ့သို့ 'ယှဉ်စပ်ခြင်း' အနက်ကို ဟော၏။ လောဘ, ဒိဋ္ဌိနှင့် မောဟတို့သည် သတ္တဝါများကို ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ပေးတတ်သော တရားများဖြစ်ကြသဖြင့် 'ယောဂ' ဟုလည်း အမည်တွင်၏။

လောဘ, ဒိဋ္ဌိနှင့် မောဟတို့သည် နွားများကို လှည်းရထား၌ ကပ်ယှဉ်ထားသကဲ့သို့ သတ္တဝါများကို ဘဝစက်ယန္တရား၌ ကပ်ယှဉ်ထား၏၊ အကြောင်းကံနှင့် အကျိုးဝိပါက်ကိုလည်း ယှဉ်စပ်ပေး၏၊ သတ္တဝါတို့ကို ဒုက္ခအမျိုးမျိုးနှင့် ယှဉ်စပ်စေ၏။

ယောဂလေးပါးကား **ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂနှင့် အဝိဇ္ဇာယောဂ** တို့တည်း။ အနက်နှင့် တရားကိုယ်တို့မှာ အာသဝလေးပါးအတိုင်းပင် ဖြစ်ကြ၏။

**ဂန္ထလေးပါး**

'ဂန္ထ' သဒ္ဒါသည် သံကွင်းချင်း ဆက်သကဲ့သို့ **'ထုံးနှောင်ဖွဲ့ယှက်ခြင်း'** အနက်ကို ဟော၏။ လောဘ, ဒေါသနှင့် ဒိဋ္ဌိတို့သည် သတ္တဝါတို့၏ နာမကာယနှင့် ရူပကာယတို့ကို ဝဋ်ဆင်းရဲမှ မလွတ်ရအောင် 'စုတိပြီး ပဋိသန္ဓေ, ပဋိသန္ဓေပြီး စုတိ' ဟု ဆက်ပေးတတ်သော တရားများ ဖြစ်ကြသဖြင့် 'ဂန္ထ' ဟု အမည်တွင်၏။ (ကာယ = အပေါင်း)

သတ္တဝါတို့သည် လောဘ, ဒေါသ, ဒိဋ္ဌိမကင်းသမျှ သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်။ ပစ္စုပ္ပန်ကာယအပြတ်တွင် အနာဂတ်ကာယနှင့် ဆက်စပ်မိအောင် လောဘ, ဒေါသနှင့် ဒိဋ္ဌိတို့က ဖွဲ့နှောင်ပေးတတ်၏။

ဘဝတို့ကို သံကွင်းချင်းဆက်သည့်အလား ထုံးနှောင်ဖွဲ့ယှက်ပေးတတ်သော ဂန္ထတရားတို့ကား...

**၁။ အဘိဇ္ဈာကာယဂန္ထ** = အာရုံတစ်ခုခုကို ရေးရှုကြံစည်လိုချင်ခြင်းသဘော။ မိမိဥစ္စာကိုဖြစ်စေ၊ သူတစ်ပါးဥစ္စာကိုဖြစ်စေ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ လိုချင်မှုလောဘဟူသမျှတည်း။ (ဒုစရိုက် ၁၀ ပါး၌ လာသော အဘိဇ္ဈာသည် သူတစ်ပါးစည်းစိမ်ကို မတရားလိုချင်သော လောဘသာဖြစ်၏။)

**၂။ ဗျာပါဒကာယဂန္ထ**= စိတ်၏ ဖောက်ပြန်ပျက်စီးခြင်း, စိတ်ဆိုးခြင်းသို့ရောက်ကြောင်းဖြစ်သော ဒေါသ ဟူသမျှတည်း။ (အကုသိုလ်ကမ္မပထ၌ လာသော ဗျာပါဒသည် သူတစ်ပါး၏ အသက်စည်းစိမ်ကို သေကျေပျက်စီးစေလိုသော ဒေါသသာဖြစ်၏။)

**၃။ သီလဗ္ဗတပရာမာသကာယဂန္ထ** = 'နွား ခွေး စသည်တို့၏ အလေ့အကျင့်ကို ကျင့်လျှင် ကိလေသာမှုလည်း စင်ကြယ်၏၊ သံသရာမှလည်း လွတ်မြောက်၏' ဟု မှားယွင်းစွာ သုံးသပ်စွဲလမ်းတတ်သော ဒိဋ္ဌိစေတသိက်တည်း။

ဘုရား စသည့် သူတော်ကောင်းများထံ မချဉ်းကပ်ဘဲ သံသရာမှလွတ်မြောက်ခြင်းကို အလိုရှိကြသော လူအချို့တို့သည် 'ရှေးကပြုခဲ့မိသော အကုသိုလ်များ အလုံးစုံ

http://www.dhammadownload.com



အကျိုးပေးပြီးဖြစ်အောင် နောက်ထပ်အကုသိုလ်များကိုလည်း မပြုကျင့်မိအောင် နွားကဲ့သို့ကျင့်လျှင် ကိလေသာစင်ကြယ်၍ သံသရာမှ လွတ်မြောက်နိုင်၏'ဟု သုံးသပ်မိကြ၏။ ထိုသို့ သုံးသပ်မိသည်နှင့်အညီ နွားနှင့်တူအောင်ကျင့်သော ဂေါသီလအကျင့်၊ ခွေးနှင့်တူအောင်ကျင့်သော ကုက္ကုရသီလအကျင့်၊ ကိလေသာကုန်ခန်းစေခြင်းငှာ မီးငါးဖိုဖြင့်ကပ်သော ပဉ္စာတပအကျင့်၊ ကိလေသာအညစ်အကြေးကင်းစင်စေခြင်းငှာ ရေငုပ်သော ဥဒကောရောဟဏအကျင့်၊ အာဟာရကိုဖြတ်ခြင်းဖြင့်သာလျှင် ကိလေသာကုန်၏ဟု မှတ်ယူ၍ အစာမစားဘဲ အငတ်ခံ၍နေသောအကျင့်၊ သစ်ရွက်သစ်ခေါက်ကိုသာ စား၍နေသောအကျင့် အစရှိသော မိစ္ဆာဒိဋ္ဌိအကျင့်တို့ကို ကျင့်ကြကုန်၏။ ဤအကျင့်အားလုံးသည် သီလဗ္ဗတပရာမာသ ကာယဂန္ထ၌ အကျုံးဝင်ကြ၏။

**၄။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ** = အထက်ပါ မိစ္ဆာဒိဋ္ဌိအကျင့်အမျိုးမျိုးကို မှတ်ယူကျင့်သုံးပြီးလျှင် 'ဤငါ၏အယူအကျင့်သာမှန်၏၊ သူတစ်ပါးတို့၏ အယူအကျင့်သည် အမှားတည်း'ဟု ပြင်းထန်စွာမှတ်ယူအောက်မေ့နှလုံးသွင်းသော ဒိဋ္ဌိစေတသိက်တည်း။

ဂန္ထလေးပါးတို့၏ တရားကိုယ်များမှာ လောဘ, ဒေါသ, ဒိဋ္ဌိတို့ ဖြစ်ကြ၏။

ဥပါဒါန်လေးပါး

ဥပါဒါန် = ဥပ + အာဒါန = လွန်လွန်ကဲကဲစွဲမြဲစွာ + ယူခြင်း။

မြွေက ဖားကို ဖမ်းထားသကဲ့သို့ မစွန့်လွှတ်နိုင်ဘဲ စွဲစွဲလမ်းလမ်းယူထားခြင်း (အာရုံပြုခြင်း) ကို ဥပါဒါန်ဟု ခေါ်သည်။

၁။ **ကာမုပါဒါန်** = ကာမဂုဏ်၌ ပြင်းထန်စွာစွဲလမ်းတပ်မက်သော တဏှာလောဘ။ တရားကိုယ်မှာ လောဘမူစိတ် ရှစ်ပါးနှင့်ယှဉ်သော လောဘစေတသိက်တည်း (ကာမာသဝနှင့် တူ၏)။

၂။ **ဒိဋ္ဌုပါဒါန်** = သီလဗ္ဗတပရာမာသနှင့် အတ္တဝါဒဒိဋ္ဌိနှစ်မျိုးမှလွဲ၍ အယူလွဲမှု မိစ္ဆာဒိဋ္ဌိအမျိုးမျိုးတည်း။

၃။ **သီလဗ္ဗတုပါဒါန်** = သီလဗ္ဗတပရာမာသကာယဂန္ထအကျင့်မျိုး၌ ပြင်းထန်ခိုင်မြဲစွာ စွဲလမ်းသော အယူမှားမှု ဒိဋ္ဌိ။

၄။ **အတ္တဝါဒုပါဒါန်** = အတ္တရှိ၏ဟုစွဲယူသော သက္ကာယဒိဋ္ဌိအမျိုးမျိုးတည်း။

ဒိဋ္ဌိတစ်မျိုးတည်းဖြစ်လျက် ဥပါဒါန်သုံးမျိုးကွဲပြားပုံ

ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့၏ တရားကိုယ်သည် ဒိဋ္ဌိ စေတသိက်ချည်းသာတည်း။ စွဲလမ်းပုံ ကွဲပြား၍ သုံးမျိုးကွဲပြားသွားခြင်းဖြစ်၏။

သီလဗ္ဗတပရာမာသဒိဋ္ဌိသည် 'နွား, ခွေးတို့၏ အလေ့အကျင့်ဖြင့် ကိလေသာမှ စင်ကြယ်ကာ သံသရာမှ လွတ်မြောက်လွယ်၏'ဟု ယူ၏။ ဣဒံသစ္စာဘိနိဝေသဒိဋ္ဌိသည်

http://www.dhammadownload.com



'ဤငါ့အယူသာ အမှန်၊ ကျန်အယူတွေ အမှားချည်းပဲ'ဟု စွဲမြဲစွာယူ၏။ အတ္တဝါဒုပါဒါနဒိဋ္ဌိသည် 'အတ္တရှိ၏'ဟု ယူ၏။ ဤသို့စွဲယူပုံအခြင်းအရာ ကွဲပြားကြသောကြောင့် တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက်တစ်ခုတည်းကိုပင် သီလဗ္ဗတပရာမာသ စသည်ဖြင့် နာမည်အမျိုးမျိုးတပ်၍ ဆိုအပ်လေ၏။

အတ္တဝါဒုပါဒါန်၏ စွဲလမ်းပုံမှာ ဤခန္ဓာကိုယ်တွင်း၌ 'အသက်ကောင်'ဟု ခေါ်သော 'ဇီဝအတ္တ'ရှိ၏။ ထိုအတ္တသည် ခန္ဓာအိမ်၏ပိုင်ရှင်ဖြစ်၏၊ ပြုလုပ်ဖွယ်ဟူသမျှကို ပြုလုပ်တတ်၏၊ ခံစားမှုဟူသမျှကို ခံစား၏၊ ခန္ဓာဟောင်းပျက်စီးလျှင် ခန္ဓာသစ်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်၏။ ထိုဇီဝအတ္တသည် မပျက်မစီးဘဲ အစဉ်အမြဲတည်၏၊ လွတ်မြောက်ချိန်တန်သောအခါ လောကဖန်တီးရှင် 'ပရမအတ္တ'နှင့် ပြန်လည်ပေါင်းစပ်၏။

ဤသို့ 'ဇီဝအတ္တ'ရှိသည်ဟုစွဲလမ်းရာ၌ အချို့က ဝိညာဏက္ခန္ဓာသည် ဇီဝအတ္တဖြစ်သည်ဟု စွဲလမ်း၏။ အချို့က စေတသိက်ခန္ဓာတစ်ပါးပါးသည် ဇီဝအတ္တဖြစ်သည်ဟု စွဲလမ်း၏။ ဤသို့ ခန္ဓာငါးပါး၌ အတ္တဟု စွဲလမ်းမှုကို 'သက္ကာယဒိဋ္ဌိ'ဟု ခေါ်၏။

ဤသက္ကာယဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိဟူသမျှတို့၏ အရင်းခံမျိုးစေ့ဖြစ်၏။ သက္ကာယဒိဋ္ဌိကို အခြေခံ၍ မိစ္ဆာဒိဋ္ဌိအမျိုးမျိုးတို့ ပေါ်ပေါက်လာကြ၏။

ယခုအခါ ဗုဒ္ဓဘာသာဝင်အချို့တို့သည် ရုပ်နာမ်ခန္ဓာ၌ (အထူးသဖြင့် ဝိညာဉ်အပေါ်၌) အတ္တ(ဝါ)'ငါ'ဟု စွဲလမ်းလျက်ရှိကြ၏။ ထိုအတ္တကို 'အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်'ဟု ပြောစမှတ်ပြုကြ၏။ လူတစ်ဦးသေလျှင် 'အသက်ထွက်သွားပြီ'ဟု ဆိုကြ၏။ ကလေးတစ်ဦးထိတ်လန့်၍ အလွန်အမင်းငိုနေလျှင် 'လိပ်ပြာ လွင့်သွားပြီ'ဟု ဆိုကြ၏။ သေသူ၏လိပ်ပြာသည် ချစ်သူ၏လိပ်ပြာကိုလာရောက်ခေါ်ငင်နေသဖြင့် 'လိပ်ပြာချင်း ခွဲရမည်'ဟုလည်း ပြောဆိုကြ၏။

သက္ကာယဒိဋ္ဌိကို နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ပယ်သတ်နိုင်၏။ နာမရူပပရိစ္ဆေဒဉာဏ် ရရန်မှာကား နာမ်တရား, ရုပ်တရားကို ပိုင်းခြားဝေဖန်၍ပြတတ်သော အဘိဓမ္မာပညာကို လေ့လာဆည်းပူးရန်ပင် ဖြစ်သတည်း။

## နီဝရဏခြောက်ပါး

နီဝရဏသည် ဈာန်တရား, မဂ်တရားများကို ဖြစ်ခွင့်မပေးဘဲ တားမြစ်ပိတ်ပင်တတ်သောတရားဖြစ်၏။ ဈာန်, မဂ်ဖိုလ်ကိုသာမက ကာမကုသိုလ်များကိုလည်း တားမြစ်တတ်ကြသည်သာတည်း။ ပုံစံအဖြစ် ကာမစိတ်, ဒေါသစိတ် စသည်တို့ ဖြစ်ပေါ်နေသည့်အခါများ၌ မည်သည့်ကုသိုလ်တရားမျှ မဖြစ်ပေါ်နိုင်ချေ။

၁။ **ကာမစ္ဆန္ဒနီဝရဏ** = ကာမဂုဏ်ကို လိုချင်နှစ်သက်တပ်မက်သော တဏှာ။ တရားကိုယ်မှာ လောဘစေတသိက်ပင်တည်း။

http://www.dhammadownload.com



၂။ **ဗျာပါဒနီဝရဏ** = အမျက်ဒေါသ။ တရားကိုယ်မှာ ဒေါသအားလုံးတည်း။

၃။ **ထိန–မိဒ္ဓနီဝရဏ** = ငိုက်မျဉ်းထိုင်းမှိုင်းခြင်းသဘော။ တရားကိုယ်များမှာ ထိနစေတသိက်နှင့် မိဒ္ဓစေတသိက်တို့ ဖြစ်ကြ၏။

၄။ **ဥဒ္ဓစ္စ–ကုက္ကုစ္စနီဝရဏ** = ပျံ့လွင့်ပူပန်ခြင်းသဘော။ တရားကိုယ်များမှာ ဥဒ္ဓစ္စစေတသိက်နှင့် ကုက္ကုစ္စစေတသိက်တို့ ဖြစ်ကြ၏။

၅။ **ဝိစိကိစ္ဆာနီဝရဏ** = ကုသိုလ်တရားတို့၌ ယုံမှားသံသယဖြစ်ခြင်းသဘော။ တရားကိုယ်မှာ ဝိစိကိစ္ဆာစေတသိက်ဖြစ်၏။

၆။ **အဝိဇ္ဇာနီဝရဏ** = အာရုံ၏သဘောမှန်ကိုမသိခြင်း၊ တွေဝေခြင်းသဘော။ တရားကိုယ်မှာ မောဟစေတသိက်ဖြစ်၏။

နီဝရဏခြောက်ပါးတို့၏ တရားကိုယ်များမှာ လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အဝိဇ္ဇာဟူ၍ ရှစ်ပါးဖြစ်၏။

ထိနနှင့် မိဒ္ဓတို့သည် တွန့်တိုမှုကိစ္စအားဖြင့်လည်းကောင်း၊ ပျင်းရိခြင်းဟူသော အကြောင်းအားဖြင့်လည်းကောင်း၊ ဝီရိယ၏ဆန့်ကျင်ဘက်ဖြစ်ခြင်းအားဖြင့် လည်းကောင်း တူကြ၏။ ဤသို့ ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်အားဖြင့် တူကြသောကြောင့် တရားကိုယ်အားဖြင့် နှစ်ပါးဖြစ်လျက် နီဝရဏတစ်ပါးအဖြစ် တစ်ပေါင်းတည်း ဟောတော်မူ၏။

ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည်လည်း မငြိမ်သက်ခြင်းအားဖြင့်လည်းကောင်း၊ ဉာတိဗျသန စသည်ကို ကြံစည်ခြင်းဟူသော အကြောင်းအားဖြင့်လည်းကောင်း၊ သမထ၏ ဆန့်ကျင်ဘက်အားဖြင့်လည်းကောင်း တူကြ၏။ ဤသို့ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်အားဖြင့် တူညီကြသောကြောင့် တရားကိုယ်နှစ်ပါးဖြစ်လျက် နီဝရဏတစ်ပါးတည်းအဖြစ် တစ်ပေါင်းတည်း ဟောတော်မူ၏။

## အနုသယ ခုနစ်ပါး

သတ္တဝါတို့၏ခန္ဓာအစဉ်၌ အမြဲမပြတ် ကိန်းဝပ်လျက် လိုက်ပါနေသော ကိလေသာဓာတ်ကို အနုသယဟု ခေါ်၏။

ထိုအနုသယသည် ဥပါဒ်, ဌီ, ဘင်အားဖြင့် အထည်ကိုယ်ထင်ရှားစွာ ဖြစ်ပေါ်နေသည်မဟုတ်။ ဆိုင်ရာအာရုံနှင့်ဆုံတွေ့လျှင် အဆင်သင့်ဖြစ်ဖို့ရာ ကိန်းဝပ်နေသည့် ကိလေသာဓာတ်တစ်မျိုးဖြစ်၏။

ဥပမာအားဖြင့် သရက်စေ့တွင် သရက်ပင်ပေါက်စေသောသတ္တိနှင့်အတူ သရက်သီး သီးစေနိုင်သော ဓာတ်သတ္တိလည်း ပါဝင်၏။ သရက်ပင် ပေါက်လာသည့်အခါ ထိုအသီးသီးစေနိုင်သော ဓာတ်သတ္တိသည် တစ်ပင်လုံး၌ ပျံ့နှံ့တည်နေ၏။ အကြောင်းညီညွတ်သောအခါ ထိုဓာတ်သတ္တိကြောင့် သရက်သီး သီးလာ၏။

http://www.dhammadownload.com



ထိုအတူ အနုသယဟုခေါ်သော ကိလေသာဓာတ်သည် ကလလရေကြည် တည်ခါစဝယ် ပဋိသန္ဓေစိတ်, စေတသိက်နှင့် ရုပ်ကလာပ်သုံးစည်းတို့၌ ပါရှိ၏။ ထို့နောက် တစ်ဘဝလုံး ရုပ်အစဉ်, နာမ်အစဉ်တို့၌ အဆက်ဆက်ပါရှိ၏။ စုတိစိတ်နှင့် နောက်ဘဝ ပဋိသန္ဓေစိတ်တို့၌လည်း ဆက်လက်ပါရှိ၏။

ထိုအနုသယအခြေမှ လွန်ကျူးသော ကိလေသာအခြေသို့ ပြောင်းလဲရန် အဆင့်သုံးဆင့် ပါဝင်၏။ အခိုက်အတန့်သုံးမျိုးအားဖြင့် ကိလေသာသုံးမျိုးခွဲပုံတည်း။

(၁) **အနုသယကိလေသာ** = ဥပါဒ်, ဌီ, ဘင်အားဖြင့် အထင်အရှားမရှိသော ခန္ဓာအစဉ်၌ အမြဲကိန်းဝပ်ပါရှိနေသော ကိလေသာဓာတ်၏သတ္တိတည်း။

(၂) **ပရိယုဋ္ဌာနကိလေသာ** = အာရုံနှင့်ဆုံတွေ့သဖြင့် ဥပါဒ်, ဌီ, ဘင်အရအထင်အရှား ထကြွလာသော ကိလေသာတည်း။ သို့သော် ကိုယ်ထိလက်ရောက် ဖောက်ပြန်ကျူးလွန်မှုမရှိသေး။

(၃) **ဝီတိက္ကမကိလေသာ** = စိတ်ထဲ၌ ထကြွရုံတင်မကဘဲ လောဘအလျောက် ဒေါသအလျောက် ကိုယ်မှု, နှုတ်မှု လှုပ်ရှားလျက် ဖောက်ပြားကျူးလွန်စေတတ်သော ကိလေသာတည်း။

ဝီတိက္ကမကိလေသာကို သီလဖြင့် တားမြစ်နိုင်၏။ ပရိယုဋ္ဌာနကိလေသာကို သမာဓိဖြင့် (ထိုထိုအာရုံ၌ စိတ်မဝင်စားအောင် သမာဓိတရားဖြင့်) တားမြစ်နိုင်၏။ အနုသယကိလေသာကိုမူ ဆိုင်ရာမဂ်ဖြင့် ပယ်သတ်ရ၏။ ဤစကားစဉ်အရ 'မဂ်ဖြင့် မပယ်အပ်သေးသည်ဖြစ်၍ ခန္ဓာကိုယ်၌ ကိန်းဝပ်တည်ရှိနေသော ကိလေသာဓာတ်ကို အနုသယ ခေါ်၏'ဟု မှတ်သားနိုင်ပါသည်။

**အနုသယ ခုနစ်ပါးကား**

၁။ **ကာမရာဂါနုသယ** = ဝတ္ထုအာရုံကာမဂုဏ်ကို နှစ်သက်တပ်မက်သော တဏှာ။ တရားကိုယ်မှာ လောဘမူစိတ်ရှစ်ပါး၌ယှဉ်သော လောဘ စေတသိက်။ (ကာမာသဝနှင့် တူ၏)

၂။ **ဘဝရာဂါနုသယ** = ရူပဈာန်, အရူပဈာန်နှင့် ထိုဈာန်တို့၏အကျိုးဝိပါက် (ဗြဟ္မာဘဝ) ကို နှစ်သက်တွယ်တာသောတဏှာ။ တရားကိုယ်မှာ လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးပါး၌ယှဉ်သော လောဘ။ (ဘဝါသဝနှင့် တူ၏)

၃။ **ပဋိဃာနုသယ** = ဒေါသမူ၌ရှိသော ဒေါသစေတသိက်။

၄။ **မာနာနုသယ** = ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါး၌ ရှိသော မာနစေတသိက်။

၅။ **ဒိဋ္ဌာနုသယ** = ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါး၌ရှိသော ဒိဋ္ဌိစေတသိက်။

၆။ **ဝိစိကိစ္ဆာနုသယ** = ဝိစိကိစ္ဆာစေတသိက်။

http://www.dhammadownload.com



၇။ **အဝိဇ္ဇာနုသယ** = အကုသိုလ်စိတ် ၁၂ ပါး၌ ရှိသော မောဟစေတသိက်။ အနုသယ ခုနစ်ပါးတို့၏ တရားကိုယ်များမှာ ခြောက်ပါးသာရှိ၏။

**သံယောဇဉ် ၁၀ ပါး**

သတ္တဝါတို့ကို ထိုထိုဘဝမှ မလွတ်ရအောင် (ဝါ) သံသရာစက်မှ မရုန်းထွက်နိုင်အောင် ကြိုးဖြင့်ချည်နှောင်သကဲ့သို့ ချည်နှောင်တတ်သောတရားကို သံယောဇဉ်ဟု ခေါ်၏၊ ထို့အတွက် 'သံယောဇဉ်နှောင်ကြိုး' ဟု ခေါ်စမှတ်ပြုကြ၏။

ယောဂ, ဂန္ထ နှင့် သံယောဇဉ်တို့သည် သတ္တဝါများကို ဝဋ်ဆင်းရဲမှ မလွတ်ထွက်နိုင်အောင် တစ်မျိုးစီယှဉ်စပ်ဖွဲ့ နှောင်တတ်ကြသဖြင့် သဘောတူသကဲ့သို့ ရှိသော်လည်း "အဝေးဘုံသို့ ရောက်စေကာမူ မိမိဘုံသို့ ပြန်ရောက်လာအောင် ကြိုးဖြင့်ဆွဲတွယ်ထားသကဲ့သို့ ဆွဲချည်ဖွဲ့နှောင်တတ်သော သဘောသည် သံယောဇဉ်မည်၏။ သံကွင်းချင်းဖွဲ့ဆက်သကဲ့သို့ စုတိ ပဋိသန္ဓေ – ပဋိသန္ဓေစုတိအားဖြင့် ရုပ်နာမ်အပေါင်းကို ဖွဲ့ဆက်တတ်သောသဘောသည် ဂန္ထ မည်၏။ သစ်စေးဖြင့်ကပ်သကဲ့သို့ မိမိကိန်းရာသတ္တဝါကို ဝဋ်ဒုက္ခ၌ယှဉ်စပ် ကပ်ထားသောသဘောသည် ယောဂမည်၏။"

ပါဠိအခေါ် 'သံယောဇန' မြန်မာအခေါ် 'သံယောဇဉ်' ၁၀ ပါးကား ...

၁။ **ကာမရာဂသံယောဇဉ်** = ဝတ္ထုအာရုံကာမဂုဏ်ကို နှစ်သက်တပ်မက်သော တဏှာ။ တရားကိုယ်မှာ လောဘမူစိတ်ရှစ်ပါး၌ယှဉ်သော လောဘ စေတသိက်။ (ကာမာသဝနှင့် တူ၏)

၂။ **ရူပရာဂသံယောဇဉ်** = ရူပဈာန်နှင့် ထိုဈာန်၏ အကျိုးဝိပါက် (ရူပဗြဟ္မာဘဝ) ၌ နှစ်သက်မှု တဏှာ။

၃။ **အရူပရာဂသံယောဇဉ်** = အရူပဈာန်နှင့် ထိုဈာန်၏ အကျိုးဝိပါက် (အရူပဗြဟ္မာဘဝ) ၌ နှစ်သက်မှု တဏှာ။

(ရူပရာဂသံယောဇဉ်နှင့် အရူပရာဂသံယောဇဉ်တို့၏ တရားကိုယ်မှာ လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါး၌ ယှဉ်သော လောဘဖြစ်၏။ ဘဝါသဝနှင့် တူ၏။)

၄။ **ပဋိဃသံယောဇဉ်** = ဒေါသမူစိတ်နှစ်ပါး၌ယှဉ်သော ဒေါသတည်း။

၅။ **မာနသံယောဇဉ်** = လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါး၌ ယှဉ်သော မာနတည်း။

၆။ **ဒိဋ္ဌိသံယောဇဉ်** = တွဲဖက်ဖြစ်သည့် သီလဗ္ဗတပရာမာသဒိဋ္ဌိမှတစ်ပါး ကျန် ဒိဋ္ဌိအမျိုးမျိုးတည်း။

၇။ **သီလဗ္ဗတပရာမာသသံယောဇဉ်** = သီလဗ္ဗတပရာမာသအကျင့်ဖြစ်သော ခွေးအကျင့်, နွားအကျင့် စသည်၌ မှားယွင်းစွာ သုံးသပ်စွဲလမ်းသည့် ဒိဋ္ဌိ စေတသိက်။

http://www.dhammadownload.com



**၈။ ဝိစိကိစ္ဆာသံယောဇဉ်** = ဝိစိကိစ္ဆာစေတသိက်။

**၉။ ဥဒ္ဓစ္စသံယောဇဉ်** = ဥဒ္ဓစ္စစေတသိက်။

**၁၀။ အဝိဇ္ဇာသံယောဇဉ်** = မောဟစေတသိက်။

အထက်ပါသုတ္တန်နည်းသံယောဇဉ် ၁၀ ပါးတို့၏ တရားကိုယ်များမှာ လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, အဝိဇ္ဇာဟူ၍ ခုနစ်ပါးသာရှိ၏။

**အဘိဓမ္မာသံယောဇဉ်**

သံယောဇဉ် ၁၀ ပါးကိုသုတ္တန်ပါဠိတော်၌ တစ်မျိုး၊ အဘိဓမ္မာပါဠိတော်၌ တစ်မျိုး၊ ဘုရားရှင် နှစ်မျိုးဟောတော်မူ၏။ အဘိဓမ္မာနည်း၌ တရားကိုယ်များမှာ သုတ္တန်နည်းထက် ဣဿာနှင့် မစ္ဆရိယနှစ်ပါးပိုပြီး ဥဒ္ဓစ္စ တစ်ပါးလျော့၏။ နည်းနှစ်ပါးလုံး ပေါင်းသော် တရားကိုယ် ကိုးပါးရ၏။

**ဩရမ္ဘာဂိယ - ဥဒ္ဓမ္ဘာဂိယ**

သုတ္တန်နည်းသံယောဇဉ် ၁၀ ပါးအနက် ကာမရာဂ, ပဋိဃ, ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ ဟူသည့် သံယောဇဉ်ငါးပါးကို ဩရမ္ဘာဂိယသံယောဇဉ်ဟု ခေါ်၏။ ၎င်းတို့သည် သတ္တဝါတို့အား ကာမဘုံအတွင်း၌ ကျင်လည်စေတတ်၏။ ကာမဘုံအတွက် သွယ်တန်းထားသောနှောင်ကြိုးများတည်း။ ကာမရာဂအနုသယမပြတ်သေးလျှင် ဗြဟ္မာ့ပြည်မှာနေရစေကာမူ ဈာန်အရှိန်ကုန်သည့်အခါ ကာမနှောင်ကြိုးတင်းမှုကြောင့် ကာမဘုံသို့ တစ်ဖန်သက်ဆင်းရလိမ့်မည်။ ပဋိဃသံယောဇဉ်သည်လည်း ဒေါသမရှိသည့် ဗြဟ္မာ့ပြည်သို့ရောက်နေသူအား ကာမဘုံဘက်က ဖွဲ့ဆက်ထားသောကြိုးတည်း။ ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာတို့ကင်းလျှင် သောတာပန်ဖြစ်၏။ သောတာပန်မဖြစ်သေးသဖြင့် ထိုသံယောဇဉ်ကြိုးများ၏ဆွဲငင်မှုကြောင့် အပါယ်လေးဘုံတိုင်အောင် ရောက်ရပေဦးမည်။

ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာဟူသော သံယောဇဉ်ငါးပါးကို ဥဒ္ဓမ္ဘာဂိယသံယောဇဉ်ဟု ခေါ်၏။ ဤသံယောဇဉ်တို့သည် သတ္တဝါတို့အား ဗြဟ္မာ့ဘုံများ၌ ကျင်လည်အောင် ဖွဲ့နှောင်ထားကြ၏။ ရူပရာဂသံယောဇဉ်က ရူပဘုံ၌ ဖွဲ့နှောင်၍ အရူပရာဂသံယောဇဉ်က အရူပဘုံ၌ နှောင်ဖွဲ့ထား၏။ မာန, ဥဒ္ဓစ္စနှင့် အဝိဇ္ဇာတို့ကလည်း ထိုဗြဟ္မာ့ဘုံများ၌ သတ္တဝါတို့ ကျင်လည်နေအောင် ဆွဲတွယ်ထားကြ၏။

သံယောဇဉ်နှောင်ကြိုးတို့ကား သံကွင်း ထူးကြိုးကြီးများထက် အဖြတ်ခက်ပေတော့သတည်း။

**ကိလေသာ ၁၀ ပါး**

စိတ်ကိုညစ်နွမ်းစေတတ်သောတရားတို့ကို ကိလေသာဟု ခေါ်၏။ လောဘ, ဒေါသ စသည်တို့နှင့်ယှဉ်သောစိတ်သည် ကြည်ကြည်လင်လင်မရှိ။ ညစ်ညစ်ပေပေ

http://www.dhammadownload.com



ဖြစ်နေ၏။ ဤသို့ စိတ်ညစ်ကြောင်းဖြစ်၍ လောဘစသည်ကို ကိလေသာဟု ခေါ်ဆိုရ၏။

**ကိလေသာ ၁၀ ပါးကား လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိကနှင့် အနောတ္တပ္ပတို့တည်း။** တရားကိုယ်များမှာ သက်ဆိုင်ရာ စေတသိက်တို့ အသီးသီးဖြစ်ကြ၏။

### တစ်ထောင့်ငါးရာ ကိလေသာ

လောဘသည် နာမ်တေပညာသ (စိတ် ၁ + စေတသိက် ၅၂), နိပ္ဖန္နရုပ် အဋ္ဌာရသ ၁၈ နှင့် လက္ခဏာရုပ် လေးပါးတည်းဟူသော ၇၅ ပါးသောတရားတို့ကို အာရုံပြု၏။ ထို ၇၅ ပါးသောအာရုံသည် မိမိ၏ အဇ္ဈတ္တသန္တာန်မှာလည်း ရှိ၏။ ဗဟိဒ္ဓသန္တာန်မှာလည်း ရှိ၏။ သို့အတွက် အဇ္ဈတ္တသန္တာန်ကိုအာရုံပြုသော လောဘ ၇၅ ပါး၊ ဗဟိဒ္ဓသန္တာန်ကိုအာရုံပြုသော လောဘ ၇၅ ပါး၊ ပေါင်း လောဘ ၁၅၀ ပါး ရှိ၏။

လောဘကိလေသာကဲ့သို့ပင် ဒေါသစသည့် ကျန်ကိလေသာများလည်း ၁၅၀ ပါးစီ ရှိကြ၏။ သို့ဖြစ်၍ ကိလေသာ ၁၀ ပါးအတွက် စုစုပေါင်းကိလေသာ ၁၅၀ x ၁၀ = ၁၅၀၀ ဖြစ်၏။

**ဆောင်ပုဒ်။** ။ နာမ်တေပညာ၊ ရုပ်နိပ္ဖန်၊ လက္ခဏာရုပ်လေး။ သန္တာန်နှစ်ဝ၊ မြှောက်ဆင့်က၊ တစ်ရာ့ငါးဆယ်ရေး။
ဆယ်ကိလေသာ၊ မြှောက်ဆင့်ကာ၊ ငါးရာတစ်ထောင်တွေး။

### မိဿကသင်္ဂဟ

ဤအပိုင်း၌ ကုသိုလ်, အကုသိုလ်, အဗျာကတ (ဝိပါက်နှင့် ကြိယာ) တရားတို့ကို ရောပြွမ်းစုပေါင်းကာ တင်ပြမည်ဖြစ်ပါသည်။

ဟိတ်ခြောက်ပါး၊ ဈာနင် ခုနစ်ပါး၊ မဂ္ဂင် ၁၂ ပါး၊ ဣန္ဒြေ ၂၂ ပါး၊ ဗိုလ်ကိုးပါး၊ အဓိပတိလေးပါး၊ အာဟာရလေးပါးဟူသည့် တရားခုနစ်မျိုးတို့၏အကြောင်းကို လေ့လာကြရပါမည်။

### ဟိတ်ခြောက်ပါး

ရေသောက်မြစ်သည် သစ်ပင်ကို ခိုင်ခံ့စည်ပင်ကြီးထွားအောင် ထောက်ပံ့သကဲ့သို့ ထို့အတူ မိမိနှင့်အတူဖြစ်ဖက်တရားတို့ကို ခိုင်ခံ့စည်ပင်ကြီးပွားအောင် ထောက်ပံ့တတ်သောတရားကို 'ဟေတု = ဟိတ်' ဟု ခေါ်၏။

ဟိတ်ခြောက်ပါးမှာ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟတို့ ဖြစ်ကြ၏။ (အဓိပ္ပာယ်ကို စေတသိက်ပိုင်း၌ ကြည့်ပါ။)

လောဘ, ဒေါသ, မောဟတို့သည် အကုသိုလ်ဟိတ်များ ဖြစ်ကြ၏။

http://www.dhammadownload.com



အလောဘ, အဒေါသ, အမောဟတို့သည် ကုသိုလ်ဟိတ်, အဗျာကတဟိတ်တို့ ဖြစ်ကြ၏။

## ဈာန်င် ခုနစ်ပါး

အာရုံတစ်ခုကိုယူရာ၌ ရှီးရှီးအာရုံပြုပုံထက် လွန်ကဲ၍ စူးစူးစိုက်စိုက်ရှုတတ်သော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာစသော တရားအပေါင်းကို 'ဈာန = ဈာန်' ဟု ခေါ်၏။ ထိုဈာန်၏အစိတ်အပိုင်းအင်္ဂါကို 'ဈာနင်္ဂ = ဈာနင်' ဟု ခေါ်သည်။

ဈာနင်တရားတို့သည် ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတ္တာ, သုခ, ဒုက္ခ, ဥပေက္ခာ ဟူ၍ ခုနစ်ပါးရှိပါသည်။

သုခ, ဒုက္ခ, ဥပေက္ခာတို့သည် ဝေဒနာတစ်ခုတည်းဖြစ်၍ သဘောတရားကိုယ်အားဖြင့်မူ ဈာနင် ငါးပါးသာ ရှိပါသည်။

၁။ **ဝိတက်ဈာနင်** = ဝိတက်ယှဉ်သည့်စိတ် ၅၅ ပါး၌ရှိသော ဝိတက်။

၂။ **ဝိစာရဈာနင်** = ဝိစာရယှဉ်သည့်စိတ် ၆၆ ပါး၌ရှိသော ဝိစာရ။

၃။ **ပီတိဈာနင်** = ပီတိယှဉ်သည့်စိတ် ၅၁ ပါး၌ရှိသော ပီတိ။

၄။ **ဧကဂ္ဂတာဈာနင်** = ဒွေပဉ္စဝိညာဏ် ၁၀ မှ ကြွင်းသည့်စိတ် ၇၉ ပါး၌ ရှိသော ဧကဂ္ဂတာ။

၅။ **သောမနဿဈာနင်** = သောမနဿသဟဂုတ်စိတ် ၆၂ ပါး၌ရှိသော သောမနဿဝေဒနာ။

၆။ **ဒေါမနဿဈာနင်** = ဒေါသမူဒွေ၌ရှိသော ဒေါမနဿဝေဒနာ။

၇။ **ဥပေက္ခာဈာနင်** = ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါးတွင် ဒွေပဉ္စဝိညာဏ် ၁၀ မှ ဥပေက္ခာသဟဂုတ် ရှစ်ပါးကို နုတ်၍ ကျန်စိတ် ၄၇ ပါး၌ ရှိသော ဥပေက္ခာ။

**မှတ်ချက်။** ။ ဧကဂ္ဂတာနှင့် ဝေဒနာတို့သည် ဒွေပဉ္စဝိညာဉ် ၁၀ ၌ယှဉ်ကြသော်လည်း ထိုသို့ယှဉ်ခိုက် ဈာနင်အမည်ကို မရထိုက်ပါ။

## မဂ္ဂင် ၁၂ ပါး

'မဂ္ဂင်'သဒ္ဒါသည် 'လမ်းကြောင်း'ဟူသောအနက်ကို ဟော၏။ သမ္မာဒိဋ္ဌိစသော တရားအပေါင်းတို့သည် သုဂတိသို့ရောက်စေသောလမ်းကြောင်းဖြစ်၏။ မိစ္ဆာဒိဋ္ဌိစသော တရားအပေါင်းကား ဒုဂ္ဂတိသို့ရောက်စေသောလမ်းကြောင်းဖြစ်၏။

ထို'မဂ္ဂ'မည်သော တရားအပေါင်းအစု၏ အစိတ်အပိုင်းအင်္ဂါကို 'မဂ္ဂင်္ဂ = မဂ္ဂင်' ဟု ခေါ်၏။ မဂ္ဂင် ၁၂ ပါးကား...

၁။ **သမ္မာဒိဋ္ဌိ** = ကောင်းစွာသိမြင်မှု။ တရားကိုယ်မှာ ပညာစေတသိက်။

၂။ **သမ္မာသင်္ကပ္ပ** = ကောင်းစွာကြံစည်မှု။ တရားကိုယ်မှာ ဝိတက်စေတသိက်။

http://www.dhammadownload.com



၃။ **သမ္မာဝါစာ** = ကောင်းစွာပြောဆိုမှု။ တရားကိုယ်မှာ သမ္မာဝါစာ စေတသိက်။

၄။ **သမ္မာကမ္မန္တ** = ကောင်းစွာပြုလုပ်မှု။ တရားကိုယ်မှာ သမ္မာကမ္မန္တ စေတသိက်။

၅။ **သမ္မာအာဇီဝ** = ကောင်းစွာအသက်မွေးမှု။ တရားကိုယ်မှာ သမ္မာအာဇီဝ စေတသိက်။

၆။ **သမ္မာဝါယာမ** = ကောင်းစွာအားထုတ်မှု။ တရားကိုယ်မှာ ဝီရိယ စေတသိက်။

၇။ **သမ္မာသတိ** = ကောင်းစွာအောက်မေ့မှု။ တရားကိုယ်မှာ သတိစေတသိက်။

၈။ **သမ္မာသမာဓိ** = ကောင်းစွာတည်ကြည်မှု။ တရားကိုယ်မှာ ဧကဂ္ဂတာ စေတသိက်။

၉။ **မိစ္ဆာဒိဋ္ဌိ** = မှားယွင်းစွာသိမြင်မှု။ ဒိဋ္ဌိစေတသိက်။

၁၀။ **မိစ္ဆာသင်္ကပ္ပ** = မှားယွင်းစွာကြံစည်မှု။ အကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သော ဝိတက်။

၁၁။ **မိစ္ဆာဝါယာမ** = မှားယွင်းစွာအားထုတ်မှု။ အကုသိုလ်စိတ် ၁၂ ပါး၌ ယှဉ်သော ဝီရိယ။

၁၂။ **မိစ္ဆာသမာဓိ** = မှားယွင်းစွာတည်ကြည်မှု။ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်မှတစ်ပါး အကုသိုလ်စိတ် ၁၁ ပါး၌ယှဉ်သော ဧကဂ္ဂတာ။

**မှတ်ချက်။** ။ မဂ္ဂင် ၁၂ ပါးရှိသော်လည်း ဝိတက်, ဝီရိယ, ဧကဂ္ဂတာတို့က နှစ်ကြိမ်စီ ပါနေသည့်အတွက် တရားကိုယ်ကိုးပါးသာ ရသည်။

'သမ္မာ'သဒ္ဒါသည် 'ကောင်းသော'ဟု အနက်ထွက်၏။ 'ကောင်း'ဆိုသည်မှာလည်း 'မဖောက်မပြန် လမ်းမှန်ကျသည်' ကို ဆိုလို၏။ ထို့ကြောင့် သမ္မာသင်္ကပ္ပ စသည်တို့၏ တရားကိုယ်ကို ကောက်ရာ၌ သောဘဏစိတ်များ၌ ထိုက်သလိုယှဉ်ကြသော ဝိတက်စသည်ကို ကောက်ယူရမည်။

'မိစ္ဆာ' သဒ္ဒါသည် 'အမှားအယွင်း ဖောက်ပြန်ခြင်း'ဟူသောအနက်ကို ဟော၏။ သို့အတွက် အကုသိုလ်စိတ်များ၌ ထိုက်သလိုယှဉ်ကြသော ဒိဋ္ဌိစေတသိက်စသည်ကို ကောက်ယူရမည်။

ဝိတက်, ဝီရိယ, ဧကဂ္ဂတာတို့သည် အဟိတ်စိတ် ၁၈ ပါး၌ယှဉ်ငြားလည်း မဂ္ဂင်အမည်ကို မရထိုက်။ ထို့အတူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်နှင့်ယှဉ်သော ဧကဂ္ဂတာသည် မဂ္ဂင်, ဈာနင်္ဂ, မိုလ်အဖြစ်တို့ကို မရထိုက်ပါ။

http://www.dhammadownload.com



## ဣန္ဒြေ ၂၂ ပါး

'ဣန္ဒြိယ' သဒ္ဒါသည် 'အစိုးရခြင်း' ဟူသောအနက်ကို ဟော၏။ မိမိတို့ဆိုင်ရာ ကိစ္စအသီးသီး၌ အစိုးရမှုရှိကြသောတရားတို့ကို ဣန္ဒြေများဟု ခေါ်၏။

၁။ **စက္ခုန္ဒြေ** = မြင်သိမှု၌အစိုးရသောတရား။ တရားကိုယ်မှာ စက္ခုပသာဒ။

၂။ **သောတိန္ဒြေ** = ကြားသိမှု၌အစိုးရသောတရား။ တရားကိုယ်မှာ သောတပသာဒ။

၃။ **ဃာနိန္ဒြေ** = နံသိမှု၌အစိုးရသောတရား။ တရားကိုယ်မှာ ဃာနပသာဒ။

၄။ **ဇိဝှိန္ဒြေ** = စားသိမှု၌အစိုးရသောတရား။ တရားကိုယ်မှာ ဇိဝှာပသာဒ။

၅။ **ကာယိန္ဒြေ** = ထိသိမှု၌အစိုးရသောတရား။ တရားကိုယ်မှာ ကာယပသာဒ။

၆။ **ဣတ္ထိန္ဒြေ** = အမသဘာဝဖြစ်မှု၌အစိုးရသောတရား။ တရားကိုယ်မှာ ဣတ္ထိဘာဝရုပ်။

၇။ **ပုရိသိန္ဒြေ** = အထီးသဘာဝဖြစ်မှု၌အစိုးရသောတရား။ တရားကိုယ်မှာ ပုရိသဘာဝရုပ်။

၈။ **ဇီဝိတိန္ဒြေ** = အတူဖြစ်ဖက်တရားတို့ အသက်ရှည်အောင် စောင့်ရှောက်မှု၌ အစိုးရသောတရား။ တရားကိုယ်မှာ ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်။

၉။ **မနိန္ဒြေ** = အာရုံသိမှု၌ ယှဉ်ဖက်တရားတို့ကို အစိုးရသောတရား။ တရားကိုယ်မှာ စိတ်အားလုံး။ (စိတ်က အာရုံကိုသိလျှင် သမ္ပယုတ်တရားတို့က လည်း အာရုံကို သိ၍ လိုက်ကြ၏။)

၁၀။ **သုခိန္ဒြေ** = ဖောဋ္ဌဗ္ဗာရုံ၏ ဣဋ္ဌအရသာကို ခံစားမှု၌ အစိုးရသောတရား။ တရားကိုယ်မှာ သုခသဟဂုတ် ကာယဝိညာဏ်၌ ယှဉ်သော ဝေဒနာ။

၁၁။ **ဒုက္ခိန္ဒြေ** = ဖောဋ္ဌဗ္ဗာရုံ၏ အနိဋ္ဌအရသာကို ခံစားမှု၌ အစိုးရသောတရား။ တရားကိုယ်မှာ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ယှဉ်သော ဝေဒနာ။

၁၂။ **သောမနဿိန္ဒြေ** = ဖောဋ္ဌဗ္ဗာရုံမှတစ်ပါး ကျန်အာရုံငါးပါး၏ ဣဋ္ဌအရသာကို ခံစားမှု၌ အစိုးရသောတရား။ သောမနဿသဟဂုတ်စိတ် ၆၂ ပါး၌ ယှဉ်သော ဝေဒနာ။

၁၃။ **ဒေါမနဿိန္ဒြေ** = ဖောဋ္ဌဗ္ဗာရုံမှတစ်ပါး ကျန်အာရုံငါးပါး၏ အနိဋ္ဌအရသာကို ခံစားမှု၌ အစိုးရသောတရား။ ဒေါသမူစွေ၌ယှဉ်သော ဝေဒနာ။

၁၄။ **ဥပေက္ခိန္ဒြေ** = အလယ်အလတ်ဖြစ်သည့် ဣဋ္ဌမဇ္ဈတ္တအရသာကို ခံစားမှု၌ အစိုးရသောတရား။ ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါး၌ ယှဉ်သောဝေဒနာ။

၁၅။ **သဒ္ဓိန္ဒြေ** = ကုသိုလ်အာရုံတွင် ယှဉ်ဖက်တရားတို့ကို ကြည်လင်စူးစိုက်စေမှု၌ အစိုးရသောတရား။ သောဘဏစိတ်များ၌ ယှဉ်သောသဒ္ဓါစေတသိက်။

http://www.dhammadownload.com



၁၆။ **ဝီရိယိန္ဒြေ** = ယှဉ်ဖက်တရားတို့ကို မဆုတ်နစ်အောင် ထောက်ကန် အားပေးမှု၌ အစိုးရသောတရား။ ဝီရိယယှဉ်သောစိတ် ၇၃ ပါး၌ရှိသည့် ဝီရိယ။

၁၇။ **သတိန္ဒြေ**= ကုသိုလ်အာရုံတွင် ယှဉ်ဖက်တရားတို့ကို အောက်မေ့အမှတ်ရစေမှု၌ အစိုးရသောတရား။ သောဘဏစိတ်များ၌ ယှဉ်သော သတိစေတသိက်။

၁၈။ **သမာဓိန္ဒြေ**= ယှဉ်ဖက်တရားတို့ကို တစ်ခုတည်းသောအာရုံတွင် တည်ကြည် ငြိမ်ဝပ်စေမှု၌ အစိုးရသောတရား။ ဝီရိယမယှဉ်သောစိတ် ၁၆ ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့မှတစ်ပါး ကျန်စိတ် ၇၂ ပါး၌ရှိသော ဧကဂ္ဂတာ တည်း။

၁၉။ **ပညိန္ဒြေ**= အာရုံ၏သဘောအမှန်ကို ထိုးထွင်းသိမှု၌အစိုးရသောတရား။ တိဟိတ်စိတ် ၄၇ ပါး၌ယှဉ်သောပညာ (လောကီတိဟိတ်စိတ်၌ရှိသော ပညာကိုသာ ပညိန္ဒြေဟု ကောက်ရိုးပြုကြ၏။)

၂၀။ **အနညာတညဿာမိတိန္ဒြေ** = သောတာပတ္တိမဂ်စိတ်၌ရှိသော ပညာ။

၂၁။ **အညိန္ဒြေ**= အထက်မဂ်သုံးပါး, အောက်ဖိုလ်သုံးပါး၌ရှိသော ပညာ။

၂၂။ **အညာတာဝိန္ဒြေ** = အရဟတ္တဖိုလ်၌ရှိသောပညာ။

**မှတ်ချက်။** ။ ဣန္ဒြေ ၂၂ ပါးရှိသော်လည်း ဝေဒနာက ငါးဌာန၊ ပညာက လေးဌာနတို့ပါဝင်ပြီး ဇီဝိတိန္ဒြေ၏ တရားကိုယ်က ရုပ်ဇီဝိတ၊ နာမ်ဇီဝိတနှစ်မျိုးရသောကြောင့် စုစုပေါင်းတရားကိုယ် ၁၆ ပါး ရှိသည်။

မှတ်သားရာ၌ လွယ်ကူရန် ပထမဣန္ဒြေခုနစ်ပါးသည် ပသာဒရုပ်ငါးပါးနှင့် ဘာဝရုပ် နှစ်ပါးဖြစ်သည်ကို မှတ်ပါ။ ရှစ်ခုမြောက် ဇီဝိတိန္ဒြေသည်ရုပ်နာမ်နှစ်ပါး ရော၏။ မနိန္ဒြေသည် စိတ်သက်သက်ဖြစ်၏။ ထို့နောက် ဝေဒနာဣန္ဒြေငါးပါးနှင့် ဖိုလ်တရားမြောက်သော ဣန္ဒြေငါးပါးလာ၏။ နောက်ဆုံးတွင် အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေနှင့် အညာတာဝိန္ဒြေတို့ကို ထည့်ပေါင်းရမည်။

### ဗိုလ်ကိုးပါး

လောက၌ 'ဗိုလ်' လုပ်သူသည် ရန်သူနှင့်ကြုံလျှင် မတုန်လှုပ်သကဲ့သို့ ထို့အတူ ဆန့်ကျင်ဘက်တရားကြောင့် တုန်လှုပ်ခြင်းမရှိဘဲ မြဲခိုင်သောတရားကို **'ဗလ=ဗိုလ်'** ဟု ခေါ်၏။ ဗိုလ်ကိုးပါးကား...

၁။ **သဒ္ဓါဗိုလ်** = ကုသိုလ်အာရုံ၌ ယှဉ်ဖက်တရားတို့ ကြည်လင်စွာ စူးစိုက်ကြရန် ဦးဆောင်သော တရား။ သောဘဏစိတ်များ၌ ယှဉ်သော သဒ္ဓါ စေတသိက်။

http://www.dhammadownload.com



၂။ **ဝီရိယဗိုလ်** = ယှဉ်ဖက်တရားတို့ မဆုတ်နစ်အောင် ထောက်ကန်အားပေးသော တရား။ ဝီရိယယှဉ်သောစိတ် ၇၃ ပါး၌ရှိသည့် ဝီရိယ။ ဝီရိယ မယှဉ်သော စိတ်တို့သည် ဗိုလ်အဖြစ်ကို မခံယူထိုက်ကြပါ။

၃။ **သတိဗိုလ်** = ကုသိုလ်အာရုံတွင် ယှဉ်ဖက်တရားတို့ကို အောက်မေ့အမှတ်ရအောင် ခေါင်းဆောင်သောတရား။ သောဘဏစိတ်များ၌ယှဉ်သော သတိစေတသိက်။

၄။ **သမာဓိဗိုလ်** = ယှဉ်ဖက်တရားတို့ကို တစ်ခုတည်းသောအာရုံ၌ တည်ကြည်ငြိမ်ဝပ်အောင် ခေါင်းဆောင်သောတရား။ ဝီရိယမယှဉ်သော စိတ် ၁၆ ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့မှတစ်ပါး ကျန်စိတ် ၇၂ ပါး၌ ယှဉ်သော ဧကဂ္ဂတာစေတသိက်။

၅။ **ပညာဗိုလ်** = အာရုံ၏ သဘောအမှန်ကို ထိုးထွင်းသိမှု၌ ဦးဆောင်သောတရား။ တိဟိတ်စိတ် ၄၇ ပါး၌ယှဉ်သော ပညာ။

၆။ **ဟိရီဗိုလ်** = မကောင်းမှုဒုစရိုက်ကို ရှက်ခြင်း၌ ဦးဆောင်သောတရား။ သောဘဏစိတ်များ၌ယှဉ်သည့် ဟိရီစေတသိက်။

၇။ **ဩတ္တပ္ပဗိုလ်** = မကောင်းမှုဒုစရိုက်ကို ကြောက်လန့်ခြင်း၌ ဦးဆောင်သောတရား။ သောဘဏစိတ်များ၌ယှဉ်သည့် ဩတ္တပ္ပစေတသိက်။

၈။ **အဟိရိကဗိုလ်** = ဒုစရိုက်မကောင်းမှုကိုပြုလုပ်ရန် မရှက်ခြင်း၌ ဦးဆောင်သောတရား။ အကုသိုလ်စိတ်အားလုံး၌ယှဉ်သည့် အဟိရိက စေတသိက်။

၉။ **အနောတ္တပ္ပဗိုလ်** = ဒုစရိုက်မကောင်းမှုကိုပြုလုပ်ရန် မကြောက်လန့်ခြင်း၌ ဦးဆောင်သောတရား။ အကုသိုလ်စိတ်အားလုံး၌ယှဉ်သည့် အနောတ္တပ္ပစေတသိက်။

**အဓိပတိလေးပါး**

မိမိနှင့်အတူဖြစ်ဖက်တရားအားလုံးတို့၏ အကြီးအကဲ အရှင်သခင်ဖြစ်သောတရားကို အဓိပတိဟု ခေါ်၏။

အဓိပတိနှင့် ဗလဓွေတို့၏ အစိုးရပုံသည် အဘယ်သို့ကွဲပြားသနည်းဟူမူ အဓိပတိ၏ အစိုးရပုံသည် ပြည့်ရှင်မင်းကြီး၏အစိုးရပုံနှင့် တူ၏။ ပြည့်ရှင်မင်းသည် တိုင်းရေးပြည်ရေးကိစ္စ၌ သူတစ်ပါးအလိုသို့မလိုက်ရဘဲ မှူးမတ်ဗိုလ်ပါ ပြည်သူအားလုံးတို့ကသာ ပြည့်ရှင်မင်း၏အလိုသို့ လိုက်ကြရ၏။ ထို့အတူ အဓိပတိတရားသည် တကွဖြစ်ဖက် စိတ်စေတသိက်တို့၏ တိုင်းပြည်တွင် တစ်ပါးတည်း အဓိပတိတပ်၏၊ အခြားစိတ်စေတသိက်တို့၏ အလိုသို့ မလိုက်ရဘဲ ထိုစိတ်စေတသိက်များကသာ အဓိပတိတရား၏ အလိုသို့လိုက်၍ ဆိုင်ရာအမှုကိစ္စကို ဆောင်ရွက်ကြရ၏။

http://www.dhammadownload.com



ဣန္ဒြေ၏ အစိုးရပုံကား မှူးမတ်၏ အစိုးရပုံနှင့်တူ၏။ တိုင်းပြည်တစ်ပြည်တွင် ပြည်ထဲရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ ပညာရေးဝန်ကြီး စသည်ဖြင့် ဝန်ကြီးများစွာရှိ၏။ စီမံခန့်ခွဲရေးတွင် ပြည်ထဲရေးကိစ္စ၌ ပြည်ထဲရေးဝန်ကြီးကသာ အုပ်စိုး၏။ အခြားဝန်ကြီးများက ပြည်ထဲရေးဝန်ကြီးအလိုသို့ လိုက်ပါကြရ၏။ ဘဏ္ဍာရေးကိစ္စ၌မူ ဘဏ္ဍာရေးဝန်ကြီးက အုပ်စိုးပြီး အခြားဝန်ကြီးများက ဘဏ္ဍာရေးဝန်ကြီး၏ အလိုသို့ လိုက်ပါကြရ၏။ ထို့အတူ စိတ်စေတသိက်တို့၏ နိုင်ငံတွင် အတူဖြစ်ဖက်တရားများ၌ ဣန္ဒြေထိုက်သောတရား နှစ်ပါး, သုံးပါး ပါရှိလျှင် ထိုဣန္ဒြေ တစ်ပါးစီသည် မိမိဆိုင်ရာကိစ္စ၌ မိမိအစိုးရပြီး အခြားကိစ္စများ၌ အခြားဣန္ဒြေတို့၏ အလိုသို့ လိုက်ပါရ၏။

**အကြီးအကဲအရာထိုက်သော အဓိပတိလေးပါးကား**

၁။ **ဆန္ဒာဓိပတိ** = ဒွိဟိတ်ဇော, တိဟိတ်ဇော ၅၂ ပါး၌ယှဉ်သောဆန္ဒ။

၂။ **ဝီရိယာဓိပတိ** = ဒွိဟိတ်ဇော, တိဟိတ်ဇော ၅၂ ပါး၌ယှဉ်သော ဝီရိယ။

၃။ **စိတ္တာဓိပတိ** = ဒွိဟိတ်ဇော, တိဟိတ်ဇော ၅၂ ပါး။ (ဧကဟိတ်ဇောဖြစ်သည့် မောဟမူဒွေနှင့် အဟိတ်ဇောဖြစ်သည့် ဟသိတုပ္ပါဒ်တို့သည် အဓိပတိ မဖြစ်ထိုက်ချေ။)

၄။ **ဝီမံသာဓိပတိ** = တိဟိတ်ဇော ၃၄ ပါး၌ယှဉ်သောပညာ။ (စူးစမ်းဆင်ခြင်တတ်သောပညာကို 'ဝီမံသ'ဟုခေါ်၏။)

– ဒွိဟိတ်ဇော ၁၈ ပါး = လောဘမူ ၈, ဒေါသမူ ၂, မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄, မဟာကြိယာဉာဏဝိပ္ပယုတ် ၄။

– တိဟိတ်ဇော ၃၄ ပါး = မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄, မဟာကြိယာဉာဏသမ္ပယုတ် ၄, မဟဂ္ဂုတ်ကုသိုလ် ၉, မဟဂ္ဂုတ်ကြိယာ ၉, မဂ် ၄, ဖိုလ် ၄။

**အာဟာရလေးပါး**

အစာအာဟာရသည် ခန္ဓာကိုယ် မပျက်မစီး, ကြီးပွားခိုင်ခံ့အောင် ရှက်ဆောင်ထောက်ပံ့ထားသကဲ့သို့ ထို့အတူ မိမိဆိုင်ရာအကျိုးကို လွန်စွာဖြစ်အောင် ရှက်ဆောင်ပေးနိုင်သောတရားကို '**အာဟာရ**'ဟု ခေါ်၏။ အာဟာရလေးပါးကား...

၁။ **ကဗဠီကာရာဟာရ** = စားသောက်မျိုသွင်းအပ်သော အစာအစာ၌ပါသည့် ဩဇာရုပ်တည်း။ ကဗဠီကာရာဟာရသည် ဩဇာနှင့်တကွ ရုပ်ရှစ်ပါးအစုဖြစ်သော အာဟာရဇအဋ္ဌကကလာပ်ကို ရှက်ဆောင်၏။

၂။ **ဖဿာဟာရ** = စိတ်အားလုံး၌ယှဉ်သော ဖဿစေတသိက်တည်း။ 'ဖဿပစ္စယာဝေဒနာ'ဟူသည်နှင့်အညီ ဖဿာဟာရသည် ဝေဒနာတည်းဟူသော အကျိုးကို ရှက်ဆောင်၏။

http://www.dhammadownload.com



၃။ **မနောသဥ္စေတနာဟာရ** = စိတ်အားလုံး၌ယှဉ်သော စေတနာတည်း။ စေတနာကို သင်္ခါရဟုခေါ်၍ 'သင်္ခါရပစ္စယာဝိညာဏံ'ဟူသည်နှင့်အညီ စေတနာဟာရ (ကံအာဟာရ) သည် ပဋိသန္ဓေဝိညာဉ်ဟူသော အကျိုးကို ဆောင်၏။

၄။ **ဝိညာဏာဟာရ** = စိတ်အားလုံးသည် ဝိညာဏာဟာရဖြစ်၏။ 'ဝိညာဏ ပစ္စယာနာမရူပံ'ဟူသည်နှင့်အညီ ဝိညာဏာဟာရသည် အတူဖြစ်ဖက် စေတသိက် နာမ်နှင့် ရုပ်တရားကို ဆောင်၏။

**ဗောဓိပက္ခိယသင်္ဂဟ**

သစ္စာလေးပါးကို သိတတ်သောမဂ်ဉာဏ်ကို 'ဗောဓိ'ဟု ခေါ်၏။ ထိုဗောဓိ ဟူသည့် မဂ်ဉာဏ်၏ အသင်းအပင်းဘက်တော်သားများကို 'ဗောဓိပက္ခိယ'ဟု ခေါ်၏။ ဗောဓိပက္ခိယတရားများကား...

(၁) သတိပဋ္ဌာန်လေးပါး၊
(၂) သမ္မပ္ပဓာန် လေးပါး၊
(၃) ဣဒ္ဓိပါဒ် လေးပါး၊
(၄) ဣန္ဒြေ ငါးပါး၊
(၅) ဗိုလ်ငါးပါး၊
(၆) ဗောဇ္ဈင် ခုနစ်ပါး၊
(၇) မဂ္ဂင် ရှစ်ပါးဟူ၍ ၃၇ ပါး ရှိပါသည်။

ဗောဓိပက္ခိယတရားတို့၏ တရားကိုယ်များကို ကောက်ရာ၌ မဂ်ဖိုလ်နှင့် ယှဉ်သော တရားတို့ကိုလည်းကောင်း၊ မဂ်ဖိုလ်၏ရှေ့သွားဖြစ်၍ မဂ်ဖိုလ်အတွက် အလွန်ကျေးဇူးများသော လောကီကုသိုလ်, ကြိယာတို့နှင့်ယှဉ်သော တရားတို့ကိုလည်းကောင်း ကောက်ယူရမည်။

**သတိပဋ္ဌာန်လေးပါး**

ပဋ္ဌာန = ပ + ဋ္ဌာန = လွန်ကဲစွာ အာရုံ၌သက်ရောက်၍ + တည်သောတရား။

မိမိဆိုင်ရာအာရုံ၌ လွန်လွန်ကဲကဲ စွဲမြဲစွာတည်သော သတိအထူးကို သတိပဋ္ဌာန် ဟု ခေါ်၏။

၁။ **ကာယာနုပဿနာသတိပဋ္ဌာန်** = ခန္ဓာကိုယ်၌ (ဝါ) ဆံပင်မွေးညင်းစသည့် ၃၂ ကောဋ္ဌာသ၌ စွဲမြဲစွာတည်၍ အဖန်ဖန်ရှုမှတ်သော သတိအထူး။ ဤသို့ ရှုမှတ်ဖန်များလာလျှင် မတင့်တယ်ရွံရှာဖွယ်သော အသုဘအခြင်းအရာ ထင်လာ၏။ ထို့ကြောင့် ကာယာနုပဿနာသည် သုဘဝိပလ္လာသ (တင့် တယ်သည်ဟု ထင်မှားမှု) ကို ဖယ်ရှားနိုင်၏။

http://www.dhammadownload.com



၂။ **ဝေဒနာနုပဿနာသတိပဋ္ဌာန်** = ဝေဒနာတို့ကို ဒုက္ခအခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုဆင်ခြင်သော သတိအထူး။ ဤဝေဒနာနုပဿနာသည် သုခဝိပလ္လာသ (ချမ်းသာသည်ဟု ထင်မှားမှု) ကို ဖယ်ရှားနိုင်၏။

၃။ **စိတ္တာနုပဿနာသတိပဋ္ဌာန်** = စိတ်ကိုအာရုံပြု၍ ဤစိတ်ကား သရာဂစိတ်၊ ဤစိတ်ကား ဝီတရာဂစိတ် စသည်ဖြင့် ခွဲခြားလျက် အနိစ္စ အခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုဆင်ခြင်သော သတိအထူး။ ဤစိတ္တာနုပဿနာသည် နိစ္စဝိပလ္လာသ (တည်မြဲသည်ဟု ထင်မှားမှု) ကို ဖယ်ရှားနိုင်၏။

၄။ **ဓမ္မာနုပဿနာသတိပဋ္ဌာန်** = သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဟူသည့် တရားဓမ္မများကို အနတ္တအခြင်းအရာထင်လာအောင် အဖန်ဖန်ရှုဆင်ခြင်သော သတိအထူး။ ထိုသို့ရှုဆင်ခြင်သောအခါ အရာရာကိစ္စတို့၌ ပရမတ္ထတရားများသာ ရွက်ဆောင်နေကြောင်း၊ ပရမတ္ထချည်းသာ ထင်ရှားရှိကြောင်းကို သိရသဖြင့် စီမံနိုင်သော အတ္တကောင်ကလေးမရှိဟူသော အနတ္တအခြင်းအရာ လွန်စွာထင်လာ၏။ ထို့ကြောင့် ဓမ္မာနုပဿနာသည် အတ္တဝိပလ္လာသ (အတ္တရှိသည်ဟု ထင်မှားမှု) ကို ဖယ်ရှားနိုင်၏။

**တရားကိုယ်** = သတိပဋ္ဌာန်တရား လေးပါးလုံး၏ တရားကိုယ်သည် မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အပ္ပနာဇော ၂၆၊ ပေါင်း ၄၂ ပါးသောစိတ်တို့၌ ယှဉ်သည့် သတိစေတသိက်ဖြစ်၏။

ဤသို့တရားကိုယ်မှာ တစ်ပါးတည်းဖြစ်သော်လည်း...

(၁) ယှဉ်သောအာရုံတို့က ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဟု လေးမျိုးကွဲပြားခြင်း၊

(၂) ထိုအာရုံများ၌ အသုဘ၊ ဒုက္ခ၊ အနိစ္စ၊ အနတ္တဟု ဆင်ခြင်ပုံအခြင်းအရာက လေးမျိုးကွဲပြားခြင်း၊

(၃) သုဘ၊ သုခ၊ နိစ္စ၊ အတ္တဟု ထင်မှားမှုကို ပယ်ခွာခြင်းကိစ္စက လေးမျိုးကွဲပြားခြင်း၊

ဤအကြောင်းတို့ကြောင့် သတိပဋ္ဌာန်လေးပါးအဖြစ် ခွဲခြား၍ ဘုရားရှင် ဟောကြားတော်မူခဲ့၏။

## သမ္မပ္ပဓာန် လေးပါး

သမ္မပ္ပဓာန = သမ္မာ + ပဓာန = ကောင်းစွာ + အားထုတ်ခြင်း။

၁။ **ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော** = ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ဖျောက်ခြင်းငှာ အားထုတ်ခြင်း။

၂။ **အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော** = မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်း။

http://www.dhammadownload.com



၃။ **အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော** = မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ အားထုတ်ခြင်း။

၄။ **ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော** = ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ခိုင်ခံ့တိုးပွားစေခြင်းငှာ အားထုတ်ခြင်း။

**တရားကိုယ်** = သမ္မပ္ပဓာန်လေးပါးလုံးတို့၏ တရားကိုယ်မှာ မဟာကုသိုလ် ၈, မဟာဂ္ဂုတ်ကုသိုလ် ၉, လောကုတ္တရာကုသိုလ် ၄ ဟူသည့် ၂၁ ပါးသော ကုသိုလ်စိတ်တို့၌ယှဉ်သည့် ဝီရိယဖြစ်၏။

သမ္မပ္ပဓာန်တရားလေးပါးကို ရဟန္တာတို့ ဆောင်ရွက်စရာမလိုသဖြင့် ရဟန္တာများ၏ သန္တာန်၌သာ ဖြစ်လေ့ရှိသော ကြိယာစိတ်များ၌ယှဉ်သည့် ဝီရိယကိုမကောက်ယူရပါ။ ထို့အပြင် ဖိုလ်တရားများသည်လည်း သမ္မပ္ပဓာန်ကိစ္စလေးပါးကို မပြုနိုင်ကြသဖြင့် ဖိုလ်စိတ်များ၌ ယှဉ်သည့် ဝီရိယကိုလည်း မကောက်ထိုက်ပါ။

## ဝီရိယတစ်ပါးတည်းဖြစ်လျက် သမ္မပ္ပဓာန်လေးမျိုးကွဲပြားရခြင်းအကြောင်းရင်း

တရားကိုယ်အားဖြင့် ဝီရိယတစ်ပါးတည်းဖြစ်ပါလျက် အဘယ့်ကြောင့် သမ္မပ္ပဓာန်လေးမျိုး ကွဲပြားရသနည်းဟု မေးသော် အဖြေကား တရားကိုယ်အားဖြင့် ဝီရိယတစ်ပါးတည်းဖြစ်သော်လည်း ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ခြင်းကိစ္စ၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းကိစ္စ၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းကိစ္စ၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားစေခြင်းကိစ္စ၊ ဤသို့ ဝီရိယ၏ကိစ္စလေးမျိုးကွဲပြားခြင်းကြောင့် သမ္မပ္ပဓာန်လေးပါး ကွဲပြားရပါသည်။

## ဥပ္ပန္နပါပက ပယ်ပုံ

ရှေးဘဝများကဖြစ်စေ ယခုဘဝ၌ဖြစ်စေ တကယ်ဖြစ်ပြီးသော အကုသိုလ်ကိုလည်းကောင်း၊ ဖြစ်ပြီးအကုသိုလ်နှင့်တူသော မဖြစ်သေးသည့် အကုသိုလ်ကို လည်းကောင်း 'ဥပ္ပန္နပါပက'ဟု ခေါ်၏။

ဥပ္ပန္နပါပကကို မဂ်ကုသိုလ်၌ရှိသော ဝီရိယဖြင့်ပယ်ပုံမှာ ထင်ရှား၏။ လောကီကုသိုလ်များ၏ ပယ်ရှားပုံကား "ငါသည် ပါဏာတိပါတအမှုကို ပြုမိခဲ့ပြီ။ ထိုအမှုကို ပြုမိခဲ့သည့်အတွက် နောင်တတစ်ဖန်ပူပန်ခြင်း ကုက္ကုစ္စဖြစ်နေလျှင် အကုသိုလ်များသာ ထပ်၍တိုးပွားလိမ့်မည်။ ပူပန်မှုကြောင့် ပြုမိခဲ့ပြီးသည့်အမှုကို မပြုရာရောက်အောင် မတတ်နိုင်" ဤသို့ဆင်ခြင်ပြီးသော် ထိုပြုခဲ့မိသော ပါဏာတိပါတမှုကို လုံးလုံးဂရုမပြုဘဲ ပယ်စွန့်မေ့ပျောက်လိုက်၏။ နောက်နောင်အခါ၌လည်း ထိုပါဏာတိပါတမှု မဖြစ်ဖို့ရာ လွန်စွာရှောင်ကြဉ်၏။ ဤသို့အားထုတ်သော် ဖြစ်ပြီး ပါဏာတိပါတမှုကိုလည်း

http://www.dhammadownload.com



ပယ်နိုင်၏။ ဖြစ်ပြီး ပါဏာတိပါတမှုနှင့် အလားတူသော ပါဏာတိပါတကိုလည်း ပယ်စွန့်ရာရောက်၏။

### အနုပ္ပန္နပါပက

အနမတဂ္ဂသံသရာ၌ မဖြစ်ဖူးသော အကုသိုလ်ဟူ၍ မရှိ။ ထို့ကြောင့် ဤဘဝ၌ လုံးဝမဖြစ်ဖူးသော အကုသိုလ်ကိုလည်းကောင်း၊ အာရုံအသစ်အဆန်းတစ်ခုခုကို စွဲ၍ မဖြစ်ဖူးသော အကုသိုလ်ကိုလည်းကောင်း 'အနုပ္ပန္နပါပက'ဟု ခေါ်၏။

### အနုပ္ပန္နကုသလ

ဤဘဝ၌မဖြစ်ဖူးသေးသော သမထဝိပဿနာစသော လောကီကုသိုလ်မျိုးကိုလည်းကောင်း၊ သံသရာ၌ တစ်ခါမျှမဖြစ်ခဲ့ဖူးသော မဂ်ကုသိုလ်မျိုးကိုလည်းကောင်း 'အနုပ္ပန္နကုသလ'ဟု ခေါ်၏။

### ဥပ္ပန္နကုသလ

ဖြစ်ပြီးသောမဂ်ကို ထပ်၍တိုးပွားစေဖွယ်မရှိ။ မဖြစ်သေးသောမဂ်ကိုသာ ဖြစ်အောင် ဆက်လက်အားထုတ်ဖွယ်ရှိသောကြောင့် ဥပ္ပန္နကုသလကို တိုးပွားစေရာ၌ မဂ်ကုသိုလ်ကို မယူဘဲ ရှေးဘဝကဖြစ်စေ ယခုဘဝကဖြစ်စေ ဖြစ်ပြီးသော သမထဝိပဿနာလောကီကုသိုလ်တို့ကိုသာ ယူရမည်။

### ဣဒ္ဓိပါဒ်လေးပါး

ဣဒ္ဓိပါဒ = ဣဒ္ဓိ + ပါဒ = ပြီးစီးထမြောက်သောအကျိုး + အခြေခံ။

ပြီးစီးထမြောက်သော ဈာန်မဂ်ဖိုလ်အကျိုးတို့၏ အခြေခံအကြောင်းတရားကို ဣဒ္ဓိပါဒ်ဟု ခေါ်၏။

ဈာန်မဂ်ဖိုလ်ရအောင် အားထုတ်သဖြင့် ထိုဈာန်မဂ်ဖိုလ်တို့ ထမြောက်လာမှုကို 'ဣဒ္ဓိ'ဟု ခေါ်၏။ ဈာန်မဂ်ဖိုလ်ရရန် အခြေခံဖြစ်သောတရား (ဣဒ္ဓိပါဒ်) တို့မှာ ဆန္ဒ, ဝီရိယ, စိတ္တ, ပညာတို့တည်း။ အဓိပတိထိုက်သောတရားတို့ပေတည်း။

၁။ **ဆန္ဒိဒ္ဓိပါဒ်** = ကုသိုလ်စိတ် ၂၁ ပါး၌ယှဉ်သည့် ဆန္ဒစေတသိက်။
၂။ **ဝီရိယိဒ္ဓိပါဒ်** = ကုသိုလ်စိတ် ၂၁ ပါး၌ယှဉ်သည့် ဝီရိယစေတသိက်။
၃။ **စိတ္တိဒ္ဓိပါဒ်** = မဟာကုသိုလ် ၈, မဟဂ္ဂုတ်ကုသိုလ် ၉, လောကုတ္တရာကုသိုလ် ၄ ဟူသည့် ကုသိုလ်စိတ် ၂၁ ပါး။
၄။ **ဝီမံသိဒ္ဓိပါဒ်** = ကုသိုလ်စိတ် ၂၁ ပါး၌ ယှဉ်သည့်ပညာ။

**မှတ်ချက်။** ။ ဣဒ္ဓိပါဒ်သည် အကျိုးပြီးစီးပြီဖြစ်သော ရဟန္တာတို့၏ ကြိယာစိတ်များနှင့်လည်းကောင်း၊ အကျိုးတရားဖြစ်သော ဖိုလ်တရားများနှင့်လည်းကောင်း မသက်ဆိုင်ချေ။ ထို့ကြောင့် တရားကိုယ်

http://www.dhammadownload.com



များကို ကောက်ရာ၌ သမ္မပ္ပဓာန်တရားတွင်ကဲ့သို့ ကုသိုလ်စိတ်၌ ယှဉ်ခိုက်ဖြစ်သည့် ဆန္ဒ, ဝီရိယ, ပညာနှင့် ကုသိုလ်စိတ်တို့ကို ကောက်ယူရမည်။

**ဣန္ဒြေငါးပါး**

ဗောဓိပက္ခိယဖြစ်သော ဣန္ဒြေငါးပါးရှိသည်။ တရားကိုယ်များ ကောက်သည့်အခါ သတိပဋ္ဌာန်တွင်ကဲ့သို့ မဟာကုသိုလ်, မဟာကြိယာ, အပ္ပနာဇောတို့၌ယှဉ်သော ဆိုင်ရာစေတသိက်တို့ကို ကောက်ယူရမည်။

၁။ **သဒ္ဓိန္ဒြေ** = မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အပ္ပနာဇော ၂၆ တို့၌ရှိသော သဒ္ဓါစေတသိက်။

၂။ **ဝီရိယိန္ဒြေ** = အထက်ပါစိတ် ၄၂ ပါး၌ယှဉ်သော ဝီရိယစေတသိက်။

၃။ **သတိန္ဒြေ** = အထက်ပါစိတ် ၄၂ ပါး၌ယှဉ်သော သတိစေတသိက်။

၄။ **သမာဓိန္ဒြေ** = အထက်ပါစိတ် ၄၂ ပါး၌ယှဉ်သော ဧကဂ္ဂတာစေတသိက်။

၅။ **ပညိန္ဒြေ** = အထက်ပါစိတ် ၄၂ ပါး၌ယှဉ်သော ပညာစေတသိက်။

**ဗိုလ်ငါးပါး**

သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်တို့ ဖြစ်ကြ၏။ တရားကိုယ်မှာ ဣန္ဒြေငါးပါးအတိုင်း ဖြစ်ကြ၏။

**ဗောဇ္ဈင်ခုနစ်ပါး**

ဗောဓိဟူသော သစ္စာလေးပါးကိုသိကြောင်း တရားအပေါင်း၏ အစိတ်အစိတ်သည် 'ဗောဓိအင် = ဗော်ဈျင် = ဗောဇ္ဈင်'ဖြစ်၏။ ဗောဇ္ဈင်ခုနစ်ပါးရှိ၏။

၁။ **သတိသမ္ဗောဇ္ဈင်** = သစ္စာလေးပါးကိုသိကြောင်းဖြစ်သော အောက်မေ့မှု သတိ။ တရားကိုယ်မှာ မဟာကုသိုလ်, မဟာကြိယာ, အပ္ပနာဇော ၄၂ ပါးတို့၌ယှဉ်သော သတိစေတသိက်ဖြစ်၏။

၂။ **ဓမ္မဝိစယသမ္ဗောဇ္ဈင်** = သစ္စာလေးပါးကိုသိကြောင်းဖြစ်သော ဆိုင်ရာတရားများကို စိစစ်တတ်သည့် ပညာ။ တရားကိုယ်မှာ အထက်ပါ စိတ် ၄၂ ပါး၌ယှဉ်သော ပညာတည်း။

၃။ **ဝီရိယသမ္ဗောဇ္ဈင်** = သစ္စာလေးပါးကိုသိကြောင်းဖြစ်သော အားထုတ်မှု ဝီရိယ။ တရားကိုယ်မှာ ဖော်ပြပါစိတ် ၄၂ ပါး၌ယှဉ်သော ဝီရိယဖြစ်၏။

၄။ **ပီတိသမ္ဗောဇ္ဈင်** = သစ္စာလေးပါးကိုသိကြောင်းဖြစ်သော နှစ်သက်ရွှင်လန်းမှု ပီတိ။ တရားကိုယ်မှာ ဖော်ပြပါစိတ် ၄၂ ပါး၌ယှဉ်သော ပီတိစေတသိက်ဖြစ်၏။

http://www.dhammadownload.com



၅။ **ပဿဒ္ဓိသမ္ဗောဇ္ဈင်** = သစ္စာလေးပါးကိုသိကြောင်းဖြစ်သော ငြိမ်းအေးခြင်း ပဿဒ္ဓိ။ တရားကိုယ်မှာ ဖော်ပြပါစိတ် ၄၂ ပါး၌ယှဉ်ကြသော ကာယ ပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိစေတသိက်။

၆။ **သမာဓိသမ္ဗောဇ္ဈင်** = သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်ခြင်း ဧကဂ္ဂတာ။ အထက်ပါစိတ် ၄၂ ပါး၌ ယှဉ်သော ဧကဂ္ဂတာစေတသိက် တည်း။

၇။ **ဥပေက္ခာသမ္ဗောဇ္ဈင်** = သစ္စာလေးပါးကိုသိကြောင်းဖြစ်သော လျစ်လျူရှုမှု တတြမဇ္ဈတ္တတာ။ တရားကိုယ်မှာ ဖော်ပြပါစိတ် ၄၂ ပါး၌ယှဉ်သော တတြမဇ္ဈတ္တတာစေတသိက်။

**မှတ်ချက်။** ။

(၁) သတိသမ္ဗောဇ္ဈင်သည် ကမ္မဋ္ဌာန်းအာရုံ၌ မေ့လျော့တတ်သောပမာဒတရား ကို ဖျက်ဆီး၍ မမေ့လျော့သော အပ္ပမာဒတရားကို ပြည့်စုံစေ၏။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ကမ္မဋ္ဌာန်း၏အာရုံဖြစ်သော သင်္ခါရတရားတို့၌ အနိစ္စတာစသည့် အထူးထူးသောအခြင်းအရာဖြင့် ဆင်ခြင်စူးစမ်းစေ၏။

(၃) ဝီရိယသမ္ဗောဇ္ဈင်သည် ကမ္မဋ္ဌာန်း၏အာရုံ၌ သမ္မပ္ပဓာန်၏အစွမ်းဖြင့် ကောင်းစွာ ကြီးပွားမြဲခိုင်စေပြီး ကုသိုလ်တရားတို့၌ ဆုတ်နစ်စေသော ကိလေသာ တရားအပေါင်းကို ပယ်ဖျက်၏။

(၄) ပီတိသမ္ဗောဇ္ဈင်သည် ဘာဝနာ၏အာရုံတွင် မမွေ့လျော် ပျင်းရိခြင်းကို ဖျက် ဆီး မှတ်လွှင့်တတ်၏။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ဘာဝနာ၏အာရုံတွင် စိတ်၏ပူပန်မှု ကြောင့်ကြမှု ကို ပယ်ဖျောက်တတ်၏။

(၆) သမာဓိသမ္ဗောဇ္ဈင်သည် ဘာဝနာ၏အာရုံ၌ စိတ်၏ မတည်ကြည်မှု လှုပ်ရှားပျံ့လွင့်မှုကို ပယ်ဖျောက်တတ်၏။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်သည် ဘာဝနာ၏အာရုံ၌ စိတ်၏ နုံ့လွန်းခြင်း, ထက် လွန်းခြင်းတို့ကို ပယ်ဖျောက်၍ အလယ်အလတ်ဖြစ်အောင် တည့်မတ် ပေး၏။

## မဂ္ဂင်ရှစ်ပါး

ဗောဓိပက္ခိယဖြစ်သော မဂ္ဂင်ရှစ်ပါးတို့မှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိနှင့် သမ္မာသမာဓိတို့ဖြစ်ကြ၏။

http://www.dhammadownload.com



ဤမဂ္ဂင်တို့၏ တရားကိုယ်များသည် မဟာကုသိုလ်, မဟာကြိယာ, အပ္ပနာဇော ၄၂ ပါးတို့၌ရှိသော ပညာ, ဝိတက် စသည်တို့ ဖြစ်ကြ၏။

မဂ္ဂင်ရှစ်ပါးကား နိဗ္ဗာန်သို့သွားရာလမ်းမကြီးပေတည်း။

## တရားကိုယ်ကောက်ရာစိတ်များ

သတိပဋ္ဌာန်၊ ဣဒ္ဓိပါဒ်၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့၏ တရားကိုယ်ကောက်ရာဌာနဖြစ်သော စိတ်တို့သည် တူညီကြ၏။ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အပ္ပနာဇော ၂၆ ဟူသော စိတ် ၄၂ ပါးဖြစ်၏။

သမ္မပ္ပဓာန်နှင့် ဣဒ္ဓိပါဒ်တို့၏ တရားကိုယ်ကောက်ရာဌာနဖြစ်သော စိတ်တို့သည် တူညီကြ၏။ ကုသိုလ်စိတ် ၂၁ ပါးဖြစ်၏။

## ဗောဓိပက္ခိယတရားကိုယ်ပေါင်း

ဗောဓိပက္ခိယတရား ၃၇ ပါးတို့၏ တရားကိုယ်များကို ရေတွက်လျှင် (၁) ဆန္ဒ၊ (၂) စိတ်၊ (၃) တတြမဇ္ဈတ္တတာ (ဥပေက္ခာ) စေတသိက်၊ (၄) သဒ္ဓါ၊ (၅) ပဿဒ္ဓိ စေတသိက် (ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိတို့ကို တစ်ပေါင်းတည်းပြု၍ တစ်ခုတည်းယူသည်)၊ (၆) ပီတိ၊ (၇) သမ္မာဒိဋ္ဌိ ခေါ် ပညာ၊ (၈) သမ္မာသင်္ကပ္ပ ခေါ် ဝိတက်၊ (၉) သမ္မာဝါယာမ ခေါ် ဝီရိယ၊ (၁၀) သမ္မာဝါစာ၊ (၁၁) သမ္မာကမ္မန္တ၊ (၁၂) သမ္မာအာဇီဝ၊ (၁၃) သမ္မာသတိ ခေါ် သတိ၊ (၁၄) သမ္မာသမာဓိ ခေါ် ဧကဂ္ဂတာဟူ၍ ၁၄ ပါး ရ၏။

## ဗောဓိပက္ခိယတရားကိုယ် ၁၄ ပါးတို့၏ ဖြစ်ရာဌာနများ

### (က) တစ်ဌာနစိတပ်သော တရားကိုယ်ကိုးပါး

၁။ ဆန္ဒသည် ဆန္ဒိဒ္ဓိပါဒ် ဌာနတပ်၏။

၂။ စိတ်သည် စိတ္တိဒ္ဓိပါဒ် ဌာနတပ်၏။

၃။ ပီတိသည် ပီတိသမ္ဗောဇ္ဈင် ဌာနတပ်၏။

၄။ ပဿဒ္ဓိသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဌာနတပ်၏။

၅။ တတြမဇ္ဈတ္တတာသည် ဥပေက္ခာသမ္ဗောဇ္ဈင်ဌာနတပ်၏။

၆။ ဝိတက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် ဌာနတပ်၏။

၇။ သမ္မာဝါစာသည် သမ္မာဝါစာမဂ္ဂင် ဌာနတပ်၏။

၈။ သမ္မာကမ္မန္တသည် သမ္မာကမ္မန္တမဂ္ဂင်ဌာနတပ်၏။

၉။ သမ္မာအာဇီဝသည် သမ္မာအာဇီဝမဂ္ဂင်ဌာနတပ်၏။

### (ခ) နှစ်ဌာနတပ်သော တရားကိုယ်တစ်ပါး

၁၀။ သဒ္ဓါသည် သဒ္ဓိန္ဒြေနှင့် သဒ္ဓါဗိုလ်ဌာနတပ်၏။

http://www.dhammadownload.com



(ဂ) လေးဌာနတပ်သော တရားကိုယ်တစ်ပါး

၁၁။ သမာဓိသည် သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိသမ္ဗောဇ္ဈင်၊ သမ္မာ သမာဓိ မဂ္ဂင်ဌာနတပ်၏။

(ဃ) ငါးဌာနတပ်သော တရားကိုယ်တစ်ပါး

၁၂။ ပညာသည် ဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိ မဂ္ဂင် ဌာနတပ်၏။

(င) ရှစ်ဌာနတပ်သော တရားကိုယ်တစ်ပါး

၁၃။ သတိသည် သတိပဋ္ဌာန်လေးဌာန၊ သတိန္ဒြေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်၊ သမ္မာသတိမဂ္ဂင်ဌာနတပ်၏။

(စ) ကိုးဌာနတပ်သော တရားကိုယ်တစ်ပါး

၁၄။ ဝီရိယသည် သမ္မပ္ပဓာန်လေးဌာန၊ ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီရိယသမ္ဗောဇ္ဈင်၊ သမ္မာဝါယာမ မဂ္ဂင်ဌာနတပ်၏။

သဗ္ဗသင်္ဂဟ

ဤအခန်းသည် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ်တရားအားလုံးကို သိမ်းကျုံးရေတွက်ရာအခန်းဖြစ်၏။ ခန္ဓာငါးပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး၊ အရိယသစ္စာလေးပါးတို့ကို ဤအခန်း၌ တင်ပြပါမည်။

ခန္ဓာ ငါးပါး

'ခန္ဓာ' သဒ္ဒါသည် 'အစုအပုံ' ဟူသောအနက်ကို ဟော၏။ ထို့ကြောင့်ရူပက္ခန္ဓာ= ရုပ်အစု၊ ဝေဒနာက္ခန္ဓာ= ဝေဒနာအစု စသည်ဖြင့် သိမှတ်ရာ၏။ သို့ရာတွင် 'အစုအပုံ' ဟု ဆိုသည့်အတွက် စပါးကို စုပုံထားသကဲ့သို့ ခန္ဓာကိုယ်၌ ရုပ်, ဝေဒနာများ စုပုံနေသည်ဟု မမှတ်ယူသင့်ပါ။ ရူပက္ခန္ဓာသည် အတိတ်ရုပ်, ပစ္စုပ္ပန်ရုပ်, အနာဂတ်ရုပ် ဟူသည့် ရုပ်သုံးမျိုးကို ဉာဏ်ဖြင့်ပေါင်းစုထားသော ရုပ်အစုဖြစ်သည်ဟု သိမြင်ရမည်။

တစ်ဖန် သန္တာန်ကိုလိုက်၍ အဇ္ဈတ္တ– ဗဟိဒ္ဓ (အတွင်း–အပြင်)၊ ပုဂ္ဂိုလ်အမျိုးအစားကို လိုက်၍ ဟီန–ပဏီတ (အယုတ်–အမြတ်)၊ ဌာနအားဖြင့် ဒူရ–သန္တိက (အဝေး–အနီး) စသည့်နည်းတို့ဖြင့်လည်း ရုပ်, ဝေဒနာ စသည်ကို ခွဲခြား၍ဉာဏ်ဖြင့် ပေါင်းစုရ၏။

သို့ဖြစ်၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကအားဖြင့် များပြားလှသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ငါးပုံ ငါးစု ပေါင်းစုထားခြင်းကို ခန္ဓာငါးပါးဟု ခေါ်ပါသည်။

၁။ **ရူပက္ခန္ဓာ** = အတိတ်, အနာဂတ်, ပစ္စုပ္ပန်ရုပ် ၂၈ ပါးတို့၏ အပေါင်းအစု။

၂။ **ဝေဒနာက္ခန္ဓာ** = အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဝေဒနာတို့၏ အပေါင်းအစု။

http://www.dhammadownload.com



၃။ **သညာက္ခန္ဓာ** = အတိတ်, အနာဂတ်, ပစ္စုပ္ပန်သညာတို့၏ အပေါင်းအစု။
၄။ **သင်္ခါရက္ခန္ဓာ** = ဝေဒနာ, သညာတို့မှကြွင်းသော စေတသိက် ၅၀ တို့၏ အပေါင်းအစု။
၅။ **ဝိညာဏက္ခန္ဓာ** = စိတ်အကျဉ်း ၈၉ ပါး၊ အကျယ် ၁၂၁ ပါးတို့၏ အပေါင်း အစု။

ဥပါဒါနက္ခန္ဓာငါးပါး

ဥပါဒါန်တရားတို့၏အာရုံဖြစ်သော ခန္ဓာကို ဥပါဒါနက္ခန္ဓာဟု ခေါ်၏။ ဥပါဒါန် တရားတို့၏ တရားကိုယ်မှာ လောဘနှင့် ဒိဋ္ဌိဖြစ်၍ အကုသိုလ်တရားများ ဖြစ်ကြ၏။ ထိုအကုသိုလ်တရားတို့သည် လောကီစိတ်, ၄စေတသိက်, ရုပ်ခန္ဓာများကိုသာ အာရုံပြု နိုင်ကြ၏။ လောကုတ္တရာစိတ်, စေတသိက်တို့ကို အာရုံမပြုနိုင်ကြချေ။

ထို့ကြောင့် ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာသည် လောကီစိတ်များ, ထိုစိတ်တို့ နှင့် ယှဉ်သော စေတသိက်များနှင့် ရုပ်တရားများဖြစ်ကြ၏။

၁။ **ရူပုပါဒါနက္ခန္ဓာ** = ရုပ် ၂၈ ပါးတို့၏ အပေါင်းအစု။
၂။ **ဝေဒနုပါဒါနက္ခန္ဓာ** = လောကီစိတ် ၈၁ ပါးနှင့်ယှဉ်သော ဝေဒနာတို့၏ အပေါင်းအစု။
၃။ **သညုပါဒါနက္ခန္ဓာ** = လောကီစိတ် ၈၁ ပါးနှင့် ယှဉ်သော သညာတို့၏ အပေါင်းအစု။
၄။ **သင်္ခါရုပါဒါနက္ခန္ဓာ** = ဝေဒနာ, သညာတို့မှကြွင်းသော လောကီစေတသိက် ၅၀ တို့၏ အပေါင်းအစု။
၅။ **ဝိညာဏုပါဒါနက္ခန္ဓာ** = လောကီစိတ် ၈၁ ပါးတို့၏ အပေါင်းအစု။

ခန္ဓာနှစ်မျိုး ဟောရခြင်းအကြောင်းရင်း

ဘယ်အကျိုးငှာ ခန္ဓာ, ဥပါဒါနက္ခန္ဓာဟူ၍ ခန္ဓာနှစ်မျိုး ခွဲခြားလျက် ဗုဒ္ဓ ဟော မြွက်ရသနည်း။

၁။ လောကီဖြစ်စေ လောကုတ္တရာဖြစ်စေ ခန္ဓာဖွဲ့၍ရကောင်းသမျှသော တရား များအားလုံးကို သိမ်းကျုံးလျက် ပြတော်မူခြင်းငှာ ပထမခန္ဓဒေသနာကို ဟောတော်မူ၏။
၂။ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောအခါ၌ကား လောကုတ္တရာခန္ဓာများကို အာရုံပြု၍ မစီးဖြန်းရပါ။ ဝဋ္ဋဒုက္ခတရားများကို အာရုံပြု၍ စီးဖြန်းပါမှ အနိစ္စ, ဒုက္ခ, အနတ္တသဘော ထင်မြင်နိုင်သည်။ သို့အတွက် ဝိပဿနာရှုမှတ်ရန် အလို့ငှာ လောကီတရားများသက်သက်ကို ခန္ဓာဖွဲ့လျက် ဒုတိယဥပါဒါနက္ခန္ ဓဒေသနာကို ဟောတော်မူပါသည်။

http://www.dhammadownload.com



## နိဗ္ဗာန်သည် ခန္ဓာဝိမုတ်

မည်သည့်တရားမဆို အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကွဲပြားလျှင် သုံးမျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်း၏။ အဇ္ဈတ္တ – ဗဟိဒ္ဓ နှစ်မျိုးကွဲပြားလျှင် ထိုနှစ်မျိုးကို ပေါင်းစု၍ ခန္ဓာဖွဲ့ကောင်း၏။ ဩဠာရိက (ရုန့်ရင်းသော) တရားတစ်မျိုး, သုခုမ (သိမ်မွေ့သော) တရားတစ်မျိုးဟု ကွဲပြားလျှင် ထိုနှစ်မျိုးကိုပေါင်းစု၍ ခန္ဓာဖွဲ့ကောင်း၏။ ဟီန (ယုတ်ညံ့သော) တရားတစ်မျိုး၊ ပဏီတ (မွန်မြတ်သော) တရားတစ်မျိုးဟု ကွဲပြားသော် ထိုနှစ်မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်း၏။ ဒူရေ (အသိခက်သဖြင့် ဉာဏ်နှင့်ဝေးသော) တရားတစ်မျိုး၊ သန္တိကေ (အသိလွယ်သဖြင့် ဉာဏ်နှင့်နီးသော) တရားတစ်မျိုးဟု ကွဲပြားလျှင်လည်း ထိုနှစ်မျိုးကို ပေါင်းစု၍ ခန္ဓာဖွဲ့ကောင်း၏။

နိဗ္ဗာန်ကား ကာလသုံးပါးမှ လွတ်သဖြင့် ကာလဝိမုတ်ဖြစ်၏။ အဇ္ဈတ္တ – ဗဟိဒ္ဓဟု နှစ်မျိုးမကွဲပြားဘဲ ခန္ဓာကိုယ်၏ပြင်ပ၌ တည်သောကြောင့် ဗဟိဒ္ဓတစ်မျိုးသာရှိ၏။ ဩဠာရိက– သုခုမဟု နှစ်မျိုးမကွဲပြားဘဲ သိမ်မွေ့သောကြောင့် သုခုမတစ်မျိုးသာ ဖြစ်၏။ ဟီန – ပဏီတဟု နှစ်မျိုးမကွဲပြားဘဲ မြတ်သောကြောင့် ပဏီတတစ်မျိုးသာရှိ၏။ ဒူရေ– သန္တိကေဟု နှစ်မျိုးမကွဲပြားဘဲ ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေတစ်မျိုးသာ ရှိ၏။ ဤသို့ဆိုင်ရာဌာန၌ နှစ်မျိုးမရ၊ တစ်မျိုးစီသာ ရသောကြောင့် နိဗ္ဗာန်ကို 'ဘေဒါဘာဝ = အကွဲအပြားမရှိ'ဟု ဆို၏။

ဗဟိဒ္ဓ, သုခုမ, ပဏီတ, ဒူရဟူသော လေးမျိုးကား အချင်းချင်းကွဲပြားကြသည် မဟုတ်။ ဗဟိဒ္ဓနိဗ္ဗာန်သည်ပင် သုခုမလည်း ဖြစ်၏၊ ပဏီတလည်း ဖြစ်၏၊ ဒူရလည်း ဖြစ်၏။

ဤသို့လျှင် နိဗ္ဗာန်၌ အကွဲအပြားမရှိသဖြင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ထိုက်ချေ။

## အာယတန ၁၂ ပါး

'အာယတန'သဒ္ဒါသည် 'အကြောင်း'ဟူသော အနက်ကို ဟော၏။

စိတ်စေတသိက်တို့သည် ရူပါရုံ– စက္ခုပသာဒ စသည်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်ကြကုန်၏။ ထိုသို့ စိတ်စေတသိက်တို့ ဖြစ်ပေါ်ကြောင်းဖြစ်သော တရားများကို 'အာယတန'ဟု ခေါ်ဆိုရ၏။

စက္ခုပသာဒနှင့် ရူပါရုံတို့ကို အကြောင်းပြု၍ စက္ခုဒွါရိကဝီထိစိတ်များ ဖြစ်ပေါ်၏။ ထို့ကြောင့် စက္ခုပသာဒနှင့် ရူပါရုံတို့ကို စက္ခာယတန, ရူပါယတနဟု ခေါ်ဆို၏။ အလားတူပင် သောတပသာဒနှင့် သဒ္ဒါရုံတို့သည် သောတဒွါရိကဝီထိစိတ်များ၏ ဖြစ်ကြောင်းဖြစ်၍ သောတာယတန, သဒ္ဒါယတနဟု အမည်ရကြ၏။

**ဒွါရခြောက်ပါးကို အကြောင်းပြု၍ အတွင်းအဇ္ဈတ္တိကာယတန ခြောက်ပါးကို ရ၏။**

http://www.dhammadownload.com



၁။ စက္ခာယတန = စက္ခုပသာဒ။
၂။ သောတာယတန = သောတပသာဒ။
၃။ ဃာနာယတန = ဃာနပသာဒ။
၄။ ဇိဝှာယတန = ဇိဝှာပသာဒ။
၅။ ကာယာယတန = ကာယပသာဒ။
၆။ မနာယတန = စိတ်အကျဉ်း ၈၉၊ အကျယ် ၁၂၁ ပါး။

အာရုံခြောက်ပါးကို အကြောင်းပြု၍ အပြင်ဗာဟိရာယတနခြောက်ပါးကို ရ၏။

၇။ ရူပါယတန = ရူပါရုံ (အဆင်း)၊
၈။ သဒ္ဒါယတန = သဒ္ဒါရုံ (အသံ)၊
၉။ ဂန္ဓာယတန = ဂန္ဓာရုံ (အနံ့)၊
၁၀။ ရသာယတန = ရသာရုံ (အရသာ)၊
၁၁။ ဖောဋ္ဌဗ္ဗာယတန = ဖောဋ္ဌဗ္ဗာရုံ (ပထဝီ၊ ဝါယော၊ တေဇော)၊
၁၂။ ဓမ္မာယတန = စေတသိက် ၅၂ ပါး၊ သုခုမရုပ် ၁၆ ပါး၊ နိဗ္ဗာန်။

## ဓာတ် ၁၈ ပါး

မိမိသဘောကိုဆောင်တတ်သောတရားကို ဓာတ်ဟုခေါ်၏။ မိမိသဘောလက္ခဏာအတိုင်း ထင်ရှားဖြစ်သည်ကို 'ဆောင်သည်' ဟု ဆို၏။

စက္ခု၊ သောတ စသောတရားတို့သည် မိမိသဘောအတိုင်း တည်ရှိကြပြီး မိမိဆိုင်ရာသဘောကို ဆောင်ရွက်နိုင်ကြ၏။ ထို့ကြောင့် 'ဓာတု = ဓာတ်' ဟု အမည်ရကြ၏။ ဓာတ် ၁၈ ပါးမှာ 'ဒွါရခြောက်ပုံ၊ အာရုံခြောက်တန်၊ ဝိညာဏ်ခြောက်သွယ်' တို့ ဖြစ်ကြ၏။

### ဒွါရခြောက်ပါးကို "အခံဓာတ်" များဟု ခေါ်၏

၁။ စက္ခုဓာတ် = စက္ခုပသာဒ၊
၂။ သောတဓာတ် = သောတပသာဒ၊
၃။ ဃာနဓာတ် = ဃာနပသာဒ၊
၄။ ဇိဝှာဓာတ် = ဇိဝှာပသာဒ၊
၅။ ကာယဓာတ် = ကာယပသာဒ၊
၆။ မနောဓာတ် = ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေ။

### အာရုံခြောက်ပါးကို "အတိုက်ဓာတ်" များဟု ခေါ်သည်

၇။ ရူပဓာတ် = ရူပါရုံ၊

http://www.dhammadownload.com



၈။ **သဒ္ဒဓာတ်** = သဒ္ဒါရုံ၊

၉။ **ဂန္ဓဓာတ်** = ဂန္ဓာရုံ၊

၁၀။ **ရသဓာတ်** = ရသာရုံ၊

၁၁။ **ဖောဋ္ဌဗ္ဗဓာတ်** = ဖောဋ္ဌဗ္ဗာရုံ၊

၁၂။ **ဓမ္မဓာတ်** = စေတသိက် ၅၂ ပါး၊ သုခုမရုပ် ၁၆ ပါး၊ နိဗ္ဗာန်။

ဝိညာဏဓာတ်ခြောက်ပါးကို "အပွင့်ဓာတ်"များဟု ခေါ်၏။

၁၃။ **စက္ခုဝိညာဏဓာတ်** = စက္ခုဝိညာဏ်ဒွေး၊

၁၄။ **သောတဝိညာဏဓာတ်** = သောတဝိညာဏ်ဒွေး၊

၁၅။ **ဃာနဝိညာဏဓာတ်** = ဃာနဝိညာဏ်ဒွေး၊

၁၆။ **ဇိဝှာဝိညာဏဓာတ်** = ဇိဝှာဝိညာဏ်ဒွေး၊

၁၇။ **ကာယဝိညာဏဓာတ်** = ကာယဝိညာဏ်ဒွေး၊

၁၈။ **မနောဝိညာဏဓာတ်** = ဒွေပဥ္စဝိညာဏ် ၁၀ နှင့် မနောဓာတ်သုံးပါးတို့မှ ကြွင်းသော စိတ် ၇၆ ပါး။

## သစ္စာလေးပါး

'သစ္စ' သဒ္ဒါသည် 'မှန်ကန်ခြင်း' ဟူသောအနက်ကို ဟော၏။

ဒုက္ခဟူ၍ဟောထားသော ရုပ်နာမ်တရားတို့သည် ကေန်အမှန် ဒုက္ခဖြစ်၏။ သမုဒယဟု ဟောထားသော တဏှာသည်လည်း ကေန်အမှန်ပင် ဒုက္ခ၏ အကြောင်း ဖြစ်၏။ နိရောဓဟုဟောထားသော ဒုက္ခချုပ်ငြိမ်းခြင်းနိဗ္ဗာန်သည်လည်း ကေန်အမှန် ပင် ဒုက္ခ၏ ချုပ်ရာမှန်၏။ နိရောဓဂါမိနီပဋိပဒါ = မဂ္ဂသစ္စာဟုဆိုလိုက်လျှင် ဆိုသည့် အတိုင်းပင် နိဗ္ဗာန်ရောက်ကြောင်းအကျင့်မှန်၏။ ဤသို့မှန်ကန်သောတရားကို 'သစ္စာ' ဟု ခေါ်၏။

တစ်ဖန် သစ္စာလေးပါးတို့သည် အရိယာပုဂ္ဂိုလ်များသာ ပိုင်ပိုင်နိုင်နိုင် သိအပ် သောကြောင့် '**အရိယသစ္စာလေးပါး**' ဟုခေါ်ဆိုရ၏။

အရိယသစ္စသည် လောက၌ မှန်သည်ဟု ယူဆထားကြသော သမုတိသစ္စာနှင့် မတူချေ။ ရှေးလူကြီးသူမတို့ သမုတ်ထားအပ်သည့်အတိုင်း 'ယောကျ်ား, မိန်းမ' ရှိ သည်ဟုဆိုလျှင် လောကအလိုအားဖြင့် မှန်ကန်သည်ဟု ယူဆရ၏။ သို့သော် တကယ် ခွဲခြမ်းစိတ်ဖြာစိစစ်ကြည့်လျှင် 'ယောကျ်ား, မိန်းမ' ဟူသော အထည်ဝတ္ထုတို့ကို ရှာ၍ မရ။ ရုပ်နာမ်အစုအဝေးကိုသာ တွေ့ရ၏။ ထို့ကြောင့် သမုတိသစ္စာသည် စိတ်ဖြာ စိစစ်ခြင်းကို မခံယူနိုင်။ အရိယသစ္စာကား စိစစ်လေ့လေ မှန်ကန်လေလေဖြစ်၏။

http://www.dhammadownload.com



| သဂြိုဟ်ပါဠိအခေါ် | ခေါ်ဝေါ်ရိုး | တရားကိုယ်နှင့်အဓိပ္ပာယ် |
|---|---|---|
| ၁။ ဒုက္ခအရိယသစ္စ | ဒုက္ခသစ္စာ | လောကီစိတ် ၈၁ ပါး, လောဘကြဉ်သော စေတသိက် ၅၁ ပါး, ရုပ် ၂၈ ပါး, ဤအလုံးစုံသော တေဘူမကတရားတို့ကို ဒုက္ခအမှန်ဖြစ်ခြင်းကြောင့် ဒုက္ခသစ္စာဟု ခေါ်၏။ |
| ၂။ ဒုက္ခသမုဒယ အရိယသစ္စ | သမုဒယသစ္စာ | တဏှာလောဘသည် ဒုက္ခဖြစ်စေသော အကြောင်းရင်းအမှန်ဖြစ်ခြင်းကြောင့် သမုဒယသစ္စာမည်၏။ |
| ၃။ ဒုက္ခနိရောဓ အရိယသစ္စ | နိရောဓသစ္စာ | နိဗ္ဗာန်သည် ဒုက္ခချုပ်ငြိမ်းရာအမှန် ဖြစ်ခြင်းကြောင်း နိရောဓသစ္စာမည်၏။ |
| ၄။ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ အရိယသစ္စ | မဂ္ဂသစ္စာ | မဂ်၌ယှဉ်သော မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မှန် ဖြစ်ခြင်းကြောင့် မဂ္ဂသစ္စာမည်၏။ |

ဤသစ္စာလေးပါးတွင် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့သည် လောကီသစ္စာများ ဖြစ်ကြ၏။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့သည် လောကုတ္တရာသစ္စာများ ဖြစ်ကြ၏။

သံသရာ၌ဖြစ်ရသော ရုပ်နာမ်ဟူသမျှသည် ဒုက္ခတရားချည်းသာတည်း။ ထို့ကြောင့် ဒုက္ခသစ္စာသည် သံသရာ၌ဖြစ်ရခြင်းဟူသော ပဝတ္တိသစ္စာတည်း။ မကောင်းသော အကျိုးသစ္စာလည်းဖြစ်၏။ သမုဒယသစ္စာသည် ထိုသံသရာဒုက္ခဟူသမျှ၏ ဖြစ်ရခြင်းအကြောင်းရင်း ပဝတ္တိဟေတုသစ္စာတည်း။ မကောင်းသောအကြောင်းသစ္စာလည်း ဖြစ်၏။

နိရောဓသစ္စာသည် သံသရာဒုက္ခ၏ချုပ်ငြိမ်းရာ နိဝတ္တိသစ္စာတည်း။ ကောင်းသောအကျိုးသစ္စာဖြစ်၏။ မဂ္ဂသစ္စာသည် ထိုနိဝတ္တိသို့ ရောက်ကြောင်း နိဝတ္တိဟေတုသစ္စာဖြစ်၏။ ကောင်းသောအကြောင်းသစ္စာလည်း ဟုတ်၏။

ဤသစ္စာလေးပါးဖြင့် မကောင်းသောအကျိုးအကြောင်း၊ ကောင်းသော အကျိုးအကြောင်းတို့ ပြည့်စုံပြီဖြစ်၍ ဤသစ္စာလေးပါးထက် ပို၍လည်းကောင်း၊ လျော့၍လည်းကောင်း ဘုရားရှင်အဆူဆူတို့ ဟောတော်မမူဘဲ ဤသစ္စာလေးပါးကိုသာ ဟောတော်မူကြကုန်၏။

http://www.dhammadownload.com



## သစ္စဝိမုတ်

ပရမတ္တလေးပါးတွင် လောကီစိတ်, စေတသိက်နှင့် နိဗ္ဗာန်တို့သည် လည်းကောင်း၊ မဂ်စိတ်၌ယှဉ်သော မဂ္ဂင်ရှစ်ပါးသည်လည်းကောင်း အသီးသီးသစ္စာမည်ကြလေပြီ။

မဂ်စိတ်တစ်ပါးပါးတွင် စေတသိက် ၃၆ ပါး ယှဉ်ကြရာ မဂ္ဂင်တရားကိုယ် ရှစ်ပါး (ပညာ, ဝိတက်, ဝိရတိ ၃, ဝီရိယ, သတိ, သမာဓိ) ကို နုတ်လိုက်လျှင် ၂၈ ပါး ကျန်၏။ ထို ၂၈ ပါးနှင့် မဂ်စိတ်ကို ပေါင်းလျှင် မဂ်စိတ္တုပ္ပါဒ် ၂၉ ပါးကို ရ၏။

ထို့ကြောင့် သောတာပတ္တိမဂ်စိတ္တုပ္ပါဒ် ၂၉၊ သကဒါဂါမိမဂ်စိတ္တုပ္ပါဒ် ၂၉၊ အနာဂါမိမဂ်စိတ္တုပ္ပါဒ် ၂၉၊ အရဟတ္တမဂ်စိတ္တုပ္ပါဒ် ၂၉ တို့သည် သစ္စာအရေအတွက်မှ လွတ်ကင်းသော **သစ္စာဝိမုတ်**ချည်း ဖြစ်ကြ၏။

ထို့ပြင် ဖိုလ်စိတ်လေးပါး၌ စေတသိက် ၃၆ ပါးစီ ယှဉ်ကြရာ သောတာပတ္တိဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါး၊ သကဒါဂါမိဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါး၊ အနာဂါမိဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါး၊ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါးတို့သည်လည်း သစ္စာဝိမုတ်များ ဖြစ်ကြ၏။

ဖိုလ်စိတ်၌ယှဉ်ကြသော မဂ္ဂင်တရားကိုယ်များသည် နိဗ္ဗာန်ရောက်ဖို့ရာအကြောင်း (မဂ္ဂ) မဟုတ်သောကြောင့် မဂ္ဂသစ္စာတွင် မပါဝင်နိုင်ကြပါ။

## သစ္စာလေးပါးမှ လွတ်သောတရား မရှိ

"သစ္စာလေးပါးမှလွတ်သော သိဖွယ်တရားသည် မရှိ" ဟူသော အဋ္ဌကထာများ၏ စကားအရဆိုလျှင် ပရမတ္ထတရားအားလုံးကို သစ္စာလေးပါး၌ ထိုက်သလို သွင်းယူရလိမ့်မည်။ ထို့ကြောင့် ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးကို မဂ္ဂင်ချင်း တူသောကြောင့် သဒိသူပစာရနည်းအရ မဂ္ဂသစ္စာ၌ သွင်းရာ၏။

ထိုမှကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉၊ ဖိုလ်စိတ္တုပ္ပါဒ် ၂၉ အသီးသီးတို့ကို 'သဗ္ဗေသင်္ခါရာ ဒုက္ခာ' အရ သင်္ခါရတရားတွင် ပါဝင်ပြီး သင်္ခါရဒုက္ခဖြစ်သောကြောင့် ဒုက္ခသစ္စာတွင် ထည့်သွင်းယူရာ၏။

## တဏှာအစစ် တစ်ရာ့ရှစ်

တဏှာသည် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ သုံးမျိုးရှိ၏။ ကာမတဏှာသည် ရူပါရုံစသော အာရုံခြောက်ပါးကို လိုလားတပ်မက်သောတဏှာဖြစ်၏။

ဘဝတဏှာသည် သဿတဒိဋ္ဌိနှင့် အတူတကွဖြစ်သောတဏှာဖြစ်၏။ သဿတဒိဋ္ဌိသည် ထာဝရတည်မြဲသောအတ္တကို ယုံကြည်၍ ဘဝသည် မပြတ်မစဲ အမြဲဖြစ်တတ်၏ဟု အယူမှားသော ဒိဋ္ဌိဖြစ်၏။ ထိုအယူမှားကို တပ်မက်တွယ်တာနေသော တဏှာသည် ဘဝတဏှာဖြစ်၏။

http://www.dhammadownload.com



ဝိဘဝတဏှာသည် ဥစ္ဆေဒဒိဋ္ဌိနှင့် အတူတကွဖြစ်သော တဏှာဖြစ်၏။ ဥစ္ဆေဒဒိဋ္ဌိသည် တစ်ဘဝပြီးဆုံးလျှင် ပြတ်စဲသည်ဟု အယူမှားသော ဒိဋ္ဌိဖြစ်၏။ ထိုအယူမှားကို တပ်မက်တွယ်တာနေသော တဏှာသည် ဝိဘဝတဏှာဖြစ်၏။

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ သုံးမျိုးကိုအခြေတည်၍ ထိုတဏှာတို့က အာရုံပြုသော အာရုံခြောက်ပါးဖြင့် မြှောက်ပွားလျှင် တဏှာ ၁၈ ပါးကို ရ၏။ ဤတဏှာ ၁၈ ပါးလုံးသည် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါး၌ရှိသော အာရုံများကို အာရုံပြုကြသဖြင့် ကာလသုံးပါးဖြင့် တစ်ဖန်မြှောက်ပွားလျှင် ၁၈ x ၃ = ၅၄ ပါး ရ၏။ ထို ၅၄ ပါးလုံးပင် မိမိသန္တာန်ကို အာရုံပြု၍လည်းကောင်း၊ သူများသန္တာန်ကို အာရုံပြု၍လည်းကောင်း ဖြစ်ရကား ထိုတဏှာ ၅၄ ပါးကို သန္တာန်နှစ်ပါးဖြင့် မြှောက်လျှင် ၁၀၈ ဖြစ်၏။ ဤကား တဏှာအစစ် ၁၀၈ ပါးပင်တည်း။

**ဆောင်ပုဒ်။** ။ "တဏှာသုံးတန်၊ အရင်းခံ၊ အာ, ကာ, သန်ဖြင့် မြှောက်"

တဏှာသုံးပါးကို အခြေခံ၍ အာ (အာရုံခြောက်ပါး)၊ ကာ (ကာလသုံးပါး)၊ သန် (သန္တာန်နှစ်ပါး) တို့ဖြင့် အဆင့်ဆင့်မြှောက်ပွားလျှင် တဏှာ ၁၀၈ ပါးကို ရ၏။

လေ့ကျင့်ရန် မေးခွန်းများ

၁။ အာသဝ, ဂန္ထ, ဥပါဒါန်တရားများကို ရေတွက်ပြ၍ အသီးသီး တရားကိုယ်အရ ကောက်ပြပါ။ (၁၉၇၈)

၂။ ကေတုတာသည် မည်သည့်စိတ်များနှင့်ယှဉ်ခိုက် မဂ္ဂင်ဟု ခေါ်ဆိုခြင်းငှာမထိုက်ပါသနည်း။ ထိုစိတ်များကို ရေတွက်ပြပါ။ (၁၉၇၈)
(အဟိတ်စိတ်များနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်)

၃။ ဗောဓိပက္ခိယသင်္ဂဟ၌ သတိစေတသိက်နှင့် ပညာစေတသိက်တို့ ပါဝင်သော ဌာနများကို ရေတွက်ပြပါ။ (၁၉၇၈)

၄။ စိတ်ကို ဓာတ်အားဖြင့်ရေတွက်ပြ၍ အရိယသစ္စာလေးပါးမှ လွတ်သောတရားများကို ရေတွက်ပြပါ။ (၁၉၇၈)

၅။ သင်္ဂြိုဟ်ကျမ်းလာ အကုသလသင်္ဂဟ ကိုးဌာနတို့တွင် လောဘစေတသိက်ကို ကောက်ရသောတရားများကို စုလင်စွာဖော်ပြပြီးလျှင် သံယောဇဉ်သာဖြစ်၍ ကိလေသာမဖြစ်သော စေတသိက်များကိုလည်း ရှင်းပြပါ။ (၁၉၇၉)

၆။ အကြီးအမှူးဖြစ်နိုင်သော အဓိပတိတရားလေးပါးကို ရေတွက်ပြ၍ စိတ္တာဓိပတိ၌ အဓိပတိဖြစ်ထိုက်သောစိတ်များကို ဖော်ပြခဲ့ပါ။ (၁၉၇၉)

၇။ ဗောဓိဉာဏ်၏ အင်္ဂါရပ်များဖြစ်ကြသော ဗောဇ္ဈင်ခုနစ်ပါးကို ရေတွက်ပြ၍ အဓိပ္ပာယ်ကိုလည်း တစ်ခုစီရှင်းလင်းရေးသားခဲ့ပါ။ (၁၉၇၉)

http://www.dhammadownload.com



၈။ အရေးအကြီးဆုံးဖြစ်သော သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာမည်သောတရား၊ သမုဒယသစ္စာမည်သောတရား၊ နိရောဓသစ္စာမည်သောတရား၊ မဂ္ဂသစ္စာမည်သောတရားများကို အသီးသီးညွှန်ပြခဲ့ပါ။ (၁၉၇၉)

၉။ ဥပါဒါန်တရားလေးပါးကို ဖော်ပြ၍ ငါ့အယူသာမှန်သည် ရှေးအယူတွေမမှန်ဟု တစ်ယူသန်စွဲလမ်းခြင်းသည် မည်သည့်ဥပါဒါန်မျိုးဖြစ်ကြောင်း ဖော်ပြခဲ့ပါ။ (၁၉၈၁)

၁၀။ လူတို့၌အမြဲတမ်း တည်ကိန်းနေသော အနုသယတရားများကို ဖော်ပြ၍ ထိုအနုသယတရားတို့၏ တရားကိုယ်များကိုလည်း ကောက်ပြခဲ့ပါ။ (၁၉၈၁)

၁၁။ ဣန္ဒြေရှိသည် ဣန္ဒြေမဲ့သည်ဟု ဆိုကြရာ၌ ဣန္ဒြေ ၂၂ ပါးတို့တွင် ရိုးရိုးလူ တစ်ဦးအား ရှိနိုင်သော ဣန္ဒြေများကို ရေတွက်ဖော်ပြပါ။ (၁၉၈၁)

၁၂။ အောက်ပါတရားများကို ဖြေဆိုပါ။

(က) ဒုစရိုက်သားတို့၏လက်သုံးဖြစ်သော မဂ္ဂင်လေးပါး၊ (ခ) ရှက်ကြောက်ကင်းငြား အကြမ်းဖက်သမားများ၏ ဗလစွမ်းအင်နှစ်ပါး။ (၁၉၈၃)

၁၃။ လူမှုဒုက္ခမှ ကင်းလွတ်ရန် သမ္မပ္ပဓာန် ဖွဲ့သန်သန်ဖြင့် အလုပ်လုပ်နေသော လူကောင်းလူတော်တစ်ယောက်၏ လုပ်ငန်းလေးရပ်ကို ဖြေဆိုပါ။ (၁၉၈၃)

၁၄။ အရိယာတို့သာ သိမြင်နိုင်သော သစ္စာလေးပါးအစစ်အမှန်တရား၏ တရားကိုယ် အစစ် တရားနှစ်ကို ဖော်ပြပါ။ (၁၉၈၃)

၁၅။ ပညာမျက်စိကို ဖုံးလွှမ်းတတ်သော တရားသရုပ်ကို အစဉ်ကျကျ ထုတ်ပြ၍ ကိလေသာ ၁၀ ပါးကိုလည်း ရေတွက်ပြပါ။ (၁၉၈၄)

၁၆။ စားဖွယ်သောက်ဖွယ်၌ ပါသော ဩဇာသည်သာ အာဟာရဖြစ်လေသလော။ အကယ်၍ တခြားအာဟာရများ ရှိခဲ့လျှင် ဖော်ပြ၍ ထိုအာဟာရတို့၏ တရားကိုယ်နှင့် စွမ်းဆောင်ချက်တို့ကိုလည်း အသီးသီးရေတွက်ပြပါ။ (၁၉၈၄)

၁၇။ လုပ်အားတန်ဖိုး မချစ်မြတ်နိုးသော လူပျင်းတစ်သိုက်၌ မရထိုက်သောတရားသရုပ်ကို အစဉ်ကျကျ ထုတ်ပြပါ။ (၁၉၈၄)

၁၈။ သတ္တဝါတို့ကို တုပ်နှောင်ရစ်ပတ် ထုံးဖွဲ့တတ်သော တရားများ မည်မျှရှိပါသနည်း။ သဘောပေါက်အောင် တစ်ပါးစီ ရှင်းလင်းရေးသားပါ။ (၁၉၈၅)

၁၉။ မဖြတ်နိုင်လောက်အောင် ဆေးလိပ်စွဲခြင်း၊ ကွမ်းစွဲခြင်း၊ မူးယစ်ဆေးဝါးစွဲခြင်းတို့သည် မည်သည့်ဥပါဒါန်မျိုးဖြစ်ပါသနည်း။ ဖော်ပြပြီးလျှင် သင် သိသမျှ ဥပါဒါန်တို့ကိုလည်း ဖြေဆိုပါ။ (၁၉၈၅)

http://www.dhammadownload.com



၂၀။ 'မိန်းမကောင်းဣန္ဒြေ ရွှေပေးလို့မရ'ဟူ၍ မြန်မာလေ့စကားပုံရှိရာ အဘိဓမ္မာနည်းအရ မိန်းကလေးများ ရကောင်းသောဣန္ဒြေတို့ကို (က) ရုပ်ဣန္ဒြေ၊ (ခ) နာမ်ဣန္ဒြေ၊ (ဂ) ရုပ်နာမ်ဣန္ဒြေအားဖြင့် အသီးသီးခွဲခြားပြပါ။ (၁၉၈၅)

၂၁။ အရိယာမဂ်ဟူသော ဗောဓိဉာဏ်၏ အဆောက်အအုံ အသင်းအပင်းဖြစ်သော တရားတို့ကို ဖော်ပြပြီးလျှင် ထိုတရားများ၌ပါဝင်သော ဧကဂ္ဂတာ(သမာဓိ) တရား၏ ဖြစ်ရာဌာနများကိုလည်း ဖြေဆိုပါ။ (၁၉၈၅)

၂၂။ သတ္တဝါတို့အား သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် အတင်းဖွဲ့နှောင်ရစ်ပတ်တွယ်တာစေတတ်သောတရားများကို သိသမျှထုတ်ပြ၍ ယင်းတရားများ၏ ပရမတ်အလို တရားကိုယ်များကိုလည်း ဖော်ပြပါ။ (၁၉၈၆)

၂၃။ လူ့လိမ္မာ လူသုံ့တော်ကောင်းဖြစ်စေရန် အဘယ်လမ်းကြောင်းပေါ် လျှောက်လှမ်းရမည်ကို ဖော်ပြ၍ ရဟန္တာပုဂ္ဂိုလ်သန္တာန်၌သာဖြစ်သော ဣန္ဒြေကိုလည်း ညွှန်ပြပါ။ (၁၉၈၆)

၂၄။ 'သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကိုမြင်သည်'ဟူသောစကားအရ မြူမှန်သမျှ မြင်နိုင်ရန် အဘယ်တရားများကို နှလုံးသွင်းရမည်နည်း။ ညွှန်ပြပါ။ (၁၉၈၆)

၂၅။ ဗောဓိမည်ငြား မြတ်တရား၏အစိတ်အပိုင်းဖြစ်သော တရားများကို ထုတ်ပြ၍ သက်ပွနှင့် ပီတိတို့မဖြစ်သော လောကုတ္တရာစိတ်များကိုလည်း ဖော်ပြပါ။ (၁၉၈၇)

၂၆။ မွန်မြတ်သန့်ရှင်း အပြစ်ကင်းသောအလုပ်များကို မလုပ်မိစေရန်နှင့် ကောင်းသောအကျိုးအာနိသင်များကို မရရှိစေရန် တားဆီးပိတ်ပင်တတ်သောတရားများကို ထုတ်ပြ၍ 'လိုတာမရ၊ ရတာမလို၊ မျက်ထားညိုကာ' စိတ်ညစ်နွမ်း ပူပန်နေသူ၌ ဖြစ်ပေါ်နေသောတရားများကိုလည်း ဖော်ပြပါ။ (၁၉၈၇)

၂၇။ အာရုံတစ်ပါး စိတ်မသွားဘဲ မိမိပြုလုပ်နေသောအမှုကိစ္စ၌သာ စူးစူးစိုက်စိုက် အာရုံဆိုက်ရောက်နေသူကို 'သည်လူ ဈာန်ဝင်နေသည်' ဟု လောက၌ ပြောတတ်ကြရာ အမှန်တကယ် 'ဈာန်ဝင်ခြင်း ဟုတ် မဟုတ် အဘိဓမ္မာသဘော စစ်ကြောဝေဖန်ပြပြီး ထိုဈာန်အစစ်၏ အင်္ဂါတို့ကိုလည်း ကုန်စင်အောင် ညွှန်ပြခဲ့ပါ။ (၁၉၈၇)

၂၈။ ပြည်တွင်း ပြည်ပရန်နှင့် ကိုယ်တွင်းကိုယ်ပ ရန်များကို မတုန်မလှုပ် နောက်မဆုတ်ဘဲ ခိုင်ခိုင်မြဲမြဲရပ်တည်ကာ တိုက်ဖျက်ချေမှုန်းသုတ်သင်နိုင်ရန် မည်သည့်တရားများ ဆောင်ထားရမည်ကို အဘိဓမ္မာလာသည့်အတိုင်း အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါ။ (၁၉၈၇)

http://www.dhammadownload.com



၂၉။ မကောင်းမှုကိုပယ်ရှောင်၊ ကောင်းမှုကိုသယ်ဆောင်လျက် ဤလူ့ဘောင်ဝယ် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မား ကြီးပွားချမ်းသာလိုသူတိုင်း အလိုရှိအပ်သော တရားဓမ္မများကို အတိအကျညွှန်ပြ၍ မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ကြောင်း မတိမ်းစောင်းသည့် လမ်းကောင်းအစစ်ကိုလည်း ညွှန်ပြပါ။ (၁၉၈၇)

**(၁၉၈၈ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ စာမေးပွဲမေးခွန်း အမေးအဖြေများကို ဤစာအုပ် နောက်ဆက်တွဲမှာ ကြည့်ပါ။)**

၃၀။ ရှာန်, မဂ်, ဖိုလ်ကို တားမြစ်ပိတ်ပင်တတ်သော တရားအစုကို ထုတ်ဖော်ပြ၍ ကိလေသာမမည်သော အကုသိုလ်တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။ (၁၉၉၃)

၃၁။ သတ္တဝါတို့၏ အကျိုးကို ထောက်ပံ့ဆောင်ရွက်နိုင်သော အာဟာရတရားကို အဓိပ္ပာယ်နှင့်တကွ ဖြေဆို၍ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ မရရှိနိုင်သည့် ဣန္ဒြေအမည်များကိုလည်း ထုတ်ဖော်ရေးသားခဲ့ပါ။ (၁၉၉၃)

၃၂။ 'ကြံတိုင်းအောင်, ဆောင်တိုင်းမြောက်၍၊ လိုရာဆန္ဒ ပြည့်ဝပါစေ' ဟူသော ဆုတောင်းမေတ္တာစကားသည် မည်သည့်ဗောဓိပက္ခိယတရားများကို ဆိုလိုပါသနည်း၊ ပြည့်စုံအောင်ဖြေကြား၍ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းများကိုလည်း ညွှန်ပြခဲ့ပါ။ (၁၉၉၃)

၃၃။ 'ပရမတ်အစစ် ဓာတ်အနှစ်' ဟူသော စကားအရ ကိုယ်စီကိုယ်င ကိုယ်ပိုင်လက္ခဏာရှိကြသော ပရမတ်အစစ်တရားတို့ကို ကောက်ပြ၍ မတူမတန် မာနထန်သူ၏ သန္တာန်၌ သံယောဇဉ် ရှိနိုင်, မရှိနိုင်ကိုလည်း ရှင်းလင်းဖြေဆိုပါ။ (၁၉၉၅)

၃၄။ 'မိန်းမကောင်းတို့ဣန္ဒြေ ရွှေပေးလို့မရ' ဟူ၍ မြန်မာ့ဓလေ့စကားပုံရှိရာ အဘိဓမ္မာနည်းအရ ပုထုဇဉ်မိန်းကလေး၌ ရနိုင်သော ဣန္ဒြေတို့ကို (က) ရုပ်ဣန္ဒြေ၊ (ခ) နာမ်ဣန္ဒြေ၊ (ဂ) ရုပ်နာမ်ဣန္ဒြေအားဖြင့် အသီးသီးခွဲခြားပြပါ။ (၁၉၉၅)

၃၅။ လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျ နေနိုင်ရေးအတွက် လူ့လပြုရမည့် နည်းလမ်းလေးသွယ်ကို ဖြေဆို၍ အဘိဓမ္မာပညာရှင်တို့ ဖြေဆိုနေသော စာမေးပွဲအဆင့်ဆင့်၌ 'ဖိုလ်စွဲ' လိုလျှင် မည်သည့်တရားများနှင့် ပြည့်စုံအောင် ပြုလုပ်ရမည်ကိုလည်း အဘိဓမ္မာပညာရှင်ပီပီ ဖြေဆိုပါ။ (၁၉၉၅)

၃၆။ နိဗ္ဗာန်ကို ခန္ဓာမပွဲ့ခြင်းအကြောင်းတို့ကိုရေး၍ မဂ်စိတ်၌ယှဉ်သော မဂ္ဂင်ရှစ်ပါးနှင့် ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင်ရှစ်ပါးတို့၏ ထူးခြားချက်ကိုလည်း ဖြေဆိုပါ။ (၁၉၉၅)

http://www.dhammadownload.com



၃၇။ ကိလေသာမမည်သော အကုသိုလ်တရားတို့ကို ကောက်ပြ၍ 'မဂ္ဂင်တရားတို့သည် သတ္တဝါတို့ကို အပါယ်သို့လည်း ပို့ဆောင်နိုင်သည်' ဟူသောစကား မှန်၊ မမှန် စိစစ်ပြပါ။ (၁၉၉၆)

၃၈။ ဈာန်မဂ်ဖိုလ်ရရန် အခြေခံနည်းလမ်းကောင်းတို့ကို ရေး၍ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကိုလည်း ညွှန်ပြပါ။ (၁၉၉၆)

၃၉။ အောက်ပါတို့ကို ခွဲခြား၍ ဖြေဆိုပါ။

(က) သေက္ခပုဂ္ဂိုလ်များနှင့်သာသက်ဆိုင်သော ဣန္ဒြေ၊

(ခ) အသေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေ။ (၁၉၉၆)

၄၀။ သမုစ္စည်းပိုင်း၌ ပြဆိုအပ်သော ၇၂ ပါးသော တရားတို့ကို ရေတွက်ပြ၍ မကောင်းမှုဒုစရိုက်ကျူးလွန်ရန် တွန်းအားပေးသော အကြောင်းတရားများကိုလည်း တရားကိုယ်နှင့်တကွ ဖော်ပြပါ။ (၁၉၉၇)

၄၁။ ကာမဘုံသားသတ္တဝါများ၏ ဘဝကို မလှုပ်ရှားနိုင်အောင် ချည်နှောင်ထားသော သံယောဇဉ်ကြိုး ငါးမျိုးကို ဖော်ပြ၍ သူခိုးစားပြတို့၌ ဖြစ်လေ့ဖြစ်ထ ရှိသော ဗလစွမ်းအားတို့ကိုလည်း တရားကိုယ်နှင့်တကွ ရေးခဲ့ပါ။ (၁၉၉၇)

၄၂။ ဒုစရိုက်သမားတစ်ဦး၏ ဒုစရိုက်လုပ်ငန်းအပေါ်၌ စိတ်စူးစိုက်နေစဉ် ငြိမ်သက်တည်ကြည်မှုမျိုးကို 'သမာဓိ' ဟု ခေါ်နိုင် မခေါ်နိုင် တရားကိုယ်ကောက်၍ ဆုံးဖြတ်ပြီးလျှင် ဈာန်ရအရိယာပုဂ္ဂိုလ်များ မဖြစ်နိုင်သော ဗောဓိပက္ခိယတရားများကိုလည်း ထင်ရှားပေါ်လွင်အောင် ဖော်ပြပါ။ (၁၉၉၇)

၄၃။ ဒိဋ္ဌိစေတသိက် တစ်ပါးတည်းကိုပင် 'သီလဗ္ဗတပရာမာသ' စသော အမည် အသီးသီးဖြင့် ဆိုရခြင်းအကြောင်းကို ဖော်ပြ၍ အောက်ပါတရားတို့၏ သရုပ်ကိုလည်း ဖြေဆိုပါ။

(က) နိဗ္ဗာန်ရရေးကို တားမြစ်ပိတ်ပင်တတ်သော တရား၊

(ခ) နိဗ္ဗာန်ရောက်ကြောင်းတရား။ (၁၉၉၈)

၄၄။ ပုထုဇဉ်နှင့်မသက်ဆိုင်သော ဣန္ဒြေများကို တရားကိုယ်နှင့်တကွ ဖော်ပြ၍ 'သတိမမှု ဂူမမြင်၊ သတိမူလျှင် မြူကိုပင် မြင်သည်' ဟူသော ဆိုရိုးစကားနှင့် အညီ သတိကောင်းစေရန် အားထုတ်ရမည့် တရားများကိုလည်း ဖြေဆိုပါ။ (၁၉၉၈)

၄၅။ ဓာတ် ၁၈ ပါး ပြားရခြင်း၏ အကြောင်းကို ဖြေဆို၍ သစ္စာမဖွဲ့သင့်သော ပရမတ္ထ တရားများကို ဖော်ပြပါ။ (၁၉၉၈)

http://www.dhammadownload.com



၄၆။ ယခုခေတ်၌ မပြတ်နိုင်လောက်အောင် ဆေးလိပ်စွဲခြင်း, ကွမ်းစွဲခြင်းတို့သည် မည်သည့်ဥပါဒါန်မျိုးဖြစ်သည်ကို ရေး၍ ယောဂီပုဂ္ဂိုလ်တို့သန္တာန်၌ ဈာန်တရားများ ဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သော ကိလေသာများကိုလည်း ဖြေဆိုပါ။ (၂၀၀၁)

၄၇။ ပုထုဇဉ်မိန်းကလေး၌ ရနိုင်သော ဣန္ဒြေတို့ကို (က) ရုပ်ဣန္ဒြေ၊ (ခ) နာမ်ဣန္ဒြေ အားဖြင့် ခွဲခြားပြပါ။ (၂၀၀၁)

၄၈။ နိဗ္ဗာန်ကို ခန္ဓာမပွဲ့ခြင်းအကြောင်းတို့ကို ရေး၍ မဂ်စိတ်၌ယှဉ်သော မဂ္ဂင်ရှစ်ပါးနှင့် ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင်ရှစ်ပါးတို့၏ ထူးခြားချက်ကိုလည်း ဖြေဆိုပါ။ (၂၀၀၁)

၄၉။ လူသားအားလုံးတို့သည် အချုပ်အားဖြင့် ရုပ်နာမ်ပရမတ္ထမျှသာဖြစ်၍ ယင်းပရမတ္ထတို့တွင် မိမိဆိုင်ရာလက္ခဏာဖြင့် အထည်ကိုယ်ဝတ္ထုရကောင်းသော ရုပ်နာမ်တို့ကို ရွေးချယ်စိစစ်ပြ၍ ဥပါဒါန်တို့၏ အမည်နှင့် တရားကိုယ်များကိုလည်း ယှဉ်တွဲပြပါ။ (၂၀၀၂)

၅၀။ (က) သုတ္တန်နည်းမှာသာ ပါ၍ အဘိဓမ္မာနည်း၌မပါသော သံယောဇဉ်တရားကိုယ်၊
(ခ) အဘိဓမ္မာနည်းမှာသာ ပါ၍ သုတ္တန်နည်း၌မပါသော သံယောဇဉ်တရားကိုယ်၊
(ဂ) နှစ်နည်းလုံးမှာပါသော သံယောဇဉ်တရားကိုယ်တို့ကို အဘိဓမ္မာပညာရှင်ပီပီ စိစစ်ပြပါ။ (၂၀၀၂)

၅၁။ ဘဝကြီးငယ်သို့ သွားရောက်ကြောင်း ခရီးလမ်းဖြစ်သည့် မဂ္ဂင်တရားစု၌ ဒုဂ္ဂတိဘဝသို့ လားရောက်ကြောင်း ခရီးလမ်းဖြစ်သည့် တရားစုတို့ကို ရွေးချယ်ပြ၍ မဂ္ဂင်မရအပ်သော စိတ်တို့ကိုလည်း ဖြေဆိုပါ။ (၂၀၀၂)

၅၂။ လောကသံသရာဘဝနှစ်ဖြာတွင် အထက်တန်းကျကျ နေနိုင်ရေးအတွက် လုံ့လပြုရမည့် နည်းလမ်းလေးသွယ်ကို ဖြေဆို၍ သစ္စာလေးပါးကို (က) အကြောင်းသစ္စာ၊ (ခ) အကျိုးသစ္စာအားဖြင့် ခွဲခြားပြပါ။ (၂၀၀၂)

၅၃။ 'သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကိုမြင်သည်' ဟူသောစကားအရ မြူနှင့်တူသော အာရုံများကို မြင်နိုင်ရန် အဘယ်တရားများကို နှလုံးသွင်းရမည်ကို ဖြေဆိုပါ။ (၂၀၀၃)

၅၄။ ဓာတ် ၁၈ ပါး ပြားရခြင်းအကြောင်းကို ဖြေဆို၍၊ ၎င်းဓာတ် ၁၈ ပါးကိုလည်း (က) ရုပ်ဓာတ်၊ (ခ) နာမ်ဓာတ်၊ (ဂ) ရုပ်နာမ်နှစ်ပါးဆိုင်သော ဓာတ်အားဖြင့် ခွဲခြားပြပါ။ (၂၀၀၃)

http://www.dhammadownload.com

အခန်း (၈)

# ပစ္စည်းပိုင်း

## ပစ္စည်း - ပစ္စယုပ္ပန်

'ပစ္စယ'ဟူသော ပါဠိသဒ္ဒါကို မြန်မာလို 'ပစ္စည်း'ဟု ခေါ်၏။ အဓိပ္ပာယ်မှာ 'ဆိုင်ရာအကျိုးများ၏ အကြောင်း' ဖြစ်၏။

ဤလောက၌ 'ပစ္စည်း'ဟု ခေါ်ဝေါ်ကြသော ရွှေငွေရတနာစသောဥစ္စာသည် ဥစ္စာရှင်အား အကျိုးပြု၏။ ထို့ကြောင့် ဆိုင်ရာအကျိုးကိုပေးတတ်သောအကြောင်းတရားကို 'ပစ္စယ = ပစ္စည်း'ဟု ခေါ်၏။

'ပစ္စယုပ္ပန္န'ဟူသော ပါဠိသဒ္ဒါကို မြန်မာလို 'ပစ္စယုပ္ပန်'ဟု ခေါ်၏။ အဓိပ္ပာယ်မှာ 'အကြောင်းတရားကြောင့်ဖြစ်သော အကျိုးတရား'တည်း။

ထို့ကြောင့် ပစ္စည်းသည် အကြောင်းတရားဖြစ်၍ ပစ္စယုပ္ပန်သည် အကျိုးတရားဖြစ်၏။

လောကဝယ် 'အထက်လူကြီးတစ်ဦးက အောက်လူငယ်တစ်ဦးအား ကျေးဇူးပြုထားသည်'ဟုဆိုရာ၌ (၁) အခြေအနေမရှိသေးသော ထိုလူငယ်အား အခြေအနေဖြစ်အောင် တည်ထောင်ပေးခြင်းနှင့် (၂) ရှိပြီးသောအခြေအနေကို တည်တံ့အောင် တိုးတက်အောင် ထောက်ပံ့ကူညီပေးခြင်းတို့ကို ဆိုလို၏။

ထို့အတူ 'ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသည်'ဟု ဆိုရာ၌ (၁) မဖြစ်သေးသော ပစ္စယုပ္ပန်အကျိုးတရားတို့ကို ဖြစ်စေခြင်း၊ (၂) ဖြစ်ပြီးသော ပစ္စယုပ္ပန်အကျိုးတရားတို့ကို တည်တံ့ခိုင်မြဲအောင် ထောက်ပံ့ခြင်းတို့ကို ဆိုလို၏။

ဤပစ္စည်းပိုင်းတွင် သဘာဝဓမ္မများဖြစ်ကြသော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တရားတို့၏ အကြောင်းအကျိုးဆက်သွယ်ပုံကိုလည်းကောင်း၊ အကျိုးတရားများ ဖြစ်ပွားလောက်အောင် အကြောင်းတရားတို့၌ သတ္တိစွမ်းရည်ရှိပုံကိုလည်းကောင်း တင်ပြမည် ဖြစ်၏။

http://www.dhammadownload.com



## ကျေးဇူးပြုနည်း နှစ်မျိုး

၁။ ပဋိစ္စသမုပ္ပါဒ်နည်း။ ။ 'အဝိဇ္ဇာပစ္စယာသင်္ခါရာ သင်္ခါရပစ္စယာဝိညာဏံ၊ ပေ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ'။

'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'သည် အဝိဇ္ဇာဟူသော ပစ္စည်းတရားကြောင့် သင်္ခါရဟူသည့် ပစ္စယုပ္ပန်တရားဖြစ်သည်ကိုပြ၏။ 'သင်္ခါရပစ္စယာဝိညာဏံ'သည် သင်္ခါရဟူသော ပစ္စည်းတရားကြောင့် ဝိညာဏ်ဟူသည့် ပစ္စယုပ္ပန်တရားဖြစ်သည်ကို ပြ၏။

ပဋိစ္စသမုပ္ပါဒ်နည်းသည် ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့၏ အကြောင်းအကျိုး ဆက်နွှယ်မှုကိုသာ ပြ၏။ 'မည်သည့်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်'ဟူသော ပစ္စယသတ္တိထူးကို မပြချေ။

၂။ ပဋ္ဌာန်းနည်း။ ။ 'ဟေတု ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော...'

ဤပဋ္ဌာန်းပါဠိတွင် 'ဟေတု'ဖြင့် ပစ္စည်းကို ပြ၏။ 'ဟေတုသမ္ပယုတ္တကာနံ၊ ပေ၊ ရူပါနံ'ဖြင့် ပစ္စယုပ္ပန်ကို ပြ၏။ 'ဟေတုပစ္စယေန'ဖြင့် ဟေတုပစ္စယသတ္တိကို ပြ၏။

ထို့ကြောင့် ပဋ္ဌာန်းနည်းသည် ပစ္စည်း – ပစ္စယုပ္ပန်တို့ကိုသာမက ပစ္စယသတ္တိထူးကိုပါ သေသေချာချာထုတ်ဖော်ပြ၏။

## သင်္ခတနှင့် အသင်္ခတအခွဲ

ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်စီရင်အပ်သည့် ရုပ်နာမ်တရားတို့ကို သင်္ခတဟု ခေါ်၏။

ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်စီရင်ခြင်းမရှိသည့်တရားတို့ကို အသင်္ခတဟုခေါ်၏။ နိဗ္ဗာန်သည် အသင်္ခတတရားဖြစ်၏။

ပစ္စည်းတရား၌ သင်္ခတတရားများ၊ အသင်္ခတဖြစ်သော နိဗ္ဗာန်နှင့် ပညတ်တရားများ ပါဝင်ကြ၏။

ပစ္စယုပ္ပန်တရား၌ သင်္ခတတရားများသာ ပါဝင်ကြ၏။

## ပဋိစ္စသမုပ္ပါဒ်နည်း

အကြောင်းပစ္စည်းတရားကို အစွဲပြု၍ အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ပေါ်လာပုံကို ပြသောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းဖြစ်၏။

### ၁။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ

သိထိုက်သည်ကို မသိ၊ မသိထိုက်သည်ကိုသိသော အဝိဇ္ဇာတရားကြောင့် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတည်းဟူသော သင်္ခါရတရားတို့သည် ဖြစ်ပေါ်လာကြကုန်၏။

http://www.dhammadownload.com



အဝိဇ္ဇာ = အ + ဝိဇ္ဇာ = ဆန့်ကျင်ဘက် + ဉာဏ်

'ဉာဏ်၏ဆန့်ကျင်ဘက်တရား' ကိုအဝိဇ္ဇာဟု ခေါ်၏။ တရားကိုယ်မှာအကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သော မောဟဖြစ်၏။

အဝိဇ္ဇာဟူသည့်မောဟက အမှန်သဘောကိုမသိအောင် ဖုံးကွယ်ထားသော တရားရှစ်ဌာနမှာ (၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊ (၃) နိရောဓသစ္စာ၊ (၄) မဂ္ဂသစ္စာ၊ (၅) အတိတ်၌ဖြစ်ခဲ့သော ခန္ဓာအာယတနဓာတ်အဖို့ အစုဖြစ်သည့် ပုဗ္ဗန္တ၊ (၆) အနာဂတ်၌ဖြစ်မည့် ခန္ဓာအာယတနဓာတ်အဖို့ အစုဖြစ်သော အပရန္တ၊ (၇) ထိုရှေ့နောက်နှစ်ပါး၌ ဖြစ်သော ပုဗ္ဗန္တာပရန္တနှင့် (၈) ပဋိစ္စသမုပ္ပါဒ်တရားတော်တို့ ဖြစ်ကြ၏။

ဤရှစ်ဌာနနှင့်ဆိုင်သော တရားတို့ကို မသိခြင်းသည်သာ 'အဝိဇ္ဇာ' မည်၏။

အလွန်နက်နဲ၍ ဉာဏ်ကြီးရှင်တို့သာသိမြင်နိုင်သောအကြောင်းအရာ အချက်အလက်များကို ပိုင်ပိုင်နိုင်နိုင်မသိခြင်းသည် အဝိဇ္ဇာမဟုတ်၊ မိမိဉာဏ်၏သတ္တိညံ့ဖျင်းမှုသာဖြစ်၏။ ဥပမာဆိုသော် နေ့ခင်းကြောင်တောင်တွင် နေအလင်းရောင်ရှိပါသော်လည်း ရုပ်ဝေးဒေသကို လှမ်း၍မမြင်နိုင်ခြင်းသည် အမှောင်၏ကာကွယ်မှုကြောင့်မဟုတ်၊ မိသစက္ခု ခေါ် ပကတိမျက်စိ၏ စွမ်းအားပျော့ညံ့မှုကြောင့် ဖြစ်သကဲ့သို့တည်း။

သင်္ခါရဟူသည်မှာ ယခုဘဝ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများနှင့် နောက်ဘဝအတွက် အကျိုးဝိပါက်များကို ပြုစီမံတတ်သော ကံတရားဖြစ်၏။ တရားကိုယ်များမှာ လောကီကုသိုလ်စိတ် ၁၇ ပါးနှင့် အကုသိုလ်စိတ် ၁၂ ပါးတို့၌ ယှဉ်သော စေတနာ ၂၉ ပါးတို့ ဖြစ်ကြ၏။

မဟာကုသိုလ်စိတ် ရှစ်ပါး၊ ရူပါဝစရကုသိုလ်စိတ် ငါးပါးတို့၌ယှဉ်သော စေတနာ ၁၃ ပါးကို '**ပုညာဘိသင်္ခါရ**' ဟု ခေါ်၏။

ပုညာဘိသင်္ခါရ = ပုည + အဘိသင်္ခါရ

= ကုသိုလ် + ပြုစီမံတတ်သော တရား။

အကုသိုလ်စိတ် ၁၂ ပါး၌ ယှဉ်သော စေတနာ ၁၂ ပါးကို '**အပုညာဘိသင်္ခါရ**' ဟု ခေါ်၏။

အပုညာဘိသင်္ခါရ = အပုည + အဘိသင်္ခါရ

= အကုသိုလ် + ပြုစီမံတတ်သောတရား။

အရူပါဝစရကုသိုလ်စိတ်လေးပါး၌ယှဉ်သော စေတနာလေးပါးကို '**အာနေဉ္ဇာဘိသင်္ခါရ**' ဟု ခေါ်၏။

အာနေဉ္ဇာဘိသင်္ခါရ = အာနေဉ္ဇ + အဘိသင်္ခါရ

= မတုန်လှုပ်ခြင်း + ပြုစီမံတတ်သောတရား။

အရူပဈာန်များသည် သမာဓိအားကောင်းကြသဖြင့် ဆန့်ကျင်ဘက်တရားတို့

http://www.dhammadownload.com



ကြောင့် မလှုပ်ရှား မယိမ်းယိုင်, မြဲခိုင်ကြသည့်အတွက် အာနေဉ္ဇမည်၏။

ကံပြုပုံ။ ။ သတ္တဝါတို့သည် အဝိဇ္ဇာတည်းဟူသော အသိမိုက်မဲမှုကြောင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရတို့ကို ပြုစီမံကြကုန်၏။

မသိနားမလည်သော ကလေးငယ်သည် မစင်များကို ပျော်ရွှင်စွာ ကစားနေသကဲ့သို့ အဝိဇ္ဇာဖုံးလွှမ်းထားသည်ဖြစ်၍ အကုသိုလ် အကျိုးအပြစ်များကို မမြင်နိုင်သောသူသည် ညှဉ်းဆဲသတ်ဖြတ်ခြင်းစသည့် ပါဏာတိပါတမှုများကို ပျော်ရွှင်စွာ ပြုမိ၏။ အချို့သူတို့သည် အပြစ်ကို လုံးလုံးမသိသဖြင့် အကုသိုလ်ကံကို ပြုကြ၏။ အချို့မှု ပင်ကိုက အပြစ်ကိုသိသော်လည်း လောဘ, ဒေါသဖြစ်လာသောအခါ ယှဉ်တွဲလျက်ပါလာသော အဝိဇ္ဇာက ရုတ်တရက်ဖုံးလွှမ်းလိုက်သဖြင့် အပြစ်ကို မမြင်နိုင်တော့ဘဲ အကုသိုလ်ကံကို ပြုမိကြ၏။

အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရတို့ကိုပြုမိသည့်အကြောင်းကား ရုပ်နာမ်ဟူသမျှ ဒုက္ခတရားဖြစ်သည်ကို မသိမြင်၍ဖြစ်၏။ ရုပ်နာမ်ရှိလျှင် ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဟူသော ရိုးရာဒုက္ခကြီးများနှင့် မကင်းနိုင်။ စည်းစိမ်ဥစ္စာ ဆွေမျိုးဉာတကာပျက်စီးခြင်း, ချစ်သူများနှင့် ကွေကွင်းရခြင်း, မချစ်သူတို့နှင့် ဆုံစည်းရခြင်း, အလိုဆန္ဒမပြည့်စုံနိုင်ခြင်း စသော ဒုက္ခတရားများသည် လူချမ်းသာဟူသည့် လူ့ဘုံတွင် လွှမ်းမိုးလျက်ရှိကြ၏။ နတ်ပြည်ဗြဟ္မာ့ပြည်တို့၌ ဒုက္ခနည်းပါးသည်ဟု ဆိုရသော်လည်း ကြီးကျယ်သည့် စည်းစိမ်ချမ်းသာများ ပျက်စီးလုနီးသောအချိန်၌ စည်းစိမ်ကြီးမားသလောက် ဒုက္ခမီးတောက်ကြရ၏။ ကမ္ဘာပေါင်းများစွာ ဈာန်ချမ်းသာနှင့် ပျော်ပိုက်နိုင်ကြလင့်ကစား အရူပဗြဟ္မာကြီးများသည် ကံကုန်သည့်အခါ၌ စုတေပျက်စီးရခြင်းဟူသော ဝိပရိဏာမဒုက္ခနှင့် မုချမသွေ ရင်ဆိုင်ကြရ၏။

ထို့ကြောင့် လူ, နတ်, ဗြဟ္မာတို့ ရအပ်သော သုခချမ်းသာတို့ဟူသမျှသည် 'မြွေပွေးကို ခါးပိုက်ပိုက်ထားရသလို' တစ်နေ့နေ့တွင် ကောန်ဒုက္ခပေးမည့် ဒုက္ခလောင်းချည်းသာ ဖြစ်ကြ၏။ ဤအဖြစ်ကိုသတိမမူမိကြသော သတိမူမိလျှင်လည်းပြောပလောက်သည့်ဒုက္ခဟုမထင်မှတ်မိကြသော ပုထုဇဉ်တို့သည် 'ပျားရည်လိမ်းထားသည့်သံလျက်သွားကို အမှောင်ထဲ၌ လျှာဖြင့် လျက်မှားမိသကဲ့သို့' အဝိဇ္ဇာအမှောင်တိုက်တွင် ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရတို့ကို အားပါးတရပြုမိကြလေ၏။

၂။ သင်္ခါရပစ္စယာ-ဝိညာဏံ

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ဟုဆိုရာ၌ 'သင်္ခါရ' အရ အပုညာဘိသင်္ခါရ, ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရတို့ကို ယူရ၏။ 'ဝိညာဏ်' အရ ပဋိသန္ဓေဝိညာဏ်ကို ဆိုလိုသော်လည်း ပဝတ္တိအခါ၌ဖြစ်ကြသော လောကီဝိပါက်စိတ်များကိုလည်း ထည့်သွင်းယူရမည်။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်တရားတော်သည် ဝဋ်တရားတို့၏ လည်ပတ်ပုံကိုပြသောတရားဖြစ်ခြင်းကြောင့် 'ဝိညာဏ်အရကောက်တွင် လောကုတ္တရာဝိပါက်ဝိညာဏ်များကို မထည့်သွင်းနိုင်ပါ။ လောကီဝိပါက် ၃၂ ပါးကိုသာ ထည့်သွင်းရမည်။'

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံမှာ–

(၁) အပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက်ဝိညာဏ် ခုနစ်ပါးဖြစ်၏။

(၂) ပုညာဘိသင်္ခါရကြောင့် အဟိတ်ကုသလဝိပါက် ရှစ်ပါး, မဟာဝိပါက် ရှစ်ပါးနှင့် ရူပါဝစရဝိပါက်ငါးပါး, ပေါင်း ဝိပါက်ဝိညာဏ် ၂၁ ပါး ဖြစ်၏။

(၃) အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပါဝစရဝိပါက်ဝိညာဏ် လေးပါးဖြစ်၏။

**၃။ ဝိညာဏပစ္စယာ နာမရူပံ**

ဝိညာဏ်ကြောင့် နာမ်ရုပ်တို့ဖြစ်သည်ဆိုရာ၌ ဝိညာဏ်အဖြစ် ရှေးရှေးဘဝက ပြုခဲ့သော ကမ္မဝိညာဏ်နှင့် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ဝိပါက်ဝိညာဏ်များကို ကောက်ယူရမည်။

စေတနာတည်းဟူသောကံနှင့် ယှဉ်သည့်စိတ်ကို ကမ္မဝိညာဏ်ဟု ခေါ်၏။

(သင်္ခါရပစ္စယာဝိညာဏံ၌ယူသော အကျိုးဝိညာဏ်နှင့် ဤဝိညာဏပစ္စယာ၌ ယူသော အကြောင်းဝိညာဏ်တို့၏ အရကောက်များ ကွဲပြားကြသည်ကို သတိပြုပါ။)

'နာမရူပံ'၌ နာမအရ ဝိပါက်ဝိညာဏ်နှင့်ယှဉ်သော စေတသိက်များ (နာမ်ခန္ဓာသုံးပါး) ကို ကောက်၍ ရူပအရ ကမ္မဇရုပ်ကိုသာ ကောက်ယူရာ၏။

သို့ဖြစ်၍ ရှေးရှေးဘဝက ပြုခဲ့သော ကမ္မဝိညာဏ်နှင့် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ဝိပါက်ဝိညာဏ်များကြောင့် ဝိပါက်ဝိညာဏ်နှင့်ယှဉ်သည့် စေတသိက်နာမ်ခန္ဓာသုံးပါးနှင့် ကမ္မဇရုပ်တို့ ဖြစ်ပေါ်ကြ၏။

ထိုစေတသိက်နာမ်ခန္ဓာ သုံးပါးမှာ လောကီဝိပါက်စိတ် ၃၂ ပါးနှင့်ယှဉ်သော အကုသိုလ်, ဝိရတီကြဉ်သည့် စေတသိက် ၃၅ ပါးဖြစ်ကြ၏။ ကမ္မဇရုပ်အရေအတွက်မှာ ၁၈ ပါးရှိ၏။

**၄။ နာမရူပပစ္စယာ သဠာယတနံ**

နာမ်ရုပ်ကြောင့် သဠာယတနဖြစ်သည်ဆိုရာဝယ် နာမ်ရုပ်အဖြစ် လောကီဝိပါက် ၃၂ ပါး၌ယှဉ်သော စေတသိက် ၃၅ ပါး (စေတသိက်နာမ်ခန္ဓာသုံးပါး) နှင့် ကမ္မဇရုပ် ၁၈ ပါးတို့ကိုပင် ကောက်ယူရမည်။ သဠာယတနအဖြစ် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတနတည်းဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါးကို ယူရမည်။ ပထမ အာယတနငါးပါးသည် စက္ခုပသာဒ, သောတပသာဒ စသည့် ရုပ်အာယတနများဖြစ်ကြသဖြင့် ပဉ္စဝေါကာရဘုံ (ရုပ်နာမ် ခန္ဓာငါးပါးရှိသောဘုံ) တို့၌သာ ဖြစ်ပေါ်နိုင်ကြ၏။ ရုပ်မရှိသော အရူပဘုံများ၌ မဖြစ်နိုင်ကြချေ။

http://www.dhammadownload.com



မနာယတနတွင် လောကီဝိပါက်စိတ် ၃၂ ပါးကိုသာ ကောက်ယူရမည်။ ဝိညာဏ်ကြောင့် စေတသိက်နာမ်ဖြစ်ပြီး စေတသိက်နာမ်ကြောင့် မနာယတနဟူသော ဝိညာဏ်ဖြစ်ရကား စိတ်နှင့် စေတသိက်တို့ အညမညသတ္တိဖြင့် ကျေးဇူးပြုကြခြင်းပင်တည်း။

**၅။ သဠာယတနပစ္စယာဖဿော**

သဠာယတနကြောင့် ဖဿဖြစ်သည်ဆိုရာ၌ သဠာယတနအရ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတနဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါးကိုပင် ယူရမည်။ ဖဿအရ လောကီဝိပါက်စိတ် ၃၂ ပါး၌ ယှဉ်သော ဖဿစေတသိက်ကို ကောက်ရမည်။

စက္ခာယတနကြောင့် စက္ခုသမ္ဖဿဖြစ်၏။ သောတာယတနကြောင့် သောတသမ္ဖဿဖြစ်၏။ ဃာနာယတနကြောင့် ဃာနသမ္ဖဿဖြစ်၏။ ဇိဝှာယတနကြောင့် ဇိဝှာသမ္ဖဿဖြစ်၏။ ကာယာယတနကြောင့် ကာယသမ္ဖဿဖြစ်၏။ မနာယတနကြောင့် မနောသမ္ဖဿဖြစ်၏။ သမ္ဖဿသည် ဖဿနှင့် အနက်တူ၏။

**၆။ ဖဿပစ္စယာ ဝေဒနာ**

ဖဿကြောင့် ဝေဒနာဖြစ်သည်ဆိုရာဝယ် ဖဿအဖြစ် လောကီဝိပါက်စိတ် ၃၂ ပါး၌ ယှဉ်သော ဖဿစေတသိက်ကို ကောက်ယူရမည်။ ဝေဒနာအရ ထိုလောကီဝိပါက်စိတ် ၃၂ ပါး၌ယှဉ်သော ဝေဒနာစေတသိက်ကို ကောက်ယူရမည်။

စက္ခုသမ္ဖဿကြောင့် စက္ခုသမ္ဖဿဇာဝေဒနာဖြစ်၏။ သောတသမ္ဖဿကြောင့် သောတသမ္ဖဿဇာဝေဒနာဖြစ်၏။ ဃာနသမ္ဖဿကြောင့် ဃာနသမ္ဖဿဇာဝေဒနာဖြစ်၏။ ဇိဝှာသမ္ဖဿကြောင့် ဇိဝှာသမ္ဖဿဇာဝေဒနာဖြစ်၏။ ကာယသမ္ဖဿကြောင့် ကာယသမ္ဖဿဇာဝေဒနာဖြစ်၏။ မနောသမ္ဖဿကြောင့် မနောသမ္ဖဿဇာ ဝေဒနာဖြစ်၏။

**၇။ ဝေဒနာပစ္စယာ တဏှာ**

ဝေဒနာကြောင့် တဏှာဖြစ်သည်ဆိုရာဝယ် ဝေဒနာအဖြစ် ယခင်ကောက်ခဲ့သော ဝေဒနာ (လောကီဝိပါက်စိတ် ၃၂ ပါးတို့၌ ယှဉ်သော ဝေဒနာ) ကို ကောက်ယူရမည်။ တဏှာအရ လောဘမူစိတ် ၈ပါး၌ရှိသော လောဘစေတသိက်ကို ကောက်ယူရမည်။

ဝေဒနာခြောက်ပါးကြောင့် ဖြစ်ပေါ်ကြသော တဏှာတို့မှာ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာတို့ ဖြစ်ကြ၏။ အာရုံခြောက်ပါး၌နှစ်သက်သာယာသော တဏှာတို့တည်း။ ရူပတဏှာသည် ရူပါရုံကို နှစ်သက်သာယာ၏၊ သဒ္ဒတဏှာသည် သဒ္ဒါရုံကို နှစ်သက်သာယာ၏ စသည်ဖြင့် သိပါ။

http://www.dhammadownload.com



ဆိုခဲ့ပြီးသော တဏှာခြောက်ပါးကို ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ သုံးပါးဖြင့် မြှောက်၍ ထို့နောက် သန္တာန်နှစ်ပါးဖြင့် မြှောက်လျက် ထို့နောက်ကာလ သုံးပါးဖြင့် မြှောက်လျှင် တဏှာအစစ် ၁၀၈ ပါးကို ရ၏။

## ဝေဒနာကြောင့် တဏှာဖြစ်ပုံ

'တပ်မက်မှုတဏှာသည် ခံစားမှုဝေဒနာကို အစွဲပြု၍ဖြစ်၏။ သတ္တဝါတို့သည် မိမိတို့ခံစားဖူးသောအာရုံ၌ တပ်မက်သည်သာ များ၏။ မခံစားဖူးသောအာရုံ၌ တဏှာ ဖြစ်ခဲ၏။ ရူပါရုံကို နှစ်သက်သည်ဟုဆိုရာ၌ စင်စစ်တွင် ထိုအာရုံကို မြင်ရသောအခါ သာယာခြင်းကို ခံစားတတ်သော သုခဝေဒနာဖြစ်၏။ ထိုသုခဝေဒနာကို တဏှာက တပ်မက်၏။ ထိုသုခကို တပ်မက်လျှင် ထိုသုခကိုဖြစ်စေသော အာရုံကိုလည်း တပ်မက် ပြီး ဖြစ်တော့၏။ ထို့ကြောင့် တဏှာသည် ခံစားမှုဝေဒနာကြောင့်ဖြစ်၏'ဟု ဆိုရ၏။

ဆက်ဦးအံ့။ ဒုက္ခဝေဒနာကို ခံစားခိုက်တွင် 'ဒီဒုက္ခက လွန်မြောက်ပြီး ဘယ် တော့များ ချမ်းသာသုခကို ခံစားရပါ့မလဲ'ဟု သုခကိုလည်းကောင်း၊ သုခဖြစ်စေမည့် အာရုံကိုလည်းကောင်း တဏှာဖြင့် တောင့်တကြ၏။

သုခဖြစ်နေခိုက်တွင် ထိုသုခကို တဏှာဖြင့် သာယာသည့်အပြင် ထို့ထက် သာ လွန်သော သုခကို တဏှာက မျှော်လင့်တောင့်တပြန်၏။ ဥပေက္ခာဝေဒနာသည် ငြိမ် သက်အေးမြသဖြင့် သုခနှင့် သဘောတူ၏။

ထို့ကြောင့် ဒုက္ခ, သုခ, ဥပေက္ခာဟူသော ဝေဒနာသုံးပါးကြောင့် တဏှာအမျိုးမျိုး ဖြစ်ပေါ်ရသည်။ ထိုတွင် စက္ခုသမ္ဖဿဇာဝေဒနာ စသည်ကြောင့် ရူပါရုံစသည်ကို နှစ်သက်တောင့်တသော ရူပတဏှာဖြစ်၏၊ မနောသမ္ဖဿဇာဝေဒနာကြောင့် ဓမ္မာရုံ ကို နှစ်သက်တောင့်တသော ဓမ္မတဏှာ ဖြစ်၏။

**၈။ တဏှာပစ္စယာ ဥပါဒါန်**

တဏှာကြောင့် ဥပါဒါန်ဖြစ်သည်ဆိုရာ၌ တဏှာသည် ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာတို့ ဖြစ်ကြ၏။ ဥပါဒါန်အရ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဟူသည့် ဥပါဒါန် လေး ပါးကို ယူရမည်။

ဥပါဒါန်လေးပါးတို့၏ သရုပ်နှင့် တရားကိုယ်များကို သမုစ္စည်းပိုင်း၌ ဖော်ပြခဲ့ ပြီး ဖြစ်၏။

ဤတွင် ကာမုပါဒါန်သည် တဏှာလောဘပင်ဖြစ်ရကား အကြောင်းတဏှာ နှင့် အကျိုးကာမုပါဒါန်တို့ မည်သို့ထူးခြားသနည်းဟု မေးဖွယ်ရာရှိ၏။

အဖြေကား (၁) အချင်းချင်းထောက်ဆ၍ ရှေးကျပြီး အားသေးသော လိုချင်

http://www.dhammadownload.com



တပ်မက်မှုသည် တဏှာဖြစ်၏။ နောက်ကျ၍ အားကြီးသော လိုချင်တပ်မက်မှုသည် ဥပါဒါန်မည်၏။

(၂) ကေစိဆရာတို့က တစ်စုံတစ်ခုသောအာရုံကို မရသေးခင် လိုချင်တောင့်တမှုသည် တဏှာမည်၏။ 'ရရှိပြီးနောက် စုံစုံမက်မက် နှစ်သက်စွဲလမ်းမှုသည် ကာမုပါဒါန် မည်၏' ဟုဆိုကြ၏။

(၃) ထို့အပြင် တဏှာသည် အပ္ပိစ္ဆတာ (အလိုနည်းမှု) ၏ ဆန့်ကျင်ဘက် ဖြစ်၏။ ကာမုပါဒါန်သည် သန္တုဋ္ဌိတာ (တင်းတိမ်ရောင့်ရဲမှု) ၏ ဆန့်ကျင်ဘက်ဖြစ်၏။

ပထမလိုချင်မှုက တဏှာဖြစ်၏။ ရရှိပြီးနောက် မတင်းတိမ်ဘဲ ထပ်ကာထပ်ကာ လိုချင်မှုသည် ကာမုပါဒါန်ဖြစ်သည်ဟု ဆိုလို၏။

(၄) တဏှာသည် တောင့်တမှု၊ ရှာဖွေမှုဒုက္ခစု၏ အကြောင်းရင်းဖြစ်၏။ ကာမုပါဒါန်သည် ရရှိထားသောအာရုံကို ကြောင့်ကြရမှု၊ စောင့်ရှောက်ရမှုဒုက္ခစု၏ အကြောင်းရင်း ဖြစ်၏။

## တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ

လှပသောရူပါရုံကို ပထမတွေ့စဉ် တဏှာဖြစ်၏။ ထိုတဏှာသည် တစ်စတစ်စ ရင့်သန်လာသောအခါ ထိုကာမဂုဏ်အာရုံ၌ လွန်လွန်ကဲကဲစွဲလမ်းမှုဟူသည့် ကာမုပါဒါန် ဖြစ်၏။ သာယာသောသဒ္ဒါရုံ၌ တဏှာဖြစ်ပုံ၊ ကာမုပါဒါန်ဖြစ်ပုံများကို ဤအတိုင်း ချဲ့ထွင်ကြည့်နိုင်၏။

တဏှာကြောင့် ဒိဋ္ဌုပါဒါန်စသည်တို့ဖြစ်ပုံကို ပြဆိုဦးအံ့။ ဒိဋ္ဌိမှန်လျှင် ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ အယူသန်သောကြောင့် ဥပါဒါန်အမည်ရ၏။ ဒိဋ္ဌိအမျိုးမျိုးတွင် အတ္တဝါဒုပါဒါန်သည် 'ခန္ဓာငါးပါး၌ အတ္တခေါ်သော အသက်ရှိ၏' ဟုစွဲလမ်းခြင်း ဒိဋ္ဌိတည်း၊ သက္ကာယဒိဋ္ဌိဟုလည်း ခေါ်၏။ ထိုသက္ကာယဒိဋ္ဌိဖြင့်မိမိခန္ဓာကိုယ်ကို စွဲလမ်းခြင်းသည် ပင်ကိုက မိမိကိုယ်ကို တဏှာဖြင့်ခင်မင်ခြင်းကြောင့်ဖြစ်၏။ 'တဏှာဖြင့် ခင်မင်နေသည့်အတွက် မိမိကိုယ်ကို သက္ကာယဒိဋ္ဌိဖြင့် စွဲလမ်းနေသည်' ဟုဆိုလို၏။

သီလဗ္ဗတုပါဒါန်ဟူသည်မှာ ခွေးကျင့် နွားကျင့်စသည်ဖြင့် အမျိုးမျိုးကျင့်သော ဒိဋ္ဌိတည်း။ မိမိကိုယ်ကို တဏှာဖြင့် ခင်မင်နေခြင်းကြောင့် နောက်နောင်ဘဝ၌ မိမိ ချမ်းသာဖို့ရန် ရည်မှန်းလျက် ခွေးကျင့် နွားကျင့်စသည်ကိုသန်သန်ကြီး ကျင့်ကြံမိ၏။

ဒိဋ္ဌုပါဒါန်ဟူသော ဒိဋ္ဌိများကိုလည်း တဏှာအတွက်ကြောင့်သာ ကောင်းနိုးရာရာ ထင်၍ ယူမှားမိကြ၏။ ထို့ကြောင့် 'ဒိဋ္ဌိဆိုင်ရာ ဥပါဒါန်သုံးမျိုးသည် တဏှာကြောင့် ဖြစ်၏' ဟု ဗုဒ္ဓဟောကြားတော်မူ၏။

http://www.dhammadownload.com



**၉။ ဥပါဒါနပစ္စယာ ဘဝေါ**

ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဆိုရာဝယ် ဥပါဒါန်သည် အဋ္ဌမပုဒ်၌ ထောက်ခဲ့သော ဥပါဒါန်လေးပါးပင်ဖြစ်၏။ ဘဝအရမှု ကမ္မဘဝနှင့် ဥပပတ္တိဘဝ နှစ်မျိုးကို ယူရ၏။

ကမ္မဘဝဟူသည်မှာ အကုသိုလ် ၁၂ ပါး, မဟာကုသိုလ် ရှစ်ပါး, မဟဂ္ဂုတ်ကုသိုလ် ကိုးပါးတို့၌ရှိသော စေတနာ(ကံ) ၂၉ ပါး ဖြစ်၏။ (သင်္ခါရအရကောက်၌ ပါသည့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ပင်တည်း။)

ဥပပတ္တိဘဝဟူသည်မှာ ထိုကံ ၂၉ ပါးကြောင့်ဖြစ်သော လောကီဝိပါက်စိတ် ၃၂ ပါး, ၎င်းတို့နှင့် ယှဉ်ကြသည့် စေတသိက်များနှင့် ကမ္မဇရုပ်များဖြစ်၏။ တစ်နည်းဆိုရသော် ဥပပတ္တိဘဝသည် ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ ဟူသော ဘဝကြီးကိုးပါးဖြစ်၏။

ကာမ ၁၁ ဘုံကို **ကာမဘဝ**ဟု ခေါ်၏။

ရူပ ၁၆ ဘုံကို **ရူပဘဝ**ဟု ခေါ်၏။

အရူပလေးဘုံကို **အရူပဘဝ**ဟု ခေါ်၏။

တစ်နည်းကား ရုပ်ခန္ဓာတစ်ပါးသာရှိသော အသညသတ်ဘုံကို **ဧကဝေါကာရဘဝ**ဟု ခေါ်၏။

နာမ်ခန္ဓာလေးပါးသာရှိသော အရူပလေးဘုံကို **စတုဝေါကာရဘဝ** ဟုခေါ်၏။

ရုပ်နာမ်ခန္ဓာငါးပါးပြည့်စုံသော ကာမဘုံနှင့် ရူပဘုံတို့ကို **ပဉ္စဝေါကာရဘဝ**ဟု ခေါ်၏။

တစ်ဖန် နေဝသညာနာသညာယတနဘုံကို **နေဝသညီနာသညီဘဝ**ဟု ခေါ်၏။

အသညသတ်ဘုံကို **အသညီဘဝ**ဟု ခေါ်၏။

ကြွင်းသော ၂၉ ဘုံကို **သညီဘဝ**ဟုခေါ်၏။

**ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ**

**'ပုထုဇ္ဇနော ဥမ္မတ္တကော'** ဆိုသည့်အတိုင်း ပုထုဇဉ်တို့၏ စိတ်သည် အရူးပမာ ထင်မိထင်ရာ စွဲလမ်းလေ့ရှိ၏။ အကြောင်းအကျိုး သင့်မသင့်ကို နှိုင်းချင့်တတ်သူမှာ လွန်စွာနည်းပါး၏။ ထို့ကြောင့် ကာမုပါဒါန်အစွမ်းဖြင့် လူချမ်းသာ နတ်ချမ်းသာကို အလိုရှိ၍ ကံများကို စီမံကြရာဝယ် တချို့မှာ ဆရာတို့၏ ဟောပြောညွှန်ပြမှုကြောင့် သားကောင်သတ်ပြီး ယဇ်နတ်ပူဇော်ခြင်း စသည့် ဒုစရိုက်အကုသိုလ်ကို စီမံကြ၏။ တချို့မှာ ယခုဘဝ၌ပင် ကာမချမ်းသာကို ခံစားလို၍ ခိုးဝှက်လုယက် တိုက်ခိုက်သတ်

http://www.dhammadownload.com



ဖြတ်ခြင်း စသော မကောင်းမှုဒုစရိုက်အမျိုးမျိုးကို ပြုကြ၏။ ဤကား ကာမုပါဒါန်ကြောင့် ကမ္မဘဝဖြစ်ခြင်းတည်း။ သေဆုံးသည့်အခါ၌ ဤအကုသိုလ်ကမ္မဘဝကြောင့် အပါယ်ဘုံ၌ ဥပပတ္တိဘဝ ဖြစ်ရလေ၏။

တချို့သောသူတို့ကား ဆရာသမားကောင်း၏ ထုံးဟောင်းလမ်းမှန်ဖြစ်သည့် ကာမာဝစရကုသိုလ်ကံကို တစ်ဖန်အားထုတ်ပြုလုပ်ခွင့် ရကြ၏။ ဤကုသိုလ်ကမ္မဘဝတို့ကြောင့် သေလွန်ကြသည့်အခါ မျှော်လင့်ထားခဲ့ကြသည့်အတိုင်း လူ့ဘုံနတ်ရပ်တို့၌ ကောင်းမြတ်သော ဥပပတ္တိဘဝကို ရကြ၏။

တချို့သူတို့ကား 'ရူပဘုံ၊ အရူပဘုံတို့၌ ကာမဘုံထက် သာလွန်မြင့်မြတ်သည့် သုခချမ်းသာကို ခံစားရ၏'ဟု ကြားဖူးနားဝရှိကြသဖြင့် ထိုချမ်းသာကို ခံစားလိုသော ကာမုပါဒါန်ကြောင့် ရူပဈာန်၊ အရူပဈာန်ဟူသော ကမ္မဘဝကို အားထုတ်ကြ၏။ ဈာန်ရပြီး ကွယ်လွန်ကြသည့်အခါ ရူပဘုံ၊ အရူပဘုံတို့၌ ဥပပတ္တိဘဝဟူသော လောကီဝိပါက်စိတ်၊ စေတသိက်များနှင့် ကမ္မဇရုပ်များကို ရရှိကြ၏။

ဤဆိုခဲ့ပြီးသောစကားများကား ကာမုပါဒါန်ကြောင့် ကမ္မဘဝနှင့် ဥပပတ္တိဘဝ ဟူသော ဘဝနှစ်မျိုးဖြစ်ပုံကို ပြသောစကားတို့တည်း။ ဒိဋ္ဌုပါဒါန်စသည်တို့ကြောင့် ဘဝနှစ်မျိုးဖြစ်ပုံကို ဆက်ဆိုပေအံ့။

ဥစ္ဆေဒဒိဋ္ဌိအယူရှိသူတချို့သည် 'ငါ၏အတ္တသည်ကား သုဂတိဘုံ၊ ရူပဘုံ၊ အရူပဘုံတို့၌ ဖြတ်စဲရလျှင် ကောင်းသောပြတ်စဲခြင်း ဖြစ်လိမ့်မည်'ဟူသည့် ဒိဋ္ဌုပါဒါန်အရင်းခံ၍ ထိုဘုံများသို့ ရောက်ဖို့ရန် ကုသိုလ်ကမ္မဘဝကို ပြုစီမံကြ၏။ သဿတဒိဋ္ဌိအယူရှိသူတချို့ကလည်း 'ငါ၏အတ္တသည် ကာမသုဂတိဘုံ၊ ရူပဘုံ၊ အရူပဘုံတို့၌ ဖြစ်ရလျှင် ကေန်ချမ်းသာခွင့်ရလိမ့်မည်'ဟု အတ္တဝါဒုပါဒါန်အရင်းခံလျက် ထိုဘုံများကို ရောက်ဖို့ရန် ကုသိုလ်ကမ္မဘဝကို ပြုစီမံကြ၏။

သီလဗ္ဗတုပါဒါန် အယူရှိသူတချို့သည် 'ဤခွေးအကျင့်၊ နွားအကျင့် စသော အကျင့်တို့သည် ကိလေသာကိုစင်ကြယ်စေနိုင်၏။ ကိလေသာကုန်စင်သောအခါ ဘဝလွတ်မြောက်မှုကို ပေးဆောင်နိုင်၏'ဟု လွဲမှားစွာမှတ်ထင်ပြီး ခွေးကဲ့သို့ နွားကဲ့သို့ ကျင့်ကြ၏။ တချို့ကလည်း 'ယခုငါကျင့်နေသော အလေ့အကျင့်ကို နတ်ပြည်ဗြဟ္မာပြည်၌ ကျင့်ရလျှင် လွယ်လွယ်ကူကူပြည့်စုံနိုင်၏'ဟု သီလဗ္ဗတုပါဒါန်အရင်းခံပြီး ထိုဘုံများသို့ ရောက်ဖို့ရန် ကံတစ်ခုခုကို ပြုစီမံကြ၏။

ထိုသို့ ကံပြုရာတွင် လမ်းမှန်ကျင့်မိသူအဖို့ ရည်မှန်းထားခဲ့သော သုဂတိဘုံများ၌ ဥပပတ္တိဘဝကို ရကြ၏။ လမ်းမှားကျင့်မိသူတို့ကား အပါယ်ဘုံများ၌ ဥပပတ္တိဘဝကို ရကြ၏။

ဤသို့လျှင် ဒိဋ္ဌိအမျိုးမျိုးကြောင့် ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ကို ရရှိကြ၏။

http://www.dhammadownload.com



### သင်္ခါရနှင့် ကမ္မဘဝတို့၏ ထူးခြားမှု

သင်္ခါရနှင့် ကမ္မဘဝတို့သည် လောကီကုသိုလ် အကုသိုလ်စိတ်များ၌ ယှဉ်ကြသော စေတနာချည်းဖြစ်ပါလျက် အမည်ကွဲပြားရခြင်းမှာ အဘယ်အကြောင်းကြောင့်နည်းဟု မေးဖွယ်ရှိ၏။

အဖြေကား ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးပေးဖို့ရန် အတိတ်ဘဝများက ဖြစ်ခဲ့ကြသော စေတနာတို့သည် သင်္ခါရမည်ကြ၏။

(အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်ကာလအစွန့်၌ ပါဝင်ကြသည်ကို ထောက်ပါ။)

နောက်နောင်အနာဂတ်ဘဝများ၌ အကျိုးပေးဖို့ရန် ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်ကြသော စေတနာတို့သည် ကမ္မဘဝမည်ကြ၏။ (ကမ္မဘဝသည် ပစ္စုပ္ပန်ကာလအစွန့်၌ ပါဝင်သည်ကို ထောက်ပါ။)

သို့ဖြစ်၍ သင်္ခါရနှင့် ကမ္မဘဝတို့သည် စေတနာချင်းတူကြသော်လည်း အတိတ်ဘဝက စေတနာ, ပစ္စုပ္ပန်ဘဝစေတနာဟူ၍ ဘဝကာလအားဖြင့် ကွဲပြားကြပေ၏။

**၁၀။ ဘဝပစ္စယာ ဇာတိ**

ဘဝကြောင့် ဇာတိဖြစ်၏ဟု ဆိုရာ၌ ဘဝအရ ကမ္မဘဝကို ယူရမည်။ ကမ္မဘဝဟူသည်ကား လောကီကုသိုလ် အကုသိုလ်စိတ် ၂၉ ပါးတို့၌ ယှဉ်ကြသော စေတနာ(ကံ) ၂၉ ပါးပင်တည်း။

ဇာတိအရ လောကီဝိပါက်စိတ် ၃၂ ပါး, ၎င်းတို့နှင့်ယှဉ်ကြသော စေတသိက်များနှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း (ဥပါဒ်) ကို ကောက်ယူရမည်။ ဤသို့ ကောက်ယူသော အခါ အဟိတ်ပဋိသန္ဓေနှစ်ပါး, မဟာဝိပါက်ပဋိသန္ဓေရှစ်ပါး, ရူပါဝစရပဋိသန္ဓေ ခြောက်ပါး, အရူပါဝစရပဋိသန္ဓေလေးပါး, ပေါင်း ပဋိသန္ဓေ ၂၀ တို့ ပါဝင်သွားကြ၏။ ထို့အပြင် ပဝတ္တိအခါ၌ဖြစ်ကြသော ဝိပါက်စိတ်စေတသိက်များနှင့် ကမ္မဇရုပ်တို့လည်း ပါဝင်ကြ၏။

### ဘဝကြောင့် ဇာတိဖြစ်ပုံ

ဤဘဝ၌ ဒါန, သီလ, ဘာဝနာဟူသည့် ကာမာဝစရကုသိုလ် (ကမ္မဘဝ) ကို ဖြည့်ဆည်းထားသူသည် သေလွန်သောအခါ၌ လူ့ဘုံနတ်ဘုံဟူသော ကာမသုဂတိဘုံ၌ ဥပပတ္တိဘဝဖြစ်ရ၏။ လူ့ဘုံ၌ ပဋိသန္ဓေတည်စအချိန်ဝယ် မဟာဝိပါက်စိတ်ဟူသော ဝိညာဉ်၊ ဝိညာဉ်နှင့်ယှဉ်သော စေတသိက်နာမ်နှင့်အတူဖြစ်ဖက် ကမ္မဇကလာပ်သုံးစည်းတို့သည် ပထမဦးဆုံးဖြစ်ကြ၏။ ထိုဝိညာဉ်နာမ်ရုပ်တို့၏ တစ်ဘဝ၌ ပထမဦးဆုံးဥပါဒ်ခြင်းကို 'ဇာတိ' ဟုလည်းကောင်း၊ 'ပဋိသန္ဓေနေခြင်း' ဟု လည်း

http://www.dhammadownload.com



ှကောင်း ခေါ်ဆိုကြ၏။ အခြားဘုံများ၌ ထိုက်သင့်သလို နာမ်ရုပ်တို့၏ ပထမဖြစ်ခြင်းကိုလည်း ဇာတိဟုပင် ခေါ်ဆိုရ၏။

ထိုဝိပါက်နာမ်နှင့် ကမ္မဇရုပ်များသည် ပစ္စုပ္ပန်ကမ္မဘဝကြောင့် နောက်ဘဝ၌ ဥပပတ္တိဘဝအနေဖြင့် ဖြစ်ကြရသော တရားများပေတည်း။ ထိုဥပပတ္တိဘဝ၏ အစဖြစ်ခြင်းကိုပင် ဇာတိဟုခေါ်ရကား ကမ္မဘဝမရှိလျှင် ဥပပတ္တိဘဝ မရှိနိုင်။ ဥပပတ္တိဘဝဟူသည်မှာ ထိုထိုဘုံ၌ဖြစ်ကြသော ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များဖြစ်ရကား ထို ဥပပတ္တိဘဝမရှိလျှင် ဇာတိလည်း မရှိနိုင်ချေ။ ထို့ကြောင့် ဇာတိသည် ကမ္မဘဝနှင့် ဥပပတ္တိဘဝဟူသော ဘဝနှစ်မျိုးကြောင့်သာ ထင်ရှားရလေ၏။

ပဝတ္တိအခါ ဘဝင်စိတ်များအဖြစ် ဝိပါက်နာမက္ခန္ဓာတို့၏ဆက်လက်ဖြစ်ပေါ်မှု၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်စသော ဝိပါက်နာမက္ခန္ဓာများနှင့် ကမ္မဇရုပ်များတို့၏ ဖြစ်ပေါ်မှုတို့ကိုလည်း ဇာတိဟုပင် မှတ်ယူရမည်။

တစ်ဘဝအတွင်းဖြစ်ပေါ်ကြသော ကုသိုလ်၊ အကုသိုလ်၊ ကြိယာနာမက္ခန္ဓာများနှင့် ဥတုဇရုပ်၊ အာဟာရဇရုပ်များတို့၏ ဖြစ်ခြင်းသည်လည်း သုတ္တန္တ ဘာဇနီယနည်းအရ ဇာတိတွင် မပါဝင်သော်လည်းအဘိဓမ္မာဘာဇနီယနည်းအရမူ ဇာတိတွင် ပါဝင်ကြသည်သာတည်း။

**၁၁။ ဇာတိပစ္စယာ ဇရာမရဏံ, သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။**

ဤကေဒသမပုဒ်၌ ဇာတိကြောင့်ဖြစ်ကြသော ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ စသည်တို့သည် အောက်ပါသရုပ်အသီးသီးရှိကြ၏။

**ဇရာ** = ဝေါကီဝိပါက်စိတ် ၃၂ ပါး၊ ၎င်းတို့နှင့်ယှဉ်သော စေတသိက်များနှင့် ကမ္မဇရုပ်တို့၏ ရင့်ခြင်း (ဌီ)။ သတ္တဝါတို့၏ အရွယ်မှ ဆုတ်ယုတ်ခြင်း၊ ရင့်ရော်အိုမင်းခြင်း၊ ဆွေးမြည့်ခြင်းတို့ပင်တည်း။

**မရဏ** = လောကီဝိပါက်စိတ် ၃၂ ပါး၊ ၎င်းတို့နှင့်ယှဉ်သော စေတသိက်များနှင့် ကမ္မဇရုပ်တို့၏ ပျက်စီးခြင်း (ဘင်)။ သတ္တဝါတို့၏ ဇီဝိတိန္ဒြေကင်းပြတ်၍ သေဆုံးခြင်းပင်တည်း။

**သောက** = ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်း။ တရားကိုယ်မှာ ဒေါသမူစွဲ၌ ယှဉ်သော ဒေါမနဿဝေဒနာဖြစ်၏။ ဆွေမျိုးဉာတိ၊ ပစ္စည်းဥစ္စာ စသည်တို့ပျက်စီးမှုကြောင့် စိတ်နှလုံး၏ ပူပန်ခြင်းပင်တည်း။

http://www.dhammadownload.com



ပရိဒေဝ = တစ်စုံတစ်ခုပျက်စီးမှုကြောင့် တမ်းတငိုကြွေးခြင်း။ တရားကိုယ်မှာ စိတ္တဇဝိပလ္လာသသဒ္ဒရုပ် ဖြစ်၏။ စိတ်ကြောင့်ဖြစ်သော ဖောက်ပြန်သည့် အသံရုပ်ဟု ဆိုလို၏။

ဒုက္ခ = ကိုယ်ဆင်းရဲမှု (ကာယိကဒုက္ခ)။ တရားကိုယ်မှာ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်နှင့်ယှဉ်သော ဝေဒနာစေတသိက်ဖြစ်၏။

ဒေါမနဿ = စိတ်ပင်ပန်းဆင်းရဲမှု၊ နှလုံးမသာယာမှု (စေတသိကဒုက္ခ)။ တရားကိုယ်မှာ ဒေါသမူဒွေဒ္ဓိယှဉ်သော ဝေဒနာတည်း။

ဥပါယာသ = သောကပရိဒေဝတို့ထက် လွန်ကဲလျက် အသံမျှမထွက်နိုင်အောင် ရှိုက်ကြီးငင်ကြီးဖြစ်ကာ အတွင်းဆွေးဆွေးခြင်း၊ ပြင်းပြစွာ ဆင်းရဲပင်ပန်းခြင်း၊ နစ်မွန်းခြင်း။ တရားကိုယ်မှာ ဒေါသမူဒွေဒ္ဓိယှဉ်သော ဒေါသတည်း။

## သောက, ပရိဒေဝ, ဥပါယာသတို့၏ ထူးခြားမှု

ဒယ်အိုးဖြင့် ဆီကိုချက်ရာ၌ အိုးအတွင်း ဆီကျက်နေခြင်းသည် ဝမ်းနည်းခြင်း သောကနှင့်တူ၏။ ကျက်အားကြီး၍ ဆီဝေလျှံတက်လာခြင်းသည် ငိုကြွေးခြင်း ပရိဒေဝနှင့်တူ၏။ ဝေလျှံပြီးနောက် ကျန်ရစ်သောဆီ၏ ကုန်ခန်းသည်အထိ ကျက်ခြင်းသည် အတွင်းဆွေးဆွေးကာ ပြင်းပြစွာပူလောင်သော ဥပါယာသနှင့် တူ၏။

## ဇာတိကြောင့် ဇရာ မရဏဖြစ်ပုံ

ကမ္မဘဝ, ဥပပတ္တိဘဝတို့ကြောင့် ဝိပါက်နာမ်နှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း 'ဇာတိ' ဖြစ်ပေါ်သည်ကို ဆိုခဲ့ပြီ။ ထိုဝိပါက်နာမ်နှင့် ကမ္မဇရုပ်တို့သည် ဥပါဒ်ပြီးသည်နှင့် တစ်ပြိုင်နက် ဌီအခိုက်၌တည်ကာ ပျက်စီးခြင်း ဘင်သို့ ဦးတည်လျက် ရင့်ရော်ဆွေးမြည့်လေတော့၏။ ထိုရင့်ရော်သောအခိုက်သည် ဇရာအခိုက်ပင်တည်း။ ထိုဝိပါက်နာမ်နှင့် ကမ္မဇရုပ်တို့၏ ဘင်အခိုက်သည် ပျက်စီးသောအခိုက်, မရဏအခိုက်ပင်တည်း။

ထိုဝိပါက်နာမ်နှင့် ကမ္မဇရုပ်တို့၏ ဇရာ မရဏတို့သည် လူအများတို့ မျက်မြင်သိနိုင်လောက်အောင် မထင်ရှားကြပါ။ ထို့ကြောင့် အပါကဋဇရာမရဏဟုအမည်ရကြ၏။ ဆံဖြူ, သွားကျိုး, နားထိုင်း, ခါးကိုင်း, မျက်စိမွဲ, အသားအရေတွန့်တွဲခြင်း ဟူသော ရင့်ရော်အိုမင်းမှုသည်ကား မျက်မြင်အားဖြင့် ထင်ရှားသော ပါကဋဇရာတည်း။ ဘဝတုံးအောင် သေကျေပျက်စီးမှုသည် ထင်ရှားသော ပါကဋမရဏတည်း။

တစ်ဘဝ တစ်ဘဝ၌ ပထမဦးဆုံး နာမ်ရုပ်ဖြစ်ပေါ်ခြင်းဟူသည့် 'ဇာတိ = ပဋိသန္ဓေ' ကြောင့်သာ ထိုပါကဋ အပါကဋဇရာမရဏတို့ ဖြစ်ကြရ၏။ ဇာတိမရှိလျှင်

http://www.dhammadownload.com



မည်သည့်ဇရာမရဏတို့မှမဖြစ်ပေါ်နိုင်ချေ။ ထို့ကြောင့် ဇာတိသည် ဇရာမရဏတို့၏ အကြောင်းဖြစ်သည်ဟု ဘုရားရှင်ဟောတော်မူ၏။

### ဇာတိကြောင့် သောကစသည်တို့ ဖြစ်ပုံ

ဇာတိပဋိသန္ဓေကြောင့် လူဟူ၍ဖြစ်ပေါ်လာသည့်အခါ စားဝတ်နေရေးအတွက် ကြောင့်ကြပူပန်ရ၏။ ဆွေမျိုး စည်းစိမ်ဂုဏ်သိန်တို့ ပျက်စီးသောအခါ ဝမ်းနည်းပူဆွေးရ၏။ ဤသည်တို့ကား ဇာတိကြောင့်ဖြစ်ပေါ်လာသော သောကတို့တည်း။

ဆွေမျိုး စည်းစိမ်စသည်တို့ ပျက်စီးမှုကြောင့် ငိုကြွေးမြည်တမ်းရခြင်းသည် ပရိဒေဝမည်၏။ ခန္ဓာကိုယ်၏ ဆင်းရဲမှုသည် ဒုက္ခမည်၏။ ချစ်သူနှင့် ကွဲရခြင်း, မချစ်သူနှင့် တွဲရခြင်း, အလိုရှိရာမရခြင်း, ဆွေမျိုးစည်းစိမ်ပျက်စီးခြင်းစသော အကြောင်းများကြောင့် စိတ်ထဲ၌ ဆင်းရဲမှုသည် ဒေါမနဿမည်၏။ မိမိချစ်မြတ်နိုးသော အားကိုးအားထားပြုရသော မိဘ, သားသမီးများနှင့် စည်းစိမ်ရာထူးတို့ အကြီးအကျယ် ပျက်စီးဆုံးရှုံးသောအခါ လွန်ကဲစွာ ဆင်းရဲပင်ပန်းခြင်းဟူသည့် ဥပါယာသဖြစ်၏။ ခြေပြတ် လက်ပြတ်, သေလုနီးပါး ထိခိုက်ဒဏ်ရာရသောအခါ၌လည်း ဥပါယာသ ဖြစ်ရ၏။

ဤသောက စသော ဆင်းရဲအပေါင်းတို့သည် အိုခြင်းဆင်းရဲ, သေခြင်းဆင်းရဲဟူသည့် ဇရာမရဏတို့နှင့် ဆက်သွယ်၍ဖြစ်ရသည်လည်း ရှိ၏။ ဇရာမရဏတို့နှင့် မဆက်သွယ်ဘဲ ဆွေမျိုးစည်းစိမ်ဂုဏ်သိန်စသည်တို့အတွက် ဖြစ်ကြရသည်လည်း ရှိ၏။ ဤသို့ ဇရာမရဏနှင့် ဆက်သွယ်သည်ဖြစ်စေ မဆက်သွယ်သည်ဖြစ်စေ အရင်းခံ ဇာတိကြောင့်သာ ဖြစ်ရကား ဇာတိကြောင့်ဖြစ်သောတရားများဟု ခေါ်ဆို၏။

### အကျိုးရင်းနှင့် အကျိုးဆက်

ဇာတိရှိလျှင် မည်သည့်ဘဝ၌မဆို ဇရာမရဏတို့ ဧကန်မုချရှိ၏။ ထို့ကြောင့် ဇရာမရဏသည် ဇာတိ၏ မုချအကျိုး (ဝါ) အရင်းခံအကျိုးဖြစ်၏။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တည်းဟူသော တရားငါးပါးတို့ကား ဗြဟ္မာပြည်၌ မရှိ။ နတ်ပြည်၌ အချို့ရှိ၏၊ အချို့မရှိ။ လူ့ပြည်၌လည်း ဇာတိဖြစ်မြောက်ပြီး မကြာခင်သေဆုံးသူတို့မှာ သောက စသောတရားအချို့ ဖြစ်ခွင့်မရ။ သို့အတွက် သောက, ပရိဒေဝ စသည့်တရားစုသည် ဇာတိ၏ မုချအကျိုးမဟုတ်။ ဇာတိနှင့် ဆက်သွယ်၍ ဖြစ်တတ်သော နိဿန္ဒအကျိုး = အကျိုးဆက်သာ ဖြစ်ကြ၏။

### ပဋိစ္စသမုပ္ပါဒ်တရားတော်၏ မှတ်ဖွယ်များ

ပဋိစ္စသမုပ္ပါဒ်တရားတော်၌ အင်္ဂါ, အစွန်, အခြင်းအရာ, အလှည့်, အစပ်, ဝဋ်, မူလဟူ၍ မှတ်သားဖွယ်ရာ ခုနစ်ပါး ရှိ၏။

http://www.dhammadownload.com



၁။ အင်္ဂါ ၁၂ ပါး။ ။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း၌ လှည်းဘီးစက်ဝိုင်း၏ ဒေါက်ဆန်များကဲ့သို့ မပါလျှင် မပြီး၊ အရေးကြီးသော အစိတ်အပိုင်းများကို အင်္ဂါများဟု ခေါ်၏။

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း၏ အင်္ဂါ ၁၂ ပါးကား အဝိဇ္ဇာတစ်ပါး, သင်္ခါရတစ်ပါး, ဝိညာဏ် တစ်ပါး, နာမ်ရုပ်တစ်ပါး, သဠာယတနတစ်ပါး, ဖဿတစ်ပါး, ဝေဒနာ တစ်ပါး, တဏှာတစ်ပါး, ဥပါဒါန်တစ်ပါး, ဘဝတစ်ပါး, ဇာတိတစ်ပါး, ဇရာမရဏ အင်္ဂါတစ်ပါးတို့ ဖြစ်ကြ၏။

ဤတွင် နာမရူပအရ နာမ်ရုပ်ကို အင်္ဂါတစ်ပါး, ဇာတိပစ္စယာဇရာမရဏအရ ဇရာမရဏကို အင်္ဂါတစ်ပါးဟု ယူသည်။ ဇရာမရဏတို့သည် ဇာတိ၏ မုချအကျိုးရင်း နှစ်ပါးဖြစ်ကြ၏။ သတ္တဝါတိုင်း၌ ဖြစ်၏။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကား ဇာတိ၏အကျိုးဆက် ငါးပါးဖြစ်ကြ၏။ ဤသောက စသောတရားတို့သည် သတ္တဝါတိုင်း၌ မဖြစ်၊ ဗြဟ္မာများနှင့် အချို့သောနတ်များ, လူများ၌ မဖြစ်၊ သတ္တဝါတိုင်း၌မဖြစ်လျှင် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းတွင် မပါမပြီး အရေးကြီးသောအင်္ဂါ မဖြစ်နိုင်ချေ။

၂။ အခွန့်သုံးပါး။ ။ အခွန့်ဟူသည် ကာလဖြစ်၍ ကာလသည် ထင်ရှားမရှိသော ပညတ်တရားဖြစ်၏။ ထိုကာလအပိုင်းအခြားအရ ဖြစ်ပေါ်သောတရားတို့ကို ဌာနူပစာရအားဖြင့် အတိတ်, ပစ္စုပ္ပန်, အနာဂတ်ဟူ၍ ပိုင်းခြားအပ်၏။ (ကာလ ဟူသည့် ဌာန၏အမည်ကို ဌာနီတရားပေါ်၌ တင်စားမှုကို ဌာနူပစာဟုခေါ်၏။)

**(၁) အဝိဇ္ဇာသင်္ခါရာအတီတောအဒ္ဓါ။** ။ အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်အခွန့် (အဒ္ဓါ) ၌ဖြစ်သောတရားများတည်း။ သတ္တဝါတစ်ဦးသည် ရှေးရှေးသော အတိတ်ဘဝ၌ သံသရာ၏ အပြစ်ကို မမြင်နိုင်အောင် အဝိဇ္ဇာဖုံးလွှမ်းသဖြင့် ကုသိုလ် အကုသိုလ် သင်္ခါရတို့ကို ပြုမိခဲ့၏။

ထို့ကြောင့် အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်ကာလအခွန့်ဖြစ်၏။

**(၂) မဇ္ဈေအဋ္ဌပစ္စုပ္ပန္နော။** ။ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၏ အလယ်အင်္ဂါရှစ်ပါးတို့သည် ပစ္စုပ္ပန်ကာလ၌ ဖြစ်ကြသော တရားတို့တည်း။ အတိတ်ဘဝ၌ အဝိဇ္ဇာဖုံးလွှမ်းသည်ဖြစ်၍ ပြုမိခဲ့သော ကုသိုလ်, အကုသိုလ်သင်္ခါရတို့ကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေကာလမှစ၍ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ ဖြစ်ပေါ်ကြ၏။ ထို့ကြောင့် ဤတရားရှစ်ပါးကို ပစ္စုပ္ပန်အခွန့်ဟုခေါ်၏။

**(၃) ဇာတိဇရာမရဏံအနာဂတော။** ။ ယခုဘဝ၌ ကမ္မဘဝဟူသော ကုသိုလ် အကုသိုလ်ကံတို့ကို ပြုစီမံပြန်ရကား နောက်အနာဂတ်ဘဝတွင် ဇာတိနှင့် ဇရာမရဏ

http://www.dhammadownload.com



တို့ဖြစ်ကြ၏။ သို့ဖြစ်၍ ဓာတ်နှင့် ဇရာမရဏတို့သည် အနာဂတ်အစွန့်တရားများ ဖြစ်ကြ၏။

၃။ အခြင်းအရာ အပါး ၂၀

အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်အစွန့်တရားများ ဖြစ်သည်ဟုဆိုခဲ့၏။ ထိုတရားနှစ်ပါးတွင် အဝိဇ္ဇာသည် ကိလေသာ ၁၀ ပါး၌ ပါဝင်ပြီး ကိလေသာဝဋ်တရား ဖြစ်၏။ တဏှာနှင့် ဥပါဒါန်တို့သည်လည်း ကိလေသာဝဋ်တရားများပင် ဖြစ်ကြ၏။ ထိုသို့ ကိလေသာဝဋ်ချင်း တူနေခြင်းကြောင့် အဝိဇ္ဇာကို တိုက်ရိုက်ယူလိုက်သောအခါ တဏှာနှင့် ဥပါဒါန်တို့သည်လည်း 'တစ်နွယ်ငင် တစ်စင်ပါ' ဆိုသလို ပါလာကြ၏။

ဤသို့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကို ပေါင်းစုယူခြင်းသည် အဝိနာဘာဝ (မကင်းစကောင်းသော) နည်းအားဖြင့် ယူသည်ဟုဆိုရ၏။ အဝိဇ္ဇာမကင်းသူ၌ တဏှာမဖြစ်ပါဟု ဘုရားစူးကျိန်သော်လည်း မဟုတ်နိုင်။ အသေးစားတဏှာဖြစ်လျှင် အကြီးစား ဥပါဒါန်လည်း ဖြစ်တော့၏။

တစ်ဖန် သင်္ခါရသည် ကမ္မဝဋ်ဖြစ်၏။ ကမ္မဘဝသည်လည်း ကမ္မဝဋ်ပင် ဖြစ်၏။ ထိုသို့ ကမ္မဝဋ်ချင်း တူသောကြောင့် အတိတ်ဘဝ၌ သင်္ခါရကို တိုက်ရိုက်ယူလိုက်သည့်အခါ ကမ္မဘဝကိုလည်း အဝိနာဘာဝနည်းအားဖြင့် ယူပြီးဖြစ်တော့၏။

ဆိုခဲ့ပြီးသောစကားများအရ အတိတ်ဘဝ၌ 'အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ' ဟူသော အကြောင်းငါးပါးကို ရ၏။

ထို့ကြောင့် အတိတ်အကြောင်းငါးပါး = အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ။

**မှတ်ချက်။** ။ အဝိဇ္ဇာပစ္စယာ သင်္ခါရ၌ပါသော သင်္ခါရနှင့် ဥပါဒါနပစ္စယာ ဘဝေါ၌ ပါသည့် ကမ္မဘဝတို့သည် စေတနာချင်းအရ တူကြသော်လည်း အတိတ်ဘဝနှင့် ယခုပစ္စုပ္ပန်ဘဝဟု ဘဝကာလချင်း ကွဲပြားသဖြင့် ထူးခြားကြသည်ဟု အထက်၌ဆိုခဲ့ပြီ။

ယခု အတိတ်အကြောင်းငါးပါးကို ကောက်ယူသောအခါ၌ သင်္ခါရနှင့် ကမ္မဘဝတို့ကို အတူထကွဲယူထားပြန်၏။ ဘဝချင်း ကာလချင်း တူနေကြသဖြင့် တစ်ခုနှင့် တစ်ခု မည်သို့ထူးသနည်းဟု မေးဖွယ်ရှိ၏။

အဖြေကား (၁) ထိုသို့ ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ပြုလုပ်ရာ၌ အထမြောက်မီ ရှေးအဖို့ဖြစ်သော ပုဗ္ဗစေတနာသည် သင်္ခါရမည်၏။ အထမြောက်သော မုဉ္စစေတနာသည် ကမ္မဘဝမည်၏။

(၂) တစ်နည်း — ဇောခုနစ်ကြိမ်တွင် ရှေ့ဇောခြောက်ကြိမ်နှင့် ယှဉ်သော စေတနာသည် သင်္ခါရမည်၏။ သတ္တမဇောနှင့်ယှဉ်သော စေတနာသည် ကမ္မဘဝမည်၏။

http://www.dhammadownload.com



(၃) တစ်နည်း– စေတနာနှင့် ယှဉ်သော စိတ်စေတသိက်တို့သည် သင်္ခါရမည်၏။ စေတနာဟူသမျှသည် ကမ္မဘဝမည်၏။

ဤနည်းတို့အရ (၁) ပုဗ္ဗစေတနာဟူသော သင်္ခါရကို တိုက်ရိုက်ယူလိုက်သည့်အခါ မုဉ္စစေတနာဟူသော ကမ္မဘဝကိုလည်း ယူပြီးဖြစ်တော့၏။ (၂) ရှေ့ဇောခြောက်ကြိမ်နှင့် ယှဉ်သည့် စေတနာသင်္ခါရကို ယူလိုက်သောအခါ သတ္တမဇောနှင့်ယှဉ်သည့် စေတနာကမ္မဘဝကိုလည်း ယူပြီးဖြစ်တော့၏။ (၃) စေတနာနှင့် ယှဉ်ဖက် စိတ်စေတသိက်ဟူသည့် သင်္ခါရကို ယူလိုက်သောအခါ စေတနာတည်းဟူသော ကမ္မဘဝကိုလည်း ယူပြီးဖြစ်တော့၏။

**ပစ္စုပ္ပန်အကျိုးငါးပါး။** ။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် အတိတ်ကံကြောင့်ဖြစ်ကြသော ပစ္စုပ္ပန်ဘဝအကျိုးငါးပါးတို့ ဖြစ်ကြ၏။

**ပစ္စုပ္ပန်အကြောင်းငါးပါး။** ။ ပစ္စုပ္ပန်အခွန့် (ဘဝ) ၌ တဏှာ, ဥပါဒါန်, ကမ္မဘဝဟူသော အကြောင်းသုံးပါးတို့သည် တိုက်ရိုက်လာ၏။ ထိုသုံးပါးကို တိုက်ရိုက်ယူလိုက်သည့်အခါ အထက်၌ ဆိုပြခဲ့သည့် အဝိနာဘာဝနည်းအရ အဝိဇ္ဇာနှင့် သင်္ခါရတို့ကိုလည်း ယူပြီးဖြစ်တော့၏။ ထို့ကြောင့် ပစ္စုပ္ပန်ဘဝ၌ 'တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ' ဟူသည့် အကြောင်းငါးပါးကို ရပြန်၏။

**အနာဂတ်အကျိုးငါးပါး။** ။ ဇာတိ၌ တရားကိုယ်သီးခြားမရှိ။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ဖြစ်ခြင်းဥပါဒ်ကိုပင် ဇာတိဟု ယူရ၏။ ထို့အတူ ဇရာမရဏတို့သည် ထိုတရားငါးပါးတို့၏ ရင့်ခြင်း–ဋ္ဌီနှင့် ပျက်စီးခြင်း–ဘင်တို့ ဖြစ်ကြ၏။

ထို့ကြောင့် 'ဇာတိဇရာမရဏံ အနာဂတောအဒ္ဓါ' အရ အနာဂတ်အခွန့်၌ ဇာတိ, ဇရာ, မရဏတို့ကို ထည့်သွင်းထားသဖြင့် ဝိညာဏ်စသော အကျိုးငါးပါးကိုပင် အနာဂတ်ဘဝအကျိုးအဖြစ် ယူရလေ၏။ သို့ဖြစ်၍အနာဂတ်ဘဝ၌ 'ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ' ဟူသာအကျိုးငါးပါးကို ရ၏။

သို့ဖြစ်၍ အတိတ်ဘဝ၌ အကြောင်းငါးပါး, ပစ္စုပ္ပန်ဘဝ၌ အကျိုးငါးပါး, တစ်ဖန် ပစ္စုပ္ပန်ဘဝ၌ အကြောင်းငါးပါး, အနာဂတ်ဘဝ၌ အကျိုးငါးပါးဟူသော အခြင်းအရာ ၂၀ ကိုရ၏။ အပြား ၂၀ ဟုလည်း ခေါ်၏။

**၄။ သင်္ခေပ– အလွှာလေးပါး**

အတိတ်ဘဝအကြောင်းငါးပါးကို တစ်လွှာ, ပစ္စုပ္ပန်ဘဝ အကျိုးငါးပါးကို တစ်လွှာ, ပစ္စုပ္ပန်ဘဝအကြောင်းငါးပါးကို တစ်လွှာ, အနာဂတ်ဘဝအကျိုးငါးပါးကို တစ်လွှာဟူ၍ အလွှာလေးပါးသတ်မှတ်၏။

http://www.dhammadownload.com



**၅။ သန္ဓိ = အစပ်သုံးပါး**

အလွှာလေးလွှာကို စပ်ထားသည့်အခါ အစပ်သုံးပါးဖြစ်ပေ၏။ ၎င်းအစပ်တို့ကို သန္ဓိ=အစပ်သုံးပါးဟု ခေါ်၏။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါများကို စပ်ထားသည့်အခါ အကြောင်းတရား၏ အဆုံးနှင့် အကျိုးတရား၏ အစသည် တစ်စပ်၊ အကျိုးတရား၏ အဆုံးနှင့် အကြောင်းတရား၏ အစသည် တစ်စပ်၊ တစ်ဖန် အကြောင်းတရား၏ အဆုံးနှင့် အကျိုးတရား၏ အစသည် တစ်စပ်ဟူ၍ အစပ်သုံးစပ်ရှိ၏။

ထိုအစပ်နေရာတို့ကို မျဉ်းတိုဖြင့် ခြား၍ ဖော်ပြရသော်...

'အဝိဇ္ဇာ, သင်္ခါရ – ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ–တဏှာ, ဥပါဒါန်, ကမ္မဘဝ – ဇာတိ, ဇရာမရဏ'

ထို့ကြောင့် သင်္ခါရနှင့် ဝိညာဏ်တို့၏ အကြားသည် အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတို့၏ အစပ်၊ ဝေဒနာနှင့် တဏှာအကြားသည် ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းတို့၏ အစပ်၊ ဘဝနှင့် ဇာတိအကြားသည် ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတို့၏ အစပ်ဖြစ်ကြ၏။

**၆။ ဝဋ်သုံးပါး**

'ဝဋ္ဋ' သဒ္ဒါသည် စက်ဘီးများ ချာချာလည်သလို 'လည်ပတ်ခြင်း' အနက်ကို ဟော၏။ ထို့ကြောင့် အကြောင်းပြီးလျှင် အကျိုး၊ အကျိုးပြီးလျှင် အကြောင်းဟု အကြောင်းအကျိုးမပြတ်ဘဲ ဆက်ကာဆက်ကာ လည်နေသော ပဋိစ္စသမုပ္ပါဒ်တရားကို 'ဝဋ္ဋ= ဝဋ်'ဟု ခေါ်၏။

ပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါ ၁၂ ပါးကို ဝဋ်သုံးပါးဖြင့် ခွဲလျှင်...

(၁) အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကိုကိလေသာဝဋ်ဟုခေါ်၏။ (ကိလေသာ ၁၀ ပါးတွင် ဤတရားတို့၏ တရားကိုယ်များ ပါဝင်ကြ၏။)

(၂) ကမ္မဘဝဟူသော ဘဝတစ်စိတ်နှင့် သင်္ခါရတို့သည် ကံတရားချည်း ဖြစ်ကြသောကြောင့် ကမ္မဝဋ် မည်၏။ (ဘဝဟူသော ပုဒ်တွင် ကမ္မဘဝနှင့်ဥပပတ္တိဘဝ နှစ်မျိုးတို့ပါရှိရာ နှစ်မျိုးလုံးကိုမယူဘဲ ကမ္မဘဝတစ်စိတ်တစ်ပိုင်းကိုသာ ယူသောကြောင့် 'ဘဝတစ်စိတ်'ဟုဆိုသည်။)

(၃) ဘဝနှစ်မျိုးတွင် ဥပပတ္တိဘဝဟူသော ဘဝတစ်စိတ်နှင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏတို့သည် အကျိုးတရားများချည်း ဖြစ်သောကြောင့် ဝိပါကဝဋ် မည်၏။

(ဤဝိပါကဝဋ်ကို ရည်ရွယ်၍ ဝိညာဏ်, နာမ်ရုပ်စသည်တို့၏ တရားကိုယ်များကို ကောက်ယူရာ၌ ဝိပါက်စိတ်စေတသိက်များနှင့် ကမ္မဇရုပ်တို့ကိုသာ ယူခဲ့၏။ ဤ

http://www.dhammadownload.com



ဝိပါကဝဋ်ကို ရည်ရွယ်၍ပင် တစ်စုံတစ်ယောက်က ဒုက္ခကြီးစွာ ခံစားနေရလျှင် 'ဤလူ ဝဋ်ခံနေရတယ်၊ တယ်ဝိပါက်ဝဋ် အားကြီးရှာတယ်'ဟူ၍လည်းကောင်း၊

'သူတစ်ပါးကို နာအောင်မလုပ်နဲ့၊ ဝဋ်ပါတတ်တယ်'ဟူ၍လည်းကောင်း၊

'ဝဋ်မှာ အမြဲ ငရဲအပ'ဟူ၍လည်းကောင်း ပြောစမှတ်ပြုကြ၏။)

**ဝဋ်မည်ပုံ။** ။ ကိလေသဝဋ်ရှိလျှင် ကမ္မဝဋ် မုချဖြစ်၏။ ကမ္မဝဋ်ရှိလျှင် ဝိပါက ဝဋ် အမြဲဖြစ်၏။ ဝိပါကဝဋ်ဟူသော ဝေဒနာရှိပြန်လျှင် တဏှာစသော ကိလေသဝဋ် ဖြစ်ပြန်၏။ ဤသို့ အကြောင်းအကျိုးဆက်စပ်လျက် ပတ်ပတ်လည်ကာ ဝိုင်း၍လည်၍ ဖြစ်နေသော တရားတို့ကို 'ဝဋ်'ဟု ခေါ်ဆို၏။

**၇။ ဝဋ်မြစ်နှစ်ပါး**

အမြစ်အရင်းအစကို 'မူလ'ဟုခေါ်၏။ ပဋိစ္စသမုပ္ပါဒ်စက်သည် အတိတ်ဘဝ အကြောင်းမှစ၍ ပစ္စုပ္ပန်ဘဝအကျိုးဖြစ်သည့်တိုင်အောင် ရှေ့ပိုင်းတစ်စက်၊ ပစ္စုပ္ပန်ဘဝ အကြောင်းမှစ၍ အနာဂတ်ဘဝ အကျိုးတိုင်အောင် နောက်ပိုင်းတစ်စက်ဟူ၍ နှစ်စက် ရှိ၏။

ထိုတွင် 'အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ'တို့ ကား ရှေ့ပိုင်းစက်တည်း။ ထိုစက်၌ အဝိဇ္ဇာသည် အရင်းမူလအစဖြစ်၏။

တစ်ဖန် 'တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ'တို့ကား နောက်ပိုင်းစက် တည်း။ ဤစက်၌ တဏှာသည် အရင်းမူလအစဖြစ်၏။

ထို့ကြောင့် ဝဋ်မြစ်နှစ်ပါးတို့သည် အဝိဇ္ဇာနှင့် တဏှာတို့ ဖြစ်ကြ၏။

**စက်ရဟတ်ပျက်ကိန်း**

သစ်ပင်တစ်ပင်၌ ရေသောက်မြစ်ပြတ်လျှင် တစ်ပင်လုံးပျက်စီးရသကဲ့သို့ ထို့ အတူ သံသရာတွင် စည်ပင်နေသည့် သတ္တဝါဟု ခေါ်ဆိုအပ်သော ရုပ်နာမ်ခန္ဓာသစ်ပင် ကြီး၌ အဝိဇ္ဇာ, တဏှာဟူသည့်ရေသောက်မြစ်နှစ်ခုကို အရဟတ္တမဂ်လက်နက်ဖြင့် ဖျက် ဆီးလိုက်သောအခါ ရုပ်နာမ်သံသရာကြီးအပြီးသတ်ချုပ်ငြိမ်းလေတော့၏။ ဤသည်ကို ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ပြတ်သည်၊ ဝဋ်ပြတ်သည်ဟု ခေါ်ပါသည်။

အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာကို ပယ်သတ်လိုက်သည့်အခါ အဝိဇ္ဇာအကြွင်းမဲ့ ချုပ် ငြိမ်း၏။ အဝိဇ္ဇာအကြွင်းမဲ့ချုပ်ငြိမ်းခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသည် ဖြစ် ၏။ သင်္ခါရတို့၏ အကြွင်းမဲ့ချုပ်ငြိမ်းခြင်းကြောင့် ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းသည် ဖြစ် ၏။ ပေ။ တဏှာ၏ အကြွင်းမဲ့ချုပ်ခြင်းကြောင့် ဥပါဒါန်တို့၏ ချုပ်ငြိမ်းခြင်းသည် ဖြစ် ၏။ ဥပါဒါန်တို့၏ အကြွင်းမဲ့ချုပ်ခြင်းကြောင့် ဘဝချုပ်ခြင်းသည် ဖြစ်၏။ ဘဝချုပ် ခြင်းကြောင့် ဇာတိချုပ်ခြင်းသည်ဖြစ်၏။ ဇာတိချုပ်ခြင်းကြောင့် အိုမင်းရင့်ရော်ခြင်း ဇရာ, သေဆုံးခြင်း မရဏတို့ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။

http://www.dhammadownload.com



## အဝိဇ္ဇာ၏ အကြောင်း

ပဋိစ္စသမုပ္ပါဒ်တရားတော်တွင် 'အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏။ ပေ။ ဇာတိကြောင့် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဉပါယာသတို့ ဖြစ်ကြ၏' ဟု ဟောတော်မူ၏။ သို့ဖြစ်လျှင် အဘယ်အကြောင်းကြောင့် အဝိဇ္ဇာဖြစ်သနည်းဟု မေးဖွယ်ရာရှိ၏။

'အာသဝါနံ သမုပ္ပါဒါ, အဝိဇ္ဇာစပဝတ္တတိ' သင်္ဂြိုဟ်အရလည်းကောင်း၊ 'အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော' ဟူသော ပါဠိတော်အရလည်းကောင်း၊ အဝိဇ္ဇာ၏ အကြောင်းသည် အာသဝေါတရားလေးပါးဖြစ်သည်ဟု သိအပ်၏။

အာသဝေါတရားလေးပါးကား ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝနှင့် အဝိဇ္ဇာသဝတို့တည်း။

'ဇာတိပစ္စယာ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ' ဟု ဇာတိကြောင့် သောကပရိဒေဝစသည်တို့ ဖြစ်ကြ၏ဟု ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ပြထားသော်လည်း ဇာတိသည် သောကစသည်တို့ဖြစ်ဖို့ရန် မကင်းစကောင်းသော အကြောင်းဝေးသာဖြစ်၏။ သောကစသည်တို့ဖြစ်ဖို့ရာ အနီးဆုံးအကြောင်းမှာ အာသဝေါတရားများပင် ဖြစ်၏။

'ကာမတော ဇာယတေ သောကော' စသည်နှင့်အညီ ချစ်ခင်စုံမက်နှစ်သက်တတ်သော ကာမာသဝကြောင့် သောကစသည်ဖြစ်ရ၏။ နေ့စဉ် လူအများသေဆုံးနေသည်ကိုကြားသိရသော်လည်း သောကပရိဒေဝတို့ မဖြစ်မိ။ မိမိအလွန်ချစ်ခင်သောသူ တစ်ယောက် သေလျှင် သောကပရိဒေဝတို့ အလွန်အမင်းဖြစ်လေတော့၏။ ဤသည်ကို ထောက်ချင့်လျှင် ကာမာသဝ, တဏှာလောဘကြောင့် သောကပရိဒေဝ စသည်တို့ဖြစ်ရကြောင်းကို ကောင်းစွာသဘောပေါက်နိုင်၏။

ဒိဋ္ဌာသဝကြောင့် သောကစသည် ဖြစ်ပုံမှာ 'ရုပ်ဟူသည် ငါတည်း၊ ငါ၏ ရုပ်တည်း' ဟု ဒိဋ္ဌာသဝဖြင့် စွဲလမ်းနေသူသည် ရုပ်တရားဖောက်ပြန်ပြောင်းလဲသောအခါ သောကစသည် ဖြစ်ရ၏။

ဘဝါသဝကြောင့် သောကစသည် ဖြစ်ပုံမှာ အလွန်ခမ်းနားကြီးကျယ်သော ဘုံဗိမာန်များဝယ် ကာလရှည်ကြာစွာ စံနေကြရသည့် နတ်ဗြဟ္မာများသည် ဘဝါသဝဖြင့် အားရနှစ်သက်နေကြ၏။ ဘုရားရှင်၏ ဒုက္ခ, အနိစ္စ, အနတ္တနှင့် စပ်သော တရားစကားကို ကြားကြရသည့်အခါ ထိုနတ်ဗြဟ္မာများသည် မိမိတို့၏ ဘဝ မမြဲသည်ကိုတွေးမိ၍ လွန်စွာထိတ်လန့်ကြောက်ရွံ့လျက် သောက, ဒေါသ, ဒေါမနဿတို့ ဖြစ်ကြရ၏။

အဝိဇ္ဇာသဝကြောင့် သောကစသည်ဖြစ်ပုံမှာ 'အဝိဇ္ဇာမကင်းသော လူဖျင်း, လူအ,

http://www.dhammadownload.com



လူ့ဗာလတို့သည် အဝိဇ္ဇာသဝကြောင့် သောက, ဒုက္ခ, ဒေါမနဿတို့ကို ခံစားကြရ၏' ဟု ဗုဒ္ဓရှင်တော် ဟောမြွက်ထားပေ၏။

ဤသို့လျှင် အာသဝေါတရား လေးပါးကြောင့် သောက စသည်တို့ ဖြစ်ကြ၏။ သောက စသည်ဖြစ်လျှင် အဝိဇ္ဇာလည်း ပါဝင်လေတော့၏။ သောက, ဒေါမနဿ, ဥပါယာသတို့သည် ဒေါသမူစိတ်နှစ်ပါး၌ယှဉ်သော တရားများ ဖြစ်ကြ၏။ ထို့ကြောင့် သောက, ပရိဒေဝ, ဒေါမနဿတို့ဖြစ်ပေါ်တိုင်း အဝိဇ္ဇာဟူသော မောဟသည်လည်း အမြဲယှဉ်လျက်ပါ၏။ (ဒေါသမူစိတ်၌ ဒေါသ, ဒေါမနဿ, မောဟ စသည်တို့ အတူ တကွ ယှဉ်ကြသည်ကို ထောက်ပါ။)

ပရိဒေဝဟူသည့် ငိုကြွေးခြင်းမှာလည်း အဝိဇ္ဇာမကင်းသည့်သူတို့၌သာ ဖြစ်လေ့ ရှိ၏။ ဒုက္ခဖြစ်၍ ကိုယ်ဆင်းရဲသည့်အခါ စိတ်မသက်သာဘဲ ဒေါသမူစိတ်ဖြစ်သည့် အတွက် ဒေါမနဿနှင့် အဝိဇ္ဇာတို့ ဆက်လက်ဖြစ်ကြ၏။

ထို့ကြောင့်သောက စသည်ဖြစ်ပေါ်သောအခါ အဝိဇ္ဇာသည် အတူတကွဖြစ်စေ၊ ရှေ့နောက်ဖြစ်စေ ပါဝင်လေ၏။ 'အရင်းစစ် အမြစ်မြေက' ဆိုသလိုအာသဝေါတရား လေးပါးကြောင့် သောကပရိဒေဝ စသည်တို့ဖြစ်ပေါ်၍ သောကစသည် ဖြစ်ပေါ်သော အခါ အဝိဇ္ဇာသည်လည်း ပါဝင်လာတော့၏။ သို့ဖြစ်၍ အဝိဇ္ဇာ၏ အကြောင်းသည် အာသဝေါတရားလေးပါး ဖြစ်ပါသတည်း။

## အာသဝတို့၏အကြောင်း

အာသဝကြောင့် အဝိဇ္ဇာဖြစ်သည်ဆိုလျှင် အာသဝတို့ကား အဘယ်အကြောင်း ကြောင့် ဖြစ်သနည်းဟု ထပ်ဆင့်မေးဖွယ်ရာရှိ၏။

အာသဝတရားလေးပါးသည် ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တို့ ဖြစ်ကြရာ တဏှာ, ဥပါဒါန်နှင့် အကုသိုလ်ကမ္မဘဝတို့တွင် ထိုက်သည့်အားလျော်စွာ ပါဝင်ကြလေပြီ။ သို့အတွက် တဏှာ, ဥပါဒါန်, ကမ္မဘဝတို့၏ ဖြစ်ကြောင်းသည် ပင်လျှင် အာသဝတို့၏ဖြစ်ကြောင်းဟု ဆိုနိုင်၏။

ထို့အပြင် အာသဝေါတရားလေးပါးကြောင့် သောက, ပရိဒေဝ စသည်တို့ ဖြစ်ပေါ်ရပြီး သောက, ပရိဒေဝ စသည်တို့ ဖြစ်ပေါ်သောအခါ အဝိဇ္ဇာသည်လည်း တွဲ၍ ဝင်လာ၏။ ထို့ကြောင့် ရှေးရှေးအဝိဇ္ဇာသဝကြောင့်လည်း သောက, ပရိဒေဝ စသည် တို့နှင့်တကွ နောက်နောက် အဝိဇ္ဇာ ဖြစ်ပေါ်ရ၏။

## အဝိဇ္ဇာကိုအစထား၍ ဟောရခြင်းအကြောင်း

အာသဝကြောင့် အဝိဇ္ဇာဖြစ်ရသည်ဆိုလျှင် အဘယ့်ကြောင့် အဝိဇ္ဇာကိုအစထား ၍ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဟောကြားရသနည်းဟု မေးသင့်ပြန်၏။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်ဝဋ်တရားအပေါင်းတွင် အဝိဇ္ဇာနှင့် တဏှာတို့သည် ဝဋ်မြစ်နှစ်ပါးဖြစ်၍ ဦးခေါင်းပမာ လွန်စွာအရေးကြီး၏။ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကို ပြုစီမံရာ၌ သတ္တဝါတို့သည် အဝိဇ္ဇာဖြင့် လွှမ်းမိုးဖုံးအုပ်ခံထားရသည်ဖြစ်၍ တဏှာဖြင့် မက်မောသည်ဖြစ်လျက် ပြုမိကြခြင်းဖြစ်၏။ ထို့ကြောင့် ထိုဝဋ်မြစ်နှစ်ပါးတွင် အဝိဇ္ဇာက သာ၍လွန်ပြဋ္ဌာန်း၏။ အဝိဇ္ဇာက အပြစ်များကို ဖုံးလွှမ်းထားသောကြောင့်သာ တဏှာက မက်မောမိ၏။

ဤသို့လျှင် ဝဋ်တရားအပေါင်း၌ ခေါင်းချုပ်ပမာ လွန်စွာအရေးကြီးသော အဝိဇ္ဇာကို ရှေးဦးအစထားလျက် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ဗုဒ္ဓဟောမြွက်ခဲ့ခြင်း ဖြစ်၏။ အဝိဇ္ဇာကိုအစထားသဖြင့် ဝဋ်တရားများဖြစ်စဉ်တွင် အဝိဇ္ဇာက အစဆုံးဖြစ်သည်ကား မဟုတ်။ အဝိဇ္ဇာဖြစ်ဖို့ရာ အာသဝတရားလေးပါးဟူသော အကြောင်းများ ရှိကြပေသေး၏။

**နည်းလေးပါးဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို ဆင်ခြင်ပုံ**

ပဋိစ္စသမုပ္ပါဒ်တရားတော်သည် သတ္တဝါအပေါင်းတို့ သံသရာဝဋ်အတွင်း၌ ကျင်လည်နေရပုံကို ပရမတ္ထသဘောတရားများဖြင့် အကျိုးအကြောင်းဆက်စပ်ကာ ရှင်းပြထားပေ၏။ ထိုအကျိုးအကြောင်းဆက်နွယ်မှုတွင် ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါစသည်တို့ မပါရှိချေ။ ဣဿရနိမ္မာနဝါဒကအဆိုပြုသည့် အနန္တတန်ခိုးရှင်, ဖန်ဆင်းရှင် စသည်တို့လည်း မပါရှိချေ။ သဘာဝတရားများ၏ သဘာဝနည်းကျစွာ တစ်ခုကို တစ်ခု အကြောင်းပြုကာ သိမ်သိမ်မွေ့မွေ့ ချောချောမွတ်မွတ် မရပ်မနား သံသရာလည်ပတ်နေခြင်းသာ ပါရှိ၏။ အကျိုးအကြောင်းဆက်နွယ်ပုံကလည်း အလွန်ယုတ္တိရှိပြီး သိပ္ပံနည်းကျလှသည့်အတွက် ပဋိစ္စသမုပ္ပါဒ်တရားတော်သည် နှစ် ၂၅၀၀ ကျော် သက်တမ်းရှိခဲ့လင့်ကစား အစဉ်ထာဝရ ခေတ်မီဆန်းသစ်၍ မှန်ကန်လျက်ရှိပေ၏။ ဤအကြောင်းကြောင့် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးသည် ကမ္ဘာကျော်လျက်ရှိပေ၏။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဧကတ္တနည်း, နာနတ္တနည်း, အဗျာပါရနည်း, ဧဝံဓမ္မတာနည်းတို့ဖြင့် အဖန်ဖန်ဆင်ခြင်လျှင် သဘောတရား လွန်စွာလေးနက်ပြီး အနှစ်သာရ လွန်စွာရှိသည်ကိုမြင်သိလာနိုင်၏။

(၁) **ဧကတ္တနည်း**... 'သန္တာန်အစဉ် အမျှင်မပြတ်ဘဲ တစ်စပ်တည်း တစ်ဆက်တည်း ဖြစ်သည်' ကို သိသောနည်းသည် ဧကတ္တနည်းမည်၏။

ဧကတ္တနည်းအရ 'မျိုးစေ့မှ အညှောက်၊ အညှောက်မှအပင်ငယ်၊ အပင်ငယ်မှ အပင်လတ်၊ အပင်လတ်မှအပင်ကြီးအဖြစ်သို့' ရောက်အောင် သန္တာန်အစဉ် အမျှင်မပြတ်ဘဲ ပြောင်းလဲလာသကဲ့သို့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ ရှေးရှေးသင်္ခါရကြောင့် ယခု

http://www.dhammadownload.com



ဘဝဝိညာဏ်ဖြစ်၏ စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်စပ်မှုသည် အစဉ်မပြတ်ဘဲ ဆက်စပ်ကာ ဖြစ်ပေါ်နေ၏။

ဤသို့ ဆင်ခြင်မိသောအခါ 'ဤဘဝ, ဤသတ္တဝါ, ဤခန္ဓာအစဉ်သည် ဤဘဝ ဆုံးလျှင်ပြတ်၏။ နောက်ဘဝ, နောက်သတ္တဝါ, နောက်ခန္ဓာအစဉ်သည် သီးခြားဖြစ်၏' ဟု ယူမှားသော ဥစ္ဆေဒဒိဋ္ဌိသည် အလိုအလျောက် ကင်းပျောက်သွား၏။

(၂) **နာနတ္တနည်း**... 'သင်္ခါရအစဉ် အမျှင်မပြတ်သော်လည်း အဝိဇ္ဇာသဘောက တစ်မျိုး, သင်္ခါရ၏သဘောက တစ်မျိုး, ဤသို့စသည်ဖြင့် သဘောလက္ခဏာ ကွဲလွဲကြ၏' ဟု သိသောနည်းသည် နာနတ္တနည်း မည်၏။

ဤနည်းအရ အဝိဇ္ဇာနှင့် သင်္ခါရတို့ ကွဲပြားပုံ၊ သင်္ခါရနှင့် ဝိညာဏ်တို့ ကွဲပြားပုံ၊ အသစ်အသစ်သောအကြောင်းနှင့် အသစ်အသစ်သော အကျိုးတို့ တစ်မျိုးပြီးတစ်မျိုး ဖြစ်သည်ကို ဆင်ခြင်လိုက်သည့်အခါ 'မပျက်မစီး, အမြဲတည်သည်' ဟုအယူလွဲမှားသော သဿတဒိဋ္ဌိသည် အလိုအလျောက် ပပျောက်သွား၏။

(၃) **အဗျာပါရနည်း**... အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာတွင် 'ငါသည် သင်္ခါရကို ဖြစ်စေမည်' ဟု အဝိဇ္ဇာ၌ ကြောင့်ကြဗျာပါ ရမရှိ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရာတွင်လည်း 'ငါသည် ဝိညာဏ်ကိုဖြစ်စေမည်' ဟုသင်္ခါရ၌ ကြောင့်ကြဗျာပါရမရှိ။ ဤသို့လျှင် အကျိုးတရားကိုဖြစ်စေဖို့အတွက် အကြောင်းတရား၌ ကြောင့်ကြဗျာပါရမရှိပုံကို သိရသောနည်းသည် အဗျာပါရနည်း မည်၏။

ဤနည်းဖြင့်ဆင်ခြင်လိုက်သည့်အခါ အကြောင်းတရားနှင့် အကျိုးတရားတို့သည် ဘာသိဘာသာဖြစ်နေပုံကို သိမြင်လာ၏။ သို့အတွက် 'ဤလောကကြီးနှင့် သတ္တဝါတို့ကို ထာဝရဘုရား စသူတို့က ဖန်ဆင်းပေးနေသည်' ဟူသော ဣဿရနိမ္မာနဝါဒ သည်လည်းကောင်း၊ 'မိမိ၏ခန္ဓာကိုယ်တွင်း၌ ထိုထိုအမှုများကိုပြုလုပ်ခံစားတတ်သော အတ္တရှိ၏' ဟု စွဲလမ်းတတ်သည့် အတ္တဝါဒသည်လည်းကောင်း အလိုအလျောက် ပပျောက်သွားလေတော့၏။

(၄) **ဧဝံဓမ္မတာနည်း**... 'အဝိဇ္ဇာ စသောအကြောင်းတို့ကြောင့် သင်္ခါရစသည့် အကျိုးများ ဖြစ်ရခြင်းသည် ထုံးစံဓမ္မတာပင်တည်း' ဟု သိရသောနည်းသည် ဧဝံဓမ္မတာ နည်း မည်၏။

ဤနည်းအရ ဆင်ခြင်လိုက်သည့်အခါ ချိုဆိမ့်သော နို့ရည်ကြောင့် ချဉ်သည့် နို့ဓမ်းဖြစ်ရခြင်း၊ နှမ်းကြောင့် ဆီဖြစ်ရခြင်း၊ ကြံကြောင့် ကြံရည်ဖြစ်ရခြင်း စသည်တို့ သည်လည်း ထုံးစံဓမ္မတာပင်တည်း။ သဲမှဆီမထွက်နိုင်ခြင်း၊ ကြံမှနို့ရည်မထွက်နိုင် ခြင်း စသည်တို့သည်လည်း ထုံးစံဓမ္မတာပင်တည်း။ ထို့အတူ အဝိဇ္ဇာကြောင့် သင်္ခါရ သာ ဖြစ်ခြင်း၊ သင်္ခါရသည်လည်း အဝိဇ္ဇာကြောင့်သာ ဖြစ်ခြင်း၊ တစ်စုံတစ်ခုသော

http://www.dhammadownload.com



အကြောင်းမရှိဘဲ တစ်စုံတစ်ခုသောအကျိုးသည် ဘာသိဘာသာမဖြစ်ပေါ်နိုင်ခြင်း၊ မဆိုင်သောအကြောင်းကြောင့်လည်း မဆိုင်သည့်အကျိုး မဖြစ်ပေါ်နိုင်ခြင်း စသည်တို့သည် ထုံးစံမွေ့တာပင်တကား' ဟု ထင်ထင်ရှားရှားသိမြင်လာတော့၏။

ထိုအခါ 'အားလုံးသောတရားတို့၌ ဆိုင်ရာအကြောင်း မကင်း' ဟုသိမြင်သည့် သဟေတုကအယူ ရှင်သန်လာရကား 'အကြောင်းမရှိဘဲ ဖြစ်တတ်သည်' ဟု ယူမှားသော အဟေတုကဒိဋ္ဌိသည်လည်းကောင်း၊ 'ကုသိုလ်, အကုသိုလ်အမှုများကို ပြုလုပ်သော်လည်း ပြုရာမရောက်၊ အကျိုးမရ' ဟု ယူမှားသော အကြိယဒိဋ္ဌိသည် လည်းကောင်း အလိုအလျောက် ပပျောက်သွားလေတော့၏။

**နိဂုံး—** ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ပတ်နေပုံကိုနည်းလေးဖြာဖြင့် ဖြန့်ခင်း၍ သန့်ရှင်းအောင် အဖန်ဖန်အထပ်ထပ်ဆင်ခြင်သုံးသပ်လျှင် လောကအလုံးစုံ၌ အရာအားလုံးတို့၏ ဖြစ်ချည် ပျက်ချည် သံသရာလည်နေသည်ကို ပြုံပြုံထင်ထင် သိမြင်လာလိမ့်မည်။

'အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။ပေ။ ဇာတိကြောင့် ဇရာ, မရဏ, သောက စသည်တို့ဖြစ်၏။ သောက စသည်ဖြစ်လျှင် မုချပင်အာသဝေါမကင်းသေး၊ အာသဝေါမကင်းသေးလျှင် အာသဝကြောင့် သောကစသည်နှင့်တကွ အဝိဇ္ဇာလည်း ဖြစ်ပြန်၏။ ဤသို့ အဆက်မပြတ် စက်ရဟတ်ပမာ ချာချာလည်၍ ဘယ်တရားကစ၍ ဖြစ်သည်၊ ဘယ်သောအခါက စ၍ဖြစ်သည်ဟု အစမရှိသော ဝဋ်တရားကို 'ပဋိစ္စသမုပ္ပါဒ်စက်' ဟု ဘုရားရှင် မိန့်မြွက်တော်မူခဲ့လေပြီ။

ပဋိစ္စသမုပ္ပါဒ်၏ အကြောင်းအကျိုးဆက်နွယ်ပုံကို ရှင်းလင်းစွာ မထွင်းဖောက်နိုင်ဘဲလျက် သံသရာမှ ထွက်မြောက်နိုင်သူကား အိပ်မက်ထဲ၌မျှလည်း မရှိခဲ့ဖူးချေ။

သို့ဖြစ်၍ ဘဝသံသရာဝဲဂယက်မှ လျင်မြန်စွာ ထွက်မြောက်လိုသူတို့သည် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို ကသိုဏ်းရှုသလိုအထပ်ထပ် ကြည့်ရှုဆင်ခြင်လျက် ဘာဝနာမယဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်နိုင်အောင် အားထုတ်သင့်ကြပါတော့သတည်း။

## ပဋ္ဌာန်းနည်း

ပဋ္ဌာန်းနည်းတွင် 'ဟေတုပစ္စယော၊ ပေ၊ အဝိဂတပစ္စယော' ဟု ၂၄ ပစ္စည်းတို့၏ သရုပ်ကို ရေးဦးစွာ ထုတ်ဖော်ပြပြီးလျှင် ထို့နောက်တွင် အလွန်ကျယ်ဝန်းစွာ ဟောတော်မူ၏။ အဘိဓမ္မတ္ထသင်္ဂဟ အမည်ရသည့် သင်္ဂြိုဟ်ကျမ်း၌ကား ပဋ္ဌာန်းဒေသနာနည်း၏ အကျဉ်းအနှစ်သာရမျှလောက်ကိုသာ ဖော်ပြထားနိုင်၏။

http://www.dhammadownload.com



ပစ္စယုဒ္ဒေသပါဠိ (ပစ္စည်းတရားအကျဉ်း ၂၄ ပါး)

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊
အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊
သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊
အညမညပစ္စယော၊ နိဿယပစ္စယော၊
ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊
ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊
ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊
အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊
ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊
သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊
ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။ ။

၂၄ ပစ္စည်းတို့၏ တရားကိုယ်နှင့် အဓိပ္ပာယ်

ပစ္စယ=ပစ္စည်းသည် အကြောင်းတရား၊ ပစ္စယုပ္ပန်သည် အကျိုးတရား၊ ပစ္စယသတ္တိသည် ပစ္စည်းတစ်မျိုးစီ၏ ကျေးဇူးပြုနိုင်သော အခြင်းအရာသတ္တိဖြစ်၏။

ပစ္စည်းတစ်မျိုးစီ၏ ပစ္စည်းသရုပ်, ပစ္စယုပ္ပန်သရုပ်နှင့် ပစ္စယသတ္တိတို့ကို လိုရင်းမျှ ဖော်ပြသွားပါမည်။

**၁။ ဟေတုပစ္စယော**

ပစ္စည်း= လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဟူသော ဟိတ်ခြောက်ပါး။

ပစ္စယုပ္ပန် = သဟိတ်စိတ် ၇၁ ပါး, မောဟမူဒွေ၌ မောဟကြဉ်သော ၎င်းစိတ်တို့၌ယှဉ်သော စေတသိက် ၅၂ ပါ ,သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စယသတ္တိ = ရေသောက်မြစ်သည် သစ်ပင်အား မြဲမြံခိုင်ခံ့သန့်စွမ်းစွာ တည်နေခြင်းငှာ အကျိုးပြုသကဲ့သို့ ဟိတ်ခြောက်ပါးသည် သမ္ပယုတ်တရားတို့အား မြဲမြံခိုင်ခံ့သန့်စွမ်းစွာတည်နေအောင် ကျေးဇူးပြုကြ၏။ ဟိတ်ခြောက်ပါးတို့သည် မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့အားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း ဟေတုသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

http://www.dhammadownload.com



၂။ **အာရမ္မဏပစ္စယော**

ပစ္စည်း = ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဖြစ်သော စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်ဟူသော အာရုံခြောက်ပါး။

ပစ္စယုပ္ပန် = စိတ် ၈၉ ပါးနှင့် စေတသိက် ၅၂ ပါး။

ပစ္စယသတ္တိ = ကြိုးတန်းနှင့် တောင်ဝှေးတို့သည် မစွမ်းမသန်သောသူတို့အား ဆွဲတွယ်ထောက်တည်ရန်အလို့ငှာ ကျေးဇူးပြုသကဲ့သို့၊ အာရုံခြောက်ပါးတို့သည် စိတ်စေတသိက်တို့အား ဆွဲတွယ်ထောက်တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုကြ၏။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အာရုံခြောက်ပါးတို့သည် အသီးသီး မိမိတို့နှင့်ဆိုင်သော စိတ် စေတသိက်တို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

၃။ **အဓိပတိပစ္စယော**

ပစ္စည်း = အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ ဟူ၍ နှစ်ပါးရှိ၏။

(၁) အာရမ္မဏာဓိပတိ = အလေးအမြတ်ပြုအပ်သည့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် ၁၈ ပါး၊ ဒေါသမူ ၂၊ မောဟမူ ၂၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄ ပါး၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇ ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ဤအာရုံခြောက်ပါး တရားတို့ကို အာရမ္မဏာဓိပတိပစ္စည်းဟု ခေါ်၏။

ပစ္စယုပ္ပန် = အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ပါး၊ မဟာကုသိုလ်စိတ် ရှစ်ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် လေးပါး၊ လောကုတ္တရာစိတ် ရှစ်ပါး၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အပ္ပမညာကြဉ်သော စေတသိက် ၄၅ ပါး၊ ဤတရားတို့ကို အာရမ္မဏာဓိပတိပစ္စည်း၏ အကျိုးပစ္စယုပ္ပန်ဟု ခေါ်၏။

(၂) သဟဇာတာဓိပတိ = ဒွိဟိတ်ဇော၊ တိဟိတ်ဇော ၅၂ ပါးနှင့် ၎င်းတို့၌ယှဉ်ကြသော ဆန္ဒ၊ ဝီရိယ၊ ဝီမံသ (ပညာ) ဟူသော အဓိပတိတရားကိုယ်။

ပစ္စယုပ္ပန် = အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂ ပါး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁ ပါး၊ သာဓိပတိစိတ္တဇရုပ်။ ဤတရားတို့ကို သဟဇာတာဓိပတိပစ္စည်း၏ အကျိုးပစ္စယုပ္ပန်ဟု ခေါ်၏။

ပစ္စယသတ္တိ = စကြဝတေးမင်းသည် အထွတ်အထိပ်အချုပ်အချာအာဏာတန်ခိုးဖြင့် တစ်ပါးသူတို့၏ ကြီးစိုးခြင်းကို တားမြစ်၍ နိုင်ငံသားအပေါင်းတို့အား မိမိအလိုသို့ လိုက်ပါစေကာ အကြီးအကဲအဖြစ်ဖြင့် အစိုးရသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မိမိအလိုသို့ လိုက်စေ၍ ရှေ့ဆောင်အကြီးအကဲအဖြစ်ဖြင့် ကျေးဇူးပြုမှုကို အဓိပတိပစ္စယသတ္တိဟု ခေါ်၏။

http://www.dhammadownload.com



၄။ အနန္တရပစ္စယော

ပစ္စည်း = ရဟန္တာတို့ စုတိစိတ်ကြဉ်သော ရှေးရှေးသောစိတ် ၈၉ ပါးနှင့် စေတသိက် ၅၂ ပါး။

ပစ္စယုပ္ပန် = ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နောက်ဖြစ်ကြသောစိတ် ၈၉ ပါးနှင့် စေတသိက် ၅၂ ပါး။

ပစ္စယသတ္တိ = ကေရာဇ်ဘုရင်၏ နတ်ရွာလားခြင်းသည် သားကြီးရာဇာနာအား မင်းအဖြစ် အဘိသိက်ခံခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ရှေ့ရှေ့ဖြစ်သော စိတ်စေတသိက်တို့သည် နောက်နောက်အခြားမဲ့ဖြစ်ကြသည့် စိတ်စေတသိက်တို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ရှေးရှေးနှစ်မျိုးစေ့သည် နောက်နောက်နှစ်မျိုးစေ့အား အစဉ်မပြတ် ဖြစ်ပေါ်ရစ်အောင် မျိုးအညွှာက်ပေးခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးစိတ္တုပ္ပါဒ်သည် မိမိချုပ်ပျက်သည်ရှိသော် နောက်နောက်စိတ္တုပ္ပါဒ်ဖြစ်ပေါ်ရစ်ရန် မျိုးအညွှာက်ပေး၍ ကျေးဇူးပြု၏။ စိတ်ကလည်း နောက်စိတ်ဖြစ်ရန် စိတ်မျိုးအညွှာက် ချန်ထားခဲ့၏။ ဖဿကလည်း နောက်ဖဿဖြစ်ရန် ဝေဒနာကလည်း နောက်ဝေဒနာဖြစ်ရန် အလုံးစုံသော စေတသိက်တို့သည် အသီးသီး မိမိတို့၏ ဓာတ်အစဉ် အစဉ်အဆက်မပြတ် ဖြစ်ပေါ်ရန် မျိုးအညွှာက်ချန်ထားခဲ့ကြ၏။ ဤသို့ နောက်စိတ္တုပ္ပါဒ်အား ဖြစ်ပေါ်ခွင့်ရရန် မျိုးအစဉ်ပေးသည်အဖြစ်ဖြင့် ကျေးဇူးပြုမှုကိုအနန္တရပစ္စယသတ္တိဟု ခေါ်၏။

၅။ သမနန္တရပစ္စယော

ပစ္စည်း = အနန္တရပစ္စည်းနှင့်တူ၏။

ပစ္စယုပ္ပန် = အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်နှင့် တူ၏။

ပစ္စယသတ္တိ = ကေရာဇ်မင်း၏ အရည်ဝါသီတော်ထွက်၍ ရဟန်းပြုခြင်းသည် သားကြီးရာဇာနာအား မင်းအဖြစ်ကို ရစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ရှေ့ရှေ့ဖြစ်သော စိတ်စေတသိက်တို့သည် နောက်နောက်အခြားမဲ့ဖြစ်ကြသည့် စိတ်စေတသိက်တို့အား ကောင်းစွာ အခြားမရှိစေဘဲ ဖြစ်ပေါ်ရန် ကျေးဇူးပြုကြကုန်၏။

ရှေးရှေးစိတ်စေတသိက်တို့က နောက်နောက်စိတ်စေတသိက်တို့အား အစဉ်အဆက်မပြတ် မျိုးအညွှာက်ပေးကြရာ၌ စိတ်သည် ဖဿ, ဝေဒနာစသည်တို့အား မပေးဘဲ စိတ်အားသာလျှင် ပေး၏။ ဖဿသည် စိတ်ဝေဒနာစသည်တို့အား မပေးဘဲ ဖဿအားသာလျှင် ပေး၏။ ထို့အတူ ကြွင်းသောစေတသိက်တို့ကလည်း ဓာတ်မတူသူတို့အား မပေးဘဲ အသီးသီးဓာတ်တူသားအားသာလျှင် ပေးဆက်ကြ၏။ ဤသို့ ဓာတ်မရောမပြောင်းစေဘဲ မိမိတို့၏ ဓာတ်တူသားအားသာလျှင် ကောင်းစွာမျိုးအစဉ် ပေးကြ

http://www.dhammadownload.com



သောကြောင့် အနန္တရပစ္စည်းကိုပင်လျှင် 'သံ = ကောင်းစွာ' ဟူသောပုဒ်ဖြင့် အထူးပြု၍ သမနန္တရပစ္စည်းဟု ဟောတော်မူ၏။

**၆။ သဟဇာတပစ္စယော**

ပစ္စည်း = စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး, စတုဓမဟာဘုတ်လေးပါး, ပဋိသန္ဓေ၀ါကာရ ပဋိသန္ဓေ ၁၅ ပါး, ဟဒယဝတ္ထု။

ပစ္စယုပ္ပန် = စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး, အဇ္ဈတ္တဗဟိဒ္ဓအလုံးစုံသော ရုပ် ၂၈ ပါး, ပဋိသန္ဓေ၀ါကာရပဋိသန္ဓေ ၁၅ ပါး, ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စယသတ္တိ = ဆီမီးသည် မီးတောက်သည်နှင့်တစ်ပြိုင်နက် အရောင်အလင်းကို အတူတကွဖြစ်စေသကဲ့သို့ အကြောင်းတရားတို့သည် မိမိတို့ဖြစ်ပေါ်လာကြသည်နှင့် တစ်ပြိုင်နက် အကျိုးတရားတို့အား တစ်ပြိုင်နက် အတူတကွဖြစ်ပေါ်လာအောင် ကျေးဇူးပြုမှုကို သဟဇာတပစ္စယသတ္တိဟု ခေါ်၏။

စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

စတုဓမဟာဘုတ် လေးပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ပဋိသန္ဓေ၀ါကာရပဋိသန္ဓေ ၁၅ ပါးတို့သည် ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ဟဒယဝတ္ထုသည် ပဋိသန္ဓေ၀ါကာရပဋိသန္ဓေ ၁၅ ပါးအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

**၇။ အညမညပစ္စယော**

ပစ္စည်း = စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး, စတုဓမဟာဘုတ်လေးပါး, ပဋိသန္ဓေ၀ါကာရပဋိသန္ဓေ ၁၅ ပါး, ဟဒယဝတ္ထု။

ပစ္စယုပ္ပန် = အထက်ပါပစ္စည်းတရားများအတိုင်း။

ပစ္စယသတ္တိ = သစ်သားသုံးခွ တိဒဏ္ဍသည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းအား ထောက်ပံ့နိုင်စေခြင်းငှာ အပြန်အလှန်ကျေးဇူးပြုသကဲ့သို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုမှုကို အညမညပစ္စယသတ္တိဟု ခေါ်၏။

စိတ်စေတသိက်တို့သည် တစ်ခုကိုတစ်ခု အချင်းချင်း အညမညသတ္တိဖြင့် ကျေးဇူးပြုကြ၏။ စတုဓမဟာဘုတ်လေးပါးတို့သည် အညမညသတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုကြ၏။

ပဋိသန္ဓေ၀ါကာရပဋိသန္ဓေ ၁၅ ပါးနှင့် ဟဒယဝတ္ထုတို့သည် အချင်းချင်း အပြန်အလှန် အညမညသတ္တိဖြင့် ကျေးဇူးပြုကြ၏။

http://www.dhammadownload.com



**၈။ နိဿယပစ္စယော**

ပစ္စည်း = သဟဇာတနိဿယ, ပုရေဇာတနိဿယဟူ၍ နှစ်မျိုးရှိ၏။

(၁) သဟဇာတနိဿယပစ္စည်း = စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး, စတုဇ မဟာဘုတ် လေးပါး , ပဋိသန္ဓေဝါကာရပဋိသန္ဓေ ၁၅ ပါး, ဟဒယဝတ္ထု။

သဟဇာတနိဿယပစ္စယုပ္ပန် = စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး, စတုဇ မဟာဘုတ်လေးပါး, ပဉ္စဝေါကာရပဋိသန္ဓေ ၁၅ ပါး, ပဋိသန္ဓေကမ္မဇရုပ်။

(၂) ပုရေဇာတနိဿယပစ္စည်း = ပဝတ္တိအခါ မဇ္ဈိမာယုကပသာဒငါးပါး, ပဋိသန္ဓေစိတ် စသည့် ရှေ့ရှေ့အနန္တရစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသည့်အခါ ရှေ့စိတ္တက္ခဏ တစ်ချက်စာကာလ၌ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှအထက် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သည့် ဟဒယဝတ္ထု။

ပုရေဇာတနိဿယပစ္စယုပ္ပန် = ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် အရူပဝိပါက် လေးခုကြဉ်သော ပဝတ္တိဝိညာဏဓာတ် ခုနစ်ပါး, စေတသိက် ၅၂ ပါး။

ပစ္စယသတ္တိ = လှေနှင့် လှသည် အချင်းချင်း မှီရာဖြစ်သကဲ့သို့လည်းကောင်း၊ မြေကြီးသည် သစ်ပင်များနှင့် သတ္တဝါတို့၏ မှီရာဖြစ်သကဲ့သို့လည်းကောင်း၊ ပစ္စယုပ္ပန် တရားတို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုမှုကို နိဿယပစ္စယသတ္တိဟု ခေါ်၏။

စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ မိမိတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

စတုဇမဟာဘုတ်လေးပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း၊ သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ပဉ္စဝေါကာရပဋိသန္ဓေ ၁၅ ပါးတို့သည် ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ဟဒယဝတ္ထုသည် ပဉ္စဝေါကာရပဋိသန္ဓေ ၁၅ ပါးတို့အား သဟဇာတနိဿယ သတ္တိဖြင့် ကျေးဇူးပြုကြ၏။

ပဝတ္တိအခါ ဝတ္ထုရုပ် ခြောက်ပါးတို့သည် မိမိတို့၌မှီ၍ဖြစ်လာကြသော ဝိညာဏဓာတ် ခုနစ်ပါးတို့အား ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

**၉။ ဥပနိဿယပစ္စယော**

ပစ္စည်း = အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယ ဟူ၍ သုံးမျိုးရှိ၏။

http://www.dhammadownload.com



(၁) အာရမ္မဏူပနိဿယပစ္စည်း = အာရမ္မဏာဓိပတိပစ္စည်းနှင့် တူ၏။
(၂) အနန္တရူပနိဿယပစ္စည်း = အနန္တရပစ္စည်းနှင့် တူ၏။
(၃) ပကတူပနိဿယပစ္စည်း = စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး, အဇ္ဈတ္တဗဟိဒ္ဓ အလုံးစုံသော ရုပ် ၂၈ ပါး, နိဗ္ဗာန်, ပညတ်။

ပကတူပနိဿယပစ္စယုပ္ပန် = အလုံးစုံသော စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး။

ပစ္စယသတ္တိ = မိုးရေသည် မိမိကိုမှီကုန်သော သစ်ပင် သတ္တဝါတို့၏ အားကြီးသော မှီရာဖြစ်သကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား အားကြီးသောမှီရာအဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဥပနိဿယပစ္စယသတ္တိဟု ခေါ်၏။

ရာဂ, ဒေါသ အစရှိသော အကုသိုလ်တရားတို့သည် မိမိသန္တာန်၌ လည်းကောင်း၊ သူတစ်ပါးသန္တာန်၌လည်းကောင်း၊ နောင်ဖြစ်ပေါ်မည့် အကုသိုလ်အချင်းချင်းအားလည်းကောင်း၊ ကုသိုလ်, ဝိပါက်, ကြိယာတရားကိုလည်းကောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

သဒ္ဓါ, သီလ, သုတ, စာဂ အစရှိသော ကုသိုလ်တရားတို့သည် မိမိသန္တာန်၌လည်းကောင်း၊ သူတစ်ပါးသန္တာန်၌လည်းကောင်း၊ နောင်ဖြစ်ပေါ်မည့် ကုသိုလ်အချင်းချင်းအားလည်းကောင်း၊ အကုသိုလ်, ဝိပါက်, ကြိယာတရားတို့အားလည်းကောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

သုခ, ဒုက္ခစသော ဝိပါက်တရားတို့သည်လည်းကောင်း၊ ကြိယာတို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်တရားတို့သည်လည်းကောင်း၊ ကျောင်း, အိမ်, ပုဂ္ဂိုလ် စသည့် အချို့သော ပညတ်တို့သည်လည်းကောင်း မိမိသန္တာန်နှင့် သူတစ်ပါးသန္တာန်၌ နောင်ဖြစ်ပေါ်မည့် အကုသိုလ်, ကုသိုလ်, ဝိပါက်, ကြိယာတို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

နာနာက္ခဏိကကံတို့သည် မိမိကြောင့်ဖြစ်သော ဝိပါက်စိတ်တို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ဈာန်, အဘိညာဉ်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့သည် မိမိကို နှစ်သက်သာယာသော တဏှာ, လောဘတရားအားလည်းကောင်း၊ လိုချင်တောင့်တ၍ ရအောင်အားထုတ်ခြင်းကြောင့်ဖြစ်သော ကုသိုလ်တရားအားလည်းကောင်း၊ ထိုသို့ အားထုတ်ရာ၌ ဆင်းရဲခြင်း, ချမ်းသာခြင်းဖြစ်သော သုခ, ဒုက္ခ, ဝိပါက်တရားတို့အားလည်းကောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

**အကျဉ်းမှတ်ရန်။** ။ အကြောင်းအမှတ်မရှိ တစ်စုံတစ်ခုသောတရားကိုဖြစ်စေ၊ ပုဂ္ဂိုလ်ကိုဖြစ်စေ အကြောင်းပြု၍ မိမိသန္တာန်၌လည်းကောင်း၊ သူတစ်ပါးသန္တာန်၌ လည်းကောင်း၊ နောင်ကာလ ရှေ့ကာလတို့ဝယ် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ

http://www.dhammadownload.com



တရားတို့သည် ဖြစ်ပေါ်ကြကုန်၏။ ထိုအမှတ်မရှိ တစ်စုံတစ်ခုသော တရား သို့မဟုတ် ပုဂ္ဂိုလ်သည် မိမိကိုအကြောင်းခံ၍ဖြစ်ပေါ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ တို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

**၁၀။ ပုရေဇာတပစ္စယော**

ပစ္စည်း = ဝတ္ထုပုရေဇာတ, အာရမ္မဏပုရေဇာတ, ဝတ္ထာရမ္မဏပုရေဇာတဟူ၍ သုံးမျိုးရှိ၏။

(၁) ဝတ္ထုပုရေဇာတပစ္စည်း = ပုရေဇာတနိဿယပစ္စည်းအတိုင်း ဝတ္ထုခြောက်ပါး ဖြစ်၏။

ပစ္စယုပ္ပန်သည်လည်း ပုရေဇာတနိဿယပစ္စယုပ္ပန်အတိုင်း အရူပဝိပါက်လေးပါးကြဉ်သော ပဝတ္တိဝိညာဏဓာတ်ခုနစ်ပါး, စေတသိက် ၅၂ ပါး။

(၂) အာရမ္မဏပုရေဇာတပစ္စည်း = သတ္တရသာယုကအာရုံ ဖြစ်ကောင်းသော အာရုံခြောက်ပါးဟူသည့် နိပ္ဖန္နရုပ် ၁၈ ပါး။

၎င်း၏ ပစ္စယုပ္ပန် = ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် ကာမစိတ် ၅၄ ပါး, အဘိညာဏ်ဒွေ, အပ္ပမညာကြဉ်သော စေတသိက် ၅၀။

(၃) ဝတ္ထာရမ္မဏပုရေဇာတပစ္စည်း = မှီရာ, အာရုံလည်းပြုရာဖြစ်သော ဟဒယဝတ္ထု။

၎င်း၏ပစ္စယုပ္ပန် = ဟဒယဝတ္ထုကိုမှီ၍ အာရုံလည်းပြု၍ဖြစ်သော မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉ ပါး, တဒါရုံ ၁၁ ပါး, အဘိညာဏ်ဒွေ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် ၄၄ ပါး။

ပစ္စယသတ္တိ = ကမ္ဘာဦးအခါ၌ဖြစ်ကြသော နေ, လတို့သည် မိမိတို့ ထင်ရှားရှိခိုက် အလင်းကိုမှီကုန်သော သတ္တဝါတို့အား ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ ရှေး၌ဖြစ်နှင့်ပြီး ပစ္စယုပ္ပန်တို့အား ကျေးဇူးပြုမှုကို ပုရေဇာတပစ္စယသတ္တိဟု ခေါ်၏။

ပဝတ္တိအခါ ဝတ္ထုရုပ်ခြောက်ပါးတို့သည် မိမိအပေါ်၌မှီ၍ဖြစ်လာသော ဝိညာဏဓာတ် ခုနစ်ပါးတို့အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

သတ္တရသာယုကရကောင်းသောအာရုံခြောက်ပါးတို့သည် မိမိတို့ကို အာရုံပြု၍ဖြစ်သော ဝိညာဏဓာတ်ခုနစ်ပါးတို့အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ဝိပဿနာစိတ်, အဘိညာဏ်စိတ်တို့ဖြင့် ဟဒယဝတ္ထုကို ရှု၍ အာရုံပြု၍ ပရိနိဗ္ဗာန်စံကြသော ရဟန္တာတို့သာလျှင် မရဏာသန္နအခါ၌ ဝတ္ထာရမ္မဏပစ္စည်းကို ရအပ်၏။ ကြွင်းသောပုဂ္ဂိုလ်တို့၌ မရဏာသန္နအခါတွင် မရအပ်။ မရဏာသန္နမတိုင်မီ လောဘ

http://www.dhammadownload.com



စိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ဝိပဿနာစိတ်၊ အဘိညာဏ်စိတ်တို့ဖြင့် အာရုံပြုသော အခါတို့၌သာ ရအပ်၏။

**၁၁။ ပစ္ဆာဇာတပစ္စယော**

ပစ္စည်း = ပဌမဝေါကာရဘုံ၌ဖြစ်ခိုက် အရူပဝိပါက်လေးခုကြဉ်သောစိတ် ၈၅ ပါး၊ စေတသိက် ၅၂ ပါး။

ပစ္စယုပ္ပန် = ဝတ္ထုခြောက်ပါးနှင့် ဒွိဇ၊ တိဇ၊ စတုဇရုပ်များ။

ပစ္စယသတ္တိ = လင်းတငယ်တို့၏ အာဟာရ၌ ချဉ်ခြင်းစေတနာသည် နောက်မှဖြစ်၍ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုမှုကို ပစ္ဆာဇာတပစ္စယသတ္တိဟု ခေါ်၏။

အရှင်ဗာကုလရဟန္တာလောင်းသည် နို့စို့အရွယ် ကလေးဘဝက သမုဒ္ဒရာထဲသို့ ကျသွားရာ ရေနစ်၍မသေ၊ ငါးကြီးမျို၍လည်း မသေ။ ထိုသို့မသေခြင်းမှာ နောင်အခါ ရဟန္တာဖြစ်မည့်သတ္တိက မသေရန်အကျိုးပြုသောကြောင့် ဖြစ်၏။

ထို့အတူ နောက်မှဖြစ်လာကြသော စိတ်စေတသိက်တို့သည် ရှေးဦးစွာဖြစ်နှင့်၍ ဌီအနေတွင် တည်ရှိကြသော ဝတ္ထုရုပ်နှင့်တကွ ဒွိဇ၊ တိဇ၊ စတုဇရုပ်အပေါင်းကို ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

**၁၂။ အာသေဝနပစ္စယော**

ပစ္စည်း = လောကီအဆုံးဇော၊ မဂ်ဇော၊ ဖိုလ်ဇောတို့ကို ကြဉ်အပ်သော ရှေးရှေးသော လောကီဇော ၄၇ ပါး၊ စေတသိက် ၅၂ ပါး။

ပစ္စယုပ္ပန် = ပထမဇောနှင့် ဖိုလ်ဇောတို့ကိုကြဉ်သော နောက်နောက်သော ဇော ၅၁ ပါး၊ စေတသိက် ၅၂ ပါး။

ပစ္စယသတ္တိ = ရှေ့ရှေ့၌ ထုံအပ်သောနံ့သာသည် နောက်နောက်၌ ထုံအပ်သော နံ့သာအား အဆင်းအနံ့ လွန်စွာတိုးပွားစေလျက် ခိုင်မြဲစွာ ဖြစ်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရှေ့ရှေ့၌ ကျမ်းဂန်သင်ကြားခြင်းသည် နောက်နောက်၌ ကျမ်းဂန်သင်ကြားခြင်းကို လွယ်ကူထက်သန်အားရှိအောင် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ စက်ဘီးနှင့် လှည်းဘီးတို့၏ ရှေ့ရှေ့သောလည်ပတ်မှုသည် နောက်နောက်သော လည်ပတ်မှုအား ထက်သန်အားရှိအောင် ကျေးဇူးပြုသကဲ့သို့လည်းကောင်း ထို့အတူ နောက်နောက်ဇောတို့အား ထက်သန်အားရှိအောင် အထုံအဟုန်ပေးသည့်အနေဖြင့် ရှေ့ရှေ့ဇောတို့၏ ကျေးဇူးပြုမှုကို အာသေဝနပစ္စယသတ္တိဟု ခေါ်၏။

**၁၃။ ကမ္မပစ္စယော**

ပစ္စည်း = သဟဇာတကကမ္မနှင့် နာနာက္ခဏိက ကမ္မဟူ၍ နှစ်မျိုးရှိ၏။

http://www.dhammadownload.com



(၁) သဟဇာတကမ္မပစ္စည်း = စိတ် ၈၉ ပါးတို့၌ယှဉ်သော စေတနာ ၈၉ ပါး။
ဋင်း၏ ပစ္စယုပ္ပန် = စိတ် ၈၉ ပါး၊ စေတနာကြဉ်သော စေတသိက် ၅၁ ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

(၂) နာနာက္ခဏိက ကမ္မပစ္စည်း = အကုသိုလ်ကံ ၁၂ ပါး, မဟာကုသိုလ်ကံ ရှစ်ပါး, မဟဂ္ဂုတ်ကုသိုလ်ကံ ကိုးပါး, မဂ်စေတနာကံ လေးပါး။
ဋင်း၏ပစ္စယုပ္ပန် = ဝိပါက်စိတ် ၃၆ ပါး၊ ဋင်းတို့၌ယှဉ်သော စေတသိက် ၃၈ ပါး၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ်။

ပစ္စယသတ္တိ = ကောင်းစွာသိမ်းဆည်းစီရင်ထားသော မျိုးစေ့သည် အညွန့်အညှောက်နှင့်တကွ အပင်သစ်ကိုဖြစ်စေသကဲ့သို့ ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့ ဖြစ်ဖို့ရန် မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ကမ္မပစ္စယသတ္တိဟု ခေါ်၏။

စိတ် ၈၉ ပါး၌ယှဉ်ကြသော စေတနာ ၈၉ ပါးတို့သည် မိမိတို့နှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့အားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား လည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုကြ၏။

နာနာက္ခဏိကစေတနာကံတို့သည် မိမိတို့ကြောင့်ဖြစ်သော ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့အား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုကြ၏။

**၁၄။ ဝိပါက ပစ္စယော**

ပစ္စည်း = ဝိပါက်စိတ် ၃၆ ပါး၊ ဋင်းတို့၌ယှဉ်ကြသော စေတသိက် ၃၈ ပါး။
ပစ္စယုပ္ပန် = အချင်းချင်းမှ ထောက်သဖြင့် ဝိပါက်စိတ် ၃၆ ပါး၊ ဋင်းတို့၌ယှဉ်ကြသော စေတသိက် ၃၈ ပါး၊ ဝိပါက်စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စယသတ္တိ = ချမ်းအေးသောလေသည် ချမ်းအေးသည့်အရပ်၌နေသောသူအား ချမ်းငြိမ်းစေခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ယောဉ်စီးသော သူငယ်အား သီချင်းသံဖြင့် ကျူးရင့်ဘိသကဲ့သို့လည်းကောင်း၊ ပစ္စယုပ္ပန်တရားတို့အား ကြိယာဖျာပါရကင်းစေ၍ မေးမှိန်ငြိမ်သက်စွာဖြစ်စေသောအဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဝိပါကပစ္စယသတ္တိဟု ခေါ်၏။

ဝိပါက်စိတ္တုပ္ပါဒ် ၃၆ ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါကမ္မဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

**၁၅။ အာဟာရပစ္စယော**

ပစ္စည်း = ရုပ်အာဟာရနှင့် နာမ်အာဟာရဟူ၍ နှစ်မျိုးရှိ၏။

http://www.dhammadownload.com



(၁) ရုပ်အာဟာရပစ္စည်း = အဇ္ဈတ္တစတုဇဩဇာနှင့် စားသောက်မျိုသွင်းအပ်သော အစာအာဟာရ၌ပါရှိသည့် ဗဟိဒ္ဓဩဇာ။
ရုပ်အာဟာရပစ္စယုပ္ပန် = အာဟာရမှီဝဲသော သတ္တဝါ၏ အဇ္ဈတ္တစတုဇရုပ်။
(၂) နာမ်အာဟာရပစ္စည်း = ဖဿ, စေတနာ, ဝိညာဏ်။
နာမ်အာဟာရပစ္စယုပ္ပန် = စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စယသတ္တိ = မိဘတို့သည် သားသမီးတို့ကို ဖြစ်ထွန်းလာစေပြီးနောက် စောင့်ရှောက် ထောက်ပံ့ထမ်းဆောင်ထားသကဲ့သို့လည်းကောင်း၊ အိမ်အိုကို ထောက်ကန်ထားသော ကျားတိုင်တို့သည် အိမ်အိုအား မြဲခိုင်စေခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ လည်းကောင်း၊ ပစ္စယုပ္ပန်တရားတို့အား ဖြစ်စေခြင်း, ထက်သန်အားကောင်းအောင် စောင့်ရှောက် ထောက်ပံ့ထမ်းဆောင်ခြင်း ကိစ္စတို့ဖြင့် ကျေးဇူးပြုမှုကို အာဟာရပစ္စယသတ္တိဟု ခေါ်၏။

အဇ္ဈတ္တဩဇာ, ဗဟိဒ္ဓဩဇာဟူသော အာဟာရသည် အာဟာရဇရုပ်တို့အား ဖြစ်စေခြင်း၊ ထောက်ပံ့ခြင်း၊ ဋ္ဌီအနေ၌ တည်ရှိကြကုန်သော ကြွင်းတိဇရုပ်တို့အား ထောက်ပံ့ခြင်းဟူသော အာဟာရသတ္တိဖြင့် ကျေးဇူးပြု၏။

ဖဿ, စေတနာ, ဝိညာဏ်ဟူသော နာမ်အာဟာရတို့သည် မိမိတို့နှင့် ယှဉ်ဖက်သမ္ပယုတ်တရားတို့အားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

**၁၆။ ဣန္ဒြိယပစ္စယော**

ပစ္စည်း = သဟဇာတိန္ဒြိယ, ပုရေဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယဟူ၍ သုံးမျိုးရှိ၏။
(၁) သဟဇာတိန္ဒြိယပစ္စည်း = နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဟူသော နာမ်ဣန္ဒြေ ရှစ်ပါး။
၎င်း၏ ပစ္စယုပ္ပန် = စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး, စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်။
(၂) ပုရေဇာတိန္ဒြိယပစ္စည်း = မဇ္ဈိမာယုကပသာဒ ငါးပါး။
၎င်း၏ ပစ္စယုပ္ပန် = ဒွေပဉ္စဝိညာဏ် ၁၀, သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါး။
(၃) ရူပဇီဝိတိန္ဒြိယပစ္စည်း = ကမ္မဇရုပ်ကလာပ်၌ပါသော ရုပ်ဇီဝိတ။
၎င်း၏ ပစ္စယုပ္ပန် = ဇီဝိတကြဉ်သော ကလာပ်တူ ကမ္မဇရုပ်။

http://www.dhammadownload.com



ပစ္စယသတ္တိ = နိုင်ငံတစ်နိုင်ငံ၌ တိုင်းရေးပြည်ရေးကိစ္စများကို ခွဲဝေစီမံအုပ်ချုပ်ကြသော ဝန်ကြီးများသည် မိမိနှင့်ဆိုင်သောကိစ္စရပ်များ၌ အခြားဝန်ကြီးများနှင့် ပြည်သူတို့အား မိမိအလိုသို့ လိုက်ပါစေ၍ အစိုးရသည်အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မိမိအလိုသို့ လိုက်စေ၍ အစိုးရသည်အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဣန္ဒြိယပစ္စယသတ္တိဟု ခေါ်၏။

နာမ်ဣန္ဒြေတို့သည် မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့အားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ပသာဒရုပ်ငါးပါးတို့သည် မိမိတို့ကို မှီ၍ဖြစ်ကြသော စိတ်စေတသိက်တို့အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ရုပ်ဇီဝိတိန္ဒြေသည် မိမိနှင့်ကလာပ်တူကမ္မဇရုပ်တို့အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြု၏။

### ၁၇။ ဈာနပစ္စယော

ပစ္စည်း = ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ၊ ဤဈာနင်ငါးပါးကို ဈာနပစ္စည်းဟု ခေါ်၏။

ပစ္စယုပ္ပန် = ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သောစိတ် ၇၉ ပါး, စေတသိက် ၅၂ ပါး, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စယသတ္တိ = တောင်ဖျား, သစ်ပင်ဖျားသို့တက်ပြီး ကြည့်သောသူသည် အဝေးအနီး အရပ်တို့ကို မြင်ခြင်းဟူသည့် အကျိုးကျေးဇူးကို ရသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား အာရုံသို့ ရှေးရှုစူးစိုက်ပြီး ရှုစေသည်အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဈာနပစ္စယသတ္တိဟု ခေါ်၏။

ဈာနင်တရားတို့သည် မိမိတို့နှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့အားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း ဈာနသတ္တိဖြင့် ကျေးဇူးပြုကြ၏။

### ၁၈။ မဂ္ဂပစ္စယော

ပစ္စည်း = သဟိတ်စိတ် ၇၁ ပါး၌ရှိသော ပညာ, ဝိတက်, ဝိရတီ သုံးပါး, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ။

ပစ္စယုပ္ပန် = သဟိတ်စိတ် ၇၁ ပါး, စေတသိက် ၅၂ ပါး, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

http://www.dhammadownload.com



ပစ္စယသတ္တိ = ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသောသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့လည်းကောင်း၊ ထိုမှာဘက်မှ ဤမှာဘက်သို့ ကူးသောသူသည် ထိုမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့လည်းကောင်း၊ လက်ရှိဘဝမှ သုဂတိဘဝ သို့မဟုတ် ဒုဂ္ဂတိဘဝသို့ရောက်ကြောင်း မဂ်ဖြစ်၍ ထွက်မြောက်ရန် ကျေးဇူးပြုမှုကို မဂ္ဂပစ္စယသတ္တိဟု ခေါ်၏။

မဂ္ဂင်တရားတို့သည် မိမိတို့နှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့အားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုကြ၏။

**၁၉။ သမ္ပယုတ္တပစ္စယော**

ပစ္စည်း = စိတ် ၈၉ ပါးနှင့် စေတသိက် ၅၂ ပါးဟူသော နာမက္ခန္ဓာလေးပါး။

ပစ္စယုပ္ပန် = စိတ် ၈၉ ပါးနှင့် စေတသိက် ၅၂ ပါးတို့ပင်တည်း။

ပစ္စယသတ္တိ = နှမ်းဆီ, ထောပတ်, ပျားရည်, သကာဟူသော စတုမဓုလေးပါးသည် ဝဲ, ယာ, ရှေ့, နောက်, ထက်အောက်, တွင်းပြင် ရွေးချယ်၍မရအောင် ရောနှောသမနေသကဲ့သို့လည်းကောင်း၊ စတုမဓု၏အရသာသည် ခွဲခြားမရအောင် အချင်းချင်း နှီးနှောရောပြွမ်းနေသကဲ့သို့လည်းကောင်း တစ်ခုတည်းသော ဖြစ်ခြင်းချုပ်ခြင်းရှိအောင် အတူတကွ ယှဉ်ခြင်းဖြင့် ကျေးဇူးပြုမှုကို သမ္ပယုတ္တပစ္စယသတ္တိဟု ခေါ်၏။

နာမက္ခန္ဓာလေးပါးတည်းဟူသော စိတ်စေတသိက်တရားတို့သည် မိမိနှင့် ယှဉ်ဖက် အချင်းချင်းအား သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

**၂၀။ ဝိပ္ပယုတ္တပစ္စယော**

ပစ္စည်း = သဟဇာတဝိပ္ပယုတ္တ, ပုရေဇာတဝိပ္ပယုတ္တ, ပစ္ဆာဇာတဝိပ္ပယုတ္တဟူ၍ ဝိပ္ပယုတ္တပစ္စည်း သုံးမျိုးရှိ၏။

(၁) သဟဇာတဝိပ္ပယုတ္တပစ္စည်း = ဒွေပဉ္စဝိညာဏ် ၁၀, အရူပဝိပါက် လေးပါး, ရဟန္တာတို့၏စုတိကြဉ်သောစိတ် ၇၅ ပါး, စေတသိက် ၅၂ ပါး, အချင်းချင်းအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေ ၁၅ ပါးနှင့် ဟဒယဝတ္ထု။

သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ အကျိုးပစ္စယုပ္ပန်မှာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေ ၁၅ ပါးတို့တည်း။

(၂) ပုရေဇာတဝိပ္ပယုတ္တပစ္စည်း = ဝတ္ထုပုရေဇာတပစ္စည်းနှင့် တူ၏။

(၃) ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း = ပစ္ဆာဇာတပစ္စည်းနှင့် တူ၏။

ပစ္စယသတ္တိ = ခြောက်ပါးသောအရသာတို့သည် အချင်းချင်းမနှီးနှော မရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရွှေမကိုင်၍ ခြယ်စီထားသော

http://www.dhammadownload.com



ရတနာကျောက်မျက်တို့သည်ရွှေနှင့်အချင်းချင်းမရောယှက်ကြသကဲ့သို့လည်းကောင်း၊ ထို့အတူ နာမ်ရုပ်တရားတို့သည် အချင်းချင်း မှီတွယ်ဖက်စပ်၍ဖြစ်ကြငြားသော်လည်း ကေပ္ပါဒစသည်ဖြစ်အောင် တစ်လုံးတည်းမရောယှက်သည်အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဝိပ္ပယုတ္တပစ္စယသတ္တိဟု ခေါ်၏။

စိတ်, စေတသိက်တရားတို့သည် မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်များအား လည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း၊ ရှေးဦးစွာဖြစ်နှင့်၍ ဌီအနေ၌တည်ရှိကြသော စတုဇရုပ်တို့အားလည်းကောင်း ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ပဋိသန္ဓေအခါ ဟဒယဝတ္ထုသည် ပဋိသန္ဓေဝိပါကာရပဋိသန္ဓေအား ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ပဝတ္တိအခါ ဝတ္ထုရုပ်ခြောက်ခုတို့သည် မိမိတို့ကိုမှီ၍ဖြစ်လာကြသော ဝိညာဏဓာတ် ခုနစ်ပါးတို့အား ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

## ၂၁။ အတ္ထိပစ္စယော

ပစ္စည်း = သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိဟူ၍ အတ္ထိပစ္စည်း ငါးမျိုးရှိ၏။

(၁) သဟဇာတတ္ထိ = သဟဇာတပစ္စည်းနှင့် တူ၏။
(၂) ပုရေဇာတတ္ထိ = ပုရေဇာတပစ္စည်းနှင့် တူ၏။
(၃) ပစ္ဆာဇာတတ္ထိ = ပစ္ဆာဇာတပစ္စည်းနှင့် တူ၏။
(၄) အာဟာရတ္ထိ = ရုပ်အာဟာရပစ္စည်းနှင့် တူ၏။
(၅) ဣန္ဒြိယတ္ထိ = ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့် တူ၏။

ပစ္စယသတ္တိ = ဟိမဝန္တာတောင်မင်းသည် မိမိကိုမှီ၍ဖြစ်ကြသော သစ်ပင်, ပန်းပင် စသည်တို့အား ရှင်သန်ပြန့်ပွားစေခြင်းငှာ မိမိထင်ရှားရှိနေခြင်းအားဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ပြည့်ရှင်မင်းသည် သားမယားမှစ၍ တိုင်းသူပြည်သားအပေါင်းတို့အား ထက်သန်အားရှိအောင် မိမိအသက်ရှင်စဉ် မိမိထင်ရှားတည်နေခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ပစ္စယုပ္ပန်တရားတို့အား ထက်သန်အားရှိအောင် ထင်ရှားစွာတည်ရှိသည်အဖြစ်ဖြင့် ကျေးဇူးပြုမှုကို အတ္ထိပစ္စယသတ္တိဟု ခေါ်၏။

စိတ်, စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ မိမိတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါကမ္မဇရုပ်တို့အားလည်းကောင်း အတ္ထိသတ္တိဖြင့် ကျေးဇူးပြုကြ၏။

http://www.dhammadownload.com



အရူပ္ပနှင့် ဗဟိဒ္ဓစတုဇမဟာဘုတ်တို့သည် အချင်းချင်းအား လည်းကောင်း၊ မိမိတို့ကို မှီကုန်သော ဥပါဒါရုပ်တို့အားလည်းကောင်း၊ အတ္ထိသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ဟဒယဝတ္ထုသည် ပဉ္စဝေါကာရပဋိသန္ဓေ ၁၅ ပါးတို့အား အတ္ထိသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ဝတ္ထုရုပ် ၆ ပါးနှင့် သဗ္ဗရူပေသုဿကာ ရကောင်းသော အာရုံ ၆ ပါးတို့သည် ရှေးဦးစွာ ဖြစ်နှင့်၍ နောက်မှဖြစ်ကြသော ၆ ဒွါရဝီထိစိတ်များနှင့် စေတသိက်များကို အတ္ထိသတ္တိဖြင့် ကျေးဇူးပြုကြ၏။

နောက်နောက်ဖြစ်လာကြသော စိတ်စေတသိက်တို့သည် ရှေးဦးစွာဖြစ်နှင့်၍ ဌီအနေ၌ တည်ရှိကြကုန်သော ရူပကာယစတုဇရုပ်တို့အား အတ္ထိသတ္တိဖြင့် ကျေးဇူးပြုကြ၏။

အဇ္ဈတ္တသြဇာနှင့်တကွ စားသောက်မျိုသွင်းအပ်သော ကဗဠီကာရအာဟာရသည် ဌီအနေ၌ တည်ရှိကြကုန်သော ရူပကာယစတုဇရုပ်တို့အား အတ္ထိသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ရုပ်ဇီဝိတိန္ဒြေသည် ကလာပ်တူ ကမ္မဇရုပ်တို့အား အတ္ထိသတ္တိဖြင့် ကျေးဇူးပြု၏။

### ၂၂။ နတ္ထိပစ္စယော

နတ္ထိပစ္စည်း = အနန္တရပစ္စည်းနှင့်တူ၏။

ပစ္စယုပ္ပန် = အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်နှင့် တူ၏။

ပစ္စယသတ္တိ = ညဉ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဆီမီး၏ငြိမ်းခြင်းသည် အမိုက်မှောင်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ လည်းကောင်း၊ ဘုရင်မင်းမြတ်၏ နတ်ရွာစံခြင်းသည် မိမိသားကြီးအား ဘုရင်ဖြစ်ခွင့်ကို အပ်နှင်းသကဲ့သို့လည်းကောင်း၊ မိမိချုပ်ငြိမ်း၍မရှိခြင်းဖြင့် ကျေးဇူးပြုမှုကို နတ္ထိပစ္စယသတ္တိဟု ခေါ်၏။

ရှေ့ရှေ့ စိတ္တုပ္ပါဒ်တို့သည် မိမိတို့၏ အခြားမဲ့၌ဖြစ်ကြသော နောက်နောက် စိတ္တုပ္ပါဒ်တို့အား နတ္ထိသတ္တိဖြင့် ကျေးဇူးပြုကြ၏။

### ၂၃။ ဝိဂတပစ္စယော

ပစ္စည်းနှင့် ပစ္စယုပ္ပန် = နတ္ထိပစ္စည်းနှင့် ပစ္စယုပ္ပန်အတိုင်းပင်။ 'ဝိဂတ = ကင်းခြင်း'နှင့် 'နတ္ထိ = မရှိခြင်း'တို့သည် အနက်သဘောတူကြ၏။

ပစ္စယသတ္တိ = နေ၏ဝင်ခြင်းသည် လရောင်လင်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကင်းချုပ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဝိဂတပစ္စသတ္တိဟု ခေါ်၏။

http://www.dhammadownload.com



ရှေ့ရှေ့စိတ္တုပ္ပါဒ်တို့သည် မိမိတို့၏ အခြားမဲ့၌ဖြစ်ကြသော နောက်နောက် စိတ္တုပ္ပါဒ်တို့အား ဝိဂတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

**၂၄။ အဝိဂတပစ္စယော**

ပစ္စည်းနှင့် ပစ္စယုပ္ပန် = အတ္ထိပစ္စည်း, အတ္ထိပစ္စယုပ္ပန်တို့နှင့် အလုံးစုံတူ၏။ 'အဝိဂတ = မကင်းခြင်း'သည် 'အတ္ထိ = ရှိခြင်း' နှင့် သဘောတူ၏။

ပစ္စယသတ္တိ = မဟာသမုဒ္ဒရာသည် မိမိအတွင်း၌ရှိကြကုန်သော ငါးလိပ်မကာရ်း စသည်တို့အား ပီတိသောမနဿပွားစေခြင်းငှာ မိမိ၏မကင်းသည်အဖြစ်ဖြင့် ကျေးဇူး ပြုသကဲ့သို့ မကင်းသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုမှုကို အဝိဂတပစ္စယသတ္တိဟု ခေါ်၏။

**ပစ္စယရာသီ = ပစ္စည်းစုခြောက်မျိုး**

၁။ နာမ်သည် နာမ်အားကျေးဇူးပြုသော ပစ္စည်းခြောက်ပါး။
နာမ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုကြသော ပစ္စည်းတို့သည် အနန္တရ, သမနန္တရ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတတို့ ဖြစ်ကြ၏။

၂။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းငါးပါး။
နာမ်ဖြစ်၍ နာမ်ရုပ်နှစ်ပါးအား ကျေးဇူးပြုကြသော ပစ္စည်းတို့သည် ဟေတု, ဈာန, မဂ္ဂ, ကမ္မ, ဝိပါကတို့ ဖြစ်ကြ၏။

၃။ နာမ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်းတစ်ပါး။
နာမ်ဖြစ်၍ ရုပ်အားသာလျှင် ကျေးဇူးပြုသော ပစ္စည်းသည် ပစ္ဆာဇာတဖြစ်၏။

၄။ ရုပ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်းတစ်ပါး။
ရုပ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုသောပစ္စည်းသည် ပုရေဇာတဖြစ်၏။

၅။ နာမ်, ရုပ်, ပညတ်တို့သည် နာမ်အား ကျေးဇူးပြုကြသော ပစ္စည်းနှစ်ပါး။
နာမ်, ရုပ်, ပညတ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုသောပစ္စည်းတို့သည် အာရမ္မဏနှင့် ဥပနိဿယတို့ ဖြစ်ကြ၏။

၆။ နာမ်ရုပ်နှစ်ပါးက နာမ်ရုပ်နှစ်ပါးအား ကျေးဇူးပြုကြသော ပစ္စည်းကိုးပါး။
နာမ်ရုပ် နှစ်ပါးစုံဖြစ်၍ နာမ်ရုပ်နှစ်ပါးစုံအား ကျေးဇူးပြုကြသောပစ္စည်းတို့ သည် အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပ ယုတ္တ, အတ္ထိ, အဝိဂတပစ္စည်းတို့ ဖြစ်ကြ၏။

**ပစ္စည်း ၆ မျိုးတို့၏ ကျေးဇူးပြုပုံများ**

**၁။ နာမ်သည် နာမ်အား ကျေးဇူးပြုပုံမှာ—**

နာမ်သည် နာမ်အား အနန္တရ, သမနန္တရ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ ဟူသော ပစ္စည်း ၆ ပါးဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်စေတသိက်တို့သည် အကြောင်းကိုစွဲ၍ဖြစ်ကုန်သော စိတ်စေတသိက်တို့အား အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

ရှေးရှေးဖြစ်သော ဇောတို့သည် နောက်နောက်ဖြစ်သော ဇောတို့အား အာသေဝန ပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

အတူတကွဖြစ်ကြကုန်သော စိတ်စေတသိက်တို့သည် အချင်းချင်းအား သမ္ပယုတ္တ ပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

**၂။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုပုံမှာ—**

နာမ်သည် နာမ်ရုပ်အား ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက ဟူသော ပစ္စည်း ၅ ပါး ဖြင့် ကျေးဇူးပြု၏။

ဟိတ်၊ ဈာနင်၊ မဂ္ဂင်တို့သည် အတူတကွဖြစ်ကြကုန်သော နာမ်ရုပ်တို့အား ဟေတု၊ ဈာန၊ မဂ္ဂ ပစ္စည်းတို့၏အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

တကွဖြစ်သော စေတနာသည် တကွဖြစ်သော နာမ်ရုပ်တို့အားလည်းကောင်း၊ အသီးသီးသော ခဏတို့၌ဖြစ်ကြသော စေတနာတို့သည် ကံကြောင့်ဖြစ်သော နာမ်ရုပ် တို့အား လည်းကောင်း၊ ကမ္မပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအားလည်းကောင်း၊ အတူတကွ ဖြစ်ကုန် သော ရုပ်တို့အားလည်းကောင်း၊ ဝိပါကပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

**၃။ နာမ်သည် ရုပ်အား ကျေးဇူးပြုပုံမှာ—**

နောက်နောက်၌ ဖြစ်ကုန်သော စိတ်စေတသိက်တို့သည် ရှေ့ရှေ့၌ဖြစ်ကုန်သော ရူပကာယအား ပစ္ဆာဇာတပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြု၏။

**၄။ ရုပ်သည် နာမ်အား ကျေးဇူးပြုပုံမှာ—**

ဝတ္ထုရုပ် ၆ ပါးတို့သည် ပဝတ္တိအခါ၌ ဝိညာဏဓာတ် ၇ ပါးတို့အားလည်းကောင်း၊ အာရုံ ၅ ပါးတို့သည် ပဉ္စဝိညာဏဝီထိတို့အားလည်းကောင်း၊ ပုရေဇာတပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

**၅။ ပညတ်နာမ်ရုပ်က နာမ်အား ကျေးဇူးပြုသော—**

၂ – ပစ္စည်းကား အာရမ္မဏနှင့် ဥပနိဿယတို့တည်း။

အာရမ္မဏပစ္စည်းသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့် ဓမ္မာရုံ တို့ဖြစ်ကြ၏။ ဤအာရုံတို့သည် စိတ်စေတသိက်တို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုကြ၏။

ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပ

http://www.dhammadownload.com



နိဿယဟု ၃ မျိုးပြား၏။ ထို ၃ မျိုးတွင် အလေးဂရုပြုအပ်သော အာရုံသည်ပင်လျှင် အာရမ္မဏူပနိဿယပစ္စည်းမည်၏။ အခြားမဲ့ဖြစ်၍ ချုပ်ပြီးကုန်သော စိတ်စေတသိက်တို့သည် အနန္တရူပနိဿယပစ္စည်း မည်၏။ ပကတူပနိဿယပစ္စည်းကား များပြားလှ၏။

ရာဂအစရှိသော အကုသိုလ်တရားတို့သည်လည်းကောင်း၊ သဒ္ဓါအစရှိသော ကုသိုလ်တရားတို့သည်လည်းကောင်း၊ ကာယိကသုခသည်လည်းကောင်း၊ ကာယိက ဒုက္ခသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဘောဇဉ်သည်လည်းကောင်း၊ ဥတုသည်လည်းကောင်း၊ ကျောင်း, အိမ်ရာ, နေရာတို့သည်လည်းကောင်း၊ ပကတူပ နိဿယပစ္စည်းများ ဖြစ်ကြပြီး ထိုက်သည့်အားလျော်စွာ အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် တို့၌ နောင်ဖြစ်ပေါ်လာကြမည့် အကုသိုလ်, ကုသိုလ်, ဝိပါက်, ကြိယာတို့အား ဥပ နိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ကံသည်လည်း ဝိပါက်နာမက္ခန္ဓာ(ဝိပါက်စိတ်နှင့် စေတသိက်များ) နှင့် ကမ္မဇရုပ်တို့ကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

၆။ နာမ်ရုပ် ၂ ပါးက နာမ်ရုပ် ၂ ပါးအား ကျေးဇူးပြုပုံမှာ—

အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ပစ္စည်း ၉ ပါးတို့သည် ထိုက်သည့်အားလျော်စွာ ၉ ပစ္စယသတ္တိတို့ ဖြင့် နာမ်ရုပ်တို့အား ကျေးဇူးပြုကြကုန်၏။

(၁) အဓိပတိပစ္စည်းကျေးဇူးပြုပုံ

ဤတွင် အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိဟူ၍ ၂ မျိုး ပြား၏။ အာရမ္မဏာဓိပတိဟူသည်မှာ သာမန်အာရုံ, အလေးဂရုပြုအပ်သော အာရုံ ၂ ပါးတို့တွင် အာရုံမပြုလျှင် မနေနိုင်လောက်အောင် စိတ်ကို ဆွဲဆောင်နိုင်သော ဂရု ကတ အာရုံမျိုးဖြစ်၏။ ထိုအာရုံသည် စိတ်စေတသိက်တို့အား အာရမ္မဏာဓိပတိပစ္စည်း ၏ အစွမ်းဖြင့် ကျေးဇူးပြု၏။

သဟဇာတာဓိပတိပစ္စည်း ၄ ပါး (ဆန္ဒ, ဝီရိယ, စိတ္တ, ဝိမံသ) တို့သည် တကွဖြစ် ကြကုန်သော နာမ်ရုပ်တို့အား သဟဇာတာဓိပတိပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ ၏။

(၂) သဟဇာတပစ္စည်းကျေးဇူးပြုပုံ

စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ တကွဖြစ်သော ရုပ် တို့အားလည်းကောင်း၊ သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

မဟာဘုတ် ၄ ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်တို့အား လည်းကောင်း၊ သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

http://www.dhammadownload.com



ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုနှင့် ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

**(၃) အညမညပစ္စည်းကျေးဇူးပြုပုံ**

စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ မဟာဘုတ် ၄ ပါးတို့သည် အချင်းချင်းအား လည်းကောင်း၊ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုနှင့် ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအားလည်းကောင်း၊ အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

**(၄) နိဿယပစ္စည်း ကျေးဇူးပြုပုံ**

(၁) စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း၊ (၂) မဟာဘုတ် ၄ ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း၊ (၃) ဝတ္ထုရုပ် ၆ ပါးတို့သည် ဝိညာဏဓာတ် ၇ ပါးတို့အားလည်းကောင်း၊ နိဿယပစ္စယသတ္တိဖြင့် အသီးသီးကျေးဇူးပြုကြကုန်၏။

**(၅) အာဟာရပစ္စည်း ကျေးဇူးပြုပုံ**

အာဟာရပစ္စည်းသည် ရုပ်အာဟာရနှင့် နာမ်အာဟာရဟူ၍ ၂ မျိုးရှိ၏။ ရုပ်အာဟာရသည် အဇ္ဈတ္တစတုသြဇာနှင့် စားသောက်မျိုသွင်းအပ်သည့် အစာအာဟာရ၌ ပါရှိသော ဗဟိဒ္ဓသြဇာဖြစ်၏။ နာမ်အာဟာရမှာ ဖဿ, စေတနာနှင့် ဝိညာဏ်တို့ ဖြစ်ကြ၏။

အလုပ်အလွေးပြုအပ်သော ရုပ်အာဟာရသည် ဤရူပကာယအားလည်းကောင်း၊ နာမ်အာဟာရတို့သည် တကွဖြစ်ကုန်သော နာမ်ရုပ်တို့အားလည်းကောင်း၊ အာဟာရပစ္စယသတ္တိဖြင့် အသီးသီးကျေးဇူးပြုကြကုန်၏။

**(၆) ဣန္ဒြိယပစ္စည်း၏ ကျေးဇူးပြုပုံ**

ဣန္ဒြိယပစ္စည်း၏ ကျေးဇူးပြုပုံမှာ (၁) ပသာဒရုပ် ၅ ပါးတို့သည် ပဉ္စဝိညာဏ်တို့အားလည်းကောင်း၊ (၂) ရူပဇီဝိတိန္ဒြေသည် ဥပါဒိန္န (ကမ္မဇ) ရုပ်တို့အားလည်းကောင်း၊ (၃) နာမ်ဣန္ဒြေ ၈ ပါးတို့သည် အတူတကွဖြစ်ကြသော နာမ်ရုပ်တို့အားလည်းကောင်း၊ ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

နာမ်ဣန္ဒြေ ၈ ပါးမှာ နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိနှင့် ပညာတို့ ဖြစ်ကြကုန်၏။

**(၇) ဝိပ္ပယုတ္တပစ္စည်း ကျေးဇူးပြုပုံ**

ဝိပ္ပယုတ္တပစ္စည်း၏ ကျေးဇူးပြုပုံမှာ (၁) ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုသည် ဝိပါက်ခန္ဓာအားလည်းကောင်း၊ စိတ်စေတသိက်တို့သည် တကွဖြစ်သော ရုပ်တို့အား လည်းကောင်း၊ သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ အစွမ်းအားဖြင့် ကျေးဇူးပြုကြ၏။

http://www.dhammadownload.com



(၂) နောက်နောက်၌ဖြစ်ကုန်သော စိတ်စေတသိက်တို့သည် ရှေးရှေး၌ဖြစ်သော ဤရူပကာယအား ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြု၏။

(၃) ဝတ္ထုရုပ် ၆ ပါးတို့သည် ပဝတ္တိအခါ၌ ဝိညာဏဓာတ် ၇ ပါးတို့အား ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

**(၈,၉) အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့ ကျေးဇူးပြုပုံ**

အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့ကား အလုံးစုံဖြစ်သော သဟဇာတမျိုး၊ ပုရေဇာတမျိုး၊ ပစ္ဆာဇာတမျိုး၊ ကဗဠီကာရအာဟာရနှင့် ရူပဇီဝိတိန္ဒြေတို့တည်း။ ဤပစ္စည်းတို့သည် ထိုက်သည့်အားလျော်စွာ နာမ်ရုပ်တို့အား အတ္ထိပစ္စယသတ္တိ၊ အဝိဂတပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကြကုန်၏။

## ပစ္စယသမောဓာနသရုပ်

ပစ္စည်းအကျဉ်းချုပ်လေးပါး = ၂၄ ပါးသော ပစ္စည်းတို့ကို သဘောတူကိစ္စတူ အားဖြင့် တစ်နည်းအကျဉ်းချုံး၍ ပစ္စည်းအကျဉ်းချုပ် လေးမျိုးသတ်မှတ်နိုင်ပါသည်။

အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ ပစ္စည်းတို့တည်း။

## ရုပ်၊ နာမ်၊ ပညတ် ခွဲခြားပုံ

ရုပ်တရားသည် ရုပ် ၂၈ ပါး (ဝါ) ရူပက္ခန္ဓာဖြစ်၏။

နာမ်တရားသည် စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါးနှင့် နိဗ္ဗာန်တို့တည်း။

တစ်နည်းဆိုသော် နာမ်တရားသည် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာနှင့် နိဗ္ဗာန်တို့တည်း။ နိဗ္ဗာန်သည် လောကုတ္တရာစိတ်စေတသိက်တို့အား နိဗ္ဗာန်ဆီသို့ ကိုင်းညွတ်စေ (နာမန) သည့်အတွက် နာမ်ဟုသတ်မှတ်၏။

## ပညတ်နှစ်မျိုး

ပညတ်တရားသည် အတ္ထပညတ်နှင့် သဒ္ဒပညတ်ဟူ၍ နှစ်မျိုးရှိ၏။

**အတ္ထပညတ်**ဟူသည်မှာ သူတစ်ပါးတို့အား နားလည်အောင် ပြောပြအပ်၊ သိစေအပ်သော အကြောင်းအရာ အနက်ဒြပ်များဖြစ်ကြ၏။ အနက်ဒြပ်ဟူသည်မှာ စိတ်၌ ထင်လာသမျှသော အကောင်အထည်ဝတ္ထုများပင်တည်း။

**သဒ္ဒပညတ်**ဟူသည်မှာ စကားသံတည်း။ ပါဠိစကားသံ၊ မြန်မာစကားသံ၊ အင်္ဂလိပ်စကားသံ၊ တရုတ်စကားသံ၊ ထိုထိုစကားသံ (သဒ္ဒ) ဟူသမျှသည် မိမိတို့ ဘာသာအလျောက် ဆိုလိုရာ အနက်ဒြပ်၊ အထည်ဝတ္ထုတစ်ခုခုကို အမျိုးမျိုး အစားစား အားဖြင့် သိစေသည်ချည်းဖြစ်၏။ ဤသို့ အပြားအားဖြင့် သိစေတတ်သောကြောင့် စကားသံကို သဒ္ဒပညတ်ဟု ခေါ်၏။

http://www.dhammadownload.com



## အတ္ထပညတ်အကျယ်

သတ္တဝါတို့၏သန္တာန်ပြင်ပ၌တည်ရှိကြသော ဝတ္ထုများသည် ပထဝီ, အာပေါ, တေဇော, ဝါယောဟူသည့် မဟာဘုတ်ကြီးလေးပါးနှင့် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာတို့၏ အပေါင်းအစု (အဋ္ဌကလာပ်) ဖြစ်ကြ၏။ ဤအဋ္ဌကလာပ်သာ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ အောက်ပါဆွေးနွေးချက်များ၌ ဤအဋ္ဌကလာပ်ရုပ်အစုတို့ကို 'မဟာဘုတ်' ဟုသာ ခေါ်ဝေါ်သုံးစွဲသွားပါမည်။

(၁) **သန္တာနပညတ်**။ ။ မဟာဘုတ်လေးပါးတို့၏ ပေါင်းစုတည်နေပုံအခြင်းအရာကိုအစွဲပြု၍ 'မြေကြီး'၊ 'တောင်' စသည်ဖြင့် ခေါ်ဝေါ်ပညတ်ခြင်းကို သန္တာနပညတ်ဟု ခေါ်၏။ သမူဟပညတ်ဟုလည်း ခေါ်၏။

မဟာဘုတ်တို့ အစဉ်အဆက်တွဲယှက်ပြီး ပြန့်ကျယ်ပြားချပ်သော အခြင်းအရာဖြင့် စုပုံတည်နေဟန် အစဉ်သန္တာန်ကို ရှေးဦးစွာအာရုံပြု၍ ဤအရာကား 'ဘူမိ' (မြေကြီး) ဟုအမည်သမုတ်အပ်၏။

မဟာဘုတ်တို့ အစဉ်အဆက် တွဲယှက်ပြီး မို့မို့မောက်မောက် မတ်စောက်ကာ စုပုံတည်နေဟန်အခြင်းအရာကို အာရုံပြု၍ ဤအရာကား 'ပဗ္ဗတ' (တောင်) ဟု အမည်သမုတ်အပ်၏။

ဤကဲ့သို့ မဟာဘုတ်တို့၏ တွဲယှက်တည်နေပုံအစဉ်သန္တာန်ကို စွဲ၍ သမုတ်ထားအပ်သော 'ဘူမိ, ပဗ္ဗတ' (မြေကြီး, တောင်) စသည့်အမည်ပညတ်များကို သန္တာနပညတ်ဟုမှတ်အပ်၏။

(၂) **သမူဟပညတ်**။ ။ သစ်သားအဆောက်အဦ, အုတ်အဆောက်အဦ, ရထား စသည့် ပစ္စည်းများ ပေါင်းစုနေပုံကိုစွဲ၍ သမုတ်ခေါ်ဝေါ်ထားသော အမည်ပညတ်များကို သမူဟပညတ်ဟု ခေါ်၏။

**ပုံစံ** — ဂေဟ (အိမ်)၊ ရထ (ရထား)၊ သကဋ (လှည်း)၊ ဂါမ (ရွာ)။

(၃) **သဏ္ဌာနပညတ်**။ ။ ပစ္စည်းတစ်မျိုးတည်းဖြစ်ပါလျက် ပုံသဏ္ဌာန် အမျိုးမျိုး ကွဲပြားနေသည်ကို အကြောင်းပြု၍ သမုတ်ခေါ်ဝေါ်ထားသော အမည်ပညတ်များကို သဏ္ဌာနပညတ်ဟု ခေါ်၏။

**ပုံစံ** — ပန်းကန်ပြား၊ ပန်းကန်လုံး၊ ဇွန်း၊ ကရား။

(၄) **သတ္တပညတ်**။ ။ ခန္ဓာငါးပါးအပေါင်းအစုကို ရှေးဦးစွာ စိတ်ဖြင့် အာရုံပြု၍ ဤအရာကား 'ပုရိသ' (ယောကျ်ား)၊ ဤအရာကား 'ဣတ္ထိယ' (မိန်းမ)၊ ဤအရာကား 'ပုဂ္ဂလ' (ပုဂ္ဂိုလ်) စသည်ဖြင့် နာမည်ပညတ် သမုတ်အပ်၏။

ဤကဲ့သို့ သတ္တဝါကိုစွဲ၍ ပညတ်အပ်သော အမည်ပညတ်များကို 'သတ္တပညတ်' ဟု ခေါ်၏။ ခန္ဓပဉ္စကကိုစွဲ၍ဖြစ်သောကြောင့် 'ဥပါဒါပညတ်' ဟုလည်း ခေါ်ဆိုနိုင်၏။

http://www.dhammadownload.com



(၅) **ဒိသာပညတ်**။ ။ နေ့, လ, နက္ခတ်တို့သည် တောင်ကျွန်းသူ ကျွန်းသားတို့၏ အမြင်အားဖြင့် 'အရှေ့ဟုခေါ်သောအရပ်မှထွက်ပြီးလျှင် လက်ယာရစ် လှည့်လည်၍ အနောက်ဟုခေါ်သည့်အရပ်၌ ဝင်၏ (ဝါ) နောက်ဆုံးဖြစ်၏'ဟုထင်မှတ်ကြ၏။ ထို နေ့, လ, နက္ခတ်တို့၏ အသွားအလာကိုစွဲ၍ ဂြိုဟ်နက္ခတ်တို့ ရှေးဦးစွာ ထွက်ပေါ်လာသော အရပ်ကို 'ပုဗ္ဗ–ပုရတ္ထိမ' (ရှေးဦး) သဒ္ဒါတို့ဖြင့် မှတ်၍ 'ပုဗ္ဗဒိသာ – ပုရတ္ထိမဒိသာ' (အရှေ့အရပ်) ဟု အမည်ပညတ်ထားကြ၏။ ထိုဂြိုဟ်နက္ခတ်တို့ နောက်ဆုံးဖြစ်ရာအရပ်ကို 'ပစ္ဆိမဒိသာ' (အနောက်အရပ်) ဟုလည်းကောင်း၊ လက်ယာဘက်အရပ်ကို 'ဒက္ခိဏဒိသာ' (တောင်အရပ်) ဟုလည်းကောင်း၊ လက်ဝဲဘက်အရပ်ကို 'ဥတ္တရဒိသာ' (မြောက်အရပ်) ဟုလည်းကောင်း ပညတ်ထားကြ၏။

ဤသို့ အရပ်မျက်နှာနှင့် ပတ်သက်၍ ပညတ်ထားသည်များကို ဒိသာပညတ်ဟု ခေါ်၏။

(၆) **ကာလပညတ်**။ ။ နေ၏ ရှေးဦးစွာ ထွက်စအခါသည် တစ်နေ့လုံးအတွက် ရှေးဦးစွာထွက်သောအခါဖြစ်၍ ထိုအခါကို 'ပုဗ္ဗဏှ' (နံနက်ပိုင်း) ဟု ပညတ်ထား၏။ ထို့အတူ တစ်နေ့လုံး၏ အလယ်ပိုင်းအခါကို 'မဇ္ဈဏှ'၊ 'အပရဏှ' (ညနေပိုင်း) ဟု လည်းကောင်း ပညတ်ထားကြ၏။ ဤသို့ အချိန်ကာလကိုစွဲ၍ ပညတ်ထားသည်များကို 'ကာလပညတ်' ဟုခေါ်၏။

ထိုနည်းတူစွာ တစ်နှစ်ကို သုံးပိုင်းပိုင်း၍ ပူအိုက်သောအခါကို 'နွေဥတု'၊ မိုးရွာသောအခါကို 'မိုးဥတု'၊ ချမ်းအေးသောအခါကို 'ဆောင်းဥတု' ဟု ပညတ်ထားကြ၏။ ဤပညတ်ချက်များကို 'ဥတုပညတ်' ဟု ခေါ်၏။

တစ်ဖန် တစ်နှစ်ကို ၁၂ ပိုင်း ပိုင်း၍ နှစ်ကူးပြောင်းသောအပိုင်းကို 'တာကူးလ' (တန်ခူးလ)၊ ကဆုန်ညောင်ရေသွန်းလောင်းသောအခါကို 'ကဆုန်လ' စသည်ဖြင့် လ အမည်များကို ပညတ်ထားကြ၏။ ဤပညတ်ချက်များကို 'မာသပညတ်' ဟု ခေါ်၏။

(၇) **အာကာသပညတ်**။ ။ 'တွင်း၊ ဂူ၊ လိုဏ်' စသည်တို့သည် ထက်ဝန်းကျင် အရပ်တို့၌သာ မြေကျောက် စသည့် မဟာဘုတ်ရုပ်ကလာပ်များ ရှိကြ၏။ အလယ်အရပ်၌ကား မဟာဘုတ်ရုပ်ကလာပ်များ အထင်အရှားမရှိချေ။ ထိုမဟာဘုတ်ရုပ်ကလာပ်တို့ ထိစပ်ခြင်းမရှိ ဟာလာဟင်းလင်းဖြစ်နေပုံကို အာရုံပြု၍ ဤအရာကား 'ကူပ' (တွင်း)၊ ဤအရာကား 'ဂုဟာ' (ဂူ)၊ ဤအရာကား 'လေဏ' (လိုဏ်)၊ ဤအရာကား 'ဆိဒ္ဒ' (အပေါက်)၊ ဤအရာကား 'ဝိဝရ' (အကြား)၊ ဤအရာကား 'သုသိရ' (အခေါင်း) ဟု ပညတ်အပ်၏။

ဤသို့ပညတ်အပ်သော အထည်ဒြပ်သည် ဟာလာဟင်းလင်းကောင်းကင်ကို စွဲ၍ ပညတ်အပ်သောကြောင့် 'အာကာသပညတ်' ဟု အမည်ရ၏။

http://www.dhammadownload.com



(၈) **ကသိဏပညတ်**။ ။ ကမ္မဋ္ဌာန်း ၄၀ တွင် ကသိုဏ်းပညတ်သည် ထိုထို မဟာဘုတ်အာရုံကို စွဲ၍ဖြစ်၏။ ပထဝီဓာတ်လွန်ကဲသော ရုပ်ကလာပ်မြေအဝန်းကို 'ပထဝီကသိဏ'၊ အာပေါဓာတ်လွန်ကဲသော ရုပ်ကလာပ်ရေအလျဉ်ကို 'အာပေါကသိဏ' စသည်ဖြင့် ပညတ်ထားကြ၏။ ဤပညတ်ချက်များကို 'ကသိဏပညတ်' ဟု ခေါ်၏။

ကမ္မဋ္ဌာန်းဘာဝနာအစဉ်ထူးကိုစွဲ၍ ပညတ်ထားသည့် 'ပရိကမ္မနိမိတ်'၊ 'ဥဂ္ဂဟ နိမိတ်'၊ 'ပဋိဘာဂနိမိတ်' တို့ကား 'နိမိတ္တပညတ်' ဖြစ်ကြ၏။ (ဤနိမိတ်များ၏ အကြောင်းကို ကမ္မဋ္ဌာန်းပိုင်း၌ ဖော်ပြပါမည်။)

## သဒ္ဒပညတ်အကျယ်

ထိုထိုဘာသာဝါဒအလိုက် ပြောဆိုအပ်သော စကားဟူသမျှသည် သဒ္ဒပညတ်ချည်း ဖြစ်၏။ သဒ္ဒပညတ်ဟူသမျှသည်လည်း နာမ, နာမကမ္မ, နာမဓေယျ, နိရုတ္တိ, ဗျဉ္ဇန, အဘိလာပဟု အမည်ခြောက်မျိုး ရ၏။

လူတစ်ယောက်၌ အမည်ခြောက်မျိုးရသကဲ့သို့ 'ဘူမိ' ဟူသော သဒ္ဒပညတ်တစ်ခု သည်ပင်လျှင် နာမ, နာမကမ္မစသည်ဖြင့် အမည်ခြောက်မျိုးရ၏။

(၁) **နာမမည်ပုံ**— 'နာမ' သဒ္ဒါသည် 'အနက်သို့ ညွတ်တတ်၏' (ဝါ) 'မိမိထံသို့ အနက်ကို ညွတ်လာစေတတ်၏' ဟူသော အဓိပ္ပာယ်ကို ပြ၏။

'အနက်သို့ညွတ်တတ်၏' ဟူသည်ကား ဤသို့တည်း။ 'ဘူမိ' သဒ္ဒါသည် 'မြေကြီး' ဟူသောအနက်ကို ဟောစွမ်းနိုင်သောသတ္တိရှိ၏။ ထိုသို့ ဟောစွမ်းနိုင်သောသတ္တိ ရှိသည့်အားလျော်စွာ မြေကြီးဟူသည့် အနက်ဟောဖို့ရာ အမြဲညွတ်နေသကဲ့သို့ ဖြစ် သည်ကို 'အနက်သို့ ညွတ်သည်' ဟုဆိုခြင်းဖြစ်၏။

'မိမိထံသို့ အနက်ကိုညွတ်စေတတ်၏' ဟူသည်ကား ထိုသို့ ဟောစွမ်းနိုင်သော သတ္တိရှိသည့်အားလျော်စွာ 'ဘူမိ' သဒ္ဒါက 'မြေကြီး' ဟူသောအနက်ကို မိမိ၏ဟောနက် အဖြစ် အမြဲကိုင်းရှိုင်းညွတ်လာစေသကဲ့သို့ဖြစ်ခြင်းကို ဆိုလို၏။

(၂) **နာမကမ္မမည်ပုံ**— ထို 'ဘူမိ' ဟူသော သဒ္ဒါသည်ပင် အရေးပါအရာရောက် ကြသည့် ရှေးပညာရှိတို့ သမုတ်အပ်သော အမည်နာမဖြစ်ခြင်းကြောင့် 'နာမကမ္မ' ဟု အမည်ရပြန်၏။

(၃) **နာမဓေယျမည်ပုံ**— ထို 'ဘူမိ' ဟူသော သဒ္ဒါနာမသည်ပင် ပညာရှိတို့ ပညတ် တင်ထားအပ်သောကြောင့် 'နာမဓေယျ' မည်ပြန်၏။

(၄) **နိရုတ္တိမည်ပုံ**— ထို 'ဘူမိ' ဟူသော သဒ္ဒါနာမသည်ပင် မရွတ်ဆိုမီ တိမ်မြုပ် လျှိုးငုပ်နေသောအဖြစ်မှ ထုတ်ဖော်၍ ရွတ်ဆိုအပ်သောကြောင့် 'နိရုတ္တိ' မည်ပြန်၏။

(၅) **ဗျဉ္ဇနမည်ပုံ**— ထို 'ဘူမိ' ဟူသော သဒ္ဒါနာမသည်ပင် အနက်ကို ထင်ရှားစွာ ပြတတ်သောကြောင့် 'ဗျဉ္ဇန' မည်ရပြန်၏။

http://www.dhammadownload.com



(၆) **အဘိလာပမည်ပုံ**— ထို 'ဘူမိ' ဟူသော သဒ္ဒါနာမသည်ပင် ဝဒန္တ ပုဂ္ဂိုလ်တို့သည် အနက်သို့ရှေးရှု၍ ရွတ်ဆိုအပ်သောကြောင့် 'အဘိလာပ' မည်ရပြန်၏။

**သဒ္ဒပညတ် ခြောက်မျိုး**

ထိုသို့ နာမ, နာမကမ္မစသည်အမည်ရသော သဒ္ဒပညတ်သည် ဝိဇ္ဇမာနပညတ် စသည်တို့အားဖြင့်လည်း ခြောက်မျိုးရှိပြန်၏။

(၁) **ဝိဇ္ဇမာနပညတ်**။ ။ ပညတ်အပ်သောအနက် ဒြပ်အတ္ထပညတ်က ပရမတ္ထအားဖြင့် ထင်ရှားရှိလျှင် ထိုအနက်ဒြပ် အတ္ထပညတ်ကိုသိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်သည် ဝိဇ္ဇမာနပညတ်မည်၏။

**ပုံစံ**။ ။ ရူပ, စိတ္တ, ဝေဒနာ, သညာ, ဖဿ, ဝိတက်။

'ရူပ' သဒ္ဒါဖြင့် သိစေကြောင်းဖြစ်သော အနက်ဒြပ် အတ္ထပညတ်သည် ပထဝီ, အာပေါ, တေဇော စသည့် ရုပ် ၂၈ ပါးဖြစ်၏။ ဤရုပ် ၂၈ ပါးတို့ကား ထင်ရှားရှိကြသော ပရမတ္ထတရားများ ဖြစ်ကြ၏။ ထို့ကြောင့် 'ရူပ' သည် ဝိဇ္ဇမာနပညတ်ဖြစ်၏။

အလားတူပင် စိတ္တ, ဝေဒနာ, သညာ စသော သဒ္ဒပညတ်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိကြသည့်အနက်ဒြပ် အတ္ထပညတ်များကို သိစေကြသောကြောင့် ဝိဇ္ဇမာနပညတ်များ ဖြစ်ကြသည်။

(၂) **အဝိဇ္ဇမာနပညတ်**။ ။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ် အတ္ထပညတ်ကို သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်သည် အဝိဇ္ဇမာနပညတ်မည်၏။

**ပုံစံ**။ ။ ပဗ္ဗတ, ဂေဟ, အိမ်, ကျောင်း, လိုဏ်, ဂူ။

(၃) **ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**။ ။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဒြပ် အတ္ထပညတ်နှင့် ထင်ရှားမရှိသည့် အနက်ဒြပ်အတ္ထပညတ်ကို ရောစပ်၍ သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ကို ဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်ဟု ခေါ်၏။

**ပုံစံ**။ ။ ဆဠဘိညာ = ခြောက်ပါးသော အဘိညာဉ်ရှိသူ။
တေဝိဇ္ဇ = ဝိဇ္ဇာဉာဏ်သုံးပါးနှင့် ပြည့်စုံသူ။
ပဋိသမ္ဘိဒါပတ္တ = ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်သူ။

ဆဠဘိညာ၌ အဘိညာဉ်ခြောက်ပါးသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၍ ဝိဇ္ဇမာနပညတ်ဖြစ်၏။ ထိုအဘိညာဉ်ရှိသော ပုဂ္ဂိုလ်ကား ထင်ရှားမရှိသဖြင့် အဝိဇ္ဇမာန ဖြစ်၏။ ထိုနှစ်ရပ်ကို ရောစပ်၍ ပညတ်ထားသောကြောင့် 'ဆဠဘိညာ' စသော သဒ္ဒပညတ်တို့ကို 'ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်' ဟု ဆိုရ၏။

http://www.dhammadownload.com



(၄) **အဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်။** ။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ်နှင့် ထင်ရှားရှိသည့် အနက်ဒြပ်အတ္ထပညတ်ကို ရောစပ်၍ သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ကို အဝိဇ္ဇမာနပညတ်ဟု ခေါ်၏။

**ပုံစံ။** ။ ဣတ္ထိသဒ္ဒ၊ ဣတ္ထိရူပ၊ ပုရိသသဒ္ဒ၊ ပုရိသရူပ။

'ဣတ္ထိသဒ္ဒ = မိန်းမအသံ' ဟူသောပညတ်၌ ဣတ္ထိ(ဝါ)မိန်းမသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသဖြင့် အဝိဇ္ဇမာနပညတ်ဖြစ်၏။ သဒ္ဒ = အသံကား သဒ္ဒရုပ်ဖြစ်၍ ပမရတ္ထအားဖြင့် ထင်ရှား၏၊ ဝိဇ္ဇမာနပညတ်ဖြစ်၏။ ထိုနှစ်ရပ်ကို ရောစပ်၍ပညတ်ထားသောကြောင့် 'ဣတ္ထိသဒ္ဒ' ကို 'အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်' ဟုဆိုရ၏။

(၅) **ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။** ။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဒြပ်အတ္ထပညတ်နှစ်ခုကို တွဲစပ်၍သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ကို ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်ဟု ခေါ်၏။

**ပုံစံ။** ။ စက္ခုဝိညာဏံ၊ သောတဝိညာဏံ၊ စက္ခုသမ္ဖဿ၊ ရူပတဏှာ။

စက္ခုဝိညာဏ် = စက္ခုပသာဒကိုမှီသောဝိညာဏ်။ ဤတွင် 'စက္ခုပသာဒ' သည် ထင်ရှားရှိသော ဝိဇ္ဇမာနပညတ်တည်း။ ဝိညာဏ = စိတ်သည်လည်း ထင်ရှားရှိသော ဝိဇ္ဇမာနပညတ်တည်း။ ထိုနှစ်ရပ်ကို ရောစပ်၍ ပညတ်ထားသောကြောင့် 'စက္ခုဝိညာဏ' ဟူသော သဒ္ဒပညတ်ကို 'ဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်' ဟု ခေါ်ဆိုရ၏။

(၆) **အဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်။** ။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ်နှစ်ခုကို တွဲစပ်၍သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ကို အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ဟု ခေါ်၏။

**ပုံစံ။** ။ ရာဇပုတ္တ၊ ခတ္တိယပုတ္တ၊ ဗြာဟ္မဏပုတ္တ၊ သေဋ္ဌိပုတ္တ။

ရာဇပုတ္တ = မင်း၏သားတော်။ ဤတွင် 'ရာဇ' ဟူသည့် မင်းသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ။ 'ပုတ္တ = သားတော်' ဟူသည်မှာလည်း ထင်ရှားမရှိ။ ထိုနှစ်ရပ်ကို ရောစပ်၍ ပညတ်ထားသောကြောင့် 'ရာဇပုတ္တ' သည် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ဟု ခေါ်၏။

### လေ့ကျင့်ရန် မေးခွန်းများ

၁။ ဓာတ်၏အကျိုးရင်းနှင့် အကျိုးဆက်တို့ကို ခွဲခြားဖော်ပြ၍ ပဋိစ္စသမုပ္ပါဒ်ကို အလွှာလေးပါးဖြင့် ခွဲခြားပြပါ။ (၁၉၇၈)

၂။ ပဋ္ဌာန်းဥပနိဿယပစ္စည်းသုံးမျိုးကို ခွဲခြားဖော်ပြ၍ အတ္ထိပစ္စည်းငါးမျိုးကို လည်း ရေတွက်ပြပါ။ (၁၉၇၈)

http://www.dhammadownload.com



၃။ ဝိဇ္ဇမာနပညတ်စသော ပညတ်ခြောက်ပါးကို ပြယုဂ်ပုံစံနှင့် ယှဉ်တွဲပြပါ။ (၁၉၇၈)

၄။ 'လူ့ဘဝ၌ အဘယ်အကြောင်းကြောင့် လူလာဖြစ်ရသနည်း' ဟု သင့်အား မေးပါလျှင် လူဖြစ်ရခြင်းအကြောင်းကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် မည်ကဲ့သို့ ရှင်းပြမည်နည်း။ (၁၉၇၉)

၅။ နိဗ္ဗာန်သည် ပဋ္ဌာန်း ၂၄ ပစ္စည်းတို့တွင် အဘယ်ပစ္စည်းတို့၌ အကျုံးဝင်ပါသနည်း။ ပါဝင်နိုင်သောပစ္စည်းများကို သိသာရုံမျှ ရှင်းပြပါ။ (၁၉၇၉)

၆။ ဆရာကောင်း မိတ်ဆွေကောင်းတို့ကို မှီဝဲဆည်းကပ်ခွင့်ရသောသူတို့သည် ချမ်းသာသုခကို ခံစားကြရကုန်၏။ ဤအဆိုကို ပဋ္ဌာန်းနည်းဖြင့် ပစ္စည်းပစ္စယုပ္ပန် ဆက်စပ်ပြပါ။ (၁၉၇၉)

၇။ ပဋိစ္စသမုပ္ပါဒ်တရားတော်၌ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ စသည်ဖြင့် ကြောင်းကျိုး ဆက်စပ်ဖော်ပြရာတွင် အဝိဇ္ဇာ၏အကြောင်း မပါခဲ့။ အဘယ်တရားသည် အဝိဇ္ဇာ၏အကြောင်းဖြစ်ပါသနည်း။ (၁၉၈၀)

၈။ ရုပ်က နာမ်အား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုရာတွင် မည်သည့်ရုပ်က မည်သည့်နာမ်အား ကျေးဇူးပြုပါသနည်း။ (၁၉၈၁)

၉။ အောက်ပါတို့သည် မည်သည့်ပညတ်များ ဖြစ်ကြောင်း ဖော်ပြပါ။
(က) ကမ္ဘာ၊ (ခ) ရုပ်နာမ်နှစ်ပါးရှိသော ပုဂ္ဂိုလ်၊ (ဂ) လူ၏အသံ၊ (ဃ) တရားသံ၊ (င) မင်းသား။ (၁၉၈၁)

၁၀။ ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအားဖြင့် အောက်ပါ အကျိုးတရားများ၏ အကြောင်းတရားများကို ဆက်နွယ်ပြပါ။
(က) တပ်မက်ခင်မင်လိုမှု၊ (ခ) အငမ်းမရစွဲလမ်းမှု၊ (ဂ) စိုးရိမ်ပူဆွေး ငိုကြွေးမှု။ (၁၉၈၃)

၁၁။ ကောင်းဆိုးနှစ်တန် စေတနာကံက ပေးစွမ်းနိုင်သော အကျိုးတရားများကို ပဋ္ဌာန်းနည်းအရ ပစ္စယသတ္တိနှင့်တကွ ဖော်ပြပါ။ (၁၉၈၃)

၁၂။ ပညတ်သည် သဒ္ဒပညတ်၊ အတ္ထပညတ်ဟူ၍နှစ်မျိုးရှိရာ သဒ္ဒပညတ် ခြောက်မျိုးကို ပြည့်စုံစွာဖော်ပြပါ။ (၁၉၈၃)

၁၃။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဘယ်တရားကြောင့် အဝိဇ္ဇာဖြစ်ပါသနည်း။ ဖြေဆိုပြီးလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ်လည်ပတ်နေခြင်း၏ အကြောင်းရင်းတရားများကိုလည်း ဖော်ပြပါ။ (၁၉၈၅)

http://www.dhammadownload.com



၁၄။ 'ပဋ္ဌာန်းဆက်'ဟူသောစကားကို သင်အဘယ်သို့နားလည်ပါသနည်း။ ရှင်းပြပြီးလျှင် သဟဇာတသဘောနှင့် အညမညသဘောတို့၏ ထူးခြားပုံကိုလည်း ဖြေဆိုပါ။ (၁၉၈၅)

၁၅။ 'ပညတ်'ဆိုသည်မှာ အဘယ်နည်း။ အများနားလည်အောင် ရှင်းပြပြီးလျှင် အောက်ပါတို့ကိုလည်း ပညတ်အမျိုးအစား ခွဲခြားရှင်းလင်းပြပါ။
(က) အဆိုတော်သီချင်းသံ၊ (ခ) သင်္ဘောသွားကား။ (၁၉၈၅)

၁၆။ အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းတို့ ဖြစ်ပေါ်ရခြင်းအကြောင်းများကို ဖော်ပြ၍ 'ဝဋ်အမြဲ ငရဲအပ'ဆိုရိုးစကားအရ မရှုမလှဆင်းရဲဒုက္ခခံနေသူ၌ ဝဋ်သုံးပါးတို့တွင် အဘယ်ဝဋ်ဖြစ်သည်ကို ရှင်းပြပါ။ (၁၉၈၆)

၁၇။ ကျေးဇူးပြုပုံပြုနည်းအားဖြင့် ပဋ္ဌာန်းပစ္စည်း ဘယ်နှစ်မျိုးရှိသည်ကို ရှင်းပြ၍ လှပသော ရုပါရုံသည် မြင်သိစိတ်အား အဘယ်ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုသည်ကိုလည်း ညွှန်ပြပါ။ (၁၉၈၆)

၁၈။ 'ရုပ်နာမ်နှစ်ပါး၊ မကွဲပြား၊ မှတ်သားလူအန္ဓ'ဟူသောစကားအရ အန္ဓ(အကန်း) မဖြစ်စေရန် ရုပ်နှင့်နာမ် ကွဲပြားအောင် ခွဲခြားပြ၍ သဒ္ဒပညတ်၊ အတ္ထပညတ် နှစ်ပါးသိရှိရပုံ အခြင်းအရာကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။ (၁၉၈၆)

၁၉။ သတ္တဝါမှန်သမျှ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သဘောတို့ အဆက်မပြတ် လည်ပတ်နေကြသည့်အတိုင်း လူချမ်းသာတစ်ဦးနှင့် ဆင်းရဲသားတစ်ဦးတို့သန္တာန်၌ မျက်မှောက်ကာလ (ပစ္စုပ္ပန်အခွန့်) ဝယ် ပဋိစ္စသမုပ္ပါဒ်သဘောတရားများ ဖြစ်ပေါ်လာပုံကို သိသာရုံ ကြောင်းကျိုးဆက်ကာ တင်ပြပါ။ (၁၉၈၇)

၂၀။ ကုသိုလ်တရား ပွားများပြုလုပ် အားထုတ်နေသောပုဂ္ဂိုလ်၏ ကောင်းမှုကုသိုလ်တရားများသည် ထိုသူအား ကိုယ်ရောစိတ်ပါ နှစ်ဖြာအကျိုး ပွားတိုးစေရန် ပဋ္ဌာန်းပစ္စည်းမည်မျှဖြင့် ကျေးဇူးပြုသည်ကို ဖော်ပြ၍ လိုရင်းအချုပ် ပဋ္ဌာန်းပစ္စည်းသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။ (၁၉၈၇)

၂၁။ 'ပရမတ် – ပညတ်၊ ထိုနှစ်ရပ်တွင် ပရမတ်သာလိုရင်း၊ ပညတ်မှာ နှစ်ကင်းလို့ လိုရင်းမဟုတ်'ဟု ပြောတတ်ကြရာ လောကီ၌ 'ပညတ်'လည်း အရေးကြီးပုံကို အဘိဓမ္မာဆရာအလိုကျ သိသာရုံ ရှင်းလင်းပြဆိုပြီး 'အဆင်းလှသူ'ဟူသောစကား၌ မည်သည့်ပညတ်ဖြစ်သည်ကို ညွှန်ပြခဲ့ပါ။ (၁၉၈၇)

**(၁၉၈၈-ခုနှစ်မှ ၁၉၉၂-ခုနှစ် စာမေးပွဲမေးခွန်း အမေးအဖြေများကို ဤစာအုပ်နောက်ဆက်တွဲမှာ ကြည့်ပါ။)**

၂၂။ လူသားတိုင်း မွေးသည်မှ သေသည်အထိ နေ့စဉ်ခံစားနေရသော ဆင်းရဲဒုက္ခစုကြီးသည် အဘယ်အကြောင်းကြောင့် ဖြစ်ရပါသနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်း

http://www.dhammadownload.com



ဖြင့် ရှင်းပြ၍ ဝင်္ခသုံးပါးသရုပ်ကိုလည်း အဓိပ္ပာယ်နှင့်တကွ ဖော်ထုတ်ရေးသား ခဲ့ပါ။ (၁၉၉၃)

၂၃။ ပဋ္ဌာန်းပစ္စည်းများကို ထိုက်သလိုသွင်းယူ၍ အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်း မည်မျှရမည်နည်း၊ ရေတွက်ပြ၍ ပစ္စည်းများ၏ အကျဉ်းချုပ်တရားကိုယ်ကို လည်း ကောက်ပြခဲ့ပါ။ (၁၉၉၃)

၂၄။ နာမ်နှင့်ရုပ်တို့ အချင်းချင်း ကျေးဇူးပြုကြပုံကို ဖော်ပြရေးသား၍ အာရမ္မဏ ပစ္စည်းသရုပ်ကိုလည်း မှန်ကန်အောင် ထုတ်ဆောင်ပြခဲ့ပါ။ (၁၉၉၃)

၂၅။ ဤလောကတွင် 'ယောက်ျား, မိန်းမ' ဟူ၍ သတ်မှတ်ခေါ်ဆိုမှုဖြစ်လာရခြင်း အကြောင်းကို ရှင်းလင်းရေးသား၍ ရုပ်, ဝေဒနာ, မြေ, တောင်တို့၏ ပညတ် အမည်များကိုလည်း ညွှန်ပြခဲ့ပါ။ (၁၉၉၃)

၂၆။ သတ္တဝါမှန်သမျှ အိုခြင်း သေခြင်း မကင်းနိုင်ကြရာ ထိုအိုခြင်း သေခြင်းတို့၏ လက်ရင်းတရားခံကို ပဋိစ္စသမုပ္ပါဒ်နည်းအရ ညွှန်ပြ၍ ထိုလက်ရင်းတရားခံ ၏ အကျိုးဆက်တရားများကိုလည်း ဖြေဆိုပါ။ (၁၉၉၅)

၂၇။ 'စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု' ဟု ဆိုရိုးစကားရှိရာ စိတ် သည် ကိုယ်အား မည်သို့မည်ပုံကျေးဇူးပြုသည်ကို ပဋ္ဌာန်းနည်းအရ ဖြေဆိုပါ။ (၁၉၉၅)

၂၈။ နေ့နှင့်ည ဖြစ်ပေါ်လာခြင်း၏အကြောင်းတို့ကို ရေး၍ အဘိဓမ္မာပညာရှင်တို့ ဖြေဆိုနေသော 'အဘိဓမ္မာစာမေးပွဲ' ဟူသည် ဝိဇ္ဇမာနပညတ် စသည်တို့တွင် မည်သည့်ပညတ်မျိုးဖြစ်သည်ကိုလည်း ရှင်းလင်းချက်နှင့်တကွ ဖြေဆိုပါ။ (၁၉၉၅)

၂၉။ အကြောင်းကျိုးဆက်နွှယ်မှုပြ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအားဖြင့် အောက် ပါ အကျိုးတရားများ၏ အကြောင်းတရားများကို ဆက်နွှယ်ဖော်ပြပါ။

(က) တပ်မက်ခင်မင် လိုချင်မှု၊

(ခ) စိုးရိမ်ပူဆွေး ငိုကြွေးမှု။ (၁၉၉၆)

၃၀။ လူမှုနယ်ပယ်၌ စည်းစိမ်ဥစ္စာကြွယ်ဝသူကို 'လူချမ်းသာ' ဟု ဆိုလေ့ရှိရာ ပဋိစ္စ သမုပ္ပါဒ်နည်းအရ 'လူချမ်းသာ' ဟူ၍ ရှိနိုင်, မရှိနိုင် အဘိဓမ္မာပညာရှင်ပီပီ စိစစ်ပြ၍ 'အဝိဇ္ဇာ' ၏ အကြောင်းတရားကိုလည်း ဖြေဆိုပါ။ (၁၉၉၆)

၃၁။ လူ့လောက၌ ပြောဆိုနေကြသည့် 'အပေါင်းအသင်းမကောင်း၍ ပျက်စီးရ သည်၊ အပေါင်းအသင်းကောင်း၍ တိုးတက်ကြီးပွားရသည်' ဟူသော စကားကို မြတ်ဗုဒ္ဓ အဘိဓမ္မာနှင့် ညီ, မညီ စိစစ်ပြ၍ ပရမတ္ထဓမ္မများကို အနှစ်ချုပ်ပါက မည်သို့ ရှိသည်ကိုလည်း ဖြေဆိုပါ။ (၁၉၉၆)

http://www.dhammadownload.com



၃၂။ အောက်ပါတရားများကို ဖော်ပြပါ။

(က) ဓာတ်၏ အကျိုးဆက်, အကျိုးရင်းတရား၊

(ခ) အို, နာ, သေ ဝဋ်ဒုက္ခမှကင်းဝေးရန် ပယ်သတ်ရမည့် တရား၊

(ဂ) ရဟန္တာမှတစ်ပါး အခြားပုဂ္ဂိုလ်များအား အနာဂတ်ဘဝ၌ မလွဲကေန် တွေ့ကြုံရမည့် တရား။ (၁၉၉၇)

၃၃။ နာမ်တရားသည် နာမ်, ရုပ်တရားနှစ်ပါးအား ကျေးဇူးပြုသော ပစ္စည်းများကို ဖော်ပြ၍ 'အာရမ္မဏာဓိပတိ' ပစ္စည်း ကျေးဇူးပြုပုံကိုလည်း ကြောင်းကျိုးပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။ (၁၉၉၇)

၃၄။ ပညတ်နှစ်မျိုးကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြ၍ အောက်ပါပညတ်များကိုလည်း အမည်ပေးခဲ့ပါ။

(က) ခန္ဓာငါးပါးကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ပညတ်၊

(ခ) ခြောက်ပါးသောအဘိညာဉ်ကို ရသူ၊

(ဂ) မင်း၏ သားတော်။ (၁၉၉၇)

၃၅။ 'ပဋိစ္စသမုပ္ပါဒ'အရ တရားကိုယ်ကောက်ပြ၍ အောက်ပါအကျိုးတရားများ၏ အကြောင်းတရားများကိုလည်း ပဋိစ္စသမုပ္ပါဒ်နည်းအရ ဖြေဆိုပါ။

(က) လှပသောရုပ်ပါရုံကို တပ်မက်ချစ်ခင်လိုချင်မှု၊

(ခ) လှပသောရုပ်ပါရုံကို မပျောက်မရအောင် စွဲလမ်းမှု။ (၁၉၉၈)

၃၆။ အသက်ရှည်စွာ အနာမဲ့ရေးအတွက် အဓိကလိုအပ်သော ပစ္စည်းတရား, ပစ္စယုပ္ပန်တရားများကို ပဋ္ဌာန်းနည်းအရ ရှာဖွေရေးသားပြီးလျှင် လှပသော ရုပ်ပါရုံသည် ကြည့်ရှုသူ၏ မြင်သိစိတ်အား ကျေးဇူးပြုရာ၌ ပါဝင်သော ပစ္စည်းတရားများကိုလည်း ဖော်ပြပါ။ (၁၉၉၈)

၃၇။ 'ရုပ်နာမ်နှစ်ပါး၊ ကွဲတုံခြား၊ မှတ်သားကလျာဏ' ဟူသည်နှင့်အညီ ကလျာဏပုထုဇဉ်စာရင်းဝင်ရန် ပရမတ္ထတရားများကို ရုပ်, နာမ်ခွဲပြပြီးလျှင် အောက်ပါတို့တွင် (က) ကို အတ္ထပညတ်၊ (ခ) ကို သဒ္ဒပညတ် အမည်ပေးပါ။

(က) စံပယ်ပန်း၊ (ခ) ပညာဓိမာန်။ (၁၉၉၈)

၃၈။ ဤလောက၌ သတ္တဝါတစ်ယောက် ဖြစ်ပေါ်လာခြင်းသည် တန်ခိုးကြီးမား ထာဝရဘုရားသခင် စသည်တို့က ဖန်ဆင်းလိုက်သဖြင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသလော၊ ကြောင်းကျိုးဆက်နွယ်မှုပြ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ဖြေဆိုပါ။ (၂၀၀၁)

၃၉။ ဝဋ်သုံးပါးကို ရေတွက်ပြ၍ အဝိဇ္ဇာ၏ အကြောင်းတရားကိုလည်း ဖြေဆိုပါ။ (၂၀၀၁)

http://www.dhammadownload.com



၄၀။ အဘာယ်ကိုအစွဲပြု၍ နေ့နှင့်ည ဖြစ်ပေါ်လာသည်ကိုရေး၍ သဒ္ဒပညတ်ခြောက်ပါးကိုလည်း ရေတွက်ပြပါ။ (၂၀၀၁)

၄၁။ သတ္တဝါမှန်သမျှ အိုခြင်း၊ သေခြင်း မကင်းနိုင်ကြရာ ထိုအိုခြင်း၊ သေခြင်းတို့၏ လက်ရင်းတရားခံကို ပဋိစ္စသမုပ္ပါဒ်နည်းအရ ညွှန်ပြ၍ ထိုလက်ရင်းတရားခံ၏ အကျိုးဆက်တရားများကိုလည်း ဖြေဆိုပါ။ (၂၀၀၂)

၄၂။ အစွန့်သုံးပါးကို တရားကိုယ်နှင့်တကွ ရေး၍ ဝဋ်မြစ်နှစ်ပါးကိုလည်း ဖြေဆိုပါ။ (၂၀၀၂)

၄၃။ နိဗ္ဗာန်တရားကို ရုပ်အထူး နာမ်အထူးဟု အချို့ပုဂ္ဂိုလ်တို့ ပြောဟောနေကြရာ မည်သည့်စကား မှန်သည်ကို စိစစ်ပြ၍ အတ္ထပညတ်အပြားကိုလည်း သိသာရုံမျှ ရေတွက်ပြပါ။ (၂၀၀၂)

၄၄။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်ဟူသော ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဝိဇ္ဇာသည် အဘာယ်တရားကြောင့်ဖြစ်သည်ကို ရေး၍ ပဋိစ္စသမုပ္ပါဒ်လည်ပတ်ရာတွင် ဆက်စပ်မှုသုံးခုကိုလည်း ဖြေဆိုပါ။ (၂၀၀၃)

၄၅။ 'စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု' ဟု ဆိုရိုးစကားရှိလေရာ စိတ်သည် ဤရုပ်ကိုယ်အား မည်သည့်ပစ္စည်းဖြင့် ကျေးဇူးပြုသနည်း၊ ပစ္စည်း + ပစ္စယုပ္ပန်နှင့်တကွ ဖော်ပြပါ။ (၂၀၀၃)

၄၆။ ရုပ်တရားသည် နာမ်တရားအား ကျေးဇူးပြုတတ်သောပစ္စည်းကို ဖော်ပြ၍၊ ပဋ္ဌာန်း ၂၄ ပစ္စည်းကို အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်းမည်မျှရှိသည်ကိုလည်း ရေတွက်ပြပါ။ (၂၀၀၃)

၄၇။ အောက်ပါတို့သည် မည်သည့်သဒ္ဒပညတ်များ ဖြစ်သည်ကို စိစစ်ပြပါ။
(က) ကမ္ဘာ၊ (ခ) ရုပ်နာမ်နှစ်ပါးရှိသော ပုဂ္ဂိုလ်၊ (ဂ) လူ၏အသံ၊
(ဃ) တရားသံ၊ (င) လွှတ်တော်အဆောက်အအုံ။ (၂၀၀၃)

http://www.dhammadownload.com

## အခန်း (၉)

# ကမ္မဋ္ဌာန်းပိုင်း

### ဘာဝနာနှစ်မျိုး

လွန်စွာအကျိုးများသဖြင့် မိမိတို့၏သန္တာန်၌ အဖန်ဖန်ဖြစ်စေထိုက်သော တရားကို 'ဘာဝနာ' ဟု ခေါ်၏။

ဘာဝေတဗ္ဗာတိ ဘာဝနာ။

ဘာဝေတဗ္ဗာ — ရှေးဦးစွာဖြစ်စေသင့်, ဖြစ်စေထိုက်၏။ တစ်ကြိမ်ဖြစ်ပြီးနောက်လည်း ထပ်ကာထပ်ကာ တိုးပွားဖြစ်စေထိုက်၏။ ဣတိ — ထို့ကြောင့်၊ ဘာဝနာ — ဘာဝနာမည်၏။

**'အကျိုးတရား၊ အလွန်များသဖြင့်၊ ဖြစ်ပွားစေအပ်၊ တရားမြတ်၊ မှတ်လေ ဘာဝနာ'** ဟု မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက စပ်ဆိုတော်မူခဲ့၏။

ထိုဘာဝနာကို မိမိသန္တာန်၌ ဖြစ်ပေါ်လာအောင် တိုးပွားလာအောင် အားထုတ်မှုကို 'ဘာဝနာပွားခြင်း' ဟု ခေါ်၏။

ထိုဘာဝနာသည် သမထဘာဝနာ, ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးရှိ၏။

(၁) **သမထဘာဝနာ။** ။ ကုသိုလ်တရားနှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ မဖြစ်ပေါ်အောင် ပိတ်ပင်တားဆီးတတ်သော နီဝရဏတရားတို့ကိုလည်းကောင်း၊ ဝိတက်, ဝိစာရ, ပီတိ, သုခ တည်းဟူသော အောက်ဈာန်အင်္ဂါများကိုလည်းကောင်း၊ ငြိမ်သက်စေနိုင်သည့် သမာဓိကို သမထဘာဝနာ' ဟု ခေါ်၏။

တရားကိုယ်မှာ (လောကီကုသိုလ်စိတ်နှင့် မဟာကြိယာစိတ်တို့၌) ယှဉ်တွဲဖြစ်ပေါ်သော သမာဓိ ခေါ် ဧကဂ္ဂတာစေတသိက်ဖြစ်၏။

http://www.dhammadownload.com



ပထမဈာန်သမာဓိသည် နီဝရဏတရားတို့ကို ငြိမ်းအေးစေ၏။ (နီဝရဏတရားတို့ကို နှိမ်နင်းနိုင်မှ ဈာန်ရနိုင်သည်ကို ထောက်ရှုပါ။) ဒုတိယဈာန်သမာဓိသည် ဝိတက်ကို ငြိမ်းအေးစေ၏။ တတိယဈာန် သမာဓိသည် ဝိစာရကို ငြိမ်းအေးစေ၏။ စတုတ္ထဈာန်သမာဓိသည် ပီတိကို ငြိမ်းအေးစေ၏။ ပဉ္စမဈာန်သမာဓိသည် သုခကိုငြိမ်းအေးစေ၏။

ဤစကားစဉ်တို့ကို ထောက်ရှုလျှင် သမထဘာဝနာကို ပွားများအားထုတ်သူသည် ရူပါဝစရဈာန်များနှင့် အရူပါဝစရဈာန်များဟူသော မဟဂ္ဂုတ်ဈာန်များကို ဖြစ်ပေါ်စေနိုင်၏။

(၂) **ဝိပဿနာဘာဝနာ။** ။ ဘုံသုံးပါး၌ ထင်ရှားရှိကြသော တေဘူမက နာမ်ရုပ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟုရှုမြင်တတ်သည့်ဉာဏ်ပညာကို 'ဝိပဿနာဘာဝနာ' ဟု ခေါ်၏။

ဝိဝိဓေန အနိစ္စာဒိ အာကာရေန ပဿတီတိ ဝိပဿနာ။

ဝိဝိဓေန – အထူးထူးသော၊ အနိစ္စာဒိအာကာရေန – အနိစ္စ, ဒုက္ခ, အနတ္တဟူသော အခြင်းအရာတို့ဖြင့်၊ ပဿတိ – ရှုတတ်၏၊ ဣတိ – ထို့ကြောင့်၊ ဝိပဿနာ – ဝိပဿနာမည်၏။

တရားကိုယ်မှာ မဟာကုသိုလ်စိတ်နှင့် မဟာကြိယာစိတ်တို့၌ယှဉ်တွဲဖြစ်ပေါ်သော ဉာဏ်ပညာဖြစ်၏။

ဝိပဿနာဘာဝနာကို ပွားများအားထုတ်လျှင် ရှေးဦးစွာ ဝိပဿနာဉာဏ်များ ဖြစ်ပေါ်ကြ၏။ ထိုဉာဏ်များ ရင့်သန်လာကြသည့်အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်လာကြ၏။

**မှတ်ချက်။** ။ သမထဘာဝနာ၏တရားကိုယ်သည် လောကီကုသိုလ်ကြိယာစိတ်တို့၌ယှဉ်သည့် သမာဓိ ခေါ် ဧကဂ္ဂတာစေတသိက်ဖြစ်၏။

ဝိပဿနာဘာဝနာ၏တရားကိုယ်သည် မဟာကုသိုလ် မဟာကြိယာစိတ်တို့၌ယှဉ်သည့် ဉာဏ်ပညာ ခေါ် ပညိန္ဒြေစေတသိက်ဖြစ်၏။

## ကမ္မဋ္ဌာန်းဟူသည်

ကမ္မဿဌာနံ ကမ္မဋ္ဌာနံ။

ကမ္မဿ – ဘာဝနာကို ပွားများအားထုတ်မှု၏၊ ဌာနံ – တည်ရာအာရုံသည်၊ ကမ္မဋ္ဌာနံ – ကမ္မဋ္ဌာန်းမည်၏။

ဤစကားအရ သမထဘာဝနာပွားများအားထုတ်မှု၏ တည်ရာဖြစ်သော ပထဝီကသိုဏ်း, အာပေါကသိုဏ်းစသည့် အာရုံများသည်လည်းကောင်း၊ ဝိပဿနာဘာဝနာ

http://www.dhammadownload.com



ပွားများအားထုတ်မှု၏ တည်ရာဖြစ်သော ရုပ်နာမ်အာရုံတို့သည်လည်းကောင်း 'ကမ္မဋ္ဌာန်း'ဖြစ်ကြ၏။

သို့ဖြစ်၍ ကမ္မဋ္ဌာန်းတို့သည် သမထကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုးအပြားရှိ၏။

(၁) **သမထကမ္မဋ္ဌာန်း ၄၀။** ။ ကသိုဏ်း ၁၀ ပါး, အသုဘ ၁၀ ပါး, အနုဿတိ ၁၀ ပါး, အပ္ပမညာ (ဝါ) ဗြဟ္မဝိဟာရလေးပါး, အာရုပ္ပလေးပါး, အာဟာရေပဋိကူလသညာ တစ်ပါး, စတုဓာတုဝဝတ္ထာန်တစ်ပါးဟူ၍ ဤ ၄၀ သော ကမ္မဋ္ဌာန်းတို့ကို သမထကမ္မဋ္ဌာန်းဟု ခေါ်၏။

(၂) **ဝိပဿနာကမ္မဋ္ဌာန်း။** ။ ရုပ်နာမ်တို့၏ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ တည်းဟူသော လက္ခဏာရေးသုံးပါးကို ဝိပဿနာကမ္မဋ္ဌာန်းဟု ခေါ်၏။

**မှတ်ချက်။** ။ ကမ္မဋ္ဌာန်းသည် အာရုံကမ္မဋ္ဌာန်း အာရမ္မဏိကကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုးကွဲပြားသေး၏။ ပထဝီကသိုဏ်းစသော သမထဘာဝနာ၏ အာရုံများနှင့် တေဘူမကသင်္ခါရဟူသော အနိစ္စ, ဒုက္ခ, အနတ္တ အာရုံများသည် အာရုံကမ္မဋ္ဌာန်းများ ဖြစ်ကြ၏။ ပွားများအားထုတ်မှုသည် အာရမ္မဏိက ကမ္မဋ္ဌာန်းမည်၏။

ရှေးရှေးအားထုတ်မှု၌ အခြေတည်၍ နောက်နောက်အားထုတ်မှုများဖြစ်ကြသဖြင့် ရှေးရှေးအားထုတ်မှုသည် နောက်နောက်အားထုတ်မှုဟူသော ကမ္မ၏ တည်နေရာဌာနဖြစ်၏။ (ဝါ) ရှေးရှေးအားထုတ်မှုသည် နောက်နောက်အားထုတ်မှု၏ ကမ္မဋ္ဌာန်း ဖြစ်၏။

## ကသိုဏ်း ၁၀ ပါး

ကသိဏ = ကသိုဏ်းသည် 'အကြွင်းအကျန်မရှိ အလုံးစုံ' ဟူသောအနက်ရှိ၏။ မြေကြီးဝန်းစသော ကသိုဏ်းဝန်းကို ကြည့်ရှုသောအခါ တစ်စိတ်တစ်ဒေသ၌ စိတ်ကို မစွဲထားဘဲ ကသိုဏ်းဝန်းအကုန်လုံး အနှံ့အပြား၌ စိတ်မျက်စိနှင့် ငုံ၍ ကြည့်ရှုအပ်၏။

ထိုသို့ ကမ္မဋ္ဌာန်းရှုသောပုဂ္ဂိုလ်က အလုံးစုံ အကုန်အစင် တစ်ပြိုင်နက်ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်သောအာရုံကို ကသိုဏ်းဟု ခေါ်၏။

၁။ ပထဝီကသိုဏ်း = မြေကသိုဏ်း၊

၂။ အာပေါကသိုဏ်း = ရေကသိုဏ်း၊

၃။ တေဇောကသိုဏ်း = မီးကသိုဏ်း၊

၄။ ဝါယောကသိုဏ်း = လေကသိုဏ်း၊

၅။ နီလကသိုဏ်း = အညိုရောင်အဆင်းကသိုဏ်း၊

http://www.dhammadownload.com



၆။ ပီတကကသိုဏ်း = ရွှေရောင်အဆင်းကသိုဏ်း၊
၇။ လောဟိတကကသိုဏ်း = အနီရောင်အဆင်းကသိုဏ်း၊
၈။ ဩဒါတကကသိုဏ်း = အဖြူရောင်အဆင်းကသိုဏ်း၊
၉။ အာကာသကကသိုဏ်း = ကောင်းကင်ဟင်းလင်းပြင်ကသိုဏ်း၊
၁၀။ အာလောကကကသိုဏ်း = အလင်းရောင်ကသိုဏ်း၊

**ကသိုဏ်းဝန်းပြုလုပ်ပုံ။** ။ ပထဝီကသိုဏ်းကို ပြုလုပ်လိုလျှင် မြေသားဒြပ်ကို အနည်းဆုံး တစ်ထွာနှင့် လက်လေးသစ်ခန့်၊ အကြီးဆုံး ကောက်နယ်တလင်းခန့်မျှ အချင်းရှိအောင် ဝိုင်းဝိုင်းစက်စက် ပြုလုပ်အပ်၏။

ရေကသိုဏ်းရှုမှတ်လိုလျှင် အနည်းဆုံး တစ်ထွာနှင့် လက်လေးသစ်ခန့် အချင်းရှိသည့် သပိတ်ဖုံး, ရေခလုံစသည်၌ ရေအပြည့်ထည့်၍ ထိုရေအစုကို ကသိုဏ်းအဖြစ် ရှုမှတ်နိုင်၏။

တေဇောကသိုဏ်းအတွက် အထက်ပါအရွယ်အတိုင်း အဝန်းအဝိုင်းရှိသည့် မီးကျီးခဲအစုကို စီမံရာ၏။ လေကသိုဏ်းရှုမှတ်လိုသူသည် လေတိုက်ခတ်သည့်နေရာ၌ မိမိ၏ ဆံပင်ဖျားများကို လေတိုးဝှေ့သွားသော အခြင်းအရာကိုလည်းကောင်း၊ သို့မဟုတ် ကြံခင်း မြက်ခင်းတို့၏ အဖျားများကို လေတိုးဝှေ့သွားသည့်အခြင်းအရာကို လည်းကောင်း အာရုံယူ၍ လေကသိုဏ်းအဖြစ် ရှုမှတ်နိုင်၏။

နီလကသိုဏ်းအတွက် အညိုရောင်ပန်းများကို အနည်းဆုံး တစ်ထွာ လက်လေးသစ်ခန့်ရှိသည့် ပန်းကုံးတစ်ခု၌ အပြည့်စီထည့်ထားနိုင်၏။ သို့မဟုတ် အညိုရောင် အဝတ်စကို အချင်းတစ်ပေခန့်ရှိအောင် စက်ဝိုင်းသဏ္ဌာန်ဖြတ်တောက်ပြီး အဖြူရောင် နံရံ သို့မဟုတ် စက္ကူဖြူပေါ်၌ ကပ်ထားနိုင်၏။ ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်းတို့ကိုလည်း အလားတူပြုလုပ်နိုင်၏။

အာကာသကသိုဏ်းအတွက် ကောင်းကင် သို့မဟုတ် ဟင်းလင်းပြင်ကို မြင်နိုင်ရန် နံရံ၌ အပေါက်ပြုလုပ်ရမည်။ အာလောက ကသိုဏ်းအတွက် နံရံပေါက်စသည်မှ ဝင်ရောက်လာသောအလင်းရောင်အကွက်ကို ရှုမှတ်နိုင်၏။

ကသိုဏ်းဝန်းသည် အနားရေးပြတ်သားရမည်။ ပတ်ဝန်းကျင်နှင့် မရောယှက်ရ၊ အရွယ်ကြီးလွန်းလျှင် အကုန်သိမ်းခြုံ၍ ရှုမှတ်ရန် ခက်မည်၊ ငယ်လွန်းလျှင်လည်း ရှုမှတ်ရသူ၌ စိတ်ကျဉ်းကျပ်သွားနိုင်သည်။ အချင်းတစ်ထွာ လက်လေးသစ် (ဝါ) တစ်ပေခန့် အရွယ်သည် အသင့်လျော်ဆုံးဖြစ်ပေ၏။

## အသုဘ ၁၀ ပါး

အသုဘသဒ္ဒါသည် 'မတင့်တယ်' ဟူသော အနက်ကို ဟော၏။ ဤနေရာဝယ်

http://www.dhammadownload.com



ခန္ဓာကိုယ်နှင့်စပ်၍ သေလွန်ပြီးသည့်အခါ ဖြစ်ပေါ်လာသော မတင့်တယ်သည့် ပုံသဏ္ဍာန်ဒြပ်အမျိုးမျိုးကို အသုဘဟု ခေါ်၏။

၁။ **ဥဒ္ဓုမာတက** = သေလွန်ပြီး နှစ်ရက်သုံးရက်ကြာသည့်အခါ ဖူးဖူးရောင်ပုပ်သဖြင့် စက်ဆုပ်ဖွယ်သော မသာလောင်း။

၂။ **ဝိနီလက** = အသားများရာ၌ နီ, ပြည်စုရာ၌ ဖြူ, ဤသို့ အနီအဖြူရောစပ်လျက် ညိုမည်းပုပ်ပွနေသော မသာလောင်း။

၃။ **ဝိပုဗ္ဗက** = ပြည်တစိုစိုပေါက်ကွဲယိုလျက် စက်ဆုပ်ဖွယ်ရာမသာလောင်း။

၄။ **ဝိစ္ဆိဒ္ဒက** = ကိုယ်အထက်ပိုင်း အောက်ပိုင်း နှစ်ပိုင်းသုံးပိုင်းဖြစ်နေသော မသာလောင်း။

၅။ **ဝိက္ခာယိတက** = ခွေး, လင်းတ, ကျီး စသည်တို့ ခဲစားကိုက်ဖြတ်ထားသော မသာလောင်း။

၆။ **ဝိက္ခိတ္တက** = လက်, ခြေ, ဦးခေါင်း, ကိုယ်ခန္ဓာတို့ကို တကွဲတပြားစီ ဖရိုဖရဲကြဲပစ်ထားသော မသာလောင်း။

၇။ **ဟတဝိက္ခိတ္တက** = ဓား, လှံ လက်နက်တို့ဖြင့် အစိတ်စိတ် အမွှာမွှာနေအောင် ညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်ထားသော မသာလောင်း။

၈။ **လောဟိတက** = သွေးများထွက်ယို၍ တစ်ကိုယ်လုံး လိမ်းကျံနေသော မသာလောင်း။

၉။ **ပုဠုဝက** = ပိုးလောက်များ ပြည့်နှက်နေသော မသာလောင်း။

၁၀။ **အဋ္ဌိက** = အရိုးများ စုပေါင်း၍ သို့မဟုတ် ပြန့်ကြဲ၍ကြွင်းကျန်ရစ်သော မသာလောင်း။

**မှတ်ချက်။** ။ အသုဘအခြင်းအရာကို သူသေကောင်၌သာ ရသည်မဟုတ်။ အသက်ရှင်ဆဲ အခိုက်၌လည်း လေဖြန်း၍ ဖောရောင်နေသည့်အခါ၊ အနာများမှ သွေးပြည်ယိုစီးလိမ်းကျံနေသည့်အခါ၊ သွားရိုးပေါ်နေသည့်အခါများတွင် ဥဒ္ဓုမာတက, ဝိပုဗ္ဗက, လောဟိတက, အဋ္ဌိက သဘောများကို ရနိုင်၏။ ပင်ကို အနေအထား၌ ပင်လျှင် အတွင်း၌ အရိုးများကို တိုင်ထူ၍ အရိုးများဖြင့် အခြင်ရနယ်ဖွဲ့၍ ကြွက်သားများဖြင့် လိမ်းကျံကာ အကြောတည်း ဟူသော ကြိမ်နွယ်တို့ဖြင့် ဖွဲ့ချည်လျက် အထက်၌ အပေါ်ယံအရေပါးကို ဖြုံလွှမ်းထားပြီးလျှင် ဆံပင်မွေးညင်းများက မြက်ပင် ချုံနွယ်များပမာ ပေါက်ရောက်နေကြသဖြင့် ဤခန္ဓာကိုယ်ကြီး

http://www.dhammadownload.com



ဖြစ်လာပုံကို စဉ်းစားဆင်ခြင်၍ အသုဘအခြင်းအရာကို ထင်လာစေနိုင်ပါသည်။

**အနုဿတိ ၁၀ ပါး**

**အနုဿတိ** = အနု+ သတိ = အဖန်ဖန်+အောက်မေ့ဆင်ခြင်မှု။ အဖန်ဖန် အောက်မေ့ဆင်ခြင်မှု (သတိစေတသိက်) ကို 'အနုဿတိ' ဟု ခေါ်၏။

၁။ **ဗုဒ္ဓါနုဿတိ** = ဘုရား၏ ပုံသဏ္ဍာန်တော်နှင့် ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ဆင်ခြင်မှု၊

၂။ **ဓမ္မာနုဿတိ** = ပိဋကတ်တရားတော်များနှင့်တကွ မဂ်ဖိုလ်နိဗ္ဗာန်တရားတော်များ၏ ဂုဏ်တော်တို့ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၃။ **သံဃာနုဿတိ** = အရိယာသံဃာတော်များ၏ ဂုဏ်တော်တို့ကို အဖန်ဖန် အောက်မေ့ဆင်ခြင်မှု။

၄။ **သီလာနုဿတိ** = မိမိစောင့်ထိန်းထားသော သီလအမျိုးမျိုးတို့၏ ဂုဏ်တော်များကို မကျိုးမပေါက် မပြောက်မကျားပုံတို့ကို အဖန်ဖန် အောက်မေ့ဆင်ခြင်မှု။

၅။ **စာဂါနုဿတိ** = ဂုဏ်ပကာသနကိုလည်း မမျှော်, မော်မော်မောက်မောက်လည်း မပြု, ဝန်တိုမှုလည်း မဖက်ဘဲ ရက်ရက်ရောရော မိမိစွန့်ကြဲပေးလှူအပ်သော အလှူဒါန၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၆။ **ဒေဝတာနုဿတိ** = နတ်ဗြဟ္မာများကို သက်သေပြု၍ မိမိ၏ ကုသိုလ်ကောင်းမှုများကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

(သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဟူသော သူတော်ကောင်းတရားတို့နှင့် ပြည့်စုံကြသည့်သူများသည် ဤလူ့ပြည်မှ စုတေကြသည့်အခါ နတ်ဗြဟ္မာပြည်တို့၌ ဖြစ်ကြ၏။ ငါ့တွင်လည်း ထိုတရားများ ရှိပေ၏ဟု မိမိ၏ကုသိုလ်တရားတို့ကို အောက်မေ့အားရနေမှု။)

၇။ **ဥပသမာနုဿတိ** = နိဗ္ဗာန်၏ ငြိမ်းအေးပုံ စသည့် ဂုဏ်ကျေးဇူးများကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၈။ **မရဏာနုဿတိ** = မိမိ၏ သေခြင်းသဘောကို အဖန်ဖန်တွေးတော အောက်မေ့ဆင်ခြင်မှု။

(ဆင်ခြင်ဖန်များသော် သေခြင်းသဘောသည် စိတ်၌စွဲကပ်ထင်ပေါ်နေပြီး သတိသံဝေဂကို ကြီးကျယ်စွာ ရစေလိမ့်မည်။)

၉။ **ကာယဂတာသတိ** = ဆံပင်, မွေးညင်း စသည့် ၃၂ ကောဋ္ဌာသကို ထင်အောင် အဖန်ဖန်ကြည့်ရှုအောက်မေ့ဆင်ခြင်မှု။

http://www.dhammadownload.com



၁၀။ **အာနာပါနဿတိ** = ထွက်သက်ဝင်သက်ကို အောက်မေ့ဆင်ခြင်သော သတိတရား။

**မှတ်ချက်။** ။ အနုဿတိ ၁၀ ပါးလုံး၏ တရားကိုယ်မှာ သတိစေတသိက်ဖြစ်၏။ ဗုဒ္ဓါနုဿတိစသည်၌ သတိသည် အာရမ္မဏိကတရား ဖြစ်၏။ ထိုသတိ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းကား ဘုရားဂုဏ်တော်စသည်တို့တည်း။

အပ္ပမညာ လေးပါး

သတ္တဝါတစ်ဦး၌ဖြစ်စေ၊ အများ၌ဖြစ်စေ 'ဤရွေ့ဤမျှ' ဟု အတိုင်းအတာ ပမာဏ ကန့်သတ်မထားဘဲ သတ္တဝါပညတ်၌ ဖြစ်သောတရားကို အပ္ပမညာဟု ခေါ်၏။

၁။ **မေတ္တာ** = သတ္တဝါအများကို ကောင်းစားစေလိုခြင်း, ချစ်ခင်မြတ်နိုးခြင်း သဘော။ တရားကိုယ်မှာ အဒေါသစေတသိက်ဖြစ်၏။

၂။ **ကရုဏာ**= ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍ သနားကြင်နာခြင်းသဘော။ တရားကိုယ်မှာ ကရုဏာစေတသိက်ဖြစ်၏။

၃။ **မုဒိတာ** = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။ တရားကိုယ်မှာ မုဒိတာစေတသိက်ဖြစ်၏။

၄။ **ဥပေက္ခာ** = သတ္တဝါပညတ်ကိုအာရုံပြု၍ ကံစီမံရာဖြစ်ကြ၏ဟု အောက်မေ့ ဆင်ခြင်ကာ လျစ်လျူရှုခြင်းသဘော။ တရားကိုယ်မှာ တတြမဇ္ဈတ္တတာ စေတသိက်ဖြစ်၏။

(ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ မေတ္တာနှင့်ကရုဏာအကြားတွင် စိတ်တည်ငြိမ်စေလျက် သဗ္ဗေသတ္တာ ကမ္မဿကာဟု သင့်တင့်လျောက်ပတ်စွာ ရှုစားတတ်သော သဘော။)

**အာရုံကမ္မဋ္ဌာန်း။** ။ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတို့သည် အာရုံ ကမ္မဋ္ဌာန်းများ မဟုတ်ကြ။ အာရမ္မဏိက (အာရုံရှိသော) ကမ္မဋ္ဌာန်းများ ဖြစ်ကြ၏။

◦ မေတ္တာ၏ အာရုံကမ္မဋ္ဌာန်းသည် ပိယ (ချစ်အပ်သောသူ) နှင့် မနာပ (မြတ်နိုးအပ်သောသူ) သတ္တဝါတို့တည်း။

ကရုဏာ၏ အာရုံကမ္မဋ္ဌာန်းကား ဒုက္ခိတသတ္တဝါပညတ်တည်း။

မုဒိတာ၏ အာရုံကမ္မဋ္ဌာန်းကား သုခိတသတ္တဝါပညတ်တည်း။

ဥပေက္ခာ၏ အာရုံကမ္မဋ္ဌာန်းကား ဒုက္ခိတ, သုခိတ, မဇ္ဈတ္တသတ္တဝါပညတ်တို့ တည်း။

[ဒုက္ခိတ = ဆင်းရဲသူ၊ သုခိတ = ချမ်းသာသူ၊ မဇ္ဈတ္တ= ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော အလတ်စား သတ္တဝါ]

http://www.dhammadownload.com



**ဗြဟ္မဝိဟာရတရား**။ ။ အပ္ပမညာလေးပါးတွင် တစ်ပါးပါးဖြင့်နေခြင်းသည် ဗြဟ္မာတို့နေခြင်းနှင့် တူသောကြောင့် အပ္ပမညာလေးပါးကို ဗြဟ္မဝိဟာရလေးပါးဟုလည်း ခေါ်တွင်ကြ၏။

## ဗြဟ္မစိုရ်တရား

မေတ္တာစသည်ကို ပွားများခြင်းသည် သတ္တဝါအပေါင်းတို့အား ကောင်းစားချမ်းသာစေလိုသော မွန်မြတ်သည့်စေတနာရှိခြင်းကြောင့် သတ္တဝါတို့အပေါ်ဝယ် ခြောက်ခြောက်သွေ့သွေ့မဟုတ်ဘဲ စိုစိုပြည်ပြည်ရှိ၏။ ထို့အပြင် အပ္ပမညာလေးပါးသည် ဗြဟ္မာတို့၏ကျင့်စဉ် (ဗြဟ္မစရိယ) လည်းဖြစ်၏။ သို့အတွက် အပ္ပမညာလေးပါးကို ဗြဟ္မစိုရ်လေးပါ ဟုလည်း ခေါ်၏။

## အာဟာရေပဋိကူလသညာ တစ်ပါး

အာဟာရေ = အစာအာဟာရ၌ + ပဋိကူလ = စက်ဆုပ်ရွံရှာဖွယ်ဟု + သညာ = မှတ်ထင်ခြင်း။

စားသောက်မျိုသွင်းအပ်သော ခဲဖွယ်ဘော်ဇဉ်စသည့်အစာအာဟာရတို့၌ စက်ဆုပ်ဖွယ်ဟု ထင်မြင်လာအောင် အောက်မေ့ဆင်ခြင်ရှုမှတ်တတ်သောသညာကို အာဟာရေပဋိကူလသညာဟု ခေါ်၏။

အာဟာရေပဋိကူလသညာသည် အာရမ္မဏိကတရားတည်း။ ထိုသညာ၏အာရုံကမ္မဋ္ဌာန်းကား စားသောက်မျိုသွင်းအပ်သောအစာအာဟာရတည်း။

## စတုဓာတုဝဝတ္ထာန် တစ်ပါး

စတုဓာတု= ဓာတ်လေးပါး+ ဝဝတ္ထာန= ပိုင်းခြားတတ်သောဉာဏ်။

ခန္ဓာကိုယ်၌ ပထဝီ, အာပေါ, တေဇော, ဝါယောဟူသည့် ဓာတ်ကြီးလေးပါးကို ပိုင်းခြားတတ်သောဉာဏ်သည် စတုဓာတုဝဝတ္ထာန်ဖြစ်၏။

ဤဉာဏ်သည်လည်း အာရမ္မဏိကတရားတည်း။ ဤဉာဏ်၏အာရုံကမ္မဋ္ဌာန်းကား ဓာတ်ကြီးလေးပါးတည်း။

**မှတ်ချက်**။ ။ ခန္ဓာကိုယ်၌ ဓာတ်ကြီးလေးပါးတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ရှုမှတ်ဆင်ခြင်ဖန်များလျှင် အတ္တဒိဋ္ဌိကင်းပျောက်၍ မဂ်အပ္ပနာသို့ ရောက်ပါသည်။ ထို့ကြောင့် စတုဓာတုဝဝတ္ထာန်သည် သမထကမ္မဋ္ဌာန်းမျှသာမဟုတ်ဘဲ အနတ္တဝိပဿနာလည်းဖြစ်၏။

## အာရုပ္ပ လေးပါး

အာကာသာနဉ္စာယတနစျာန်, ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတနစျာန်, နေဝသညာနာသညာယတနစျာန်တို့ကို အာရုပ္ပလေးပါးဟု ခေါ်၏။

http://www.dhammadownload.com



အာရုပ္ပလေးပါးတို့သည်လည်း အာရမ္မဏိကတရားများ ဖြစ်ကြ၏။ ထိုတရားတို့၏ အာရုံကမ္မဋ္ဌာန်းကား ကောင်းကင်ပညတ်စသော လေးပါးတို့တည်း။

၁။ ပထမာရုပ္ပ၏ အာရုံသည် ကသိုဏ်းနိမိတ်ကို ခွာ၍ရအပ်သော ကောင်းကင်ပညတ် ဖြစ်၏။

၂။ ဒုတိယာရုပ္ပ၏ အာရုံသည် အာကာသာနဉ္စာယတနစျာန်စိတ် ဖြစ်၏။

၃။ တတိယာရုပ္ပ၏ အာရုံသည် အာကာသာနဉ္စာယတနစျာန်စိတ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ဖြစ်၏။

၄။ စတုတ္ထာရုပ္ပ၏ အာရုံသည် အာကိဉ္စညာယတနစျာန်စိတ် ဖြစ်၏။

## စရိုက်ခြောက်ပါး

ပါဠိဘာသာဖြင့် 'စရိတ' (ဝါ) 'စရိယာ' ဟု လာသောစရိုက်သည် ပင်ကိုရိုးရာ သူ့တကာဖြစ်နေကျထက် လွန်ကဲပိုမို၍ အဖြစ်များသည့်အမူအကျင့်တည်း။

ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိ (ပညာ) စရိုက်နှင့် ဝိတက်စရိုက်ဟူ၍ စရိုက်ခြောက်ပါး ရှိ၏။

၁။ **ရာဂစရိုက်** ရှိသူသည် လောကီအာရုံ ကာမဂုဏ်များကို မရှက်မကြောက် လိုက်စား၏။

၂။ **ဒေါသစရိုက်** ရှိသူသည် နေရာတကာတွင် ရှူးရှူးရှဲရှဲနှင့် အမြဲစိတ်တို၏။

၃။ **မောဟစရိုက်** ရှိသူသည် ထိုင်းမှိုင်းဖျင်းအ၍ ပြီး အောက်ကျနောက်ကျရှိ၏။

၄။ **သဒ္ဓါစရိုက်** ရှိသူသည် ရတနာမြတ်သုံးပါးကို လွန်စွာကြည်ညို၏။ (သို့သော် အသိဉာဏ်နည်းလျှင် အလွဲအမှားအတုအယောင်ကို ကြည်ညိုမိတတ်၏။)

၅။ **ဗုဒ္ဓိစရိုက်** (ဝါ) ပညာစရိုက်ရှိသူသည် ထက်မြက်သော ဉာဏ်ပညာဖြင့် အရာရာတွင် စဉ်းစားဆင်ခြင်လေ့ရှိ၏။ သူများပြောတိုင်း မယုံချေ။

၆။ **ဝိတက်စရိုက်** ရှိသူသည် အကြံအစည်များပြီး အလုပ်မဲ့တွင်ကျယ်ဘဲ ရှိတတ်၏။

## သပ္ပါယဘေဒ

စရိုက်နှင့် ကမ္မဋ္ဌာန်းကို သင့်တင့်လျောက်ပတ်အောင် တွဲစပ်ပြသောအခန်းကို သပ္ပါယဘေဒဟု ခေါ်၏။

ယေဘုယျအားဖြင့် ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်နှင့် ဝိတက်စရိုက်တို့သည် မကောင်းသောစရိုက်များ ဖြစ်ကြသဖြင့် ထိုစရိုက်များကို အားပေးအားမြှောက် မပြုသည့် (ဝါ) ဒုစရိုက်အကြိုက် မဟုတ်သည့် ကမ္မဋ္ဌာန်းများနှင့် တွဲစပ်ပေးရမည်။

http://www.dhammadownload.com



ကောင်းသောစရိုက်များ ဖြစ်ကြသည့် သဒ္ဓါစရိုက်နှင့် ပညာစရိုက်တို့ကိုမူ စရိုက်၏ အကြိုက်ဖြစ်သည့် ကမ္မဋ္ဌာန်းများနှင့် တွဲစပ်ပေးရမည်။

ဤသို့ တွဲစပ်ပေးမှသာ မကောင်းသောစရိုက်ကို ချိုးနှိမ်ထိန်းကွပ်ထားနိုင်ပြီး ကောင်းသောစရိုက်ကို တိုးတက်ဖွံ့ဖြိုးစေနိုင်မည်။

၁။ **ရာဂစရိုက်** ရှိသူသည် အသုဘ ၁၀ ပါးနှင့် ကာယဂတာသတိဟူသော ကမ္မဋ္ဌာန်း ၁၁ ပါးတို့နှင့် လျော်ကပ်၏။ ဤကမ္မဋ္ဌာန်းတို့သည် ရာဂမီးကို ငြိမ်းအေးစေနိုင်၏။

၂။ **ဒေါသစရိုက်** ရှိသူသည် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော အပ္ပမညာလေးပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတ ဟူသော ကသိုဏ်းလေးပါး၊ ဤ ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့နှင့် သင့်တင့်လျော်ကပ်၏။ ဒေါသကြီးသူသည် မကောင်းသော အာရုံများကို ရှုနေရလျှင် ပို၍ဒေါသထွက်လာနိုင်၏။ အပ္ပမညာလေးပါးနှင့် အဆင်းကသိုဏ်းလေးပါးတို့သည် သန့်ရှင်းကြည်လင်ကြသဖြင့် အာရုံပြုသူတို့အား စိတ်ရွှင်လန်းဝမ်းမြောက်စေ၏။

၃။ **မောဟစရိုက်** နှင့် **ဝိတက်စရိုက်** ရှိသူတို့သည် အာနာပါနဿတိကမ္မဋ္ဌာန်းနှင့် သင့်လျော်လျောက်ပတ်၏။ မောဟစရိုက်ရှိသူသည် ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စတို့အယှဉ်များသဖြင့် စိတ်ပျံ့လွင့်တုန်လှုပ်၏။ ဝိတက်စရိုက်ရှိသူသည်လည်း စိတ်ကူးအကြံအစည်များသဖြင့် စိတ်ပျံ့လွင့်၏။ အာနာပါနဿတိကမ္မဋ္ဌာန်းကား ထွက်သက်နှင့် ဝင်သက်တို့ကို အချက်ကျကျ လိုက်၍ရှုမှတ်ရသဖြင့် တုန်လှုပ်ပျံ့လွင့်သောစိတ်ကို ချုပ်ထိန်းဖမ်းဆွဲထားနိုင်၏။

၄။ **သဒ္ဓါစရိုက်** ရှိသူသည် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိဟူသော ကမ္မဋ္ဌာန်းခြောက်ပါးတို့နှင့် သင့်လျော်၏။ ပင်ကိုက ကောင်းနေသောသဒ္ဓါတရားသည် ဘုရား, တရား, သံဃာ စသည့် အာရုံများနှင့် ကြုံတွေ့လျှင် 'အတိုင်းထက်အလွန် တံခွန်နှင့်ဘုရား' ဟူသကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရာရှိ၏။ ထို့ကြောင့် အကျိုးများ၏။

၅။ **ပညာစရိုက်** ရှိသူသည် သိမ်မွေ့နက်နဲသော မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်ဟူသော ကမ္မဋ္ဌာန်းတရားလေးပါးနှင့် သင့်လျော်လျောက်ပတ်၏။ ပင်ကိုက စဉ်းစားချင့်ချိန်လေ့ရှိသောသူသည် သိမ်မွေ့နက်နဲသောအာရုံနှင့် ကြုံတွေ့ရသဖြင့် ခက်ခက်ခဲခဲ နက်နက်နဲနဲ စဉ်းစားဆင်ခြင်ရလေလေ ဉာဏ်ပညာတိုးပွားထက်မြက်လာလေလေဖြစ်မည်။

၆။ **အများနှင့်ဆိုင်သောကမ္မဋ္ဌာန်း** တို့ကား ပထဝီကသိုဏ်း, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း, အာကာသကသိုဏ်း, အာလောကကသိုဏ်းနှင့်

http://www.dhammadownload.com



အာရုပ္ပလေးပါးတို့တည်း။ ဤကမ္မဋ္ဌာန်း ၁၀ ပါးတို့သည် ကမ္မဋ္ဌာန်း ၄၀ တွင် စရိုက်ခြောက်ပါးတို့နှင့် အသီးသီးဆီလျော်ကြသော ကမ္မဋ္ဌာန်းများမှအပ ကြွင်းကျန်သည့်ကမ္မဋ္ဌာန်းများဖြစ်ကြ၏။ ဤကမ္မဋ္ဌာန်း ၁၀ ပါးတို့ကား မည်သည့်စရိုက်ရှိသူတို့နှင့်မဆို သင့်တင့်လျောက်ပတ်ကြ၏။

**မှတ်ချက်။** ။ စရိုက်အမျိုးမျိုးရှိကြသော ပုဂ္ဂိုလ်အသီးသီးနှင့် အထူးလျောက်ပတ်သော ကမ္မဋ္ဌာန်းကိုရွေးချယ်ရန်အလို့ငှာ အထက်ပါ သပ္ပါယဘေဒကို ပြဆိုခြင်းဖြစ်၏။ စင်စစ်မှာ ကမ္မဋ္ဌာန်းမှန်လျှင် ရာဂ, ဒေါသ စသောစရိုက်ဆိုးကို ဖယ်ရှားပြီး သဒ္ဓါ, ပညာ စသည့်သောဘဏစေတသိက်များကိုတိုးပွားထက်သန်စေနိုင်သည်သာဖြစ်၏။ သို့အတွက် မည်သည့်စရိုက်ရှိစေကာမူ အလုံးစုံသော ပုဂ္ဂိုလ်တို့အား အလုံးစုံသော ကမ္မဋ္ဌာန်းတို့သည် အထိုက် အလျောက် သင့်မြတ်ကြသည်သာတည်း။

ယေဘုယျအားဖြင့် ဗုဒ္ဓါနုဿတိ, ကာယဂတာသတိ, အာနာပါနဿတိ, အင္ဂိကအသုဘ, ဗြဟ္မဝိဟာရလေးပါးနှင့် ကသိုဏ်း ၁၀ ပါးဟူသော ကမ္မဋ္ဌာန်း ၁၈ ပါးတို့သည် ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား လျောက်ပတ်ကြ၏။ သို့ဖြစ်၍ ဤကမ္မဋ္ဌာန်း ၁၈ ပါးအနက်မှ မိမိစိတ် နှစ်သက်ပျော်မွေ့သည့် ကမ္မဋ္ဌာန်းတစ်ပါးပါးကို ရွေးချယ်ကာ ရှုမှတ်သင့်၏။

ကသိုဏ်းဝန်း၏ အရွယ်ပမာဏသည် ခွက်ငယ်ဆန်ကောငယ်အရွယ်မှ ကောက်နယ်တလင်းအရွယ်အထိ ရှိနိုင်သည်ဆိုသော်လည်း အချင်းတစ်ထွာနှင့် လက်လေးသစ်အောက် မငယ်စေသင့်ပါ။ ယခုကာလ ဆန်ပြာသည့်ဆန်ကောထက်လည်း ပို၍မကြီးစေသင့်ပါ။

မောဟစရိုက်ရှိသူသည် ပြန့်ကျယ်သောကသိုဏ်းနှင့် လျောက်ပတ်၏။ မောဟသမားသည် ပင်ကိုက တွေတွေဝေဝေဖြစ်နေရာ ကျဉ်းမြောင်းသော ကသိုဏ်းဝန်းကို ရှုမှတ်ရလျှင် သာ၍စိတ်ကျဉ်းကျပ်ဖွယ်ရာရှိ၏။

ဝိတက်စရိုက်ရှိသူသည် ပင်ကိုက စိတ်လွင့်ပါးနေတတ်သဖြင့် ကျယ်ပြန့်သော ကသိုဏ်းဝန်းကို အာရုံပြုရသော် ဝိတက်တိုးပွားရန် အားပေးရာရောက်ပေလိမ့်မည်။ ဝိတက်ကို ချုပ်တည်းနိုင်စေခြင်းငှာ ကျဉ်းမြောင်းသော ကသိုဏ်းဝန်းကို အသုံးပြုသင့်၏။

### ဘာဝနာဘေဒ

ကမ္မဋ္ဌာန်း ၄၀ တို့ကို ဘာဝနာအမျိုးအစားအားဖြင့် ခွဲပြရာ အခန်းကဏ္ဍကို ဘာဝနာဘေဒဟု ခေါ်၏။ ဘာဝနာသုံးမျိုးရှိ၏။

http://www.dhammadownload.com



၁။ **ပရိကမ္မဘာဝနာ**။ ။ ကသိုဏ်းဝန်း စသည့်ကမ္မဋ္ဌာန်းကို အာရုံပြု၍ 'ပထဝီ ပထဝီ' စသည်ဖြင့် ရွတ်ဆို၍လည်းကောင်း၊ စိတ်ဖြင့် မှန်းဆ၍လည်းကောင်း ရှေးဦးစွာ ပွားများမှုကို 'ပရိကမ္မဘာဝနာ' ဟု ခေါ်၏။

ပရိကမ္မဘာဝနာသည် ကမ္မဋ္ဌာန်းရှုမှတ်မှုအားလုံးတို့၏ အခြေခံဖြစ်၏။ ပရိကမ္မဘာဝနာမှတစ်ဆင့် အထက်အထက်သောဘာဝနာသို့ လှမ်းတက်ရ၏။ ထိုသို့အထက်အထက်သော ဘာဝနာတို့ဖြစ်ပွားရန် ပြုပေးတတ်သည့်ဘာဝနာသည် ပရိကမ္မဘာဝနာ ဖြစ်၏။

၂။ **ဥပစာရဘာဝနာ**။ ။ ဈာန်မဂ်ဖိုလ်တရားတည်းဟူသော အပ္ပနာဘာဝနာ၏ အနီးအပါးဖြစ်သည့် ဘာဝနာပွားများမှုကို 'ဥပစာရဘာဝနာ' ဟု ခေါ်၏။ ပရိကမ္မဘာဝနာသည်ပင် တဖြည်းဖြည်းရင့်သန်လာသည့်အခါ ဥပစာရဘာဝနာဟု အမည်ရ၏။

၃။ **အပ္ပနာဘာဝနာ**။ ။ ဆိုင်ရာအာရုံ၌ စွဲမြဲစွာ သက်ဝင်တည်နေသောဈာန်, မဂ်, ဖိုလ် တရားများကို အပ္ပနာဘာဝနာဟု ခေါ်၏။ ဥပစာရဘာဝနာထက် လွန်ကဲ၍ အာရုံ၌ စွဲမြဲစွာသက်ဝင်တည်နေသော ဘာဝနာသည် အပ္ပနာဘာဝနာဖြစ်၏။

ကမ္မဋ္ဌာန်းနှင့် ဘာဝနာ

၁။ ကမ္မဋ္ဌာန်းအားလုံး၌ ပရိကမ္မဘာဝနာကို ရအပ်၏။

၂။ ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိအထိ အနုဿတိရှစ်ပါး, အာဟာရေပဋိကူလသညာ တစ်ပါး, စတုဓာတုဝဝတ္ထာန်တစ်ပါးအားဖြင့် ၁၀ ပါးသော ကမ္မဋ္ဌာန်းတို့၏ ပရိကမ္မဘာဝနာနှင့် ဥပစာရဘာဝနာတို့ကို ရအပ်၏။

၃။ ကသိုဏ်း ၁၀ ပါး, အသုဘ ၁၀ ပါး, အပ္ပမညာလေးပါး, အာရုပ္ပလေးပါး, ကာယဂတာသတိနှင့် အာနာပါနဿတိဟူသော ကမ္မဋ္ဌာန်း ၃၀ တို့၌ အပ္ပနာဘာဝနာ ထိုင်အောင် ဘာဝနာသုံးပါးလုံးကို ရအပ်၏။

ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

၁။ ကသိုဏ်း ၁၀ ပါးနှင့် အာနာပါနကမ္မဋ္ဌာန်းတို့သည် ရူပါဝစရဈာန်ငါးပါးလုံး၏ အာရုံဖြစ်ကြ၏။ ဤကမ္မဋ္ဌာန်းတို့အနက် ကမ္မဋ္ဌာန်းတစ်ခုခုကို အားထုတ်နိုင်လျှင် ရူပဈာန်ငါးပါးလုံးကို ရနိုင်၏။

၂။ အသုဘ ၁၀ ပါးနှင့် ကာယဂတာသတိကမ္မဋ္ဌာန်းတို့သည် ပထမဈာန်ကိုသာ ဖြစ်စေနိုင်ကြ၏။

၃။ မေတ္တာ, ကရုဏာနှင့် မုဒိတာဘာဝနာတို့သည် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တည်းဟူသော ရူပဈာန်လေးပါးကို ဖြစ်စေနိုင်ကြ၏။

၄။ ဥပေက္ခာဘာဝနာသည် ရူပါဝစရပဉ္စမဈာန်ကိုသာ ဖြစ်စေနိုင်၏။

http://www.dhammadownload.com



အထက်ပါစကားအရ ပထမဈာန်၏ အာရုံကမ္မဋ္ဌာန်းတို့သည် (ဝါ) ပထမဈာန်ကို ဖြစ်ပေါ်စေနိုင်သော ကမ္မဋ္ဌာန်းတို့သည် ကသိုဏ်း ၁၀ ပါး, အသုဘ ၁၀ ပါး, မေတ္တာ, ကရုဏာ, မုဒိတာ, အာနာပါနဿတိ, ကာယဂတာသတိဟူ၍ ကမ္မဋ္ဌာန်း ၂၅ ပါးတို့ ဖြစ်ကြ၏။

ဒုတိယဈာန်, တတိယဈာန်နှင့် စတုတ္ထဈာန်တို့၏ အာရုံကမ္မဋ္ဌာန်းတို့သည် (ဝါ) ဒုတိယ, တတိယ, စတုတ္ထဈာန်တို့ကို ရစေနိုင်သော ကမ္မဋ္ဌာန်းတို့သည် ကသိုဏ်း ၁၀ ပါး, အာနာပါနဿတိ, မေတ္တာ, ကရုဏာ, မုဒိတာဟူ၍ ကမ္မဋ္ဌာန်း ၁၄ ပါးတို့ ဖြစ်ကြ၏။

ပဉ္စမဈာန်၏ အာရုံကမ္မဋ္ဌာန်းတို့သည် (ဝါ) ပဉ္စမဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းတို့သည် ကသိုဏ်း ၁၀ ပါး, အာနာပါနဿတိ, ဥပေက္ခာဟူ၍ ကမ္မဋ္ဌာန်း ၁၂ ပါးတို့ ဖြစ်ကြ၏။

ရူပါဝစရဈာန်ကို ဖြစ်ပေါ်စေနိုင်သော ကမ္မဋ္ဌာန်းစုစုပေါင်းကား ကသိုဏ်း ၁၀ ပါး, အသုဘ ၁၀ ပါး, အပ္ပမညာ လေးပါး, အာနာပါနဿတိ, ကာယဂတာသတိဟူ၍ ၂၆ ပါး ရှိ၏။

၅။ အာရုပ္ပကမ္မဋ္ဌာန်းလေးပါးတို့သည် အရူပဈာန်လေးပါးကို အသီးသီးဖြစ်စေကြ၏။

၆။ ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိအထိ ရှေ့အနုဿတိ ရှစ်ပါးနှင့် အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်တည်းဟူသော ကမ္မဋ္ဌာန်း ၁၀ ပါးတို့သည် မည်သည့်ဈာန်ကိုမျှ မဖြစ်စေနိုင်ကြပါ။

### ဂေါစရဘေဒ

ကမ္မဋ္ဌာန်းတစ်ခုခုကို စီးဖြန်းပွားများရာ၌ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်တို့သည် အဆင့်ဆင့်ထင်ပေါ်လာနိုင်၏။ အချို့ကမ္မဋ္ဌာန်းတို့၌ ပထမနိမိတ်နှစ်မျိုးသာထင်၏။ အချို့ကမ္မဋ္ဌာန်းတို့၌ နိမိတ်သုံးမျိုးစလုံး ထင်၏။ နိမိတ်အာရုံကို အခြေခံ၍ ကမ္မဋ္ဌာန်းများကို ခွဲခြားဝေဖန်မှုသည် ဂေါစရဘေဒဖြစ်၏။

၁။ **ပရိကမ္မနိမိတ်။** ။ ပရိကမ္မဘာဝနာ၏အာရုံကို ပရိကမ္မနိမိတ်ဟု ခေါ်၏။ ကမ္မဋ္ဌာန်း စ၍စီးဖြန်းသောအခါ အာရုံပြုအပ်သော ပထဝီကသိုဏ်းဝန်း, အသုဘ အလောင်းကောင် စသည့်အာရုံများသည် ပရိကမ္မနိမိတ်ဖြစ်ကြ၏။

၂။ **ဥဂ္ဂဟနိမိတ်။** ။ မျက်စိဖြင့် တိုက်ရိုက်မကြည့်တော့ဘဲ စိတ်ဖြင့် မှန်းဆ၍ ယူနိုင်သော ပရိကမ္မနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ်၏။

ကမ္မဋ္ဌာန်းစီးဖြန်းစ အခါ၌ ကသိုဏ်းဝန်း စသည်ကို တိုက်ရိုက်ကြည့်ရှုသဖြင့် မြင်နေရသော ပရိကမ္မနိမိတ်သည် ရှုမှတ်ဖန်များသောအခါ စိတ်ထဲ၌ စွဲမြဲလာသဖြင့် မျက်စိ

http://www.dhammadownload.com



ကို ပိတ်လိုက်လျှင်ဖြစ်စေ၊ အခြားအရပ်တစ်ခုခုသို့ မျက်နှာကို လွှဲလိုက်လျှင်ဖြစ်စေ ပကတိမြင်နေရသကဲ့သို့ပင် ထင်ထင်ရှားရှား ထင်ပေါ်နေ၏။ ဤထင်ပေါ်နေသော နိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု မှတ်ယူအပ်၏။

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ စသည့် ကမ္မဋ္ဌာန်းများ၌ မူလစီးဖြန်းကတည်းက ဘုရားဂုဏ်တော်, တရားဂုဏ်တော် စသည်ကို စိတ်ဖြင့်မှန်းဆ၍ စီးဖြန်းရသောကြောင့် 'ဘယ်အခိုက်အတန့်တွင် ပရိကမ္မနိမိတ်ထင်ပြီး ဘယ်အခိုက်၌ ဥဂ္ဂဟနိမိတ် ထင်ပေါ်လာသည်' ကို အသေအချာခွဲခြား၍ မရချေ။ ဂုဏ်တော်များကို ထင်ထင်ရှားရှား မှန်းဆ၍မရသေးသည့်အခါ၌ ပရိကမ္မနိမိတ်ထင်ပြီး၊ ဂုဏ်တော်များကို ထင်ထင်ရှားရှား မှန်းဆနိုင်သည့်အခါ ဥဂ္ဂဟနိမိတ်ထင်သည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် ထိုနိမိတ်နှစ်ပါးကို မုချမြင်သိရသည်ဟု မဆိုနိုင်။ ပရိယာယ်အားဖြင့် ရကောင်းသည်ဟုသာ ဆိုနိုင်ပေ၏။

သို့ဖြစ်၍ အချို့ကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို မုချရအပ်၏။ အချို့ကမ္မဋ္ဌာန်းတို့၌ကား ဤနိမိတ်နှစ်ပါးကို ပရိယာယ်အားဖြင့်သာ ရထိုက်၏ဟု မှတ်သားရမည်။

၃။ **ပဋိဘာဂနိမိတ်။** ။ ဥဂ္ဂဟနိမိတ်ကို ဆက်လက်၍ ကမ္မဋ္ဌာန်းရှုမှတ်ဖန် များသောအခါ ထိုနိမိတ်သည် ကြေးမုံအိတ်မှ ကြည်လင်သည့်ကြေးမုံချပ်ကို ထုတ်ယူလိုက်သကဲ့သို့ အလွန်သန့်စင်ကြည်လင်လာ၏။ ထိုနိမိတ်သည် မူလစီစဉ်ထားခဲ့သော ကသိုဏ်းဝန်း စသည်နှင့်တူစွာ စိတ်ထဲ၌ ထင်ပေါ်လာသည့်အာရုံဖြစ်၏။ သို့သော် ညိုမည်းအုံ့ဆိုင်းနေသော တိမ်တောင်အကြားမှ ဖျိုင်းဖြူအုပ် ပျံသန်းထွက်လာသကဲ့သို့ ထိုနိမိတ်သည် ပရိကမ္မနိမိတ်ထက် အဆပေါင်းများစွာ ကြည်လင်တောက်ပနေပြီး အပြစ်အနာအဆာကင်းစင်နေ၏။ ငြိမ်သက်နေ၏။ ဤနိမိတ်ကို ပဋိဘာဂနိမိတ်ဟု ခေါ်၏။

## နိမိတ်နှင့် ကမ္မဋ္ဌာန်း တွဲစပ်ပုံ

ကမ္မဋ္ဌာန်း ၄၀ လုံး၌ပင် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်များကို ရကောင်း၏။ သို့သော် ထိုနိမိတ်နှစ်ပါးအား ခွဲခြားမှုမှာ ကမ္မဋ္ဌာန်းတိုင်း၌ တိတိကျကျပိုင်းခြား၍ မရချေ။ ကသိုဏ်းကမ္မဋ္ဌာန်းစသည့် အချို့ကမ္မဋ္ဌာန်းတို့၌ တိတိပပခွဲခြား၍ ရကောင်း၏။ အနုဿတိကမ္မဋ္ဌာန်းစသည်တို့၌မူ ပရိယာယ်အားဖြင့်သာ ခွဲခြား၍ရကောင်း၏။

ကသိုဏ်း ၁၀ ပါး, အသုဘ ၁၀ ပါး, ကာယဂတာသတိ, အာနာပါနဿတိတည်းဟူသော ကမ္မဋ္ဌာန်း ၂၂ ပါးတို့၌ ပဋိဘာဂနိမိတ်ကို ရကောင်း၏။ ဤကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို ခွဲခြား၍ ရကောင်း၏။

ဗုဒ္ဓါနုဿတိ စသည့် ရှေ့အနုဿတိရှစ်ပါး, အပ္ပမညာလေးပါး, အာရုပ္ပလေးပါး,

http://www.dhammadownload.com



အာဟာရေပဋိက္ကူလသညာနှင့် စတုဓာတုဝဝတ္ထာန်တည်းဟူသော ကမ္မဋ္ဌာန်း ၁၈ ပါးတို့၌ ပဋိဘာဂနိမိတ်ကို မရနိုင်ချေ။

### ဘာဝနာနှင့် နိမိတ် တွဲစပ်ပုံ

ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဉပစာရသမာဓိနှင့် အပ္ပနာသမာဓိတို့ ဖြစ်ပေါ်ကြ၏။ သို့အတွက် ပဋိဘာဂနိမိတ်ထင်လာသည့်အခါ ဉပစာရသမာဓိခေါ်သော ဉပစာရဘာဝနာအဆင့်သို့ရောက်ပြီဟု သိနိုင်၏။

သို့ဖြစ်၍ ပရိကမ္မဘာဝနာသည် ပရိကမ္မနိမိတ်နှင့် ဉဂ္ဂဟနိမိတ်တို့ကို အာရုံပြု၏။ ဉပစာရဘာဝနာနှင့် အပ္ပနာဘာဝနာတို့သည် ပဋိဘာဂနိမိတ်ကို အာရုံပြုကြ၏။

၁။ **ပရိကမ္မနိမိတ်နှင့် ပရိကမ္မဘာဝနာဖြစ်ပေါ်ပုံ**။ ။ ပထဝီကသိုဏ်းကို ပွားများ အားထုတ်သော ယောဂီ (အားထုတ်သူ) သည် တစ်ထွာလက်လေးသစ်ခန့်ရှိသော ပထဝီကသိုဏ်းဝန်းကို ပကတိမျက်လုံးအနေအထားဖြင့် ကြည့်ရှု၍ ပါဠိဘာသာဖြင့် 'ပထဝီ – ပထဝီ'ဟု ဖြစ်စေ၊ မြန်မာဘာသာဖြင့် 'မြေ – မြေ'ဟုဖြစ်စေ နှုတ်က ရွတ်ဆို၍သော်လည်းကောင်း၊ မရွတ်ဆိုဘဲ စိတ်ဖြင့်ရှုမှတ်၍သော်လည်းကောင်း အထပ်ထပ် အဖန်ဖန် ပွားများရာ၏။ မျက်စိကို မှိတ်ထားလျက်လည်း ရံဖန်ရံခါ ပွားများအပ်၏။

ဤသို့ မျက်လုံးဖြင့် ကြည့်ရှုအပ်, စိတ်ဖြင့် မှန်းဆအပ်သောအာရုံကို 'ပရိကမ္မနိမိတ်'ဟု ခေါ်၏။ ကြည့်ရှု၍လည်းကောင်း, မှန်းဆ၍လည်းကောင်း ပွားများမှုကို 'ပရိကမ္မဘာဝနာ'ဟု ခေါ်၏။

၂။ **ဉဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာဖြစ်ပေါ်ပုံ**။ ။ မျက်စိကို ဖွင့်တုံမှိတ်တုံပြု၍ ကသိုဏ်းအာရုံကို အထပ်ထပ်အဖန်ဖန်ရှုမှတ်ဖန်များသည့်အခါ ပရိကမ္မနိမိတ်ကို စိတ်ဖြင့်ကောင်းစွာယူမိလာ၏။ ထိုအခါ မျက်စိကို မှိတ်ထားလျှင်လည်း ကသိုဏ်းအာရုံသည် မျက်စိဖြင့် တိုက်ရိုက်မြင်နေရသကဲ့သို့ စိတ်ထဲ၌ ထင်ထင်ရှားရှား ထင်ပေါ်နေ၏။

ထိုသို့ စိတ်ထဲ၌ ထင်ရှားစွာဖြစ်ပေါ်လာသောအာရုံကို 'ဉဂ္ဂဟနိမိတ်'ဟု ခေါ်၏။ ယခင်ပရိကမ္မနိမိတ်ကိုပင် စိတ်ဖြင့်ကောင်းစွာယူအပ်သောကြောင့် 'ဉဂ္ဂဟနိမိတ်'ဟု ခေါ်၏။

ဤဉဂ္ဂဟနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည် ရှေးကထက် သမာဓိ ရင့်ကျက်တည်ကြည်လာသော်လည်း 'ပရိကမ္မဘာဝနာ'ဟူသော အဆင့်အတန်းမှကား မတိုးတက်သေးချေ။

၃။ **ပဋိဘာဂနိမိတ်နှင့် ဉပစာရဘာဝနာဖြစ်ပေါ်ပုံ**။ ။ ပရိကမ္မဘာဝနာ (သမာဓိ) ဖြင့် ဉဂ္ဂဟနိမိတ်ကို အာရုံပြု၍ စိတ်တည်ငြိမ်နေသော ယောဂီသည် ထိုဉဂ္ဂဟနိမိတ်ကို ဆက်လက်၍ ရှုမှတ်ပွားများပြန်သောအခါ တစ်ချိန်၌ ထိုဉဂ္ဂဟနိမိတ်နှင့် ပုံ

http://www.dhammadownload.com



သဏ္ဍာန်အရွယ်တူသော အာရုံတစ်မျိုးသည် စိတ်၌ငြိမ်သက်စွာတည်လာ၏။ စိတ်ထဲ၌ ကောင်းစွာသွင်းထားအပ်သကဲ့သို့ တည်ငြိမ်နေ၏။ မပျောက်မပျက် ကွက်ကွက်ကွင်းကွင်း ထင်ပေါ်နေ၏။ ဤကား 'ပဋိဘာဂနိမိတ်' တည်း။

ပဋိဘာဂနိမိတ်သည် ဥဂ္ဂဟနိမိတ်ထက် အဆ ရာထောင်မက ပို၍ကြည်လင်၏။ ဆွတ်ဆွတ်ဖြူသော ဖျိုင်းပျိုသည် ညိုမှောင်သောတိမ်တောင်အကြားမှ ဝဲပျံ၍ ထွက်လာသကဲ့သို့ အလွန်တင့်တယ်လှပပြီး ကြည်နူးဖွယ်ဖြစ်၏။

ထိုပဋိဘာဂနိမိတ်တို့သည် ပညတ်လောက ပရမတ်လောကဟု မေးဖွယ်ရာရှိ၏။ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့သည် မြေဝန်းမြေဝိုင်းဖြစ်သောကြောင့် အထည်ကိုယ်ဒြပ် ထင်ရှား၏။ အဋ္ဌကလာပ်ရုပ်ဟူသည့် ပရမတ်တရားအစုအဝေးတည်း။ ထိုအဋ္ဌကလာပ်ရုပ် ပရမတ်တရားအပေါင်းကိုအရင်းခံ၍ စိတ်၌ထင်မြင်လာသောအာရုံသည် သမူဟပညတ်ဖြစ်သည်နှင့်အညီ 'ကသိုဏ်းပညတ်' ဟု အမည်ရ၏။ အရင်းခံမှာ ပရမတ်တရားများပေတည်း။

ပဋိဘာဂနိမိတ်သည်ကား ထိုကဲ့သို့ ပရမတ်အထည်ကိုယ်ရှိသော ဝတ္ထုမဟုတ်။ ထိုပရမတ်အထည်ကိုယ်ဝတ္ထုနှင့် သဏ္ဍာန်ပမာဏတူညီစွာ ဘာဝနာသညာ၏ အစွမ်းကြောင့် ယောဂီပုဂ္ဂိုလ်၏ စိတ်ဝယ် ထင်မြင်လာသောပညတ်မျိုးဖြစ်၏။ ထို့ကြောင့် ပဋိဘာဂနိမိတ်သည် ပရမတ်မဟုတ်ဘဲ ပညတ်ဖြစ်၏။

(ဘာဝနာသညာဟူသည်မှာ ဘာဝနာစိတ်နှင့်ယှဉ်သည့် သညာဖြစ်၏။)

ပဋိဘာဂနိမိတ်သည် ဘာဝနာစိတ် (သညာ) ၏ အစွမ်းကြောင့်ဖြစ်ပေါ်လာသည်ဟု ဆိုလျှင် ထိုပဋိဘာဂနိမိတ်ကို ဖြစ်ပေါ်စေနိုင်သော ဘာဝနာစိတ်သည်လည်း ရှေးကထက် တိုးတက်၍ သမာဓိအားကောင်းမှသာ ပဋိဘာဂနိမိတ်ကို ထင်ပေါ်စေနိုင်၏။

သို့အတွက် ပဋိဘာဂနိမိတ်ပေါ်လာသည့်အချိန်မှစ၍ ဘာဝနာစိတ်အစဉ်သည် ပရိကမ္မဘာဝနာအဆင့်အတန်းကို လွန်ပြီးလျှင် ဥပစာရဘာဝနာအဆင့်အတန်းသို့ ရောက်ပြီဟု မှတ်အပ်၏။

ဤဥပစာရဘာဝနာဖြစ်ပေါ်လာသည့်အခါ ကာမစ္ဆန္ဒစသော နီဝရဏာများ ကင်းကွာ၍ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသည့် ဈာန်အင်္ဂါငါးပါးတို့သည် မိမိတို့၏ဆိုင်ရာကိစ္စများကို အထင်အရှားဆောင်ရွက်ကြလေပြီ။ ထို့ကြောင့် ဤဥပစာရဘာဝနာကို 'ဥပစာရဈာန်' ဟုလည်း ခေါ်ကြ၏။

ဥပစာရဘာဝနာသည် အပ္ပနာဘာဝနာ၏ အနီးအပါး၌ဖြစ်သော ဘာဝနာတည်း။

၄။ **ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာဖြစ်ပေါ်ပုံ။** ။ ပဋိဘာဂနိမိတ် ထင်လာသဖြင့် ဥပစာရဘာဝနာသို့ရောက်ပြီးသော ယောဂီသည် ထိုပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဆက်လက်အားထုတ်သည့်အခါ ဉာဏ်ပညာထက်မြက်သူဖြစ်လျှင် မကြာ

http://www.dhammadownload.com



မတင်ပင် 'အပ္ပနာဘာဝနာ' ဟု ခေါ်သော ရူပါဝစရဈာန်ဖြစ်ပေါ်လာ၏။ ထိုမျှလောက် ဉာဏ်ပညာမတက်မြက်သူတို့မှာ 'စကြာမင်းဖြစ်လိမ့်မည်' ဟု အဟောထွက်ထားသည့် ကိုယ်ဝန်သည်ကို မယ်တော်မိဖုရားက အထူးယုယစောင့်ရှောက်သကဲ့သို့ ထိုရအပ်ပြီးသော ပဋိဘာဂနိမိတ်ကို ပျောက်ကွယ်မသွားအောင် အထူးစောင့်ရှောက်လျက် အဆက်မပြတ် အထပ်ထပ်ပွားများအားထုတ်ရပေမည်။ ဤသို့ ကောင်းစွာအားထုတ်သူသည် ဥပစာရဘာဝနာအဆင့်မှ အပ္ပနာဘာဝနာအဆင့်သို့ အနေးနှင့်အမြန် တက်လှမ်းနိုင်ပေလိမ့်မည်။

## ဈာန်အဆင့်ဆင့်ဖြစ်ပေါ်ပုံ

ပထမအကြိမ် အပ္ပနာဘာဝနာသို့ရောက်သော ယောဂီသည် ရူပါဝစရ ပထမဈာန်ကို ရလေပြီ။ ထိုဈာန်ကို ငါးတန်သော ဝသီဘော်တို့ဖြင့် အစွမ်းထက်မြက်အောင် လေ့ကျင့်ရ၏။ ပါဠိလို 'ဝသိတာ' (ဝါ) 'ဝသီဘာဝ'၊ မြန်မာလို 'ဝသီဘော်' ဟူသော သဒ္ဒါသည် အစွမ်းသတ္တိကို ဟော၏။ ဝသီဘော်ငါးပါးကား...

၁။ **အာဝဇ္ဇနဝသီဘော်** = ဈာန်၏အင်္ဂါရပ်များဖြစ်ကြသော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတို့ကို လျင်မြန်စွာဆင်ခြင်နိုင်သောစွမ်းရည်။

၂။ **သမာပဇ္ဇနဝသီဘော်** = လျင်မြန်စွာ ဈာန်ဝင်စားနိုင်သောစွမ်းရည်။

၃။ **အဓိဋ္ဌာနဝသီဘော်** = ဘဝင်စိတ်ကိုလွှမ်းမိုး၍ ဈာန်စိတ်အစဉ်ကို ရှည်ရှည် တိုတို အလိုရှိသမျှထိန်းထားနိုင်သော စွမ်းရည်။

၄။ **ဝုဋ္ဌာနဝသီဘော်** = ရည်မှန်းထားသော ကာလအပိုင်းအခြားကို မကျော်လွန်စေဘဲ ဈာန်မှထနိုင်သော စွမ်းရည်။

၅။ **ပစ္စဝေက္ခဏဝသီဘော်** = ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ဝီထိတို့၏ တစ်ဝီထိနှင့် တစ်ဝီထိအကြားဝယ် ဘဝင်များစွာမခြားဘဲ ဆက်ကာဆက်ကာ ဆင်ခြင်နိုင်သော သတ္တိ။

**မှတ်ချက်။** ။ အာဝဇ္ဇနဝသီဘော်မြောက်သူသည် ပစ္စဝေက္ခဏဝသီဘော်ကိုလည်း ပိုင်ဆိုင်လေတော့၏။ ဈာန်အင်္ဂါများကို ဆင်ခြင်နိုင်ကြသော မနောဒွါရာဝဇ္ဇန်း၏ စွမ်းရည်သတ္တိကို အာဝဇ္ဇနဝသီဘော်၊ ပစ္စဝေက္ခဏာဇော၏ စွမ်းရည်သတ္တိကို ပစ္စဝေက္ခဏဝသီဘော်ဟု ဝသီဘော်နှစ်မျိုးကို ခွဲခြားအပ်၏။

**ဒုတိယဈာန်သို့ တက်လှမ်းပုံ။** ။ ဝသီဘော်ငါးတန်ဖြင့် ပထမဈာန်ကို အဖန်ဖန် ဝင်စား၍ ဈာန်အင်္ဂါစုကို ဆင်ခြင်ဖန်များလတ်သော် ဝိတက်ဟူသော ဈာန်အင်္ဂါသည် ရုန့်ရင်းကြမ်းတမ်းသည်ဟု ထင်မြင်လာ၏။ 'ဝိတက်သည် စိတ်ကိုအာရုံအမျိုးမျိုးသို့ တင်ပေးတတ်၏။ လောကီအာရုံ ကာမဂုဏ်သို့ စိတ်ကိုတင်ပေးလိုက်လျှင်

http://www.dhammadownload.com



ကာမစ္ဆန္ဒနီဝရဏာရန်သူကြီးနှင့် ရင်ဆိုင်ရလိမ့်မည်။ ဝိတက်မပါသော ဒုတိယဈာန်သို့ တက်နိုင်မှ စိတ်ငြိမ်သက်၍ ရန်သူဘေးမှ ဝေးလိမ့်မည်ဟု ဆင်ခြင်၏။

ထို့ကြောင့် ဒုတိယဈာန်ရရှိအောင် ရည်မှန်းလျက် ဝိတက်ကို ပယ်ရှားနိုင်ခြင်း အကျိုးငှာလည်းကောင်း၊ ကြွင်းသည့် ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါလေးပါး တို့ကို ပိုမိုသိမ်မွေ့ထက်မြက်လာစေခြင်းအကျိုးငှာလည်းကောင်း ပဋိဘာဂနိမိတ်ဟု သည့်ပထဝီကသိုဏ်းပညတ်ကိုပင် ဘာဝနာသုံးပါးအစဉ်ဖြင့် အာရုံပြုလျက် အားထုတ် ၏။ ဤအားထုတ်မှုသည် ဝိတက်ကိုစက်ဆုပ်ခြင်းသဘော ပါဝင်သည့်အတွက် 'ဝိတက္က ဝိရာဂဘာဝနာ' မည်၏။

ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပရိကမ္မဘာဝနာဖြင့် ပြန်လည်အားထုတ်သော ပထမဈာန်ရယောဂီသည် ဝိတက်အပေါ်၌နိကန္တိတဏှာကောင်းစွာကင်းကွာလာသည့် အခါ ဒုတိယဈာန်၏အနီး ဥပစာဖြစ်သော ဥပစာရဘာဝနာသို့ ရောက်၏။ ထို့နောက် ဆက်၍အားထုတ်လျှင် ဝိတက်မပါဘဲ ယခင်ပထမဈာန်တုန်းကထက် ပိုမိုသိမ်မွေ့ ထက်မြက်သည့် ဈာန်အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဒုတိယဈာန် ခေါ် အပ္ပနာဘာဝနာ သို့ ရောက်၏။

**တတိယဈာန်သို့-တက်လှမ်းပုံ။** ။ ဒုတိယဈာန်၌ ဝသီဘော်ငါးပါး ပိုင်နိုင်အောင် လေ့ကျင့်ပြီး၍ ဈာန်အင်္ဂါများကို အကြိမ်ကြိမ်ဆင်ခြင်သည့်အခါ 'ဝိစာရသည် ရန် ရင်းကြမ်းတမ်း၏။ ဝိစာရသည် ဝိတက်နှင့်တွဲဖက်ဖြစ်ရကား မကြာခင် ဝိတက်နှင့် တွဲမိ၍ ပထမဈာန်သို့ပြန်ကျရောက်လိမ့်မည်။ ဝိစာရမပါသော တတိယဈာန်သာ မွန်မြတ်၏'ဟု ဝိစာရ၌ အပြစ်မြင်လာ၏။ ထိုအခါ ကသိုဏ်းပဋိဘာဂနိမိတ်ကိုပင် ရှုမှတ်၍ ဝိစာရ၌ စက်ဆုပ်မှုပါသော ဝိစာရဝိရာဂဘာဝနာကို ပွားများ၏။ ဝိစာရ၌ တပ်မက်သော နိကန္တိတဏှာမကွာသေးခင် ပရိကမ္မဘာဝနာဖြစ်၏။ နိကန္တိတဏှာ ကွာသောအခါ ဥပစာရဘာဝနာဖြစ်၏။ ထို့နောက် ဆက်လက်အားထုတ်သောအခါ ဝိတက်, ဝိစာရတို့မပါဘဲ ဒုတိယဈာန်တုန်းကထက် ပိုမိုသိမ်မွေ့ထက်မြက်သည့် ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါသုံးပါးပါသော တတိယဈာန်ခေါ် အပ္ပနာဘာဝနာ ဖြစ်ပေါ်လာ၏။

**စတုတ္ထဈာန်နှင့် ပဉ္စမဈာန်သို့ တက်ပုံ။** ။ တတိယဈာန်၌ပါသော 'ပီတိသည် နှစ်သက်ခြင်းသဘောရှိ၍ စိတ်ကို ကောင်းစွာမငြိမ်သက်စေနိုင်။ ပီတိမပါမှသာ စိတ် ငြိမ်သက်သည်'ဟု ပီတိ၌အပြစ်ရှု၍ ပီတိဝိရာဂဘာဝနာကို ယခင်ဘာဝနာစဉ်အတိုင်း အားထုတ်လျှင် သုခနှင့် ဧကဂ္ဂတာဈာန်အင်္ဂါနှစ်ပါးသာ ပါသည့် စတုတ္ထဈာန် ဖြစ် ပေါ်၏။

http://www.dhammadownload.com



တစ်ဖန် 'သုခသည် ပီတိနှင့်သဘောတူ၏။ ပီတိနှင့် ပေါင်းဆုံမိလျှင် တတိယ ဈာန်သို့ ဆွဲချနိုင်၏'ဟု သုခ၌ အပြစ်ရှု၍ သုခဝိရာဂဘာဝနာကို ယခင်ဘာဝနာစဉ် အတိုင်း ဆက်လက်အားထုတ်လျှင် ဥပေက္ခာနှင့် ဧကဂ္ဂတာဈာန်အင်္ဂါနှစ်ပါး ပါသည့် ပဉ္စမဈာန်ဖြစ်၏။

**အာရုပ္ပဈာန်တက်ခန်း**

ရူပါဝစရပဉ္စမဈာန်ကို ဝသီဘော်ငါးပါး ပိုင်နိုင်အောင် လေ့ကျင့်ထားပြီးသော ယောဂီသည် ပထမာရုပ္ပ ခေါ် အာကာသာနဉ္စာယတနဈာန်သို့ တက်လှမ်းနိုင်၏။ ထိုသို့ တက်လှမ်းနိုင်ရန်အတွက် ကရဇကာယ ခေါ် မိဘတို့၏သုက်သွေးကြောင့်ဖြစ်လာရသော ရုပ်ခန္ဓာအပေါ်တွင် ရွံရှာစက်ဆုပ်မှု ဖြစ်ရမည်။

"ဤရုပ်ခန္ဓာရှိခြင်းကြောင့်သာ တုတ်, ဓား, စသည်ကို စွဲကိုင်လျက် သတ်ပုတ် ရိုက်နှက်ကြ, ခိုက်ရန်ဖြစ်ကြရ၏။ မျက်စိရောဂါ, နားရောဂါ, သွားရောဂါ စသည့် ရောဂါမျိုးစုံတို့လည်း ဖြစ်ပေါ်ကြ၏။ ရုပ်ခန္ဓာနှင့် မဆက်စပ်သော အာကာသာနဉ္စာ ယတနဈာန်သည် သိမ်မွေ့ငြိမ်သက်၏" ဤသို့ ရူပပဉ္စမဈာန်၌ အပြစ်မြင်၍ ပထမာ ရုပ္ပဝိညာဉ်ကို ငြိမ်သက်၏ဟု ယုံကြည်သော ယောဂီသည် အာကာသကသိုဏ်းမှ တစ်ပါး ကျန်ကသိုဏ်းကိုးပါးတို့တွင် တစ်ပါးပါးကို ဘာဝနာဖြင့် ပယ်ခွာ၍ရအပ်သည့် ကောင်းကင်ပညတ်ကို အာရုံပြု၍ ရူပဝိရာဂဘာဝနာကို ဘာဝနာစဉ်အတိုင်း ပွားများ အားထုတ်၏။

ပွားများအားထုတ်ပုံမှာ ကသိုဏ်းဝန်း၏ ပဋိဘာဂနိမိတ်ကို ကျဉ်းကျဉ်းအလိုရှိ လျှင် တစ်ထွာ လက်လေးသစ်မျှလည်းကောင်း၊ ကျယ်ကျယ်အလိုရှိလျှင် စကြဝဠာ တံတိုင်းအထိလည်းကောင်း ဖြန့်ထားပြီး ထိုကသိုဏ်းဝန်းကို အာရုံမပြုတော့ဘဲ ထို ကသိုဏ်းဝန်းပျံ့နှံ့ရာအရပ်ကို 'အာကာသော အနန္တော = ကောင်းကင်ပညတ်သည် ဥပါဒ်–ဘင်အားဖြင့် အဆုံးအပိုင်းအခြားမရှိ'ဟု နှလုံးသွင်းဆင်ခြင်၏။ ဤသို့ ဆင် ခြင်နေမှုကို ပရိကမ်ပြုသည်ဟုခေါ်၏။ ဤသို့ ပရိကမ်ပြုဖန်များလျှင် ထမင်းအိုးဝ၌ ဖုံးထားသောအဝတ်ကို ဆွဲဖွင့်လိုက်သည့်အခါ အဝတ်ကွယ်ပျောက်၍ အိုးဝဟင်းလင်း ပေါက် ပေါ်လာသကဲ့သို့ ကသိုဏ်းနိမိတ်ကွယ်ပျောက်၍ နိမိတ်ပျံ့နှံ့ရာအရပ် အားလုံး၌ ကောင်းကင်(ဝါ) ဟင်းလင်းဖြစ်၍ ထင်လာ၏။ ဤသို့ မူလဖြန့်ထားသော ကသိုဏ်းဝန်းကို နှလုံးမသွင်းဘဲ ဖယ်ရှားခြင်းကို 'ကသိုဏ်းခွာသည်'ဟု ဆိုကြ၏။

ယင်းသို့ မူလကသိုဏ်းကို ခွာ၍ ရအပ်သောကောင်းကင်ပညတ်ကို အာရုံပြုလျက် ပရိကမ္မဘာဝနာဖြင့် 'အာကာသော အနန္တော'ဟု အထပ်ထပ်နှလုံးသွင်းသော် ရူပ ပဉ္စမဈာန်အပေါ်၌ နှစ်သက်မှုနိကန္တိတဏှာကင်းကွာလာ၏။ ထိုအခါ ဥပစာရဘာ ဝနာအဆင့်သို့ ရောက်၏။ ထို့နောက် ကောင်းကင်ပညတ်ကိုပင် ဆက်လက်အာရုံပြု

http://www.dhammadownload.com



၍ တိုးတက်ကာအားထုတ်သော် ပထမာရုပ္ပဝိညာဏ်ဟု ခေါ်သော အာကာသာနဉ္စာယတနစျာန် အပ္ပနာဖြစ်ပေါ်လာ၏။

ထို့နောက် ဒုတိယာရုပ္ပ (ဝိညာဏဉ္စာယတန) စျာန်ကို အလိုရှိသော် ပထမာရုပ္ပဝိညာဏ်ကိုအာရုံပြု၍ 'ဝိညာဏံ အနန္တံ = ပထမာရုပ္ပဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ' ဟု ပရိကမ်ပြုရ၏။ ရှုမှတ်ဖန်များလျှင် အာရုံ၌ စွဲမြဲလာ၏။ ပထမာရုပ္ပဝိညာဏ်၌ နိကန္တိတဏှာ ကင်းကွာသောအခါ ဥပစာရဘာဝနာသို့ ရောက်၏။ ထို့နောက် ဆက်၍အားထုတ်လျှင် ဒုတိယာရုပ္ပဝိညာဏ် ခေါ် ဝိညာဏဉ္စာယတနစျာန်အပ္ပနာဖြစ်ပေါ်လာ၏။

တတိယာရုပ္ပ (အာကိဉ္စညာယတန) စျာန်ကို ထပ်မံအလိုရှိသော် ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်း (နတ္ထိဘာဝပညတ်) ကို အာရုံပြု၍ 'နတ္ထိကိဉ္စိ = စိုးစဉ်းအနည်းငယ်မျှမရှိ' ဟု ပရိကမ်ပြုရ၏။ ဘာဝနာစဉ်အတိုင်း တက်သော် တတိယာရုပ္ပစျာန်အပ္ပနာသို့ ရောက်၏။

စတုတ္ထာရုပ္ပ (နေဝသညာနာသညာယတန) စျာန်ကို အလိုရှိသော် 'ငါ ရအပ်ပြီးသော အာကိဉ္စညာယတနစျာန်သည် ဝိညာဏဉ္စာယတနစျာန်တည်းဟူသော ရန်သူနှင့် နီးကပ်၏။ စတုတ္ထာရုပ္ပစျာန်လောက်လည်း မငြိမ်သက်။ သညာသည် အိုင်းအမာဆူးခြောင့်နှင့်တူ၏။ နေဝသညာနာသညာယတနသမာပတ်ကား မွန်မြတ်လှပေ၏' ဟု အာကိဉ္စညာယတနစျာန်ကို အပြစ်ရှုလျက် နေဝသညာနာသညာယတနစျာန်ကို မွန်မြတ်သည်ဟု ယုံကြည်ပြီးလျှင် နတ္ထိဘာဝပညတ်ကို အာရုံမပြုတော့ဘဲ တတိယာရုပ္ပဝိညာဏ်ကို အာရုံပြု၍ 'သန္တံ ဧတံ, ပဏီတံ ဧတံ = ဤတတိယာရုပ္ပစျာန်သည် မရှိခြင်းကိုပင် အာရုံပြုသည့်အတွက် ငြိမ်သက်ပါပေစွ၊ မရှိခြင်းကိုပင် အာရုံပြုတတ်သည့်အတွက် မွန်မြတ်ပါပေစွ' ဟု ပရိကမ်ပြုရ၏။ အဖန်ဖန်ပွားများ၍ တတိယာရုပ္ပစျာန်၌ နိကန္တိတဏှာကင်းကွာသောအခါ ဥပစာရဘာဝနာသို့ ရောက်၏။ ထို့နောက် ဆက်၍အားထုတ်လျှင် စတုတ္ထာရုပ္ပဟု ခေါ်သော နေဝသညာနာသညာယတနစျာန် အပ္ပနာဘာဝနာသို့ ရောက်၏။

## အဘိညာဉ်ခန်း

အလွန်အကျူး အထူးသိတတ်သော ရူပပဉ္စမစျာန်နှင့်ယှဉ်သည့် ဉာဏ်ကို 'အဘိညာ' ဟု ခေါ်၏။ ထိုဉာဏ်နှင့်ယှဉ်သော ပဉ္စမစျာန်စိတ်ကိုလည်း သဟာစရဏ (တကွဖြစ်ဖက်) နည်းအရ 'အဘိညာ' ဟုပင် ခေါ်နိုင်၏။

ရူပပဉ္စမစျာန်ကို အခြေခံ၍ အဘိညာဉ်ရရန် အားထုတ်နိုင်၏။

## အဘိညာဉ်ခုနစ်ပါးကား

၁။ **ဣဒ္ဓိဝိဓအဘိညာဉ်** = တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော အဘိညာဉ်။

http://www.dhammadownload.com



၂။ **ဒိဗ္ဗစက္ခုအဘိညာဉ်** = နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း, သေးသော အဆင်း, ဖုံးကွယ်နေသောအဆင်းတို့ကို မြင်သိနိုင်သော အဘိညာဉ်။

၃။ **ဒိဗ္ဗသောတအဘိညာဉ်** = နတ်နားကဲ့သို့ ဝေးသောအသံ, မထင်ရှားသည့် အသံတို့ကို ကြားနိုင်သော အဘိညာဉ်။

၄။ **ပရစိတ္တဝိဇာနနအဘိညာဉ်** = သူတစ်ပါး၏ စိတ်အကြံကို သိနိုင်သော အဘိညာဉ်။

၅။ **ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်** = ရှေးရှေးဘဝများ၌ ဖြစ်ခဲ့သမျှသော အကြောင်းအရာတို့ကို ပြန်ပြောင်း၍အောက်မေ့နိုင်သည့် အဘိညာဉ်။

အဘိညာဉ်ခုနစ်ပါးကို ရေတွက်ပုံမှာ အထက်ပါ အဘိညာဉ်ငါးပါးတွင် အောက်ပါအဘိညာဉ်နှစ်ပါးကို ပေါင်းထည့်ရ၏။

၆။ **ယထာကမ္မူပဂအဘိညာဉ်** = ကံအားလျော်စွာ ထိုထိုဘုံများ၌ ဖြစ်ကြရသော သတ္တဝါများကို မြင်နိုင်သည့်အဘိညာဉ်။

၇။ **အနာဂတံသအဘိညာဉ်** = နောင်အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော အကြောင်းအရာများကို သိမြင်နိုင်သည့် အဘိညာဉ်။

'အဘိညာဉ်ငါးပါး'ကို ရေတွက်ရာ၌ ယထာကမ္မူပဂနှင့် အနာဂတံသအဘိညာဉ် နှစ်ပါးကို ဒိဗ္ဗစက္ခုနှင့်မကင်းသောကြောင့် ဒိဗ္ဗစက္ခု၌ သွင်းယူရာ၏။

'အဘိညာဉ်ခြောက်ပါး'ဟု ရေတွက်သည့်အခါ၌ အထက်ပါအဘိညာဉ်ငါးပါး တွင် အာသဝက္ခယအဘိညာဉ်ကို ထည့်ပေါင်းရ၏။

**အာသဝက္ခယအဘိညာဉ်** = အာသဝေါတရားလေးပါးတို့ကို ကုန်ခန်းစေနိုင် သော အရဟတ္တမဂ်ဉာဏ်။

အာသဝက္ခယအဘိညာဉ်သည် လောကုတ္တရာအဘိညာဉ်ဖြစ်၏။ ကျန်အဘိညာဉ် အားလုံးမှာ လောကီအဘိညာဉ်များ ဖြစ်ကြ၏။

## ဝိပဿနာကမ္မဋ္ဌာန်း

ဝိပဿနာကမ္မဋ္ဌာန်းဝယ် သိမှတ်ဖွယ်သောအကြောင်းအရာများမှာ ဝိသုဒ္ဓိခုနစ် ပါး, လက္ခဏာသုံးပါး, အနုပဿနာသုံးပါး, ဝိပဿနာဉာဏ် ၁၀ ပါး, ဝိမောက္ခ သုံး ပါး, ဝိမောက္ခမုခ သုံးပါးဟူ၍ ခြောက်မျိုးတို့တည်း။

## ဝိသုဒ္ဓိခုနစ်ပါး

ဝိသုဒ္ဓိ = ဝိ + သုဒ္ဓိ = အထူး = စင်ကြယ်သည်။

အထူးစင်ကြယ်သော တရားခုနစ်ပါးတို့ကို ဝိသုဒ္ဓိခုနစ်ပါးဟု ခေါ်၏။

http://www.dhammadownload.com



၁။ **သီလဝိသုဒ္ဓိ** = သီလ၏ စင်ကြယ်ခြင်း။ ငါးပါး, ရှစ်ပါး, ၁၀ ပါးစသော သီလကို မကျိုးမပေါက်အောင် စောင့်ထိန်းနိုင်လျှင် သီလစင်ကြယ်၏။ ရဟန်းများ၌ စတုပါရိသုဒ္ဓိသီလ လုံခြုံမှ သီလဝိသုဒ္ဓိဖြစ်၏။

၂။ **စိတ္တဝိသုဒ္ဓိ** = ကာမစ္ဆန္ဒနီဝရဏစသော အညစ်အကြေးတို့မှ စိတ်၏ စင်ကြယ်ခြင်း။ ဥပစာရဘာဝနာသို့ရောက်လျှင် နီဝရဏတို့မှ စင်ကြယ်ပြီး ဖြစ်၍ စိတ္တဝိသုဒ္ဓိဖြစ်၏။ အပ္ပနာဘာဝနာသို့ရောက်လျှင်မူ ပြောဖွယ်ရာ မရှိပြီ။

၃။ **ဒိဋ္ဌိဝိသုဒ္ဓိ** = နာမ်ရုပ်တို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် ဆင်ခြင်သဖြင့် အတ္တဟု စွဲလမ်းသော မိစ္ဆာအယူမှ စင်ကြယ်ခြင်း။

၄။ **ကင်္ခါဝိတရဏဝိသုဒ္ဓိ** = 'ငါသည် ရှေးကဖြစ်မှုဖြစ်ခဲ့ဖူးလေသလား။ အလုံးစုံကို သိမြင်နိုင်သော ဘုရားရှင်ဟူသည် ရှိမှရှိနိုင်ပါ့မလား' စသော ယုံမှားသံသယတို့မှ လွတ်မြောက်ကြောင်းဖြစ်သည့် ဉာဏ်။ ဤဉာဏ်မျိုးဖြစ်ပေါ်ရန် ကံ, စိတ်, ဥတု, အာဟာရစသော အကြောင်းတရားတို့ကြောင့် ရုပ်နာမ်များ ဖြစ်ပေါ်ပုံကို ပိုင်းခြား၍ဆင်ခြင်ရ၏။

၅။ **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ** = လမ်းမှန်နှင့် လမ်းမှားတို့ကို ပိုင်းခြား၍ ထင်ရှားစွာ သိမြင်တတ်သောဉာဏ်။ ဝိပဿနာရှုပွားသဖြင့် ကိုယ်ရောင်ကိုယ်ဝါစသည်တို့ ဖြစ်ပေါ်လာသည့်အခါ 'ကိုယ်ရောင်ကိုယ်ဝါစသည်တို့ကို နှစ်သက်နေမှုသည် မဂ်ဖိုလ်ရရန် လမ်းမှန်မဟုတ်။ ထိုကိုယ်ရောင်ကိုယ်ဝါစသည်ကို မနှစ်သက်မစွဲလမ်းဘဲ ဝိပဿနာကို ဆက်လက်ပြီးအားထုတ်မှုသည်သာ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်သည်' ဟု သိမြင်တတ်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

၆။ **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** = မဂ်ဖိုလ်သို့ရောက်ကြောင်းဖြစ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း။

၇။ **ဉာဏဒဿနဝိသုဒ္ဓိ** = နိဗ္ဗာန်ကို သိမြင်တတ်သော မဂ်ဉာဏ်လေးပါး။

**လက္ခဏာသုံးပါး**

သင်္ခါရတရားတို့၏ အမှတ်အသားကို 'လက္ခဏာ' ဟု ခေါ်၏။

၁။ **အနိစ္စလက္ခဏာ**။ ။ မမြဲသော ရုပ်နာမ်သင်္ခါရတရားတို့ကို အနိစ္စဟု ခေါ်၏။ ထိုမမြဲသောသင်္ခတတရားတို့၏ အမှတ်အသားသည် အနိစ္စလက္ခဏာ မည်၏။ ရုပ်နာမ်တရားတို့၏ ဖောက်ပြန်ပျက်စီးတတ်ခြင်းသဘောသည် အနိစ္စလက္ခဏာဖြစ်၏။

http://www.dhammadownload.com



၂။ **ဒုက္ခလက္ခဏာ။** ။ ရုပ်နာမ်တရားတို့၏ အဆက်မပြတ်ဖြစ်ပျက်ပြောင်းလဲခြင်း, ပျက်စီးကုန်ဆုံးခြင်းတို့ဖြင့် နှိပ်စက်ညှဉ်းပန်းနေသောတရားတို့သည် ဒုက္ခဖြစ်၏။ ထိုတရားတို့၏နှိပ်စက်ညှဉ်းပန်းမှုကြောင့် ဆင်းရဲပင်ပန်းသည့် အမှတ်အသားကို ဒုက္ခလက္ခဏာဟုခေါ်၏။ ရုပ်နာမ်တို့၏ အဖြစ်အပျက်ဒဏ်ကို အစဉ်မပြတ် ခံနေရခြင်းသဘောသည် ဒုက္ခလက္ခဏာဖြစ်၏။

၃။ **အနတ္တလက္ခဏာ။** ။ သာသနာပဖြစ်သော တိတ္ထိတို့သည် ခန္ဓာကိုယ်တွင်း၌ အသက်ကောင် (ဝါ) ဝိညာဉ်ကောင် (ဝါ) အတ္တရှိသည်ဟု ယူဆကြ၏။ မျက်စိ, နား, နှာ, ခြေလက်အင်္ဂါတို့နှင့်တကွ ခန္ဓာကိုယ်တစ်ခုလုံးသည် အတ္တ၏ တည်နေရာအိမ်ကြီးဖြစ်သည်ဟု ယူဆကြ၏။ အတ္တသည် ထိုခန္ဓာအိမ်၌ တည်လျက် အမျိုးမျိုးသောအမှုကိုပြု၏။ ရှေးကပြုလုပ်ခဲ့သော ကောင်းမှုမကောင်းမှု၏အကျိုးကို ခံစား၏။ ယခုဘဝ၌ပြုလုပ်အားထုတ်အပ်သော ဝိရိယအကျိုးကိုလည်း ခံစား၏။ ဤခန္ဓာပျက်စီးကြွေသည့်အခါ အတ္တသည် ခန္ဓာအသစ်သို့ ပြောင်း၍တည်၏။ အတ္တသည် ပျက်စီးခြင်းမရှိဘဲ အစဉ်အမြဲတည်သည်ဟု ယူဆကြ၏။

ဤခန္ဓာကိုယ်ကို ခွဲခြမ်းစိတ်ဖြာလိုက်သည့်အခါ ရုပ်အစု, ဝေဒနာအစု, သညာအစု, သင်္ခါရအစု, ဝိညာဏ်အစုဟူ၍ ခန္ဓာငါးပါးတို့သာ ရှိ၏။ အတ္တကိုကား မတွေ့ရချေ။

ခန္ဓာငါးပါးသည် အတ္တမဟုတ်ကြသဖြင့် အနတ္တတရားများ ဖြစ်ကြ၏။ ရုပ်နာမ်ခန္ဓာတို့မှတစ်ပါး နိဗ္ဗာန်နှင့် ပညတ်တရားတို့၌လည်း အတ္တကို မတွေ့ရချေ။ သို့ဖြစ်၍ သင်္ခတနှင့် အသင်္ခတတရားဟူသမျှသည် အနတ္တချည်းဖြစ်ကြ၏။ ထို့ကြောင့် 'သဗ္ဗေ ဓမ္မာအနတ္တာ'ဟု မြတ်ဘုရားဟောကြားတော်မူ၏။

သင်္ခါရတရားအားလုံးမှာ အနိစ္စ, ဒုက္ခဖြစ်ကြသဖြင့် 'သဗ္ဗေသင်္ခါရာ အနိစ္စာ, သဗ္ဗေသင်္ခါရာ ဒုက္ခာ'ဟု ဗုဒ္ဓဟောတော်မူ၏။

ရုပ်နာမ်တရားတို့ကို ဉာဏ်ဖြင့် ဝေဖန်ဆန်းစစ်ကြည့်လျှင် ခိုင်မြဲသောအနှစ်သာရကို မတွေ့ရ။ ပုဂ္ဂိုလ်တစ်ဦးစီ၏ အလိုသို့ လိုက်ပါစေရန်လည်း ပြုလုပ်၍မရ။ ရုပ်နာမ်တို့ကလည်း မည်သူ့အလိုကိုမျှ မလိုက်နာကြ။ အကြောင်းအားလျော်စွာဖြစ်ပြီး ချက်ချင်းပင် ချုပ်ပျက်ကြလေ၏။

ဤသို့ အနှစ်သာရမဟုတ်ခြင်း, အလိုသို့မလိုက်ပါစေနိုင်ခြင်း, ဖြစ်မြဲဓမ္မတာအတိုင်း ဖြစ်ပျက်သွားခြင်းဟူသော အခြင်းအရာအမှတ်အသားတို့သည် အနတ္တလက္ခဏာများ ဖြစ်ကြ၏။

http://www.dhammadownload.com



အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ဖြင့် ချိန်ထိုးစိစစ်ကြည့်လျှင် ရုပ်နာမ်တရားအလုံးစုံသည် သင်္ခတတရား, သင်္ခါရတရားများဖြစ်ကြောင်း ပေါ်လွင် ထင်ရှားလာပေတော့၏။

### အနုပဿနာသုံးပါး

အနုပဿနာ = အနု + ပဿနာ = အဖန်ဖန် + ရှုတတ်သောဉာဏ်။

သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု အဖန်ဖန်ရှုတတ်သော ဉာဏ်ကို 'အနုပဿနာ' ဟု ခေါ်၏။

၁။ **အနိစ္စာနုပဿနာ** = ရုပ်နာမ်တို့ကို အနိစ္စတည်းဟု အဖန်ဖန်ရှုတတ်သော ဉာဏ်။

၂။ **ဒုက္ခာနုပဿနာ** = ရုပ်နာမ်တို့ကို ဒုက္ခတည်းဟု အဖန်ဖန်ရှုတတ်သော ဉာဏ်။

၃။ **အနတ္တာနုပဿနာ** = ရုပ်နာမ်တို့ကို အနတ္တတည်းဟု အဖန်ဖန် ရှုတတ်သော ဉာဏ်။

### ဝိပဿနာဉာဏ် ၁၀ ပါး

အထက်က အနုပဿနာဉာဏ်ကိုပင် ဝိပဿနာဉာဏ်အဖြစ်ဖြင့် ၁၀ ပါး ခွဲခြား၏။

၁။ **သမ္မသနဉာဏ်** = ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့ဖြင့် ဆင်ခြင်သုံးသပ်တတ်သော ဉာဏ်။

၂။ **ဥဒယဗ္ဗယဉာဏ်** = ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို ရှုသိသောဉာဏ်။

၃။ **ဘင်္ဂဉာဏ်** = ရုပ်နာမ်တို့၏ ပျက်ခြင်းသဘောကိုသာ ရှုသိသောဉာဏ်။

၄။ **ဘယဉာဏ်** = ရုပ်နာမ်သင်္ခါရတို့သည် ကြောက်မက်ဖွယ်ရာ ဘေးဆိုးကြီး ပါတကားဟု မြင်သိသောဉာဏ်။

၅။ **အာဒီနဝဉာဏ်** = ရုပ်နာမ်တရားတို့၏ အပြစ်ကို မြင်သိသောဉာဏ်။

၆။ **နိဗ္ဗိဒါဉာဏ်** = ရုပ်နာမ်တရားတို့ကို ငြီးငွေ့ဖွယ်အဖြစ် ရှုမြင်သည့်ဉာဏ်။

၇။ **မုစ္စိတုကမျတာဉာဏ်** = ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်ရန် အလိုရှိသောဉာဏ်။

၈။ **ပဋိသင်္ခါဉာဏ်** = ရုပ်နာမ်အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းအကြောင်း၏ ပြည့်စုံခြင်းအကျိုးငှာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တစ်ဖန်သိမ်းဆည်းသော ဉာဏ်။

၉။ **သင်္ခါရုပေက္ခာဉာဏ်** = ခန္ဓာငါးပါးသင်္ခါရတရားတို့၌ ကြောက်လန့်ခြင်း နှစ်သက်ခြင်း မဖြစ်ဘဲ လျစ်လျူရှုတတ်သောဉာဏ်။

http://www.dhammadownload.com



၁၀။ **အနုလောမဉာဏ်** = အောက်ဝိပဿနာဉာဏ်ကိုးပါးတို့အားလည်းကောင်း၊ အထက်ဖြစ်သော ဗောဓိပက္ခိယတရား ၃၇ ပါးတို့အားလည်းကောင်း လျော်စွာဖြစ်တတ်သော ဉာဏ် (ဝါ) မဂ်ဖြစ်ခြင်းငှာ လျော်သောဉာဏ်။

**ဝိမောက္ခသုံးပါး**

ကိလေသာတို့မှလွတ်မြောက်သော မဂ်ဖိုလ်တရားကို 'ဝိမောက္ခ' ဟုခေါ်၏။

၁။ **သုညတဝိမောက္ခ** = ခန္ဓာငါးပါးရုပ်နာမ်တရားတို့၌ 'အတ္တ' ခေါ် 'ငါ- သူ' ဟု စွဲလမ်းစရာအသက်ကောင်မရှိကြောင်းကို အနတ္တာနုပဿနာဉာဏ်ဖြင့် မြင်သိ၍ ကိလေသာမှလွတ်မြောက်သော မဂ်ဖိုလ်။

၂။ **အနိမိတ္တဝိမောက္ခ** = ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ 'နိမိတ္တ' ခေါ် ပုံသဏ္ဌာန်မရှိကြောင်းကို အနိစ္စာနုပဿနာဉာဏ်ဖြင့် မြင်သိ၍ ကိလေသာမှ လွတ်မြောက်သော မဂ်ဖိုလ်။

၃။ **အပ္ပဏိဟိတဝိမောက္ခ** = ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ 'တဏှာပဏိဓိ' ခေါ် တောင့်တတတ်သော တဏှာဖြင့် တောင့်တလိုချင်အပ်သော ချမ်းသာသုခမရှိကြောင်းကို ဒုက္ခာနုပဿနာဉာဏ်ဖြင့်မြင်သိ၍ ကိလေသာမှ လွတ်မြောက်သော မဂ်ဖိုလ်။

**ဝိမောက္ခမုခ သုံးပါး**

မဂ်ဖိုလ်တရားတည်းဟူသော ဝိမောက္ခသို့ ဝင်ရောက်ဖို့ရာ တံခါးပေါက်နှင့် အလားတူသည့် 'မဂ်ဖိုလ်အဝင်ဝ' ဖြစ်သောဝိပဿနာတရားကို ဝိမောက္ခမုခဟုခေါ်၏။

၁။ **အနတ္တာနုပဿနာ** = သုညတာနုပဿနာ
= အတ္တမှကင်းဆိတ်၏ဟု ရှုတတ်သောဉာဏ်။

ပုထုဇဉ်တို့သည် ခန္ဓာကိုယ်တွင်း၌ မပျက်မစီးအမြဲတည်သော 'အတ္တ' ရှိ၏ဟု ထင်မှတ်မိကြ၏။ ထိုအတ္တသည် အမှုကိစ္စအမျိုးမျိုးကို ပြုလုပ်ဖို့ရန် စီမံတတ်၏၊ ကောင်း မကောင်းကို ခံစားတတ်၏ဟုလည်း မှတ်ယူထားကြ၏။

ခန္ဓာကိုယ်တစ်ခုလုံး (ရုပ်နာမ်အားလုံး) ၌ ကြောင်းကျိုးစုံလင်အောင် မွှေနှောက်၍ အတ္တရှိမရှိကို အနတ္တာနုပဿနာဖြင့် စေ့စေ့စပ်စပ်ရှုမှတ်သောအခါ ဘာမျှမရှိ၊ သုညချည်းဖြစ်သည်ကို မြင်သိလာ၏။ ဤသို့လျှင် အနတ္တာနုပဿနာဉာဏ်သည် အတ္တကင်းစင်၍ အနတ္တထင်လာအောင် ရှုမြင်နိုင်သောကြောင့် 'သုညတာနုပဿနာ' ဟူသည့် အမည်ကို ရလျက် ဝိမောက္ခသို့ ဝင်ရာအဝတစ်မျိုးဖြစ်လေ၏။

၂။ **အနိစ္စာနုပဿနာ** = အနိမိတ္တာနုပဿနာ
= ပုံသဏ္ဌာန်မရှိဟု ရှုတတ်သောဉာဏ်။

http://www.dhammadownload.com



ပုထုဇဉ်တို့သည် ရုပ်နာမ်အပေါင်းကို တစ်လုံးတစ်ခဲတည်း စုတွဲနေပြန် ပုံသဏ္ဌာန် အဖြစ် ထင်မြင်နေကြ၏။ ထိုသို့ မဟုတ်မမှန် ထင်မှားအပ်သော ပုံသဏ္ဌာန်ကို 'ဝိပလ္လာသ နိမိတ္တ' ဟု ခေါ်၏။

အနိစ္စာနုပဿနာဖြင့် ရုပ်နာမ်ခန္ဓာ၏ ပုံသဏ္ဌာန်ရှိမရှိကို စေ့စေ့စပ်စပ် ရှုမှတ်သည့်အခါ ယခုဖြစ်၍ ယခုပျက်သည့် မမြဲသောသဘောကိုသာ မြင်တွေ့ရ၏။ ပုံသဏ္ဌာန် ဖြစ်လောက်အောင် ကြာရှည်စွာ စုပေါင်းထွေခဲပြီး တည်နေသည်ကို မမြင်ရချေ။ ဤသို့လျှင် အနိစ္စာနုပဿနာသည် ဝိပလ္လာသနိမိတ်ကို စွန့်လွှတ်နိုင်သောကြောင့် 'အနိမိတ္တာ နုပဿနာ' ဟူသည့်အမည်ကို ရလျက် ဝိမောက္ခသို့ဝင်ရာ အဝတစ်မျိုး ဖြစ်လေ၏။

၃။ ဒုက္ခာနုပဿနာ = အပ္ပဏိဟိတာနုပဿနာ
= တောင့်တဖွယ်သုခမရှိဟု ရှုတတ်သောဉာဏ်။

ပုထုဇဉ်တို့သည် ရုပ်နာမ်ခန္ဓာအစု၌ 'ချမ်းသာဖွယ်ရာ' ဟု တဏှာပဏိဓိဟူသည့် တောင့်တတတ်သောတဏှာဖြင့် ထင်မြင်မိကြ၏။ ဒုက္ခာနုပဿနာသည် ရုပ်နာမ်ဟူ သမျှ၌ တကယ်ချမ်းသာသည့်အရာ ရှိမရှိကို မိမိရရ စေ့စေ့ငငရှုမှတ်လေရာ ချမ်းသာ ဖွယ်ရာကို မမြင်တွေ့ဘဲ ဆင်းရဲဖွယ်ချည်းကိုသာ မြင်တွေ့ရ၏။

ထို့ကြောင့် ဒုက္ခာနုပဿနာသည် တဏှာပဏိဓိကိုပယ်ခွာ၍ 'အပ္ပဏိဟိတာ နုပဿနာ' ဟူသော အမည်ထူးကို ရလျက် ဝိမောက္ခသို့ဝင်ရာ အဝတစ်မျိုးဖြစ်လေ၏။

ဗုဒ္ဓကျင့်စဉ်၏ အနှစ်သာရ

ဗုဒ္ဓလမ်းစဉ်၏ အနှစ်သာရသည် ကိလေသာပယ်သတ်ရေးဖြစ်၏။ ကိလေသာ များကို အကြွင်းအကျန်မရှိ ပယ်သတ်နိုင်လျှင် ဝဋ်ဆင်းရဲအပေါင်းမှ ထွက်မြောက်၍ သန္တိသုခဟူသည့် နိဗ္ဗာန်ချမ်းသာကို ရရှိခံစားနိုင်မည်ဖြစ်၏။

ကိလေသာပယ်သတ်ရေးလမ်းစဉ်တွင် အဆင့်သုံးဆင့်ရှိသည်။

ပဌမအဆင့်၌ ဒွါရ ဂိတ်များကို ကိုယ်ထိလက်ရောက်ကျူးလွန်စေတတ်သော **ဝီတိက္ကမကိလေသာ** ခေါ် ရန့်ရင်းကြမ်းတမ်းသည့်ကိလေသာများကို **သီလဖြင့်** ဖိနှိပ် ထိန်းသိမ်းထားရန်ဖြစ်၏။ သီလလုံခြုံသူသည် ကာယဒွါရ ဂိတ်သုံးပါးနှင့် ဝစီဒွါရဂိတ် လေးပါးတို့ကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်နိုင်သဖြင့် ကိုယ်မှုနှုတ်မှု စင်ကြယ်သန့်ရှင်း နေလိမ့်မည်။

ဒုတိယအဆင့်၌ ငြိမ်ဝပ်ငုပ်လျှိုးနေသည့် အခြေအနေမှ ထကြွနိုးကြားလာသည့် **ပရိယုဋ္ဌာနကိလေသာများကို သမာဓိဖြင့်** ချိုးနှိမ်ထိန်းကွပ်ထားရန်ဖြစ်သည်။ သမာဓိ ဖြင့် ကောင်းမြတ်သောအာရုံတစ်ခု၌ စိတ်ကိုစုစည်းထားနိုင်သူသည် ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ စသည့် နီဝရဏတရားများကို ပယ်ရှားထားနိုင်သဖြင့် စိတ်ကြည်လင် သန့်ရှင်းနေလိမ့်မည်။

http://www.dhammadownload.com



တတိယအဆင့်၌ကား အလွန်ထက်မြက်သည့် မဂ်ပညာဖြင့် ငြိမ်ဝပ်ငုပ်လျှိုးနေသော အနုသယကိလေသာများကို အမြစ်ပါ မကျန်ကြွင်းရအောင် တူးဖြိုပယ်သတ်ရန် ဖြစ်၏။ စိတ်တည်ကြည်သောသူသည် ထိုးထွင်း၍ သိမြင်နိုင်၏ဟု ဗုဒ္ဓမြွက်ကြားထားသည်နှင့်အညီ သမာဓိထူထောင်ပြီးနောက် ရုပ်နာမ်ခန္ဓာငါးပါးကို စူးစိုက်၍ ရှုမှတ်မှုသာလျှင် ရုပ်နာမ်တို့၏သဘောမှန်ဖြစ်သည့် ဒုက္ခ, အနိစ္စ, အနတ္တလက္ခဏာတို့ကို ထင်ထင်ရှားရှားသိမြင်နိုင်သော မဂ်ပညာဖြစ်ပေါ်လာနိုင်သည်။

သို့ဖြစ်၍ ဗုဒ္ဓညွှန်ပြထားသော ကိလေသာပယ်သတ်ရေးလမ်းစဉ်သည် အလွန်စနစ်ကျသည့် သီလ, သမာဓိ, ပညာလမ်းစဉ်ဖြစ်၏။ ဤလမ်းစဉ်သည်ကား အရိယမဂ္ဂင်ရှစ်ပါးဟု ခေါ်ဆိုအပ်သော မဇ္ဈိမပဋိပဒါလမ်းစဉ်ပင်တည်း။

### ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်အဆင့်ဆင့်ဖြစ်ပေါ်ပုံ

အရိယမဂ္ဂင်ရှစ်ပါးဟူသော မဇ္ဈိမပဋိပဒါလမ်းစဉ်သည် မဟာသတိပဋ္ဌာနသုတ်တွင် ဗုဒ္ဓညွှန်ပြထားသည့် သတိပဋ္ဌာန်လေးပါးလမ်းစဉ်ပင်ဖြစ်၏။ သတိပဋ္ဌာန်လေးပါးနှင့်အညီ ရုပ်နာမ်အာရုံ၌ ဝိပဿနာဘာဝနာရှုမှတ်ပွားများသူသည် ဝိသုဒ္ဓိအဆင့်ဆင့်, ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်ဖြစ်ပေါ်ပြီးလျှင် နောက်ဆုံးပန်းတိုင်ဖြစ်သည့် မဂ်လေးပါး, ဖိုလ်လေးပါးနှင့် နိဗ္ဗာန်တရားတော်မြတ်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားပေမည်။

**သီလဝိသုဒ္ဓိ = သီလ၏စင်ကြယ်ခြင်း**

လူပုဂ္ဂိုလ်ဖြစ်လျှင် ယုတ်စွအဆုံး ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းရမည်။ သို့တည်းမဟုတ် ရှစ်ပါးသီလ, ကိုးပါးသီလ, ၁၀ ပါးသီလ တစ်မျိုးမျိုးကို စောင့်ထိန်းရမည်။ မိမိစောင့်ထိန်းထားသည့် သီလသည် မကျိုးမပေါက် မပြောက်မကျားခဲ့သော် သီလဝိသုဒ္ဓိဖြစ်သည်ဟု မှတ်ယူနိုင်၏။

ရဟန်းတော်များ၌ စတုပါရိသုဒ္ဓိသီလဟူသော သီလလေးမျိုးကို ထက်ဝန်းကျင်စင်ကြယ်အောင် စောင့်ထိန်းမှသာလျှင် သီလဝိသုဒ္ဓိဖြစ်၏။ ထိုသီလလေးမျိုးကား...

(၁) **ပါတိမောက္ခသံဝရသီလ**။ ။ 'ဒွေမာတိကာ'ဟု ခေါ်ဆိုအပ်သော ပါတိမောက်ကိုလည်းကောင်း၊ ဝိနည်းပါဠိတော်၌ ပညတ်ထားအပ်သည့် သိက္ခာပုဒ်သီလအလုံးစုံကိုလည်းကောင်း စောင့်စည်းထိန်းသိမ်းခြင်းသည် 'ပါတိမောက္ခသံဝရသီလ' မည်၏။

(၂) **ဣန္ဒြိယသံဝရသီလ**။ ။ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေတည်းဟူသော ဣန္ဒြေခြောက်ပါး၌ အကုသိုလ်မဖြစ်အောင် စောင့်စည်းခြင်းသည် 'ဣန္ဒြိယသံဝရသီလ'မည်၏။ ရူပါရုံ, သဒ္ဒါရုံ စသည့် အာရုံခြောက်ပါး

http://www.dhammadownload.com



တို့နှင့် ဆုံတွေ့သည့်အခါ စက္ခု, သောတ စသော ခြောက်ဒွါရ၌ လောဘ, ဒေါသ စသည်တို့ မဖြစ်ပေါ်အောင် စောင့်ထိန်းခြင်းတည်း။

(၃) **အာဇီဝပါရိသုဒ္ဓိသီလ။** ။ ဤသီလသည် အသက်မွေးမှုသန့်ရှင်းစင်ကြယ်အောင် စောင့်စည်းရသောသီလဖြစ်၏။ ဒကာ, ဒကာမတို့ လျှုဒါန်းချင်လာအောင် သစ်သီးပေးမှု, ပန်းပေးမှု, ချော့မော့ဖြားယောင်းမှု, ဂုဏ်ထူးမရှိဘဲ ရှိသယောင် ဟန်ဆောင်မှု စသည်တို့ကို ရှောင်ကြဉ်၍ စင်ကြယ်စွာရအပ်သည့် ပစ္စည်းလေးပါးကိုသာ ခံယူသုံးစွဲလျှင် ဤသီလ လုံခြုံ၏။

(၄) **ပစ္စယသန္နိဿိတသီလ။** ။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး တည်းဟူသော ပစ္စည်းလေးပါး၌မှီ၍ဖြစ်သည့် သီလကို 'ပစ္စယသန္နိဿိတသီလ' ဟု ခေါ်၏။ ပစ္စည်းလေးပါးတို့ကို သုံးစွဲရသဖြင့် ရရှိသောအကျိုးကျေးဇူးများကို အောက်ပါအတိုင်း ဆင်ခြင်၍ သုံးစွဲလျှင် ဤသီလ လုံခြုံ၏။

'အသက်ရှည်ကြာ၊ ဘေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊ မျှော်ထောက်တွေး၍၊ ဤဆေးဤဆွမ်း၊ ဤသင်္ကန်းနှင့်၊ ရှင်လန်းဖွယ်ကောင်း၊ ဤစံကျောင်းကို၊ မှီအောင်သုံးစွဲပါသတည်း'။

**၂။ စိတ္တဝိသုဒ္ဓိ = အသိအမြင်စင်ကြယ်ခြင်း**

သမထဘာဝနာကို ပွားများအားထုတ်သဖြင့် 'ဥပစာရသမာဓိ, အပ္ပနာသမာဓိ' တို့ကို ရရှိသည့်အခါ နီဝရဏကိလေသာအညစ်အကြေးတို့သည် အနည်ကျကြကုန်၏။ ထိုအခါ စိတ်အစဉ်သည် အလွန်ကြည်လင်သန့်ရှင်းသဖြင့် 'စိတ္တဝိသုဒ္ဓိ' အဆင့်သို့ ရောက်၏။

ဝိပဿနာအားထုတ်မှု၌ ဖြစ်ပေါ်သော ခဏိကသမာဓိသည် ဥပစာရသမာဓိနှင့် ဆင်တူ၏။

**၃။ ဒိဋ္ဌိဝိသုဒ္ဓိ = အသိအမြင်စင်ကြယ်ခြင်း**

စိတ်စေတသိက်ဟူသော နာမ်တရား, နိပ္ဖန္နရုပ် ၁၈ ပါးတည်းဟူသော ရုပ်တရား၊ ဤနာမ်နှင့်ရုပ်တို့အပေါ်၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တင်၍ အထပ်ထပ် ဆင်ခြင်သောအခါ 'သိမှုသည် စိတ်၊ ခံစားမှုသည် ဝေဒနာ၊ မှတ်သားမှုသည် သညာ၊ ပြုလုပ်အားထုတ်မှုသည် သင်္ခါရ၊ ဖောက်ပြန်တတ်သော ခန္ဓာကိုယ်သည် ရုပ်တည်း။ ဤရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့မှတစ်ပါး အတ္တဟူသည့် အသက်ကောင်, လိပ်ပြာကောင်ဟူ၍ မရှိပြီ' ဟု သိမြင်လာ၏။

ဤသို့ သိမြင်ခြင်းသည် အတ္တစွဲလမ်းမှုဟူသော အညစ်အကြေးမှကင်းဝေး စင်ကြယ်သည့်ဉာဏ်ပင်တည်း။ ဤဉာဏ်ကိုပင် ဒိဋ္ဌိဝိသုဒ္ဓိဟု မှတ်ယူရ၏။

http://www.dhammadownload.com



ဤတွင် ပရမတ္ထတရားတို့၏သဘောသည် မှတ်ကြောင်းလက္ခဏာဖြစ်၏။ ပရမတ္ထ တရားတို့၏ပြုခြင်းကိစ္စ, ပြည့်စုံခြင်း သမ္ပတ္တိတို့သည် ရသမည်၏။ ထိုပြုခြင်းကိစ္စကြောင့် ဖြစ်ပေါ်ပြီးစီးသော အကျိုး(ဝါ) စိတ်၌ ထင်မြင်လာသော အခြင်းအရာကို ပစ္စုပဋ္ဌာန်ဟု ခေါ်၏။

**အကျဉ်းချုပ်ဆင်ခြင်ပုံမှာ** ထိုထိုအာရုံကိုသိမှုသည် ဝိညာဏက္ခန္ဓာတည်း။ ကိုယ်, နှုတ်, စိတ်တို့ဖြင့် ပြုလုပ်မှု, ပြောဆိုမှု, ကြံစည်မှုများကား သင်္ခါရက္ခန္ဓာတည်း။ ထိုထိုအာရုံကို မှတ်သားမှုကား သညာက္ခန္ဓာတည်း။ ကောင်းကောင်းဆိုးဆိုး ဝေဒနာအမျိုးမျိုးကို ခံစားမှုကား ဝေဒနာက္ခန္ဓာတည်း။ ဤကိုယ်ခန္ဓာသည် ဖောက်ပြန်ပျက်စီးတတ်သည့် သဘောရှိသောရုပ်တည်း။ ဝင်ရိုး, လှည်းဘီး, လှည်းအိမ် စသည်တို့ ပေါင်းစုထားသော အဆောက်အအုံကို ယာဉ်ရထားဟုခေါ်ဆိုသကဲ့သို့ ခန္ဓာငါးပါးတို့၏ အပေါင်းအစုကို သတ္တဝါဟု ခေါ်ဆိုရ၏။ စင်စစ်တွင်ကား 'ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, အတ္တ' စသည်တို့ မရှိကြချေ။

အရုပ်နှင့်ကြိုး တွဲစပ်မိပြီး ကြိုးဆွဲရာ အရုပ်က လှုပ်ရှားကခုန် ဗျာပါရ၏ရှိပုံကို မြင်ရသကဲ့သို့ ထိုအတူ အတ္တမဖက် အသက်မှကင်းဆိတ်သော နာမ်ရုပ်နှစ်ဖြာ ငါးခန္ဓာသည် အချင်းချင်းပေါင်းစပ်မိသည်ရှိသော် သွား, ရပ်, ထိုင်, လျောင်း လိုရာပြောင်းလျက် အကြောင်းအားလျော်စွာ ဗျာပါရရှိနေပုံကို မြင်တွေ့ကြရ၏။ 'ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ' စသည်တို့ကား ထင်မြင်စွဲလမ်းမှုများသာဖြစ်၍ တကယ်စင်စစ်တည်ရှိကြသောအရာများ မဟုတ်ကြချေ။

ဤသို့ဆင်ခြင်ဖန်များလျှင် သတ္တဝါမရှိ, ပုဂ္ဂိုလ်မရှိ, အတ္တမရှိ၊ ယောကျ်ားမိန်းမမရှိ၊ ရုပ်နာမ်သာရှိသည်ကို မိမိရရသဘောကျလာနိုင်ပါသည်။ ဤသို့ ရုပ်နာမ်နှစ်ပါးကို ကွဲကွဲပြားပြားပိုင်းခြားသိတတ်သောဉာဏ်သည် **'နာမရူပပရိစ္ဆေဒဉာဏ်** (ဝါ) **နာမရူပဝဝတ္ထာနဉာဏ်** (ဝါ) **သင်္ခါရပရိစ္ဆေဒဉာဏ်**ဖြစ်၏။

ဤသို့မြင်သိခြင်းသည် အတ္တဒိဋ္ဌိအညစ်အကြေးမှ ကင်းစင်သဖြင့် 'ဒိဋ္ဌိဝိသုဒ္ဓိ' ဟု ခေါ်ရ၏။

### ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ = ယုံမှားသံသယမှ လွန်မြောက်ကြောင်းဖြစ်သော ဉာဏ်။

နာမ်ရုပ်တို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် ပိုင်းခြား၍ ရှုမှတ်ပြီးနောက် ထိုနာမ်ရုပ်တို့၏အကြောင်းကို မသိခဲ့လျှင် ယုံမှားခြင်းကင်္ခါဖြစ်ပေါ်၏။

'ဤနာမ်ရုပ်တို့သည် အဘယ့်ကြောင့်ဖြစ်နေရသနည်း။ ဘယ်အခါကစ၍ ဖြစ်နေကြသနည်း။ ရှေးက ဖြစ်ဖူးသလော။ မဖြစ်ဖူးသလော။ အနာဂတ်၌ ဖြစ်ဦးမည်

http://www.dhammadownload.com



လော။ မဖြစ်ဘဲ ကွယ်ပျောက်သွားမည်လော'စသော ယုံမှားမှုများတည်း။ ဤယုံမှားမှုများကို အကြောင်းပြု၍ အဟေတုကဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိစသည့် စိတ်အညစ်အကြေးများ ဖြစ်ပေါ်လာကြ၏။

**အဟေတုကဒိဋ္ဌိ** ဟူသည်မှာ 'ရုပ်နာမ်တရားများသည် အကြောင်းမရှိဘဲ ဘာသိဘာသာ ဖြစ်ပေါ်လာကြ၏'ဟု ယူသော အယူမှားတည်း။

**ဝိသမဟေတုကဒိဋ္ဌိကား** 'ဗြဟ္မာ, ဗိဿနိုး, ထာဝရဘုရား စသူတို့ဖန်ဆင်းမှုကြောင့် ဤရုပ်နာမ်ခန္ဓာ ဖြစ်ပေါ်လာသည်'ဟု မမှန်ကန်သည့်အကြောင်းကိုပြ၍ လွဲမှားစွာ ယူသောအယူတည်း။

စင်စစ်တွင် ရုပ်နာမ်တရားတို့သည် အကြောင်းမဲ့ဖြစ်ပေါ်လာကြသည်လည်း မဟုတ်။ အနန္တ တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းထားသောကြောင့် ဖြစ်ပေါ်လာကြသည်လည်း မဟုတ်။ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ' စသည်ဖြင့် ကြောင်းကျိုးဆက်နွယ်ပြသည့် ပဋိစ္စသမုပ္ပါဒ်သဘောအရလည်းကောင်း၊ ၂၄ ပါးသော ပဋ္ဌာန်းပစ္စည်းတို့၏ အကြောင်းပြမှုအရလည်းကောင်း ဖြစ်ပေါ်လာကြခြင်းဖြစ်၏။

ရုပ်တရားတို့သည် ကံ, စိတ်, ဥတု, အာဟာရဟူသောအကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ပေါ်ကြ၏။ နာမ်တရားတို့သည် ယောနိသော မနသိကာရ စသည့် အကြောင်းများကြောင့် ဖြစ်ပေါ်လာကြ၏။

အရာရာဝယ် သင့်တင့်အောင် နှလုံးသွင်းလေ့ရှိသော ယောနိသောမနသိကာရကြောင့် ကုသိုလ်ကံဖြစ်၏။ မသင့်မတင့် နှလုံးသွင်းလေ့ရှိသော အယောနိသော မနသိကာရကြောင့် အကုသိုလ်ကံဖြစ်၏။ ကုသိုလ်ကံ, အကုသိုလ်ကံတို့ကြောင့် ဝိပါက်စိတ်များ ဖြစ်ပေါ်ကြ၏။ ကြိယာစိတ်များကား အာသဝေါကုန်ခန်းပြီးကြသော ရဟန္တာတို့၏ သန္တာန်၌ ဖြစ်ပေါ်ကြ၏။ ဝိပါက်စိတ်တွင်တစ်ဖန် စက္ခုဝိညာဏ်ဖြစ်ဖို့ရာ စက္ခုပသာဒ, ရူပါရုံ, အာလောက ခေါ် အလင်းနှင့် မနသိကာရဟူသော နှလုံးသွင်းမှုတို့ စုဆုံကြရ၏။ ဤအကြောင်းလေးပါး မပြည့်စုံလျှင် ထာဝရဘုရားပေါင်း ထောင်သောင်းမက ဝိုင်း၍ဖန်ဆင်းကြသော်လည်း စက္ခုဝိညာဏ်မဖြစ်ပေါ်နိုင်ချေ။

ဤသို့ ရုပ်နာမ်တရားတို့၏ အကြောင်းမှန်ကို ဆင်ခြင်သိမြင်တတ်သောဉာဏ်သည် **'ယထာဘူတဉာဏ်'** (ဝါ) **'သမ္မာဒဿနဉာဏ်'** (ဝါ) **'ပစ္စယပရိဂ္ဂဟဉာဏ်'** ဟုခေါ်၏။ ဤဉာဏ်သည်ပင် ယုံမှားခြင်းကင်္ခါတို့မှ ကင်းစင်သော 'ကင်္ခါဝိတရဏ ဝိသုဒ္ဓိ' ဖြစ်၏။

**စူဠသောတာပန်။** ။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို မိမိသန္တာန်၌ အကြွင်းအကျန်မရှိအောင် ပယ်ထားနိုင်သူသည် သောတာပန်အစစ်ဖြစ်၏။

http://www.dhammadownload.com



**(ကင်္ခါဝိတရဏဝိသုဒ္ဓိသို့ရောက်ပြီးသောယောဂီသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့မပယ်သတ်နိုင်စေကာမူ)** အတော်ကြာအောင် ပယ်ခွာထားနိုင်၏။ ထို့ကြောင့် ထိုယောဂီသည် သောတာပန်နှင့်အလားတူသဖြင့် 'စူဠသောတာပန်' အဖြစ်သို့ရောက်ပြီဟု ဆိုနိုင်၏။

စူဠသောတာပန်သည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံပြီးဖြစ်၍ စင်ကြယ်နိုင်မြဲသော သီလသမာဓိရှိ၏။ ထို့ကြောင့် ကမ္မပထမြောက်သော ဒုစရိုက်အကုသိုလ်အမှုများကို ပြုလုပ်ဖွယ်မရှိတော့ချေ။ အကယ်၍ မဆုတ်မနစ် ဆက်လက်အားထုတ်လျှင် အရိယာစခန်းသို့ မကြာမီ တက်လှမ်းနိုင်မည်ဖြစ်၏။ ထိုသို့ အရိယာစခန်းသို့ မတက်လှမ်းမီ ကွယ်လွန်သွားလျှင်လည်း သုဂတိဘဝသို့သာ ကေန်မုချရောက်ရှိမည်ဖြစ်၏။

**၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**

မဂ္ဂ = လမ်းမှန် + အမဂ္ဂ = လမ်းမှား + ဉာဏဒဿန = ဉာဏ်ဖြင့် ထင်ရှားစွာမြင်ခြင်း + ဝိသုဒ္ဓိ = စင်ကြယ်သည်။

မဂ်ဖိုလ်သို့ ရောက်ကြောင်းဖြစ်သော လမ်းမှန်နှင့် မဂ်ဖိုလ်သို့ ရောက်ရာမဟုတ်သည့် လမ်းမှားတို့ကို ခွဲခြား၍ ထင်ရှားစွာမြင်သိနိုင်သောဉာဏ်၏ စင်ကြယ်ခြင်းသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်၏။

**သမ္မသနဉာဏ်။** ။ နာမ်ရုပ်တရားများကို အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်တတ်သော ဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ်၏။

ရှေ့ဝိသုဒ္ဓိလေးပါးတို့၌ ရုပ်နာမ်တရားတို့ကို လက္ခဏာရေးသုံးပါးတင်၍ မရှုမှတ်သေး။ သီလဝိသုဒ္ဓိစခန်း၌ သီလစင်ကြယ်အောင် အားထုတ်ခဲ့ရ၏။ စိတ္တဝိသုဒ္ဓိစခန်း၌ စိတ်စင်ကြယ်အောင် သမာဓိရအောင် အားထုတ်ခဲ့ရ၏။ ဒိဋ္ဌိဝိသုဒ္ဓိစခန်း၌ ရုပ်နာမ်တရားတို့ကို ပိုင်းခြား၍သိမြင်အောင် အားထုတ်ခဲ့ရ၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်း၌ ရုပ်နာမ်တို့၏ အကြောင်းရင်းကို ရှာဖွေခဲ့ရ၏။ ယခုအခါ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပေါ်ရေးအတွက် အကြောင်းနှင့်တကွ ပိုင်းခြား၍သိထားပြီးဖြစ်သော တေဘူမက ရုပ်နာမ်တရားတို့ကို လက္ခဏာယာဉ်သုံးပါးသို့တင်၍ သမ္မာသနဉာဏ်ဖြင့် သုံးသပ်ရပေတော့မည်။

[အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာသုံးပါးတို့သည် မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားရောက်ရန် ယာဉ်ရထားနှင့်တူသဖြင့် 'လက္ခဏာယာဉ်သုံးပါး' ဟု အမည်ရ၏။]

**သမ္မသနနည်းလေးမျိုး။** ။ ကလာပသမ္မသန, အဒ္ဓါနသမ္မသန, သန္တတိသမ္မသန, ခဏသမ္မသနဟူ၍ သမ္မသနနည်းလေးမျိုးရှိ၏။

http://www.dhammadownload.com



(၁) **ကလာပသမ္မသနနည်းသည်** 'အတိတ်ဘဝ၌ဖြစ်သောရုပ် ပစ္စုပ္ပန်ဘဝ၌ဖြစ်သောရုပ်' စသည်ဖြင့် မခွဲခြားဘဲ ရူပက္ခန္ဓာအားလုံး၊ ဝေဒနက္ခန္ဓာအားလုံး စသည်ဖြင့် ခန္ဓာတစ်စုတစ်စုကို အပေါင်းပြု၍ သုံးသပ်သောနည်း ဖြစ်၏။

သုံးသပ်ပုံမှာ 'အလုံးစုံသော ရုပ်ခန္ဓာသည် ကုန်ခန်းခြင်းသဘောရှိသဖြင့် အနိစ္စဖြစ်၏။ ကြောက်မက်ဖွယ်သော ဘေးဘျမ်းဖြစ်သည့်သဘောကြောင့် ဒုက္ခဖြစ်၏။ အနှစ်သာရကင်းမဲ့သည့်သဘောကြောင့် အနတ္တဖြစ်၏' ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာစသည့် ကြွင်းသောခန္ဓာလေးပါးကိုလည်း ဤနည်းအတိုင်း ဆက်၍သုံးသပ်ရ၏။

(၂) **အဒ္ဓါနသမ္မသနနည်းသည်** နာမ်တရားများကို အတိတ်ဘဝ, ပစ္စုပ္ပန်ဘဝ, အနာဂတ်ဘဝဖြင့် ပိုင်းခြား၍ သုံးသပ်ပွားများသည့်နည်းဖြစ်၏။ သုံးသပ်ပွားများပုံမှာ-

"အတိတ်ဘဝ၌ဖြစ်သော ရူပက္ခန္ဓာသည် ထိုအတိတ်ဘဝ၌ပင် ချုပ်ခဲ့လေပြီ။ ဤပစ္စုပ္ပန်ဘဝသို့ မရောက်နိုင်။ ဤသို့ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်ဖြစ်သောကြောင့် ဒုက္ခ၊ အနှစ်သာရမရှိသောကြောင့် အနတ္တတရားချည်းပါတကား။"

ဤသို့လျှင် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ရူပက္ခန္ဓာ, အနာဂတ်ဘဝ၌ဖြစ်သည့် ရူပက္ခန္ဓာ, ကြွင်းသည့် နာမ်ခန္ဓာများကိုလည်း သုံးသပ်ပွားများရာ၏။

(၃) **သန္တတိသမ္မသနနည်းသည်** 'အအေးရုပ်အစဉ်, အပူရုပ်အစဉ်' စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲခြား၍ သုံးသပ်သောနည်းဖြစ်၏။

ရုပ်နာမ်တို့၏ သဘောတူအစဉ်အတန်းကို 'သန္တတိ' ဟု ခေါ်၏။ ဥပမာ နေပူမှာနေခိုက် ပူသောရုပ်အစဉ်သည် သန္တတိတစ်ခုဖြစ်၏။ အရိပ်၌နေခိုက် အေးသော ရုပ်အစဉ်သည် သန္တတိတစ်ခုဖြစ်၏။ မကျန်းမာသောအခါ မကျန်းမာသည့်ရုပ်အစဉ်ဖြစ်၏။ ဤရုပ်အစဉ်များကို သုံးသပ်ပွားများနေပုံမှာ-

"အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့ မရောက်။ ချုပ်ပျောက်ခဲ့လေပြီ။ ဤသို့ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်ဖြစ်သောကြောင့် ဒုက္ခ၊ အနှစ်သာရမရှိသောကြောင့် အနတ္တတရားချည်းပါတကား။"

ထို့အတူ ရူပါရုံကိုအာရုံပြုသော စိတ်ဝီထိအစဉ်သည် သဒ္ဒါရုံကို အာရုံပြုသည့် စိတ်ဝီထိအစဉ်သို့မရောက်။ အနိဋ္ဌာရုံကို အာရုံပြုသော ဒုက္ခဝေဒနာသည် ဣဋ္ဌာရုံကို အာရုံပြုသည့် သုခဝေဒနာသို့ မရောက်။ ရူပါရုံကိုမှတ်သားသော သညာက္ခန္ဓာအစဉ်သည် သဒ္ဒါရုံကိုမှတ်သားသည့် သညာက္ခန္ဓာအစဉ်သို့ မရောက်။ ရူပါရုံကို စေ့ဆော်ပြုလုပ်သော သင်္ခါရက္ခန္ဓာအစဉ်သည် သဒ္ဒါရုံကို စေ့ဆော်ပြုလုပ်သည့် သင်္ခါရက္ခန္ဓာအစဉ်သို့ မရောက်။ ဤသို့စသဖြင့် ကျယ်ဝန်းစွာချဲ့ထွင်၍ သုံးသပ်ရာ၏။

http://www.dhammadownload.com



(၄) **ခဏသမ္မသနနည်းသည်** ရုပ်နာမ်အစဉ်တစ်မျိုးတည်း၌ပင် 'ဥပါဒ် – ဋ္ဌီ – ဘင်'ဟူသော ခဏအားဖြင့် ခွဲခြား၍သုံးသပ်သောနည်းဖြစ်၏။

"အတိတ်ခဏ၌ဖြစ်သောရုပ်သည် ပစ္စုပ္ပန်ခဏသို့မရောက်ဘဲ ချုပ်ပျောက်ခဲ့လေပြီ။ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်ဖြစ်သောကြောင့် ဒုက္ခ၊ အနှစ်သာရမရှိသောကြောင့် အနတ္တတရားချည်းပါတကား"ဟု လည်းကောင်း၊

အတီတဘဝင်ခဏ၌ဖြစ်သော စေတသိက်တို့သည် အတီတဘဝင်ခဏ၌ ချုပ်ငြိမ်းခဲ့ကြလေပြီ။ ဘဝင်္ဂစလနသို့ မရောက်ချေ။ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်ဖြစ်သောကြောင့် ဒုက္ခ၊ အနှစ်သာရမရှိသောကြောင့် အနတ္တချည်းပါတကား"ဟုလည်းကောင်း၊ ရုပ်ဝီထိ, နာမ်ဝီထိအစဉ်အတိုင်း သုံးသပ်ပွားများအပ်၏။

အထက်ပါ သမ္မသနနည်းလေးမျိုးတို့သည် အစဉ်အတိုင်း ပိုမို၍ သိမ်မွေ့သွားကြ၏။ ထို့ကြောင့် ဖော်ပြခဲ့သောအစဉ်အတိုင်းပင် နည်းတစ်မျိုးအသားကျပြီးမှ နောက်နည်းတစ်မျိုးကို ဆက်လက်သုံးသပ်အပ်၏။

၂၈ **ဥဒယဗ္ဗယဉာဏ်။** ။ ရုပ်နာမ်တို့၏ဖြစ်ခြင်း'ဥပါဒ်'နှင့် ပျက်ခြင်း'ဝယ'(ဘင်) တို့ကို ထင်မြင်အောင်ရှုတတ်သောဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟု ခေါ်၏။

သမ္မသနဉာဏ် ရင့်သန်ပြီးသောယောဂီသည် ဤသို့စဉ်းစားရာ၏။ "ရုပ်နာမ်တို့သည် မဖြစ်ခင်က အဆင်သင့်ဖြစ်ဖို့ရာ စုဆောင်းသိမ်းဆည်းအပ်ပြီးလည်း မရှိ။ ချုပ်ငြိမ်းသွားသည့်အခါ၌ အရပ်တစ်ပါးသို့ရောက်သွား၍ စုပုံနေသည်လည်း မဟုတ်။ စောင်းကြိုးကို တီးလိုက်သည့်အခိုက်၌အသံဖြစ်ပေါ်၍ အတီးရပ်သွားသည့်အခါ အသံချုပ်ပျောက်သွားသကဲ့သို့ ရုပ်နာမ်တရားတို့သည် ဆိုင်ရာအကြောင်းများကြောင့် ရုတ်ခနဲ ဖြစ်ပေါ်ပြီး ချက်ချင်းပင်ချုပ်ပျောက်သွားကြ၏။ သို့အတွက် ဖြစ်နေသော ရုပ်နာမ်တို့၌ အဟောင်းမပါ အသစ်ချည်းသာ ပါဝင်ကြ၏။"

ထို့နောက် ရုပ်နာမ်တရားတို့ကို အကြောင်းနှင့်တွဲဖက်၍ ဆက်လက်ရှုမှတ်ရာ၏။ "ရုပ်ကိုဖြစ်စေသောအကြောင်းတရားတို့သည် အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတို့"တည်း။ စေတသိက် နာမ်တရားတို့ကို ဖြစ်စေသောအကြောင်းကား အဝိဇ္ဇာ, တဏှာ, ကံ, ဖဿတို့တည်း။ စိတ်နာမ်တရားကိုဖြစ်စေသောအကြောင်းကား အဝိဇ္ဇာ, တဏှာ, ကံ, နာမရူပတို့တည်း။"

ဤသို့ အကြောင်းနှင့်တွဲဖက်၍ နာမ်ရုပ်တို့၏အဖြစ်အပျက်ကို ရှုမှတ်ဖန်များလျှင် ဥပါဒ်ခဏ, ဘင်ခဏအားဖြင့် အဖြစ်အပျက်တို့ အလိုလိုထင်ပေါ်လာ၏။ ထိုအခါ အကြောင်းကို မစဉ်းစားတော့ဘဲ ဥပါဒ်ခဏ, ဘင်ခဏကိုသာ သတိထား၍ ခဏသမနုပဿနာနည်းဖြင့် ဆက်လက်ပွားများသော် အဖြစ်အပျက်များ အလွန်ထင်ရှားလာပြီး ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com



ရေအိုင်၌ မိုးစက်ကလေးများ ကျရောက်သည့်အခါ ရေပွက်ကလေးများသည် ဖြစ်လျှင်ဖြစ်ချင်း ပျက်စီးသွားသကဲ့သို့လည်းကောင်း၊ နေထွက်လာသည်နှင့်တစ်ပြိုင်နက် ဆီးနှင်းပေါက်များ အရည်ပျော်ကျသွားသကဲ့သို့လည်းကောင်း၊ အပ်နဖားကို ထွင်းသည့် စူးများပေါ်၌ မုန်ညင်းစေ့ကို တင်လျှင်တင်ချင်း လိမ့်ကျသွားသကဲ့သို့ လည်းကောင်း ရုပ်နာမ်တို့သည် ဖြစ်လျှင်ဖြစ်ချင်း ပျက်စီးသွားလေတော့၏။

ဤသို့ ရုပ်နာမ်အဖြစ်အပျက်ကို မြင်သိသော ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်လာသည့် အခါ ဩဘာသ ခေါ် အရောင်အလင်းစသည့် ဥပက္ကိလေသ ၁၀ ပါးတို့သည် မဆိုင်းမတွ ဖြစ်ပေါ်လာကြတော့၏။

**ဥပက္ကိလေသ ၁၀ ပါး။** ။ ဝိပဿနာကို ညစ်နွမ်းစေတတ်သောတရားကို ဥပက္ကိလေသဟု ခေါ်၏။ ဝိပဿနုပက္ကိလေသဟုလည်း ခေါ်၏။

(၁) **ဩဘာသ** = ကိုယ်ရောင်ကိုယ်ဝါ။ စိတ်ဓာတ်၏ လွန်စွာကြည်လင်မှုကြောင့် ကိုယ်မှ အရောင်အဝါတို့သည် စိတ်အစွမ်းအားလျော်စွာ မိမိ၏ အနီးဝန်းကျင်၌ ဖြစ်စေ၊ တစ်ခန်းလုံးဖြစ်စေ၊ တစ်ကျောင်းလုံး တစ်နယ်လုံးမှစ၍ စကြဝဠာတစ်ခုလုံးဖြစ်စေ ထွန်းလင်းလာလေ၏။

(၂) **ပီတိ** = ဝိပဿနာဉာဏ်နှင့်ယှဉ်သော ပီတိစေတသိက်။ ခုဒ္ဒိကာ, ခဏိကာ စသည့် ပီတိငါးမျိုးတို့သည် ထိုက်သင့်သလို ဖြစ်ပေါ်ကြ၏။

(၃) **ပဿဒ္ဓိ** = ဝိပဿနာဉာဏ်နှင့်ယှဉ်သော ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိ စေတသိက်နှစ်ပါးကြောင့် ယောဂီ၏ ကိုယ်စိတ်နှစ်ပါးသည် ထူးထူးခြားခြား ငြိမ်းအေးလာ၏။

(လဟုတာ, မုဒုတာ, ကမ္မညတာ, ပါဂုညတာ, ဥဇုကတာ, စေတသိက်များလည်း ထူးထူးခြားခြားဖြစ်ပေါ်လာကြ၏။)

(၄) **အဓိမောက္ခ** = ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာ သက်ဝင်ယုံကြည်သော သဒ္ဓါ စေတသိက်။

(ဤသဒ္ဓါသည် ယုံကြည်ကာမတ္တမဟုတ်ဘဲ စူးစိုက်သက်ဝင်တတ်, ဆုံးဖြတ်တတ်သောကြောင့် အဓိမောက္ခဟု အမည်ရ၏။ အဓိမောက္ခစေတသိက်ဟု မမှတ်လင့်။)

(၅) **ပဂ္ဂဟ**= ဝိပဿနာစိတ်ကို နောက်မဆုတ်အောင် အားပေးချီးမြှောက်တတ်သော ဝီရိယ။

(၆) **သုခ** = တစ်ကိုယ်လုံးကို မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့် ထုံမွမ်း၍ ချမ်းမြေစေသည့် သုခဝေဒနာ။

(၇) **ဉာဏ** = ဝဇိရစိန်လက်နက် မိုးကြိုးစက်ကဲ့သို့ သွက်လက်လျင်မြန် အမြင်သန်သည့် ဝိပဿနာဉာဏ်။ ဤဉာဏ်ဖြင့် ရုပ်နာမ်သင်္ခါရတို့ကို ရှုမှတ်လိုက်သည့်အခါ အဖြစ်အပျက်ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ သိမြင်လာ၏။

http://www.dhammadownload.com



(၈) ဥပဋ္ဌာန = ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲတည်သော သတိစေတသိက်။

(၉) **ဥပေက္ခာ** = တတြမဇ္ဈတ္တုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာ။ ရုပ်နာမ် အဖြစ်အပျက်တို့ အလွန်ထင်ရှားနေသည့်အခါ မထင်ထင်အောင်ရှုဖို့ရာ ဗျာပါရမများတော့ဘဲ အသင့်အားဖြင့် ရှုစားတတ်သော တတြမဇ္ဈတ္တတာစေတသိက်ကို 'တတြမဇ္ဈတ္တုပေက္ခာ' ဟု ခေါ်၏။ ဖြစ်မှုပျက်မှုကို ဆင်ခြင်သည့်အခါ အလွန်လျင်မြန်စွာ ဆင်ခြင်နိုင်သော အာဝဇ္ဇန်းနှင့်ယှဉ်သည့် စေတနာကို 'အာဝဇ္ဇနုပေက္ခာ' ဟု ခေါ်၏။

(၁၀) **နိကန္တိ** = သိမ်မွေ့သော တဏှာ။ ဩဘာသ, ပီတိ, ပဿဒ္ဓိ စသည်တို့ဖြင့် တန်ဆာဆင်အပ်သော ဝိပဿနာဉာဏ်ကို သာယာနှစ်သက်တတ်သည့် တဏှာသည် နိကန္တိမည်၏။ ဤတဏှာသည် အလွန်သိမ်မွေ့သဖြင့် တဏှာမှန်းပင် မသိသာချေ။ ဤတဏှာကို ယောဂီသည် ဝိပဿနာ၌ မွေ့လျော်မှုဟူသည့် 'ဝိပဿနာရတိ' အဖြစ် ထင်မှတ်နေတတ်၏။

အထက်ပါ ဥပက္ကိလေသ ၁၀ ပါးတို့သည် 'ဝိပဿနာဉာဏ်၏ ညစ်နွမ်းကြောင်းဖြစ်သော ဘေးအန္တရာယ်များ' ဖြစ်ကြ၏။ ဩဘာသမှစ၍ ဥပေက္ခာတိုင်အောင် ရှေ့ ဥပက္ကိလေသ ကိုးပါးတို့သည် အကုသိုလ်တရားများ မဟုတ်ကြပါ။ ပီတိမှ ဥပေက္ခာအထိ ဥပက္ကိလေသ ရှစ်ပါးတို့မှာ ဝိပဿနာဉာဏ်နှင့်ယှဉ်သော စေတသိက်များ ဖြစ်ကြ၏။

သို့ရာတွင် ဩဘာသစသည်တို့ ဖြစ်ပေါ်လာကြသောအခါ (ငါ့မှာဖြစ်၏ဟု စွဲလမ်းသော ဒိဋ္ဌိ၊ အလွန်နှစ်သက်ဖွယ်ကောင်း၏ဟု ထင်မှတ်တတ်သည့် မာနနှင့် 'ငါ၏ ဩဘာသတည်း' ဟု စွဲလမ်းတပ်မက်သော တဏှာ) တို့ ဖြစ်ပေါ်လာကြ၏။ ဤတဏှာ, မာန, ဒိဋ္ဌိတို့သည် ဝိပဿနာစိတ်ကို ညစ်နွမ်းစေတတ်သော ဥပက္ကိလေသတို့တည်း။

ထိုတဏှာ, မာန, ဒိဋ္ဌိတို့၏ ဥပက္ကိလေသဟူသောအမည်ကို အာရုံဖြစ်သည့် ဩဘာသ စသည်တို့အပေါ် တင်စား၍ ဖလူပစာရ, ဌာနူပစာရနည်းဖြင့် ဩဘာသ, ပီတိ စသည်တို့ကိုလည်း ဥပက္ကိလေသဟု ခေါ်ဝေါ်ရတော့၏။

နောက်ဆုံးဥပက္ကိလေသဖြစ်သော နိကန္တိ တဏှာသည်ကား မုချအားဖြင့် ဥပက္ကိလေသဖြစ်၏။ ထိုနိကန္တိကို အာရုံပြု၍ နောက်ထပ် တဏှာ, မာန, ဒိဋ္ဌိတို့လည်း ဖြစ်ကြသေး၏။

ဥပက္ကိလေသ ၁၀ ပါးကို ၎င်းတို့အား အာရုံပြုကြသည့် တဏှာ, မာန, ဒိဋ္ဌိတို့နှင့် မြှောက်ပွားလိုက်လျှင် ဝိပဿနုပက္ကိလေသ ၃၀ ကို ရ၏။

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။** ။ ဩဘာသ, ပီတိ, ပဿဒ္ဓိ စသည်တို့ ဖြစ်ပေါ်လာကြသည့်အခါ ပရိယတ်၌ မကျွမ်းကျင်သော အချို့ယောဂီတို့သည် "ငါ့မှာ ရှေးအခါက ဤကိုယ်ရောင်ကိုယ်ဝါမျိုး မတွေ့ဖူးချေ။ ဤအရောင်အဝါကို ဖြစ်စေသော

http://www.dhammadownload.com



စိတ်သည် မဂ်စိတ် ဖိုလ်စိတ်ဖြစ်မည်။ ထို့ကြောင့် ငါမဂ်ဖိုလ်ရပြီ”ဟုလည်းကောင်း၊ ငါ့တွင် ရှေးက ဤသို့သော ပီတိ, ပဿဒ္ဓိစသည်တို့ မဖြစ်ဖူးချေ။ “ငါသည် မဂ်ဖိုလ်ကို ကေန်ရပြီ”ဟုလည်းကောင်း အထင်များကာ ဝိပဿနာလမ်းလွဲ၍ သာယာမှုတဏှာ, အထင်ကြီးမှုမာနနှင့် စွဲလမ်းမှုဒိဋ္ဌိတို့ ဖြစ်ပေါ်ကြ၏။ ထို့ကြောင့် ဝိပဿနာညစ်နွမ်းသွား၏။

ပရိယတ်၌ ကျွမ်းကျင်ကြသည့် ယောဂီတို့ကား ထိုဩဘာသ, ပီတိ, ပဿဒ္ဓိ စသည်တို့သည် တဏှာ, မာန, ဒိဋ္ဌိတို့၏ တည်ရာဖြစ်၍ ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်သော ဘေးရန်များတည်း။ ထိုဩဘာသ စသည်ကို နှစ်သက်စွဲလမ်းနေမှုသည် မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန် မဟုတ်၊ လမ်းမှားဖြစ်သည့် အမဂ္ဂတည်း။ ထိုဩဘာသ စသည်တို့ကို ဂရုမစိုက်ဘဲ အားထုတ်မြဲဖြစ်သည့် ဝိပဿနာကို ဆက်လက် အားထုတ်ခြင်းသည်သာ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန် ‘မဂ္ဂ’ဖြစ်၏။ ဤသို့လျှင် လမ်း မှန် မမှန်ကို ပိုင်းခြားတတ်သောဉာဏ်အမြင်ဖြစ်ပေါ်လာ၏။

ထိုဉာဏ်သည် သာမန်သိရုံမျှမဟုတ်ဘဲ မဂ္ဂ–အမဂ္ဂတို့ကို မျက်စိဖြင့် ရှုမြင်ရသကဲ့သို့ သိမြင်တတ်သောကြောင့် ဒဿနလည်းဖြစ်၏။ ဝိပဿနုပက္ကိလေသတို့မှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိလည်းမည်၏။ ထို့ကြောင့် ‘မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ’ ဟု အမည်ရ၏။

ဤသို့လျှင် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ရှေ့ပိုင်းကို မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနယ်ဟု သတ်မှတ်အပ်၏။

**၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။** ။ မဂ်ဖိုလ်ရောက်ကြောင်း စင်ကြယ်သည့် ဉာဏ်အမြင်။

| | | |
|---|---|---|
| ပဋိပဒါ | = | မဂ်ဖိုလ်သို့ရောက်ကြောင်းအကျင့် + |
| ဉာဏ | = | တေဘူမကသင်္ခါရကို အနိစ္စ, ဒုက္ခ, အနတ္တဟု သိမြင်တတ်သော ဉာဏ် + |
| ဒဿန | = | သာမန်အသိမျိုးမဟုတ်ဘဲ မျက်စိဖြင့်မြင်ရသကဲ့သို့ သိမြင်သော အသိ + |
| ဝိသုဒ္ဓိ | = | ကိလေသာတို့မှ ဝေးသည်ထက်ဝေးကွာသဖြင့် လွန်စွာစင်ကြယ်ခြင်း။ |

ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းမှစ၍ အနုလောမဉာဏ်တိုင်အောင် ကိုးပါးသော ဉာဏ်စုကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်၏။

**ဥဒယဗ္ဗယဉာဏ်။** ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဆင့်တွင် ဥဒယဗ္ဗယဉာဏ် ဖြစ်ခဲ့သော်လည်း အဆုံးမသတ်နိုင်ခဲ့။ လမ်းခုလတ်တွင် ဝိပဿနုပက္ကိလေသတို့

http://www.dhammadownload.com



နှောင့်ယှက်မှုကြောင့် ဝိပဿနာအစဉ် ရုပ်တန့်သွားပြီး လမ်းမှားကိုပယ်၍ လမ်းမှန်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြင့် ဆုံးဖြတ်ခဲ့ရသည်။

ထို့ကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအဆင့်တွင် ဥဒယဗ္ဗယဉာဏ် ထက်သန်လာအောင် တစ်ဖန်အားထုတ်ရပြန်၏။ ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်နာမ်၏အဖြစ်အပျက်နှစ်မျိုးလုံးကို ထင်ရှားစွာမြင်ရ၏။

**ဘင်္ဂဉာဏ်။** ။ ထို့နောက် ရုပ်နာမ်အဖြစ်အပျက်တို့ အလွန်ထင်ပေါ်လာကြသောအခါ ထိုအဖြစ်အပျက်တို့သည် အလွန်လျှင်မြန်လှသဖြင့် ယောဂီသည် အဖြစ်ကို အာရုံမပြုမိ, မရှုမိတော့ဘဲ အပျက်ကိုသာ မြင်ရလေ၏။ ဥပမာဆိုရသော် အင်းအိုင် မျက်နှာပြင်ထက်တွင် မိုးစက်များကျရောက်သဖြင့် ရေပွက်ကလေးများ ဖြစ်ပေါ်လာကြရာတွင် အဖြစ်အပျက်က အလွန်လျှင်မြန်လှသဖြင့် အဖြစ်ကို မမြင်လိုက်ရဘဲ အပျက်ကိုသာ မြင်ရတော့၏။ ရုပ်နာမ်တို့၏ အပျက်ကိုသာ မြင်သိသောဉာဏ်ကို ဘင်္ဂဉာဏ်ဟု ခေါ်၏။ သင်္ခါရတရားတစ်ခု၏ ဘင်ကိုအာရုံပြုသော ဘင်္ဂဉာဏ်၏ ဘင်ကို တစ်ဖန်နောက်ထပ်ဉာဏ်တစ်ခုက ဆက်၍အာရုံပြုနိုင်သည့်အခါ ဘင်္ဂဉာဏ် အထွတ်အထိပ်သို့ ရောက်၏။

**ဘယဉာဏ်။** ။ ဘေးအန္တရာယ်တို့ကို ကြောက်တတ်ပြီး အေးချမ်းစွာ နေထိုင်လိုသူတစ်ဦးသည် သစ်, ကျား, သားရဲပေါသော အရပ်ကိုမြင်လျှင် ကြောက်စရာအရပ်ဟု ထင်မှတ်သကဲ့သို့ ယောဂီသည် ဘင်္ဂဉာဏ်ဖြင့် ရုပ်နာမ်တို့၏ အပျက်ချည်းကိုသာ မြင်တွေ့နေရသည့်အခါ "ဤရုပ်နာမ်တို့သည် ရှေးရှေးဘဝများ၌လည်း ပျက်ခဲ့လှပြီ။ ယခုဘဝ၏ ရှေးကာလ၌လည်း ပျက်ခဲ့လှပြီ။ နှမ်းအိုးကင်း၌ နှမ်းစေ့များ တဖျစ်ဖျစ်ပျက်နေသလို နောက်နောက်ကာလ၌လည်း ပျက်နေကြဦးမည်။ ရုပ်နာမ်တို့သည် ကြောက်စရာတွေပါတကား" ဟု ထင်မြင်သော ဘယဉာဏ်ဖြစ်ပေါ်လာ၏။

**အာဒီနဝ, နိဗ္ဗိဒါ, မုစ္စိတုကမျတာ။** ။ ရုပ်နာမ်သင်္ခါရတို့၌ ကြောက်မက်ဖွယ်သော ဘေးကြီးပါတကားဟု ဘယဉာဏ်ဖြစ်ပေါ်လာသည့်အခါ ထိုသင်္ခါရတို့၌ အပြစ်မြင်သော အာဒီနဝဉာဏ်လည်း ဖြစ်ပေါ်လာ၏။ အပြစ်မြင်လျှင် ထိုသင်္ခါရတို့၌ မပျော်ပိုက်နိုင်တော့ဘဲ ငြီးငွေ့သည့် နိဗ္ဗိဒါဉာဏ်ဖြစ်ပေါ်လာ၏။ (ဘယ, အာဒီနဝနှင့် နိဗ္ဗိဒါဉာဏ်တို့သည် တစ်ပေါင်းတည်း ဖြစ်ပေါ်လေ့ရှိ၏။)

ရုပ်နာမ်သင်္ခါရတို့၌ ငြီးငွေ့လာသည့်အခါ ပိုက်ကွန်၌မိနေသော ငါးသည် ပိုက်ကွန်မှ လွတ်မြောက်လိုသကဲ့သို့၊ ထောင်ချောက်တွင်းမှ သမင်ပျိုသည် ထိုထောင်ချောက်မှ လွတ်မြောက်လိုသကဲ့သို့၊ မြွေ၏ ခံတွင်း၌အဖမ်းခံနေရသော ဖားငယ်သည် ထိုမြွေခံတွင်းမှ လွတ်မြောက်လိုသကဲ့သို့ ထို့အတူ ယောဂီသည် သင်္ခါရတရားမှ လွတ်မြောက်လိုသဖြင့် မုစ္စိတုကမျတာဉာဏ်ကို ပိုင်ဆိုင်လာတော့၏။

http://www.dhammadownload.com



**ပဋိသင်္ခါဉာဏ်။** ။ ရုပ်နာမ်သင်္ခါရမှ လွတ်မြောက်လိုသော ယောဂီသည် လွတ်မြောက်နိုင်ရေးအတွက် ရုပ်နာမ်သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာတင်၍ တစ်ဖန်ရှုမှတ်ပြန်၏။ ပမာဆိုသော် ရေထဲ၌ချထားသည့် ငါးအုပ်သော အုပ်ဆောင်းတွင်းမှ ငါးအထင်ဖြင့် ရေမြွေဟောက်တစ်ကောင်ကို ဖမ်းမိသည့် တံငါယောက်ျားသည် မြွေဆိုး၏ အမှတ်လက္ခဏာဖြစ်သော လည်ရေးသုံးရစ်ကိုမြင်လျှင် ကြောက်ရွံ့ ရွံမုန်းသည်ဖြစ်လျက် မြွေကို အလျင်အမြန်လွှတ်ပစ်လို၏။ သို့သော် အလွတ်တွင် မိမိလက်ကို ကိုက်သွားမည်စိုးသောကြောင့် ရုတ်တရက်မလွှတ်သေးဘဲ မြွေပင်ပန်းသွားအောင် မြွေကိုင်ထားသည့်လက်ကို မြှောက်ပင့်လျက် သုံးလေးပတ်မျှ လှည့်မွှေ့လေ၏။ ထို့နောက် မြွေကို အဝေးသို့ လွှတ်ပစ်လိုက်ပြီး ကုန်းထက်သို့ အလျင်အမြန်ပြေးတက်လေ၏။

ထို့အတူ သင်္ခါရရုပ်နာမ်တို့ကို မူလက နှစ်သက်ခဲ့ပြီးနောက် အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့ကို မြင်တွေ့သည့်အခါမှ ဘယ, အာဒီနဝ, နိဗ္ဗိဒါ, မုစ္စိတုကမျတာဉာဏ်တို့ အစဉ်အတိုင်း ဖြစ်ပေါ်လာကြ၏။ ထို့ကြောင့် ယခုအခါ ထိုရုပ်နာမ်သင်္ခါရတို့မှ လွတ်မြောက်ဖို့ရာ အနိစ္စ စသည့် လက္ခဏာများကို တစ်ဖန်ရှုမှတ်ရပြန်၏။

**သင်္ခါရုပေက္ခာဉာဏ်။** ။ ပဋိသင်္ခါဉာဏ်ဖြင့် သင်္ခါရကို စွန့်လွှတ်နိုင်ပြီးသည့်နောက် သင်္ခါရတို့ကို ဘယ, အာဒီနဝ စသည်တို့ဖြင့် မရှုတော့ဘဲ လျစ်လျူရှုနိုင်သော ဉာဏ်ဖြင့် ရှုမှတ်၏။ ဤဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်ဟု ခေါ်၏။ ဤဉာဏ်ဖြင့် လျစ်လျူရှုသည်ဆိုသော်လည်း လုံးလုံးလျားလျားအာရုံမပြုဘဲ နေသည်မဟုတ်။ ဝိပဿနာဉာဏ် အားလုံးပင် ရုပ်နာမ်သင်္ခါရကို အာရုံပြုကြ၏။ သင်္ခါရုပေက္ခာဉာဏ်သည် ရုပ်နာမ်ကို အာရုံပြုသည့်အခါ သာယာနှစ်သက်ခြင်းလည်း မရှိ၊ ကြောက်ရွံ့ခြင်းလည်း မရှိဘဲ လျစ်လျူရှုသည့်အနေဖြင့် အနိစ္စ, ဒုက္ခ, အနတ္တဟု ဆင်ခြင်နေခြင်းဖြစ်၏။

ပမာဆိုသော် မယားကို ချစ်မြတ်နိုးသော ယောက်ျားတစ်ဦးသည် အခြားသော ယောက်ျားများနှင့် မိမိဇနီးဖောက်ပြားနေသည်ကို မြင်သိသည့်အခါ ဇနီးကို ကွာရှင်းလိုက်၏။ ထိုသည့်နောက်၌ ထိုအမျိုးသမီး ဆက်လက်ဖောက်ပြားနေသည်ကို မြင်တွေ့ရသော်လည်း ထိုယောက်ျား၌ တုန်လှုပ်ခြင်းမရှိဘဲ လျစ်လျူရှုကာ နေနိုင်သကဲ့သို့တည်း။

**အနုလောမဉာဏ်။** ။ အထက်မဂ်ခန်း၌ ရလတ္တံ့သော ဗောဓိတရားအားလုံးတို့အားလည်းကောင်း၊ ဥဒယဗ္ဗယ စသည့် အောက်ဉာဏ်ရှစ်ပါးတို့အားလည်းကောင်း လျော်ကန်သောဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်၏။

သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရတို့၌ လျစ်လျူရှုကာ အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုဖန် များလေသော် သင်္ခါရတို့ကို အာရုံမပြုလိုတော့ဘဲ သင်္ခါရတို့မှ တွန့်ဆုတ်လျက်

http://www.dhammadownload.com



သခ်ီါရမှလွတ်ကင်းရာ "နိဗ္ဗာန်သို့ စိတ်ညွှတ်နေ၏။ သို့သော် နိဗ္ဗာန်ကို မမြင်တွေ့ရသေးသဖြင့် သင်္ခါရတို့ကိုပင် အာရုံပြုနေရသေး၏။"

ပမာဆိုသော် ရှေးအခါက ရွက်လှေကြီးများဖြင့် သမုဒ္ဒရာအတွင်း ခရီးသွားကြသည့်အခါ ကျီးငှက်များကို ယူဆောင်သွားကြ၏။ ကမ်းကို မမြင်ရသည့်အခါ ထိုကျီးငှက်တစ်ကောင်ကို လွှတ်ကြ၏။ ထိုကျီးသည် လျင်မြန်စွာပျံသန်း၍ ကမ်းကိုရှာ၏။ ကမ်ကို မမြင်လျှင် လှေသို့ပြန်လာပြီး ရွက်တိုင်ထိပ်၌ နား၏။ ထို့နောက် ကမ်းကို ရှာပြန်၏။ မတွေ့သော် ရွက်တိုင်သို့ ပြန်လာပြန်၏။ ကမ်းတွေ့လျှင်ကား လှေသို့ ပြန်မလာတော့ဘဲ ကမ်းရောက်အောင် တစ်ဟုန်တည်းပျံသွားလေ၏။

ထို့အတူ ယောဂီ၏စိတ်သည် နိဗ္ဗာန်ကို မမြင်သေးသမျှ သခ်ီါရကိုပင် အာရုံပြု၍ နိဗ္ဗာန်ကို ဆက်လက်၍ ရှာဖွေနေ၏။ နိဗ္ဗာန်မြင်လောက်သည့်အကြိမ်၌ကား ပရိကမ်, ဥပစာ, အနုလုံဟု အနုလောမဉာဏ်ဖြစ်ပေါ်လာပြီးနောက် ဂေါတြဘုဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက် မဂ်ဖိုလ်ရောက်အောင် တိုးတက်သွားလေတော့၏။

ထို့ကြောင့် အနုလောမဉာဏ်ဟူသည် မဂ္ဂဝီထိ၌ပါသော ပရိကမ်, ဥပစာ, အနုလုံ ကိစ္စတပ်သည့် ဉာဏ်ပင်တည်း။ ဂေါတြဘုကား သခ်ီါရကို အာရုံမပြု၊ နိဗ္ဗာန်ကိုသာ အာရုံပြုသောကြောင့် ဝိပဿနာဉာဏ်၌ မပါဝင်ချေ။ သို့သော် ဝိပဿနာဉာဏ်များ၏ အထွတ်အထိပ်နှင့်တူသောကြောင့် 'ဝိပဿနာဉာဏ်တွင် သွင်းယူရမည်' ဟု ဆို၏။

**ဝုဋ္ဌာနဂါမိနီဝိပဿနာ။** ။ မဂ်တရားကို ဝုဋ္ဌာနဟု ခေါ်၏။ မဂ်သို့ ရောက်ကြောင်းဖြစ်သော (ဂါ) မဂ်နှင့်နီးကပ်နေသော ဝိပဿနာသည် ဝုဋ္ဌာနဂါမိနီဝိပဿနာ ဖြစ်၏။

မဂ်တရားသည် သခ်ီါရကို အာရုံမပြုဘဲ နိဗ္ဗာန်ကို အာရုံပြုသဖြင့် သခ်ီါရတည်းဟူသော အာရုံနိမိတ်မှ ထွက်မြောက်၏။ မဂ်ရပြီးလျှင် သံသရာဝဋ်၌ ကြာရှည်စွာ ခန္ဓာအစဉ် မဖြစ်တော့ပြီ။ သောတာပတ္တိမဂ် ရလျှင်ပင် ကာမဘုံ၌ အလွန်ဆုံး ခုနစ်ဘဝသာ ဖြစ်ခွင့်ရှိတော့၏။ ထို့ကြောင့် မဂ်တရားသည် အစဉ်မပြတ် ဖြစ်ဖွယ်ရှိသည့် ဝဋ်မှ ထမြောက်၏။ ဤသို့ ထမြောက်သောကြောင့် မဂ်ကို ဝုဋ္ဌာနဟု ခေါ်၏။

ထိုဝုဋ္ဌာနမည်သော မဂ်သို့ရောက်ကြောင်းဖြစ်သည့် ဝိပဿနာသည် သခ်ီါရုပေက္ခာဉာဏ်၏ နောက်ဆုံးအပိုင်း (အထွတ်အထိပ်သို့ ရောက်သောအပိုင်း) နှင့် အနုလောမဉာဏ်တို့ပင်တည်း။

**ဂေါတြဘုစိတ်** = ပုထုဇဉ်အနွယ်ကို လွှမ်းမိုးကျော်လွန်နိုင်သော စိတ်။

မဂ္ဂဝီထိ၌ပါဝင်ကြသော ပရိကမ်, ဥပစာ, အနုလုံစိတ်တို့သည် အနိစ္စ, ဒုက္ခ,

http://www.dhammadownload.com



အနတ္တ ဟူသော လက္ခဏာတစ်ပါးပါးကို အာရုံပြု၏။ ဂေါတြဘုစိတ်သည်ကား ရုပ်နာမ် သင်္ခါရကို အာရုံမပြုဘဲ နိဗ္ဗာန်ကို အာရုံပြု၏။

ထို့ကြောင့် ဂေါတြဘုသည် "မဂ်ရှေ့မှ နိဗ္ဗာန်ကို ညွှန်ပြတတ်သောကြောင့် မဂ်ဖော ဖိုလ်ဖောတို့၏ ရှေ့သွားဖြစ်သည့် အာဝဇ္ဇန်းနှင့်တူ၏"ဟု မှတ်ချက်ချကြ၏။

ဂေါတြဘု၏နောက်၌ မဂ်စိတ်ဖြစ်ပေါ်လာသဖြင့် ယောဂီသည် အရိယာအနွယ်သို့ ရောက်လေတော့၏။ သို့အတွက် ဂေါတြဘုစိတ်သည် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးကျော်ဖြတ်တတ်သော တရားပေတည်း။ ဂေါတြဘုစိတ်သည် အရိယာအနွယ်သို့လည်း ရောက်စေသောတရား ဖြစ်၏။

ပုထုဇဉ်အနွယ်ဟူသည် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာမကင်းသော ခန္ဓာအစဉ်ဖြစ်၏။ အရိယာအနွယ်ဟူသည် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကင်းပြီးသော ခန္ဓာအစဉ်ဖြစ်၏။ ဂေါတြဘုစိတ်ဖြစ်သောအခါ အရိယာအနွယ်သို့ မရောက်သေးသော်လည်း ရောက်တော့မည်ဖြစ်၍ သဒိသူပစာရအားဖြင့် ရောက်မည်ဟု ဆိုရ၏။

**အနုလောမဉာဏ်နှင့် ဂေါတြဘုတို့၏သတ္တိထူး။** ။ ပရိကမ်, ဉပစာ, အနုလုံတည်းဟူသော အနုလောမဉာဏ်သည် မောဟအမှောင်ကိုဖယ်ရှားနိုင်သော်လည်း နိဗ္ဗာန်ကို မမြင်နိုင်။ ဂေါတြဘုသည် နိဗ္ဗာန်ကို မြင်နိုင်၏၊ သို့သော် မောဟကို မဖယ်နိုင်။

ပမာနှိုင်းရသော် နက္ခတ်ဆရာသည် ညဥ့်အခါ၌ နက္ခတ်ကို ကြည့်ရှုလေသော် တိမ်တိုက်များ ဖုံးကွယ်နေသဖြင့် နက္ခတ်ကို မမြင်ရချေ။ ထိုအခါ လေခပ်ပြင်းပြင်း တိုက်လိုက်သဖြင့် အကြမ်းစားတိမ်များ ကင်းစင်သွားကြ၏။ ထို့နောက် တစ်ဖန် ဒုတိယအကြိမ် လေတိုက်ခတ်လာသဖြင့် အလတ်စားတိမ်များ လွင့်စဉ်သွားကြ၏။ ထို့နောက်တစ်ဖန် တတိယအကြိမ် လေတိုက်ခတ်လာသဖြင့် ကြွင်းကျန်သည့် တိမ်လွှာအားလုံး လွင့်စဉ်သွားကြ၏။ ထိုအခါ နက္ခတ်ကို ကောင်းစွာမြင်ရလေ၏။

ထို့အတူ နိဗ္ဗာန်တည်းဟူသော လမင်းကို ကြည့်ရှုရာဝယ် မောဟအမှောင်ကွယ်ကာသဖြင့် မမြင်ရချေ။ ပရိကမ်, ဉပစာ, အနုလုံဟူသော လေသုံးကြိမ်တိုက်ခတ်လာပြီး မောဟအမှောင်ကို ဖယ်ရှားလိုက်သည့်အခါမှ ဂေါတြဘုဖြင့် နိဗ္ဗာန်ဟူသောလမင်းကို မြင်ရလေ၏။

**၇။ ဉာဏဒဿနဝိသုဒ္ဓိ = မဂ်ဉာဏ်လေးပါး**

ဂေါတြဘုစိတ် ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် နိဗ္ဗာန်ကို အာရုံပြုလျက် မဂ်စိတ်ဖြစ်ပေါ်လာ၏။

ဆီမီးသည် မီးစာကို လောင်, အမှောင်ပယ်ခွင်း, အလင်းရောင်လွှမ်း, ဆီကုန်ခန်းစေမှု ဤကိစ္စလေးခုကို တစ်ပြိုင်တည်းပြုနိုင်သကဲ့သို့ ထို့အတူ မဂ်တရားသည်လည်း

http://www.dhammadownload.com



ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း (တိုက်ရိုက်အာရုံပြုခြင်း)၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်းဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက် ပြီးစေနိုင်၏။

မဂ်စိတ်တစ်ကြိမ်ဖြစ်ပြီးနောက် တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ်စိတ်သုံးကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ်စိတ် နှစ်ကြိမ်ဖြစ်၏။ ထို့နောက် ဘဝင်ကျလေ၏။

**မန္ဒပုဂ္ဂိုလ်၏ မဂ္ဂဝီထိပုံ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| "န | ဒ | မ | ပ | ဥ | နု | ဂေါ | မဂ် |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |
| ဖိုလ် | ဖိုလ်" | ဘဝင် | ဘဝင် | | | | |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | | | | |

**တိက္ခပုဂ္ဂိုလ်၏ မဂ္ဂဝီထိပုံ**

| | | | | | | |
|---|---|---|---|---|---|---|
| "န | ဒ | မ | ဥ | နု | ဂေါ | မဂ် |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |
| ဖိုလ် | ဖိုလ် | ဖိုလ်" | ဘဝင် | ဘဝင် | | |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | | |

**ပစ္စဝေက္ခဏာဝီထိ။** ။ မဂ္ဂဝီထိနောက် ဘဝင်ကျ၍ ဘဝင်အစဉ်ပြတ်သည့်အခါ "ငါသည် ဤမဂ်ဖြင့် နိဗ္ဗာန်ကို ရပြီ" ဟု မဂ်ကို ဆင်ခြင်သောဝီထိ၊ "မဂ်၏ အကျိုးကို ခံစားရပေပြီ" ဟု ဖိုလ်ကိုဆင်ခြင်သော ဝီထိ၊ "ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရပေပြီ" ဟု နိဗ္ဗာန်ကို ဆင်ခြင်သော ဝီထိ၊ "ဤမျှသော ကိလေသာကို ပယ်ပြီးပြီ" ဟု ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သော ဝီထိ၊ "ဤမျှသော ကိလေသာများ ကျန်သေးသည်" ဟု ကြွင်းကျန်သည့် ကိလေသာကို ဆင်ခြင်သော ဝီထိ၊ ဤသို့ ပစ္စဝေက္ခဏာဝီထိငါးမျိုး ဖြစ်၏။

ပစ္စဝေက္ခဏာဝီထိငါးမျိုးအနက် မဂ်၊ ဖိုလ်နှင့် နိဗ္ဗာန်အသီးသီးကို ဆင်ခြင်သော ဝီထိသုံးပါးကား မုချဖြစ်ပေါ်ရ၏။ ကျန်ပစ္စဝေက္ခဏာဝီထိနှစ်ပါးကား အချို့ပုဂ္ဂိုလ်၌ ဖြစ်၍ အချို့ပုဂ္ဂိုလ်၌မဖြစ်။

သို့ဖြစ်၍ သောတာပတ္တိမဂ်ရပြီးနောက် ပစ္စဝေက္ခဏာငါးဝီထိ၊ သကဒါဂါမိမဂ်ရပြီးနောက် ငါးဝီထိ၊ အနာဂါမိမဂ်ရပြီးနောက် ငါးဝီထိ၊ အရဟတ္တမဂ်ရပြီးနောက် (ကြွင်းကျန်သည့် ကိလေသာမရှိ၍) လေးဝီထိ၊ ပေါင်း ပစ္စဝေက္ခဏာ ၁၉ ဝီထိဖြစ်ခွင့်ရှိသည်။

**ဉာဏဒဿနဝိသုဒ္ဓိ။** ။ သီလဝိသုဒ္ဓိမှစ၍ အောက်ဝိသုဒ္ဓိခြောက်ပါးကို အားထုတ်ခဲ့ရာတွင် မဂ်၏ ရှေ့နားရှိအနုလုံသို့ရောက်လျှင် အောက်ဝိသုဒ္ဓိခြောက်ပါး ပြည့်

http://www.dhammadownload.com



စုံလေပြီ။ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်နှင့် အရဟတ္တမဂ်ဟူသော မဂ်လေးပါးသည် ကိလေသာမှစင်ကြယ်၍ သစ္စာလေးပါးကို တိုက်ရိုက်သိတတ်သောကြောင့် 'ဉာဏဒဿနဝိသုဒ္ဓိ'ဟု အမည်ရကြ၏။

## လေ့ကျင့်ရန် မေးခွန်းများ

၁။ အာနာပါနကမ္မဋ္ဌာန်းအားထုတ်ရာ၌ ပဋိဘာဂနိမိတ်ထင်ခွင့် ရှိ မရှိဆုံးဖြတ်၍ ပဉ္စမဈာန်အထိ ရနိုင်သော ကမ္မဋ္ဌာန်းနှင့် ပဉ္စမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်းများကို ဖော်ပြပါ။ (၁၉၇၈)

၂။ ရူပဈာန်ကို ရပြီးနောက် အာရုပ္ပဈာန်လေးပါးကို ရရန် ပရိကမ်ပြုနည်းများကို အစဉ်အတိုင်း ဖော်ပြပါ။ (၁၉၇၈)

၃။ ဝိမောက္ခသုံးပါးကို ရေတွက်ပြ၍ မဂ်သည် ဝိမောက္ခသုံးပါးကွဲပြား၍ အမည်ရပုံကို ရှင်းပြပါ။ (၁၉၇၈)

၄။ မြတ်စွာဘုရား၏ဂုဏ်တော်ကိုးပါးကို ပွတီးစိပ်သောသူသည် ကမ္မဋ္ဌာန်း ၄၀ တို့တွင် အဘယ်ကမ္မဋ္ဌာန်းကို စီးဖြန်းနေသူဖြစ်ပါသနည်း။ (၁၉၇၉)

၅။ ဝိပဿနာဉာဏ် ၁၀ ပါးကို ရေတွက်ပြ၍ အဘယ်သို့ အားထုတ်သည်ကို ဝိပဿနာအားထုတ်သည်ဟု ခေါ်ပါသနည်း။ သိသာရုံရှင်းပြပါ။ (၁၉၇၉)

၆။ ဝိပဿနာကို ညစ်ညူးစေတတ်သည့်တရား ၁၀ ပါးကို ဖော်ပြပြီးလျှင် ဝိပဿနာအားထုတ်နေစဉ် မည်သည့်အခါ၌ အရောင်အလင်းစသော အထူးအဆန်းတို့သည် ဖြစ်ပေါ်လာတတ်ပါသနည်း။ (၁၉၇၉)

၇။ အောက်ပါပုဂ္ဂိုလ်များသည် သမထကမ္မဋ္ဌာန်းကို အားထုတ်လိုလျှင် မည်သည့် ကမ္မဋ္ဌာန်းမျိုးကို ရွေးချယ်အားထုတ်သင့်သနည်း။ စရိုက်နှင့် ကမ္မဋ္ဌာန်း ကိုက်ညီအောင် ဖော်ပြခဲ့ပါ။

(က) ဒေါသကြီးသူ၊ (ခ) တွေဝေငေးမောတတ်သူ၊ (ဂ) အတွေးအကြံများသူ၊ (ဃ) ပညာဉာဏ်ကြီးသူ၊ (င) သဒ္ဓါတရားထက်သန်သူ။ (၁၉၈၀)

၈။ ဗုဒ္ဓဘာသာနည်းဖြင့် ပထဝီကသိုဏ်းအစရှိသော သမထကမ္မဋ္ဌာန်းတစ်မျိုးမျိုးကို အားထုတ်ရသောသူအား အဆင့်ဆင့် နိမိတ်များပေါ်လာပုံနှင့် ဈာန်ရပုံကို ဖော်ပြခဲ့ပါ။ (၁၉၈၀)

၉။ သံသရာမှလွတ်မြောက်ရန်အလို့ငှာ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်အား မည်သည့်အခါ၌ ပုထုဇဉ်နယ်ဆုံး၍ အရိယာနယ် အစသို့ ရောက်သနည်း။ (၁၉၈၁)

၁၀။ လောကတွင် လူအမျိုးမျိုးရှိသည့်အနက်

(က) ကာမဂုဏ်ခင်မင်သူ

http://www.dhammadownload.com



(ခ) သည်းမခံတတ်, စိတ်ဆတ်သူ
(ဂ) ကံတရားကို ယုံကြည်အားထားသူတို့အား စိတ်ဓာတ် တည်ကြည်နိုင်မာရေးအတွက် သင့်လျော်သော ကမ္မဋ္ဌာန်းလုပ်ငန်းများကို ဖော်ပြပါ။ (၁၉၈၃)

၁၁။ အောက်ပါပုဂ္ဂိုလ်တို့သည် မည်သည့်အဘိညာဉ်ပိုင်ရှင်များ ဖြစ်ကြသနည်း။
(က) မိုးပျံမြေလျှိုး တန်ခိုးပြသူ၊ (ခ) ရှေးဖြစ်ဟောင်းအောက်မေ့နိုင်သူ၊
(ဂ) တစ်ဖက်သား၏စိတ်ဓာတ် သိတတ်သူ။ (၁၉၈၃)

၁၂။ 'သိပယ်ဆိုက်ပွား၊ လေးပါးအချက်၊ တစ်ပြိုင်နက်၊ မဂ်၏ကိစ္စတည်း' ဟူသော စကားကို ရှင်းလင်းဖော်ပြပါ။ (၁၉၈၃)

၁၃။ ရိုးရိုးလူသူတော်စင်နှင့် အရိယာသူတော်စင်တို့၏ နယ်ခြားမှတ်တိုင်သဖွယ်ဖြစ်သော စိတ်ကိုဖော်ပြ၍ ယင်းစိတ်၏အဓိပ္ပာယ်ကို ပြည့်စုံစွာရေးသားခဲ့ပါ။ (၁၉၈၃)

၁၄။ ဘာဝနာတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓနုဿတိဘာဝနာပွားများပုံ ပွားများနည်းကို ဖော်ပြ၍ ထိုသို့ပွားများလျှင် မည်သို့အချိန်အခါမျိုး၌ မည်သည့်သမာဓိများကို ရနိုင်ပါသနည်း။ ဖြေဆိုပါ။ (၁၉၈၄)

၁၅။ ယခုခေတ်တွင် 'အကြားအမြင်ရသည်'ဟု ပြောလေ့ရှိသူ ပေါ်များလှလေရာ ထိုသူတို့သည် ဒိဗ္ဗသောတ, ဒိဗ္ဗစက္ခုရသူများ ဖြစ်နိုင် မဖြစ်နိုင် သင်္ဂြိုဟ်ကျမ်းလာ အဘိညာဉ်ဖြစ်ပုံစကားရပ်ကို ထောက်ဆ၍ ဆုံးဖြတ်ပြပါ။ (၁၉၈၄)

၁၆။ သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို အသက်မွေးဝမ်းကျောင်းအတွက် ပွားများသင့်ပါသလား၊ မည်သို့သော ရည်မှန်းချက်ရှိသူသည်သာ ပွားများသင့်ပါသနည်း၊ သင်္ဂြိုဟ်ကျမ်းများနှင့်အညီ ဖြေဆိုပါ။ (၁၉၈၄)

၁၇။ ယခုခေတ်၌ သိပ္ပံပညာထွန်းကားသော ကမ္ဘာ့စက်မှုနိုင်ငံကြီးများ၌ပင် အာနာပါန ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်သူများရှိရာ ထိုအာနာပါနဿတိကမ္မဋ္ဌာန်း၏ ပင်ရင်းတရားကိုယ်နှင့် ပွားများအားထုတ်ရန် သင့်လျော်သော ပုဂ္ဂိုလ်, အထူးသင့်လျော်သောပုဂ္ဂိုလ်များကိုလည်း ညွှန်ပြပါ။ (၁၉၈၅)

၁၈။ ငတ်မွတ်ခေါင်းပါးသူတို့ကို ကူညီသောပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သောတရားကို အာရုံနှင့် တွဲဖက်ဖော်ပြ၍ ထိုတရားကို ဗုဒ္ဓဘာသာနည်းလမ်းတကျ ဆက်လက် အားထုတ်ပါက ရရှိနိုင်သော အကျိုးထူးတရားများကိုလည်း ဖြေဆိုပါ။ (၁၉၈၅)

http://www.dhammadownload.com



၁၉။ အောက်ပါပုဂ္ဂိုလ်တို့ကို ဗုဒ္ဓအဘိဓမ္မာဒေသနာနည်းအရ အမည်ပေးခဲ့ပါ။

(က) အပျော်အပါးလိုက်စားခြင်း, သူ တစ်ပါးကို ပျက်စီးစေလိုခြင်း လုံးဝ ကင်းရှင်းသူ။

(ခ) အပျော်အပါးလိုက်စားခြင်း, ခိုက်ရန်ဖြစ်ပွားခြင်း, တွေဝေမိန်းမော ခြင်း အထူးနည်းပါးသူ။

(ဂ) အယူမှားမှု, သို့လောသို့လောတွေးတောမှု လုံးဝကင်းရှင်းသူ။

(ဃ) အပျော်လိုက်စား, ခိုက်ရန်ပွား၍ မိုက်မှားတွေဝေတတ်သူ။ (၁၉၈၅)

၂၀။ အောက်ဖော်ပြပါတို့နှင့် သင့်လျော်သော (ယောဂီ) ပုဂ္ဂိုလ်နှင့် ကမ္မဋ္ဌာန်းတို့ကို ညွှန်ပြပါ။

(က) ရှုံ့ဖွယ်လိလိ ပိုးလောက်အတိ ထွက်လျက်ရှိသော လူသေကောင်၊

(ခ) ထိုင်းမှိုင်းတွေဝေနေသူ၊ (ဂ) ဉာဏ်ပညာအလွန်ထက်မြက်သူ။ (၁၉၈၆)

၂၁။ ရုပ်နာမ်ကို နိုင်နင်းစွာဝင်စားပြီး အစွမ်းထက်မြက်လာစေရန် မည်ကဲ့သို့ပြုလုပ် ရမည်ကို ရှင်းပြ၍ အဘိညာဉ်ဟုအမည်ရသောတရားများကိုလည်း ညွှန်ပြပါ။ (၁၉၈၆)

၂၂။ အဘယ်ဉာဏ်အမြင့်သို့ ရောက်သောအခါ ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာတရား ညစ်နွမ်းသွားကာ တရားသားမတက်ဘဲ ဆုတ်ယုတ်စေတတ်ပါသနည်း၊ ဖြေဆို၍ ယင်းဝိပဿနာဉာဏ် ညစ်နွမ်းဆုတ်ယုတ်စေတတ်သောတရားများကို လည်း ရှင်းလင်းဖော်ပြပါ။ (၁၉၈၆)

၂၃။ မြွေဟောက်ပမာ၊ ခေါင်းထောင်ကာဖြင့်၊ မြည်စွာရှူးရှဲ၊ ထူးကဲဖက်ပြိုင်၊ ကြီးနိုင် ငယ်ညှဉ်း၊ ပြုမူတတ်ခြင်းရှိသူအား မည်ကဲ့သို့သော ကမ္မဋ္ဌာန်းတရားများ ပေး၍ စိတ်နှလုံးနူးညံ့အောင် ပြုလုပ်ရမည်ကို ဖော်ပြပြီး အိပ်မပျော်သူများနှင့် အထူးသင့်လျော်သော အိပ်ဆေးထက်ကောင်းသည့် ကမ္မဋ္ဌာန်းတရားကိုလည်း ညွှန်ကြားခဲ့ပါ။ (၁၉၈၇)

၂၄။ မိမိစိတ်ကို နီဝရဏမြူမှေး အညစ်အကြေးတို့မှ ကင်းဝေးသန့်ရှင်းစင်ကြယ် ခြင်းရှိစေရန် အဘယ်ကဲ့သို့သော သမာဓိများ ရရှိရန်လိုအပ်သည်ကို ဖော်ပြ၍ 'ဂေါတြဘုစိတ်' ဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း အဘိဓမ္မာဆရာအလို ကျ ရှင်းလင်းဖော်ပြပါ။ (၁၉၈၇)

၂၅။ သမာဓိတရား အလွန်အားကောင်းသော အရိယာပုဂ္ဂိုလ်များ ကာယိကဒုက္ခ, စေတသိကဒုက္ခတို့မှကင်းဝေးပြီး မျက်မှောက်ဘဝ၌ နိဗ္ဗာန်ချမ်းသာကို ခုနစ် ရက်တိုင်တိုင် ခံစားနိုင်ရန် မည်သည့်သမာပတ်ကို ဝင်စားရမည်နည်း၊ ယင်း သမာပတ် ဝင်စားပုံအစီအစဉ်ကို ပြည့်စုံစွာဖော်ပြပါ။ (၁၉၈၇)

http://www.dhammadownload.com



**(၁၉၈၈ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ စာမေးပွဲမေးခွန်း အမေးအဖြေများကို ဤစာအုပ် နောက်ဆက်တွဲမှာ ကြည့်ပါ။)**

၂၆။ ယောဂီပုဂ္ဂိုလ်များ အစာအာဟာရ စားသုံးရာ၌ ရှုမှတ်ရမည့် ကမ္မဋ္ဌာန်းကို ရှုမှတ်ဆင်ခြင်ပုံနှင့်တကွ ရေးသား၍ တပ်မက်စွဲလမ်းမှုအားကြီးသော ပုဂ္ဂိုလ်အား သင့်လျော်မည့် ကမ္မဋ္ဌာန်းကိုလည်း ညွှန်ကြားခဲ့ပါ။ (၁၉၉၃)

၂၇။ အသုဘကမ္မဋ္ဌာန်းကို ရှုခြင်းနှင့် မေတ္တာပို့သခြင်းသည် အဘယ်အရာက အကျိုးပို၍ကြီးပါသနည်း၊ အကြောင်းပြဖြေဆို၍ ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သည့် ကမ္မဋ္ဌာန်းတို့ကိုလည်း ထုတ်ဖော်ရေးသားခဲ့ပါ။ (၁၉၉၃)

၂၈။ အယူ၏ အထူးစင်ကြယ်မှုဖြစ်အောင် ပွားများအားထုတ်ရမည့် ကမ္မဋ္ဌာန်းကို ထုတ်ပြ၍ သောတာပန်ပုဂ္ဂိုလ်တို့၏ ဂုဏ်ရည်များကိုလည်း စုံညီအောင် ရေးသား ဖြေဆိုခဲ့ပါ။ (၁၉၉၃)

၂၉။ 'ကာမရောဂါ ကိုယ်တွင်းနာကား ကုရာနတ္ထိ ဆေးမရှိ'ဟု အဆိုရှိလေရာ မြတ်ဗုဒ္ဓ အဘိဓမ္မာအရ ပျောက်ကင်းနိုင်သောနည်းလမ်းများကို ညွှန်ပြ၍ ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းတို့ကိုလည်း ဖြေဆိုပါ။ (၁၉၉၅)

၃၀။ အောက်ပါယောဂီတို့ အကျိုးရပုံချင်း ခြားနားဟန်ကို စိစစ်ပြပါ။

(က) ထွက်လေဝင်လေ ရှုမှတ်နေသော ယောဂီ

(ခ) အသုဘကမ္မဋ္ဌာန်း စီးဖြန်းနေသော ယောဂီ

(ဂ) မေတ္တာတရား ပွားများနေသော ယောဂီ။ (၁၉၉၅)

၃၁။ မိုးပျံမြေလျှိုး တန်ခိုးပြသူသည် မည်သည့်အဘိညာဉ်ပိုင်ရှင်ဖြစ်သည်ကို ဖြေဆို၍ နိရောဓသမာပတ်ဝင်စားနေစဉ် သေနိုင်၊ မသေနိုင်ကိုလည်း ခိုင်လုံသော အကြောင်းပြချက်နှင့် ဆုံးဖြတ်ချက်ချပြပါ။ (၁၉၉၅)

၃၂။ လောကတွင် လူအမျိုးမျိုးရှိသည့်အနက် (က) သည်းမခံတတ် စိတ်ဆတ်သူ၊ (ခ) ကံတရားကို ယုံကြည်အားထားသူတို့အား သင့်လျော်သော ကမ္မဋ္ဌာန်းလုပ်ငန်းများကို ဖြေဆိုပါ။ (၁၉၉၆)

၃၃။ 'မသာတစ်ခေါက် ကျောင်းဆယ်ခေါက်'ဟု ဆိုရိုးစကားရှိရာ အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းပွားများလျှင် ရရှိနိုင်သော အကျိုးတရားကို ရေး၍ မေတ္တာပွားများနေသော ယောဂီသည် မည်သည့်ဈာန်များ ရနိုင်သည်ကိုလည်း ဖြေဆိုပါ။ (၁၉၉၆)

၃၄။ ဝိပဿနာတရားအားထုတ်နေသော ယောဂီ၌ မဂ်ရခါနီးဖြစ်နိုင်သော စိတ်များကို ရေး၍ ယင်းစိတ်များသည် မည်သည့်အာရုံကို အာရုံပြုသည်ကိုလည်း ဖြေဆိုပါ။ (၁၉၉၆)

http://www.dhammadownload.com



၃၅။ ပုထုဇဉ်နှင့် အရိယာ ကွဲပြားသွားအောင် လူတန်းစားခွဲခြားသော ကာမဇော၏ (က) အမည်၊ (ခ) အာရုံ၊ (ဂ) လုပ်ဆောင်ချက်တို့ကို ဖြေဆိုပါ။ (၁၉၉၆)

၃၆။ ဝိတက်များ၍ အိပ်မပျော်သောသူအား သင့်လျော်သည့်ကမ္မဋ္ဌာန်းကို ညွှန်ကြား၍ မောဟစရိုက်၊ ဝိတက်စရိုက်ရှိသူတို့ ပွားများသင့်သော ကသိုဏ်းဝန်းပမာဏကိုလည်း ဖော်ပြခဲ့ပါ။ (၁၉၉၇)

၃၇။ ပထမဈာန်ရစေနိုင်သော ကမ္မဋ္ဌာန်းများကို ဖော်ပြ၍ နိမိတ်သုံးပါးနှင့် ဘာဝနာသုံးပါးကိုလည်း မမှားအောင် တွဲစပ်ပြပါ။

၃၈။ မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကို ပွားများသဖြင့် လက်ငင်းရနိုင်သောအကျိုးနှင့် ဖြစ်နိုင်သောဘာဝနာများကို ဖော်ပြပြီးလျှင် ဝိပဿနာတရားအားထုတ်မည့် ယောဂီများ စင်ကြယ်အောင်စောင့်ထိန်းရမည့် သီလလေးမျိုးကိုလည်း ဖြေဆိုခဲ့ပါ။ (၁၉၉၇)

၃၉။ 'ဝုဋ္ဌာနဂါမိနိဝိပဿနာ' အမည်ရှိသော ဉာဏ်တို့ကို ဖော်ပြ၍ ရဟန္တာပုဂ္ဂိုလ်များ ဧကန်ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိနှင့် အနေကန်ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများကိုလည်း ရေးခဲ့ပါ။ (၁၉၉၇)

၄၀။ လူအမျိုးမျိုး စရိုက်အထွေထွေရှိကြလေရာ လူ့ယဉ်ကျေးတို့အား ဖြစ်လေ့ဖြစ်ထရှိသော စရိုက်များကိုရေးသား၍ ဒေဝတာနုဿတိအဓိပ္ပာယ်နှင့် ယင်းဒေဝတာနုဿတိပွားများအားထုတ်ရန် သာမန်သင့်လျော်သော ပုဂ္ဂိုလ်နှင့် အထူးသင့်လျော်သောပုဂ္ဂိုလ်များကိုလည်း အသီးသီးဖော်ပြပါ။ (၁၉၉၈)

၄၁။ အရူပဈာန်လေးပါးတို့၏ အာရုံများကို အသီးသီးဖော်ပြပြီးလျှင် တစ်ပါးသူ၏ စိတ်ဓာတ်ကို သိသောသူသည် မည်သည့်အဘိညာဉ်ပိုင်ရှင်ဖြစ်သည်ကိုလည်း ရေးသားပါ။ (၁၉၉၈)

၄၂။ ပစ္စယသန္နိဿိတသီလနှင့်ပြည့်စုံစေရန် ပွားများနည်းကိုရေးသား၍ ဥဒယဗ္ဗယဉာဏ်သို့ ဆိုက်ရောက်သော ယောဂီတစ်ယောက်အား တွေ့ကြုံတတ်သော အခက်အခဲနှင့် ယင်းအခက်အခဲမှ လွတ်မြောက်အောင် မည်ကဲ့သို့ အားထုတ်ရမည်ကိုလည်း ဖြေဆိုပါ။ (၁၉၉၈)

၄၃။ မည်သို့သောပုဂ္ဂိုလ်မျိုးကို လောက၌ 'ရဟန္တာ' ဟု ခေါ်ဆိုကြ၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာများ အိမ်ထောင်သားမွေးခြင်းကိစ္စ ရှိ၊ မရှိကို အဘိဓမ္မာပညာရှင်ပီပီ ခွဲခြားဖြေဆိုပါ။ (၁၉၉၈)

၄၄။ အောက်ပါပုဂ္ဂိုလ်များ သမထကမ္မဋ္ဌာန်းကိုအားထုတ်လျှင် မည်သည့်ကမ္မဋ္ဌာန်းမျိုးကို အားထုတ်ရပါသနည်း၊ စရိုက်နှင့် ကမ္မဋ္ဌာန်း ကိုက်ညီအောင် ဖြေဆိုပါ။
(က) ပညာဉာဏ်ကြီးသူ၊ (ခ) သဒ္ဓါတရားထက်သန်သူ။ (၂၀၀၁)

http://www.dhammadownload.com



၄၅။ မောဟစရိုက်ရှိသူနှင့်သင့်လျော်သော ကသိုဏ်းဝန်းကို သတ်မှတ်ပြ၍ အသုဘကမ္မဋ္ဌာန်းရှုခြင်းနှင့် မေတ္တာပွားခြင်းသည် အဘယ်အရာက အကျိုးပိုကြီးသည်ကိုလည်း အဘိဓမ္မာပညာရှင်ပီပီ ဖြေဆိုပါ။ (၂၀၀၁)

၄၆။ နိမိတ်သုံးပါးနှင့် ဘာဝနာသုံးပါးကို တွဲစပ်ပြ၍ ဝိပဿနာတရား အားထုတ်မည့် ယောဂီများ စင်ကြယ်အောင် စောင့်ထိန်းရမည့် သီလလေးမျိုးကိုလည်း ဖြေဆိုပါ။ (၂၀၀၁)

၄၇။ လက်ရှိလူသားတို့ ခံစားနေကြသော လောကီချမ်းသာထက် သာလွန်ကောင်းမြတ်သော ချမ်းသာ ရှိ၊ မရှိ စိစစ်ပြ၍ ထိုချမ်းသာမျိုးရရှိအောင် မည်သည့်တရားကို အားထုတ်ရမည်ကိုလည်း အဘိဓမ္မာပညာရှင်ပီပီ ဖြေဆိုပါ။ (၂၀၀၁)

၄၈။ ဈာန်မဂ်ဖိုလ်ချမ်းသာကို ခံစားလိုသော အမျိုးသားသည် ဘာဝနာနှစ်ရပ်ကို အားထုတ်ရမည်ဟု အရှင်အနုရုဒ္ဓါဆရာ လမ်းညွှန်ခဲ့ရာ ယင်းဘာဝနာနှစ်ရပ်ကို ဖြေဆို၍ ယင်းတို့၏ အကျိုးသက်ရောက်မှု မည်သို့ခြားနားသည်ကိုလည်း ဖြေဆိုပါ။ (၂၀၀၂)

၄၉။ မိမိစားသောက်လိုသော အစားအာဟာရကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုမြင်ဆင်ခြင်လျှင် မည်သည့်ကမ္မဋ္ဌာန်းမျိုးဖြစ်သည်ကို ရေး၍ ယင်းကမ္မဋ္ဌာန်းကို မည်သို့သော ပုဂ္ဂိုလ်မျိုးသာ ဆင်ခြင်ပွားများနိုင်သည်ကိုလည်း ဖြေဆိုပါ။ (၂၀၀၂)

၅၀။ အရိယာပုဂ္ဂိုလ်သည် မိမိကိုယ်ကို အရိယာဖြစ်မှန်း သိ၊ မသိ စိစစ်ပြ၍ မည်သည့်အဆင့်သို့ရောက်မှ သောတာပန်ဖြစ်သည်ကိုလည်း အဘိဓမ္မာသဘာဝကျအောင် ဖြေဆိုပါ။ (၂၀၀၂)

၅၁။ ကမ္မဋ္ဌာန်းပိုင်းလာ သမထနှင့် ဝိပဿနာတို့၏ အဓိပ္ပာယ်ကို ကွဲပြားခြားနားအောင် ဖြေဆိုပြီးလျှင်၊ ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့် တရားဆယ်ပါးကိုလည်း ဖြေဆိုပါ။ (၂၀၀၃)

၅၂။ အောက်ပါပုဂ္ဂိုလ်များ သမထကမ္မဋ္ဌာန်းကို အားထုတ်လိုလျှင် မည်သည့်ကမ္မဋ္ဌာန်းမျိုးကို အားထုတ်ရပါသနည်း၊ စရိုက်နှင့် ကမ္မဋ္ဌာန်း ကိုက်ညီအောင် ဖြေဆိုပါ။ (က) နေရာတိုင်း ဒေါသခက်ထန်သူ၊ (ခ) ရတနာသုံးပါးကို အလွန်ကြည်ညိုသူ။ (၂၀၀၃)

၅၃။ အောက်ပါယောဂီတို့ အကျိုးရပုံချင်း ခြားနားပုံကို စိစစ်ပြပါ။

(က) ထွက်လေ, ဝင်လေ ရှုမှတ်နေသော ယောဂီ၊

(ခ) မေတ္တာတရား ပွားများနေသော ယောဂီ။ (၂၀၀၃)

http://www.dhammadownload.com



# စံပြမေးခွန်းများနှင့် အဖြေများ

အဖြေများကို ဆိုင်ရာမေးခွန်းတစ်ခုစီ၏ အောက်၌ လက်သည်းကွင်းအတွင်း ဖော်ပြထားပါသည်။

**အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ပထမဆင့် (၁၉၈၈ ခုနှစ်)**

၁။ သူတစ်ပါးပစ္စည်းကို မတရားလိုချင်သောသူတို့၌ ဖြစ်ပေါ်သည့် အကုသိုလ်စိတ်သရုပ်ကို တစ်ခုချင်းထုတ်ပြပါ။

(လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါးဖြစ်ပါသည်။

၁- သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁၊

၂- သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁၊

၃- ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁၊

၄- ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁၊)

၂။ 'စိတ်တစ်ခု ယုတ်ကိုးဆယ်'ဟူသော စကားကို 'စိတ်တစ်ခု၊ ရုပ်ကိုးဆယ်'ဟု သံတူကြောင်းကွဲ အကောက်လွဲလျက်ရှိရာ အမှန်ရောက်အောင် ရှင်းလင်းခဲ့ပါ။

(စိတ်သည် အကျဉ်းအားဖြင့် ၈၉ ပါး ရှိပါသည်။ ဤ၈၉ ပါးသည် ၉၀ ပြည့်ရန် တစ်ခု ယုတ်လျော့နေပါသဖြင့် 'စိတ်တစ်ခု ယုတ်ကိုးဆယ်'ဟု ဆိုခြင်းဖြစ်ပါသည်။)

၃။ လောကီနယ်ပယ်မှစိတ်များကို ဇာတိဘေဒနည်းအရ ဖော်ပြပါ။

(အကုသိုလ်စိတ် ၁၂ ပါး၊ လောကီကုသိုလ်စိတ် ၁၇ ပါး၊ လောကီဝိပါက်စိတ် ၃၂ ပါး၊ ကြိယာစိတ် ၂၀ ပါး၊ စုစုပေါင်း လောကီစိတ် ၈၁ ပါးဖြစ်ပါသည်။)

၄။ ပညာ၊ သညာ၊ ဝေဒနာ၊ စေတနာ၊ ကရုဏာဟူသော စေတသိက်တို့၏သဘောလက္ခဏာတို့ကို အသီးသီးရေးသားခဲ့ပါ။

(ပညာ = အာရုံ၏ သဘောမှန်ကိုသိမှုကိစ္စ၌ အစိုးရခြင်း သဘောလက္ခဏာ ရှိ၏။

သညာ = အာရုံ၏သဘောကို မှတ်သားခြင်းသဘောလက္ခဏာ ရှိ၏။

ဝေဒနာ = အာရုံ၏အရသာကို ခံစားခြင်းသဘောလက္ခဏာရှိ၏။

စေတနာ = အာရုံကို ယူရာ၌ သမ္ပယုတ်တရားတို့ကို မိမိတို့၏ ကိစ္စ အသီးသီး ဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းခြင်း သဘောလက္ခဏာရှိ၏။

ကရုဏာ = အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်း သဘောလက္ခဏာရှိ၏။)

http://www.dhammadownload.com



၅။ လိမ်ပြောမည်ကြံပြီးမှ မလိမ်တော့ဘဲ အမှန်ကို ပြောဆိုရာ၌ မည်သည့် စေတသိက် ဖြစ်ပါသနည်း။ ယင်းစေတသိက်နှင့် ယှဉ်ဘက်စိတ်များကိုပါ ဖော်ပြပါ။

(လိမ်ပြောမည်ကြံပြီးမှ မလိမ်တော့ဘဲ အမှန်ကို ပြောဆိုရာ၌ သမ္မာဝါစာ စေတသိက် ဖြစ်ပါသည်။ ယင်းစေတသိက်နှင့် ယှဉ်ဖက်စိတ်များမှာ မဟာကုသိုလ်စိတ် ရှစ်ပါး၊ လောကုတ္တရာစိတ် အကျဉ်းရှစ်ပါး၊ ပေါင်း ၁၆ ပါးဖြစ်ပါသည်။)

၆။ (က) ကြောင်းကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ ဘုရားရှိခိုးသူ၊

(ခ) ကြောင်းကျိုးမမြင် ဉာဏ်မထင်ဘဲ ဘုရားရှိခိုးသူတို့ရသော မဟာကုသိုလ်တို့ကို ဖော်ပြပါ။

[(က) မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးပါးဖြစ်ပါသည်။

(ခ) မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် လေးပါးဖြစ်ပါသည်။]

၇။ စိတ်တို့တွင် စေတသိက်အနည်းဆုံးယှဉ်သောစိတ်ကို ၎င်းယှဉ်ရာစေတသိက်နှင့်တကွ ဖော်ပြပါ။

(စိတ်တို့တွင် စေတသိက်အနည်းဆုံးယှဉ်သောစိတ်မှာ ဒွေပဉ္စဝိညာဏ် ၁၀ ဖြစ်ပါသည်။ ၎င်းယှဉ်ရာစေတသိက်မှာ သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါး ဖြစ်ပါသည်။)

၈။ အဟိတ်စိတ် ၁၈ ပါးတို့တွင် ဟိတ်တစ်ပါးသာရှိသော (ဧကဟိတ်) စိတ်ကို ဖော်ပြပါ။

[အဟိတ်စိတ် ၁၈ ပါးတို့တွင် ဟိတ်တစ်ပါးသာရှိသော (ဧကဟိတ်) စိတ် ဟူသည် မရှိပါ။]

၉။ 'ကြည့်သောသူ မြင်၏' ဟု ဆိုရာဝယ် မြင်မှုကိစ္စကို အဘယ်စိတ်က ဆောင်ရွက်ပေးပါသနည်း၊ ပြေဆို၍ ယင်းစိတ်၏ အာရုံကိုလည်း သိသာရုံဖော်ပြခဲ့ပါ။

(မြင်မှုကိစ္စကို စက္ခုဝိညာဏ်ဒွေက ဆောင်ရွက်ပေးပါသည်။

ယင်းစိတ်၏ အာရုံမှာ ရူပါရုံ ဖြစ်ပါသည်။)

၁၀။ အဘယ်ကို မနောဓာတ်ဟု ခေါ်ပါသနည်း၊ ဖော်ပြ၍ ယင်းမနောဓာတ်၏ မှီရာဝတ္ထုကိုလည်း ပြဆိုပါ။

(ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေတို့ကို မနောဓာတ်ဟု ခေါ်ပါသည်။ ယင်းမနောဓာတ်၏ မှီရာဝတ္ထုမှာ ဒဟာယဝတ္ထု ဖြစ်ပါသည်။)

http://www.dhammadownload.com



## အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ဒုတိယဆင့် (၁၉၈၈ ခုနှစ်)

၁။ မေးခွန်းစာရွက်ကို ကြည့်မြင်ခိုက် စာဖြေသူ၌ ဖြစ်ပေါ်လျက်ရှိသော ဝီထိစိတ်အစဉ်ကို ရေးသားဖော်ပြပါ။

(အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်တို့ဖြစ်ပါသည်။)

၂။ ဝိသယပ္ပဝတ္တိခြောက်မျိုးကို ပဉ္စဒွါရ၊ မနောဒွါရအရ ခွဲခြား၍ဖော်ပြပါ။

(ပဉ္စဒွါရ၌ ဝိသယပ္ပဝတ္တိလေးမျိုးဖြစ်သည်။ အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံတို့ ဖြစ်သည်။

မနောဒွါရ၌ ဝိသယပ္ပဝတ္တိနှစ်မျိုးဖြစ်သည်။ ဝိဘူတာရုံ၊ အဝိဘူတာရုံတို့ ဖြစ်သည်။

၃။ ပုဂ္ဂိုလ် ၁၂ ယောက်ကို ရေတွက်ဖော်ပြ၍ ရဟန္တာပုဂ္ဂိုလ်များသည် မြတ်စွာဘုရားကို ရှိခိုးရာဝယ် ကုသိုလ်ရကြပါသလော၊ ဖြေဆိုပြပါ။ (ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် တစ်ယောက်၊ သုဂတိအဟိတ်ပုဂ္ဂိုလ် တစ်ယောက်၊ ဒွိဟိတ်ပုဂ္ဂိုလ် တစ်ယောက်၊ တိဟိတ်ပုဂ္ဂိုလ် တစ်ယောက်၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့ ဖြစ်ပါသည်။ ရဟန္တာများသည် မြတ်စွာဘုရားကို ရှိခိုးရာဝယ် ကုသိုလ်မရကြပါ။)

၄။ အလှည့်ကျအကျိုးပေးသော ကံလေးမျိုးကို အစဉ်ကျကျဖော်ပြ၍ ကဋတ္တာကံ၏သဘောကို သိသာရုံဖြေဆိုခဲ့ပါ။

(ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံတို့ဖြစ်ပါသည်။ ကဋတ္တာကံသည် သာမန်ပြုလုပ်အပ်သောကံဖြစ်ပြီး အကျိုးပေးကာမျှဖြစ်သောကံမျိုးဖြစ်သည်။)

၅။ ခါးပိုက်နှိုက်ခေါင်းဆောင်က 'ဤရွှေဆွဲကြိုးကို ခိုးဖြတ်ခဲ့' ဟု ခိုင်း၍တပည့်က ခိုးခဲ့ရာဝယ် ခေါင်းဆောင်၌ဖြစ်သော ခိုးမှုသည် ကာယကံလော၊ ဝစီကံလော၊ အကြောင်းပြဖြေဆိုပါ။

(ခါးပိုက်နှိုက်ခေါင်းဆောင်၌ဖြစ်သော ခိုးမှုသည် ကာယကံဖြစ်သည်။ အကြောင်းမှာ ခိုးမှုသည် အဒိန္နာဒါနကံဖြစ်၍ ကာယဒွါရ၌ အဖြစ်များသော ကာယကံဖြစ်သည်။)

၆။ (က) ဆွမ်းလောင်းသူ၊ (ခ) မိဘရှိသေသူ၊ (ဂ) အမျှဝေသူ၊ (ဃ) တံမြက်လှည်းသူ၊ (င) တရားနာသူတို့၌ဖြစ်သော ပုညကြိယဝတ္ထုတို့ကို အသီးသီး ယှဉ်တွဲ ဖော်ပြပါ။

[(က) ဆွမ်းလောင်းသူ = ဒါန၊ (ခ) မိဘရှိသေသူ = အပစာယန။

(ဂ) အမျှဝေသူ = ပတ္တိဒါန၊ (ဃ) တံမြက်လှည်းသူ = ဝေယျာဝစ္စ။

(င) တရားနာသူ = ဓမ္မသဝန။]

http://www.dhammadownload.com



၇။ မိန်းမ ယောက်ျား ကွဲပြားစေသော ရုပ်များကို ဖော်ပြ၍ ရုပ် ၂၈ ပါးတွင် ရုပ်တစ်မျိုးတည်းက အမည်နှစ်မျိုးဖြင့် ပါဝင်နေသောရုပ်ကို ကျမ်းလာအတိုင်း ဖော်ပြပါ။

(မိန်းမ ယောက်ျား ကွဲပြားစေသော ရုပ်များမှာ ဣတ္ထိဘာဝရုပ်နှင့် ပုရိသဘာဝရုပ်တို့ ဖြစ်သည်။ ရုပ် ၂၈ ပါးတွင် ဇာတိရုပ်သည် ဥပစယရုပ်၊ သန္တတိရုပ်ဟူ၍ အမည်နှစ်မျိုးဖြင့် ပါဝင်သည်။)

၈။ သက်ရှိသတ္တဝါများ သွားလာလှုပ်ရှား စကားဆိုနိုင်အောင် ပြုလုပ်ပေးသော စိတ်များကို ရေးသားပြပါ။

(ဝုဋ္ဌော ခေါ် မနောဒွါရာဝဇ္ဇန်းစိတ်၊ ကာမဇော ၂၉ ပါး၊ အဘိညာဏ်ဒွေဟူ၍ စိတ် ၃၂ ပါး ဖြစ်ပါသည်။)

၉။ အာဟာရပြည့်ဝမှ လူကျန်းမာသည်ဟု ဆိုကြရာဝယ် အစားအစာတွင် ပါဝင်သော အာဟာရဓာတ်တို့သည် ဘယ်အခါမှစ၍ လူကို အားဖြစ်စေပါသနည်း။ အဘိဓမ္မာနည်းကျ ဖြေဆိုပြပါ။

(အစားအစာကို လူတို့ စားမျိုသောအခါ ထိုအစာ၌ပါသော အာဟာရဓာတ်တို့သည် အဇ္ဈတ္တအာဟာရနှင့် ပူးပေါင်းမိပြီး ဌီကာလမှစ၍ လူကို အားဖြစ်စေပါသည်။)

၁၀။ လူသားတစ်ဦး၏ဘဝတွင် အစဆုံးဖြစ်သောရုပ်နှင့် နောက်ဆုံးဖြစ်သောရုပ်တို့ကို ရုပ်ဖြစ်စဉ်နှင့် ရုပ်လေးမျိုး နောက်ဆုံးချုပ်ပုံကို မျှော်ချင့်၍ ဖော်ပြခဲ့ပါ။

(လူသားတစ်ဦး၏ဘဝတွင် အစဆုံးဖြစ်သောရုပ်မှာ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ကမ္မဇကလာပ်သုံးစည်းဖြစ်သည်။ ထိုကလာပ်တို့တွင် ပါဝင်သောရုပ်များမှာ ကာယပသာဒရုပ်၊ ဘာဝရုပ်၊ ဟဒယဝတ္ထု၊ ဇီဝိတရုပ်နှင့် အဝိနိဗ္ဘောဂရုပ် ရှစ်ပါးဖြစ်ပါသည်။ နောက်ဆုံးဖြစ်သောရုပ်မှာ ဥတုဇရုပ်ဖြစ်သည်။ ဥတုကြောင့်ဖြစ်သောရုပ်များမှာ သဒ္ဒ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ အာကာသဓာတ်နှင့် အဝိနိဗ္ဘောဂရုပ် ရှစ်ပါးတို့ ဖြစ်ကြသည်။)

## အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ဒုတိယဆင့် (၁၉၈၈)

၁။ မဟာသမုဒ္ဒရာရှိ ဝဲဂယက်ကြီးများကဲ့သို့ သတ္တဝါများအား ဝင့်ဆင်းရဲ၌ ဆွဲသွင်း နှစ်မြှုပ်တတ်သောတရားများကို ဖော်ပြ၍ အတ္တဝါဒုပါဒါန်တရား၏ တရားကိုယ်ကိုလည်း ဖြေဆိုခဲ့ပါ။

(ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃတို့ ဖြစ်ပါသည်။ အတ္တဝါဒုပါဒါန်၏ တရားကိုယ်မှာ ဒိဋ္ဌိဖြစ်ပါသည်။)

http://www.dhammadownload.com



၂။ လူမှာရှိသော ရုပ်ဣန္ဒြေများကို တရားကိုယ်နှင့်တကွ ဖော်ပြပါ။

(စက္ခုန္ဒြေ = စက္ခုပသာဒရုပ် ၊ ကာယိန္ဒြေ = ကာယပသာဒရုပ်
သောတိန္ဒြေ = သောတပသာဒရုပ် ၊ ဣတ္ထိန္ဒြေ = ဣတ္ထိဘာဝရုပ်
ဃာနိန္ဒြေ = ဃာနပသာဒရုပ် ၊ ပုရိသိန္ဒြေ = ပုရိသဘာဝရုပ်
ဇိဝှိန္ဒြေ = ဇိဝှာပသာဒရုပ် ၊ ဇီဝိတိန္ဒြေ = ဇီဝိတရုပ်။)

၃။ ကိုယ်ခန္ဓာဖွံ့ဖြိုးရေးအတွက် ကလေးများကို အာဟာရတိုက်ကျွေးကြရာ အစားအစာကိုသာ အာဟာရဟု ဆိုပါသလား။ အခြားအာဟာရများ ရှိသေးက ထုတ်ပြ၍ ကုသိုလ်တရား တိုးပွားအောင် ကြိုးစားမှုသည် အဘယ်တရားဖြစ်ပါသနည်း။

(အစားအစာကိုသာ အာဟာရဟု မဆိုပါ။ အခြားအာဟာရများ ရှိပါသေးသည်– ဖဿာဟာရ၊ မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရတို့ဖြစ်ပါသည်။ ကုသိုလ်တရားတိုးပွားအောင်ကြိုးစားမှုသည် သမ္မပ္ပဓာန်တရားဖြစ်ပါသည်။)

၄။ သိပ္ပံနည်းဖြင့် ရေကို ဓာတ်ခွဲလျှင် ဓာတ်နှစ်မျိုးရသကဲ့သို့ အဘိဓမ္မာနည်းဖြင့် ရေကို ဓာတ်ခွဲကြည့်လျှင် ဓာတ်ဘယ်နှစ်မျိုး ရနိုင်သနည်း။ ရနိုင်သော ဓာတ်အမည်များကို ဖော်ပြပါ။

(ရေတွင် ရနိုင်သော ဓာတ်များမှာ ရူပဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်နှင့် ဓမ္မဓာတ်တို့ ဖြစ်ပါသည်။)

၅။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ရပ်ဝယ် အဝိဇ္ဇာနှင့် တဏှာဟူသော အတိတ်အကြောင်းနှစ်ပါးသာ ထင်ရှားတွေ့ရပါလျက် အတိတ်အကြောင်းငါးပါးဟု ပြောဆိုနိုင်အောင် အဘယ်တရားများကို သွင်းယူပါသနည်း။ ဖြေဆို၍ ကမ္မဝဋ်အရကိုလည်း ကောက်ပြပါ။

(အဝိဇ္ဇာ၊ တဏှာတို့နှင့်အတူ ဥပါဒါန်၊ သင်္ခါရ၊ ဘဝတို့ကို သွင်းယူပါသည်။ ကမ္မဝဋ်အရ သင်္ခါရနှင့် ကမ္မဘဝတို့ကို ရပါသည်။)

၆။ ရေဒီယိုမှသီချင်းသံသည် နားဆင်သူ၏ စိတ်အစဉ်အား အဘယ်ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုပါသနည်း၊ ဖော်ပြလျက် ၂၄ ပစ္စည်းကို အကျဉ်းချုပ်က ရရှိသောပစ္စည်းတို့ကိုလည်း ဖြေဆိုခဲ့ပါ။

(ရေဒီယိုမှသီချင်းသံသည် နားဆင်သူ၏ စိတ်အစဉ်အား ပုရေဇာတပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။ အာရမ္မဏ၊ အတ္ထိ၊ အဝိဂတပဋ္ဌာန်းပစ္စည်းတို့ဖြင့်လည်း ကျေးဇူးပြုပါသည်။ ၂၄ ပစ္စည်းကို အကျဉ်းချုပ်လျှင် အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိဟူ၍ ပစ္စည်းလေးမျိုးရပါသည်။)

http://www.dhammadownload.com



၇။ အတ္တပညတ်ခေါ်ခြင်းအကြောင်းကို သိသာရုံဖြေဆို၍ အောက်ပါတို့၏ ပညတ်အမည်များကိုလည်း အသီးသီးဖော်ပြပါ။

(က) မာနကြီးသူ၊ (ခ) မြန်မာ့အသံ၊ (ဂ) ရုပ်ရှင်မင်းသမီး။

(အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့် အတ္ထပညတ်ဟု ခေါ်ပါသည်။

မာနကြီးသူ = ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊

မြန်မာ့အသံ = အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်၊

ရုပ်ရှင်မင်းသမီး = အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။)

၈။ စရိုက်ကြမ်းသည်ဟု ပြောဆိုနေကြရာ ကြမ်းသောစရိုက်များကို အဘိဓမ္မာကျမ်းလာအရ ဖော်ပြ၍ စိတ်ပျံ့လွင့်သူအတွက် သင့်လျော်သော ကမ္မဋ္ဌာန်းကိုလည်း ညွှန်းခဲ့ပါ။

(အဘိဓမ္မာကျမ်းလာအရ ကြမ်းသောစရိုက်များမှာ– ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်တို့ ဖြစ်ကြသည်။ စိတ်ပျံ့လွင့်သူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းမှာ အာနာပါနကမ္မဋ္ဌာန်းဖြစ်သည်။)

၉။ တရားအားထုတ်လျက်ရှိသော ယောဂီပုဂ္ဂိုလ်အား တရားသားတက်၍ ရင့်ကျက်လာသည့်အခါ ဖြစ်ပေါ်လာသော ဥပစာရဘာဝနာ၌ ရနိုင်သော ကမ္မဋ္ဌာန်းတို့ကို ဖော်ပြပါ။

(ဥပစာရဘာဝနာ၌ရနိုင်သော ကမ္မဋ္ဌာန်းတို့မှာ – ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်ဟူ၍ ကမ္မဋ္ဌာန်း ၁၀ ပါးဖြစ်ပါသည်။)

၁၀။ ဂေါတြဘုစိတ်ဖြစ်ပုံကို အဘိဓမ္မာကျမ်းလာအရ ပြည့်စုံစွာဖော်ပြ၍ သောတာပတ္တိမဂ်ရက ပယ်နိုင်သော ကိလေသာတို့ကိုလည်း ပြဆိုပါ။

(မန္ဒပုဂ္ဂိုလ်၏မဂ္ဂဝီထိပုံ ... "န–ဒ–မ–ပ–ဉ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်" – ဘဝင်–

တိက္ခပုဂ္ဂိုလ်၏မဂ္ဂဝီထိပုံ ... "န–ဒ–မ–ဉ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်" ဘဝင်–

န = ဘဝင်္ဂစလန၊ ဒ = ဘဝင်္ဂုပစ္ဆေဒ၊ မ = မနောဒွါရာဝဇ္ဇန်း၊ ပ = ပရိကမ်၊ ဉ = ဥပစာ၊ နု = အနုလုံ၊ ဂေါ = ဂေါတြဘုစိတ်။

ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖြတ်ကျော်၍ အရိယာအနွယ်ကို ဖြစ်စေသောအားဖြင့် ဖြစ်ပေါ်လာပါသည်။

http://www.dhammadownload.com



သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါးကို ပယ်သည်။)

အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ပထမဆင့် (၁၉၇၉)

၁။ လှူဒ္ဓိဖြစ်သော အကုသိုလ်စိတ်တို့တွင် ဒေါသကြောင့်ဖြစ်သောစိတ်၊ မောဟကြောင့်ဖြစ်သောစိတ်တို့ကို တစ်ခုစီထုတ်ပြ၍ ဥပေက္ခာ, သောမနဿ, ဒေါမနဿ မည်မျှစီရှိသည်ကိုလည်း အပေါင်းသချာမျှ ဖော်ပြပါ။

(ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ခု၊
ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်သသင်္ခါရိကစိတ်တစ်ခု၊
ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် တစ်ခု၊
ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် တစ်ခု၊
ဥပေက္ခာခြောက်ပါး၊ သောမနဿလေးပါးနှင့် ဒေါမနဿနှစ်ပါးရှိပါသည်။)

၂။ ယှဉ်ဖက်ဟိတ်မရှိသော ကြိယာစိတ်များကို ထုတ်ဖော်ပြ၍ အဟိတ်စိတ်လာ ကာယဝိညာဏ်နှစ်ခု၏ ထူးခြားချက်ကိုလည်း ရေးပြပါ။

(အဟိတ်ကြိယာစိတ်သုံးပါးရှိပါသည်။ ၎င်းတို့မှာ – ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ဥပေက္ခာသဟဂုတ်မနောဒွါရာဝဇ္ဇန်းစိတ်၊ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်တို့ ဖြစ်ပါသည်။ ကာယဝိညာဏ်စိတ်နှစ်ခုအနက် တစ်ခုသည် အကုသလဝိပါက်ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်ဖြစ်ပြီး ကျန်တစ်ခုသည် ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်ပါသည်။)

၃။ မိခင်ဘုရားရှိခိုးသည်ကိုအတုယူ၍ မိခင်ဗောမှ ဝမ်းမြောက်ဝမ်းသာဖြင့် ဘုရားရှိခိုးသောကလေးငယ်အား မည်သည့်ကုသိုလ်စိတ် ဖြစ်ပါသနည်း၊ ဖော်ပြ၍ သောတာပတ္တိမဂ်စိတ် အကျယ်ငါးပါးကိုလည်း ရေးပြခဲ့ပါ။

(သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကမဟာကုသိုလ်စိတ် ဖြစ်ပါသည်။)

ပထမဈာန် သောတာပတ္တိမဂ်စိတ်၊ ဒုတိယဈာန် သောတာပတ္တိမဂ်စိတ်၊ တတိယဈာန် သောတာပတ္တိမဂ်စိတ်၊ စတုတ္ထဈာန်သောတာပတ္တိမဂ်စိတ်၊ ပဉ္စမဈာန် သောတာပတ္တိမဂ်စိတ်တို့ ဖြစ်ပါသည်။)

၄။ အောက်ပါစေတသိက်များ၏ သဘောလက္ခဏာများကို မှန်ကန်အောင် ရေးပြပါ– စေတနာ၊ သဒ္ဓါ၊ ပီတိ၊ သတိ၊ စိတ္တပဿဒ္ဓိ။

(စေတနာ = စေ့ဆော်တိုက်တွန်းခြင်းသဘော၊
သဒ္ဓါ = ဘုရား၊ တရား၊ သံဃာ စသည့် ကုသိုလ်အာရုံ၌ ယုံဉ်ဖက် တရားတို့ကို ကြည်လင်စေခြင်း, ယုံကြည်စေခြင်းသဘော)

http://www.dhammadownload.com



ပီတိ = အာရုံကို နှစ်သက်ခြင်းသဘော၊
သတိ = ကုသိုလ်အာရုံ၌ ယှဉ်ဖက်တရားတို့ကို အောက်မေ့အမှတ်ရစေခြင်းသဘော၊
စိတ္တပဿဒ္ဓိ = စိတ်၏ငြိမ်းအေးခြင်းသဘော။)

၅။ အောက်ပါတို့၌ မည်သည့်စေတသိက်များဖြစ်သည်ကို အမည်မှည့်ညွှန်ပြခဲ့ပါ–
(က) ဆရာ, မိဘ စကားဟူသော အာရုံကို နှလုံးသွင်းမှု၊
(ခ) အာရုံတစ်ပါး စိတ်မသွားဘဲ စိတ်တည်ကြည်မှု၊
(ဂ) အရာရာကို လိုလားတောင့်တခြင်း၊
(ဃ) ဘုရား, တရား၌ ယုံမှားသံသယဖြစ်ခြင်း၊
(င) တည်ငြိမ်မှုမရှိဘဲ စိတ်ပျံ့လွင့်ခြင်း။
[(က) မနသိကာရ၊ (ခ) ဧကဂ္ဂတာ၊ (ဂ) ဆန္ဒ၊ (ဃ) ဝိစိကိစ္ဆာ၊ (င) ဥဒ္ဓစ္စ]

၆။ လူတို့ ခေါ်ဝေါ်သုံးစွဲလေ့ရှိသော 'ပညာ' ဟူသောစကားသည် အဘယ် စေတသိက်၏ အမည်ဖြစ်ပါသနည်း။ ဖော်ပြ၍ ယင်းပညာနှင့်ယှဉ်သော စိတ်တို့ကိုလည်း အကျဉ်းသချုပ်မျှ ဖော်ထုတ်ရေးပြပါ။
(ပညိန္ဒြေစေတသိက် ဖြစ်ပါသည်။ ပညာနှင့်ယှဉ်သောစိတ်တို့မှာ ကာမာဝစရသောမနဿ, ဥပေက္ခာဉာဏသမ္ပယုတ်စိတ် ၁၂ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇ ပါး၊ လောကုတ္တရာစိတ် ၈ပါးတို့ ဖြစ်ပါသည်။)

၇။ အကြောင်းတရားဖြစ်သော ဟိတ်ခြောက်ပါးသရုပ်ကို ဖော်ပြ၍ ယင်းဟိတ်ခြောက်ပါးကို ကုသိုလ်, အကုသိုလ်, အဗျာကတဟိတ်အားဖြင့် ဝေဖန်ပြပါ။
(ဟိတ်ခြောက်ပါးမှာ – လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟတို့ ဖြစ်သည်။
ကုသိုလ်ဟိတ် သုံးပါး = အလောဘ၊ အဒေါသ၊ အမောဟ၊
အကုသိုလ်ဟိတ် သုံးပါး = လောဘ၊ ဒေါသ၊ မောဟ၊
အဗျာကတဟိတ် သုံးပါး = အလောဘ၊ အဒေါသ၊ အမောဟ။)

၈။ လူသားတို့၌ ချမ်းသာမှု (သုခ)၊ ဆင်းရဲမှု (ဒုက္ခ) ဝေဒနာတို့ကို ခံစားရသည့်အခါ ယင်းဝေဒနာတို့နှင့်တကွ ဖြစ်သောစိတ်တို့ကို ခွဲခြားရေးပြပါ။
(ချမ်းသာမှုဝေဒနာကို ခံစားရသည့်အခါ ကုသလဝိပါက် သုခသဟဂုတ်ကာယဝိညာဏ်စိတ် ဖြစ်ပါသည်။ ဆင်းရဲမှုဝေဒနာကို ခံစားရသည့်အခါ အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်ပါသည်။)

http://www.dhammadownload.com



၉။ သင်၏ခန္ဓာကိုယ်၌ရှိသော ဒွါရခြောက်ခုတို့တွင် 'မနောဒွါရ'ဟူသည် အဘယ် အရာကို ခေါ်ဆိုပါသနည်း၊ ဖော်ပြ၍ ယင်းမနောဒွါရ၌ဖြစ်သောစိတ်တို့ကို လည်း အကျဉ်းသချာသရုပ်မျှ ရေးပြပါ။
(မနောဒွါရဟူသော ဘဝင်စိတ် ၁၉ ပါးကိုခေါ်ပါသည်။ မနောဒွါရ၌ဖြစ်သော စိတ်တို့မှာ-
မနောဒွါရာဝဇ္ဇန်း တစ်ပါး၊ ဇောစိတ် ၅၅ ပါး၊ တဒါရုံစိတ် ၁၁ ပါး၊ ပေါင်း ၆၇ ပါး ဖြစ်ပါသည်။)

၁၀။ ကာမဘုံသားတိုင်း၌ ရရှိသောဝတ္ထုရုပ်များကို ရေတွက်ပြ၍ အရူပဗြဟ္မာများ ၌ မည်သည့်ဝတ္ထုရုပ်များ ရှိသည်၊ မရှိသည်ကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။
(စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု တို့ဖြစ်ပါသည်။ အရူပဗြဟ္မာများ၌ မည်သည့်ဝတ္ထုရုပ်မျှ မရှိပါ။)

## အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ဒုတိယဆင့် (၁၉၈၉ ခုနှစ်)

၁။ စိတ်တစ်ခုကို အဘိဓမ္မာနည်းအရ အသေးစိတ်လေ့လာပါက ရနိုင်သောအချက် သုံးချက်ကို တစ်ခုစီရေတွက်ပြပြီးလျှင် အဝိဘူတာရုံဝီထိ၌ဖြစ်ခွင့်ရှိသော ဝီထိ စိတ်တို့ကိုလည်း အမည်မျှဖော်ပြပါ။
(စိတ်တစ်ခုတွင် ဥပါဒ်၊ ဋ္ဌီ၊ ဘင် = ဖြစ်၊ တည်၊ ပျက် ဟူ၍ အချက်သုံးချက် ရှိပါ သည်။ အဝိဘူတာရုံဝီထိ၌ဖြစ်ခွင့်ရှိသော ဝီထိစိတ်တို့မှာ မနောဒွါရာဝဇ္ဇန်းနှင့် ဇောစိတ်တို့ ဖြစ်ပါသည်။)

၂။ စိတ်၏စွမ်းအင်အထူးကို ရရှိထားကြသော ဈာနလာဘီပုဂ္ဂိုလ်များ အစဉ်းစွာ စိတ်ဖြစ်စဉ်အခါဝယ် ပါဝင်ခဲ့သော ကာမဇောတို့၏အမည်နှင့် စိတ်သရုပ်တို့ ကို အသီးသီးဖြေဆိုပါ။
(ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုတို့ဖြစ်ပါသည်။ ဤဥပစာရသမာဓိဇော အဖြစ် ဆောင်ရွက်နိုင်ကြသောစိတ်တို့မှာ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးပါးနှင့် မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးပါးတို့ ဖြစ်သည်။)

၃။ (က) ချစ်သူကိုမြင်သောအခါ၊ (ခ) မုန်းသူကိုမြင်သောအခါတို့၌ဖြစ်သော စက္ခုဝိညာဏ်(မြင်စိတ်) ချင်း ခြားနားပုံကို ရှင်းပြပြီးလျှင် လူ့လောကတွင် 'ဒေါသမရှိသော ပုဂ္ဂိုလ်များ' ရှိကောင်းပါက ထုတ်ပြပါ။
(ချစ်သူသည် ဣဋ္ဌာရုံဖြစ်၍ ကုသလဝိပါက်စက္ခုဝိညာဏ်ဖြစ်သည်။ မုန်းသူ သည် အနိဋ္ဌာရုံဖြစ်၍ အကုသလဝိပါက် စက္ခုဝိညာဏ်ဖြစ်သည်။ ဒေါသမရှိ သော ပုဂ္ဂိုလ်များ ရှိကောင်းပါသည်။ အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ပါသည်။)

http://www.dhammadownload.com



၄။ သုံးဆယ့်တစ်ဘုံသံသရာဝယ် အရိယာပုဂ္ဂိုလ်များ ဖြစ်ခြင်းမရှိသော ဘုံများကိုသာ ဖော်ပြပြီးလျှင် 'တစ်ဘဝအတွင်း၌ တူမြဲတရားသုံးပါး' ကိုလည်း ရေတွက်ပြပါ။

(အပါယ်လေးဘုံနှင့် အသညသတ်ဘုံတို့ ဖြစ်ပါသည်။ တစ်ဘဝအတွင်း၌ တူမြဲဖြစ်သော တရားသုံးပါးမှာ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့ ဖြစ်ကြသည်။)

၅။ အကျိုးပေးရာကာလအားဖြင့် ကံလေးပါးတို့ကို ဖြေဆိုပြီးလျှင် ရှင်ဒေဝဒတ် မြေမျိုခံရခြင်းသည် မည်သည့်ကံဖြစ်သည်ကိုလည်း ရှင်းလင်းပြပါ။

(အကျိုးပေးရာကာလအားဖြင့် ကံလေးပါးမှာ ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒနီယကံ၊ အဟောသိကံတို့ ဖြစ်ကြသည်။ ရှင်ဒေဝဒတ် မြေမျိုခံရခြင်းသည် ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်ပါသည်။)

၆။ သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်းကို စိတ်အားဖြင့် ပြစ်မှားနေသူသည် (က) မည်သည့်ဒုစရိုက်ကို ကျူးလွန်နေရာရောက်ပါသနည်း၊ (ခ) ယင်းသို့ ဒုစရိုက်မဖြစ်ဘဲ သုစရိုက်ဖြစ်လာရန် မည်သို့ပြုသင့်ပါသနည်း၊ အသီးသီး ဖြေဆိုပါ။

[(က) ဗျာပါဒဒုစရိုက်ကို ကျူးလွန်ပါသည်၊ (ခ) သူတစ်ပါးပျက်စီးရာပျက်စီးကြောင်းကို မကြံစည်တော့ဘဲ ဘုရားဂုဏ်စသည်ကို အာရုံယူ၍ မိမိစိတ်ကို ပြုပြင်ရပါသည်။]

၇။ ဘဝတစ်ခု၏ (က) ပထမစိတ်နှင့် (ခ) နောက်ဆုံးစိတ်တို့ကို အဘိဓမ္မာဝေါဟာရဖြင့် ဖော်ပြပြီးလျှင်၊ (ဂ) ထိုစိတ်တို့၏ အာရုံကိုလည်း ပြည့်စုံအောင် ဖော်ပြပါ။

[(က) ပဋိသန္ဓေစိတ်၊ (ခ) စုတိစိတ်၊ (ဂ) ကံနိမိတ် သို့မဟုတ် ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်]

၈။ ရေကို အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ကြည့်လျှင် ပရမတ်ရုပ်ပေါင်း အသောင်းမက ပါဝင်လျက်ရှိပေသည်။ သို့ရာတွင် အမြဲထာဝရခွဲမရသောရုပ်များကိုသာ တစ်ခုစီ ရေတွက်ပြပါ။

(ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့ ဖြစ်ပါသည်။)

၉။ 'တေဇောမနိုင် ဆေးမကိုင်နှင့်' ဟု ဆေးပညာဆိုရိုးစကားရှိခဲ့ရာ တေဇော အကြောင်းကို သင်သိသမျှဖြေဆိုပြီးလျှင် စိတ်ကြောင့်သာဖြစ်သော ရုပ်ကိုလည်း ညွှန်ပြခဲ့ပါ။

(တေဇောသည် ပူခြင်း–အေးခြင်းသဘောဖြစ်၏။ အတူဖြစ်ဖက်ရုပ်ကလာပ်များကို ရင့်ကျက်စေတတ်၊ ထက်စေတတ်၊ ပူစေတတ်၊ နူးညံ့စေတတ်၏။

http://www.dhammadownload.com



အခြေခံအားဖြင့် သီတတေဇော (အအေးပူ) နှင့် ဥဏှတေဇော (အနွေးပူ) ဟူ၍ တေဇောနှစ်မျိုးရှိ၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးကြောင့် ဖြစ်ကြသည့် ရုပ်ကလာပ်အသီးသီးတွင် ပါဝင်ကြသော တေဇောတို့ကို ကမ္မဇတေဇော၊ စိတ္တဇတေဇော၊ ဥတုဇတေဇော၊ အာဟာရဇ တေဇောဟူ၍ ခွဲခြားနိုင်ပါသည်။

စိတ်ကြောင့်သာဖြစ်သောရုပ်သည် ကာယဝိညတ်နှင့် ဝစီဝိညတ်ဖြစ်ပါသည်။)

၁၀။ ရုပ်ဖြစ်စဉ် အဘိဓမ္မာသဘောအရ သစ်ပင်တစ်ပင် ရှင်သန်နေခြင်းကို ကလာပ်စည်းအားဖြင့် ဖြေဆိုပါ။

(သစ်ပင်တစ်ပင် ရှင်သန်နေခြင်းသည် ဥတုဇရုပ်ကလာပ်များ ခဏမစဲ အဆက်မပြတ် ဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။ ဥတုဇရုပ်ကလာပ်များမှာ သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝကကလာပ်ဟူ၍ နှစ်မျိုးရှိပါသည်။)

**အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) တတိယဆင့် (၁၉၇၉)**

၁။ သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် ဖွဲ့နှောင်ယှဉ်စပ်တတ်သောတရားများကို အဘိဓမ္မာနည်းအရ ထုတ်ပြပြီးလျှင် 'လူ့အသက်' ဟု ခေါ်ဆိုနိုင်သော ဣန္ဒြေကိုလည်းဖြေဆိုပါ။

(သံသရာဝဋ်အတွင်းမှမလွတ်ကင်းရအောင် ဖွဲ့နှောင်ယှဉ်စပ်တတ်သော တရားများမှာ သံယောဇဉ် ၁၀ ပါးဖြစ်ပါသည်။ ၎င်းတို့မှာ ကာမရာဂသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်တို့ ဖြစ်ကြသည်။

'လူ့အသက်' ဟု ခေါ်ဆိုနိုင်သော ဣန္ဒြေသည် ဇီဝိတိန္ဒြေဖြစ်ပါသည်။)

၂။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ရန်အတွက် အကြီးအမှူး ဦးစီး ခေါင်းဆောင် ဖြစ်သော တရားများကို ရေးသားပြီးလျှင် 'အာဟာရ' ၏ အဓိပ္ပာယ်ကိုလည်း ရှင်းပြပါ။

(အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်သော တရားများမှာ အဓိပတိလေးပါးဖြစ်သည်။ ၎င်းတို့မှာ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိတို့ ဖြစ်ကြသည်။

အစာအာဟာရသည် ခန္ဓာကိုယ်အား မပျက်မစီး၊ ကြီးပွားခိုင်ခံ့အောင် ဆောင်ထား၊ ထောက်ပံ့ထားသကဲ့သို့ ထို့အတူ မိမိဆိုင်ရာအကျိုးကို ဆောင်ထား၊ ထောက်ပံ့ထားတတ်သောတရားကို အာဟာရဟု ခေါ်ပါသည်။)

http://www.dhammadownload.com



၃။ ခေတ်ကာလ, ဘဝအခြေအနေ မည်သို့ပင် ပြောင်းလဲစေကာမူ တိမ်းစောင်းခြင်း မရှိ တည့်မတ်မှန်ကန်သောတရားများကို ထုတ်ပြပြီးလျှင် နိဗ္ဗာန်၏ခေတ်အမည်ကိုလည်း ညွှန်ပြပါ။

(တိမ်းစောင်းခြင်းမရှိဘဲ အမြဲတည့်မတ်မှန်ကန်သောတရားများမှာ ဒုက္ခအရိယသစ္စာ၊ ဒုက္ခသမုဒယအရိယသစ္စာ၊ ဒုက္ခနိရောဓအရိယသစ္စာနှင့် ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာတို့ဖြစ်ကြသည်။ နိဗ္ဗာန်၏ ခေတ်အမည်မှာ ဓမ္မခေတ်ဖြစ်သည်။)

၄။ လူဖြစ်လာရခြင်း (ဇာတိ) ကြောင့် တွေ့ကြုံရမည့် အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပါဒ်နည်းအရ ပြည့်စုံအောင်ဖော်ပြပြီးလျှင် ဝဋ်တရားသုံးပါးကိုလည်း ရေတွက်ပြပါ။

(ဇာတိကြောင့် တွေ့ကြုံရမည့် အကျိုးတရားတို့မှာ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ဖြစ်ပါသည်။ ဝဋ်တရားသုံးပါးမှာ ကိလေသဝဋ်၊ ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့ ဖြစ်ပါသည်။

၅။ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့တွင် ပညတ်ပါဝင်သော ပစ္စည်းများကိုသာ ထုတ်ပြ၍ ကျန်းမာသက်ရှည်ရေးအတွက် အရေးကြီးသောပစ္စည်းသည် မည်သည့်ပစ္စည်းဖြစ်ပါသနည်း၊ ပစ္စည်းအမည် ထုတ်ပြဖြေဆိုပါ။

(ပညတ်ပါဝင်သော ပဋ္ဌာန်းပစ္စည်းတို့မှာ အာရမ္မဏပစ္စည်းနှင့် ဥပနိဿယပစ္စည်း ဖြစ်ပါသည်။ ကျန်းမာသက်ရှည်ရေးအတွက် အရေးကြီးသောပစ္စည်းတို့မှာ အာဟာရပစ္စည်းနှင့် ပကတူပနိဿယပစ္စည်းတို့ ဖြစ်ပါသည်။)

၆။ (က) နာမ်တရား၊ (ခ) ရုပ်တရား၊ (ဂ) နာမ်တရားနှင့် ရုပ်တရား ယင်းတို့ အညမညဖြစ်နေပုံကို သိသာအောင် ရှင်းလင်းပြပါ။

[(က) စိတ်နှင့် စေတသိက်တို့သည် နာမ်တရားအချင်းချင်း အညမညဖြစ်ကြသည်။

(ခ) မဟာဘုတ်လေးပါးတို့သည် ရုပ်တရားအချင်းချင်း အညမညဖြစ်ကြသည်။

(ဂ) ပဋိသန္ဓေအခါ၌ ဟဒယဝတ္ထုရုပ် (ကမ္မဇရုပ်) နှင့် ဝိပါက်နာမက္ခန္ဓာဟူသည့် နာမ်တရားတို့သည် အညမညဖြစ်ကြပါသည်။]

၇။ ပညတ်၏အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင် အောက်ပါတို့ကို သက်ဆိုင်ရာ အတ္ထပညတ်အမည်ထူးများဖြင့် ဖြေဆိုပါ–

(က) သစ်ခွပန်းပင်၊ (ခ) ဆဋ္ဌလိုဏ်ဂူ။

http://www.dhammadownload.com



[အပြားအားဖြင့် သိစေအပ်, သိစေတတ်သောကြောင့် ပညတ်ဟု ခေါ်ပါသည်။
(က) သဏ္ဍာနပညတ်၊ (ခ) အာကာသပညတ်။]

၈။ မေတ္တာ, ကရုဏာ, မုဒိတာတို့သည် လူသားတိုင်း ကျင့်သုံးအပ်သောဗြဟ္မစိုရ် တရားများ ဖြစ်ကြ၏။ သို့ရာတွင် (က) မည်သို့သောပုဂ္ဂိုလ်များအတွက် အထူး သင့်လျော်ပါသနည်း။ (ခ) မည်မျှအထိ အကျိုးကျေးဇူး ရရှိနိုင်ပါသနည်း။ အသီးသီးဖြေဆိုပါ။

[(က) ဒေါသစရိုက်ရှိသူများအတွက် အထူးသင့်လျော်ပါသည်။
(ခ) ရူပါဝစရပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်အထိ အကျိုးပြုသည်။]

၉။ မီးပွတ်ယောက်ျားကဲ့သို့ နေ့မအား, ညမအား တရားအားထုတ်သဖြင့် ပုထုဇဉ်မှ အရိယာသို့ ကူးသွားရာတွင် 'တံတားသဖွယ်' ဆက်သွယ်ပေးသောစိတ်ကို ဖော်ပြပြီးလျှင် မဂ်ကိစ္စလေးချက်ကိုလည်း ဖြေဆိုပါ။

(ပုထုဇဉ်မှ အရိယာသို့ ကူးသွားရာတွင် 'တံတားသဖွယ်' ဆက်သွယ်ပေးသော စိတ်သည် ဂေါတြဘုစိတ်ဖြစ်ပါသည်။ မဂ်ကိစ္စလေးချက်မှာ ဒုက္ခသစ္စာကိုသိခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်းတို့ ဖြစ်သည်။)

၁၀။ သကဒါဂါမိမဂ်နှင့် အနာဂါမိမဂ်တို့သည် (က)အဘယ်တရားများကို၊ (ခ) အဘယ်နည်းဖြင့် ပယ်ပါသနည်း။ အသီးသီးဖြေဆိုပါ။

[သကဒါဂါမိမဂ်သည် (က)လောဘ, ဒေါသ, မောဟတို့ကို၊ (ခ) ခေါင်းပါး အောင် ပြုသောအားဖြင့် အနာဂါမိမဂ်သည် (က) ကာမ ရာဂ, ဗျာပါဒတရားတို့ကို (ခ)အကြွင်းမရှိသောအားဖြင့် အသီးသီးပယ်ကြပါသည်။]

**အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ပထမဆင့် (၁၉၉၀ ခုနှစ်)**

၁။ တင့်တယ်သော 'သောဘန' စိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍ သာယာ နာပျော်ဖွယ်သော သီချင်းသံကို ကြားရာ၌ ဖြစ်ပေါ်သောစိတ်ကိုလည်း ဖော်ပြပါ။

(က) ကာမာဝစရသောဘနစိတ် ၂၄ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ အရူပါဝစရ စိတ် ၁၂ ပါး၊ လောကုတ္တရာစိတ် ရှစ်ပါးဟူ၍ သောဘနစိတ်ပေါင်း ၅၉ ပါး ရှိပါသည်။

(သာယာနာပျော်ဖွယ်သော သီချင်းသံကို ကြားရာ၌ ကုသလဝိပါက် သောတ ဝိညာဏ်စိတ်နှင့် လောဘမူ သောမနဿသဟဂုတ်စိတ်တို့ ဖြစ်ပါသည်။)

http://www.dhammadownload.com



၂။ ရူပကုသိုလ်စိတ်ငါးပါးကို သရုပ်ထုတ်ပြရေတွက်၍ အရူပစိတ်ကို ဈာန်ငါးပါးတွင် အဘယ်ဈာန်၌ ထည့်သွင်းရမည်ကိုလည်း ညွှန်ကြားပြပါ။
(ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့် တကွဖြစ်သည့် ပထမဈာန်ကုသိုလ်စိတ် ၁၊
ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့်တကွဖြစ်သည့် ဒုတိယဈာန်ကုသိုလ်စိတ် ၁၊
ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွ ဖြစ်သည့် တတိယဈာန် ကုသိုလ်စိတ် ၁၊
သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သည့် စတုတ္ထဈာန် ကုသိုလ်စိတ် ၁၊
ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သည့် ပဉ္စမဈာန် ကုသိုလ်စိတ် ၁။
အရူပစိတ်ကို ပဉ္စမဈာန်၌ ထည့်သွင်းရမည်။)

၃။ လောကမှ ထွက်မြောက်သော လောကုတ္တရာစိတ်အကျယ် ၄၀ ကို အကျဉ်းအားဖြင့် ရေတွက်ဖော်ပြ၍ ပထမဈာန် ၁၁ ပါးကိုလည်း မမှားအောင် ထုတ်ဆောင်ပြပါ။
(သောတာပတ္တိမဂ်စိတ် ငါးပါး၊ သကဒါဂါမိမဂ်စိတ် ငါးပါး၊ အနာဂါမိမဂ်စိတ် ငါးပါး၊ အရဟတ္တမဂ်စိတ် ငါးပါး၊ သောတာပတ္တိဖိုလ်စိတ် ငါးပါး၊ သကဒါဂါမိဖိုလ်စိတ်ငါးပါး၊ အနာဂါမိဖိုလ်စိတ်ငါးပါး၊ အရဟတ္တဖိုလ်စိတ်ငါးပါးတို့ ဖြစ်ပါသည်။

ပထမဈာန်စိတ် ၁၁ ပါးမှာ လောကီရူပ ပထမဈာန်စိတ် သုံးပါးနှင့် လောကုတ္တရာ ပထမဈာန်စိတ်ရှစ်ပါးတို့ ဖြစ်ကြသည်။)

၄။ ဆန္ဒ၊ ဥဒ္ဓစ္စ၊ ဟိရီ၊ စိတ္တလဟုတာ၊ မုဒိတာစေတသိက်များ၏ သဘောလက္ခဏာများကို မြန်မာဘာသာဖြင့် ဖော်ပြပါ။
(ဆန္ဒ = လိုလားတောင့်တခြင်းသဘော၊
ဥဒ္ဓစ္စ = စိတ်မငြိမ်သက်ခြင်း၊ ပျံ့လွင့်ခြင်းသဘော၊
ဟိရီ = မကောင်းမှုဒုစရိုက်မှ ရှက်ခြင်းသဘော၊
စိတ္တလဟုတာ = စိတ်၏ပေါ့ပါးလျင်မြန်ခြင်းသဘော၊
မုဒိတာ = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။)

http://www.dhammadownload.com



၅။ 'သူ့အပေါ်မှာ ကိုယ်မေတ္တာရှိလိုက်တာ'ဟူသောစကား၌ 'မေတ္တာ'အစစ်အမှန်အရ ကောက်ပြ၍ ဝီရိယစေတသိက်နှင့်အတူတကွ မဖြစ်နိုင်သော စိတ်တို့ကိုလည်း သရုပ်ရေတွက်ပြပါ။
('မေတ္တာ'အစစ်အမှန်၏အရကောက်သည် အဒေါသစေတသိက်ဖြစ်ပါသည်။ ဝီရိယစေတသိက်နှင့် အတူတကွမဖြစ်နိုင်သော စိတ်တို့မှာ– ပဉ္စဒွါရာဝဇ္ဇန်းတစ်ပါး၊ ဒွေပဉ္စဝိညာဏ်စိတ် ၁၀ ပါး၊ သမ္ပဋိစ္ဆိုန်းစိတ် နှစ်ပါး၊ သန္တီရဏစိတ်သုံးပါးတို့ ဖြစ်ကြသည်။)

၆။ မိမိတို့သဘောအလျောက် တစ်ကောင်နှင့်တစ်ကောင် အနိုင်မခံ အရှုံးမပေး ခွပ်နေကြသော ကြက်ကလေးနှစ်ကောင်၏ သန္တာန်၌ (ခွပ်နေခိုက်) ဖြစ်ပေါ်နေသော စိတ်စေတသိက်တို့ကို ဖော်ပြပါ။
(ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်ဖြစ်ပါသည်။
ယှဉ်သော စေတသိက်များမှာ ပီတိကြဉ်အညသမာန်းစေတသိက် ၁၂ ပါး၊ မောစတုက် ခေါ် အကုသလသာဓာရဏစေတသိက်လေးပါး၊ ဒေါသစေတသိက်တို့ ဖြစ်ပါသည်။ အနိယတယောဂီများဖြစ်ကြသော ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့အနက် မနာလိုမှုဖြစ်နေလျှင် ဣဿာတစ်ပါး ထပ်ယှဉ်မည်။)

၇။ ဝေဒနာသုံးပါး၊ ဝေဒနာငါးပါးဟု ပြောဆိုကြရာ၌ သုံးပါး၊ ငါးပါးတို့၏သရုပ်ကို ထုတ်ပြ၍ သုခဝေဒနာနှင့်တကွဖြစ်သော စိတ်ကိုလည်း ညွှန်ကြားပြပါ။
(ဝေဒနာသုံးပါး၏သရုပ်မှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့ ဖြစ်သည်။
ဝေဒနာငါးပါး၏သရုပ်မှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ ဖြစ်ကြသည်။-
သုခဝေဒနာနှင့်တကွ ဖြစ်သောစိတ်သည် ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်၏။)

၈။ ကိစ္စ ၁၄ ပါးကို မမှားအောင် ရေတွက်ပြပါ။
(ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊ ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ၊ သမ္ပဋိစ္ဆနကိစ္စ၊ သန္တီရဏကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊ တဒါရုံကိစ္စ၊ စုတိကိစ္စ)

၉။ စိတ် ၈၉ ပါးအနက် အခါခပ်သိမ်း ဒွါရခြောက်ပါးမှလွတ်သောစိတ်များကို ညွှန်ကြားပြပါ။

http://www.dhammadownload.com



(ရူပဝိပါက်စိတ်ငါးပါး၊ အရူပဝိပါက်စိတ် လေးပါးတည်းဟူသော မဟဂ္ဂုတ် ဝိပါက်စိတ် ကိုးပါး။)

၁၀။ စိတ် ၈၉ ပါးအနက် လောကုတ္တရာအာရုံမှတစ်ပါး ကျန်အာရုံများကို အာရုံပြုနိုင်သော စိတ်များကို သိသာရုံမျှ ဖော်ပြပါ။

(အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်လေးပါး၊ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် လေးပါး။)

### အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ဒုတိယဆင့် (၁၉၉၀ ခုနှစ်)

၁။ သင်္ဂြိုဟ်ကျမ်းလာ ဝီထိ၏ အဓိပ္ပာယ်ကို အဘိဓမ္မာစကားဖြင့် ရှင်းပြ၍ ပဉ္စဒွါရ ဝီထိစိတ်၏ ဝိသယပ္ပဝတ္တိများကိုလည်း ဆိုင်ရာလေးဝါရဖြင့် တွဲစပ်ပြပါ။

(ဒွါရခြောက်ပါး၌ ထင်လာသော အာရုံတစ်ခုစီကို သိရှိရန်အတွက် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ စသည်ဖြင့် ဖြစ်ပေါ်လာသည့် စိတ်အစဉ်အတန်းတစ်ခုစီကို ဝီထိဟု ခေါ်ပါသည်။

| | | |
|---|---|---|
| အတိမဟန္တာရုံ | ... | တဒါရုမ္မဏဝါရ |
| မဟန္တာရုံ | ... | ဇဝနဝါရ |
| ပရိတ္တာရုံ | ... | ဝေါဋ္ဌဗ္ဗနဝါရ |
| အတိပရိတ္တာရုံ | ... | မောဃဝါရ) |

၂။ လောကတွင် 'စိတ်ရှည်သည် စိတ်တိုသည်' ဟု ပြောဆိုကြရာ၌ စိတ်၏ သက်တမ်းသည် အဘိဓမ္မာသဘောအားဖြင့် မည်မျှရှည်လျားသည်ကို တွက်ချက်ပြ၍ ထိတ်လန့်ဖွယ်ရာအသံကို ကြားရသောအခါ သင့်သန္တာန်၌ဖြစ်ပေါ်လာနိုင်သည့် ဝီထိစိတ်အစဉ်ကိုလည်း မှန်ကန်စွာရေးပြပါ။

(စိတ်တစ်ခု၏သက်တမ်းသည် ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏအားဖြင့် ခဏငယ်သုံးချက်သာ ရှည်လျား၏။ ခဏငယ်သုံးချက်ကို စိတ္တက္ခဏတစ်ချက်ဟု ခေါ်၏။

ထိတ်လန့်ဖွယ်ရာအသံကိုကြားရသောအခါ သောတဒွါရိက အတိမဟန္တာရုံဝီထိဖြစ်၏။ ဝီထိစိတ်အစဉ်မှာ–အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သောတဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်ဖြစ်သည်။)

၃။ ကမ္မဋ္ဌာန်းတရားကို အစဦးဆုံးအားထုတ်သော (အာဒိကမ္မိက) ပုဂ္ဂိုလ်သန္တာန်၌ အဘယ်ဇောစိတ်များ ဖြစ်ပေါ်လာနိုင်ပါသနည်း၊ ရှင်းပြ၍ ဤလောကဝယ် ဈာန်မဂ်ဖိုလ်မရထိုက်သော ပုဂ္ဂိုလ်များကိုလည်း အကြောင်းနှင့်တကွ ဖော်ထုတ်ပြပါ။

http://www.dhammadownload.com



(အာဒိကမ္မိကပုဂ္ဂိုလ်၏ ရှေးဦးစွာသော ဈာန်အပ္ပနာဝီထိ၌ ကာမာဝစရဥပစာရ သမာဓိဇော လေးကြိမ် သို့မဟုတ် သုံးကြိမ်နှင့် မဟဂ္ဂုတ်ဈာန်ဇော တစ်ကြိမ် ဖြစ်သည်။ အဘိညာအပ္ပနာဝီထိ၌ အဘိညာဉ်ဇောလည်း တစ်ကြိမ်သာ ဖြစ်သည်။ မဂ်အပ္ပနာဝီထိ၌ မဂ်ဇောတစ်ကြိမ်နှင့် ဖိုလ်ဇောနှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ဖြစ်သည်။

ဈာန်မဂ်ဖိုလ် မရထိုက်သောပုဂ္ဂိုလ်များမှာ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိ အဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့ဖြစ်သည်။ ဤပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကာမ ကြိယာဇောကိုးပါးနှင့် အပ္ပနာဇော ၂၆ ပါးတို့ မည်သည့်အခါမျှမဖြစ်နိုင်သော ကြောင့် ဖြစ်သည်။)

၄။ သုံးဆယ့်တစ်ဘုံတွင် ပုထုဇဉ်မရှိသော ဘုံ၊ အရိယာမရှိသော ဘုံ၊ နှစ်မျိုးလုံး ရှိသောဘုံတို့ကို ခွဲခြားပြ၍ စတုမဟာရာဇ်နတ်တို့၏ သက်တမ်းကိုလည်း လူ တို့ အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။

(ပုထုဇဉ်မရှိသောဘုံသည် သုဒ္ဓါဝါသငါးဘုံဖြစ်သည်။
အရိယာမရှိသောဘုံသည် အပါယ်လေးဘုံနှင့် အသညသတ်ဘုံတို့ဖြစ်သည်။
ပုထုဇဉ်၊ အရိယာရှိသောဘုံသည် လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်၊ သုဒ္ဓါဝါသ ငါးဘုံနှင့် အသညသတ်ကြဉ်သော ရူပ ၁၀ ဘုံ၊ အရူပ လေးဘုံတို့ ဖြစ်ပါသည်။
စတုမဟာရာဇ်နတ်တို့၏ သက်တမ်းသည် စတုမဟာရာဇ်နတ် နှစ် ၅၀၀ ရှည် ကြာပြီး လူတို့၏ အရေအတွက်အားဖြင့် နှစ် ကိုးသန်းကြာရှည်သည်။)

၅။ ဤလောကတွင် သတ္တဝါတို့ကို ဖြစ်ပေါ်စေတတ်သော ပဋိသန္ဓေလေးမျိုးကို ထုတ်ပြ၍ စာဖြေသူသည် အဘယ်ပဋိသန္ဓေစိတ်ဖြင့် လူ့ဘဝရောက်လာခဲ့သည် ကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။

ပဋိသန္ဓေလေးမျိုးမှာ အပါယ်ပဋိသန္ဓေ၊ ကာမသုဂတိပဋိသန္ဓေ၊ ရူပါဝစရပဋိ သန္ဓေ၊ အရူပါဝစရပဋိသန္ဓေတို့ ဖြစ်ပါသည်။
စာဖြေသူသည် မဟာဝိပါက်စိတ် ရှစ်ပါးအနက် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေ လာခဲ့ပါသည်။
ပင်ကိုအားဖြင့် ပျော်ရွှင်တတ်၍ အဘိဓမ္မာကို စိတ်ဝင်စားသဖြင့် သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိက မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့ သည်ဟု ယူဆပါသည်။)

၆။ နေ့စဉ်မပြတ်ဝတ်ထား၍ ဘုရားရှိခိုးခြင်းသည် မည်သည့်ကံဖြစ်ပါသနည်း။ ဖြေဆို၍ တစ်စုံတစ်ယောက်အား သူတစ်ပါးစည်းစိမ်ကို မတရားယူလိုမှုနှင့်

http://www.dhammadownload.com



ပျက်စီးအောင် ကြံစည်မှုတို့ဖြစ်ပွားအောင် နိုင်းစေတတ်သော မူလတရားခံတို့ ကိုလည်း ထုတ်ဖော်ပြခဲ့ပါ။

(နေ့စဉ်မပြတ် ဝတ်ထား၍ ဘုရားရှိခိုးခြင်းသည် အာစိဏ္ဏကံဖြစ်သည်။ မတရား ယူလိုမှု အဘိဇ္ဈာ၏ တရားကိုယ်သည် လောဘဖြစ်၏။ ပျက်စီးအောင် ကြံစည် မှု ဗျာပါဒ၏ တရားကိုယ်သည် ဒေါသဖြစ်၏။)

၇။ ရထားစက်ဘီးကဲ့သို့ သံသရာအစဉ်မပြတ် လည်ပတ်ပုံကို ရှင်းပြ၍ ဘဝသံသရာ အစဉ်ပြတ်၍ အလည်ရပ်အောင် အဘိဓမ္မာနည်းဖြင့် မည်သို့ထိန်းအုပ်ရမည် ကိုလည်း နည်းညွှန်ခဲ့ပါ။

(သတ္တဝါတို့သည် အတိတ်ကံ၏ အကျိုးပေးမှုဖြင့် ဤဘဝတွင် ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်များ ဖြစ်ပေါ်ကြသည်။ ဤဘဝတွင် ကံသစ်များ ပြုလုပ် သဖြင့် နောက်ဘဝတွင် ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်များ ဆက်ဖြစ်ဦး မည်။ ဤသို့ ရထားစက်ဘီးကဲ့သို့ တစ်ဘဝပြီး တစ်ဘဝ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်များ ဆက်ကာဆက်ကာ မပြတ်ဖြစ်နေခြင်းကို သံသရာအစဉ်မပြတ် လည်ပတ်နေသည်ဟု ဆိုပါသည်။

ဘဝသံသရာအစဉ်ပြတ်၍ အလည်ရပ်ရန် ပဋိစ္စသမုပ္ပါဒ် ဝဋ်မြစ်နှစ်ပါး ဖြစ်သည့် မောဟနှင့် လောဘတို့ကို ပယ်သတ်ရမည်။ ပညာရှိတို့သည် ရုပ် နာမ်တို့၏ ခဏမစဲဖြစ်ပျက်နေသည့် အနိစ္စ, ဒုက္ခ, အနတ္တသဘောကို ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်လျက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ဖြစ်ပေါ်စေကြ သည်။ ဤနည်းဖြင့် သံသရာအလည်ရပ်အောင် ထိန်းအုပ်နိုင်သည်။)

၈။ ရုပ် ၂၈ ပါးတို့တွင် ရူပရုပ်၏ အကျဉ်းသရုပ်ကို ဖော်ပြ၍ သင့်ခန္ဓာကိုယ်၌ ရုပ်တရားများ တိုးပွား, စည်ပင်, ရင့်ရော်, ပျက်စီးခြင်းသည် အဘယ်ရုပ်တို့၏ သဘောလက္ခဏာများ ဖြစ်ပါသနည်း။ ရုပ်အမည်မျှ ဖော်ပြရေးသားခဲ့ပါ။

(ရူပရုပ် ၁၈ပါးရှိသည်– ဘူတရုပ် လေးပါး၊ ပသာဒရုပ်ငါးပါး၊ ဂေါစရရုပ် လေးပါး၊ ဘာဝရုပ် နှစ်ပါး၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်နှင့် အာဟာရရုပ်တို့ ဖြစ်ကြသည်။

ရုပ်တရားများ တိုးပွားခြင်းသည် ဥပစယရုပ်၏ သဘောလက္ခဏာဖြစ်သည်။
" " စည်ပင်ခြင်းသည် သန္တတိရုပ် "
" " ရင့်ရော်ခြင်းသည် ဇရတာရုပ် "
" " ပျက်စီးခြင်းသည် အနိစ္စတာရုပ် " )

၉။ အကြောင်းအကျိုးအားဖြင့် ဆက်သွယ်နေသော ဤလောက၌ ရုပ်ဝတ္ထုများ ကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားများကို ဖော်ပြ၍ စကားပြေသံ,

http://www.dhammadownload.com



ဓာတ်စက်သီချင်းသံတို့သည် မည်သည့်သဒ္ဒရုပ်များ ဖြစ်ကြသည်ကိုလည်း ရှင်းလင်းဖြေဆိုခဲ့ပါ။

(ရုပ်များကိုဖြစ်ပေါ်စေသောအကြောင်းတရားလေးပါးရှိသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ ဖြစ်သည်။

စကားပြောသံသည် စိတ္တဇသဒ္ဒရုပ်ဖြစ်၏။

ဓာတ်စက်သီချင်းသံသည် ဥတုဇသဒ္ဒရုပ် ဖြစ်သည်။)

၁၀။ ရူပဗြဟ္မာများ၌ လူသားတို့ကဲ့သို့ ဗြဟ္မာယောက်ျား, ဗြဟ္မာမိန်းမဟူ၍ လိင်အားဖြင့် ခွဲခြားမှု ရှိပါသလော၊ အကြောင်းပြဖြေဆို၍ ရူပဘုံ၌ရထိုက်သော ရုပ်များကိုလည်း ရေတွက်ပြပါ။

(ရူပဗြဟ္မာများ၌ ဘာဝရုပ်မရှိကြသဖြင့် ဗြဟ္မာယောက်ျား, ဗြဟ္မာမိန်းမဟူ၍ လိင်အားဖြင့် ခွဲခြားမှုမရှိပါ။

အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ဘာဝရုပ်နှစ်ပါး၊ ပေါင်း ရုပ်ငါးပါးကြဉ်၍ ကျန်ရုပ် ၂၃ ပါးကိုရအပ်၏။

အသညသတ်ဘုံ၌= အဝိနိဗ္ဘောဂရုပ်ရှစ်ပါး၊ ဇီဝိတရုပ်၊ ပရိစ္ဆေဒရုပ်၊ လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်၊ လက္ခဏာရုပ်လေးပါး၊ ပေါင်း ရုပ် ၁၇ ပါးကို ရအပ်၏။)

## အဘိဓမ္မာစာမေးပွဲ (ရှိးရိုး) တတိယဆင့် (၁၉၉၀ ခုနှစ်)

၁။ သတ္တဝါတို့၏သန္တာန်၌ အစဉ်အမြဲ ကိန်းအောင်းလျက်ရှိနေသော တရားအစုတို့ကို ဖော်ပြ၍ သီလဗ္ဗတပရာမာသ၏အဓိပ္ပာယ်ကိုလည်း ရှင်းလင်းရေးခဲ့ပါ။

(သတ္တဝါတို့၏သန္တာန်၌ အနုသယခုနစ်ပါး အစဉ်ကိန်းအောင်းလျက်ရှိသည်။ ၎င်းတို့မှာ ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ အဝိဇ္ဇာနုသယတို့ ဖြစ်ကြသည်။

သီလဗ္ဗတပရာမာသ= 'နွား, ခွေး စသည်တို့၏ အလေ့အကျင့်ကို ကျင့်လျှင် ကိလေသာမှလည်း စင်ကြယ်၏၊ သံသရာမှလည်း လွတ်မြောက်၏'ဟု မှားယွင်းစွာ သုံးသပ်စွဲလမ်းသောအယူ၊ တရားကိုယ်မှာ ဒိဋ္ဌိစေတသိက် ဖြစ်သည်။)

၂။ အမှန်လေးချက် သစ္စာနက်ကို သိမြင်စေကြောင်း တရားအပေါင်းကို တရားကိုယ်များနှင့်တကွ ယှဉ်တွဲဖော်ပြပါ။

[သစ္စာလေးပါး မြတ်တရားကို သိမြင်စေကြောင်း တရားအပေါင်းသည် ဗောဇ္ဈင်ခုနစ်ပါးဖြစ်၏။ ၎င်းတို့မှာ သတိသမ္ဗောဇ္ဈင် (သတိ)၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် (ပညာ)၊ ဝီရိယသမ္ဗောဇ္ဈင် (ဝီရိယ)၊ ပီတိသမ္ဗောဇ္ဈင် (ပီတိ)၊ ပဿဒ္ဓိ

http://www.dhammadownload.com



သမ္မောဇ္ဈင် (ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ)၊ သမာဓိသမ္မောဇ္ဈင် (ဧကဂ္ဂတာ)၊ ဥပေက္ခာသမ္မောဇ္ဈင် (တတြမဇ္ဈတ္တတာ) တို့ ဖြစ်ကြသည်။]

၃။ သတ္တဝါတို့အား ကောင်းမှု – မကောင်းမှုကံတို့ကို ကျူးလွန်မိအောင် အားပေးလှုံ့ဆော်စေတတ်သောအကြောင်းရင်းတရားတို့ကို ထုတ်ပြ၍ အောက်ပါတို့၏ တရားကိုယ်များကိုလည်း ကောက်ပြခဲ့ပါ–

(က) အနညာတညဿာမီတိန္ဒြေ၊ (ခ) အညာတာဝိန္ဒြေ။

[ကောင်းမှုကံကို ပြုလုပ်အောင် လှုံ့ဆော်ပေးသော ကုသိုလ်ဟိတ်သုံးပါး = အလောဘ၊ အဒေါသ၊ အမောဟ။

မကောင်းမှုကံကိုကျူးလွန်အောင် လှုံ့ဆော်ပေးသော အကုသိုလ်ဟိတ်သုံးပါး= လောဘ၊ ဒေါသ၊ မောဟ။

(က) အနညာတညဿာမီတိန္ဒြေ = သောတာပတ္တိမဂ်စိတ်၌ရှိသော ပညာ၊

(ခ) အညာတာဝိန္ဒြေ = အရဟတ္တဖိုလ်စိတ်၌ရှိသော ပညာ။]

၄။ မြတ်စွာဘုရားဟောကြားအပ်သော တရားအပေါင်းတို့တွင် 'သစ္စာလေးပါးမှ လွတ်သောတရားမည်သည် မရှိ' ဟူ၍ ဆိုရိုးစကားရှိရာ သစ္စာမမည်သော တရားများ ရှိကောင်းပါသလော၊ အကြောင်းပြဖြေဆိုပါ။

[ဒုက္ခသစ္စာ = လောကီစိတ် ၈၁ ပါး၊ လောဘကြဉ်သော လောကီ စေတသိက် ၅၁ ပါး၊ ရုပ် ၂၈ ပါး။

သမုဒယသစ္စာ = တဏှာလောဘ၊

နိရောဓသစ္စာ = ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်၊

မဂ္ဂသစ္စာ = မဂ်၌ယှဉ်သော မဂ္ဂင်ရှစ်ပါး။

မဂ်စိတ်လေးပါးတွင် တစ်ပါးတစ်ပါး၌ စေတသိက် ၃၆ ခုယှဉ်ရာ ၎င်းတို့မှ မဂ္ဂသစ္စာထိုက်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးကို နုတ်သော် စေတသိက် ၂၈ ခု ကျန်သည်။ ဤစေတသိက် ၂၈ ခုနှင့် မဂ်စိတ်တစ်ခုကို ပေါင်းလျှင် မဂ်စိတ္တုပ္ပါဒ် ၂၉ ခု ဖြစ်သည်။

ဖိုလ်စိတ်လေးပါးတွင် တစ်ပါးတစ်ပါး၌ စေတသိက် ၃၆ ပါး ယှဉ်ရာ ဤ စေတသိက်တို့နှင့် ဖိုလ်စိတ်ကိုပေါင်းလျှင် ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ခုဖြစ်သည်။

အထက်တွင်ပြထားသော သစ္စာလေးပါး၏တရားကိုယ်များ ကောက်ချက်အရ မဂ်စိတ္တုပ္ပါဒ် ၂၉ ခုနှင့် ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ခုတို့သည် သစ္စာမမည်သော တရားများ ဖြစ်ကြ၏ ။)

http://www.dhammadownload.com



၅။ အကြောင်းတရားကြောင့် အကျိုးတရားများဖြစ်သည်ဟူသော ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဝိဇ္ဇာသည် အဘယ်တရားကြောင့် ဖြစ်ပါသနည်း။ အကြောင်းပြဖြေဆို၍ ဘဝကိုလည်း ပြည့်စုံအောင် သရုပ်ခွဲပြပါ။

(အဝိဇ္ဇာသည် အာသဝေါတရားလေးပါးကြောင့် ဖြစ်သည်။ အာသဝေါတရားတို့ ဖြစ်ပေါ်သောအခါ အဝိဇ္ဇာလည်း ဖြစ်ပေါ်ခြင်းကြောင့် ဖြစ်ပါသည်။ ဘဝကို သရုပ်ခွဲသော် ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ကို ရသည်။)

၆။ ပဋိစ္စသမုပ္ပါဒ်လည်ပတ်ရာတွင် ဆက်စပ်မှုသုံးခုကို ဖြေဆိုပြီးလျှင် အကျိုးဖြစ်ပြီးမှ အကြောင်းဖြစ်ရသော ပဌာန်းပစ္စည်းကိုလည်း ညွှန်ပြခဲ့ပါ။

(အစပ်သုံးခုမှာ အတိတ်အကြောင်းငါးပါးနှင့် ပစ္စုပ္ပန်အကျိုးငါးပါးအကြားရှိ ဆက်စပ်မှုတစ်ခု၊ ပစ္စုပ္ပန်အကျိုးငါးပါးနှင့် ပစ္စုပ္ပန်အကြောင်းငါးပါး အကြားရှိ ဆက်စပ်မှုတစ်ခု၊ ပစ္စုပ္ပန်အကြောင်းငါးပါးနှင့် အနာဂတ်အကျိုးငါးပါး အကြားရှိ ဆက်စပ်မှုတစ်ခုတို့ ဖြစ်သည်။

အကျိုးဖြစ်ပြီးမှ အကြောင်းဖြစ်ရသော ပဌာန်းပစ္စည်း= ပစ္ဆာဇာတပစ္စည်း။)

၇။ ပကတူပနိဿယပစ္စည်း၏ သဘောသဘာဝကို အရှင်အနုရုဒ္ဓါဆရာ၏ အလိုကျ ပြည့်စုံအောင် ရှင်းပြပြီးလျှင် အောက်ပါတို့သည် မည်သည့်သဒ္ဒပညတ်များ ဖြစ်ကြသည်ကိုလည်း ဖြေဆိုခဲ့ပါ–

(က) ခေါင်းလောင်းသံ၊ (ခ) စာဖြေပုဂ္ဂိုလ်။

(ရာဂအစရှိသော အကုသိုလ်တရားများ၊ သဒ္ဓါစသော ကုသိုလ်တရားများ၊ ကိုယ်ချမ်းသာခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ ပုဂ္ဂိုလ်၊ ဘောဇဉ်၊ ဥတု၊ နေရာတို့သည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်တို့၌ အကုသိုလ် ကုသိုလ်အစရှိသောတရားတို့အား ထိုက်သည်အားလျော်စွာ ကျေးဇူးပြု၏။ အကုသိုလ်ကံနှင့် ကုသိုလ်ကံတို့သည် ဝိပါက်နာမက္ခန္ဓာတို့အား ကျေးဇူးပြု၏။ ဤသည်တို့ကား ပကတူပနိဿယပစ္စည်း၏ သဘောသဘာဝတည်း။

(က) ခေါင်းလောင်းသံ = အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊

(ခ) စာဖြေပုဂ္ဂိုလ် = အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။)

၈။ ကမ္မဋ္ဌာန်းပိုင်းလာ သမထနှင့် ဝိပဿနာတို့၏ အဓိပ္ပာယ်ကို ကွဲပြားခြားနားအောင် ရေးပြပြီးလျှင် ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့် တရားဆယ်ပါးကိုလည်း ထုတ်ဖော်ရေးသားခဲ့ပါ။

(သမထ= နီဝရဏတရား၊ ဝိတက်စသော အောက်ရှာန်အင်္ဂါများကို ငြိမ်သက်စေတတ်သော သမာဓိ၊

http://www.dhammadownload.com



ဝိပဿနာ = တေဘူမက ရုပ်နာမ်တရားများကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုတတ်သော ဉာဏ်ပညာ။

အစဉ်အောက်မေ့ဖွယ်များရမည့်တရား ၁၀ ပါး= အနုဿတိ ၁၀ ပါး။ ၎င်းတို့မှာ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာသတိ၊ အာနာပါနဿတိတို့ ဖြစ်ကြသည်။)

၉။ လောကတွင် သူတစ်ဦးထက်ထူး၍ အလွန်အကျူးသိတတ်၊ မြင်တတ်၊ ကြားတတ်သောသူကို 'အကြားအမြင်ရပုဂ္ဂိုလ်' ဟု ခေါ်ဆိုရာ အဘယ်သို့သော တရားထူးများကို ရရှိသောကြောင့် အကြားအမြင်ရပုဂ္ဂိုလ်ဟု ခေါ်ဆိုရပါသနည်း။ ဖြေဆို၍ ရရှိအပ်သော တရားထူးများကိုလည်း ဖော်ပြရေးသားခဲ့ပါ။ (ရူပါဝစရပဉ္စမစျာန်နှင့်ယှဉ်သော ဉာဏ်သည် အလွန်အကျူးအထူးသိတတ်သော အဘိညာဉ်ဖြစ်သည်။ ဤအဘိညာဉ်ကို ရရှိသောသူကို အကြားအမြင်ရပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏။

ရရှိအပ်သော တရားထူးများကား ဣဒ္ဓိဝိဓ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ပရစိတ္တဝိဇာနန၊ ပုဗ္ဗေနိဝါသာနုဿတိတည်းဟူသော လောကီအဘိညာဉ်ငါးမါးဖြစ်သည်။)

၁၀။ လောကီနယ်ပယ်တွင် လေယာဉ်, လှည်းယာဉ်တို့ဖြင့် လိုရာခရီးသို့ အရောက်သွားနိုင်ကြသကဲ့သို့ လောကုတ္တရာနယ်ပယ်တွင် နိဗ္ဗာန်ခရီးသို့ အဘယ်ယာဉ်ရထားတို့ဖြင့် အရောက်သွားနိုင်ကြမည်နည်း၊ ပြည့်စုံအောင်ဖြေဆို၍ ဝိပဿနာညစ်နွမ်းကြောင်း အန္တရာယ်ဆယ်ပါးကိုလည်း ထုတ်ဆောင်ရေးသားခဲ့ပါ။ (နိဗ္ဗာန်ခရီးသို့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတည်းဟူသော လက္ခဏာယာဉ်သုံးပါးဖြင့် အရောက်သွားနိုင်ပါသည်။ တစ်နည်း-မဂ္ဂင်ရှစ်ပါး ယာဉ်ရထားဖြင့် အရောက်သွားနိုင်ပါသည်။

ဝိပဿနာညစ်နွမ်းကြောင်း ဥပက္ကိလေသာ ၁၀ ပါးမှာ ဩဘာသ၊ ပီတိ၊ ပဿဒ္ဓိ၊ အဓိမောက္ခ၊ ပဂ္ဂဟ၊ သုခ၊ ဉာဏ၊ ဥပဋ္ဌာန၊ ဥပေက္ခာ၊ နိကန္တိတို့ဖြစ်ကြသည်။)

### အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ပထမဆင့် (၁၉၉၁ ခုနှစ်)

၁။ သုံးဆယ့်တစ်ဘုံတွင် လူနတ်ပြဟ္မာသတ္တဝါပြည်တ်စုတို့၌ အဘိဓမ္မာသဘာဝအားဖြင့် ထင်ရှားရှိသော တရားအစစ်ကို လိုရင်းထုတ်၍ အကျဉ်းချုပ်ရေးပြပါ။ (စိတ်အကျဉ်း ၈၉, အကျယ် ၁၂၁, စေတသိက် ၅၂, ရုပ် ၂၈ ပါး။)

၂။ အယူမမှားသော်လည်း သူတစ်ပါးပစ္စည်းကို လိုချင်အားကြီး၍ အလိုအလျောက် ဝမ်းမြောက်ဝမ်းသာဖြင့် ခိုးယူမိသောသူသည် အဘယ်အကုသိုလ်စိတ်ဖြင့် ကျူး

http://www.dhammadownload.com



လွန်ခဲ့သည်ကို ရှင်းပြ၍ ပြုံးရယ်မှုကို ဖြစ်စေတတ်သော စိတ်အမည်ကိုလည်း ညွှန်ပြခဲ့ပါ။

(သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်အသင်္ခါရိကလောဘမူစိတ်ဖြစ်သည်။ ပြုံးရယ်မှုကိုဖြစ်စေတတ်သော စိတ်တို့မှာ လောဘမူ သောမနဿစိတ် လေးပါး၊ မဟာကုသိုလ် သောမနဿစိတ်လေးပါး၊ ဟသိတုပ္ပါဒ်နှင့် မဟာကြိယာ သောမနဿစိတ်လေးပါးတို့ ဖြစ်ပါသည်။)

၃။ ယခုခေတ် ဘက်စုံမွမ်းမံရေးတို့၌ ကောင်းကျိုးကို မြော်မြင်လျက် မိမိသဒ္ဓါအလျောက် ဝမ်းမြောက်စွာ အလှူငွေထည့်ဝင်လှူဒါန်းကြသောသူတို့၏သန္တာန်၌ ဖြစ်သော ကုသိုလ်စိတ်ကို ရေးပြ၍ လောကီဈာန်စိတ်များကိုလည်း မမှားအောင် ရေတွက်ပြခဲ့ပါ။

(သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်ဖြစ်ပါသည်။

လောကီဈာန်စိတ်များမှာ ရူပါဝစရစိတ် ၁၅ ပါးနှင့် အရူပါဝစရစိတ် ၁၂ ပါး ဟူသော မဟဂ္ဂုတ်စိတ် ၂၇ ပါးဖြစ်သည်။ ရူပါဝစရ စိတ် ၁၅ ပါးတွင် ရူပါဝစရကုသိုလ်စိတ်ငါးပါး၊ ရူပါဝစရဝိပါက်စိတ်ငါးပါး၊ ရူပါဝစရကြိယာစိတ်ငါးပါး ပါဝင်သည်။ အရူပါဝစရစိတ် ၁၂ ပါးတွင် အရူပါဝစရကုသိုလ်စိတ်လေးပါး၊ အရူပါဝစရဝိပါက်စိတ်လေးပါး၊ အရူပါဝစရကြိယာစိတ်လေးပါး ပါဝင်သည်။)

၄။ အမှုကိစ္စတို့၌ ကြံစည်, သုံးသပ်, ဆုံးဖြတ်၍ နှစ်သက်, လိုလားစွာ အားထုတ်မှုသည် အဘယ်စေတသိက်များ၏ သဘောလက္ခဏာများ ဖြစ်ပါသနည်း၊ မှန်ကန်အောင် ဖြေဆိုခဲ့ပါ။

(ကြံစည်ခြင်း = ဝိတက်၊ သုံးသပ်ခြင်း = ဝိစာရ၊
ဆုံးဖြတ်ခြင်း = အဓိမောက္ခ၊ နှစ်သက်ခြင်း = ပီတိ၊
လိုလားခြင်း = ဆန္ဒ၊ အားထုတ်ခြင်း = ဝီရိယ။)

၅။ 'အသက်ဉာဏ်စောင့်' ဟူသောစကား၌ အသက်, ဉာဏ်ဟု ခေါ်ဆိုရသော စေတသိက်အမည်များကိုထုတ်ပြ၍ ဟိရီ, ဩတ္တပ္ပ, ဥဒ္ဓစ္စ, ကေုက္ကုစ္စ စေတသိက်တို့၏ သဘောလက္ခဏာများကိုလည်း ရေးသားခဲ့ပါ။

(အသက် = ဇီဝိတိန္ဒြေ၊ ဉာဏ် = ပညိန္ဒြေ၊
ဟိရီ = မကောင်းမှုဒုစရိုက်မှ ရှက်ခြင်းသဘော၊
ဩတ္တပ္ပ = မကောင်းမှုဒုစရိုက်မှ ကြောက်လန့်ခြင်းသဘော၊

http://www.dhammadownload.com



ဥဒ္ဓစ္စ = စိတ်မငြိမ်သက်ခြင်း, ပျံ့လွင့်ခြင်းသဘော၊
ဧကဂ္ဂတာ = တစ်ခုတည်းသောအာရုံ၌ တည်ငြိမ်ခြင်း, တည်ကြည်ခြင်း သဘော။)

၆။ တပ်မက်ခြင်း(လောဘ)၊ ခက်ထန်ခြင်း(ဒေါသ)၊ တွေဝေခြင်း(မောဟ) စေတသိက်တို့နှင့် အတူတကွဖြစ်သော အကုသိုလ်စိတ်တို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

(လောဘနှင့်အတူဖြစ်သော အကုသိုလ်စိတ် = လောဘမူစိတ် ရှစ်ပါး၊
ဒေါသနှင့်အတူဖြစ်သော အကုသိုလ်စိတ် = ဒေါသမူစိတ် နှစ်ပါး၊
မောဟနှင့်အတူဖြစ်သော အကုသိုလ်စိတ် = အကုသိုလ်စိတ် ၁၂ ပါး။
အကုသိုလ်စိတ် ၁၂ ပါးမှာ လောဘမူစိတ် ၈၊ ဒေါသမူစိတ် ၂၊ မောဟမူစိတ် ၂ ဖြစ်သည်။)

၇။ ဤမေးခွန်းသဘောကို အလေးမမူဘဲ ဉာဏ်မကူဘဲ အလိုအလျောက် ထင်ရာမြင်ရာကို ဖြေဆိုနေသော စာဖြေသူ၏သန္တာန်၌ အဘယ်မည်သော စိတ်, စေတသိက်များ ဖြစ်ပေါ်နေပါသနည်း။ ရှင်းလင်းရေးသားခဲ့ပါ။

(ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် ဖြစ်ပါသည်။ ၎င်းစိတ်နှင့်ယှဉ်သော စေတသိက်များမှာ ပီတိကြဉ် အညသမာန်း စေတသိက် ၁၂ ပါး၊ သောဘဏသာဓာရဏစေတသိက် ၁၉ ပါး၊ ပေါင်း ၃၁ ပါး ဖြစ်သည်။ ဝိရတီသုံးပါးနှင့် ကရုဏာ, မုဒိတာတို့မှာ အနိယတယောဂီများ ဖြစ်၍ မယှဉ်ပါ။)

၈။ ပကိဏ်းပိုင်းလာ ဟိတ်ခြောက်ပါးသရုပ်ကို ထုတ်ပြ၍ စိတ် ၈၉ ပါးကို ဧကဟိတ်, ဒွိဟိတ်, တိဟိတ်စိတ်တို့ဖြင့် အကျဉ်းသချာမျှ ဝေဖန်ခဲ့ပါ။

(ဟိတ်ခြောက်ပါး = လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ။
စိတ် ၈၉ ပါးတွင် ဧကဟိတ်စိတ်နှစ်ပါး၊ ဒွိဟိတ်စိတ် ၂၂ ပါး၊ တိဟိတ်စိတ် ၄၇ ပါး ပါဝင်ပါသည်။)

၉။ ဈာနဆယ်ပါးကို မှန်ကန်အောင် ဖြေဆို၍ သုံးကိစ္စ သုံးဈာနတပ်သော စိတ်များကိုလည်း အကျဉ်းချုပ် ဖော်ပြခဲ့ပါ။

(ဈာန ၁၀ ပါး = ပဋိသန္ဓေဈာန၊ ဘဝင်ဈာန၊ အာဝဇ္ဇန်းဈာန၊ ပဉ္စဝိညာဏ်ဈာန၊ သမ္ပဋိစ္ဆိုန်းဈာန၊ သန္တီရဏဈာန၊ ဝုဋ္ဌောဈာန၊ ဇောဈာန၊ တဒါရုံဈာန၊ စုတိဈာန။

http://www.dhammadownload.com



သုံးကိစ္စ သုံးဌာနတပ်သော စိတ်ကိုးပါး = မဟဂ္ဂုတ်ဝိပါက်စိတ်ကိုးပါး = ရူပါဝစရဝိပါက်စိတ် ငါးပါး + အရူပါဝစရဝိပါက်စိတ် လေးပါး။)

၁၀။ လောကတွင် 'မနောဓာတ်ဖြင့် အတပ်ဟောသည်' ဆိုရာ၌ အဘာယ်အရာကို မနောဓာတ်ဟု ခေါ်ဆိုပါသနည်း။ ဖြေဆို၍ ယင်းမနောဓာတ်၏ တည်ရာမှီရာ ဒွါရ, အာရုံ, ဝတ္ထုတို့ကိုလည်း ညွှန်ပြရေးသားခဲ့ပါ။

(မနောဓာတ်သုံးပါး = ပဉ္စဒွါရာဝဇ္ဇန်းစိတ် + သမ္ပဋိစ္ဆိုန်းစိတ်နှစ်ပါး၊ မနောဓာတ် သုံးပါးသည် စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယဟူသော ဒွါရငါးပါး၌ ဖြစ်ပြီး ပစ္စုပ္ပန်အာရုံငါးပါးကို အာရုံပြုသည်။ ဟဒယဝတ္ထုကို မှီ၍ဖြစ်ကြသည်။)

## အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ဒုတိယဆင့် (၁၉၉၁ ခုနှစ်)

၁။ ဝီထိပိုင်းလာ 'ဝိသယပ္ပဝတ္တိ' ဟူသောစကား၏ အဓိပ္ပာယ်ကို ရှင်းပြ၍ ယင်း ဝိသယပ္ပဝတ္တိခြောက်ပါးသရုပ်ကိုလည်း ဖော်ထုတ်ရေးသားခဲ့ပါ။

| | | |
|---|---|---|
| (ဝိသယပ္ပဝတ္တိ | = | ဒွါရတို့၌ အာရုံများထင်ခြင်းဖြစ်ခြင်း၊ အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်း။ |
| ဝိသယပ္ပဝတ္တိ ၆ ပါး | = | အတိမဟန္တာရုံ = ထင်ရှားအားကြီးသော အာရုံ ငါးပါး၊ ဒွါရ၌ဥပါဒ်ပြီး စိတ္တက္ခဏတစ်ချက်အလွန် တွင် ထင်လာ၏။ အလွန်များသော စိတ္တက္ခဏရှိ၏။ |
| မဟန္တာရုံ | = | သင့်ရုံ ထင်ရှားအားကြီးသောအာရုံငါးပါး၊ ဒွါရ၌ ဥပါဒ်ပြီး စိတ္တက္ခဏနှစ်ချက် သို့မဟုတ် သုံးချက် အလွန်တွင် ထင်လာ၏။ များသော စိတ္တက္ခဏရှိ၏။ |
| ပရိတ္တာရုံ | = | မထင်ရှားသည့်အာရုံငါးပါး၊ ဒွါရ၌ဥပါဒ်ပြီးနောက် စိတ္တက္ခဏလေးချက်မှ ကိုးချက်အလွန်တွင် ထင်လာ၏၊ နည်းသော စိတ္တက္ခဏရှိ၏။ |
| အတိပရိတ္တာရုံ | = | အလွန်တရာမထင်ရှားသည့် အာရုံငါးပါး၊ ဒွါရ၌ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၁၀ ချက်မှ ၁၅ ချက်အ လွန်တွင် ထင်လာ၏။ အလွန်နည်းသော စိတ္တက္ခဏ ရှိ၏။ |
| ဝိဘူတာရုံ | = | ထင်ထင်ရှားရှားဖြစ်သောအာရုံ။ |
| အဝိဘူတာရုံ | = | မထင်မရှားဖြစ်သော အာရုံ။) |

http://www.dhammadownload.com



၂။ လူသားတို့၌ ဘဝင်စိတ်နှင့် ဝီထိစိတ်ဖြစ်ပုံကို ခွဲခြားပြ၍ စာဖြေသူ၏မနောဒွါရ၌ ထင်ရှားသောအာရုံတစ်ခု ထင်မြင်လာသောအခါ ဖြစ်ပေါ်လာသောဝီထိစိတ်အစဉ်ကိုလည်း မှန်ကန်အောင်ရေးသားခဲ့ပါ။

(ဘဝင်စိတ် = အခြားမဲ့အတိတ်ဘဝ၏ မရဏာသန္နအာရုံကို ယူ၍ အသက်ရှင်နေရန် အဆက်မပြတ်ဖြစ်နေသောလူ၏ အခြေခံစိတ်၊ မည်သည့်အာရုံမျှမသိသည့်အခါနှင့် အိပ်ပျော်နေသောအခါမျိုး၌ ဖြစ်နေ၏။

ဝီထိစိတ် = နိုးကြားနေသည့်အခါ ဒွါရခြောက်ပါး၌ အာရုံများ ထင်လာသဖြင့် ဘဝင်စိတ်အစဉ်ပြတ်ပြီး ထိုထင်လာသော အာရုံတစ်ခုစီကိုသိရန် အစဉ်အတန်းတစ်ခုစီ ဖြစ်ပေါ်လာသော စိတ်များ။

မနောဒွါရ၌ ထင်ရှားသောအာရုံ ထင်လာသည့်အခါ မနောဒွါရဝိဘူတာရုံဝီထိ ဖြစ်၏။ ဝီထိစိတ်အစဉ်မှာ–

'ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ်၊ တဒါရုံ နှစ်ကြိမ်' ဖြစ်သည်။ ထို့နောက် ဘဝင်စိတ်များ ဖြစ်ထိုက်သမျှ ဖြစ်၏။)

၃။ ဇောနောင်တဒါရုံကျနိုင်သော အင်္ဂါရပ်များကို ဖော်ပြ၍ သုံးဆယ့်တစ်ဘုံတွင် စိတ်, စေတသိက် အလျဉ်းမရှိသော ဘုံကိုလည်း ညွှန်ပြခဲ့ပါ။

(တဒါရုံကျနိုင်သော အင်္ဂါရပ်များ = ကာမဘုံသားလည်းဖြစ်စေ၊ ကာမအာရုံလည်းဖြစ်စေ၊ ကာမဇောဇောသည့်အခါလည်းဖြစ်စေ၊ ဤအင်္ဂါသုံးပါးစုံမှ ဇောနောင် တဒါရုံစိတ်ဖြစ်သည်။

စိတ်, စေတသိက်အလျဉ်းမရှိသော ဘုံ = အသညသတ်ဘုံ။)

၄။ ကာမသုဂတိ ပဋိသန္ဓေစိတ်များကို ဖော်ပြ၍ နွား, ခွေးစသောတိရစ္ဆာန်တို့သည် အဘာယ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေခဲ့ကြသည်ကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။

(ကာမသုဂတိပဋိသန္ဓေစိတ်များ = ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်နှင့် မဟာဝိပါက်စိတ် ရှစ်ပါး။

နွား, ခွေးစသော တိရစ္ဆာန်တို့သည် 'အကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်'ဟူသော အပါယ်ပဋိသန္ဓေဖြင့် ပဋိသန္ဓေနေခဲ့ကြသည်။)

၅။ သုံးဆယ့်တစ်ဘုံတွင် သက်တမ်းမမြဲသော ပုဂ္ဂိုလ်များနှင့် သက်တမ်းအရှည်ဆုံး ပုဂ္ဂိုလ်ကို သက်တမ်းနှင့်တကွ ဖော်ပြရေးသားခဲ့ပါ။

http://www.dhammadownload.com



(သက်တမ်းမမြဲသော ပုဂ္ဂိုလ်များ = အပါယ်လေးဘုံသားများ၊ လူများ၊ ဝိနိပါတ အသုရာများ။
သက်တမ်းအရှည်ဆုံးပုဂ္ဂိုလ် = နေဝသညာနာသညာယတနဘုံသား အရူပဗြဟ္မာများ။ သက်တမ်း ကမ္ဘာ ၈၄,၀၀၀ ရှည်၏။)

၆။ ဘုံဌာနအလိုက် အကျိုးပေးသော ကံလေးပါးကို ထုတ်ဖော်ရေးသား၍ သန့်ရှင်းသော စေတနာ, သဒ္ဓါတရားဖြင့် ဤမေးခွန်းကို ဖြေဆိုနေသော စာဖြေပုဂ္ဂိုလ်၏ ကာမာဝစရကုသိုလ်ကံသည် အဘယ်ဘုံဌာန၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါသနည်း။ ရှင်းလင်းရေးသားခဲ့ပါ။

(ဘုံဌာနအလိုက် အကျိုးပေးသော ကံလေးပါး = ကုသိုလ်ကံ၊ ကာမာဝစရကုသိုလ်ကံ၊ ရူပါဝစရကုသိုလ်ကံ၊ အရူပါဝစရကုသိုလ်ကံ။
စာဖြေသူ၏ ကာမာဝစရကုသိုလ်ကံသည် လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ်ဟူသော ကာမသုဂတိ ခုနစ်ဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါသည်။)

၇။ သတ္တဝါတို့ သေဆုံးရခြင်း၏အကြောင်းတရားလေးပါးကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြရေးသား၍ လူတစ်ယောက် သေဆုံးသည်ဆိုရာ၌ အဘိဓမ္မာသဘောအားဖြင့် အဘယ်သို့ဖြစ်ပျက်သည်ကို သေဆုံးသည်ဟု ခေါ်ဆိုပါသနည်း။ သင်္ဂြိုဟ်ကျမ်းကို ထောက်၍ ဖြေဆိုခဲ့ပါ။

(သေခြင်းအကြောင်းလေးပါး
အာယုက္ခယမရဏ = သက်တမ်းကုန်၍ သေခြင်း၊
ကမ္မက္ခယမရဏ = ဤဘဝကံကုန်၍သေခြင်း၊
ဥဘယက္ခယမရဏ = သက်တမ်းနှင့်ကံ နှစ်ပါးစုံကုန်၍သေခြင်း၊
ဥပစ္ဆေဒကမရဏ = ဥပဃာတကကံဝင်ဖြတ်၍ လတ်တလောသေခြင်း။

သေဆုံးခြင်း = အထက်ပါအကြောင်းလေးပါးအနက် အကြောင်းတစ်ပါးပါးကြောင့် သေဆုံးခါနီးသောအခါ နောင်ဘဝဖြစ်ရန် အကျိုးပေးသောကံသည် မနောဒွါရ၌ ထင်လာ၏၊ သို့မဟုတ် ထိုကံနှင့်ဆိုင်သော ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်ထင်လာနိုင်၏။ ထိုအခါ ထိုထင်လာသောနိမိတ်ကြောင့် မရဏာသန္နဝီထိဖြစ်၏။ ထိုဝီထိစိတ်၏ အဆုံး၌ဖြစ်စေ၊ ထိုဝီထိနောက် ဘဝင်စိတ်အဆုံး၌ဖြစ်စေ၊ လက်ရှိဘဝ၏ စုတိစိတ်ဖြစ်ပြီး ချုပ်ပျက်သွား၏။ ဤဘဝမှ ရွေ့လျောခြင်းဖြစ်၏။ စုတိစိတ်ချုပ်သောအခါ ကမ္မဇရုပ်လည်း တစ်ပြိုင်နက်ချုပ်၏။ ဤသို့ စုတိစိတ်နှင့် ကမ္မဇရုပ်တို့ချုပ်ခြင်းကို သေဆုံးသည်ဟု ခေါ်ဆိုပါသည်။)

http://www.dhammadownload.com



၈။ ရုပ်ပြဖြဟ္မာများ၏ ခန္ဓာကိုယ်၌ ရုပ်ပေါင်းမည်မျှရှိသည်ကို အကျဉ်းမျှဖော်ပြ၍ ရုပ် ၂၈ ပါးကို အတွင်းရုပ်/အပြင်ရုပ်၊ အနီးရုပ်/အဝေးရုပ်အားဖြင့် ဝေဖန် ရေးသားခဲ့ပါ။

(ရုပ်ပြဖြဟ္မာများ၏ ခန္ဓာကိုယ်၌ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ဘာဝရုပ်နှစ်ပါးကြဉ်သော ကျန်ရုပ် ၂၃ ပါးရှိပါသည်။ အတွင်းရုပ် = ပသာဒရုပ် ငါးပါး၊ အပြင်ရုပ် = ကျန်ရုပ် ၂၃ ပါး။ အနီးရုပ် = သန္တိကေရုပ် = ပသာဒရုပ် ငါးပါးနှင့် ဂေါစရရုပ်ခုနစ်ပါး။ အဝေးရုပ် = ဒူရေရုပ် = ကျန်ရုပ် ၁၆ ပါး။)

၉။ ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရားလေးပါးကို ဖော်ပြ၍ ရုပ် ၂၈ ပါးတို့တွင် ဘယ်အကြောင်းကြောင့်မှမဖြစ်သော ရုပ်လေးပါးသရုပ်ကိုလည်း ဖော်ထုတ် ရေးသားခဲ့ပါ။

(ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရားလေးပါး = ကံ၊ စိတ်၊ ဥတု၊ အာဟာရ။

အကြောင်းကင်း၍ဖြစ်သောရုပ် (နကုတောစိသမုဋ္ဌာန်) = ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာဟူသော လက္ခဏာရုပ်လေးပါး။)

၁၀။ ဗုဒ္ဓဘာသာဝင်ဖြစ်သူတိုင်း တောင့်တသောနိဗ္ဗာန်ဟူသည် အဘယ်အရာပါနည်း၊ ယင်း နိဗ္ဗာန်၏ သဘောလက္ခဏာများကိုပါ ဖော်ပြ၍ ဘုရားရဟန္တာ ပုဂ္ဂိုလ်တို့သာ ရောက်ရှိနိုင်သော နိဗ္ဗာန်အမည်များကိုလည်း ညွှန်ပြခဲ့ပါ။

(နိဗ္ဗာန်ဟူသည်…ကိလေသာတရားနှင့် ဒုက္ခတရားတို့၏ ချုပ်ငြိမ်းခြင်းကြောင့် အစဉ်ထာဝရအေးချမ်းခြင်း – သီတိနှင့် ငြိမ်းချမ်းခြင်း – သန္တိသဘောဖြစ်သည်။ ဘဝကို ချုပ်စပ်ပေးသဖြင့် ဝါနဟု အမည်ရသော တဏှာမှ လွတ်မြောက်ရာ ‘နိဝါန’သဘောလည်းဖြစ်၏။ လောကကို လွန်မြောက်စေတတ်သောတရား၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏အာရုံဖြစ်ပြီး မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်သော ပရမတ်တရားဖြစ်သည်။

နိဗ္ဗာန်၏သဘောလက္ခဏာများ = စုတေ, ရွေ့လျော, သေခြင်းသဘောမရှိ၊ အဆုံးအပိုင်းအခြားမရှိ၊ ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့ ပြုပြင်မှုမရှိ၊ မိမိထက် သာလွန်မြင့်မြတ်သောတရား မရှိ။

သဉပါဒိသေသနိဗ္ဗာန် = ကိလေသာများကို ပယ်ပြီးနောက် ပရိနိဗ္ဗာန်မစံမီ ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ကြွင်းကျန်လျက် မျက်မှောက်ပြုရသော နိဗ္ဗာန်။

အနုပါဒိသေသနိဗ္ဗာန် = ပရိနိဗ္ဗာန်စံပြီးနောက် ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ အကြွင်းမရှိဘဲ မျက်မှောက်ပြုရသော နိဗ္ဗာန်။)

http://www.dhammadownload.com



## အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ဒုတိယဆင့် (၁၉၉၁ ခုနှစ်)

၁။ 'ဥပါဒါန်ကြောင့် ဥပါဒ်ရောက်' ဟူသောစကားအရ သတ္တဝါတို့ အလွန်စွဲလမ်းတတ်သော တရားလေးပါးကို ထုတ်ဖော်ပြ၍ တိရစ္ဆာန်တို့၏ အလေ့အကျက်ဖြင့် နိဗ္ဗာန်ရောက်အောင် ကျင့်ကြံသောပုဂ္ဂိုလ်အား အဘယ်ဥပါဒါန်ဖြစ်သည်ကို ရှင်းပြခဲ့ပါ။

(ဥပါဒါန်လေးပါး= ကာမုပါဒန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။

တိရစ္ဆာန်အလေ့အကျင့် စွဲလမ်းမှု= သီလဗ္ဗတုပါဒါန်။)

၂။ သတ္တဝါတို့၏ စိတ်ကို ညစ်နွမ်းပူလောင်စေတတ်သော တရားစုကို ထုတ်ပြ၍ 'ဣဒံ သစ္စာဘိနိဝေသကာယဂန္ထ'၏ တရားကိုယ်ကိုလည်း ကောက်ပြခဲ့ပါ။

(ကိလေသာ ၁၀ ပါး= လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဒစ္စ၊ အဟိရိက၊ အနောတ္တပ္ပ။

ဣဒံသစ္စာဘိနိဝေသကာယဂန္ထ၏ တရားကိုယ် = လွဲမှားသော အယူအကျင့်တစ်မျိုးကို စွဲလမ်းလျက် "ဤငါ၏ အယူအကျင့်သာမှန်၏၊ တစ်ပါးသူတို့၏ အယူအကျင့်သည် အမှားတည်း" ဟု ပြင်းထန်စွာ စွဲလမ်းသော ဒိဋ္ဌိ၊ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါး၌ရှိသော ဒိဋ္ဌိစေတသိက်တည်း။)

၃။ အရိယာပုဂ္ဂိုလ်တို့သာ သိစေအပ်သော စင်စစ်ကေန်မှန်သောတရားများကို တရားကိုယ်များနှင့်တကွ ထုတ်ဖော်ပြ၍ ခန္ဓာမဖွဲ့ရသောတရားကိုလည်း ညွှန်ပြခဲ့ပါ။

[သစ္စာလေးပါး... ဒုက္ခသစ္စာ= ဘုံသုံးပါး၌ဖြစ်သော လောကီစိတ် ၈၁ ပါး၊ လောဘကြဉ်စေတသိက် ၅၁ ပါးနှင့် ရုပ် ၂၈ ပါး။

သမုဒယသစ္စာ = လောဘတဏှာ၊

နိရောဓသစ္စာ = နိဗ္ဗာန်၊

မဂ္ဂသစ္စာ = မဂ္ဂင်ရှစ်ပါးတို့၏ တရားကိုယ်များ (ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ)

ခန္ဓာမဖွဲ့ရသောတရား = နိဗ္ဗာန်။]

၄။ 'ပဋိစ္စသမုပ္ပါဒ်'ဟူသောစကား၏ အဓိပ္ပာယ်ကို ရှင်းပြ၍ ယင်းပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးကို ကာလသုံးရပ်၊ အစပ်သုံးဖြာတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

[ပဋိစ္စသမုပ္ပါဒ် = အကြောင်းတရားကိုစွဲ၍ အကျိုးတရားဖြစ်ခြင်း၊

= အဝိစ္ဆာစသော အကြောင်းတရားတို့ဖြစ်ခြင်းကြောင့် သင်္ခါရစသည့် အကျိုးတရားတို့ဖြစ်ခြင်း။

http://www.dhammadownload.com



ကာလသုံးရပ် = အတိတ်ကာလ – အဝိဇ္ဇာ၊ သင်္ခါရ
ပစ္စုပ္ပန်ကာလ – ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ
အနာဂတ်ကာလ – ဇာတိ၊ ဇရာမရဏ။

အစပ်သုံးဖြာ = ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ရပ်ကို စဉ်ထားသောအခါ– 'အဝိဇ္ဇာ၊ သင်္ခါရ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။ ဇာတိ၊ ဇရာ မရဏ'
အတိတ်အကြောင်း (သင်္ခါရ) နှင့် ပစ္စုပ္ပန်အကျိုး (ဝိညာဏ်) ကြား၌တစ်စပ်၊ ပစ္စုပ္ပန်အကျိုး (ဝေဒနာ) နှင့် ပစ္စုပ္ပန်အကြောင်း (တဏှာ) ကြား၌တစ်စပ်၊ ပစ္စုပ္ပန်အကြောင်း (ကမ္မဘဝ) နှင့် အနာဂတ်အကျိုး (ဇာတိ) ကြား၌ တစ်စပ်။]

၂။ သတ္တဝါတို့အား သံသရာဝဋ်မှ မလွတ်ရအောင် အစဉ်အမြဲ အမြစ်တွယ်စေတတ်သော သံသရာဝဋ်မြစ်တရားနှစ်ပါးကို ထုတ်ဖော်ရေးသား၍ ပဋိသန္ဓေနေမှု (ဇာတိ) ကြောင့်ဖြစ်ပေါ်လာသော အကျိုးရင်း၊ အကျိုးဆက်တရားစုကို တစ်ခုမကျန် ရေးသားပြပါ။
(သံသရာဝဋ်မြစ်တရားနှစ်ပါး = အဝိဇ္ဇာနှင့် တဏှာ။
ဇာတိ၏အကျိုးရင်း = ဇရာ – အိုမင်းရင့်ရော်ခြင်း၊ မရဏ – သေဆုံးပျက်စီးခြင်း။
ဇာတိ၏အကျိုးဆက် = သောက – ဝမ်းနည်းပူဆွေးခြင်း၊ ပရိဒေဝ – ငိုကြွေးခြင်း၊ ဒုက္ခ – ကိုယ်ဆင်းရဲခြင်း၊ ဒေါမနဿ – စိတ်ဆင်းရဲခြင်း၊ ဥပါယာသ – စိတ်ပြင်းစွာပင်ပန်းခြင်း။)

၆။ ပဋ္ဌာန်းပစ္စည်းတို့တွင် နာမ်တရားနှင့် ရုပ်တရားတို့ အပြန်အလှန် ကျေးဇူးပြုတတ်သော ပစ္စည်းများကို ထုတ်ပြ၍ အာသေဝန, ကမ္မပစ္စည်းတို့၏ အနက်အဓိပ္ပာယ်ကိုလည်း နားလည်အောင် ဖြေဆိုရေးသားခဲ့ပါ။
(ပဋိသန္ဓေအခါ၌ နာမ်နှင့် ရုပ် အပြန်အလှန်ကျေးဇူးပြုသော ပဋ္ဌာန်းပစ္စည်းများ = သဟဇာတ၊ အညမည၊ နိဿယ။ နာမ်သည် ရုပ်အားကျေးဇူးပြုသော ပဋ္ဌာန်းပစ္စည်း = ပစ္ဆာဇာတပစ္စည်း။ ရုပ်သည် နာမ်အားကျေးဇူးပြုသော ပဋ္ဌာန်းပစ္စည်း = ပုရေဇာတ ပစ္စည်း။
အာသေဝနပစ္စည်း = အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

http://www.dhammadownload.com



ဂုမ္ဗပစ္စည်း = ဝိပါက်နာမက္ခန္ဓာနှင့် ကံဋ္ဌတ္တာရုပ်တို့ဖြစ်ရန် မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။)

၇။ နိဗ္ဗာန်သည် နာမ်လော, ရုပ်လော, အကြောင်းပြဖြေဆို၍ အောက်ပါတို့၏ သဒ္ဒပညတ်အမည်များကိုလည်း ညွှန်ပြခဲ့ပါ။

(က) ရုပ်ဝေဒနာ၊ (ခ) ရေမြေတောတောင်၊ (ဂ) ပညာရှိပုဂ္ဂိုလ်၊

(ဃ) မိန်းမအသံ။

[နိဗ္ဗာန်သည် နာမ်ဖြစ်သည်။ အကြောင်းမှာ နိဗ္ဗာန်ကို အာရုံပြုနိုင်သောစိတ်များအား နိဗ္ဗာန်သို့ ကိုင်းညွတ်စေတတ်သောကြောင့်ဖြစ်သည်။ ထို့အပြင် အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းတွင် နာမ်ခန္ဓာလေးပါးနှင့် နိဗ္ဗာန်ကို 'အရူပ' ဟူ၍လည်းကောင်း၊ 'နာမ်' ဟူ၍လည်းကောင်း မိန့်ဆိုထားပါသည်။

(က) ရုပ်ဝေဒနာ = ပရမတ္ထအားဖြင့် ထင်ရှားရှိသဖြင့် ဝိဇ္ဇမာနပညတ်၊

(ခ) ရေမြေတောတောင် = ပရမတ္ထအားဖြင့် ထင်ရှားမရှိ၍ အဝိဇ္ဇမာနပညတ်၊

(ဂ) ပညာရှိပုဂ္ဂိုလ် = ပရမတ္ထအားဖြင့် ထင်ရှားရှိသောပညာနှင့် ထင်ရှားမရှိသော ပုဂ္ဂိုလ်တို့ကို ပေါင်းစပ်ထားသဖြင့် ဝိဇ္ဇာမာနေနအဝိဇ္ဇမာနပညတ်။

(ဂ) မိန်းမအသံ = ပရမတ္ထအာဖြင့် ထင်ရှားမရှိသောမိန်းမနှင့် ထင်ရှားရှိသည့် အသံကို ပေါင်းစပ်ထားသဖြင့် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။]

၈။ သမထကမ္မဋ္ဌာန်းနည်းအရ ကသိုဏ်းရှုပုံကို အကျဉ်းချုပ်ဖော်ပြ၍ အောက်ပါပုဂ္ဂိုလ်တို့နှင့် သင့်လျော်မည့် ကမ္မဋ္ဌာန်းကိုလည်း ညွှန်ပြခဲ့ပါ။

(က) ကာမဂုဏ်လိုက်စားမှုများသူ။

(ခ) နေရာတိုင်း ဒေါသခက်ထန်သူ။

(ဂ) ရတနာသုံးပါးကို အလွန်ကြည်ညိုသူ။

[ကသိုဏ်းရှုပုံ = ကသိုဏ်းဝန်း သို့မဟုတ် ကသိုဏ်းနိမိတ်အာရုံကို အကြွင်းအကျန်မရှိစေဘဲ အလုံးစုံ တစ်ပြိုင်နက်မြင်အောင် ရှုအပ်, ဆင်ခြင်အပ်သည်။

(က) ကာမဂုဏ်လိုက်စားသူသည် ရာဂမီးကို ငြိမ်းစေတတ်သော အသုဘ ၁၀ ပါး၊ ကာယဂတာသတိကမ္မဋ္ဌာန်းတို့နှင့် သင့်လျော်လျောက်ပတ်သည်။

(ခ) ဒေါသခက်ထန်သူသည် ဒေါသကို ငြိမ်းစေတတ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသည့် အပ္ပမညာလေးပါး၊ နီလ, ပီတ, လော

http://www.dhammadownload.com



ဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်းလေးပါးတို့နှင့် သင့်လျော်သည်။

(ဂ) ရတနာသုံးပါးကြည်ညိုသူသည် သဒ္ဓါတိုးပွားစေသော ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ ကမ္မဋ္ဌာန်းတို့နှင့် သင့်လျော်သည်။]

၉။ ယောဂီပုဂ္ဂိုလ်တိုင်း ခန္ဓာကိုယ်၌လည်းကောင်း၊ စားသောက်ရာ၌လည်းကောင်း၊ ရှုမှတ်ဆင်ခြင်ရမည့် ကမ္မဋ္ဌာန်းများကို မြန်မာလိုရေးပြ၍ ဒေဝတာနုဿတိ၏ အဓိပ္ပာယ်ကိုလည်း မှန်ကန်အောင် ရေးပြခဲ့ပါ။

(ခန္ဓာကိုယ်၌ – ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း, သွားအရေ, အသား, အကြော, အရိုး စသော ၃၂ ကောဋ္ဌာသရှိသည် ဟု ဆင်ခြင်ရမည် (ကာယဂတာသတိ)။

– ပထဝီဓာတ် – ခက်မာခြင်း, ပျော့ခြင်းသဘော၊ အာပေါဓာတ် – ဖွဲ့စည်းခြင်း, ယိုစီးခြင်းသဘော၊ တေဇောဓာတ် – ပူခြင်း, အေးခြင်းသဘော၊ ဝါယောဓာတ် – တွန်းကန်ခြင်း, ထောက်ကန်ခြင်းသဘောဟူ၍ ရှုဆင်ခြင်ရမည် (စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း။)

စားသောက်ရာ၌ – စက်ဆုပ်ရွံရှာဖွယ်ဟူ၍ အမှတ်သညာပြုရမည် (အာဟာရေ ပဋိကူလသညာ)။

ဒေဝတာနုဿတိ – နတ်ဗြဟ္မာတို့ကိုသက်သေပြု၍ မိမိ၏ ကုသိုလ်ကောင်းမှုကို အဖန်ဖန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်း။)

၁၀။ လောက၌ အဘယ်ပုဂ္ဂိုလ်မျိုးကို ရဟန္တာဟု ခေါ်ဆိုအပ်ပါသနည်း၊ ရှင်းပြ၍ ရဟန္တာဖြစ်နည်း အရိယာကျင့်စဉ်ကို မဂ်လေးပါးပယ်စဉ်ကိုမှီး၍ ရေးပြခဲ့ပါ။

(ရဟန္တာ – မဂ်ဉာဏ်လေးပါးဖြင့် ကိလေသာဆယ်ပါးကို အကြွင်းမဲ့ပယ်ပြီး၍ အာသဝေါတရား ကုန်ခန်းပြီးသောပုဂ္ဂိုလ်ကို ရဟန္တာဟု ခေါ်သည်။ ရဟန္တာသည် အရဟတ္တဖိုလ်ဝင်စား၍ နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်သည်။ လောက၌ မြတ်သောအလှူကို ခံယူထိုက်သည့် အရိယာလည်းဖြစ်သည်။

အရိယာကျင့်စဉ် – ရဟန္တာဖြစ်သည်အထိ အကျိုးပြုနိုင်သော အရိယာကျင့်စဉ်မှာ မဂ္ဂင်ရှစ်ပါးကျင့်စဉ် (ဝါ) သီလ–သမာဓိ–ပညာ သိက္ခာသုံးရပ်ကျင့်စဉ် ဖြစ်၏။ ယောဂီပုဂ္ဂိုလ်သည် သီလလုံခြုံစွာစောင့်ထိန်းပြီး သမထဘာဝနာဖြင့် သမာဓိထူထောင်သည်။ သမာဓိယှဉ်သောစိတ်ဖြင့် ရုပ်တရား, နာမ်တရား

http://www.dhammadownload.com



တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါးတင်၍ ဝိပဿနာရှုပွားသည်။ သမ္မသနဉာဏ်မှ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၁၀ ပါး အဆင့်ဆင့် ရင့်ကျက်လာသည်။ အနုလောမဉာဏ်၏အဆုံး၌ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ဂေါတြဘုစိတ်ဖြစ်သည်။ ထိုစိတ်သည် ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေသည်။ အကြောင်းမှာ ထိုစိတ်ဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် နိဗ္ဗာန်ကိုမျက်မှောက်ပြုသော သောတာပတ္တိမဂ်စိတ်၊ ထို့နောက် သောတာပတ္တိဖိုလ်စိတ်တို့ ဖြစ်ပေါ်လာကြသည်။

သောတာပတ္တိမဂ်စိတ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ (ကိလေသာနှစ်ပါး) ကို အကြွင်းမဲ့ပယ်ပြီး ကျန်ကိလေသာတို့၏ အပါယ်ချနိုင်သော အစွမ်းသတ္တိကိုလည်း ပယ်သည်။

ထိုပုဂ္ဂိုလ်သည် သောတာပန်အရိယာဖြစ်ပြီး သောတာပတ္တိဖိုလ်ဝင်စားခြင်းဖြင့် နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်သည်။ ကာမဘုံများ၌ ခုနစ်ကြိမ်သာ ပဋိသန္ဓေနေရတော့မည်။

ထိုသောတာပန်ပုဂ္ဂိုလ်က ဝိပဿနာတရားကို ဆက်လက်ပွားများသော် သကဒါဂါမိမဂ်ဖိုလ်တို့ကို ဖြစ်ပေါ်စေနိုင်သည်။ သကဒါဂါမိမဂ်သည် ရာဂ, ဒေါသ, မောဟ ကိလေသာတို့ကို လျော့နည်းပါးလျားသွားအောင် ပြုသည်။ သကဒါဂါမိမဂ်ဖိုလ်ရပြီးသောပုဂ္ဂိုလ်သည် သကဒါဂါမိအရိယာဖြစ်၍ ကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေနေရတော့မည်။

သကဒါဂါမိပုဂ္ဂိုလ်က ဆက်လက်၍ဝိပဿနာတရားရှုပွားသော် အနာဂါမိမဂ်ဖိုလ်တို့ကို ဖြစ်ပေါ်စေနိုင်သည်။ အနာဂါမိမဂ်သည် ကာမရာဂနှင့် ဗျာပါဒ (ဒေါသ) တို့ကို အကြွင်းမဲ့ ပယ်သည်။ ထိုယောဂီသည် အနာဂါမ်အရိယာအဖြစ်သို့ရောက်ပြီး ကာမဘုံ၌ ပဋိသန္ဓေနေခြင်း မရှိတော့ချေ။

ထိုအနာဂါမ်ပုဂ္ဂိုလ်က ဝိပဿနာတရား ဆက်လက်ပွားများသော် အရဟတ္တမဂ်စိတ်နှင့် ဖိုလ်စိတ်တို့ကို ဖြစ်ပေါ်စေနိုင်သည်။ အရဟတ္တမဂ်သည် ကြွင်းကျန်သည့် ကိလေသာအားလုံးကို အမြစ်ပြတ်ပယ်သတ်သဖြင့် ကိလေသာအားလုံး ကင်းရှင်းသွား၏။ အာသဝေါတရားလေးပါးလည်း ကုန်ခန်းသွား၏။ ထိုပုဂ္ဂိုလ်သည် လောက၌မြတ်သည့်အလှူကို ခံယူထိုက်သော ရဟန္တာပုဂ္ဂိုလ်မြတ်ဖြစ်လေပြီ။)

http://www.dhammadownload.com



## အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ပထမဆင့် (၁၉၉၂ ခုနှစ်)

၁။ 'စိတ်ကောင်းမရှိ' ဟူသောစကား၌ 'စိတ်ကောင်း' ဟု ခေါ်ဆိုထိုက်သောစိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍ ရုပ်မြင်သံကြားကြည့်ရှုနေစဉ် အရုပ်ကိုမြင်သိသောစိတ်နှင့် အသံကို ကြားသိသော စိတ်တို့၏အမည်ကို ညွှန်ပြပါ။
(စိတ်ကောင်း = မဟာကုသိုလ်စိတ် ရှစ်ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ကိုးပါး၊ လောကုတ္တရာကုသိုလ်စိတ် လေးပါး၊ ပေါင်း ၂၁ ပါး။
အရုပ်ကို မြင်သိသောစိတ် = စက္ခုဝိညာဏ်စိတ်၊
အသံကို ကြားသိသောစိတ် = သောတဝိညာဏ်စိတ်။)

၂။ မည်သူတစ်ဦးတစ်ယောက်မျှမတိုက်တွန်းရဘဲ နှစ်သက်ဝမ်းမြောက်စွာ ဆွမ်းခံဘုန်းဘုန်းအား ရှိခိုးဦးချလျက်ရှိသောကလေးငယ်၏ သန္တာန်၌ဖြစ်နိုင်သောကုသိုလ်စိတ်ကို ဖော်ပြ၍ စုံစမ်းထောက်လှမ်းတတ်သောစိတ်တို့၏အမည်ကိုလည်း ညွှန်ပြပါ။
(ကလေးငယ်၌ ဖြစ်သောစိတ် = သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်အသင်္ခါရိက မဟာကုသိုလ်စိတ်။
စုံစမ်းထောက်လှမ်းတတ်သောစိတ် = သန္တီရဏစိတ် သုံးပါး။)

၃။ မြင့်မြတ်သူတို့ ရအပ်ရောက်အပ်သောစိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍ ကောင်းမြတ်သောအကျိုးတရားဖြစ်သော စိတ်ကိုလည်း မှန်ကန်စွာ ရေတွက်ပြပါ။
[မြင့်မြတ်သူတို့၏စိတ် = ရူပါဝစရစိတ် ၁၅ ပါး၊ အရူပါဝစရစိတ် ၁၂ ပါး၊ ပေါင်း မဟဂ္ဂုတ်စိတ် ၂၇ ပါး၊ လောကုတ္တရာစိတ် ရှစ်ပါး။
ကောင်းမြတ်သောအကျိုးတရားဖြစ်သောစိတ် = အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါး၊ လောကုတ္တရာဝိပါက် (ဖိုလ်စိတ်) လေးပါး၊ ပေါင်း ၂၉ ပါး။]

၄။ 'လုံ့လမမှု နတ်မကူဘူး' ဟူသောစကားလုံး၌ 'လုံ့လ' ဟု ခေါ်ဆိုထိုက်သည့်စေတသိက်အမည်ကို ဖော်ပြ၍ ယင်းစေတသိက်နှင့် အတူတကွဖြစ်သောစိတ်သရုပ်ကိုလည်း ထုတ်ပြပါ။
(လုံ့လဟု ခေါ်ဆိုထိုက်သည့်စေတသိက် = ဝီရိယစေတသိက်။
၎င်းစေတသိက်နှင့်အတူဖြစ်သောစိတ်များ = ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ပေါင်း ၁၆ ပါးကြဉ်သော စိတ်အကျဉ်း ၇၃ ပါး၊ အကျယ် ၁၀၅ ပါး။

http://www.dhammadownload.com



တစ်နည်း၊ ဝီရိယယှဉ်သောစိတ် ၇၃ ပါးမှာ အကုသိုလ်စိတ် ၁၂ ပါး၊ မနော ဒွါရာဝဇ္ဇန်း တစ်ပါး၊ ဟသိတုပ္ပါဒ်တစ်ပါးနှင့် သောဘဏစိတ် ၅၉ ပါးတို့ဖြစ် ကြသည်။)

၅။ အငတ်ဘေးကြီး ဆိုက်ရောက်လျက်ရှိသော ဆိုမားလီးယားပြည်သူများအား သနားကြင်နာမှုဖြစ်နေခြင်းသည် အဘယ်စေတသိက်၏ သဘောလက္ခဏာ ဖြစ်ပါသနည်း၊ တိကျမှန်ကန်စွာဖော်ပြ၍ ယင်းစေတသိက်နှင့်ဆန့်ကျင်ဘက် စေတသိက်အမည်ကိုလည်း ညွှန်ပြပါ။
(သနားကြင်နာမှုသည် ကရုဏာစေတသိက်၏ သဘောလက္ခဏာဖြစ်ပါသည်။ ကရုဏာနှင့် ဆန့်ကျင်ဘက်စေတသိက် = ဒေါသစေတသိက်။)

၆။ 'ရမ္မက်စံအိမ်' ဟူသောစကားဝယ် 'ရမ္မက်' ဟူသောလောကဝေါဟာရ၏ ပရ မတ္ထသဘာဝကိုညွှန်ပြ၍ ယင်းပရမတ္ထသဘာဝနှင့် အတူတကွဖြစ်သော စိတ် ကိုလည်း ဖော်ပြပါ။
(ရမ္မက်၏ ပရမတ္ထသဘာဝသည် လောဘစေတသိက်ဖြစ်သည်။ လောဘစေတသိက်နှင့်အတူ ဖြစ်သောစိတ်တို့မှာ လောဘမူစိတ်ရှစ်ပါး ဖြစ် သည်။)

၇။ စိတ်, စေတသိက်တို့သည် စာဖြေသူတို့၏ ခန္ဓာအိမ်သို့ မည်သည့်တံခါးပေါက် များမှ ဝင်ရောက်လာကြပါသနည်း၊ ဝင်ရောက်လာသည့် တံခါးပေါက်၏ အမည်များကိုဖော်ပြ၍ ယင်းတံခါးပေါက်များမှ ဝင်ရောက်မလာနိုင်သည့်စိတ် တို့ကိုလည်း ညွှန်ပြပါ။

(တံခါးခြောက်ပေါက်– စက္ခုဒွါရ = မျက်စိတံခါးပေါက်
သောတဒွါရ = နားတံခါးပေါက်
ဃာနဒွါရ = နှာခေါင်းတံခါးပေါက်
ဇိဝှာဒွါရ = လျှာတံခါးပေါက်
ကာယဒွါရ = ကိုယ်တံခါးပေါက်
မနောဒွါရ = စိတ်တံခါးပေါက်

မဝင်လာနိုင်သောစိတ် = မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးပါး = ဒွါရဝိမုတ်စိတ် ကိုးပါး။)

၈။ 'ချာန်အဘိညာဉ်' ဟူသောစကားဝယ် 'အဘိညာဉ်' ၏ ပရမတ္ထတရားကိုယ်ကို ဖော်ပြ၍ ယင်းအဘိညာဉ်ဖြင့် ထူးထူးခြားခြား အာရုံပြုသိရှိနိုင်သည့်အရာများ ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com



(အဘိညာဉ်၏ တရားကိုယ်... ရူပါဝစရပဉ္စမဈာန် ကုသိုလ်စိတ်နှင့်ယှဉ်သော ပညာ + ရူပါဝစရပဉ္စမဈာန်ကြိယာစိတ်နှင့် ယှဉ်သော ပညာ၊
သိရှိနိုင်သည့်အရာများ... ရူပါဝစရပဉ္စမဈာန် ကုသိုလ်အဘိညာဉ်စိတ်သည် အရဟတ္တမဂ်ဖိုလ်တို့မှတစ်ပါး အလုံးစုံသောအာရုံခြောက်ပါးကို အာရုံပြု၍ သိနိုင်သည်။
ရူပါဝစရ ပဉ္စမဈာန် ကြိယာအဘိညာဉ်စိတ်သည် အလုံးစုံသော အာရုံခြောက်ပါးကို အာရုံပြုပြီး သိရှိနိုင်သည်။)

၉။ ဗုဒ္ဓဘာသာဝင်ဖြစ်သူတိုင်း 'နိဗ္ဗာန်ကို အာရုံပြု၍ လှူဒါန်းသည်' ဆိုရာ၌ နိဗ္ဗာန်ကို ကေန်အာရုံပြုနိုင်သော စိတ်သရုပ်ကို ထုတ်ပြ၍ လောကီအာရုံများနှင့် ပျော်မွေ့လျက်ရှိသော စိတ်တို့ကိုလည်း ရေတွက်ပြပါ။
(နိဗ္ဗာန်ကို ကေန်အာရုံပြုနိုင်သောစိတ် = လောကုတ္တရာစိတ် ရှစ်ပါး။
= မဂ်စိတ်လေးပါးနှင့် ဖိုလ်စိတ်လေးပါး။
လောကီအာရုံများနှင့် ပျော်မွေ့သောစိတ် = အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်လေးပါး၊ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် လေးပါး၊ ပေါင်း ၂၀ ပါး။)

၁၀။ စိတ်, စေတသိက်တို့၏ တည်ရာမှီရာ ဝတ္ထုခြောက်ပါးကို ရေတွက်ပြ၍ ယင်းဝတ္ထုရုပ်များကို လုံးဝမမှီဘဲဖြစ်သော စိတ်တို့ကိုလည်း ဖြေဆိုပါ။
(ဝတ္ထုခြောက်ပါး = စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု။
ဝတ္ထုရုပ်များကို လုံးဝမမှီဘဲဖြစ်သောစိတ် = အရူပါဝစရဝိပါက်စိတ် လေးပါး။)

အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) ဒုတိယဆင့် (၁၉၉၂ ခုနှစ်)

၁။ ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိများကို ဖော်ပြ၍ စာဖြေသူ၏ စိတ်ဝိညာဉ်နှင့် ဆက်စပ်လျက် ဖြစ်ပေါ်လာနိုင်သော ဝီထိခြောက်မျိုး၏ အမည်နာမများကိုလည်း ဖြေဆိုပါ။
[ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိများ = ကံနိမိတ်ထင်ခြင်း၊ ကမ္မနိမိတ်ထင်ခြင်း၊ ဂတိနိမိတ်ထင်ခြင်း။
ဝီထိခြောက်မျိုး... (၁) စက္ခုဝိညာဏဝီထိ၊ (၂) သောတဝိညာဏဝီထိ၊
(၃) ဃာနဝိညာဏဝီထိ၊ (၄) ဇိဝှာဝိညာဏဝီထိ၊
(၅) ကာယဝိညာဏဝီထိ၊ (၆) မနောဝိညာဏဝီထိ။]

http://www.dhammadownload.com



၂။ ဤမေးခွန်းလွှာကိုကြည့်ရှုနေခိုက် စာဖြေသူ၏သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို တိကျမှန်ကန်စွာရေးသားဖြေဆို၍ ဝီထိစိတ် လုံးဝမဖြစ်သော ဝီထိ၏အမည်ကိုလည်း ညွှန်ပြပါ။

(ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောခုနစ်ကြိမ်၊ တဒါရုံ နှစ်ကြိမ်။

ဝီထိစိတ်လုံးဝမဖြစ်သော ဝီထိ = အတိပရိတ္တာရုံဝီထိ။)

၃။ အရိယာပုဂ္ဂိုလ်တို့၏ ကိုယ်ပိုင်စိတ်တို့ကို ဆိုင်ရာပုဂ္ဂိုလ်နှင့် တွဲစပ်ဖော်ပြ၍ နိရောဓသမာပတ်ဝင်စားခါနီးမှာ စောသည့်ဇောနှင့် စောသော အကြိမ်အရေအတွက်ကိုလည်း ဖော်ပြပါ။

(သောတာပတ္တိမဂ္ဂဋ္ဌာန် – သောတာပတ္တိမဂ်စိတ်၊
သကဒါဂါမိမဂ္ဂဋ္ဌာန် – သကဒါဂါမိမဂ်စိတ်၊
အနာဂါမိမဂ္ဂဋ္ဌာန် – အနာဂါမိမဂ်စိတ်၊
အရဟတ္တမဂ္ဂဋ္ဌာန် – အရဟတ္တမဂ်စိတ်၊
သောတာပတ္တိဖလဋ္ဌာန် – သောတာပတ္တိဖိုလ်စိတ်၊
သကဒါဂါမိဖလဋ္ဌာန် – သကဒါဂါမိဖိုလ်စိတ်၊
အနာဂါမိဖလဋ္ဌာန် – အနာဂါမိဖိုလ်စိတ်၊
အရဟတ္တဖလဋ္ဌာန် – အရဟတ္တဖိုလ်စိတ်။

နိရောဓသမာပတ်ဝင်စားခါနီး စောသည့်ဇော = စတုတ္ထအရူပ နေဝသညာနာသညာယတနကြိယာစိတ်

အနာဂါမ်ဖြစ်လျှင် = စတုတ္ထအရူပနေဝသညာနာသညာယတနကုသိုလ်စိတ်

စောသောအကြိမ် = နှစ်ကြိမ်။)

၄။ သူတစ်ပါးသားပျိုသမီးပျိုများနှင့် လူမှုရေးဖောက်ပြန်ခြင်းသည် မည်သည့် အကုသိုလ်ကံဖြစ်ပါသနည်း။ ဖြေဆို၍ ယင်းကံ၏ ပဋိသန္ဓေအကျိုးပေးရာ ဘုံဋ္ဌာနကိုလည်း ဖော်ပြပါ။

(ကာမေသုမိစ္ဆာစာရကံ၊ ပဋိသန္ဓေအကျိုးပေးရာဘုံဋ္ဌာနမှာ အပါယ်လေးဘုံ ဖြစ်သည်။)

၅။ ဒါနပြုရုံ သီလဆောက်တည်ရုံမျှဖြင့် မရရှိနိုင်ဘဲ ဘာဝနာတရား ပွားများအားထုတ်မှသာ ရရှိနိုင်သည့် ကုသိုလ်ကံများကို ရေတွက်ပြ၍ မဟာဗြဟ္မာကြီး ဖြစ်လိုသူသည် မည်သည့်တရားကို ပွားများရပါမည်နည်း။ သင်္ဂြိုဟ်ကျမ်း ထောက်ရှု၍ ဖြေဆိုပါ။

http://www.dhammadownload.com



(မဟာဂ္ဂုတ်ကုသိုလ်ကံ ကိုးပါး။ မဟာဗြဟ္မာဖြစ်ရန် ရူပကုသိုလ်ပဌမဈာန်ကို ပဏီတဖြစ်အောင် ပွားများရမည်။)

၆။ သက်ရှိသတ္တဝါအားလုံးတို့၏ ဘဝနိဒါန်းစတင်ချိန်က ဖြစ်သောစိတ်၊ ဘဝနိဂုံး အဆုံးသတ်ချိန်တွင်ဖြစ်သောစိတ်နှင့် ဘဝ၏အင်္ဂါရပ်တစ်ခုဖြစ်သောစိတ်တို့ကို သိသာရုံဖော်ညွှန်းပြ၍ 'ပဋိသန္ဓေ'ဟူသောစကားကို အဘိဓမ္မာသဘောအရ ရှင်းလင်းပြပါ။

(ဘဝနိဒါန်းစတင်ချိန်ဖြစ်သောစိတ် = ပဋိသန္ဓေစိတ်။ ဘဝနိဂုံးအဆုံးသတ်စိတ် = စုတိစိတ်။ ဘဝအင်္ဂါဖြစ်သောစိတ် = ဘဝင်စိတ်။

'ပဋိသန္ဓေ'ဟူသည်မှာ ဘဝဟောင်း၌ စုတိစိတ်ကျပြီးနောက် အကျိုးပေးခွင့်ရသောကံ၏အစွမ်းကြောင့် ထိုကံနှင့်ဆိုင်သော ဝိပါက်စိတ်က ပဋိသန္ဓေစိတ်အဖြစ် ဘဝသစ်၌ ဖြစ်ပေါ်လာခြင်းကို ခေါ်သည်။ ထိုစိတ်သည် ဘဝသစ်၌ အစဦးဆုံးဖြစ်သောစိတ် ဖြစ်သဖြင့် ဘဝဟောင်းနှင့် ဘဝသစ်တို့ကို ဆက်စပ်ပေးသည့်သဘောကို ဆောင်သည်။ ထို့ကြောင့် ၎င်းစိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်သည်။)

၇။ သတ္တဝါများ သေခါနီးကာလ၌ ထင်လာတတ်သည့် နိမိတ်သုံးမျိုးကို ဖော်ပြ၍ လူသားများ သေလျှင် ရောက်နိုင်သည့် ဘုံဘဝတို့ကိုလည်း ဖြေဆိုပါ။

(နိမိတ်သုံးမျိုး= ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်။ လူသားသေလျှင် ရောက်နိုင်သည့် ဘုံ= ၃၁ ဘုံ၊

အကုသိုလ်ကံ, ကုသိုလ်ကံအားလျော်စွာ ၃၁ ဘုံအနက်မည်သည့်ဘုံ၌မဆို ဖြစ်နိုင်သည်။

ဖြစ်နိုင်သောဘဝမှာ ငရဲသားဘဝ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ လူ၊ နတ်၊ ဗြဟ္မာ စသော ဘဝမျိုးစုံဖြစ်သည်။)

၈။ ရုပ် ၂၈ ပါးကို အစစ်, အတု ခွဲခြားပြ၍ ဤစာဖြေခန်းအတွင်းဝယ် စာဖြေဆိုသူများ မျက်စိဖြင့် မြင်တွေ့ရသည့် ရုပ်တို့ကိုလည်း ညွှန်ပြပါ။

[ရုပ်အစစ် = နိပ္ဖန္နရုပ် ၁၈ ပါး။ ရုပ်အတု= အနိပ္ဖန္နရုပ် ၁၀ ပါး။

မြင်နိုင်သောရုပ် = ရူပါရုံ = အဆင်းရုပ် (ဝဏ္ဏ)။]

၉။ သတ္တဝါများအား ပြုံးရွှင်ရယ်မောခြင်းကိုဖြစ်စေတတ်သောစိတ်များကို အကျဉ်းသရုပ်မျှ ဖော်ပြ၍ လူသားများသည် မည်သည့်စိတ်ဖြင့် ရယ်မောကြသည်ကိုလည်း ရှင်းလင်းပြပါ။

(သတ္တဝါများ ပြုံးရွှင်ရယ်မောသောစိတ်များ = လောဘမူသောမနဿစိတ်

http://www.dhammadownload.com



လေးပါး၊ ဟသိတုပ္ပါဒ်စိတ် ၁၊ မဟာကုသိုလ်သောမနဿစိတ် လေးပါး၊ မဟာကြိယာသောမနဿစိတ် လေးပါး၊ ပေါင်း ၁၃ ပါး။

လူသားများ ရယ်မောကြသည့်စိတ် = လောဘမူ သောမနဿစိတ်လေးပါး၊ မဟာကုသိုလ် သောမနဿစိတ် လေးပါး။)

၁၀။ လူ့ခန္ဓာကိုယ်ရှိ ရုပ်ဝတ္ထုများအနက် လူနှင့်အတူသေသောရုပ်၊ လူသေပြီးမှ သေသောရုပ်၊ လူပင်သေသော်လည်း မသေဘဲနှင့် ဆက်လက်ဖြစ်နေဆဲ ရုပ်တို့ကို ထုတ်ဆောင်ပြ၍ ရုပ်ကလာပ်ဖွဲ့စည်းရာ၌ မပါဝင်သောရုပ်တို့ကိုလည်း မပါဝင်ခြင်းအကြောင်းနှင့်တကွ ဖြေဆိုပါ။

(လူနှင့်အတူသေသောရုပ် = ကမ္မဇရုပ်။

လူသေပြီးမှ သေသောရုပ် = စိတ္တဇရုပ်၊ အာဟာရဇရုပ်။

လူသေသော်လည်း မသေဘဲ ဆက်ဖြစ်သောရုပ် = ဥတုဇရုပ်။

ရုပ်ကလာပ်ဖွဲ့စည်းရာ၌ မပါဝင်သောရုပ် = အာကာသဓာတ်နှင့် လက္ခဏာရုပ် လေးပါး။

အာကာသဓာတ်သည် ရုပ်ကလာပ်တို့၏အပိုင်းအခြားမျှသာဖြစ်၍ ရုပ်ကလာပ်များတွင် မပါဝင်ပါ။ လက္ခဏာရုပ်လေးပါးတို့သည် ရုပ်အစစ်တို့၏ ဥပါဒ်, ဌီ, ဘင် အခိုက်တို့ကို မှတ်သားပြသည့် အမှတ်အသားများမျှသာဖြစ်၍ ရုပ်ကလာပ် ဖွဲ့စည်းရာတွင် မပါဝင်ကြပါ။)

အဘိဓမ္မာစာမေးပွဲ (ရိုးရိုး) တတိယဆင့် (၁၉၉၂ ခုနှစ်)

၁။ လူသားအားလုံးတို့သည် အချုပ်အားဖြင့် နာမ်ရုပ်ပရမတ္ထမျှသာဖြစ်၏။ ယင်းပရမတ္ထတို့တွင် မိမိတို့၏မှတ်ကြောင်းလက္ခဏာဖြင့် အထူးထင်ရှား၍အထည်ကိုယ်ဝတ္ထုရကောင်းသော ရုပ်နာမ်တို့ကို ရွေးချယ်စိစစ်ပြပြီး နိဗ္ဗာန်သည် အထည်ကိုယ်ရဝတ္ထုဓမ္မ ဟုတ်, မဟုတ် စစ်တမ်းထုတ်ပြပါ။

(အထည်ကိုယ်ဝတ္ထုရကောင်းသော ရုပ်နာမ် = နိပ္ဖန္နရုပ် ၁၈ ပါး၊ စိတ်တစ်ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်တစ်ပါး၊ ပေါင်း ၇၂ ပါး။

နိဗ္ဗာန်သည် အထည်ကိုယ်ရကောင်းသော ဝတ္ထုဓမ္မဖြစ်ပါသည်။)

၂။ 'အာသဝေါကုန်ရာ နိဗ္ဗာန်ရောက်အောင် ရှုက်ဆောင်နိုင်သည် ဖြစ်ပါစေသတည်း' ဟူသော ဆုတောင်း၌ ကုန်စေလိုသော အာသဝတို့နှင့် ယင်းတို့၏ အလေ့ ဘာသာဓမ္မတာတို့ကိုလည်း ဖြေဆိုပါ။

(ကုန်စေလိုသောအာသဝများ = ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ပေါင်း လေးပါး။

http://www.dhammadownload.com



ယင်းတို့၏ အလေ့ဘာသာဓမ္မတာ = ခန္ဓာကိုယ်၌ အမြဲထုံသောအလေ့ဘာသာ ဓမ္မတာနှင့် ခန္ဓာကိုယ်၌ အမြဲယိုစီးတတ်သော အလေ့ဘာသာ ဓမ္မတာရှိသည်။ သတ္တဝါတို့ကို အလွန်ယစ်မူးတွေဝေစေကြသည်။)

၃။ ဘဝကြီး, ငယ်သို့ သွားရောက်ကြောင်းခရီးလမ်းဖြစ်သည့် မဂ္ဂင်တရားစု၌ ဒုဂ္ဂတိဘဝသို့ လားရောက်ကြောင်းခရီးလမ်းဖြစ်သည့် တရားစုတို့ကို ရွေးကောက်ပြ၍ မဂ္ဂင်မရအပ်သောစိတ်ကိုလည်း ညွှန်ပြပါ။

(ဒုဂ္ဂတိဘဝသို့ လားရောက်ကြောင်းခရီးလမ်းဖြစ်သည့် တရားစုတို့မှာ–

၁။ မိစ္ဆာဒိဋ္ဌိ = ဒိဋ္ဌိစေတသိက်၊ လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါး၌ ယှဉ်သည်။

၂။ မိစ္ဆာသင်္ကပ္ပ = ဝိတက်စေတသိက်၊ အကုသိုလ်စိတ် ၁၂ ပါး၌ ယှဉ်သည်။

၃။ မိစ္ဆာဝါယာမ = ဝီရိယစေတသိက်၊ အကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သည်။

၄။ မိစ္ဆာသမာဓိ = ဧကဂ္ဂတာစေတသိက်၊ ဝိစိကိစ္ဆာသဟဂုတ်မောဟမူစိတ်မှတစ်ပါး၊ ကျန်အကုသိုလ် ၁၁ ပါး၌ ယှဉ်သည်။

မဂ္ဂင်မရအပ်သောစိတ် = အဟိတ်စိတ် ၁၈ ပါး။)

၄။ ပဋ္ဌာန်းတွင် ပစ္စည်းကိုအကြောင်း၊ ပစ္စယုပ္ပန်ကို အကျိုးဟုဆို၏။ ယင်းဖြစ်လျှင် နိဗ္ဗာန်သည် အကြောင်းလော၊ သို့မဟုတ် အကျိုးလော၊ အကယ်၍အကြောင်းဖြစ်ခဲ့ပါမူဆိုင်ရာအကျိုးတို့အား အဘယ်ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသနည်း၊ ဖြေဆိုခဲ့ပါ။

(နိဗ္ဗာန်သည် အကြောင်းတရားဖြစ်ပါသည်။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသည်။

၅။ သတ္တဝါတို့ အဘယ့်ကြောင့်သေရသည်ကို ကြောင်းကျိုးဆက်စပ်ဖော်ပြသည့် ပဋိစ္စသမုပ္ပါဒ်ဟောစဉ်ဒေသနာဖြင့် ညှိ၍ ဖြေဆိုပြီးလျှင် ဘုံသုံးပါး၌ မပြတ်လည်နေသော ပဋိစ္စသမုပ္ပါဒ်စက်ကြီး အပြီးတိုင် ရပ်သွားစေရန် အဓိက ဦးတည် ပယ်သတ်ရမည့် အခြေခံမူလဘူတတို့ကို ကောက်ပြခဲ့ပါ။

(ဇာတိ ပစ္စယာ ဇရာ, မရဏံဟု ဟောတော်မူသည်နှင့်အညီ ဇာတိရှိမှုသော ပဋိသန္ဓေနေရမှုကြောင့် သေရပါသည်။

ပဋိစ္စသမုပ္ပါဒ်စက်ကြီး ရပ်ရန် ပယ်သတ်ရမည့် အခြေခံမူလဘူတတို့သည် အဝိဇ္ဇာနှင့် တဏှာ ဖြစ်ပါသည်။)

၆။ ပညတ်သည် ပရမတ်ကဲ့သို့ ထင်ရှားမရှိပါဘဲလျက် အဘယ့်ကြောင့် စိတ်, စေတသိက်တို့၏အာရုံဖြစ်သည်ကို ဖြေဆို၍ လိုချင်စုံမက်နှစ်သက်ဖွယ်ကောင်း

http://www.dhammadownload.com



လှသော ဝင်းခြံ၊ တိုက်တာ၊ ဗိမ်ခံကားနှင့် ၎င်းတို့၏ပိုင်ရှင် ယဉ်ချောစုတို့သည် မည်သည့်အတ္တပညတ်များဖြစ်သည်ကို ပိုင်းခြားစိတ်ဖြာ ဖြေဆိုခဲ့ပါ။

(ပညတ်သည် ပရမတ်ကဲ့သို့ ထင်ရှားမရှိသော်လည်း ပရမတ်တရားကို စွဲမြှောင်၍ ပရမတ်၏ အရိပ်အရောင်အဖြစ် ထင်ယောင်မြင်ယောင်ဖြစ်လာသောကြောင့် စိတ်၊ စေတသိက်တို့၏ အာရုံဖြစ်လာနိုင်သည်။ မနောဒွါရိကစိတ်တို့သည် ပညတ်ကို အာရုံပြုနိုင်ကြသည်။

ဝင်းခြံ = သဏ္ဌာနပညတ်။

တိုက်တာ = သမူဟပညတ်/သဏ္ဌာနပညတ်။

ဗိမ်ခံကား = သမူဟပညတ်။

ပိုင်ရှင် = ပုဂ္ဂလပညတ်/သတ္တပညတ်။)

၇။ သာယာဖွယ်ကောင်းသည့် ဈာန်၊ မဂ်၊ ဖိုလ်ချမ်းသာ ပဋိပတ်အရသာကို ခံစားလိုလျှင် ဘာဝနာနှစ်ရပ် အားထုတ်အပ်သည်ဟု အရှင်အနုရုဒ္ဓါက လမ်းညွှန်ခဲ့ပါသည်။ ယင်းဘာဝနာနှစ်ရပ်ဟူသည် အဘယ်တို့နည်း။ ယင်းတို့၏ အကျိုးသက်ရောက်မှု မည်သို့ခြားနားသည်ကိုလည်း ဖြေဆိုပါ။

(ဘာဝနာနှစ်ရပ် = သမထဘာဝနာနှင့် ဝိပဿနာဘာဝနာ။ သမထဘာဝနာ၏အကျိုး = ဈာန်သမာပတ် ရှစ်ပါး/ကိုးပါး၊ လောကီအဘိညာဉ် ငါးပါး။ ဝိပဿနာဘာဝနာ၏အကျိုး = မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်။)

၈။ ဗြဟ္မာတို့နေခြင်းနှင့်တူသောကြောင့် ဗြဟ္မဝိဟာရအမည်ရသော ဘာဝနာတို့ကို ရှာဖွေပြ၍ အဘယ်စရိုက်ဆိုးရှိသူသည် ယင်းဘာဝနာတို့နှင့် အထူးသင့်လျော်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

(ဗြဟ္မဝိဟာရလေးပါး = မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ။ ဒေါသစရိုက်ဆိုးရှိသူသည် ယင်းဘာဝနာတို့နှင့် အထူးသင့်လျော်ပါသည်။)

၉။ ယနေ့လောကတွင် အလှူပြုကြသူများသည် မိမိအလှူ၏မှတ်တမ်းတင် ရုပ်မြင်သံကြား သတင်းကားများကို အဖန်ဖန်ကြည့်ရှု၍ သဒ္ဒါပွားပြီး သတိရနေခြင်းသည် မည်သည့်ဘာဝနာဖြစ်ပါသနည်း။ ယင်းဘာဝနာဖြင့် ဈာန်၊ မဂ်၊ ဖိုလ်ဟူသော အပ္ပနာအဆင့်သို့ ရောက်နိုင်၊ မရောက်နိုင်ကိုလည်း ဆုံးဖြတ်ပြပါ။

(စာဂါနုဿတိဘာဝနာဖြစ်ပါသည်။ ဈာန်၊ မဂ်၊ ဖိုလ် ဟူသော အပ္ပနာအဆင့်သို့ မရောက်နိုင်ပါ။)

၁၀။ ဝိပဿနာဘာဝနာကို စတင်ပွားများသူ ယောဂီပုဂ္ဂိုလ်၌ မည်သည့်ဝိပဿနာဉာဏ် စတင်ဖြစ်ပါသနည်း။

http://www.dhammadownload.com



၎င်းဉာဏ်စဉ်တို့ အဆင့်ဆင့်မြင့်၍ ရင့်သည်ထက်ရင့်ကာ အမြင်သန်လာပုံကို ဝိပဿနာဉာဏ် ဆုံးသည့်တိုင်အောင် ဆက်လက်ဖော်ပြပါ။

(သမ္မသနဉာဏ်ဖြင့် စတင်ပါသည်။

၁။ သမ္မသနဉာဏ်သည် ရုပ်နာမ်တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ဖြင့် ဆင်ခြင်သုံးသပ်နိုင်သည်။

၂။ ဥဒယဗ္ဗယဉာဏ် = ရုပ်နာမ်တို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကို ရှုမြင်သော ဉာဏ်။

၃။ ဘင်္ဂဉာဏ် = ရုပ်နာမ်တို့၏ ပျက်ခြင်းသဘောကို ရှုသိသောဉာဏ်။

၄။ ဘယဉာဏ် = ရုပ်နာမ်တို့ကို ကြောက်လန့်ဖွယ်ဘေးဆိုးကြီးအဖြစ် ရှုမြင်သော ဉာဏ်။

၅။ အာဒီနဝဉာဏ် = ရုပ်နာမ်တို့၏ အပြစ်ကို ရှုမြင်နိုင်သောဉာဏ်။

၆။ နိဗ္ဗိဒါဉာဏ် = ရုပ်နာမ်တို့ကို ငြီးငွေ့ဖွယ်အဖြစ် ရှုမြင်သောဉာဏ်။

၇။ မုဉ္စိတုကမျတာဉာဏ် = ရုပ်နာမ်ခန္ဓာတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်လိုသည်အထိ ရှုမြင်သောဉာဏ်။

၈။ ပဋိသင်္ခါဉာဏ် = ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို သိမ်းဆည်းသည်၏ အစွမ်းဖြင့် တစ်ဖန်ရှုသောဉာဏ်။

၉။ သင်္ခါရုပေက္ခာဉာဏ် = ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ချစ်ခြင်း၊ မုန်းခြင်း မရှိဘဲ လျစ်လျူရှုနိုင်သော ဉာဏ်။

၁၀။ အနုလောမဉာဏ် = အောက် ဝိပဿနာဉာဏ်များအားလည်းကောင်း၊ အထက် ဗောဓိပက္ခိယတရား ၃၇ ပါးတို့အားလည်းကောင်း လျော်စွာ ဖြစ်သောဉာဏ်။

ဤသို့ ဉာဏ်စဉ်အဆင့်ဆင့် ရင့်သည်ထက် ရင့်ကာ အမြင်သန်လာပါသည်။)

ဝ

http://www.dhammadownload.com



အဘိဓမ္မာ စာမေးပွဲ (ရိုးရိုး) ပထမဆင့် (၂၀၀၄ ခုနှစ်)

(မေးခွန်းအားလုံးဖြေဆိုပါ၊ မေးခွန်းတစ်ခုလျှင် ၁၀ မှတ်စီ၊ ခွင့်ပြုချိန် ၄ နာရီ)

၁။ အဘိဓမ္မာဘာသာ ပထမဆင့်မေးခွန်းလွှာကို ဖတ်ရှုနေသော စာဖြေရှင် မောင်တို့, မယ်တို့၏ သန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြ၍ ထိုစိတ်ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။

၂။ 'ကောင်းမှုပြုလုပ်က ကောင်းကျိုးခံစားရ၏၊ မကောင်းမှုပြုလုပ်က မကောင်းကျိုး ခံစားရ၏' ဟူသောစကား၌ ကောင်းကျိုး, မကောင်းကျိုးဟု ခေါ်ဆိုရသော စိတ်တို့ကို သိသာရုံမျှ ဖော်ပြပါ။

၃။ 'စိတ်ကောင်းရှိက ချမ်းသာရ' ဟူသောစကား၌ 'စိတ်ကောင်း' ဟု ခေါ်ဆိုရသော တရားတို့ကို ရေတွက်ပြ၍ ဘဝတစ်ခု၏ အစဆုံးနှင့် နောက်ဆုံးဖြစ်သော စိတ်တို့ကို သချာမျှ ဖော်ပြပါ။

၄။ 'စိတ်သွားတိုင်း ကိုယ်ပါ' ဟူသော စကားကဲ့သို့ စိတ်ဖြစ်တိုင်း ပါဝင်လေ့ရှိသော စေတသိက်အမည်များကို ဖော်ပြ၍ ၎င်းစေတသိက်တို့တွင် ရှေ့သုံးပါးတို့၏ လက္ခဏာတို့ကို ရေးခဲ့ပါ။

၅။ အရုပ်တစ်ပါးရှိ မိဘ, မောင်နှမ, ဆွေမျိုးများကို အောက်မေ့လွမ်းဆွတ်သူ၏ သန္တာန်၌ဖြစ်သော စေတသိက်သည်–

(က) သတိစေတသိက် ဟုတ်, မဟုတ်၊

(ခ) မည်သည့်စေတသိက် ဖြစ်သည်၊

(ဂ) ၎င်းစေတသိက်၌ စိတ်မည်မျှ ယှဉ်သည်ကို ဖော်ပြပါ၊

၆။ (က) ဝီရိယနှင့်သာ ယှဉ်၍ ပီတိနှင့်မယှဉ်သော အဟိတ်စိတ်၊

(ခ) ဝီရိယ, ပီတိ နှစ်ပါးစုံယှဉ်သော အဟိတ်စိတ်တို့ကို ဖော်ပြပါ။

၇။ 'ခံစားမှုကိုယ်စီရှိကြသည်' ဟူသောစကား၌ 'ခံစားမှု' ဟူသည် မည်သည့်တရားကို ခေါ်ပါသနည်း၊ ထိုတရားသည် အဘယ်နည်းအားဖြင့် အဘယ်နှစ်ပါး ပြားပါသနည်း၊ ပြည့်စုံစွာ ဖော်ပြပါ။

၈။ ဟိတ်နှင့်တကွဖြစ်သော တရားတို့ကို ဓာတိဘေဒ (ဓာတ်အပြား)၊ ဘူမိဘေဒ (ဘုံအပြား) တို့ဖြင့် ဝေဖန်ပြပါ။

၉။ 'လူတိုင်းမှာ တာဝန် (ကိစ္စ) ကိုယ်စီနဲ့' ဟူသည်နှင့်အညီ စိတ်တိုင်းမှာလည်း တာဝန်ကိုယ်စီရှိကြရာ အခြေအမြစ်မရှိသော စိတ်တို့ကို ၎င်းတို့ပြုလုပ်သော တာဝန်နှင့်တကွ ဖော်ပြပါ။

၁၀။ စာဖြေရှင် မောင်တို့, မယ်တို့ ယခုရောက်ရှိနေသောဘုံကို မည်သည့်ဘုံဟု ခေါ်ပါသနည်း၊ ထိုဘုံ၌ ရရှိနိုင်သော ဝတ္ထုရုပ်နှင့် ဝိညာဏဓာတ်တို့ကို ဖော်ပြပါ။

http://www.dhammadownload.com



## အဘိဓမ္မာ စာမေးပွဲ (ရိုးရိုး) ဒုတိယဆင့် (၂၀၀၄ ခုနှစ်)

(မေးခွန်းအားလုံးဖြေဆိုပါ၊ မေးခွန်းတစ်ခုလျှင် ၁၀ မှတ်စီ၊ ခွင့်ပြုချိန် ၄ နာရီ)

၁။ ရူပါရုံကို စက္ခုပသာဒနှင့် စက္ခုဝိညာဏ်တို့တွင် အဘယ်က မြင်သည်ကို ဆုံးဖြတ်ပြ၍ ဝီထိစိတ် လုံးဝမဖြစ်သော ဝီထိကိုလည်း ဝါရအမည်နှင့် တွဲစပ်ဖော်ပြပါ။

၂။ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ဥပစာရသမာဓိဇောအဖြစ်ဖြင့် ဇောခွင့်ရှိသော ဇော, ဇောခွင့်မရှိသော ဇောတို့ကို ခွဲခြားပြ၍ ဇောခွင့်ရှိသော ဇောနောင် နှောင်းနိုင်သော အပ္ပနာဇောတို့ကို အတိအကျဖော်ပြပါ။

၃။ နိရောဓသမာပတ်ဝင်စားခြင်း, နိရောဓသမာပတ်မှ ထခြင်းဟူသော စကား နှစ်ရပ် အဓိပ္ပာယ်ကို သိသာအောင် ရှင်းပြ၍ ကောင်း, ဆိုး နှစ်တန် ဇောအဖန်ဖန် မဖြစ်သောပုဂ္ဂိုလ်ကိုလည်း ဖော်ပြပါ။

၄။ ကုသိုလ်ကောင်းမှုပြုခွင့် များစွာမရသော ဘုံသားများကို ဖော်ပြ၍ သန္ဓေကန်းသူ, မကန်းသူတို့ လူချင်းတူကြပါလျက် ဘဝအစ ပဋိသန္ဓေစိတ်ချင်း မတူပုံကိုလည်း ရေးသားပြပါ။

၅။ ကိုယ့်လည်း မလှုပ်, နှုတ်လည်းမပါ စိတ်၌သာ အဖြစ်များသော အမှုတို့ကို ဖော်ပြ၍ ဒါနအရ ပရမတ္ထတရားကိုယ်ကိုလည်း ကောက်ပြပါ။

၆။ ကုသိုလ်ပြုစဉ် ကံကျိုးမြင်၍ ဉာဏ်ယှဉ်သောကုသိုလ်ကို ပဋိသန္ဓေကျိုးနှင့် တွဲစပ်ကာ ဖော်ပြ၍ မိမိနှင့်တူသောအကျိုးကိုသာ ပေးသောကံကိုလည်း တိကျစွာ ဖော်ပြပါ။

၇။ စုတေခါနီး၌ ဖြူစင်သောစိတ်, ညစ်နွမ်းသောစိတ်တို့တွင် အဘယ်စိတ် ဖြစ်သည်ကို အကြောင်းနှင့်တကွ ခွဲခြားပြ၍ သေပြီးနောက် ခုနစ်ရက် အိမ်၌ တွယ်ကပ်နေသည်ဟု ဆိုကြရာ ထိုစကား မှန်, မမှန် စိစစ်ဝေဖန်ပြပါ။

၈။ မခွဲမခွာ အမြဲသာ, တွဲကာနေသော ရုပ်တို့ကို ဖော်ပြ၍ 'ကံသာ မူလ ပဓာန' ဟုဆိုကြရာ ထိုကံဟူသော အများပြောစကားကို တရားသဘောအရ တိကျစွာ ကောက်ပြပါ။

၉။ နှလုံးသည် စိတ်ကြောင့်ဖြစ်သည်ဟုဆိုလျှင် လက်ခံသင့်, မသင့် စိစစ်ပြ၍ အဖွဲ့အစည်း အစိတ်အပိုင်းတွင် မပါဝင်သော ရုပ်တို့ကိုလည်း အကြောင်းနှင့် တကွ စာဖြေပြပါ။

၁၀။ အဘယ်ကို ကလလရေကြည်ခေါ်သည်ကို ဖော်ပြ၍ ရုပ်တို့၏ ဖြစ်ပျက်ပုံကို ဌာန ကာလအားဖြင့် ခွဲခြားပြပါ။

http://www.dhammadownload.com



## အဘိဓမ္မာ စာမေးပွဲ (ရိုးရိုး) ဒုတိယဆင့် (၂၀၀၄ ခုနှစ်)

(မေးခွန်းအားလုံးဖြေဆိုပါ၊ မေးခွန်းတစ်ခုလျှင် ၁၀ မှတ်စီ၊ ခွင့်ပြုချိန် ၄ နာရီ)

၁။ 'ပရမတ်အစစ်၊ ဓာတ်အနှစ်' ဟူသော စကားအရ ကိုယ်စီကိုယ်င ကိုယ်ပိုင် လက္ခဏာရှိကြသော ပရမတ်အစစ်တရားတို့ကို ရေတွက်ပြ၍ ဈာနင်ခုနစ်ပါးကိုလည်း ကုသိုလ်, အကုသိုလ်, အဗျာကတ ဈာနင်အားဖြင့် ခွဲခြားပြပါ။

၂။ အောက်ပါတရားများကို ဖြေဆိုပါ။

(က) ဒုစရိုက်သမားတို့၏ လက်သုံးဖြစ်သော မဂ္ဂင်လေးပါး၊

(ခ) ရှက်ကြောက်ကင်းငြား အကြမ်းဖက်သမားများ၏ စွမ်းအင်နှစ်ပါး ၊

၃။ (က) သေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေ၊

(ခ) အသေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေတို့ကို အဘိဓမ္မာပညာ ရှင်ပီပီ ခွဲခြားဖြေဆိုပါ။

၄။ နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရခြင်းအကြောင်းကို ဖြေဆို၍ မဂ်စိတ်၌ယှဉ်သော မဂ္ဂင်ရှစ်ပါးနှင့် ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင်ရှစ်ပါးတို့၏ ထူးခြားချက်များကိုလည်း ဖြေဆိုပါ။

၅။ နိဗ္ဗာန်သည် အကြောင်း(ပစ္စည်း) တရားလော၊ အကျိုး(ပစ္စယုပ္ပန်) တရားလော ပစ္စည်းပိုင်းအမြင်ဖြင့် ဖြေဆို၍ ဓာတ်၏ 'အကျိုးရင်း'၊ 'အကျိုးဆက်' တို့ကိုလည်း ခွဲခြားဖြေဆိုပါ။

၆။ ကျန်းမာသက်ရှည်ရေးအတွက် အရေးကြီးသောပစ္စည်းသည် မည်သည့်ပစ္စည်း ဖြစ်ပါသနည်း ဖြေဆို၍ အတ္ထိပစ္စည်းငါးမျိုးကိုလည်း ရေတွက်ပြပါ။

၇။ 'ရုပ်နာမ်နှစ်ပါး, ကွဲတုံငြား, မှတ်သားကလျာဏ' ဟူသည်နှင့်အညီ ကလျာဏ ပုထုဇဉ်စာရင်းဝင်ရန် ပရမတ္ထတရားများကို ရုပ်, နာမ် ခွဲပြပြီးလျှင် ပညတ်နှစ်မျိုးကိုလည်း အဓိပ္ပာယ်နှင့်တကွ ဖြေဆိုပါ။

၈။ မောဟစရိုက်ရှိသူ၊ ဝိတက်စရိုက်ရှိသူတို့နှင့် သင့်လျော်သော ကသိုဏ်းဝန်းကို ခွဲခြားဖြေဆို၍ ဗြဟ္မဝိဟာရတရားလေးပါးတို့၏ အာရုံကိုလည်း ဖြေဆိုပါ။

၉။ ရုပ်, နာမ်ဖြစ်ပျက်ကို အဆက်မပြတ် တရစပ်ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ် အား ဖြစ်ပေါ်လာတတ်သော ဘေးရန်များကို ဖြေဆို၍ မဂ်ရခါနီးဖြစ်သော ဝိပဿနာစိတ်တို့၏ အာရုံကိုလည်း ဖြေဆိုပါ။

၁၀။ ရဟန္တာပုဂ္ဂိုလ်များ ကောန်ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိနှင့် အနေကန် ဆင်ခြင်သော ပစ္စဝေက္ခဏာတို့ကို ဖြေဆို၍ ၎င်းရဟန္တာပုဂ္ဂိုလ်များ၏ ဂုဏ်ထူး ဝိသေသကိုလည်း ဖြေဆိုပါ။

●